ယင်းသို့လျှင် သုံးလခန့် ဝန်းရံ၍ နေတော်မူသည်။ ထိုအခါ မြို့တွင်းသား မွန်တို့ ဝတ်မှတ် လှသောကြောင့် လွှာ, ခေါက်ဟိုတို့ကိုသာ ချက်ပြုတ်၍ စားရ၏။ ယင်းသို့ ရှိလတ်သော် သမိန်ဗြဇိုက် ဤသို့ ဆို၏။ ယခုသည် မျိုးရိက္ခာကုန်၍ ငါတို့စစ်သည် ဝတ်မှတ်လှချေပြီ။ မွေ့တစ်ဆယ် - ကိုးရက် ကြာလျှင် သူ့ကျွန်ဖြစ်တော့မည်။ ပရိယာယ်ဝေဝုစ်ဖြင့် မင်းရဲကျော်စွာကို ပြန်လေအောင် ကြံမှ ငါတို့ သူ့လက်က လွတ်မည် ဟူ၍ ပါသည့် အမှူးအမတ်တို့ကို ဆို၏။ ကြံသည်ကား ရာဇာဓိရာဇ်က ပေးမှာသည် အယောင် စာစီပြီးသော် လူ ၅ - ယောက်ကို ပို့လာရ၏။ စာတွင် ပါသည်ကား -

“ငါ သမိန့်တော်ရှိသည် သမိန်ဗြဇိုက်, သမိန်အဲကောင်းပိန် အမှူးအမတ် အပေါင်းတို့ ... မင်းတို့ကို မင်းရဲကျော်စွာ ဝန်းရံ၍ လုပ်ကြံလာသည်။ မင်းတို့ ခံ၍ ထိုးပစ်ရှုန သည် များသောကြောင့် အနိုင်နှာ၍ တပ်နှင့် နေသည်ကိုလည်း မင်းတို့က ထွက်၍ မီးတိုက်ရသည် ဟူ၍ ငါ ကြားတော်မူသည်။ မင်းတို့ကိုလည်း မှူးကြီး, မတ်ကြီး အရာသို့ဖြစ်အောင် ပြုရသည်အကျိုး ငါ ခံတော်မူရပေသည်။ မင်းတို့ဝတ် ကုန်ပေပြီ။ ငါကိုယ်တော်တိုင် ရေကြောင်း၊ ကြည်းကြောင်း ဥယျာဉ်ပု[1]သို့ ချီတော်မူမည်။ မင်းတို့လည်း ခံနိုင်အောင် ခံ၍ နေ။ ယခု ငါလည်း သမိန်ဖြတ်စနှင့် အမတ်ဒိန်မဏိရွတ်ကို တိုက်ဆင် (၅၀) ငါးဆယ်၊ မြင်း (၂၀၀) နှစ်ရာ၊ ဗိုလ် (၄၀၀၀၀) လေးသောင်းနှင့် လင်းယမောရကြောင်း ချီလာစေသည်။ ဗိုလ်ကမြင်*တို့ကိုလည်း မုဋ္ဌမသားများနှင့် လှန်ကြင် (၁၀၀) တစ်ရာခန့် မျိုးရိက္ခာတင်၍ မင်းတို့သို့ ပေါ်ကော်ရာဇ်ကြောင်း ပို့လေပြီ။ မင်းရဲကျော်စွာ ခွာသော်လည်း မခွာစေနှင့်၊ နောက်ထပ် လိုက်၍တိုက်။ ငါလည်း အလုံးအရင်း အများနှင့် ဥယျာဉ်ပုကြောင်း[2] ချီ၍ ဆီးမည်”

---

၁။ ဥယျာဉ်ပု- ဥယျာဉ်ပုနယ်ကား အရှေ့ကို လားသော် စရာဝတီ၊ တောင်ကိုလားသော် (တောင်)ကျောက်ငနှား၊ အနောက်ကို လားသော် ချိုင်းနှိမ့်တောင်၊ မြောက်ကိုလားသော် ဘုရား(ရွှေတန်ဆာ)။ စမ္ဗူဒီပ ဥဆောင်ကျမ်း၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ၁၉၆၀၊ စာ(၁၁)။ (မှန်နန်း-၇)

၂။ တောင်ကုတ် တောင်ကြားလမ်း၊

* ဗိုလ်ကမြင်း

ဟု စာရေးပြီးမှ တပ်မင်း မယား၊ တပ်မင်း သားများက စာရေးလည်း အများပင်။ သည်စာများကို ပုတ္တာ[1]တွင် ထည့်၍ အဝတ်အစား မုန့်ထုပ်ပဲထုပ် အမွှေးအကြိုင် ထည့်၍ ကတ္တီပါအိတ်တွင် သွတ်ပြီးသော် တံဆိပ်လက်ရာ ခတ်ပြီးမှ လှမာ ၅- ယောက်ကို ညဉ့်က ထွက်လေ စေ၍ မိုးသောက်လျှင် ပဲခူးကလာသည်အဟန် မြန်မာတို့က ကင်းစောင့် မြင်အောင် တောကထွက်၍ သံတွဲမြို့တွင်းသို့ အပြေးဝင်ခဲ့ ဟု စေ၏။

မြန်မာကင်းစောင့်တို့ မြင်၍ လိုက်သော် ပုတ္တာခေါင်ယက်ကို ချ၍ မြို့တွင်းသို့ ဝင်လေ၏။ မင်းရဲကျော်စွာ ကင်းစောင့်တို့လည်း ပုတ္တာခေါင်ယက်ကို ယူ၍ဆက်၏။ မင်းရဲကျော်စွာလည်း ပုတ္တာထဲတွင် ပါသည်ကို ကြည့်ရှုစေသော် စာကိုတွေ့၍ ဖတ်ရ၏။ စာတွင် ပါကြောင်းကို ကြားတော်မူလျှင် မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ယင်းသောခါ ရမည်းသင်းစည်သူ လျှောက်သည်ကား သည်အကြောင်းကို ထောက်သော် သမိန်ဖြတ်၊ အမတ်ဒိန်တို့သည် လင်းပတောကြောင်း ချီမည် ဆိုသည်။ ရာဇာဓိရာဇ်လည်း ဥယျာဉ်ပုကြောင်း ချီလာမည်။ သည်တွင် အရှည်နေရသော် စစ်သုံးမျက်နှာလုံး ပိတ်၍ ရှိရိမ့်မည်။ သံတွဲအရပ်လည်း တောင်ကမ်းများ၍ ဆင်ခင်းမြင်းခင်း မသာသည် ဖြစ်သည်။ အလျှင်ခွာ၍ ပြန်တော်မူဦးတော့။ ရေ့မိုးခဲလေသာကိုမှ စစ်သုံးကြောင်း စီရင်တော်မူ၍ တစ်ကြိမ် ချီးတော့ဟု လျှောက်၏။ မင်းရဲကျော်စွာလည်း သည်အရေးသည် သင့်လှပြီဟု တပ်ကိုနုတ်၍ ပြန်တော်မူ၏။

ထိုသက္ကရာဇ် (၇၇၂) **စုနှစ်ရောစုနှစ်ဆယ်နှစ်စု**[2]တွင်ပင် ရာဇာဓိရာဇ် အမတ် သမိန်ဗြပိုက်၊ သမိန်အံကောင်းပိန်တို့လည်း မင်းရဲကျော်စွာ ခွာ၍ အဝသို့ ရောက်ပြီကြားလျှင် ရခိုင်မြို့ကို ချဉ်း၍ လုပ်ကြလေ၏။ ရခိုင်စား လက်ျာကြီးနှင့် စုဣတေးလည်း အလုံးအရင်း အများနှင့် ရခိုင်မြို့က ခံ၏။ ရှည်လတ်သော် အဝက စစ်ကူရောက်မဲ့သည်နှင့် ရခိုင်သားတို့ မွန်နှင့် တစ်ချက်တည်း ဖြစ်လေသောကြောင့် မခံနိုင်၊ ပျက်လေ၏။ ရခိုင် ပျက်ခဲ့လျှင် **နရမိတ်လှ**[3]ကို နန်းတင်၍ လက်ျာကြီးနှင့် စုဣတေးကို ဟံသာဝတီသို့ ယူလေ၏။

## ၈။ သိန်းနီစော်ဘွားကို မင်းရဲကျော်စွာ တိုက်ယူပုံ

သက္ကရာဇ် (၇၇၃) **စုနှစ်ရောစုနှစ်ဆယ်သုံးစု**[4]တွင် သိန်းနီစော်ဘွား အလုံးအရင်း အများနှင့် အဝသို့ လုပ်ကြမည် ချီလာ၏။ ထိုအကြောင်းကို အနန်းပေါင်သိကြောင်ဘွားက လျှောက်၍ ဘုရင်မင်းခေါင် ကြားတော်မူလျှင် သားတော် မင်းရဲကျော်စွာကို ဗိုလ်မှူးခန့်တော်မူ၍ ပုဂံ တရဖျား တစ်တပ်၊ အမြင့်ရာဇသကြီ တစ်တပ်၊ ရမည်းသင်းစည်သူ တစ်တပ်၊ ကလေးကျေးတောင်ညို တစ်တပ်၊ မိုးညှင်းသတိုး တစ်တပ်၊ စည်ကူးဘယကာမဏိ တစ်တပ်၊ သည် ၇-တပ်*ကို တိုက်ဆင် (၂၀၀) နှစ်ရာ၊ မြင်း (၄၀၀၀) လေးထောင်၊ စစ်သည်သူရဲ (၇၀၀၀၀) ခုနစ်သောင်းနှင့် ဆီးကြို၍ တိုက်လေဟု ခန့်တော်မူ၏။ မင်းရဲကျော်စွာတို့ ဆင်ခေါင်းဝက်ဝင် အလွန်သို့ရောက်လျှင် မြင်းတပ်ချင်း တွေ့၍ တိုက်ကြလေသော် သိန်းနီစော်ဘွားမြင်းတပ် ပျက်လေ၏။ မင်းရဲကျော်စွာလည်း ထပ်၍ လိုက်တော်မူသည်။ စော်ဘွားလည်း သား၊ သမက်နှင့်

---

၁။ ပုတ္တာခေါင်ယက်- စာထည့်သော ကျည်တောက်/ နီးဘူးငယ်။ ၂။ အေဒီ ၁၄၁၀ ၃။ ရခိုင်ဘုရင် နရမိတ်လှ၏ ညီ မင်းခရီ (အလီခင်)ကို နန်းတင်ပေးခဲ့ခြင်း ဖြစ်သည်။ မင်းခရီသည် မြောက်ဦး ပထမခေတ်တွင် ဒုတိယမြောက် နန်းတက်သည့် ရခိုင်ဘုရင်ဖြစ်သည်။ မြောက်ဦးထီးနန်းတွင် ၁၄၃၄ ခုနှစ်မှ ၁၄၅၉ ခုနှစ်အထိ နန်းစံခဲ့သည်။ ၄။ အေဒီ ၁၄၁၁ * ၆ တပ်သာ ရှိသည်။ မှန်နန်းတွင်လည်း ၆ တပ်သာ ဖော်ပြထား၏။

စီး၍ တကွ ဆီးကြို၍ ဆင်နှင့် ခံလှာ၏။ ထိုအခါ မင်းရဲကျော်စွာ ဆင်တော် ငချစ်နိုင်ကို စီး၍ တိုက်တော်မူသည်။ စော်ဘွားဆင်နှင့် မနည်းကြာ ရှေ့ကြစဉ်တွင် စော်ဘွားသား ဆင်နှင့် လုလာသည်ကို တွေ့သောအခါ ဆင်ချွန်းစွန့်၍ တိုက်သည်။ စော်ဘွားသားဆင် လဲ၍ ပြေးလေ၏။ စော်ဘွားသားကော် ဆင်နှင့်ထွေ၍ တိုက်ပြန်လာသည်ကို မိုးညှင်းသတို့ ကြို၍ တိုက်ပြန်လေ၏။ စော်ဘွားသားကော် ဆင် လဲလေ၏။ မင်းရဲကျော်စွာလည်း စော်ဘွားကို လိုက်သိမ်း၍ တိုက်သည်ကို စော်ဘွားသည် သိတော်မူသည် စော်ဘွားဆင် အားကြီး၍ ဆင်စွယ်ချင်းယှက်၍ ရှိရာတွင် စော်ဘွားယစ်သည်ကို သိတော်မူသည် စော်ဘွားဆင် ကုန်းလယ်၊နောက်ပဲ့ကို ခုတ်၍ချလေ၏။ ယင်းသို့လျှင် နှင့် သူ့ဆင်သို့ ခုန်၍ စော်ဘွားနှင့် ကုန်းလယ်၊နောက်ပဲ့ကို ခုတ်၍ချလေ၏။ စော်ဘွား စီးသော ဆင်နှင့်တကွ ဆင် ၆ – စီး၊ စော်ဘွားစစ်သည်တို့ ပျက်၍ ပြေးလေ၏။ ရှမ်းစစ်သည်တို့လည်း သုံးရာကျော်ခန့် မြင်း (၂၀၀) နှစ်ရာ၊ လူ (၈၀၀) ရှစ်ရာ ရတော်မူ၏။ သား၊သမက်တို့လည်း ဗိုလ်ပါရုံးစု၍ ပြန်လေ သေလေ၏။ စော်ဘွား သေ၍ စစ်ပျက်လျှင် သား၊သမက်တို့လည်း ဗိုလ်ပါရုံးစု၍ ပြန်လေ၏။

## ၉။ မင်းရဲကျော်စွာ သိန္နီဘက်က စစ်ကူလာသော တရုတ်တို့ကို တိုက်ပုံ

မင်းရဲကျော်စွာသည် ရသည့် သုံ့ပန်း ဆင်မြင်းတို့ကို ခမည်းတော်ကို ဆက်စေ၍ သိန္နီ သို့ အရောက် ချီတော်မူ၏။ သိန္နီစော်ဘွား သား၊သမက်တို့လည်း တရုတ်တို့ကို စစ်ကူခေါ်၍ မြို့ကို ခိုင်ခံ့အောင် လုပ်ပြီးလျှင် မျိုးရိက္ခာသွင်း၍ ခံ၏။ မင်းရဲကျော်စွာလည်း သိန္နီမြို့ကို အကြိမ်ကြိမ် လုပ်ကြသည်၊ မရချေ။ ၅– လခန့် နေတော်မူ၏။ ယင်းသို့စဉ်တွင် တရုတ်တို့က မြင်းသည် (၂၀၀၀) နှစ်ထောင်၊ ခြေသည် (၂၀၀၀၀) နှစ်သောင်း စစ်ကူမည် လာသည်ကို မင်းရဲကျော်စွာ ကြားတော်မူလျှင် သိန္နီမြို့က မသိရအောင် ညဦးက ခွာတော်မူခဲ့၍ စင်ခန်းတော တွင် တိုက်ဆင် (၂၀၀) နှစ်ရာ၊ မြင်း (၃၀၀၀) သုံးထောင်၊ စစ်သည်သူရဲ (၄၀၀၀၀) လေးသောင်း နှင့် နေလေ၏။ တရုတ်တို့ စစ်ကူလာသည်ကို ၃– စုခွဲ၍ တောကထွက်၍ တိုက်လေသည်။ တရုတ်တို့ ပျက်လေ၏။ တရုတ်အမတ် ၅ – ယောက်နှင့် မြင်း (၁၀၀၀) တစ်ထောင်ကျော်၊ လူ (၂၀၀၀) နှစ်ထောင်ကျော် သုံ့ပန်းရ၏။ မြင်း (၅၀၀) ငါးရာကျော်ခန့် သေလေ၏။ တရုတ်တို့ကို အောင်မြင်လျှင် သိန္နီမြို့ကို ရုံပြီ ရံ၍ နေပြန်၏။

## ၁၀။ ရာဇာဓိရာဇ် ပြည်မြို့သို့ ချီတက်ပုံ

ရာဇာဓိရာဇ်လည်း မင်းရဲကျော်စွာ သိန္နီကို ချီသည် ကြားလျှင် ကြည်းတပ် ရှစ်တပ်၊ ရေတပ်ဆယ့်နှစ်တပ် စီရင်၍ ပြည်မြို့ကို လုပ်ကြမည် ချီလာ၏။ ကြည်းတပ်မှာ တိုက်ဆင် (၃၀၀) သုံးရာ၊ မြင်း (၈၀၀၀) ရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ချီတော်မူ၏။ ပြည်စားဖျဲ့ချီလည်း ကျုံးမြောင်း မြို့ပြ ကတုတ်ရင်တား ခိုင်ခံ့အောင် လုပ်ပြီးလျှင် မျိုးရိက္ခာသွင်း၍ ခံ၏။ ရာဇာဓိရာဇ်လည်း အကြိမ်ကြိမ် လုပ်ကြသည်။ ပြောင်းသေနတ် အမြောက် မြားတို့ ထုထပ်လှ၍ ရဲမက်ဗိုလ်ပါ အသေအပျောက် များလှသည်နှင့် မြို့ကခွာ၍ ကြည်းရေ ဝန်းရံလျက် နေလေ၏။ တစ်လခန့်ရှိလျှင် မုတ္တမကျေး ယေးမြို့ကို ယိုးဒယားတို့ တိုက်လေ သောကြောင့် ဟံသာဝတီ မြို့စောင့်တို့က ရာဇာဓိရာဇ်ကို လျှောက်၍ ကြားလျှင် သားတော် ဗညားပုသိမ်ကို ဗိုလ်မှူး၊ သမိန်အံပရဲကို စစ်ကဲခန့်၍ သမိန်သံကျယ်၊ သမိန်ဥပါကောင်း၊

သမိန်သံလိုက်၊ သမိန်လောက်နရဲ၊ သမိန်လောက်ရှိန်၊ သမိန်လောက်ပင်၊ **သမိန်စောမကော်**[၁]၊ သမိန်ဥရိန်၊ သည်အမတ် သူရဲကောင်းများနှင့် တိုက်ဆင် (၂၀၀) နှစ်ရာ၊ မြင်း (၄၀၀) လေးရာ[၂]၊ စစ်သည်သူရဲ (၅၀၀၀၀) ငါးသောင်းနှင့် ပြည်မြို့ကို ဝန်းရံ၍ နေလေ၏။ ရာဇာဓိရာဇ်မှကား ရေကြောင်း၊ ကြည်းကြောင်း မုတ္တမသို့ ချီတော်မူ၏။

## ၁၁။ ဘုရင်မင်းခေါင် ပြည်မြို့သို့ ချီတက်ပုံ

အဝဘုရင် မင်းခေါင်လည်း ဟံသာဝတီဘုရင် ရာဇာဓိရာဇ်သည် သား ဗညားပုသိန်ကို ပြည်မြို့ ရံတာပ်တွင် လုံခြုံအောင် အစောင့်ထား၍၊ မုတ္တမမြို့သို့ ချီ၍ ယိုးဒယားသားတို့ကို တိုက်မည်ဟု ရေကြောင်း စုန်သွားကြောင်းကို ကြားတော်မူလျှင် ၇ – တပ် စီရင်ခန့်ရန်တော်မူ၏။ ထို ၇ – တပ်တွင် ပါသည့် တိုက်ဆင် (၄၀၀) လေးရာ၊ မြင်း (၆၀၀၀) ခြောက်ထောင်၊ စစ်သည်သူရဲ (၂၀၀၀၀) နှစ်သောင်းနှင့် ကြည်းကြောင်း ချီတော်မူစေသည်။ ရာဇာဓိရာဇ် သား ဗညားပုသိန်လည်း မှူးကြီးမတ်နိုင်တို့ကို ပြည်မြို့တွင် ခံနေစေ၏။ အနောက်ဘက် တလဲစီးသို့ ကူး၍ တပ်နိုင်တပ်လုံ တည်၍ နေလေ၏။

ဘုရင်မင်းခေါင်မှကား သားတော် မင်းရဲကျော်စွာ သိန်းနီမြို့က ပြန်၍ အဝသို့ မရောက်သေးသည်ကို ငံ့တော်မူ၏။ သားတော် မင်းရဲကျော်စွာလည်း သိန်းနီမြို့က အလျင် ချီခဲ့၍ အဝသို့ ရောက်လျှင် ကတ္တူ၊ လှမ်းကြင်၊ ရဲလှေ၊ လှော်ကားသံလှေ၊ ကုန်လှေ အစရှိသော တိုက်လှေအများ စီရင်ခန့်ရန်တော်မူ၍ ပြည်သို့ ချီတော်မူပြီးလျှင် မြို့ပတ်လည် ကြည်း၊ရေ ဝန်းရံ၍ နေတော်မူသည်။ ပြည်မြို့တွင်းသား မွန်တို့လည်း ဘုရင်မင်းခေါင်၊ မင်းရဲကျော်စွာ တို့ ရောက်၍ ကြည်း၊ရေဝန်းရံတော်မူလျှင် ရှားပါးငတ်မွတ်၍ ရှိလေ၏။ ထိုသို့ ရှားပါးငတ်မွတ် ကျဉ်းမြောင်း၍ ရှိကြောင်းကို ဟံသာဝတီဘုရင် ရာဇာဓိရာဇ် မုတ္တမက ကြားတော်မူလျှင် ရဲလှေ ၁၀ – စင်းနှင့် အပြင်း မုတ္တမမြို့က ဆန်တော်မူခဲ့၍ ပြည်မြို့သို့ ရောက်တော်မူလျှင် ပြည်မြို့တွင် ဝန်းရံ၍နေသော အဝဘုရင် မင်းခေါင်သား မင်းရဲကျော်စွာတို့နှင့် ပြည်မြို့တွင် ရဲလှေ ၁၀ – စင်းချင်း တိုက်ကြ၍ အထိအပါး အရှုံးအနိုင် များသည်နှင့် မြို့တွင်းသားများလည်း ငတ်မွတ်ရှားပါးလှ၍ ပြည်မြို့တွင် ရံနေစေသော သမိန်လကွန်းအိန်နှင့်တကွ ရာဇာဓိရာဇ်သည် ထိုညဥ့်တွင်းပင် အလုံးအရင်းနှင့်တကွ ဟံသာဝတီသို့ စုန်ပြေးလေ၏။

ဘုရင်မင်းခေါင်နှင့် မင်းရဲကျော်စွာလည်း ဆင်း မြင်း လှေတက် မပျက် စုရုံး၍ တလုံးတည်း ရေအား၊ကြည်းအား ထပ်၍ လိုက်တော်မူ၏။ ဟံသာဝတီသို့ ရောက်တော်မူလျှင် တမိုးတွင်း ပတ်လုံး နေ၍ လုပ်ကြံတော်မူသော်လည်း မရချေ။ နောက်လျှင် ရဲမက်ဗိုလ်ပါ ဆင်မြင်း လူသူတို့လည်း အပင်အပန်း ရှိသည်နှင့် ဟံသာဝတီမြို့ပတ်လည် ရတော်မူသော ဆင် မြင်း လူသူ သုံ့ပန်းတို့ကို ယူတော်မူ၍ ဟံသာဝတီမှသည် အဝနေပြည်တော်သို့ ရေအား၊ ကြည်းအား ဆန်တော်မူသည်။

## ၁၂။ မင်းရဲကျော်စွာကို အိမ်ရှေ့ပေးတော်မူခြင်း

နေပြည်တော် အဝ ရွှေမြို့တော်သို့ ရောက်တော်မူလျှင် သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့ပေးတော်မူသည်။ အိမ်ရှေ့မင်းရဲကျော်စွာ မိဖုရားကား ပုခန်းကြီးကို စားသော မင်းတရာ

---

၁။ သမိန်စောကဲတော် (မှန်နန်း–၁၀)။ ၂။ တိုက်ဆင် တစ်ရာ၊ မြင်း လေးထောင် (–ထို–)

ရှား သမီးတော် စောမင်းလှနှင့် အထက်က ပြည်စားပုံရှိနှင့် စုံဖက်တော်မူသည်။ နောက် ပြည်စားပုံရှိ မရှိလျှင် ဓညာဒေဝီကို ပေးတော်မူပြန်သည်။ ဓညာဒေဝီနှင့် စုံဖက်၍ ၇ – လရှိလျှင် ဓညာဒေဝီကို ရယူ၍ သားတော် မင်းရဲကျော်စွာနှင့် ထိမ်းမြားတော်မူပြန်၍ အိမ်ရှေ့မိဖုရား ဖြစ်သည်။

### ၃၃။ မြို့စား ပေးအပ် ချထားပုံ

သက္ကရာဇ် (၇၇၄) ခုနှစ်ရာခုနှစ်ဆယ့်လေးခု[၁]တွင် တောင်ငူ ကေတုမတီမြို့ကို စားသော မင်းလက်ျာကြီးကို ငါကွန် အိမ်ငြိမ်ကြီး ကျော်စွမ်းနှင့်များနှင့် မတန်ဟု တောင်ငူ ကေတုမတီမြို့ကို နုတ်၍ ပြင်စည်မြို့ကို ပေးတော်မူသည်။ တောင်ငူ ကေတုမတီမြို့ကိုမူကား စောလူးသခ်ယာကို ပေးတော်မူသည်။ ပုခန်းမြို့ကိုမူကား သားတော် ပေးတော်မူသည်။ ပုလဲကိုလည်း ပုခန်းတာရများကို ပေးတော်မူသည်။ သားတော်အငယ် သီဟသူကိုကား အသက် မင်းရဲကျော်ထင်ကို ပေးတော်မူ၍ ကံကျွန်းခံရသည်။ သားတော်အငယ် သီဟသူကိုကား ပေးတော်မူသည်။ မြေတူး ပြည်မြို့ကို ပေးတော်မူသည်။ စစ်ကိုင်းမြို့ကို အမတ်ရာဇသင်္ကြံကို ပေးတော်မူသည်။ ပေါက်မြိုင်မြို့ကို သက်တော်ရှည်ကို ပေးတော်မူသည်။ ကျော့မြို့ကို ခေင်ညိုကို ပေးတော်မူသည်။ ပေါက်မြိုင်ကို ဧည့်သည်ကြီးသား ညည်းသူငယ်ကို ပေးတော်မူသည်။

ထိုသက္ကရာဇ် (၇၇၄) ခုနှစ်ရာခုနှစ်ဆယ့်လေးခုတွင်ပင် စလင်းစား နော်ရထာပျံရှိ သား ရဲမြတ်လှကို သားတော် အိမ်ရှေ့မင်း မင်းရဲကျော်စွာတွင် စားတော်ကွမ်းရေကိုင် ခန့်တော်မူ၍ နောက်တော်တွင် အမြဲ ကွမ်းရေကိုင်၍ လိုက်ရသည်။

### ၃၄။ မော်တုံမော်ကယ်စားကို မင်းရဲကျော်စွာ တိုက်ပုံ

သက္ကရာဇ် (၇၇၄) ခုနှစ်ရာခုနစ်ဆယ့်လေးခုတွင် နိုင်ငံတော်ဖြစ်သော မြေတူးမြို့ကို မော်တုံမော်ကယ်စား ရှမ်းတို့က ထိပါးသောကြောင်းကို လျှောက်လာ၍ ဘုရင်မင်းခေါင် ကြား တော်မူသောကြောင့် သားတော် အိမ်ရှေ့မင်း မင်းရဲကျော်စွာကို ၁၁ – တပ် စီရင်ခန့်ရန်တော် မူ၍ ချီရသည်။ ထို ၁၁–တပ်တွင် ပါသည့် ဆင်လုံး မြင်းရင်းကား တိုက်ဆင် (၃၀၀) သုံးရာ၊ မြင်း (၄၀၀၀) လေးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် မင်းရဲကျော်စွာ နောက်တပ်မ ပြု၍ ချီတော်မူသည်။ မြေတူးသို့ ရောက်တော်မူလျှင် အဆီးအတား အရပ်အနေမရှိ၊ ရွပ်ရွပ်ချွံချွံ လုပ်ကြံတော်မူလျှင် မော်တုံမော်ကယ်စားတို့တပ် မခံနိုင်၍ ပျက်စီးခြင်းသို့ ရောက်လေ၏။ ထိုသို့ ပျက်စီးလေလျှင် မော်တုံမော်ကယ်စား ညီအစ်ကိုနှစ်ယောက်တို့ ရုံးမိသမျှသော ရဲမက် လူသူနှင့်တကွ မြင်းစီး၍ တရုတ်ပြည်သို့ ပြေးလေ၏။ သားတော် မင်းရဲကျော်စွာလည်း သင်းတို့ သားမယား ဆင်မြင်း လူသူ သုံ့ပန်းကို ယူ၍ အဝသို့ ပြန်တော်မူခဲ့၏။

### ၃၅။ မင်းရဲကျော်စွာ မွန်ပြည်သို့ ချီတက်ပုံ

သက္ကရာဇ် (၇၇၇) ခုနှစ်ရာခုနှစ်ဆယ့်ခုနှစ်ခု[၂]တွင် သားတော် အိမ်ရှေ့မင်း မင်းရဲကျော်စွာ ခမည်းတော် ဘုရင်မင်းခေါင်အား အောက်မွန်ပြည်သို့ ချီ၍ လုပ်ကြံရမည် အကြောင်းကို လျှောက်သောကြောင့် ကြည်းတပ်, ရေတပ် စီမံခန့်ရန်တော်မူသည်ကား– ကြည်းတပ်ရှစ်တပ် မှာ တိုက်ဆင် လေးရာ, မြင်းခြောက်ထောင်*, စစ်သည်သူရဲရှစ်သောင်း။ ရေတပ် ခြောက်တပ်

[၁] ၁၈ ဧပြီ ၁၄၁၂ [၂] ၂၈ ဧပြီ ၁၄၁၅ * ပေတွင် မြင်းခြောက်သောင်း ဟု တွေ့ရသည်။

တွင် ပါသည့် ရှုလှေကြီးတစ်ဆယ်နှစ်စင်း၊ ရှုလှေငယ်ငါးရာ၊ လှော်ကားသဲလှေရှစ်ရာ၊ ဝိက္ကာတင် ကုန်လှေငါးရာ၊ စစ်သည်သူရဲ တစ်သိန်းသုံးသောင်းနှင့် ကြည်းပါ ရေပါ များစွာသော ဆင်မြင်းလှေတက်နှင့်တကွ ချီတော်မူသည်။ မင်းရဲကျော်စွာမူကား ကြည်းကြောင်းချီတော်မူ၍ "ပေါက်မြိုင်မြို့" သို့ ရောက်တော်မူလျှင် ပေါက်မြိုင်မြို့ကို လုပ်ကြံတော်မူသည်။ ပေါက်မြိုင်မြို့ မခံနိုင်၍ မြို့ကို ရတော်မူသည်။ "ပေါက်မြိုင်မြို့" စား သမိန်ရဲသဥ်ရဲလည်း သေလေ၏။ နောက် အဝက ဝိက္ကာပို့လာသသူတို့ကို မွန်တို့က ဆီးကြို၍ တောပုန်းတိုက်နှင့်လေသောကြောင့် တပ်တော်သို့ ဝိက္ကာမပေါက်နိုင်၍ ရှားပါးတော်မူတတ်တော်မူရချေသည်။ မွန်တို့လည်း ရေကြောင်း၊ ကြည်းကြောင်း ဆီးဆို့ခံ၍ နေလေ၏။

တောင်ငူ ကေတုမတီသို့ ကြည်းကြောင်း မွန်တို့ ချီလေရာမှာ တောင်ငူမြို့ကို စားသော စောလူးသမံယာ ဆင်လုံးမြင်းရင်းနှင့် ဆီးကြို၍ တိုက်သောကြောင့် မွန်တို့တပ် ပျက်၍ မွန်တို့ကို ရလိုက်၏။ ရေကြောင်းမှာလည်း မွန်အမတ် သမိန်မောခွင် ခံသည်နှင့် ရေတပ်သား ရဲမက်များနှင့် တိုက်ကြရာတွင် မွန်တို့တပ် ပျက်၍ မွန်အမတ် သမိန်မောခွင်နှင့် အမတ်တစ်ကျိပ်ကျော်၊ ဆင် မြင်း လှေတက် လူသူအများ ရလိုက်၏။

### ၁၆။ ဆင်တော်ပကမတ်နှင့် သမိန်ပရမ်းကို ရသော စစ်ပွဲ

သားတော် မင်းရဲကျော်စွာလည်း မွန်မင်း ရာဇာဓိရာဇ်သမက် သမိန်ပရမ်း ပကမတ် ဟူသော ဆင်ကို စီး၍ ခံသည်ကို လိုက်ထပ်၍ တိုက်တော်မူလျှင် မွန်တို့တပ် ပျက်၍ သမက်တော် စီးသော ဆင်ပကမတ်နှင့်တကွ သမိန်ပရမ်းကိုလည်း ရတော်မူ၏။ ဆင်၊ မြင်း၊ လူသူအများလည်း ရတော်မူ၏။ ယင်းကသည်နောက် ပုသိမ်သို့ချီတော်မူ၍ လုပ်ကြံတော်မူသည်။ ပုသိမ်မြို့တွင်လည်း ရာဇာဓိရာဇ်အမတ် မဏိရွှတ်၊ အမတ်ဒိန် နှစ်ယောက် အမြောက်သေနတ်များနှင့် ခံနေလေသောကြောင့် မရချေ။ ပုသိမ် ကျေးလက်သားတို့မူကား လူတစ်ထောင့်ငါးရာခန့် ကျွန်တော် ခံလာ၏။

နောက် မြောင်းမြမြို့ကို လုပ်ကြံတော်မူပြန်သော်လည်း မရချေ၍ မြောင်းမြမြို့ကို ပတ်လည်ရံ၍သာ နေရ၏။ သားတော် မင်းရဲကျော်စွာမူကား အလျှင်က ရတော်မူသည် ရာဇာဓိရာဇ်သမက် သမိန်ပရမ်းနှင့်တကွ မွန်အမတ် နှစ်ကျိပ်ကျော်ကို ယူ၍ ရွှေလှော်ကား ရှစ်စင်းနှင့် အမှတ်မဲ့ အဝသို့ ဆန်တော်မူသည်။ ၁၁- ရက်နှင့် အဝသို့ ရောက်တော်မူ၏။ ဘုရင်မင်းခေါင်လည်း သားတော် မင်းရဲကျော်စွာ ရောက်လာ၍ စတုရင်္ဂသူ၊ လက်ဝဲယော်ဓာတို့ ပွဲရကြောင်းကို လျှောက်၍ ကြားတော်မူလျှင် အားရတော်မူ၍ စတုရင်္ဂသူကို နန္ဒသူရိယ၊ လက်ဝဲယော်ဓာကို နန္ဒကျော်သူ ဟူသော အမည်ကို သနားတော်မူသည်။ သားတော် မင်းရဲကျော်စွာလည်း အဝတွင် ခုနစ်ရက် နေတော်မူပြီးလျှင် မြောက်သားတော် စောမင်းလှကို ယူ၍ အောက် ဒလမြို့သို့ စုန်တော်မူပြန်သည်။ လေးညဥ့် - ၅ ရက်နှင့် ဒလမြို့သို့ ရောက်တော်မူ၏။ ယင်းသောခါ မွန်မင်း ရာဇာဓိရာဇ်လည်း စာတာတော်မသန့်သည်ဟူ၍ ကျိန်းခန်းကာလဖေဒင် သိမြင်သော ပညာရှိ ပုရောဟိတ်တို့ လျှောက်သောကြောင့် ဟံသာဝတီမှသည် မုတ္တမမြို့သို့ ကူး၍ နေတော်မူသည်။ ပုသိမ်မြို့ကို စောင့်သော အမတ်ဒိန်မဏိရွှတ်တို့ကို ခေါ်တော်မူ၍ ဟံသာဝတီမှာ မြို့စောင့်ထားတော်မူခဲ့၍ စောင့်နေရသည်။ ပုသိမ်မြို့ကို အမတ်မောခွင် စောင့်ရသည်။ နောက်လျှင် ပုသိမ်၊ မြောင်းမြ စသော အနောက်တစ်လွှား မြို့ကျေးစားတို့သည်

များ ရှိသော လက်နက်ဆောင်ရွှေတော်လုလင်တို့ဖြင့် မြို့ရှိနေရှာသော ကျေးစားတို့နှင့်တကွ ကျွန်တော်၏ ဝင်းသို့ ၏ ထိုကြည့်သဖြင့် ကြိုက်လေ၏ မစံရွေးသောကြောင့် ဆောင်၊ ကြည့်တော် ပတ်လည် [illegible] ရှိ၍ ခံနေတော်မူရလေသည်။

## ၁၇။ အင်းဝသို့ တရုတ်စစ် ရောက်လာပုံ

အသ ရှေ့ညသ်တော်မူကလည်း အထက်က မင်းရဲကျော်စွာ တိုက်ရာတွင် မော်တုံမော်ကယ်တား တို့ ရှုံး၍ သင်းတို့ သားမယားကို သားတော်မင်းရဲကျော်စွာ သိမ်းယူခဲ့၍ အဝမှာ ရှိသည်နှင့် မော်တုံမော်ကယ်တား ညီအစ်ကိုသာ မြင်းနှင့် တရုတ်မြို့သို့ ပြေး၍ လွတ်လေသောကြောင့် မော်တုံမော်ကယ်တား ညီအစ်ကိုတို့ တရုတ်ဦးတည်ဘွားသို့ သွား၍ ကျွန်တော်တို့ သားမယားကို မြန်မာတို့ သိမ်းယူထား၍ ရှိရလေသည်။ နေထွက်ဘုရင်မှာ တောင်း၍ သနားတော်မူပါ။ သားမယားကို ရပါမည်ဟု တောင်းပန်ကြလေသောကြောင့် တရုတ်ဦးတည်ဘွားက တရုတ်မြို့ စား အဆောင်၍ ရှိနေကုန်သော စော်ဘွားတို့ကို ခေါ်တော်မူ၍ နေထွက်ဘုရင်မှာ မော်တုံမော်ကယ်တားတို့ကို ပေးစေ၊ မော်တုံမော်ကယ်တား သားမယားတို့ကို တောင်း၍ လေးလောင်း ပေးလျှင် တိုက်လေ ဟူ၍ တိုက်ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်၊ ခြေသည်သူရဲ လေးသောင်း ရှိသည်၍ ရောက်လျှင် ဆော ကသည် တပ်ကြီး၊ ကြေးမြင်တိုင်၊ တောင်ဘီလူး၊ လုံးတော် မြင်တိုင်အထောင် တပ်တည်၍ နေလေ၏။ ဘုရင်မင်းခေါင်လည်း စစ်ကြီးတွေ့မည် စိုးရိမ်သည်၊ ပတ္တုသို့ မင်းရဲကျော်စွာနှင့် အမှူးအမတ် စစ်သည် ကွဲရွေးသောကြောင့် သူ့စစ်အင်ကြီးလေ၍ မြို့ပြတွေးမြှောင်၊ ပြင်ဆင်၍ ခံ၏။ တရုတ်တို့လည်း မြို့ကို ရံလေ၏။ တစ်လခန့် ရှိလျှင် မြို့ရိုက္ခာ ကုန်၍ မြို့တွင်းသို့ ခေလှာ၏။ ပေးပန်ကား -

## ၁၈။ တရုတ်တို့ အရေးဆိုလာပုံ

မော်တုံမော်ကယ်တား သားမယားကိုသော်လည်း မပေး၊ ထွက်၍သော်လည်း မတိုက် နေသည်။ သို့ပင်နေသော် သုံးနှစ်လည်အောင်နေ၍ လုပ်ကြမည်။ ထွက်၍ အရေးမဆိုလျှင်လည်း တိုက မြင်းတစ်စီး၊ နေထွက်ဘုရင်က မြင်းတစ်စီး၊ သူရဲတစ်ယောက်ချင်း ထွက်လာစေ၊ တို့ သူရဲနှင့် မြင်းစီးချင်းတိုက်၍ တို့သူရဲ ရှုံးလျှင်လည်း ပြန်တော့မည်။ ရွှေနန်းသခင်က ရှုံးလျှင် လည်း မော်တုံမော်ကယ်တား သားမယားကို ပေးပါတော့ ဟူ၍ ခေလှာ၏။ တရုတ်တို့စကားကို ဘုရင်မင်းခေါင် ကြားတော်မူလျှင် ဆင်စီးမြင်းစီး သူရဲကောင်းတို့သည် သားတော် မင်းရဲကျော်စွာ နှင့် မုံညင်းပါ ရှိလေသောကြောင့် သူ့ရဲယောက်ျားကောင်းကို မေးတော်မူသော် တစ်ယောက် မျှ ထွက်ဝံ့သည့် မရှိရှုလျှင် မည်သို့မျှ မိန့်တော်မမူ၊ တိတ်တိတ် နေတော်မူ၏။ ထိုအခါ ဓလေ့ကာညိစားသည် နားတော်လျှောက်၏။ ရာဇာဓိရာဇ်သမက် သမိန်ပရမ်းသည် လက်ချို တစ်လုံးတည်း၊ ထိုသူကို သားတော် ရ၍ ဆက်လာသည့်ကို သံခြေချင်းခတ်၍ ထားသည် ရှိသည်၊ မဟုတ်လေား၊ ယင်းသည် သူကို မေးတော်မူ၍ ခံမည်ဆိုလည်း သင့်မည်ဟူ၍ လျှောက် သည့်ကို ကြားလျှင် သမိန်ပရမ်းကို မေးရလေ၏။ သမိန်ပရမ်းလည်း ကျွန်ုပ်ကျွန်ကို သံခြေချင်းနှင့် ထားတော်မူသည်၊ ဆင်းရဲကျုံးမြောင်း၍ ပင်ပန်းညိုးနွမ်းသောကြောင့်သာ ဆိုသည်။ သူ့ရဲ ချင်းတွင် ဓားတစ်စင်း၊ လှံတစ်ချပ်၊ ဆင်တစ်စီးချင်း၊ မြင်းတစ်စီးချင်း၊ တစ်ယောက်ချင်း တွေ့သော် ရွှေနန်းအပြင်ဝယ် ကျွန်ုပ်တွင် ခံနိုင်မည်လော။ ကြောက်သည်ဟူ၍ မရှိဟု သမိန်

ပရမ်း လျှောက်၏။ ကြားတော်မူလျှင် သံခြေချင်းကို ချွတ်စေ၍ ခေါ်တော်မူ၍ ခေါင်းဆေးစေ၏။ ကျွေးမွေးတော်မူပြီးလျှင် တရုတ်တို့ သူရဲကို မင်း မြင်းစီးချင်း နိုင်လျှင် ရာဇာဓိရာဇ် ပေးသည်ထက် ပေးတော်မူ၍ ငါ သူကောင်းပြုတော်မူမည် ဟူ၍ မိန့်တော်မူ၏။ သမိန်ပရမ်းလည်း ဦးခိုက်၍ အာမခံ၏။

## ၁၉။ တရုတ်သူရဲ ကာမဏိနှင့် မြင်းစီးချင်း တိုက်ပုံ

တရုတ်သူရဲ ကာမဏိလည်း ဆင်စီးချင်း, မြင်းစီးချင်း, ခြေကျင် ယောက်ျားသူရဲချင်းလျှင် အပက်မရှိ ပြသည်။ မြင်းနီကြီးကို ရွှေကထိုး၍ စီးသည်။ သံချပ်, မျက်နှာမည်းဓားကို ပတ္တမြား အပြည့်စီ၍ ခွဲသည်။ ရွှေလှံချောင်းလုံး, ဆောင်း[၁] ၇ – ဆင့်နှင့် နတ်မြင်းသည်နှင့်အတူ တရုတ်တို့ မှတ်သည်။ ဘုရင်မင်းခေါင်လည်း သမိန်ပရမ်းကို အဝမြို့တွင် ရှိသရွေ့ မြင်းကို ယူ၍ပြသည်။ သမိန်ပရမ်း စိတ်နှင့် ကြိုက်သည် မြင်းတစ်စီးမျှ မရ။ နောက်မှ ကျုံးနားတွင် စား၍နေသော မြင်းနီ မကျည်းစေ့တစ်စီးကို မြင်မှ ကြိုက်၍ယူ၏။ အသက် အသံ သိအောင် ခုနစ်ရက်လည်အောင် စီးစေပြီးမှ ရေ့ ၇ ရက်သည် ယောက်ျားကောင်းချင်း တွေ့စိမ့်မည် ဟူ၍ တရုတ်တို့ကို ဆိုလေစေ၏။ တရုတ်တို့သူရဲ ကာမဏိ ကြားလျှင် သောက်စားကြိမ်ဝါး၍ နေနှင့်၏။ ချိန်းချက်သည်နေ့ ရောက်လျှင် သမိန်ပရမ်းကို ရှင်ဘုရင်မင်းခေါင် သုံးသပ်၍ မိန့်တော်မူ၏။ သူရဲ အမျိုးအမတ်တွင် တန်ခိုးသတင်း အရဲအရင့် နှလုံးကြမ်းကြီးသည်။ ကြားသည်နှင့် ညီလှပေ၏ ဟူ၍ မိန့်တော်မူ၏။ သမိန်ပရမ်းလည်း မြင်းနီ မကျည်းစေ့ကို စီးသည်။ ဘုရင်မင်းခေါင်လည်း သမိန်ပရမ်းကို စီးတော်မူသော ပတ္တမြားက, လက်သုံးတော်ခွဲ ပတ္တမြားဓားကို ပေးတော်မူသည်။ ထိုအခါ သမိန်ပရမ်းကို "ငါသား သည်တစ်ခါကို မြဲမြံအောင် နှလုံးပြုပါ" မိန့်တော်မူသည်။ သမိန်ပရမ်းလည်း နိုင်စိမ့်မည်၊ ကျွန်ုပ်ဖို့ထား ဟူ၍ အာမခံ၏။ ခြင်းတစ်လုံးကို မြင်းတွင် ဆွဲ၍ ကျွန်ုပ် ထိုး၍ကျလျှင် ခေါင်းကို ရွှန်းနှင့်ရိတ်ငင်၍ ခြတ်ယူမည်။ ချိတ်စရာ ရွှန်းပေးတော်မူပါဟူ၍ လျှောက်၏။ မြန်မာတို့လည်း ကြားလျှင် ဆို၏။ "ယုန်မရှိက သံပရာရှာသော" ဟူ၏သို့ ဆို၏။ သမိန်ပရမ်းလည်း ဘုရင်မင်းခေါင်ကို ဦးခိုက်၍ ထွက်မည် ပြု၏။ တရုတ်အာသာတတ်သော သူတို့ကိုလည်း ဝန်းရံစေ၍ ထွက်ရ၏။ မြို့ထက်ကလည်း ရဟန်းလူသူ ဖြိုးမျှ ကြည့်ကြကုန်၏။ သမိန်ပရမ်း ထွက်သည်ကိုမြင်လျှင် တရုတ် ကာမဏိလည်း မြင်းနီကြီးကို ရွှေကတင်၍ တပ်ကသည် မြင်းစီး၍ ကျုံးနားတိုင်အောင် လာ၏။ ယင်းတွင်မှ သမိန်ပရမ်းနှင့် ဆိုင်၍ စကားပြောကြ၏။ ငါတို့နှစ်ယောက်သည် အမျိုးအမတ် သူရဲကောင်း ဖြစ်ကြသည်။ ခြေကာ, လက်ကာ, စနောင်စနင် မပြုကြနှင့်၊ အများ ကြည့်ကြပစေဟု ဆို၏။ ယင်းသို့မှ သမိန်ပရမ်းသည် ကိုယ်ကို ချုံ၍ မြင်း အလျှင်စီးသည်။ ကာမဏိလည်း တု၍လည်းကောင်း စီး၏။ သမိန်ပရမ်းလည်း ရပ်၍ စီးပြန်၏။ ကာမဏိလည်း တု၍ ပြန်စီးပြန်၏။ သမိန်ပရမ်းလည်း လက်နှစ်ဖက် ဆန့်၍ စီးပြန်၏။ ကာမဏိလည်း ဆန့်၍ စီးပြန်၏။

ယင်းသို့ စီးရာတွင် ချပ်တစ်ဖက်ကြိုးပြတ်သည်ကို သမိန်ပရမ်းမြင်လျှင် ဆို၏။ တို့နှစ်ယောက် စီးကြသည်၊ သုံးကြိမ်ရှိပြီ။ ယခုသော်ကား ရကြအောင်သာ ပြုရတော့မည် ဆိုပြီး

---

[၁]။ ဆောင်း– လုံရှိ၌ တပ်သော ပန်းပွား   [၂]။ ပြည့်မှု

... လက်ခတ်ဆတ်ကို ဆန်း၍ စီးသည်။ ကာလကြာလည်း ဖြွင် သမိန်ပရမ်း လှံကို နှောက်ထောက်၍ ... ရောက်လျှင် မြင်းကို စုတ်ခြင်းလည်းရှိ လက်လိုက်၍ ... သမိန်ပရမ်းလည်း အပါးသို့ ရောက်လျှင် ... ဆန့်သည် ... ကြောက်လန့်၍ ... လိုက်သည်ကို ထိုးမိလျှင် လက်ဝဲ ... ကာလကြာအကောင် ... သမိန်ပရမ်းလည်း ... တရုတ်တို့လည်း ... ကြည့်ကြကုန်၏။

... ဘုရင်မင်းခေါင်လည်း ... မြို့လျှင် ... သိ၍ ... ပြန်ကြလေကုန်၏။ တရုတ် ... ကာလကြာ ... ဖြစ်ကြလေကုန်၏။

၂၀။ ဘုရင်မင်းခေါင်ထံ တပ်လွှာဆောက်ပုံ

မင်းရဲကျော်စွာလည်း ခမည်းတော် ဘုရင်မင်းခေါင်သို့ စာဆက်ရလေ၏။ စာတွင် ပါသည်ကား -

"ရွှေပေါ်သတင်းဆောက် ဖိုးနားတော်လျှောက်ထုံးသော ဘုန်းတော်ကြီးလှသော ခမည်းတော်ဘုရား ... ယခု ဘကြီးတော် ဧည့်သည်နှင့် ဆန်ပြိုင်ကို မတွေ့ဖို့၍ မုတ္တမသို့ ပြေးလေသည်။ ဆန့်ပိုက်ကို ကြောက်လန့်၍ ရေတွင် ဆင်းသေသော်လည်း တပ်ငါတို့ကို ဆန့်နှင့် စုံ၍ အကောင်ကို သဘြိတ်ရမ နေမည်။ ပဲခူးကို လုပ်ကြ၍ ရမှုကား အကျွန်ုပ်လက်ရ ဖြစ်တော့သည်။ ဘုန်းကြီးသည့်အရှင် အရှာတော် ရတနာဆင်မြင်း ကတော် စိုးမင်းကို စိတ်၍ စာရေးမည် သူသာ လာပါစေဘုရား"

ဟု သည်စာနှင့် လေယက်ဝဲဖြန့် ဆက်ရလေ၏။

ဘုရင်မင်းခေါင်လည်း လေသ် ရောက်လာ၍ စာကို ကြားတော်မူလျှင် လက်ခုပ် လက်ဝါး တီး၍ ရယ်မောတော်မူပြီးမှ မိန့်တော်မူ၏။ ငါ့သားလည်း မဟုတ်သည် စကားကို ဆိုသည်။ ရာဇာဓိရာဇ်သည် မင်းကိုယ်ချင်းတွင် ဆင်ချင်း၊ မြင်းချင်း၊ လေးချင်းတွင် သူ့ကို ဆိုစရာ မရှိ။ စကားတော်မသန့်၍ အရှေ့ဘက်သို့ ပြေး၍ နေသည်သာ ဖြစ်မည်။ စကားမဟုတ် သန့်က သူ နောက်မှလည်းလား ယင်းသို့ ဖြစ်သောကြောင့် ငါ့သားနှင့် ဒိုင်းမင်းတပ်မင်း အားလုံးသည် လျှင်မြန်စွာ ကြည့်၍ အရေးနှင့်ညီအောင် မြို့တင်း၍ လုပ်ကြလေ။ ငါ့သား မင်းရဲသီဟသူ နှင့် သတို့ကိုလည်း တောင်ငူကြောင်း ရှိလာစေ၍ ရေပဲမြို့ကို လုပ်ကြလာစိမ့်မည် မိန့်တော်မူပြီးလျှင် လေသ်ကို နင် အလျှင် သွားလော့ ဟု၍ မိန့်တော်မူ၏။ လေသ် ဒလသို့ ရောက်လာလျှင် မင်းရဲကျော်စွာလည်း လေင်းစာကို မိန့်တော်မူသည်။ ခမည်းတော်ဘယ်သည် ဝင်လာသည် ဟူ၍ မြို့လျှင် ဆင်ခြေကိုနင်း၍ ဖြို့သို့ လျှင်မြန်စွာ ... ယခု မြန်မာတို့ သုံးလေးယောက် သော်လည်း နှစ်ကာစရာ ငါကိုယ်တိုင်မှ မတွေ့လို မိန့်တော်မူ၏။

---

၁၈ မြိုင်တဲ့ ... ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း (၂၀၀၅ ခု၊ စာ ၃၃၁-၃၃၂) တွင် ဆင်ဝတုရင် မင်းခေါင်က သမိန်ပရမ်းသည် ... ဖြစ်၍ ရာဇာဓိရာဇ် သမီးတော်နှင့် ထိမ်းမြားပေးပြီး အိမ်ရှေ့ ... ပါရှိသည်။ ၂၀ ... (မှန်နန်း-၃၀)

လေလင်းမင်းလည်း စစ်သည်များကို ရဲစိမ့်မည် ဟူ၍ နားတော်လျှောက်၏။ ယခု ညီတော် သီဟသူကို ကြိုလှာစေ၍ ခရုံမြို့ကို လုပ်ကြံလှာစိမ့်မည်ဟု စီရင်သည်ကို လေလတ် နားတော် မလျှောက်သည်လော။ ယခု ဘုန်းကြီးသည့်အရှင် အကြားအမြင်နေ၍ လုပ်ကြံတော်မူသည့် အလုပ်အကြံသည် ညီတော် ရောက်လာလျှင် ညီတော် အတတ်အကြံလည်းကောင်း ဖြစ်ပြန် လမည်။ လူတို့ ပုံဆိုသည်။ "ညှဉ်းငိုနှင့် မီးသောက်ကို အတူတူ" ဟူ၏။ သို့ ဖြစ်နေရာတော့မည် လျှောက်၏။ မင်းရဲကျော်စွာ ကြားတော်မူလျှင် အလွန် ရယ်တော်မူ၏။

## ၂၁။ ရာဇာဓိရာဇ်ကို ဟူးရားတတ်တို့ ဗေဒင်ဟော

ယင်းသောအခါ ပဲခူးလည်း ငတ်သည်။ ဒလတွင်လည်း ဟင်းရွက်မျှ ရှာ၍ မစားရသော ကြောင့် အလွန် ငတ်ရှာသည်။ ရာဇာဓိရာဇ်လည်း **တန်ဆောင်မုန်းလ**[1]တွင် အစရှေ့ဘက်သို့ ထွက်တော်မူသည်။ **တပို့တွဲလ**[2]မှာ ပဲခူးသို့ ပြန်တော်မူသည်။ ရောက်တော်မူလျှင် ဟူးရားတတ် ရာဇပုရောဟိတ်တစ်ယောက်၊ မဟာသမိန်တစ်ယောက်၊ ဘုန်းတော်ကြီးတစ်ယောက်၊ ရှင်မထေရ် တစ်ယောက်၊ သည်လေးယောက်ကို ဇာတာတော် ပြ၏။ ဘယ်ကာလသည် မြန်မာမင်းသားကို နိုင်မည်နည်းဟူ၍ မေးတော်မူ၏။ ရှင်မထေရ်လည်း ဇာတာတော်သန့်ပြီး **(၇၇၈) ခုနှစ်ရာ ခုနှစ်ဆယ့်ရှစ်ခု တန်ခူးလဆန်း ၄ – ရက် ၄ – ဟူးနေ့**[3]ကို တိုက်တော်မူလျှင် နိုင်၏။ မဟာ သမိန်ကလည်း ယင်းသည် တန်ခူးလဆန်း ၄– ရက် ၄– ဟူးနေ့ကို တိုက်တော်မူလျှင် မင်းရဲ ကျော်စွာကို ရလိမ့်မည်။ ဘုန်းတော်ကြီးလည်း ယင်းသည် ၄ – ဟူးနေ့ကို ရုံ့ဟူသော ဆင်ကို စီး၍ အစွယ်နှစ်ချောင်းကို သိုက်ဝါးထက် တင်စေပြီးလျှင် သွား၍ တိုက်တော်မူ မင်းရဲကျော်စွာကို ရောက်နှာတွင် ရမည်။ ရာဇပုရောဟိတ်လည်း ယင်းသည် ၄ – ဟူးနေ့ကို တိုက်တော်မူ၊ မင်းရဲကျော်စွာကို ဆင်ခါ၍ ကျလိမ့်မည်။ ခါးကို ဆင်ခတ်၍ ခါးကျိုးလေလျှင် ရောက်နှာ ဥနဲ့ပင်အောက်တွင် ရမည် ဟူ၍ လျှောက်၏။ ဟူးရားတတ် ၄– ယောက်ကိုလည်း ဆုပေးတော် မူ၏။ ယင်းသည်နေ့ကို နိုင်၍ရမည်ဟု လျှောက်သည်။ မင်းတို့ကဲ့သို့ သူမှာ ဟူးရားတတ် ရှိ၍ သိလေသော် သူ တပ်က ထွက်လာဘိမည်လော ဟူ၍ မိန့်တော်မူသည်ကို ရာဇပုရောဟိတ် နားတော်လျှောက်၏။ ယင်းသည်နေ့ကို သူ တပ်ကထွက်၍တိုက်သော် နိုင်ရမည်ကို နားတော် လျှောက်သည်။ သူ တပ်ကထွက်၍ မတိုက်သော် နားတော်မလျှောက်ပုံပါဘုရား။ ပုရောဟိတ် စကားကို အမိတ်ဒိန် ကြားလျှင် ဆို၏။ ယင်းသည်နေ့ကို နိုင်၍ ရမည်သာ မှန်ပါစေ၊ မင်းရဲ ကျော်စွာ တပ်က ထွက်အောင်ကိုသော်ကား ကျွန်ုပ်ဖို့တာ ဟူ၍ အာမခံ၏။

## ၂၂။ စွန့်စားသော အမွှန်တရာအကြောင်း

ဟူးရားတတ်တို့ကို ဝိတ်လေးအုပ် ပေးတော်မူပြီးလျှင် ရှင်ဘုရင် ရာဇာဓိရာဇ်လည်း ငါ့ သားနှင့် သမိန်အဝနိုင်တို့ ဒလမှာ နေပလေသည်၊ အကြောင်းအခြင်းကို ငါ မသိရ။ ယခု ဒလသို့ ရှိတော်မူမည်ကိုလည်း ကိုယ်တို့ မသိပလော။ ငါ ရှိတော်မူမည် အကြောင်းကို ပသုလျှင် သွား၍ ဆိုပါချိမ့်မည်နည်းဟု မိန့်တော်မူသည်ကို အမွှန်တရာ သွားမည် ဟူ၍ လျှောက်၏။ မင်း သွားမည်ကား ဆိုပြီး ပယ်သို့ သွားဟန် သွားမည်နည်းဟု မေးတော်မူ၏။ အမွှန်တရာလည်း

၁။ သက္ကရာဇ် ၇၇၆ တန်ဆောင်မုန်းလ(၁၄၁၄ အောက်တိုဘာလ) ၂။ သက္ကရာဇ် ၇၇၆ တပို့တွဲလ (၁၄၁၅ ဇန်နဝါရီလ)

၃။ သက္ကရာဇ် ၇၇၈ တန်ခူးလဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့ (၁၃ မတ် ၁၄၁၆)ဖြစ်မည်။

ကျွန်ုပ် သွားသောလျှင် မင်းရဲကျော်စွာကို ဝင်စား၍ ဆိုမည်။ ဘကြီးတော်ကို လှကို ထားဘိ၍ ကိုယ့်ကိုယ်သော်လည်း စေရာသို့ လိုက်မည် မှတ်သည်။ ငါတို့ကျွန်ဖြစ်သော အရှုံးအမတ် သူရဲကို ရှုတော်ဝယ် အသက်ကိုချန်၍ အမှုတော်ကို ထမ်းရမည်ဟု မှတ်သည်။ မင်းခေါင်ရာဇာစင်လျက် စစ်ကို မြင်လျှင် သို့ဖြင့် နယ်ပယ် ပေးမိန့်သည်။ မှုရှုမ ကာသည် ယခု ပဲခူးသို့ ရောက်တုံသော် လည်း ဘယ်မှာ သမိန်အခင်းတို့ကို သူ ရှုံးသည်ကို အရဲ မပြော။ အမတ်ဒိန်လည်း သေနာပတိ ဟူ၍ ဆိုသည်။ သေနာပတိ မဟုတ်၊ အရာရှု မဝင်။ သည်စကားကို ကျွန်ုပ် ဆိုသည်ကို အမတ်ဒိန်သည် နေ့အခါ သူ့ရဲ ရှုံးသည်လော စကားရာစ်ကို ဝင်သို့ သည်စကားကို ဆိုသည်။ ဆိုကောင်းသည်လော နှင့်ကို သင်တော်ကောင်း၏ ဆိုပြီးလျှင် ကျွန်ုပ်မယား သားကိုလည်း သံခြေချင်း ခတ်၍ ထား ဆိုသည်။ ကျွန်ုပ် အရှုံးအမတ် ယောက်ျားမတော်။ မင်းခေါင်ရာဇာ ကျေးဇူးကို သိသည်။ အသက်နှင့်အရှုံ မင်းခေါင်ရာဇာကျေးဇူးကို ဆပ်မည် ကြံသည်။ အရှင်မင်းခေါင်ရာဇာနှင့် သင့်သည် စကား ဟူ၍ ဆိုပါသည်ကို မသင့်တော့ ဟူ၍ အမတ်ဒိန် သို့ဝင် ကျင့်လေသည်။ ဆွမ်းနန်း သခင် သားတော်မှာမှ ငါတို့ သူ့ရဲကောင်းတို့၏ အရည်အချင်းကို သိမည် ဟူ၍ ဆွမ်းနန်း သခင် သားတော် မြေရှင်တော်သို့ မြေပုံလေသည် ဆိုမည်ဟူ၍ နားတော်လျှောက်၏။ ရာဇာဓိရာဇ် သခင် သားတော်တို့ကို ရွှေကိုးပြား ကြားတော်မူလျှင် မင်းအကြီးသည် သင့်၏ဟု မိန့်တော်မူ၏။ သားတော်တို့ကို ပေးလေစေ ဟူ၍ မှာတော် ပေးတော်မူလိုက်၏။ အရှုံးအမတ်များနှင့် ဒလမြို့သားတို့ကို ပေးလေစေ ဟူ၍ မှာတော် မူ၏။ အံမွန်တရာလည်း ကျွန်အရှင်ကိုယောက်နှင့် ရှင်ဘုရင်ကို ဦးခိုက်၍ ဒလသို့ သွားလေ၏။

## ၂၃။ အံမွန်တရာ ဒလ ရုံတပ်သို့ ဝင်ပုံ

မြန်မာတို့လည်း ရေကြောင်း ကြည်းကြောင်း အထပ်ထပ်ပင် ရံ၍ အံမွန်တရာလည်း ရောက်လေလျှင် ဒလ မြသေ့ဆိပ်တွင် ဝန်းပဲထောင်မှူးနှင့် မြို့တောင်စား အဆီတွင် ရပ်၍ နေ၏။ မြို့တောင်စား မြင်လျှင် ပသူလဲဟု ခေါ်၍ မေး၏။ အံမွန်တရာလည်း ငါသခင်ကို ငါ ဝမ်းနည်း၍ ရွှေနန်းသခင်သားတော် ကျွန်ခံမည် လာသည်ဟု ဆို၏။ မြို့တောင်စားလည်း မေး၏။ အံမွန်တရာလည်း ရှင်ဘုရင်ကို လျှောက်သည် စကားအတိုင်း ဆိုလေ၏။ ကြားလျှင် မဆိုး၊ အကျိုး ခေါင်းထုတ် ပေး၏။ ယင်းသို့မှ အံမွန်တရာကို မြို့တောင်စား မင်းရဲကျော်စွာကို ဆက်၏။ မင်းရဲကျော်စွာလည်း အံမွန်တရာကို မေးတော်မူ၏။ ယခင် မြို့တောင်စားကို ဆိုသည် အတိုင်း လျှောက်ပြန်၏။ ရာဇသင်္ကြံလည်း ကြားလျှင် နားတော်လျှောက်၏။ ဘုန်းတော်ကြီး ဟူ၍ အံမွန်တရာသည် အမတ်သူရဲ ဘကြီးတော်တွင် အမှုထမ်းသူရဲကောင်း ဖြစ်သည်။ နားတော် လျှောက်သည့်အတိုင်း မှန်လေသော် ပဲခူးကို အလိုတော်ပြည့်လျှင် ကိုယ်ကြိုက်သည်မြို့ကို စားစေတော်မူသည် ဟူ၍ ရာဇသင်္ကြံ နားတော်လျှောက်သည်ကို ကြားလျှင် အံမွန်တရာ ဆို၏။ ကျွန်ုပ်သည် အရှင်ကို ဝမ်းနည်း၍ ရွှေနန်းသခင် ခြေရင်းသို့ ရောက်လာပြီးသည်။ ရှေ့သို့ အမှုတော်ကို ထမ်း၍ ကျွန်ုပ်တို့နှင့် စာတိဖြစ်သော မွန်တို့ကို ခုတ်မှ ယုံကြည်တော်မူ မည်ဟု အံမွန်တရာ လျှောက်၏။ အံမွန်တရာကို ဆုလာဘ်များစွာ ပေးတော်မူ၏။ မိုးသောက် လျှင် တစ်ခါပြင် ကျုံးပေါင် ရင်တားတွင် မွန်တို့ မြို့ကာထွက်၍ နေသည်ကို မြန်မာတို့ မြင်လျှင် ဝင်၍ ခုတ်သည်။ ယင်းသည် မြန်မာနှင့်အတူ အံမွန်တရာလှ လိုက်လေ၍ ဒလမြို့သား မွန် နှစ်သောက်ကို ခုတ်၍ဘဲ့၍ မြို့တွင်းသို့ သွင်းလေသည်ကို မြန်မာတို့ မြင်၍ သည်အတိုင်း

မင်းရဲကျော်စွာကို နားတော်လျှောက်လေ၏။ မင်းရဲကျော်စွာလည်း အဲမွန်တရာလ၄ ခုတ်မိ သသူကို ဆုပေးတော်မူ၏။

## ၂၄။ အဲမွန်တရာ ဒလမြို့တွင်းသို့ ဝင်ပြေးပုံ

တစ်နေ့လျှင် အဲမွန်တရာကို ဆင်ဦး စီးစေ၍ စလေင်းမင်းမှ ကုန်းအလယ် စီးရသည်။ တပ်ကသည် မြို့ကျုံးနားသို့ လာသည်ကို မြို့က မွန်တို့ထွက်၍ တိုက်လေလျှင် စလေင်းမင်းတွင် ပါသည့် မွန်မြန်မာ အားလုံး ပြေးရှောသည်ကိုမြင်လျှင် ငါ မားလျှားကိုင်၍ သက်၍ ခုတ်မည်ဟု စလေင်းမင်းကို ဆိုလျှင် ဆင်ကသက်၍ ခုတ်မည်အဟန် ပြု၏။ ကျွန်နှင့်တကွ မွန်တို့ကို ခုတ်မည်အဟန် လိုက်လေလျှင် မခုတ်ဘဲ မားလျှားကိုပစ်၍ ဒလမြို့တွင်းသို့ ပြေးဝင်လေ၏။ စလေင်းမင်းလည်း အဲမွန်တရာ ဝင်လေသည်ကို နားတော်လျှောက်၏။ မင်းရဲကျော်စွာ ကြားတော်မူလျှင် လက်ခုပ်တီး၍ မသက်မသာ ရှိတော်မူ၏။ မင်းရဲကျော်စွာက ရှင်ဘုရင်သားတော် ဗညားဒလကို ဟစ်၍ ဆိုရသည်။ အဲမွန်တရာသည် ဥပါယ်နှင့် မဟုတ်သော စကားကို ဆို၍ ငါတို့က မလေးမစား ပြုရှေ၍ ဝင်ရလေသည်။ အဲမွန်တရာသည် မြို့ကထွက်၍ ဘကြီးတော်သို့ ရောက်အောင် ပြန်နိုင်လေသော် ငါက အဲမွန်တရာ(ကို) ဆုလာဘ်များစွာ ပေးမည်ဟု ဟစ်၍ ဆိုရ၏။ ဗညားဒလလည်း မြန်မာတို့ ဆိုသည် ဟူ၍ အဲမွန်တရာကို ဆို၏။ အဲမွန်တရာလည်း "ဘုန်းကြီးသည် အရှင်သားတော် ... နက်ဖြန်သည် အဲမွန်တရာ ပဲကူးသို့ တက်လေမည်" ဟု ဟစ်၍ ဆိုစေ၏။ မြန်မာတို့လည်း အဲမွန်တရာ နင် အတောင်ရှိ၍ ပျံမည်လော၊ နဂါးဖြစ်၍ မြေကို လျှိုးမည်လော။ ဥပါယ်နှင့် ပြုသောကြောင့် နင် ဝင်ရလေသည်ဟု မြန်မာတို့ ဟစ်၍ ဆိုပြန်ရ၏။ အဲမွန်တရာလည်း ငါ ထွက်မည်၊ နင်တို့ မည်သို့စောင့်မည်ကိုသာ စောင့်တော့ ဆိုပြန်ရ၏။ မြန်မာတို့လည်း ကြည်းကြောင်း၊ ရေကြောင်း အထပ်ထပ်ပင် စောင့်၏။ မင်းရဲကျော်စွာကလည်း တပ်မင်း စစ်ကဲ ဟူသရွေ့ကို နက်ဖြန်သည် အဲမွန်တရာ ထွက်မည် ဆိုသည်၊ ရအောင် စောင့် ဟူ၍လည်း ဆို၏။

## ၂၅။ အဲမွန်တရာ ဒလမြို့တွင်းမှ ထွက်ပုံ

အဲမွန်တရာလည်း ပေးတော်မူလိုက်သည် ရွှေပြားကို ရှင်ဘုရင်သား ဗညားဒလသို့ ဆက်၍ အမှူးအမတ်၊ မြို့သားတို့ကို ဝေစေပြီးလျှင် မိုးမသောက်ခင် ငှက်ပျောဖောင် လုပ်စေ၍၊ မိမိစွဲဓားကို ငှက်ပျောတုံးတွင် လျှို၍၊ အဲမွန်တရာကို လူကောင်သေအဟန်ပြု၍၊ နန္ဒင်းပါးနား လိမ်း၍၊ သပေါ့ဆိုးနှင့်လိပ်၍၊ မိန်းမ လေးငါးယောက်ကိုလည်း ဦးဆံကိုဖြေ၍ ရင်ဘတ် တီး၍ ဟစ်၍ ငိုရ၏။ သူမျှားလင်မူကား မယား၊ သားနှင့် ကောင်းအတူ၊ မကောင်းအတူသို့ သည်စစ်မက်ကြီးတို့တွင် ဝေတ်မွတ်ခြင်း ခံရသည်။ ယခု မင်း ငါတို့ကို ပစ်၍ သွားခဲ့သည်။ သို့ သည်စစ်ကြီးမက်ကြီးရှု၍ ဝေတ်မွတ်ခြင်းကို ငါမယား ပသို့ တတ်နိုင်ပါမည်နည်းဟု ဖက်၍ ငိုရ၏။ ယင်းသို့ ငိုသည်ကို ရှမ်းသေတဲခါးပါးအဆီတွင် နေသည့် မြန်မာတို့လည်း ကြည့်၍ နေကုန်၏။ အဲမွန်တရာကို ငှက်ပျောဖောင်တွင် အသာတင်ထည့်စေပြီးလျှင် မြေပန်းကန်နှင့် ဆန်တစ်ခွက်၊ ကြက်သငယ်တစ်ခု ခေါင်းရင်းက ထား၍ ဆီမီးညှိပြီးလျှင် ဖောင်ကို ချောင်းလယ်သို့ တွန်းလိုက်၏။ မိန်းမများလည်း ငါတို့ကို မင်း ပစ်၍ သွားလေတော့မည်လောဟု ရင်ဘတ် တီးလျက် ဟစ်၍ ငိုလိုက်၏။ ဖောင်မျော၍ မြန်မာတို့လှေအဆီသို့ ရောက်လျှင် လူကောင်တမံ့

ဟူ၍ ငါးနှစ်ရှည်း မြန်မာတို့ ရှုံးလိုက်လေ၏။ နေလည်း တက်သည်၊ ပြင်းသည်နှင့် ဆောင်မျှော မြန်မာတို့ လေ့တပ်ကို လွှန်လေပြီးသောကြောင့် လေ၍ တရေပါလေပေါက်သို့ ရောက်လျှင် မြန်မာတို့ အမှန်တရား ပဲကူးသို့ တက်စုံ၏။ ငှက်များတဲ့လျှင် စာကိုရှု၍ အမှန်တရား ထွက်မည် ဆိုသည်၊ ထွက်လာတော့လေသလား။ ပသို့ပြု၍ မထွက် နေမြင်လျှင် အမှန်တရား ထွက်မည် ဆိုသည်၊ အမှန်တရား နန့်ကာပင် ပဲကူးသို့ တက်လေ သနည်းဟု ပါရှိ၍ ဆိုပြန်ရာ၏။ ဤတွင်းကလည်း အမှန်တရား သွေးကြကုန်၏။ မိုးချုပ်လျှင် မင်းရဲ ပြီးဟု ပါရှိ၍ ဆိုပြန်၏။ မြန်မာတို့လည်း မယုံ၊ အသွမ်း သွေးကြကုန်၏။ မြန်မာတို့လည်း လွင်၍ ဆိုလာရသည်။ ကျော်စွာက ရှင်ဘုရင်သားတော် ဓညာဝတီလာနှင့် သမိန်အဝန်င်သို့ လွင်၍ ဆိုလာရသည်။ အမှန်တရား ပဲကူးသို့ တက်မည်ဟု ငါတို့ မိုးချုပ်သောင်ပင် စောင့်၍နေသည်၊ ပသို့သောကြောင့် မတက်ဘဲ နေသနည်းဟု မေးရာ၏။ ရှင်ဘုရင်သားတော် ဓညာဝတီလာနှင့် သမိန်အဝန်င်လည်း နေ့တော် မင်းရဲကျော်စွာ မသိသည်လော၊ မိုးသောက်လျှင်ပင် အမှန်တရား ပဲကူးသို့ တက်လေပြီ ဟူ၍ မှာလိုက်၏။ မင်းရဲကျော်စွာကျွန်လည်း သည်အတိုင်း မင်းရဲကျော်စွာကို လျှောက်၏။ ကြားတော်မူလျှင် အုံ၏။ မယုံ၍ လက်ျာထောင်မှူးကို စာနှင့် ပဲကူးသို့ စေ၏။

## ၂၆။ အမှန်တရား ထွက် မထွက်ကို နှစ်ဝမ်းမေးမြန်းပုံ

"အမှန်တရား ချစ်လေးမြတ်စွာ၍ ကြားရောက်အပ်သော ဘကြီးတော် ဘကြီးတော်သည် မုတ္တမသို့ ပြေးလေပြီ ဟူ၍ ကြားသည်။ ယခု ရာဇာဓိရာဇ်.... ဘကြီးတော်သည် မုတ္တမသို့ ပြေးလေပြီ ဟူ၍ ကြားသည်။ ယခု ဘကြီးတော် ဖြစ်လာသည်။ ငါ၏ အလိုအတိုင်း ဘကြီးတော်ကို ဆင်စီးချင်း တိုက်ရ လာမည် မှတ်သည်။ ဘကြီးတော်သည် မုတ္တမသို့ ပြေးလေသောကြောင့်သာ ဒလတွင် ငါ နေသည်။ ဘကြီးတော်သည် တက်လည်း မတက်ပုံ၊ သက်လည်း မသက်ပုံ။ မင်း တရားခံသည် စစ်ကိုမြင်လျှင် နှလုံးဝမ်းငယ်သည်၊ ဘကြီးတော်ကဲ့သို့ မရှိပြီ။ ငါတို့ကို တက်စေလိုလျှင်လည်း ပဲခူးတိုင်အောင် တက်လာမည်။ သက်လာလျှင်လည်း ငါ ကြိုနိုင်မည်။"

သည်စာနှင့် မြင်းခံတစ်စီး ရွှေနှင့် ငွေပြားအစုံ မင်းရဲကျော်စွာ ရှင်ဘုရင် ရာဇာဓိရာဇ်သို့ ပေးလိုက်၏။

လက်ျာထောင်မှူးကိုလည်း အမှန်တရားကို မင်းကြည့်ခဲ့၊ မြင်လျှင် သည်မြင်းကာနှင့်တကွ ကတ္တီပါဝတ်လုံ အမှန်တရားကို မင်းဆုပေးနဲ့ဟူ၍ ပေးတော်မူလိုက်သည်။ လက်ျာထောင်မှူး လည်း ပဲကူးသို့ ရောက်လေ၏။ ထိုသောအခါ ဘုရင်ရာဇာဓိရာဇ်လည်း သဖြူချောင်း[၁]မှာ နေတော်မူသည်။ ရှင်ဘုရင်က လက်ျာထောင်မှူးကို ကြိုရ၍ ရောက်လျှင် မင်းရဲကျော်စွာက ပေးလိုက်သည် လက်ဆောင်နှင့်စာကို ဆက်၏။ စာကို ကြားတော်မူလျှင် လက်ျာထောင်မှူးကို မှာတော်မူ၏။

ငါ့တူတော်ကို ဆိုပါလေ။ ပဲကူးသို့ မတက်လာနှင့်တော့၊ ငါ့ကို ခံနိုင်မည်ကိုသာ စီရင်၍ အသင့်နေနှင့်တော့။ ဒလသို့ ငါ သက်လာတော့မည် မိန့်တော်မူ၏။ ယင်းသို့မှ လက်ျာထောင်မှူး ရှင်ဘုရင်ကို နားတော်လျှောက်၏။ ကျွန်တော် အမှန်တရားသည် ဆင်ဖြူသခင် ခြေရင်းတော်သို့ ရောက်လေပြီဟူ၍ ဆိုသည်။ ရောက်မှန်းကို ဆင်ဖြူသခင်ဘုရားတော် သိတော်မူလိုသည် ဟူ၍ လျှောက်၏။ ကြားတော်မူလျှင် အမှန်တရားကို ခေါ်၍ ပြတော်မူ၏။ လက်ျာထောင်မှူးလည်း

၁။ သဖြူချောင်း (မှန်နန်း-၃၆)။

အမှုန့်တရာကို မြင်လျှင် မင်းရဲကျော်စွာက ပေးလိုက်သည့် မြင်းရွှေကနှင့် ကဏ္ဍပါဝတ်လုံကို ဆုပေး၍၏။ ရှင်ဘုရင် ရာဇာဓိရာဇ်က မင်းရဲကျော်စွာကို ကဏ္ဍပါဝတ်လုံ အစိမ်း၊ ပုဆိုးကိုယ်တွင်းပြည့် စကနံ ၅–အုပ် ပေးတော်မူလိုက်၏။ လက်ဆောင်မှုကိုလည်း ပုဆိုးကောင်း ၁– ပေးတော်မူလိုက်၏။ လက်ဆောင်မှုလည်း ဒလသို့ သက်လေ၏။

## ၂၇။ ရာဇာဓိရာဇ် ဒလသို့ ချီတက်ပုံ

အဝမှာ ဘုရင်မင်းခေါင်လည်း မှတ္တမက ရှင်ဘုရင်ရာဇာဓိရာဇ် ပဲကူးသို့ ပြန်၍ ရောက်သည်ကို ကြားတော်မူလျှင် သားတော်သီဟသူ တစ်တပ်၊ သတိုးတစ်တပ်၊ ဘုရင်ကျော်စစ်ကဲ တစ်တပ်၊ သည်သုံးတပ်တွင် ပါသည့် တိုက်ဆင် (၅၀)ငါးဆယ်၊ မြင်း ၅၀၀(ငါးရာ)၊ သူရဲ တစ်သောင်းနှင့် စရုပ်မြို့ကို လုပ်ကြံလှာရသည်။ ယင်းသောအခါ စရုပ်မြို့ကို သမိန်ဗြတ္တပစားသည် လူ(၂၀၀၀၀)နှစ်သောင်း[၁]၊ တိုက်ဆင် (၅)ငါးစီး၊ မြင်း(၃၀)သုံးဆယ်နှင့် မြို့က ခံ၏။ ရာဇာဓိရာဇ်လည်း ကျွတ်စနှာတွင် တန်ဆောင်းဆောက်၍ (၇၇၈–ခု) တပေါင်းလပြည့် ၅–ကျော်နေ့[၂] ခေါင်းဆေးတော်မူသည်။ သားတော် ဗညားဓမ္မရာဇာ၊ သားတော် ဗညားရံ၊ အမှုးအမတ်များနှင့်တကွ ခေါင်းဆေးရ၏။ ယင်းသို့မှ ဆင်နှင့် သူရဲသူကောင်း ရှိသရွေ့ကို ခေါင်းဆေးရ၏။ ဆင်ကောင်းဟူသရွေ့ကို ခုနစ်ရက် လည်အောင် အစွယ်ချွန်ရ၏။ အမှုးအမတ်၊ ကျေးစားသင်းမှူး၊ သူရဲသူကောင်း ရှိသရွေ့ကိုလည်း ရွှေငွေဆုလာဘ်များစွာ ပေးတော်မူ၏။ အားလုံးကို ကျွေးမွေးစားသောက်ရ၏။

**(၇၇၈–ခု) တပေါင်းလပြည့်ကျော် ၈–ရက် ၆–နေ့**[၃] ဒလသို့ ချီတက်တော်မူ၏။ ရာဇာဓိရာဇ် တပ်တော်တွင် အမတ်ဒိန်တပ်မင်း၊ ရဲကမန်စစ်ကဲ၊ သားတော် ဗညားဓမ္မရာဇာ တပ်မင်း၊ ပိုက်ကမံစစ်ကဲ၊ သားတော် ဗညားရံတပ်မင်း၊ ဇောနသိုင်းစစ်ကဲ၊ ရှင်ဘုရင်သားတော် ဗညားရဲ ဆင်လမတ်ပသျှယ် မှန်နှင့်ကို စီးသည်။ ကနီ၊ ကတောင်နီ၊ တံခွန်နီ၊ ဥရန်းနီ၊ ဆင်ခြေဖုံးလုံ၊ ဆင်တပ်သား၊ ဆင် (၂၀)နှစ်ဆယ်၊ လူ(၅၀၀၀)ငါးထောင်နှင့် ရှေ့မှား ချီရသည်။

သားတော် ဗညားဓမ္မရာဇာ ဆင်ဧပေါက်သားကို စီးသည်။ ရွှေက၊ ရွှေကတောင်၊ ရွှေဥရန်း၊ ရွှေတံခွန်၊ ရွှေလွှား၊ ဆင်ခြေဖုံးမိုးနံရွှေလုံ၊ ဆင်ထက်တွင် ထီးဖြူကနက္ကဒက် ဖြန့်ချီရသည်။ တပ်သားဆင် (၃၀)သုံးဆယ်၊ လူလက်နက်ကိရိယာကိုင် တစ်သောင်း၊ ရှင်ဘုရင် ဆင်ရံကို စီးတော်မူသည်။ ဆင်က အနက်၊ ကတောင် အနက်၊ ဆင်ခြေဖုံးလုံ အနက်၊ ထီးဖြူ အုပ်၍ ချီတော်မူသည်။

မင်းရဲကျော်စွာလည်း ရာဇာဓိရာဇ် ချီလာသည် ကြားတော်မူလျှင် တပ်မင်း စစ်ကဲ အမှုးအမတ်များကို ခေါ်၍ တိုင်ပင်တော်မူ၏။ တိုင်ပင်တော်မူသည်ကို ရာဇသင်္ကြံ ဤသို့ နားတော်လျှောက်၏။ ရာဇာဓိရာဇ်သည် နလုံးဝမ်းကြီး[၄]သည်၊ စစ်တွင်းကို ခွာခဲသည်၊ သွားခဲသည်မင့် ယခု ချီလာလေပြီ။ ကျွန်ုပ်တို့ မြို့ကို အရံမပြတ်ဘဲ သို့ပင်နေသော် ရာဇာဓိရာဇ်ကလည်း အုံလုံးကျွတ်တို့ကို တိုက်လာမည်။ ဒလမြို့ကလည်း အုံလုံးကျွတ် ထွက်၍တိုက်လာမည်။ ယင်းသို့ နှစ်ဖက်ညှပ်၍တိုက်သော် မကောင်းချေလော။ ကျွန်ုပ်တို့ ကျွန်တော်တကာ အရေးကို

---

၁။ နှစ်သောင်း (မှန်နန်း–၃၆)၊ ငါးထောင် (တွင်းသင်း၊ ပ၊ ၁၉၆၈၊ စာ ၃၁၄)   ၂။ သက္ကရာဇ် ၇၇၆ တပေါင်းလပြည့် သောကြာနေ့ (၂၂ ဖေဖော်ဝါရီ ၁၄၁၅) ဖြစ်မည်။   ၃။ သက္ကရာဇ် ၇၇၆ တပေါင်းလပြည့်ကျော် ၈ ရက် စနေနေ့ (၂ မတ် ၁၄၁၅) ဖြစ်မည်။   ၄။ သည်းကြီးဦးကောက် (တွင်းသင်း၊ ၃၁၄)

ယူတော်မူကာ မြို့ကို အရှုံးပြ၍ ရေတပ်၊ ကြည်းတပ် ပွဲသဘင်ခင်းသည် မှ၍ တပ်အနိုင် လုပ်၍နေမည်။ သူရောက်လာလျှင် အရှေ့ကိုသို့မှ သူတိုက်လာလျှင်လည်း တို့ ခံမည်။ သူ မတိုက် လာလျှင်လည်း တို့က ထွက်၍တိုက်မည်။ သည်အရေးကို သင့်မည်ဟု၍ ရာဇသင်္ကြံ လျှောက် သည်ကို ကြားတော်မူလျှင် သင့်ပေ၏ ဟု၍ မိန့်တော်မူပြီးမှ မြို့ကို အရှုံးပြ၍ ရေတပ်၊ ကြည်းတပ် မှ၍ ပေသီကန်[၁] တွင် တပ်လှုပ်၍ အနိုင်နေ၏။ "ကျွတ်တလည်း" တွင် တပ်ချ၍ နေတော် မူ၏။

ရာဇာဓိရာဇ်လည်း ဝလည်း ရောက်တော်မူလျှင် ဝလဖြို့တွင်းသို့ ဝင်တော် မူ၏။ ယင်းသို့မှ ဆင်ပေါ်က်စီးတော်မူ၍ သူ့ရဲတစ်ထောင်လောက်နှင့် ဟံသာ ရောက်တော် မူ၏။ ရှင်ဘုရင်သားတော် ဗညားဘလ၊ သမိန်အဝနိုင်၊ အမူးအမတ်၊ မြို့သူကြီး သား ရောက်တော် မူ၏။ ကိုယ်တို့ အားလုံးကိုလည်း ဆုလာဘ်ပေးတော်မူပြီးမှ မှသည်ကို အလွန် အားပါးရကုန်၏။ ကိုယ်တို့ အားလုံးကိုလည်း ထွက်၍ တိုက်လိုမှု သမိန် အဝနိုင်ကို သေ၏။ သည်မြန်မာမင်းသား သူဝယ်သည် တပ်က ထွက်၍ တိုက်လိုမှု လိုလှိုက်မှ ရှိမှ၍ ပေးတော်မူ၏။ သမိန်အဝနိုင်လည်း သည်မြန်မာမင်းသားသည် နိုင်ချင် ကြက်နှင့်အတူ ကြက်တစ်ပါးကို မြင်က အလွန်လိုလားသကဲ့သို့ အလွန်လိုလားလှသည် ဟု၍ လျှောက်၏။ ယင်းသို့သော်ကား– မြန်မာမင်းသားကို ငါတို့ အလျင်ရကောင်းမည် ဟု၍ မိန့်တော်မူ၏။

## ၂၀။ မင်းရဲကျော်စွာကို တိုက်ရန် မွန်တို့ ကြံစည်ပုံ

ယင်းသို့မှ တာတော်ကွမ်းရောကိုင် သွယ်လကွန်းဆံကို မိန့်တော်မူ၏။ မင်း ဆင်သည် ပေါ်လှသည်။[၂] သူ၏ သုံးထောင်လောက်နှင့် မင်းရဲကျော်စွာ တပ်ပါးသို့ သွား၍ မြူရေ။ သူ ထွက်၍တိုက်လျှင် မကျီစားနှင့်၊ ရက်ရက်စွာခံ ဆို၏။ သွယ်လကွန်းဆံလည်း ရှင်ဘုရင်ကို ဦးခိုက်၍ ဆင်စီးသူ၏ သုံးထောင်လောက်နှင့် သွားလေ၏။ မင်းရဲကျော်စွာ မြင်တော်မူလျှင် ကလေးမင်းကို မြင်းသုံးထောင်လောက်နှင့် တပ်ကထွက်၍ လိုက်စေ၏။ သွယ်လကွန်းဆံလည်း မြင်းကိုမြင်လျှင် ပြန်မှ၏။ မြင်းထပ်၍လိုက်လေ၏။ မြင်းမီလျှင် ပြန်၍တိုက်လေ၏။ ဘယ်ပြန် ညာပြန် ကျီစားရာတွင် ဆင်အချက်တစ်ရာလောက် ရှုရ၏။ မြင်တော်မူလျှင် အမျက်ထွက်၍ လက်နယ်တီး၍ ပေါင်ကို ဝတ်တော်မူ၏။ သွယ်လကွန်းဆံ ရောက်လာလျှင် ငါ့အမိန့်တော်ကို လွန်သည်။ အပေါင်အလက် ဖျက်၍ ပစ်လေဟု အမိန့်တရာကို အပ်တော်မူသည်ကို သမိန်အဝနိုင် နားတော်လျှောက်သည်။ ကျွန်တော် သူငယ်ဖြစ်သောကြောင့် မလိမ္မာ၍ မှားသည်။ အသက်ကို ဘုရားနှလုံး သုံးတော်မူပါ ဟု၍ တောင်းပန်မှ သံခြေချင်းခတ်၍ ထားရ၏။ ရာဇာဓိရာဇ်လည်း တပ်သို့ ပြန်တော်မူ၏။

## ၂၁။ ရာဇာဓိရာဇ်က ပကာမတ် စွာကို သံမှိုနှက်လွှတ်ပုံ

တပ်သို့ ရောက်လေလျှင် ပကာမတ်ဦးစီး ငပျံကို ခေါ်၍ မိန့်တော်မူ၏။ ယခု ငါတို့ဆင် ပကာမတ်ကို သူက ရလေသည်။ ငါတို့ဆင် အားလုံးတွင် ပကာမတ်ကို ဘက်မည့်ဆင် မရှိ၊ ပသို့ စီရင်သော် သင့်မည်နည်းဟု၍ တိုင်ပင်တော်မူ၏။ ဦးစီးငပျံလည်း ကျွန်ုပ်စိတ်တွင်သော် ဆင်မ လေးစီးတွင် သူကောင်းသား အားလုံးချက် နားလည်သသူကို တင်မည်။ ကျွန်ုပ်အသံကို ကြားလျှင် ဆင်မကို မရှုပြီး ဆင်မနှင့်ရှုး၍ ပကာမတ်ကို စီးသည့် ဆင်သည် အမတ်ကို

၁။ နှင်သေက် (မှန်နန်း– ၃၇)၊ စပ်အသက် (တွင်းသင်း– ၃၁၄)　၂။ ပေါ်ပါလျှင်မြန်လှသည် (တွင်းသင်း– ၃၁၄)

ထိုးချစေပြီးလျှင် ယှဉ်၍ ကျွန်ုပ် တက်မည်။ သည်အရေးကို ကြိုက်တော်မူလျှင် မြန်မာတို့ အိပ်ပျော်စဉ်ကို မသိရအောင် ကျွန်ုပ် အရောက်ဝင်၍ ပကမတ် ဗိနပ်နှစ်ဖက်ကို တပ်က မထွက်တတ်အောင် မယ်နနှင့် နက်ချိန်မည်[၁]။ သည်အရေးနှစ်ချက်တွင် ကြိုက်တော်မူသည်ကို ရွေးတော်မူဟု၍ ပကမတ်ဦးစီး ငပျံ နားတော်လျှောက်သည်ကို ကြားတော်မူလျှင် ညဉ့်အရောက် ဝင်မည့် အကြောင်းကို ကြိုက်တော်မူသည်ဟု ဆို၏။ ဦးစီး ငပျံကိုလည်း ဆုတော်များစွာ ပေးတော်မူမှ ငပျံနှင့်အတူ **စောဒကို**[၂], မပို၊ သည်သုံးယောက် အရောက် ဝင်မည် သွားလေ၏။ ငပျံလည်း ကြိုးသုံးချောင်းကို သတ်၍ ပကမတ်ကို ပေးမည် ယူလေ၏။ မြန်မာတို့ အိပ်ပျော်လျှင် ကိုယ်တို့သုံးယောက် တပ်တွင်းသို့ ရောက်လေ၏။ ပကမတ်ကို ချည်သည့် တင်းကုပ်သို့ ဝင်လေ၏။ ပကမတ်လည်း လေအနံ့ယူ၍ သိလျှင် အထိန်းဟောင်းအနံ့ကို သိ၍ နားမတော်ဘဲ နေလေ၏။ ငပျံလည်း ယူလာသည့် ကြိုးသုံးချောင်းကို ပကမတ်အား ပေးပြီးမှ ဆို၏။

ယခု ငါရောက်လာသည့် အကြောင်းသည် မင်းဗိနပ်ကို မယ်နနှင့် နက်ချေ ဟူ၍ ရှင်ဘုရင် စေတော်မူ၍ ရောက်သည်။ ယခု မင်းကို ငါမြင်လျှင် မှာတော်မူတိုင်း မင်းကို ငါ မပြုပြီ။ မင်းသည် ငါနှင့် မင်းညီ **သုံးယောက်**[၃]ကို ချစ်သော နက်ဖြန်သည် မြန်မာတို့ ထွက်၍ တိုက်မည်။ က လျှင် အက မစဲဘဲ တပ်တွင်းတွင် ဆင်မြင်းလူသူတို့ကို လိုက်လံ၍ ရေ့ပါ။ ငါတို့လေးယောက်ကို မင်း ချစ်၍ ဒီအတိုင်း ကျင့်ပါမှ ငါတို့လေးယောက် အသက်ရပါမည် ဟူ၍ ငပျံ ဆိုလျှင် ပကမတ်လည်း လည်ညိတ်၏။ မျက်ရည်လည်း ယို၏။ စောဒကိုနှင့် မပို လည်း မင်းနှင့် ငါတို့ကို ရှင်ဘုရင် စေတော်မူသည့်အကြောင်းသည် နက်ဖြန် တိုက်တော်မူမည် ဖြစ်သောကြောင့် ပကမတ်ကို မထွက်တတ်အောင် ဗိနပ်ကို ဖျက်ချေဟူ၍ စေသည်။ ယခု မင်း မဖျက်ရသော် မင်းကိုယ်ကိုသာ သိစေသည်။ ငါတို့နှင့် ကင်းပါစေ ဟူ၍ ဆို၏။ သို့ ဆိုပြီးလျှင် ထွက်၍ ပြန်ခဲ့၏။ ရာဇာမိရာဇ်လည်း ကိုယ်တို့သုံးယောက် အရောက် ဝင်လေသော ကြောင့် စက်တော် မခေါ်ဘဲ ငံ့၍ နေတော်မူ၏။ ကိုယ်တို့သုံးယောက်လည်း ညဉ့်သုံးချက်တီး လောက်တွင် တပ်တော်သို့ ရောက်လာ၏။ ရှင်ဘုရင်လည်း အမိန့်တော်အတိုင်း ပြီးခဲ့၏လော ဟူ၍ မေးတော်မူ၏။ ဦးစီးငပျံလည်း ပကမတ်ကို ဆိုခဲ့သည့်အတိုင်း နားတော်လျှောက်၏။ ကြားတော်မူလျှင် ပါးကို ပုတ်ရ၏။ နင်သည် အမိန့်တော်အတိုင်း ကျင့်သော် ငါ သူကောင်းပြုမည် ကြံတော်မူသည်။ နင့်ဆင် နင်ဆိုသည့်အတိုင်း မကျင့်သောခါမှ နင့်ကို သားမယားနှင့်တကွ မီးတိုက်မည် ဟူ၍ မိန့်တော်မူ၏။

## ၃၀။ ဒလမြို့[၄] တိုက်ပွဲကြီးအကြောင်း

**(၇၇၈–ခု) တန်ဆောင်မုန်းလဆန်း ၄–ရက် ၄–ဟူးနေ့**[၅] တိုက်တော်မူတော့မည်ဟု စစ်အင်ကျင်း၍ စီရင်တော်မူ၏။ ရှင်ဘုရင်သားတော် ဗညားမွေ့ရာဇာ ယံကိမိန်ဟူသော ဆင်ကို စီးတော်မူသည်။ ဆင်ခြေဖုံးလုံအနက် တစ်ထောင်, လွှားအနက်တစ်ထောင်, စစ်ဝတ်သည် အနက်ချည်း ဝတ်တော် မူသည်။ သားတော်ဗညားမွေ့ရာဇာ နောက်တွင် ရှင်ဘုရင် စစ်သည်တော်။ ရှင်ဘုရင် ရဲ ဟူသော

---

၁။ သံချောင်း သံမှိုရိုက်သည်။ ၂။ စောဒကိုး (မှန်နန်း– ၃၈) ၃။ နှစ်ယောက် (မှန်နန်း– ၃၉) ၄။ တလမြို့ အိုင်းအမြောကား အရှေ့ကို လားသော် သိလ္လာရကုန်။ အနောက် မြစ်မခနှင့် ကျောနိုင်။ တောင်ကိုလားသော် ပင်လယ်ဝ၊ အနောက်ကို လားသော် ဓနုဝတီ၊ မြောက်ကို လားသော် နတ်ထိပ်ကျွန်ဦး။ **စမ္ဗူဒီပ ဥဆောင်ကျမ်း** ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ၁၉၆၀၊ စာ(၉)။ ၅။ သက္ကရာဇ် ၇၇၈ တန်ဆောင်မုန်းလဆန်း ၄ ရက် (၁၃ မတ် ၁၄၁၅)

ရွှေနား၊ ဝရွှေကြာကတောင်၊ ရွှေကုန်း၊ မိုးနဲ့ရွှေလှဲတစ်ထောင်၊ ရွှေလှာ ဆင်ကို စီးတော်မူသည်။ ရွှေနား ပတ္တမြားကောင်းကို ကုန်းလယ် တင်တော်မူသည်။ တစ်ထောင်၊ ထီးဖြူကွာ၍ အဆိမ်းတော်သား သမိန်ပိုက်ကာမ်ကို ကုန်းလယ် တင်တော်မူသည်။ ဆောင်ရည်တိုး၍ နတ်စစ်သည်နှင့်အတူ "မောကနိုင်း" အရပ်တွင် စစ်ဆင် ကျွင်းပ၍ နေတော် မူသည်။ ရှင်ဘုရင် လက်ယာတော်က အမတ်ဒိန် သူရဲတစ်ထောင်ကျော်နှင့် ရာဇပေါက်သားကို စီးသည်။ ရှင်ဘုရင် လက်ဝဲတော်က အမတ်မဟာသမွန် သူရဲ ရှစ်ရာလောက်နှင့် မဟာဝိစန်ကို စီးသည်။ ရှင်ဘုရင် သားတော်ဥပရာဇ သူရဲတစ်ထောင်ကျော်နှင့် ပဒွယ်လမ်ကို စီးသည်။ ရှင်ဘုရင် သူ့ရဲ့ရှိသမျှလည်း ရွှေဓားနှင့် သားတော် ဥပရာဇ်ရဲ့တွင် ထမ်း၍ လိုက်ရသည်။ ရှင်ဘုရင် သားတော် ဥပရာဇလည်း သူရဲတစ်ထောင်ကျော်နှင့် သီရိမကုန်ကို စီးသည်။ ထီးဖြူ တနင်္သာရီ ဖြန့်၍ ဒလဖြူပါက နေသည်။ သမိန်အဝနိုင်လည်း သူရဲနှစ်ထောင်နှင့် ဆင်ငရက်
နယ်ကို စီးသည်။ ရှင်ဘုရင်သားတော် ဥပရာဇလ အပါးတွင် နေသည်။

မင်းရဲကျော်စွာလည်း ရှင်ဘုရင် "ကျုပ်တလည်း" တွင် နေတော်မူသည်ဟူ၍ ကြားလျှင် တိုင်ပင်၍ တန်ဆောင်းကြီးတွင် နေတော်မူ၍ အမှူးအမတ်အများနှင့် တိုင်ပင်တော်မူသည်ကို ရာဇသည်ကို နားတော်လျှောက်၏။ စစ်ရေးတို့သဘောသည် ကြက်ဥတွင် ကြက်သငယ်အတူ အစည်းအဖြူ မသိသာသောကြောင့် ဗိုလ်မင်း၊ တပ်မင်း၊ စစ်ကဲများနှင့် တိုင်ပင်တော်မူ၍ အရေးကို လွှန်စေနိုင်ဟု နားတော်လျှောက်၏။ စလင်းမင်း တုရင်သိန်းစည်းတို့လည်း ရာဇသည်ကို လျှောက်သည် အရေးသည် သင့်လှသည်ဟု ထပ်၍ နားတော်လျှောက်၏။ မင်းရဲ ကျော်စွာလည်း အမှူးအမတ်များနှင့် တိုင်ပင်တော်မူ၍ အရေးကို မလွှန်စေနိုင်ဟူ၍ သောက်စား၍ နေ၏။

## ၁၁။ မင်းရဲကျော်စွာ တပ်က ထွက်အောင် မွန်တို့ မြှူပုံ

ရာဇဝင်ရာစ်လည်း စစ်ဆင်ကျွင်း၍ နေတော်မူပြီးလျှင် အမတ်ဒိန် မင်းရဲကျော်စွာကို ထွက်စိမ့်မည်ဟူ၍ အာမခံသည်အတိုင်း ထွက်အောင် စီရင်လေဟု မိန့်တော်မူ၏။ ကြားလျှင် အမတ်ဒိန် ဆင်မ ရွှေက ပေါင်းဝန်းကို စီး၍ ထီးနီဖြန့်၍ နေရာကသည် ဆင်မ လေးငါးစီး၊ လူ ခုနစ်ရာ၊ ရှစ်ရာကို ခြင်း၊ တူးရွှင်း၊ တာဝါးကြီးနှင့်တကွ ယူလေ၍ **ဆပ်သင်ကန်**[၁] တွင် မင်းရဲကျော်စွာတပ်သို့ အမတ်ဒိန် သွားလေ၏။ တပ်နှင့် မနီးမဝေးတွင် ရပ်၍ တာထိုး၍ ကြိုနှင့်တန်းဆေလျှက် ပန္နက်တိုင် စိုက်စေ၏။ မင်းရဲကျော်စွာ တန်ဆောင်းကမြင်လျှင် "ဟယ်... မွန်၊ နင်တို့ ပစ္စည်းလာကုန်သနည်း" ဟု မေးတော်မူ၏။ မွန်တို့ကလည်း အမတ်ကြီး သေနာပတိ အရေးရှင်ကို ရှင်ဘုရင် စေတော်မူ၍ လာရသည်။ မင်းရဲကျော်စွာတပ်ကို ရံမည် အစီအရင်ကို တာလေလာရသည်ဟူ၍ မွန်တို့ ဆိုသည်ကို မင်းရဲကျော်စွာ ကြားတော်မူလျှင် အမှူးအမတ်များကို မိန့်တော်မူ၏။ မွန်မင်းကိုသာ ငါတို့ လုပ်ကြံလာရသည်။ ယခု ငါတို့တပ်ကို ရံမည် ပြုသည်ကို အသို့ အရုံခံရမည်နည်း။ ထွက်၍ တိုက်တော့မည်ဟု မိန့်တော်မူ၏။ ဆင်တော် ချေစ်နိုင်ကို က စေပြီးလျှင် အမှူးအမတ်များကိုလည်း မင်းတို့ တပ်သို့ သွားလေကုန်တော့။ ဆင်မြင်းက၍ ငါကို စီအောင် လိုက်လှည့်ဟု မိန့်တော်မူ၏။ အမှူးအမတ်တို့လည်း တပ်သို့ ပြန်လေကုန်၏။ ဆင်တော်ချေစ်နိုင်ကို နေ့တိုင်း အရက်နှစ်အင် တိုက်သည်။ ယင်းသည်နေ့ သုံးအင်တိုက်သည်။ မင်းရဲကျော်စွာလည်း နေ့တိုင်းထက် လွန်၍ သောက်တော်မူသည်။ မင်းရဲကျော်စွာ ထွက်တော်

၁။ နယ်သာတ် (မွန်စန်း- ၄၀)။

မမူပီပင် မိဖုရား စောမင်းလှကို သုံးသပ်၍ မှာတော်မူ၏။ "ငါ့မြေးကော်သား... မင်းဘကြီး မှန်မင်း ပိုင်သရွေ့ ငါ လက်နက်သွင်းတော်မူမည်။ ငါ့ဆင်တော် ငချစ်နိုင်သည် စစ်တွင် ကြီးကြာသံမြည်က ငါ အောင်တော်မူမည်။ မိုးညှင်းတွင် ကြီးကြာသံ မြည်လျှင် မိုးညှင်းကို ငါ အလိုတော်ပြည့်သည်။ ရခိုင်တွင်လည်း ကြီးကြာသံမြည်လျှင် ငါ အလိုတော်ပြည့်သည်။ ယခုလည်း ကြီးကြာသံ မြည်သည်။ ပဲကူးသည် ငါ့လက်တွင် မလွတ်နိုင်ပြီ" ဟူ၍ မိဖုရား စောမင်းလှကို မှာခဲ့ပြီးလျှင် ပြင်သို့ ထွက်တော်မူ၏။ မြေတူးစားကို ပကမတ်ကို တင်တော်မူသည်။ တပ်မင်း စစ်ကဲ အမှုးအမတ်တိုင်းကိုလည်း ဆင်မြင်းကပြီးလျှင် အလျင် ထွက်၍ မီအောင် လိုက်လှည့် ဟူ၍လည်း ဆိုစေ၏။ ဆင်တော် ငချစ်နိုင်ကိုလည်း အရက် ထပ်၍ တိုက်ပြန်၏။ မင်းရဲကျော်စွာလည်း ကြေးဝါးတော်မူပြီးမှ ဆင်သို့တက်၍ စီးတော်မူ၏။ အထိန်းတော်သား အနန္တသူရိယကို ကုန်းလယ်တင်တော်မူသည်။ ရှမ်းကလေးသား တစ်ထောင်ကို သင်တိုင်းမည်းလက်တို အနက်ချည်း ဝတ်၍ ဆင်ခြေဖုံ မိုးနံ့ရွှေလုံ ကိုင်ရသည်။ ရှမ်း မိုးညှင်းသား ရွှေခိုင်းတစ်ထောင်ကို လှံတိုသုံးစင်းစီ ကိုင်ရသည်။ မြန်မာ တစ်ထောင်ကိုလည်း ရွှေမောက်တို ရွှေလွှား ခေါင်းမြီးတပ်၍ လှံတို သုံးစင်းစီ ကိုင်ရသည်။ မောက်တိုမည်းနက်ပြောက်ဝတ်သော ရွှေကာကိုင် တစ်ထောင်ကိုလည်း လှံတို သုံးစင်းစီ ကိုင်ရသည်။ ရွှေမောက်တို ရွှေချပ်ဝတ် မြင်းသည် သူရဲသုံးထောင်နှင့် စည်တော်ကို သုံးခါတီးမှ ဆင်တော်ငချစ်နိုင် ပေါ်လာသည်နှင့် တပ်က ထွက်တော်မူလျှင် အပြင်းပင် လာ၍ အားမတန်ဘဲ သူရဲစစ်သည်နှင့် တစ်စုတည်းရုံး၍ လွတ်သည်။ မင်းရဲကျော်စွာ ထွက်တော်မူလေလျှင် ကလေးမင်း ရဲသော်တံ့ ဟူသော ဆင်ကို စီး၍ တပ်သားဆင် (၅၀) ငါးဆယ်၊ မြင်း (၇၀၀) ခုနစ်ရာ၊ စစ်သည်သူရဲ (၅၀၀၀)ငါးထောင် လောက်နှင့် ထွက်သည်။ ရခိုင်မင်းလည်း ချစ်မြတ်ကဲကို စီး၍ တိုက်ဆင် (၅၀) ငါးဆယ်၊ မြင်း(၅၀၀)ငါးရာ၊ စစ်သည်သူရဲ ခုနစ်ထောင်နှင့် ထွက်သည်။ စလင်းမင်း နော်ရထာလည်း ရဲမြတ်စွာ ဟူသော ဆင်ကို စီး၍ တိုက်ဆင်(၅၀) ငါးဆယ်၊ မြင်း (၅၀၀) ငါးရာ၊ စစ်သည်သူရဲ တစ်သောင်းနှင့် တပ်က ထွက်၏။ သည့်ပြင် တပ်မှူး စစ်ကဲ အပေါင်းတို့လည်း ဆင်မြင်းက၍ အလုံးအရင်းနှင့်ချည်း အပြင်း ထွက်၏။ မြေတူးစား သက်တော်ရှည်လည်း ပကမတ်ကို က၍ စီးသည်။ လည်ဘက် တိုင်က ကွာလျှင် ဆင်ခါ၍ ကျရချေ၏။ ပကမတ်လည်း မြေတူးစား ကျလျှင် တပ်တွင်းတွင်ရှိသော ဆင်၊ မြင်း၊ လူသူတို့ကို လိုက်လံဖွေ့ပက်၍ ပရမ်းပတာ ပြိုကွဲ၍ ရှိချေ၏။ သည်တွင် ရဲမက်တော်တို့ မင်းရဲကျော်စွာကို မမီ၊ တန့်၍ ရှိပချေ၏။

## ၃၂။ ရာဇာဓိရာဇ် သစ္စာပြု၍ တိုက်ပုံ

ရာဇာဓိရာဇ်လည်း ရွှေဖလားနှင့် ဦးကင်းထက်တွင် မိန့်ဆွာန်တော်မူ၏။

"သာသနာတော်ငါးထောင် စောင့်သော နတ်မြတ်... သည်တိုင်းနိုင်ငံသည် ခမည်းတော် ဆင်ဖြူသခင် နိုင်ငံတော် ဖြစ်သည်။ ခမည်းတော် ဆင်ဖြူသခင်နှင့် မင်းရဲကျော်စွာ ဘိုးလည်း သန်လျင်တွင် သစ္စာပြုကြ၍ အရေးတော် ပြီးသည်။ မင်းရဲကျော်စွာ ဘနှင့် ငါနှင့်လည်း ပြည် ဆံတော်ရှင်ရှေ့ဝယ် သစ္စာပြုကြသည်။ သည်အတိုင်း မှန်လျှင် သည်စစ်ကို ငါအောင်မြင်၍ မင်းရဲကျော်စွာကိုယ်ကို ငါ ရစေသော။ သည် အတိုင်း မဟုတ်ချေလျှင်လည်း မင်းရဲကျော်စွာကို ငါ ရှုံးပစေ"

ဟူ၍ မိန့်ဆွာန်၍ နတ်ရေသွန်းတော်မူ၏။

ယင်းသို့စင် မင်းရဲကျော်စွာ ရွေ့လွန့်လာလျှင် ကာလေးကျေး တောင်ညိုလည်း ဖိဖိ တပ်သားနှင့် မင်းရဲကျော်စွာကို အမိလိုက်သည်။ ကာလေးကျေးတောင်ညို စီးသော ဆင်းရဲသော်တို့ မနိုင်လှသောကြောင့် နောက်က မြင်းကဆောင်သံ၊ ကာသံ၊ လွှားသံကို ကြားလျှင် နောက်သို့ ပြန်၍ ကြည့်လေသောကြောင့် အရွေးရွေးရှိကြရာတွင် ခြေသည်၊ မြင်းသည် ကွဲရှေ့သောကြောင့် မင်းရဲကျော်စွာကို မမီ၊ စစ်သည်တော်တို့ ပျက်၍ ရှိချေ၏။ မင်းရဲကျော်စွာလည်း ပါသည့် အလုံးအရင်းနှင့်သာ မှန်တပ် ခြောက်စုခွဲ၍ နေသည်ကို အလျှင် စည်တော်ကို တီးစေ၍ ဆင်တော်ချစ်နိုင်ကို ရွှန်းရှက်၍ ညာကမ္ဗာရာဇာတပ်ကို တိုက်တော်မူသည်၊ ပျက်လေ၏။ ယင်းကသည် ညာဦးကျန်းတပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။ ယင်းကသည် ညာဦးရတပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။ ယင်းကသည် ရာဇာမိရာဇ်တပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။ သားတော် သုံးပါးလည်း တပ်ပျက်လျှင် တောသို့ ဝင်၍ နေလေ၏။

## ၃၃။ မင်းရဲကျော်စွာ အရေးမှား၍ ကျဆုံးပုံ

ယင်းကမှ သမိန်အဝနိုင် တပ်ကို တိုက်တော်မူသည်။ ဆင်တော် ပန်းလှသည်နှင့် နောက်တော်က ဆင်ကုအမတ်တို့ မမီလှသောကြောင့် ဆင်တော် ရပ်ချေ၏။ သမိန်အဝနိုင်လည်း သူ့ရဲသုံးထောင်နှင့် ခံ၍တိုက်လေ၏။ ရာဇာမိရာဇ် သားတော်သုံးပါးလည်း ရဲမက်တော်တို့ နောက်တပ် မမီသည်ကို သိလျှင် တောက ထွက်၍ မင်းရဲကျော်စွာ စီးသော ဆင်ကို အစီး သုံးဆယ်ခန့် ဝိုင်း၍ တိုက်လေ၏။ မင်းရဲကျော်စွာလည်း ဆင်တော်ပန်းသည်နှင့် စစ်ကူမမီ၍ ဆင်တော်ကို လှံချက်တစ်ရာလောက် ကျလျှင် နာလှ၍ ဆင်တော် ခါချေ၏။ ယင်းသို့လျှင် ဆင်တော်ထက်က လျှောကျတော်မူ၍ ပေါင်တော်ကို ဆင်ထိုးချေ၏။[1] ရပ်တော်မမူနိုင်၊ သွား၍ ရေကန်နား ဥနဲပင်အောက်သို့ ဝင်၍နေတော်မူ၏။ ကုန်းလယ် တင်သော အထိန်းတော်သား အနန္တသူရိယလည်း ဆုံးချေ၏။ နောက်တော်တွင် ပါသည့် မြင်းသည်၊ ခြေသည်တို့လည်း ထိပါး သေပျောက်သည် များချေ၏။ မွန်တို့လည်း ဆင်တော်ထက်တွင် မင်းရဲကျော်စွာကို မမြင်မူ ဆင်တော်ကို ဝန်းရံ၍ ဖမ်းလေ၏။ ရလျှင် ဆင်တော်နောက်ထိုင် "ငနတ်တော်"ကို စစ်မေးသော် ကျွန်ုပ်အရှင်ကို ရှာသော်လည်း မရ။ ကျွန်ုပ်လည်း မသိ ဟူ၍ ဆို၏။ ရာဇာမိရာဇ်သည် ငါ့တူတော်ကို ရသော်လည်း ငါ့အပြစ်မပြုသား၊ ပြုပါဟူ၍ မိန့်တော်မူလျှင် ကျွန်ုပ်တို့ အရှင်ကို တွေ့တော်မူလိုလျှင် သစ်ငုတ်၊ သစ်ပင်တို့ကို ကြိုးပြင့်နှောင်ပတ်၍ ရှာတော်မူ ဟူ၍ လျှောက်လျှင် ရှာရ၏။ မင်းရဲကျော်စွာလည်း ဆင်ထိုးတော်မူသည်အရာ နာလှသောကြောင့် သွားတော်မမူနိုင်ချေ။ ဥနဲပင်အောက်တွင် နေတော်မူသည်ကို မွန်တို့ တွေ့လျှင် ထမ်းယူ၍ ဆက်လေ၏။ ရာဇာမိရာဇ်လည်း "ငါ့သား... မင်းသုငယ်ဖြစ်သသူကို ငါ ဝမ်းမနည်းဘူး[2]။ အစ်ကို သည့်ဆေးဝါး ထမင်းကိုသာ စားပါ။ လွတ်အောင် ကုမည်၍ လွတ်လျှင် သည်တွင် နေလိုလျှင်လည်း ငါ့သမီးတော်နှင့် စုံဖက်၍ အိမ်ရှေ့အရာကို ငါ ပေးတော်မူမည်။ အဝသို့ သွားလိုသောစိတ် ရှိလျှင် ငါက အမှုးအမတ်တို့ကို ပို့စေမည်။ ကိုယ်ကိုသာ ကျန်းအောင် ပြုပါ" ဟူ၍ ဆေးလည်း ပေးတော်မူ၏။ မွန်တို့ ပေးသော ဆေးဝါး ထမင်းကို ငါ မစားပြီ။ ဟံသာဝတီကို မရဘဲ မပြန်ပြီ ဟူ၍ ငါ မိဋ္ဌာန်ရင်း ရှိသည်။ ယခု ငါတို့ ဖြစ်ခဲ့ပြီးသော်

---

၁။ ခါ၍ကို ဆင် မော်မိလေသဖြင့် (တွင်းသင်း- ၃၁၉) (တွင်းသင်း-၃၁၇)

၂။ ဝမ်းမသာဘူး (မှန်နန်း- ၄၃)၊ နလုံးအတူ မရှိ

သူ့ကျွန် ဟူသော အမည်ကို ငါ မခံပြီ။ ငါ့အသက် ရှင်သောထက် သေသော် မြတ်၏။ ငါ့ကို သတ်မည့် အခင်းကိုသာ စီရင်တော့ ဆိုလျှင် ရာဇာဓိရာဇ်လည်း မင်းရဲကျော်စွာသည် သေခါနီးတိုင်အောင်မျှ စိတ်ကို မလျှော့။ နောင်သော် ငါ့ကိုပင် ကြံပြန်လိမ့်မည်ဟု ထိုညဉ့်တွင် လုပ်ကြံ၍ မိုးသောက်လျှင် ဆင်ထိတော်မူသောအရာ သည်း၍ အနိစ္စရောက်သည် အဟန် ကောင်းမွန်စွာ သင်္ဂြိုဟ်လေ၏။

## ၃၄။ မင်းရဲကျော်စွာ ဆုံးကြောင်းကို ဘုရင်မင်းခေါင်သို့ လျှောက်တင်ပုံ အတွး

မင်းရဲကျော်စွာ ဆုံးသော သက္ကရာဇ်ကား **(၇၇၇)ခုနှစ်၊ ခုနစ်ဆယ့် ခုနစ်၊ တန်ခူးလဆန်း ၅-ရက်၊ ၅-ဟူးနေ့**[1]တွင် ဆုံးတော်မူသည်။ မင်းရဲကျော်စွာ ဆုံးတော်မူသည့် ညဉ့်တွင် ကုက္ကိုပင်စောင့်သော နတ်သည် ကိုယ်ထင် ပြ၍ မင်းရဲကျော်စွာ ဆုံးချေပြီ ဟူ၍ ဆိုသော ဟူ၏။

တပ်မှူး စစ်ကဲ အပေါင်းတို့လည်း မင်းရဲကျော်စွာ ဆုံးတော်မူ၍ မိုးသောက်လျှင် ဆုံးတော်မူသော အကြောင်းကို စာရေး၍ ပင်လယ်ကျေး သဃ်ရာဇာ ဆွေးသော လင်းတ လည်တွင် စာချွ စွပ်၍ လွှတ်လိုက်သည်။ အင်းဝသို့ သုံးချက်တီးချိန်ကို ရောက်လာ၏။ ဘုန်းတော်ကြီးက ဘုရင်မင်းခေါင်သို့ ဆက်မိသော ဟူ၏။

ရာဇာဓိရာဇ်ဆင် ပကာမတ်လည်း မြေတူးစားကို ခါချပြီးလျှင် တပ်တွင်းတွင် ရှိသည် ဆင်, မြင်း, လူသူတို့ကို လိုက်လံရေ့ပက်၍၊ တပ်က ထွက်၍ မွန်တို့တပ်သို့ သွားလေ၏။ ရာဇာဓိရာဇ် မြင်လျှင် ဦးစီးငပွဲကို သံခြေချင်းခတ်၍ ထားရာက လွှတ်၍ကြိုရ၏။ ပကာမတ်လည်း ဦးစီးငပွဲကို မြင်လျှင် နှာမောင်းနှင့် ပိုက်ပြီးမှ တပ်သို့ ဝင်၏။ ရာဇာဓိရာဇ်လည်း အားရတော်မူ၍ ကြဲ့ ငှက်ပျော ကျွေးပြီးလျှင် စစ်တောင်းကျေး **တကောရွာ**[2]ကို ပေးတော်မူ၏။ ဦးစီးငပွဲကိုလည်း နာဂပတ္တိ ဟူသော အမည်နှင့် ဓာလမန် ဟူသော ရွာကို ပေးတော်မူသည်။

## ၃၅။ ရာဇာဓိရာဇ်က မင်းရဲသီဟသူထံ စေပုံ

ရာဇာဓိရာဇ်လည်း **ဟံရနဲ့**[3]ကို ခေါ်တော်မူ၍ မင်းဘ စရပ်စား သမိန်မောစွင်ကို မင်းရဲသီဟသူ ရှ၍ နေသည်ကို ဖြေချေဟု စေတော်မူ၏။ ဟံရနဲ့လည်း ကျွန်ုပ် ကျွန်တွင် အလုံးအရင်း ခွန်အားမရှိ။ ပသို့ ဖြေနိုင်မည်နည်း ဟူ၍ လျှောက်၏။ ရာဇာဓိရာဇ်လည်း နတ်တောင်စားကို ခေါ်လေ။ တပ်သို့ မရောက်ခင် နတ်တောင်စားကို အလျင် လွှတ်လိုက်။ နတ်တော်စားကို မေးလေက အစ်ကို သေသည်ကို ဆိုလိမ့်မည်ကိုကား- ဟူ၍ မိန့်တော်မူ၏။ ဟံရနဲ့လည်း နတ်တောင်စားကို ခေါ်၍ သွားလေ၏။ ဟံရနဲ့လည်း မင်းရဲသီဟသူ တပ်သို့ နတ်တောင်စားကို စေလိုက်၍ ရောက်လေလျှင် မေးသော် နောင်တော် လွန်၍ ပျက်ချေသည် အကြောင်းကို ဆိုလျှင် စရပ်ကို အနံ့ဖြတ်၍ ပြန်လေ၏။

ဒလတွင်လည်း မင်းရဲကျော်စွာကို ရာဇာဓိရာဇ် ရတော်မူ၍ လွန်လေလျှက်ပင် ရေတပ်,

၁။ ၁၃ မတ် ၁၄၁၅ ၂။ တကောင်းရွာ (မှန်နန်း- ၄၄။ တွင်းသင်း- ၃၂၀) ၃။ ဟန်နရဲ (မှန်နန်း- ၄၄။ တွင်းသင်း- ၃၂၀)

ငါတို့လက်က လွတ်နိုင်မည်လော။ ပုသိမ်၊ မြောင်းမြသည် ငါတို့မိဘ ပြည်ရွာမှုကား မှန်၏။ မြန်မာထမင်းကို စား၍ မြန်မာရေကို ငါတို့ သောက်ရပြီ။ ပုသိမ်၊ မြောင်းမြကို ငါတို့ မပြင်လိုပြီ။ မင်းတို့သခင် ဘုရင်မင်း ရာဇာဓိရာဇ်လည်း ငါတို့သခင် ဆင်ဖြူရှင် သားတော်။ ငါတို့လည်း ကျွန်တော်သား ငါတို့မိဘ ပြည်ရွာကို ဖျက်ဆီးတော်မူသော အခါ သေရုံသာရှိ မသင့်၍ လက်တော်သို့ ရောက်သရွေ့ သည် အသက်မသေပြီ။ ယခုလို ကြောင့် ငါတို့သခင် ရွှေနန်းရှင်သို့ ကျွန်တော် ခံလာသည်။ အစည်းအလိုက် ချော်မိမ် ကြီးစွာ ပေးတော်မူ၍ ဗိုလ်မင်း၊ တပ်မင်း ခန့်တော်မူ၍ ဗိုလ်ထုကို စီရင်၍ အမှုထမ်းရ သည်။ ကျေးဇူးတော်ကို မဆပ်နိုင်။ နှာမြီးအောင် မိန့်တော်မူမှနှင့်"

ဟူ၍ ဆိုလိုက်၏။

အတုလသီရိမဟာဓမ္မရာဇာ သားတော်၊ သမီးတော်ကား — သားတော်အကြီး အိမ်ရှေ့ မဟာသီရိသူ့ တစ်ပါး၊ ခြောက်သားတော်ကား — မေညွန့်တော် နှမတော် ပုခန်းမိဖုရား မဟာသီရိသူ တစ်ပါး၊ ခြောက်သားတော်ကား — ရမည်းသင်းမိဖုရား ရွှေအိမ်သည် တစ်ပါး၊ သမီးတော် တောင်းလှတည်း။ နှမတော်ကား — ရမည်းသင်းမိဖုရား ရွှေအိမ်သည် တစ်ပါး၊ ခြောက်သားတော်ကား — ဦးနိုးတော် နိုညွှင်းသီဟပတေ့ သားတော်၊ ပုခန်းမြို့နှင့်တကွ စနံရှိ ဆယ်တိုက်၊ ဓိရာ ဆယ်ခင်းကို စားသော အစ်မတော်လင် သီဟပတေ့ဟယ်တည်း။ ညီမတော် မင်းလှထွတ် တစ်ပါး၊ ခြောက်သားတော်ကား — ဦးနိုးတော် မင်းရဲကျော်စွာ သားတော်အကြီး စစ်ကိုင်းနှင့် ဆယ်မြို့ကို စားသော မင်းကြီးစွာတည်း။ ဘောင်တော် ဆင်မှူးရှင်၊ ပြည်မြို့ကို စား၍ မင်းကြီးစွာသည် တစ်ပါး၊ ခြောက်သားတော်ကား — ဦးနိုးတော် မင်းရဲကျော်စွာ(နှင့်) ဘောင်ကြို့ တို့ သမီးတော် ဘောမြင်လေးတည်း။ နှမတော် ကိုတော်မယ်တစ်ပါး၊ ခြောက်သားတော်ကား — ဦးနိုးတော် မင်းရဲကျော်စွာနှင့် ဘောင်ကြွတို့၏ သားတော်အငယ် ကလေး မင်းရဲကျော်စွာတည်း။ ညီမတော် မင်းလှထွတ်တစ်ပါး၊ ခြောက်သားတော်ကား — ပုခန်းကြီးနှင့် စနံရှိဆယ်တိုက်၊ ဓိရာ ဆယ်ခင်းကို စားသော အစ်မတော်လင် သီဟပတေ့တည်း။ ဘောင်တော် မင်းတာရော နောက် ပြည်မြို့ကို သတိုးမင်းစော အမည်နှင့် မင်းဖြစ်သည် တစ်ပါး၊ ခြောက်သားတော်ကား — ဦးနိုးတော် မင်းရဲကျော်စွာ သမီးတော်အငယ် မြတ်ဘုန်းပွင့်တည်း။ နှမတော် မင်းတာရားမယ်တော် ဝင်္ကလယ်မိဖုရား တစ်ပါး၊ သားတော် ၁၊ သမီးတော် ၆၊ ပေါင်း ရှစ်ပါးတည်း။

ဘုရင့် နရပတိ နမတော်နှင့် နိုညွှင်း သီဟပတေ့နှင့် သင့်ရာတွင် ဖြင်သည့် သားတော်၊ သမီးတော်ကား — သားတော်မင်းဦးတည် တစ်ပါး၊ ညီတော် သခင်ယာကသည် ဥစနာခံသည်။ မောင် သီဟပတေ့ ခံ၍ ပုခန်းနှင့်တကွ စနံရှိ ဆယ်တိုက်၊ ဓိရာ ဆယ်ခင်းကို စား၍ ဘုရင့် နရပတိ သမက်တော် ဖြစ်သည် တစ်ပါး၊ နှမတော် မဟာသီရိသူ့ အိမ်ရှေ့ မိဖုရားဖြစ်သည် တစ်ပါး၊ ညီမတော် ညောင်ရမ်းကတော်ကသည် တောင်ငူ စည်သူကျော်ထင်နှင့် သင့်သည် တစ်ပါး၊ ညီမတော် ကမ်းနီမိဖုရား တစ်ပါး၊ ညီမတော် သင်ကြီးမိဖုရား တစ်ပါး၊ ညီမတော် စကုဝင်း သခင်ယာနှင့် သင့်သည် တစ်ပါး၊ ညီမတော် လေငါးမင်း သီရိစေယျသူရနှင့် သင့်သည် တစ်ပါး၊ သားတော် ၂၊ သမီးတော် ၆၊ ပေါင်း ရှစ်ပါးတည်း။

## ၇၇။ အတုလဓမ္မ ဘောင်တော်၏ သားတော်၊ သမီးတော်များ

အတုလသီရိမဟာဓမ္မရာဇာဓိပတိ ဘောင်တော် သာယာဝတီကသည် ပြည်မြို့ကို စားသော မင်းရဲကျော်စွာ သမီးတော် သားတော်ကား — တလုပ်မင်း ရာဇသူရ သမီးတော်နှင့် ဝပါးနော်ရထာ သားတော် ခြောက်ဘက်နော်ရထာ သင့်ရာတွင် ဖြင်သည့် သမီးတော်နှင့် သာယာဝတီ မင်းရဲကျော်စွာနှင့် သင့်ရာတွင် စစ်ကိုင်းနှင့် ဆယ်မြို့ကိုစားသော နရပတိသမက်တော် မင်းဖြစ်သည် ... တလည်းသိမင်းကို ဖြင်သည်။ သည် မင်းနစ်ပါးမယ်တော် လှန်မှ တလသေး မင်းရဲကျော်စွာနှင့် ကန်တော်မိဖုရား သမီးတော် အငယ်နှင့် ခုံးတော်ရာတွင် ဖြင်သည် သားတော် သမီးတော်ကား — ကလေး မင်းရဲကျော်စွာ တစ်ပါး၊ နှမတော် ပြည်မင်း မင်းကြီးစွာ၏နှင့် သင့်သည် တစ်ပါး၊ ညီမတော် မင်းကြီးစွာ၏ ညီတော် ပြည်ဆင်ဖြူရှင် သတိုးမင်းစောနှင့် သင့်သည် မြတ်ဘုန်းပွင့် တစ်ပါး၊ သားတော် ၃၊ သမီးတော် ၂၊ ပေါင်း ငါးပါးတည်း။

ဘုရင့် နရပတိ နန်းတက်တော်မူလျှင် ယောက်ဖတော် မင်းခံရကျော်စွာကိုလည်း ပြည်မြို့ကို ပေးတော်မူသည်။ အစ်ကိုတော်သား ကလေး သီရိဇေယျသူရကိုလည်း တောင်တွင်းကြီးမြို့ကို ပေးတော်မူသည်။ ကလေးမြို့ကိုမူကား- သမက်တော် မင်းခံရကျော်စွာငယ်ကို ပေးတော်မူသည်။

## ၇၈။ အညာသန်ပြင်သို့ ရှိုတက်သိမ်းယူပုံ

နန်းတက်တော်မူသည့် နှစ်တွင် သားတော် အိမ်ရှေ့မင်းကို မြို့စောင့်ထားတော်မူခဲ့၍ ဆင်လှေ မြင်းရင်း အများနှင့် ရေအား၊ ကြည်းအား အညာသန်ပြင်သို့ ရှေ့တော်ထွက်၍ ဆန်တော်မူသည်။ ယင်းသောခါ သုံးဆယ်စား သိုဇင်ဘွားလည်း လက်ဆောင် လက်နက် အများ ယူခဲ့၍ သား၊သမက်နှင့်တကွ ဝက်ကပိုင်ကျွန်းသို့လာ၍ ခစားတော်မူသည်။ ပြန်တော်မူ၍ နန်းတော်သို့ ရောက်တော်မူလျှင် ရမည်းသင်းမြို့၊ ပင်လယ်မြို့တို့ကို လုပ်ကြစေ ဟူ၍ သားတော် အိမ်ရှေ့မင်းတို့ကို တိုက်ဆင်သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ချီရ၏။ နှစ်ခေန်းရောက်လျှင် ရမည်းသင်းစားလည်း လက်ဆောင်အများနှင့် သားမယားကို ယူ၍ ခစားတော်ဦးမိုက် အဝသို့ ရောက်လာသည်။ ဘုရင့်နရပတိလည်း ရမည်းသင်းစားကို သနားပေးပြီးလျှင် အဆောင်အယောင် ပေးတော်မူ၍ ရမည်းသင်းမြို့ကိုပင် စားပြန်ရသည်။

သားတော် အိမ်ရှေ့မင်းတို့ကိုလည်း ပင်လယ် မင်းငယ်ကျော်ထင်ကို လုပ်ကြစေ ဟူ၍ စေတော်မူသည်။ အိမ်ရှေ့မင်းတို့လည်း ပင်လယ်သို့ ချီ၍ လုပ်ကြတော်မူသည်။ လက်နက် ကိရိယာ လူထပ်လှသောကြောင့် မရချေ။ မြို့ကို ဝန်းရံ၍သာ နေတော်မူရချေသည်။

## ၇၉။ တရုတ်စစ် ရောက်လာပုံ

ယင်းသို့ ဝန်းရံ၍ နေတော်မူကြိုက်တွင် တရုတ် ယင်းသည်စား ခေါ်သောင်ဝိန်း၊ ဝင်ဆင်စား ထည်ကွန်၊ မိုးယည်စား တုလိုကျိန်၊ အုတ်သန်စင်[1]၊ သည်စစ်သူကြီးလေးယောက်နှင့် စစ်သည် သုံးသန်းခန့် ချီလာ၍ သားတော် အိမ်ရှေ့မင်းတို့ကို ပင်လယ်မှာ ခေါ်ရသည်။ ရောက်လျှင် အဝမြို့ကို ခိုင်ခံ့အောင်လုပ်ကြ၍ သူရဲသူခက် သွင်းပြီးလျှင် လက်နက်ကိရိယာ စီရင်၍ အိမ်ရှေ့မင်းနှင့် ဘယကာဘမထိကို မြို့စောင့်ထားခဲ့သည်။ ဘုရင့်နရပတိမူကား- တိုက်ဆင်ငါးရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ နှစ်သိန်းနှင့် ၁၂-တပ် စီရင်တော်မူ၍ မှူ့လေး[2] တွင် ခံ၍ နေတော်မူသည်။

တရုတ်တို့ကလည်း ရှေးဗုဂံဝယ် နော်ရထာစောလက်ထက် ငွေပေါင်းချောင်၊ ငွေပေါင်းချောင် ဆက်မူသည်။ အစဉ်အတိုင်း ဆက်မည်လော၊ စစ်တည်း ပြုမည်လော ဟူ၍ တရုတ်စစ်သူကြီးတို့မူကား နိုင်းစောက နေ၍ အမတ်တစ်ကျိပ်နှင့် မြင်းသည် သုံးရာတို့ကို စေလာ၏။ ဘုရင့်နရပတိလည်း ရတနာသုံးပါး တည်သည်မှစ၍ မည်သည့်မင်းလက်ထက်တွင်မှ မဆောင်းမရှိဘူးလော။ ယခုမှ သည်စကားကို ကြားရသည်။ ငါ ဆေးထွက်ခရီ ဟူ၍ မိန့်တော်မူ၏။ တရုတ်သံတို့ ပြန်၍ နိုင်းစောသို့ ရောက်လျှင် တရုတ်စစ်သူကြီးတို့လည်း ဗန်းမော်သို့ ချီလာ၍ ရောဝတီကို တံတားဖွဲ့လေ၏။ သဘ္ဘရာစ် (၀၀၅)ရှစ်ရာငါး[3] ရမည်းသင်းမြို့ကို ချီလာ၍ ရောဝတီကို တံတားဖွဲ့လေ၏။ ထိုသဘ္ဘရာစ်တွင် ထူပါရုံစေတီနှင့် မင်းငယ်ကျော်ထင် လုပ်ကြ၍ ရလျှင် အနိုင်နေလေ၏။

---

[1] ယင်းသည်စား ခေါ်သောင်ဝိန်း၊ ဝင်ဆင်စား ထည်ကွန်၊ မိုးယည်စား တုလိုကျိန်၊ အုတ်သန်စင် (မှန်နန်း-၀၅)။

[2] အထက် မူ မှူ့လေး ၃။ ယောဒ ၁၄၄၃

ကျောင်းတော်၊ သစ္စာဘုရားနှင့် ကျောင်းတော်၊ လယ်းကျောင်းတော်တို့ကိုလည်း တည်တော်မူ၏။

## ၈၀။ တရုတ်တို့နှင့် တိုက်ပွဲ

သက္ကရာဇ် (၈၀၆)ခုနှစ်ရာဇဝင်ကြော်ငြာ[1]တွင် တရုတ်တို့ ချီလာသည်ကို ဆီးကြိုတော်မူသည် ဟူ၍ ကြည်းတပ် ငါးတပ်မှာ– တိုက်ဆင်ခုနစ်ရာ၊ မြင်း တစ်သောင်းငါးထောင်၊ စစ်သည်သူရဲ နှစ်သိန်းငါးသောင်းနှင့် ချီရသည်။ ရေတပ်မှာ– တိုက်လှေ ငါးရာ၊ လှော်ကားသံလှေ သုံးရာ၊ နှစ်သိန်းငါးသောင်းနှင့် ရွှေဖောင်တော်စီး၍ ရေအား ချီတော်မူသည်။ တကောင်း စစ်သည်သူရဲ ခုစ်သောင်းနှင့် ရွှေဖောင်တော်စီး၍ ရေအား ချီတော်မူသည်။ သင်းတွဲကျွန်း၌ စခန်းတော်သိမ်း၍ ရောင်ဦးကျွန်း၌ ရေတပ်၊ ကြည်းတပ်ပေါက်၍ နေတော်မူကြောင်း တွင် တရုတ်စစ်သူကြီး လေးယောက်နှင့် အသိန်းအသန်း မရေတွက်နိုင်သော စစ်သည်တို့နှင့် ဆောင်း သိုင်းဘွားကို ဆောင်းလာ၏။ ဘုရင့်နေရာတော်လည်း သိုင်းဘွားသည် ငါ့ကျွန်တော်ဖြစ်၍ ငါ့သိမ်းထားတော်မူသည်။ ပေးသော ဟူ၍ မှာတော်မူလိုက်၏။ တရုတ်တို့ကလည်း ကောင်းတုံ့ သို့ ဆင်းလာ၍ စစ်ကြီး ရှေ့ကြ၏။ ယင်းသောအခါ တရုတ်စစ်သူကြီး ယင်းသည်တား ဆင်သေဘက်ခိန်ကိုလည်း သတ်ရ၏။ တရုတ်စစ်သည်လည်း အများ သေလေ၏။ ယင်းသို့လျှင် တရုတ်တို့မှာ ရဲမက်ဗိုလ်ပါ များသည်နှင့် အစားအသောက် ချွန်ရှားလျှင် ဆုတ်၍ မိုးဝန်းမှာ နေလေ၏။ ဘုရင့်နေရာတော်လည်း မိုးကောင်းစော်ဘွား၊ မိုးနဲစော်ဘွားတို့ကို ဆင်လုံးမြင်းရင်း အများနှင့် စုန်းဆော်တွင် အဆောင်အနေခန့်၍ ပြန်တော်မူသည်။ ယင်းသောအခါ သုံးသောင်း စော်ဘွား သိုင်းဘွားသည်၊ လက်ဆောင်သက်နက် အများနှင့် ကောင်းတုံ့သို့ လာ၍ ခစားတော်မူ နိုက်လာ၏။

သက္ကရာဇ် (၈၀၇)ခုနှစ်ရာဇဝင်ကြော်ငြာ[2]တွင် ဆောင်ငွေ တရုတ်များ အနိုင်ရရောက်၍ သားတော် မင်းခေါင်ငယ် ကို ဆောင်နေ၍ ကို ပေးတော်မူသည်။ ယောက်ဖတော် ပြည်စား မင်းရဲကျော်စွာကို အသို့ ခေါ်တော်မူ၍ သားတော်အလတ် မင်းဆင်များကို မင်းကြီးစွာ အမည်နှင့် ပြည်မြို့ကို ပေးတော်မူသည်။

ထိုသက္ကရာဇ် (၈၀၇)ခုနှစ်ရာဇနှစ်တွင် အညာတန်းဖက်သို့ ချီတော်မူသည် ဟူ၍ ကြည်းတပ် တစ်ဆယ့်သုံးတပ်မှာ တိုက်ဆင်ခြောက်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သောင်း ငါးထောင်[3] နှင့် ချီရသည်။ ရေတပ်မှာ ကုလ္လပ်သမ္ဗန် တိုက်လှေ ခြောက်ရာ၊ လှော်ကားသံလှေ သုံးရာ၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရွှေဖောင်တော်စီး၍ ရေအား၊ ကြည်းအား ချီတော်မူသည်။ မိုးစစ်သို့ ရောက်တော်မူလျှင် ရွှေပေါ်ကျွန်းဘုရား ပြုပျက်လေသည်ကိုလည်း လုပ်ထပ်တော်မူသည်။ ယင်းသောအခါ တရုတ်စစ်သူကြီး လေးယောက်၊ မြင်း နှစ်သိန်း၊ စစ်သည်သူရဲ တစ်သန်း[4] နှင့် ချီလာပြန်သည်ကို ကြားတော်မူသောကြောင့် မှူးတော်၊ မတ်တော် တို့ကို တိုင်ပင်တော်မူသည်ကို ရာဇသကြီ လျှောက်သည်ကား– တရုတ်တို့လည်း အစား အသောက် ချွန်ရှားသည့်အမှိက်သာ ဆုတ်၍ နေရသည်။ အစားအသောက် ရလျှင် ချီပြန်လာ ချီရသည်။ သိုင်းဘွားကို မရသ်ကို မပြန်ရေး။ ယင်းသို့ ဖြစ်သောကြောင့် နေပြည်တော်သို့ ပြန်တော် မူ၍ စော်ဘွားကို ပေးလှူ အရေးတော်သင့်မည် လျှောက်လျှင် နတ်တော်လဆန်း ၃–ရက်၊

---

[1] ဆော် ၁၇၅၄ [2] သံတွဲကျွန်း (မှန်နန်း–၈၆) [3] ဆော် ၁၇၅၅ [4] တစ်သိန်းငါးသောင်း (တွင်းသင်း–ပြီး) [5] ရွှေဖောင်ကျွန်း (မှန်နန်း–၈၇) [6] နှစ်သန်း (–ပြီ–)

အင်္ဂါနေ့ [၁] နံနက် သုံးလုံးတွင် ရေတပ်, ကြည်းတပ် ဖက်၍ စနံးမော်က ပြန်တော်မူသည်။ ရောက်တော်မူလျှင် မြို့တွင်းသို့ ဝင်တော်မမူ။ တပြက်သာ အရပ်၌ ဖျင်တော်ထပ်၍ နေတော်မူ ကြိုက်တွင် တရုတ်တို့ ရောက်လာ၍ အရှေ့ကို တမုတ်ဆိုးမြကန်၊ မြောက်ကို ဘောင်ပင်လယ် ကန်တွင်းကသည် တောင်မြို့ကြီး အနောက်ကို မြစ်မနား၊ တောင်ကို မကွေ့ရာမြစ်နား ကျသော ဟူ၏။

## ၈၁။ တရုတ်တို့နှင့် အရေးစကား ဆိုပုံ

တရုတ်တို့ ရောက်၍ သုံးရက်ရှိလျှင် ငါတို့လှ သိုင်ဘွားကို ပေး၊ မပေးလျှင် တိုက်မည် ဟူ၍ သံစေလာ၏။ စော်ဘွားသည် ငါကျွန်ဖြစ်၍ ငါသိမ်းထားတော်မူသည်။ ရမည်းသင်းမြို့ကို မင်းငယ်ကျော်ထင် ဝင်၍ ပုန်စားလေသည်ကို နိုင်အောင်တိုက်၍ ငါ့ကိုဆက်မှ သိုင်ဘွားကို ငါပေးတော်မူမည် ဟူ၍ မှာတော်မူ၏။ တရုတ်စစ်သူကြီးတို့လည်း တိုက်ရမည် အတူတူကို ရမည်းသင်းမြို့ကို တိုက်၍ပေးတော့မည်။ ရွှေနန်းသခင်က အလုံးအရင်းနှင့်ရာသော နေ့တော်မူပါ တော့ ဆိုလာ၏။ ဘုရင့်နရပတိလည်း ဆင်စီးနိုင်သသူတို့ကို ရွေးကောက်တော်မူ၍ တိုက်ဆင် တစ်ရာနှင့် ခိုင်းရေး, လှူးရေး တတ်သသူ စစ်သည်တစ်သောင်း ခန့်တော်မူ၍ ရမည်းသင်းမြို့သို့ စီရလေ၏။ တရုတ်တို့မှာလည်း အမတ်လေးယောက်နှင့် မြင်းသည်တစ်သောင်းခန့်၍ မြစ်ငယ်ကို လေ့တံတားခွဲ၍ ကူးရ၏။ လှိုင်းတက်သို့ ရောက်လျှင် မင်းငယ်ကျော်ထင်လည်း မြို့တွင်းတွင် မခံဝံ့၍ အလုံးအရင်းနှင့်တကွ ရမည်းသင်းက ထွက်၍ပြေးလေ၏။ ကင်းသာ ဟူသော အရပ်မှာ နေလေ၏။ မင်းငယ်ကျော်ထင် ပြေးလျှင် ရမည်းသင်းမြို့ကို အလုံးအရင်းနှင့်တကွ ဘယကျော် ထင်ကို အနိုင် နေစေ၏။

တရုတ်တို့ ပြန်၍ အဝသို့ ရောက်လျှင် သိုင်ဘွားလည်း ဆေးစား၍ သေလေ၏။ ဘုရင့်နရပတိလည်း သိုင်ဘွားအလောင်းကို ကောင်းမွန်စွာ ထုပ်ပိုး၍ တရုတ်တို့ တပ်သို့ ပို့လေ၏။ တရုတ်တို့လည်း သိုင်ဘွားကို ရလျှင် အအူကိုထုတ်၍ သံတံစို့ထိုး၍ မီးတွင် ကင်ပြီးလျှင် အခြောက်လှန်း၍ ယူလေ၏။

> သိုင်ဘွားကို တရုတ်တို့က တောင်းလာသော အကြောင်းကား– သိုင်ဘွား ဘိုးတော် သိုရှည်ဘွားလက်ထက်ကပင် တရုတ်ဦးတည်ဘွားနှင့် မိုက်ရန်ကြီးစွာ ဖြစ်ကြ ၍ ဆယ့်နှစ်နှစ်တိုင်တိုင် တိုက်ကြသည်။ တစ်ဦးကိုတစ်ဦး မတိုးရေ့နိုင်မှ ဆုတ်၍ နေကြသည်။ ထိုကစ၍ သိုင်ဘွားတိုင်အောင် ရန်စစ်မပြေ ရှိသောကြောင့် တောင်းလာ သည်။

သက္ကရာဇ် (၈၀၈)ခုနှစ်တန်ဆောင်မုန်းလ [၂] တွင် တပြက်သာ အရပ်၌ နေတော်မူကြိုက် အုံးဘောင် လယ်သဲဘွားလည်း လက်ဆောင် လက်နက်အများနှင့် ခြေတော်ဦးတင်လာ၏။

## ၈၂။ ပြည်၊ သာယာဝတီသို့ ချီတက်ပုံ

ထိုသက္ကရာဇ် (၈၀၈)ခုနှစ်ရာနှစ်စု၊ သီတင်းကျွတ်လဆန်း ၅–ရက်နေ့ [၃] ရေအား, ကြည်းအား ချီတော်မူမည် ဟူ၍ စီရင်တော်မူ၍ ပြည်သို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ပေါင်းတည်ကသည် သာယာဝတီကို စား၍ အနော်ရထာမင်းစော ခံသသူသည် လက်ဆောင်

---

၁။ ၁ နိုဝင်ဘာ ၁၄၄၅ ၂။ ဇူလိုင် ၁၄၄၆ ၃။ ၂၅ စက်တင်ဘာ ၁၄၄၆

လက်နက်အများနှင့် သားမယားကိုခေါ်၍ တရုတ်မော်ဆိပ်တွင် မိမိရှိသော ပစ္စည်းများကို အစီအရ ကိုင်၍ လက်ဆောင်တော် ဆက်၏။ ဘုရင့်နရပတိလည်း စားမြဲသော စည်းစိမ်ကို မြို့ပြ ထပ်၍ ပေးတော်မူ၏။ အနော်ရထာမင်းစောလည်း ဘုရင့်နရပတိ ပြည်တွင် ရှိစဉ်ကပင် နတ်ရွှေ ရှုံ့ပေသေး၏။ အနော်ရထာမင်းစော မရှိလျှင် သာယာဝတီမြို့ကို ယောက်ဖတော် မင်းရဲ ရုပ်ကြွ နေပြည်တော်သို့ ပြန်တော်မူ၏။ ပုဂံသို့ ကျော်စွာကို ပေးတော်မူပြီးလျှင် ရေအား၊ ကြည်းအား နေပြည်တော်သို့ ပြန်တော်မူ၏။ ပုဂံသို့ ရောက်တော်မူလျှင် မွန်မင်း စည်းစိမ်ရှာစာ သားတော် စည်းကျွန်းသည် ဘထွေးတော် ဖြစ်သော ပြည်ရွှေ ကိုယ်လုပ်တော်နှင့် အယှဉ်အပါး ရှိသောကြောင့် ဖမ်း၍ သတ်မည် ပြုရာတွင် စည်းရုံးကိုက် ကိုယ်လုပ်တော်နှင့် အယှဉ်အပါး ရှိသောကြောင့် ဖမ်း၍ သတ်မည် ပြုရာတွင် မြင်းအစီးနှစ်ဆယ်၊ ကျွန်နှစ်ရာကျော်နှင့် ပြေးထွက်၍ ပုဂံတွင်နေစဉ် ရောက်လာ၍ ကျွန်တော် ခံလှာ၏။ ဘုရင့်နရပတိလည်း သားတော် အရင်းနှင့်အတူ သနားတော်မူ၍ မင်းညီမင်းသားတို့ အဆောင်အယောင်၊ စားသောက်သော စားခွက်၊ စားယောက်နှင့်တကွ စလင်းမြို့ကို ပေးတော်မူသည်။ အပါးတော်တွင်လည်း မပြတ် ရှိမြဲရ၏။

မွန်ပြည်မှာလည်း ထိုသက္ကရာဇ်တွင် စည်းရုံးကိုက် အနိစ္စရောက်၍ ရှင်စောပု သားတော် စည်းတစ္ဆ မင်းဖြစ်တော်မူသည်။

သက္ကရာဇ် (၈၀၉)ခုနှစ်ရာကိုးခု[3]တွင် ထုပါရုံဘုရားကို သဘင်ကြီးခွာခံ၍ ဌာပနာတော် မူသည်။

ထိုသက္ကရာဇ်တွင် ကတ္တူလွှမ်းကြင် ရဲလှချောက်ရာ၊ သံလှ လေးရာ၊ ရိက္ခာတင်ကုန်လှေ သုံးရာ၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် အညာယန်းပြင်သို့ ဆန်တော်မူသည်။ ရောက်လျှင် မိုးကောင်း သိုရှည်ဘွား၊ သိုပုတ်ဘွား ညီနောင်နှစ်ဦးတို့သည် လက်ဆောင်လက်နက် အများနှင့် ဆက်၍ ခစားတော်ဦးတင်လှာ၏။ ဘုရင့်နရပတိလည်း ဆုလာဘ်များစွာ ပေးပြီးလျှင် ပြန်လေ စေ၏။

## ၈၁။ တရုတ်တို့ ချီလာပြန်ခြင်း အကြောင်း

သက္ကရာဇ် (၈၁၁)ခုနှစ်ရာတစ်ဆယ့်တစ်ခု[1]တွင် တရုတ် ဦးတည်ဘွားက မိုးညှင်း၊ မိုးကောင်းကို တိုက်လေဟူ၍ စစ်သူကြီး ဆင်ရှောင်းနှင့် စစ်သည်သူရဲ အသိန်းသုံးဆယ်[2]ခန့်နှင့် ချီလှာ၍ ရောဝတီမြစ်ကို တံတားဖွဲ့ပြီးလျှင် ရှစ်ညဉ့်နှင့်ရှစ်နေ့ ကူးသည်ကို မိုးကောင်းစော်ဘွား သိုရှည်ဘွား၊ သိုပုတ်ဘွား ညီနောင် နှစ်ဦးတို့ ဆင်လုံး မြင်းရင်း အများနှင့် ဆီးကြို၍ တိုက်သည်။ တရုတ်တို့ သေပျောက်လှလျှင် ဆုတ်လေ၏။ တရုတ်တို့ ဆုတ်လျှင် နတ်တောင်မြို့ကို ရ၏။ ရကြောင်းကို ဘုရင့်နရပတိသို့ လျှောက်လာ၍ ကြားတော်မူလျှင် အားရတော်မူ၍ ငွေတော် တစ်သောင်း ဆုပေးတော်မူ၏။

ထိုသက္ကရာဇ် (၈၁၁) ခုနှစ်ရာတစ်ဆယ့်တစ်ခုတွင် ရခိုင်ကျေး သံတွဲဝယ် မြို့စွန်ချင်း စစ်ဖြစ်ကြ၍ သံတွဲ တစ်မြို့လုံး ကျွန်တော် ခံလှာကြ၏။ ဘုရင့်နရပတိလည်း သံတွဲစားကို ပြည်ကျေး အကောက်ကို ပေးတော်မူသည်။ သံတွဲမြို့ကိုမူကား တရုပျား ဟူသော အမတ်ကို အလုံးအရင်းနှင့်တကွ ပေးတော်မူသည်။

သက္ကရာဇ် (၈၁၂)ခုနှစ်ရာတစ်ဆယ့်နှစ်ခု ဝါဆိုလ[4] ဟံသာဝတီ မွန်မင်း စည်းတစ္ဆကို ငွေစွ လုပ်ကြံ၍ အနိစ္စရောက်လျှင် မွန်အမတ်တို့က စည်းကျွန်းကို မင်းပြုတော်မူပါ လျှောက်

[1] အေဒီ ၁၄၄၇ [2] အေဒီ ၁၄၄၉ [3] တစ်သိန်းသုံးသောင်း(မှန်နန်း-၈၉) [4] ၁၄၅၀ ခု ဇွန်လ

လာသောကြောင့် ဘုရင့်နရပတိလည်း မွန်တို့သည် ပရိယာယ်စေ့စပ် များလှသည်၊ ငါ့သား စည်သူကျော်စွာရည်သော သွား၍ မလှဲလေ အကြံတော်ရှိ၍ ဘယကျော်ထင်တို့ လေးတပ်ကို တိုက်ဆင် နှစ်ရာ၊ မြင်း လေးထောင်[1]၊ စစ်သည်သူရဲ လေးသောင်းနှင့် စည်သူကျော်ကို ကြပ်မ၍ နန်းတင်ရစေ၏။ စည်သူကျော်လည်း များစွာသော ပဏ္ဏာကာရတို့ကို စီရင်၍ ဆက်လိုက်၏။

### ၈၄။ မိုးညှင်း ပုန်ကန်၍ ချီတက်ပုံ

ထိုသက္ကရာဇ် (၈၁၂) ရှစ်ရာတစ်ဆယ့်နှစ်ခု[2]တွင်ပင် ယောက်ဖတော် မိုးညှင်းမင်း သီဟပတေ့ အနိစ္စရောက် တော်မူလျှင် ထိုမင်း သား မင်းဥတည်သည် မိုးကောင်း သိုကျိုန်ဘွား သိုပုတ်ဘွားတို့နှင့် တိုင်ပင်၍ သောင်းကျန်းပုန်ကန်လေ၏။ ထိုအကြောင်းကို ဘုရင့်နရပတိ ကြားတော်မူလျှင် အိမ်ရှေ့မင်းနှင့် ခုနစ်တပ် စီရင်တော်မူ၍ တိုက်ဆင် လေးရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် မိုးညှင်းသို့ ချီရ၏။

ဘုရင့်နရပတိလည်း သားတော် အိမ်ရှေ့မင်း ကြည်းကြောင်းချီလေသည်ကို မစောင့် မှုမည်ဟူ၍ ရေကြောင်း ၁၂–တပ် စီရင်တော်မူ၍ တိုက်လှေ နှစ်ရာ၊ လှော်ကားသဲလှေ သုံးရာ၊ ရိက္ခာတင်ကုန်လှေ သုံးရာ၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ချီတော်မူ၍ ထီးကြည်း[3]တွင် နေတော်မူသည်။

အိမ်ရှေ့မင်းတို့လည်း ပန်းလက်သို့ ရောက်တော်မူလျှင် မင်းဦးတည် စစ်သည်ဗိုလ်ပါ အများနှင့် ခံသည်ကို စန္ဒာမဏိ ဟူသော ဆင်ကို အိမ်ရှေ့မင်း စီးတော်မူ၍ တိုက်သည်၊ တပ်အလုံး ပျက်လေ၏။ မင်းဦးတည်နှင့်တကွ သိုကျိုန်ဘွား၊ သိုပုတ်ဘွားတို့ သားမယားတို့ကို ရတော်မူ၏။ သိုကျိုန်ဘွား၊ သိုပုတ်ဘွားတို့မူကား ဘုရင့်နရပတိ ရေကြောင်းချီလာသည်ကို ကြားလျှင် သားမယားတို့ကို ထားခဲ့၍ အလုံးအရင်းနှင့်တကွ ဘုရင့်နရပတိရှိရာ ထီးကြည်းသို့ ရောက်လာ၏။ လျှောက်သည်ကား တူတော် မင်းဦးတည်သည် မိုးကောင်းသို့ လာ၍ စစ်ကူ တောင်းလာသောကြောင့် မကူမညီသာ ဆိုပါသည်ကို ကျွန်တော်တို့ မရှိသည်နောက် မိုးကောင်းသို့ ချီလာ၍ ကျွန်တော် သားမယားတို့ကို ယူတော်မူသည် ဟူ၍ လျှောက်၏။ ဘုရင့်နရပတိလည်း သိုကျိုန်ဘွား၊ သိုပုတ်ဘွားတို့ကို သနားတော်မူပြီးလျှင် တူတော် မင်းဦးတည်နှင့် ပုံစုတ်ကို ကွပ်တော်မူ၍ သိုပုတ်ဘွားသားကို မိုးညှင်းမြို့ကို ပေးတော်မူ၏။ သိုကျိုန်ဘွား၊ သိုပုတ်ဘွား တို့ကိုမူကား လွှတ်တော်မမူ။

သက္ကရာဇ် (၈၁၃) ရှစ်ရာတစ်ဆယ့်သုံးခု[4]တွင် တောင်ငူမြို့ကို စားသော မင်းခေါင်ငယ်ကို မင်းငယ်ကျော်ထင် လုပ်ကြံ၍ မြို့ကို ရလျှင် တောင်ငူ စြားနားလေ၏။

ထိုသက္ကရာဇ် (၈၁၃) ရှစ်ရာတစ်ဆယ့်သုံးခုတွင် သားတော် အိမ်ရှေ့မင်းကို ကဏ္ဍုလွန်း ကြင်လှေ ငါးရာ၊ လှော်ကားကြော့လှေ တစ်ရာနှင့် အညာကောင်းတဲ့သို့ ဆန်ရလေ၏။ ကသာ အရပ်သို့ ရောက်တော်မူလျှင် မိုးညှင်း သိုပုတ်ဘွား(သား)က လက်ဆောင် လက်နက်အများ ဆက်၍ ခြေတော်ဦးတင်လာ၏။ အိမ်ရှေ့မင်းလည်း ခမည်းတော်ကို လျှောက်၍ သိုပုတ်ဘွားတို့ သားမယားနှင့် ခံညွှတ်ကို ပေးတော်မူ၏။ ဆုတော်လည်း ငွေကျပ် ၃၀၀ ပေးတော်မူ၏။

ထိုသက္ကရာဇ် (၈၁၃) ရှစ်ရာတစ်ဆယ့်သုံးခုတွင် ဟံသာဝတီမှာ မွန်မင်း စည်သူကျော် အနိစ္စရောက်၍ သင်းကြီးမင်းသမီးကို စည်သူရဲ မိဖုရားမြှောက်ရာတွင် မြင်သော မင်းသား

[1] တစ်ထောင်(မှန်နန်း–၈၅)   [2] အေဒီ ၁၄၅၀   [3] ထီးကျည်း(မှန်နန်း–၈၅)   [4] အေဒီ ၁၄၅၁

သီတင်းသုံးသော မင်းဖြစ်တော်မူ၏။ နန်းတက်တော်မူလျှင် လက်ဆောင် လက်နက်အများနှင့် ဦးချိုးတော် ရွှေနန်းသော် ... တော်မူပါ ဟူ၍ လျှောက်လေ၏။ ဘုရင့်နောင်လည်း ... တော်မူ၍ ... ဟူ၍ မှာတော်မူလိုက်၏။ ... သီတင်းသုံးသော မင်းကြီး၏ ... ရှိသည်။ ... သက္ကရာဇ် (၇၇၇) ခုနှစ်ရာ ငါးဆယ့်ခုနှစ် ... သက္ကရာဇ် ... တပေါင်းလဆန်း ၁၂–ရက်* ... သက္ကရာဇ် (၇၇၂) ခုနှစ်ရာခုနစ်ဆယ့်နှစ်ခု တွင် ... (၇၈၂) ခုနှစ်ရာရှစ်ဆယ့်နှစ်ခု တွင် သားတော် ... ၂၉–နှစ်၊ သက္ကရာဇ် (၇၈၆) ခုနှစ်ရာရှစ်ဆယ့်ခြောက်ခု တွင် ... အသက် ၂၉–နှစ်၊ သက္ကရာဇ် (၇၉၆) ... သက္ကရာဇ် (၈၀၀) ရှစ်ရာပြည့်ခု တွင် ... အသက် ၇၉–နှစ်၊ သက္ကရာဇ် (၈၁၀) ရှစ်ရာတစ်ဆယ်ခု တွင် ... မင်းဖြစ်တော်မူသည်။ (မှန်နန်းရာဇဝင်မှာ သက္ကရာဇ် ...)

## ၈၅။ ရှိုင်မင်းနှင့် မဟာမိတ်ဖြစ်ပုံ

သက္ကရာဇ် (၈၁၆)ရှစ်ရာတစ်ဆယ့်ခြောက်ခု တွင် ရှိုင်ဘုရင်*က မဟာမိတ် ဖြစ်ပါလိုသည်။ အကြည်တော်နှင့် မင်းနှစ်ပါးကို ဖူးတွေ့ ရှင်ပါသည် ဟူ၍ လက်ဆောင် လက်နက်အများနှင့် သံအလာသည်။ ဘုရင့်နောင်လည်း ရာဇသင်္ကြံ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူ၏။

ယင်းသောခါ ရာဇသင်္ကြံ လျှောက်သည်။ ရှိုင် ဥဒေါင်ဝတီသည် ပညာအမြော်အမြင်နှင့် ပြည့်စုံသော အမှုအရာ များသည်။ ဆင်ကောင်း မြင်းကောင်း အလုံးအရင်းလည်း များသည်။ သူ အတွေ့အစည် ကြီးညက်ကို မမြင်နိုင်ဖြစ်သည်။ ယင်းသို့ဖြစ်သောကြောင့် ဆင်လုံး၊ မြင်းရင် အများ စီရင်တော်မူ၍ စည်းစည်းကြုပ်ကြုပ် ချီတော်မူ၍ ဖူးတွေ့တော်မူမှ သင့်မည် ဟူ၍ နားတော်လျှောက်၏။ ဘုရင့်နောင်လည်း စည်သည့်လရောက်ကို နှယ်ငန်းတောတွင် ဖူးတွေ့တော်မူမည် ဟူ၍ မှာတော်မူလိုက်၏။ ရှိုင်သံတို့ ပြန်လေလျှင် ရှိုင်သို့ ချီမည် စီရင်တော်မူသည်။ ဆင် ရှစ်တပ်၊ မြင်းတစ်ဆယ့်သုံးတပ်၊ တပ်ပေါင်း ၂၁–တပ်တွင် ပါသည် တိုက်ဆင် ... ပါ ... စစ်သည်သူရဲ နှစ်သိန်းလေးသောင်း**နှင့် သက္ကရာဇ် (၈၁၆) ရှစ်ရာတစ်ဆယ့်ခြောက်ခု တပေါင်းလဆန်း ၂–ရက်* ၁–ချက်ရှေ့ နေပြည်တော်က ချီတော်မူသည်။ ဘုရင့်နောင် ရှေ့တောင်ဆောင် စီး၍ ချီတော်မူသည်။ စကုဆိပ်သို့ ရောက်မှ တက်တော်မူသည်။ ကြည်းတပ်များကို ... ဆောင်ပုံကို ကူးစေ၍ အနောက်ဘက်ကြောင်း စကုသို့ ချီရသည်။ စကုသို့ ရောက်

---

၁။ ... ၁၉၃၄ ၂။ ခေတ် ၁၉၁၀ ၃။ ခေတ် ၁၉၂၀ ၄။ ခေတ် ၁၉၂၆ ၅။ ခေတ် ၁၉၃၄ ... (... ) ... သက္ကရာဇ် ... (ခေတ် ၁၉၂၀)တွင် ... ၆။ ခေတ် ၁၉၃၈ ၇။ ခေတ် ၁၉၃၄ ... ၁၉၃၄

* ... (ခေတ် ၁၉၃၃–၁၉၃၈)

** ... (မှန်နန်း–၂၂၂၃)

တော်မူလျှင် ရေတပ်ကို ကြည်းတပ် ဖွဲ့တော်မူ၍ နောက် ထပ်မံပြုပြင် ရိုတော်မူသည်။ "ဘိုးခေါင် နယ်ငန်းတော" သို့ **တန်ခူးလဆန်း ၁၃-ရက်၊ ၄-ဟူးနေ့** ရောက်တော်မူလျှင် သာသာကြီးကျယ် လှစွာသော တဲတော်ကို ဆောက်စေ၍ မင်းမိဖုရား မောင်းမမိသံ အပေါင်းနှင့် နေတော်မူသည်။ မြင်းတပ်၊ ဆင်တပ်တို့ကိုလည်း တပ်စည်းအတိုင်း စည်ကြပ်၍ နေစေ၏။

ရှိုင်ဘုရင် အလီမင်လည်း အလုံးအရင်း ဆင်မြင်းအများနှင့် ချီလာ၍ ဘုရင်နေရပ်တို ရောက်တော်မူ၍ မိုးသောက်မှ ရောက်လာသည်။ မင်းနှစ်ပါး အရောက်ညီကြလျှင် မင်းတဲ ကြီးမှာ ဆောက်စေ၍ မင်းဧကရာဇ်ချင်း၊ မိဖုရားချင်း၊ မင်းသမီး၊ မင်းသားချင်း၊ အမှူးအမတ်ချင်း၊ ကတော်နှီးမင်းချင်း တွေ့ဆုံတော်မူကြသည်။ ယင်းသောခါ မင်းဧကရာဇ်မှ စ၍ မင်းမိဖုရား မင်းသမီး မင်းသား အမှူး အမတ် ကတော် နှီးမင်းတို့သည် အဆောင်အယောင် ကျွင်းပလျှက် အဖိုးများစွာ ထိုက်သော အထူးထူးသော တန်ဆာတို့ကို ဆင်ယင် ဝတ်စားကုန်သည်ဖြစ်၍ မင်းနှစ်ပါးလည်း **ခ၁၆-နှ၊ တန်ခူးလဆန်း ၆-ရက်**[1] ၂-လ်ာရေ့ တစ်နေ့ရာတည်းတွင် နေတော်မူကြ၍ ကြည်ကြည်သာသာ ပြောဟောတော်မူပြီးလျှင် သစ္စာပြု၍ နိုင်ငံတော် အပိုင်း အခြားကို မှတ်သားတော်မူကြ၏။*

မှတ်သားတော်မူကြသည်ကား— ဘိုးခေါင်တောင်ရိုး အရှေ့ တံလည်းရေကျကို ရတနာပူရနိုင်ငံ ဖြစ်စေ။ ဘိုးခေါင်တောင်ရိုး အနောက် တံလည်းရေကျကို ဒွေဝတီနိုင်ငံ ဖြစ်စေဟူ၍ ပိုင်းခြတ်ခြားနားတော်မူကြပြီးလျှင် မင်းနှစ်ပါးသည် ထီးဖြူမှစ၍ အဆောင် အယောင် မင်းခမ်းမင်းနားတို့ကို တစ်ပါးကိုတစ်ပါး လဲလှယ်ပြီးမှ တပ်စဉ်အတိုင်း နေပြည်တော်သို့ ပြန်ကြ၏။ ထိုနေ့မှစ၍ နှစ်ပြည်ထောင်သည် မီးမသေ ရေမနောက်၍ ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်၍ တမန် မင်းခေ မပြတ် စေတော်မူကြသည်။

## ၈၆။ သိန်းဃိုကျွန်းသို့ အလှူတော်ပို့ခြင်း

သက္ကရာဇ် (၈၁၇)ခုနှစ်ရာတစ်ဆယ့်ခုနစ်ခု[2] သိန်းဃိုကျွန်း၌ ရှယ်တော်ကို ရတနာအထိုက်ပြီး သော ရွှေသပိတ်၊ ရွှေဟင်းခွက်၊ ငွေဟင်းခွက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်တို့ကို ရာဇတမန်၊ ရာဇဗလတို့ သင်္ဘောနှင့်သွား၍ လှူရလေသည်။ သိန်းဃိုမင်း**သို့လည်း အထူးထူးသော လက်ဆောင် လက်နက် ပါးတော်မူလိုက်၏။ တန်ဆောင်း၊ ဇရပ် ဆောက်၍ လှူစေ ဟူ၍လည်း ငွေနှစ်ရာ ပေးတော်မူလိုက်၏။ ရာဇတမန်တို့ ရောက်လျှင် သိန်းဃိုမင်းကို ပါးလိုက်သော လက်ဆောင်ကို ဆက်၍ ရှယ်တော်မြတ်အား အလှူကို တင်ပြီးမှ ဝါလိကာရာမ မည်သော သင်္ဘောဆိပ်၌ ပြာသာဒ်တန်ဆောင်း၊ သီရိပါဒ မည်သော တောင်ခြေရင်း၌ ဂိရိမာလာ မည်သော ရွာတွင် တန်ဆောင်း ဆောက်စေပြီးလျှင် အရိယာ သံဃာတော်တို့သည် ဇရပ်တွင် တည်းခိုလာ သမျှကို ဆွမ်းပစ္စည်း အလို့ငှာ သိန်းဃိုမင်းတွင် မြေဝယ်၍ ထိုမြေနှင့် ရသည် ကြေးငွေနှင့် ချက်ပြုတ်၍ လှူစားရသည်။ ယင်းသို့မှ သိန်းဃိုမင်းက အထူးထူးသော တုံ့လိုက်သော လက်ဆောင်လက်နက်ကို ယူ၍ ပြန်ရသည်။

---

[1]။ ၂၃ မတ် ၁၄၅၅  [2]။ ၂၃ မတ် ၁၄၅၅  [3]။ ဧပြီ ၁၄၅၅  * ရှိုင်ဘုရင် အလီမင်မင်း (ခေဒီ ၁၄၃၃-၁၄၅၉) နှင့် အဝ ဘုရင် နရပတိ ၁ (ခေဒီ ၁၄၄၂-၁၄၆၈)တို့သည် ရှိုင်နှင့်အဝ ပိုင်နက် နယ်ခြေကို ထိကျွန်ရှာ ပိုင်းခြား သတ်မှတ်ခဲ့သည်။ [ဇမ္ဗူမာလာလင်္ကာရ၊ ရှိုင်ရာဇဝင်သစ်ကျမ်း၊ ၃ တိယတွဲ။ စာ(၂၄-၂၅)]
** Parakkamabahu VI (1410-1468)

သက္ကရာဇ် (၈၂၀) ခုနှစ်ဆယ်ခု[1]တွင် တောင်ငူ မင်းငယ်ကျော်ထင်ကို ထိုမင်းကျွန် ငနံစီ လုပ်ကြံ၍ အနိစ္စရောက်လျှင် ယောက်ဖတော် တောင်တွင်းမင်း သီရိဇေယျသူရကို တောင်တွင်းနှင့်တကွ တောင်ငူမြို့ကို ပေးတော်မူသည်။

မင်းငယ်ကျော်ထင် မိဖုရားကား– ရမည်းသင်း သီလဝ သမီးတော် အငယ်တည်း။ မင်းငယ်ကျော်ထင် သမီးတော်ကား– ပြည်သို့ ရောက်လေ၍ ပြည်ဘုရင် မင်းကြီးစွာ သားတော် (မင်း)မြွေခေါ်နှင့် စုံဖက်တော်မူသည် တစ်ပါး၊ မောင်တော် မင်းရဲသိင်္ခသူ အဝမှာ ဆုံးလေသည် တစ်ပါး၊ ပေါင်း နှစ်ပါး။

ထိုသက္ကရာဇ် ၈၂၀ တွင် ကလေးစော်ဘွား ကောင်လယ်ဘွားသည် လက်ဆောင် လက်နက်အများနှင့် ကျွန်တော်ခံလာသည်။ ဘုရင်နရပတိလည်း ကလေးစော်ဘွားကို သနားတော် မူ၍ လက်ဆောင်ပေး၍ ကောင်လယ်ဘွားသည် **ဆောင်စား**[*] ကို လွှတ်တော်မူသည်။ ခံစေပြီးလျှင် အသက်က ရတော်မူသည့် ကောင်လယ်ဘွားသည်။

## ၈၇။ ရှမ်းပြည်သို့ ချီတက်ပုံ

ထိုသက္ကရာဇ် **(၈၂၀)ခုနှစ်ဆယ်**[**]တွင် အုန်းပေါင်စော်ဘွား ကောင်လယ်ဘွားသည် အနိစ္စ ရောက်၍ သား ခံရွက်(ဘွား) မင်းပြုသည်ကို အမှုးအမတ်တို့နှင့် မညီမညွတ် ရှိကြ၍ နိုးမိတ်ထောချိုင်း၊ အုန်းပေါင်ပြည်မိုးတို့သည် သီပေါကို ဝင်၍ အစိုင်နေလေသောကြောင့် ရွှေပေါ်တော်အောက် ရောက်လာ၏။ ရောက်စောက် ထော့ချိုင်းစော်ဘွားတို့လည်း အုန်းပေါင်စား အသက်ကို စိတ်မထူ။ ဘုရင်နရပတိလည်း နေမျိုးကျော်ထင်၊ သက်ရှည်ကျော်ထင်တို့ကို တိုက်ဆင် လေးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် စစ်ကူချီရလေ၏။ ရောက်စောက်သို့ ရောက်လျှင် မိုးနဲ၊ ညောင်ရွှေ၊ နောင်မွန် ပေါင်း၍ အကျဉ်းဝယ် ဆီးကြ၍ တိုက်လေသောကြောင့် မြန်မာစစ်သည်တို့ အဆီးအတား မရှိ၊ ပျက်၍ ပြန်လာ၏။

သက္ကရာဇ် **(၈၂၁)ခုနှစ်ဆယ့်တစ်ခု**[2]တွင် ယောက်ဖတော် သာယာဝတီ မင်းရဲကျော်စွာကို ပေါင်းတည်မြို့ကို ပေးတော်မူသည်။ သာယာဝတီကို သားတော် မင်းဘစောကို သတိုး မင်းစော အမည်နှင့် ပေးတော်မူသည်။

သက္ကရာဇ် **(၈၂၂)ခုနှစ်ဆယ့်နှစ်ခု**[3]တွင် ရာဇသင်္ကြံကို ဇန့်ချိုဆယ်တိုက်၊ ရဲလေ့ ဆယ်စင်းနှင့်တကွ အမြင့်မြို့ကို ပေးတော်မူသည်။ စစ်ကိုင်းမြို့ကိုမူကား မြောက်ဘက် ဆယ်မြို့နှင့် တကွ သမက်တော် မင်းမြွေကို ပေးတော်မူသည်။

ယောက်ဖတော်အငယ် သခံယာကို ကျော့မြို့ကို ပေးတော်မူသည်။[***]

သက္ကရာဇ် **(၈၂၅)ခုနှစ်ဆယ့်ငါးခု**[4]တွင် သမီးတော် စစ်ကိုင်းမိဖုရားနှင့် သမီးတော် ပုခန်းမိဖုရား ညီအစ်မ နှစ်ပါး (တို့သည်) စစ်ကိုင်းမြို့အနောက်ဝယ် ကောင်းမှုတော် စေတီနှစ်ဆူ တည်တော်မူ၍ များစွာသော ပုဓော်သက္ကာရကို ပြုတော်မူ၏။ ယင်းသည်ကောင်းမှုကို ညီအစ်မ ကောင်းမှုဟု နောက်မှ တွင်၏။

သက္ကရာဇ် (၈၂၈)ခု[5]တွင် တောင်ငူကို စားသော ဘထွေးတော် သီရိဇေယျသူရကို ယုံကြည်တော်မမူ၍ တောင်ငူနှင့် တောင်တွင်းကို ရုပ်တော်မူ၏။ ယင်းသို့မှ တောင်ငူမြို့ကို

---

၁။ ခေတ် ၁၄၅၈ ၂။ ခေတ် ၁၄၅၉ ၃။ ခေတ် ၁၄၆၀ ၄။ ခေတ် ၁၄၆၃ ၅။ ခေတ် ၁၄၆၆

* ဆောင်စွာ (မှန်နန်း–၁၃၈) ** ခေတ် ၁၄၅၈ [၈၂၀ (မှန်နန်း–၅၁၁၊ တွင်းသင်း–၃၇၀) ] *** ယောက်ဖတော်အငယ် ဦးစနကို ပင်လယ်မြို့ကို ပေးတော်မူသည်ဟု(–အီး–)

လက်ဦးဆရာသခင်ကြီးကို ပေးတော်မူ၏။ ပြည်က ဆန်တော်မူသောအခါ ထူပါရုံဒါယကာ မင်းကြီးကား- ဘုန်းလက်ရုံး ပညာအမြော်အမြင်နှင့် ပြည့်စုံတော်မူ၏။ ဥယျာဉ်တော်ထယ် သရက်တစ်ပင်သည် မင်းငါးဆက်တိုင်အောင် မသီးမပွင့် ရှိသည်ကို သီးပွင့်စေ၊ မသီးမပွင့်လျှင် အပြစ်တော်တင် ခံရမည် အမိန့်တော်ပြန်လျှင် ထိုနှစ် များစွာ သီးပွင့်လေ၏။ ထိုမှတစ်ပါး ချေပြင်းစွာတက်သည်ကို ရပ်လေတော့ အမိန့်တော်ပြန်လျှင် ရေသည် မတည်၊ ရပ်သော ဟူ၏။

## ၈၈။ နရပတိကြီး နတ်ရွာစံခြင်း အကြောင်း

ဘုရင့်နရပတိကား-မင်း၏တရား ဆယ်ပါးနှင့် ပြည့်စုံ၏။ အမှန်အကန် အတော်အကြောင့်ကို အလိုရှိတော်မူ၏။ အရဲအစွမ်း ဘုန်းပညာနှင့်လည်း ပြည့်စုံတော်မူ၏။ ရတနာသုံးပါး၌လည်း ယုံကြည်တော်မူ၏။ စစ်ကိုင်းအရပ်၌ ထူပါရုံဘုရား ထီးတင်သောအခါ ငါးဆောင်သော ပြာသာဒ်မဏ္ဍပ်တို့ကို ဆောက်စေ၍ ရေဝတီမြစ်ကို စစ်အင်္ဂါ လေးပါးနှင့်တကွ များစွာသော လှေ ရဟန်း အပေါင်းတို့ လျှောက်သွားရအောင် တံတားကြီး ပြုတော်မူပြီးလျှင် မိဖုရားနှင့်တကွ သားတော်၊ သမီးတော်၊ သမက်တော်၊ ဆွေတော်မျိုးတော်၊ မှူးတော်၊ မတ်တော် အပေါင်း ခြံရံလျက် ကူးတော်မူ၍ မရေမတွက်နိုင်သော အလှူ့ဝတ္ထု အရိယာ သံဃာတော်တို့အား အတိုင်းမသိသော အလှူကြီးကို လှူတော်မူ၍ သာဓုခေါ်သည်။ ယင်းသောခါ သီဟိုဠ်ကျွန်းအစရှိသော ကျည်းပြည်[၁]၊ ဟံသာဝတီ၊ ယိုးဒယား၊ လင်းဇင်း[၂]၊ တနင်္သာရီ၊ မျက်နှာမည်း၊ တရုတ် ဦးတည်သွားက မိုင်းသေဉ်ဝီစော်ဘွား၊ ဝန်စင်းစော်ဘွားတို့ အလုံးအရင်းနှင့်တကွ လာ၍ မင်းဆက်တကာတို့ မစံဖူးသော ကြီးစွာသော သဘင်ကို ခံတော်မူသည်။ ထိုမှတစ်ပါး ကောင်းမှုတော်ကား- ထူပါရုံ အရှေ့မြောက်ယွန်း၌ ရွှေကျောင်းတော် ၁၊ သစ်ဆိမ့်အရပ်၌ သစ္စာရဲဘုရားနှင့် ရွှေကျောင်းတော် ၂၊ ရေမသေ ရွှေကျောင်းတော် ၃၊ တပြက်သာတဲတော်ရာ ရွှေကျောင်းတော် ၄၊ ပုဂံရွှေဥမင်ကျောင်းတော် ၅၊ မကျေးရွှေဥမင်ကျောင်းတော် ၆၊ ပြည်မြို့၌ ရွှေကျောင်းတော် ၇၊ ငုက်ပစ်တောင်ကြီးအရပ်၌ ဇေတဝန်ရွှေကျောင်းတော် ၈၊ လေးမြို့၌ ဇေတီနှင့် ရွှေကျောင်းတော် ၉။ ဤသို့သော ကောင်းမှုတို့ကို ပြုတော်မူ၍ ဝတ္တကံ မိုးမြေ လှူတော်မူ၏။ အိမ်နိမ့် (၃၀) သုံးဆယ်၊ မင်းစည်းစိမ် (၂၆)နှစ်ဆယ့်ခြောက်သော် မြေးတော် လုပ်ကြံတော်မူ၍ နန်းကျတော်မူ၏။ နံတော် ၄-ဟူးသားတည်း။

ထိုသည့်နှစ်ပင် ပြည်သို့ ရောက်မှ နတ်ပြည်စံတော်မူသည်။

## ၈၉။ မြေးတော် လုပ်ကြံပုံ အကြောင်း

မြေးတော် လုပ်ကြံသော အကြောင်းကား-သားတော် အိမ်ရှေ့မင်း[၃] သားတော်အကြီး နော်ရထာနှင့် သမီးတော် ရွှေအိမ်သည်တွင် မြင်သော သမီးတော် ဆယ်နှစ်ရွယ်နှင့် ဘိုးတော် နရပတိ စုံဖက်တော်မူသည်။ အိမ်ရှေ့မင်း သားတော် သတိုးကျော်မူကား အစိုးတော် စစ်ကိုင်း မိဖုရား သမီးတော်အကြီးနှင့် အရည်အခင် ရှိကြသည်ကို စစ်ကိုင်းမိဖုရား သိတော်မူလျှင် မယ်တော် အတုလသီရိမဟာရာဇာဒေဝီအား လျှောက်လေ၏။ ဘုရင် နရပတိနှင့် အတုလ သီရိမဟာ

၁။ ကျည်းပြည်- အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ တမီလ်(အိန္ဒိယ)ခေါ် ကျည်းကုလားတို့ နေထိုင်ရာ မာရပ် ခရိုင်ပိုင်းဒေသ။
၂။ လင်းဇင်း- လာအို (Lao)နိုင်ငံ Lansang မြို့ ဖြစ်သည်။ ဗီယင်ကျန်း(Vienchang) မြို့ဟုလည်း ခေါ်သည်။
၃။ ပြည်ဓနုမင်း မဟာသီဟသူရ (အေဒီ ၁၄၆၈-၁၄၈၂)

ရာဇသော် မိဖုရားလည်း သတို့ကျော်ကို အမျှော်တော်ရှိ၍ စစ်ကိုင်းမင်း သမီးတော်ကို နန်းတွင်း သို့ ပို့၍ ထားတော်မူ၏။ သတို့ကျော်လည်း ဖူးတော်မူပါမည့် အကြောင်းနှင့် တိုးတော့ ထူးဆက်ကို အကြံရှိမိလျှောက်၏။ ဘိုးတော် ဘုရင်နရပတိလည်း ဖူးတော် မမူလို၍ နန်း ရှင်ပျိုမင်းသော် ညှာ၍ ဝင်လေ၏။ သိတော်မူ၍ မယ်းစေသော် ရ၏။ သတို့ကျော်ကို မြစ်နှင့်နှင်း၍ အနောက်ဘက်သို့ ရှိတော်မူ၏။ သတို့ကျော်လည်း နက်နက်၍ မိမိကျွန် သုံးရာ တို့နှင့် ထိုင်ပင်၍ မည်သော် အိမ်ရှေ့မင်း အိမ်တော်က ဝန်း မီးတိုက်သည်။ မီးလောင်၍ ကျွန်တော်ရှိမှ ဖြေဝင်လာ၍ ဘိုးတော် နရပတိကို အုတ်ဆုတ်ကျက်တွက်ရှိလျှင် နန်းတော်သို့ ကျွန်များနှင့် ပြေးဝင်လာ၍ ဘိုးတော် နရပတိကို ဆန့်ဖတ်လေသည်။ နန်းတော်ကို ရုရမည်။ အတုလသိမ်ဂူဘုရားအားလည်း ဘုရင်နရပတိ လက်တော်ကို ကိုင်၍ ညှ လေးချက်တိကျော်တွင် နန်းတွင်းက ပြေးထွက်တော်မူ၍ အမြို့ ပြောက်စရာရှိသို့ ရောင်ရာ၍ အစေအပါး လေးယောက်၊ ငါးယောက်နှင့်သာ နေတော်မူ၏။ ထိုအခါ အဝမှာ အစို အနေ၍ဖြစ်သော လက်ဝှက်တော်မှတ်ကြီးနှင့် စုနစ်သီးကိုလည်း ယူတော်မူခဲ့၏။ ထိုအခါ အဝမှာ ဆိုအနေ၍ဖြစ်သော လက်ဝှက်တော်မှတ်ကြီးနှင့် ရှိသည်။ မီးလည်း လောင်သည်။ အကြောင်းရှိမည် ဟူ၍ ရာဇသင်္ကြံ သေသေသာဆုတ်ဆုတ် ရှိသည်။ မီးလည်း လောင်သည်၊ အကြောင်းရှိမည် ဟူ၍ ရာဇသင်္ကြံ သားအစ လေ့တတ်လက်ပြည့်နှင့် လာလေ၏။ ဘုရင် နရပတိကို ရှေမိလျှင် တွေ့၍ အကြောင်း မြို့ကို သိလျှင် နိုးရှိမ်တော်မမူနှင့်၊ သတို့ကျော်ကို ရအောင်ဖမ်း၍ သတ်မည်ဟု လျှောက်၏။ ဘုရင်နရပတိလည်း ငါ သည်တွင် မနေပြီ ငါသားအလက်ရှိရာ ပြည်သို့ ပို့ပါတော့ မိန့်တော် မူလျှင် ရာဇသင်္ကြံလည်း လေ့တတ်လက်ပြည့်နှင့် သက္ကရာဇ် **(၈၃၀)ခုနှစ်ရာသုံးဆယ်ပြည့် ဝါဆိုလဆန်း ၁၂-ရက်နေ့*** အခါက ပြည်သို့ ပို့ရလေ၏။

## ၅၀။ ရာဇသင်္ကြံသား ပေါက်လုံ၏ စွမ်းရည်

ရာဇသင်္ကြံ သား၊ မေည်းလည်း ပြည်သို့ ရောက်လျှင် အိမ်တော်သို့ တက်၍ မပြတ် ခယ်မှ၏။ ထိုအခါ ပြည်မင်း **မင်းကြီးစွာ***သည် အဝမှာ မင်းတို့သားအဖကို ယောက်ျားကောင်း ဆိုသည်။ ငါ ဆင်တော် ငရာဟုနှင့် တိုက်သော် မြင်းနှင့် ခံနိုင်မည်လော မေးတော်မူ၏။ ရာဇသင်္ကြံလည်း တစ်ကြိမ်၊ နှစ်ကြိမ် မေးတော်မူသည်ကို ဦးချ၍သာ နေသည်။ မည်သို့မျှ မလျှောက်။ ရာဇသင်္ကြံသား ပေါက်လုမှာသား ကြိုက်သည့်မြင်းကို သနားတော်မူလျှင် ကျွန်တော် ခံမည် ဟူ၍ လျှောက်၏။ ပြည်ဘုရင်လည်း ကြိုက်သည့် မြင်းကို ရွေးစေသော် မရ။ မြို့ရှေ့ ကျုံးမြောင်းနားတွင် စားရွှံ့နေသော မြင်းနက်တစ်စီးကို တွေ့၍ ရလျှင် ရက်လည်အောင် စီးပြီးမှ နက်ဖြန် တိုက်တော်မူတော့၊ ကျွန်တော် ခံမည် ဟူ၍ လျှောက်၏။ ပြည်ဘုရင်လည်း မိုးသောက်လျှင် ဆင်တော် ငရာဟုကို စီး၍ ကျုံးနဖူးတွင်နေ၍ ရာဇသင်္ကြံသား၊ မေည်းလည်း ဝန်လုပ်စည်ထုပ် ပြင်ဆင်၍ နေပြီးမှ သားပေါက်လု မြင်းစီး၍ ထိုးလုံရှည်နှင့် ကျုံးနဖူးသို့ လာ၏။ ပြည်ဘုရင်လည်း ဆင်တော် ငရာဟုနှင့် တိုက်လေ၏။ ပေါက်လုလည်း ဘယ်ပြောင်း ညာပြန် ကစား၍ မနည်းကြာ နေပြီးမှ လယ်ပြင်သို့ သွေးနှံ၍ တံဆိုးတစ်ခုကို အမှီပြု၍ ခံ၏။ ပြည်ဘုရင်လည်း အမျက်ရှိတော်မူ၍ ဆင်တော်ကို စွန်းဖွင့်၍ တိုက်တော်မူသည်ကို ရှောင်အလွှားတွင် ပြန်၍ လှံနှင့်ထိုးသည်။ ဆင်တော် ငရာဟု လက်ကို ထိုးမိ၍ မြေသို့ တစ်တောင် ဝန့် နားသော ဟူ၏။ ဆင်တော်ငရာဟုလည်း လှံချက်နာသောကြောင့် မလိုက်နိုင် ရှိသည်ကို သိလျှင် ရာဇသင်္ကြံသားအဖ အမြန်အရှုံနှင့်တကွ အဝသို့ ထွက်ပြေးလာ၏။ ပြည်ဘုရင်လည်း

၈၃၀ ခုနှစ် ဘုမိမ * ဆင်များရှင် မင်းကြီးစွာ (အေဒီ ၁၄၄၄-၁၄၆၂)

အလုံးအရင်း ခန့်၍ လိုက်ရသည်။ လိုက်ကြောင်းကို သိလျှင် ကညင်ပင် တစ်ခေါက်ခန့်ကို ပေါက်လှ လုံနိုင်လိုသည်၊ ထုတ်မျှင် ပေါက်လေ၏။ ထိုသည့်လုံမျက်ကို လိုက်သည့်တို့ တော် ရှိ၍ ခေါင်းအကြီးတို့ကို သတ်လေ၏။

## ၉၁။ ပြည် ဆံတော်ရှေ့ မင်း ၅-ပါး ဆုံးမှုပုံ

ရာဇသင်္ကြံတို့ အစသို့ရောက်လျှင် သားတော်အကြီး အိမ်ရှေ့မင်းသည် မယ်တော်တို့ကို ချုပ်ငင်မည် ဟူ၍ ရဲမှား၊ ကြည်းအား စုန်တော်မူသည်။ ရောက်လျှင် မူးမတ္တ တော်မူကြ၍ သားတော်သုံးပါးကို မနေသင့်မယှက်ကြနှင့် ဟူ၍ သစ္စာပေးတော်မူသည်။ မနေ့သလင်ပန်းနှင့် စားတော်လည်း သား၊ မယ်တော်၊ မည်းတော် ငါးပါး တစ်ချက်တည်း စားတော်ခေါ်တော်မူကြသည်။

ရှင်ဘုရင် ဌာနကိုက်ကို ဖွင့်၍ ဦးတိုက်တော်မူပြီးလျှင် စောင်းမှန်စွာ လုပ်ရသည်။ သားတော် အိမ်ရှေ့မင်းလည်း မည်းတော်၊ မယ်တော်တို့ကို အစသို့ ပြန်၍ မင်းပြုတော်မူ၍ တောင်းပန်တော်မူသည်ကို ငါ အစသို့ မပြန်ပြီ၊ အိမ်ရှေ့မင်းသာ မင်း၏တရား ဆယ်ပါးနှင့် အညီ မင်းပြုလေလော့။ အမှုအမတ် ကိုယ်လုပ်ဆောင်းမတို့ကိုလည်း ကြိုက်ရာကို ရွေး၍ယူလေ မိန့်တော်မူ၏။ ယင်းသို့မှ အဖိုးအနည်ဖြစ်သော လက်စွပ် နနစ်သီကို သားတော် သုံးပါးကို တစ်ပါးတစ်သီ ပေးတော်မူ၏။ လေးသီကိုမူကား ထားတော်မူ၏။ သားတော် အိမ်ရှေ့မင်းလည်း မည်းတော်၊ မယ်တော်တို့ကို ရှိသေစွာ ပေးပြီးလျှင် ရဲမှား၊ ကြည်းအား ပြန်တော်မူ၏။

ဘုရင်နရပတိလည်း သက္ကရာဇ် (၈၃၀)ရှစ်ရာသုံးဆယ်၊ ဝါခေါင်လဆန်း ၅-ရက်[1] ၁-ရေနေ့တွင် မြေတော် လုပ်ကြလေသည့် စားရာနှင့်ပင် အိမ်နိမ့် (၃၂) သုံးဆယ့်နှစ်နှစ်၊ စည်းစိမ် (၂၆) နှစ်ဆယ့်ခြောက်နှစ်၊ သက်တော် (၅၆)ငါးဆယ့်ခြောက်နှစ်သော် နတ်ပြည် စံတော်မူ၏။

ဘုရင်နရပတိကား- ဘုရားလောင်းတစ်ဆူပ်တွင် ပစ္စေကဗုဒ္ဓါ ကောသလမင်းကြီး ဖြစ်လှာ သည် ဟူ၍ အိပ်မက်ပေးသော ဟူ၏။

## ၉၂။ ပြည်စုန်မင်း မဟာသီဟသူရ နန်းတက်ခြင်း

သားတော် အိမ်ရှေ့မင်းလည်း အစသို့ရောက်သော ပညာရှိ စေခင်တတ် အပေါင်းနှင့် တိုင်ပင်တော်မူ၍ သက္ကရာဇ် (၈၃၀)ရှစ်ရာသုံးဆယ်[2]တွင် ရွှေထီး ရွှေနန်းကို စိုးအုပ်ဆောင်း တော်မူသည်။ ဘုရင် မဟာသီဟသူရ ဟူသော အမည်ကိုလည်း ခံတော်မူသည်။ ရှင်မိဖုရားမှာ အမိဋ္ဌသီရိမဟာဓမ္မဒေဝီ ဟူသော အမည်နှင့် အဘိသိက် ခံရသည်။

သားတော်အကြီး နော်ရထာကိုလည်း မဟာသီဟသူရ ဟူသော အမည်နှင့် အိမ်ရှေ့ ပေးတော်မူသည်။ ဒီပဲယင်းမြို့ကိုလည်း ကံကျွေးစံရသည်။

သားတော်အလတ် သတိုးကျော်ကိုလည်း သတိုးဓမ္မရာဇာ ဟူသော အမည်ကို ပေးတော်

---

[1] ၁။ ၅၉ ဓူလိုင် ၁၄၆၈

[2] ၂။ သီဟသူ (နရပတိမင်း)သည် ဓေဒီ ၁၄၃၂ တွင် မွေးဖွားသည်။ ၁၄၄၂ တွင် အပ်ခံ ထီးနန်း ရရှိသည်။ ထိုကြောင့် အိမ်နိမ့် (၃၀)သုံးဆယ် ဖြစ်သည်။ ၃။ ဓေဒီ ၁၄၆၈

မွန်၍ နှမတော် စစ်ကိုင်းမိဖုရား သမီးတော် ရွှေဝင်ရင်း မင်းသမီးနှင့်လည်း စုံဖက်တော်မူသည်။ ကျော့၊ စလင်း၊ တောင်းလင်း၊ လယ်ကိုင်း၊ မြို့သစ်၊ တိုင်တား၊ မင်းတုန်း၊ သရက်၊ မြေဖြူ၊ ကညင်မြောင်၊ သည်(ဆယ်)မြို့ကိုလည်း ပေးတော်မူသည်။

သားတော်အငယ်ကိုလည်း သီရိဇေယျသူရ ဟူသော အမည်ကို ပေးတော်မူ၍ နှမတော် စစ်ကိုင်းမိဖုရား သမီးတော်အငယ်နှင့် စုံဖက်တော်မူသည်။ မြေတူမြို့ကိုလည်း ကံကျွေးစေရသည်။ နောက် မင်းရဲကျော်စွာ ဟူသော နောက် နော်ရထာအမည်နှင့် တလုပ်မြို့ကို ပေးတော်မူသည်။ နောက် မင်းရဲကျော်စွာ ဟူသော အမည်နှင့် ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ညောင်ရမ်း၊ ပေါက်မြိုင်၊ သည်ရေကျဲ ငါးခရိုင်ကို ပေးတော်မူသည်။

သမီးတော် ဘိုးတော်ရှင်မယ်ကိုလည်း မိုးညှင်းမင်းတရား ညီတော် ဝပါနော်ရထာသား မြောက်ဘက်နော်ရထာနှင့် စုံဖက်တော်မူသည်။ မြေတူးနှင့် ပေါက်သစ်ကို ပေးတော်မူသည်။

သမီးတော်အငယ် ရွှေအိမ်ရှင်မှကား အိမ်ထောင်မကျခင် လွန်လေသည်။

ရှင်မိဖုရား သား သုံး၊ သမီးတော် သုံး *၊ ပေါင်း ခြောက်ပါး။

သက္ကရာဇ် (၈၃၂) ရှစ်ရာသုံးဆယ့်နှစ်ခု **တွင် မယ်တော် အတုလသီရိမဟာရာဇာဒေဝီ မိဖုရားက အဝကို မစွန့်နိုင် ဟူ၍ တောင်ငူ လက်ျာဇေယျသင်္ကြိုသို့ စေတော်မူ၏။ တောင်ငူစားလည်း ဆက်မြဲကို မဆက်မကပ် နေလေ၏။

## ၉၃။ တောင်ငူသို့ စစ်ချီတက်ပုံ

ဘုရင် မဟာသီဟသူရလည်း အမျက်တော်ရှိ၍ သားတော် အိမ်ရှေ့မင်း၊ သားတော် သတိုးဓမ္မရာဇာတို့ ခုနစ်တပ်ကို တိုက်ဆင်သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် တောင်ငူသို့ ချီရလေ၏။ တောင်ငူစား လက်ျာဇေယျသင်္ကြိုလည်း မွန်မင်း ရှင်စောပုသို့ လက်ဆောင် လက်နက်အများနှင့် စစ်ကူတောင်းရလေ၏။ မွန်မင်း ရှင်စောပုလည်း တိုက်ဆင် နှစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ရှစ်တပ် စီရင်၍ ချီလာရ၏။ ရောက်လျှင် တောင်ငူမြို့တောင်က တပ်ချ၍ နေ၏။ အဝ ဘုရင်က ချီသော အိမ်ရှေ့မင်းတို့ ခုနစ်တပ်လည်း ရောက်လျှင် တောင်ငူမြောက်တွင် တပ်ချ၍ နေသည်။ မိုးသောက်လျှင် သားတော်အလတ် သတိုးဓမ္မရာဇာ ဆင်တော်ချစ်ချင်းကို စီး၍ တောင်ငူမြို့ရှေ့ ကွမ်းဆိပ်တွင် ကမ်းမြင့်ကို ဆင်နှင့် ဆင်းပြီးလျှင် ခေါင်းချောင်းကူး၍ ဆင်မြေဖုံး လုံရှည်ကိုင် သူရဲသုံးရာ**နှင့် မွန်တို့ကို တိုက်လေ၏။ နောင်တော်အိမ်ရှေ့မင်းလည်း ညီတော် တိုက်ကြောင်းကို ကြားလျှင် ဆင်မြင်း စစ်သည် အပေါင်းနှင့် အဆောတလျင် လိုက်ထပ်၍ တိုက်လေ၏။ ယင်းသို့လျှင် မွန်တို့ ရှစ်တပ်လုံး ပျက်၍ တိုက်ဆင်သုံးဆယ်၊ လူသုံးထောင်ကျော် ရတော်မူ၏။ သေလေသည်လည်း များ၏။ မွန်တို့ ပျက်လျှင် တောင်ငူစား လက်ျာဇေယျသင်္ကြိုလည်း အသက်ကို ခွင့်ပြုတော်မူပါ ဟူ၍ လက်ဆောင် လက်နက်အများနှင့် ချောင်းဆိုး သယ်ရာဇာကို စေ၍ လျှောက်လှာရ၏။ အိမ်ရှေ့မင်းလည်း အစ်ကိုသည် ဗမည်းတော်ဘုရား ဆွေ(တော်)မျိုးတော် ဖြစ်သည်။ အစ်ကိုအသက်ကို မသေရအောင် လျှောက်မည်ဟူ၍ မိန့်တော်မူ၏။ လက်ျာဇေယျသင်္ကြိုလည်း ခွင့်ရကြောင်းကို ကြားလျှင် သားမယားကို ယူ၍ ဝင်လာ၏။ ဘုရင် မဟာသီဟသူရလည်း ညောင်ရမ်းစား

---

၁။ အေဒီ ၁၄၇၀ * သမီးတော် ၂ ပါးသာ ရှိနေသည်။ မှန်နန်း-ဇာ(၁၀၀)တွင်မူ "သမီးအလတ် ဘိုးတော်ရှင်သွားလည် စစ်ကိုင်း အရိုးတော်သား သိမ်သူနှင့် စုံဖက်တော်မူသည်" ဟု ပြသည်။ ** သုံးထောင် (မှန်နန်း-၁၀၀)

စည်သူကျော်ထင်ကို တောင်ငူမြို့ကို ပေးတော်မူ၏။ သားတော် အိမ်ရှေ့မင်းတို့ကိုလည်း ပြန်ရသည်။ ရောက်လျှင် လကျာ်ဓလေယျသကြီးကို ထွန်တုံးမှုတက် နှစ်ရာပြကို ပေးတော်မူ၏။

သက္ကရာဇ် (၈၃၃)ရှစ်ရာသုံးဆယ့်သုံးခုနှစ်[1]တွင် ဟံသာဝတီမှာ မွန်မင်း ရှင်စောပု အနိစ္စ ရောက်၍ သမက်တော် ဓမ္မစေတီ မင်းပြုသည်။

သက္ကရာဇ် (၈၃၄)ရှစ်ရာသုံးဆယ့်လေးခုနှစ်[2]တွင် ရေအား၊ ကြည်းအား အများ စီရင်တော်မူ၍ မင်းမိဖုရားနှင့်တကွ ပြည်သို့ ချီတော်မူ၍ ညီတော် ပြည်မင်း၊ ညီတော် သာယာဝတီ သတိုးမင်းစော၊ ဦးရီးတော်လတ် ဥစနာ၊ ဦးရီးတော်ငယ် သမ်ယာတို့ ရှိခိုးပွဲ့လေသည်ကို သာယာချင်သော စကားဖြင့် သိမ်းမြန်းပိုက်ထုပ်တော်မူသည်။ အရေးတော်ပြီးလျှင် မယ်တော် အတုလသိရိမဟာရာဇာဒေဝီ စသော ညီတော်နှစ်ပါး၊ မယ်မတော် နှစ်ပါး၊ ဦးရီးတော် နှစ်ပါး၊ ဆွေတော်မျိုးတော် အပေါင်းနှင့် ဆံတော်ရှင်ဘုရား ရှေ့တွင် ဖူးတွေ့ကြ၍ သုခ, ဒုက္ခ ပြောဟောတော်မူကြ၏။ အတုလသိရိမဟာရာဇာဒေဝီ ရှင်မိဖုရားလည်း စားတော် မနော့လင်ပန်းကို ဆံတော်ရှင် ဘုရားမှာ ထိုးစံလှူတော်မူ၏။ သားတော် ဘုရင်မဟာသီဟသူရလည်း ဆင်တော်မူသော မကိုဋ်တော်ကို ရွှေမျက်ပါးခတ်၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူ၏။ အမိတ္တသိရိမဟာဓမ္မဒေဝီလည်း အဖိုးငွေ တစ်ရာထိုက်သော ယန်တော်မူသော ပတ္တမြားကုံးကို လှူတော်မူ၏။ ဦးရီးတော်, သားတော်, ဆွေမျိုးတော် အပေါင်းတို့လည်း လာလတ္တံ့သော ဘဝတိုင်း၌ အတူသာ ဖြစ်ပါလိုသည် ဟူ၍ တန်ဆာပလာတို့ကို မှုစော်တော်မူကြ၏။ ယင်းသို့မှ အဖိုးအနဂ္ဃဖြစ်သော လက်စွပ်လေးသီကို သားတော်, သမီးတော်, မြေးတော်, မြစ်တော်တို့အား အစေ့အငံ့ ပေးဝေတော်မူ၏။ ဘုရင်မဟာသီဟသူလည်း မယ်တော် အတုလသိရိမဟာရာဇာဒေဝီ မိဖုရားကို ရှိသေစွာ ခယမ်းပြီးလျှင် နေပြည်တော် အဝသို့ ပြန်တော်မူ၏။ ရောက်တော်မူလျှင် သင်ပန်းအရပ်၌ ပဋ္ဌမာလိန္ဓ "ရတနာ မြစည်းခုံ"ကို တည်တော်မူသည်။

သက္ကရာဇ် (၈၃၅)ရှစ်ရာသုံးဆယ့်ငါးခုနှစ်[3]တွင် မင်းမိဖုရား နှစ်ပါး ဆံတော်ကို တံမြက်ကျစ်စေပြီးလျှင် အရိုးကို ရွှေနဝရတ်ကိုးပါးစီ၍ သိန်းဃိုကျွန်း စွယ်တော်မြတ်မှာ တံမြက်တလင်းသုတ်သင်စေခြင်းငှာ ရာဇဗလ ဟူသော အမတ်ကို သိန်းဃိုကျွန်းသို့ စေတော်မူ၍ တင်လှူရလေသည်။ သိန်းဃိုကျွန်း မင်း*သို့လည်း အထူးထူးသော တရုတ်ပုဆိုး, သိုးကတိုးများစွာ ပါးတော်မူလိုက်သည်။ ရာဇဗလလည်း လှတစ်ရာကျော်ခန့်နှင့် ပုသိမ်သင်္ဘောဆိပ်ကသည် သိန်းဃိုကျွန်းသို့ ကူးလေ၏။ ရောက်လျှင် ပါသည့် လက်ဆောင်ကို သိန်းဃိုမင်းအား ဆက်၍ မင်းနှစ်ပါး ဆံတော်တံမြက်ကို စွယ်တော်မြတ်မှာ တင်လှူလေ၏။ သိန်းဃိုမင်းလည်း အထူးထူးသော နံ့သာ, ကရမက်တို့ကို များစွာ လက်ဆောင်တုံ့၍ ထိုနှစ်တွင်ပင် ပုသိမ်သင်္ဘောဆိပ်သို့ ရောက်လာ၏။ အဝသို့ ရောက်လျှင် အားရတော်မူ၍ အဆောင်အယောင် ကျေးဇူး ပေးတော်မူသည်။

## ၉၄။ ညောင်ရွှေ၊ နောင်မွန်၊ ရောက်စောက်သို့ စစ်တက်ပုံ

သက္ကရာဇ် (၈၃၆)ရှစ်ရာသုံးဆယ့်ခြောက်ခုနှစ်[4]တွင် အုန်းပေါင်စော်ဘွားကြီးက ညောင်ရွှေ၊ နောင်မွန်၊ ရောက်စောက်စားတို့သည် မကျိုးမနွံ ပြုသည်၊ စစ်ကူတော်မူပါ ဟူ၍ လက်ဆောင် လက်နက်အများနှင့် လျှောက်လာ၏။ ဘုရင် မဟာသီဟသူရလည်း သားတော် အိမ်ရှေ့မင်း၊

၁။ ခေအီ ၁၄၇၁ ၂။ ခေအီ ၁၄၇၂ ၃။ ခေအီ ၁၄၇၃ ၄။ ခေအီ ၁၄၇၄

* သိဟိုဠ်မင်း Bhuvanekabahu VI (1473-80)

သားတော်အလက် သတို့သမီးမွေ့ရာစောတို့ ဓနုစ်တသယ်ကို တိုက်ဆင် သုံးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ဓနုစ်သောင်းနှင့် ချီရလေသည်။ အုန်းပေါင်စော်ဘွားလည်း ဆင်လုံး၊ မြင်းရုံ၊ အများနှင့် အိမ်ရှေ့မင်းသို့ ပေါင်းလာ၍ ရောက်စောက်၊ နောင်မှန်သို့ ချီ၍ လုပ်ကြသည်။ သုံး၍ လုံ ပျက်၍ စော်ဘွားတို့ ကိုယ်နှင့်တကွ သားမယား ဆင်လုံး မြင်းလုံး သုံ့ပန်းအများ ရတော်မူ၏။ ယင်းသို့မှ ဖြိုစေသုံးဦးကို သစ္စာတော်ပေး၍ အုန်းပေါင်စော်ဘွားနှင့် တစ်ချက်တည်း ထပ်ပေါင်ဖြစ်စေ၏။ အုန်းပေါင်စော်ဘွားလည်း ဆင်ကြီး မြင်းကြီးနှင့်တကွ လက်ဆောင် လက်နက်အများ ဆက်လိုက်၍ ပြန်တော်မူ၏။

## ၉၃။ ကောလိယမြို့ကို တိုက်ယူစေခြင်း

သက္ကရာဇ် (၈၇၇) ရှစ်ရာ့ခုနစ်ဆယ့်ခုနစ်ခု[1]တွင် တောင်ငူ စည်သူကျော်ထင်ကို ဗိုလ်မှူး ခန့်တော်မူ၍ ဓနုစ်တပ်တွင် ပါသည့် တိုက်ဆင် နှစ်ရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ငါးသောင်းနှင့် လိုက်ပြီ ကျေး **ကောလိယ**[2]* သို့ ချီ၍ လုပ်ကြလေ၏။ ရောက်လျှင် မွန်တို့ မံနှင့် သည်ကို ရှုပ်ရှပ်စွာ လုပ်ကြသည်။ မွန်တို့ ပျက်၍ ကောလိယမြို့ကို ရ၍ ပြန်လာ၏။ စည်သူ ကျော်ထင်လည်း ရသည့် သုံ့ပန်း ဆင်မြင်းကို ဆက်လာ၏။

## ၉၄။ တောင်ငူ စည်သူကျော်ထင် သစ္စာစောင့်ပုံ

သက္ကရာဇ် (၈၇၈)ရှစ်ရာ့ခုနစ်ဆယ့်ရှစ်ခု[3]တွင် တောင်ငူမြို့ ကျွန်းသည်ဟူ၍ စည်သူကျော်ထင် ရဲ၍ တည်ပြန်သည်။ သားတော် အိမ်ရှေ့မင်း စသော မှူးတော် မတ်တော်တို့က စည်သူကျော်ထင် ပြီပြီ ရဲ၍ တည်သည်၊ ရှေ့သို့ကို ခြားနားမည် မချွတ်ဟု လျှောက်ကြ၏။ ဘုရင် မဟာသီဟသူရလည်း ငါကျွန်သည် သစ္စာတော်ကို မစောင့်၊ ကျွင့်မည် မဟုတ်။ မင်းတို့ မယုံလျှင် ငါက ဦးသျှောင်ကို ကိုင်၍ ယူစေစိမ့်မည်။ မလိုက်မှ မင်းတို့ လျှောက်သည့်အတိုင်း မှန်သည် အမိန့်တော်ရှိပြီးလျှင် မင်းချင်းတစ်ယောက်ကို တောင်ငူစားသျှောင်ကို ကိုင်၍ ယူချေစေ၏။ စေသူ ရောက်လျှင် သျှောင်ကို ကိုင်၍ယူခဲ့ အမိန့်တော်ရှိကြောင်းကို ပြန်လျှင် စည်သူကျော်ထင်လည်း ငါအရှင် အမိန့်တော်တည်အောင် ဦးသျှောင်ကိုကိုင်၍ အိမ်က ချပါဆို၏။ မင်းချင်းတို့လည်း အမိန့်တော်အတိုင်း တည်အောင် စီရင်ပြီးလျှင် မြင်းလျင်စီး၍ အခြွေအရံ စုံရာနှင့် ရောက်လာ၏။ ဘုရင် မဟာသီဟသူရလည်း အိမ်ရှေ့မင်း စသော မှူးတော်၊ မတ်တော်တို့ကို ခေါ်တော်မူ၍ ငါကျွန်ကို မင်းတို့ မယုံကြည် လျှောက်ကြသည်။ ယခု စည်သူကျော်ထင် ရောက်ပြီ။ ယသို့ လျှောက်ကြမည်နည်း မိန့်တော်မူ၏။ သားတော် အိမ်ရှေ့မင်းတို့လည်း မည်သို့မျှ မလျှောက်ရဲ။ ဦးချ၍သာ နေကုန်၏။ ယင်းသို့မှ အဆောင်အယောင် စားခွက်စားယောက် ပေးတော်မူ၏။ စည်သူကျော်ထင်လည်း ပြန်ရလေ၏။ စည်သူကျော်ထင် မြောက်သားတော်ကား- ဘုရင်မဟာသီဟသူရ မိဖုရား ညီမတော်တည်း။

## ၉၅။ မိုးကောင်း၊ မိုးညှင်းသို့ ချီတက်ပုံ

ထိုသက္ကရာဇ် (၈၇၈)ရှစ်ရာ့ခုနစ်ဆယ့်ရှစ်ခု[3]တွင် မိုးညှင်းစော်ဘွားနှင့် မိုးကောင်းစော်ဘွား စစ်ဖြစ်ကြ၍ နှစ်မြို့လုံးက စစ်ကူတော်မူပါ နားတော်လျှောက်လာ၏။ ဘုရင် မဟာသီဟသူရ

၁။ အေဒီ ၁၅၁၅ ၂။ မွန်စာများ ကောလိယ တွင်သော သစ်တိန်ညင် (မွန်နန်း-၁၈၄) ၃။ အေဒီ ၁၅၁၆

* ကောလိယမြို့သည် ပဲခူးအရှေ့ ၃၂ မိုင် အပါအဝင် ဖြစ်ပြီး ပဲခူးတိုင်း နိုက်ဦးမြို့နယ် အတွင်း၌ တည်ရှိသည်။

လည်း သားတော် အိမ်ရှေ့မင်းကို ဖြို့စေ၍ စေနိုင်ခဲ့တော်မူ၍ သားတော်အငယ် ရမည်းသင်း မင်းရဲကျော်စွာတို့ ငါးတစ်ကို တိုက်ဆင် သုံးရာ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ခုနစ်သောင်း နှင့် ကြည်းကြောင်း ချီရသည်။ ဘုရင်မဟာသီဟသူရမှာ စကြောင်း ၁၂-တပ် စီရင်တော်မူ၍ သူရဲ ခုနစ်သောင်းနှင့် ရွှေဖောင်စီး၍ ချီတော်မူ၏။ ကသာဆိပ်သို့ ရောက်တော်မူလျှင် မိုးညှင်း သို့ ချီတော်မူသည်။ ရောက်တော်မူလျှင် မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့သည် မခံဝံ့၍ လက်ဆောင် လက်နက်အများနှင့် ဝင်လာ၏။ ဘုရင် မဟာသီဟသူရလည်း မိုးညှင်း စော်ဘွားကို ထုတ်ယူတော်မူ၍ တကောင်းမြို့ကို ပေးတော်မူ၏။ မိုးညှင်းမြို့ကိုမူကား မိုးကောင်း စော်ဘွား ညီကို ပေးတော်မူ၏။ ထိုသက္ကရာဇ် (၈၃၈) ရှစ်ရာသုံးဆယ့်ရှစ်ခု[*]တွင်ပင် ပြန်တော် မူ၏။

## ၉၈။ သမိန်ပရမ်းကို ရမိပုံ

မွန်ပြည် ဟံသာဝတီမှာလည်း ဓမ္မစေတီမင်း နန်းတက်လျှင် ယက်မျှတစ်လုံးတည်း ဖြစ်သော ညီတော်ကို သမိန်ပရမ်း ဟူသော အမည်နှင့် စစ်တောင်းမြို့ကို ပေးတော်မူ၏။ စစ်တောင်းစား သမိန်ပရမ်းလည်း ဤသို့ ဓမ္မစေတီမင်းကို လျှောက်သည်။ အရှင်မိဖုရားမြင်ဖယ် သူရဲကောင်းဟူက ကျွန်တော် မကြောက်။ ယခုလည်း သူကောင်းမြတော်မူသည် ကျေးဇူးတော် သည် ဆပ်၍ မပိုင်နိုင် ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ဆင်တော် "ချစ်နောင်ရင်း" နှင့် သူရဲကောင်း လေးသောင်းကိုသာ ပေးတော်မူပါ။ တရုတ်ပြည် ကျေးစပ်ဖြစ်သော ချီး မြို့ တိုင်အောင် ချီ၍ ခြမြားသံတိုင် စိုက်မည်။ တရုတ် ဦးတည်ဘွားကပင် ချီလာသော်လည်း ကျွန်တော် နိုင်အောင် တိုက်မည်။ ယင်းသို့ ခြမြားသံတိုင် စိုက်ရသည်ဖြစ်မှ သားတော်အစဉ် မြေးတော်အဆက်တိုင်အောင် ဥဒါန်းမော်ကွန်း ဖြစ်ရစ်မည်ဟူ၍ နားတော်လျှောက်၏။ ဓမ္မစေတီ မင်းလည်း သည်အရေးသည် သင့်လှသည်ဟူ၍ လျှောက်သည်အတိုင်း ခြမြားသံတိုင် စိုက်စေဟု မိန့်တော်မူ၏။ သမိန်ပရမ်းလည်း အရပ် ခုနစ်တောင်ရှိသော ဆင်တော် ချစ်နောင်ရင်းကို စီး၍ သူရဲကောင်း လေးသောင်း[*]နှင့် သက္ကရာဇ် (၈၃၉) ရှစ်ရာသုံးဆယ့်ကိုးခု[၂]တွင် ချီသည်။

သမိန်ပရမ်းလည်း ဟံသာဝတီ ကျေးစပ်တွင်းက လွန်၍ တောင်ငူကျေးသို့ ရောက်လျှင် တောသို့သာ ချီသည်။ တောင်ငူက လွန်၍ ရမည်းသင်းကျေးသို့ ရောက်လျှင်လည်း အသိအပါး မရှိ၊ တောကိုသာ ချီ၍ ကင်းတားရင်[**]ကို တက်လေ၏။ ယင်းကမှ သုံးဆယ်၊ မိုင်းလုံး၊ မိုးမိတ်ကို ချီ၍ ချီး သို့ ရောက်လျှင် ခြမြားသံတိုင် စိုက်လေ၏။ ချီးစားလည်း မဆီးမတား ငုံ့ခံ၏။ ဟံသာဝတီက ခြမြားသံတိုင် စိုက်လာကြောင်းကို မိုးစစ်စားသို့ လျှောက်လေ၏။ မိုးစစ်စားလည်း တရုတ် ဦးတည်ဘွားသို့ လျှောက်ရလေ၏။ တရုတ်ဦးတည်ဘွား ကြားလျှင် ခြမြားသံတိုင်ကို နုတ်၍ ပစ်ချေ ဟူ၍ တောင်စစ်သူကြီးကို ခန့်၍ မြင်း နှစ်သိန်း၊ စစ်သည်သူရဲ တစ်သန်းနှင့် ချီလာ၍ သံတိုင်နုတ်လှာရ၏။

သမိန်ပရမ်းလည်း ခြမြားသံတိုင် စိုက်ပြီးလျှင် ကြေးဝါး၍ ပြန်လာ၏။ ထိုအကြောင်းကို ဘုရင် မဟာသီဟသူရ ကြားတော်မူလျှင် သားတော်အိမ်ရှေ့မင်း၊ သားတော်အလတ် သတိုး

[၁] ဧပြီ ၁၄၇၆ [၂] ဧပြီ ၁၄၇၇ [*] ဟံသာဝတီ အရေးတော်ပုံမှာ လေးသိန်းချီသည် ဟူ၍ ဆိုလေသည်။
[**] သင်းတားရွာ (မှန်နန်း-၁၀၆)

မွေးရာဇာ၊ သားတော်အလယ် မင်းရဲကျော်စွာတို့ကို အလုံးအရင်း အများနှင့် ရမည်းသင်းက ဆီးကြို၍ သမိန်ပရမ်းကို တိုက်ရလေ၏။ သမိန်ပရမ်း စစ်သည်တို့လည်း များနှာ တော်မှတ်သည်နှင့် ရှုံး၍ မတိုက်ပဲမှေး သမိန်ပရမ်းမှုသား ဆင်ချစ်နောင်ရှင်းကို စီး၍ မိမိလူရဲ လေးသောင်းနှင့် ရလာ၏။ ယင်းသောအခါ သတိုးမွေးရာဇာ ဆင်ချစ်ချင်းကို စီး၍ တိုက်တော်မူသည်။ ဆင် သုံးဆယ်ကျော်လည်း အချည်း၍ တိုက်လျှင် သမိန်ပရမ်း မခံနိုင်၍ ဆင်တစ်စီးနှင့်သာ ပြေးလေ၏။ မြင်းသုံးထောင်နှင့် လိုက်၍ ဖမ်းရသည်။ သမိန်ပရမ်း စီးသောဆင် ပန်းလှ၍ အင်းကြီးတစ်ခုကို တွေ့လျှင် ရောက်ဆင်း၍ နေလေ၏။

လိုက်စေသော မြင်းသုံးထောင်သားတို့လည်း အင်းကို ဝန်းရံ၍ နေလေ၏။ အိမ်ရှေ့မင်းတို့ နောက်ထပ် ရောက်လာ၍ ရောက်လျှင် မထွက်ရအောင် အင်းကို ဝန်းရံ၍ စောင့်ရ၏။ သမိန်ပရမ်းလည်း ထမင်းသုံးနပ် မစားရသည်နှင့် ဆင်ထက်တွင် ညိုးနွမ်းစွာ ရှိသည်ကို အိမ်ရှေ့မင်း မြင်လျှင် သမိန်ပရမ်းသည် ယခုမှကို ငါလက်တော်က လွှတ်နိုင်မည် မဟုတ်။ သည်ထမင်းကို စား၍ ကျွန်တော် ခံလာတော့။ ခမည်းတော်ဘုရားကို လျှောက်၍ သူကောင်း ပြုတော်မူမည်ဟု လှလယ်တစ်ခွင်းနှင့် လူနှစ်ယောက်ကို စေတော်မူ၏။ သမိန်ပရမ်းလည်း ထမင်းသုံးနပ် မစားရသည်နှင့် ဆာမွတ်လှ၍ ထမင်းကို စားပြီးလျှင် ကျွန်တော် ခံလေ၏။ အိမ်ရှေ့မင်းလည်း သမိန်ပရမ်းကို ရတော်မူလျှင် ခမည်းတော်ကို ဆက်လှာ၏။ ဘုရင် မဟာသီဟသူရလည်း မှူးတော်မတ်ရာ အဆောင်အစား ပေးတော်မူ၍ မြှောက်စားရ၏။

## ၉၉။ တရုတ်တို့ ချီတက် ရန်စပုံ

တရုတ်ဦးတည်ဘွားက မြေခြားသံတိုင် နုတ်ချေ စေသော တရုတ်စစ်သူကြီးတို့လည်း ရန္တီသို့ရောက်လျှင် မြေခြားသံတိုင်ကို နုတ်၍ အဝသို့ အမတ်တစ်ယောက်ကို မြင်းတစ်သောင်းနှင့် စေလှာ၏။ စေဟန်ကား–

ရွှေပုဂံဝယ် နေ၍ရထားမင်းစောလက်ထက် ရွှေပေါင်းချောင်၊ ငွေပေါင်းချောင် ဆက်မှုသည်။ အစဉ်အတိုင်း ဆက်ကောင်း(သည်)စေလှာ၏။ ဘုရင်မဟာသီဟသူရလည်း ခမည်းတော် ဘုရင်နရပတိ လက်ထက်တော်တွင်လည်း အစဉ်အရိုး မရှိကြောင်းကို ဆို၍ နေရလေပြီးသည်။ ငါ ပေးတွက်မရှိ ဟူ၍ မိန့်တော်မူ၏။

## ၁၀၀။ တရုတ်တို့ အရေးစကား ဆိုပုံ

တရုတ်သံတို့လည်း ရွှေနန်းသခင် သည်ကဲ့သို့ မိန့်လျှင် ရန်စစ်ကြီးစွာ ဖြစ်တော့မည်။ ရွှေနန်းသခင်က သူရဲကောင်း၊ မြင်းတစ်စီး၊ တို့က သူရဲကောင်း၊ မြင်းတစ်စီး စီးချင်းတိုက်စိမ့်မည်။ ရွှေနန်းသခင်က နိုင်လျှင်လည်း ငါတို့က ပြန်တော့မည်။ ငါတို့က နိုင်လျှင်လည်း ငါတို့အရှင်က တောင်းသည်ကို ပေးရမည် ဟူ၍ လျှောက်လှာ၏။ ဘုရင် မဟာသီဟသူရလည်း သားတော် အိမ်ရှေ့မင်း စသော မှူးတော်မတ်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူ၏။ ထိုအခါ အိမ်ရှေ့မင်း လျှောက်သည်။ တရုတ်တို့သည် မြင်းစီးအရာ၌ နိုင်လှသည်။ ကျွန်တော်တို့က မည်မည်ရှားရှား လူနှင့် တောန်ချေ။ အစီးအနင်း ကျင်လည်၍ အရေးအရာ တတ်သူနှင့်မှ သင့်မည်။ မွန်အမတ် သမိန်ပရမ်းကိုခေါ်၍ စုံစမ်းတော်မူ ဟူ၍ နားတော်လျှောက်၏။ ဘုရင်မဟာသီဟသူရလည်း

သမိန်ပရမ်းကို ခေါ်၍ စုစမ်းတော်မူသော် ဖျူဒိဝ်မြေပြင်ဝယ် ဆင်လျှင်လည်း တစ်စီးချင်း၊ မြင်းလျှင်လည်း တစ်စီးချင်း၊ မြေလျှင်လည်း တစ်ယောက်ချင်း ကျွန်တော် ကြောက်သူ မရှိ၊ ကြိုက်သည့် မြင်းကိုသာ သနားတော်မူပါ။ အရေးလုအောင် အမှုတော်ကို ထမ်းပါမည် ဟူ၍ နားတော်လျှောက်၏။ ဘုရင် မဟာသီဟသူရလည်း ဇေယ်တွင်ရှိသည့် မြင်းမှုန်ရာကျော်၊ မှူးတော် မတ်တော်တို့ကျွင် ရှိသည့် မြင်းများကို ပြသော် မကြိုက်။ ကျွန်တော် ကြိုက်သည့် မြင်းကို ရှာပါဦးမည် နားတော်လျှောက်၏။ မြို့အလုံးကို လှည့်ပတ်၍ ကြည့်ရှုရာသော် မုဆိုးမ တစ်ယောက်(မှာ) မြင်းနီတစ်စီးသည် ကြမ်းကြုတ်လှ၍ မစီးဝံ့သောကြောင့် လွှတ်၍ ထားရသည်ကို ကျုံးနားတွင် တွေ့လေ၏။ သမိန်ပရမ်းလည်း မြင်းနီမနက်ကျည်းရောက်ကို ရအောင် ဖမ်းပါ၊ စီးနင်းရမည့် ထင်သည် ဟူ၍ ဆို၏။ အမှူးအမတ်တို့လည်း သည့်မြင်းသည် ကိုက်တတ်လှသည်၊ မဖမ်းဝံ့ရ ဆိုကုန်၏။ သမိန်ပရမ်းလည်း စက်ကိုကိုင်၍ ချဉ်းလေ၏။ မြင်းလည်း ကိုက်မည် လိုက်သည်ကို မြင်းအာစပ်ကို ကိုင်၍၊ စက်ကို နှုတ်သည့်၍၊ မြင်းသို့ တက်ထည့်၍ စီးလေ၏။ မြင်းလည်း အကုန် ပြေးထွက်လေ၏။ သမိန်ပရမ်းလည်း မြင်းလိုသို့ လိုက်၍ စီးလေ၏။ ပင်ပန်းနွမ်းနယ်လှမှ ယူ၍ ဤသို့ နားတော်လျှောက်၏။ သည့်မြင်းကို ကျွန်တော် ရက်လည် အောင် စီးပါဦးမည်။ မည်သည့်နေ့ရက်ကို စီးချင်းတိုက်စိမ့်မည် ဟူ၍ မှာတော်မူတော့ နားတော် လျှောက်လျှင် ဘုရင်မဟာသီဟသူရလည်း အားရတော်မူ၍ တရုတ်စလုံကျော်ခေါင်ကို ရအောင် ယူနိုင်လျှင် မြေရင်းတော်တွင် ပျော်လည်း မှူးကြီးမတ်ကြီးတို့ အဆောင်အယောင် အစီးအနင်း နှင့်တကွ ခရိုင်မြို့ပြ ပေး၍ ငါ သူကောင်းပြုတော်မူမည်။ ယင်းသို့ မကြိုက်၊ ဟံသာဝတီသို့ သွားလိုလျှင်လည်း ငါ လွှတ်တော်မူမည်ဟု မိန့်တော်မူ၏။

၁၀၁။ တရုတ်သူရဲ စလုံကျော်ခေါင်နှင့် သမိန်ပရမ်းတို့ပွဲ

သမိန်ပရမ်းလည်း ဘုန်းတော်ကြောင့် စလုံကျော်ခေါင်ကို ရပါလမည်ဟူ၍ နားတော် လျှောက်၏။ ယင်းသို့မှ မည်သည့်နေ့ရက်ကို စီးချင်းတိုက်စိမ့်မည် ဟူ၍ တရုတ်တို့ တပ်သို့ စေတော်မူ၏။ ချိန်းချက်သည့် နေ့ရက်သို့ ရောက်လျှင် ဘုရင်မဟာသီဟသူရ စီးတော်မူသော ပဏ္ဍုမြားက၊ စွဲတော်မူသော ပဏ္ဍုမြားများ၊ ဘုရင်တပ်သော မွေးချင်ဝတ်လုံ သည့်အများကို ပေးတော်မူ၍ ဆင်ယင်ဝတ်စားရကုန်၏။ သမိန်ပရမ်းလည်း ဆင်ယင်ဝတ်စားပြီးလျှင် ဘုရင် မဟာသီဟသူရကို ဦးသုံးကြိမ် ချ၍ တရုတ်ဘာသာ တတ်သော သူကို ခေါ်၍ တပ်ပွဲသို့ ထွက်လေ၏။

တရုတ်အမတ် စလုံကျော်ခေါင်လည်း မြင်းဖောင်းဝက်ကို စီး၍ အမောင်း အချိန် သုံးပိဿာကို ကိုင်၍ တပ်က ထွက်လာ၏။ သမိန်ပရမ်းကို မြင်လျှင် အစ်ကိုလည်း အမတ် သူရဲကောင်း၊ ငါလည်း အမတ်သူရဲကောင်း ဖြစ်သည်။ သုံးကြိမ်စေအောင် မြင်းရေးစီးကြဦးမည်။ ယင်းသို့မှ အရ တိုက်ကြစို့ ဆို၏။ စလုံကျော်ခေါင်လည်း အရေးအရာ သုံးကြိမ်စီးပြီးလျှင် လက်ဝါးကိုပြ၍ အရတိုက်တော့မည် စလုံကျော်ခေါင် ဆို၏။ သမိန်ပရမ်းလည်း တိုက်တော့ ဆိုပြီးလျှင် မြင်းကို အကုန်လွှတ်၍ နီးလျှင် စလုံကျော်ခေါင်လည်း မိမိ စွဲသော ဓားမြှက် လက်ဝါးလောက်ကို ကိုင်၍ ခုတ်မည် ပြု၏။ လက်ကို ကြွရာတွင် သံချပ်ကြိုး ပြတ်သည်ကို သမိန်ပရမ်းမြင်၍ လှံနှင့်ထိုးသည့်။ စလုံကျော်ခေါင် မြင်းထက်က ကျလေ၏။ သမိန်ပရမ်းလည်း

ကျုံးမှ ခေါင်းကို ဖောက်၍ရလျှင် မြင်းကို အကုန်လွှတ်၍ မြို့တွင်းသို့ ဝင်လာ၏။[၁၀] မြို့ထိပ် ကျုံးနားကာစနေသော လူ့ရဲကန်း အပေါင်းတို့လည်း ကြောက်ကြ၍ ဝမ်းမြောက်ဝမ်းသာ မျိုးမှန် ကြားတော်မူ၏။ ဘုရင်မဟာသီဟသူရလည်း အားရတော်မူ၍ ဤသို့ မိန့်တော်မူ၏။ ရွှေနန်းသခင် ဘုရင်မင်းခေါင်လက်ထက်တော်၌ မှန်မင်း ရာဇာဓိရာဇ်သမက် သမိန်ပရမ်းကို မြင်းစီးချင်း တိုက်ရသည်။ ယင်းသောခါ တရုတ်ကာလဗေါ် ခေါင်းကို ဖြတ်ရသည်ဟူ၍ ကြားရသည်သာ။ မင်းတို့ရှေ့ ယခုမူကား သမိန်ပရမ်းသည် အမတ်သူရဲကောင်းဖြစ်၍ စလုံကျော်ခေါင် ခေါင်းကို ဖြတ်သည်ကို ငါ မြင်ရပေသည်။ ငါ့မြေတော်ရင်းတွင် လျော်လည်း မှန်မင်း ဓမ္မစေတီက သူကောင်းပြုသကဲ့သို့ ငါ သူကောင်းပြုတော်မူမည်။ ဟံသာဝတီသို့ သွားလိုသောစိတ် ရှိလျှင်လည်း ငါက လျော်ကားနှင့် ပို့စေမည် ဟူ၍ မိန့်တော်မူ၏။ သမိန်ပရမ်းလည်း ကျွန်တော်တွင် သမီး၊ သား၊ အများ ရှိပါသည်။ ကျွန်တော်ကို သနားတော်မူ၍ လွှတ်တော်မူပါမှ သမီး၊ သား များနှင့် မြင်ရပါမည်ဟူ၍ နားတော်လျှောက်၏။ ဘုရင်မဟာသီဟသူရလည်း အဆောင် အယောင် အခမ်းအနားများနှင့်တကွ ပေး၍ လျော်ကားလက်ပြည့်နှင့် ဟံသာဝတီသို့ ပို့ရလေ၏။ ရောက်လျှင် မှန်မင်း ဓမ္မစေတီလည်း အားရတော်မူ၍ ပို့လာသသူတို့ကို ဆုလာဘ်ပေးပြီးလျှင် ဘုရင်မဟာသီဟသူရသို့ အလှူအဖွဲ့သော တည်းမျိုးအုပ်မျိုး များစွာ ပေးလိုက်၏။

## ၁၀၂။ ပြည်စုန်မင်း မဟာသီဟသူရ နတ်ရွာစံခြင်း

ဘုရင်မဟာသီဟသူရကား—ဘုန်းတော် အာဏာတော်နှင့် ပြည့်စုံတော်မူ၏။ ပြုတော်မူသော ကောင်းမှုတော်ကား—သင်ပန်းအရပ်၌ ပဉ္စမာလိနှရတနာမြစည်းခုံနှင့် ရွှေကျောင်းတော် ၁၊ ရွှေစည်းခုံအောက် ရွှေသိမ်တော် ၂၊ ပုဂံ ရွှေကျောင်းတော်တွင် ဇေတဝန်ကျောင်းတော် ၃၊ ရွှေစည်းခုံအောက် ရန်အောင်မြင် ရွှေကျောင်းတော် ၄၊ ရတနာ စေတီတွင်းဝယ် ရွှေကျောင်းတော် ၅၊ ထုပါရုံ တွင်းဝယ် ရွှေကျောင်းတော် ၆၊ ဖွားတော်မူသော စစ်ကိုင်းမြို့တွင်းဝယ် ရွှေကျောင်းတော် ၇၊ မြောက်ပေါက် အရပ်၌ ရတနာမဟ္ဂဘုရားနှင့် ရွှေကျောင်းတော် ၈၊ သီရိမွှားသောကာမင်းသည် ဘုရားပျိုးမစိုးတော်ဓာတ်ကို တည်တော်မူသော မုစ္ဆ လေးဘုရားသခင်ကိုလည်း လေးမျက်နှာ ကျောင်းလည်း ထပ်၍ လုပ်တော်မူသည် ၉။ ဤသို့သော ကောင်းမှုတော်တို့ကို ဝတ္တုကံ မြေကျွန်များစွာ လှူတော်မူ၏။ ကိုယ်တော် မမန်းသော ရှိတော်မူသောအခါ တောင်ငူ စည်သူကျော်ထင်ကို ခေါ်တော်မူ၍ သားတော်အကြီးကို သားတော်အလတ် သတိုးဓမ္မရာဇာ၊ သားတော်အငယ် မင်းရဲကျော်စွာတို့သည် မကျိုးမနွံပြုလျှင် သားတော်အကြီးက ကူညီ၍ ဆုံးမရစ်။ သားတော် အလတ်၊ အငယ်တို့သည် နောင်တော်အကြီးကို ကျိုးနွံမယမ်းလျှက်ကို ငါသား

---

၁၀ ဆင်းတကျင် မင်းခေါင် ၁ (၁၃၈၀–၁၄၂၂) လက်ထက် မှန်သူရဲကောင်း သမိန်ပရမ်းနှင့် တရုတ်သူရဲ ကာမဏီ မြင်းစီးချင်း ထိုးသည်။ [illegible] ပြည်စုန်မင်း မဟာသီဟသူရ (၁၄၀၀–၁၄၂၂) လက်ထက် မှန်သူရဲကောင်း သမိန်ပရမ်းနှင့် တရုတ်သူရဲ စလုံကျော်ခေါင် [illegible] [မင်းခေါင် (၁) လက်ထက် မှန်သူရဲကောင်းနှင့် တရုတ်သူရဲ ကာမဏီ [illegible]]

အိမ်ရှေ့မင်းသည် ငါ့အမိန့်တော်ကို မတည်ရ၊ ညည်းဆဲနှိပ်စက်လျှင် သားတော်အလယ်က ကူရစ် ဟူ၍ မှာတော်မူ၍ အိမ်နိမ့် ၄၂၊ ညည်းစိမ် ၁၂၊ သက်တော် ၅၄ သော် အနှစ်၌ ရောက်တော်မူ၏။ နံတော် အင်္ဂါသားတည်း။

နတ်ပြည်စံတော်မူလျှင် တောင်ငူ စည်သူကျော်ထင်လည်း ငါ့အရှင် အရိုးတော်ကို ငါလွယ်၍ ရေမှာချမည် ဆိုပြီးလျှင် အရိုးတော်ကို လွယ်၍ ရွှေလှော်ကားနှင့် မြစ်မှာ မျှောလေ၏။

## ၁၀၃။ ဒုတိယမင်းခေါင်[၁] နန်းတက်တော်မူခြင်း

သက္ကရာဇ် (၈၄၂) ရှစ်ရာလေးဆယ့်နှစ်ခု[၂]တွင် သားတော်အကြီး အိမ်ရှေ့မင်းသည် သီရိသုဓမ္မရာဇာဓိပတိ ဟူသော အမည်တော်ကိုခံ၍ မင်းပြုတော်မူ၏။ ရှင်မိဖုရားမှာ အတုလ သီရိမဟာဒေဝီ ဟူသော အမည်နှင့် ဘိသိက်ခံရသည်။ သားတော်အကြီး- ယင်းသောအခါ သက်တော် ခုနစ်နှစ် အရွယ်ရှိသော သူကိုလည်း မဟာသီဟသူရ ဟူသော အမည်နှင့် အိမ်ရှေ့ အရာ ထားတော်မူ၏။

အတုလသီရိမဟာဒေဝီ ရှင်မိဖုရား အကြောင်းတော်ကား- ထုပါရုံ ဒါယကာ နရပတိ သမီးတော် တွင်းသင်းမင်းသမီး ရွှေအိမ်သည်နှင့် ပုခန်းမင်း သီဟပတေ့နှင့် စုံဖက်တော်မူရာတွင် မြင်သည် သမီးတော်ကို ဆယ်နှစ်နှစ်ရွယ်ကပင် ဘိုးတော် နရပတိ မြေးတော်နှစ်ပါးကို စုံဖက်တော်မူ၍ နေဘ်ရထာ ဟူသော အမည်ကို ပေးတော်မူသည်။ စုံဖက်၍ များမကြာ ယောက္ခမတော် ပုခန်းမိဖုရား လွန်တော်မူသည်။ ပုခန်းမိဖုရား ဆင်ယင်ဝတ်စားသော တန်ဆာကို ရောင်း၍ ထိုဝတ္ထုနှင့် ထုပါရုံဘုရားရင် အရှေ့မြောက်ယွန်း၌ ရတနာဇိမာန်ကျောင်းကို သမက်တော် နေဘ်ရထာကို ဝန်ပြုစေ၍ တည်လုပ်ရသည်။ ကောင်းမှု ပြီးလျှင် ဘုရင်နရပတိ ရှိစဉ်ကပင် မင်းမိဖုရားနှစ်ပါး ကူး၍ ရှင်မဟာတောဝဒ္ဓ အား တင်လှူတော်မူသည်။

အတုလသီရိမဟာဒေဝီ ရှင်မိဖုရား သားတော်၊ သမီးတော်ကား-သားတော်အကြီး မဟာ သီဟသူရ ဟူသော အမည်နှင့် အိမ်ရှေ့နေရသည် တစ်ပါး။ မြောက်သားတော်ကား မည်းတော် နှမတော် စလင်းမိဖုရား သမီးတော်အကြီး တည်း။ ညီတော်ရှင်ဆွေ တစ်ပါး။ မြောက်သားတော် ကား နောင်တော်မိဖုရား ညီမတော် သားတော် နှမတည်း။

နှမတော်ရိုးမင်း တစ်ပါး။ မြောက်သားတော် စလင်းမင်း သီရိဇေယျနော်ရထာ သားတော် မင်းဦးတည်တည်း။

ညီမတော် ရှင်မဘွားဆော အိမ်ထောင်မကျ တစ်ပါး၊ သားတော် ၂၊ သမီးတော် ၂ ပေါင်း လေးပါးတည်း။

တောင်နန်းမိဖုရား ညီမတော် တန်ဆောင်မိဖုရားတွင် မြင်သော သားတော်၊ သမီးတော် ကား- သားတော် သိမ်သူတစ်ပါး၊ ညီတော် မင်းကြီးလတ် တစ်ပါး၊ ညီတော် မင်းကြီးဆွေ တစ်ပါး၊ နှမတော် မင်းလှမြတ် တစ်ပါး၊ မြောက်သားတော်ကား တောင်တွင်းမင်းကြီး သီရိဇေယျသူရ သားတော် စစ်သားမင်းကြီးနှင့် ရွှေနန်းရှင် နရပတိ မင်းခြစ်မှ စုံဖက်တော် မူသည်။ ညီတော်မင်းဆွေ တစ်ပါး၊ ညီမဘုန်းထွတ် တစ်ပါး၊ သားတော် ၃၊ သမီးတော် ၃၊ ပေါင်း ခြောက်ပါးတည်း။

---

၁။ အင်းဝသုဓမ္မ မင်းခေါင် ၂ (အေဒီ ၁၄၈၂-၁၅၀၂)။ မင်းခေါင် ၂ ကို ပြည်ရှိ သီဟသူရမင်းနှင့် မိဖုရားကြီး အမိဘုရားသီရိမဟာဒေဝီ တို့မှ မွေးဖွားသည်။ ၂။ အေဒီ ၁၄၈၀

ပြည်မင်း မင်းကြီးစွာ သမီးတော်(မိ) ဘုန်းကြီး မိဖုရားတွင် သမီးတော် ငယ်ကလျှံနှင့်သည် တစ်ပါး။ ဒုတိယမင်းခေါင် မိဖုရား သုံးပါးတွင် မြင်သည် သားတော် ၅၊ သမီးတော် ၆၊ ခေါင်း တစ်ဆယ့်တစ်ပါးတည်း။

ဒုတိယမင်းခေါင် နန်းတက်တော်မူလျှင် တောင်ငူ စည်သူကျော်ထင်ကို အငှားမှာ သေနာပတိ ခန့်တော်မူ၍ ပြည်အလုံးကို စီရင်(ရ)သည်။ ထိုအခါ ယောက်ျားတစ်ယောက်သည် မြယာသိ ခြိမ်းခြောက်၏။ ထိုစကားကို သူငယ်ကို မင်းကြီး သတိုးလေင်းက ရှိလာသည်ဟူ၍ မြယာသိ ခြိမ်းခြောက်၏။ ထိုစကားကို သူငယ်ကို မင်းကြီး သတိုးလေင်းက ရှိလာသည်ဟူ၍ တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် တစ်ယောက်ကသည် တစ်ယောက် စကားပွားများ၍ တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏။ ပြည်သူတို့လည်း ထိတ်လန့်ကုန်၏။ စည်သူကျော်ထင်လည်း လန့်ရင်းကို စစ်ဆေးလေ၏။ ပြည်သူတို့လည်း ထိတ်လန့်ကုန်၏။ စည်သူကျော်ထင်လည်း ကစားရာမှ** ပြယာသိခြိမ်းခြောက်ရာတွင် ထိတ်လန့် ယောက်ျားတစ်ယောက်သည် သူငယ်ကို ကစားရာမှ** ပြယာသိခြိမ်းခြောက်ရာတွင် ထိတ်လန့် သည် ဟူ၍ လျှောက်လေကုန်၏။ စည်သူကျော်ထင်လည်း ထိုယောက်ျားကို စစ်၍ ရလျှင် "ပွားတစ်စက်ကြောင့် ပြည်ပျက်သည်၊ ဆန်စကားစွက်၍ ပြည်ပျက်သည်"ကို နှင့် မကြားဖူးလော ဆိုပြီးလျှင် ထိုသူကို ကွပ်လေ၏။

ဒုတိယဘုရင်မင်းခေါင်ကား အိမ်ရှေ့စံတော်မူကတည်းကပင် ဘုရားတည်မည် ဟူ၍ အုတ်၊ကျောက် စုသည်နှင့် ခမည်းတော် နတ်ပြည်စံတော်မူ၍ အထွတ်အမြတ် ရောက်တော် မူလျှင် နန်းတက်တော်မူသည်နှစ် သက္ကရာဇ် (၈၄၂) ရှစ်ရာလေးဆယ့်နှစ်ခု[1]တွင် တံတားဦးအရပ်၌ မင်္ဂလာစေတီ ဘုရားကို တည်တော်မူသည်။

## ၁၀၄။ သတိုးမှူးရာဇာနှင့် မင်းရဲကျော်စွာတို့ ခြားနားပုံ

သက္ကရာဇ် (၈၄၃)ရှစ်ရာလေးဆယ့်သုံးခု[2]တွင် လေင်းနှင့် ဆယ်မြို့ကို စားသော ညီအလတ် သတိုးမှူးရာဇာနှင့် ရမည်းသင်းနှင့် ရေလွှဲငါးခရိုင်ကို စားသော ညီတော်အထွေး မင်းရဲကျော်စွာ သောင်းကျန်း ပုန်ကန်လေ၏။ ဤသို့ ခြားနားရိုင်းပျသော အကြောင်းကို ကြားတော်မူလျှင် တောင်ငူ စည်သူ ကျော်ထင်သို့ စေတော်မူ၏။ စေပုံကား– ခမည်းတော် အမိန့်တော်အတိုင်း မတည်ရ။ လေင်းစား၊ ရမည်းသင်းစားတို့ ခြားနားလေသည်။ အစ်ကိုက အလုံးအရင်းနှင့် ရမည်းသင်းသို့ ချီ၍ ရေလွှဲငါးခရိုင်ကို ဖျက်ဆီးလေ။ ခြေရင်းတော်ကလည်း ရာဇသင်္ကြံ၊ သက်တော်ရှည်တို့ကို ဆင်လုံး မြင်းရင်းနှင့် ချီလာစိမ့်မည်ဟူ၍ စေတော်မူ၏။ စည်သူကျော်ထင် လည်း ငါ့အရှင် မှာတော်မူခဲ့သည် အမိန့်တော်ရှိချေသည်ဟူ၍ အလုံးအရင်း စီရင်၍ ရမည်းသင်း သို့ ချီလာ၏။ ရမည်းသင်းသို့ ရောက်လျှင် အဝက တပ်ကို မင့်အဲ မင်းရဲကျော်စွာက ခံလာသော တပ်ကို တိုက်သည်၊ ပျက်လေ၏။ မင်းရဲကျော်စွာလည်း ခံစေသော တပ်ပျက်လျှင် ရဲလုလင် ဟူသော ဆင်ကိုစီး၍ ဆင်ကုအမတ် သုံးကျိပ်၊ စစ်သည်သူရဲ နှစ်သောင်း[3]နှင့် မြို့ကထွက်၍ တိုက်လေသည်။ စည်သူကျော်ထင် တပ်ပျက်၍ စည်သူကျော်ထင်ကို သူက ရလေ၏။

အင်းဝက ချီလာစေသော ရာဇသင်္ကြံတို့ ရမည်းသင်းသို့ ရောက်လျှင် မင်းရဲကျော်စွာ လည်း အင်အားမတန်သောကြောင့် မြို့ကထွက်၍ မတိုက်ပုံ။ မြို့ကို အခိုင်အလုံပြု၍ ခံလေ၏။ ရာဇသင်္ကြံတို့လည်း ပြောင်းသေနတ် ထုထပ်လှသောကြောင့် မြို့ကို ချဉ်း၍ မတိုက်ပုံချေ။ အဝေးက ခွာ၍သာ နေရချေသည်။ နှစ်လခန့်ရှိလျှင် ခေါ်တော်မူ၍ ပြန်ရသည်။ စည်သူကျော်ထင်

[1] ၁၄၈၀  [2] ၁၄၈၁  [3] နှစ်သောင်း (မှန်နန်း–၁၀၄)  * ပြက်ရယ် (မှန်နန်း–၁၀၂)
** ကျီးသယ်ရာမှ (–ထို–)

ဆုံးခဲ့လျှင် တောင်ငူမြို့ကို စည်သူကျော်ထင်သား စည်သူငယ်ကို ထိုသက္ကရာဇ် (၈၄၃) ရှစ်ရာ 
လေးဆယ့်သုံးခု[၁]တွင် ပေးတော်မူသည်။

## ၁၀၅။ ပြည်မင်းနှင့် အရေးပြီးပုံ

သက္ကရာဇ် (၈၄၄) ရှစ်ရာလေးဆယ့်လေးခု[၂]တွင် ပြည်မြို့ကို မင်းပြုသော ဘထွေးတော် မင်းကြီးစွာ အနိစ္စ ရောက်တော်မူ၍ ဘထွေးတော်အငယ် သတိုးမင်းစောသည် သားယာဝတီက မကွေး၊တိုင်အောင် ရေအား, ကြည်းအား ဆန်လာ၍ ထီးပါးလှာ၏။ ထိုနှစ်တွင်ပင် ဘုရင်မင်းခေါင် ကြားတော်မူလျှင် မှူးတော် မတ်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူသည်။ ယင်းသောအခါ သက်တော်ရှည် လျှောက်သည်ကား– ယခုသည် နိုင်ငံတော်ဖြစ်သော မြို့ရွာ မင်းရဲကျော်စွာတို့လည်း မြားနားလေသည်။ ယခုလည်း ဘထွေးတော် ပြည်မင်းက တွေးရွှန် ဥဆာ ရှမ်းတို့က အထီအပါး အရှုအန များလှသည်။ ညီတော် သတိုးဓမ္မရာဇာ၊ ညီတော် ရွာနားကို ထီးပါးပြန်သည်။ သည်အရေးကို ဆောက်သော် မှူးတော် မတ်တော်တို့ကိုသာ ခန့်တော်မူ၍ မသင့်ချေ။ ရေတပ်, ကြည်းတပ်, ဆင်လုံးမြင်းရင်း လေ့တပ်အများ စီရင်ခန့်ရန် တော်မူ၍ ဘုန်းကြီးသည့်အရှင် ချီတော်မူမှ တစ်ဖက်သားရှုံး၍ ကြောက်ရွံ့ခန့်ညားမည် ဟူ၍ နားတော်လျှောက်၏။ ဒုတိယဘုရင်မင်းခေါင်လည်း လျှောက်သည့်အရေးကို ကြိုက်တော်မူ၍ ကြည်းတပ် ၁၅–တပ်မှာ တိုက်ဆင် သုံးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် မင်းကြီးသီဟသူကို ဗိုလ်မှူးခန့်တော်မူ၍ ကြည်းကြောင်း ချီရသည်။ ရေတပ် ၁၅–တပ်မှာ ကထ္တူလွှန်းကြင် သုံးရာ၊ လှော်ကားသံလှေ သုံးရာ၊ တန်ဆွက်လှေငယ် တစ်ရာ၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ရတနာရွှေဖောင်တော်စီး၍ ချီတော်မူသည်။ မလွန်သို့ ရောက်တော်မူလျှင် ရေတပ်, ကြည်းတပ်ဖက်၍ နေတော်မူသည်။ ဘထွေးတော် ပြည်ဘုရင် သတိုးမင်းစောကလည်း ရေတပ်, ကြည်းတပ်ဖက်၍ အနိုင်အလုံ နေတော်မူသည်။ တစ်လ တိုင်အောင် တစ်ပါးကိုတစ်ပါး မတိုက်ကြ။ အရေးအရာ ခေပါးတော်မူကြ၍ အရေးပြီးတော်မူကြလျှင် မင်းနှစ်ပါး ပဏ္ဏာ ကာရ ပေးပါး ပို့သတော်မူကြ၍ နေပြည်တော်သို့ ပြန်တော်မူကြသည်။

## ၁၀၆။ သတိုးဓမ္မရာဇာ အနိစ္စရောက်ခြင်း

သက္ကရာဇ် (၈၄၅) ရှစ်ရာလေးဆယ့်ငါးခု[၃]တွင် စလင်းနှင့် ဆယ်မြို့ကို စားသော ညီတော် သတိုးဓမ္မရာဇာ အနိစ္စရောက်တော်မူ၍ ထိုမင်းကျွန် ကျုပင်းစား၊ စံပယ်လှစားတို့ ခြေရင်းတော်သို့ လာ၍ ညီတော် အလုံးအရင်း ဆင်,မြင်း ဗိုလ်ပါတို့ကို သိမ်းယူပါဟူ၍ လျှောက်လာ၏။ ဒုတိယ ဘုရင်မင်းခေါင်လည်း ရေအား, ကြည်းအား ရတနာရွှေဖောင်တော်နှင့် စလင်းသို့ ချီတော်မူ၍ ညီတော် သမီးတော် အကြီး မင်းလှထွတ်နှင့် ချောင်းဘွဲ့ခံ ရှင်ထွေး, သည့်နှစ်ပါးနှင့် တကွ ညီတော် အလုံးအရင်း ဆင်,မြင်း,ဗိုလ်ပါတို့ကို သိမ်းယူတော်မူပြန်သည်။ ညီတော် သမီးတော် နှစ်ပါးကိုလည်း ရင်တော်၌ ဖြစ်သော သမီးတော်အရင်း အတူ ချစ်မြတ်နိုးတော်မူ၍ ရွှေနန်းသက်တွင် မွေးတော်မူသည်။

စလင်းမြို့ကိုမူကား–မယ်တော် တောင်မိဖုရား ညီမတော်နှင့် သင့်သော ဘထွေးတော်

၁။ အေဒီ ၁၄၈၁ ၂။ အေဒီ ၁၄၈၂ ၃။ အေဒီ ၁၄၈၃

မင်းသီရိဇေယျနော်ရထာကို ပေးတော်မူသည်။ မင်းသီရိဇေယျနော်ရထာ သားတော်ကား မင်းဦးတည်တည်း။

ထိုသက္ကရာဇ် (၈၄၅) **ရှစ်ရာလေးဆယ့်ငါးခု**[1]တွင် သက်တော်ရှည် ဟူသော အမတ်ကို အလုံးအရင်းနှင့်တကွ ဖြူတွင်းမြို့ကို ပေးတော်မူသည်။

သက္ကရာဇ် (၈၄၆) **ရှစ်ရာလေးဆယ့်ခြောက်ခု**[2]တွင် ညီတော် ရမည်းသင်းမင်း မင်းရဲကျော်စွာက ညောင်ရမ်းမြို့တွင် အနိုင်အလုံခန့်ခွဲနေသော ရဲမက်တို့ကို လုပ်ကြံတော်မူမည်ဟူ၍ တစ်ဆယ့်နှစ်တပ် စီရင်တော်မူ၍ တိုက်ဆင် သုံးရာ၊ မြင်းလေးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ချီတော်မူ၏။ ညောင်ရမ်းသို့ မရောက်ခင် နတ်စနေ်းတွင် ဘယကျော်ထင်ကို တိုက်ဆင်နှစ်ရာ၊ စစ်သည်သူရဲ တစ်သောင်းနှင့် ညောင်ရမ်းတွင် ခံသော ညီတော်ရဲမက်တို့ကို တိုက်လေ အမိန့်တော် ရှိ၍ အလျှင် ချီရသည်။ ဘယကျော်ထင်လည်း ညောင်ရမ်းမြို့သို့ ရောက်လျှင် တောတွင် တောက ချီခဲ့၍ မိုးလည်း ရွာသည်နှင့် နေ့ကို ပုန်း၍ နေပြီးမှ ညဉ့် သုံးချက်တီးကျော်ကို ညဉ့်မိုက်မိုက်တွင် ရဲတုန်းနံ ဟူသော ဆင်ကိုစီး၍ ညောင်ရမ်းမြို့တံခါးကို တိုက်လေ၏။ တံခါး ပွင့်လျှင် စစ်သည် ဗိုလ်ပါအလုံး ဝင်မိ၍ တစ်မြို့လုံးကို ရတော်မူ၏။ ညောင်ရမ်းမြို့ကို ရတော်မူလျှင် ယူကောင်းသော ဆင် မြင်း ဗိုလ်ပါတို့ကို ထုတ်ယူတော်မူခဲ့၍ ညောင်ရမ်းမြို့ကို အလုံးအရင်းနှင့်တကွ ဘယကျော်ထင်ကို ပေးတော်မူ၍ ပြန်တော်မူသည်။

သက္ကရာဇ် (၈၄၇) **ရှစ်ရာလေးဆယ့်ခုနစ်ခု**[3]တွင် ရှေးသောအခါ ဘာဂိနိယမင်း သားတော် ဗိမ္ဗိသာရ တစ်ဆယ့်နှစ်နှစ် အရွယ်သို့ ရောက်သောအခါ (ချစ်)လေးမြတ်တော်မူ၍ မင်းမြှောက်ရှုလေသော အနှင့်စကားကို ကြားတော်မူ၍ သက်တော် (၁၂) တစ်ဆယ့်နှစ်နှစ်သား အရွယ်သာ ရှိသော သားတော် အိမ်ရှေ့မင်း မဟာသီဟသူရကို ချစ်လေးမြတ်တော်မူ၍ ဘုရင်မဟာသီဟသူရ ဟူသော အမည်နှင့် မင်းမြှောက်တော်မူ၍ မင်းပြိုင်ပြုတော်မူသည်။

သက္ကရာဇ် (၈၄၇) **ရှစ်ရာလေးဆယ့်ခုနစ်ခု**[3]တွင် စတုရင်္ဂသူအမတ် မကျိုးမနွံပြုလေသောကြောင့် အပြစ်တော်တင်သည်ကို ထွက်ပြေး၍ ညီတော် မင်းရဲကျော်စွာသို့ ဝင်လေ၏။ ဒုတိယဘုရင်မင်းခေါင်လည်း အမျက်တော်ရှိ၍ တိုက်ဆင် သုံးရာ၊ မြင်း လေးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ရမည်းသင်းသို့ ချီတော်မူရသည်။ ရောက်တော်မူလျှင် ရမည်းသင်းမြို့ကို အကြိမ်ကြိမ် လုပ်ကြံတော်မူသည်။ မြောင်းသေနတ် လက်နက်ကိရိယာ ထူထပ်လှသောကြောင့် မရချေ။ ဝန်းရံ၍သာ နေတော်မူရချေသည်။ သုံးလခန့်ရှိလျှင် မိုးကျမည် နီးပြီဖြစ်၍ ပြန်တော်မူရသည်။

ထိုသက္ကရာဇ် (၈၄၇) **ရှစ်ရာလေးဆယ့်ခုနစ်ခု**[3]တွင် တောင်ငူစား စည်သူငယ်ကို တူတော် မင်းကြီးညို လုပ်ကြံ၍ မင်းပြုလေသည်။ ဒုတိယဘုရင်မင်းခေါင်သို့လည်း ဆင်ပေါက်နှစ်စီးနှင့် တကွ လက်ဆောင် လက်နက် ဆက်လာရ၏။ ဒုတိယ ဘုရင်မင်းခေါင်လည်း ရာဇမာယာနှင့် လိမ္မာတော်မူသောမင်း ဖြစ်တော်မူ၍ မည်သို့မျှ အမိန့်တော် မရှိ။ တောင်ငူမြို့ကို ငါ ပေးတော်မူသည် ဟူ၍ အပ်ရလေ၏။

သက္ကရာဇ် (၈၄၈) **ရှစ်ရာလေးဆယ့်ရှစ်ခု**[4]တွင် ပလင်းမြို့ကို စားသော ဘထွေးတော် သီရိဇေယျနော်ရထာ အနိစ္စရောက်၍ ယောက်ဖတော် စဉ့်ကူးစားမင်း သိဃ်သူကို ဘထွေးတော် အလုံးအရင်းနှင့် တကွ ပလင်းမြို့ကို ပေးတော်မူသည်။

၁။ အေဒီ ၁၄၈၃ ၂။ အေဒီ ၁၄၈၄ ၃။ အေဒီ ၁၄၈၅ ၄။ အေဒီ ၁၄၈၆

သက္ကရာဇ် (၈၅၂) ရှစ်ရာငါးဆယ့်နှစ်ခု[၁]တွင် ဘထွေးတော် စလင်းမင်း သီဟသူ သမီးတော် အကြီးနှင့် သားတော် ဘုရင်မဟာသီဟသူရ စုံဖက်တော်မူသည်။ သည့်နှစ်ပါးတွင် သားတော် ရွှေနန်းရှင်ကို မြင်သည်။

သက္ကရာဇ် (၈၅၄) ရှစ်ရာငါးဆယ့်လေးခု[၂] တွင် သားတော်အငယ် မင်းရွေနှင့် ဘထွေးတော် စလင်းမင်း သီဟသူ သမီးတော်အငယ်နှင့် စုံဖက်တော်မူ၍ စဉ့်ကူးမြို့ကို ပေးတော်မူသည်။

## ၁၀၇။ တောင်ငူသို့ မွန်စစ် ရောက်ပုံ

ထိုသက္ကရာဇ် (၈၅၄) ရှစ်ရာငါးဆယ့်လေးခု[၃]တွင် မွန်ပြည် ဟံသာဝတီမှာ မွန်မင်း ဓမ္မစေတီ အနိစ္စရောက်တော်မူ၍ သားတော် ဗညားရံ မင်းပြုတော်မူသည်။ ထိုအကြောင်းကို တောင်ငူမင်းကြီးညို ကြားတော်မူလျှင် မွန်ပြည် ကျေးစပ်သို့ချီ၍ လုပ်ကြံသည်။* မြောက်ပြားအား** သိုတိုင်ဘွား ဆင်နှင့်ခဲသည်ကို စီးချင်းနိုင်တော်မူ၍ သုံ့ပန်း၊ ဆင်၊ မြင်း အများ ရတော်မူ၏။

ထိုအကြောင်းကို လျှောက်လှာ၍ ဒုတိယဘုရင်မင်းခေါင် ကြားတော်မူလျှင် အားရတော်မူ၍ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံ ဆုပေးတော်မူသည်။ ယင်းသောအခါ သက်ရှည်ကျော်ထင် လျှောက်သည်။ ဒွါရာဝတီမြို့ကိုလည်း တည်သည်။ ဆင်၊မြင်း၊သုံ့ပန်း ရသမျှကိုလည်း မဆက်။ ရှေ့သို့ ဖြားနားမည် မချွတ် ဟူ၍ နားတော်လျှောက်၏။ ဒုတိယဘုရင်မင်းခေါင်လည်း တောင်ငူစားမှုသည် ဖုံမည်လော ဟူ၍ မိန့်တော်မူ၏။

မွန်မင်း ဗညားရံလည်း တောင်ငူစားသည် ကျေးစွန်ရွာနားကို ဖျက်ဆီးလေသည်။ ဒွါရာဝတီမြို့ကို ဝန်းရံလေ ဟူ၍ အမတ် လေးကျိပ်၊ တိုက်ဆင် တစ်ထောင်[၄]၊ စစ်သည်သူရဲ တစ်သိန်းခြောက်သောင်းနှင့် ဒွါရာဝတီမြို့ကို ဝန်းရံလှာ၏။

## ၁၀၈။ တောင်ငူ မင်းကြီးညိုကို ထီးဖြူ မင်းမြောက်တန်ဆာ ပေးခြင်း

တောင်ငူစားလည်း ဟံသာဝတီက ချီလှာသည်၊ အင်အားများလှသည်၊ စစ်ကူအလျှင် ချီလှာပါစေ ဟူ၍ လျှောက်လှာရ၏။ ဒုတိယဘုရင်မင်းခေါင် စစ်ကူချီစိမ့်မည်ဟူ၍ စီရင်တော်မူသည်နှင့် မချီခင်၊ တောင်ငူမှာ စည်သူကျော်ထင်ကို ဗိုလ်မှူးခန့်၍ တိုက်ဆင် ၅၀၊ စစ်သည်သူရဲ တစ်သောင်း[၅]နှင့် ဒွါရာဝတီ အနောက်တံခါးကို ဖွင့်၍ မွန်တို့ ရဲတပ်ကို တိုက်ရသည်။ တောင်ငူစားမှာလည်း ဆင်တော် "ဒေဝနာဂ"ကို စီး၍ ဆင်ကူ သုံးဆယ်၊ စစ်သည်သူရဲ နှစ်သောင်း[၆]နှင့် တောင်တံခါးက ထွက်၍ တိုက်ရသည်။ ယင်းသို့လျှင် ၁၆-တပ်လုံး ပျက်၍ ပြေးလေ၏။ ဆင် ၇၀၊ သုံ့ပန်း လူသုံးထောင်ကျော် ရ၏။ သေလေသည်လည်း များ၏။ မွန်တို့ကို အောင်မြင်၍ သုံ့ပန်းရကြောင်းကို လျှောက်လှာ၍ ကြားတော်မူလျှင် မဟာသီရိဇေယျ

---

[၁] အေဒီ ၁၄၉၀ [၂] အေဒီ ၁၄၉၂ [၃] တစ်ရာ(တွင်းသင်း-၃၉၀) [၄] ဆင်ငါးဆယ်၊ မြင်းတစ်ရာ စစ်သည်တစ်သောင်းနှင့် (-ထို-) [၅] တစ်သောင်း (မှန်နန်း-၁၀၇၊ တွင်းသင်း-၃၉၀) * ဒုတိယမင်းခေါင် ကြားတော်မူလျှင် မွန်ပြည် ကျေးစပ်သို့ ချီ၍ ခုမစ်ရွေးဟု တောင်ငူစား မင်းကြီးညိုကို ပေးတော်မူ၏။ တောင်ငူစားလည်း မွန်တို့အား ကပ်မကြွေးရှောင်များကို လုပ်ကြံမည် ဟူ၍ ဆင် လေးဆယ်၊ မြင်း သုံးရာ၊ စစ်သည်သူရဲ တစ်သောင်းနှင့် ချီ၍ လုပ်ကြံသည်တွင် (မှန်နန်း။ ဓာ ၁၀၆-၁၀၇။ တွင်းသင်း-၃၈၉) ** မြောက်ရွာမြို့စား(မှန်နန်း-၁၀၇)

သူ၏ ပုဏ္ဏား အမည်နှင့် ထိုမြို့တောင်းလေ ဟူ၍ မင်းချောက်တန်ဆောင်ပါးနှင့် ဆုပေးတော်မူသည်။

## ရှေးဦးရည်သင်းကျောင်းကို တိုက်ပုံ

၁၀၉။ ရှေးဦးရည်သင်းကျောင်းကို တိုက်ပုံ

သက္ကရာဇ် (၈၅၇) ခုနှစ်တွင်ပါးဆယ့်နှစ်နှစ် တွင် ညီတော် ရည်သင်းမင်း ကျောင်းနှစ်ရွာအား ကို ရောက်ရှိလေ ဟူ၍ တောင်ငူသို့ စေတော်မူသည်။ တောင်ငူ မဟာသီရိဇေယျသူရလည်း တိုက်ဆင် ၅၀၀ မြင်း သုံးရာ စစ်သည်သူရဲ နှစ်သောင်းနှင့် တောင်ငူက ချီ၍ လုပ်ကြံ၏၊ ရှေးဦးသင်းကျောင်း ပေါ်ဆောင်၊ အိုင်ဝ သည်ကျောင်းများကို ရလျှင် လူသူ ကျွဲနွားတို့ကို ယူ၍ တောင်ငူသို့ ပြီးလေ၏။ ရှေးဦးသင်း မင်းရဲကျော်စွာလည်း အလုံးအရင်းနှင့် စီရင်၍ တိုက်လေသည်။ အာဏာ၍ မဟာသီရိဇေယျသူရ ဆုတ်ရလေ၏။ ပေါ်ဆောင်၊ အိုင်များကို ရကြောင်း ကို လျှောက်လှာ၍ ဒုတိယဘုရင်မင်းခေါင် ကြားတော်မူလျှင် အာရတော်မူ၍ လက်တော်နှစ်စက် တွင် ဝတ်တော်မူသော လက်ကောက်၊ လက်စွပ် ဆုပေးတော်မူ၏။

## ၁၁၀။ ဒုတိယမင်းခေါင် မြင်းစီးခြင်း တစ်ဆယ့်နှစ်ပါးကို တတ်တော်မူကြောင်း

ဒုတိယဘုရင်မင်းခေါင်ကား သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူ၏။ အဋ္ဌာရသ သိပ္ပကို မတတ်ဟူ၍ မရှိ။ တတ်ရာတွင်လည်း လေးအတတ်နှင့် မြင်းအတတ်ကို အတုမရှိ တတ်တော်မူ၏။ မြင်းပြေးစဉ်တွင် ခြေခုံရပ်၍ စီးတော်မူ၏။ ခြေတစ်ဖက်သာရပ်၍ စီးတော် မူ၏။ မြင်းပြေးစဉ်တွင် မျက်နှာအလျား ကတွင်ဝပ်၍ ကဦး ကညောင်း ပြောင်းတော်မူ၏။ မြင်းပြေးစဉ်တွင် ဖက်လက် ကထက်မြှပ်၍လည်း ဘယ်ညာပြောင်းတော်မူ၏။ မြင်းပြေးစဉ်တွင် ဓား၊ လှံသည် လှယ်ဖယ်တော်မူမိ၏။ အသုရာတည်ဟန်ပြ၍ မြင်းပြေး ချပ်ဝတ်တော်မူ၏။ မြင်းပြေးစဉ်တွင် လက်နှစ်ဖက်ကို ခြေကို မိုးမျှောက်၊ ခေါင်းကို ဦးဆောက်ပြတော်မူ၏။ မြင်းပြေးစဉ်တွင် ကိုင်၍ ကိုယ်တော် မြင်းနံတောင်းသို့ ကိုယ်တော်ကို ထဲခွန်လွှားဟန် ပြတော်မူ၏။ မြင်းပြေး စဉ်တွင် ဆက်ဝယ်ပွဲ၍ စီးတော်မူ၏။ မြင်းပြေးစဉ်တွင် မြင်းနှိန်တောင်ကို နဂါးပတ်ဟန်ဟူ၍ မြင်းလည်ကို ဦးခေါင်းလျှို၍ ခုပတ်လည်လျက် တစ်ဖက်ကသည် တစ်ဖက်သို့ ရောက်တော် မူ၏။ မြင်းပြေးစဉ်တွင် မြင်းတင်းကုပ်* ၌ ရပ်၍ စီးတော်မူ၏။ မြင်းပြေးစဉ်တွင် မြင်းမှ သက်၍ တစ်ဖန် ကုန်းဘက်သို့ ရောက်ပြန်မိ၏။ မြင်းပြေးစဉ်တွင် ဆံပြတ်ဟန်၊ မျောက်ချိ စမ်းဟန်၊ တောင်းကင်သို့ ကသိုဏ်းရှုဟန်၊ ခြေသုံးစပယ်ဟန် စီးတော်မူ၏။ မြင်းပြေးစဉ်တွင် မြေသို့သက်၍ လက်ဝဲကသည် လက်ယာ၊ လက်ယာကသည် လက်ဝဲ ခုန်တက်၍ မြေရာမတိမ် ကျတော်မူ၏။ လျှင်မြင်းကိုလည်း မှုစေ၏။ လျှင်မြင်းကိုလည်း လွှန်စေ၏။ ဘီလူးဖမ်းဟန်၊ အသုရာတည်ဟန်၊ ဤသို့ စီးခြင်း တစ်ဆယ့်နှစ်ပါးကို ပြတော်မူ၏။ ဤကား စီးခြင်း တစ်ဆယ့်နှစ်ပါးတည်း။

ပညာတော်ဖြင့် ကိုယ်တော်ဝင် အထွေအပြား ပြတော်မူ၏။ ထိုမှတစ်ပါးလည်း ရေကူး သားမှု၊ ထုမှု၊ ပွတ်မှု၌လည်း အလွန် တတ်တော်မူ၏။ ဆင်အတတ်ကိုလည်း အပြီးတိုင်အောင် တတ်တော်မူ၏။ အတိုင်အပင် အကြီးအငယ်၌ ဥာဏ်ပဋိဘာန် လျှင်တော်မူ၏။ ပညာရှိ

---

၁၈ သေဒီ ၁၉၉၅ * မြင်း တင်နဲ (မှန်နန်း-၁၁၈)၊ မြင်းကုန်းနိုက် (တွင်းသင်း-၃၅၂)

ဦးကုလား၏ မဟာရာဇဝင်ကြီးလာ ဆင်ဖြူရှင် ဘုရင့်နောင်နေဝင်၏
စစ်ရေးတော် မြန်မာ့တပ်မတော်သားတို့

## မြင်းစီးရေး ၁၇ ပါး




(၁) ခြေမိုး ရှုပ်၍ စီးဟန်



(၂) ခြေကစ်စက်သာ ရှုပ်၍ စီးဟန်



(၃) မြောက်ခြံအလျား အတွင် ဝင်၍
ထိုး ကညောင်း ပြောင်းဟန်



(၄) ထက်လက် ကထက်ကြ၍
အယ် ညာ ပြောင်းဟန်



(၅) ရပ်ဝတ်ဟန်



(၆) ဓား လွှဲ သည် လွယ်ဖယ်မီးဟန်




(၇) ခြေကို မိုးမျှော်၊ ခေါင်းကို ဦးစောက်ပြုသော အသျှာတည်ဟန်



(၈) လက်နှစ်ဖက်ကို ကိုင်၍ မြင်းနံတောင်းသို့ ကိုယ်ကို ကပ်စွဲ၍သွားဟန်



(၉) ထက်ဝယ်ဖွဲ့၍ စီးဟန်



(၁၀) မြင်းလည်ကို ဦးခေါင်းလျှိုး၍
ရေပတ် လည်ချက် တစ်ဖက်ကသည်
တစ်ဖက်သို့ ရောက်သည်
မြင်းမိုရ်တောင်ကို နဂါးပတ်ဟန်




(၁၁) မြင်းတင်ကျပ်၌ ရပ်၍ စီးဟန်



(၁၁) မြင်းမှ သက်၍ တစ်ဖန်
ကုန်းဘက်သို့ ရောက်ပြန်မီဟန်



(၁၃)(က) ဆံခြတ်ဟန်



(၁၃)(ခ) မျောက် ချော်စမ်းဟန်



(၁၃)(ဂ) ကောင်းကင်သို့ ကသိုဏ်းရှုဟန်



(၁၃)(ဃ) မြင်းသို့ စံပယ်ဟန်



(၁၄) မြေသို့ သက်၍ လက်ဝဲကသည် လက်ယာ၊ လက်ယာကသည် လက်ဝဲ ခုန်တက်၍ မြေရာမတိမ်း ကျဟန်



(၁၅) လျင်မြင်းကို ဖျူစေဟန်




(၁၆) လျင်မြင်းကို လွှန်စေဟန်



(၁၇) ဘီလူး ဖမ်းဟန်

# ရှေးခေတ်
# ကေတုမတီ တောင်ငူ နေပြည်တော်




( မဟာရာဇဝင်သစ်၊ တောင်ငူဆက်၊ ဒုတိယတွဲမှ ကူးယူဖော်ပြသည် )

ပြုတ်နိုးတော်မူ၏။ ပိဋကတ်ကျမ်းဂန် ပို့သသင်ကြားသော အစိုးယာပုဂ္ဂိုလ်တို့အား ချီးမြှောက်တော်မူလေ့ ရှိသည် ဖြစ်၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန် ကျွမ်းသော ပုဂ္ဂိုလ်လည်း များ၏။ တောင်တွင်းအရပ်မှ ရောက်လာသော မဟာသီလဝံသ ပုဂ္ဂိုလ်အားလည်း ထုပါရုံဘုရား အရေ့မြောက်ယွန်း ရတနာဘိမာန်ကျောင်းကို ဆောက်လုပ်တော်မူ၍ ကျမ်းဂန် ပို့သတော်မူရသည်။

ပြုတော်မူသော ကောင်းမှုတော်ကား ထံတေားဦးအရပ်၌ မင်္ဂလာစေတီနှင့် ရွှေကျောင်းတော် ၁၊ စစ်ကိုင်းအရပ်၌ ဘိုးတော် နရပတိ ကနားတော်မူရာတွင် ရတနာစေတီနှင့် ရွှေကျောင်းတော် ၂၊ ရွှေနန်းတော်အရှေ့ မြို့ထိပ်တွင် ရွှေဓာတ်ဘုရားနှင့် ရွှေကျောင်းတော် ၃၊ သင်ပန်းအရပ်၌ မိဖုရားတော် ကောင်းမှုတော် ရတနာမြစေည်းခုံတွင်းဝယ် ရွှေစရပ် ၄၊ ဤသို့သော ကောင်းမှုတော်တို့ကို ဆည်းပူးတော်မူ၍ ဝဋ္ဋကဲ ကောင်းမင်္ဂလာစွာ လှူတော်မူပြီးမှ နက္ခတ်သင္ကာတိသ မပြည့်မီ ၂-ပါဒ်ကြွင်း၌ အိမ်နိမ့် (၃၃) သုံးဆယ့်သုံး၊ စည်းစိမ် (၂၁) နှစ်ဆယ့်တစ်၊ သက်တော် (၅၄)သော် အနိစ္စရောက်တော်မူ၏။ နံတော် စနေ သားတည်း။

သားတော် မင်းပြင်ဘုရင် မဟာသီဟသူရကား တပေါင်းလပြည့်ကျော် ၁-ရက်နေ့ အနိစ္စရောက်တော်မူ၏။ နံတော် ၆-သားတည်း။

ခမည်းတော် ဒုတိယ ဘုရင်မင်းခေါင်ကား တန်ခူးလပြည့်ကျော် ၅-ရက်[၁]၊ သက္ကရာဇ် (၈၆၂) ရှစ်ရာခြောက်ဆယ့်နှစ်ခုကသည် (၈၆၃) ရှစ်ရာခြောက်ဆယ့်သုံးခုသို့ တက်ဆဲဆဲတွင် အနိစ္စရောက်တော်မူ၏။

## ၁၁၁။ ရွှေနန်းကြော့ရှင် နရပတိ နန်းတက်ခြင်း

သက္ကရာဇ် (၈၆၃) ရှစ်ရာခြောက်ဆယ့်သုံးခု ကဆုန်လဆန်း ၁-ရက်[၂]၊ ၅-တေားနေ့ သားတော်အငယ် မင်းခေါင်သည် သိရီတြိဘဝနာဒိတျာ နရပတိပဝရ မဟာရာဇာဓိပတိ ဟူသော အမည်ကို ခံတော်မူ၍ နောင်တော် မင်းပြင်ဘုရင် မဟာသီဟသူရ မိဖုရားကို ကိုယ်တော် မိဖုရားအရာ ထားတော်မူ၍ ဘိသိက်ခံတော်မူသည်။

နန်းတက်တော်မူသော သက္ကရာဇ် ဝါဆိုလ[၃]တွင် ဘထွေးတော် ရမည်းသင်း မင်း၏ ကျော်စွာ အနိစ္စရောက်တော်မူ၍၊ မင်းရဲကျော်စွာ သမီးတော်အငယ် မင်းတရား နှမတော်က လျှောက်လှာ၍ အလုံးအရင်းနှင့် ဘထွေးတော်အမွေ ဆင်မြင်း၊ ရွှေငွေတို့ကို သိမ်းယူရလေသည်။ ရောက်လျှင် မင်းရဲကျော်စွာ သမီးတော်ကို ထေါနှင့် ယူခဲ့ရသည်။ အဝသို့ ရောက်လျှင် မင်းတရား နှမတော်ကို မိဖုရားမြှောက်တော်မူသည်။

## ၁၁၂။ သောကြာ လုပ်ကြံမှု အကြောင်း

နန်းတက်တော်မူသော သက္ကရာဇ် နတ်တော်လ[၄]တွင် နောင်တော် မင်းတရား သားတော် ရွှေနော်ရထာကျွန် သောကြာသည် ရွှေနန်းရှင် နရပတိ အမှတ်မဲ့ နေတော်မူသည် အခိုက်တွင် ဓားနှင့် လုပ်ကြံခံရလေသည်။ ထိုးဖြူအရိုးကို ခုတ်မိ၍ ကိုယ်တော်ကို ထိုးဖြူအုပ်သကဲ့သို့ ရှိလေ၏။ ယင်းသို့စဉ်တွင် ရွှေနန်းရှင် နရပတိ အထိန်းတော်သား ရေနံ့သာစား*သည် ပြေးထ၍ သောကြာကို ဖက်လေ၏။ သောကြာလည်း ဓားနှင့်တကွ ရှန်းရင်းရာတွင် အထွေးထွေး

---

၁။ ၄ မတ် ၁၅၀၁ ၂။ ၇ ဧပြီ ၁၅၀၁ ၃။ ၁၇ ဧပြီ ၁၅၀၁ ၄။ ၁၅၀၁ ခုနှစ် ဇူလိုင်လ ၅။ ၁၅၀၁ ခုနှစ် ဒီဇင်ဘာလ * ရေနံ့သာစား ငွေကျိုင်း (မှန်နန်း-၁၂၀)၊ ငချေကြိုင် (တွင်းသင်း-၃၉၅)

ဖက်လျက် လဲကြလေ၏။ ရေနံ့သာစားလည်း သေသော်ကြာ လွတ်လျှင် နရပတိကို လုပ်ကြံ မည်ကို ရည်၍ သေသော်ကြားသယ် လွတ်လျှင် အရေးတော် ပျက်ရချေတော့မည်၊ ကျွန်တော်မျိုး မည်ကို ရည်၍ သေသော်ကြာသယ် လွတ်လျှင် အရေးတော် ပျက်ရချေတော့မည်၊ ကျွန်တော်မျိုး တကွပင် ကွပ်မျက်တော်မူတော့ ဟူ၍ နားတော်လျှောက်၏။ ရွှေနန်းရှင် နရပတိလည်း ရေနံ့သာ စားကို လွတ်အောင် သေသော်ကြာဝယ်ကိုသာ လက်တော်ရွှဲစားနှင့် ကွပ်တော်မူသည်။ နန်းတော် ထက်တွင်ပင် သေလေ၏။

ယင်းသို့မှ ရေနံ့သာစား(ကို) ရွှေနော်ရထာကို ရအောင် ဖမ်းဟူ၍ မိန့်တော်မူ၏၊ ရွှေနော်ရထာလည်း ယင်းသောအခါ သက်တော် ၁၂-နှစ်သာဖြစ်၍ မယ်တော် မိဖုရားနှင့် နန်းတွင်းတွင် နေသည်ကို ဖမ်း၍ ဆက်လေ၏။ ရွှေနန်းရှင် နရပတိလည်း စစ်ကြော၍ ရွှေနော်ရထာကို ဖြားယောင်း သွန်သင်သသူတို့ကို ဖျောက်တော်မူ၏။ ရွှေနော်ရထာကိုလည်း ရေမှာ ဖျောက်တော်မူ၏။ ယင်းသောအခါ ဘုရင် မဟာသီဟသူရ ကျွန်တော် ရှင်ထွေးနှာသိုး၊ ပင်းတလဲစား မင်းတရား ကျွန်သီးမှူး၊ ရွှေလေးမှူး ရဲမြတ်လှ၊ သည်ငါးယောက်တို့သည် အသက်သေမည်ကို စိုးရိမ်၍ အခြွေအရံ လူခုနစ်ရာကျော်ခန့်နှင့် တောင်ငူသို့ ပြေး၍ ကျွန်း လေ၏။

နန်းတက်တော်မူသော သက္ကရာဇ် (၈၆၃) ခု တပေါင်းလ[၁]တွင် နမတော် မြတ်စိုးမင်းနှင့် ဘွားတော် တောင်မိဖုရား ညီတော်သား မင်းဦးတည်နှင့် စုံဖက်တော်မူ၍ ရမည်းသင်းမြို့ကို ပေးတော်မူသည်။

ပုခန်းကြီးနှင့် ရဲလှဆယ်စင်း၊ ဇန့်ချိုဆယ်တိုက်ကို စားသော သီဟပတေ့ သမီးတော် မယ်တော် ချစ်ဘွားကိုလည်း ခမ္မဒေဝီ ဟူသော အမည်နှင့် မိဖုရားမြှောက်တော်မူသည်။

တောင်တွင်းမင်း သီရိဇေယျသူရ သမီးတော်ကိုလည်း မိဖုရားမြှောက်တော်မူသည်၊

မိထွေးတော် တန်ဆောင် မိဖုရားတွင် မြင်သော နမတော် မင်းလှမြတ်ကိုလည်း တောင်တွင်းမင်း သီရိဇေယျသူရ သားတော် စစ်သာမင်းကြီးနှင့် စုံဖက်တော်မူ၍ တောင်တွင်းမြို့ကို ပေးတော်မူသည်။ စစ်သာမင်းကြီး ညီတော် မင်းကြီး ရွှေမြတ်မှကား တောင်ငူ မဟာ သီရိဇေယျသူရ သမီးနှင့် သင့်လေသည်။

## ၁၁၃။ မင်းကြီးညို* ကို မင်းထီးမှုစေခြင်း

သက္ကရာဇ် (၈၆၄) ရှစ်ရာခြောက်ဆယ့်လေးခု[၂]တွင် မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ပြည်ရေးရွာမှုကို တိုင်ပင်တော်မူသည်ကို သက်တော်ရှည် လျှောက်သည်။ ယခု နိုင်ငံတော် ဖြစ်သော ရမ်းတုံးရေနံကိုလည်း မိုးညှင်းစလုံ အထိအပါ၊ ပြဖန် များလှသည်။ ဘိုးတော် ပြည်ဘုရင် သတိုးမင်းစောကိုလည်း အချစ်မယုံသာချေ။ တောင်ငူ မဟာသီရိဇေယျသူရလည်း ဆင်လုံး၊ မြင်းရင်း များသည်။ ကျေးဇူးသစ္စာတော်ကို မစောင့်၍ ခြားနားသော်လည်း ခြားနားနိုင် လေသည်။ ယင်းသို့ဖြစ်သောကြောင့် မရိုင်းမပျံ့ ရအောင် ဆွေတော်မျိုးတော် အရင်းနှင့် စုံဖက်၍ သူကောင်းပြုတော်မူသည်ဖြစ်မှ အရှည် အမှုတော်ကို ထမ်းဆောင်မည်ဟူ၍ နားတော်လျှောက်၏။ ရွှေနန်းရှင် ဘုရင်နရပတိလည်း လျှောက်သည့်အရေးကို ကြိုက်တော်မူ၍ စလင်းနှင့် ဆယ်မြို့ကို စားသော ဘထွေးတော် သတိုးဓမ္မရာဇာ သမီးတော် မင်းလှထွတ်နှင့် မဟာသီရိဇေယျသူရ၏

---

၁။ နှာသိမ်း ၆ ရှင်ဗုဒ္ဓ(တွင်းသင်း-၃၉၆)   ၂။ ရွှေနော်ရထာ(-ထိုး-)   ၃။ ၁၅၀၂ ခုနှစ် မတ်လ   ၄။ သေဆီ ၁၅
* မင်းကြီးညို (တောင်ငူဘုရင် မဟာသီရိဇေယျသူရ၏သား ၁၄၈၅-၁၅၃၀)။

စုပက်တော်မူ၍ မှန်သေပဗ္ဗသော အရပ်ကသည် ရေလှဲ ငါးခရိုင်နှင့်တကွ မင်းပြုလေ အမိန့်တော်ရှိ၍ သက္ကရာဇ် ၈၆၄-ခု[၁]တွင် မင်းထီးပြုရသည်။

ထိုသက္ကရာဇ် **(၈၆၄) ရှစ်ရာခြောက်ဆယ့်လေးခု**[၁]တွင် မိုးညှင်းစလုံသည် ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ နိုင်ငံတော်ဖြစ်သော မြေတူးကို တိုက်လေသည်။ မြေတူးစား သက်တော်ရှည်လည်း မြို့က ခံသည်။ စစ်ကူ ရောက်ခဲသည်နှင့် မခံနိုင်၍ ညဉ့်ကို မြို့ကထွက်၍ ဆုတ်ခဲ့ရချေသည်။ ဒီပဲယင်းသို့ ရောက်မှ ဒီပဲယင်းစားနှင့် ပေါင်း၍ ခံပြန်သည်။ မြေတူးမြို့ကိုမူကား ရှမ်းတို့ ရလေ၏။

ထိုသက္ကရာဇ် **(၈၆၄) ရှစ်ရာခြောက်ဆယ့်လေးခု**[၁]တွင် စလင်းမြို့ကို စားသော ယောက္ခမတော် မင်းသီဟသူ အနိစ္စရောက်လျှင် မင်းသီဟသူ မိဖုရားနှင့် ပြည်မင်းကြီးဖွား သားတော် မင်းတရား ဦးရီးနှင့် သင့်၍ ရွှေနန်းရှင် နရပတိကို ခြားနားလေ၏။

သက္ကရာဇ် **(၈၆၅) ရှစ်ရာခြောက်ဆယ့်ငါးခု**[၂]တွင် စလင်းမင်း သီဟသူ ကျွန်များနှင့် ပြည်မင်း သားတော် မင်းတရား ဦးရီးနှင့် မကြည်ရှိ၍ ဖမ်းမည် ပြုရာတွင် မင်းတရားဦးရီး ပြည်သို့ ပြေးလေ၏။ စလင်းမင်း ကျွန်များလည်း ပြေးလေကြောင်းကို ဘုရင် နရပတိသို့ လျှောက်လှာ၏။ ဘုရင်နရပတိလည်း ရေတပ်, ကြည်းတပ် စီရင်တော်မူ၍ ရွှေဖောင်တော်နှင့် စလင်းသို့ စုံတော်မူ၍ ယောက္ခမတော်ကို ဆင်,မြင်း,လူသူနှင့်တကွ သိမ်းယူတော်မူသည်။ အဝသို့ ရောက်လျှင် နန်းတော်တွင်းတွင် အိမ်နှင့် ထားတော်မူ၍ လုပ်ကျွေးတော်မူသည်။

စလင်းမြို့ကိုမူကား **ပုခန်း**[*]ကို စားသော သတိုးညီ အထိန်းတော် **ညည်သူ**[**]ကို အလုံးအရင်းနှင့် ပေးတော်မူသည်။

ထိုသက္ကရာဇ် **(၈၆၅) ရှစ်ရာခြောက်ဆယ့်ငါးခု**[၂]တွင် ညောင်ရမ်းမြို့ကို စားသော ဘယကျော်ထင် မရှိလျှင် ထိုမင်း သားတော် မင်းတုံးတာ၊ မင်းပြေည့်ဝတို့သည် တောင်ငူမင်း၊ ပြည်မင်းတို့ကို မှီ၍ ပုန်ကန် သောင်းကျန်းလေ၏။

## ၁၁၄။ မင်းတုံးတာကို တိုက်ခိုက်ခြင်း

သက္ကရာဇ် (၈၆၇) ရှစ်ရာခြောက်ဆယ့်ခုနစ်ခု[၃]တွင် မင်းတုံးတာ[၄]၊ ပြေည့်ဝ[၅]တို့သည် တောင်ငူမင်း၊ ပြည်မင်းတို့ကို မှီပင့်၍ နိုင်ငံတော်ဖြစ်သော စလေမြို့ကို ဝန်းရံလေ၏။ ရွှေနန်းသခင် ဘုရင် နရပတိလည်း မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ယခုသည် ပြည်မင်း၊ တောင်ငူမင်းတကွ စလေမြို့ကို ဝန်းရံလေသည်။ အင်အား များလှသည် ကြားတော်မူသည်။ ဟသို့ လုပ်ကြံရသော် သင့်မည်နည်း ဟူ၍ မိန့်တော်မူ၏။ နေမျိုးကျော်ထင် လျှောက်သည်။ ယခု ငတုံးတာ, ငပြေည့်ဝတို့သာ မဟုတ်၊ ပြည်မင်း, တောင်ငူမင်းနှင့်တကွ ဖြစ်ချေသောကြောင့် အလုံးအရင်း ဆင်မြင်း များလှချေသည်။ နိုင်ငံတော် မြောက်ဘက်အရပ်၌ ရှိသော စည်ပုတ္တရာ, စည်သာ, ဒီပဲယင်းတွင်ရှိသော ရဲမက်တော်တို့လည်း မိုးညှင်းရှမ်းတို့နှင့် နီးသောကြောင့် ခွာ၍ မလာသာချေ။ စစ်တို့၏ သဘောသည်လည်း စစ်ဦး ဘီလူးပါနိုင်၍ အစကောင်းသည် ဖြစ်မှ သူရဲသူခက် ရဲမက်ဗိုလ်ပါတို့ နှလုံးရွှင်လန်း၍ လုပ်ကြံတော်မူလေရာရာ အောင်မြင်တော်မူမန်

၁။ သေဒီ ၁၅၀၂ ၂။ သေဒီ ၁၅၀၃ ၃။ သေဒီ ၁၅၀၅ ၄။ တုံးတာ(မှန်နန်း-၁၂၂) ၅။ ဘယကျော်ထင် ၏ နှင့် ညီ ဘယနန္ဒသူ ၏ ပြေည့်ဝ (တွင်းသင်း-၃၉၇) * ပုဂံ (မှန်နန်း-၁၂၂၊ တွင်းသင်း-၃၉၆) ** ညော်သူကျော်ထင် (တွင်းသင်း-၃၉၆)

မှားသည်။ ယင်းသို့ဖြစ်သောကြောင့် အနန်ပေါင်မော်ဘွားကို စစ်ကူခေါ်မှ သင့်မည်ဟူ၍ နားတော်လျှောက်၏။

ရွှေနန်းရှင် နရပတိလည်း နေမျိုးကျော်ထင် လျှောက်သည့် အရေးကို ကြိုက်တော်မူ၍ လက်ဆောင် လက်နက်အများနှင့် မြို့လုလင်ကို စေတော်မူ၏။ အနန်ပေါင်မော်ဘွားလည်း ညီကို တိုက်ဆင် မြောက်ဆယ်၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် အလျှင် ချီလာစေ၏။ အဝသို့ရောက်လျှင် ဘုရင်နရပတိလည်း ကစ္ဆပနန်းကြင် သုံးရာ၊ လှေကား ချီလာစေ၏။ အဝသို့ရောက်လျှင် ဘုရင်နရပတိလည်း ရတနာရွှေဆောင်တော် စီး၍ ရေကြောင်း ချီတော်သည်။ နစ်ရာ၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ရတနာရွှေဆောင်တော် စီး၍ ရေကြောင်း ချီတော်မူသည်။ ကြည်းငါးတပ်မှ တိုက်ဆင် သုံးရာ၊ မြင်း မြောက်ထောင်၊ စစ်သည်သူရဲ ငါးသောင်းနှင့် ပုဂံ သတိုးကို ဗိုလ်မှူးခန့်၍ ချီရသည်။ အနန်ပေါင်သားတို့ကိုလည်း တစ်ချက်တည်း ချီရသည်။ ယင်းသော စလေ ပုံတောင်သို့ ရောက်လျှင် လေုက တက်တော်မူ၍ စစ်ပြင်တော်မူသည်။ ယင်းသော ဘုရင်နရပတိမှာ ဆင်တော် စောရန်နင်းကို စီးတော်မူ၍ တိုက်တော်မူသည်။ ပြည်မင်း၊ တောင်ငူမင်းတို့ တပ်ပျက်၍ ပြေးလေ၏။ မင်းတုံးတာ တပ်ကိုလည်း အနန်ပေါင်မော်ဘွားညီ တိုက်၍ ပျက်လေ၏။ ဆင်မြောက်ဆယ်၊ မြင်းတစ်ထောင်၊ လူသုံးထောင်ကျော် ရတော်မူ၏။ မင်းတုံးတာကိုလည်း ဆင်နှင့်တကွ ရတော်မူ၏။ သေ(လေ)သည်လည်း များ၏။ ယင်းကမှ စ၍ ပြည်မင်း၊ တောင်ငူမင်းတို့သည် ခန့်ညားနှံ့ ရှာကြလေ၏။

## ၁၁၅။ မိုးညှင်းရှမ်းတို့ ဒီပဲယင်းကို တိုက်ယူခြင်း

သက္ကရာဇ် (၈၆၈) ရှစ်ရာခြောက်ဆယ့်ရှစ်ခု[1]တွင် ဒီပဲယင်းမြို့တွင် ခံသော ရဲမက်တော်တို့ကို မိုးညှင်းစလုံက ဆင်မြင်းအလုံးအရင်း အများနှင့် တိုက်လေ၍ ဒီပဲယင်းမြို့ကို ရှမ်းတို့ ရလေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် ပုဂံသတိုးတို့ ခြောက်တပ်ကို တိုက်ဆင်နှစ်ရာ၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် အလျှင် ချီရလေ၏။ ဒီပဲယင်းသို့ ရောက်လျှင် ငါတို့အရှင် နိုင်ငံတော်ဖြစ်သော မြေတူးငရဲကို တိုက်၍ ယူလေသည်ကိုလည်း ငါတို့အရှင်က ရန်စမရှုယ် နေတော်မူသည်။ ယင်းသို့ကိုပင် ဒီပဲယင်းမြို့ကို တိုက်၍ အနိုင်အလုံ နေပြန်ရာမှာ မြို့ကိုတည်း ပေးမည်လော၊ စစ်တည်း ပြင်မည်လောဟူ၍ စေ၏။ မိုးညှင်းစလုံလည်း ငါသည် ဆင်မြင်းဗိုလ်ပါ များသော စကေရာဇ်ဖြစ်သည်။ တိုက်မည်ဆိုလည်း ငါမကြောက်။ အရေးအရာ ဆိုမည်ကိုလည်း ငါ မကြောက်။ ငါ ကြိုက်နှစ်သက်လျှင် လိုက်မည်။ အစ်ကိုတို့က အရေးကို မြန်မှ သိမည်ဟူ၍ မှာလိုက်၏။ ဘုရင်နရပတိ ဗိုလ်မှူးတပ်မှူးတို့ကလည်း မြေတူးငရဲတိုင် အောင် ရှမ်းစော်ဘွားနိုင်ငံ ဖြစ်စေ။ ယင်းသည်မှ ကြွင်းသမျှကား ငါတို့အရှင် တိုင်းနိုင်ငံဖြစ်စေ ဟူ၍ ဆို၏။ မိုးညှင်းစော်ဘွားလည်း အစ်ကိုတို့ ဆိုသည့် အရေးအတိုင်း မှန်စေတော့ ဟူ၍ ဆိုပြီးလျှင် ဒီပဲယင်းမြို့ကို ရတော်မူသည်။

## ၁၁၆။ ညီတော်သုံးပါး ပုခန်းမြို့က နေ၍ ပုန်ကန်ပုံ

သက္ကရာဇ် (၈၆၉) ရှစ်ရာခြောက်ဆယ့်ကိုးခု[2]တွင် ပုခန်းကြီးကို စားသော ဘိုးတော် သီဟပတေ့ အနိစ္စရောက်၍ ပုခန်းကြီးမြို့ လပ်လျှင် ညီတော် သီဟသူ၊ ညီတော်မင်းကြီးလတ်၊ ညီတော် မင်းကြီးခေ့ခွ၊ ညီနောင်သုံးပါး ဆင်မြင်းဗိုလ်ပါ စုံမီသမျှနှင့် ပုခန်းမြို့သို့ ဝင်၍

[1] အေဒီ ၁၅၀၆ [2] အေဒီ ၁၅၀၇

နောင်တော် ရွှေနန်းရှင် နရပတိကို ပုန်ကန်သောင်းကျန်းလေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် ကြည်းကြောင်း ရှစ်တပ်ကို တိုင်ဆင်နှစ်ရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ချီရသည်။ ဘုရင် နရပတိမှာ တိုက်လှေ သုံးရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် ရေကြောင်း ချီတော်မူ၍ မြောင်းတူးသို့ ရောက်တော်မူလျှင် ကြည်းကြောင်းချီစေသော ဗိုလ်ပါတို့နှင့် ပေါင်း၍ ပုဓန်းမြို့ကို ဝန်းရံတော်မူ၏။ ခုနစ်ရက် ရှိလျှင် မြို့တွင်းက လက်နက်ကိရိယာ နည်းသည်နှင့် မခံနိုင်၍ ပျက်လေ၏။ ပုဓန်းမြို့ ပျက်လျှင် ညီတော်သုံးပါးကို ရှေ့တော်သို့ ခေါ်၍ မှူးတော် မတ်တော်တို့ ရှေ့တွင် ဤသို့ မိန့်တော်မူသည်။ မယ်တော်ဘုရား၊ နောင်တော်ဘုရား နတ်ပြည် စံတော်မူလျှင် ရွှေထီး ရွှေနန်းကို ငါမှတစ်ပါး အုပ်စိုးထိုက်သသူ မရှိ၍ ငါ သိမ်းအုပ်စိုးတော် တော်မူသည်။ ယခုလည်း ပြည်၊ တောင်ငူ၊ မိုးညှင်းက အထိအပါးပြုဖန် များသောကြောင့် နလုံးတော် နှောင့်ယှက်ရာတွင် ငါနှင့် အကူအညီ ပြည်ရေးရွာမှုကို ကြည်းဆောင်ရမည်ကို ယင်းသို့ကား မပြု၊ ငါ့ကို တစ်ဖက်ပြု၍ ပုန်ကန်သောင်းကျန်းပြန်သည်။ ငါမှုကား ငါ့သားတော် ရှိလျက် အိမ်ရှေ့အရာကိုမျှ မခန့်မရှိ၊ မိမိတို့ အမှုတော်ကို ကြိုးစားအားထုတ်၍ ထမ်းလျှင် ထမ်းသည်အလျောက် သူကောင်းပြုတော်မူမည် ဟူ၍ အကြံတော်ရှိသည်။ ယခုမူကား သူတို့ မချစ်သည်ကို ငါ သနားတော်မူသာမည် မဟုတ်ပြီ မိန့်တော်မူပြီးလျှင် ညီတော်သုံးပါးကို ကွပ်မျက်တော်မူလေ၏။ ညီတော်တို့နှင့် တစ်ချက်တည်း ပြုသသူ ခေါင်းအကြီးတို့ကိုလည်း ကွပ်မျက်တော်မူ၏။

## ၁၁၇။ မကွေးမြို့ တိုက်ပွဲအကြောင်း

သက္ကရာဇ် (၈၇၀) ရှစ်ရာ့ခုနစ်ဆယ်[1]တွင် နိုင်ငံတော် မကွေးမြို့ကို ဘိုးတော် ပြည်ဘုရင် သတိုးမင်းစောက တိုက်၍ရလျှင် အနိုင်အလုံ နေလေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် သက်တော်ရှည် သတိုးတို့ကို တိုက်ဆင် သုံးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။ ဘုရင်နရပတိမှာ ကတ္တူလွှန်းကြင် သုံးရာ*၊ လှော်ကားသံလှေ နှစ်ရာ၊ စစ်သည်သူရဲ လေးသောင်းနှင့် ရွှေဖောင်တော်စီး၍ ရေကြောင်း ချီတော်မူသည်။ မကွေးသို့ ရောက်တော်မူလျှင် ပြည်က ခံလာသော လှေတပ်တို့ကို တိုက်တော်မူသည်။ ပြည်သားတို့ ပျက်၍ ခုန်ပြေးလေ၏။ ယင်းသို့မှ မကွေးမြို့ကို ရေတပ်၊ ကြည်းတပ် ဝန်းရံ၍ လုပ်ကြံတော် မူသည်။ မြို့ပျက်၍ တိုက်ဆင် သုံးဆယ်၊ မြင်း ခြောက်ဆယ်၊ လူနှစ်ထောင်ကျော် ရတော်မူ၏။ မကွေးမြို့ကို ရတော်မူလျှင် **တုရင်ဗညား****ကို အလုံးအရင်းနှင့် ပေးတော်မူ၍ ပြန်တော်မူ၏။

## ၁၁၈။ ရွှေနန်းကြော့ရှင် အမည်ခံတော်မူခြင်း အကြောင်း

သက္ကရာဇ် (၈၇၂) **ရှစ်ရာ့ခုနစ်ဆယ့်နှစ်ခု**[2]တွင် ရွှေနန်းအသစ် တည်တော်မူသည်။ ထိုရွှေနန်းကား အလုပ်အဆောင် ချောမွေ့ပြေပြစ် ကျစ်လျစ်ထူးဆန်း လှသောကြောင့် "ရွှေနန်း ကြော့ရှင် နရပတိ"ဟု တွင်၏။

သက္ကရာဇ် (၈၇၃) **ရှစ်ရာ့ခုနစ်ဆယ့်သုံးခု**[3]တွင် မိုးညှင်းစော်ဘွား စလုံသည် ရွှေနန်းရှင် နရပတိနှင့် အုန်းပေါင်စော်ဘွား အဆွေခင်ပွန်း ဖြစ်၍ ချစ်ကြည်သည်ကို ရန်ငြိုးထား၍

၁။ အေဒီ ၁၅၀၈။ ၂။ အေဒီ ၁၅၁၀ [ရှစ်ရာ့ခုနစ်ဆယ်တစ်ခု (မှန်နန်း-၁၂၅၊ တွင်းသင်း-၄၀၀)] ၃။ အေဒီ ၁၅၁၁

* သုံးဆယ် (မှန်နန်း-၁၂၅) ** တုရင်ပညာ (မှန်နန်း-၁၂၅၊ တွင်းသင်း-၄၀၀)

ဒုန်းပေါင်ဘွဲ့ အလယ်ကို အလုံးအရင်း အများနှင့်ချီ၍ ရုံလေ၏။ ဒုန်းပေါင်စော်ဘွားလည်း ဒုန်းပေါင်တွေ့ အလယ်ကို အလုံးအရင်း အများနှင့်ချီ၍ ရုံလေ၏။ ဒုန်းပေါင်စော်ဘွားလည်း လှေနန်းရှင် နရပတိသို့ မြေထူးတွင် မိုးညှင်းသားတို့ စံ၍ နေသည်ကို အလုံးအရင်းနှင့် ချီ၍ ရုံတော်မူပါဟု လေလာ၏။ ရွှေနန်းရှင် နရပတိလည်း ၁၂-တပ် စီရင်တော်မူ၍ တိုက်ဆင် တစ်ရာငါးဆယ်၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ချီ၍ မြေထူးသို့ ရောက်တော်မူလျှင် မြို့ကို တိုက်လေသည်။ မြောင်းသေနတ် ထူထပ်လှသောကြောင့် မတတ်နိုင်မှု၊ အလေကာ နွာ၍ ရုံတော်မူရမှုသည်။ ယင်းသို့ ရုံတော်မူစဉ်တွင် မိုးညှင်းစော်ဘွား ကျွန်ပြစ်သော ထွင်းသင်းစား၊ မင်းခင်းစား၊ ကလေးစားတို့သည် တိုက်ဆင် တစ်ရာ၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ညဉ့်နှစ်ချက်တီးကျော်တွင် မိုးရွေ၍ မိုက်မည်းသည့် အခိုက် တိုက်လေသည်။ ဘုရင်နရပတိ ၁၂-တပ်လုံး ပျက်လေ၏။ ရွှေနန်းရှင် နရပတိလည်း ဒီပဲယင်း။ စည်မှုရွာဂါမြို့ကို ဆင်မြင်းလူသူ လောင်းထပ်၍ ပြန်တော်မူသည်။ မိဖုရားကို တော်

သက္ကရာဇ် (၈၇၅) **ရှစ်ရာခုနစ်ဆယ့်ငါးခု**[1]တွင် ဘုရင် မဟာသီဟသူ မိဖုရားကို တော် နှမကို နှားထွင်းတော်မူသည်။

မိဖုရား မြှောက်ရာတွင် မြင်သော သမီးတော် ဘေးတော် နှမကို နှားထွင်းတော်မူသည်။

### ၁၁၉။ ကျော၊ မြေထဲ၊ မြေထူး၊ ငရဲ မြို့များကို ဝိုင်းဝပ်စေ၍ တိုင်းရေးပြည်ရေးကို စီမံပုံ အကြောင်း

ထိုသက္ကရာဇ် (၈၇၅) **ရှစ်ရာခုနစ်ဆယ့်ငါးခု**[1] တွင် ကျောမြို့ကိုစားသော သိရိဇေယျ နော်ရထာ သောင်းကျန်းလေ၏။ ကြားတော်မူလျှင် ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူမည် ဟု၍ စီရင်စေခိုင်းတော်မူသည်။ နန္ဒသူရိယ၊ နေမျိုးကျော်ထင်တို့ ရှစ်တပ်ကို တိုက်ဆင် တစ်ရာ ငါးဆယ်*၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။ ဘုရင် နရပတိမှာ ကတ္တူလှေနှင့်ကြင် သုံးရာ၊ လှော်ကားသံလှေ နှစ်ရာ၊ စစ်သည်သူရဲ လေးသောင်းနှင့် ရွှေလောင် စီး၍ ချီတော်မူသည်။ ကျောဆိပ်သို့ ရောက်တော်မူလျှင် ရေတပ်သားတို့ကို ကြည်းတပ် ခွဲ၍ ကျောသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ရှုပ်ရှုပ်ချွံချွံ လုပ်ကြံတော်မူသည်။ ကျော ပျက်၍ တစ်မြို့လုံးကို ရတော်မူ၏။ ယင်းသို့ ရတော်မူလျှင် ကျောမြို့ကို သခ်ယာကို ပေးတော် မူသည်။ သိရိဇေယျနော်ရထာကိုမူကား လူ၏ဘဝ ရခဲခြင်းကို ထောက်တော်မူ၍ ကွပ်မျက်တော် မူ၊ အချွေအရံကို ရုပ်တော်မူ၍ ကိုယ်တစ်ခုတည်းသာ ယူ၍ ပြန်တော်မူသည်။

သက္ကရာဇ် (၈၇၇) **ရှစ်ရာခုနစ်ဆယ့်ခုနစ်ခု**[2]တွင် ကြည်းကြောင်းရှစ်တပ်မှာ တိုက်ဆင် သုံးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့်။ ရေတပ်မှာ တိုက်လှေသုံးရာ၊ လှော်ကား သံလှေ တစ်ရာ**၊ စစ်သည်သူရဲ ငါးသောင်းနှင့် ရွှေလောင်တော်စီး၍ မြေထဲသို့ ချီတော်မူသည်။ မြေထဲစား ပြည်ဘုရင် သားတော် သီဟသူလည်း သာယာချောင်ချာ လက်ဆောင် လက်နက် အများနှင့် ဆီးကြို၍ လျှောက်လာလျှင် အရေးတော်ပြီး၍ မြေထဲစား တစ်သားတစ်မြေးနှင့် မှားလွှ တော်မူ၏။ ယင်းကမှ ပြည်တော့ ဖျင်တစားကို ရုံတော်မူ၏။ ဖျင်တစား မြို့ပြကျုံးမြောင်း လုပ်သည်။ သေချာ ခိုင်ခံ့လှသောကြောင့် အကြိမ်ကြိမ် လုပ်ကြံတော်မူသော်လည်း မရနိုင်မှ မိုးကျလျှင် ပြန်တော်မူ၏။

သက္ကရာဇ် (၈၇၉) **ရှစ်ရာခုနစ်ဆယ့်ကိုးခု**[3]တွင် မိုးညှင်းစော့ဘွားသည် တိုက်ဆင် သုံးရာ

---

၁။ အေဒီ ၁၅၁၃ ၂။ အေဒီ ၁၅၁၅ ၃။ အေဒီ ၁၅၁၇ * သုံးရာငါးဆယ် (မှန်နန်း-၁၂၃၊ ထွန်းသင်း-၅၁၁)
** နှစ်ရာ (မှန်နန်း-၁၂၇၊ ထွန်းသင်း-၅၁၃)

မြင်း ရှစ်ထောင်၊ စစ်သည်သူ့ရဲ ရှစ်သောင်းနှင့် ချီလာ၏။ နိုင်ငံတော် မြေဘုံးကျေးစပ်များကို တိုက်လေ၍ ရဲမက်တော်တို့ ဆုတ်ရလေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် တိုက်သင်း သုံးရာဝါးဆယ်၊ မြင်းခြောက်ထောင်၊ စစ်သည်သူ့ရဲ တစ်သိန်းနှစ်သောင်းနှင့် ချီတော်မူ၍ စည်သာ အရပ်တွင် တပ်နိုင်တပ်လုံ တည်၍ နေတော်မူ၏။ ထိုကသည် ငရဲ့သို့ ချီတော်မူလျှင် ရှေ့မှား ရှေ့သည်ကို မြင်လျှင် ရာဇသကြီ မြင်းတပ် ဖိနှိပ်တိုက်သည်။ မြင်းတော်သည်တို့ ရှေ့ချေ၏။ ယင်းသို့ စစ်နေလေ၏။ ဘုရင် နရပတိလည်း ရဲမက်တော် ၁၂-တပ်သားနှင့် လုပ်ကြံတော်မူသည်။ ရှမ်းတို့ ဆုတ်၍ ငရဲမြို့က ရှမ်းတို့ မခံနိုင်၍ ငရဲ့က ထွက်ပြေးလေ၏။ ငရဲ့ကို ရတော်မူလျှင် ရာဇသကြီကို တပ်သားနှင့် တကွ မြေတုံးတွင် အစောင့်အနေ ခန့်တော်မူ၏။ ဘာသာယော်ဓာကိုလည်း တပ်သားနှင့်တကွ ငရဲ့တွင် အစောင့်အနေ ခန့်တော်မူ၍ ပြန်တော်မူ၏။

သက္ကရာဇ် (၈၈၀) **ရှစ်ရာရှစ်ဆယ်ပြည့်**[၁]တွင် စစ်ကိုင်းအရပ်၌ ကောင်းမှုတော် မဟာ စေတီကို ထီးတင်တော်မူသည်။ နိုင်ငံတော် အလုံးတွင်ရှိသော အရှည်ဝါသီ, ဂါမဝါသီ ဂုဏ်ရှိ တို့အား ပင့်တော်မူ၍ တစ်လတိုင်တိုင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာ ရှစ်ပါးလည်း အစုံ သုံးထောင် လှူတော်မူသည်။

ထိုသက္ကရာဇ် (၈၈၁) **ရှစ်ရာရှစ်ဆယ့်တစ်ခု**[၂]တွင် ကလေးစော်ဘွားနှင့် မိုးညှင်းစလုံ တိုက်ကြသည်။ ထိုသက္ကရာဇ်တွင် မိဖုရားနံ့ဘိတွင် မြင်သော သားတော် မင်းကြီးညိုကို မှောင် တော် ဘုရားတွင် မြင်သော သမီးတော် စောတော်နှမနှင့် စုံဖက်တော်မူ၍ အိမ်ရှေ့ပေးတော် မူသည်။ မိဖုရားနံ့ဘိတွင် မြင်သော သားတော်အငယ် မင်းကြီးရွှေကိုလည်း ပြင်စည်မြို့ကို ပေးတော်မူသည်။

ထိုသက္ကရာဇ် (၈၈၁) **ရှစ်ရာရှစ်ဆယ့်တစ်ခု**[၃]တွင် မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ပြည်ထဲအရေးကို တိုင်ပင်တော်မူသည်ကို နန္ဒသူရိယ လျှောက်သည်ကား-ယခု မိုးညှင်းနှင့်ကလေး တိုက်ကြသည်၊ အားတူ အင်ရှိဖြစ်၍ ရှစ်လကျော် ကိုးလတိုင်အောင် တစ်ဦးကိုတစ်ဦး မတိုးဆု နိုင် ရှိကြသည်။ ယင်းသို့ ရှိစဉ်တွင် ခမည်းတော်က ဆင်လုံး မြင်းရင်း အများစီရင်၍ သားတော် အိမ်ရှေ့မင်းကို ချီစေသော် နှစ်မြို့လုံးကို ရတော်မူမည် ဟူ၍ နားတော်လျှောက်၏။ ဘုရင် နရပတိလည်း နန္ဒသူရိယ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ၁၂-တပ် စီရင်ခန့်ရန် တော်မူ၍ တိုက်ဆင် နှစ်ရာငါးဆယ်၊ မြင်း ခြောက်ထောင်၊ စစ်သည်သူ့ရဲ ကိုးသောင်းနှင့် အိမ်ရှေ့မင်းကို ချီစေသည်။ မင်းကင်းသို့ ရောက်တော်မူလျှင် ကလေးစော်ဘွားလည်း လက်ဆောင် လက်နက်အများနှင့် အိမ်ရှေ့မင်းကို ဆက်၍ ကျွန်တော်ခံပါတော့မည် သားကို စေ၍ လျှောက်လာရ၏။ စော်ဘွားကိုလည်း ခမည်းတော်သို့ ရောက်လာ၏။ ထိုနှစ်တွင် လံပို့,ပြောင်းပြာ, ကနီကနဲ၊ သည်မြို့များ နိုင်ငံတော် ဖြစ်ပြန်၏။ ကလေးကိုးလုံးမှိုင်း, ဖန်ချီ ဆယ်ရွာလည်း လက်နက်နိုင်ငံ ဖြစ်ပြန်၏။

## ၁၂၀။ နိုင်ငံတော်ကို နေထားကျ စီမံပုံ

သက္ကရာဇ် (၈၈၂) **ရှစ်ရာရှစ်ဆယ့်နှစ်ခု**[၄]တွင် မှူးတော်, မတ်တော်တို့ကို ခေါ်တော်မူ၍ ယခုသည် ပျက်လေပြီးသော နိုင်ငံတော်ကို ရပြန်သည်။ ရှေ့သို့ကို နိုင်လုံအောင် ပသို့စီရင်

[၁] ၁။ ခေဒီ ၁၅၁၈ [၂] ၂။ ခေဒီ ၁၅၁၉ [၃] ၃။ ခေဒီ ၁၅၂၀

ခိုနေတော်မူ၏။ ယင်းသောခါ အထိန်းတော် ပုဂံသတိုး လျှောက်ရသော် သင့်မည်နည်းဟူ၍ မိန့်တော်မူ၏။ ယင်းသောခါ လုပ်ရည်ကြံရည်နှင့်လည်း သည်ကား– မိုးညှင်းစလုံသည် ဆင်လုံး မြင်းရင်းလည်း များသည်။ လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံသည်။ ရှေ့သို့ကို ချီလာမည် မချွတ်ပြီ။ ယင်းသို့ ဖြစ်သောကြောင့် မင်းခင်းကို မြို့ ပြည့်စုံသည်။ ရှေ့သို့ကို ချီလာမည် မချွတ်ပြီ။ ယင်းသို့ ဖြစ်သောကြောင့် မင်းခင်းကို မြို့ ကျွဲဆေးမြောင်း နိုင်အောင်လုပ်၍ ဆင်လုံး မြင်းရင်းနှင့် ခံနေစိမ့်မည်။ မြေတူး၊ ငရန်း၊ စည်ပုတ္တရာ၊ ဒီပဲယင်း၊ သည်ဖြူ များကိုလည်း အလုံးအရင်းသွင်း၍ အနိုင်အလုံ နေစေသည်ဖြစ်မှ သင့်မည်ဟူ၍ နားတော်လျှောက်၏။ ရွှေနန်းရှင် နရပတိလည်း သတိုး လျှောက်သောစကားကို ကြိုက်တော်မူ၍ မင်းခင်းမြို့ကိုလည်း ခိုင်ခံ့အောင် လုပ်စေပြီးလျှင် အလုံးအရင်းနှင့် ရာဇတာမန်ကို အစောင့်အနေ စေ၍ နေတော်မူ၏။ မြေတူးမြို့ကိုလည်း (အလုံးအရင်းနှင့် သက်တော်ရှည်ကို မြို့စောင့် ခန့်တော်မူသည်။ ငရန်း မြို့ကိုလည်း) ကေလာကာမဏိ• ကို အလုံးအရင်းနှင့် စောင့်နေရသည်။ စည်ပုတ္တရာ မြို့ကိုလည်း တပ်သားနှင့်တကွ ရာဇသင်္ကြံကို အနိုင်အလုံ နေရသည်။ ဒီပဲယင်းမြို့လည်း အလုံးအရင်းနှင့် ဘယကာမဏိကို အနိုင်အလုံ နေရသည်။ ကလေး စော်ဘွားကို အမြင့်မြို့ကို ပေးတော်မူသည်။

## ၁၂၁။ မိုးညှင်းစလုံ စစ်ချီလာပုံ

သက္ကရာဇ် (၈၈၅) ရှစ်ရာရှစ်ဆယ့်ငါးခု[၁]တွင် မိုးညှင်းစလုံသည် တိုက်ဆင်နှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ချီလာ၍ မင်းခင်းမြို့ကို ဝန်းရံလေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် မြင်းတပ်နှင့် တပ်ပေါင်း ၁၅–တပ်တွင် ပါသည့် တိုက်ဆင်သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှင့် ချီတော်မူသည်။ မြေတူးသို့ ရောက်တော်မူလျှင် မိုးညှင်းစလုံလည်း မင်းခင်းမြို့ကို ရှုပ်ရှုပ်ရွံရွံ လုပ်ကြံ၍ ရလေ၏။ ယင်းကမှ မြေတူးသို့ ချီလာ၍ စစ်ကြီး တွေ့ကြလေ၏။ ရှေ့ဖျား မြင်းတပ်ချင်း တွေ့၍ တိုက်ကြသည်။ ရှမ်းတို့ ဆုတ်လေ၏။ ဆုတ်သည်ကို မြင်လျှင် ရှမ်းတို့ဆင်တပ် ဖိ၍ တိုက်လေသည်။ မြင်းတော်သည်တို့ ဆုတ်ပြန်ချေ၏။ မိုးညှင်းစလုံလည်း မြန်မာတို့ ဆုတ်သည်ကို မြင်လျှင် တပ်ပေါင်းဖိ၍ တိုက်လေသည်။ ရွှေနန်းရှင် နရပတိတို့ ၁၅–တပ်လုံး အဆီးအတားမရှိ ပျက်ချေ၏။ မြေတူးကို ရလျှင် ငရန်းကို တိုက်ပြန်လေသည်၊ ပျက်ပြန်ချေ၏။ ယင်းကသည် စည်ပုတ္တရာကို တိုက်ပြန်လေသည်။ မြို့စား ရာဇသင်္ကြံနှင့် တကွ မြို့လုံးကို ရလေ၏။ ဘုရင် နရပတိလည်း ရဲမက်ဗိုလ်ပါတို့ကို မရုံးရနိုင်၍ အပြင်း ရှာတော်မူရချေသည်။ ရှမ်းတို့လည်း အင်းဘဲ သရိုင်တိုင်အောင် လိုက်၍ သုံ့ပန်းဆင်မြင်းတို့ကို ဖမ်းယူလေသည်။ ဒီပဲယင်းတွင် ခံသော ဘယကာမဏိလည်း မြို့တွင်းက မခံဝံ့၍ မြေရင်းတော်သို့ ပြေးလှာ၏။ ရှမ်းတို့လည်း မြောက်ဘက်တစ်လွှားတွင် ရှိသော လူသူ ကျွဲနွားတို့ကို သုံ့ပန်းယူလေ၏။

မိုးညှင်းစလုံလည်း မြေတူးတွင် တစ်မိုးတွင်းနေ၍ သက္ကရာဇ် (၈၈၆) ရှစ်ရာရှစ်ဆယ့် ခြောက်ခု[၂]တွင် စစ်ကိုင်းသို့ ချီလှာ၏။ ရောက်လျှင် ကျောင်းကန်အိမ်ရာတို့ကို မီးတိုက်လေ၏။ ယင်းကသည် ကနီ၊ ကနဲ၊ နတ်တောင်၊ ဇဒွဲ၊ အမြင့်သို့ ချီ၍ လုပ်ကြံလေသည်။ ပျက်၍ သူ ရလေ၏။ ယင်းကမှ ပုခန်းကြီးကို ကူး၍ လုပ်ကြံလေသည်။ လပို့၊ ပြောင်းပြာ၊ ဇန့်ချီဆယ်ရွာ နှင့်တကွ ပုခန်းမြို့ကို သူ ရလေ၏။ ပုခန်းကသည် ကွမ်းရွာအနောက်ကို ချီ၍ သရက်တိုင်အောင် ရောက်လေ၏။ စကု၊ စလင်း၊ ဘောင်းလင်း၊ လယ်ကိုင်း စသော မြို့စား အပေါင်းတို့လည်း မြို့တွင် မခံဝံ့၍ ထွက်ပြေးရချေ၏။

[၁] ၁၈ ဒေသီ ၁၅၂၃   [၂] ၂၈ ဒေသီ ၁၅၂၄   • ဝေလုဂါမဏိ (မွန်နန်း–၁၂၉၃)၊ ကေလာကာမဏိ (တွင်းသင်–၄၁၅)

## ၁၂၂။ မိုးညှင်းစလုံနှင့် ပြည်ဘုရင်တို့ ပေါင်းတိုက်ပုံ

ပြည်ဘုရင် သတိုးမင်းစောလည်း လက်ဆောင် လက်နက် အများနှင့် အဝရွှေနန်းကို တိုက်၍ ကျွန်ုပ်ကို နန်းတင်ပါလျှင် အချစ်တော်တွင် အမှုအခင်း ရှိသမျှကို ညီညာ၍ အမှုကို ထမ်းဆောင်ပါမည်ဟု မိုးညှင်းစလုံနေရာ သရက်သို့ စေ၏။ မိုးညှင်းစလုံလည်း သည်အတိုင်း မှန်လျှင် အဝကို တိုက်၍ သွေးသောက်ကို နန်းတင်မည်ဟု မှာ၏။ ပြည်ဘုရင် သတိုးမင်းစော လည်း ခန့်ညားရွှံ့ရှာချေသည်နှင့် မနေသာသည်ဖြစ်၍ အထူးထူးသော ထည်မျိုးအုပ်မျိုးတို့ကို ယူ၍ ရွှေလှော်ကားနှင့် မိုးညှင်းစလုံနေရာ မြေထဲသို့ ဆန်၍ ဖူးတွေ့တော်မူကြ၏။ မင်းနှစ်ပါး လည်း သာယာစွာ ပြောပြော၍ ကတိသစ္စာ ပြုပြီးလျှင် ပြည်ဘုရင်က စောင်ပန်း ဖွဲ့စေ၍ မိုးညှင်းစလုံ ဆင်မြင်းဗိုလ်ပါတို့ကို အရှေ့ဘက်သို့ ပို့ရ၏။ မိုးညှင်းစလုံလည်း သွေးသောက်မှုကား ရေကြောင်းချီလေ၊ ငါမှုကား ကြည်းကြောင်း အဝတိုင် ချီမည်။ အဝဘုရင် နရပတိ ငါကို ခံဝံ့မည်လော။ ယင်းသို့ မခံဝံ့၍ အဝကို ရလျှင် ငါ ကိုင်၍ နန်းတင်ခံမည်။ ဆင်ကောင်း မြင်းကောင်းကိုသာ ငါယူမည် ဟူ၍ ဆို၏။ ပြည်ဘုရင်ကလည်း သွေးသောက် အစီအရင်ကို ခံရမည် ဟူ၍ ဆို၏။ ယင်းသို့မှ ပြည်ဘုရင်မှာ တိုက်လှေ သုံးရာ၊ လှော်ကားသံလှေ တစ်ရာ၊ ဂိုက္ကာတင်ကုန်လှေ တစ်ရာ၊ စစ်သည်သူရဲ လေးသောင်းနှင့် ရေကြောင်းချီတော်မူသည်။ မိုးညှင်း စလုံမှာ တိုက်ဆင် နှစ်ရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းငါးသောင်းနှင့် အရှေ့ဘက် ကြောင်း ချီသည်။ ယင်းသောခါ တောင်ဘက်တစ်လွှားတွင်ရှိသော တောင်တွင်းကြီး၊ ရမည်းသင်း စသော မြို့စားတို့သည် မခံဝံ့၍ ပြေးပုန်းချေ၏။ တချို့လည်း ခြေရင်းတော်သို့ ရောက်လာ၏။ တစ်မြို့မျှ မခံဝံ့ချေ။ ထိုအကြောင်းကို မိုးညှင်းစလုံ သိလျှင် အလျှင် ရှိလာ၍ ဆင့်မြင်းကျွဲနွား ရသမျှကို သိမ်းယူ၍ အဝသို့ ရောက်လာ၏။

ရွှေနန်းသခင် ဘုရင်နရပတိလည်း မိုးညှင်းစလုံ ပုခန်းကြီးကို ကူး၍ အနောက်ဘက် တစ်လွှားတွင် ရှိသော မြို့ရွာတို့ကို သိမ်းယူကတည်းကပင် မှူးတော် မတ်တော်တို့ကို ခေါ်၍ တိုင်ပင်တော်မူသည်ကို နန္ဒသူရိယ လျှောက်သည်။ မိုးညှင်းစလုံသည် ကျွန်တော်တို့ နိုင်ငံအလုံးကို ဖျက်ဆီး၍ ယူလေသည်။ သူတို့သာ ယောကျာ်းလော၊ ကျွန်တော်တို့လည်း ယောကျာ်းပင် ဖြစ်ပါသည်။ အရေးကို မြော်တင်း၍နေလျှင် မသင့်ပြီ။ ဆင်လုံး မြင်းရင်း စီရင်တော်မူ၍ အသက်ကို အသက်မမှတ်၊ စွမ်းရဲအန်ထုတ် လုပ်ကြံရသည် ဖြစ်မှ အရေးတော် ကောင်းမည်။ မှူးတော် မတ်တော် အပေါင်းတို့လည်း အရှင်ကျေးဇူးသစ္စာတော် နှစ်ပါးနှင့်ရှည်း ဖြစ်သည်။ ယခု အရေးတော် ခက်ခဲသည်အခိုက်တွင် အသက်ကို ဟင်းရွက် တစ်ချပ်မျှ မှတ်၍ အရှင်ကျေးဇူး တော်ကို ဆပ်ရမည်ဟု နားတော်လျှောက်၏။

နန္ဒသူရိယ လျှောက်သော စကားကို ကြား၍ အထိန်းတော် သတိုး လျှောက်ပြန်၏။ နန္ဒသူရိယ လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့သော်လည်း ကျိန်းခန်း အလျှောက် သူတို့ တိုက်လေသမျှသည် ဆုတ်သည် ဟူ၍ မရှိ။ ကျွန်တော်တို့က ကြိုးစား အားထုတ်၍ ခံသော်လည်း ပျက်သည်သာ များချေသည်။ ယင်းသို့ ပျက်ဖန် များလတ်သော် ရဲမက်တော်တို့ နွံ့ရှာ၍ ကျီးလန့် စာစားသကဲ့သို့သာ ဖြစ်ချေသည်။ သူတို့ကလည်း နိုင်စရိုလျှင် စစ်ဦးဘီးလူးပါ လုပ်ကြံလေ၍ နိုင်ရှင်ကြက်ကဲ့သို့ ဖြစ်ချေသည်။ တစ်ကြောင်းမှာလည်း ဆင်လုံး မြင်းရင်း စစ်သည်ဗိုလ်ပါ များလေသည်။ ယင်းသို့ ဖြစ်သောကြောင့် ရဲမက်တော်(နှင့်)သာ မလို၊ အုန်းပေါင်စော်ဘွားသို့ စေတော်မူ၍ စော်ဘွားကိုယ်နှင့်တကွ လုပ်ကြံရသည်ဖြစ်မှ အရေးတော် လုမည် ဟူ၍ နားတော်လျှောက်၏။

## ၁၂၃။ အုန်းပေါင်စော်ဘွား အဝသို့ စစ်ကူလာပုံ

ဘုရင့်နောင်ရပတိလည်း သတိုး လျှောက်သော စကားကို ကြိုက်တော်မူ၍ အုန်းပေါင် စော်ဘွားသို့ လက်ဆောင်လက်နက်အများနှင့် နန္ဒသကြံကို စေတော်မူ၏။ စော်ဘွားသို့ ရောက်၍ အကြောင်းချင်းကို ကြားလျှင် မိုးညှင်းစလုံမှုသည် ငါရှိလျက် ငါ့သွေးသောက်နိုင်ငံကို တိုက်လဲ ဖျက်ဆီးရမည်လောဟူ၍ ဆိုပြီးလျှင် နံနံမင်မင် အဓောတလျှင် ဆင်မြင်း စုရုံး၍ တိုက်ဆင် တစ်ရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် အပြင်း ချီလာ၏။ အဝသို့ ရောက်လျှင် မြင်ယံကို တံတားခွဲ၍ ကူးစေပြီးလျှင် တောင်ဘီလူး အရပ်ကသည် လယ်ကြီး တိုင်အောင် တပ်ချ၍ နေရ၏။ ရွှေနန်းရှင် နရပတိလည်း ရေးဦးကြိုဆို၍ ရွှေနန်းတော်သို့ ခေါ်ပြီးလျှင် မနောလင်ပန်းနှင့် စားတော်ပြင်၍ တစ်ရက်တည်း စားတော်ခေါ်ကြ၏။ ရွှေနန်းရှင် နရပတိ လည်း ဤသို့ မိန့်တော်မူ၏။ မင်းတို့၏ ပြုကတော့တရား ခုနစ်ပါးတွင် ပြည်ထဲ ရှင်မင်းလည်း တစ်ပါး ၁၊ အရှင်အလိုသို့ လိုက်၍ အမှုကိုထမ်းသော အမတ်လည်း တစ်ပါး ၂၊ ကျွဲမြောင်းမြို့ပြ ပွင့်ရင်လျှောက် နိုင်နှံသည်တစ်ပါး ၃၊ သူတော်ကောင်းရှိသော နေပုဒ် ရှိသည်လည်း တစ်ပါး ၄၊ အပြစ်နှင့်လျော်စွာ ထုံးစံနှင့်အညီ ဒဏ်ပေးသည်လည်း တစ်ပါး ၅၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ နမ်း၊ ပဲ၊ စပါးနှင့် ပြည့်စုံသော ခံ့ကျို့တိုက်ကြ များသည်လည်း တစ်ပါး ၆၊ ပြည်တောင်ဘက်ချင်း မင်းအဆွေခင်ပွန်း ရှိသည်လည်း တစ်ပါး ၇။ ဤသို့ ဘုရားဟောတော်မူသော တရားတော်ကို ယခု ဆောက်သော် သွေးသောက်သည် သဟာယ မဟာမိတ် အဆွေခင်ပွန်းကောင်းဖြစ်၍ ဆင်လုံး မြင်းရင်းအများနှင့် လာရောက်ပေးသည် သူ ဖျက်ဆီးတိုက်လဲလေသည်ကို ကူညီမည်ဟူ၍ မိန့်တော်မူ၏။ ယင်းသို့ ကျေးဇူးသည် အလွန်ကြီးမြတ်လှပေသည် ဖြစ်တော့သည် ဟူ၍ မိန့်တော်မူ၏။ ယင်းသို့ ပြောဟောတော်မူကြစဉ်တွင် ရမည်းသင်းမင်း ယောက်ဖတော် မင်းဦးတည်ကို ကြည့်သာစွာ ပြောဟောတော်မူကြစဉ်တွင် ရမည်းသင်းမင်း သတိုးမင်းစောသည် သစ္စာကတိပြုကြ၍ မိုးညှင်းစလုံ အရှေ့ဘက် မိုးညှင်းစလုံနှင့် ပြည်ဘုရင် သတိုးမင်းစော ရေကြောင်း ချီလာ၍ မြစ်ဧင်တစ်လျှောက် အနောက်ဘက် ကြောင်း၊ ပြည်ဘုရင် သတိုးမင်းစော ရေကြောင်း ချီလာ၍ မြစ်ဧင်တစ်လျှောက် အနောက်ဘက် တစ်လွှားတွင်ရှိသော မြို့ရွာအပေါင်း ဖျက်စီးကြောင်းကို လျှောက်လှာ၏။ ရွှေနန်းရှင် နရပတိ လည်း အကြောင်းကို ကြားတော်မူလျှင် အုန်းပေါင်ခုံမှိုင်းနှင့် တိုင်ပင်တော်မူ၍ တက်မျှော့ချောင်း ကသည် တောင်ဘီလူးကို ပတ်၍ လုံးတော်ပေါက်တိုင်အောင် တပ်တည်၍ အုန်းပေါင်အားနှင့် ခံတော်မူသည်။ သက်ရှည်ကျော်ထင်၊ နေမျိုးကျော်ထင်တို့ကလည်း တိုက်လှေ သုံးရာငါးဆယ်နှင့် အမြောက်၊ သေနတ် တင်စေ၍ စစ်သည်သူရဲ သုံးသောင်းနှင့် ကျောက်တစ်လုံးက ဆီးကြို၍ ခံရသည်။

## ၁၂၄။ မိုးညှင်းစလုံ အဝမြို့ကို ရုံ၍ လုပ်ကြံပုံ

မိုးညှင်းစလုံလည်း အလျှင်ချီလှာ၍ ရောက်လျှင် တံတားဦးကသည် ကူးတို့ဆိပ်၊ ခေါင်းခွဲ ကို ပတ်၍ တပယ်ထောက်ရစ် တိုင်အောင် တပ်ချ၍ နေလေ၏။ ၅-ရက်ရှိလျှင် မိုးညှင်းစလုံသား သိုဟန်ဘွားလည်း ဆင်စီး၍ တောင်ဘီလူးတပ်တို့ကို တိုက်လှာ၏။ ရွှေနန်းရှင် ကျွန်တော် ဘယကျော်သူ ရဲမြတ်လှ ဟူသော ဆင်ကိုစီး၍ တိုက်သည်။ သိုဟန်ဘွား စီးသောဆင် မျက်နှာ သုန်၍ ပြေးလေ၏။ ဘယကျော်သူ လိုက်ထပ်၍ တိုက်သည်ကို စလုံတူ စမော်ခနဲ[၁] ကျ၍ တိုက်လေသည်။ ဘယကျော်သူ စီးသောဆင် မျက်နှာသုန်ချေ၏။ ယင်းသို့စဉ်တွင် သူက

၁။ စမော်ခနဲ (တွင်းသင်း-၄၀၇)

လွှတ်လိုက်သော ဒေသနတ်သင့်၍ ဘယကျော်သူ ဆင်ဦးတွင်ပင် ဆုံးရှာ၏။ ဘယကျော်သူ ဆုံးခဲ့လျှင် နန္ဒကျော်ထင် ရဲ့ဂုန္ဓိ[1] ဟူသော ဆင်ကိုစီး၍ မိုးညှင်းစားတူ စဝေ်ခန်းကို တိုက်သည်။ စဝေ်ခန်း စီးသောဆင် လည့်၍ ပြေးလေ၏။ စဝေ်ခန်း ပြေးသည်ကို မိုးညှင်းစလုံ မြင်လျှင် တပ်မှူး စစ်ကဲအပေါင်းတို့ကို တားမြွတ်၍ ပြရ၏။ ရှမ်းအမက်တို့လည်း အရှင်စလုံ တပြေးသည်ကို မြင်လျှင် တပ်တွင် တစ်ယောက်မျှ မနေဝံ့၍ ဆင်သည်လည်း ဆင်နှင့်၊ မြင်းသည်လည်း မြင်းနှင့် တိုက်လေသည်။ အဝက စတပ်ပျက်၍ မြို့ရှင်းတိုင်အောင် ပြေးလာ၏။ ရဲမက်တော်တို့လည်း အများပင် ထိပါးသေရှာ၏။ ယင်းသို့လျှင် ရွှေနန်းရှင် နရပတိနှင့် အုန်းပေါင်ခံ့မှိုင်းလည်း မြို့တွင်းတွင် မခံဝံ့၍ ညဉ့်ကို ထွက်ပြေး၍ အရှေ့ဆင်ခေါင်းသို့ ဆုတ်၍ နေရရှာ၏။ အဝကထွက်၍ ဘုရင်နရပတိတို့ ဆုတ်လေကြောင်းကို သက်ရှည်ကျော်ထင်၊ နေမျိုးကျော်ထင်တို့ ကြားလျှင် ကျောက်တစ်လုံးတွင် ခံ၍ မသင့်ချေပြီ။ ငါတို့အရှင် ရှိရာ ပေါင်းမှ သင့်မည် စီရင်ကြပြီးလျှင် မြောက်ဘက်ကြောင်း ဆန်လာ၍ ဝတ်ပျက်ကမှ အရှေ့ဘက်ကို ကူး၍ ရွှေနန်းရှင် နရပတိ ရှိရာ ဆင်ခေါင်းဝက်ဝင်သို့ ပေါင်းကြလေ၏။ ပြည်ဘုရင် သတိုးမင်းစောတို့ လှေတပ်သည် သက်ရှည်ကျော်ထင်တို့ ဆန်သွား၍ မိုးသောက်မှ ရောက်လာသည်။ သတိုးမင်းစော ရောက်လျှင် မိုးညှင်းစလုံလည်း သုံ့ပန်း ဖမ်းရသမျှကို လွှတ်၍ ပြည်ဘုရင် သတိုးမင်းစောကို နန်းတင်လေ၏။ သုံးရက်ရှိလျှင် ဆင်ကောင်း မြင်းကောင်းကို သိမ်းယူ၍ စစ်ကိုင်းဘက်သို့ ကူး၍ပြန်လေ၏။ ပြည်ဘုရင် သတိုးမင်းစောလည်း မိုးညှင်းစလုံ ပြန်လေလျှင် အဝတွင်ရှိသော လူကြီးတို့ကို သိမ်းယူ၍ စုန်တော်မူ၏။

ယင်းသောအခါ ရွှေနန်းရှင် နရပတိ မိဖုရား မေ့ခေဝီတွင် မြင်သော သမီးတော် သိရိဘုန်းထွတ်၊ ယင်းသောအခါ သက်တော် ရှစ်နှစ်ရှယ်သာ ရှိသော မင်းသမီးသည် အထိန်းတော်နှင့်သာ ကွဲရစ်သည်ကို တွေ့၍ ယူတော်မူလေ၏။ ရှင်မဟာရဋ္ဌသာရ ဘုန်းတော်ကြီးကိုလည်း ပင့်တော်မူလေ၏။ ရှင်မဟာရဋ္ဌသာရ ဘုန်းတော်ကြီးကား ပြည်သို့ ရောက်တော်မူမှ စတုဓမ္မသာရ ကိုးခန်းပျို့ကို အပြီးသတ်တော်မူသည်။ သံဝရ(ပျို့)ကိုလည်း ပြည်သို့ ရောက်မှ စပ်တော်မူသည်။

မိုးညှင်းစလုံလည်း မြေတူး၊ ငရန်၊ စည်ပုတ္တရာ၊ ဒီပဲယင်းမြို့တို့ကို ဆင်လုံး မြင်းရင်းနှင့် ကျေးစားရှည်း ထည့်လေ၏။

## ၁၂၅။ နရပတိ အဝသို့ ပြန်၍ နန်းတက်ခြင်း

ရွှေနန်းရှင် နရပတိနှင့် အုန်းပေါင်ခံ့မှိုင်းလည်း ဆင်ခေါင်းဝက်ဝင်တွင် နေ၍ စိုလ်ပါ ဆင်မြင်းတို့ကို သိမ်းဆည်း ရေတွက်သော် တိုက်ဆင် နှစ်ရာငါးဆယ်၊ မြင်း လေးထောင်၊ စစ်သည်သူရဲ ရှစ်သောင်း ရသော ဟူ၏။ အုန်းပေါင်ခံ့မှိုင်းမှာလည်း ဆင်မြင်းစိုလ်ပါ ယှဉ်းယို ချေ၍ တိုက်ဆင် ရှစ်ဆယ်၊ မြင်းငါးရာ၊ စစ်သည်သူရဲ ခုနစ်သောင်း ရသော ဟူ၏။ ရွှေနန်းရှင် နရပတိနှင့် အုန်းပေါင်ခံ့မှိုင်းလည်း ပြည်ဘုရင် သတိုးမင်းစော ပြည်သို့ ရန်လေလျှင် ဆင်ခေါင်းက အဝသို့ ဝင်တော်မူ၍ ရောက်တော်မူလျှင် အုန်းပေါင်စော်ဘွားကို ဘုရင်နရပတိ ဤသို့ မိန့်တော်မူ၏။ ယခုသည် ကျိန်းခန်း ကာလအလျောက် အရပ်အနေ မသင့်၍ ဆုတ်ရချေသော ကြောင့် နလုံးညှိုးနွမ်းစွာ ရှိချေသည်ဟူ၍ မိန့်တော်မူသည်ကို အုန်းပေါင်ခံ့မှိုင်း ဤသို့ မိန့်တော်

[1]။ ရဲ့ဂုန္ဓိ (မှန်နန်း–၁၃၂)၊ ရဲ့ဂုန္ဓိ (တွင်းသင်း–၄၀၇)

မှုနင်း လူတွင် အရွယ်တစ်ခါ အသာတစ်ကြိမ် ရှိမြဲဖြစ်သည်။ ငွေးသောက် နိုင်ငံအလုံးကို ငါမနေ၊ တစ်နေ့တစ်ခါ ဆင်မြင်းဗိုလ်ပါတို့ကို ဖြည့်တင်း၍ မိုးနံ့ ရေသာဝ်ရွေ့ စသော နိုင်ငံအလုံးနှင့် ချီ၍ လုပ်ကြံမည်ကို နိုးရှိမ်သော် မမှုနှင့်ဟု ဆိုဏ်။

## ၁၂၆။ တောင်ငူမင်းကြီး ရမည်းသင်းသို့ ချီရာ နှိပ်နင်းပုံ

တောင်ငူဘုရင် မဟာသီရိဇေယျသူရလည်း အဝကို မိုးညှင်းရှမ်းတို့ ဖျက်ကြောင်းကို ကြားလျှင် တိုက်ဆင် တစ်ရာ၊ မြင်း လေးထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ချီလာ၍ တောင်ဘက်တစ်လွှား မြို့ရွာတို့ကို ဖျက်ဆီးစေ၍ ဆင်၊ မြင်း၊ ကျွဲနွားတို့ကို သိမ်းယူလေ၏။ ထိုအကြောင်းကို ယောက်ဖတော် ရမည်းသင်းမင်း မင်းဦးတည်က လျှောက်လာ၍ ကြားတော်မူလျှင် ရွှေနန်းရှင် နရပတိနှင့် အုန်းပေါင်စံမှိုင်းလည်း ဆင် သုံးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရမည်းသင်းသို့ အလျှင် ချီတော်မူကြ၏။ တောင်ငူ မဟာသီရိဇေယျသူရလည်း မခံဝံ့၍ တောင်ငူသို့ ဆုတ်လေ၏။ ရွှေနန်းသခင် နရပတိနှင့် အုန်းပေါင်စံမှိုင်းလည်း တောင်ငူတိုင်အောင် လိုက်တော်မူကြ၏။ ရောက်တော်မူလျှင် တောင်ငူမြို့ကို အကြိမ်ကြိမ် လုပ်ကြံတော်မူသည်။ ပြောင်းသေနတ် ထူထပ်လှသနှင့် မြို့စီးမြို့ မများသောကြောင့် မရချေ။ တစ်လခန့် ရှိလျှင် အဝမှာ မငြိမ်မဝပ်သေးသည်နှင့် ပြန်တော်မူသည်။ ရောက်တော်မူလျှင် အုန်းပေါင်စော်ဘွားက အရေးအရာရှိလျှင် ကြားလာပါစေ၊ ယခု နိုးလေကျတော့မည် နီးပြီဖြစ်သောကြောင့် ပြန်ဦးတော့မည် ဆို၏။ ရွှေနန်းရှင် နရပတိလည်း အုန်းပေါင်စော်ဘွား ကျေးဇူးကြီးသည်ကို အောက်မေ့တော်မူ၍ ငွေ ၅ ပိဿာ၊ ငွေ ၃၀၊ ဆင် ၁၀၊ အထူးထူးသော ထည်မျိုးအုပ်မျိုးတို့ကို ပေးတော်မူသည်ကို အုန်းပေါင်စံမှိုင်းက ငွေးသောက်ကို ငါက မျှဝေးရှီးမည်၊ သည်လက်ဆောင်ကို ငါမယူဟု ဆို၏။ ရွှေနန်းရှင် နရပတိလည်း ပယင်းကတောင်နှင့်တကွ စီးတော်မူသော ပတ္တမြားကကို မျက်နှာမြင်ရသကဲ့သို့ သည်မြင်းကို စီးပါ ဟူ၍ ပတ္တမြားရှုပ်နှင့်တကွ ပေးတော်မူ၏။ အုန်းပေါင်စော်ဘွားလည်း မြည်းကောင်းတစ်ဆယ်[၁]၊ ငွေမီးပေါက်နှစ်ခင်း[၂] ပေး၍ အုန်းပေါင်သို့ တက်လေ၏။ ယင်းသော အခါ သားတော် အိမ်ရှေ့မင်းကို ရွှေစာရံတိုင်အောင် လိုက်၍ ပို့ရသည်။ ရွှေနန်းသခင် ဘုရင် နရပတိလည်း နိုင်ငံတော်အလုံးတွင် ရှိသော မြို့စား ရွာစားတို့ကို ခေါ်တော်မူ၍ ကျေးဇူးသစ္စာ နှစ်ပါးကို အမြဲမှတ်၍ မဖောက်မဖျက်ရ အမှုတော်ကို ထမ်းပါ သစ္စာတော် ပေးပြီးလျှင် ဆုလာဘ်များစွာ ပေးတော်မူ၏။

## ၁၂၇။ မိုးညှင်းစလုံတပ်ကို အိမ်ရှေ့မင်း တိုက်ပုံ

သက္ကရာဇ် (၈၈၈) ခုနှစ်ကဆုန်လဆန်းရှစ်ရက်တွင် မိုးညှင်းစလုံသား၊ ခမည်းသည် တိုက်ဆင် သုံးရာ၊ မြင်း တစ်သောင်း၊ စစ်သည်သူရဲ တစ်သိန်းငါးသောင်းနှင့် ချီလာ၍ ဟန်လင်းမှက်ထိ သို့ရောက်မှ သိတော်မူ၍ ကျေးစားမြို့စား အပေါင်းတို့ကို ခေါ်ရလေ၏။ အုန်းပေါင်စံမှိုင်းလည်း ချီပင့်ရလေ၏။ သားတော် အိမ်ရှေ့မင်းကိုလည်း တိုက်ဆင် ရှစ်ဆယ်၊ မြင်း တစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ပုခန်းကြီးက ခံလေဟူ၍ လွှတ်တော်မူ၏။ အိမ်ရှေ့မင်းလည်း ပုခန်းကြီးသို့ ရောက်တော်မူလျှင် နန္ဒင်းကိုင်းကို ကူး၍ အမြင့်တွင်ခံသော ရှမ်းတို့ကို တိုက်တော်

---

၁။ တစ်ဆယ် (မှန်နန်း-၁၃၄)　၂။ ဆော်ဒီ ၁၂၆

မှုသည်။ ပျက်လေ၏။ အမြင့်တွင် ၂-ရတ်ခန့် ရေတော်မှုံ၍ ဒုံ့သို့ ချိန်၍ လှုပ်ကြွပြန်သည်။ ပျက်လေ၏။ ယင်းကသည် ကမ်းနံကို ကွာ၍ လှုပ်ကြွပြန်သည်။ ပျက်ပြန်လေ၏။ ထို့ပြင့်လဲ့ကို ဆောင်တော်မူရာတွင် ဆင် ၁၂-စီး၊ မြင်း ၁၆၀၊ လူတန်းစေသောင်ကျော် ရှေတော်မူ၏။ ကမ်းနီးတွင် ရေတော်မူစဉ် ညည့်ရှုပ်များ၍ အန္တရာယ်တော်မူ၏။ အိမ်ရှေ့မင်း မင်းကြီးတွင် မှူးတော် မတ်တော်တို့လည်း ဆင်မြင်းစီးလိပ်ပါတို့ကို ရုံးစု၍ ပုန်းကြီးသို့ ပြန်ကြ၏။ မိုးညှင်းစလေ့လည်း ဟန်လယ်းကသည် စစ်ကိုင်းသို့ ရှီလှော၍ ဆောင်ပန်း လှုပ်ပြီးလျှင် ဆင်မြင်းစီးလိပ်ပါတို့ကို ကျွေးကာမှစ်လှ ကွာစေ၍ အဝမြို့ကို ဝန်းရံလေ၏။

## ၁၂၈။ အဝ ပျက်၍ နရပတိ နတ်ရွာစံခြင်း၊

ရွှေနန်းရှင် နရပတိလည်း အုန်းပေါင်စေတ်သွား မရောက်သေးသည်နှင့် ဆင်အားမတန် ရှေ့သောကြောင့် ထွက်၍ မတိုက်ဝံ့ရေ။ အမျိုးကုလားနတ် မြို့ထိပ်ဝန်ကျော် စီရင်၍ စေတော်မူရ ရေသည်။ မြို့ကို ဝန်းရံ၍ ရှစ်ရက်ရှိလျှင် မိုးညှင်းစလေ့လည်း တပ်မှူးစစ်ကဲ အပေါင်းတို့ကို နက်ပြန် မြို့ကိုတိုက်မည်၊ အညီအညွတ် တောက်သည့်ကို သည်မှာနှင့် သတ်မည်ဟူ၍ စေပြီ ရ၏။ ယင်မှူးစစ်ကဲ အပေါင်းတို့လည်း စလှက မာလျှင် မိမိတို့ အသက်ကို အသတ်မမှတ်၊ မြို့ထိပ်က လွှတ်သော ပြောင်းသေနတ်ကို ပမာဏ မပြု၊ တချို့ မြို့ကျုံကို တူးကုန်၏။ တချို့ မြို့ကို လှေကားထောင်၍ တက်ကုန်၏။ ထိုအခါ မြို့ထိပ်က အမြောက်သေနတ် ပစ်၍ သေသည်၊ တုံးနှင့်ချ၍၊ လှံနှင့်ထိုး၍ သေသည်ကား များ၏။ ထိုသို့ သေကြသော်လည်း သေသည် ဟူ၍ မမှတ်။ မြို့ကို တက်သည်။ တက်နိုင်လေ၍ ရွှေနန်းရှင် နရပတိလည်း ရွှေတိုက် ဟူသော ဆင်ကိုစီး၍ မြို့တံခါးကို ဖွင့်၍ ထွက်တော်မူ၏။ ကျွန်းဦးကသည် အရှေ့တက်သို့ ကူးတော်မူမည် ဟူ၍ သွားတော်မူရာတွင် မိုးညှင်းစလေ့သား သိုဟန်ဘွား ဆင်နှင့် မီသည်ကို တိုက်တော်မူရာတွင် သူက လွှတ်လိုက်သော အမြောက်စေ့ ထင့်၍ ဆင်ဦးတွင်ပင် တန်ခူးလဆန်း ၁၂-ရက်[^] အင်္ဂါနေ့ ဆုံးတော်မူ၏။

ဘုရင်နရပတိ မင်းဖြစ်လိုသော ဓမ္မညီးတော် ဘုရင်မင်းခေါင်လက်ထက် ဖိုးခေါင်မှာ ဆင်ဖြူပေါ်သည်ဟု သွားစေသောခါ စလင်းသို့ ရောက်ပြန်ရာဝယ် ပုဇန်း ရွှေစည်းနံ့ကို ဝင်၍ ရှိခိုးတော်မူစဉ် ရွှေစည်းခုံဘုရား ပြာဋိဟာ ပြသော ဟူ၏။ ဖွားများ သေသောခါလည်း မင်းကြီးစေ့ ဖွားဟု အမည်ပေး၍ စာဆွဲလျှင် လွှတ်သော ဟူ၏။

နရပတိ ဆုံးတော်မူခဲ့လျှင် မင်းဆွေ မင်းမျိုး အမှူးအမတ်တို့သည် သရေခေတ္တရာသို့ ဝံ့ရား မောဟမတီသို့ ဝံ့ရာ အခြေအရွှေနှင့်တကွ ဝင်ကြလေ၏။ အချို့လည်း မိုးညှင်းစလေ့နှင့် အသင့် ကျွင်း၍ စားမြဲသော ကျေးရွာစိမ်ကိုပင် စားရ၏။

ရွှေနန်းရှင် နရပတိ မိဖုရားခြောက်ပါးတွင် မြင်သော သားတော်၊ သမီးတော်ကား- စလင်းမင်း သမီးတော်အငယ်နှင့် ဓမ္မညီးတော် ဒုတိယ ဘုရင်မင်းခေါင် စုံဖက်တော်မူသည့် မိဖုရားကား နန်းတက်တော်မူ၍ များမကြာ အနိစ္စရောက်တော်မူ၏။ သည်မိဖုရားတွင် သားတော် သမီးတော် မမြင်။

မနောင်တော်ဘုရင် မဟာသီဟသူရ မိဖုရားကို မိဖုရားခြောက်တော်မူရာတွင် သမီးတော် တစ်ပါးတော်မူမကို မြင်သည်။ ခြောက်သားတော်ကား- ဓမ္မညီးတော်သားတော် အိမ်ရှေ့မင်းတည်း။

---

[^] ၁၈ သူမတ် ၁၅၂၇

မုန်းနှင့် ဝန့်ချီဆေးယိပ်တိုက်၊ ရဲလှဆေးယိပ်ခင်းကို စားသော သီဟပတေ သမီးတော် မယ်တော်ချစ်သွားကို ဓမ္မဒေဝီ ဟူသော အမည်နှင့် မိဖုရားမြှောက်တော်မူရာတွင် မြင်သော သမီးတော် သီရိဘုန်းထွတ် မင်းသမီးကို ပြည်ဆင်ဖြူရှင် သတိုးမင်းစော ရ၍ မြေးတော် နရပတိနှင့် နှံတက်တော်မူသည်။ နရပတိ အနန္တရောက်တော်မူလျှင် ညီတော် မင်းခေါင် မိဖုရား မြှောက်တော်မူသည်။ မင်းခေါင်၏ ရှင်သရက်ကို မင်းတရားရွှေထီး လုပ်ကြ၍ အလိုတော်ပြည့် လျှင် တောင်ငူမှာ နေရသည်။ ဆင်ဖြူများသခင် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် မင်းခေါင်၏ ရှင်သရက်ကို ဟံသာဝတီမှာ နေရသည်။ နောက် ယုံကြည်တော်မမူ၍ မင်းခေါင်၏ ရှင်သရက်ကို ကွပ်မျက်တော်မူလျှင် သီရိဘုန်းထွတ်ကို ဓမ္မဒေဝီ ဟူသော အမည်နှင့် မိဖုရား မြှောက်တော်မူသည်။ မင်းခေါင်၏ ရှင်သရက်တွင် သားတော်တစ်ပါး မြင်သည်။ ဆင်ဖြူများ သခင်တွင် သမီးတော် တောင်ငူ ရွှေနန်းတည်မိဖုရား (မင်း)ခင်စောကို မြင်သည်။

ရမည်းသင်းနှင့် ရေလွှဲငါးခိုင်ကို စားသော ဘထွေးတော် မင်းရဲကျော်စွာ သမီးတော် မင်းတရား နှမတော်ကို မိဖုရားမြှောက်ရာတွင် သားတော်၊ သမီးတော် မမြင်။

တောင်တွင်းမင်း သီရိဇေယျသူရ သမီးတော်ကို မိဖုရားမြှောက်ရာတွင်လည်း သားတော်၊ သမီးတော် မမြင်။

မိဖုရားနံ့ဘီတွင် မြင်သော သားတော် အိမ်ရှေ့မင်းတစ်ပါး၊ မြောက်သားတော်ကား— ခမည်းတော် သမီးတော် သားတော်နှမတည်း။ ညီတော် မင်းကြီးထွေး— ပြင်စည်ကို စားသည့် တစ်ပါး၊ (ပေါင်း) သားတော် ၂၊ သမီးတော် ၂၊ ပေါင်း ၄ ပါး။

ရွှေနန်းသခင် ဘုရင်နရပတိကား— ကုသိုလ်ကောင်းမှုကိုလည်း ပြုတော်မူ၏။ သီတင်း ဥပုသ်လည်း ဆောက်တည်တော်မူ၏။ စစ်ကိုင်းမြို့တောင်၌ မဟာစေတီဘုရားနှင့် ရွှေကျောင်းတော် ၁၊ နိဗ္ဗာနရုံဘုရားနှင့် ရွှေကျောင်းတော် ၂၊ ခမည်းတော် ကောင်းမှုတော် တံတားဦး အရပ်၌ ရွှေကျောင်းတော် ၃၊ သင်ပန်းအရပ်၌ ဘိုးတော်ကောင်းမှုတော် ရတနာမြစည်းခုံတွင်းဝယ် ရွှေကျောင်းတော် ၄၊ ပုဂံ လောကနန္ဒာအရပ်၌ ရွှေဥမင်နှင့် ရွှေကျောင်းတော် ၅၊ သင်းကြီး မိတ္ထီလာအရပ်၌ ရွှေကျောင်းတော် ၆၊ စဉ့်ကူးမြို့ရှေ့ ရန်အောင်မြင် ရွှေကျောင်းတော် ၇။ ဤသို့သော ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးတော်မူ၍ များစွာသော ဝတ္ထုကံ မိုးမြေ လှူတော်မူ၏။ အိမ်နိမ့် ၂၅၊ စည်းစိမ် ၂၅၊ သက်တော် ၅၀၊ တန်ခူးလဆန်း ၁၂—ရက် အတာ စားသနေ့ အနိစ္စရောက်တော်မူ၏။ နံတော် ၃—ဂဠုန်သားတည်း။ ။

**မဟာရာဇဝင်ကြီး နဝမတွဲ ပြီး၏။**

---

သက္ကရာဇ် ၁၂၄၄ ခု နတ်တော်လပြည့်ကျော် ၁၀ ရက် တနင်္လာနေ့ (၄ ဒီဇင်ဘာ ၁၈၈၂) သုံးချက်တီး အချိန်တွင် နဝမတွဲ ရေးကူးပြီးသည်။

# မဟာရာဇဝင်ကြီး

## ဒသမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ရတနာ့ဗ္ဗယံ အဟံ ဝန္ဒာမိ။ ။**

သက္ကရာဇ် (၈၈၈) **ရှစ်ရာ့ရှစ်ဆယ့်ရှစ်ခု**[*] အဝပျက်သည့်နှစ်တွင် သရေခေတ္တရာ ပြည်မြို့မှာလည်း ဆင်ဖြူရှင် သတိုးမင်းစော အနိစ္စ ရောက်တော်မူ၍ သားတော် ဘုရင်ရွှေ မင်းဖြစ်တော်မူသည်။

ထိုနှစ်တွင် ဟံသာဝတီမှာလည်း မွန်မင်း ဗညားရံ အနိစ္စရောက်တော်မူ၍ သားတော် သုရှင်တကာရွတ်ပိ မင်းဖြစ်တော်မူသည်။

**၁၂၉။ ရှမ်းသိုဟန်ဘွား နန်းတက်ခြင်း အကြောင်း**

သက္ကရာဇ် (၇၂၆) **ခုနစ်ရာ့နှစ်ဆယ့်ခြောက်ခု**တွင် အဝမြို့ကို တည်သည်။ သတိုးမင်းဖျားက စ၍ ရွှေနန်းသခင် ဘုရင်နရပတိတိုင် မင်း ၁၄-ပါးတွင် မင်းစဉ်ပြတ်၍ မိုးညှင်းစလုံသား သိုဟန်ဘွားသည် အဝ ရွှေနန်းကို တက်၍ မင်းပြုတော်မူသည်။ သိုဟန်ဘွားကို အဘ စလုံ ပေးသော အလုံးအရင်းကား တိုက်ဆင်နှစ်ရာ, မြင်းလေးထောင်, စစ်သည်သူရဲ ခြောက်သောင်း ပေးသော ဟူ၏။

ရွှေနန်းရှင် နရပတိ တူတော် မင်းကြီးရန်နောင်သည် အဝ ပျက်သောအခါ မြို့ပြင် တောအရပ်မှာ ရှောင်ရှား၍ နေသည်ကို မိုးညှင်းစလုံက ခေါ်၍ ငါ့သား သိုဟန်ဘွားသည် မြန်မာအမှု၌ မလိမ္မာပါ၊ မင်းကြီး သွန်သင်ပဲ့ပြင်၍ စီရင်ခင်း စီရင်ဖွယ် ရှိသောအခါ ငါ့သားနှင့် တိုင်ပင်၍ စီရင်ကွပ်ညှပ်ပါ ဟူ၍ ဆို၏။ မြင်စည်မြို့ကိုလည်း ပေး၍ စားရ၏။ စလုံလည်း အဝနိုင်ငံ အလုံးကို စီရင်တော်မူပြီးလျှင် မိုးညှင်းသို့ ပြန်လေ၏။

သိုဟန်ဘွားလည်း စလင်းမြို့ကို စည်သူကျော်ထင်ကို ပေး၏။ ပုဂံကို သတိုးကို ပေးပြီ ပေး၍ စားရ၏။ ကမ်းနီမြို့ကို နော်ရထာကို ပေး၏။ ပေါင်းတည်ကို ပုံချိုကို ပေး၏။ အမြင့်ကို သက်တော်ရှည်ကို ပေး၏။

ဤသို့ နိုင်ငံတော်အလုံးတွင် ရှိသော ကျေးရွာ မြို့ပြတို့ကို မြန်မာအမတ်၊ ရှမ်းအမတ်တို့ကို အလုံးအရင်းနှင့်ချည်း ကျွေးစားထည့်လေ၏။

---

[*] ၁၈ ဧပြီ ၁၅၂၆   ၂၈ ဧပြီ ၁၃၆၄

အဘေဘုရင် သိုဟန်ဘွားလည်း ပြည်၊ တောင်ငူသို့ ချီ၍ သိမ်းယူမည် အကြောင်း မင်းကြီးရန်နောင်ကို တိုင်ပင်တော်မူသော် မင်းကြီးရန်နောင်လည်း သည်တော်ဘွား ချီ၍ လိုက်ပါ များ ပြည် တောင်ငူသည် ခံနိုင်ရိုးမည် မဟုတ်။ ယင်းသို့ မခံနိုင်၍ ဖျက်ခဲ့လျှင် မြန်မာပြည် ပျ၍ ရှည်ကြာ ပျက်စီးသော မြန်မာအလုံးကို အစိုးရလေတော့မည်။ ကြွင်းမိသည့်မြန်မာ ကြွင်းမဲ့ ပျ၍ ရှည်ကြာ ပြည်၊ တောင်ငူကို ချီ၍ လုပ်ကြံတော်မူမည် မိန့်တော်မူရာ အရက်ချိန် ညှိ၍ လျှောက်၏။ ပြည်၊ တောင်ငူကို ချီ၍ လုပ်ကြံတော်မူက အလိုလိုပင် ညွတ်လာ ဆင်ခြင် နိုင်ပါသော ပင်ပန်းတော့မည်။ ဘုန်းတော်ကြောင့် အလိုလို ပြည်ဆက်ပြီးသည်ကို ခေါ်မည်လော ဟူ၍ လျှောက်၏။ အဝေ အလိုတော် ပြည်ဆက်ပြီးသည်ကို မသိ။ ရတနာ သုံးပါးကိုလည်း

သိုဟန်ဘွားကား— တောင်ငူ၊ တောင်ငူကို မသိ။ ပြည်မင်း၊ တောင်ငူမင်းသို့ လက်ဆောင် လက်နက် ချီ၍ လုပ်ကြံ ဖျက်ဆီးတော့မည် အလျှင် ပြည်မင်း၊ တောင်ငူမင်းသို့ အရည်သင့်မည် အကြောင်းကို ပြည် အများနှင့် ပို၍ ဆော်ဘွားနှင့် ချစ်ကြည်လေးမြတ်မှ အရည်သင့်မည် အကြောင်းကို ပို့သကြ၍ အချစ်ကိုပင် တောင်ငူသို့ ဆော်၏။ ပြည်၊ တောင်ငူမင်းတို့လည်း ပဏ္ဏာကာရ ပို့သကြ၍ ကန်တော့ ပြန်ကြ၏။ တောင်ငူရာဇဝင်နှင့် အလောင်းစေတီတွင် ရှမ်းတို့ နေလာမည်ကိုစိုး၍ ကန်တော့ သည်ချင်း၊ ချိုးချက်လည်း တောင်ငူ မဟာသီရိဇေယျသူရ ဖျက်ဆီးရ၏။

သတ္တရာဇ် (၈၉၂) ခုနှစ်တွင် ရှမ်းရှောက်နှစ်ဆယ့်နှစ်စု[^]တွင် တောင်ငူ မဟာသီရိဇေယျသူရ အရှင် မင်းဖြစ်တော်မူသည်။

ရောက်တော်မူ၍ သားတော် မင်းတရားရွှေထီး မင်းဖြစ်တော်မူသည်။

သတ္တရာဇ် (၈၉၃) ခုနှစ်ရှောက်ကိုးဆယ့်သုံးခု[^]တွင် အဘေဘုရင် သိုဟန်ဘွားကို ပညာရှိတို့သည် ချင်းတွင်းမြစ်ထဲမှာ သကြီးနှံခေါ်သင့်သည် လျှောက်ကြ၏။ သိုဟန်ဘွားလည်း အမှတ်မဲ့ သွား၍ သကြီးနှံခေါ် ရှင်သည် အမိန့်တော်ရှိသည်။ ယင်းသောအခါ အမတ်သား အတွင်းမြို့ နှစ်ကျိပ် တို့သည် ကျွန်တော်တို့ ရှေ့တည်၍ မြင်းအစီး နှစ်ဆယ်နှင့် သွားမည်၊ ကြွတော်မူ၍ သကြီး ခေါ်တော်မူက လျှောက်လျှင် ထိုသူတို့ကို ရှေ့တည်စေ၍ အခြွေအရံ စုံရာနှင့်သွား၍ သကြီး ခေါ်လေ၏။ ခေါ်ပြီး၍ နန်းတော်သို့ရောက်လျှင် သည်သူကောင်းသား နှစ်ကျိပ်တို့သည် ရှမ်း လူမလေသည်ဟူ၍ ဆုတောင်းပြီးလျှင် ရဲတော်မြင်း အစီးနှစ်ဆယ် ဖွဲ့တော်မူသည်။ ယင်းသော ခါ မိုးညှင်းစလုံသား၊ ခရည်းတို့ကို အပြည့်ပြည့်ဆောင်သော မင်းတို့သည် ခန့်ညားရှိ၍ ရှုကြ နေသည်။

## ၁၃၀။ မိုးညှင်းစလုံ ပြည်ဘုရင်တွေးကို တိုက်ယူပုံ

သတ္တရာဇ် (၈၉၄) ခုနှစ်ရှောက်ကိုးဆယ့်လေးခု[^]တွင် မိုးညှင်းစလုံ ချီလာ၍ အဝသို့ရောက်လျှင် သား သိုဟန်ဘွားကို ခေါ်၍ တိုက်ဆင်သုံးရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်း နှင့် ပြည်သို့ ချီလာ၏။ ပြည်ဘုရင်တွေးလည်း မိုးညှင်းစလုံတို့ ချီလာသည်ကို ကြားတော်မူလျှင် မြို့ကို ကျုံးမြောင်း ပြင်ဆင်ပြီးလျှင် မိဖုရား၊ သားတော်၊ သမီးတော်တို့ကို အနောက်ဘက် တလည်းဆည်းသို့ ပို့၍ မြို့တွင်းက ခံ၏။

မိုးညှင်းစလုံသား၊ ခရည်းလည်း ပြည်မြို့မြောက် နဝင်းချောင်းကသည် ပြည်မြို့တော် တိုင်အောင် တပ်စဉ်အတိုင်းချ၍ နေတော်မူ၏။ ပြည်ဘုရင်တွေးလည်း အရေးကို မြော်ပြီးလျှင် လက်ဆောင် လက်နက် အများနှင့် မိုးညှင်းစလုံတပ်သို့ ထွက်နှပ်ရလေ၏။* မိုးညှင်းစလုံလည်း အစ်ကိုဘသည် အထက်က အဝကို ညီ၍ လုပ်ကြံပါ၊ အရေးပြီးလျှင် အမှုကို ညီညာ၍

---

[^] ၁၈ ဓေဒီ ၁၅၃၀ ၂၈ ဓေဒီ ၁၅၃၀ ၃၈ ဓေဒီ ၁၅၃၂ * ထွက်နှပ်ရလေ၏ - အလေးရော မြို့စိုးသွား လေသည်။

ထမ်းပါမည် ဆိုသည်နှင့် မထမ်း နေသည်။ အမှုကိုတည်း ထမ်းမည်လော။ စစ်တည်း ပြိုင်မည်လောဟူ၍ မှာလိုက်၏။ ပြည်ဘုရင်လည်း မိုးညှင်းစလုံ သားအဘ စီးရွံ့လာသည်။ အင်အားများလှသည်။ စံသော် မခံနိုင်ရာ။ သာယာဝတီမှာ ဆို၍ အရေးပြီးမှ သင့်မည် အကြံတော်ရှိ၍ မိုးညှင်းစလုံတပ်သို့ ထွက်လေ၏။ စလုံလည်း ပြည်ဘုရင်ထွေး ထွက်လာလျှင် အိမ်းအမဆို၍ ပြန်လေ၏။ ဒီပယင်းသို့ ရောက်လျှင် ပြည်ဘုရင်ထွေးကို အမြွှာအစ်နှင့်တကွ လွှတ်၍ ပြန်လာရသည်။ မိုးညှင်းစလုံလည်း မြေတူအလွှန်သို့ ရောက်လျှင် အတွင်းရှမ်း ပြင်ရှမ်း အစုံးတများ ရှိရာတွင် မိမိကျွန် အမတ်တို့ လုပ်ကြံ၍ အနိစ္စရောက်လေ၏။

ပြည် ဘုရင်ထွေး သားတော် ဘိုးတော်သခင်လည်း ခမည်းတော်ကို မိုးညှင်းစလုံ ယူ၍ သွားလျှင် နရပတိ အမည်နှင့် ပြည်မြို့ကို မင်းပြုလေ၏။ ငါးလခန့် ရှိလျှင် ခမည်းတော် ဘုရင်ထွေးကို လွှတ်လိုက်၍ ပြန်ရောက်လာလျှင် မြို့တွင်းသို့ မဝင်ရ တံခါးပိတ်၍ ထားလေ၏။ ခမည်းတော်လည်း မြို့တွင်းသို့ မဝင်ရလျှင် ကိုယ်တော်မကျန်း ရှိသည်နှင့် တစ်လခန့် ရှိလျှင် နဝင်းချောင်း တစ်ဖက်က တဲတော်တွင် အနိစ္စရောက်တော်မူ၏။

သားတော် နရပတိလည်း ခမည်းတော်အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူ၏။ ပြည်ဘုရင် နရပတိ မိဖုရားကား အဝ ရွှေနန်းကြော့ရှင် နရပတိ သမီးတော် သိရိဘုန်းထွတ်တည်း။

## ၁၃၁။ မင်းတရားရွှေထီး ဟံသာဝတီသို့ ချီတက်ပုံ

သက္ကရာဇ် (၉၀၀) ကိုးရာပြည့်[၁] တွင် တောင်ငူ မင်းတရားရွှေထီးသည် မွန်ပြည် ဟံသာဝတီကို လုပ်ကြံတော်မူသည်။ မွန်မင်း သုရှင်တကာရွတ်ပိလည်း မခံနိုင်၍ ယောက်ဖတော် ပြည်ဘုရင် နရပတိသို့ ပေါင်းလာ၏။ ပြည်ဘုရင် နရပတိလည်း မင်းတရားရွှေထီးသည် လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံသည်။ ဗျူဟာကောင်း မတ်ကောင်း ဆင်ကောင်း မြင်းကောင်းလည်း များသည်။ ယခုလည်း မွန်မင်း သုရှင်တကာရွတ်ပိ ငါသို့ ဝင်လာသည်။ ရှေ့သို့ကို ပြည်မြို့တိုင် ချီမည် မချွတ်။ ယင်းသို့ဖြစ်သောကြောင့် အခြားပြည်ထောင်ဘက်ကို ချီးမြှောက်ရမှ သင့်မည် ဟူ၍ အဝဘုရင် သိုဟန်ဘွားသို့ လက်ဆောင် လက်နက်အများနှင့် ပေး၏။ အဝဘုရင် သိုဟန်ဘွားလည်း ရေတပ် မြေကြောင်းတပ် စီရင်၍ ကဏ္ဍရလွန်းကြင်နစ်ရာ, လေ့ကားသံလေ့နစ်ရာ', စစ်သည်သူရဲ ငါးသောင်းနှင့် ချီလာ၍ ပြည်သို့ရောက်လျှင် ပြည်ဘုရင် နရပတိလည်း ခရီးဦးကြိုဆို၍ များစွာ ထွက်နုပ်၏။ ယင်းသို့မှ အဝမင်း, ပြည်မင်း, ဟံသာဝတီမင်း, မင်းသုံးပါး သစ္စာကတိ ဆိုတော်မူပြီးမှ ရေတပ်, ကြည်းတပ် အခိုင်အလုံ ခံ၍ နေကြ၏။

## ၁၃၂။ မင်းတရားရွှေထီး ဟံသာဝတီကို ရ၍ ပြည်သို့ ချီတက်ပုံ

မင်းတရားရွှေထီးလည်း ဟံသာဝတီကို ရတော်မူလျှင် ရေအား, ကြည်းအား ပြည်သို့ ဆန်လာ၍ ရောက်တော်မူလျှင် ရေတပ်ချင်း တိုက်ကြသည်။ ပြည်ကရေတပ် ပျက်၍ အဝဘုရင် သိုဟန်ဘွားအမတ် ကမ်းနီစား ရော်ရထား၊ ပေါင်းတည်စား မျှမိုတို့ကို လေ့နှင့်တကွ မင်းတရား

[၁] အေဒီ ၁၅၃၈ ၂၀ တစ်ရာ (မှန်နန်း—၁၃၁)

ရှုပြင်ဆက်ဖိုင်

ဆယ်ကြိမ်တိုင်အောင် ကျော်၍ ရလေ၏။ ထိုက်လှေလည်း တစ်ရာကျော်ခန့် ရလေ၏။ မင်းသုံးပါး စစ်သည် ရွှေထီးက ရလေ၏။ ထိုက်လှေလည်း တစ်ရာကျော်ခန့် ရလေ၏။ မင်းတရားရွှေထီးလည်း လှေတပ်ကို ဆောင်မြင်တော် တစ်ထောင်ကျော်ကိုလည်း ရလေ၏။ မင်းတရားရွှေထီးလည်း ဟံသာဝတီတိုင်အောင် လိုက်၍ မှီးလျှင် ဟံသာဝတီသို့ ပြန်တော်မူလေ၏။ မင်းသုံးပါးလည်း ဟံသာဝတီတိုင်ပင်တော်မူကြ၏။ လယ်ကြီးမည်၊ မြို့ကို ရလျှင် သူရှင်တကာရွှတ်ပိုက် နန်းတင်မည် ဟူ၍ တိုင်ပင်တော်မူကြ၏။ ထိုသို့ တိုင်ပင်တော်မူကြပြီးလျှင် မှန်မင်း သူရှင်တကာရွှတ်ပိလည်း ရဲမက်စိုလ်ပါ ရုံးရမည်ဟူ၍ ပြည်မြို့ကသည် အင်းဝ တယ်သို့ ပြန်ရောက်လျှင် တယ်ကသည် တောသို့ဆင်ရှားမည် သွားရာတွင် ညည်ချင်း ရွာ၍ အနိစ္စရောက်တော်မူလေ၏။ ပြည်ဘုရင် နရပတိနှင့် သိုဟန်ဘွားလည်း သူရှင်တကာရွှတ်ပိ အလောင်းကို တောင်းမှန်စွာ သဂြိုဟ်ပြီးလျှင် မှန်မင်း သားတော်နှစ်ပါး၊ သမီးတော်တစ်ပါးကို သိုဟန်ဘွား ယူ၍ အဝသို့ ပြန်လေ၏။ အလုံးအရင်းကိုမူကား ပြည်ဘုရင် နရပတိ သိမ်းလေ၏။

နရပတိလည်း ထိုသက္ကရာဇ် (၉၀၀)[1]တွင်ပင် နာ၍ သေသည်။ နရပတိ အနိစ္စရောက်လျှင် ညီတော် ရှင်သရက်သည် မင်းခေါင်ဟူသော အမည်ကိုခံ၍ နောင်တော်မိဖုရား သိရိဘုန်းထွတ်ကို မိဖုရားမြှောက်၍ ပြည်မြို့ကို မင်းပြု၏။

## ၁၃၃။ သိုဟန်ဘွား သံဃာတော်များကို သတ်ပုံ

အဝဘုရင် သိုဟန်ဘွားကား ရက်စက်ကြမ်းကြုတ်၏။ သူ့အသက်ကိုလည်း မသနား။ စေတီပုထိုးများကိုလည်း ဘုရားမဟုတ်၊ မြန်မာတို့ ဥစ္စာ ရတနာသိုးဝှက်ရာ တိုက်သာဖြစ်၏ဟု၍ ဖျက်ဆီးလျှင် ဌာပနာများကို ယူလေ၏။ အရိယာ သံဃာတို့ကို ရှေးရှေ ထားသည် တမုံ ဟူ၍ တူးမြှိုပြီးလျှင် ဌာပနာများကို ယူလေ၏။ အရိယာ သံဃာတို့ကို ရှေးရှေ ထားသည် တမုံ ဟူ၍ ဆိုလျှင် တပည့်တပန်း ထား၍ အခြေအရံ ဆည်းပူးကြသည်။ ပုန်ကန် လည်း သားမယား မရှိဘဲလျက် တပည့်တပန်း ထား၍ အခြေအရံ ဆည်းပူးကြသည်။ ပုန်ကန် သောင်းကျန်းသော်လည်း သောင်းကျန်းပုန်ကန်နိုင်ဖွယ် ရှိသည်။ ရဟန်းတို့ကို ဖမ်း၍ သတ်မှ သင့်မည် ကြံပြီးလျှင် တောင်ဘီလူး လယ်ပြင်၌ မဏ္ဍပ်အဆောင်ဆောင် ဆောက်စေပြီးလျှင် ကျွဲ၊ နွား၊ ဝက်၊ ကြက် သတ်စေ၍ ဆွမ်းလုပ်ကျွေးမည် အဟန်နှင့် စစ်ကိုင်း၊ပင်းယ၊ အင်းဝ တစ်ပတ်လည်တွင် သီတင်းသုံးသော အရိယာ သံဃာတို့ကို တပည့်သံဃာနှင့်တကွ ပင့်စေ၍ မဏ္ဍပ်အဆောင်ဆောင်တွင် နေပြီးလျှင် ဆင်မြင်းဗိုလ်ပါ ဝန်းရံ၍ သတ်လေ၏။ အချို့သော ရဟန်းတို့ကို ရှမ်းတို့ သနား၍ လွှတ်လျှင် ပြည်၊ တောင်ငူသို့ သွား၍ နေကြ၏။ ယင်းသောခါ တစ်ထောင့်သုံးရာအနက် သတ်လေသော ရဟန်းကား တစ်ထောင့်သုံးရာကျော် သေသော ဟူ၏။ တစ်ထောင့်သုံးရာအနက် သတ်လေသော ရဟန်းကား သုံးရာခြောက်ဆယ်ကျော်သော ဟူ၏။ ထိုရဟန်းတို့အနက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန် ကျွန်တော်မူသော အရိယာ သံဃာတော်မြတ် သုံးကျိပ်ကျော် ပါသော ဟူ၏။

အရိယာ သံဃာတော်တို့ကို သတ်ပြီးလျှင် ကျောင်းကန်တွင် ရှိသော စာပေတို့ကို ယူ၍ မီးတိုက်လေ၏။ အရိယာ သံဃာတို့ကို သတ်လေသော သက္ကရာဇ်ကား ၉၀၁-ခု[2]တွင် တည်း။ သတ်လိုသော် ကြယ်တံခွန် ထန်းတစ်များခန့် ပြသော ဟူ၏။ ရွှေစည်းခုံဘုရားလည်း မျက်ရည်ယိုသော ဟူ၏။

## ၁၃၄။ မင်းတရားရွှေထီး ပြည်မြို့ကို တိုက်ယူပုံ

သက္ကရာဇ် (၉၀၃) ကိုးရာသုံးခု[3] တွင် မင်းတရားရွှေထီး ဟံသာဝတီက ရေအား၊ ကြည်းအား ချီ၍ ပြည်မြို့ကို ဝန်းရံလေ၏။ ပြည်ဘုရင် နရပတိလည်း အဝဘုရင် သိုဟန်ဘွား

၁။ အေဒီ ၁၅၃၈ ၂။ အေဒီ ၁၅၃၉ ၃။ အေဒီ ၁၅၄၁

ချုန်းပေါင် မှုန်ရှိင်း၊ မိုးမိတ် သို့ရှည်ဘွား၊ မိုးညှင်း စလုံပေးသို့ လက်ဆောင် လက်နက်အများနှင့် စစ်ကူ တောင်းလာ၏။ သိုဟန်ဘွားလည်း သုံးဦးအရောက်ညီလျှင် ဆင်မြင်းဗိုလ်ပါ စစ်ကျွက် သည်။ တိုက်ဆင် ရှစ်ရာ၊ မြင်းတစ်သောင်း၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် ပြည်သို့ ချီလာ၏။

မင်းတရားရွှေထီးလည်း နောင်တော် ကျော်ထင်နော်ရထာကို တိုက်ဆင် သုံးရာ၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ ခြောက်သောင်း[၁]နှင့် ပြည်မြို့က ခွာ၍ တစ်နေ့လောက်မှာ ဆီးကြို၍ ရှိလာ၏။ ယင်းသောခါ ရှေ့ပျား မြင်းတပ်ချင်းတွေ့၍ တိုက်သည်။ မင်းတရားရွှေထီး မြင်းတပ် ပျက်၍ ဆုတ်လေ၏။ မြင်းတပ်ပျက်သည်ကို မြင်လျှင် ဆင်တပ်မှီ၍ တိုက်သည်ကို ဘုရင့်နောင် ကျော်ထင်နော်ရထာ တိုက်ဆင် ၅၀ နှင့် ခြွန်းဖွင့်၍ ဆင်ပုံကို လွတ်သည်။ စော်ဘွားတို့ တပ်ပျက်၍ အပြင်းခွာရလေ၏။ ဘုရင့်နောင်ကျော်ထင်နော်ရထာကို စစ်သုံးကြောင်း လိုက်ထပ်၍ တိုက်လေသည်။ စော်ဘွားလေးဦး အဆီးအတားမရှိ ပျက်ရေး၍ ကရဲကသီ ကစဉ့်ကလျား နှိမ်ရ၏။ သုံးဆယ်စား၊ ရပ်ဆောက်စား၊ နောင်မွန်စားတို့ကိုလည်း ဆင်နှင့်တကွ သူ ရလေ၏။ ဆင် ခြောက်ဆယ်၊ မြင်း သုံးရာ၊ လူနှစ်ထောင်ကျော်ကိုလည်း သူ ရလေ၏။

စော်ဘွား လေးပါးလည်း စစ်ပျက်၍ အဝသို့ ရောက်လျှင် ဤသို့ တိုင်ပင်ကြ၏။ ယခုလည်း ဗန်းမော်စော်ဘွား၊ မိုးကောင်းစော်ဘွားတို့ကို မငုံဘဲ ချီရချေသောကြောင့် ပျက်စီးရ ချေသည်။ ငါတို့တွင်ပါသည့် ရဲမက်များလည်း သူ့အများဖြစ်၍ ကြိုကြိုးပမ်းပမ်း အမှုကို မထမ်းကြ ခြောင့် ပျက်စီးရချေသည်။ ငါတို့တွင်လည်း ကြည်းတပ်သာ ချီချေသည်၊ ရေတပ် မပါချေ။ ယင်းသို့ ဖြစ်သော ကြောင့် ပျက်စီးရချေသည်။ လူသူစုန်၍ အဝတွင် တိုက်လှေအများ လုပ်စီမံမည်။ မိုးကောင်းရော တိုက်လှေနှင့် ရေကြောင်း ချီစီမံမည်။ စော်ဘွား ငါးဦးကိုမူကား- ဆင်မြင်း အလုံးအရင်း အများနှင့် ကြည်းကြောင်း ချီစီမံမည်။ ယင်းသို့ စီရင်၍ ပြည်မြို့ကို လုပ်ကြမည်။ ရလျှင် လေတပ်ကို အနိုင်အလုံ နေစေ၍ တောင်ငူသို့ ချီ၍ လုပ်ကြမည်။ တောင်ငူကိုရလျှင် ဟံသာဝတီသို့ ရေကြောင်း ချီ၍ လုပ်ကြမည်။ ဘုရင်ရွှေထီး ငါတို့လက်က လွတ်ရမည်လော ဟူ၍ တိုင်ပင်ကြ ပြီးလျှင် စော်ဘွားတို့ ပြန်ကြလေ၏။

ပြည်မြို့မှာလည်း မင်းတရားရွှေထီး လုပ်ကြံတော်မူ၍ ပျက်ခဲ့လျှင်[၂] မင်းခေါင်စံ ရှင်သရက် နှင့် မိဖုရား သီရိဘုန်းထွတ်ကို တောင်ငူသို့ ပို့လေ၏။ ပြည်မြို့ကိုမူကား မင်းတရားရွှေထီး အထိန်းတော် သား သတိုးဓမ္မရာဇာကို ပေး၍ မင်းပြုရ၏။

## ၁၃၅။ သိုဟန်ဘွားကို မင်းကြီးရန်နောင် လုပ်ကြံပုံ

အဝတွင်လည်း သိုဟန်ဘွားကျွန် ရှမ်းတို့သည် မြန်မာတို့ကို ညှဉ်းပန်းနှိပ်စက်ပြုလေ၏။ မြန်မာ မှူးသား၊ မတ်သားတို့ကိုလည်း ဓားအပ်၍ အတွင်းတော်မှာ အိပ်လှည့် အိပ်ဖန် ပြုရ၏။ ထိုသို့ ပြုရသော သူကောင်းသားတို့ကိုလည်း အတွင်းမြို ရှမ်းတို့သည် ဟန်ပန်လွဲ ကျွန်ပြု၍ မြန်မာတို့ ဓောင်းထုပ်ကို ပျက်အောင် ပြုလေ၏။ ယင်းသို့ အကြိမ်အဖန် များစွာပြုလေသော် သည်းမခံနိုင်ကြ၍ မင်းကြီးရန်နောင်ကို ဤသို့ လျှောက်ကြကုန်၏။ ယခုသည် ကျွန်တော်တို့ကို

---

[၁] ခြောက်သောင်း (မှန်နန်း-၁၃၂)

[၂] တပင်ရွှေထီးသည် ၁၅၄၀ ခုနှစ် နိုဝင်ဘာလတွင် ပြည်မြို့ကို ရှိတ်သိမ်းတိုက်ခိုက်သည်။ ၁၈ မေ ၁၅၄၂ ခုနှစ်တွင် ပြည်ဘုရင် မင်းခေါင်စံ ရှင်သရက် ပြည်မြို့က ထွက်၍ အညံ့ခံသဖြင့် ပြည်မြို့ကို သိမ်းပိုက် ရရှိသည်။ (ဟာဗေ ၁၇၇-၁၈၅)

ရှမ်းတို့သည် ညှဉ်းဆဲနှိပ်စက်လှသည်။ မင်းကြီး မကြံပါက ကျွန်တော်တို့ သေရတော့မည် ကို လျှောက်သည်ကို မင်းကြီးရန်နောင်သည်လည်း သိဟန်ဘွားသည် ရတနာသုံးပါးကိုလည်း မရှိသေး။ သူ့အသက်ကိုလည်း မနမြော။ သူ့သားမယားကိုလည်း မျက်မှန်းကျိုးတတ်သည်။ ဘုရားသခင် သာသနာတော်ကိုလည်း ဖျက်ဆီးသသူ ဖြစ်သည်။ ကြံသော်လည်း ဖြစ်မှုယ်ရာ မရှိ။ သို့အရာတွင် အပြီးသို့ ရောက်အောင် ကြံနိုင်သော် ကောင်း၏။ မကြံနိုင်သော် အမျိုး နနစ်ဆောက်တိုင်အောင် ပျက်စီးခြင်းသို့ ရောက်မည်ဟူ၍ မိန့်တော်မူ၏။ အတွင်းမြို သူကောင်းသား တို့လည်း ကြံနိုင်အောင် ကြံတော်မူပါ။ ကျွန်တော်တို့ရှိ ထား ဟူ၍ လျှောက်ကြကုန်၏။ မင်းကြီးရန်နောင်လည်း မင်းတို့ရှိသည် ဓားကို အတွင်းတော်မှာ မြှုပ်၍ထားလေ။ ယင်းသို့မှ ငါ့ကို အကြောင်းကြားကုန် ဟူ၍ ဆို၏။ သူကောင်းသားတို့လည်း မှာသည်အတိုင်း ဓားကို မြေတွင် မြှုပ်ထားပြီးလျှင် ကြားလေ၏။ မင်းကြီးရန်နောင်လည်း ရွှေနန်းရှင်နရပတိ စွဲတော် မှသော ပဏ္ဍုမြားဓားသည် သိဟန်ဘွားလက်တွင် ရှိကြောင်းကို သိ၍ စကားစပ်အောင် ပြောဟောရာတွင် သိဟန်ဘွားက နရပတိဓားကို မြင်ချင်သလော ဟူ၍ မေး၏။ မင်းကြီး ရန်နောင်လည်း ကြည့်ချင်ပါသည်ဟု လျှောက်၏။ သိဟန်ဘွားလည်း ယူစေ၍ ပြ၏။ မင်းကြီး ရန်နောင် လက်သို့ရောက်လျှင် ဓော်ဘွားကို ပြေးထ၍ ခုတ်သည်။ မှီ၍နေသော ဝါးပိုးတိုင်နှင့် တကွ ပြတ်လေ၍ ကြမ်းတိုင်အောင် ကျလေ၏။ သိဟန်ဘွား သေကြောင်းကို အတွင်းမြို ရှမ်းတို့ သိလျှင် သောသော ထ၍ နန်းသို့ တက်လာသည်ကို မြန်မာ သူကောင်းသားတို့ မြှုပ်ထားသော ဓားကိုယူ၍ ခုတ်သည်။ အတွင်းမြို ရှမ်းတို့ သေလေကုန်၏။ အတွင်းမြို ရှမ်းတို့ သေလေလျှင် ပြင်က ဝင်လာကုန်သော ရှမ်းတို့ကိုလည်း မြန်မာတို့ ဆီးကြို၍ လုပ်ကြသည်။ ရှမ်းတို့ ပျက်၍ ပြေးလေကုန်၏။

သိဟန်ဘွားကို လုပ်ကြသော သက္ကရာဇ် (၇၀၄) ကိုးရှာလေးခု ကဆုန်လ[၁]တည်း။ ထိုဓော်ဘွားကား– စနေသားတည်း။ အဝကို စားသောအခါ အသက် နှစ်ဆယ့်နှစ်နှစ်တည်း။ အဝကို စားသည် ၁၅–နှစ်၊ ပေါင်း ၃၇–နှစ်တွင် ဆုံးလေ၏။

ရှမ်းတို့ကို လုပ်ကြသောအခါ မင်းကြီးရန်နောင် အသက် ၃၆–နှစ်တည်း။

## ၁၃၆။ အနန်းပေါင်ခံမှိုင်းမင်း အကြောင်း

သိဟန်ဘွား အနိစ္စရောက်၍ ရှမ်းတို့ ပြေးလေလျှင် အဝတွင်ရှိသော အမှုး အမတ်တို့သည် မင်းကြီးရန်နောင်ကို မင်းပြုတော်မူပါဟု တောင်းပန်ကြကုန်၏။ မင်းကြီးရန်နောင်လည်း ငါသည် မင်း၏စည်းစိမ်ကို အလိုမရှိဟု ပယ်၏။ အနန်းပေါင်မှာလည်း ခံမှိုင်းကြီး အနိစ္စရောက်၍ သား ခံမှိုင်းငယ် မင်းပြုတော်မူသည်။ ခံမှိုင်းငယ်ကလည်း မင်းကြီးရန်နောင်သို့ စေလာ၏။ မင်းကြီး ရန်နောင်သည် ငါတို့ ရွှေနန်းရှင် နရပတိ ဆွေတော် မျိုးတော် သားတော် ဖြစ်သည်၊ သို့ ဖြစ်သောကြောင့် အဝရွှေနန်းကို တက်၍ မင်းပြုတော်မူတော့။ အမှုအခင်း ရှိသမျှကို မဆိုးရိမ်နှင့် ဟူ၍ စေလာ၏။ မင်းကြီးရန်နောင်ကား– သစ္စာ စောင့်၏။ တော်ဖြောင့်၏။ သူ့ကျေးဇူးကို သိတတ်သသူဖြစ်၍ ကျွန်ုပ် မင်းစည်းစိမ်ကို အလိုမရှိ။ ရှင်ဓော်ဘွားမှုကား ငါတို့အရှင် နရပတိနှင့် အဆွေခင်ပွန်းရင်း ဖြစ်၍ အမှုအခင်း ရှိသမျှကို ဆိုးတူကောင်းဖက် ကြည်းဆောင်သသူ ဖြစ်ပေ သည်။ ရှင်ဓော်ဘွား အဝရွှေနန်းကို တက်၍ မင်းပြုတော်မူတော့၊ စေပြန်၏။ အနန်းပေါင်ခံမှိုင်း

၁။ ၁၃၄၂ မေလ

လည်း ညီကို အုန်းပေါင်ကို ပေးသည်။ သားကို မိုးညှင်းကို ပေး၍ အလုံးအရင်းနှင့် အသို့ရှိလာ၍ သက္ကရာဇ် (၉၁၄) ကိုးရာလေးနှ ဝါဆိုလ[1]တွင် အဝ မြွေနန်းကို တက်၍ မင်းပြုတော်မူသည်။ နန်းတက်သောအခါ ပါသည့် အလုံးအရင်းကား တိုက်ဆင် တစ်ရာ၊ မြင်း လေးထောင်၊ စစ်သည်သူရဲ ငါးသောင်း ပါသော ဟူ၏။

### ၁၃၇။ အုန်းပေါင်နံ့မှိုင်း ပြည်မြို့သို့ စစ်ချီပုံ

အုန်းပေါင်နံ့မှိုင်း နန်းတက်တော်မူလျှင် မင်းကြီးရန်နောင်ကို ပြည်အလုံးကို ချုပ်၍ စိုးရင်ပါ တောင်းပန်၏။ တလုပ်မြို့ကိုလည်း ပိုင်စားပေးတော်မူ၏။ မင်းကြီးရန်နောင်လည်း တစ်နှစ်ခန့် ရှိလျှင် ပဉ္စင်လျှာ လူ၏အဖြစ်ကို ရှုမြင်၍ အကြောင်းငါးပါးကို ဆောက်၍ မဟာရာအရပ်၌ သောဝင်၍ ရဟန်းပြုလေ၏။ အုန်းပေါင်နံ့မှိုင်း နန်းတက်သော သက္ကရာဇ် (၉၁၄) ကိုးရာလေးနှ တော်သလင်းလ[2]တွင် စော်ဘွား ခုနစ်ဦးတို့သည် တိုင်ပင်ရင်း ရှိကြသည်နှင့် တိုက်လှေအများ အဝတွင်(လုပ်ရ၏။) လှေတက် လုပ်ပြီးလျှင် စော်ဘွားအပေါင်းတို့ ရှိလာ၍ ခန့်ထား စီရင်သည်ကား တိုက်လှေတစ်ထောင့်သုံးရာ၊ လှော်ကားသံလှေ သုံးရာ၊ ရိက္ခာတင် ကုန်လှေ ငါးရာ[3]၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် မိုးမိတ်စော်ဘွား၊ မိုးညှင်းစော်ဘွားတို့ ရေကြောင်း ချီသည်။ အဝဘုရင် အုန်းပေါင်နံ့မှိုင်းစော်ဘွား၊ ဗန်းမော်စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးနဲစော်ဘွားတို့မှာ တိုက်ဆင် တစ်ထောင့်နှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းခြောက်သောင်းနှင့် သက္ကရာဇ် (၉၁၅) ကိုးရာငါးနှ နတ်တော်လဆန်း ၁-ရက်နေ့[4] ကြည်းအား၊ ရေအား ပြည်မြို့သို့ ချီသည်။ ရေကြောင်းချီလေသော မိုးမိတ်စော်ဘွား၊ မိုးနဲစော်ဘွားတို့ မြေထဲသို့ ရောက်လျှင် ကြည်းကြောင်း ချီလေသော စော်ဘွားတို့ မရောက်၍ ဆယ်ရက်ခန့် ငံ့နေသည်။ ကြည်းကြောင်းသားတို့ အရောက်ညီလျှင် ပြည်သို့ချီ၍ ကြည်း၊ ရေ ဝန်းရံ၍ လုပ်ကြသည်။ လက်နက်ကိရိယာ ထုထယ်လှသည်နှင့် မြို့စီးပြစီး များသောကြောင့် မရချေ။ အဝေးက ခွာ၍သာ ဝန်းရံလျက် နေရသည်။

### ၁၃၈။ အုန်းပေါင်နံ့မှိုင်းနှင့် စော်ဘွား ၇-ဦးတို့ကို မင်းတရားရွှေထီး တိုက်ယူပုံ

ပြည်ဘုရင် သတိုးဓမ္မရာဇာလည်း အင်အား မတန်သောကြောင့် ထွက်၍ မတိုက်ပံ့။ မင်းတရားရွှေထီးလည်း ရေအား၊ ကြည်းအား ဆင်လုံး မြင်းရင်း အများနှင့် ဟံသာဝတီက ချီလာ၏။ စော်ဘွားတို့လည်း စစ်နှစ်ဖက်ညှပ် ရှိမည်ကို ရည်၍ အရံကိုဖြုတ်ပြီးလျှင် ပြည်မြောက် သုံးတိုင်ကျော်လောက်တွင် ရေတပ်၊ ကြည်းတပ် ဖက်၍ နေကုန်၏။ မင်းတရားရွှေထီး ရောက်လာ၍ မိုးသောက်လျှင် လှေတပ်ချင်း တိုက်ကြသည်။ မင်းတရားရွှေထီးက တိုက်လှေ ကြီးသည်။ စော်ဘွားတို့က တိုက်လှေ ငယ်သည်။ အမြောက်မြတပူကြီးလည်း စော်ဘွားတို့တွင် မရှိချေ။ မင်းတရားရွှေထီးက အမြောက်မြတပူကြီးနှင့် လွှတ်လျှင် စော်ဘွားတို့၏ တိုက်လှေ နစ်ချေ၊ ကွဲချေ၍ လှေတပ် ပျက်ချေသည်။ ယင်းသို့ လှေတပ် ပျက်ခဲ့လျှင် ကြည်းတပ်သို့ ပေါင်း၍ နေရချေသည်။ စစ်သည်ဗိုလ်ပါ အများပင် သေပျောက်ချေသည်။ လှေတက်တို့ကိုလည်း မင်းတရားရွှေထီးက ရတော်မူလေသည်။ လှေတပ်ပျက်လျှင် မင်းတရားရွှေထီး လှေတပ်သားတို့

---

၁။ ၁၇၆၂ နယုန်လ ၂။ ၁၇၆၂ စက်တင်ဘာလ ၃။ ငါးဆောင် (မှန်နန်း-၁၄၁) ၄။ ၂၇ အောက်တိုဘာ ၁၇၆၂

သက္ကရာဇ် ([illegible]) [illegible]

[illegible]

ထိုသက္ကရာဇ်တွင် [illegible]

[illegible]

## [illegible]

သက္ကရာဇ် ([illegible]) [illegible]

[illegible]

---

[illegible]

စည်သူကျော်ထင်တို့ အကြောင်းထူး

၁၄၁၈ မိုးညှင်း နရပတိနှင့် စည်သူကျော်ထင် စားတော်ပြင်၍ စစ်ကိုင်းစည်သူကျော်ထင်သို့ တစ်ရံရောအခါ မနေ့လာလင်ပန်းနှင့် စားတော်ခေါ်မည် ပြုသည်ကို ပို့ရလေ၏။ စစ်ကိုင်းစည်သူကျော်ထင်လည်း ပို့လာသည့်ထမင်းကို စားတော်ခေါ်မည် ပြုသည်ကို အမှုထမ်းတို့က ရန်သူမင်းက ပို့လာသည့် စားတော်ကို စားတော်ခေါ်၍မသင့် လျှောက်ကြ၏။ စစ်ကိုင်းစည်သူကျော်ထင်လည်း ပြည်ထောင်မင်းတို့သဘောသည် တိုက်လံကြရာမှာ အခြား ဖြစ်သည်။ ရန်သူဟူ၍ မုန်းရည်လော။ ချစ်မေတ္တာ ရှိရာမှာ အခြားဖြစ်သည်။ မစား နေသင့်မည် မဟုတ် ဆိုပြီးလျှင် စားတော်ခေါ်လေ၏။

တစ်ရံရောအခါ အဝနရပတိက ရုံးမက်ဖိုလ်ပါအများနှင့် စစ်ကိုင်းသို့ ကူး၍ လုပ်ကြရ၏။ စစ်ကိုင်းစည်သူကျော်ထင်လည်း ရုံးမက်ဖိုလ်ပါတို့ကို အထောက်ထောက် အသင့်နေ စီရင်၍ တိုက်ရသည်။ ဤသို့လည်း မှာတော်မူသည်။ သူသို့ နီးလည်း သူ့ကျွန် ဖြစ်၍ သူ့အမှုကို ထမ်းရသည်။ ငါသို့ နီးလည်း ငါ့ကျွန်ဖြစ်၍ ငါ့အမှုကို ထမ်းရသည်။ သူ့ကိုရလျှင် သေအောင် မပြုပါနှင့်ဟူ၍ မှာတော်မူ၏။ အဝ စစ်သည်နှင့် တိုက်ကြရာတွင် ထိပါးရှုံးနိမ့်၍ ရလျှင် သိမ်းယူပြီးမှ စရင်းမှတ်သား၍ မြို့စိုက္ခာနှင့်တကွ သမားဟူးရား အပ်၍ ဆေးဝါးကုရ၏။ အနာ လွတ်လျှင် သားမယားရှိရာ သွားလေတော့ ဟူ၍ အဝသို့ချည်း ကူးရလေ၏။

သည်အကြောင်းများကို မိုးညှင်းလေ ကြားလျှင် အမျက်ထွက်၍ အပြင်း ဖိုလာ၏။ ရောက်လျှင် ပုဂံရှင်ဘုရားသို့ တက်၍ စရပ်တွင် နေမှ စည်သူကျော်ထင်ကို ပင့်ရလေ၏။ ရောက်လျှင် စည်သူကျော်ထင်လည်း ကွမ်းကိုင်၊ ရေကိုင် အခြွေအရံ စုရာနှင့် သွားလေ၏။ ရောက်လျှင် လေပုလည်း ဤသို့ ဆို၏။ ရှေးသောအခါ လုလင်တစ်ယောက်သည် တကျွန်းသိုလ်ပြည်မှာ အတတ် သင်ပြည် သွားလေ၏။ တကျွန်းသိုလ်ဆရာလည်း အသက်သွင်းတတ်သော အတတ်ကို သင်ပေး၏။ တတ်ပြီးလျှင် ဆရာကို ပူဇော်၍ ပြန်လာ၏။ ခရီးအကြား တောအုပ်တစ်ခုတွင် သေနေသော ကျားကောင်ကို တွေ့၍ အသက်သွင်းလေ၏။ ကျား ရှင်လေလျှင် ထိုလုလင်ကိုပင် ကိုက်သတ်၍ စားလေ၏။ ယခုလည်း ထိုအတူ ရှိမည် ထင်သည်ဟု ဆို၏။

စစ်ကိုင်းစည်သူကျော်ထင် ဤသို့ ဆို၏။ သူ့ကျေးဇူးကို သိမှ နတ်ရွာနိဗ္ဗာန် ချမ်းသာကို ရောက်ရသည်။ ရှေးသောအခါ သိန်းသိုက္ကျွန်း၌ သဿဘောဇ အမည်ရှိသော မင်းသည် ကျည်းမိစ္ဆာ တို့ နှိပ်စက်၍ မြို့ရင်းသို့ ရောက်လျှင် ခပ်သိမ်းသော သတ္တဝါအပေါင်းကို ချမ်းသာစေ ဟူ၍ ဆေးစက်ရှိတ်ကိုသာ ယူတော်မူ၍ နန်းကဆင်း၍ သွားလေ၏။ တောသို့ ရောက်တော်မူလျှင် သုံးရက်တိုင်တိုင် စားတော်မခေါ်ရ ရှိသည်နှင့် တစ်နေ့သ၌ လယ်လုပ်ယောကျ်ား တစ်ယောက် သည် စားမြိန်စာထုပ်ကို ယူ၍ လာသည်ကို သဿဘောဇမင်း မြင်လျှင် ထိုလုလင်ကို ခေါ်၍ ငါသည် ထမင်းမစားရသည် သုံးရက်ရှိပြီ၊ မင်းစားမြိန်စာထုပ်တွင် တစ်ဝက်သော ထမင်းကို ငါအားပေးပါ၊ ကျေးဇူးဆပ်မည်ဟူ၍ မိန့်တော်မူ၏။ ထိုလုလင်လည်း မိမိတွင်ပါသော စားမြိန်စာ ထုပ်ကို မင်းကြီးအား ဆက်သလေ၏။ သဿဘောဇမင်းလည်း ထမင်းသုံးရက် စားတော်မခေါ် ရသည်ဖြစ်၍ မြိန်ရှက်စွာ စားတော်ခေါ်လေ၏။ စားတော်ခေါ်ပြီးလျှင် မင့်ကျေးဇူး ကြီးလှ လေသည်။ မင့်ကို ကျေးဇူးဆပ်စရာ အခြား မရှိပြီ။ ငါသည်ကို ဖြတ်၍ ငါ့ဦးခေါင်းကို ကျည်းမင်း အား သဿဘောဇခေါင်းကို ကျွန်တော် ရသည်ဟူ၍ ဆက်လေတော့။ ယင်းသို့လျှင် မင့်ကို တစ်သက်ပန်းတိုင်း စားသောက်အောင် ဆုကို ပေးလိမ့်မည် ဟူ၍ မိန့်တော်မူ၏။ လယ်လုပ် ယောကျ်ားလည်း ကျွန်တော် မပြုဝံ့ပါ ဟူ၍ ဆို၏။ သဿဘောဇမင်းလည်း သချိုင်း သို့လ

သုတ၊ စာဂ၊ ပညာနှင့် ပြည့်စုံသော မင်းဖြစ်၍ ငါဦးခေါင်းသည့် သည်လုလင်ကျော့များကို ဆပ်ရသည် ဖြစ်စေသောဟု မိန့်လျှင် ဦးခေါင်း တစ်ကောင်းချင်း ဖြတ်၍ ဆိုလုလင်လည်း ဦးခေါင်းကိုယူ၍ ကျည်းမင်းကို ဆက်လေ၏။ ကျည်းမင်းလည်း များစွာသော ဆုလာဘ်ကို ပေးလှူသည်။ ထိုကဲ့သို့ ယနေ့လည်း ဆွေသောက် တော်စုံရောက် နိဗ္ဗာန်သို့ မရောက်သေးသရွေ့ ကာလပတ်လုံး ဆပ်ကြရသော်လည်း မပိုင်နိုင်ရာ ရှိသေးသည်။ ယင်းသို့ကို ယောက်ဖသည် လူ့ဆိုးလူ့သွမ်းတို့ စကားကို နား၍ သတ်လိုက်လျှင် မကောင်းမှုသာ များလေတော့မည် ဟူ၍ ဆို၏။ စလုံလည်း ဆွေသောက်နှလုံးကို သိလို၍သာ စမ်းသည်။ ယခု သိပြီဟူ၍ ဆိုပြီးလျှင် ဆင်မြင်းဗိုလ်ပါ ထပ်လောင်း၍ မိုးညှင်းသို့ ပြန်လေ၏။ စစ်ကိုင်း စည်သူကျော်ထင်လည်း ပြည်သူ လူရဟန်းတို့ကို ပေးကမ်းပိုက်ထုပ်တတ်သောကြောင့် ခိုလံပါ တစုံ တစု များလေ၏။

## ၁၄၂။ မင်းတရားရွှေထီး နတ်ရွာစံပုံ

သက္ကရာဇ် (၉၁၁) ကိုးရာတစ်ဆယ့်တစ်ခု တန်ခူးလ[၁]တွင် ဟံသာဝတီမှာ မင်းတရားရွှေထီးကို စစ်တောင်းစား သမိန်စောထွတ် လုပ်ကြံ၍[*] သမိန်စောထွတ်ပေါ် ဟူသော အမည်ကိုခံ၍ မင်းပြုလေ၏။ ဘုရင့်နောင်ကျော်ထင်နော်ရထာမှကား ဒလကသည် တောင်ငူသို့ ရှိတော်မူ၍ ညီတော်ကို လုပ်ကြံတော်မူသည်။ တောင်ငူကို ရတော်မူလျှင် ပြည်မြို့ကို လုပ်ကြံတော်မူသည်။ ပြည်မြို့ကို အလိုတော်ပြည့်လျှင် ပြည်တွင် နေတော်မူစဉ် သက္ကရာဇ် (၉၁၃) ကိုးရာတစ်ဆယ့်သုံးခု[၂] တွင် စစ်ကိုင်းစည်သူကျော်ထင်လည်း အလုံးအရင်း ဆင်မြင်း အများနှင့် အဝ နရပတိကို တိုက်မည် ဟူ၍ ဆင်မြင်းဗိုလ်ပါ ကူးစရာ တောင်ပန်း လုပ်ရ၏။ အဝဘုရင် နရပတိလည်း စည်သူကျော်ထင်ကို လုပ်ရည်ကြံရည် မမီရှေးသည်နှင့် အဝတွင် မခံဝံ့၍ ပြည်မှာ ဆင်ဖြူရှင် မင်းတရား ရှိရာ အလုံးအရင်းနှင့်တကွ ဝင်၍ ကျွန်တော်ခံလေ၏။ မိုးညှင်းနရပတိကား အသက် သုံးဆယ်တွင် အဝရွှေနန်းကို တက်တော်မူ၏။ နန်းတက်၍ အသက် ၃၆-နှစ်သော် နန်းကျတော်မူ၏။ နံတော် စနေသားတည်း။

## ၁၄၃။ စစ်ကိုင်းစည်သူကျော်ထင် အဝကို မင်းပြုပုံ

သက္ကရာဇ် (၉၁၃) ကိုးရာတစ်ဆယ့်သုံးခု[၃]တွင် စစ်ကိုင်းစည်သူကျော်ထင်သည် နရပတိ ဟူသော အမည်နှင့် အဝရွှေနန်းကို တက်၍ မင်းပြုတော်မူ၏။ ထိုမင်းကား သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပနှင့် ပြည့်စုံတော်မူ၏။ သနားစောင့်၏။ မှန်ကန်တော်လှ၏။ ရှမ်းရဲသတ္တိရှိ၏။ အမြော်အမြင် ပညာနှင့် ပြည့်စုံ၏။ ဆင်အတတ်ကိုလည်း အပြီးတိုင်အောင် တတ်တော်မူ၏။ တစ်ရံရောအခါ စစ်ကိုင်းအရပ်၌ မိန်းမငယ်တစ်ယောက် ရက်ကန်းစင် တွင်းတူးရာတွင် အိုးနှင့် ရွှေငါးပိဿာ ရသည်ကို မင်းကြီးအား ဆက်မည်ဟူ၍ ရွှေအိုးကို ယူ၍ လာ၏။ မင်းကြီးကား

---

၁။ ၁၅၄၉ ဧပြီ ၂။ ဒေသီ ၁၅၅၁ * တပင်ရွှေထီးသည် ၁၀ ဧပြီ ၁၅၅၀ တွင် ရှေ့ပြုသည်။ (ဦးကုလား မဟာရာဇဝင် ဒုတိယတွဲ စာမျက်နှာ ၁၅၈)။ ၂၄ နိုဝင်ဘာ ၁၅၅၀ တွင် နန်းတက်သည်။ (ဦးကုလား မဟာရာဇဝင် ဒုတိယတွဲ စာမျက်နှာ ၁၆၀)။ အိမ်နိမ့် ၁၅ ရက်နေ့ ညဉ့်မိ ၂၀၊ သက်တော် ၃၅ နှစ်၌ နတ်ပြည်စံတော်မူသည်။ (ဦးကုလား ဒုတိယတွဲ စာမျက်နှာ ၁၆၀)။ ယင်းအထောက်အထားများ အရ တပင်ရွှေထီး လုပ်ကြံခံရသည့် ရက်သည် မဟာရာဇဝင် ဒုတိယတွဲ စာမျက်နှာ ၂၂၂။ ...(၁၀ ဧပြီ ၁၅၅၀) ဖြစ်သည်။

၃။ သက္ကရာဇ် ၉၁၃ ခု တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် အင်္ဂါနေ့ (၁၀ ဧပြီ ၁၅၅၁) ဖြစ်သည်။

ဥဒေတာယံကို နံနက်တစ်ထောင်၊ အပေတာယံကို ညတစ်ထောင် သရဇ္ဈာယ်တော်မူ၏။ မိန်းမငယ် ရွှေအိုး ဆက်သည် အခိုက်တွင် ဥဒေတာယံကို ရွတ်တော်မူသည်။ တစ်ထောင်မပြည့်သေးသော ကြောင့် မည်သို့ဟူ၍ အမှူးအမတ်တို့ မလျှောက်ဝံ့၍ ကြာသောကြောင့် ဝန်အစီရင် အမတ် တို့သည် မိန်းမငယ်လည်း ကြာပြီ၊ တစ်ဝက်ကို အရာတော် ထား၍ တစ်ဝက်ကို ယူလေဟု ပြောလျှင် မိန်းမငယ်လည်း ဝမ်းမြောက်ဝမ်းသာ ယူ၍ သွားလေ၏။ နရပတိလည်း ဥဒေတာယံကို ရွတ်တော်မူသည် ပြီးလျှင် အမှူးအမတ်တို့ ရွှေကို ဆက်လေ၏။ မင်းကြီးလည်း အဘယ်ရွှေ နည်းဟု မေးတော်မူသည်ကို စေကိုင်းအရပ်၌ မိန်းမငယ် တစ်ယောက်သည် ရက်ကန်းစင် တွင်းတူးရာတွင် ရသည် ဟူ၍ အစီရင်ခံလာသောကြောင့် အရာတော် ရွှေတစ်ဝက် သိမ်းယူ ပါသည် ဟူ၍ နားတော်လျှောက်၏။ နရပတိလည်း မှူးတော် မတ်တော်တို့ကို အစ်ကိုတို့သည် ယောက်ျားကောင်းသော် ချွေးမြို့တော်ပတ်လည်တွင် တစ်နေ့ကို တွင်းတစ်ထောင်ပင် တူးသော် လည်း ရမည် မဟုတ်၊ သူ၏ ဘုန်းကံကြောင့် ရလေသည်။ တစ်ဝက် သိမ်းယူ၍ မသင့်ချေ မိန်းမငယ်ကို ခေါ်၍ အပ်လေဟု ဆို၏။ အမှူးအမတ်တို့လည်း ရွှေကို အပ်ရလေ၏။

တစ်ခုသောအခါ နရပတိ မိဖုရားသည် မင်းကြီးစိတ်တော်ကို သိလို၍ စားတော်ချက်ရာ ဆန်တစ်ပြည်အနက် ပေါ်းတစ်စေ့ ရော၍ ချက်ရလေ၏။ စားတော်ကျက်လျှင် မနော လင်းနံ့နှင့် ပြင်၍ စားတော်တည်ရ၏။ နရပတိလည်း စားတော် မြင်တော်မူလျှင် ပေါ်းလုံး များလှသည် ဟူ၍သာ မိန့်တော်မူသည်။ ရှင်မိဖုရားကား စားတော်သည်တို့ကို နင်တို့ မကြည့်မရှု ပြုသည်၊ နောက်နှင့်သေအောင် ကွပ်မျက်တော်မူမည် ဟူ၍ တိုင်ပင်တော်မူသည်ကို နရပတိက ကျွန်တို့ ပြည့်သည်ကား အရှင်ကို မျက်နှာရရှင်သည်သာ၊ အရှင်ကို မလိုတမာ မဖြစ်ရာ၊ စင်ကြယ်အောင်ပြာ၍ ထားသော ဆန်နှင့် ပေါ်းထားသည်နှင့် နီးရာတွင် ကျေးငှက်တို့ ယက်၍ ဝင်မှန်းမသိ ဝင်ရော သည်သာ ဖြစ်လေသည်ဟူ၍ မိန့်တော်မူသည်သာ။ အပြစ်ပြုတော်မမူ။ ဤသို့ မြတ်သော နှလုံးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မှူးတော်မတ်တော်မှ စ၍ ပြည်သူ လူရဟန်း အပေါင်းတို့သည် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသော ဟူ၍ မြတ်သော ဆုမွန်ကောင်း ပြုကြကုန်၏။

### ၁၄၄။ အလမ္ဘိ၌ အလုံးအရင်း စီမံပုံ

တစ်ခုသောအခါ မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ပြည်နေရွာနေ တိုင်းဝင်တော် မှုသည်။ ဘယမရှိ သူ ဟူသော အမတ် လျှောက်သည်။ ယနေ့သည် မှန်ပြည် ဟံသာဝတီကို ဘုရင်နောင်ကျော်ထင်နော်ရထာ လုပ်ကြံ၍ မှန်သုံးရပ်နှင့်တကွ ပြည်၊ တောင်ငူကို သိမ်းယူ လေသောကြောင့် အလုံးအရင်း ဆင်မြင်း များလှစွာရှိသည်။ ရွှေသို့ကို ကျွန်တော်တို့ အလို ရှိလှသည် ရှေ့တိုး ထင်သို့ဖြစ်သောကြောင့် အနံ့အပါး သိပေါင်းသို့ စေတော်မူမှ သင့်မည် [illegible] သတိပေးစေအောင် စေပါတော်မူရမည်။ ရှေ့ပြည်တော်တွင် ရှိသော ဆင်မြင်း ဗိုလ်ပါတို့ကို ပြည်တွင်း စားမျှစေတော်မူရမည်။ တိုက်သင်္ဂြိုလ်များ [illegible] [illegible] လည်း များအောင် စီရင်တော်မူရမည်။ ယင်းသို့မှ ရန်သူ လာသောအခါ [illegible] လက်ကြိုမည် ဟူ၍ နားတော်လျှောက်၏။ အတတ် နရပတိလည်း ဘယမရှိ သူ လျှောက်သော အကြောင်းကို ကြိုက်တော်မူ၍ [illegible]

အဝဘုရင် နရပတိလည်း ဟံသာဝတီက ရှိလာသော ရေတပ်၊ ကြည်းတပ် ပြန်လျှင် မော်ဘွားတို့(သို့) များစွာ ထွက်နယ်၍ ပြန်မလာ ခေ၏။*

## ၁၄၆။ ဆင်ဖြူများရှင် အဝသို့ ကိုယ်တိုင် ချီတက်ပုံ

သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု တွင်** ဟံသာဝတီက ဆင်ဖြူများရှင် ဘုရင် မင်းတရားကြီးဘုရား ရေကြောင်း၊ ကြည်းကြောင်း၊ ဆင်လုံး မြင်းရင်း လေ့တက် အများနှင့် ချီတော်မူလာသည်။ ထိုအကြောင်းကို အဝဘုရင် နရပတိ ကြားတော်မူလျှင် ရမည်း သင်း၊ ဝတီ၊ ယင်းတော်၊ ညောင်ရမ်း၊ ပင်းတလဲ မြို့များကို ဆင်မြင်းဗိုလ်ပါ လောင်းထပ်၍ အခိုင်အလုံ ခံစေ၏။ မိုးကောင်း၊ မိုးညှင်း၊ အုန်းပေါင်၊ သီပေါတို့သို့လည်း စစ်ကူ အလျှင် လာပါ ဟူ၍ ခေ၏။ ဟံသာဝတီက ရှိလာသော ဆင်ဖြူများသခင် ညီတော် ဘုရင်မင်းခေါင်၊ ညီတော် မင်းရဲကျော်ထင်တို့လည်း ဆင်လုံး၊ မြင်းရင်း အများနှင့် ရမည်းသင်း၊ ယင်းတော် သော တောင်ဘက်တစ်လွှားတို့ကို လုပ်ကြလေသည်။ မခံနိုင်၍ အဝသို့ရှုံး ပေါင်းလာ၏။ ဆင်ဖြူများရှင်မှကား အနောက်ကြောင်း ချီတော်မူ၍ လက်ထုပ်ကသည် ကွမ်းရွာကို ကူး၍ ပုခန်းကြီးကို လုပ်ကြလေသည်။ မခံနိုင်၍ ပုခန်း ပျက်ချေ၏။ ပုခန်းကြီးစားမှုကား မြို့က ထွက်၍ မိညှင်းသို့ ဝင်လေ၏။ ဆင်ဖြူများသခင် ညီတော် သတိုးဓမ္မရာဇာတို့ ရေတပ်မှုကား ချောင်းထူးကို ဝင်၍ ပုခန်းကြီးကို နောင်တော်နှင့်အတူ လုပ်ကြသည်။ ပုခန်းပျက်လျှင် အမြင့်ကို လုပ်ကြလေသည်။ ပျက်လေ၏။ အမြင့်ကသည် ဇဒ့်၊ ကမ်းနီကို လုပ်ကြလေသည်။ ပျက်ပြန် ချေ၏။ မြို့အနှင့်တကွ ရလေ၏။ ယင်းကမှ ရှင်းတွင်းက ထွက်၍ ဧရာဝတီကြောင်း ရှိလာ၏။ ဆင်ဖြူများသခင်လည်း ပုခန်းကြီးကသည် နန္ဒကိုင်းကို ကူး၍ မြောက်ဘက်ကြောင်း စစ်ကိုင်း သို့ ချီတော်မူလာ၏။ စစ်ကိုင်းစားလည်း မြို့တွင်းက မခံဝံ့ချေ၍ ပြေးထွက်ချေ၏။

ဟံသာဝတီက ကြည်းကြောင်းရှိလာသော ဘုရင်မင်းခေါင်၊ မင်းရဲကျော်ထင်တို့လည်း စကားပင်ကျွန်း တပ်နိုင်တပ်လှံ တည်၍ နေသည်ကို အဝက သွား၍ တိုက်စေသည်။ ပျက်ချေ၏။

## ၁၄၇။ အဝမြို့ကို ဝန်းရံ တိုက်ယူပုံ

ဟံသာဝတီက ရှိလာသည့် ရေတပ်၊ ကြည်းတပ် အရောက်ညီလျှင် ဆင်လုံး မြင်းရင်း ဝန်းရံ၍ လုပ်ကြလေသည်။ အဝမြို့ ပျက်ချေ၏။*** အဝပျက်ခဲ့လျှင် နရပတိလည်း အခြေအရံ

---

၁၈ ဧပြီ ၁၅၅၄ * ဟံသာဝတီ ရေတပ်၊ ကြည်းတပ်များ ၁၅၅၃ နှစ်တွင် အင်းဝသို့ ချီတက်တိုက်ခိုက်မြင်းကို စာမျက်နှာ ၂၄၃ တွင် ကြည့်ပါ။ ** သက္ကရာဇ် ၉၁၆ နတ်တော်လဆန်း ၄ ရက် (၂၈ နိုဝင်ဘာ ၁၅၅၄) ဖြစ်သည်။ (စာမျက်နှာ ၂၄၅ ကြည့်ပါ) *** ဟံသာဝတီက ဘုရင့်နောင်ကျော်ထင်နော်ရထာ အဝသို့ ကိုယ်တိုင် ချီတက်တိုက်ခိုက်၍ အဝကို သက္ကရာဇ် ၉၁၆ ခု တပေါင်းလဆန်း ၂ ရက် အင်္ဂါနေ့ (၂၂ ဇန်နဝါရီ ၁၅၅၅) တွင် [illegible]

ကျေးကျွန်နံ့ရာနှင့် အုန်းပေါင်က စစ်ကူလာသော စော်ဘွားတို့တပ် ဆင်ခေါင်းမှာ ရှိရာသို့ ပေါင်းမည်ဟူ၍ သွားတော်မူသည်ကို ဆင်ဖြူရှင်များသခင် ဘုရင့်မင်းတရား အပင်းအသင်းတို့ တွေ့၍ ဖမ်း၍ ဆက်လေ၏။ ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း သနားတော် မူ၍ ကျေးကျွန် အစစအပေါင်းနှင့်တကွ ထားတော်မူ၏။ ဟံသာဝတီသို့ ရောက်တော်မူလျှင် ဓေတမ²ဥပဟုဥ် အရှေ့၌ သာယာလှစွာသော သုံးဆက်အိမ်တောက်၍ နေရ၏။

## ၁၄၈။ အင်းဝ သတိုးမင်းစောအကြောင်း

သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု တပို့တွဲလပြည့်ကျော် သုံးရက်နေ့¹ အင်္ဂါ ဆင်ဖြူများသခင် အလိုတော်ပြည့်လျှင် မြောက်ဘက်၊ တောင်ဘက်ဝယ် ရှိသော မြို့ပြတို့ကို သိမ်းယူတော်မူသည်။ ရွာတို့ကိုလည်း သိမ်းယူတော်မူ၍ ကျေးစားအသစ် တည့်တော်မူသည်။ ကျေးစားဟောင်းကို ထပ်၍ သနားသင့်သော မြို့ရွာကိုလည်း ထပ်၍ သနားတော်မူသည်။ နရပတိမြစ်ကြောင်း အညာတစ်လျှောက်တွင် ရှိသော မြို့ပြကိုလည်း ညီတော် ပြည်ဘုရင် သတိုး ဓမ္မရာဇာကို လုပ်ကြံစေ၍ ရတော်မူလျှင် ဆင်လုံး မြင်းရင်းနှင့်ရှည်း မြို့စား တည့်တော်မူသည်။ အဝပြည်ကြီးကိုမူကား ညီတော်အငယ် မင်းရဲကျော်ထင်ကို "သတိုးမင်းစော" ဟူသော အမည်နှင့် အဝတွင်ရှိသော အလုံးအရင်း ဆင်မြင်းနှင့်တကွ ပေးတော်မူသည်။ အဝသို့ ပါတောင်းသော မြို့ရွာကိုလည်း ပေးတော်မူ၏။

အဝ နရပတိစည်သူကား– သက်တော် (၅၁) ငါးဆယ့်တစ်နှစ်တွင် စစ်ကိုင်းမြို့ကို တည်တော်မူသည်။ စစ်ကိုင်းမြို့တွင် ခြောက်နှစ် နေတော်မူ၍ သက်တော် (၅၇) ငါးဆယ့်ခုနစ် နှစ်တွင် အဝရွှေနန်းကို တက်တော်မူသည်။ ရွှေနန်းတော်ထက် သုံးနှစ်နေ၍ သက်တော် (၆၀) ခြောက်ဆယ်ပြည့် သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု ပြာသိုလဆန်း ၁၀–ရက်³ ၁–နေ့နေ့ နက္ခတ် ၂၆–လုံး မကာရလဂ်တွင် ကောလိစုတ်၍ နန်းသစ်တက်တော်မူသည်။ တပို့တွဲလပြည့်ကျော် ၃–ရက်⁴ ၁–နေ့နေ့ အဝပျက်၍ (နန်းကျ)သည်။ နရပတိစည်သူကား နန်းတော် ၄–ဟူ၍သာတည်း။

ရတနာပူရ အဝပြည်ကြီးဝယ် သတိုးမင်းဖျားမှစ၍ သတိုးမင်းစောတိုင် မင်းတစ်ဆယ့် ကိုးပါး⁵တို့ကို ဆိုသည်ကား ပြီး၏။

## ၁၄၉။ တောင်ငူပြည် အကြောင်း

ဓေယျာဝတီနယ်တိုင်း ကေတုမတီ မည်သော တောင်ငူပြည်ကြီးကို သက္ကရာဇ် (၆၃၁) ခြောက်ရာသုံးဆယ့်တစ်ခု⁶တွင် ပုဂံနန်းနိုင်ဖြစ်သော သဝန်ကြီး တည်ထောင်စ ပြုတော်မူသည်။⁷ သက္ကရာဇ် (၈၄၇) ရှစ်ရာလေးဆယ့်ခုနစ်ခု⁹တွင် မဟာ သဝန်ကြီးမှစ၍ မင်း ၂၉–ဆက်⁸ သီရိဇေယျသူရမင်းသည် ဦးစီးတော် စည်သူကို လုပ်ကြံ၍ မင်းပြုတော်မူသည်။

---

[illegible]

သိုလိုင်ဆွာကို ရလေသည်။ သိုလိုင်ဆွာ သဲရုက်နှင့်တကွ ပြတ်၍ ဆုံးလေ၏။ ဆင်ကိုလည်း ရတော်မူသည်။ ထိုဆင်ကို မင်းကိုယ်တိုင်စီး၍ ပွဲ၌ ဖူးတော်မူသည်။

## ဥါရာဝတီမြို့သို့ မွန်တို့ ချီလာပုံ

မွန်မင်း ရာဇာဓိရာဇ်လည်း အမျက်ထွက်၍ ဥါရာဝတီမြို့ကို ရလေဟု အမတ် လေးကျိပ်, ဆင် တစ်ရာ, **စစ်သည်လူ တစ်သိန်းခြောက်သောင်း**နှင့် ချီလာ၍ ဥါရာဝတီမြို့ကို ရလေ၏။ (ဇာတ်) **မှန်ရာဇဝင်ဆယ်နှုန်း**' မဟာသီရိဇေယျသူရသည် ညီတော် မင်းကြီးစည်သူကျော်ထင်ကို ထိုက်ဆင် မှန်ဆယ်, စစ်သည်လူ ခုနစ်သောင်းနှင့် အနောက်ဘက်ခါးကို ထွက်၍ တိုက်ရသည်။ မဟာသီရိဇေယျသူရမှာ ဆင်ရှ သုံးဆယ်, စစ်သည်လူ **ခုနစ်သောင်း**နှင့် တောင်ဘက်ခါးကို ထွက်၍ တိုက်တော်မူသည်။ မွန်တို့ ဝဲ-တပ်လုံး ပျက်၍ ပြေးလေ၏။ ဆင် ၇၀, သုံးပန်း များ ရတော်မူ၏။ မွန်တို့ ဝဲ-တပ်လုံးကို လှူသုံးတော်ကျွေး ရတော်မူ၏။ သေလေသည်လည်း များ၏။ မွန်တို့ ဝဲ-တပ်လုံးကို လုံလောက်သျှင် ဆင်မြင်း, သုံးပန်းအများ ရကြောင်းကို ဒုတိယဘုရင်မင်းခေါင်သို့ လျှောက်ရ သော်လည်း ဒုတိယဘုရင်မင်းခေါင်လည်း စာရတော်မူ၍ သီရိဇေယျသူရ ဟူသော အမည်ဖြင့်တွင် လေ၏။ ဒုတိယဘုရင်မင်းခေါင်လည်း ရောက်လာလေ၍ မင်းခြောက်တန်ဆာပါးပါ၊ ဆုလာဘ်တော် ပေးသနား၍ မဟာသီရိဇေယျသူရ ဟူသော အမည်နှင့် မင်းခြောက်တန်ဆာပါး၊ ဆုလာဘ်တော် ပေးသနား၍ မဟာသီရိဇေယျသူရ ဟူသော အမည်နှင့် ချီးမြှင့်တော်မူသောကြောင့် လုပ်ကြံတော်မူသည်။ မွန်၊ ရှည်းသင်း တောသွားကို ဖျက်ဆီးလေ မှာတော်မူသောကြောင့် တစ်ကြိမ် ချီတော်မူသည်လည်း ဆင်မြင်း သုံးပန်း အများ ရတော်မူ၏။ ကြောင်းပြင်သို့ တစ်ကြိမ် ချီတော်မူသည်လည်း ဆင်မြင်း သုံးပန်း အများ ရတော်မူသည်။

မဟာသီရိဇေယျသူရကိုယ်တော် ဆင်တော် ဆေဝနာကကို စီးတော်မူ၍ တိုက်ဆင် ၈၀, မြင်း ခြောက်ထောင်, စစ်သည်လူ လေးသောင်းနှင့် ပြည်ကျောသို့ ချီ၍ လုပ်ကြံတော်မူသည်။ သုံးပန်း ဆင်မြင်းအများ ရတော်မူသည်။ ဆင် ဆောက်မလည်တစ်သင်း ရတော်မူသည်။

သဤရာဇ် (စဉ်ဌ) **မှန်ရာဇဝင်ဆယ်သုံးရ တော်သလင်းလ**[5] ရမည်းသင်းနှင့် တလွဲ ပါမြန်ပိုင် စားသော မင်းရဲကျော်စွာ အရှိုက်တော်မူလျှင် မင်းရဲကျော်စွာကျွန်းကိုယ်ရံတော် တစ်ထောင်ကျော် ကျွန်ခံလာ၏။

အခုနာ လိုသဤရာဇ် (စဉ်ဌ) **မှန်ရာဇဝင်ဆယ်သုံးရ နတ်တော်လ**[6] ရွှေနန်းတွင် နေရာတိုင် ပြောင်တော်သားတော် ရွှေနန်းရာရာ ကျွန်ခံ လေးဆင့်ကြာ ပုံစံတော်လေသောကြောင့် ရွှေနန်းရာကို ကျွန်းရွှေတော်မူလျှင် ရွှေနန်းရာ ဗောည်းတော် ဘုရင် မဟာသီဟသူရ ကျွန်တော် ရှင်ထွေးနားသိန်[4], ပင်းတလဲဘား, မင်းတရားကျွန်းသီးမှူး, လေးမှူး, ရဲမြတ်လူ သည်ငါးယောက်သည် အမြဲ့အရဲ ဆင်မြင်း လူ ခုနစ်ရာကျော်နှင့် အသက်သေမည်ကို ကြောက်၍ ပြေးထွက်လာ၍ ကျွန်တော်ခံလာသည်။ မဟာသီရိဇေယျသူရလည်း ရှင်ထွေးနားသိန် ကို ဆောက်ခံတော်မင်း ဥက္ကာ **ရမြို့ပြင်စစ်၍ နယေတော်** မင်းမြတ်လူနှင့် ခံတော်တော်မူသည်။ သည်မြို့ပြင် ထင်ရှားသည့်ကိုလည်း အထိုက်အလျောက် သူကောင်းပြုတော်မူသည်။ သဤရာဇ် **(စဉ်ဌ) မှန်ရာဇဝင်ဆယ် လေးရ**[7]တွင် အဝ ရွှေနန်းကြောင့် နေရာတိုင် ဘုရင်ဘွားတော် စောင်းနှင့် အပြို့တို့ စေသည့် သတင်းကြားရာ သိမ်းတော် မင်းလုလင်တွက်နှင့် ခံတော်တော်မူ၍

[4] ဦး...သိမ်း... [illegible] ... ၁၉၄၁ ... [illegible]
[illegible] ... ၁၉၆၁ ... [illegible]

စာလွှဲငါးစရိုင်နှင့်တကွ ပြေကောင်း၊ ကင်းသာ၊ ရွှေပြီ၊ တောင်ညို၊ မှန်ဘေး၊ ပက်ဒိုင်၊ 
ပြည်လှ၊ အင်းတော်၊ အင်းပေါက်၊ ကျွန်၊ သံဂုက်၊ ပဲကျား၊ သပိတ်၊ အင်းချုံ၊ **စလေ**၊ ဆားတော်မှု၍ မင်းထီးဖြူ ပြုရသည်။ မြို့ကျေးရွာများကို ရတော်မူလျှင် ရွာနေတို့ကို ခွဲရာသော် သို့ရည်။ သွင်းတော်မူ၍ မြို့ရွာများကို တောကြစ်စေသည်။ ထိုသက္ကရာဇ် (၈၆၄) **ခုနှစ်မှာ** **ခြောက်ဆယ်လေးခုနှစ်**တွင် ရွှေနန်းရှင် နရပတိကို ဖြားနားတော်မူသည်။

သက္ကရာဇ် (၈၆၅) **ခုနှစ်ရောက်ခြောက်ဆယ့်ငါးခုနှစ်**တွင် ညောင်ရမ်း၊ မင်းရဲကျော်ထင်
အနီးရောက်လျှင် ညောင်ရမ်း၊ သင်ကြီး၊ ယင်းတော်၊ မိတ္ထီလာ၊ မြစ်ညောင်၊ သာစည်ခြောက်မြို့နှင့်တကွ မင်းရဲကျော်ထင်ကြီးသား ဘယကျော်ထင်၊ မင်းတုံးတာ မင်းပြည့်တို့ ကျွန်တော်ခံလှာ၏။ (မင်းတုံးတာကို သမီးတော်နှင့် ထိမ်းမြားလေ၏။ ၎င်းကို ယင်းတော် မိဖုရား ခေါ်သည်။)

## ၁၅၃။ အင်းဝစစ်သည်၊ တောင်ငူစစ်သည်တို့ ချီတက်ပုံ

ကျွန်ခံကြောင်းကို ရွှေနန်းရှင် နရပတိ ကြားတော်မူလျှင် ဆင်လုံး မြင်းစီး အများနှင့် ရာဇသင်္ကြံကို ဗိုလ်မှူးခန့်၍ မြစ်ညောင်၊ သာစည်ကို ပံ့ပွား၏။ ထိုအကြောင်းကို တောင်ငူဘုရင် မဟာသီရိဇေယျသူရ ကြားတော်မူလျှင် တိုက်ဆင် တစ်ရာနှစ်ဆယ်၊ မြင်း ခြောက်ထောင်၊ စစ်သည်လူရဲ ငါးသောင်းနှင့် ချီတော်မူ၍ အဝစစ်သည် မြို့တွင်းက ခံနှင်သည်ကို ဆင်တော်လက်ရုံတည် သေသနာကို စီးတော်မူ၍ တိုက်တော်မူသည်။ အဝစစ်သည် ပျက်လေ၏။ ယင်းသို့ ပေါက်မြိုင်ကို ရဲမက်တော်တို့ကို ဖျက်ချေ စေ၍ အပြန်တွင် အဝက စစ်သည်အများ လိုက်၍ တိုက်လေသည်။ ထိုအခါ စစ်သူကြီး ရာဇသင်္ကြံသည် ဆင်တော် ရန်ဖေါင်နိုင်နှင့် စီး၍ လိုက်လတ်သည်ကို တောင်ငူဘုရင် သမက်တော် ယင်းတော်မင်း မင်းတုံးတာ နာဂရ ဟူသော ဆင်ကို စီး၍ တိုက်သည်။ ရာဇသင်္ကြံဆင် သုန်၍ ပြေးလေ၏။ လိုက်ဆယ်၍ တိုက်သည်။ ရာဇသင်္ကြံခေါင်းကို မင်းတုံးတာ ဖြတ်ရ၏။ သုံပန်း ကျွဲနွားသည်း အများ ရတော်မူ၏။ ယင်းကသည် ပြင်စည်မင်းကျား **မိတ္ထီလာ**ကို ဖျက်ချေ၍ များစွာသော ဆင်၊ မြင်း၊ သုံပန်း၊ နွား၊ ကျွဲ ရတော်မူ၏။

သက္ကရာဇ် (၈၆၆) **ခုနှစ်ရာခြောက်ဆယ့်ခြောက်ခု**နှစ်တွင် သူကောင်းသားချင်းတို့ကို မြို့စု၊ သင်းစု၊ စွန်နှာ၊ လက်ဝဲခီးတိုက်၊ ရဲဆောင်၊ ရန်အောင်၊ ဇေယျသင်္ခယာ၊ မြင်းညည်မှန်၊ ရှိသား၊ သည် လက်ဝဲမြင်းကိုးစီး ဖွဲ့တော်မူသည်။

လက်ယာမြင်း မင်းရာဇာ၊ ရန်နှင်ဝယ်၊ ကမ်းသီရိ၊ ငွေယ်ကုန်း၊ နတ်မြင်း၊ တန်ဆောင်မြင်း၊ လက်ယာစီးတိုက်၊ သည်လက်ယာမြင်း နှစ်စီး၊ နှစ်ဆေါင်း ၁၆–စီး ဖွဲ့တော်မူသည်။ ထို
သက္ကရာဇ် (၈၆၆) **ခုနှစ်ရာခြောက်ဆယ့်ခြောက်ခု**နှစ်တွင် ပြည်မင်း ဆင်ဖြူရှင် သတိုးမင်းစော
ပြည်က ဆင်လှေ၍ စစ်ကြီး ဆိုင်ကြသော် ဗုဟိုကြီးတရားတွင် မင်းနန်းသား သခင်နှိုက်တော်မူ၍
အရေးတော် ပြီးကြလျှင် ယင်းကသည် ပြည်ကြောင်းချီတော်မူ၍ ဗလောင် လှန်၍ စဉ့်ကူသို့
ဆိုက်တော်မူသည်။ ပြည် ဆင်ဖြူရှင် သတိုးမင်းစော မူလာ စကြိုသည် စဉ့်ကူသို့ ရှေ့အောင်
လိုက်နှင့် ဆင်၍ စဉ့်ကူတွင် တောင်ငူမင်း မဟာသီရိဇေယျသူရကို အောင်သို့ ခေါ်တော်မူ၍

[illegible]

မုဓော့လင်ပန်းနှင့် စားတော်အတူ ခေါ်ကြသည်။ ယင်းကမှ ပွဲကို လုပ်ကြံတော်မူသည်၊ မရချေ။ စလေသို့ ဆုတ်ပြန်၍ ပြည်သား၊ တောင်ငူသား၊ ယင်းတော်သား၊ သင်းကြီးသားနှင့် စုံတော်မူကြသည်။

### ၁၅၄။ ဘုရင့်နောင်နှင့် ပုံတောင်တွင် တိုက်ပုံ

အဝဘုရင် နရပတိလည်း အနိုးပေါင်စော်ဘွားနှင့်တကွ ရေသား၊ ကြည်းသား ရှိလာ၍ ပုံတောင်တွင် စစ်ကြီးတွေ့ကြ၏။ ယင်းသောအခါ အရပ်အနေ မသင့်သောကြောင့် ပျက်ချေသည်။ မဟာသီရိဇေယျသူရလည်း ဆင်တော်ရွှေကျေး တစ်စီးတည်းနှင့်သာ လူအပေါင်းတို့ကို ကာယ်မတော်မူ၍ လွတ်စေ၏။ စဉ့်ကူးမြို့တွင်းမှာ မှူးတော်၊ မတ်တော်၊ ရွှေတော်၊ မျိုးတော်၊ နံမက်တော်တို့ကို သူ ရလေသည်ကိုလည်း ကိုယ်တိုင်တော် ဆင်စီး၍ ထုတ်တော်မူပြီးလျှင် ပုခန်းငယ်သို့ ချီတော်မူ၏။ ယင်းသောအခါ ပြည်ဘုရင် သတိုးမင်းစောဆင် "ဓာတိသူရ" မသွားနိုင်၊ ခြောက်နှစ် ပစ်ခဲ့သည်ကို တွေ့တော်မူ၍ သိမ်းယူတော်မူခဲ့၏။ ယင်းကမှ ပင်း၊ နက်မောက်သို့ ချီတော်မူ၍ အရပ်အနေပြုပြီးမှ ကျောက်ပန်းတောင်း၊ တုရွင်းတိုင်မြို့တို့ကို လုပ်ကြံစေသည်။ သုံးပန်းလှသူ ကျွဲနွား အများ ရတော်မူ၏။ သက္ကရာဇ် (၈၆၇) ခုနှစ်ရာ **ခြောက်ဆယ့်ခုနစ်ခု**[1]သို့ ရောက်သောအခါ စလေ ပုန်တောင်တွင် **နယုန်လ**[2] ပျက်ချေသည်။

### ၁၅၅။ ရွှေနန်းကြော့ရှင် နရပတိကို ညီတော် ၃-ပါး ခြားနားပုံ

ယင်းသို့မှ သက္ကရာဇ် (၈၆၉) **ခုနှစ်ရာခြောက်ဆယ့်ကိုးခု**[3] ရောက်သောအခါ ရွှေနန်းကြော့ရှင် နရပတိ မိထွေးတော် သားတော် မင်းကြီးသမ်သူ၊ မင်းကြီးလတ်၊ မင်းကြီးထွေး၊ သည်မင်းညီနောင် သုံးပါးသည် ဆင်လုံး မြင်းရင်းနှင့် ပုခန်းကြီးသို့ ဝင်၍ နောင်တော် နရပတိကို ပုန်ကန် သောင်းကျန်းလေ၏။ ကေတုမတီသို့လည်း ကိုယ်တိုင်တော်ချီ၍ လုပ်ကြံတော်မူပါ ကျောက်လှသောကြောင့် မင်းကြီးညို ဆင်လုံး၊ မြင်းရင်း စီရင်တော်မူ၍ ချီတော်မူသည်။ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ငသယောက်၊ တုရွင်းတိုင်၊ စဉ့်ကူး၊ ဗွာသာ၊ **ကျွဲဆို**[4]၊ သည်မြို့များကို ချက်ဆီးခဲ့၍ ရေနံချောင်းမြို့တွင် အရေးကို မြော်တင်း၍ နေတော်မူသည်။ ယင်းကမှ မကွေးတွင် နေတော်မူ၍ မြင်အလုံးကို ခတ်၍ ထိုသို့စဉ် ပြည်ဘုရင် သတိုးမင်းစောလည်း ပုခန်းမင်းက ကူညီမည် ဟူ၍ ရေသား၊ ကြည်းသား ဆန်တော်မူလာသည်။ မကွေးတွင် တွေ့တော်မူကြလျှင် ငါ့သားတော်ကို မြင်ချင်သည်ဟူ၍ ရွှေလှော်ကားနှင့် ခံလာရသည်။ မဟာသီရိဇေယျသူရလည်း စားတော် ကွမ်းရေကိုင် အခြွေအရံနှင့်သာ လိုက်တော်မူ၍ မောင်တော်သို့ ရောက်တော်မူလျှင် မုဓော့လင်ပန်းနှင့် စားတော်အတူ ခေါ်ကြ၍ သစ္စာကတိ ထပ်တော်မူပြန်သည်။

ယင်းသို့မှ ချီတော်မူ၍ ကင်ပိန္နဂါးသို့ ရောက်တော်မူလျှင် ရေမရှိသောကြောင့် မိုးလိပ်ပါ ဆင်ပြင်း ဝတ်သည်ကို ခိုင်ခန့်သစ္စာ ပြုတော်မူသည်။ တစ်ခေတချင်း **ချောင်းကြီးလာ၍**[5] မိုးလိပ်ပါ ဆင်ပြင်း သောက်ရ၏။ ထိုအရပ်တွင် အရေးကို မြော်တင်း၍ နေတော်မူစဉ် ပုခန်းပျက်၍ မင်းညီနောင် သုံးပါးကို ဘုရင့်နရပတိ ကွပ်မျက်လေကြောင်းကို ကြားလျှင် ပြန်တော်မူ၍၊ သက္ကရာဇ် (၈၇၀) **ခုနှစ်ရာခုနစ်ဆယ်**[6]တွင် ယင်းတော်သား မင်းပြည့်ဝ ပြည်သို့ ဝင်မည် ဟူ၍

---

[1] ဆဒ် ၁၅၀၅ [2] ၁၅၀၅ ဇူလိုင် [3] ဆဒ် ၁၅၀၇ [4] ကျွဲဆို(မုံရွာနယ်-ဘားမ) [5] ချောင်းကြီးလာ၍ (မုံရွာနယ်-ဘားမ) [6] ဆဒ် ၁၅၀၈

ကြားလေသောကြောင့် အလုံးအရင်းနှင့် ချီတော်မူသည်။ ကာလိမ်ကျော၊ ဟုန်ရွှာ၊ မုန်ရွှာ၊ မင်းလဲ[1]၊ 
ကုန်းတောင်၊ ကန်တောင်၊ တောက်လောက်၊ သည့်ရွာများကို ဖျက်ဆီးတော်မူ၍ ယင်းတော်အနောက် မနိုင်တောင်မတွင် နေတော်မူ၍ တောင်တွင်းကြီးကို စုစမ်းစေ၏။ သို့မှ တောင်တွင်း မင်းကြီးနှင့် စကားပြီးကြ၍ တောင်တွင်းမင်းကြီး သားတော်အငယ် မင်းကြီး ရွှေမြတ်နှင့် နိုးမင်း မိဖုရားတွင် မြင်သော သမီးတော်နှင့် စုံဖက်တော်မူသည် အကြောင်းကို တောင်တွင်းမင်းက ဆို၍ အရေးပြီးကြလျှင် ပြန်တော်မူ၏။ ကေတုမတီသို့ ရောက်တော်မူလျှင် တောင်ငူ ပြည်သူ ပြည်သား အလုံး မြို့တည်စရာ အုတ်ချည်း ဖုတ်ရ၏။

သက္ကရာဇ် (၈၇၁) ခုနှစ်ရှစ်နှစ်ဆေးယဉ်တစ်ခုတွင် တောင်တွင်းမင်း သား မင်းကြီးရွှေမြတ်ကို ဝိုဂုတ်၍ သမီးတော်ကို မင်းကြီးရွှေမြတ်နှင့် စုံဖက်တော်မူသည်။

## ၁၅၆။ ကေတုမတီမြို့ တည်သည့် အကြောင်း

ယင်းသို့မှ သက္ကရာဇ် (၈၇၂) ရှစ်ရာခုနှစ်ဆယ့်နှစ်ခု တန်ဆောင်မုန်းလပြည့် ၃-နေ့[2] နက္ခတ် ၂၆-လုံး၊ မိန်စန်း၊ ပြဿလဂ်၊ အင်္ဂါ ရာဟု အတူ၊ ကြာသပတေး မကာရတွင်း သောကြာ ဓနုမှ၊ တနင်္ဂနွေ တုတွင်၊ စနေ သိဟ်၌ နံနက်အခါတွင် ကြာအင်းကို အတွင်းသွင်း၍ အရှေ့အနောက် အတာ (၇၀၀) ခုနှစ်ရာ၊ တောင်မြောက် အတာ (၅၀၀) ငါးရာ[3] ရှိသော ကေတုမတီမည်သော တောင်ငူမြို့ကြီးကို တည်တော်မူသည်။ ကြာအင်းတစ်ပတ်လည်ကိုလည်း ပိန္နဲ၊ သရက် အစရှိသော သီးမျိုးဥယျာဉ်၊ စံပယ်၊ ကြက်ရုန်း အစရှိသော ပန်းမျိုးဥယျာဉ်တို့ကို စိုက်လုပ်ရသည်။ ရေအင်းအလယ် သာယာလှစွာသော အိမ်တော်ကို ဆောက်စေ၏။ အင်း တစ်ဖက် တန်ဆောင်းမင်းတဲ ဆောက်စေပြီးလျှင် သဘင်မပြတ် ခံတော်မူ၍ ပွင့်စေတော်မူသည်။ မြို့လယ် နန်းတော်အရာ၌လည်း မဏ္ဍပ်ဆောက်စေ၍ မြို့ပတ်လည် ဝန်းကျင်တွင် သီတင်းသုံး သော အရိယာသံဃာ၊ အဝေးအနီးမှ ရောက်သော အရိယာသံဃာတို့အား ပရိက္ခရာ ရှစ်ပါးနှင့် တကွ ခမည်းတော် မဟာသင်္ဃာကို ဆွမ်းမပြတ် လုပ်ကျွေးရသည်။ မတတ်ရ၊ မစားရ အထီး ကျန်သော သူဆင်းရဲတို့အားလည်း အဝတ်ပုဆိုး၊ ကြေး၊ ဆန် မပြတ် ရွှန်းကြဲတော်မူသည်။ ပုဏ္ဏားတို့အားလည်း ငွေ၊ ပုဆိုး လှူတော်မူသည်။

## ၁၅၇။ တပင်ရွှေထီးကို ဖွားမြင်သည့် အကြောင်း

တစ်ရံရောအခါ မိုးကြီး ထန်စွာ ရွာရာတွင် ကန်တော်ပေါက်၍ ဆည်တော်မူရည် ဟူ၍ ခေါ်နှင့် ထွက်တော်မူရာတွင် ငွေယံကုန်း[4] သူကြီးသမီးသည် အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသည်ကို မြင်တော်မူလျှင် ထိုသူငယ်မ ရေး၌ မြူးသော ကုသိုလ်ကံသို့ ရောက်၍ အလွန် တိမ်းမက်တော်မူ၍ သည်သူငယ်မသည် အဘယ်သူ သမီးနည်းဟု မေးသော် ကျွန်တော်မ အလွန် ငွေယံကုန်းသမီးဟု လျှောက်လျှင် ယူ၍ နန်းတင်လေ၏။ တစ်ရံရောအခါ မင်းကြီးကို ယပ်ခတ်၍ နေရာတွင် ခြေတော်မကျ၍ အိပ်ပျော်စဉ် လန့်၍ ကျည်ကျည်ကျာကျာ ဟစ်၏။ မင်းကြီးလည်း လန့်၍ နိုးတော်မူလျှင် အဘယ်နည်း ဟူ၍ မေးတော်မူ၏။ သူငယ်မလည်း ကောင်းကင်က နေမင်းသည် ဆင်းလာ၍ ကျွန်တော်မဝမ်း ခွဲ၍ဝင် မက်သောကြောင့် လန့်၍ ဟစ်မောင်သည်ဟု

၁။ ကာလိမ်ကျည်၊ ဟုန်ရွှာ၊ မုန်ရွှာ၊ မင်းလု (မှန်နန်း-၁၇၈) ၂။ ဒေဝီ ၁၅၀၉ ၃။ ၁၆ အောက်တိုဘာ ၁၅၁၀
၄။ တန်ဆောင် (မှန်နန်း-၁၇၉) ၅။ ငွေယံကုန်း-ပျော်ဘွယ်မနား၊ တောင်တွင်း မီးရထားလမ်းဘူတာရှိ လယ်တောကြီး။

နားတော်လျှောက်၏။ မင်းကြီးလည်း နှင့်တွင် ပဋိသန္ဓေ နေလှာသသူသည် နေကဲ့သို့ ကုန်းကြီး
နားတော်လျှောက်၏။ မင်းကြီးလည်း နန်းတော်မှ မိဖုရားမြောက်တော်မူမည် ဟူ၍ ဆို၏။ နေ့ လ စေ့၍ သက္ကရာဇ်
မည်။ ယောက်ျားဖွားလျှင် ငါ မိဖုရားမြှောက်တော်မူမည် ဟူ၍ ဆို၏။ နေ လ စေ့၍ သက္ကရာဇ်
(၈၇၈)[^၁] ရှစ်ရာခုနစ်ဆယ့်ရှစ်ခု ကဆုန်လပြည့်ကျော် ၁-ရက်၊ ၄-ဟူးနေ့ ညနေလေးချက်တီး
ကျော်တွင် သားတော် တပင်ရွှေထီးကို ဖွားသည်။ ဖွားသောအခါ မိုးကြီး သည်းစွာ ရွာ၍
မိုးသီးရှောက်လုံးစေ့ သည်းစွာ ကျ၏။ တောတောင် မြို့ရွာတို့လည်း မီးလျှံကဲ့သို့ တောက်သည်။
မင်းကြီး ဆရာတော်လည်း ယနေ့ တိတ်နိမိတ်ကြီးသည်၊ တရားမင်းဖြစ်မှာ တစ်ခုတစ်ခုသော
အကြောင်းရှိမည် ဟူ၍ မိုးသောက်လျှင် နန်းတော်သို့ ဝင်တော်မူ၏။ မင်းကြီးလည်း သားတော်
ဖွားကြောင်းကို ကြားလေ၏။ ဆရာတော်လည်း အမည်ပေးလေပြီလော ဟူ၍ မေးတော်မူ၏။
တပင်ရွှေထီး သမုတ်ပေးသည် ဟူ၍ လျှောက်၏။ ဆရာတော်လည်း မင်းဆက်ပြတ်ခဲ့ပြီ ဟူ၍
မိန့်တော်မူ၏။

သားတော် တပင်ရွှေထီးကို မျက်နှာမြင်လျှင် မယ်တော်ကို ရာဇဒေဝီ ဟူသော အမည်နှင့်
မိဖုရား မြှောက်တော်မူ၏။

သတို့သမီးရာဇာ သမီးတော် မင်းလှထွတ်ကို ရွှေနန်းရှင်နရပတိ ပေး၍ မိဖုရားမြှောက်
ရာတွင် သားတော်၊ သမီးတော် မြင်သည်ဟူ၍ စာပေ မတွေ့။ ဝတီး(မိ)ဖုရားတွင်လည်း
သားတော်၊ သမီးတော် မြင်သည် ဟူ၍ စာပေ မတွေ့။

မိုးဗြဲသမီး ဝေဠုယ်ကို နန်းတင်ရာတွင် ဆင်ဖြူသခင် ဘဝရှင်မင်းတရားကြီး မိဖုရား
ဝေကြီးကို မြင်သည်။

သားတော် တပင်ရွှေထီးကို မျက်နှာမြင်လျှင် မင်းပေါင် မင်းလက် မင်းဆွေ မင်းမျိုး
တို့ကို အမ အစ ပေးတော်မူမည်ဟူ၍ ရွေးချယ်တော်မူသည်ကား တောင်ခမင်းကြီး သားတော်
မင်းကြီးဆွေတစ်ပါး၊ ကြက်ရိုးပင်မင်းကြီး သားတော် ရှင်နီတာတစ်ပါး၊ ရှင်သီဟ တစ်ပါး၊
ပဏ္ဍုမြားတစ်ပါး၊ ရှင်နတ်တော်တစ်ပါး။ မိန်းမမှာ ပြကောင်းကတော်တစ်ပါး၊ ရန်စစ်အောင်
တစ်ပါး။ ယောကျ်ား- ၅၊ မိန်းမ -၂၊ ပေါင်း ၇-ပါး မ စ တော်မူရသည်။

သက္ကရာဇ် (၈၈၄) ရှစ်ရာရှစ်ဆယ့်လေးခု တပေါင်းလကွယ်နေ့[^၂] **တောင်တွင်းနှင့်
ရမည်းသင်း**[^၃]ကို အောင်မြင်တော်မူ၍ ဆင် မြင်း သုံ့ပန်းအများ ရတော်မူ၏။ ရှမ်းတို့ကိုလည်း
အများ ယူတော်မူခဲ့၏။

သက္ကရာဇ် **(၈၈၅) ရှစ်ရာရှစ်ဆယ့်ငါးခု**[^၄]တွင် ပင်းနှင့် နတ်မောက်ကို ယူတော်မူသည်။

သက္ကရာဇ် **(၈၈၆) ရှစ်ရာရှစ်ဆယ့်ခြောက်ခု တပေါင်းလကွယ်**[^၅] အဖိတ် စနေနေ့
မိုးညှင်းစလုံ တိုက်၍ အဝ ရှေးဦးစွာ ပျက်သည်။ အဝ ပျက်ကြောင်းကို ကြားတော်မူလျှင်
အဝ မြို့ရွာ တောင်ဘက်များကို ယူတော်မူမည် ဟူ၍ ဆင်လုံး မြင်းရင်း အများနှင့် ချီတော်မူ၍
လှလင်ကွမ်းခိုက်တွင် အရပ်အနေ ပြုတော်မူကြိုက် ရွှေနန်းရှင် နရပတိကျွန်တော် အမြင့်မင်း၊
ညောင်ရမ်းမင်း၊ ရမည်းသင်းမင်း၊ ဝတီးမင်း၊ ဝင်လယ်မင်း၊ ပင်းယမင်း၊ **ရှမ်းပိုက်တောင်မင်း**[^၆]တို့
ဝင်လှာ၍ သောက်ကြိုတိုင်တွင် မင်းများနှင့် အတွေ့ခံတော်မူ၏။ ဝင်လှာသသူပေါင်းကား
တိုက်ဆင် ၂၀၀၊ မြင်း ၆၀၀၊ အမြွေအရံ ယောကျ်ား၊ မိန်းမ **တစ်သောင်းကျော်**[^၇]ကို ယူ၍
ကျွန်တော် ခံလှာ၏။

---

[^၁]: စကား ကြွင်းသင်(၃၁-၁၅)
[^၂]: ၁၀ ချီ ၁၃၅၆
[^၃]: ၁၃ မင် ၁၃၅၁
[^၄]: တောင်ငူရာဇဝင်နှင့် ရမည်းသင်း (မှန်နန်း-ဓာ)
[^၅]: ၆၆ ၁၃၅၂
[^၆]: ၂၀ ၁၃၅၁
[^၇]: ရှမ်းပိုက်တောင်မင်း (ကြွင်းသင်(၃)-၁၅)
၈၈ နှစ်သောင်းခန့် (-၃၆-)

မဟာသီရိဇေယျသူရလည်း ကေတုမတီကို တည်တော်မူစဉ်က တံခါး ပြအိုးတိုင်းမှ ကြီးရှည်း များစွာ ထွက်လာသည်ကို မြင်တော်မူသည်ကား ကေတုမတီသို့ချည်း လေးမျက်နှာအရပ်မှ လူအပေါင်းတို့ စုံးစဉ်လာမည်။ ငါမြင်တော်မူသည်အတိုင်း မှန်သည်ဟု၍ မိန့်တော်မူ၏။ ယင်းကမှ သင်းကြီး မိတ္ထီလာကို လုပ်ကြတော်မူ၍ သုံ့ပန်းယူတော်မူလေ၏။ ယင်းတော်မြို့ကို ရံတော်မူစဉ် ရွှေနန်းရှင် နရပတိ အဝရွှေနန်းတော်ကို ရပြန်၍ ရွှေနန်းရှင် နရပတိနှင့် အုန်းပေါင်စော်ဘွား ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ ယင်းတော်က စွာရံလေ၏။ ရတော်မူသည် သုံ့ပန်းကိုလည်း ယူ၍ ပြန်တော်မူ၏။ ဘုရင် နရပတိနှင့် အုန်းပေါင်စော်ဘွား အတူချီလာ၍ ကေတုမတီသို့ ရောက်လျှင် မြို့မြောက် ဆင်ကျုံးက တပ်ချ၍ နေတော်မူ၏။ ယင်းကမှ မြို့ကို အကြိမ်ကြိမ် လုပ်ကြသည်၊ မရနိုင်၍ ပြန်တော်မူလေ၏။

သက္ကရာဇ် (၈၈၈) **ရှစ်ရာရှစ်ဆယ့်ရှစ်ခု**[၁] အဝ ပျက်လျှင် ရှင်ဘုရင် နရပတိလည်း ရှမ်းစစ်တွင် ဆုံးချေ၏။ ရှင်ဘုရင်နရပတိ ဆုံး၍ အဝနောက်ပျက်သော သက္ကရာဇ်ကား (၈၈၈) **ရှစ်ရာရှစ်ဆယ့်ရှစ်ခု** အတာနေ့[၂]ပင် ဆုံးသတည်း။

ဘုရင်နရပတိ ဆုံးလျှင် တောင်ငူသို့ ရောက်လာသည်ကား ပင်လယ်မင်း၊ အင်းခန်းမင်း၊ မြစ်သာမင်း၊ လှိုင်းတက်မင်းတို့သည် မြို့သူ ရွာသားတို့နှင့်တကွ ကျွန်တော်ခံလာ၏။

ထိုသက္ကရာဇ်တွင် အလုံးအရင်း ဆင်မြင်းအများနှင့် မွန်ပြည်ကျေးစပ်သို့ ကြည်းကြောင်း[၃] ပြာသိုလ[၄]တစ်ကြိမ် ချီ၍ လုပ်ကြတော်မူသည်။ ဆင်မြင်း သုံ့ပန်းအများ ရတော်မူ၏။ ပြန်တော်မူလျှင် အဝတောင်တစ်လွှား မြို့ပြကိုလည်း ဖျက်ရ၏။ ကန်ချောင်း ဆည်မြောင်း ရိုးတိုင်းကိုလည်း အလုံးအရင်းနှင့် ခန့်၍ ဖျက်ဆီးရ၏။ တောင်ငူနှင့် စစ်ဝေးစိမ့်မည် ဟူ၍ ဖျက်ဆီးရသည်။ ထိုအခါ မိုးညှင်းသား ရှမ်းတို့ကို အပြည်ပြည်ထောင်သားတို့သည် ခန့်ညားရ၍ ရှာရသည်။

## ၁၅၈။ မင်းကြီးညို နတ်ရွာစံခြင်း

မဟာသီရိဇေယျသူရကား ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံတော်မူ၏။ မင်းကြီး ထိပ်တော်တွင် ရောက်သော ဆံတစ်ချောင်းသည် ရှည်တစ်ဖျားခန့် ရှိသော ဟူ၏။ မင်းကြီးကား လေးအရာ၊ ချွန်းအရာ၊(ဆင်အရာ) တတ်တော်မူ၏။ စားမှု စားရာ အထွေအရာကို တတ်၏။ မင်းဖျူးစိုးမတ် မင်းခွေစိုးမျိုးသို့ လည်းကောင်း၊ မိန်းမ အသက်ကြီး အိမ်ထောင်မှဲသို့ လည်းကောင်း၊ ရဟန်း ဘုန်းကြီးသို့ လည်းကောင်း နေ့တိုင်း စားရာ အထွေအပြားများကို မင်းနှုတ်တော် စီရင်၍ ပွဲနှင့် **လူတစ်ယောက်**[၅] တစ်ခက်ထမ်းပို့ရ၏။ ထိုမင်းကား လုပ်ရည်ကြံရည် ရှိ၏။ ပြည်ရေးထဲရာ နောင်လာနောက်တ မြင်၏။ လက်ရုံးပညာ ရှိ၏။

မင်းကြီး နိမ့်တော်မူလိုလျှင် မြို့တွင်း၌ ဆင်ကျုံးထားတော်မူ၏။ မြို့နားဝန်းကျင် လက်ပံပင်လည်း မြို့တွင်းက စိုက်ဘိ၏။ ဆရာတော် မဟာသိန်းသိုရောက် ဘုန်းတော်ကြီးလည်း မသင့် မအပ် ဟူ၍ မြစ်တော်မူသော်လည်း မနိုင်၊ ဆင်ကျုံးကို တည်တော်မူလေ၏။ ဆင်ကျုံး၌လည်း လက်ပံပင် စိုက်လေ၏။ ထိုဆင်ကျုံးတွင် အိမ်တော်ဆောက်၍ နေလေ၏။ သို့နေတော်မူ၍ သုံးလခန့်ရှိလျှင် သက္ကရာဇ် (၈၉၂) **ရှစ်ရာကိုးဆယ့်နှစ်ခု** နတ်တော်လဆန်း ၅-ရက်[၆]၊ ၅-တောအနေ့ ညဦး သူငယ်အိပ်ဆိတ်တွင် အိမ်နိမ့် ၂ဖြါ၊ မင်းညောင်စိမ် ၄ဖြါ၊ သက်တော်

———

[၁]။ လေဒီ ၁၅၂၇ [၂]။ ၂၈ မတ် ၁၅၂၇ [၃]။ အပ်ကျည်းချောင်းများသို့ (မှန်နန်း-၁၁၁)၊ ကျောက်ဆည်မြို့ [ဒွင်းသင်း(၃)-၂၀] [၄]။ ၁၅၂၇ ဒီဇင်ဘာလ [၅]။ လူနှစ်ယောက် [ဒွင်းသင်း(၃)-၂၀] [၆]။ ၂၄ နိုဝင်ဘာ ၁၅၃၀

(၇)တွင် အနန္တရောက်တော်မူ၏။ နံတော် ၄–ပါးသားတည်း။ အနန္တရောက်တော်မူလိုသော် ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး သီဟစာသွား၏။

ပြုတော်မူသော ကောင်းမှုတော်ကား– တောင်ငူမြို့ကြီး အလယ်၌ စည်းခုံကြီးနှင့် ကျောင်းတော် ကေတုမတီ အရှေ့မြောက်ထောင့် မြို့ထိပ်၌ ဘုရားစေတီနှင့် ကျောင်းတော်၊ ကေတုမတီမြို့ အရှေ့ဘက် တောင်ထောင့်၌လည်း ဘုရားစေတီနှင့် ကေတုမတီ သဃ်ရာမ ကျောင်းတော်ပ တည်တော်မူ၏။ ဒွါရာဝတီမြို့တောင်၌ ဆရာတော် အရှင်မဟာသိန်းယိုရောက် ဘုန်းကြီးကို ကျောင်းဆောက်၍ ဆွမ်းနိစ္စဘတ် လှူတော်မူ၏။ ဆရာတော် ကျောင်းတွင်လည်း သိမ်တော်၌ ကြေးကို ကိုယ်လေးတော်သွန်း၍[၁၉] ထားတော်မူ၏။ ဝါကျွတ်လျှင် ပုညိုး ဟူသမျှ သိမ်တော်၌ ကြေးကို ... ပစ်တော်မူ၏။ မြို့တောင်၊ မြို့အနောက် ကိုလည်း ကထိန်သင်္ကန်း သင်္ကန်းတော်မူရာ ပုဂ္ဂိုလ်တို့ကို ပစ်တော်မူ၏။ ဥယျာဉ် ဖြစ်ကောင်းရာရာ ဥယျာဉ် ဖြစ်စေ၌လည်း ကန်တူးစေပြီးလျှင် ဆည်၍ထား၏။ ဥယျာဉ် ဖြစ်ကောင်းရာရာ ဥယျာဉ် ဖြစ်စေ၏။

## ၁၅၉။ မင်းတရားရွှေထီး နန်းတက်ခြင်း အကြောင်း

လွန်တော်မူသော သက္ကရာဇ် (၈၉၂) ရှစ်ရာကိုးဆယ့်နှစ်ခု နတ်တော်လဆန်း ၅–ရက်၊ ၅–သောနေ့ ညဥ့်တစ်ချက်တီးကျော်တွင် သားတော် မင်းတရားရွှေထီး နန်းတက်တော်မူသည်။[၂၀] အထွတ်အမြတ်သို့ ရောက်တော်မူလျှင် မင်းကြီးဆွေကို ခမည်းတော်အရင်းကဲ့သို့ အရိုအသေ အလေးအမြတ် ပြုတော်မူသည်ဖြစ်၍ မင်းရဲသိမ်သု ဟူသော အမည်နှင့် ရွှေချက်၊ ကွမ်းခွက်၊ လက်ဖက်အိုး တစ်ကောင်းဖုံး ပေးတော်မူသည်။

အထိန်းတော် ရှင်နီတာကိုလည်း သတိုးဓမ္မရာဇာ ဟူသော အမည်နှင့် ရွှေချက်၊ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး ပေးတော်မူသည်။

အထိန်းတော် ရှင်သီဟကိုလည်း စည်သူကျော်ထင် ဟူသော အမည်နှင့် ရွှေကျုပ်၊ လက်ဖက်အိုး၊ တကောင်းဖုံး ပေးတော်မူသည်။

အထိန်းတော် ရှင်နတ်တော်ကိုလည်း ဘယနန်သူ ဟူသော အမည်နှင့် ရွှေကျုပ်၊ လက်ဖက်အိုး၊ တကောင်းဖုံး ဆုပေးတော်မူသည်။

အထိန်းတော် ပဏ္ဍုမြားကိုမူကား စာပေ မတွေ့။

မင်းရဲသိမ်သု သားတော် ရှင်ရဲထွတ်ကိုလည်း ကျော်ထင်နော်ရထာ[၂၁] ဟူသော အမည်နှင့် ရွှေကျုပ်မြင်းမိုရ်၊ လက်ဖက်အိုး၊ ကျောက်တစ်ရစ်စီ ဆုပေးတော်မူသည်။ နောက်လည်း နှမတော် မင်းသမီး ခင်ကြီးနှင့် စုံဖက်တော်မူသည်။

ထိုမှတစ်ပါး မင်းဆွေမင်းမျိုး မှူးတော် မတ်တော် အပေါင်းတို့ကိုလည်း အငယ်အသွား အလျောက် အမည်အရည် အဆောင်အယောင် စားကျေးစားလက် ပေးတော်မူသည်။

---

၁၉ ကိုယ်လေးတော် ဘုရားသွန်း၍ [မှန်နန်း–၁၈၂ တွင်းသင်း(၃)–၂၀]

၂၀ ၂၄ နိုဝင်ဘာ ၁၅၃၀ ... သက္ကရာဇ် ၈၉၂ နတ်တော်လဆန်း ၆ ရက် သောကြာနေ့ (၂၅ နိုဝင်ဘာ ၁၅၃၀) ဟု [တွင်းသင်း(၃)–၂၂] တွင် ဆိုသည်။ သက္ကရာဇ် ၈၉၂ နတ်တော်လဆန်း ၅ ရက် ကြာသပတေးနေ့ ညဉ့် တစ်ချက်တီးကျော်သည့် ... နန်းတက်ရာသည် ၂၄ နိုဝင်ဘာ ၁၅၃၀ ဖြစ်ပါမည်။

၂၁ ... မြန်မာနိုင်ငံတော် ... (ဘေဒါ ၁၅၄၉–၁၅၈၁) ဖြစ်သည်။

## ၁၆၀။ မင်းတရားရွှေထီး နားတွင်းတော်မူပုံ အကြောင်း

မင်းတရားရွှေထီး နန်းတက်တော်မူ၍ နှစ်သက္ကရာဇ် (၈၉၄) ရှစ်ရာကိုးဆယ့်လေးခုတွင် သက်တော် ၁၇-နှစ်သို့ ရောက်ပြီဖြစ်၍ နားတွင်းတော်မူသင့်ကြောင်း၊ ကြောင်းကို မှူးကြီးမတ်ကြီးတို့ လျှောက်ကြသော် ငါ ဟံသာဝတီ ရွှေမော်ဓောဘုရားမှာ နားတွင်းတော်မူမည် ဟူ၍ မိန့်တော်မူသည်။ မှူးတော်မတ်တော်တို့လည်း ဟံသာဝတီ ရွှေမော်ဓောဘုရားမှာ နားတွင်းဖြစ်သည်။ ရွှေမော်ဓောဘုရားမှာ နားတွင်းတော်မူမည် အမိန့်တော်ရှိသည်မှာ ရန်သူတို့ရှိ လျှောက်ကြသည်ကို ငါကို ဝံ့မည်လောဟု မိန့်တော်မူပြီးလျှင် "သတ္တုရုဓေယျ" ဟူသော မြင်းတော်ကို ပတ္တမြားကနှင့် စီးတော်မူ၍ အမတ်လေးကျိပ်၊ မြင်းရံငါးရာနှင့် ဟံသာဝတီသို့ တက်တော်မူ၍ ပူဇော်ပြီးမှ ဦးသျှောင်ထုံး၍ နားတွင်းတော်မူသည်။ မွန်မင်း သူ့ရှင်တကာရှိပါ လည်း မင်းတရားရွှေထီး ရွှေမော်ဓောဘုရားသို့ အဖူးအမြင် လာသည်ဟူ၍ ကြားလျှင် ယခုမင် မင်းတရားရွှေထီးကို ဖမ်းလေ ဟူ၍ အမိန့်တော်ရှိသောကြောင့် အထိန်းတော် ဧည်းသော ဧည့်သားကျွန်းတို့သည် အလုံးအရင်း ဆင်မြင်း အများနှင့် ရွှေမော်ဓောဘုရားကို ဝန်းရံသည်။ ထိုအကြောင်းကို အမှူးအမတ်တို့သိ၍ လျှောက်ကြသော် မင်းတရားရွှေထီးလည်း နားကိုသာ တည်အောင်ထွင်း၊ မွန်တို့ကို ငါတိုက်တော်မူမည်ဟူ၍ မိန့်တော်မူသည်။ နားတွင်း၍ပြီးလျှင် မြင်းတော် သတ္တုရုဓေယျသို့ တက်တော်မူ၍ ငါ မင်းတရားရွှေထီး၊ နင်တို့ ဝံ့မည်လော ဟူ၍ မိန့်တော်မူပြီးလျှင် မြင်းတော်ကို အကုန်လွှတ်၍ မြင်းရံငါးရာနှင့်တကွ ထွက်တော်မူသည်။ ဘုန်းကြီးသော မင်းဖြစ်၍ မွန်တို့ တစ်ယောက်မျှ မထွက်ဝံ့ကုန်။ အံ့ဩ၍သာ နေကြကုန်၏။ မင်းတရားရွှေထီးလည်း သုံးညဉ့် လေးရက်နှင့် ကေတုမတီသို့ ရောက်တော်မူသည်။

မင်းတရားရွှေထီး အကြောင်းတော်ကား- မွန်မင်း ဓမ္မစေတီသည် သားတော်အိမ်ရှေ့မင်း မင်းရဲကျော်စွာတွင် အပြစ်မရှိဘဲလျက် သူကုန်းပြော၍ လျှောက်သည် စကားကို ယုံတော်မူ၍ ကွပ်မျက်တော်မူလေသည်။[၂] ကွပ်မျက်သောအခါ မင်းရဲကျော်စွာ ဆုတောင်းသည်ကား "ငါ့တွင် အပြစ်မရှိဘဲကို သူကေလားကိုနာ၍ ယခု ငါ့အသက်ကုန်ခြင်းသို့ ရောက်ရတော့မည်။ အပြစ်မရှိသည် မှန်ပါလျှင် ဤဘဝမှ စုတေသော် မြန်မာမင်းတို့၏ဝမ်း၌ ဝင်၍ အရွယ်သို့ရောက်လျှင် မွန်သုံးရပ် နိုင်နင်းညှဉ်းဆဲ၍ အစိုးရသည် ဖြစ်စေသော" ဟု ဆုတောင်းပြီးမှ ဆင်ယင်ဝတ်စားသမျှ တန်ဆာတို့ကို ရွှေမော်ဓောဘုရားကို ပူဇော်လေသည်။ မင်းတရားရွှေထီးကို ပဋိသန္ဓေ တည်နေမည်သော အခါလည်း ဓမ္မစေတီမင်း သားတော် မင်းရဲကျော်စွာ ဖြစ်လှာသည် ဟူ၍ အိပ်မက်ပေးသော ဟူ၏။

သက္ကရာဇ် (၈၉၆) ရှစ်ရာကိုးဆယ့်ခြောက်ခု[၃]တွင် မင်းဆွေစိုးမျိုး သူကောင်းသားတို့ကို မြင်းရည်တက် ၂၈-စီး ဖွဲ့တော်မူသည်။

## ၁၆၁။ မင်းတရားရွှေထီး ဟံသာဝတီသို့ ချီပုံ

ထိုသက္ကရာဇ် (၈၉၆) ရှစ်ရာကိုးဆယ့်ခြောက်ခု[၃]တွင်ပင် တိုက်ဆင် လေးဆယ်၊ မြင်း ရှစ်ရာ[၄]၊ စစ်သည်သူရဲ လေးသောင်းနှင့် ကျောင်းထင်နော်ရထာကို ရှေ့တပ် ခန့်တော်မူ၍ ဟံသာဝတီသို့ ချီတော်မူသည်။

၁။ ဓေယသဏ္ဌာန (တွင်းသင်း(၃)-၂၃)
(မွန်နန်း-၁၈၃၊ တွင်းသင်း(၃)-၂၂)
၂။ အိမ်ရှေ့မင်း အကြံအစည်နှင့် ညာနှိပ်/ အိုန္ဒိ ဆိုဝ် သတ်လေသည်။
၃။ ခေဒီ ၁၅၃၄
၄။ လေးရာ (မွန်နန်း-၁၈၅)

[illegible] ဟံသာဝတီ [illegible] သက္ကရာဇ် (၇၃၀) [illegible] သက္ကရာဇ် (၁၀၀) [illegible] သက္ကရာဇ် [illegible] ဟံသာဝတီသို့ [illegible] ပြန်တော်မူသည်။

## ဝါ ၂၈ ဒုတိယအကြိမ် ဟံသာဝတီသို့ ချီ

သက္ကရာဇ် [illegible] [illegible] ဟံသာဝတီသို့ [illegible] ပြန်တော်မူသည်။

[illegible] ဟံသာဝတီ [illegible]

ဗညားလော၊ ဗညားကျွန်းတို့ကို သည်ပန်းတို့ကို ပေးပါလေ ဟူ၍ "ရွှေသစ္စာပွင့် နှစ်ပွင့်ကို ပေးလိုက်၏။" သူရှင်တကာရွှပ်ပိသလည်း သံတဲ့သို့ ရောက်နှင့်လေသည်။ နောက်မှ ဗညားလော၊ ဗညားကျွန်းတို့ ရောက်လာ၍ ပဲ့သို့ အဓိန့်တော်ရှိသနည်း ဟူ၍ မေးသော် မည်သို့မျှ အမိန့်တော် မရှိ၊ ရွှေသစ္စာပန်း နှစ်ပွင့်ကိုသာ ဦးရီးတော်နှစ်ပါးကို ပေးပါလေ ဟူ၍ ပြော၏။ သူရှင်တကာ မှုပ်ပိ သံလည်း မပုတ်ရာ ဟူ၍ မယုံမကြည် ဆိုသတိ၏။ သံတို့ မသွားမချင်းလည်း ဗညားလော၊ ဗညားကျွန်းတို့ သံကိုသာ ခေါ်၍ မပြတ် ကျွေးမွေးတော်မူ၏။ သံတို့ကို လွှတ်တော်မူ၍ မွန်မင်း ဟံသာဝတီသို့ ရောက်လျှင် ဓာတုမတိမှာ အကြောင်းချို့ကို စေစုံစွာ လျှောက်၏။ ဟံသာဝတီသို့ ရောက်လျှင် ဓာတုမတီမှာ အကြောင်းချိုးကို မယုံမကြည် ရှိတော်မူ၏။

သူရှင်တကာရွှပ်ပိလည်း အထိန်းတော်၊ အချီတော်တို့ကို မယုံမကြည် ရှိတော်မူ၏။ ကြံပုံကား– ရွှေပေတွင် စာရေး၍ မင်းတရားရွှေထီးလည်း ဤသို့ ကြံတော်မူ၏။ ကြံဟန်ကား– ရွှေပေတွင် စာရေး၍ ဗညားလော၊ ဗညားကျွန်းတို့သို့ ပို့ရသည်အဟန် စီရင်တော်မူ၏။ စာတွင် ပါသည်ကား– မင်းတရား ကြားလိုက်

"နေပျော်မှုနတိုင်း ဓာတုမတီပြည်ကြီးကို အစိုးရသော တူတော် မင်းတရား ကြားလိုက် သည် ဦးရီးတော်နှစ်ပါး... ဦးရီးတော်တို့မှာ စာတွင် အရေးပြီးလျှင် ဦးရီးတော် ဗညားလောမှာ ဟံသာဝတီမြို့ကို စားမည်။ ဦးရီးတော် ဗညားကျွန်းမှာ မုတ္တမမြို့ကို စားပါမည် မှာသည်အတိုင်း အရေးတော်ပြီးလျှင် သူကောင်းပြုရမည် ဖြစ်သည်။ ငါ့အမှု တော်ကိုသာ ကြိုးစားအားထုတ်ပါ"

ဟူ၍ ရေးပြီးလျှင် သဏ္ဍာလတ်အုပ်တွင် တံဆိပ်လက်ယာနှင့် သွတ်ပြီးမှ ပုတာ[၁၈]တွင် ထည့်သည်။ စာပေါ်တွင်မှ ကတ္တီပါ၊ ဖော်ယော်၊ မှိုင်းလုံး၊ ရွှေရှင် အများ သွတ်၍ လူမောက်လှမှ နှစ်ယောက်ကို သံအကြီး ခန့်တော်မူ၍ လူသုံးကျိပ်ကျော်နှင့် သွားရလေ၏။ သံတို့ကို မှာတော် မူသည်ကား– ဟံသာဝတီကျေးသို့ ရောက်လျှင် ဝင်စည်ပို့စေ၊ နှစ်စခန်း၊ သုံးစခန်း ရောက်လျှင် တစ်ရွာတွင် ရွာသားတို့နှင့် အချင်းတများ ရှိအောင် ချည်နှောင်၍ အပိုင်အနိုင် ပြုကျင့်လေ၊ ယင်းသို့လျှင် ရွာသားတို့ မခံနိုင်၍ လက်ခြေထုလမည်။ ယင်းသို့ လက်ခြေထုမှ ဝန်ပုဝန်တာကို ပစ်ခဲ့၍ ကိုယ်ကိုသာ အလွတ် ပြေးခဲ့ဟု မှာတော်မူ၏။

သံတို့လည်း မွန်ကျေးသို့ ရောက်လျှင် မှာတော်တိုင်း ထမင်း၊ ဟင်း၊ အရက်သေစာ နည်းသည်ဟူ၍ ရွာသူကြီးတို့ကို ချည်နှောင် တုတ်ဆွဲ၍ တောင်းလေ၏။ ရွာသားတို့လည်း မခံနိုင်၍ လုယက်ရာတွင် အထွေးထွေး သတ်ကြလေ၏။ သံတို့လည်း "ပုတာခေါင်ယက်"ကို ပစ်ခဲ့၍ အားမတန်၍ ပြေးခဲ့သည်အဟန် ထွက်၍ လာခဲ့၏။ ရွာသားတို့လည်း ပစ်ခဲ့သည့် ပုတာခေါင်ယက်ကို ယူ၍ မွန်မင်း သူရှင်တကာရွှပ်ပိကို ဆက်လေ၏။ မင်းကြီးလည်း ဆက်လာ သည့် ပုတာခေါင်ယက်တွင် ပါသည်ကို ကြည့်ရှုတော်မူသော် သဏ္ဍာလတ်အိတ်တွင် စာကို တွေ့လေ၏။ ဖတ်စေရာတွင် ပါသမျှကို ကြားတော်မူလျှင် ပညာတော်ဖြင့် ထောက်ရှုတော် မမူ၊ အထက်က ယုံကြည်ရင်း မရှိသည်နှင့် အထိန်းတော် ဗညားလော၊ အချီတော် ဗညားကျွန်း တို့ကို နန်းတွင်းသို့ ခေါ်၍ သတ်လေ၏။

သည်အမတ်ကြီးနှစ်ယောက် မရှိလျှင် ဟံသာဝတီ အားလျော့ချေ၏။ သူရှင်တကာရွှပ်ပိ လည်း ကျုပ်ဖော်မြို့ကို အသစ်တည်၍ နေတော်မူ၏။

---

[၁၈] ပုတာ– [illegible]

## ၁၆၅။ စတုတ္ထအကြိမ် ဟံသာဝတီသို့ မင်းတရားရွှေထီး ချီတက် သိမ်းယူခြင်း အကြောင်း

ဗညားလော၊ ဗညားကျန်းတို့ မရှိပြီဟူ၍ ကြားတော်မူလျှင် မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်ကို ယောက်ဖတော် ကျော်ထင်နော်ရထာ လျှောက်သည်။ ဟံသာဝတီ မွန်ပြည်ဝယ် ရေးမဖြစ်မှီးလေသော တိတ်နိမိတ်တို့သည် ထင်ရှားစွာ ဖြစ်သည်။ ယခုလည်း ဗညားလော၊ ဗညားကျန်းတို့ကို ကွပ်မျက်လေသောကြောင့် ဟံသာဝတီ အားလျော့လေပြီးသည်။ ဘုန်းကြီးသည့်အရှင် ဆင်လုံး မြင်းရင်း စီရင်တော်မူ၍ ချီတော်မူလျှင် ဟံသာဝတီတွင် ခံဝံ့မည် မဟုတ်။ ယင်းသို့လျှင် ဟံသာဝတီမြို့ကို ဓားမကျိုး၊ လှံမကျိုး ရတော်မူမည်။ ဟံသာဝတီ ၃၂-မြို့[1]ကို ရတော်မူလျှင် မုတ္တမ ၃၂ မြို့[2] ပုသိမ် ၃၂-မြို့[3]တို့သည် လက်နက် နိုင်ငံတော်ရည်း ဖြစ်ရလိမ့်မည် ဟူ၍ နားတော်လျှောက်သည်။ မင်းတရားရွှေထီးလည်း ယောက်ဖတော် ကျော်ထင်နော်ရထာ လျှောက်သည့် အရေးကို ကြိုက်တော်မူ၍ တုရင်ရာ၊ တုရင်ဗလ၊ စစ်တုရင်္ဂသူ၊ တုရင်ယော်ဓာတို့ မြင်းလေးတပ် ရှေ့ချီရသည်။ ယင်းကမှ တပ်မတော်နှင့် တကွ ကိုးတပ် ချီတော်မူသည်။ ပေါင်း ၁၃-တပ်တွင် ပါသည့် တိုက်ဆင် တစ်ရာနှစ်ဆယ်၊ မြင်း ရှစ်ရာ၊ စစ်သည်သူရဲ ခုနစ်သောင်း ပါသည်။

လှေတပ်မှာ တိုက်လှေနှစ်ရာကျော်ကို အမြောက်ကြီး မြတာမှူးနှင့် ဒိဗ္ဗာဆန်ရေ တင်၍ မင်းမဟာ၊ ဘယကျော်သူကို စစ်သူရဲ တစ်သောင်းနှင့် ရေကြောင်း ချီရသည်။ သက်ရှည်

---

၁။ ဟံသာဝတီ ၃၂-မြို့ - (၁) ဒဂုန် (၂) ဆည်ကူ (၃) ဘန်း (၄) စစ်တောင်း (၅) ခင်မဲ (၆) ဘွဲ့ (၇) အသာ (၈) ဇော်ပြည် (၉) လကွန်းချည်း (၁၀) အစရိန် (၁၁) မဘူ (၁၂) ဂျွာနဂိရိ (၁၃) မြောဝတီ (၁၄) [illegible] (၁၅) [illegible] (၁၆) တောင်လင်း (၁၇) ထန်းတောကြီး (၁၈) တိတ္ထမ် (၁၉) အဆေ့ (၂၀) ဒေါင်းဘူ (၂၁) ဘားနိုင် (၂၂) တုံမဲ (၂၃) ရဲနွယ် (၂၄) မင်းခဲလု (၂၅) စေရူရာ (၂၆) တပေါဝေါင် (၂၇) မိုကွန် (၂၈) ကောလိယ (၂၉) ဒိုင်းတာ (၃၀) ဝင်းပြိုင် (၃၁) ပွန်းတလင်း (၃၂) နိုင်းကနိုင်း။ ဦးသိန်းလှိုင်၊ ခေတ်ဟောင်း မြန်မာ့အမည်များ သုတေသနအဘိဓာန်၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၂၀၀၀။ (စာ-၁၃၆)။ နောင်တွင် ဤစာအုပ်ကို ဦးသိန်းလှိုင်၊ သုတေသနအဘိဓာန် ဟု ညွှန်းမည်။ ဤစာရင်းသည် အရှင်ပြဉ္ဉာသာမိဝံသ မဟာထေရ်ကြီး၊ သုတေသန သရုပ်ပြအဘိဓာန်၊ (၇)ကြိမ်၊ ရန်ကုန်၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ၁၉၉၆။ (စာ-၄၀၇)ပါ စာရင်းနှင့် ကွဲလွဲမှုများ ရှိပါသည်။]

၂။ မုတ္တမ ၃၂ မြို့ - (၁) မုတ္တမ (၂) စကား (၃) ဘင်လှိုင် (၄) ဝါခရု (၅) ဇော်လမြိုင် (၆) ဝင်ယော် (၇) လကွန်းချည်း (၈) ကျိုင်း (၉) ကော (၁၀) ဘီလူးကျွန်း (၁၁) ရေး (၁၂) အထရံ (၁၃) မြိုင် (၁၄) တုံငန်း (၁၅) ကျိုက် (၁၆) တုံတမီ (၁၇) အံမြိတ် (၁၈) စမိ (၁၉) တောင်ငို (၂၀) တိုက်ကုလား (၂၁) ရဲ (၂၂) သနိုင် (၂၃) ဇွယ်ယ (၂၄) ထားကျိုင်း (၂၅) မော်ငြိမ် (၂၆) အိဝ (၂၇) လှိုင်းဘွဲ့ (၂၈) ယင်းသုံ (၂၉) ကော့စိန် (၃၀) လမိုင်း (၃၁) မြဝတီ (၃၂) ကလိန်အောင် (၃၃) ဓွန်ကြီး။ ဦးသိန်းလှိုင်၊ သုတေသနအဘိဓာန်၊ (စာ-၁၂၈)။ ဤစာရင်းသည် အရှင်ပြဉ္ဉာသာမိဝံသ မဟာထေရ်ကြီး၊ သုတေသန သရုပ်ပြအဘိဓာန်၊ ၁၉၉၆၊ (စာ ၄၀၇)ပါ စာရင်းနှင့် ကွဲလွဲမှုများ ရှိပါသည်။]

၃။ ပုသိမ် ၃၂ မြို့ - (၁) ပုသိမ် (၂) မြန်အောင် (၃) သာပေါင်း (၄) ကျောက်ချောင်းကြီး (၅) ကျောက်ချောင်းငယ် (၆) ကနောင် (၇) ကွင်းဆောက် (၈) လေးမျက်နှာ (၉) အုတ်ဖို (၁၀) ချောင်းဖြူ (၁၁) ဥယား (၁၂) သမြင်းကုန်း (၁၃) စီဖြူကျွန်း (၁၄) မဲလောင် (၁၅) သင်းချောင်းချောင်း (၁၆) ဆိတ်ကြီး (၁၇) မဲပေါင် (၁၈) ထောင်လုံ (၁၉) ကျုံပျော် (၂၀) တကောင်းဘုရား (၂၁) ပန်းတော (၂၂) ထန်းသွား (၂၃) အသုတ် (၂၄) ဓနဖြူ (၂၅) စလွန် (၂၆) ပသံဘာ (၂၇) မဲဇရိ (၂၈) ဘုရားလှ (၂၉) ကျုံတုံး (၃၀) ဓောင်းရာကျွန်း (၃၁) ကျောက်ဆော (၃၂) ကျုံတုံကန်။ ဦးသိန်းလှိုင်၊ သုတေသနအဘိဓာန်၊ (စာ-၈၃)။ ဤစာရင်းသည် အရှင်ပြဉ္ဉာသာမိဝံသ မဟာထေရ်ကြီး၊ သုတေသန သရုပ်ပြအဘိဓာန်၊ (စာ ၄၀၇)ပါ စာရင်းနှင့် ကွဲလွဲမှုများ ရှိပါသည်။ ] ( ဤ ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့ စာရင်းများသည် [illegible] "ရာမညတိုင်း မွန်သုံးရပ်"၊ ပြည်ထောင်စု [illegible] အတွဲ ၂၊ အမှတ် ၃၊ ဇူလိုင် ၁၉၅၆။ စာ(၅၇-၆၀)နှင့်လည်း ကွဲလွဲမှု ရှိပါသည်။)

ကျော်ထင်နှင့် သခင်ယားကို မြို့စောင့်ခန့်တော်မူခဲ့သည်။ ကောတမဝတီက ချီတော်မူ၍ သုံးစခန်း ရောက်လျှင် မှန်မင်း သုရှင်တကာရွတ်ပိလည်း ဟံသာဝတီတွင် မခံသော်လည်း မခံနိုင်ရာ အမှတ်ရှိ၍ ဗညားဥ၊ (မင်းရဲအောင်နိုင်)၊ အဲဖြည်၊ ရဲသင့်ရဲ၊ ဗိုက်ကမြင်းတို့ ငါးတပ်ကို တိုက်ဆင် နှစ်ရာ၊ မြင်း ရှစ်ရာ၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ကုန်းကြောင်း ချီရသည်။

မှန်မင်း သုရှင်တကာရွတ်ပိမှာ ရေကြောင်း ဖော်တော်မီး၍ အဲမှုန်တရာ၊ သမိန်စည်သူ၊ သမိန်သံကျယ်၊ ဗိုက်နရဲ ညီက်ကောင်း အဲနရဲ၊ သည်မြောက်တပ်တွင် ပါသည် စလောကပင်း[၁]၊ စကြ်ာ[၂]၊ သရေ[၃] ၇၀၀-ကျော်၊ စစ်သည်သူရဲ လေးသောင်းနှင့် ယောက်ဖတော် ပြည်ဘုရင် နရပတိသို့ ပေါင်းမည် ဟူ၍ ဟံသာဝတီက သရေခေတ္တရာသို့ ဆန်တော်မူသည်။

မင်းတရားရွှေထီးလည်း သုရှင်တကာရွတ်ပိ ပြည်သို့ ဆန်လေပြီ ကြားလျှင် ဟံသာဝတီသို့ အလျင်ချီ၍ မြို့ကို ရတော်မူလျှင် မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ပြည်သို့ချီ၍ လုပ်ကြသော်လည်း သင့်မည်လော ဟူ၍ လုပ်ကြရသော်လည်း သင့်မည်လော၊ မုတ္တမသို့ ချီ၍ လုပ်ကြသော်လည်း သင့်မည်လော ဟူ၍ တိုင်ပင်တော်မူသည်ကို အထိန်းတော် သတိုးဓမ္မရာဇာ လျှောက်သည်။ ဘုန်းတော်ကြောင့် ဟံသာဝတီပြည်ကြီးကို ဓားမကျိုး၊ လှံမကျိုး အလိုတော် ပြည့်လေပြီးသည် မြို့ပြကိုသာ နိုင်လှ ဆောင် စီရင်တော်မူ၍ မြို့နှစ်ရွာနားတွင်ရှိသော လူသူတို့ကို ရုံးစု၍ မျိုးရိက္ခာကိုလည်း မြို့တွင်းသို့ သွင်းစုံ၍ထားမည်။ ယင်းသို့မှ သူ လာလျှင်လည်း တိုက်မည်။ သူ မလာလျှင်လည်း တစ်နှစ် တစ်ခါကို ဆင်မြင်းရိလ်ပါကို အားဖြည့်တင်း၍ ရေ မိုးစဲလေသောကို မုတ္တမသို့ ချီ၍ လုပ်ကြမည်။ မုတ္တမကို ရတော်မူလျှင် မုတ္တမအားနှင့် ပြည်သို့ချီ၍ လုပ်ကြသည်ဖြစ်မှ အရေးတော် အလျင် ပြီးလွယ်မည် နားတော်လျှောက်သည်။

သတိုးဓမ္မရာဇာ လျှောက်သောစကားကို ကျော်ထင်နော်ရထာ ကြားတော်မူလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ မင်းကြီး လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် မှန်မင်း သုရှင်တကာရွတ်ပိသည် မိမိမြို့တွင်မှု မခံဝံ့၍ ပြေးလေပြီးသည်။ ပြည်မြို့နှင့် ပေါင်း၍ခံသော်လည်း အလုံးအရင်း(သာ) များလိမ့်မည်။ လုပ်ရည်ကြံရည် အရဲအစွမ်း ကျွန်ုပ် တို့ကို မတန်၊ ယင်းသို့ဖြစ်သောကြောင့် ပြည်မြို့တိုင်အောင် စမ်းချီ ချီတော်မူသင့်သေးသည်။ သာလျှင်လည်း သာလျှောက် ရှပ်ရှပ်စွံ၍ လုပ်ကြမည်။ အထက်ဖော်သွားတို့ ကူညီ၍ မသာလျှင် လည်း အလျင်ပြန်၍ မုတ္တမကို လုပ်ကြမည်။ ယင်းသို့ဖြစ်သောကြောင့် ဘုန်းကြီးသည့် အရှင်မှာ ရေကြောင်း ချီတော်မူ၊ သို့ရာတွင် မှန်တို့သည် ဥပါယ်တံမျဉ် ပရိယာယ်စေ့စပ် များလှသည်။ ရေတပ်, ကြည်းတပ်ကို မကွာ ချီရမည်။ ကျွန်ုပ်တို့မှာလည်း ကြည်းတပ် သုံးတပ် စီရင်၍ ဗညားဥ၊ မင်းရဲအောင်နိုင်တို့ တပ်ကို အမီလိုက်မည် ဟူ၍ နားတော်လျှောက်သည်။

## ၁၆၆။ မင်းတရားရွှေထီး ပြည်သို့ ရေကြောင်းချီပုံ

မင်းတရားရွှေထီးလည်း ယောက်ဖတော် ကျော်ထင်နော်ရထာ လျှောက်သည် အရေးကို ကြိုက်တော်မူ၍ သည်အတိုင်း စီရင် အမိန့်တော်ရှိ၍ ကျော်ထင်နော်ရထာ စီရင်ရသည်။

---

[၁] စလောကပင်း – [illegible] ဖြစ်သည်။ [၂] စကြ်ာ – [illegible] [၃] သရေ – [illegible]

ဟံသာဝတီတွင် ဝှက်ကဲ့၍ထားသော တိုက်လှေများ(ကို) ဝင်လာသော သူတို့ကို ဆုလာဘ်ပေး၍ ယူစေပြီးလျှင် ဘယကျော်သူ၊ နန္ဒကျော်သူ၊ သမိန်ဗရမ်း၊ မင်းမဟာ၊ သီရိစေယျကျော်ထင်၊ ဗိုလ်နရဲ၊ လက်ျာပျံချီး။ ယင်းကမှ ဘဝရှင်မင်းတရားကြီး ချီတော်မူသည်။ လှေတပ် စုနစ်တပ်တွင် ပါသည့် စလောကပင်း၊ ကာရွေး[1]၊ လွန်းကြင်[2] သုံးရာငါးဆယ်၊ စစ်သည်သူရဲ သုံးသိန်း ငါးသောင်း[3]နှင့် ရေကြောင်း ချီတော်မူသည်။ လှေတပ်မှာ မကွာချီသော ကြည်းတပ်မှာ သတို့ မြှေရာဇာ၊ ဘယနံ့သူ၊ သမိန်လောက်ရှိန်၊ နန္ဒသူရိယ၊ သည်လေးတပ်ကို တိုက်ဆင် နှစ်ဆယ်၊ မြင်း သုံးရာ၊ စစ်သည်သူရဲ သုံးသောင်းငါးထောင်[4]နှင့် လှေတပ်နှင့်မကွာ ချီရသည်။ သောက်တော် ကျော်ထင်နော်ရထာမှာ တိုက်ဆင် ငါးဆယ်၊ မြင်း ငါးရာ၊ စစ်သည်သူရဲ တစ်သောင်း[5]၊ ဆင်စီးအမတ် ငါးကျိပ်နှင့် ကုန်းကြောင်း နောင်ရိုးကို ချီရသည်။ ဟံသာဝတီမြို့ကိုမူကား မင်းရဲသိမ်သူနှင့် စစ်သည်သူရဲ တစ်သောင်းကျော်ကို အစောင့်အနေ ခန့်တော်မူသည်။

### ၁၆၇။ နောင်ရိုးတပ်ကို ကျော်ထင်နော်ရထာ တိုက်ပုံ

ကျော်ထင်နော်ရထာတို့ ချီတော်မူ၍ နောင်ရိုးသို့ ရောက်လျှင် သူရှင်တကာရွှေပီးအမတ် ညောင်းဒလတို့ နောင်ရိုး(တစ်ဖက်)တွင် တပ်ချ၍ နေသည်ကို တွေ့တော်မူလျှင် လှုတစ်ယောက်ကို သစ်ပင်ထက်သို့ တက်စေ၍ ဆင်မြင်းဗိုလ်ပါတို့ကို ရမ်းရော်စေသော် တိုက်ဆင် နှစ်ရာကျော်၊ မြင်း ရှစ်ရာကျော်၊ ဗိုလ်ရှစ်သောင်းခန့် ရှိမည်ဟူ၍ လျှောက်လျှင် ဓောင်ပန်း အလျှင်မြဲ စေ၍ ချောင်းကို ဆင်မြင်းဗိုလ်ပါတို့ကို ကူးရ၏။ တစ်ဖက်သို့ရောက်လျှင် အမှုထမ်းတို့ကို စိတ်နှစ်ခွ မရှိအောင် ဖောင်ကို ဖျက်ရ၏။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း ကျွန်တော်တို့မှာ ဆင်မြင်း ဗိုလ်ပါ နည်းလှချေသည်။ သူတို့မှာ ကျွန်တော်တို့ထက် ဆယ်ဆခန့် များလေသည်။ သူကို အောင်မြင်နိုင်သော် ကောင်း၏။ မအောင်၍ ဆုတ်ခဲ့သော် ဖောင်ပန်းမရှိက မကောင်းလောဟု လျှောက်၏။ ကျော်ထင်နော်ရထာလည်း ဘုန်းတော်ကြောင့် အောင်မြင်လိမ့်မည်၊ အစ်ကို မစိုးရိမ်နှင့် ဟူ၍ မိန့်တော်မူသည်။ ယင်းသို့ခဲ့တွင် မင်းတရားရွှေထီးက သူ့လှကို တွေ့လျှင် မတိုက်နှင့်၊ ငါရောက်မှ တိုက်တော်မူမည်ဟူ၍ တရင်ရာဇာကို မြင်းဆယ်စီးနှင့် စေတော်မူ၍ ရောက်လာ၏။ ကျော်ထင်နော်ရထာလည်း ဘုန်းတော်ကြောင့် အောင်မြင်လေပြီ ဟူ၍ လျှောက် လိုက်၏။ ယင်းသောခါ "သောမှိုင်းရဲ" ဟူသော အမတ် လျှောက်သည်။ ကျွန်တော်တို့ သူ့ကို မအောင်မြင်ချေသေး။ သို့ကို အောင်မြင်တော်မူပြီ လျှောက်ရာမှာ အရပ်အနေ မသင့်၍ မအောင်မြင်ခဲ့သော် ကျွန်ုပ်တို့ အပြစ်တော်တင်ကို မခံရချေလော ဟူ၍ လျှောက်၏။ ထိုစကားကို ကြားတော်မူလျှင် သည်စစ်ကို ငါတို့ အောင်မြင်လျှင်လည်း အသက်ရှင်မည်။ မအောင်မြင်မူ လျှင်လည်း ငါတို့ သေရမည်။ သေလေပြီးသည်ကိုလည်း ဘယ်သူ အပြစ်တော်တင်မည်နည်းဟု တပ်မှူး စစ်ကဲအပေါင်းတို့ကို စိတ်နှစ်ခွ မရှိအောင် မိန့်တော်မူ၏။ ယင်းသို့မှ "သောမှိုင်းရဲ"နှင့် ဆင်စီးအမတ် (တစ်)ဆယ့်ငါး၊ မြင်း နှစ်ရာ၊ စစ်သည်သူရဲ သုံးထောင်[6]ကို လက်ယာကြောင်း ခွဲ၍ တိုက်ဟု မိန့်တော်မူသည်။ ဘယသင်္ကြံနှင့် ဆင်းစီးအမတ် (တစ်)ဆယ့်ငါး၊ မြင်း နှစ်ရာ၊

---

၁။ ကာရွေးမှာ တိုက်လှေကြီးမျိုးကို မှန်ဘာသာဖြင့် ခေါ်ခြင်း ဖြစ်သည်။ ဆွေ့ဦး မြင်၍ ဦးက နှိမ်သည်။ ၂။ လွန်းကြင်မှာ ဆွေ့ဦးက လွန်းကြင်ရှက်ခေါင်းသွယ်နှင့် ဆွေ့ပဲက လွန်းကြင်ရှက် အပြီးသတ်နှင့် ဖြစ်လုပ်ထားသည်။
၃။ သုံးသောင်း [တွင်းသင်-(၃)၊ ၂၆] ၄။ မြင်းသုံးထောင်၊ ဗိုလ်သုံးသောင်း (-ထို-) ၅။ မြင်းငါးထောင် ဗိုလ်လေးသောင်း (-ထို-) ၆။ မြင်းတစ်ထောင်ငါးရာ၊ လူတစ်သောင်း [တွင်းသင်(၃)-၂၇]

### ၁၆၉။ သုရှင်တကာရွှပ်ပီ အနိစ္စရောက်ပုံ

ရုံမက်ကိုလ်ပါ နှံ့နေမည်ဟူ၍ ပြည်မြို့ကသည် အင်္ဂလိ
မွန်မင်း သုရှင်တကာရွှပ်ပီလည်း ဆင်ကောင်းသေါ်သည် ကြားသောကြောင့် ဆင်တော တပ်သို့ ပြန်တော်မူသည်။ ရောက်လျှင် ဆင်ကောင်းသေါ်သည် ဒိုလ် (၁၀၀၀) တစ်ထောင်ခန့်နှင့် တောသို့ သွား၍ မည် ဟူ၍ တိုက်ဆင် (၇၀) ခုနစ်ဆယ်၊ တစ်စီးတည်းသား ထွက်၍ ပြေးလေ၏၊ ဆင်ကို တွေ့သော် တောဆင်လည်း အကျော့မခံ၊ တစ်စီးတည်းနှင့်သာ လိုက်သည်၊ မရရှေး။ သိမ်းတော်သို့ သုရှင်တကာရွှပ်ပီလည်း စီးတော်ဆင် တစ်စီးတည်းနှင့်သာ လိုက်သည်၊ မရရှေး။ သိမ်းတော်သို့ ရောက်လျှင် ရေတော်မှ၍ ဆင်ကသက်၍ အိုင်တစ်ခု၌ ရေသောက်တော်မူရာတွင် ကိုယ်တွင် အတက်မရှိသော နတ်သမီးတစ်ယောက်သည် မင်းကို လှည့်ပတ် ဖြားယောင်း၍ ကာယသံသရ အဝတ်မရှိသော နတ်သမီးတစ်ယောက်သည် မင်းကို လှည့်ပတ် ဖြားယောင်း၍ အင်္ဂပူရတပ်သို့ ပြန်တော် ရှိပြီးလျှင် ကွယ်နှံ၏။ မင်းကြီးလည်း ထိတ်လန့်ခြင်းပြင်းစွာဖြစ်၍ အင်္ဂပူရတပ်သို့ ပြန်တော် မူသည်။ ထိုညဉ့်ပို မှာ၍ အနိစ္စရောက်တော်မူ၏။ ပြည်ဘုရင် နရပတိနှင့် အဝဘုရင် သိုဟန်ဘွား လည်း အလုံးအရင်းနှင့်တကွ အင်္ဂပူရတပ်သို့ သွား၍ သဂြိုဟ်တော်မူကြပြီးလျှင် သုရှင်တကာ ရွှပ်ပီ အမွေ ဆင်မြင်း လူသူတို့ကို သိမ်းယူ၍ ပြည်မြို့သို့ ပြန်တော်မူကြသည်။ ရောက်လျှင် ကောင်းနီးသော ဆင်မြင်း ရွှေငွေနှင့် သုရှင်တကာရွှပ်ပီ သမီးတော် တစ်ပါး၊ သားတော်နှစ်ပါးကို ငါ့ရွှေ သားသမီးကို သမီးသား ပြုပါစေသည်ဟူ၍ သိုဟန်ဘွား ယူပြီးလျှင် အဝသို့ ပြန်တော်မူ၏။

ပြည်ဘုရင် နရပတိလည်း နောက်နောင် မှီရမည်ကို အရည်ရှိ၍ နမတော် ပဲကူးမိဖုရားကို ရန်ငံသို့ ပို့လေ၏။ ရန်ငံဘုရင်လည်း ပြည်ဘုရင် နမတော်ကို မိဖုရားမြှောက်လေ၏။ ရနိုင်သို့ ရောက်မှ အန်ဆောင်းမိဖုရားဟု တွင်သည်။ ပြည်ဘုရင် နရပတိလည်း သက္ကရာဇ် (၈၀၀) ကိုးရာပြည့်[1]တွင် ဝမ်းကို အနာပေး၍ အနိစ္စရောက်တော်မူသည်။ နရပတိ အနိစ္စရောက်လျှင် ညီတော် ရှင်သရက်သည် မင်းခေါင်ဟူသော အမည်နှင့် မရီးတော် သီရိဘုန်းထွတ်[2]ကို မိဖုရား မြှောက်၍ သရေခေတ္တရာ ပြည်မြို့ကို မင်းပြုတော်မူသည်။

### ၁၇၀။ ဟံသာဝတီမြို့ကို သိမ်း၍ မွန်းသုံးရပ်ကို အနေအထား စီမံပုံ အကြောင်း

မွန်မင်း သုရှင်တကာရွှပ်ပီ အနိစ္စရောက်တော်မူလျှင် မွန်အမှူးအမတ် အပေါင်းတို့သည် ဟံသာဝတီသို့လာ၍ ကျွန်တော်ခံလာကုန်၏။ မင်းတရားရွှေထီးလည်း ကျွန်တော် ခံလာသမျှ အမှူးအမတ်တို့ကို မှုတ်မရှူ အမည်အရည် အဆောင်အယောင် စားကျေး စားလက် ပေးတော် မူသည်။ သုံ့သွေးကော် ခြေသည်အပေါင်းတို့ကို ဆန်ရေစပါး ရိက္ခာမျိုးစေ့ ရွှေငွေ အဝတ်ပုဆိုး အရည်အသွေးအလျောက် ဆုပေးတော်မူသည်။ ယင်းသို့မှ မွန်ပြည် အနောက်တစ်လွှား ပုသိမ် ၃၂-မြို့ကို အနှောင့်အယှက် မရှိစေအောင် အလုံးအရင်းနှင့် ကျေးစားထည့်တော်မူ၍ ကင်းရှည် ကင်းတို ထားတော်မူသည်။

သက္ကရာဇ် (၈၀၁) ကိုးရာတစ်ခု[3]တွင် ဟံသာဝတီမြို့ကို မြို့တောင်ကို ဆက်၍ ရွှေမော်ဓော ဘုရား အနောက်ကို ပတ်၍ မြို့သစ် တည်တော်မူသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာ ကိုလည်း ပြည်အဝုံးကို ရှုပ်၍ အစိုးရ ခန့်တော်မူသည်။

သက္ကရာဇ် (၉၀၂) ကိုးရာနှစ်ခု[4]တွင် မင်းရဲညီဓိဘုကို မေညီတော်အချင်း အတူ မှတ်တော် မူ၍ မင်းရဲသီဟသူ ဟူသော အမည်နှင့် မင်းမြှောက်တော်မူတော်ပါး၊ ပေးတော်မူ၍ တော့တုမင်

---

[1] ... ၁၅၃၈ [2] ... ... [3] ... ၁၅၃၉ [4] ... ၁၅၄၀

မင်းနေပြည်ကြီးကို ဘုရင့်ခံ မင်းပြုတော်မူရသည်။ အလုံးအရင်း ဆင်မြင်းလည်း အများ ဆုံးတော်မူသည်။

### ၁၇၁။ မုတ္တမမြို့ကို ချီတက်ခြင်း အကြောင်း

ယင်းသောအခါ မုတ္တမ ၃၂-မြို့ကို မင်းပြုသော မင်းကား-သုရှင်တကာရွှန်းဖီ နမတော် ဆယ်မည် "တလကာမူ" ဟူသော မင်းသမီးလင် "စောဗညား" တည်း။ ထိုမင်းကို မင်းတရား ရွှေထီးက အရေးအရာ မေပါတော်မူသော်လည်း ဆင်လုံ မြင်းရင်း များပြားသည်ကို အကြောင်း ပြု၍ အနိုင်နေလေ၏။ မင်းတရားရွှေထီးလည်း မုတ္တမသို့ ငါချီတော်မူမည်၊ ဆင်မြင်းဗိုလ်ပါ တို့ကို အလျင် စီရင်လေ အမိန့်တော်ရှိ၍ ဘုရင့်နောင်ကျော်ထင်နော်ရထာ စီရင်တော်မူသည် ကား- စစ်တုရင်္ဂသူ၊ အင်ယည်တုရင်၊ နေမျိုးတမန်တို့ မြင်းသုံးတပ်ကို ရှေ့ချီရသည်။ သည်နောက် နန္ဒကျော်သူ၊ ဘယနန်သူ၊ ဥဇ္ဇနာနေမျိုး၊ နန္ဒယော်ဓာ၊ သိရိမေဃကျော်ထင်၊ နန္ဒသကြိမ် သက်ရှည်ကျော်ထင်တို့ ခုနစ်တပ် ချီရသည်။ သည်နောက် မင်းတရားရွှေထီး တပ်မတော်တွင် ဆင်စီးအမတ် လေးကျိပ်၊ တိုက်ဆင် လေးဆယ်၊ မြင်း လေးရာ၊ စစ်သည်သူရဲ လေးသောင်း၊ သည်နောက်မှ ဘုရင့်နောင်ကျော်ထင်နော်ရထာ တပ်နောက် အုပ်ရသည်။ ဟံသာဝတီမြို့ကို အထိန်းတော် သတိုးဓမ္မရာဇာကို မြို့စောင့်ခန့်တော်မူ၍ သက္ကရာဇ် (၉၀၂) ကိုးရာနှစ်နှ'တွင် မြင်းတပ် သုံးတပ်နှင့်တကွ တပ်ပေါင်း ၁၂-တပ်တွင် ပါသည့် တိုက်ဆင် တစ်ရာသုံးဆယ်၊ မြင်းနှစ်ထောင့်တစ်ရာ၊ စစ်သည်သူရဲ တစ်သိန်းသုံးသောင်းနှင့် မုတ္တမသို့ ချီတော်မူသည်။

မုတ္တမသို့ ရောက်လျှင် မုတ္တမစား စောဗညားတွင် သူရဲသူခက်လည်း များလှသည်။ သင်္ဘောဆိပ်ဖြစ်၍ လက်နက်ကိရိယာ စိန်ပြောင်း မြတနှလည်း ထူထပ်လှသည်။ မြို့တွင် နေသော ကုလားပန်းသေးတို့လည်း တချို့ မြို့ပြ စီးကုန်သည်။ တချို့ သင်္ဘောခုနစ်စင်းနှင့် (လက်နက်ကိရိယာ) အပြည့်အစုံတည်၍ မြို့ရှေ့က ကျောက်ဆူးချ၍ နေကုန်သည်။ မုတ္တမမြို့ လည်း တောင်လျား၊ မြောက်လျား ဓိလာဖြစ်သည်။ အနောက်က မြင့်၍ အရှေ့က နိမ့်သည်။ အရှေ့ကလည်း မြစ်၊ အနောက်ကလည်း တောင်ထိပ်တွင် မြို့တည်လေသောကြောင့် အမြောက် သေနတ် လွတ်အောင် အဝေးကသာ ရံတော်မူရချေသည်။ ရံတော်မူ၍ တစ်လနေ့ ရှိလျှင် တိုက်လှေ မပါသောကြောင့် ဟံသာဝတီမှာ ရှိလေသော တိုက်လှေကြီး သုံးရာကျော်ကို သွားချ၍ ယူလေသည်။ ရောက်လျှင် ရေပါ၊ ကြည်းပါ လုပ်ကြတော်မူသည်။ ကုလားတို့ သင်္ဘောထက်က အမြောက်၊ စိန်ပြောင်းနှင့် ပစ်လျှင် တိုက်လှေများ ကွဲချေ ပျက်ချေ၏။ မြို့ကို မတက်နိုင်ချေ။ ကြည်းကြောင်းကလည်း ဆင်မြင်းဗိုလ်ပါများနှင့် အကြိမ်ကြိမ် လုပ်ကြသော်လည်း မြို့စီး များသည်၊ လက်နက်ကိရိယာ ထူထပ်လှသောကြောင့် ရံမက်တော်တို့ အထိအပါး အရှုံးအနှ များလျှင် ဆုတ်၍ နေရ ချေသည်။

မုတ္တမမြို့ကို အကြံအညာ မျိုးစိုက္ခာ မပြတ် သွင်းရလေသောကြောင့် အစားအသောက် မြိ(မ်ချ)ပြားလေသည်။ ထိုအကြောင်းများကို ကြားတော်မူလျှင် မျိုးစိုက္ခာ မသွင်းရအောင် ဆုတက်၊ ကြည်းတပ် ဝန်းရံစေ၊ ဘုရင့်နောင်ကျော်ထင်နော်ရထာကို အမိန့်တော်ရှိသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း အမိန့်တော်အတိုင်း စီရင်ပြီးလျှင် မျိုးစိုက္ခာ မသွင်းရ၍ ငတ်လေ၏။ ထိုသို့ ငတ်ပြားသော်လည်း လက် မချ။ မြို့ကိုသာ ခိုင်လုံအောင် စီရင်၍ ခံသည်။

၁။ ဆေဒီ ၁၅၉၀

## ၁၇၂။ မော်လမြိုင်စား ဗညားဦးထံ သံစေပုံ

မင်းတရားရွှေထီးလည်း ရှည်လတ်သော မုတ္တမစား ယောက်ဖတော် မော်လမြိုင်စားကို ညီချစ်မည် မမှတ်၊ အမှတ်တော်ရှိ၍ မော်လမြိုင်စားသို့ သံစေသည်။ ရာဇသံတွင် မှာတော်မူသည်ကား--

"ဓည်ဝတီ ဟံသာဝတီ ပုဂံ ရာမညတိုင်း စသော တိုင်းကြီး ပြည်ကြီးတို့ကို အစိုးရတော်မူသော ဘဝရှင်မင်းတရား ကြားလှာစေသည် မော်လမြိုင်စား.... မွန်မင်း သုရှင်တကာရွှပ်ပိသည် မှူးတော် မတ်တော် သူရဲသူခက်ကောင်း ဆင်ကောင်း၊ မြင်းကောင်း များသော်လည်း ငါလုပ်ကြံတော်မူလျှင် ဟံသာဝတီတွင် မနေဝံ့၍ ပြည်ဘုရင် နရပတိသို့ ပေါင်းလေသည်။ ယင်းသို့လျှင် ဟံသာဝတီကို ငါ ရတော်မူသည်။ ဟံသာဝတီက ပြည်သို့ ချီသောခါလည်း သုရှင်တကာရွှပ်ပိနှင့် ပြည်ဘုရင်၊ အဝဘုရင်၊ သုံးပြည်ထောင် ပေါင်း၍ ခံကြသည်ကို ငါ အောင်တော်မူ၍ ဆင်မြင်း သုံ့ပန်း အများ ရတော်မူသည်။ နောက် သုရှင်တကာရွှပ်ပိ မရှိလျှင်လည်း အမှူးအမတ် စောဗညား အပေါင်းတို့သည် ရွှေဖဝါး အောက် ရောက်လာ၍ ကျွန်တော် ခံလာသည်။ ထိုသို့ ကျွန်တော် ခံလာသော အမှူး အမတ်တို့ကိုလည်း မရှုတ်မချ အထိုက်အလျောက် သူကောင်းပြုတော်မူသည်။ မုတ္တမစား 'စောဗညား'ကိုလည်း ငါက စေ၍ အရေးအရာ စုံစမ်းစေသည်ကို မည်သို့မျှ မလျှောက် နေသောကြောင့် ယခု ငါ ချီတော်မူ၍ ဆင်လုံး မြင်းရင်း အများနှင့် ငါ ရံတော်မူသည် ကိုလည်း မြို့နိုင်သည်ကိုသာ ယုံ၍နေသည်။ ငါ လုပ်ကြံတော်မူသည်ကို မုတ္တမမြို့ မျှသည် ခံနိုင်မည် မဟုတ်။ ယခုလည်း မြှုံးတွင်းငါးကဲ့သို့ ရှိလေပြီးသည်။ မော်လမြိုင်စား 'ဗညားဦး' ကိုလည်း လူရေးလူရာနှင့် ပြည့်စုံသည် ဟူ၍ ကြားတော်မူသည်။ မော်လမြိုင် စားကို အပျက်အစီးသို့ မရောက်စေလို၍ အမိန့်တော် စာနှင့် စေတော်မူသည်"

ဟု ရေးစေပြီးလျှင် သဏ္ဌလတ်အိတ်တွင် သွတ်၍ မြို့လုံးစား[၃]နှင့် ဇရွှဲစားကို စေတော်မူသည်။"

မော်လမြိုင်မြို့သို့ ရောက်၍ မိန့်တော်မူ စာကို ကြားလျှင် ဗညားဦး ဦးချ၍ ဤသို့ စာဆက်လိုက်သည်။

"ကျွန်တော် ဗညားဦး သံတော်ဦးတင်ဝံ့သည် ဘုန်းတော်ကြီးလှသော ဘဝရှင် ဘုရား.... ဟံသာဝတီကို အလိုတော်ပြည့်စကပင် မုတ္တမစား စောဗညားကို အကြာနေ၍ မသင့်၊ ရွှေဖဝါးတော်အောက် အလျှင်ရောက်မှ သင့်မည်ဟု ကျွန်တော်က စေပါသည်ကို မုတ္တမစား စောဗညားသည် ပမာဏ မပြု။ ကုလား ပန်းသေးများ စကားကို နာ၍ အရေးတော် မပြီး ရှိလေသည်။ ယခုလည်း ချီလာပြီဟူ၍ ကြားလျှင် သူများ အလျှင် ရွှေဖဝါးအောက် ရောက်ပါမည် အကြံရှိသည်ကို ကျွန်တော်တွင်လည်း သားသမီး၊ အဆွေအမျိုး များသည်ကို ဖြစ်သည်။ တစ်ကြောင်းမှာလည်း မုတ္တမနှင့် မော်လမြိုင်သည် မုတ္တမမှာ သားရှိလျှင် မော်လမြိုင်မှာ အဖ ရှိသည်။ အစ်ကို မုတ္တမမှာ ရှိလျှင် ညီ မော်လမြိုင်မှာ ရှိသည်။ ကျွန်တော်သည် မြို့သားတို့ အာဏာကို ဆန့်ကျင်သော် ကိုယ်မျှ လွတ်မည် ခက်သည်။ ထို့ကြောင့် ရွှေဖဝါးတော်အောက် မရောက်ရ ရှိသည်။ ဘုန်းတော် ကြီးသော ဘဝရှင်မင်းတရား မုတ္တမကို အလိုတော်ပြည့်လျှင် ကျွန်တော်မှာ အထွေအထူး မရှိပြီ။ ကျွန်တော်အရင်း ဖြစ်တော့သည်"

[၃] တလအစား [တွင်းသင်း(၃)-၃၃]

ပြု၍ စာနှင့် လျှောက်လိုက်၏။ လက်ဆောင်တော်လည်း အထူးထူးသော ထည်မျိုး အုပ်မျိုးတို့ကို များစွာ ဆက်လိုက်သည်။

### ၁၇၃။ သမိန်ဗရမ်းကို လေ့တပ်၌ ဝန်ချုပ်ခန့်ပုံ

သံတို့ရောက်၍ ဧည့်ဦး လျှောက်လိုက်သော စာကို ကြားလျှင် သမိန်ဗရမ်း[၁]ကို ခေါ်တော်မူ၍ မုတ္တမကို အကြိမ်အဖန် များစွာ လုပ်ကြစေသော်လည်း မရချေ၊ သမိန်ဗရမ်း ထင်သနည်းဟု မိန့်တော်မူသည်ကို သမိန်ဗရမ်း ဦးချ၍ ဤသို့ နားတော်လျှောက်သည်။ မုတ္တမမြို့သည် တောင်ရိုးတွင် တည်လေသောကြောင့် တောင်ပင် မြို့တံတိုင်း[၂]ကဲ့သို့ ဖြစ်လေသည်။ မြို့စီး ပြစီးလည်း များသည်၊ လက်နက်ကိရိယာလည်း ထူထပ်လှသည်။ ထို့ကြောင့် ရဲမက်တော်တို့ အသက်ကို အသက်မမှတ် လုပ်ကြသော်လည်း အောင်မြင်ခြင်းသို့ မရောက်နိုင်ချေ။ အထိအပါး အရှုံးအနာသာ များချေသည်။ အရှေ့ မြို့နိမ့်ရာက တက်ရမည်လည်း ကုလားတို့သင်္ဘော ခုနစ်စင်း၊ ရှစ်စင်းနှင့် ပြောင်းသေနတ် အမြောက်တင်၍ နေလေသောကြောင့် စုတ်ရုတ်ချဉ်း၍ မြို့ကို မတက်သာချေ။ ချဉ်းသမျှ လှေနှလည်း သင်္ဘောထက်က စိန်ပြောင်းနှင့် လွှတ်လျှင် ကွဲချေ၊ နစ်ချေသည်။ တစ်ကြောင်းမှာလည်း မြို့တွင်းသို့ မျိုးရိက္ခာ မသွင်းရအောင် ဆီးဆို့ရသော်လည်း မြစ်ကြောင်း ကျယ်လှသည်ဖြစ်၍ ညဉ့်ကို အမှတ်မဲ့ သွင်းရလေသည်။ သို့လျှင် မြို့တွင်းသားတို့ ရိက္ခာ အထောက်ရ၍ ရဲမက်တော်တို့သာ ညောင်းညာချေသည်။ ယင်းသို့ ဖြစ်သောကြောင့် ကျွန်တော် အကြံသော်ကား– ကုလားတို့ စံ၍ နေသည့် သင်္ဘောများကို တစ်စုံတစ်ခုသော ပယောဂဖြင့် သင့်အောင် စီရင်ဖျက်ပြီးလျှင် အရှေ့မျက်နှာက လှေတပ်ကို ချဉ်းပြီးလျှင် တက်ရအောင် တက်မည်။ သို့ စီရင်သည်ဖြစ်မှ အလိုတော် ပြည့်လွယ်မည်ဟု၍ နားတော်လျှောက်သည်။ မင်းတရားရွှေထီးလည်း သမိန်ဗရမ်း လျှောက်သော အရေးကို ကြိုက်တော်မူ၍ သမိန်ဗရမ်း သင့်အောင် စီရင်လေ အမိန့်တော်ရှိပြီးလျှင် လှေတပ်ဝန်ချုပ် ခန့်တော်မူသည်။

### ၁၇၄။ သမိန်ဗရမ်း သင်္ဘော ၇–စင်းကို တိုက်ဖျက်၍ မုတ္တမမြို့ကို အောင်မြင်ပုံ

သမိန်ဗရမ်းလည်း လှေတပ်သားအပေါင်းနှင့် မုတ္တမမြစ်ညာ လကွန်းပျည်း[၃]သို့ သွား၍ သစ်ဝါးခုတ်စေပြီးလျှင် ဖောင်အဝ အလံ ၅၀၊ အလျားအလံ ၁၀၀ ဖွဲ့စေ၍ မီးရှူးဝါးကို စည်း၍ အထပ်ထပ် အတောင်နှစ်ဆယ်ကျော်ခန့် ဖောင်ထက်တွင် စုပုံစေပြီးလျှင် ညဉ့်ကို မျှောခဲ့စေ၍ မုတ္တမအညာ မနီးမဝေးတွင် ဖောင်ကို ဆိုက်၍ ထားလေ၏။ တစ်ဖောင်မှာလည်း အဝအလံ ၅၀၊ အလျား အလံ ၃၀၀ ကို နိုင်ခံ့အောင် လုပ်စေပြီးလျှင် မုတ္တမမြို့ထက် မြင့်အောင် သစ်တပ်တည်၍ ပြလက်ရန်း၊ သူရဲပြေး နိုင်ခံ့အောင် လုပ်စေ၍ အမြောက်သေနတ် အပြည့် စီစဉ်၍ မုတ္တမ မြစ်ညာက ဆိုက်၍ ထားရသည်။

ယင်းသို့ စီရင်၍ထားသော ဖောင်နှစ်ဖောင်တွင် မီးစာတင်သော ဖောင်ငယ်ကို ဒီရေတက်သောအခါ ဖောင်ကိုတည်း မျှ၍ထားသည်။ မိုးသောက်ထနီး ဒီရေကျလျှင် မီးရှူးပုံကို မီးညှိ၍

၁။ သမိန်ဗရ (မှန်နန်း–၁၉၉)၊ သမိန်မရ [တွင်းသင်း(၃)–၃၄]  ၂။ မြို့တံတိုင်း [မှန်နန်း–၁၉၉၊ တွင်းသင်း(၃)–၃၄]
၃။ လကွန်းပျည်း (မှန်နန်း–၁၉၉)

တစ်ပြင်နက် မီးရှူးပုံ မီးတောက်၍ အလျှံ ထန်းဖျားခန့် ရှိမှ ဖောင်ကို သင်္ဘောနှင့် ဆီးတည့် မျှောလိုက်လျှင် ဖောင်ဖိမိ၍ သင်္ဘောကို မီးစွဲလေ၏။ မြို့တွင်းသားတို့လည်း သင်္ဘောကို မီးစွဲသည်ကို မြင်လျှင် မြို့ကထွက်၍ လှေကြီးလှေငယ်နှင့် ကူကြသည်ကို ရဲမက်တော် လှေတပ်သားတို့ လိုက်၍တိုက်လျှင် မီးကို မသတ်ဝံ့၍ မြို့တွင်းသို့ ဝင်လေ၏။

မီးရှူးဖောင်လည်း သင်္ဘောကြီးသုံးစင်း ကျောက်ဆူးချ၍ နေသည်ကို ဖိမိ၍ လောင်လျှင် သင်္ဘော ကျောက်ဆူးကြိုး ပြတ်၍ ဆောက်က သင်္ဘောလေးစင်းကို ဖိမိ၍ မီးလောင်ပြန်လေ၏။ သင်္ဘော သားတို့ တချို့ မီးလောင်၍ သေလေ၏။ တချို့ ရေကိုဆင်း၍ ကူးသည်ကို ရဲမက်တော်တို့ ထိုးခုတ်လျှင် တချို့ သေလေ၏။ တချို့ကိုလည်း ရတော်မူသည်။ သင်္ဘောခုနစ်စင်း မရှိ၍ အရှေ့မျက်နှာက လပ်လျှင် အပြီး လုပ်၍ထားသော ဖောင်ကြီးကို လက်နက်ကိရိယာ ဆေး ကျည်နေ သွတ်၍ သူရဲသူခက် အပေါင်းတို့ကို အသင့် နေစေပြီးလျှင် ဒီရေကျကို ဖောင်ကို မျှော၍ မုတ္တမမြို့ ရေ့တွင် ကပ်၍ ထား၏။ မြို့က ပြ လက်ရန်းထက် ဖောင်က ပြ လက်ရန်း မြင့်သောကြောင့် ရဲမက်တော်တို့ စီးနင်း၍ ပစ်ခတ်လျှင် မြို့သားတို့ မြို့ထိပ်တွင် မနေဝံ့ကုန်၊ မြို့က ဆင်း၍ ပြေးလေကုန်၏။ ယင်းသို့လျှင် ရဲမက်တော် လှေတပ်သားတို့ မြို့ကို ချဉ်း၍ တူးဖြိုလေ၏။ ဖြိုလျှင် ဖြိုရာက ရဲမက်တော်တို့ ဝင်၍ အိမ်ရာ၊ ကျောင်းကန်ကို မီးတိုက်လေ ၏။ ကြည်းတပ်သားတို့လည်း မြို့စီး ပြစီး မရှိသည်ကို မြင်လျှင် မြို့ကို တိုက်ဖောက်၍ ဆင်၊ မြင်း၊ ဗိုလ်ပါ အလုံး မြို့တွင်းသို့ ဝင်၍ လက်ခြေထူသမျှကို သတ်ညှစ်လေ၏။ မုတ္တမစား "စောဗညား" လည်း လက်မချဘဲ ရုံးမိသမျှသော ရဲမက် ဗိုလ်ပါနှင့် ဆီး၍ တိုက်သည်ကို နန္ဒကျော်သူ ဆင်နှင့် စီးချင်းတိုက်ကြလေ၏။ မနည်းကြာ ဝှေ့ကြလျှင် စောဗညားဆင် လည့်၍ ပြေးလေ၏။ လိုက်ထပ်၍ တိုက်လျှင် ဆင်နှင့်တကွ စောဗညားကို ရ၍ မင်းတရားရွှေထီးသို့ ဆက်လေ၏။ ရဲမက်တော်တို့လည်း ရွှေ၊ ငွေ၊ ကြေးသံ အဝတ်အစားတို့ကို လုယက်ဖျက်ဆီး၍ ယူကုန်၏။ လက်ခြေထူသမျှကိုလည်း သတ်ညှစ်ကုန်၏။ သေပျောက်များသည်ဟူ၍ ကြားလျှင် သမိန်ဖရူးကို မသတ် မညှစ်စေနှင့်၊ ဆီးတားဘိ အမိန့်တော်ရှိ၍ မောင်းကြေးနင်း ခတ်၍ ဆီးတားရာတွင်မှ အသေအပျောက်မရှိ ငြိမ်းချမ်းကုန်၏။ ရဲမက်တော်တို့ ရွှေ၊ငွေ ရသည်များကို ရသသူ ယူစေ အမိန့်တော်ရှိပြီးလျှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမှ စ၍ မှူးတော်မတ်တော် အပေါင်းတို့ကို တဲတော်ဦးသို့ ခေါ်တော်မူ၍ ညီလာခံရာတွင် သမိန်ဖရူး အစီအမံ သင့်တင့် ပေသောကြောင့် မုတ္တမမြို့ကို အလျင်အလိုတော် ပြည့်တော်မူပေသည်ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် စောဗညားကို အဆောင်အယောင် အစီးအနင်းနှင့်တကွ မြောင်းမြမြို့ကို ပေးတော်မူသည်။ နေရာလည်း လက်ဝဲတော်ဦး နေရသည်။ ပြည်ရေးရှာမှ ရှိသောခါ ဘုရင့်နောင်ကျော်ထင် နော်ရထာနှင့် တိုင်ပင်၍ စီရင် ဟူ၍လည်း အမိန့်တော်ရှိသည်။ ဆင်၊ မြင်း သင်းစုလည်း ပေးတော်မူသည်။

ယင်းသို့မှ မုတ္တမစားသော စောဗညားကို ပသူ ဆင်စီးချင်းနိုင်သနည်း မေးတော်မူသည်ကို ကျွန်တော် တိုက်၍ စောဗညားဆင် လည့်၍ ပြေးလေသည် အသီးအသီး အမှုးအမတ်တို့ လျှောက်ကြသည်။ ဘုရင်မင်းတရားရွှေထီးလည်း ငါ ဆုပေးတော်မမူသာသေး။ စောဗညား ကိုပင် စစ်ဘိဦး အမိန့်တော်ရှိ၍ ဘုရင့်နောင့်ကျော်ထင်နော်ရထာ စစ်ရသော် စောဗညား လျှောက်သည်။ ကျွန်ုပ်ကို ဆင်ဆိုင်၍ တိုက်သောသူကား အသားခတ်နီပါးစပ်ပြု[၁]နှင့်၊ ဆင်မှာ

၁။ အသသား ခပ်နီး၊ ပါးစပ်မှုန်းနှင့် (မှန်နန်း-၂၀၁)၊ အသားခပ်နီးပါးစပ်မှုန့်ကွင်းသင်း(၃)-၃၅)

လည်း အစွယ်ကောက်နှင့် ဟူ၍ နားတော်လျှောက်သည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာ လည်း လှကိုမြင်သော် အမှတ်ရမည်လော ဟူ၍ မေးပြန်၏။ မျက်နှာကိုမြင်လျှင် အမှတ်ပေါ်၏ ဟူ၍ လျှောက်သည်။ မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်၍ပြ အမိန့်တော်ရှိ၍ ပြသော် ဤသူသည် ကျွန်ုပ်ကို ဆင်စီးချင်း နိုင်ပေသသူ ဟူ၍ နန္ဒကျော်သူကို ပြ၏။ မင်းတရားရွှေထီး လည်း သို့သည် ဆင်ပုံ၊ မြင်းပုံ အတွေးတွေးကို အမှတ်ရပေသည်၊ သတိကောင်းလှသည် ဟူ၍ ချီးမွမ်းတော်မူသည်။ နန္ဒကျော်သူကိုလည်း မင်းကျော်ထင် ဟူသော အမည်နှင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ ကွမ်းအိုး၊ ရွှေဆိုးပုစ်၊ ရွှေမြူတာ၊ ရွှေတွေးခံ၊ ဆင်ရွှော၊ မြင်းရွှော၊ လှေခွင်ပိတ်၊ ပုံပေါင်းလှေမှတ် အကုန် ပေးတော်မူသည်။ ဆင်ပေါက် ၅-စီး၊ မြင်း ၅၀၊ ကျွန်တစ်ရာလည်း ပေးတော်မူသည်။ မုတ္တမမြို့တွင် ရှိသော အသည်အလာ သူဌေးသူကြွယ်တို့သည်လည်း ၅- ရက် တိုင်တိုင် လက်ဖွဲ့ရသည်။ အမှုးအမတ် ပွဲလမ်းရသသူများကိုလည်း အရည်သွားအလျောက် အမည်အရည် အဆောင်အယောင် ကျေးရွာ မြို့ပြ ပေးတော်မူသည်။

မုတ္တမမြို့ကို အလိုတော်ပြည့်လျှင် မော်လမြိုင်စား ဗညားဦးလည်း ဆွေတကာ မျိုးတကာ အပေါင်းနှင့် လက်ဆောင် လက်နက် အများယူ၍ ဘဝရှင် မင်းတရားရွှေထီး ခြေရင်းတော်သို့ ရောက်လာ၏။ လက်ဆောင်တော်ကို သိမ်းယူတော်မူ၍ သစ္စာတော်ပေးပြီးလျှင် ဆောင်မြဲသော အဆောင်အယောင် အစီးအနင်းနှင့်တကွ မော်လမြိုင်မြို့ကို ပေးတော်မူသည်။ အရှေ့ဘက် တစ်လွှား မြို့စားများလည်း ဆင်ကြီး၊ မြင်းကြီး၊ သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလာကုန်၏။ ထိုသူတို့ကိုလည်း သစ္စာတော်ပေးပြီးလျှင် မိမိတို့ ဆောင်မြဲသော အဆောင်အယောင်၊ စီးမြဲ နင်းမြဲနှင့် မိမိတို့ စားသည့် မြို့ကိုပင် ပေးတော်မူသည်။

မုတ္တမမြို့ကိုမူကား- သူရှင်တကာရွှေပိ ဝရီးတော်သား နမတော်အငယ် လင် "စော လကွန်းအိန်" ကို မင်းဆောင် မင်းယောင်နှင့်တကွ ပေးတော်မူသည်။ ယင်းသို့မှ ယိုးဒယားစပ်၊ ဇင်းမယ်စပ်တို့ကို ကင်းရည်၊ ကင်းတို ထားတော်မူသည်။ ဤသို့ မုတ္တမ ၃၂-မြို့ကို စီရင်ခန့်ရန် တော်မူပြီးလျှင် ရေအား၊ ကြည်းအား ဟံသာဝတီသို့ ပြန်တော်မူသည်။ ရောက်တော်မူလျှင် ချောင်းတောင်အနောက် ဏ္ဍတိုက်[1] ဉယျာဉ်ရာတွင် အိမ်တော်မှတ်ဘီဆောက်၍ ရာဇာဘိသေက ခံတော်မူသည်။ ယင်းသောအခါ မြန်မာအမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ကို အမည်အရည် အဆောင်အယောင် ကျေးရွာပေးတော်မူသည်။

### ၁၇၅။ အထိန်းတော် မင်းရဲသိဟသူကို တောင်ငူတွင် ခန့်ပုံ

တောင်ငူဘုရင် မင်းရဲသိဟသူ[2]ကိုလည်း ခမည်းတော်အရင်းနှင့် အတူ မှတ်တော်မူ၍ ကေတုမတီ နန်းတော်ရာတွင် အိမ်ဖြူ ဒဝယ်သုံးဆောင် ဆောက်၍ နေစေ အမိန့်တော်ရှိ၍ နေရသည်။ ထွက်စည် ဝင်စည်လည်း ပေးတော်မူသည်။ အလုံးအရင်း ဆင်မြင်းလည်း အများ ပေးတော်မူသည်။

သက္ကရာဇ် (၉၀၂) ကိုးရာနှစ်ခု[3] မင်းရဲသိဟသူ တောင်ငူကို မင်းပြု၏။ မင်းရဲသိဟသူ လက်ထက် ပြည်ရွာ ဝပြောသာယာ၏။ ကုသိုလ်ကောင်းမှု ပြုသသူ များ၏။ မြို့တွင်းဝယ် မြစည်းခုံဘုရားကို တည်တော်မူသည်။ သတိတောင့်တံခါးတော်ဝယ်လည်း ဘုရားတည်တော်မူ သည်။ ဘုရားညီနောင်ကိုလည်း သဘင်ကြီးစွာ ခံ၍ ထီးတင်တော်မူသည်။ ရွှေရင်မြော်ဘုရား

၁။ မသိတိုက် (မှန်နန်း-၂၀၂)၊ မဏ္ဍတိုက်[တွင်းသင်း(၃)၊ ၃၆] ၂။ မင်းရဲသိင်္ခသူ [တွင်းသင်း(၃)-၃၆] ၃။ အေဒီ ၁၅၄၀

ကိုလည်း အရှေ့လည်း ရှမ်းရန်သူ၊ မြောက်လည်း အဝရန်သူ ရှိလျှက်ကို စစ်အင်္ဂါလေးပါးနှင့် ချီတော်မူ၍ ထီးချရားသီးဆောက် ကြာပန်း ကြာစည်းကို တင်လှူတော်မူသည်။ အင်လိုဘုရားကိုလည်း လုပ်တော်မူ၍ ထီးတင်တော်မူသည်။ ကောဓာမတိ မြို့ရှေ့တွင်လည်း သုံးထပ် ဓေတာကျောင်း ဆောက်တော်မူ၍ ဝိနည်းမိရ် ဆရာတော်ဘုရားအား လှူတော်မူသည်။ ပိဋကတ်သုံးပုံကိုလည်း ရေးကူးစေပြီးလျှင် များစွာသော အလှူဝတ္ထုကို စီရင်တော်မူ၍ သာဓုခေါ်တော်မူသည်။ သခွေအနှစ်ကိုလည်း လှူတော်မူသည်။ နှစ်တိုင်းလည်း အရညဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ်တို့ကို ပွဲသကျသင်္ကန်း အရေအနှံ့ လှူတော်မူသည်။ ဤသို့ ကောဓာမတီပြည်ကြီးကို မင်းပြုတော်မူ၍ များစွာသော ကုသိုလ်ကောင်းမှုကို ဆည်းပူးတော်မူ၍ ချမ်းသာစွာ စံတော်မူရသည်။

## ၁၇၆။ မင်းတရားရွှေထီး ပြည်မြို့သို့ ချီတက်ပုံ

မင်းတရားရွှေထီး မွန်သုံးရပ်ကို အလိုတော်ပြည့်လျှင် မင်းကေရာဇ်တို့၏ တင့်တယ်စံယော်တော်မူခြင်းဖြင့် အလုံးအရင်း ခြံရံလျက် ရေအား၊ ကြည်းအား သက္ကရာဇ် (၉၀၃) ကိုးရာသုံးခု[1] တဂုံဘုရားရှင်သို့ ချီတော်မူ၍ မကိုဋ်တင်တော်မူသည်။ ယင်းသောအခါ အရိယာ သံဃာတော်တို့အား ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ သဘင်ကြီးစွာလည်း ခံတော်မူသည်။ ပြန်တော်မူ၍ ဟံသာဝတီသို့ ရောက်တော်မူလျှင် ဘုရင်နောင်ကျော်ထင်နော်ရထာကို ရှေ့သီတင်းဝါလကျွတ်လျှင် သရေခေတ္တရာသို့ ချီတော်မူမည်။ မြို့စား ပြစား အပေါင်းတို့ကို ဆင်၊ မြင်း၊ ဗိုလ်ပါ ဖြည့်တင်းစေ။ စစ်ဝတ်တန်ဆာ၊ လက်နက်ကိရိယာ၊ ဆေး၊ ကျည်စေ့၊ မျိုးရိက္ခာ ပြည့်စုံစေ အမိန့်တော်ရှိ၍ ဘုရင့်နောင်ကျော်ထင်နော်ရထာက မြို့စားအပေါင်းတို့သို့ စေတော်မူသည်။ မြို့စား အပေါင်းတို့လည်း သီတင်းဝါလ ကျွတ်လျှင်[2] ဆင်၊ မြင်း၊ ဗိုလ်ပါ အပေါင်းတို့နှင့် မြေရင်းတော်သို့ချည်း ရောက်လာသည်။ အရောက်ညီလျှင် ရေတပ်၊ ကြည်းတပ် ချီတော်မူသည်ကား—

ရေတပ်မှာ ပုသိမ်စား သမိန့်ဗြပိုက် တစ်တပ်၊ မြောင်းမြစား သမိန်ဖရူး တစ်တပ်၊ ဓနုဖြူစား ရဲသင့်ရဲ တစ်တပ်၊ ဒလစား သီရိဇေယျနော်ရထာ တစ်တပ်၊ သမြင်တုံ[3]စား နန္ဒယော်ဓာ တစ်တပ်၊ လဝန်းပြည့်စား နန္ဒသူရိယ တစ်တပ်၊ သည်မြောက်တပ်ကို ရှေ့ချီရသည်။ ယင်းကမှ ဘဝရှင် မင်းတရားကြီးရွှေထီးမှာ ဘုံ ၁၅–ဆင့်[4]ရှိသော ပြာသာဒ်သုံးဆောင်နှင့်တကွ ရတနာ ရွှေဖောင် စီးတော်မူ၍ တပ်တော်တွင် နန္ဒသင်္ကြံ စစ်ကဲ၊ ဘယနံ့သူ တပ်မှူး ခန့်တော်မူသည်။ ဖောင်တော် လေးမျက်နှာကို ဝင်းမှူးလေးပါး မိမိတို့ကို သနားတော်မူသည့် လှော်ကားလှေမှတ်နှင့် လိုက်ရသည်။ ဝင်းတော် လေးမျက်နှာကိုလည်း တိုးရုပ် စသော သားလှေ၊ ငှက်လှေ အပေါင်းတို့တွင် အမြောက် သေနတ် လက်နက်ကိရိယာ တင်စေ၍ ရွှေဒိုင်း ရွှေလွှားခံ ရွှေကာနှင့် မိုးနဲ့ရွှေလုံ့ စိုက်စေ၍ လက်ဝဲ လက်ယာ ရှေ့နောက် လိုက်ရသည်။ ဖောင်တော်ကိုလည်း ရွှေလှော်ကား ရှစ်စင်း ငင်ရသည်။ ရွှေလှော်ကား ၁၂–စင်းတွင် ရွှေဝေါ ရွှေခင် တယင် စသော မင်းဆောင် မင်းယောင် မင်းခမ်းမင်းနား တင်၍ ရွှေတက်နှင့်ချည်း လှော်၍ လိုက်ရသည်။

---

၁။ အေဒီ ၁၅၄၁ ၂။ ၁၅၄၁ ခု ခက်တင်ဘား၊ အောက်တိုဘာလ။ ၃။ သမြင်တုံ့နယ်ကား အရှေ့ကို လားသော် စေတုတီး၊ တောင်ကို လားသော် ပင်လယ်သွဲ့စော၊ အနောက်ကို လားသော် စလဲ့ရွှာ၊ မြောက်ကို လားသော် ခိတောင်တောင်ချောင်း။ **စမူဒီပ ဥဆောင်ကျမ်း**၊ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀၊ စာ– (၉)
၄။ ဘုံတစ်ဆယ့်တစ်ဆင့် [မှန်နန်း–၂၀၃။ တွင်းသင်း(၃)–၃၇]

ဖောင်တော်နောက်က ချီရသည့်တပ်ကား–ဓနုံအုံစား သီရိဇေယျကျော်ထင် တစ်တပ်၊ သံလျင်စား နန္ဒကျော်ထင် တစ်တပ်၊ မုတ္တမစား ဇောလကွန်းအိန် တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ **အစုပ်မြို့**[1]စား သမိန်အဲနရဲ တစ်တပ်၊ စစ်တောင်းစား မဟာကြီး တစ်တပ်၊ ခပေါင်စား တပ်မတော်နှင့်တကွ ရေတပ် ၁၃–တပ်တွင် ပါသည့် စလောကပင်းကြီး နှစ်ဆယ်၊ စလောကပင်းငယ် ငါးဆယ်၊ ကတ္တူကွန်းကြင် ငါးရာ၊ ရေလှော်ကား သံလေ့ ရှစ်ရာ၊ စစ်သည်သူရဲ ကိုးသောင်း[2]နှင့် ချီတော်မူသည်။

ကြည်းတပ်မှာ ပေါင်းတည်စား သရေစည်သူ တစ်တပ်၊ ကောလိယစား စေတကာမဏိ တစ်တပ်၊ ဝန်မြို့စား အဲနရဲ တစ်တပ်၊ တိုက်ကုလားစား **သမိန်စောကရ**[3] တစ်တပ်၊ မော်ဝီစား ဘယဃော်ဓာ တစ်တပ်၊ ယင်းကမှ ဘုရင့်နောင်ကျော်ထင်နော်ရထာ တပ်မပြု၍ ချီတော်မူသည်။ (တပ်မပေါါ ၆–တပ်)။

မြင်းတပ်မှာ စစ်တုရဂ်သူ တစ်တပ်၊ လကျ်ာရဲတိုင် တစ်တပ်၊ တုရင်ရာဇာ တစ်တပ်၊ အင်ယင်တုရင် တစ်တပ်၊ တုရင်ကိတ္တိ တစ်တပ်၊ သည် မြင်း ၅–တပ်ကို ရှေ့ချီရသည်။ မြင်းတပ်နှင့် တပ်ပေါင်း ၁၁–တပ်တွင် ပါသည့် တိုက်ဆင် သုံးရာ၊ မြင်းနှစ်ထောင်ငါးရာ၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် သက္ကရာဇ် **(၉၀၃) ကိုးရာသုံးခု တန်ဆောင်မုန်းလ**[4] သရေခေတ္တရာသို့ ရေအား၊ ကြည်းအား ချီတော်မူသည်။ ဟံသာဝတီမြို့ကိုမူကား သတိုးဓမ္မရာဇာနှင့် သက်ရှည်ကျော်ထင်ကို မြို့စောင့်ခန့်တော်မူသည်။

## ၁၇၇။ ပြည်မြို့ကို တိုက်ခိုက်သိမ်းယူပုံ

ပြည်ဘုရင်မင်းခေါင်လည်း မင်းတရားရွှေထီး ချီလာပြီ ကြားလျှင် မြို့ပြ ကျုံးမြောင်း ကာတုတ် ရင်တား စီရင်ပြင်ဆင်၍၊ အမြောက်သေနတ် လက်နက်ကိရိယာ စီစဉ်၍ ဆင်လေ့တတ်၊ မြင်းလေ့တတ် ထားတော်မူသည်။ မျိုးရိက္ခာလည်း သွင်း၍ ထားတော်မူသည်။ အထက်အညာ စော်ဘွားတို့သို့လည်း ချီပင့်ရလေသည်။ **ရခိုင်မင်း**[5]သို့လည်း စစ်ကူ အလျင် ချီလာပါ ဟူ၍ ပင့်ရလေသည်။

မင်းတရားရွှေထီးလည်း ပြည်မြို့သို့ ရောက်တော်မူလျှင် ရေအား၊ ကြည်းအား လုပ်ကြံတော်မူသည်။ လက်နက်ကိရိယာ ထူထပ်လှသည်နှင့် မြို့စီး ပြစီး များသောကြောင့် အထီအပါး အရှုအနာ များလျှင် ဆုတ်၍၊ အဝေးက ခွာ၍ ကြည်း ရေ ဝန်းရံလျက် နေတော်မူသည်။

## ၁၇၈။ စစ်ကူလာသော သိုဟန်ဘွား၊ အုန်းပေါင်စော်ဘွားတို့ကို ဆီးဆို့၍ တိုက်ယူပုံ

အဝဘုရင် သိုဟန်ဘွား၊ အုန်းပေါင်စော်ဘွားတို့လည်း စော်ဘွား အပေါင်းနှင့် ရုံးစု တိုင်ပင်၍ တိုက်ဆင် ရှစ်ရာ၊ မြင်း တစ်သောင်း၊ စစ်သည်သူရဲ တစ်သိန်းခြောက်သောင်းနှင့် စစ်ကူလာသည်။ ထိုအကြောင်းကို မင်းတရားရွှေထီး ကြားတော်မူလျှင် မှူးတော်မတ်တော် အပေါင်းတို့ကို တဲတော်ဦးသို့ ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်ကို ဘုရင့်နောင်ကျော်ထင် နော်ရထာ လျှောက်သည်။ ယခုသည် စော်ဘွားအပေါင်း ချီလာရာမှာ ဆင်လုံး၊ မြင်းရင်း

၁။ အစုပ်မြို့ [တွင်းသင်း(၃)–၃၇] ၂။ ရှစ်သောင်း[–ထို–] ၃။ သမိန်စောကရုတ် (မှန်နန်း–၂၀၄)၊ သမိန်စောကရုတ် [တွင်းသင်း(၃)–၃၇] ၄။ ၁၅၄၁ ခု နိုဝင်ဘာလ ၅။ ရခိုင်ဘုရင် မင်းပင်ကြီး (အေဒီ ၁၅၃၁–၁၅၅၃)

များလှသည် ကြားသည်။ ထိုသို့ များသော်လည်း ဆင်စီးအရာ၌ ကျွန်ုပ်တို့ကို မတန်၊ ခြေသည် ချင်းလည်း ကျွန်ုပ်တို့ကို မတန်၊ ရှမ်းတို့ ခံနိုင်မည်လော။ မြင်းစီးမှာမူကား ရှမ်းတို့ ကျင်လည် လေသည် ဖြစ်သောကြောင့် ဆင်ကို အားပြု၍ ရှုံမည်။ တစ်ကြောင်းမှာလည်း စော်ဘွား မိုးရှာ သည်ကို ပြည်မြို့တွင်းက မသိရအောင် ညဥ့်ကို ချိန်၍ တစ်စခန်း အလွန်မှာ ကြို၍ တိုက်မည်၊ ရှမ်းတို့ ခံနိုင်မည်လော။ ပျက်အောင် တိုက်မည် ဟူ၍ နားတော်လျှောက်၏။ မင်းတရားရွှေထီး လည်း ဘုရင့်နောင် သင့်အောင် စီရင် အမိန့်ရှိသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာလည်း ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲသူခက်ကောင်းတို့ကို တပ်တိုင်း ရွေးကောက်တော်မူ၍ စစ်တုရင်္ဂသူ မြင်းတပ်၊ လက်ျာရဲတိုင် မြင်းတပ်၊ သည်မြင်းနှစ်တပ်ကို ရှေ့ချီစေ၍ နန္ဒယော်ဓာ တစ်တပ်၊ သမိန့်ဗြဲပိုက်တစ်တပ်နှင့် နန္ဒကျော်ထင် တစ်တပ်၊ စောလကွန်းအိမ် တစ်တပ်၊ မြင်းနှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည် တိုက်ဆင် ငါးရာ၊ မြင်း ခုနစ်ရာ၊ စစ်သည်သုံးရဲ သုံးသောင်းနှင့် လက်ယာကြောင်း ချီရသည်။

တုရင်ရာဇာ မြင်းတပ်၊ အင်ယည်တုရင် မြင်းတပ်၊ သည်မြင်းတပ်နှစ်တပ်ကို ရှေ့ချီစေ၍ ဘယကျော်သူ တစ်တပ်၊ သမိန်အဲနရဲ တစ်တပ်၊ သမိန်ခေါ်ကရုတ် တစ်တပ်၊ သီရိဇေယျ ကျော်ထင် တစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည် တိုက်ဆင် ငါးဆယ်၊ မြင်း ခုနစ်ရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် လက်ဝဲကြောင်း ချီစေသည်။ တုရင် ယော်ဓာ မြင်းတပ်၊ ရာဇတမန်မြင်းတပ်၊ သည်မြင်းတပ် နှစ်တပ်ကို ရှေ့ချီစေ၍ မဟာကြီး တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သမိန်အဲနရဲတစ်တပ်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ တစ်တပ်၊ မြင်းနှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည် တိုက်ဆင် ငါးဆယ်၊ မြင်း ခုနစ်ရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် အလယ်ကြောင်း ချီတော် မူသည်။ ပြည်မြို့က ထွက်၍ တစ်စခန်းရောက်လျှင် ဆင်များကို မြစ်တွင် ရေစိမ်စေ၍ မြင်း ခြောက်တပ်ကို အစုံအစမ်း ချီလေ စေ၏။ မြင်းတပ်သားတို့လည်း စော်ဘွားတို့က ချီလာသည် မြင်းတပ်ကို တွေ့လျှင် တွေ့ကြောင်းကို အလျင် လျှောက်လှာရ၏။ စော်ဘွားတို့ကလည်း မြန်မာ မြင်းသည်တို့ကို မြင်လျှင် ဆင်ပါ၊ မြင်းပါ ချီလှာ၍ အပြင်း လိုက်လာ၏။ စစ်တုရင်္ဂသူ၊ လက်ျာရဲတိုင်တို့ မြင်းခြောက်တပ်သားလည်း စစ်ရေးငင်ခဲ့၍ လက်ဝဲ၊ လက်ယာ နှစ်ဖြာခွဲ၍ နေလေ၏။

ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ စစ်သုံးကြောင်းသားလည်း မြစ်တွင် စိမ်စေသော ဆင်များကို တက်စေ၍ ကပြီးလျှင် ကြက်ခြေတင် အခြောက်များကို ရှေ့ကစီစဉ်၍ စော်ဘွားတို့ စစ်သည် နီးလျှင် အခြောက် စိန်ပြောင်းတို့ကို မိုးရွာသကဲ့သို့ ဖြစ်စေ၏။ ရှမ်းတို့ ဗိုလ်ပါ၊ ဆင်၊ မြင်း အထိအပါးများလျှင် စစ်ဦး နှစ်ကြိမ်၊ သုံးကြိမ် ပျက်လေ၏။ သို့လျှင် စော်ဘွားတို့က ဆင်ပါ မြင်းပါ ဖိ၍ တိုက်လှာ၏။ ဘုရင့်နောင်ကျော်ထင်နော်ရထာတို့လည်း တိုက်ဆင် တစ်ရာငါးဆယ်နှင့် စစ်မျက်နှာ သုံးကြောင်းဖြန့်၍ ချွန်းဖွင့်ကာ လွှတ်ကြလျှင် ရှမ်းတို့က ဆင်ငယ်သာဖြစ်၍ အစွယ်ယှက်ခံသော ဆင်များ ယင်းတွင်ပင် လဲလေ၏။ တချို့လည်း ဆင်ဦးယှဉ်မိလျှင် ဟောင်ဟောင်ကျည်ကျည် မြည်၍ ပြေး၏။ ဆင်တပ်ပျက်လျှင် မြင်းတပ်လည်း ပျက်၍ ပရမ်းပတာ ပြေးလေ၏။ စစ်တုရင်္ဂသူ၊ လက်ျာရဲတိုင်တို့ မြင်းခြောက်တပ်သား ထပ်၍ လိုက်သည်။ သုံးဆယ်စား၊ ရောက်စောက်စား၊ နောင်မွန်စားတို့ကို စီးသည် ဆင်နှင့်တကွ ရတော်မူသည်။ ဆင်ခြောက်ဆယ်၊ မြင်းသုံးထောင်ကျော်၊ သုံ့ပန်း လူနှစ်ထောင်ကျော်လည်း ရတော်မူသည်။ သေလေသည်လည်း များ၏။ ယင်းသို့ အောင်မြင်တော်မူလျှင် ဘုရင့်နောင်

ကျော်ထင်နော်ရထာလည်း ရဲတပ်နှင့် ဝေးမည်ကို ရည်၍ စစ်ကို ရုပ်ပြီးလျှင် ရဲတပ်သို့ ပြန်တော်မူ၏။ ရောက်တော်မူ၍ ရသည် သံ့ပန်း၊ ဆင်၊ မြင်းတို့ကို ဆက်လျှင် ဘုရင်နောင်ကျော်ထင်နော်ရထာကို အားရတော်မူ၍ မင်းညီမင်းသားတို့ အဆောင်အယောင် အစီအနင်း အကုန်နှင့် ခြေမစွပ်၊ လက်မစွပ်၊ ရွှေချက်နစ်စင်း၊ မှိုအုန်းဝန်း၊ ဆင် ၂၀၊ မြင်း ၅၀၊ သံ့ပန်းလူ ၂၀၀-စားကျေးစားလက် အထိုက်အလျောက် ဆုပေးတော်မူသည်။

ဇော်ဘွားတို့ စစ်ကူလာသည်ကို အောင်မြင်တော်မူလျှင် အောင်မြင်ကြောင်းကို စာရေး၍ ပြည်မြို့တွင်းသို့ သွင်းရလေသည်။ ပြည်ဘုရင် မင်းခေါင်လည်း အရေးအရာမဆို နေလေ၏။ မှူး ပြည်မင်းသည် မြို့နိုင်သည်နှင့် လက်နက်ကိရိယာ များသည်ကို တဲတော်ဦးသို့ ခေါ်တော်နေလေသည်။ မြို့နိုင်သည်နှင့် လက်နက်ကိရိယာ များသော်လည်း မျိုးရိက္ခာ မရှိသည်ကို တတ်နိုင်မည်လော။ မြို့တွင်းမှာလည်း ကျိုကြဘဏ္ဍာ နည်းသည်။ စစ်သည် ဗိုလ်ပါကား များသည်။ မြို့ပြင်ကလည်း ဟင်းရွက်တစ်ချပ်မျှ မသွင်းရဖြစ်သည်။ မိုးကျလျှင် ငါတို့ရဲမက်လယ်လုပ်စိမ့်မည်။ ငါတို့ ကျေးရွာ မြို့ပြကလည်း ပို့စိမ့်မည်။ သို့လျှင် ငါတို့ ရဲမက်မှာဝပြော သောက်စားရမည်။ သည်ကဲ့သို့ လုပ်ကြိုးကြမ စီရင်တော်မူရသော် ပြည်မြို့သည် ငါတို့လက်က လွတ်နိုင်မည်လော ဟူ၍ မိန့်တော်မူပြီးလျှင် မှန်သုံးရပ် အမြို့မြို့တွင်ရှိသော သူရဲသူခက်တို့ကို ခေါ်ချတော်မူ၍ တပ်တိုင်း လောင်းထပ်တော်မူသည်။ မျိုးရိက္ခာလည်း အမြို့မြို့က လှေတက်နှင့် ပို့လှာရသည်။

## ၁၇၉။ ရခိုင်မင်း စစ်ကူလာသည်ကို ဆီး၍ တိုက်ပုံ

ပြည်ဘုရင်က ချီပင့်လေ၍ ရခိုင်ဘုရင်က ညီတော် သံတွဲစားကို ဗိုလ်မှူးပြုစေ၍ တိုက်ဆင်တစ်ရာ၊ **မြင်းနှစ်ရာ**[၁]၊ စစ်သည်သူရဲ ငါးသောင်းနှင့် ကြည်းကြောင်း ချီလာရသည်။ ရခိုင်ဘုရင် သားတော် ဥပရာဇာမှာ ကတ္တူလှေနှင်းကြင် ခုနစ်ရာ၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် နဂါးရစ်တောင်ကို လှည့်၍ **မော်တင်ရစ်ကြောင်း**[၂] ချီလာသည်။ ရခိုင်က ရေကြောင်း၊ ကြည်းကြောင်း ချီလာကြောင်းကို ရခိုင်ဘုရင်ညီက စာရေး၍ ပြည်မြို့ ကျေးစွန်နေ လူငါးယောက်တို့ကို ပြည်မြို့တွင်းသို့ စာသွင်းချေ စေ၍ပို့လှာရသည်။ ထိုသူငါးယောက်လည်း ပြည်မြို့တွင်းသို့ စာသွင်းမည်ဟူ၍ ညဉ့်ကလာသည်ကို ရဲမက်တော်တို့ တွေ့လျှင် ဖမ်း၍ ဆက်လှာ၏။ ပါသည့်စာကို ကြားတော်မူလျှင် ပုသိမ်စား သမိန်ဗြပိုက်၊ မြောင်းမြစား သမိန်ဖရူး၊ ခဲပေါင်စား သမိန်သံကျယ်၊ ဒလစား သီရိဇေယျနော်ရထာ၊ သည် မြို့စားလေးဦးကို အစ်ကိုတို့ စားသည် မြို့ပြက အနိုင်အလုံ ပြောင်း သေနတ် တင်၍ နေလေ အမိန့်တော်ရှိသောကြောင့် လှော်ကားလက်ပြည့်နှင့် အလျှင် စုန်ရသည်။ မင်းတရားရွှေထီးလည်း မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ယခု ရခိုင်က ရေကြောင်း၊ ကြည်းကြောင်း ချီလာသည်။ အင်အား များလှသည် ဆိုသည်။ ရဲတပ်ကိုဖြုတ်၍ ရဲမက်တော်အလုံးနှင့် ဆီးကြို၍ တိုက်ရသော်လည်း သင့်မည်လော၊ ရဲတပ်ကို မဖြုတ်ဘဲ ရဲမက်တော်တို့ကို ခွဲ၍ ဇော်ဘွားတို့ကို တိုက်သကဲ့သို့ တိုက်ရသော် သင့်မည်လော

---

၁။ မြင်းနှစ်သောင်း [တွင်းသင်း(၃)-၃၉]  ၂။ မော်ခက်ရစ်ကြောင်း (မှန်နန်း-၂၀၇)၊ မော်တင်ကရစ်ကြောင်း [တွင်းသင်း(၃)-၃၉]

ဘုရင့်နောင်ကျော်ထင်နော်ရထာ ညီတော် သီရိဓမ္မကျော်ထင် လျှောက်သည်ကို ... အမိန့်တော် ရှိသည်ကို ဘုရင့်နောင်ကျော်ထင်နော်ရထာ ... ရဲတပ်ကို မဖြတ်ဘဲ တချို့သာ ခွဲ၍ တိုက်သော် ... ရခိုင်တို့ ချီလာရာမှာ စစ်အင်ကြီးလှသည်။ ရဲတပ်ကို မဖြတ်ဘဲ တချို့သာ ခွဲ၍ တိုက်သော် အောင်နိုင်သော် ကောင်း၏။ မအောင်နိုင်သော် ရဲတပ်တွင် ရဲမက်တော်တို့သည် စစ်နှစ်ဖက်ညှပ်ရှိမည်။ ယင်းသို့ဖြစ်သောကြောင့် ရခိုင်က ချီလာသည်ကို ရေတပ်ကို ရေတပ်ချင်း၊ ကြည်းတပ်ကို ကြည်းတပ်ချင်း ရှပ်ရှုပ်ခွဲ၍ လုပ်ကြမည်။ ရခိုင်သားတို့ ခံနိုင်မည်လော။ ရခိုင်သားတို့ ပျက်လျှင် ပြည်မြို့ကို ရမြဲ ရပြန်မည်။ ပြည်မြို့ လက်တော်က လွတ်နိုင်မည်လော ဟု နားတော်လျှောက်သည်ကို တပ်မတော်တပ်မှူး နန္ဒသကြံ ဤသို့ နားတော်လျှောက်ပြန်သည်။

## ၁၈၀။ နန္ဒသကြံ စစ်ရေးဆိုပုံ

ရှေးသောအခါ မျောက်တစ်တွေသည် တောင်ခြေရင်းတွင် အရပ်အနေပြု၍ နေကြသည်။ ထိုတောင်နှင့် မနီးမဝေးသော အရပ်တစ်ခု၌ ရွာတစ်ရွာ ရှိသည်။ ထိုရွာ၏ မနီးမဝေးသော အရပ်၌ ဥယျာဉ် တစ်ဥယျာဉ်ရှိသည်။ ထိုဥယျာဉ်၌ တည်ပင်ကြီးတစ်ပင် အသီးမှည့်သောအခါ မျောက်တစ်တွေတို့သည် ညဥ့်ကိုလာ၍ ထိုတည်သီးတို့ကို စားလာသည်။ ရွာသားတို့လည်း တည်ပင်ထက်မှာ မျောက်တစ်တွေ ရှိကြောင်းကို ကြားလျှင် လက်နက် လေးမြား ကိုင်က ရွာက ထွက်၍ တည်ပင်ကို ဝန်းရံကြသည်။ တည်ပင်သို့ မပါသော မျောက်တို့သည်လည်း မိမိတို့အဆော် အရှင်းမျောက်တို့ကို ရွာသားတို့ ဝန်းရံသည်ကိုသိလျှင် သေဘေးမှ လွတ်စေခြင်းငှာ ရွာတွင်းသို့ ဝင်၍ အိမ်များကို မီးတိုက်လေ၏။ ရွာသားတို့လည်း တချို့ တည်ပင်ကို ရံ၍၊ တချို့ မီးသတ်သည်ရှိသော် မီးလည်း သေမည်၊ မျောက်တစ်တွေလည်း ရမည်ကို ယင်းသို့ကား မဟုတ်၊ အားလုံး သွား၍ မီးသတ်လေသောကြောင့် မျောက်တစ်တွေလုံး လွတ်ရလေသကဲ့သို့ ယခု အရေးတော်မှာလည်း ပြည်မြို့ကို ရံတော်မူသည်ကို အရံဖြုတ်၍ တိုက်မည် မင်းကြီး လျှောက်ရာမှာ အရံကို ဖြုတ်ချေသော် ပြည်သားတို့သည် မျောက်တစ်တွေလုံး ထွက်သကဲ့သို့[၁] ပြည်သားတို့သည် ကျေးမက်သားနှင့် တစ်ချက်တည်းဖြစ်၍ ကြိုကြိုက်ရာရာ မကြံလေလော။ တစ်ကြောင်းလည်း ပြည်မြို့က ခွာ၍ ချီချေသော်၊ ပြည်သားတို့ နောက်ထပ်၍ ချီချေသော် စစ်နှစ်ဖက်ညှပ် မရှိချေပြီလော။ ငါးလ, ခြောက်လ အညောင်းအညာ ခံ၍ ရံတော်မူသည် အရေးသည် အကျိုးမရှိ ဖြစ်မည် နားတော်လျှောက်သည်။ မင်းနှစ်ဦး လျှောက်သည် အရေးကို ဘုရင့်နောင်ကျော်ထင်နော်ရထာ ကြားလျှင် ဤသို့ မိန့်တော်မူသည်။ ယခု မင်းနှစ်ဦး လျှောက်သည် အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် ပြည်ကို ရံသည် အရံကိုလည်း အခိုင်အလုံ ရံစိမ့်မည်။ ဆီးကြို၍ တိုက်ရာမှာလည်း သူ့ကို နိုင်လောက်အောင် ဆီးကြို၍ တိုက်မည်။ ရခိုင်ဘုရင် သားနှင့်ညီ ချီလာရာမှာလည်း မိမိတို့ ကိုယ်မှု မဟုတ်၊ သူ့အမှုသာ ဖြစ်သည်။ သာလျှင်လည်း ကြီးကုတ်မည်၊ မသာလျှင်လည်း အလျှင် ဆုတ်လိမ့်မည်။ သို့ရာတွင် ရခိုင်သားတို့သည် စစ်မှုလေ့အရာ၌ ကျင်လည်လေသည်။ ထိုသို့ ကျင်လည်လေငြားသော်လည်း တို့က ပုသိမ်, မြောင်းမြ, ဒလ, တကုံ, သည်မြို့များသည် အလုံးအရင်း လက်နက်ကိရိယာနှင့်ချည်း ဖြစ်သည်။ စစ်လေ့လှေနှံကြင် ၇၀၀ မျှနှင့် ရခိုင်ဘုရင်သား သည်သို့ လွှန်၍ လာနိုင်မည်လော။ ရခိုင်မင်းညီ ဘုရင် သံတွဲစား ကြည်းတပ် ဥယျာဉ်ပုကြောင်း ချီလာရာမှာလည်း ဆင်ချင်း၊ မြင်းချင်း၊ ခြေသည်ချင်း တို့ကို မတန်။ ယင်းသို့ ဖြစ်သောကြောင့် ပြည်မြို့ကို ရံစေသော

၁။ လွတ်သကဲ့သို့ (မှန်နန်း-၂၀၈)

လေ့တပ်ကို ရဲမြဲအတိုင်း ရံစေ၍ နေစိမ့်မည်။ ကြည်းတပ်က ဆင်ကောင်း၊ မြင်းကောင်းကို ရွေးယူ၍ တိုက်မည်အစားကို ရေတပ်သူရဲက ယူ၍ ကြည်းတပ်ကို ဖြည့်မည်။ ဘုန်းကြီးသည် အရှင်လည်း ရံတပ်တွင် စံနေတော်မူ။ ကျွန်ုပ်တို့ အမျိုး အမတ်သာ ဆီးကြို၍ လုပ်ကြမည် လျှောက်သည်။ မင်းတရားရွှေထီးလည်း နောင်တော် လျှောက်သည် အရေးကို ကြိုက်တော်မူ၍ ဘုရင်နောင်ကျော်ထင်နော်ရထာ သင့်အောင် စီရင်လေ အမိန့်တော်ရှိသည်။ ဘုရင်နောင် ကျော်ထင်နော်ရထာလည်း လျှောက်ရင်းအတိုင်း စီရင်၍ ဘယကျော်ထင်နှင့် နန္ဒကျော်ထင်ကို ကြည်းတပ်မှာ ဝန်ခန့်တော်မူသည်။ သမိန်ဖရူးနှင့် နန္ဒယော်ဓာကို လေ့တပ်မှာ ဝန်ခန့်တော် မူသည်။

## ၁၈၁။ ရခိုင်ဘုရင်ညီတပ် ဥပါယ်တံမျဉ်နှင့် စေပုံ

ချီသော တပ်စဉ်ကား စစ်တုရင်္ဂသူမြင်းတပ်၊ လက်ျာရံတိုင် မြင်းတပ်၊ သည် မြင်းနှစ်တပ်ကို ရှေ့ချီစေ၍ သရေစည်သူ တစ်တပ်၊ သမိန်ရဲသင့်ရဲ တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ ဘုရင်နောင်ကျော်ထင်နော်ရထာ တစ်တပ်၊ မြင်းနှစ်တပ်နှင့် တပ်ပေါင်းခြောက်တပ်တွင် ပါသည် တိုက်ဆင် ငါးရာ၊ မြင်းရှစ်ရာ၊ စစ်သည်သူရဲ နှစ်သောင်းနှင့် အလယ်ကြောင်း ချီတော်မူသည်။ တုရင်ရာဇာ မြင်းတပ်၊ အင်ယည်တုရင် မြင်းတပ်၊ သည်မြင်းတပ်နှစ်တပ်ကို ရှေ့ချီစေ၍ စတုကာမဏိ တစ်တပ်၊ နန္ဒသကြံ တစ်တပ်၊ သမိန်အဲနရဲ တစ်တပ်၊ သမိန်ဇော်ကရုတ် တစ်တပ်၊ မြင်းနှစ်တပ်နှင့် တပ်ပေါင်း ခြောက်တပ်တွင် ပါသည် တိုက်ဆင် ငါးရာ၊ မြင်းရှစ်ရာ၊ စစ်သည် သူရဲ နှစ်သောင်းနှင့် လက်ယာကြောင်း ချီရသည်။

တုရင်ယော်ဓာ မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ သည်မြင်းနှစ်တပ်ကို ရှေ့ချီစေသည်။ သိရိဇေယျကျော်ထင် တစ်တပ်၊ မဟာကြီး တစ်တပ်၊ သမိန်အဲနရဲ တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် ပေါင်းခြောက်တပ်တွင် ပါသည် တိုက်ဆင် ငါးဆယ်၊ မြင်းရှစ်ရာ၊ စစ်သည်သူရဲ နှစ်သောင်းနှင့် လက်ဝဲကြောင်း ချီရသည်။

ချီသောခါ ပြည်မြို့တွင်းသားတို့ကို မသိရအောင် ချီသည်။ ပြည်မြို့က ခွာ၍ တစ်ခနော်း ရောက်လျှင် တပ်ချ၍ နေတော်မူသည်။ ရခိုင်ဘုရင်ညီ သံတွဲစားလည်း ပြည်မြို့မှာ အခင်းကို မသိသောကြောင့် အလျင် ပြည်မြို့သို့ မချဉ်းဝံ့။ ပြည်မြို့က ငါးခနော်းလောက်မှာ တပ်ခိုင် တပ်လုံနှင့် နေသည်ကို မြင်လေ၏။ ယင်းသောအခါ တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ဘုရင်နောင်ကျော်ထင်နော်ရထာ ဤသို့ မိန့်တော်မူသည်။ ယခု ရခိုင်ဘုရင်ညီ ငါးခနော်း လောက်မှာ တပ်ခိုင်တပ်လုံနှင့် နေသည်ကို ငါတို့ သွား၍တိုက်ချေသော် ငါတို့ရံတပ်နှင့်လည်း ဝေးချိမ့်မည်။ သူ့ တပ်ခိုင်တပ်လုံနှင့် နေသည်ကို တိုက်ချေသော်လည်း အတိုက်အလဲ ခက်ချိမ့်မည်။ ယင်းသို့ ဖြစ်သောကြောင့် ရခိုင်ဘုရင်ညီ အလျင်ချီလာအောင် ဥပါယ်တံမျဉ်ဖြင့် စေ၍ ချီလာမှ တိုက်ရလျှင် အလျင် အောင်လွယ်မည်ဟူ၍ မိန့်တော်မူပြီးလျှင် ပြည်မြို့က ပြေးထွက်လာသည့် လူငါးယောက်ကို ခေါ်တော်မူ၍ အစ်ကိုတို့ အမှုတော်ကို ကြိုးစားအားထုတ် ထမ်းပါ၊ အရေးတော် ပြီးလျှင် သူကောင်းပြုတော်မူစိမ့်မည် ဟူ၍ မိန့်တော်မူ၏။ လူငါးယောက်လည်း အမှုတော်ကို ကြိုးစားအားထုတ် ထမ်းပါမည် လျှောက်လျှင် သစ္စာကို ခံစေ၍ ဆုလာဘ်ပေးပြီးမှ ပြည်ဘုရင် မင်းခေါင်က စေသည်အဟန် နှုတ်ထည့်၍ စာကို ပို့ရလေ၏။ စာတွင် မှာသည်ကား—

"နောင်တော် ရခိုင်ဘုရင်က ညီကို စစ်ကူချီလာစေသည်ဟူ၍ ကြားလျှင် အလွန်

ဝမ်းမြောက်သည်။ ယခု ဘုရင်ရွှေထီး လေ့တပ်နှင့် တရုပ်မော်[၁]တွင် နေသည်။ ဘုရင်
(နောင်)ကျော်ထင်နော်ရထာတို့ စုနစ်တပ်သားလည်း မြို့သို့ ချဉ်း၍ တပ်ချလှာသည်။
နိုးနံ၊ ညောင်ရွှေ၊ အုန်းပေါင်၊ သိပေါ စော်ဘွားတို့လည်း ဆင်လုံး မြင်းရင်း အများနှင့်
ငါ့ကို စစ်ကူမည် ချီလှာသည်။ ယခု မြေထဲအရှေ့တွင် တပ်ချ၍ နေသည်။ ညီတော်တို့
ရောက်မှ တိုက်မည်ဟု ငံ့၍ နေစေသည်။ ညီတော် အလျင် ချီလှာပါတော့။ ညီတော်
ရောက်လျှင် စော်ဘွားများနှင့် ပေါင်း၍ ပြင်က တစ်ဖက် တိုက်၊ ငါလည်း မြို့က
ပူစွန်ညှပ် တစ်ဖက်ရှိအောင် တိုက်မည်။ ယင်းသို့လျှင် ဘုရင်ရွှေထီးတို့ စစ်သည် မံနိုင်
မည်လော၊ ပျက်လေတော့မည်။ သို့ပျက်လျှင် ဟံသာဝတီတိုင်အောင် ချီရမည်"
ဟူ၍ စာရေးပြီးလျှင် ပြည်ဘုရင်မင်းခေါင်က ရခိုင်ဘုရင်ညီကို ပေးပါးလိုက်အပ်ဟန် ပတ္တမြား
လက်စွပ် နှစ်ချည်၊ ပတ္တမြားလက်ကောက် နှစ်ရန်ကို ကောင်းမွန်စွာ တံဆိပ်တော် လက်ရာနှင့်
လှူငါးယောက်ကို ရခိုင်ဘုရင်ညီ တပ်သို့ ပို့ရလေ၏။ လှူငါးယောက်လည်း မြို့တွင်းက ပြေးထွက်
လှာသသူ ဖြစ်၍ ပြည် ကျေးစွန်သားတို့ ယုံကြည်လှ၍ ရခိုင်ဘုရင်ညီ တပ်သို့ ပို့ရလေ၏။
ရခိုင်ဘုရင် ညီလည်း ထိုသူတွင် ပါသည့် စာကို ကြားလျှင် တပ်ကို နုတ်ချီလှာ၏။

### ၁၈၂။ ရခိုင်က ချီလာသော တပ်ကို တိုက်ယူပုံ

ဘုရင်နောင်ကျော်ထင်နော်ရထာလည်း လက်ျာရဲတိုင်တို့ မြင်းခြောက်တပ်ကို ရှေ့ချီစေ၍
စစ်သုံးကြောင်းလုံး စစ်မျက်နှာ ဖြန့်၍ ဆီးကြိုကုန်၏။ လက်ျာရဲတိုင်တို့ ချီလေသည် မြင်း
ခြောက်တပ်နှင့် ရခိုင်သားတို့ ရှေ့ဖျားချီလှာသည့် မြင်းတပ်နှင့် တွေ့ကြသော် လက်ျာရဲတိုင်တို့
ရှောင်းကိုကူး၍ ရှုပ်ရှုပ်ချွံချွံတိုက်လျှင် ရခိုင်သားတို့ မြင်းတပ်ပျက်၍ နောက်သို့ ပြန်လေ၏။
ရခိုင်ဘုရင်(ညီ)လည်း ရှေ့ဖျား မြင်းတပ် ဆုတ်သည်ကို မြင်လျှင် တပ်ချ၍နေမည် ပြုသည်ကို
လက်ျာရဲတိုင်တို့ ထပ်၍ရောက်လျှင် ဆင်စီးသူရဲတို့လည်း ဆင်စီစဉ်၍ စစ်မျက်နှာ ဖြန့်လျက်
နေကုန်၏။ စစ်သည်တော် သုံးကြောင်းလုံး ရောက်လျှင် အတည်းအတွ မရှိ၊ ရှုပ်ရှုပ်ချွံချွံ
ဝင်တိုက်လေ၏။ ရခိုင်ဘုရင်ညီတို့ ရှေ့ဖျား မြင်းတပ် ပျက်လေ၏။

ဘုရင်နောင်ကျော်ထင်နော်ရထာလည်း ရဲဘုန်းခံ ဟူသော ဆင်ကို စီးတော်မူ၍ ရခိုင်
ဘုရင်ညီ ရှိရာသို့ ချွန်းဖွင့်၍ လွှတ်တော်မူသည်။ ရခိုင်ဘုရင်ညီတော် မရပ်မတည်နိုင်၊ ဆင်ဦး
မယှဉ်ဝံ့၍ ဆင်ကသည် မြင်းစီး၍ ပြေးလေ၏။ စီးသည် ဆင်ကို ရတော်မူ၏။

ရခိုင်ဘုရင်ညီ ဆုတ်လျှင် စစ်သုံးကြောင်းလုံး ထပ်၍လိုက်သည်။ ဆင်စီးအမတ် ဆင်နှင့်
တကွ တစ်ကျိပ်ကျော် ရတော်မူ၏။ ဆင်လွှတ်လည်း သုံးဆယ်ကျော်၊ မြင်း လေးရာကျော်၊
သုံ့ပန်း လူနှစ်ထောင်ကျော် ရတော်မူ၏။ သေလေသည်လည်း များ၏။

ဘုရင်နောင်ကျော်ထင်နော်ရထာလည်း ရဲမက်တော်တို့ တိုက်လေသည်ကို ရံတပ်နှင့်
စေမည်ကို ရှည်၍ လိုက်၍ ခေါ်တော်မူသည်။ အရောက် ညီလျှင် ရဲမက်တော်တို့ကို ရုံးစု၍
ရံတပ်ကို ပြန်တော်မူသည်။ ရခိုင်ဘုရင်ညီ ကြည်းကြောင်းချီလှာသောသူတို့ စစ်ပျက်ကြောင်း
ကို ရခိုင်ဘုရင်သား ရေကြောင်းချီလှာသောသူတို့ ကြားလျှင် ပုသိမ်၊ မြောင်းမြ ရောက်မှ
ပြန်လေ၏။

---

၁။ ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် တည်ရှိသည်။

## ၁၈၃။ ဘုရင့်နောင်ကျော်ထင်နော်ရထာကို အိမ်ရှေ့ပေးတော်မူခြင်း အကြောင်း

ဘဝရှင် မင်းတရားရွှေထီးလည်း နောင်တော် အစီအမံ သင့်လှပေသောကြောင့် ရခိုင်က ချီလာသည်ကို အလွယ်သာ အောင်ပေသည် ဟူ၍ မှူးတော်၊ မတ်တော်တို့ အလယ်တွင် ချီးမွမ်းတော်မူပြီးမှ ဝတ်တော်မူသော ရွှေချည်ပါ ကတ္တီပါဝတ်လုံ၊ လက်တော်နှစ်ဖက်တွင် ဝတ်တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်၊ လက်ဝဲတော်က အိမ်ရှေ့မင်းတို့၏ နေရာကို ပေးတော်မူသည်။ မိဖုရား အုံးဝန်းလည်း သုံးဆင့်၊ ရွှေကွမ်းခွက် ရှစ်မြောင့်၊ ကွမ်းလိပ် သုံးလိပ်၊ ကွမ်းခွက်တွင် ထည့်စရာ အမွှတ်အညှတ် အစေ့အစုံ၊ ရွှေတကောင်းပိတ် အပြောက်၊ သောက်ရေတင် အပြောက်၊ ရွှေတွေးခံ အပြောက်၊ ရွှေအိုးပျစ် အဖုံးနှင့် အပြောက်၊ ဦးပေါင်း ကတ္တီပါအစိမ်း၊ အခြေအနားကို ရွှေပြားစက်ဝန်းအပြောက်၊ ပန်းရှစ်မွှင့်နှင့်တကွ အစောက် တစ်ဖက်တစ်ချက်ကို ရွှေချည်သုံးထပ်လိုက်၍ သန်လျင်းတလဲကိုးဝန်း၊ ရွှေချက် နှစ်စင်း၊ ထီးနီညောင်ရွက် သုံးဆင့်၊ ဆင် ရွှေကြိုးရွှေကာ၊ ရွှေပေါင်းဝန်း၊ မြင်းရွှေကြိုးရွှေကာ၊ ရွှေပေါင်းဝန်း၊ ညော်ခုနစ်လုံး၊ ငွေနှံငါးစင်း၊ ဘုရင့်နောင်ကျော်ထင်နော်ရထာကို ဆုပေးတော်မူသည်။ ပွဲလမ်း ရသော အမှုးအမတ်တို့ကိုလည်း အမည်အရည် အဆောင်အရွက် ကျေးရွာ အထိုက်အလျောက် ပေးတော်မူသည်။ ရတော်မူသော ဆင်မြင်း ဗိုလ်ပါတို့ကိုလည်း ရသော အမှုးအမတ်တို့ကိုပင် ပေးတော်မူသည်။

ရဲမက်တော်တို့ ရသည့် ရွှေ၊ ငွေ၊ ကြေး၊သံ ဝတ်စားတို့ကိုလည်း ရသသူသာ ယူရသည်။ အမြောက် စိန်ပြောင်း လက်နက်ကိရိယာကိုသာ သိမ်းယူတော်မူသည်။

ဘဝရှင်မင်းတရားရွှေထီးလည်း ရခိုင်က စစ်ကို အောင်မြင်တော်မူကြောင်းနှင့် စာရေး၍ မြို့တွင်းသို့ စေတော်မူသည်။ ရခိုင်အမတ် တစ်ယောက်ကိုလည်း ထည့်တော်မူလိုက်သည်။ ပြည်ဘုရင်လည်း စော်ဘွားများနှင့် ရခိုင်ဘုရင် ညီတော်၊ သားတော် စစ်ကူလာသမျှ ပျက်၍ ပြန်လေကြောင်းကို ကြားတော်မူသော်လည်း မိုးလေကျက သူနေနိုင်မည်လော ဟူ၍ အရေးအရာ ထွက်၍ မဆို၊ မြို့ပြကိုသာ အခိုင်အလုံ စီရင်၍ နေလေ၏။

## ၁၈၄။ ပြည်ဘုရင်မင်းခေါင် အညံ့ခံ၍ ကိုယ်ကို အပ်နှင်းရပုံ

ဘဝရှင်မင်းတရားရွှေထီးလည်း အခိုင်နေသော် နေရမည်လော ဟူ၍ ရဲမက်တော်တို့ကို မြို့ကို တက်စေသော်လည်း အမြောက်၊ သေနတ်၊ လက်နက်ကိရိယာ ထုထပ်လှသောကြောင့် ဗိုလ်ပါ အရှုံးအနာ အသေအပျောက်သာ များချေသည်။ ရတော် မမူချေ။ ယင်းသို့လျှင် ဘုရင့်နောင် ကျော်ထင်နော်ရထာကို ခေါ်တော်မူ၍ ဟသို့ ကြံရသော် သင့်မည်နည်းဟု မိန့်တော်မူသည်ကို ဘုရင့်နောင်ကျော်ထင်နော်ရထာက ပြည်မြို့ကို ရံတော်မူသည်လည်း ငါးလ၊ ခြောက်လခန့် ရှိပြီ၊ ပြည်မြို့လည်း ငယ်သည်။ ကျီ ကြ ဘဏ္ဍာလည်း နည်းသည်။ စားမည်သူ ယောကျ်ား၊ မိန်းမ အကြီးအငယ်လည်း များသည်။ ပြင်က ရိက္ခာကိုလည်း ဟင်းရွက်တစ်ချပ်မျှ မသွင်းရ၊ မြို့တွင်း ငါးကဲ့သို့ ရှိလေပြီသည်။ သို့ကိုလျက် ရဲမက်တော်တို့ကို အရှုံးအနာခံ၍ မြို့ကို လုပ်ကြံ တော်မူခြင်း မရှိ။ မိုးလေကျလျှင် ကျွန်တော်တို့က လယ်လုပ်စိမ့်မည်။ ဟံသာဝတီက မျိုးရိက္ခာ တို့ကိုလည်း လှေကြီး၊ လှေငယ် အများနှင့် ပို့လာစိမ့်မည်။ ဤကဲ့သို့ ကြံတော်မူပြီးလျှင် ပြည်မြို့လည်း နက်မှ၍ ပျံတက်နိုင်မည်လော နားတော်လျှောက်သည်။

ဘဝရှင် မင်းတရားရွှေထီးလည်း နောင်တော်သည် ငါကိုယ်တော် ဖြစ်တော့သည်၊ ရလွယ်မည် အကြောင်းကို စီရင် ဟူ၍ ရေတပ်, ကြည်းတပ်ကို ထပ်၍ နှင်းတော်မူသည်၊ ဘုရင်နောင်ကျော်ထင်နော်ရထာလည်း ညည့်, နေ့ လုံ့လပြုတော်မူ၍ မြို့တွင်းသို့ ဆင်စာမြက်တစ်ရက်မျှသော လည်းကောင်း၊ လူစာ စပါးတစ်လုံး, ဆန်တစ်စေ့မျှသော လည်းကောင်း၊ မသွင်းရအောင် စီရင်တော်မူ၏။ တစ်လခန့်ရှိလျှင် မြို့တွင်းသားတို့ ငတ်မွတ်၍ မြို့တွင်းက ပြင်တပ်သို့ ဝင်လာကုန်၏။ ဝင်ဖန်များလတ်သော် မြို့စီး ပြစီး နည်း၍ ပြည်ဘုရင်မင်းခေါင် ထိတ်လန့်တော်မူ၏။

ယင်းသို့လျှင် အသက်မသေပါမည် အကြောင်းနှင့် လက်ဆောင်လက်နက် အများယူ၍ "နှဘဝရ" ဆင်ကောင်းနှင့် ဆရာတော် ရှင်ဓမ္မပါလဂုရု၊ ရှင်တိသာသနု၊ ဘုန်းတော်ကြီးနှစ်ပါးကို ထွက်၍ လျှောက်လာရသည်။

ဘဝရှင် မင်းတရားရွှေထီးလည်း လူ၏ အဖြစ် ရခဲကြောင်းကို ထောက်တော်မူ၍ အသက်ကို ခွင့်ပြုတော်မူပြီးလျှင် သက္ကရာဇ် (၉၀၄) ကိုးရာလေးခု နယုန်လဆန်း ငါးရက်နေ့[2]တွင် မှူးတော် မတ်တော်တို့နှင့်တကွ ပြည်ဘုရင်မင်းခေါင် မြို့က ထွက်၍ ဘဝရှင် မင်းတရားရွှေထီးသို့ ကိုယ်ကို ဆောက်နှင်းလာသည်။[2]

ဘဝရှင် မင်းတရားရွှေထီးလည်း မင်းခေါင်နှင့်တကွ မိဖုရား သိရိဘုန်းထွတ်ကို ကောတုမတ်မှာ နေရသည်။

မောင်းမ,မိဿံ, မှူးတော်, မတ်တော်, သူရဲသူခက်ကောင်း, ဆင်ကောင်း, မြင်းကောင်း တို့ကို သိမ်းယူတော်မူ၍ ဟံသာဝတီ နေပြည်တော်သို့ ပို့ရသည်။ ပြည်မြို့ကိုမူကား–အထိန်းတော် သတိုးဓမ္မရာဇာကို မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ပေးတော်မူ၍ မင်းပြုရသည်။

ယင်းသို့မှ ပြည် ကျေးရွာနှင့်ရွာလက်တို့ကို ခန့်ထားတော်မူ၍ ကင်းတို, ကင်းရှည် ထားပြီးမှ ဝါဆိုလ[3] ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူသည်။

မဟာရာဇဝင်ကြီး ဒသမတွဲ ပြီး၏။

---

သက္ကရာဇ် ၁၂၄၄ ပြာသိုလဆန်း ၄ ရက် (၁၂ ဒီဇင်ဘာ ၁၈၈၂) ဒသမတွဲ ကူးရေးပြီးသည်။

---

၁။ ၁၈၊ ခမ ၁၅၄၂ ၂။ ပြည်မြို့ တိုက်ခိုက်သိမ်းပိုက်ခြင်းကို စာမျက် ၁၃၆ တွင် ကြည့်ပါ။ ၃။ ၁၅၄၂ ဇွန်လ

# မဟာရာဇဝင်ကြီး

## ဧကာဒသမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁၈၅။ ပြည်မြို့၌ စံနေသော မင်းတို့အကြောင်း

ရတနတ္တယံ အဟံ ဝန္ဒာမိ။ ။ သရေခေတ္တရာမည်သော ပြည်မြို့အကြောင်းကား- ပုဂံ နရသီဟပတေ့ တရုတ်ပြေးမင်းသားတော် သီဟသူသည် သက္ကရာဇ် (၆၀၄) ခြောက်ရာလေးခု[၁] တွင် တည်ထောင်စ ပြုသည်။ သီဟသူစည်းစိမ် ၄၂၊ သက္ကရာဇ် (၆၄၆) ခြောက်ရာလေးဆယ့် ခြောက်ခု[၂] တွင် အနိစ္စရောက်၍ ညီတော်ကျစွာ မင်းပြုတော်မူသည်။ ကျစွာစည်းစိမ် ၃၉၊ သက္ကရာဇ် (၆၈၅) ခြောက်ရာရှစ်ဆယ့်ငါးခု[၃]တွင် အနိစ္စရောက်၍ သင်းတွဲ စောရန်နောင်ကို မင်းယ စကားခုနစ်ကျောင်း ဒါယကာ ပေး၍ မင်းပြုရသည်။ စောရန်နောင်စည်းစိမ် ၅၄၊ သက္ကရာဇ် (၇၃၉)ခုနစ်ရာ သုံးဆယ့်ကိုးခု[၄]တွင် အနိစ္စရောက်၍ ထိုမင်းနောင်တော် မြင်စိုင်း ရွှေနန်းရှင် သားတော် မင်းကြီး မျက်နှာရှည်ကို မင်းကြီးစွာစောကဲ ပေးတော်မူ၍ မင်းပြုရ၏။ မင်းကြီးမျက်နှာရှည် စည်းစိမ် ၁၁၊ သက္ကရာဇ် (၇၅၀) ခုနစ်ရာငါးဆယ်ပြည့်[၅]တွင် အနိစ္စရောက်၍ မင်းထီးလှိုင်ကို မင်းကြီးစွာစောကဲ ပေးတော်မူပြန်သည်။ မင်းထီးလှိုင် စည်းစိမ် ၅၊ သက္ကရာဇ် (၇၅၅) ခုနစ်ရာငါးဆယ့်ငါးခု[၆] တွင် အနိစ္စရောက်၍ မွန်လက်ျာပုံ့ချိုကြီးကို မင်းကြီးစွာစောကဲ ပေးတော်မူသည်။ လက်ျာပုံ့ချိုကြီး စည်းစိမ် ၂၂၊ သက္ကရာဇ် (၇၇၇) ခုနစ်ရာခုနစ်ဆယ့်ခုနစ်ခု[၇]တွင် အနိစ္စရောက်၍ စုက္ကတေးမင်းကို မင်းခေါင်ကြီး ပေးတော်မူသည်။ စုက္ကတေး စည်းစိမ် သုံးလ၊ သက္ကရာဇ် (၇၇၇) ခုနစ်ရာခုနစ်ဆယ့်ခုနစ်ခု[၇]တွင် မင်းခေါင် သားတော် ဒလဆုံး မင်းရဲကျော်စွာကို ခမည်းတော်မင်းခေါင်ကြီး ပေးတော်မူသည်။ မင်းရဲကျော်စွာ စည်းစိမ် ကိုးလ၊ သက္ကရာဇ် (၇၇၈) ခုနစ်ရာခုနစ်ဆယ့်ရှစ်ခု[၈]တွင် ခမည်းတော် မင်းခေါင် ခေါ်၍ အိမ်ရှေ့ပေးတော်မူပြန်လျှင်

---

ပြည်မင်းဆက် - ၁။ သီဟသူ (၁၂၄၂-၈၄) ၂။ ကျစွာ (၁၂၈၄- ၁၃၂၃) ၃။ သင်းတွဲ စောရန်နောင် (၁၃၂၃-၇၇) ၄။ မင်းကြီး မျက်နှာရှည် (၁၃၇၇-၈၈) ၅။ မင်းထီးလှိုင် (၁၃၈၈-၉၃) ၆။ မွန် လက်ျာပုံ့ချို (၁၃၉၃-၁၄၁၅) ၇။ စုက္ကတေး(၁၄၁၅) ၈။ မင်းရဲကျော်စွာ(၁၄၁၅) ၉။ သီဟသူ (၁၄၁၅-၁၄၁၉) ၁၀။ စောရွှေကက်(မင်းရဲကျော်စွာ) (၁၄၁၉-၂၅) ၁၁။ မင်းမဟာ(၁၄၂၅-၂၉) ၁၂။ သီဟသူ(ထုပါရုံဒါယကာ)(၁၄၂၉-၄၂) ၁၃။ မင်းရဲကျော်စွာ (၁၄၄၂- ၄၅) ၁၄။ ဆင်များရှင် မင်းကြီးစွာ(၁၄၄၅-၈၂) ၁၅။ သတိုးမင်းစော(၁၄၈၂-၁၅၂၆) ၁၆။ ဘုရင်ထွေး(၁၅၂၆-၃၂) ၁၇။ နရပတိ(၁၅၃၂-၃၈) ၁၈။ မင်းခေါင် ခ ရှင်သရက်(၁၅၃၈-၄၂) ၁၉။ သတိုးဓမ္မရာဇာ(တပင်ရွှေထီး အထိန်းတော် သား)(၁၅၄၂-) တပင်ရွှေထီးက ၁၈ ခမ ၁၅၄၂ တွင် ပြည်မြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။

၁။ အေဒီ ၁၂၄၂ ၂။ အေဒီ ၁၂၈၄ ၃။ အေဒီ ၁၃၂၃ ၄။ အေဒီ ၁၃၇၇ ၅။ အေဒီ ၁၃၈၈ ၆။ အေဒီ ၁၃၉၃ ၇။ အေဒီ ၁၄၁၅ ၈။ အေဒီ ၁၄၁၆

မင်းရဲကျော်စွာ ညီတော် သီဟသူကို ခမည်းတော် ဘုရင်မင်းခေါင် ပေးတော်မူပြန်သည်။ သီဟသူ စည်းစိမ် သုံးနှစ်၊ သက္ကရာဇ် (၇၈၁) ခုနှစ်ရာရှစ်ဆယ့်တစ်ခု[၁]တွင် ခမည်းတော် ဘုရင်မင်းခေါင် ခေါ်တော်မူ၍ မောင်တော် မရှိလျှင် အိမ်ရှေ့ပေးတော်မူသည်။ ထိုသက္ကရာဇ်တွင်ပင် စောရွှေကက်ကို မင်းရဲကျော်စွာ ဟူသော အမည်နှင့် ပေးတော်မူသည်။ စောရွှေကက် မင်းရဲကျော်စွာခံ စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် (၇၈၇) ခုနှစ်ရာရှစ်ဆယ့်ခုနစ်ခု[၂]တွင် အနိစ္စရောက်၍ မင်းမဟာကို အောင်ပင်လယ်ဆုံး သီဟသူ ပြည်မြို့ကို ပေးတော်မူသည်။ မင်းမဟာ စည်းစိမ် လေး၊ သက္ကရာဇ် (၇၉၁) ခုနှစ်ရာကိုးဆယ့်တစ်ခု[၃]တွင် မင်းမဟာကို ကျောင်းကို ပေး၍ ထုပါရုံ ဒါယကာ သီဟသူကို ခမည်းတော် မိုးညှင်းမင်းတရား ပေးတော်မူသည်။ သီဟသူ စည်းစိမ် ၁၃ နှစ်၊ သက္ကရာဇ် (၈၀၄) ရှစ်ရာလေးခု[၄]တွင် အဝရွှေနန်းကို တက်တော်မူသည်။ သီဟသူ အဝရွှေနန်းကို တက်တော်မှလျှင် ယောက်ဖတော် မင်းရဲကျော်စွာကို ပြည်မြို့ကို ပေးတော်မူပြန်သည်။ မင်းရဲကျော်စွာ စည်းစိမ် သုံး၊ သက္ကရာဇ် (၈၀၇) ရှစ်ရာခုနစ်ခု[၅]တွင် မင်းရဲကျော်စွာကို သာယာဝတီကို ပေးပြန်၍ သားတော် ဆင်များရှင် မင်းကြီးစွာ ခံကို ပေးတော်မူပြန်သည်။

မင်းဆင်များတွင် နိုင်ငံခြား၍ မင်းပြုတော်မူသည်။ မင်းဆင်များ ၃၇ နှစ်၊ သက္ကရာဇ် (၈၄၄) ရှစ်ရာလေးဆယ့်လေးခု[၆]တွင် အနိစ္စရောက်တော်မူ၍ ညီတော် ဆင်ဖြူရှင် သတိုးမင်းစော သာယာဝတီက လာ၍ မရီးတော်ကို မိဖုရားမြှောက်၍ မင်းပြုတော်မူသည်။ ဆင်ဖြူရှင် သတိုးမင်းစော စည်းစိမ် ၄၄၊ သက္ကရာဇ် (၈၈၈) ရှစ်ရာရှစ်ဆယ့်ရှစ်ခု[၇]တွင် အနိစ္စရောက်တော်မူ၍ သားတော် ဘုရင်ထွေး မင်းပြုတော်မူသည်။ ဘုရင်ထွေး စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် (၈၉၄) ရှစ်ရာကိုးဆယ့်လေးခု[၈]တွင် အနိစ္စရောက်တော်မူ၍ သားတော် နရပတိ မင်းပြုတော်မူသည်။ နရပတိ စည်းစိမ် ခြောက်နှစ်၊ သက္ကရာဇ် (၉၀၀) ကိုးရာပြည့်[၉]တွင် အနိစ္စရောက်တော်မူ၍ ညီတော် မင်းခေါင်ခံ ရှင်သရက် မင်းပြုတော်မူသည်။ ညီတော် မင်းခေါင်ခံ ရှင်သရက် စည်းစိမ် လေးနှစ်၊ သက္ကရာဇ် (၉၀၄) ကိုးရာလေးခု[၁၀]တွင် နန်းကျသည်။ ထိုသို့ ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံသော မင်းတို့၏ နေရာဖြစ်သော သရေခေတ္တရာ ပြည်ကြီးကို ဘုရင် မင်းတရားရွှေထီး လုပ်ကြီးတော်မူ၍ အလိုတော်ပြည့်သည်။

### ၁၈၆။ အုန်းပေါင်နံ့မှိုင်း နန်းတက်ခြင်း အကြောင်း

အဝမှာလည်း **ထိုသက္ကရာဇ်**[၁၁]တွင် သိုဟန်ဘွားကို မင်းကြီးရန်မှောင် လုပ်ကြ၍ အုန်းပေါင် နံ့မှိုင်းကြီးသား နံ့မှိုင်းငယ်*ကို နန်းတင်လေသည်။ အဝဘုရင် နံ့မှိုင်း ညီ အုန်းပေါင်စော်ဘွား၊ မိုးမိတ်စော်ဘွား၊ မိုးကောင်းစော်ဘွားတို့လည်း ဤသို့ တိုင်ပင်ကြကုန်၏။ ငါတို့ ပြည်မြို့ကို စစ်ကူသောခါ ဗန်းမော်စော်ဘွား၊ ညောင်ရွှေစော်ဘွားတို့ကို မင့်ဘဲ အလျင်အသော ချီချေသောကြောင့် အနာအကျင် ပျက်စီးရလေသည်။ ရေကြောင်းမှာလည်း ငါတို့က တိုက်လှေ၊ လှေငယ်၊ တက်ငယ်သာ ဖြစ်ချေသည်။ သူက ဖလားကပင်း တိုက်လှေကြီး များချေသောကြောင့် ငါတို့ မတိုးဝှေ့နိုင် ရှိချေသည်။

သို့ဖြစ်သောကြောင့် စော်ဘွား ခုနစ်ပါးလုံး စု၍ ဖလားကပင်း ကထွှူလွှန်းကြင် အဝမှာ

---

၁။ အေဒီ ၁၄၁၉ ၂။ အေဒီ ၁၄၂၅ ၃။ အေဒီ ၁၄၂၉ ၄။ အေဒီ ၁၄၄၂ ၅။ အေဒီ ၁၄၄၅ ၆။ အေဒီ ၁၄၈၂ ၇။ အေဒီ ၁၅၂၆ ၈။ အေဒီ ၁၅၃၂ ၉။ အေဒီ ၁၅၃၈ ၁၀။ အေဒီ ၁၅၄၂ ၁၁။ အေဒီ ၁၅၄၂ * အုန်းပေါင်နံ့မှိုင်း (၁၅၄၂-၁၅၄၅)

လုပ်မည်။ ပြီးလျှင် ဗလောကပင်း တစ်ထောင်ကျော်တွင် သူရဲသူခက်တို့ကို စီးစေ၍ ချိန်မည်။ ကုန်လှေငါးရာတွင်လည်း မျိုးရိက္ခာ တင်၍ ယူဆောင်မည်။ ကြည်းကြောင်းမှာလည်း စော်ဘွား ခုနစ်ပါးတွင် ရှိသည် ဆင်လုံး မြင်းရင်းနှင့်တကွ ချီမည်။ ငါတို့ ရဲမက်ကို သူတို့ ရဲမက်ခိုလ်ပါ ကူနိုင်မည်လော။ ယင်းသို့ စီရင်၍ ပြည်မြို့ကို အလျှင် လုပ်ကြမည်။ ရလျှင် ပြည်မြို့တွင် အခိုင်အလုံ နေစေ၍ တောင်ငူသို့ ချီ၍ လုပ်ကြမည်။ တောင်ငူကို ရလျှင် ရေကြောင်း၊ ကြည်း ကြောင်း ဟံသာဝတီသို့ ချီ၍ လုပ်ကြမည်။ မင်းတရားရွှေထီး ငါတို့လက်က လွတ်နိုင်မည်လော ဟူ၍ တိုင်ပင်ကြပြီးလျှင် စော်ဘွား ၇ ခုနစ်ပါး အဝသို့ ဆင်း၍ လှေတက် အများ လုပ်ကြသည်။ ပြီးလျှင် မိုးကောင်းစော်ဘွား၊ မိုးမိတ်စော်ဘွား၊ သည်စော်ဘွားနှစ်ဦးမှာ တိုက်လှေကြီး ဗလော ကပင်း သုံးရာ၊ လှော်ကားကြေးလှေ သုံးရာ၊ ကုန်လှေ ငါးရာ၊ ဗိုလ်ပါ **တစ်သိန်းနှစ်သောင်း**[၁]ခန့် ရေကြောင်း ချီရသည်။ အုန်းပေါင်စော်ဘွားနှင့် စော်ဘွားငါးဦးမှုကား ကြည်းကြောင်း တိုက်ဆင် တစ်ထောင့်နှစ်ရာ၊ မြင်း တစ်သောင်း၊ စစ်သည်သူရဲ တစ်သိန်းခြောက်သောင်းနှင့် ရေအား၊ ကြည်းအား သက္ကရာဇ် **(၉၀၅) ကိုးရာငါးခု နတ်တော်လဆန်း ၁၂ ရက်[၂]နေ့*** အဝက ပြည်မြို့သို့ ချီတော်မူသည်။

### ၁၈၇။ ပြည်မြို့တွင် စော်ဘွားခုနစ်ဦးတို့ ရံလာ၍ မင်းတရားရွှေထီး တိုက်ပုံ

စော်ဘွား ခုနစ်ပါး ရေအား၊ ကြည်းအား ဆင်လုံး မြင်းရင်း အများနှင့် ချီလာကြောင်းကို ပြည်စား သတိုးဓမ္မရာဇာက ဘဝရှင် မင်းတရားရွှေထီးသို့ လျှောက်လှာရ၏။ မင်းတရားရွှေထီး လည်း ပြည်မြို့နှင့် နီးသော တရုတ်မော်၊ ကူထွတ်[၃]၊ ဟင်းသာတ၊ ခနုဖြူ၊ လိုင်၊ မော်ပီ၊ သာယာဝတီ၊ သည်မြို့များကိုသာ သူရဲသူခက်နှင့်တကွ အမြောက်သေနတ် (စိန်)ပြောင်း မြတာပူ တို့ကို ယူစေ၍ ပြည်မြို့တွင်းက ပြည်စားနှင့်အတူ ခံ၍ နေရ၏။ ဝိက္ခာမျိုးစေ့လည်း အတွင်းသို့ သွင်း၍ နေရ၏။

စော်ဘွား ခုနစ်ပါးတို့သည် မြို့သို့ ရောက်လျှင် ရေအား၊ ကြည်းအား မြို့ကို တက်သည်။ မြို့ထိပ်က အမြောက် သေနတ် စိန်ပြောင်း မြတာပူနှင့် လွှတ်လျှင် လူလူ ဆင်မြင်း အသေအပျောက် များလေ၏။

ရေတပ်မှာလည်း မြို့ထိပ်က စိန်ပြောင်း မြတာပူနှင့် လွှတ်လျှင် ကွဲလေ၊ နစ်လေ၏။ ဤသို့ အကြိမ်အဖန် များစွာ လုပ်ကြသော်လည်း မရနိုင်။ အထိအပါး အသေအပျောက် များလျှင် မြို့က ခွာ၍ ရေတပ် ကြည်းတပ် ဝန်းရံ၍ နေလေ၏။

ဘဝရှင်မင်းတရားရွှေထီးလည်း စော်ဘွားတို့ ရေတပ်၊ ကြည်းတပ် ဝန်းရံသည်၊ များလှသည် ကြားလျှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ စသော မှူးတော်မတ်တော် ဒေါ်ပညာ အပေါင်း တို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်။

### ၁၈၈။ မင်းတရားရှေ့ မှူးမတ်တို့ အရေးလျှောက်ဆိုပုံ

ယင်းသောအခါ မုတ္တမကို စားသော (ဆော)လကွန်းအိန် လျှောက်သည်ကား– ရှေးအထက် က ပြည်မြို့ကို ရံသောခါ အုန်းပေါင်စော်ဘွားတို့ အရံပြုတ်မည် ဟူ၍ လာသည်။ သူအမှု

---

[၁]။ တစ်သောင်းနှစ်ထောင်(မှန်နန်း–၂၀၇) [၂]။ ၇ နိုဝင်ဘာ ၁၅၄၃ * သက္ကရာဇ် ၉၀၅ နတ်တော်လဆန်း ၅ ရက် (၃၁ အောက်တိုဘာ ၁၅၄၃) [တွင်းသင်း(၃)–၄၃] [၃]။ ကူလွတ်– ယခု မြန်အောင်မြို့။

ဆင်ငယ်၊ မြင်းငယ်နှင့်သာ ချီလာသည်။ ကျွန်တော်တို့မှာ

ဖြစ်၍ စစ်ဟစားသကဲ့သို့ အမှတ်မဲ့ ဆင်ငယ်၊ မြင်းငယ်နှင့်သာ ချီလာသည်။ ကျွန်တော်တို့မှာကား စစ်သည်ဗိုလ်ပါ စည်းစုံးလာသည်။ ဆင်ကြီး၊ မြင်းကြီး၊ လက်နက် ကိရိယာလည်း ထူထပ်လှသည်။ သို့သောကြောင့် အောင်မြင်တော်မူရွေသည်။ ယခုမူကား စော်ဘွားခုနစ်ပါး တစ်ချက်တည်း ဖြစ်၍ ဆင် မြင်း ဗိုလ်ပါလည်း များလှသည်။ ရေကြောင်းမှာလည်း လှေတက် များလှသည် ဟူ၍ ပြည်က ရောက်လာသူတို့ ဆိုသည်။ ယခု ချီတော်မူလျှင် ကြည်းကြောင်း ချီတော်မူကြည်းတပ် အားကြီးမည်။ ရှေးက ချီတော်မူသကဲ့သို့ ရေကြောင်းချီတော်မူလျှင် ရေတပ်သာ အားရှိ၍ ကြည်းတပ် အားရှိချိမ့်မည် မဟုတ်။ ရေကြောင်း သူ့ကို အောင်မြင်သော်လည်း ကြည်းကြောင်း ပျက်ချိမ့်မည် မဟုတ်။ ကြည်းကြောင်း ပျက်သော်ကား ရေကြောင်းသားတို့ ကြည်းကြောင်း ... နားတော်လျှောက်လေ၏။

နေနိုင်မည် မဟုတ်၊ ပျက်လိမ့်မည် ဟူ၍ နားတော်လျှောက်လေ၏။

စောလကွန်းအိန် လျှောက်သော စကားကို ဘုရင့်နောင်ကျော်ထင်နော်ရထာ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်၏။ စောလကွန်းအိန် လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် ဘုန်းတော်ကြီးလှသော ဘုရားကိုယ်တော် ကြည်းကြောင်း ချီမှ သင့်မည် လျှောက်ရာမှာ ဘဝရှင်မင်းတရား ကြည်းကြောင်းချီတော်မူလျှင် ကျွန်တော်တို့ အလုပ် အကြံ များချိမ့်မည်။ ဘယ့်ကြောင့် သည်စကားကို လျှောက်သနည်းဟူမူကား ရှေးအထက်က ပြည်မြို့ကို ရတော်မူသောခါ အုန်းပေါင်စော်ဘွားတို့ အရုံဖြုတ်မည် လာသည်။ စော်ဘွား ခုနစ်ယောက် အရောက် မညီသည်နှင့် အုန်းပေါင်စော်ဘွားတို့တွင် ဗိုလ်ပါလည်း နည်းသည်။ ဆင်၊ မြင်းလည်း ငယ်သည်။ သူ့အမှုဖြစ်၍ ကြီးကြီးပမ်းပမ်း(လည်း) မရှိ။ သို့သောကြောင့် ကျွန်တော်တို့ တိုက်လျှင် ပျက်လေသည်။ ထိုသို့ ပျက်လေသည်ကို လက်စားချေရအောင် စိတ်က အားသန်၍ စော်ဘွားခုနစ်ယောက် အားထုတ်၍ ချီလာသည်။ ယခု ရေကြောင်း၊ ကြည်းကြောင်း ချီလာသည်လည်း ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ ရေအား ကြည်းအား များလှသည် ဟူ၍ ကြားသည်။ သို့ဖြစ်သောကြောင့် ကျွန်တော်တို့ လုပ်ကြံသာအောင် ဘုန်းကြီးလှသော ဘဝရှင်မင်းတရားကိုယ်တော် ရေကြောင်းချီစိမ့်မည်။ ပုသိမ် ၃၂ မြို့၊ မုတ္တမ ၃၂ မြို့၊ ဟံသာဝတီ ၃၂ မြို့တွင် ရှိသော သူရဲသူခက်ကောင်းတို့ကို ကြည်းကြောင်း သူကို နိုင်လောက်အောင် စီရင်၍ ချီမည်။ ရှမ်းတို့ လက်ရည်ကိုလည်း ကျွန်တော်တို့ သိရပြီ။ ကျွန်တော်တို့ လက်ရည်ကိုလည်း ရှမ်းတို့ သိလေပြီးသည်။ ကြည်းကြောင်း ရှမ်းတို့ ပျက်လျှင် ရေကြောင်းသာ ခံ၍ နေနိုင်မည်လော။ တစ်ကြောင်းမှာလည်း တောင်ငူမြို့ကို လုံခြုံအောင် ဆင်၊ မြင်း၊ သူရဲသူခက် လောင်း၍ ထားစိမ့်မည်။ တောင်ငူကြောင်းတစ်သွယ် ချီလမည်ကိုလည်း မသိနိုင် ဖြစ်သည် ဟူ၍ နားတော်လျှောက်သည်။

ဘုရင့်နောင်တော် လျှောက်သော စကားကို မြှောင်းမြစား သမိန်ဖရူး ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ “ဘုန်းတော်ကြီးလှသောဘုရား…ဘုရင့်နောင်တော် လျှောက်သော အရေးသည် အလွန် သင့်လှပေသည်။ ရှေးသောအခါ ရာဇာဓိရာဇ် ပြည်မြို့ကို ဝန်းရံလေလျှင် ဘုရင်မင်းခေါင် အရံ ဖြုတ်မည် ဟူ၍ ချီတော်မူလာသည်။ ရာဇာဓိရာဇ်လည်း အနောက်ကို ကူး၍ နေပြီးလျှင် အဝက ရိက္ခာပို့လာသမျှ ရေတပ်ကို ရာဇာဓိရာဇ်က တိုက်လှေ အများ ဆီး၍ တိုက်ရသည်။ ယင်းသို့လျှင် ဘုရင်မင်းခေါင် ရဲမက်ဗိုလ်ပါတို့ ငတ်၍ အရေးတောင်းလှာ လျှင် မင်းနှစ်ပါး အရေးတော်ပြီးကြသည်။ ထိုအရေးကဲ့သို့ ယခုအရေးမှာလည်း သင့်မြတ်အောင် စီရင်မည်” ဟူ၍ နားတော်လျှောက်၏။

## ၁၈၉။ ပြည်မြို့သို့ ဟံသာဝတီက ချီတက်ပုံ

ဘုရင်မင်းတရားရွှေထီးသည် နောင်တော် ကျော်ထင်နော်ရထာကို အလျှင်စီရင် ဟူ၍ အမိန့်တော်ရှိသည်။ ဘုရင်နောင်လည်း မွန်သုံးရပ် အရောက်ညီလျှင် ရေတပ်၊ ကြည်းတပ် ချီမည်ကို စီရင်တော်မူသည်။ ရေတပ်မှာ သမိန်ဗြပိုက် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သမိန်ရဲသင်ရဲ တစ်တပ်၊ ဘုရင်မင်းတရားရွှေထီးမှာ ဘုံတစ်ဆယ့်တစ်ဆင့် ရှိသော ရွှေဖောင်တော်ကို စီးတော်မူ၍ ရွှေလှော်ကား ရှစ်စင်း ငင်ရသည်။ ရွှေလှော်ကား ၃၂ စင်းတွင် ဓါပြာသာဒ် ဓါပလ္လာ စသော မင်းဆောင် မင်းယောင်၊ မင်းခမ်း မင်းနား တင်၍ လက်ဝဲ လက်ယာ ရှေ့နောက် လိုက်ရသည်။ ဝင်းမှူးလေးဦးတို့ကိုလည်း မိမိကိုယ်ရသည့် လှော်ကား လှေမှတ်နှင့် လက်ဝဲ လက်ယာ ရှေ့နောက်လိုက်ရသည်။ ဖလားကပင်း၊ ကုလ္လပ်[၁]၊ သမ္ဗန်[၂]၊ တိုက်လှေများတွင် သူရဲပြေး လုပ်စေပြီးလျှင် ရွှေဒိုင်းလွှား၊ ရွှေလုံ့ စိုက်စေ၍ သူရဲသူခက်ကောင်းတို့ကို မျှင်းနက် မောက်တိုနီ၊ မျှင်းနီ မောက်တိုနက် ဝတ်စေ၍ လိုက်ရသည်။ ကုလားပန်းသေးတို့ကိုလည်း အထူးထူးသော ဦးရစ်၊ဘောင်းဘီတို့ဖြင့် တန်ဆာဆင်ယင် ဝတ်စားစေ၍၊ စိန်ပြောင်း မြတပူ ခွဲစေ၍ လိုက်ရသည်။ တပ်တော်တွင် နန္ဒသကြီးကို တပ်မှူး၊ ဘယနန္ဒသူကို စစ်ကဲခန့်တော်မူသည်။ နောက်တော်က ချီရသည့် တပ်စဉ်ကား– သီရိဇေယျကျော်ထင် တစ်တပ်၊ သမိန်နိပ်ပွန် တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ နန္ဒကျော်သူ တစ်တပ်၊ မဟာကြီး တစ်တပ်၊ သည်ခြောက်တပ်[၃]ကို နောက်တော်က ချီရသည်။ တပ်တော်နှင့်တကွ တပ်ပေါင်း ၁၂ တပ်တွင်ပါသည့် စလာကပင်း ကတ္တုလ္လွန်းကြင် ရှစ်ရာ၊ လှော်ကား သံလှေ သုံးရာ၊ ရိက္ခာတင် ကုန်လှေ ငါးရာ၊ စစ်သည်သူရဲ ကိုးသောင်း[၄]နှင့် စည်ကြီး၊ လင်းကွင်း စသော တံမောင်း ခရာ တီးမှုတ်လျက် မြစ်လုံး ပုံတင်ထပ်မျှ စံပယ်စွာ ချီတော်မူသည်။

ကြည်းတပ်မှာ လကျာ်ရဲတိုင်း မြင်း တစ်တပ်၊ တုရင်ကျော်သူ မြင်း တစ်တပ်၊ လကျာ်ယော်ဓာ မြင်းတစ်တပ်၊ ရာဇတမန် မြင်းတစ်တပ်၊ သည်မြင်းလေးတပ်ကို ရှေ့ချီရသည်။ နောက် သမိန်ဖရူး တစ်တပ်၊ စောလကွန်းအိမ် တစ်တပ်၊ ရာဇသကြီး တစ်တပ်၊ နေမျိုးကျော်ထင် တစ်တပ်၊ စတုကာမဏိ တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ ဗညားကျန်း တစ်တပ်၊ သည်နောက်မှ ဘုရင်နောင်ကျော်ထင်နော်ရထာ တပ်မပြု၍ ချီတော်မူသည်။ မြင်းတပ်၊ လေးတပ်နှင့်တကွ တပ်ပေါင်း ၁၄ တပ်တွင် ပါသည့် တိုက်ဆင် ရှစ်ရာ၊ မြင်း နှစ်ထောင်[၅]၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် သာယာဝတီကြောင်း ချီတော်မူသည်။ သာယာဝတီသို့ ရောက်တော်မူလျှင် ကြည်းရောက်၍ နေတော်မူသည်။

## ၁၉၀။ ဘုရင့်နောင်ကျော်ထင်နော်ရထာ အစီအမံကောင်း၍ စော်ဘွားခုနစ်ဦး စစ်ပျက်ပုံ

အုန်းပေါင်စော်ဘွားတို့လည်း မင်းတရားရွှေထီး ရေကြောင်း၊ ကြည်းကြောင်း ချီလာသည်။ ဟူ၍ ကြားလျှင် စစ်နှစ်ဖက် ညှပ်ရှိမည်ကို ရည်၍ ပြည်မြို့ကို ရံ စစ်အင်အား များလှသည်။ ကြည်းတပ်ကို ဖြတ်၍ ပြည်မြို့မြောက် တစ်တိုင်ကျော်အရပ်တွင် တပ်နိုင်တပ်လုံ သော ရေတပ်၊ ကြည်းတပ်ကို

၁။ မွန်တို့ အခေါ် ဖြစ်သည်။ ပန်းကန်လုံး ပုံသဏ္ဌာန်ရှိပြီး ဦးက အနိမ့်၊ ပုံက အမြင့် ပြုလုပ်ထားသော လှေဖြစ်သည်။
၂။ မှင်ပြာချင်း ရုံးရဲ့သပ်နက်၍ စပ်ကာ ပြုလုပ်ထားသောလှေ ဖြစ်သည်။
၃။ ဘယသကြီး တစ်တပ် ထည့်ပြီး ခုနစ်တပ် ပြသည်။(မှန်နန်း–၂၁၉)
၄။ တစ်သိန်းခြောက်သောင်း[တွင်းသင်း–(၃)–၄၅]
၅။ ခြောက်သောင်း[–ထို–]

တည်၍ ကြည်းတပ်၊ ရေတပ် ဖက်၍ နေ၏။ မင်းတရားရွှေထီးလည်း နောင်တော် ကျော်ထင်နော်ရထာကို အရေးတော်ပြီးအောင် စီရင် ဟူ၍ အမိန့်တော်ရှိသည်။ ဘုရင်နောင်လည်း တိုက်လှေကြီး စလောကပင်၊ အစင်းလေးဆယ်[1]တွင် အမြောက်ကြီး မြတပူကို တင်စေ၍ ရဲမက်တော်လေးထောင်တို့ကို အညာသို့ အနောက်ဘက်ကြောင်း ချီရလေ၏။ စော်ဘွားတို့ လှေတပ်က မြင်လျှင် တိုက်လှေများနှင့် အပြင်းခတ်၍ ကူးလာ၏။ မင်းတရားရွှေထီး စစ်သည်တော်တို့လည်း ရှမ်းတို့က ကူး၍ တိုက်လာသည်ကို အမြောက်ကြီး မြတပူနှင့် ပစ်လျှင် ရှမ်းတို့ လှေငယ်သာဖြစ်၍ ကွဲလေ နစ်လေ၏။ ရှမ်းတို့လှေတပ် ပျက်လျှင် ရဲမက်တော်တို့ လှေတပ် အညာသို့ ဆန့်၍ မြေထဲ[2]၊ သရက်က အနိုင်အလုံ နေလေ၏။ ရှမ်းတို့က မျိုးရိက္ခာ ပို့လာသမျှကို ဆီးဆို့၍ တိုက်လေ၏။ တစ်လခန့် ရှိလျှင် အညာက ရိက္ခာ မရောက်နိုင်၍ ရှမ်းစစ်သည်တို့ ငတ်မွတ်လေ၏။ ယင်းသို့ ငတ်မွတ်၍ ပြည်ကျေးစွန်ရွာလက်တွင် ရိက္ခာရှာသော်လည်း ရဲမက်တော်တို့ အထောက်ထောက် ဆီး၍ တိုက်လျှင် အဝေးသို့ ခွာ၍ မရှာစားဝံ့။ ယင်းသို့လျှင် မနေနိုင်၍ တပ်ကို နှုတ်၍ ခွာလေ၏။

ရှမ်းတို့ ခွာလေကြောင်းကို သိတော်မူလျှင် တပ်မှူးစစ်ကဲ ဆင်သည်မြင်းသည် အပေါင်းတို့ကို စစ်မျက်နှာပြိန့်၍ လိုက်ရလေ၏။ ဘုရင်နောင်ကျော်ထင်နော်ရထာလည်း ဓမ္မဒီသာ ဟုသော ဆင်ကို ရွှေကြိုးရွှေကနှင့် စီးတော်မူ၍ ဆင်ခြေဖုံး သူရဲလွှားကိုင် သုံးထောင်၊ ဆင်ကူ အစီး ၃၀ နှင့် ရှမ်းတို့ကို အမီ လိုက်တော်မူသည်။ ရှမ်းတို့လည်း ခံယောင်ပြု၍ နေလေ၏။ ဘုရင်နောင်ကျော်ထင်နော်ရထာလည်း ရှမ်းတို့ကို မီလျှင် ဆင်ကူအစီး ၃၀ နှင့် ဆင်ချွန်းဖွင့်ကာ လွှတ်ကြလေ၏။ ယင်းသို့လျှင် ရှမ်းတို့ စစ်သည် လေးစုကွဲ၍ ပျက်လေ၏။ ဆင် မြင်း သုံ့ပန်း ရတော်မူသည် များ၏။ သေလေသည်လည်း များ၏။

မင်းတရားရွှေထီးလည်း ရေကြောင်း ထပ်၍ လိုက်တော်မူသည်။ စလင်းမြို့ကို စားသော စည်သူကျော်ထင်လည်း စလင်းသို့ မကူးနိုင်၍ ရှမ်းတို့နှင့်အတူ အဝသို့ ပါလေ၏။ ပုဂံမြို့ကို စားသော သတိုးလည်း သားမယားကို ယူ၍ အဝသို့ ပေါင်းလေ၏။ အဝသို့ ရောက်လျှင် ဘုရင်ခံမှိုင်းက ရေနံ့သာကို ပေး၍ စားရလေ၏။ မင်းတရားရွှေထီးလည်း စလင်းဆိပ်သို့ ရောက်တော်မူလျှင် စလင်းသို့ တက်တော်မူ၍ စံတော်မူသည်။ ထိုမြို့တွင်းက ရွှေတန်းဆာဘုရားရှင် ရင်ပြင်တော်တွင် ပတ်ဆိုင်း တင်၍ တီးရသည်။ အသံကို ကြားတော်မူလျှင် ဘယ်အသံနည်း ဟူ၍ မေးတော်မူသည်ကို ပတ်ဆိုင်းတီးသည် အသံ ဟူ၍ လျှောက်လျှင် စလင်းမြို့ကို အောင်တော်မူလျှင် သည်ပတ်ဆိုင်းတီးသသူတို့ကို လက်ခြေ မလွှန်စေနှင့် ဟူ၍ မိန့်တော်မူသည်။ ယင်းသောအခါ စလင်းမြို့တွင်းက စည်သူကျော်ထင်သား မင်းကြီးရဲတိုင် ကျုံ၊ မြောင်း၊ ကတုတ်၊ ရင်တား၊ နိုင်ခံအောင် စီရင်၍ ခံလေသောကြောင့် အလျှင် အလိုတော် မပြည့်ချေ။ သုံးရက်ရှိမှ ရဲမက်တော်တို့ အပစ်အခတ် ခံ၍ မြို့ရင်းသို့ ချဉ်းပြီးလျှင် မြို့ကို တူးဖြိုး၍ မြို့ပြိုရာက ရဲမက်တော်တို့ ဝင်မိ၍ စလင်းမိဖုရားနှင့်တကွ အထက်သား မင်းကြီးရဲတိုင်တို့ တစ်မြို့လုံးကို ရတော်မူ၏။ စလင်းမြို့ကို ရတော်မူလျှင် ထုတ်ယူကောင်းသူ သူကောင်းစိုးမင်းနှင့် ဆင်ကောင်း မြင်းကောင်းကို ထုတ်ယူတော်မူ၍ အထိန်းတော်၊ အထက်က သာယာဝတီကို လုပ်ကြံတော်မူသောအခါ ဟိုင်လောဟိတ်ဘက်[3]ကို နာရွှပ်ကသည် အာသိုပြုအောင် ထိုးသော ငယ်မည် ရှင်သီဟ၊

---

၁။ လေးရာ [တွင်းသင်း(၃)-၄၅] ၂။ ယခု အောင်လံမြို့ ၃။ ဟိုင်းလောဟိတ်တင်က (မှန်နန်း-၂၂၁)၊ ဟိုင်းဆာင်လောဟိတ်ဘက် [တွင်းသင်း(၃)-၄၆]

နောက် စည်သူကျော်ထင် အမည်ခံသော မင်းကို အလုံးအရင်းနှင့်တကွ စလင်းမြို့ကို ပေးတော်မူသည်။[၁]

စလင်းမြို့ကို အလိုတော်ပြည့်လျှင် စလင်းက ဖောင်တော်သို့ ဆင်း၍ စလေ၊ ပုခန်းငယ်၊ ရွာသာ၊ ပုဂံ တိုင်အောင် ဆန်တော်မူ၍ လုပ်ကြံတော်မူသည်။ မြို့စားအပေါင်းတို့လည်း မခံဝံ့၍ အဝသို့ချည်း ပေါင်းလေ၏။ အရေးတော်ပြီးလျှင် ပုဂံမြို့ကို တောင်ငူစုဗ္ဗတေးကို အလုံးအရင်းနှင့် ပေးတော်မူသည်။ သေရောက်၊ တရုပ်မြင်းတိုင်ကို စုဗ္ဗတေးတူ ရာဇတမန်ကို ပေးတော်မူသည်။ စလေ၊ ပုခန်းငယ်၊ စဉ့်ကူ၊ ရွာသာ၊ ကျောက်ပန်းတောင်း၊ သည် ငါးရိုင်ကို ဘယကျော်သူကို အလုံးအရင်းနှင့် ပေးတော်မူသည်။ စကုမြို့ကို လက်ဝဲယော်ဓာ၊ လယ်ကိုင်းမြို့ကို ရာဇသူရ၊ လှေမြို့ကို ရာဇသင်္ကြံ၊ ဖြင်တမြို့ကို သရေစည်သူ၊ မကွေးမြို့ကို သရေဗျူဟာ၊ မြင်ကွန်းမြို့ကို မေယျထီးလိုင်၊ တောင်တွင်းမြို့ကို နားတောင်းများ၊ မင်တုံး၊ တိုင်းတာ၊ မြို့သစ်၊ မင်းတပ်၊ ရဲလှ၊သည် ငါးရိုင်ကို မုတ္တမ စားသော (စော)ဗညားကို ဆင်စီးချင်းနိုင်သော မင်းကျော်ထင်ကို အလုံးအရင်းနှင့်ချည်း ပေးတော်မူသည်။ ထိုမှတစ်ပါး ကျွန်တော်ခံလာသော မြို့စားအပေါင်းတို့ကိုလည်း သစ္စာတော်ခံစေပြီးလျှင် ဆုလာဘ်ပေးတော်မူ၍ မိမိတို့ ကျေးစည်းစိမ်ကိုပင် ပေးတော်မူပြန်သည်။ ဧရာဝတီအရှေ့ဘက်၊ အနောက်ဘက်တွင် ရှိသော ကျေးရွာ မြို့ပြ အပေါင်းတို့ကို ခန့်ထားစီရင်တော်မူ၍ ကင်းတို၊ ကင်းရှည် ထားပြီးမှ သက္ကရာဇ် (၉၀၆) ကိုးရာ့ခြောက်ခုဝါခေါင်လ[၂] ရေအား၊ ကြည်းအား ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူသည်။

## ၁၉၁။ သာသနာပိုင် ခန့်အပ် ပြုစုတော်မူကြောင်း

ထိုသက္ကရာဇ် (၉၀၆) ကိုးရာ့ခြောက်ခု နတ်တော်လ[၃] ရွှေနန်းတော်ရင်ပြင်တော်တွင် ရွှေလွှတ်တော် ဆောက်တော်မူသည်။ ထိုသက္ကရာဇ် နတ်တော်လတွင်ပင် ရွှေဘုရားထားသော ပြာသာဒ် နန်းတွင်းတွင် ဆောက်ရသည်။ ဟံသာဝတီ အနောက်ဘက် မွန်ကျောင်း အရပ်ကို ကျောင်းရံ ၇၀–နှင့်တကွ ဆောက်တော်မူ၍ မွန်ဆရာတော်ကို မဟာသဃ်ရာဇာ ဟူသော တံဆိပ်နှင့် လှူတော်မူသည်။ သာသနာပိုင်လည်း ထည့်တော်မူသည်။ အရညဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ်တို့ကိုလည်း ပင့်တော်မူ၍ ပရိက္ခရာရှစ်ပါးနှင့်တကွ များစွာသော ဝတ္ထုတို့ကို လှူတော်မူသည်။ ထိုသက္ကရာဇ် (၉၀၆) ကိုးရာ့ခြောက်ခု[၄]တွင်ပင် ဆင်မြို့အရပ်၌ ဘုရားစေတီ တည်တော်မူ၍ တံတိုင်းလေးမျက်နှာတွင်လည်း ရွှေကျောင်းလေးကျောင်း အရံနှင့်တကွ ဆောက်တော်မူသည်။ သက်တော်စေ့ပွဲ ၂၈–ပါးလည်း ခံတော်မူသည်။ ထိုသက္ကရာဇ်တွင်ပင် မြောင်းမြစား သမိန်ဖရူး လွန်၍ မွန်တို့ ဆံရိတ်ကုန်သည်။

## ၁၉၂။ စလင်း၌ လုလင်ကျော်မှုး ပုန်ကန်ခြင်း

ထိုသက္ကရာဇ်[၄]တွင်ပင် စလင်းမြို့ကို စားသော အချီတော် စည်သူကျော်ထင်၊ စလင်းကို အလျင် စားသော စည်သူကျော်ထင်ကျွန် လုလင်ကျော်မှုးတို့ အလျောက်ကို ကြည့်၍ ပုန်ကန်သောင်းကျန်းလေ၏။ ရုံးမိသမျှသော ကျေးကျွန် ဆင်မြင်းနှင့် အပြင်း ခွာခဲ့၍ တောင်ငူသို့ ရောက်လာသည်။

၁။ တာပင်ရွှေထီး စလင်းကို ရလျှင် အထိန်းတော် စည်သူကျော်ထင်ကို အလုံးအရင်းနှင့် ကျေးစားပေးသည်။ (စာပုဒ်(၁၄၁) တွင် ကြည့်ပါ။ ၂။ ၁၅၄၄ ဩဂုတ်လ ၃။ ၁၅၄၄ ဒီဇင်ဘာလ ၄။ ဆေဒီ ၁၅၄၄

လုလင်ကျော်မှုတို့လည်း ပဲကူးစည်သူကျော်ထင် ပြေးလျှင် မိမိအရှင်ဖောင်း စည်သူကျော်ထင်ကို အဝမှာ ချီပင့်၍ စလင်းမြို့ကို စားမြိမ်စားရလေ၏။ သည်အကြောင်းများကို မင်းတရားရွှေထီး ကြားတော်မူလျှင် တောင်ငူမင်း တစ်တပ်၊ ပြည်မင်း တစ်တပ်၊ မြေထဲစား တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင် တစ်ရာငါးဆယ်[1]၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် စလင်းသို့ ချီရလေသည်။ ရောက်လျှင် ကျောက်စစ် ဟူသော အရပ်တွင် တပ်ချ၍ နေသည်။ စလင်းမင်း စည်သူကျော်ထင်လည်း ဟံသာဝတီက စစ်သည်ရောက်ကြောင်းကို သိလျှင် ဆင် ချစ်မြတ်ကဲကို စီး၍ ဆင်ခြေဖုံး လူသုံးထောင်၊ မြင်းသုံးရာနှင့် မြို့က ထွက်လာ၏။ ပဲကူးစည်သူကျော်ထင်လည်း မြင်းသုံးရာကို ရှေ့ရှိုစေ၍ တပ်က ထွက်၍ ချီ၏။ စလင်းစည်သူကျော်ထင်ကွန် ရှင်မောက်ကျော် အကြီးပြု၍ ကြိုလာသည်နှင့် တွေ့၍ တိုက်ကြသည်။ ယင်းသို့သည်တွင် ပဲကူးစည်သူကျော်ထင် ပေါက်ကျော်ဇေယျ ဟူသော ဆင်ကို စီး၍ တိုက်သည်။ စလင်းစည်သူကျော်ထင်ကလည်း ခံ၍ တိုက်သည်။ အရပ်အနေ မသင့်ရှေ့၍ ပဲကူး စည်သူကျော်ထင် ရှေ့ ရွေ့သည်။ ပေါက်ကျော်ဇေယျ ဆင်ကိုလည်း လုံချက်သုံးဆယ် ကျရှေ့၍ ဆီးအုပ်တပ်သို့ ပြန်လာသည်။ စလင်းမင်း စည်သူကျော်ထင်လည်း မြို့တွင်းသို့ ရောက်တော်မူလျှင် ပဲကူးသားတပ်မှာ ညဉ့်ကို လာ၍ ဆိုလာသည်။ နက်ဖြန် ငါ စည်သူကျော်ထင် လာ၍ တိုက်မည်။ ကြည်းကြောင်း ပြေးသော်လည်း စလင်းဆိပ်ကြီးတွင်၍သာ။ နင်တို့ ပဲကူးသားပဓာကို ပွဲ၍ သွားနိုင်မည်နည်းဟု ဟစ်လာရသည်။ ပဲကူးစည်သူကျော်ထင်လည်း ကိုယ်တွင်အထိအပါး များသောကြောင့် စကားကြားစ ရုံနေရာက အတူဟစ်ရသည်။ နက်ဖြန် စည်သူကျော်ထင် အမှန် ထွက်လာလှည့်၊ ငါ စည်သူကျော်ထင်ကို တိုက်မည်။ ရှေ့နိုင်မည်လောဟု ဟစ်ပြန်ရ၏။

## ၁၉၃။ စည်သူကျော်ထင် နှစ်ယောက် ဆင်စီးချင်း တိုက်ပုံ

ပဲကူးစည်သူကျော်ထင် စီးသော ပေါက်ကျော်ဇေယျဆင်သည် အချက်အရာ များသောကြောင့် အသားတို့သည် ယပ်ယပ်ရှိရှိ ကြွေကျရှေ့သည်။ မိုးသောက်လျှင် ပေါက်ကျော်ဇေယျ နာလှသောကြောင့် နေမြူစားဆင်ကို စီးရသည်။ ဆင်ခြေဖုံး လုံရှည်ကိုင် သုံးထောင်၊ မြင်း သုံးရာကျော်နှင့် တပ်က ထွက်သည်။ စလင်း စည်သူကျော်ထင်လည်း ဆင်ချစ်မြတ်ကဲကို စီး၍ ရှင်မန်အောင်ကို ကုန်းလယ်တင်သည်။ ဆင်ခြေဖုံး လုံရှည်ကိုင် သုံးရာ[2]၊ မြင်း သုံးရာနှင့် ထွက်လာ၏။ ဆီးအုပ်တွင် စစ်ဆိုင်၍ တိုက်ကြသည်။ ဆင်ခြေဖုံးချင်း တစ်ဖက်တစ်ချက် ခုတ်ကြရာတွင် **ရှင်မောက်ကျော်**[3]ကို ခုတ်မိ၍ ပွဲတွင်ပင် ဆုံးလေသည်။ ဆင်ခြေဖုံးတို့လည်း ရှင်မောက်ကျော် ဆုံးလျှင် ကစဲကသီ ကွဲလေ၏။ ဆင်ခြေဖုံးတို့ ရှေ့သည်ကို ပဲကူးစည်သူကျော်ထင် မြင်လျှင် ဆင်နှင့် အပြင်းထိုး၍ စလင်း စည်သူကျော်ထင် ဆင်ကို တိုက်လေ၏။ စလင်းမင်းလည်း အပန်းတကြီး ဆီး၍ ခံသည်။ ဆင်အား မတန်၍ စလင်းမင်း စီးသောဆင် လည့်၍ ပြေးလေ၏။ ပဲကူးစည်သူကျော်ထင်လည်း ဆင်နှင့် အပြင်းလိုက်ထပ်၍ ငါ ပဲကူးစည်သူကျော်ထင် လိုက်သည်ကို စလင်းစည်သူကျော်ထင် ဘယ်သို့ ပြေးမည်နည်းဟု၍ ဆို၏။ ဆင်ချင်းနီးလျှင် စလင်းမင်းစည်သူကျော်ထင် ကုန်းလယ်စီး ရှင်မာန်အောင် ထိုးလေသည်။ ပဲခူး စည်သူကျော်ထင် မှောက်လှမှောက်တို ပေါက်၍ နဖူးတွင် စပါးတစ်ထောက်ခန့် ရှရှေ့၏။ မျက်နှာတွင်

၁။ တစ်ဆယ့်ငါး(မှန်နန်း–၂၂၃)  ၂။ သုံးဆယ့်ခြောက်ချက် [မှန်နန်း–၂၂၃၊ တွင်းသင်း(၃)–၄၈]  ၃။ သုံးထောင် [တွင်းသင်း(၃)–၄၈]  ၄။ ရှင်မျှောက်ကျော် [မှန်နန်း–၂၂၃၊ တွင်းသင်း(၃)–၄၈]

ချွေးဖြာဖြာစီး၍ ရှိသော်လည်း မရပ်မနေ လိုက်၍တိုက်လျှင် စလင်း စည်သူကျော်ထင် မခံနိုင်၍ ပြေးလေ၏။ ကုန်းလယ်စီး ရှင်မာန်အောင်လည်း ဆင်က လျှောကျ၍ ကိုယ်ကို အလွတ် နာလေ၏။ ယင်းသို့လျှင် စလင်း စစ်သည်အလုံး ပျက်၍ ရဲမက်တော်တို့ မြို့တွင်းသို့ ဝင်၍ တိုက်လေ၏။ စလင်းမင်း စည်သူကျော်ထင်လည်း ဆင်တစ်စီးတည်းနှင့်သာ ကျေးကျွန် တစ်စုံ တစ်ယောက်မျှ မပါ၊ လောင်းရှည်ကြောင်း ပြေးလေ၏။ တောအရပ်သို့ ရောက်လျှင် ရေငတ် တော်မူသောကြောင့် ဆင်က ဆင်း၍ ရေသောက်သည်ကို စီးဆင်ပင် လိုက်၍ ရှေ့လေ၏။ မင်းလည်း ဝါးရုံပင်ကြားသို့ ပြေး၍ လွတ်လေသည်။ ဆင်ကို ဖမ်းသော်လည်း မရ၊ လွတ်လေ၏။

စည်သူကျော်ထင်မှကား ကိုယ်တစ်ခုတည်း တောတွင် နေသည်ကို ချင်းရိုင်းတို့ တွေ့လျှင် ဖမ်း၍ မိုးညှင်းစလုံသို့ ဆက်လေ၏။ မိုးညှင်းစော်ဘွားလည်း ချွေးသောက် ဖြစ်ရလေသည်၊ မည်သည်ကိုမျှ မစိုးရိမ်နှင့်၊ အဝကို ရအောင် တိုက်၍ ငါနန်းတင်မည် ဆို၏။

## ၁၉၄။ မင်းတရားရွှေထီး မွန်ဆံဖြတ်ခြင်း အကြောင်း

မင်းတရားရွှေထီးလည်း မွန်ဆံဖြတ်တော်မူ၍ မွန်မင်းတို့အလို သမိန်အငွတ် ဟူသော ဦးဖောင်းကို ဆောင်တော်မူသည်။ ဆံဖြတ်တော်မူသော အကြောင်းကား–ဟံသာဝတီတွင် မွန် သူကြွယ်တစ်ယောက်သည် ရှိ၏။ ထိုသူကြွယ်တွင် နွားငါးထောင်ကျော်ခန့် ရှိသည်။ ထိုခြံတွင် နွားမတစ်ခုသည် ပဋိသန္ဓေရှိ၍ နေ့လစေ့လျှင် အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သူငယ်မတစ်ယောက်ကို ဖွားသည်။ ယင်းသို့ ဖွားလျှင် အမိနွားမလည်း အခြားနွားများ ခြံက ထွက်သွားသော်လည်း မထွက် မသွား နေလေ၏။ ထိုအကြောင်းကို မြင်၍ ကြည့်ရှုသော် အပြင်အလျာနှင့် ပြည့်စုံသော သူငယ်မကို မြင်၍ သူကြွယ် ယူ၍ မွေးလေ၏။ အရွယ်သို့ ရောက်လျှင် **ခေမိနော**[1] ဟူသော အမည်ကို သမုတ်၍ သူကြွယ်တွင် သားသမီး မရှိသောကြောင့် သမီးပြု၍ တန်ဆာပလာ အထိုက်အလျောက် ဆင်ယင်ဝတ်စားလျှင် အဆင်းသဏ္ဌာန် နတ်သမီး ကဲ့သို့ ထင်ကုန်၏။ ထိုသူငယ်မ ခုနစ်နှစ်အရွယ်သို့ ရောက်သော် မင်းတရားရွှေထီး ဥယျာဉ်ထွက် တော်မူရာတွင် မြင်တော်မူ၍ အသူသမီးနည်း မေးတော်မူသည်ကို မွန်သူကြွယ် **မကြိုက်တို့သမီး**[2] ဟူ၍ နားတော်လျှောက်၏။ မင်းတရားရွှေထီးလည်း ရှေးပေးဖူးသောကံ ခေစပ်သည် ဖြစ်၍ အလွန် တိမ်းမပ်တော်မူသည်။ ပြန်တော်မူလျှင် သူကြွယ်သမီးကို ယူ၍ နန်းတင်တော်မူလေ၏။ ထိုသူငယ်မကို သနားတော်မူ၍ အပါးတော်တွင် မပြတ် စေပါးတော်မူ၏။ ထိုသူငယ်မလည်း မွန်တို့လက်တွင် ကြီးသောကြောင့် မွန်တို့ဘာသာ အပြုအမူကို ကြိုက်နှစ်သက်သည် ဖြစ်၍ မွန်မင်းတို့ တန်ဆာ တင့်တယ်သည်၊ မြန်မာမင်းတို့၏ တန်ဆာ မတင့်တယ် ဟူ၍ လျှောက်ဖန် များလတ်သော် သဘော်သား **ဘယင်ဂျီ**[3]ကို နန်းတွင်းသို့ မပြတ် ခေါ်တော်မူလျက် စေပါးတော် မူရာတွင် သောက်စားတော်မူချေသည်နှင့် မွန်ဆံဖြတ်တော်မူသည် ဟူ၍ ဆိုသည်။ အချို့စာမှာ မွန်ပြည်မှာ မြန်မာဦးစွန်း အထွတ်မပြုရချေ။ မွန်တို့ မင်းပြုလမည်၊ ကျိန်းခန်း သိုက် နိမိတ်ရှိသည် ဟူ၍ ပညာရှိတို့ လျှောက်သောကြောင့် မွန်ဆံဖြတ်သည် ဟူ၍လည်း ဆိုလေသည်။

---

၁။ ခေမနော (မွန်နှန်း–၂၂၅၊ တွင်းသင်း(၃)–၅၂)   ၂။ မကျိုက်ကိုသမီး (မွန်နှန်း–၂၂၅)   ၃။ ဘရင်ဂျီ/ ဖရင်ဂျီ (Ferenghi)– ဖရန်ယာန် ပေါ်တူဂီတို့ကို ရည်ညွှန်းသည်။

၁၉၅၅။ သက္ကရာဇ် (၉၀၇) ကိုးရာခုနစ်ခု[၁]တွင် တစ်ပင်တိုင်ပြာသာဒ် ဆောက်တော်မူ၍ ရာဇာ ဘိသေက ခံတော်မူသည်။ ယင်းသောခါ ရတနာကိုးပါးဖြင့် ပြီးသော၊ အသွန်း[၂]တစ်ဆောင်ရှိသော သမိန်တင့်တယ် ဟူသော မကိုဋ်ကို ဆောင်းတော်မူ၍ တစ်လုံးတည်းသော မြနားတောင်းကို ဝတ်တော်မူသည်။ နဝရတ်ကိုးပါးဖြင့် ပြီးသော မဟာမဏိ ဟူသော ဒုယင်ကိုလည်း ဝတ်တော် မူသည်။ ထီးဖြူ လက်ယာ လေးစင်း၊ လက်ဝဲ လေးစင်း၊ မင်းခက်တွင် မာရဘောင် ရွက်သုံးဆင့် ဖြူးဖိလား၊ အချက် အရိုးတံ ရတနာအတိပြီးသော ထီးဖြူရှစ်စင်း၊ အထွတ် အချက် ပတ္တမြား စီသော ရွှေအတိ ပြီးသော ကျိုင်းချက်ရှစ်စင်း၊ မြန်မာမင်းကောရာစ်တို့၏ အဆောင်, အယောင်, မင်းခမ်း, မင်းနား အကုန်၊ မွန်မင်းကောရာစ်တို့၏ အဆောင်, အယောင်, မင်းခမ်း, မင်းနားအကုန်၊ လက်ဝဲတော်, လက်ယာတော် ကျင်း၍ ထားရသည်။

ကျော်ထင်နော်ရထာ မေညီးတော် တောင်ငူဘုရင် မင်းရဲသီဟသူကိုလည်း မင်းဆောင်, မင်းယောင်, မင်းခမ်း, မင်းနားအစုံ ဝေါရွှေချက်လေးစင်းနှင့် ထွက်စည်ဝင်စည် ပေးတော်မူ၏၊ လက်ယာတော်က ယှဉ်၍ နေရသည်။[၃]

ဘုရင်နောင်ကျော်ထင်နော်ရထာကိုလည်း ကွမ်းခွက်ရှစ်မြှောင့်, ပတ္တမြား တစ်ရစ်စီ, ကွမ်း လိပ် ကွမ်းလောင်, ကွမ်းဘူး, ပတ္တမြားစီ သောက်တော်တကောင်းဖုံး ရှစ်မြှောင့်, ပတ္တမြားစီ ရွှေသောက်ရေတင်, ရွှေအိုးပုစ်အပြောက်ချည်, ဆင်ရွှေကြိုး, ရွှေကပေါင်းဝန်း, မြင်းရွှေကြိုး ရွှေက ဆပါလာ ရွှေချက်နှစ်စင်း, စည်ကိုးလုံး, ငွေနဲ့ ငွေခရာ ငါးစင်း ပေးတော်မူသည်။ နေရာလည်း အိမ်ရှေ့မင်းတို့၏ နေရာတွင် ချိုင့်နေရာနှင့် အုံးဝန်းသုံးဆင့် ပေးတော်မူ၍ နေရ သည်။

ကျော်ထင်နော်ရထာ ညီတော် သိရိဇေယျကျော်ထင်ကိုလည်း ရွှေကွမ်းခွက် ရှစ်မြှောင့်တွင် အပွတ်အညွှတ်, ကွမ်းဘူး, ကွမ်းလိပ်, ကွမ်းလောင်း, သောက်ရေတကောင်းဖုံး ရှစ်မြှောင့်, ရွှေထွေးခံ, သန်လျင်း, တလဲကိုးဝန်း ရွှေချက် တစ်စင်း, ဆင်ပေါင်းဝန်း, ရွှေကြိုးက, ထွက်စည် ခုနစ်လုံး, နဲ့ သုံးစင်း, ခရာ နှစ်စင်း ပေးတော်မူသည်။ နေရာလွတ်လည်း နေရသည်။ ဒွါရာဝတီ အိမ်ဖြူရှင် ဘယနန္ဒမိတ် သားတော် သက်ရှည်ကျော်ထင်ကြီး သမီးတော်နှင့်လည်း စုံဖက်တော် မူသည်။

ကျော်ထင်နော်ရထာ ညီလတ် နန္ဒယော်ဓာကိုလည်း ရွှေကွမ်းခွက်တွင် အပွတ်အညွှတ်, ကွမ်းဘူး, ကွမ်းလိပ်အစုံ, တကောင်းဖုံး, လဖက်အိုး, မိုးကြိုးထွေးခံ, သန်လျင်း, တလဲယပ်ဝန်း, ဆင်ပေါင်းဝန်း, ရွှေချက် တစ်စင်း, စည် ငါးလုံး, နဲ့ သုံးစင်း, ခရာ နှစ်စင်း ပေးတော်မူသည်။ နေရာလွတ် နေရသည်။ ပြည်ဘုရင်ထွေး သမီးတော် စလင်းစည်သူကျော်ထင် မိဖုရားနှင့်လည်း စုံဖက်တော်မူသည်။

ကျော်ထင်နော်ရထာ ညီတော် ဇေယျနန္ဒကို ကွမ်းခွက်, လက်ဖက်အိုး, တကောင်းဖုံး, ထွေးခံ, ဆင်ပေါင်းဝန်း, ကျိုင်းချက်, စည် ငါးလုံး, နဲ့ သုံးစင်း, ခရာ နှစ်စင်း ပေးတော်မူ၍ နေရာလွတ် နေရသည်။ ပြည်ဘုရင်ထွေး နောက်မိဖုရားတွင် မြင်သော သမီးတော် လေးကျွန်း မိဖုရားနှင့်လည်း စုံဖက်တော်မူသည်။

---

၁။ ဒေဝီ ၁၅၄၅ ၂။ အထွက် [တွင်းသင်း(၃)-၅၂] ၃။ ထွက်စည်ဝင်စည် ပေးတော်မူ၍ ဘုရင့်နောင်နှင့် ယှဉ်ပြိုင် လက်ယာတော်က နေရသည်။[တွင်းသင်း(၃)-၅၂]

ထိုမှတစ်ပါး မင်းဆွေမိုးမျိုး မှူးတော် မတ်တော် မှန်၊ ရှမ်း ဒေါ်ဗညားအပေါင်းတို့ကိုလည်း အရည်အသွေးအလျောက် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ထွေးခံ၊ သန်လျှင်း၊ တပေါင်းဝန်း၊ ကိုးဝန်း၊ ထီးညောင်ရွက် တစ်ဆင့်၊ နှစ်ဆင့်၊ သုံးဆင့်၊ ကျိုင်းချက်၊ ဆင်ပေါင်းဝန်း၊ ရည် အထိုက်အလျောက် သနားတော်မူ၍ လက်ဝဲ၊ လက်ယာ နေရာမှတ်အတိုင်း နေရသည်။

ဤသို့ ဆိုခဲ့ပြီးသော အစီအလျှင်ဖြင့် ဦးကင်သရာဇပလ္လင်၌ နေတော်မူသောအခါ သုဓမ္မာ နတ်သဘင်၌ သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ်တော်မူသည်။ ခုနစ်ရက်တိုင်တိုင် သဘင်ခံတော်မူ၍ ဂါမဝါသီပုဂ္ဂိုလ်၊ အရညဝါသီ ပုဂ္ဂိုလ်တို့အား ပရိက္ခရာ ရှစ်ပါးနှင့် အွမ်း ရပ်ကျေးတော်မူ၍ လှူဖွယ်လှူခြင်းအများ လှူတော်မူသည်။ ရာဇာသော ခံ၍ တစ်လရှိလျှင် ရတနာရွှေဖောင်တော် စီး၍ စစ်အင်္ဂါလေးပါးနှင့် ရေအား၊ ကြည်းအား ဒဂုံဘုရားရှင်သို့ အဖူး အမြင် ထွက်တော်မူသည်။ ရောက်တော်မူလျှင် ရွှေအိုးကို လေးတောင့်[1] မျက်ပါးဝတ်စေ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။ ရက်လည်အောင် သဘင် ခံတော် မူသည်။

## ၁၉၆။ ရခိုင်ပြည်သို့ စစ်ကူချီတက်ပုံ

ထိုသက္ကရာဇ် (၉၀၇) ကိုးရာခုနစ်ခု[2]တွင် မွန်သုံးရပ် အလွန်စည်ပင်သာယာလှသည်။ ထိုသက္ကရာဇ်တွင် ရခိုင်ဘုရင်လွန်၍ သားအိမ်ရှေ့ဥပရာဇာ မင်းပြုသည်ကို ရခိုင်ဘုရင် ညီ သံတွဲစားသည် စိတ်မညီ၍ မကျိုးမနွံပြုသောကြောင့် ရန်စစ်ဖြစ်ကြသော် ရခိုင်ဘုရင်ညီ အားမတန် ၍ ဘဝရှင်မင်းတရား ခြေရင်းတော်သို့ လက်ဆောင် လက်နက်အများနှင့် စစ်ကူတော်မူပါ ဟု၍ အမတ်နှစ်ယောက်တို့ လျှောက်ရ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း စစ်တုရင်္ဂသူ တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ သမိန်ဖြတ်စ တစ်တပ်၊ သမိန်ဓောမွင် တစ်တပ်၊ သည်လေးတပ် တို့ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့်တကွ စစ်ကူ သံတွဲသို့ ချီရလေသည်။ ရဲမက်တော်တို့ မရောက်ခင် ရခိုင်ဘုရင်သား ရေကြောင်း၊ ကြည်းကြောင်း သံတွဲသို့ ချီလာ၍ တိုက်လေသောကြောင့် ရခိုင်ဘုရင်ညီ ရွှေပေါ်တော်အောက်သို့ ရောက်လာ၏။ ဘဝရှင်မင်းတရားရွှေထီးလည်း ရခိုင်ဘုရင်ညီ သံတွဲစားကို မစိုးရိမ်နှင့်၊ ငါကိုယ်တော် မ၍ သူကောင်းပြုတော်မူမည်ဟု မိန့်တော်မူ၏။[3] စစ်ကူချီလာသော သမိန်ဖြတ်စတို့ လေးတပ်သားကို လည်း လိုက်၍ ခေါ်ရလေ၏။

## ၁၉၇။ ရခိုင်သို့ ကိုယ်တော်တိုင် ထပ်မံ ချီတက်ပုံ

ယင်းသို့မှ ဘုရင်နောင်တော် ကျော်ထင်နော်ရထာ လျှောက်သည်။ ရေအား၊ ကြည်းအား ချီတော်မူ၍ တောင်ကမ်းကြီးသည်နှင့် ခရီးလမ်းကြောင်း ခက်လှသည်။ ဘဝရှင်မင်းတရားကိုယ် တော် ရေကြောင်း ချီတော်မူမှ အရေးတော်သင့်မည်။ တစ်ကြောင်းမှာလည်း ရခိုင်သားတို့သည် လှေအရာ၌ ကျင်လည်လှသည်။ လှေတပ် အားကြီးမှ သင့်မည်ဟု နားတော်လျှောက်လျှင် သင့်အောင် စီရင်လေ ဟူ၍ မိန့်တော်မူသည်။ ယင်းသောအခါ ရေကြောင်း ချီရသော တပ်စဉ် ကား– ပုသိန်စား သမိန်ဖြ(သ)ပိုက် တစ်တပ်၊ သံလျင်စား နန္ဒကျော်ထင် တစ်တပ်၊ နေပြည်စား

[1] ရွှေကိုယ်လေးတော်(မှန်နန်း-၂၂၇)၊ ရွှေကိုယ်တော်လေး[တွင်းသင်း(၃)-၅၃]
[2] ဆေဒီ ၁၅၄၅
[3] ရခိုင်တွင် မင်းပါကြီး(မင်းပေါ်ကြီး)[၁၅၃၁-၁၅၅၃] နန်းတက်နေ ချိန် ဖြစ်သည်။ ရခိုင်ဘုရင် ကွယ်လွန်ခြင်း မရှိပါ။

သမိန်ရဲသင်ရဲ တစ်တပ်၊ ဒလစား သီရိဇေယျနော်ရထာ တစ်တပ်၊ ခဲပေါင်စား သမိန်သံကျော် တစ်တပ်၊ ဝန်မြို့စား သမိန်အဲနရဲ တစ်တပ်၊ သမြင်းတုံစား နန္ဒယော်ဓာ တစ်တပ်၊ သည် ခုနစ်တပ်ကို ရှေ့ချီရသည်။ ယင်းကမှ ဘဝရှင်မင်းတရားရွှေထီးမှာ ဘုံတစ်ဆယ့်တစ်ဆင့်ရှိသော ပြာသာဒ်နှင့် တကွ ရွှေဖောင်တော်စီး၍ ချီတော်မူသည်။ ရွှေဖောင်တော်ကို ရွှေလှော်ကား ရှေ့ရှစ်စင်း၊ နောက်ရှစ်စင်း ဝင်ရသည်။ လှော်ကား စက်ကွင်းနှစ်ရာတွင် မင်းဆောင်, မင်းယောင်, မင်းခမ်း, မင်းနားတို့ကို တင်၍ ဖောင်တော်ဝန်းကျင် လိုက်ရသည်။ ဇလာကပင်း ကုလွတ် သမ္ဗန်တွင် ရွှေဒိုင်း, ရွှေလွှား, ရွှေကာ, ရွှေလှံနိုက်၍ အခြောက်မြတာမှုကြီးကို တင်ပြီးလျှင် ဝင်းတော်လေးမျက်နှာသားတို့ကို လက်ဝဲ လက်ယာ ရှေ့နောက် လိုက်ရသည်။ တပ်မတော်တွင် နန္ဒသကြီကို တပ်မှူး၊ ဘယနန္ဒသူကို စစ်ကဲခန့်တော်မူသည်။ ဝင်းမှူးလေးဦးတို့ကိုလည်း မိမိတို့ ရသည် လှော်ကား လှေမှတ်နှင့် လိုက်ရသည်။ နောက်တော်က ချီရသော တပ်စဉ်ကား ဓနုဖြူမြို့စား သီရိဇေယျကျော်ထင် တစ်တပ်၊ တိုက်ကုလားစား သမိန်ဇော်ကရတ် တစ်တပ်၊ စစ်တောင်းစား မဟာကြီး တစ်တပ်၊ ယွန်းစလင်းစား သမိန်ဓိတ်ပွန် တစ်တပ်၊ လက်ယာစား ဘယကျော်သူ တစ်တပ်၊ ဝင်ယော်စား အဲမွန်တယာ တစ်တပ်၊ **ယောမြို့စား**[1] နန္ဒကျော်သူ တစ်တပ်၊ သည် ခုနစ်တပ်ကို နောက်က ချီရသည်။ တပ်မတော်နှင့်တကွ တပ်ပေါင်း ၁၅ တပ်တွင် ပါသည် ဇလာကပင်း စသော တိုက်လှေ ခုနစ်ရာ[2] လှော်ကား သံလှေ ငါးရာ၊ ရိက္ခာတင်ကုန်လှေ ငါးရာ[3] စစ်သည်သူရဲ သုံးသိန်းငါးသောင်းနှင့် စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်းတို့ဖြင့် မြစ်လုံး ပွဲတင်ထပ်မျှ ချီတော်မူသည်။

ကြည်းကြောင်းမှာ တုရင်သိန်းစည်း မြင်းတစ်တပ်၊ တုရင်ယော်ဓာ မြင်းတစ်တပ်၊ တုရင်ဗလ မြင်းတစ်တပ်[4]၊ သည်နောက် လင်းပတေ့စား သရေစည်သူ တစ်တပ်၊ တရုတ်မော်စား ပုံချီ တစ်တပ်၊ စလင်းစား စည်သူကျော်ထင် တစ်တပ်၊ မင်းတုံး တိုင်းတာကို စားသော မင်းကျော်ထင် တစ်တပ်၊ သာယာဝတီစား နော်ရထာ တစ်တပ်၊ စလင်းစား သမိန်ပရမ်း တစ်တပ်၊ မြောင်းမြစား စတုကာမဏိ တစ်တပ်၊ လကွန်းပြည်စား နန္ဒသူရိယ တစ်တပ်၊ အနုတ်မြို့စား သမိန်အဲပရဲ တစ်တပ်၊ ဒဂုံမြို့စား ဗညားကျန်းတော တစ်တပ်၊ သည်နောက်မှ ဘုရင်နောင်ကျော်ထင်နော်ရထာ တပ်မဖြင့် ချီတော်မူသည်။ မြင်းတပ် လေးတပ်နှင့်တကွ တပ်ပေါင်း**နှစ်ဆယ်**[5]တွင် ပါသည် တိုက်ဆင် ခြောက်ရာ၊ မြင်း **နှစ်ထောင်**[6]၊ စစ်သည်သူရဲ လေးသောင်းနှင့် လင်းပတေ့ကြောင်း ချီတော်မူသည်။ ဟံသာဝတီနေပြည်တော်ကို ဘယ ကာမဏိနှင့် ဗညားအိန်ကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ ဟံသာဝတီ အရှေ့ဘက်တစ်လွှားကိုလည်း မော်လမြိုင်စား ဓောဗညားဦးနှင့် သံလိုက်ကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ တောင်ငူ မင်းရဲသီဟသူကိုလည်း အရှေ့ရှမ်းနှင့် နီးသည်ကို အကြောင်းပြု၍ တောင်ငူမြို့တွင် အနိုင်အလုံ နေရသည်။ ပုဂံကိုစားသော ဘယကျော်သူ၊ တောင်တွင်းကြီးကို စားသော နားတောင်းများ၊ သည်မင်းများကိုလည်း စလေကို အဝနှင့် နီးသည်ကို အကြောင်းပြု၍ မိမိတို့ စားသည် မြို့တွင် အလုံနေရသည်။ ပြည်မင်း သတိုးဓမ္မရာဇာကိုလည်း ပြည်မြို့တွင် အနိုင်အလုံ နေရသည်။

---

၁။ ယောမြို့စား (မှန်နန်း-၂၂၈)  ၂။ ရှစ်ရာ [မှန်နန်း-၂၂၈၊ တွင်းသင်း(၃)-၅၄]  ၃။ တစ်ရာ [-တို-]  ၄။ မြင်း လေးတပ်ဟု ပြသည်။ တုရင်ရာဇာ(မှန်နန်း-၂၈၈)၊ တုရင်ကျော်သူ [တွင်းသင်း(၃)-၅၄] ဟူ၍ ကွဲလွဲမှုကို ရှိသည်။  ၅။ တစ်ဆယ့်ငါး(မှန်နန်း-၂၂၉)  ၆။ ခြောက်ထောင် [တွင်းသင်း(၃)-၅၄]

ဤသို့သော နိုင်ငံတော်အလုံးကို စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ် (၉၀၈) ကိုးရာရှစ်ခု တန်ဆောင်မုန်းလဆန်း လေးရက်[1]၊ ၂-လာသနေ့ ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူသည်။

မင်းတရားရွှေထီး ချီကြောင်းကို ရခိုင်ဘုရင်ကြားလျှင် သံတွဲ နေစေသော ကဗ္ဗာရွှေကြင် တူစားတို့နှင့် ကြို၍ တိုက်လာရသည်။ မင်းတရားရွှေထီး ခံမက်တော် ရေ့မှားချီသော မှုသိန်စား၊ မြောင်း ရေတပ်သားတို့ ရောက်၍ တိုက်လျှင် ရခိုင်သားတို့ အမ်း၍ ရှိလေ၏။ ယင်းသို့စဉ်တွင် ခံမက်တော် ခံမက်တော် ရေတပ်သားတို့ နောက်ထပ် လိုက်၍ တိုက်သည်။ လှေတက်အများ ရတော်မူ၏။ ရခိုင်သားတို့လည်း သံတွဲမြို့က ခံ၍တိုက်မည် ပြုစဉ်တွင် ဘုရင်နောင်တော်တို့ ကြည်းကြောင်း ချီလာသည်၊ စစ်အင်အားများလှသည်ဟု ကြားလျှင် သံတွဲမြို့တွင် မခံဝံ့၍ ရခိုင်မြို့သို့ ဆုတ်လေ၏။ ဘဝရှင်မင်းတရားရွှေထီးလည်း သံတွဲမြို့ကို ရတော်မူလျှင် သံတွဲမြို့ ကျေးလက်သားတို့ ရွာတွင် မနေဝံ့၍ တောသို့ ပြေးလေကုန်သော သူတို့ကို ဘဝရှင်မင်းတရား ခြေတော်ရင်းတွင် ရခိုင်ဘုရင်ညီ သံတွဲစား ပါကြောင်းကို စာရေး၍ သံတွဲစား ကျွန်တို့ကိုပင် စေတော်မူ၍ ခေါ်ရလေ၏။ ကျေးလက်သားတို့လည်း သံတွဲစား ပါကြောင်းကို အတပ်သိလျှင် ဝင်စားလာကုန်၏။ ကျေးလက်သားတို့ ရောက်လျှင် ရခိုင်ဘုရင်ညီ မင်းကျော်ထင်ကို[3] ထားခဲ့၍ သံတွဲတွင် နေရသည်။

## ၁၉၈။ ရခိုင်ဘုရင်က ကြို၍ တိုက်လာပုံ

ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ ရေအား၊ ကြည်းအား ရခိုင်သို့ ချီတော်မူသည်။ ရခိုင်သို့ မရောက်ခင် နှစ်စခန်းလောက်တွင် ရခိုင်ဘုရင်က ရေကြောင်း၊ ကြည်းကြောင်း ဆင်လုံး မြင်းရင်း လှေတပ်အများနှင့် ကြိုလာသည်ကို ကြည်းကြောင်းကို ကြည်းကြောင်းချင်း၊ ရေကြောင်းကို ရေကြောင်းချင်း တွေ့ကြလေ၏။ ကြည်းကြောင်းမှာ မြင်းတပ် လေးတပ်နှင့် လင်းပတော့စား ချီရသည်။ စစ်ဖျားချင်း တိုက်မိလျှင် အကြောက်အရွံ့မရှိ၊ ရှုပ်ရှုပ်ချွံချွံ လိုက်၍ တိုက်လေ၏။ ရခိုင်စား စစ်သည်တို့လည်း ခံ၍ တိုက်သည်။ မနည်းကြာလျှင် ဆင်ခင်း၊ မြင်းခင်း မသာသော ကြောင့် မြင်းတော်သည်တို့ လွှင်လဟာသို့ ထွက်၍ နေကုန်၏။ ယင်းသို့စဉ်တွင် လင်းပတော့စား ကို သူက စိန်ပြောင်း မြတာမှုနှင့် လွှတ်လိုက်သည်။ ကျည်စေ့သင့်၍ ဆုံးရှေးသည်။ လင်းပတော့စား ဆုံးခဲ့လျှင် တပ်သားတို့ ဆုတ်ရှေးသည်။ ထိုသို့ ဆုတ်ရာတွင် ဘုရင်နောင်တော် ကျော်ထင်နော် ရထာတို့ အထပ်ထပ်ရောက်လာ၍ တိုက်တော်မူလျှင် ရခိုင်သားတို့ ပျက်လေ၏။ ဆင်၊ မြင်း၊ သုံ့ပန်း လူသု ရတော်မူသည် များ၏။ လက်နက်ကိရိယာလည်း များစွာ ရတော်မူ၏။ သေလေ သည်လည်း များ၏။ ကြည်းတပ်သား ပျက်လျှင် ရေကြောင်းသား မခံဝံ့၍ ရခိုင်သို့ အပြင်း ဆန်လေ၏။

ဘဝရှင်မင်းတရားရွှေထီးလည်း ရခိုင်သို့ ရောက်တော်မူလျှင် မြို့ကို ရေအား၊ ကြည်းအား တက်စေသည်၊ မရချေ။ ရခိုင်မြို့သည် တောင်ထိပ်မှာလည်း ဖြစ်သည်။ မြို့လည်း ခိုင်သည်။ ကျုံးမြောင်းလည်း ကျယ်သည်။ လက်နက်ကိရိယာလည်း ထုထပ်လှသည်။ ယင်းသို့ ဖြစ်သော ကြောင့် အကြိမ်အဖန် များစွာ လုပ်ကြံတော်မူသော်လည်း မြို့ကို မရချေ။ ယင်းသို့ ရတော်မမူ ကြောင့် အကြိမ်အဖန် များစွာ လုပ်ကြံတော်မူသော်လည်း မြို့ကို မရချေ။ နောက်လျှင် ရဲတပ်ကို သစ်မြို့ စိုက်စေ၍ လျှင် မြို့ကို ကြည်း၊ရေ ဝန်းရံ၍ နေတော်မူသည်။

၁။ ၂၇ အောက်တိုဘာ ၁၅၄၆   ၂။ မြောင်းမြစား(မှန်နန်း-၂၂၃)   ၃။ သံတွဲစားနှင့် သံလျင်စား နန္ဒကျော်ထင်ကို (မှန်နန်း-၂၃၀)

ပြလက်ရန်း ဆောက်စေပြီးလျှင် စိန်ပြောင်း မြတ်မူကြီးတို့ကို ပြလက်ရန်းထိပ်က စီစဉ်၍ နေ့စဉ် ရက်ဆက် မီးပေါက်စိမ်း ရှာစေ၏။ ယင်းသို့ လုပ်ကြီးကြံမ စီရင်တော်မူလျှင် ရခိုင်ဘုရင်သားလည်း ငါ မင်းဖြစ်သည် မကြာသေး၊ အမှူးအမတ်တို့သည် ငါ့ကို ညီညွတ်သသူလည်း ရှိသည်။ သူ့ကို ညီညွတ်သသူလည်း ရှိသည်။ ယခု မင်းတရားရွှေထီး ချီလာသည်လည်း ဆင် မြင်း ဗိုလ်ပါ အားကြီးလှသည်။ ရှည်ကြာသော် ခံနိုင်ချိမ့်မည် မဟုတ်။ အရေး ပြီးလွယ်မည့် အကြံရှိ၍ ရှိသေ မယ်းစွာသော စကားဖြင့် စာစီ၍ ပဏ္ဏာကာရ အများနှင့် အမတ်နှစ်ယောက်ကို တပ်တော်သို့ စေ၍ လျှောက်လှာရ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း သံတွဲကို ငါ မ၍ သူကောင်းပြုမည် အမိန့်တော်ရှိရှေသည်။ ငါ အရေးမပေးသာ မိန့်တော်မူပြီးလျှင် ရခိုင်ဘုရင် သံတို့ကို တပ်တိုင်း အစီအမံတို့ကို လှည့်၍ ကြည့်စေပြီးမှ လွှတ်တော်မူ၍ မြို့တွင်းသို့ ဝင်ရလေ၏။ သံတို့ ရောက်၍ တပ်ဆောင်တာ နိုင်လုံကြောင်း၊ ရဲမက်ဗိုလ်ပါ များကြောင်း၊ လုပ်ရှည်ကြံရည် အစီအမံ မဲယဉ်းကြောင်းကို ရခိုင်ဘုရင် ကြားလတ်သော် အသားစားလတ္တံ့သို့ ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်လေ၏။

## ၁၉၉။ ရခိုင်ဘုရင်က အရေးတောင်း စေလွှတ်ပုံ

ဆရာတော်လေးပါးကို အရေးပြီးလွယ်အောင် မိန့်တော်မူပါ ဟူ၍ လျှောက်၏။ ရခိုင်ဘုရင် ဆရာလေးပါးလည်း ပိတ်၊ ရမတိ၊ ပဏ္ဏုနီ၊ သဟံ၊ သုဂန္ဓရာ၊ ခါသာ၊ ကရတ်၊ ဇော်ကရတ်၊ မှုရီ စသော အုပ်မျိုး ထည်မျိုးတို့ကို များစွာ လှုတစ်ထောင်ကျော် ထမ်းစေ၍ ဆက်လှာရသည်။ အလျှင် ဘုရင်နောင်တော် ကျော်ထင်နော်ရထာတပ်သို့ သွား၍ မဟာဓမ္မရာဇ်မင်းမြတ်ကို ဖူးတွေ့ချင်ပါသည် ဟူ၍ မိန့်တော်မူသည်။ ဘုရင်နောင်တော်တပ်က ဘဝရှင်မင်းတရားတပ်သို့ ရောက်၍ အစီအမံကို မြင်လျှင် အံ့ဩကုန်၏။ မင်းတရားရွှေထီးလည်း ဘုန်းကြီးတို့ ထွက်လာသော အကြောင်းကား မည်သို့နည်း ဟူ၍ မေးတော်မူသည်။ ဘုန်းတော်ကြီးကလည်း အကြောင်း ငါးပါးနှင့်အညီ ရောက်လာပါသည် ဟူ၍ လျှောက်၏။ အကြောင်းငါးပါးဟူသည် အသို့နည်း ဟူ၍ မေးတော်မူရသည်ကို ရခိုင်မင်းဆရာတော်လေးပါး လျှောက်သည်။

## ၂၀၀။ ရခိုင်ဆရာတော်တို့ ဆို အကြောင်းငါးပါး

(၁) အကြောင်းငါးပါး ဟူသည်ကား- ယခု သာသနာ့ဒါယကာတော် မဟာဓမ္မရာဇ်မင်းမြတ်သည် ရခိုင်ဘုရင် သားနှင့်ညီ မကြည်ရှိ၍ တိုက်လံကြရာတွင် ရခိုင်ဘုရင့်ညီသည် မဟာဓမ္မရာဇ် တရားမင်းမြတ် အထံတော်သို့ ဝင်လေသောကြောင့် အလုံးအရင်း ဆင်မြင်းအများနှင့် ရေအား၊ ကြည်းအား ချီတော်မူ၍ လုပ်ကြံတော်မူသည်။ ရခိုင်မြို့ကို သားဆက်၍ မင်းပြုသော ထုံးစံအစဉ် ရှိသည်။ ယခု ရခိုင်ဘုရင် မရှိလျှင် ထုံးစံနှင့်အညီ သားမင်းပြုသည်ကို ရခိုင်ဘုရင်ညီ အံ့ညီ၍ တိုက်လံကြလေသည်နှင့် မဟာဓမ္မရာဇ် တရားမင်းမြတ် အထံတော်သို့ မခံနိုင်၍ တိုးဝင်လေသည်ကို ငါ မ၍ သူကောင်းပြုမည် အမိန့်တော်ရှိ၍ ယခု ချီတော်မူလာသည်။ ရခိုင်ပြည်ကြီးကို အလိုတော်ပြည့်လျှင် ရခိုင်ဘုရင်သားကို နန်းချ၍ ရခိုင်ဘုရင်ညီကို နန်းတင်တော်မူချေသော် ရခိုင်ပြည်ကြီးတွင် အစဉ်အရိုး ထုံးစံကို ဖျက်တော်မူသည် မဖြစ်ချေလော။ သည်လည်း အရေး တစ်ကြောင်းပင် ဖြစ်သည်။

(၂) တစ်ကြောင်းလည်း ဓညဝတီပြည်ကြီးသည် စစ်သည်ဗိုလ်ပါ ဆင်လုံးမြင်းရင်း များလှသည်။ လက်နက်ကိရိယာလည်း ထူထပ်လှသည်။ အဆောတလျင် လုပ်ကြံတော်မူသော်လည်း ရတော်မူနိုင်ချိမ့်မည် မဟုတ်။ အရှည်အကြာ လုပ်ကြံရမည်လည်း ရခိုင်ဘုရင်နှင့် မြို့ဘုရင်[၁]သည် သမီးယောက်ဖရင်း ဖြစ်သည်။ ရခိုင်မြို့ကို ရံတော်မူသည့်အကြောင်းကို မြို့ဘုရင် ကြားလေသော် ကြည့်၍ နေမည် မဟုတ်။ ရေအား၊ ကြည်းအား မြို့ဘုရင် ချီလာ၍ လုပ်ကြံချေသည် ရှိသော် ရဲမက်တော်တို့ စစ်နှစ်ဖက်ညှပ် မရှိချေပြီလော။ ယင်းသို့ သုံးပြည်ထောင် ရန်စစ်ကြီးမှာ ဖြစ်၍ များစွာသော သတ္တဝါတို့သည် ဘေးဘယသို့ ရောက်မည်။ သေကျေပျက်စီးမည် အကြောင်းကို ကြားလျက်၊ မြင်လျက် ရဟန်းတော်တို့ မလျှောက်ကြားချေသည် ရှိသော် သဗ္ဗညုဘုရားရှင် ဟောတော်မူအပ်သော ဝိနည်း ပရိယတ္တိ၌ လာသော ပညတ်တော်နှင့် မညီ မရှိချေပြီလော။ သည်လည်း တစ်ကြောင်း ဖြစ်သည်။

(၃) တစ်ကြောင်းလည်း သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ဟံသာဝတီပြည်ကြီး၊ ပုသိမ်၊ မြောင်းမြပြည်ကြီး၊ သရေခေတ္တရာ၊ ပြည်၊ စလင်း၊ ပုဂံပြည်ကြီး၊ သည်ပြည်ကြီးများကို အလိုတော်ပြည့်သည် မကြာချေသေး။ ပြည်သူရွာသားတို့လည်း မယည် မငြိမ်မသက်ကြသေး ဖြစ်သည်။ မြောက်ရှမ်းပြည်၊ ယွန်းပြည်[၂]၊ တောင်ယိုးဒယားနှင့်လည်း အရေးအရာ မပြီးချေသေး။ ယခု ဓညဝတီ ရခိုင်မြို့သို့ ချီလာသော အကြောင်းကို ရှမ်းမင်းတို့ ကြားလေ၍ နိုင်ငံတော် ရပ်စွန်ပြည်နား ထိပါးနှင့်သည်ရှိသော် အလျင်တဆော ပြန်တော်မူ၍ ရောက်နိုင်ချိမ့်မည် မဟုတ်သည်လည်း အရေးတစ်ကြောင်းပင် ဖြစ်သည်။

(၄) တစ်ကြောင်းလည်း ဝါဆို၊ ဝါခေါင် ရောက်လတ်သော် တောင်လေပြင်း စသော မုန်တိုင်းလေရူးတို့သည် ပြင်းပြစွာ လာလတ္တံ့သည်။ ယင်းသောခါ နိုင်ငံတော်ကို သူတစ်ပါး လုပ်ကြံသည် ဟူ၍ ကြားတော်မူသော်လည်း လှေကြောင်း ပြန်နိုင်ချိမ့်မည် မဟုတ်။ မောကော်ရာဇ်ကြောင်းလည်း တံပိုးတံဆယ် ကြီးလှသည် ဖြစ်သည်။ ရေကြောင်း ပြန်တော်မမူနိုင်၍ ကြည်းကြောင်း ပြန်တော်မူရမည်လည်း ရခိုင်ဓညဝတီနှင့် နေပြည်တော်အကြား တောင်ကမ်းကြီးလှသည် ဖြစ်သည်။ မိုးကြီး လေစွေ ရှိသောအခါ ချောင်းမြောင်း ပြည့်လျှံ၍ ဆင်ကြောင်း မြင်းကြောင်း မသာ ရှိလတ္တံ့သည်။ ယင်းသို့လျှင် မလစ်မလပ်ခဲ့ချေလော။ သည်အရေးလည်း အရေး တစ်ကြောင်းပင် ဖြစ်သည်။

(၅) ယင်းသို့ဖြစ်သောကြောင့် ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူသော မဟာဓမ္မရာဇ် မင်းမြတ်သည် သဗ္ဗညုတဉာဏ်နှင့် တူသော ပညာတော်ဖြင့် ထောက်ရှုတွေးချော် ဆင်ခြင်တော်မူ၍ ရခိုင်ဘုရင်ညီ သံတွဲစား စည်းစိမ် ဆင်မြင်းတို့ကို ရခိုင်ဘုရင်သား လုယူ၍ ထားလေသည်ကို ရခိုင်ဘုရင်သားက မဟာဓမ္မရာဇ် တရားမင်းမြတ်ကို ဆက်စေ၍ ရခိုင်ဘုရင်ညီ သံတွဲစားနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကို ပေးတော်မူသည်ရှိသော် သား၊ ဘထွေး နှစ်ဦးကို ချစ်ကြည်တော်မူလျက် သူကောင်းပြုတော်မူသည် မဖြစ်ပါလော။ မဟာဓမ္မရာဇ် တရားမင်းမြတ်တွင် အမှုကောင်းသောအခါလည်း သား၊ ဘထွေး နှစ်ဦးသည် အမှုတော်ကို ကြိုးစားအားထုတ်၍ မထမ်းရလေလော။ သည်လည်း အရေးတစ်ကြောင်းပင် ဖြစ်သည်။

သည်အရေးအကြောင်း ငါးပါးကိုမြင်၍ ရဟန်းတို့ မဟာဓမ္မရာဇ် တရားမင်းမြတ်ကို

---

၁။ ရခိုင်ပြည်နယ် မြောက်ဘက် မျှော်ဒိရှိ သက် ခေါ် မြို့လူမျိုးတို့၏ မင်း ဖြစ်သည်။

၂။ ယွန်းပြည်ထောင် (မှန်နန်း–၂၃)

ရပ်ခံပါသည်။ သည်းခံတော်မူပါ ဟူ၍ လျှောက်သည်။ ဘဝရှင်မင်းတရားကြီးလည်း ရာဇန် ကို လျှောက်သော စကားကို ကြားတော်မူလျှင် ဤသို့ မိန့်တော်မူသည်။ ယခု ဇမ္ဗူဒိပ်မြေအပြင်၌ ကျွန်ုပ် ရှိ၍ လုပ်ကြံသည်ကို ဘယ် မင်းစကားဖြစ်သည် ကျွန်ုပ် လက်က လွတ်နိုင်ရာသော သဘော မရှိ။ ဆရာတော်တို့ လျှောက်ရာတွင် သား၊ ဘထွေး နှစ်ဦးသည် ရှေ့သို့ ကျွန်ုပ်အမှုကို ထမ်းမည်ဆိုသော စကားသာ စကားဖြစ်သည်။ ကျွန်ုပ် ထောက်ထားဆင်ခြင်ဦးမည်။ ယခု ဆရာတော်တို့ ပြန်ကြဦး၊ ရှေ့ တစ်ရက်၊ နှစ်ရက်မှ အရေးပြီး မပြီးကို သိရမည် ဟူ၍ မိန့်တော်မူသည်။ ရခိုင်ဘုရင် ဆရာတို့ကိုလည်း လက်ဖက်ချောင်၊ ခါသား၊ သကား၊ ထန်းလျက် လှူတော်မူ၍ ပြန်လေ စေသည်။

## ၂၀၁။ အရေးတောင်း စကားအရ တိုင်ပင်မြွက်ထင်းပုံ

ဘဝရှင် မင်းတရားကြီးလည်း ဘုရင့်နောင် အစရှိသော မှူးတော် မတ်တော်အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ယခု ညောင်ဝတီသို့ ငါ ချီလာကြောင်းလည်း ရခိုင်သားတို့သည် ငါတို့ကျေးစွန်ရွာနား အနီးတို့ကို တိုက်ဖျက်၍ လူသူကျွဲနွားတို့ကို ဖမ်းဆီးယူငင်လာသည် အကြိမ်များပြီ။ တစ်ကြောင်းလည်း ကုလားပန်းသေးတို့ သဘော်နှင့် ပုသိမ်မြောင်းမြသို့ လာဝင်သောအခါ ဆီးဆ၍ တိုက်လေသောကြောင့် သဘော်သားတို့ အမှန်မရောက်ရှိသည်။ သို့သာလည်း မဟုတ်၊ အထက်က ပြည်မြို့ကို ငါ လုပ်ကြံတော်မူသောအခါ ပြည်မင်းခေါင်က ကူမည် ဟူ၍ သား၊ ဘထွေး နှစ်ယောက် ရေအား၊ ကြည်းအား ချီလာသည်။ ငါတို့ လုပ်ရည် ကြံရည်ကို မတန်၍သာ အောင်မြင်တော်မူချေသည်။ ယခုလည်း ရခိုင်ဘုရင် ဘထွေး သံတွဲစားသည် ငါ့ခြေရင်းတော် ရောက်လာလျှင် ငါကိုယ်တော် မ၍ သုကောင်းပြုတော်မူမည် အမိန့်တော်ရှိချေသည်။ အမိန့်တော်ရင်းအတိုင်း ရခိုင်မြို့ကို အလိုတော်ပြည့်လျှင် ရခိုင်ဘုရင်ကို နန်းချ၍ ဘထွေးတော် သံတွဲစားကို နန်းတင်မည် ချီတော်မူလာသည်။

ဆရာတော်လေးဦး ထွက်၍ ရပ်ခံလာသည်မှာလည်း ရခိုင်ဘုရင်ကို နန်းချ၍ သံတွဲစားကို နန်းတင်လျှင် ရခိုင်မြို့ ထုံးစံကိုဖျက်သည် မည်တော့မည်။ သား၊ ဘထွေး နှစ်ဦးကို ချမ်းသာပေး၍ သား၊ ဘထွေး နှစ်ဦး အမှုတော်ကို ထမ်းပါစေမည်။ အမျက်တော် ပြေ၍ ချမ်းသာမည်အကြောင်းကို ရပ်ခံသည်။ အမှုတော်ကို ထမ်းပါမည် ဆိုသည်သာလျှင် စကားဖြစ်သည်။ ဉာဏ်တော်နှင့် ထောက်ရှု ဆင်ခြင်တော်မူဦးမည် ဟူ၍ မိန့်တော်မူလိုက်သည် အကြောင်းမှာကား အဘ မရှိလျှင် သားအစဉ် ထုံးစံရှိသည်ကို သားကို နန်းချ၍ ညီကို နန်းတင်ချေသော် အစဉ်အရိုး ထုံးစံကို ငါ ဖျက်တော်မူသည် မည်ချိမ့်မည် ဟူ၍ မိန့်တော်မူသည်။

အမိန့်တော်ကို နန္ဒယော်ဓာ ကြားလျှင် ဤသို့ နားတော်လျှောက်သည်။ ယခု တပ်မှူးစစ်ကဲ အပေါင်းတို့သည် အမိန့်တော်ကို ဦးထိပ်ရွက်၍ ရေအား၊ ကြည်းအား မြို့သို့ချီ၍ ပြတောင်တာ လက်ရန်း လုပ်ဆောင်သည်လည်း နိုင်နှံ့လုံမြဲလှသည်။ ထိုသို့ လုပ်ရည် ကြံရည်ကို မြင်၍ ရခိုင်ဘုရင်သား ကြောက်ရွံ့သောကြောင့် အရေးလျှောက်လှာရသည် ဖြစ်သည်။ အရေးပေးတော်မူသင့်သေး။ ရှေ့သို့ အမှုတော်ကို ထမ်းမည် ဟူ၍ နှုတ်သေသာတန်ကျိုး[၁] လျှောက်မှ အရေးတော် ပေးသင့်သည် ဟူ၍ နားတော်လျှောက်သည်။

နန္ဒယော်ဓာ လျှောက်သော စကားကို ဘုရင့်နောင်ကျော်ထင်နော်ရထာ ကြားတော်မူလျှင်

၁။ နှုတ်သေသာအင်ကျွိ [တွင်းသင်း(၃)-၅၇]

ဤသို့ နားတော်လျှောက်ပြန်သည်။ ရခိုင်ဘုရင် ဆရာဘုန်းတော်ကြီးတို့ အရေးတောင်းသည်ကို အလွယ်တကူ အရေးပေးချေသော် ငါကိုယ်တော် မ၍ သူကောင်းပြုတော်မူမည် ဟူသော အမိန့်တော် မဖျက်ချေပြီလော။ ယခုလည်း လုပ်ရည်ကြံရည်ကို မြင်၍ ကြောက်ရွံ့သောကြောင့် အရေးတော် တောင်းလာသည် ဖြစ်သည်။ သို့ရာတွင် ရခိုင်ဘုရင်ညီ ညည်းစိမ်ချမ်းသာ မပျက်ရှိစေနိုင်နှင့် ရှေ့သို့ သား၊ ဘထွေး နှစ်ဦး အမှုတော်ကိုထမ်းမည် လျှောက်သော စကားသာ ဖြစ်သည်။ သို့ဖြစ်သောကြောင့် ဆင်ကောင်း၊ မြင်းကောင်းတို့ကို အလျင်ထွက်လာစေ၍ ရခိုင်ဘုရင်ညီကို အပ်တော်မူပြီးလျှင် မင်းဆောင်, မင်းယောင်, အစီးအနင်းနှင့်တကွ သံတွဲ စသော ဆောင်စဉ် ၇-ခရိုင်တို့ကို ပေးတော်မူရမည်။ ယင်းသို့ သနားတော်မူသည်ဖြစ်မှ ငါကိုယ်တော် မ၍ သူကောင်းပြုတော်မူမည် အမိန့်တော် ရှိသည်အတိုင်း တည်ရှိမည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင် မင်းတရားရွှေထီးလည်း နောင်တော် လျှောက်သော အရေးကို ကြိုက်တော်မူသည်။

## ၂၀၂။ ရခိုင်မင်းကို အရေးပေးတော်မူပုံ

နှစ်ရက်သုံးရက်ရှိလျှင် ရခိုင်ဘုရင် ဆရာလေးပါး ထွက်လာပြန်၍ တဲတော်ဦးသို့ ရောက်လာ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း ဘုန်းတော်ကြီးတို့ ရောက်လာ၍ သာယာစွာသော စကားတို့ကို ပြောဟောတော်မူပြီးလျှင် တစ်နေ့က လျှောက်သောစကားမှာ ရှေ့သို့ အမှုတော်ကို ထမ်းမည် လျှောက်သော စကားသာ စကားဖြစ်သည်။ ကျွန်ုပ်လည်း ဘုရားဆုကို တောင်းတော်မူသော ဧကရာဇ် ဖြစ်သည်။ ငါ့ဆရာတို့ ရပ်ခံလာရာမှာ သား၊ ဘထွေး နှစ်ဦး အမှုတော်ကို ထမ်းမည် မှန်လျှင် ရခိုင်ဘုရင် စည်းစိမ်ချမ်းသာကို မဖျက်ပြီ။ သည်းခံတော်မူတော့သည် မိန့်တော်မူလျှင် ရခိုင်ဘုရင် ဆရာလေးပါးက ရှေ့သို့ အမှုတော်ကို ထမ်းမည် မှန်သောကြောင့်သာ ရပ်ခံဝံ့သည် လျှောက်ပြီးလျှင် ယင်းသို့ မှန်လျှင် ရခိုင်မြို့တွင် ရှိသော ဆင်ကောင်းနှစ်စီးနှင့် ရခိုင်သို့ ရောက်လေသော မွန်၊ မြန်မာ၊ ရှမ်း၊ ကျွန်တော်မျိုးတို့ကို စစ်ကြော၍ အကုန်အစင် ဆက်လာစေ။ ယင်းသို့မှ ရခိုင်ဘုရင်ညီ သံတွဲစား ကျေးကျွန်, ဆင်, မြင်း, ဥစ္စာ, ရွှေငွေတို့ကို ကျေနပ်ရအောင် ဆက်လာစေ။ ရခိုင်ဘုရင်ညီကိုလည်း သံတွဲနှင့်တကွ ငါပေးတော်မူမည် ဟူ၍ မိန့်တော်မူသည်။

ရခိုင်ဘုရင် ဆရာလေးပါးလည်း ဤသို့ နားတော်လျှောက်သည်။ သာသနာ့ဒါယကာတော် မဟာဓမ္မရာဇာ တရားမင်းမြတ် အမိန့်တော်စွန်းကို ကြားရခြင်းသည် အလွန် ဖြစ်ခဲလှသည်။ မဟာဓမ္မရာဇာ တရားမင်းမြတ်သည် သဗ္ဗညုတအလောင်းတော် ဖြစ်၍ သူ မခံနိုင်သည်ကို သည်းခံတော်မူသည် ဖြစ်တော့သည်။ မင်း၏တရား ဆယ်ပါးတွင် **အကောဓပါဠိ**[၁] နှင့် အညီ သည်းခံတော်မူခြင်းသည်ကား မြတ်သောဆုကြီးကို အလျင်ပြည့်တော်မူမည် ဟူ၍ နားတော် လျှောက်ပြီးလျှင် မြို့တွင်းသို့ ဝင်လေ၏။ ရခိုင်မင်းဆရာ မြို့တွင်းသို့ ဝင်ရောက်၍ ဘဝရှင် မင်းတရားရွှေထီး အမိန့်တော်စွန်းကို ရခိုင်ဘုရင်သား ကြားလျှင် အမှူးအမတ် အပေါင်းတို့ကို ခေါ်၍ တိုင်ပင်ကြပြီးလျှင် အထက်က ဟံသာဝတီကို မင်းတရားရွှေထီး လုပ်ကြံတော်မူသောအခါ ပြေးဝင်လာသော မွန်အမတ် ပြဗ္ဗာဟ, သမိန်စည်သူ, သည်နှစ်ယောက်နှင့် မွန် မြန်မာ ရှမ်း လူငါးထောင်ကျော်၊ ဆင်ကောင်းနှစ်စီး၊ သဟံ,ပဏ္ဏုနီ, မုရီ,ဇော်ကရတ်, ခါသာ, သုဂန္ဓရာ, သက္ကလတ် စသော လက်ဆောင်တော် အုပ်မျိုးထည်မျိုးတို့ကို များစွာ ယူ၍ အမတ်လေးယောက်

တို့ကို ဆက်လာရသည်။ ရခိုင်ဘုရင်ညီ ဆင် မြင်း ကျေးကျွန်တို့ကိုလည်း အကုန်အစင် ဆက်လာရသည်။ ဘဝရှင်မင်းတရားရွှေထီးလည်း ရခိုင်သားစစ်သည် ရသမျှကို စစ်ကြော၍ လွှတ်တော်မူသည်။ ယင်းသို့မှ ဘုရင်နောင်ကျော်ထင်နော်ရထာကို ရခိုင်ဘုရင် နန်းသို့ဝင်၍ အမိန့်တော် ပြန်ချ စေတော်မူသည်။ ဘုရင်နောင်တော်လည်း မင်းဆောင်မင်းယောင် ကျင်းပ လျက် ဆင်စီး၍ ရခိုင်မြို့တွင်းသို့ ဝင်တော်မူသည်။ နန်းတော်သို့ ရောက်လျှင် ကော်ဇောပေါ်တွင် သင်ဖြူးအနား ရွှေချည်ကွပ်တွင် ထက်ဝယ်ဖွဲ့၍ နေတော်မူသည်။ ရခိုင်ဘုရင်လည်း ရွှေသင်ဖြူး တွင် ထက်ဝယ်ဖွဲ့၍ နေတော်မူသည်။ ယင်းသို့မှ ဘုရင်နောင်တော် ကျော်ထင်နော်ရထာ အမိန့်တော်ပြန်သည်။

## ၂၀၃။ ရခိုင်ဘုရင်သို့ ပြန် အမိန့်တော်

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်...ရခိုင်တွင် အစဉ် အဖမရှိလျှင် သား မင်းပြုသည် အရိုးထုံးစံရှိသည်။ ထိုသို့ ရှိသည် ထုံးစံကို ငါ ဖျက်တော်မမူပြီ။ ရခိုင်ဘုရင်သားကိုပင် ငါ ဆောင်နှင်းတော်မူတော့မည်၊ ရခိုင်ဘုရင် ဘထွေး သံတွဲစားကို မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ တောင်စဉ် ၇-ခရိုင်ကို ပေးတော်မူသည်။ နောက်နောင် အမှုတော်ကောင်းလျှင် သား၊ ဘထွေး နှစ်ဦး ငါ့အမှုတော်ကို ကြိုးစားအားထုတ် ထမ်းရမည်။ သား၊ ဘထွေး နှစ်ဦးတွင် အမှုအခင်း ထွက်လျှင်လည်း ငါ မစတော်မူမည်။ သား၊ ဘထွေး နှစ်ဦးလည်း ကြည်သာစွာ ရွှေတစ်ပြားတည်းကဲ့သို့ ကျေးဆိုး ကျွန်ဆိုး စကားကို နာခံ၍ အနှောင့်အယှက် မရှိကြစေနှင့်။ ပြည်ရွာ သာယာစေအပ်သော အပရိဟာနိယတရား ခုနစ်ပါးကို နှလုံးသွင်း၍ မင်း၏တရား ဆယ်ပါးနှင့်အညီ မင်းပြုကုန် အမိန့်တော်ရှိသည်"

ဟူ၍ အမိန့်တော်ကို ပြန်သည်။

## ၂၀၄။ အမိန့်တော်အတိုင်း သား၊ ဘထွေး နှစ်ဦးကို နယ်ပယ် ခွဲဝေပေးပုံ

ရခိုင်ဘုရင်ကလည်း ဦးရီးတော် အမိန့်တော်ကို တည်အောင် ကျင့်ဆောင်ပါမည် ဟူ၍ လျှောက်သည်။ ယင်းသို့မှ သုခ၊ ဒုက္ခ ပြောဟောပြီးလျှင် ဘုရင်နောင်တော်ကို ရခိုင်ဘုရင်က ဆင်ပေါက်နှစ်စီး၊ မြင်းနှစ်စီး၊ ပုဆိုး၊ ခါသာ စသော အုပ်မျိုး ထည်မျိုးများနှင့် ရွှေနှစ်ပိဿာ၊ ငွေနှစ်ဆယ့်ငါးပိဿာ ပေးသည်။ ရခိုင်ဘုရင်ကလည်း ဦးရီးတော် ဟူ၍ ခေါ်သည်။ ဘုရင့်နောင် တော်ကလည်း တူတော် ဟူ၍ ခေါ်သည်။ မနည်းကြာ ပြောဟောတော်မူပြီးလျှင် ရခိုင်ဘုရင်က ဤသို့ ဆိုသည်။ နောင်သော် ဦးရီးတော် မင်းဖြစ်တော်မူလျှင် တူတော်ကို မစပါ။ ဦးရီးတော်တွင် အမှုအခင်း ရှိလျှင်လည်း တူတော် ကူညီပါမည် ဟူ၍ ဆိုလျှင် ဘုရင့်နောင်တော်ကလည်း အချက်အတိုင်း မှန်စေတော့ ဟူ၍ မိန့်တော်မူသည်။ သို့သောကြောင့် ဘုရင့်နောင်တော် မင်းဖြစ်တော်မူလျှင် ရခိုင်ကို လုပ်ကြံတော်မမူ။ နောင်မှ ရခိုင်သားတို့ ကျေးဇူးနှုန်းရှာနားကို ဖျက်ဆီးသည် ဟူ၍ လျှောက်ရာတွင်မှ သားတော် သင်္ဃဒတ္တ[1]ကို ချီရသည်နှင့် နတ်ပြည်စံတော်မူ သောကြောင့် လိုက်၍ ခေါ်ရလေသည်။

---

၁။ သင်္ဃဒတ္တ (မှန်နန်း-၂၃၇)

အချို့မှတ်ပုံမှာ မင်းတရားရွှေထီး အလျှင် ရခိုင်သို့ ရှိသောအခါ ဘုရင်နောင်ကျော်ထင်နော်ရထာကို သူက ဝန်းမိလေရာတွင် ရခိုင်ကို သည်ဖြင့် မရိုပြီ ဟူ၍ သစ္စာရှိသောကြောင့် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ရခိုင်ကို မလုပ်ကြ၊ နေတော်မူသည် ဟူ၍ သွားရှိသောကြောင့် အထွတ်

ဘုရင်နောင်ကျော်ထင်နော်ရထာလည်း ပြန်တော်မူ၍ တပ်တော်တို့ ရောက်လျှင် ရခိုင်ဘုရင်က ပေးကမ်းကြောင်းကို မင်းတရားရွှေထီးကို လျှောက်သော် သင့်ပြီ ဟူ၍ မိန့်တော်မူသည်။ ငါတို့ကို ရခိုင်ဘုရင် ကြောက်လှလေ၏။ အစဉ်ထုံးစံ မပျက်စေကောင်း ဟူ၍ ငါ သည်းခံတော်မူသည်ဟု မိန့်တော်မူသည်။ မိုးသောက်လျှင် ရခိုင်ဘုရင်က မြင်းကောင်းနှစ်စီး၊ ကတ္တီပါ မည်သရီ၊ သက္ကလတ် အစိမ်း အနီ၊ ပုဆိုးကောင်း၊ သုဂန္ဓရာ၊ ခါသာ၊ ကရတ်၊ ဖော်ကရတ်၊ မုရီ၊ ပဗ္ဗနီ၊ သဟံ စသော အုပ်မျိုးထည်မျိုး၊ နံ့သာဖြူနီ စသော အကျော် ကရမက် စသော အမွှေးမျိုး၊ ဇာတိပ္ဖိုလ်၊ လေးညှင်း စသော ပရဆေးမျိုး၊ ဤသို့ ဆိုခဲ့ပြီးသော များစွာသော ပဏ္ဏာကာရတို့ကို လူတစ်ထောင်ကျော် ကိုင်စေ၍ ရခိုင်ဘုရင် ဦးရီး နှမသူရိယကို ဆက်လှာရသည်။ ထိုမှတစ်ပါး ရခိုင်တွင် ရှိသော မင်းညီမင်းသား မှူးကြီးမတ်ကြီး သူဌေး သူကြွယ် အပေါင်းတို့ကလည်း အသီးအသီး လက်ဆောင်ဆက်ရသည်။

## ၂၀၅။ ရခိုင်ပြည်မှ မင်းတရားကြီး ပြန်လည်တော်မူပုံ

ဘဝရှင် မင်းတရားရွှေထီးကလည်း မင်းစကေရာစ်နှင့် ထိုက်တန်သော မင်းဆောင်, မင်းယောင်, မင်းဝတ်, မင်းစားတို့ကို သွင်းပြန်ရလေသည်။ ရခိုင်ဘုရင်လည်း ကျို့ငဲ့သောစကားဖြင့် သာယာချောင်ချွာ လျှောက်၍ ဓလာကပင်ကြီးနှစ်စင်းကို တောင်းသောကြောင့် ပေးတော်မူသည်။ အရေးတော်ပြီး၍ သုံးရက်ရှိလျှင် တပ်စဉ်အတိုင်း အမြောက်, သေနတ် ဖောက်စေ၍ မြေကြီးအောက်အထက် ပြန်မူ၊ **(၉၀၈) ကိုးရာရှစ်ခု တပို့တွဲလဆန်း ၁၂ ရက်နေ့**[1] ဟံသာဝတီနေပြည်တော်သို့ ပြန်တော်မူသည်။ သံတွဲသို့ ရောက်တော်မူလျှင် ရခိုင်ဘုရင်ညီ ကျေးကျွန် ဆင်မြင်းတို့ကို အပ်တော်မူ၍ သံတွဲမြို့နှင့်တကွ **မအိ, တလမ္မ**[2] စသော တောင်စဉ်ခုနစ်ခရိုင်ကို ပေးတော်မူသည်။ ကွမ်းခွက် ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ရွှေချက်နှစ်စင်း၊ ဆေါပလာ ပေးတော်မူသည်။

မင်းကျော်ထင် တစ်တပ်၊ အဲမွန်တယာ တစ်တပ်၊ သည်တပ်များကိုလည်း ငြိမ်ဝပ်အောင် သံတွဲတွင် သုံးလခန့် နေရစ် ဟူ၍ ထားတော်မူခဲ့သည်။ ယင်းသို့မှ သံတွဲက ပြန်တော်မူ၍ **(၉၀၈) ကိုးရာရှစ်ခု တန်ခူးလဆန်းငါးရက်နေ့**[3] ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။

## ၂၀၆။ ယိုးဒယားတို့ ယေး၊ ဒဝယ်ကို ရောက်လာ၍ တိုက်ခိုက်ရန် စေလွှတ်ရပုံ

**ယိုးဒယားမင်း**[4]လည်း မင်းတရားရွှေထီး ရခိုင်သို့ ချီတော်မူလေသည် ဟူ၍ ကြားလျှင် သမိန်ကံပူရိ, **သမိန်တဓေါကာ**[5], သည် စစ်သူကြီးနှစ်ယောက်တို့ကို တိုက်ဆင် နှစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် ဒဝယ်မြို့ကို လုပ်ကြလေဟု စေ၍ ချီလာ၏။ ဒဝယ်စားလည်း ဆင်မြင်း အလုံးအရင်းနှင့် မြို့က ခံသည်။ မခံနိုင်ချေ၍ ယေးမြို့ကို ဆုတ်၍ နေလှာသည်။ ထိုအကြောင်းများကို မော်လမြိုင်စား ဗညားဦးက လျှောက်လှာ၍ ကြားတော်မူ

၁။ ၁ ဖေဖော်ဝါရီ ၁၅၄၇
၂။ မအိ လမ္မ(မှန်နန်း-၂၃၈)၊ အအိ လမ္မ(တွင်းသင်း(၃)-၅၉)
၃။ ၂၁ မတ် ၁၅၄၇
၄။ Yot Fa (၁၅၄၇-၄၈)
၅။ သမိန်ဓေါတကာ(မှန်နန်း-၂၃၈၊ တွင်းသင်း(၃)-၅၉)

လျှင် ဘုရင် မင်းတရားရွှေထီးလည်း အရှေ့ဘက်တစ်လွှားတွင် ရှိသော မြို့စားအပေါင်းတို့ ရှိလေပြီးသည်။ ခြေရင်းတော်က အခြား မခန့်သာပြီ အမိန့်တော်ရှိပြီးလျှင် မုတ္တမမြို့ကို စားသော လက္ခန်းအိန်ကို ဗိုလ်မှူးခန့်တော်မူ၍ စလောကပင်းကြီး တစ်ရာ, စလောကပင်းငယ် သုံးရာ, စစ်သည်သူရဲ လေးသောင်းနှင့် ဒဝယ်သို့ ရေကြောင်း ချီရသည်။

ကြည်းကြောင်းမှာ သမိန်ရေ တစ်တပ်၊ သမိန်မော်လမြိုင် တစ်တပ်၊ သမိန်လဝန် တစ်တပ်၊ သမိန်တိုက်ကုလား တစ်တပ်၊ သမိန်စစ်တောင်း တစ်တပ်၊ သမိန်အစုတ် တစ်တပ်၊ သမိန် လက္ခန်းဖျည်း တစ်တပ်၊ သမိန်ကျွန်း တစ်တပ်၊ သည်ရှစ်တပ်ကို တိုက်ဆင် နှစ်ရာ၊ မြင်း နှစ်ထောင်[1]၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ဒဝယ်သို့ ချီရသည်။ ဒဝယ်မြို့တွင် နေသော ယိုးဒယား သားတို့သည် မင်းတရားရွှေထီးက ရဲမက်တော်တို့ ချီလာစေသည်။ အလုံးအရင်း ဆင်မြင်း များလှသည်ဟု ကြားလျှင် ဒဝယ်မြို့တွင် မခံဝံ့၍ တနင်္သာရီသို့ ဆုတ်၍ နေလေ၏။ ဒဝယ်မြို့ကို ရလျှင် ဒဝယ်စားကိုပင် အလုံးအရင်းနှင့် အခိုင်အလုံ နေရသည်။ သမိန်မော်လမြိုင်တို့ ကြည်း ကြောင်း ချီရာမှာလည်း ဒဝယ်မြို့ကို ရလျှင် ဒဝယ်ကသည် တောင်ပပုံသို့ ချီရသည်။ တောင်ပပုံ တွင်နေသော သမိန်ကံပုရိလည်း ဆင်မြင်း အလုံးအရင်းနှင့် မြို့က ထွက်၍ ခံလာ၏။ ယင်းသို့ စဉ်တွင် ယေးမြို့ကို စားသော မင်းရဲသခ်ယာ ဆင်စီး၍ သမိန်ကံပုရိကို တိုက်လေ၏။ မနည်းကြာ တိုက်ကြလျှင် သမိန်ကံပုရိ စီးသောဆင် မျက်နှာသုန်၍ ပြေးလေ၏။ မင်းရဲသခ်ယာ လိုက်ထပ်၍ တိုက်သည်။ မီလျှင် မင်းရဲသခ်ယာ ကုန်းလယ်စီး လှံနှင့် ထိုးသည်။ သမိန်ကံပုရိကို လှံထိုးမိ၍ အနာအကျင် ရှိလေ၏။ စီးသော ဆင်ကို လှံချက်အများ ကျ၍ ဟောင်ဟောင်ကျည်ကျည် မြည်၍ ပြေးလေ၏။ သမိန်ကံပုရိလည်း ဆင်က သည် မြင်းစီး၍ ပြေးလေသောကြောင့် လွတ် လေ၏။ စီးသည် ဆင်ကို ရလိုက်၏။ ယိုးဒယားအမတ် အောက်ဖြလက္ခန်းအိန်မား ဆင်နှင့် ခံလာသည်ကို ဘုရင်မင်းတရား ကျွန် သမိန်သံလိုက် ဆင်ကို ချွန်းဖွင့်၍တိုက်သည်။ သံလိုက် စီးသောဆင် မုန်နှင့်ဖြစ်၍ မုန်နံ့ကို ရလျှင် အောက်ဖြလက္ခန်းအိန်မား စီးသောဆင် မျက်နှာသုန်၍ ပြေး၏။ ထပ်၍လိုက်လျှင် ယင်းတွင်ပင် လဲလေ၏။ အောက်ဖြလက္ခန်းအိန်မား ကိုလည်း ရလိုက်၏။ ယင်းသို့လျှင် ယိုးဒယား စစ်သည်တို့ အကုန်ပျက်လေ၏။ ဆင်,မြင်း, သုံ့ပန်း ရသည် များ၏။ တောင်ပပုံစားကိုပင် အလုံးအရင်းနှင့် အခိုင်နေရ၏။

မင်းတရားရွှေထီးလည်း ယိုးဒယားသားတို့ကို အောင်မြင်တော်မူလျှင် တပ်မှူး၊ စစ်ကဲတို့ကို ခေါ်တော်မူ၍ ပြန်ရသည်။ ရောက်လျှင် ပွဲလမ်းရသသူတို့ကို အမည်အရည် အဆောင်အယောင် စားကျေးစားလက် အထိုက်အလျောက် ပေးတော်မူသည်။

သက္ကရာဇ် (၉၀၉) ကိုးရာကိုးခု[2]တွင် အိမ်မုတ်ဘိ ဆောက်တော်မူသည်။ အနောက်ဘက် တောင်ခြေရင်းမှာလည်း ကျောင်းကြီးလေးရပ် ဆောက်တော်မူသည်။ တကောဘုရားရှင်[3]ကို လည်း မျို၍ လုပ်တော်မူပြီးလျှင် ထီးတင်တော်မူသည်။ ပဋ္ဌင်းသုံးရာလည်း ခံတော်မူသည်။

## ၂၀၇။ မင်းတရားရွှေထီး ယိုးဒယားသို့ ကိုယ်တော်တိုင် ချီတက်သိမ်းပုံ

သက္ကရာဇ် (၉၁၀)ကိုးရာတစ်ဆယ်[4]တွင် ယိုးဒယားသို့ ချီမည် ဟူ၍ ရဲမက်ဗိုလ်ပါ ရေတွက် တော်မူသည်။ အရှေ့ဘက်တစ်လွှား မြို့စားတို့ကို ရောက်သောက်က သံရောက်။ သည်[5]မြို့များသို့

၁။ နှစ်သောင်း[တွင်းသင်း(၃)-၅၉] ၂။ အေဒီ ၁၅၄၇ ၃။ သကောဘုရား (မှန်နန်း-၂၃၉)၊ သင်းတောဘုရား [တွင်းသင်း(၃)-၆၀] ၄။ အေဒီ ၁၅၄၈ ၅။ တပ်တော် ချီရာ လမ်းတောက်သင့်သည်(မှန်နန်း-၂၃၉)

နိုက္ခနှင့် ပို့ရသည်။ ယင်းသို့မှ ဘုရင့်နောင်တော် ကျော်ထင်နော်ရထာလည်း မြို့စားပြစား အပေါင်းတို့ကို ခေါ်တော်မူ၍ အရောက်ညီလျှင် ခန့်ရန်တော်မူသည်။ ဘုရင်ရာဇာ မြင်းတစ်တပ်၊ ဘုရင်ယော်ဓာ မြင်းတစ်တပ်၊ ဘုရင်ဗလ မြင်းတစ်တပ်၊ ဘုရင်ကျော်သူ မြင်းတစ်တပ်၊ သည့် မြင်းလေးတပ်ကို ရှေ့ချီရသည်။ ဆင်တပ်မှာ တောင်ပပုံမြို့ကို စားသော စောဘယ တစ်တပ်၊ ဓန်မြို့(ကို)စားသော သမိန်သံလိုက် တစ်တပ်၊ တိုက်ကုလားမြို့ကို စားသော သမိန်ဇော်ကရုတ် တစ်တပ်၊ ရေပ်မြို့ကို စားသော သမိန်ပရံ တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်ကို ရှေ့ချီရသည်။

ယင်းကမှ ဘဝရှင်မင်းတရားရွှေထီး တပ်မတော်တွင် ဝင်းလေးမျက်နှာသားတို့ကို ဝင်းမှူးလေးဦး၊ စစ်ကဲလေးဦး၊ အမတ်လေးကျိပ်၊ တိုက်ဆင် ရှစ်ဆယ်၊ မြင်း ရှစ်ရာ၊ ဗိုလ် လေးသောင်းနှင့် လက်ဝဲ လက်ယာ ရှေ့နောက်လိုက်ရသည်။ တပ်မတော်တွင် ရာဇသင်္ကြံကို တပ်မှူးအချုပ်၊ နန္ဒ(ကျော်)သူကို စစ်ကဲခန့်တော်မူသည်။

နောက်ချီရသော တပ်တို့ကား ဘုရင်မဏိမြင်းတပ်၊ ဘုရင်ပုညာမြင်းတပ်၊ လက်ျာခဲရဲတိုင်မြင်းတပ်၊ လက်ဝဲရဲတိုင်မြင်းတပ်၊ ဆင်တပ်မှာ- ဓနုံ့ဘုံမြို့စားသော သီရိဇေယျကျော်ထင် တစ်တပ်၊ တောင်ငူမင်းရဲသီဟသူ တစ်တပ်၊ ပြည်သတိုးဓမ္မရာဇာ တစ်တပ်၊ သာယာဝတီမြို့ကို စားသော ဥဇနာ တစ်တပ်၊ သမြင်းတုံမြို့ကို စားသော နန္ဒယော်ဓာ တစ်တပ်၊ မြောင်းမြမြို့ကို စားသော ဗညားလော တစ်တပ်၊ ပုသိမ်မြို့ကို စားသော သမိန်ဗြပိုက် တစ်တပ်၊ ခဲပေါင်မြို့ကို စားသော သမိန်သံကျယ် တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၂ တပ်တွင် ပါသည့် တိုက်ဆင် နှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ချီတော်မူသည်။

ဒလမြို့ကို စားသော သီရိဇေယျနော်ရထာနှင့် ပန်းကို[၁] မြို့စားသော ဗညားဗြန့်ကို ဟံသာဝတီ နေပြည်တော်ကို စောင့်ရသည်။ စလင်းစား၊ ပုဂံစား၊ တောင်တွင်းကြီးစားတို့ကိုလည်း မိမိတို့ မြို့တွင် အလုံးအရင်းနှင့်တကွ အခိုင်အလုံ နေရသည်။ အရှေ့ဘက်တစ်လွှားကိုလည်း မော်လမြိုင်မြို့ကို စားသော ဗညားဦးကို ဝန်ခံစေ၍ ဆင်မြင်း အလုံးအရင်းနှင့် အခိုင်အလုံ နေရသည်။ ဤသို့ နိုင်ငံတော်အလုံးကို အနှံ့အစပ် စီရင်တော်မူခဲ့၍ သက္ကရာဇ် (၉၁၀) ကိုးရာ တစ်ဆယ်ပြည့် **တန်ဆောင်မုန်းလဆန်းတစ်ဆယ့်သုံးရက်နေ့**[၂] မုတ္တမကြောင်း ဘဝရှင် မင်းတရား ရွှေထီး ယိုးဒယားသို့ ချီတော်မူသည်။ မုတ္တမသို့ ရောက်တော်မူလျှင် မုတ္တမနှင့် မော်လမြိုင်မြို့ကို လှေတံတားပစ်စေ၍ ဗိုလ်ပါ မြင်းနွားတို့ကို လျှောက်ရသည်။ စီးတော်ဆင်များကိုမူကား ဖောင်နှင့် ကူးရသည်။ သည့်ပြင် တိုက်ဆင်များကို မြစ်ညာကျွန်းရာက ကူးရသည်။ ဆင်၊ မြင်း၊ ဗိုလ်ပါတို့ တစ်ဖက်သို့ အကုန်ရောက်လျှင် တောင်ပပုံကသည် **ကံပူရီ**[၃]ကို တိုက်၍ ချီတော်မူသည်။ ကံပူရီကသည် **လာမြဲစရိုး**[၄]ကို ချီတော်မူသည်။ စခန်းချတိုင်း သဘင်ခံတော်မူသည်။

## ၂၀၈။ ယိုးဒယားတို့နှင့် တပ်ဦးချင်း တိုက်ရာ ယိုးဒယား ပျက်ပုံ

ယိုးဒယားဘုရင်[၅]လည်း ဘဝရှင်မင်းတရား ချီလာပြီ ဟူ၍ ကြားလျှင် ဆင် မြင်း အများနှင့် ကြိုလာ၏။ ယိုးဒယားမင်းကြီး ကြိုလာကြောင်းကို လဝတို့ လျှောက်၍ ကြားတော်မူလျှင်

၁။ ပဲခူး (မှန်နန်း-၂၄၀)
၂။ ၁၃ အောက်တိုဘာ ၁၅၄၈
၃။ ကံပူရီ- ထိုင်းနိုင်ငံ Kanchanapuri မြို့
၄။ လဗြည်စရိုး (မှန်နန်း-၂၄၁)၊ လချေးစရိုး[တွင်းသင်း(၃)-၆၀]
၅။ ထိုင်းဘုရင်- ဗြသာဒ်ရှင်/ ဗြထည်ရှင် [Chak kraphat](၁၅၄၈-၁၅၆၉)

ပြည်မင်း သတိုးဓမ္မရာဇာ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ သမိန်ဖြူပိုက် တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ သမိန်ပရံ တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ပါ ငါးသောင်းနှင့် အလယ်ကြောင်းချီ၍ ကြိုရသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာ တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ စောလကွန်းအိန် တစ်တပ်၊ သမိန်ရဲသင်ရံ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ဝဲဘက်ကို ဆီးကြိုရသည်။ ဘဝရှင်မင်းတရား တပ်တော်နှင့်တကွ တပ်ပေါင်းတို့မှကား လက်ယာကြောင်း ချီတော်မူသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ လက်ဝဲကြောင်းချီရာမှာ ဗိုလ်ပါ ဆင်မြင်းတို့ကို တော တွင်ချည်း နေရသည်။ အလယ်ကြောင်း ချီသော သတိုးဓမ္မရာဇာတို့မှာ ဆင်မြင်းဗိုလ်ပါကို အနေအထားသင့်အောင် စီရင်၍ မြင်းသည်များကို စစ်ရေးငင်ရသည်။ ယိုးဒယားစစ်သည်တို့ လည်း ဟံသာဝတီ မြင်းသည်တို့ကိုမြင်လျှင် စစ်မျက်နှာဖြန့်၍ ဆင်ချွန်းဖွင့်ကာ လိုက်လာ၏။ မြင်းတော်သည်တို့ကိုလည်း ပြေးသည်အဟန်နှင့် ဆုတ်လာ၏။ ယိုးဒယားစစ်သည်တို့လည်း ထပ်၍ လိုက်လာ၏။ အလိုက် ကျွံလျှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ ငါးတပ်သားတို့ တောက ထွက်၍ တိုက်လာသည်။ နောက်တပ်မပြတ် ချီလာသော ယိုးဒယားဘုရင် ဆုတ်လေ၏။ ဘဝရှင်မင်းတရားတို့ တပ်ပေါင်းသား မီလာ၍ ထပ်၍ တိုက်တော်မူလျှင် ယိုးဒယားစစ် ပျက်လေ၏။ ယိုးဒယားဘုရင် သားနှင့်ညီကို ရတော်မူ၏။ ဆင် မြင်း သုံ့ပန်းလည်း ကျွံလာသမျှကို ရတော်မူ၏။ သေလေသည်လည်း များ၏။ ယိုးဒယားဘုရင်မှကား ရှုံးမိသမျှသော ရဲမက် ဗိုလ်ပါနှင့် အလျင်ဆုတ်၍ မြို့က ခံ၍ နေလေ၏။ ဘဝရှင် မင်းတရားရွှေထီး စစ်သည်တော် သုံးကြောင်းသားတို့လည်း ယိုးဒယားမြို့[1]တိုင်အောင် ထပ်၍ လိုက်သည်။ ဘဝရှင် မင်းတရား ရွှေထီး ရောက်တော်မူလျှင် တပ်မချဘဲ မြို့ကို တက်စေသည်။ မြို့လည်း မြင့်သည်။ ရေလည်း မြို့ကို ရစ်လည်ဝန်းရံ၍ ရှိလေသည်။ လက်နက်ကိရိယာ စိန်ပြောင်း မြတာပူ ကိုင်သော ကုလား ပန်းသေး မြို့စီးပြစီး ထုထပ်လှသောကြောင့် မရချေ။ ရံ၍သာ နေတော်မူရချေသည်။

## ၂၀၉။ ကမန်ပိုက်[2]၊ သောက်ကတဲ[3]၊ ပိသာလောက်[4] မြို့များကို တိုက်ယူပုံ

တစ်လခန့်ရှိလျှင် ဘဝရှင်မင်းတရားလည်း ဘုရင့်နောင်တော် အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ငါတို့သည် ယိုးဒယားမြို့ကို အရှည်အကြာနေ၍ လုပ်ကြံချေသော် အလုပ်အကြံ များရှိမည်။ ယိုးဒယားမြို့ကို ခွာ၍ ကမန်ပိုက်၊ သောက်ကတဲ၊ ပိသာလောက်၊ သည်မြို့များကို ချီ၍ လုပ်ကြံဦးမည်။ သည်မြို့များကို ရလျှင် ယိုးဒယားမြို့ လက်တော်က လွတ်ရမည်လော ဟူ၍ မိန့်တော်မူသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာလည်း သည်အရေးသည် သင့်လှသည် ဟူ၍ နားတော်လျှောက်သည်။ မိုးသောက်လျှင် တပ်တော်ကို နုတ်၍ ကမန်ပိုက်သို့ ချီတော်မူသည်။

ယိုးဒယားဘုရင်နှင့် သမက်ပြည်ယားလကွန်းအိန်မားတို့ ဘဝရှင်မင်းတရား တပ်ကိုနုတ်၍ ချီကြောင်းကို သိလျှင် ယိုးဒယားဘုရင်ညီ ပြည်ယားပိသာလောက်နှင့် ပြက်ဖြစကြိုကို ဆင်လုံး မြင်းရင်း အများနှင့် တစ်ကြောင်း လိုက်ရသည်။ ယိုးဒယားဘုရင်သမက် ပြည်ယားလကွန်းအိန်မား

[1] အယုဒ္ဓယမြို့
[2] ထိုင်းနိုင်ငံ Kamp'eng P'et မြို့
[3] ထိုင်းနိုင်ငံ Su'kotai မြို့
[4] ထိုင်းနိုင်ငံ Pitsanulokမြို့

နှင့် ညီယားရံတို့ တစ်ကြောင်း လိုက်ရသည်။ ယိုးဒယားဘုရင်မှာလည်း ဆင်လုံး မြင်းရင်းနှင့် တစ်ကြောင်း လိုက်လာသည်။ ယင်းသို့ စစ်သုံးကြောင်း ခွဲ၍ ယိုးဒယားဘုရင် လိုက်လာကြောင်းကို ကမန်ပိုက်သို့ မရောက်ခင် သုံးစခန်းတွင် ကြားတော်မူလျှင် ယင်းတွင်ပင် တပ်ချ၍ နေတော်မူသည်။

## ၂၁၀။ ယိုးဒယားဘုရင်တပ် လိုက်လာရာ ကြံ၍ တိုက်ယူပုံ

ယင်းသို့မှ မှူးတော်မတ်တော် အပေါင်းတို့နှင့် တိုင်ပင်တော်မူ၍ ဘုရင်နောင်ကျော်ထင် နော်ရထာ တစ်တပ်၊ မဟာကြီး တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သမိန်ပရဲ တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် အလယ်ကြောင်း ချီ၍ ကြိုရသည်။

ဇောလကွန်းအိန် တစ်တပ်၊ မင်းရဲသင်္ခယာ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သမိန်ဓော်ကရုတ် တစ်တပ်၊ ဥပါကောင်း တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ယာကြောင်း ချီ၍ ကြိုရသည်။

သမိန်ရဲသင်ရံ တစ်တပ်၊ နန္ဒသကြံ တစ်တပ်၊ ဗညားလော တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သမိန်မောစွင်[၁] တစ်တပ်၊ သည်ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ဝဲကြောင်း ချီ၍ ကြိုရသည်။

ယင်းသို့မှ ဘဝရှင် မင်းတရားရွှေထီးမှာ အရပ်ခုနစ်တောင်ရှိသော ဓေယျဒီသာ ဟူသော ဆင်ကို ရတနာအတိပြီးသော ရွှေကြိုးရွှေနှယ် ရွှေလိန်ရွှေပန်း ဆင်ယင်၍၊ ကိုယ်တော်မှာ ကတ္တီပါစိမ်း မွမ်းသော နဝရတ်ကိုးပါးဖြင့် ခြယ်လှယ်စီမံသော အဖိုးအတိုင်းမသိသော ပတ္တမြား ထိပ်၌ တပ်သော မောက်တိုဆောင်းတော်မူ၍၊ ကတ္တီပါစိမ်း မွမ်းသော ပတ္တမြားအတိ စီသော ချပ်ကို ဝတ်တော်မူ၍ ရတနာအတိပြီးသော ချွန်းကို စွဲတော်မူလျက် ဓေယျဒီသာ ဆင်ဦးတွင် စီးတော်မူသည်။ ဓေယျနန္ဒသူကို ကုန်းလယ်တင်တော်မူသည်။ ဓေယျဗလကို နောက်တော် တိုင်ရသည်။ သူကောင်းသား တစ်ရာကို ရွှေဓားစွဲစေ၍ လက်ယာတော်က ငါးကျိပ်၊ လက်ဝဲတော် က ငါးကျိပ် နံပါးနှစ်ဖက် လိုက်ရသည်။ သူကောင်းသားတစ်ရာ ရွှေကာကိုင်စေ၍ ဆင်တော်ရှေ့က လိုက်ရသည်။ ကုလားသုံးရာကို ရွှေဦးရစ်ဆောင်းစေ၍ ရွှေနာသန်နှင့် လုံမရိုးရှည် စွဲစေ၍ ဆင်တော်ဝန်းကျင် လိုက်ရသည်။ ရွှေဦးရစ် ရွှေခါးစည်းပတ်စေ၍ ရွှေဇဝါ ပြောင်းသေနတ်ကိုင် စေသော ကုလားပန်းသေး တစ်ရာတို့ကိုလည်း ဆင်တော်ရှေ့နောက် နံပါးနှစ်ဖက် လိုက်ရသည်။ ဝင်းတော် လေးမျက်နှာသားတို့ကို ရွှေဒိုင်း လေးထောင်၊ ရွှေကာ လေးထောင်၊ ရွှေလှံ လေး ထောင်၊ လုံသုံးစင်းစီကိုင်သော လုံထိုးသသူ လေးထောင်တို့ကိုလည်း ဆင်တော် လက်ဝဲ လက် ယာ ရှေ့နောက် လိုက်ရသည်။ ရွှေမောက်တို ဆောင်းစေ၍ ရွှေချပ်ဝတ်သော ရွှေထိပ်ရွှေကုံးနှင့် မြင်းတော်သည် လေးရာတို့ကိုလည်း ဆင်တော် လက်ဝဲ လက်ယာ ရှေ့နောက် တင့်တယ်စွာ အဲမောင်း လုံတို လုံရှည် ကိုင်၍ လိုက်ရသည်။ ဆင်ကူ လက်ဝဲတော်က နှစ်စီး၊ လက်ယာတော် က နှစ်စီး၊ ရွှေကြိုးရွှေကနှင့် အမြောက်တစ်စင်းစီ တင်၍ လိုက်ရသည်။ ယင်းသို့မှ ကိုယ်ရံတော် မြင်းသည် နှစ်ရာကို ရှေ့ဖျားချီရသည်။ သည်နောက်မှ မှူးမျိုး မတ်မျိုး ကျေးစားသင်မှူး ရှစ်ကျိပ်ကို ရွှေချပ် ရွှေမျှင်းနှင့် ရွှေမောက်တို ဆောင်းစေ၍ ကုန်းလယ် နောက်ပုံနှင့်တကွ

[၁။ သမိန်မောစွင်တွင် နန္ဒယော်ဓာ ပြသည်။ (တွင်းသင်း(၃)-၆၂]

တိုက်ဆင် ရှစ်ဆယ် ချီရသည်။ ဆင်တစ်စီးတွင် ဆင်ခြေဖုံး မိုးနဲ့ ရွှေလုံ့ တစ်ရာစီ လိုက်ရသည်။ သည်နောက် ရွှေဒိုင်း ရွှေလှံ ရွှေကာ လှံအကြား အကြားတွင် ရွှေဓားသားတို့ ဓားရှည်ကိုင်၍ လိုက်ရသည်။ သည်နောက် ရှေ့တော်ပြေး အောင်စည်ထွက်စည်၊ ရွှေခရာ၊ ငွေခရာ၊ ရွှေဒိုးမှုတ် လိုက်ရသည်။ ယင်းကမှ မှူးသားမတ်သား သူကောင်းသားတို့ကို ရွှေဓားနှင့် လိုက်ရသည်။ ယင်းကမှ ဘဝရှင် မင်းတရားကိုယ်တော် သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ် စံပယ်စွာ ချီတော်မူသည်။

တောင်ဌ မင်းရဲသီဟသူမှာ နာဂါဝရ ဟူသော ဆင်ကို စီး၍ တိုက်ဆင်ငါးဆယ်၊ မြင်း သုံးထောင်[1]၊ ဗိုလ်ပါ တစ်သောင်းငါးထောင်နှင့် လက်ဝဲက လိုက်ရသည်။

ပြည်သတိုးဓမ္မရာဇာမှာ ရဲထွတ်မင်္ဂလာ ဟူသော ဆင်ကို စီး၍ တိုက်ဆင် ငါးဆယ်၊ မြင်း သုံးထောင်[2]၊ ဗိုလ်ပါ တစ်သောင်းငါးထောင်နှင့် လက်ယာတော်က လိုက်ရသည်။

ဘဝရှင်မင်းတရား နောက်ရင်းတွင်မူကား– သမိန်ဗြသပိုက်ကို ရံကမိန် ဟူသော ဆင်ကို စီး၍ တိုက်ဆင် ငါးဆယ်၊ မြင်းသုံးထောင်[3]၊ ဗိုလ်တစ်သောင်းငါးထောင်နှင့် လိုက်ရသည်။

ချီတော်မူ၍ တစ်တိုင်ခန့် ရောက်တော်မူလျှင် ရဲယော်ဓာကို မြင်းနှင့် ဘုရင့်နောင်ကျော်ထင် နော်ရထာသို့ သူကို တွေ့လျှင် မတိုက်နှင့်၊ ငါ့ကို ငံ့ဦး။ ငါရောက်တော်မူမှ တိုက်တော်မူမည် ဟူ၍ စေတော်မူသည်။ ရဲယော်ဓာလည်း မြင်းနှင့် အမြန် ပြေး၍ အမိန့်တော်ကို ပြန်သည်။ ဘုရင့်နောင်တော်တို့ စစ်သုံးကြောင်းလည်း အင်းကြီးတစ်ခုကို တွေ့လျှင် တိုက်ဆင်များကို ရေတွင် စိမ်၍ ဗိုလ်ပါကို ဖြည့်တင်းစေ၍ နေစေ၏။ မြင်းတော်သည် သုံးရာတို့ကိုမူကား သူ စစ်ကို ငင်ရှေ့ဟု စေတော်မူ၏။ သူ့တပ်များသည် ဘုရင့်နောင်တော်တို့ စစ်သုံးဖြာ ရှေ့ချီလာသော မြင်းတပ်နှင့် တွေ့လျှင် တိုက်မည် အဟန်ပြု၍ စစ်ရေးငင်ခဲ့၏။ ယိုးဒယားက ချီလာသော စစ်သုံးကြောင်းသားလည်း ထပ်၍ လိုက်လာ၏။

## ၂၁၁။ ဘုရင့်နောင်တို့ ယိုးဒယားနှင့် တိုက်ပုံ

ဘုရင့်နောင်ကျော်ထင်နော်ရထာ စစ်သည်တော်တို့လည်း ဆင်မြင်းကို ရေက တက်စေ၍ ကပြီးလျှင် အသင့် အမြောက်သေနတ် စီစဉ်၍ ဘဝရှင်မင်းတရားကို ငံ့နေ၏။ ယိုးဒယားစစ်သည် သုံးကြောင်းတို့ ချီလာသည် နီးလျှင် လက်ယာဘက်က ဓောလကွန်းအိမ် မဏိဇောကရတ် ဟူသော ဆင်ကို စီးသည်။ မင်းရဲသမ်ယာ စက္ကနီရဲ ဟူသော ဆင်ကို စီးသည်။ သမိန်သံလိုက် ဂဇသူရ ဟူသောဆင်ကို စီးသည်။ ဥပါကောင်း ကွန်းဖြလ ဟူသောဆင်ကို စီးသည်။ ငါးတပ်လုံး က တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ယာဘက်က ယှွန်း၍ တက်လေ၏။ လက်ဝဲဘက်ကလည်း သမိန်ရဲသင်းရဲ ရွှတ်သန့်ကဲ့ ဟူသော ဆင်ကို စီးသည်။ နန္ဒယော်ဓာ ဆဒ္ဒန်ပြောင်မွန် ဟူသော ဆင်ကို စီးသည်။ နန္ဒသကြံ ရဲမြတ်စွာ ဟူသော ဆင်ကို စီးသည်။ သီရိဓမ္မရတ် ကွန်တရော် ဟူသော ဆင်ကို စီးသည်။ သည် ငါးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ငါးသောင်းနှင့် လက်ဝဲက ယှွန်း၍ တက်၏။

ရဲမက်တော် လက်ဝဲ၊ လက်ယာ ယှွန်း၍ တက်ကြသည်ကို ဘုရင့်နောင်ကျော်ထင်နော်ရထာ မြင်တော်မူလျှင် မရဲ၍ နေသည်ဟူ၍ သူအမှတ်ရှိလိမ့်မည်ကို လည်းကောင်း၊ သူ ပွဲရလိမ့်မည် ကို လည်းကောင်း နှလုံး ထားတော်မူ၍ ဘဝရှင်မင်းတရားကို မင်း၊ မဆေယျပလ္လင် ဟူသော ဆင်

၁။ သုံးရာ (ကွင်းသင်း(၃)-၆၃) ၂။ သုံးရာ [-ထို-] ၃။ သုံးရာ [-ထို-]

ကို စီးတော်မူ၍ စည်တော်တီးစေပြီးလျှင် ဆင်တော်ကို အပြင်းတိုး၍ ဟူးဟူးလွှတ်တော်မူ၏။ ်တရားနောင်တော် ဆင်နှင့် အပြင်းလွှတ်တော်မူလျှင် မင်းမဟာ မာတင်ပြောင်မွန် ဆင်ကို စီး၍၊ နန္ဒကျော်ထင် ဗမ္မူတ်ဆိပ် ဟူသော ဆင်ကို စီး၍၊ သမိန်ပရမ်း ဧယျာသရွှေ ဟူသော ဆင်ကိုစီး၍၊ သမိန်အဲပရဲ ပလင် ဟူသော ဆင်ကို စီး၍ ငါးတပ်လုံးကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်ပါ ငါးသောင်းနှင့် အပြင်းထပ်၍ တိုက်လေ၏။ ဘုရင့်နောင် တော် ရဲမက်တို့ ရှုပ်ရှုပ်ချွံချွံ တိုက်လျှင် ယိုးဒယားဘုရင် သမက် ညြယားလကွန်းအိန်မားလည်း အရပ် ခုနစ်တောင်ရှိသော ဧယျနုဘတ် ဟူသော ဆင်ကို စီး၍ အပြင်း လွှတ်လာသည်ကို ဘုရင့်နောင်တော် ဆင်ကူ ကုန်းလယ်ထက်က အမြောက်နှင့် လွှတ်လျှင် ညြယားလကွန်းအိန်မား ကုန်းလယ်ကို မှန်၍ ဆင်ထက်က ကျလေ၏။ ဘဝရှင်မင်းတရား နောင်တော်လည်း ဧယျပလ္လင် ဟူသော ဆင်ကို စီး၍ တိုက်တော်မူသည်။ ညြယားလကွန်းအိန်မား စီးသော ဆင်အာပေါင်ကို အစွယ်နှင့် ထိုးမိလေ၏။ ဆင် အားမတန်၍ ရပ်သည်ကို ဘုရင့်နောင်သားတော် ဧယျသီဟ ယင်းသောအခါ သက်တော်တစ်ဆယ့်သုံးနှစ်၊ ပတ္တမြားကြက်တောင် ရွှေမောက်တိုကို ဆောက်၍ ဆောင်းတော်မူသည်။ ရဲလုလင် ဟူသော ဆင်ကို စီး၍ တိုက်တော်မူသည်။ ညြယားလကွန်းအိန် မား စီးသောဆင် ဧယျနုဘတ် မုန်အိုးကို ထိုးမိလျှင် မျက်နှာသုန်လေ၏။ ယင်းသို့စဉ်တွင် ဘုရင့်နောင်တော် ကုန်းလယ်စီးက လှံနှစ်စင်းနှင့် လွှတ်သည်။ ဧယျနုဘတ်နားတွင် တန်းရရန်း ငြိ၍ ရှိလေ၏။ ယင်းသို့လျှင် ဧယျနုဘတ် မျက်နှာသုန်၍ ပြေးလေ၏။

ယိုးဒယားအမတ် ယိုကရုတ် တရုံသုံ့ပန်း ဟူသော ဆင်ကို စီး၍ ဘုရင့်နောင်တော် ဆင်တော် ဧယျပလ္လင်ကို အပြင်းလွှတ်၍ တိုက်လာသည်ကို မင်းမဟာ မာတင်ပြောင်မွန်နှင့် ချွန်းဖွင့်၍ တိုက်သည်။ တရုံသုံ့ပန်းနှင့် မနည်းကြာ ဖေ့သည်ကို မင်းမဟာ ဆင်ခြေဖုံးတို့ လှံနှင့်ထိုးသည်။ တရုံသုံ့ပန်း အာပေါင်ကို ထိုးမိလေ၏။ လှံချက်အများ ကျလျှင် တရုံသုံ့ပန်း မျက်နှာသုန်လေ၏။ တရုံသုံ့ပန်း မျက်နှာသုန်သည်ကို မြင်၍ စစ်သည်တော်တို့ ထပ်၍ လိုက်လျှင် ညြယားလကွန်းအိန်မား စစ်သည်တို့ ပျက်လေ၏။

လက်ဝဲက နေသော ညြယားပိဿလောက် စစ်သည်တို့လည်း ခံ၍နေ၏။ ယင်းသောခါ ညြယားပိဿလောက် အရပ်ခုနစ်တောင်ရှိသော ကြီးစက္ကဝတ် ဟူသော ဆင်ကို စီး၍ ခံသည်ကို ဘဝရှင်မင်းတရားကြီး ကျွန်တော် စောလကွန်းအိန် မဏိဇောကရုတ် ဟူသော ဆင်ကိုစီး၍ အပြင်းတိုး၍ တိုက်သည်ကို ယိုးဒယားအမတ် ညြထဲနံ[1]သည် ပုံစက်[2] ဟူသော ဆင်ကို စီး၍ ကြုံလာသည်ကို စောလကွန်းအိန် စီးသော မဏိဇောကရုတ် အစွယ်နှင့် ထိုးမိလျှင် ညြထဲနံ စီးသော ပုံစက် မျက်နှာသုန်၍ ပြေးလေ၏။ ညြထဲနံကိုလည်း ရလိုက်၏။

ယေးမြို့ကို စားသော မင်းရဲသမ်ယာ စက္ကနီရဲ ဟူသော ဆင်ကိုစီး၍ တိုက်သည်ကို ယိုးဒယား အမတ် ညြယားသေဉ်နာ ကေတွန် ဟူသော ဆင်ကို စီး၍ ခံသည်။ ဆင်နှစ်စီး မနည်းကြာ ဖေ့ကြလျှင် မင်းရဲသမ်ယာ စီးသော စက္ကနီရဲ အာပေါင်ကို ညြယားသေဉ်နာ စီးသော ကေတွန် အစွယ်နှင့် ထိုးမိ၍ ယင်းတွင်ပင် လဲချေသည်။ ယင်းသို့စဉ်တွင် ဘဝရှင် မင်းတရားကြီး စစ်သည်တော်တစ်ယောက် အမြောက်နှင့် ပစ်သည်။ ညြယားသေဉ်နာ ဆင်ဦးတွင်ပင် ဆုံးလေ ၏။ ညြယား ပိဿလောက်သည် ဆင်ချွန်းငင်ကာ လည်၍ ဆုတ်လေ၏။

လက်ယာဘက်က ယိုးဒယားအမတ် ညြက်ဗြစက္ကီ ရွှတ်တပြိတ်တူ ဟူသော ဆင်ကိုစီး၍

၁။ သောက်ထဲနံ (မှန်နန်း-၂၅၅)၊ ညြယားထဲနံ[တွင်းသင်း(၃)-၆၄]　　၂။ စဝ်မုံစော် [တွင်းသင်း(၃)-၆၄]

လွှတ်သည်ကို ဘဝရှင်မင်းတရား ကျွန်တော် သမိန်ရဲသင်း၏ ရွှတ်သန္တိက်နဲ့ ဟူသော ဆင်ကို စီး၍ ခံသည်။ ရွှတ်တပြိတ်တူ မှန်နှင့်ဖြစ်၍ မှန်နှံကို ရလျှင် ရွှတ်သန္တိက်နဲ့ မဆိုင်ဝံ့၍ တစ်ကြိမ် မျက်နှာသုန်သည်ကို သမိန်ရဲသင်း၏ ချွန်းနှင့် တစ်ချက်၊ နှစ်ချက် ပေါက်လျှင် ရွှတ်သန္တိက်နဲ့ ရှုပြန်လေ၏။ ယင်းသို့စဉ်တွင် နန္ဒယော်ဓာ ဆဒ္ဒန်ပြောင်မွန် ဟူသော ဆင်ကိုစီး၍ တိုက်သည်။ ရွှတ်တပြိတ်တူ ယင်းတွင် လဲလေ၏။ ညြက်ဖြစကျို ဟူသော အမတ်လည်း ဆုံးလေ၏။

ယိုးဒယားအမတ် ညြယားတိဗိ ဖြတ်ပိုက်ဇ ဟူသော ဆင်ကို စီး၍ လွှတ်လှာသည်ကို ဘဝရှင်မင်းတရား ကျွန်တော် သီရိဓမ္မရတ် ကွန်ခရော ဟူသော ဆင်ကိုစီး၍ တိုက်သည်။ ဖြတ်ပိုက်ဇကို အစွယ်နှင့် ထိုးမိ၍ နောက်ဆုတ်ချေးတိုင် ရှိလေ၏။ လိုက်ထပ်၍ တိုက်လျှင် ယောင်ယောင်ကျည်ကျည် မြည်၍ ပြေးလေ၏။

ဘဝရှင်မင်းတရားကြီး ကျွန်တော် နန္ဒသကြိ ရဲမြတ်စွာ ဟူသော ဆင်ကို စီး၍ လွှတ်သည်ကို ယိုးဒယားအမတ် ညြယား၏ ကြိုးစက္ကဝတ် ဟူသော ဆင်နှင့် ခံသည်။ မခံနိုင်၍ ယင်းတွင်ပင် လဲလေ၏။ ယင်းသို့လျှင် ယိုးဒယား စစ်သုံးကြောင်း ပျက်၍ ပြေးလေ၏။

ယိုးဒယားဘုရင်သမက် ညြယားလကွန်းအိန်မားလည်း ဓေယျနုဘတ်ကို စီး၍ ပြေးလေ၏။ အင်းတစ်ခုကို တွေ့လျှင် ချိတ်ဝင်၍ မနိုင်၊ ရေသို့ ဆင်း၍ နေလေ၏။ ဘဝရှင်မင်းတရား စစ်သည်တော် မြင်းသည်တို့မိလျှင် အင်းကို ဝန်းရံ၍ နေလေ၏။ ညြယားလကွန်းအိန်မားကား ဆင်မှ ဆင်း၍ ပြေးမည် ပြုသည်ကို ဖမ်းမိ၍ ဓေယျနုဘတ်နှင့်တကွ ရတော်မူ၏။

ညြယားပီသလောက်လည်း ဆင် မစီးဘဲ ပြေးလေ၍ လွတ်လေ၏။ စီးဆင် ကြိုးစက္ကဝတ်ကို ရလိုက်၏။ ညြယားယိုကရတ်လည်း မြင်းစီး၍ ပြေးလေသည်၊ လွတ်လေ၏။ စီးဆင် တရုံသုံ့ပန်းကို ရလိုက်၏။ ရဲမက်တော်တို့ လိုက်၍ ထိုးခုတ်ပစ်ခတ်သည်။ ယိုးဒယားစစ်သည် အများပင် သေလေ၏။ ဆင်,မြင်း, သုံ့ပန်း ရတော်မူသည် များ၏။ ဘုရင်နောင်ကျော်ထင် နော်ရထာလည်း မြင်းသည်တို့ လိုက်၍ ခေါ်ရသော် မိုးချုပ်မှ ရောက်လှာ၏။

## ၂၁၂။ အောင်ပွဲရသူများကို ဆုပေးတော်မူပုံ

ဘဝရှင်မင်းတရားရွှေထီးလည်း အမြောက် သေနတ်သံ ကြားတော်မူလျှင် တိုက်လေပြီဟု အမှတ်ရှိတော်မူ၍ အပြင်းထပ်၍ ချီတော်မူလှာသည်။ မွန်းယိမ်းအချိန်ကို ရောက်တော်မူလှာလျှင် ယင်းတွင်ပင် တပ်ချ၍ နေတော်မူ၏။ ဘုရင်နောင်တော် ကျော်ထင်နော်ရထာတို့ စစ်သုံးကြောင်း သားလည်း မိမိတို့ ရသည် အမှုးအမတ် ဆင် မြင်း သုံ့ပန်း လက်နက် ဓားလှံ ကိရိယာတို့ကို ဆက်ကြသည်။ ဘဝရှင်မင်းတရားရွှေထီးလည်း ညဥ့်တဲတော်ဦးသို့ မင်းရဲသိဟသူ၊ သတိုးဓမ္မ ရာဇာ၊ ဘုရင်နောင်တော် စသော မြန်မာအမတ်၊ မွန်အမတ်တို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော် ရှိသည်။ သူ့ကိုတွေ့လျှင် မတိုက်နှင့်၊ ငါ့ကို ငံ့ဦး။ ငါရောက်မှ တိုက်တော်မူမည် ဟူ၍ ရဲယော် ဓာကို စေတော်မူသည်။ ပသို့သောကြောင့် ငါ့ပွဲတော်ကို ဖျက်သနည်း ဟူ၍ မိန့်တော်မူသည်။

ယင်းသောခါ ဘုရင့်နောင်တော် ကျော်ထင်နော်ရထာ လျှောက်သည်ကား– ကျွန်တော်တို့ အမိန့်တော်အတိုင်း ဆင် မြင်း ဗိုလ်ပါ စီစဉ်၍ စစ်အင် ကျင်းပြီးလျှင် ဘဝရှင်မင်းတရားကို ငံ့၍ နေစဉ် ယိုးဒယားစစ်သည် ရောက်လှာ၍ လက်ဝဲဘက် ကျွန်တော် ရဲသင်းရံနှင့် ငါးတပ်လုံး ယှဉ်း၍ တက်သည်။ လက်ယာဘက်ကလည်း ကျွန်တော် စောလကွန်းအိမ်နှင့် ငါးတပ်လုံး ယှဉ်း၍ တက်သည်။ သို့ လက်ဝဲလက်ယာ တက်သည် ကျွန်တော် မြင်လျှင် "အရှင်အမိန့်တော်ကို

ကြောက်၍ကား နေသည်မဟုတ်။ မရဲ၍ နေသည်"ဟူ၍ အများ ဆိုလတ္တံ့သည်ကို နိုး၍
အကျွပ်တော်ကို ခံသော်လည်း ခံတော့မည်။ သူ အသွမ်းသွေးကို မခံပြီ အမှတ်ရှိ၍ ကျွန်တော်
တိုက်ပေးသည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင်မင်းတရားရွှေထီးလည်း ငါ့အမိန့်တော်ကို
ဆန့်လွန်သည်ကား မှန်၏။ အရေးတော် မလစ်မလပ် စစ်ရေးလှသည်ကို ငါ အပြစ်တော်တင်
ဖွယ် ရှိသလောဟူ၍ မိန့်တော်မူပြီးလျှင် ပတ္တမြားစီသော ဦးပေါင်းသင်းကျစ် လေးမျက်နှာ
ပတ္တမြားသုံးရစ်စီ ကွမ်းခွက်၊ ပတ္တမြားစီ လက်ဖက်အိုး၊ ပတ္တမြားစီ တကောင်းဖုံး၊ ရွှေချက်
လေးစင်း၊ ဝတ်တော်မူသော ဒုယင်တပ်သော ကတ္တီပါ ဝတ်လုံ၊ လက်တော်နှစ်ဖက်တွင် ဝတ်
တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်၊ သဏ္ဍာလီကနှင့်တကွ စီးတော်မူသော
ဆင်နာဂါဝရ၊ ရွှေကနှင့် စီးတော်မူသောမြင်း၊ ဘဝရှင်မင်းတရား နောင်တော်ကို ပေးတော်မူသည်။
ဘုရင်နောင်သားတော် "ဇေယျသီဟ"၊ ယင်းသောခါ သက်တော် ၁၃ နှစ် ခမည်းတော်ကို
ဆင်ကူ၍ တိုက်သောကြောင့် ဩယားလကွန်းအိန်မားကို အောင်မြင်သည် ဟူ၍ အားရတော်
မူသောကြောင့် "မင်းရဲကျော်စွာ" ဟူသော အမည်နှင့် ရွှေကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊
နီးကြိုးထွေးခံ၊ ရွှေချက်တစ်စင်း၊ ပေါင်းဝန်းရွှေခွက် ပေးတော်မူသည်။ အမှုးအမတ် ပွဲလမ်းရ
သသူများကိုလည်း ကွမ်းခွက်၊ ကွမ်းကျပ်၊ တကောင်းဖုံး၊ လက်ဖက်အိုး၊ ထွေးအင်၊ ကျိုင်းချက်၊
စားကျေး၊ စားလက် တိုင်းခရိုင် အထိုက်အလျောက် ပေးတော်မူသည်။ တိုက်ပွဲတွင် ရသော
ဆင် မြင်း အမြောက် သေနတ်ကိုသာ ယူတော်မူသည်။ ထိုမှတစ်ပါး လူသူ၊ ကျွဲ၊ နွား၊ ရွှေ၊ ငွေ၊
အဝတ်အစား ရသမျှကို ရသသူ ယူရသည်။

## ၂၁၃။ စစ်ရေးကို တိုင်ပင်တော်မူပုံ အကြောင်း

ယင်းသို့ စီရင်တော်မူပြီးလျှင် မှူးတော်မတ်တော် အပေါင်းတို့အား ဤသို့ အမိန့်တော်
ရှိသည်။ ယခု ယိုးဒယားက ချီလာသော စစ်သုံးကြောင်းကို အလိုတော်ပြည့်သည်။ ယိုးဒယားသို့
ပြန်၍ လုပ်ကြံတော်မူရသော်လည်း သင့်မည်လော၊ ကမန်ပိုက်၊ ပိသသလောက်၊ သောက်ကတဲ၊
သည်မြို့များကို တိုး၍ ယူရသော်လည်း သင့်မည်လော ဟူ၍ နိုင်းပြင်းခင်းကျင်းတော်မူသည်ကို
မဟာကြီး လျှောက်သည်ကား– အထက်က ယိုးဒယားဘုရင် ချီလာ၍ ကျွန်တော်တို့ကို တိုက်
လာသောအခါ ရာဇသိန် ဟူသော အရပ်တွင် ပျက်ချက် နာလှလေသည်။
ယိုးဒယားဘုရင်လည်း ဆင်မခြေလျှင် စီး၍ ပြေးလေသောကြောင့်သာ လွတ်ရလေသည်။
ယိုးဒယားဘုရင် သား၊ ညီတို့နှင့်တကွ အမှုးအမတ် ဗိုလ်ပါ ဆင်မြင်းလည်း အများ ရတော်
မူသည်။ အရှအန အသေအပျောက်လည်း များလှလေသည်။ ယခု ပျက်ရာတွင်လည်း ယိုးဒယား
ဘုရင် သမက်ကို ဆင်နှင့်တကွ ရတော်မူလိုက်သည်။ ဒေါဇညား၊ အမှုးအမတ်တို့ကိုလည်း
အများပင် ရတော်မူသည်။ ဆင်ကြီး၊ မြင်းကြီး၊ ဆင်နိုင်၊ မြင်းနိုင်များကိုလည်း ရတော်မူသည်။
အမှုး၊ အမတ် အစရှိသော ဗိုလ်ပါများလည်း အရှ၊ အန၊ အသေအပျောက် များလှလေသည်။
ယိုးဒယားဘုရင်မှ စ၍ တစ်မြို့လုံးလည်း ထိပ်တက်သွေးကို သောက်လတ္တံ့သကဲ့သို့ အလွန်
ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်လေပြီ။ ယခု ယိုးဒယားမြို့တိုင်အောင် ချီတော်မူ၍ လုပ်ကြံတော်မူ
သည် ရှိသော် အလွယ်သာ ရတော်မူမည် ထင်သည် ဟူ၍ နားတော်လျှောက်သည်ကို စော
လကွန်းအိန်နှင့် ရဲသင်းရံက ကျွန်တော် စစ်တောင်းစား မဟာ လျှောက်သည် အရေး သင့်လှ
ပေသည် ဟူ၍ နားတော်လျှောက်၏။

ပြည်မင်း သတိုးဓမ္မရာဇာလည်း ကျွန်တော်တို့ လျှောက်သော အရေးသည် စစ်ရေးရှိသည် မှန်သေးသည်။ သို့ရာတွင် ယိုးဒယားမြို့လည်း တစ်ပါးမြို့ကဲ့သို့ မဟုတ်။ ချောင်းမြောင်းပတ်ကျုံး ဝန်းရံ၍ ရှိလေသည်။ မြို့လည်း ခိုင်ခံ့လှသည်။ အမြောက်ကြီး မြတတ်မှုလည်း များလေသည်။ ရဲမက်ဗိုလ်ပါ ဆင်လုံး မြင်းရင်းလည်း များသည်။ မြစ်မှာလည်း ကုလားပန်းသေးတို့ သင်္ဘောနှင့် ဆီးကာ၍ ခံလေသည်။ ရေးအထက်ကာလည်း တစ်ရံတစ်ဆစ်မျှ မဖျက်ဆီးမှုလေ ဖြစ်သည်။ သူ့ မြို့ကို အနိုင်ပြု၍ ခံနေချိမ့်မည်။ ကျွန်ုပ်တို့ မြို့ကို အလျင်တိုက်၍ မရလျှင် တပ်တည်၍ ပြလက်ရုံး သောက်စေ၍၊ လုပ်ကြီးကြမ ကြိုးစားအားထုတ်၍ လုပ်ကြံတော်မူရချိမ့်မည်။ ယင်းသို့လျှင် အရေးတော် ကြာချိမ့်မည်။ အရေးကြာလျှင် ရဲမက်ဗိုလ်ပါ များသည်နှင့် ရိက္ခာမျိုးရေ ချဲ့ရှားချိမ့်မည်။ အဆေးသို့ နာ၍ ရှာစားရမည်လည်း သူတို့က ဆီးခံ၍ တိုက်လျှင် နာ၍ မရှာစားသာ ရှိချိမ့်မည်။ ယင်းသို့ဖြစ်သောကြောင့် သည်တစ်ကြိမ်ကို နေပြည်တော်သို့ ပြန်တော်မူ၍ အညာတစ်လွှားခွဲ ရှိသော အဝ, စစ်ကိုင်း စသော ရှမ်းပြည်တစ်တန်းကို ကိုယ်တိုင် ချီ၍ ယူဦးမည်။ ယင်းသို့မှ မွန်၊ မြန်မာ၊ ရှမ်း လက်နက်တော်(နိုင်ငံ)ဖြစ်မှ တစ်ကြိမ် ချီတော်မူရလျှင် ယိုးဒယားမြို့သည် လက်တော်က မလွတ်နိုင်ပြီ ဟူ၍ သတိုးဓမ္မရာဇာ နားတော်လျှောက်သည်ကို နန္ဒသင်္ကြံ ဤသို့ နားတော်လျှောက်ပြန်သည်။

သတိုးဓမ္မရာဇာ လျှောက်သော အရေးသည် စစ်ရေးဖြစ်ပေသည်ပင်။ ကျွန်တော် စိတ်တွင် မူကား ယိုးဒယားသားတို့ နှစ်ကြိမ် ကြုံ၍ တိုက်လာရာတွင် စစ်ပျက်သား နာလှလေသည်။ ယိုးဒယားဘုရင် ယုံကြည်မြတ်နိုးလှစွာသော သမက်, ညီတို့ကို ရတော်မူသည်။ ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားဘုရင် ချစ်သားယားစွာ နိမ်ချသောစကားဖြင့် နားတော်လျှောက်လှာလမည် မချွတ်။ ယင်းသို့ပင် မလျှောက်လှာသော်လည်း ယခု စစ်ချိန်ကာလ ရှိသေးသည်။ ကာမန်ပိုက်၊ သောက်ကတဲ၊ ပိဿလောက်၊ သည်မြို့များကို ချီတော်မူ၍ လုပ်ကြံတော်မူသင့်သည်။ ယိုးဒယား သား,သမက်, ညီတို့မျှ မခံနိုင်၍ ပျက်လေပြီးသည်ကို ယင်းသည့် မြို့စားတို့ ခံဝံ့မည်လော။ မခံဝံ့၍ မြို့ကို ရတော်မူလျှင် သင့်တင့်သော အမှုးအမတ်တို့ကို အလုံးအရင်းနှင့် အခိုင်အလုံ နေစေ၍ မျိုးရိက္ခာ များအောင် သည်တစ်မိုးတွင်းကို လယ်လုပ်စီမံမည်။ ကာမန်ပိုက်တွင်လည်း ရိက္ခာတင်စေရာ လေ့လုပ်စီမံစေမည်။ ယင်းသို့ စီရင်တော်မူပြီးမှ ပြန်တော်မူ၍ တစ်ကြိမ် ချီတော်မူရလျှင် ယိုးဒယားမြို့သည် လက်တော်က မလွတ်ရာပြီ ဟူ၍ နားတော်လျှောက်၏။

ဘုရင်နောင်တော်လည်း နန္ဒသင်္ကြံ လျှောက်သော အရေးကို ကြိုက်တော်မူသည်။ ဘဝရှင် မင်းတရားရွှေထီးလည်း သည်အရေးသည် သင့်လှသည် ဟူ၍ မိန့်တော်မူပြီးလျှင် တပ်တော်ကို နှုတ်၍ ကာမန်ပိုက်ကြောင်း ချီတော်မူသည်။ ကာမန်ပိုက်စားလည်း မင်းတရားရွှေထီး ချီလာပြီ ဟူ၍ ကြားလျှင် မြို့တွင် မခံဝံ့၍ အလုံးအရင်းနှင့် တောသို့ ပြေးလေ၏။ ဘဝရှင် မင်းတရား ကာမန်ပိုက်သို့ ရောက်တော်မူလျှင် သောက်ကတဲ၊ ပိဿလောက် မြို့တို့ကို တိုက်စီမံမည် ဟူ၍ ရဲမက် ဗိုလ်ပါ ဆင်လုံး မြင်းရင်း စီရင်တော်မူစဉ်တွင် ယိုးဒယားဘုရင်က သာယာချောင်စွာသော လျှောက်စာနှင့် သံအမတ်နှစ်ယောက် ရောက်လာ၏။ ရာဇသံတွင် ပါသည်ကား-

## ၂၁၄။ ယိုးဒယားမင်းက သံစေ၍ လျှောက်လာပုံ

"ဒွါရာဝတီ မည်သော ယိုးဒယားမြို့ကို စားသော ဗြဟ္မာဓိရာဇ သံတော်ဦးတင်ဝံ့ သော ဘဝရှင်မင်းတရား ချီလာပြီ ဟူ၍ ကြားလျှင် ဆင်စီးချင်းတိုက်မှ သင့်မည်ဟု

အလုံးအရင်း ဆင် မြင်း ဗိုလ်ပါကို ပြည့်တင်း၍ ကျွန်ုပ်ကျွန် နေသည်။ ဘုန်းကြီးသော မင်း ဖြစ်တော်မူ၍ ဆင်ချင်း ယှဉ်၍ မတိုက်ဝံ့ ရှိသည်။ သား၊ သမက်၊ ညီတို့ကို ဆီးကြို၍ ခံစေသော်လည်း ဘုန်းကြီးသောမင်း၏ ဖူးမတ်တော်တို့ကိုမျှ မခံနိုင်ချေ။ ပျက်စီးခြင်းသို့ ရောက်သည်။ ဘုန်းကြီးလှသော ဘဝရှင်မင်းတရား သနားတော်မူ ပါ၍ ကျွန်ုပ် သား၊ သမက်၊ ညီတို့ကို လွှတ်တော်မူပါလျှင် သစ္စာတော်ခံ၍ တစ်နှစ် ကို တိုက်ဆင် ၃၀၊ ငွေ ၃၀၀၊ တနင်္သာရီ သဘော်ာ အကောက်အခွန်ကို ဆက်ပါမည်။ ယခုလည်း ပျပ်ကြီး၊ ပျပ်ငယ်ကို ရှိခိုးလက်ဆောင်တော် ဆက်ပါမည်" ဟူ၍ စာတွင် ပါသည်။ လက်ဆောင်တော်လည်း ကတ္တီပါစိမ်း၊ ကတ္တီပါနီ၊ သက္ကလတ်စိမ်း၊ သက္ကလတ်နီ၊ ပုဆိုးကောင်း စေကနံ့၊ သဟ်၊ မှုရိ၊ပတ္တုနီ၊ ဖက်ခနဲ့၊ ဇော်ကရုတ်၊ ပိတ်၊ရမထိ၊ နံ့သာ ကရမက်၊ အကျော်၊ စမွာ၊ နှင်းရည်များစွာ ဆက်သည်။

## ၂၁၅။ ယိုးဒယားဘုရင်ကိုယ်စား ညီနှစ်ယောက်ကို သစ္စာပေး အရေးပြီးသောအခါ အဆောင်အယောင် ပေးပုံ

ဘဝရှင် မင်းတရားရွှေထီးလည်း ယိုးဒယားဘုရင်က လျှောက်လိုက်သော ရာဇသံ စကားကို ကြားတော်မူလျှင် နန္ဒသကြီကို မြင်လှပေသည် ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် လက်တော်နှစ်ဖက် တွင် ဝတ်သော လက်ကောက်၊ လက်စွပ်၊ ဆင်မတစ်စီး ဆုပေးတော်မူသည်။ သောက်ကတဲ၊ ပိသလောကသို့ ချီစိမ့်မည် ဟူ၍ စီရင်တော်မူသော စစ်ကိုလည်း ရုပ်တော်မူသည်။

ယိုးဒယားသံတို့ကိုလည်း ခေါ်တော်မူ၍ ယိုးဒယားစားက လျှောက်စာတွင် သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါမည် လျှောက်သည် အရေးသာ အရေးဖြစ်သည်။ ငါလည်း ဘုရားဆု ကို တောင်းတော်မူသော မင်းဖြစ်သည် မိန့်တော်မူပြီးလျှင် သံတို့ကို ယိုးဒယားသို့ လွှတ်တော် မူ၍ ပြန်ရလေ၏။ ယိုးဒယားဘုရင်လည်း သံတို့ရောက်၍ ဘဝရှင်မင်းတရား အမိန့်တော်ခွန်း ကို ကြားလျှင် **ပျပ်ကြီး၊ ပျပ်ငယ်**[၁] ဆင်တော်နှစ်စီးကို ရွှေကြီးရွှေငယ်နှင့်တကွ အပြစ်လွှတ်သော ဆင်ပေါက် နှစ်စီးကိုလည်း သဉ္ဇာလီကနှင့် တကွ လက်ဆောင်လက်နက်အများနှင့် ယိုးဒယား ဘုရင်ညီ ဩယားပိသလောက်နှင့် ဩယားသုဝဏ္ဏလောက်တို့ ယိုးဒယားဘုရင်ကိုယ်စား ဘဝရှင် မင်းတရား ခြေရင်းတော်သို့ လာ၍ လက်ဆောင်ဆက်ပြီးလျှင် သစ္စာခံလာရ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း လက်ဆောင်တော်ကို သိမ်းယူပြီးလျှင် ယိုးဒယားဘုရင်ညီ ဩယား ပိသလောက်၊ ဩယားသုဝဏ္ဏလောက် နှစ်ယောက်တို့ကို သစ္စာတော် ပေးစေ၏။

ယင်းသို့မှ တိုက်ပွဲတွင် ရတော်မူသော ယိုးဒယားဘုရင် သား၊သမက်၊ ညီအလတ်ကို ထားရာက လွှတ်တော်မူ၍ အဝတ်အစား တန်ဆာပလာ ဆင်ယင်စေ၍ တဲတော်ဦးသို့ ခေါ်တော် မူပြီး လျှင် ယိုးဒယားဘုရင်သား ရွှေကွမ်းခွက်ရစ်မြောင့် ပတ္တမြားသုံးရစ်စီ၊ ရွှေတကောင်းဖုံး ပတ္တမြားစီ၊ လက်ဖက်အိုး ပတ္တမြားစီ၊ ရွှေထွေးခံ၊ ပတ္တမြားစီ ဓား၊ ရွှေကြိုးရွှေကနှင့် ဆင်မတစ်စီး၊ ရွှေချက် လေးစင်း၊ စည်ကိုးလုံး၊ ရွှေနှဲနှစ်၊ ရွှေခရာနှစ်၊ ငွေခရာနှစ် ပေးတော်မူသည်။

ယိုးဒယားဘုရင် ညီကို ရွှေကွမ်းခွက်ခြောက်မြောင့် ပတ္တမြားတစ်ရစ်စီ၊ လက်ဖက်အိုး ပတ္တမြားတစ်ရစ်စီ၊ တကောင်းဖုံး ပတ္တမြားတစ်ရစ်စီ၊ မိုးကြိုးထွေးခံ၊ ဆင်ပေါက်တစ်စီး ပေါင်း ဝန်း၊ ရွှေက သဉ္ဇာလီကနှင့် ဆင်မတစ်စီး၊ ရွှေချက်နှစ်စင်း၊ စည်ခုနစ်လုံး၊ ရွှေနှဲသုံး၊ ရွှေခရာသုံး ပေးတော်မူသည်။

၁။ ဖြတ်ကြီး ဖြတ်ငယ် (မှန်နန်း-၂၅၁၊ တွင်းသင်း(၃)-၆၇)

ယိုးဒယားဘုရင်သမက်ကိုလည်း ရွှေကွမ်းခြောက်ခြောင့် ပတ္တမြားတစ်ရစ်စီ၊ တကောင်းရွှေ ပတ္တမြားတစ်ရစ်စီ၊ နိုးကြိုးထွေးခံ၊ ဆင်ပေါက်တစ်စီး၊ ပေါင်းဝန်း ရွှေကွပ်၊ သဒ္ဒါလိက်နှင့် ဆင်မတစ်စီး၊ ရွှေချက်နှစ်စင်း၊ ညောင်နှစ်လုံး၊ ရွှေခွဲ ၃–၊ ရွှေခရာ ၃–ပေးတော်မူသည်။ ယင်းသို့ သနွာတော်ခံရသည်။

သနွာတော်ခံလာသော ယိုးဒယားဘုရင်ညီ ပြယားပိဿလောက်ကိုလည်း ယိုးဒယားဘုရင် သမက်နည်းတူ အဆောင်အယောင် ထီး၊ ရှည်ပေးတော်မူသည်။ ညီတစ်ယောက် ပြယားသုဝဏ္ဏ လောက်ကိုလည်း ရွှေကျပ်၊ လက်ဖက်အိုး၊ မြင်းကြီးက အစုံ ပေးတော်မူသည်။

သည့်ပြင်ရတော်မူသော ဆါတူညားတို့ကိုလည်း ထိုသူတို့နှင့် အထိုက်အလျောက် အဆောင် အယောင် စားခွက်စားယောက် ပေးတော်မူသည်။ ယိုးဒယားစစ်သည် ရတော်မူသမျှကိုလည်း လွှတ်တော်မူသည်။ ယိုးဒယားသားတို့ ပြန်လေ၍ ၈–ရက်ရှိလျှင် ဘဝရှင်မင်းတရား တပ်စဉ် အတိုင်း တာလောင်းခရီးကို ပြန်တော်မူသည်။ ခရီးပြင်း၍ မလိုက်နိုင်သော ဗိုလ်ပါ ဆင် မြင်းတို့ကိုလည်း မော်လမြိုင်စား ဥညာဦးကို အပ်၍ ထားတော်မူပြီးမှ မော်လမြိုင်က ချီတော် မူ၍ (၉၁၀) ကိုးရာတစ်ဆယ်ပြည့် တန်ခူးလဆန်းသုံးရက်နေ့[၁] ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူသည်။

## ၂၁၆။ မင်းတရားရွှေထီး ပေါ်တူဂီကုလားနှင့် ပေါင်း၍ ပျက်စီးရပုံ အကြောင်း

ဤသို့ ဘုန်း လက်ရုံး အာဏာ ပညာအမြင်တော်နှင့် ပြည့်စုံတော်မူသော မင်းသည် မပေါင်း ဖော်အပ်သော နိယတမိစ္ဆာဒိဋ္ဌိဖြစ်သော ကုလားဘယင်ဂီတစ်ယောက်နှင့် ပေါင်းဖော်တော်မူ ချေသောကြောင့် မြတ်သောမင်း၏ တရားမှ ရွေ့လျောတော်မူချေသည်။

ထိုကုလားဘယင်ဂီအကြောင်းကား– ပိန္နရာစ်မင်း[၂] တူဖြစ်သော ကုလားတစ်ယောက်ကို ဦးစီးဖြစ်သော ပိန္နရာစ်မင်းသည် သင်္ဘော ခုနစ်စင်း၊ ကုရွတ်တစ်ရာနှင့် အစည်မြို့[၃]ကို တိုက်လေ ဟူ၍ စေလိုက်၏။ ပိန္နရာစ်မင်းတူလည်း မာလိကာမြို့[၄]သို့ ရောက်လျှင် အမြောက်ဆေး ကျည်ဆန် များစွာ တင်ခဲ့၍ အစည်မြို့ကို တိုက်လေ၏။ အစည်မင်းလည်း သင်္ဘောကုရွတ် အများနှင့် ဆီး၍ တိုက်လျှင် ပိန္နရာစ်မင်းတူ ပျက်၍ ကုရွတ် တစ်ဆယ်၊ လူ သုံးရာခန့်နှင့် မုတ္တမဆိပ်သို့ ရောက်လာ၏။ မုတ္တမစားလည်း ပိန္နရာစ်မင်း တူနှင့် လူသုံးရာခန့်ကို ဖမ်း၍ ဆက်လာ၏။ ဘဝရှင် မင်းတရားရွှေထီးလည်း မြင်တော်မူလျှင် အပြင်အလျာ သိမ်မွေ့နူးညံ့သည်နှင့် သနားတော်မူ၍ နေရာအိမ် ကောင်းမွန်စွာ ပေးတော်မူ၍ နေရသည်။

တစ်နေ့သ၌ ဘဝရှင်မင်းတရား ကစားတော်မူရာသို့ ကုလားကို ခေါ်တော်မူ၍ လိုက်ရ သည်။ ထိုသို့ ရောက်တော်မူလျှင် စက်တော်[၅]တွင် စကားပွင့်ကို ထား၍ ကုလားကို သေနတ် ပစ်စေသည်၊ အချက်တိုင်း ပစ်မှန်သော ဟူ၏။ ယင်းသို့လျှင် အတိုင်းထက်အလွန် သနားတော် မူ၍ အတွင်းစေ ကိုယ်လုပ်တော်တစ်ယောက်နှင့် စုံဖက်တော်မူသည်။ နေရာလည်း ပေးတော်မူ သည်။ ကိုယ်လုပ်တော်လည်း ကုလားနှင့် ကျင်လည်ကြလျှင် ကုလားတို့ သုံးဆောင်စားသောက်

---

၁။ ၂၈ ဖေဖော်ဝါရီ ၁၅၄၉။ [သက္ကရာဇ် ၉၁၀ တန်ခူးလဆန်း ၁၃ ရက် (၁၀ မတ် ၁၅၄၉) (တွင်းသင်း–၃ –၆၈)]
၂။ အိန္ဒိယနိုင်ငံ ဂိုအာ (Goa) မြို့ရှိ ပေါ်တူဂီဘုရင်ခံ ။ ၃။ စုမတြားကျွန်း၏ အနောက်မြောက်ဘက်စွန်းရှိ Achin/ Achien/ Acheen/ Asi ဟု ခေါ်တွင်ခဲ့သည့်မြို့။ ၄။ မလေးရှားနိုင်ငံ မလက္ကာမြို့ (Malacca) ၅။ စက်တိုင် [မှန်နန်း–၂၅၂၊ တွင်းသင်း(၃)–၆၉]

သော အမဲ အသား စားဖွယ်သောက်ဖွယ်ရာတို့ကို အပွတ်အညွှတ် ကောင်းမွန်စွာ လုပ်၍ ဘဝရှင် မင်းတရားရွှေထီးကို မပြတ်ဆက်သည်။ ထိုမှတစ်ပါးလည်း ယစ်ဝစေတတ်သော စပျစ်ရည်ကို ခိုင်း၍ ဆက်သည်။ ထိုစပျစ်ရည်သည်ကား သောက်လျှင် ချိုမြိုက်သည်။ ဘဝရှင် မင်းတရား လည်း အလွန်နှစ်သိမ့်တော်မူ၍ ကုလားကို နန်းထက်သို့ ခေါ်တော်မူပြီးလျှင် အပါးတော်တွင် နေစေ၍ သောက်စားရ၏။

ဤသို့ သောက်စားတော်မူဖန်များလတ်သော် ကုလားတို့ဘာသာ အရက်ကို ကောင်းလှ အောင် ပြုန်၍ ချက်ပြီးလျှင် များရည်နှင့် ရော၍ ချက်ပြန်၏။ ထိုအရက်ကို သောက်တော်မူလျှင် အမှုတော် ဖောက်ပြန်၍ ဤသူမယားကို ထိုသူကို၊ ထိုသူမယားကို ဤသူကို ပေး၍ ဤသို့ မအပ်မရာသော အကြောင်းအရာကို စီရင်တော်မူဘိ၏။ သူ မလို၍ ဤသူသည် မသင့်မတင့်သော အကြံကို ကြံသည် ဟူ၍ ချောလျှောက်သည်ကို ဟုတ် မဟုတ်ကို စိစစ်တော်မမူပြီ။ ငင်၍သာ ကွပ်မျက်တော်မူသည်။

ထိုသို့ ပြုဖန်များလတ်သော် ဘုရင်နောင်တော် ကျော်ထင်နော်ရထာလည်း သည်အကျင့် သည် ကောရာဇ်မင်းတို့၏ အကျင့်မဟုတ်။ သုံးစွဲတော်မူသည်ကို ပယ်တော်မူမှ သင့်မည် ဟူ၍ အဖန်တလဲလဲ လျှောက်သော်လည်း သေနှင့် အကျွမ်းဝင်ပြီး ဖြစ်၍ ပြည်အလုံးကို ဘုရင်နောင် တော်သာ စီရင်လေ။ ငါ့ကို မလျှောက်နှင့်တော့။ ငါမူကား ရွှေနန်းတော်တွင် စံပျော်တော်မူ၍ နေတော်မူမည် မိန့်တော်မူသည်။ ရံဖန် ညီလာခံထွက်တော်မူနိုင်သည်။ ရံဖန်လည်း ထွက်တော် မမူနိုင်။ ဤကဲ့သို့ ရှိဖန်များလတ်သော် ဘုရင်နောင်တော် ကျော်ထင်နော်ရထာလည်း အတွင်း တော်တွင် စေပါတော်မူသော မင်းညီ မင်းသား မင်းမှုမတ်တို့ကို ခေါ်သွားတော်မူ၍ အပါးတော် တွင် ကိုယ်နှင့် မကွာ ညဉ့် ၂-ချက်တီးကျော် သုံးချက်တီးအောင် စောင့်၍ နေတော်မူသည်။ စက်တော်ခေါ်၍ ပျော်တော်မူမှ ယုံကြည်ကောင်းသော အမှုး အမတ်တို့ကို အစောင့်အနေ ခန့်တော်မူ၍ အိမ်သို့ ပြန်တော်မူသည်။ မိုးသောက်လျှင်လည်း ဘဝရှင်မင်းတရား စက်တော်ခေါ် ရာက မနိုးခင် နန်းတော်သို့ တက်တော်မူ၍ ပြည်ရေးရွာမှုကို စီရင်တော်မူသည်။

ဤကဲ့သို့ ကိုယ်တော်နှင့်မကွာ ကြပ်မစီရင်သောကြောင့် အမှုးအမတ်တို့တွင် သတ်လေ အမိန့်တော်ရှိသည်များကို ဝှက်ထားတော်မူ၍ အသက်ကို လွတ်စေသည်။ ဘုရင်နောင်တော် မသိသော သူတို့သာ သေလေသည်။ ဤကဲ့သို့ ဖြစ်ဖန်များလတ်သော် မှန်အမတ်၊ မြန်မာအမတ် တို့သည် ရုံးစုတိုင်ပင်၍ ဘုရင်နောင်တော်ကို ဤကဲ့သို့ လျှောက်ကုန်၏။ ယခု သည်ပြည်ရွာ ငြိမ်ဝပ်နိုင်မည် အရေး မရှိပြီ။ ညီတော်ဘုရားကို လုံခြုံအောင် ထားပြီးလျှင် ဘုန်းကြီးသည် အရှင် နန်းတက်တော်မူတော့၊ ကျွန်တော်တို့ အရှင်အမှုတော်ထမ်းပါတော့မည် ဟူ၍ လျှောက်ကုန် ၏။ မင်းတရားနောင်တော်လည်း အစ်ကိုတို့၊ ငါတို့ ဘဝရှင်ကျေးဇူးတော် သစ္စာတော်နှစ်ပါး ရှိချေသည်။ သည်စကားကို ငါသာ ကြားစေ၊ အခြား မကြားစေနှင့်။ သဗ္ဗညုဘုရား တရားတော် မှာလည်း မတော် မမှန် မစောင့်ကျင့်သော သူသည် အနှစ်တစ်ရာပင် နေရငြားသော်လည်း တော်မှန် ဖြောင့်မတ်သော သူ တစ်နေ့ နေရသည်ကို မတန် ဟူ၍ ဟောတော်မူသည်။ ဘဝရှင် မင်းတရားရွှေထီး စိတ်တော်ကို မှုင်းမြောင့်၍[၁] အကျိုးအကြောင်းကို လျှောက်ပါဦးမည်။ သို့ လျှောက်သည်ကို ယူတော်မမူနိုင်သော်လည်း အစ်ကိုတို့၊ ငါတို့ စောင့်မ၍သာ အမှုတော်ကို ထမ်းကြရမည်။ မသင့်မတင့်သော အကြံကို ကြံ၍ မသင့်ချေ။ အစ်ကိုတို့ ကိုယ်ရေးမှာလည်း

၁။ မှုင်းမြောင့်၍ (မှန်နန်း-၂၁၄)

ငါရှိလေပြီးသည်။ မည်သည်ကိုမျှ မစိုးရိမ်နှင့်။ အစ်ကိုတို့ စားမြဲသော စည်းစိမ်နှင့် ငြိမ်သက်စွာ နေကြ ဟူ၍ မိန့်တော်မူလျှင် မင်းမှူးမင်းမတ် အပေါင်းတို့လည်း အထူး မလျှောက်ရဲကုန်။ ဦးချ၍ ဆိတ်ဆိတ် နေကြကုန်၏။

ယင်းသို့မှ ဘဝရှင်နောင်တော် ဤသို့ မိန့်တော်မူပြန်သည်။ ဘဝရှင် မင်းတရားသည် ရှေ့၌ ဖြစ်ပွားသော အကုသိုလ်ကံနှင့် လျော်စွာ မရပ်မတည် ရွှေသွပ်၍ပင် ရှိတော်မူသော်လည်း အစ်ကိုတို့၊ ငါတို့ ကြပ်မ၍ ပိတ်ဆို့ ဆီးကာရမည်ကို ပြည်ရွာ စနောင်စနင် ရှိရမည်လော ဟု မိန့်တော်မူသည်။ မှူးတော်မတ်တော် အပေါင်းတို့လည်း အရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိပြီ ဟူ၍ လျှောက်ကုန်သည်။ ဘုရင်နောင်တော်လည်း ထိုနေ့မှစ၍ ပြည်ရေးရွာမှုကို မလစ်မလပ် ရအောင် စီရင်တော်မူသည်။ ပိဋကတ်မင်းတရား ကုလားဘုရင်ဂျိကိုလည်း သင်္ဘောတစ်စင်းနှင့် အရှင်းအနီး ရွှေ ငွေ ပေး၍ ကုလားပြည်သို့ ပြန်ရလေသည်။

## ၂၁၇။ တောင်ငူကို သီဟသူအား ပေးပုံ

သက္ကရာဇ် (၉၁၀) ကိုးရာတစ်ဆယ်ပြည့်[1]တွင် တောင်ငူကို မင်းပြုသော ဘုရင်နောင် ညီတော် မင်းရဲသီဟသူ အနိစ္စရောက်တော်မူ၍ သားတော်အလတ်ကို သီဟသူ ဟူသော အမည်နှင့် ကေတုမတီမြို့ကို ပေးတော်မူသည်။

ယင်းသို့သောခါ မှူးတော်မတ်တော် အပေါင်းတို့က ဘဝရှင်မင်း နောင်တော်သည် လိုရှိနှင့်သော မထိုက်တန်။ ကေတုမတီမြို့ကို ပေးတော်မူသော် သင့်မည် ထင်သည်ဟု လျှောက်ကြသည်ကို ကိုယ်တော်ကို လက်ညှိုးညွှန်၍ ပြတော်မူသည်။ ဘုရင်နောင်သည် ငါ့ကိုယ်တော် ဖြစ်တော့သည် ဟူ၍လည်း အမိန့်တော် ရှိသည်။

## ၂၁၈။ သမိန်ထောရာမ ပုန်ကန်ခြင်း အကြောင်း

သက္ကရာဇ် (၉၁၁) ကိုးရာတစ်ဆယ့်တစ်ခု[2]တွင် ဗညားရန်မင်း[3] အိမ်နိမ့်တွင်မြင်သော သားရဟန်းတစ်ဦးသည် ဓမ္မဲ့အံ့မြို့တွင် သက်အိမ် ဆွေးသောက်ကြီးထံ မွေးပွဲသို့[4] သွားလေ၍ တိုင်ပင်ကြပြီးလျှင် သံလျင်သို့ သွားပြန်၍ ခေါင်းအကြီးတို့နှင့် ရုံးစည်း၍ ဒဂုံ၊ ဒလဘက် ဟူသော အရပ်တွင် ပရိသတ်ပြုပြီးလျှင် ကျိုက်ပေါ်ဘုရားတွင် သစ္စာပြု၍ "သမိန်ထောရာမ" ဟူသော အမည်ကို ခံသည်။ ယင်းသို့မှ ဆင် မြင်း ဗိုလ်ပါ ရုံးစု၍ ရေကြောင်း၊ ကြည်းကြောင်း မကော်သို့ ချီ၍ တပ်နှင့် နေလာသည်။ ထိုအကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် ဘုရင်နောင်တော်ကို ဆင်လုံး မြင်းရင်း စီရင်၍ အလျင်ချီလေစေ အမိန့်တော် ရှိသည်။ ဘုရင်နောင်တော် ကျော်ထင်နော်ရထာလည်း ဓမ္မဲ့အံ့မြို့ကို စားသော ညီတော် သီရိဇေယျကျော်ထင် တစ်တပ်၊ သမြင်တံ့မြို့ကို စားသော ညီတော် နန္ဒယော်ဓ တစ်တပ်၊ မြောင်းမြမြို့ကို စားသော ဗညားလော တစ်တပ်၊ ပုသိမ်မြို့ကို စားသော သမိန်ဗြသဝိုက် တစ်တပ်၊ ပန်းကိုမြို့ကို စားသော ဗညားကျန်း တစ်တပ်၊ ဒလမြို့ကို စားသော သီရိဇေယျနော်ရထာ တစ်တပ်၊ ခေမာမြို့ကို စားသော သမိန်ရဲသင်းရဲ တစ်တပ်၊ ဝန်မြို့ကို စားသော သမိန်သံလိုက် တစ်တပ်၊ အစုတ်မြို့ကို စားသော သမိန်အဲပရဲ တစ်တပ်၊ ခဲပေါင်မြို့ကို စားသော သမိန်သံကျယ် တစ်တပ်၊ သာယာဝတီမြို့ကို

---

၁။ ခေဒီ ၁၅၄၈ ၂။ ခေဒီ ၁၅၄၉ ၃။ မွန်ဘုရင်/ ဗညားရန်မင်း(ခေဒီ ၁၄၉၂-၁၅၂၆) ၄။ ဆွေးသောက်ကြီး မတော့ပွဲသို့ (မှန်နန်း-၂၅၅)

စားသော ဥဇနာ တစ်တပ်၊ သည် ၁၁ တပ်ကို တိုက်ဆင်နစ်ရာ၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ ကြောက်သောင်းနှင့် ချီရသည်။

မကောင်းသို့ ရောက်၍ သူ့ကို တွေ့လျှင် နန္ဒယော်ဓာ ငမြတ်စွာ ဟူသော ဆင်ကို စီး၍ တိုက်သည်။ သမိန်ထောရာမ စစ်ဦးပျက်လေ၏။ တပ်မှူး၊ စစ်ကဲ အပေါင်းတို့လည်း အဆီး အသား မရှိ၊ ရှုပ်ရှုပ်ချွံချွံ ဆင်ချွန်းဖွင့်ကာ လွတ်ကြလျှင် ပျက်ပြန့်လေ၏။

သမိန်ထောရာမလည်း ရုံးမိသမျှသော ဗိုလ်ပါနှင့် အနောက်သို့ သွား၍ လူသူ စည်းရုံးပြီး လျှင် ရေကြောင်း၊ ကြည်းကြောင်း သံလျင်သို့ ချီလာ၍ တိုက်လေ၏။ သံလျင်စား နန္ဒကျော်ထင် လည်း ဟံသာဝတီမှာ ရှိနိုက်ဖြစ်၍ မြို့ကို ရလျှင် အနိုင်အလုံ နေလေ၏။

## ၂၁၉။ ဘုရင့်နောင်တော် သံလျင်သို့ ချီရခြင်း

ဘဝရှင်မင်းတရားရွှေထီးလည်း ထိုအကြောင်းကို ကြားတော်မူလျှင် ဘုရင်နောင် ချီမှုသာ အရေးတော်ပြီးလွယ်မည် အမိန့်တော်ရှိသည်ကို ဘုရင်နောင် ဤသို့ နားတော်လျှောက်သည်။ ယခု သူပုန်တို့လည်း ကျေးစွန်ရွာလက်တို့ကို ဖျက်ဆီး၍ တစ်ချက်တစ်လက်တည်း ဖြစ်ကြလျှင် ဆင်အားကြီး၍ အလုပ်အကြံ များရမည်မှာလည်း အမှန်ဖြစ်တော့သည်။ ဘုရင်ကိုယ်တော်က စွာ၍ ချီရမည်လည်း အခက်ပင် ဖြစ်တော့သည် ဟူ၍ လျှောက်သည်ကို သူပုန်တို့ ဆင်အားကြီး လှသည် ဟူ၍ ငါ ကြားတော်မူသည်။ မည်မည်ရာရာ အမှူးအမတ်တို့ကို ခန့်တော်မူ၍ အရေး အလျှင် မပြီးချေ။ နောင်တော် ချီမှသာ အရေးတော် ပြီးလွယ်မည်။ ငါ့အပါးတော်တွင်လည်း တောင်ငူစား သီဟသူ၊ မုတ္တမစား စောလကွန်းအိန်၊ သမိန်စောထွတ်တို့ ရှိလေပြီးသည်။ အလျင် ချီမှ သင့်မည် ဟူ၍ မိန့်တော်မူသည်။ ဘုရင်နောင်ကျော်ထင်နော်ရထာလည်း အာဏာကို မဆန်နိုင်၍ ညီတော် သီဟသူ၊ စောလကွန်းအိန်၊ သမိန်စောထွတ်တို့ကို ဘဝရှင်မင်းတရား အပါးတော်တွင် အစောင့်အနေ ခန့်ထား စီမံတော်မူ၍ သံလျင်သို့ ချီတော်မူသည်ကို စီရင်တော် မူသည်ကား–

ညီတော်နန္ဒယော်ဓာ တစ်တပ်၊ ဥဇနာ တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ ညီတော် သီရိဇေယျကျော်ထင် တစ်တပ်၊ သီရိဓမ္မရာဇ် တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ သမိန်ဗြဲသပိုက် တစ်တပ်၊ သမိန်သံကျွယ် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သမိန်စောကရဇ် တစ်တပ်၊ နန္ဒသကြီ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ ဗညားဣန္ဒ တစ်တပ်၊ သည်နောက်မှ ဘုရင်နောင်တော် အရပ် ခုနစ်တောင်ရှိသော "ဥပေါသထာ" ဆင်တော် ကို ရွှေကြိုး ရွှေကတင်၍ စီးတော်မူသည်။ တပ်မတော်တွင် နန္ဒပကြံကို တပ်မှူး၊ ဇေယျဗလကို စစ်ကဲခန့်တော်မူသည်။ လက်ဝဲရဲတိုင် မြင်းတပ်၊ (လက်ယာရဲတိုင် မြင်းတပ်)၊ တုရင်ယော်ဓာ မြင်းတပ်၊ ဒေဝသူရ မြင်းတပ်၊ သည် မြင်းလေးတပ်နှင့် တပ်ပေါင်း ၁၉–တပ်တွင် ပါသည် တိုက်ဆင်နစ်ရာ၊ မြင်းလေးထောင်၊ ဗိုလ်ရှစ်သောင်းနှင့် ချီတော်မူသည်။ သံလျင်သို့ ရောက်တော် မူလျှင် စစ်မျက်နှာ သုံးကြောင်းဖြန့်၍ တိုက်တော်မူသည်။ သမိန်ထောရာမက စစ်သည်ဗိုလ်ပါ ဆင် မြင်း လက်နက်ကိရိယာ နည်းသောကြောင့် ပျက်လေ၏။ သမိန်ထောရာမလည်း ရုံးမိ သမျှသော အလုံးအရင်းနှင့် အနောက်ကျေးစွန်သို့ ပြေးလေ၏။

ဘုရင်နောင်တော်လည်း သံလျင်ကို အောင်တော်မူ၍ သမိန်ထောရာမ ပြေးလေကြောင်း ကို လျှောက်စေ၍ ကြားတော်မူလျှင် ဘုရင်နောင်တော်ကို ဒလမြို့တွင် အလုံးအရင်းနှင့်တကွ

အခိုင်အလုံ နေလေ ဟူ၍ ဓလေ့တော်မူသည်။ ဘုရင်နောင်တော်လည်း ၁၉ တပ်သားနှင့် ခလေတွင် နေတော်မူသည်။

### ၂၂၀။ မင်းတရားရွှေထီး ပန်းတရော်တပ်သို့ ယာယီပြောင်းစံပုံ

ဘဝရှင်မင်းတရားရွှေထီးလည်း သက္ကရာဇ် (၉၁၁) **ကိုးရာတစ်ဆယ့်တစ်ခု တပို့တွဲလ**[၁]တွင် ခါတာတော် မသန့်၊ ယာယီ ရှိသည်ဟု ပညာရှိတို့ လျှောက်၍ တိုက်ဆင် တစ်ရာ၊ မြင်း နှစ်ရာ[၂]၊ စစ်သည်သူရဲ လေးသောင်းနှင့် ဟံသာဝတီကသည် **ပန်းတရော်**[၃] တပ်တော်သို့ ပြောင်း၍ နေတော်မူသည်။ ယင်းသောအခါ တောင်ငူစား သီဟသူကို ဟံသာဝတီတွင် နေရသည်၊ စစ်တောင်းမြို့ကိုလည်း မင်းမဟာ လွှန်၍ သမိန်စောထွတ်ကို ပေးတော်မူသည်။ သမိန်စောထွတ် နှင့် သမိန်စောလကွန်းအိန်ကို အပါးတော်တွင် ညဥ့်နေ့ နေရသည်။ သမိန်စောထွတ် ညီ နှစ်ယောက်ကိုလည်း လက်ဝဲခေးမှူး၊ လက်ယာခေးမှူး ခန့်တော်မူသည်။ ဘဝရှင်မင်းတရား ရွှေထီးလည်း ပန်းတရော်တပ်တော်တွင် တစ်လခန့် နေတော်မူပြီးလျှင် **ရနိုင်တပ်**[၄]သို့ ပြောင်း၍ နေတော်မူပြန်သည်။ ရနိုင်တပ်တွင် နေတော်မူစဉ် အရှေ့ဘက် ကသာ ဟူသော အရပ်တွင် ဆင်ဖြူပေါ်သည်ဟု စစ်တောင်းစား သမိန်စောထွတ် လျှောက်သည်ကို ယုံကြည်တော်မူ၍ ကသာသို့ ကူးတော်မူသည်။ အင်လိတ်ဘုရား[၅]အနီးတွင် တပ်မ ချ၍ နေတော်မူသည်။

စောလကွန်းအိန်ကိုလည်း ငါဆင်ဖြူရဲ့တော်မူမည်၊ မုတ္တမမြို့မှာ ရဲမက် ဝိုလ်ပါ ရုံးစုရေ ဟူ၍ မုတ္တမမြို့သို့ စေတော်မူသည်။ စောလကွန်းအိန်လည်း ကိုယ်တော်နှင့် ကျွန်တော်ကို မကွာစေနှင့်၊ ဘုရားနောင်တော် မှာသည်ဟူ၍ အကြိမ်ကြိမ် လျှောက်သော်လည်း သမိန်စောထွတ် ရှိလေပြီ၊ သွားလေတော့ အမိန့်တော်ရှိလျှင် အာဏာကို မဆန်ဝံ့၍ မုတ္တမသို့ ချီရလေသည်။

### ၂၂၁။ မင်းတရားရွှေထီး နတ်ရွာစံရခြင်း အကြောင်း

စောလကွန်းအိန် အပါးတော်တွင် မရှိလျှင် စစ်တောင်းစား သမိန်စောထွတ်လည်း ညီတော် လက်ဝဲခေးမှူး၊ လက်ယာခေးမှူးနှင့် အထက်က တိုင်ပင်ရင်း ရှိသည်ဖြစ်၍ သက္ကရာဇ် (၉၁၂) **ကိုးရာတစ်ဆယ့်နှစ်ခု ကဆုန်လပြည့်ကျော် တစ်ရက်**[၆] ၄ ဟူးနေ့သို့ အဝင် ညဥ့် ၃ ချက်တီးကျော် တွင် ဘဝရှင်မင်းတရားရွှေထီး စက်တော်ခေါ်စဉ် လက်ဝဲခေးမှူး ညဥ့်ကို မိမိစွဲသော ဓားဖြင့် လုပ်ကြံလေသည်။[၇] ဦးခေါင်းပြတ်၍ သလွန်တော်အောက်သို့ စဉ်ကျလေသည်ကို မိုးသောက်မှ ကြည့်ရှုကြသော် အသက်ရှိသော သူကဲ့သို့ မျက်တောင်တခတ်ခတ် ရှိသည်။ နေ့တစ်ချက်တီး ကျော်မှ ငြိမ်းသော ဟူ၏။ ထိုအကြောင်းကို **ဇောတိယာယ်**[၈]ဆရာတော် ကြားလျှင် ဟံသာဝတီ ပြည်ကြီးကို မွန်တို့ ဦးစွန်း မပြုရချေ၊ မြန်မာ ဦးစွန်း ပြုလမည် ဟူ၍ ဖတ်လေ၏။ ဘဝရှင် မင်းတရားရွှေထီး အလောင်းတော်ကိုလည်း ဆရာတော်ကြီး တောင်းပန်၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလျှင် အရိုးတော်ကို ရွှေအိုးနှင့်ထည့်၍ သန့်ပြန့်စွာသော အရပ်၌ မြှုပ်လေ၏။

---

၁။ ၁၅၅၀ ဖေဖော်ဝါရီလ   ၂။ နှစ်တောင် (မှန်နန်း-၂၅၇)၊ နှစ်သောင်း[တွင်းသင်း(၃)-၇၀]
(မှန်နန်း-၂၅၇)၊ နိုင်းတရော်[တွင်းသင်း(၃)-၇၀]   ၄။ ခံမိုင်းတပ် [တွင်းသင်း(၃)-၇၀]   ၃။ ပန်းတနော်
(မှန်နန်း-၂၅၇)၊ အင်္ဂလိပ်ဖုန်းဘုရား [တွင်းသင်း(၃)-၇၀]   ၆။ ၁ မေ ၁၅၅၀   ၅။ အင်္ဂလိပ်ဘုရား
၇။ တပင်ရွှေထီး လုပ်ကြံခံရသော ရက်မှာ သက္ကရာဇ် ၉၁၃ ခု ကဆုန်လပြည့်ကျော် ၂ ရက် အင်္ဂါနေ့ (၂၀ ဧပြီ ၁၅၅၁) ဖြစ်သည်။(မှာပုဒ် ၁၄၃ ကြည့်ပါ။)   ၈။ ဇောတိကာရ (မှန်နန်း-၂၅၇)၊ ဇောတိသာယံ [တွင်းသင်း(၃)-၇၀]

မင်းတရားရွှေထီးကား– အိမ်နိမ့် ၁၅၊ စည်းစိမ် ၂၀ သို့ အဝင်တွင် သက်တော် ၃၅ နှစ်၌ နတ်ပြည်စံတော်မူချေသည်။ နံတော် ၄–ဟူးသားတည်း။

## ၂၂၂။ သမိန်စောထွတ်သည် သမိန်စက္ကဝေါ ခံ၍ မင်းပြုပုံ

စစ်တောင်းစား သမိန်စောထွတ်လည်း ဘဝရှင်မင်းတရားကို လုပ်ကြံပြီးလျှင် အပါးတော်တွင် ရှိသော အမှူး အမတ် သူကောင်း သားမြေးတို့ ဖမ်း၍ သတ်လေ၏။ အချို့လည်း ဟံသာဝတီသို့ ပြေးလေ၏။ အချို့လည်း တောင်ငူသို့ ပြေးလေ၏။ အချို့လည်း ပြေးလေ၏။ ယင်းသို့မှ မင်းတရားရွှေထီးတွင် ပါသော ဆင်လုံး မြင်းရင်းတို့ကို သိမ်းယူ၍ မုတ္တမသို့ မိမိနှင့် အလိုတူသော အမှူး အမတ် ခေါင်းအကြီးတို့ကို သစ္စာပေးပြီးလျှင် "သမိန်စက္ကဝေါ" ဟူသော အမည်ကို ခံ၍ စစ်တောင်းမြို့ကို မင်းပြုလေ၏။ နောက် ဟံသာဝတီကို ချီ၍ မင်းပြုလေ၏။ ဘဝရှင်မင်းတရားရွှေထီး နတ်ပြည်စံတော်မူလျှင် အပါးတော်တွင် စေပါတော်မူသော တုရင်သီဟ အမတ်သည် တပ်တော်က ပြေးထွက်ခဲ့၍ လှေငယ်တစ်စင်းကို ရလျှင် ကျွန်း ရှစ် ယောက်နှင့် လှေစီး၍ **မဏိစွန်**[၁] ဟူသော အရပ်သို့ ကူး၍ ညဥ့် သုံးချက်တီးကျော်ကို ဟံသာဝတီသို့ ရောက်လာသည်။

တုရင်သီဟ ရောက်၍ အကြောင်းမျိုးကို ဘုရင့်နောင်တော် မိဖုရား ကြားတော်မူလျှင် ယင်းသည့် အကြောင်းများကို စာရေး၍ မြောက်သားတော်ရှိရာ ဒလမြို့သို့ တုရင်သီဟကိုပင် စေတော်မူသည်။ ဘုရင့်နောင် ညီတော် သီဟသူကား ဟံသာဝတီတွင် ရှိသော ဆင်လုံး မြင်းရင်းနှင့် အမှူးအမတ်တို့ကို ခေါ်၍ တောင်ငူမြို့သို့ အပြင်းချီ၍ မြို့ပြ ကျုံးမြောင်း ကတုတ် ရင်တား ပြင်ဆင်ပြီးလျှင် "မင်းခေါင်" ဟူသော အမည်ကို ခံ၍ ခြားနားလေ၏။ သမိန်စောထွတ်လည်း "သမိန်စက္ကဝေါ" ဟူသော အမည်ကို ခံ၍ စစ်တောင်းတွင် တစ်လခွဲခန့် နေပြီးလျှင် သီဟသူ ဟံသာဝတီကသည် တောင်ငူသို့ သွားပြီ ကြား၍ ဟံသာဝတီကို ချီလာသည်။ ရောက်လျှင် ရွှေနန်းကို တက်၍ မင်းပြုလေသည်။

ပြည်မင်း သတိုးဓမ္မရာဇာလည်း "သတိုးသူ" ဟူသော အမည်ကို ခံ၍ ပြည်မြို့ကို ခြားနားလေ၏။ (သရက်)၊ မြေထဲ၊ စကု၊ စလင်း၊ ဘောင်းလင်း၊ လယ်ကိုင်း၊ ပုခန်းငယ်၊ စဥ့်ကူ၊ စလေ၊ ပုဂံ၊ ငသရောက်၊ တုရွင်းတိုင်၊ ကျောက်ပန်းတောင်း၊ ပဋ္ဌနဂို၊ တောင်တွင်း၊ သည်မြို့များလည်း မိမိတို့ မြို့ကို အနိုင်အလုံချည်း နေကြလေသည်။ မွန်ပြည် သုံးရပ်လည်း အစုစု ခြားနားလေ၏။

## ၂၂၃။ ဘုရင့်နောင်တော် ဒလတွင် စန့်ရန် စီမံရပုံ

ဘုရင့်နောင်တော် ကျော်ထင်နော်ရထာလည်း ရှင်မိဖုရားက စေလာသော တုရင်သီဟ ရောက်၍ အကြောင်းမျိုးကို နေ့ငွာ ကြားတော်မူလျှင် ဒလတွင် ရှိသော မြန်မာ အမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ကို ခေါ်၍ တိုင်ပင်တော်မူသည်။ အချို့သော အမှူးအမတ်ကလည်း ဟံသာဝတီကို အလျင် တိုက်တော်မူ၍ အနိုင်အလုံ နေတော်မူမှ သင့်မည် ဟူ၍ လျှောက်ကြသည်။ အချို့သော အမှူးအမတ်ကလည်း ဟံသာဝတီမှာ ရှိလေသော ရှင်မိဖုရားကို ယူတော်မူ၍ သည် ဒလမြို့တွင် အနိုင်အလုံ အရပ်အနေ ပြုတော်မူပြီးမှ ဟံသာဝတီမြို့၊ သရေခေတ္တရာမြို့တို့ကို လုပ်ကြံတော်မူမှ သင့်မည် ဟူ၍ လျှောက်ကြသည်။

---
၁။ မဏိစွန် (မှန်နန်း–၂၅၈)

ယင်းသောအခါ ရန်အောင်ဇလ[1] ဟူသော အမတ် လျှောက်သည်ကား ယခု ပြည်ရေးကို သောက်သော် ဝါးအစည်းပြေသကဲ့သို့ ကရဲကသီ ကစဥ့်ကလျား မွန်၊ မြန်မာ၊ ရှမ်းတို့သည် အစုစု ရှိချေသည်။ သို့ရာတွင် ဒလမြို့သည် မွန်တို့ အရိပ်အရာလည်း ဖြစ်ချေသည်။ မွန်တို့ အင်အားကို သောက်သော် ဖျားအုံကို လက်မထိ ခေါက်သကဲ့သို့[2] ရှိချေသည်။ ကျွန်တော်တို့ မြန်မာမှုကား နည်းချေသည် ဖြစ်သောကြောင့် မွန်အမတ်ကြီးတို့ကို သစ္စာတော်ပေး၍ ဒဂုံ၊ ဒလ၊ ခနုဖြူ၊ ကုသွတ်၊ ဟံသာဝတီ၊ လှိုင်၊ သည်မြို့များကို ကျေးစားခန့်တော်မူပြီးမှ ခမည်းတော် နေပြည်တော် ကေတုမတီသို့ ချီတော်မူမှ သင့်မည် ဟူ၍ နားတော်လျှောက်သည်။

ဘုရင့်မင်းတရား နောင်တော်လည်း သည်အရေးသည် သင့်လှသည် ဟူ၍ မိန့်တော်မူပြီးလျှင် အမတ်ကြီးတို့ကို သစ္စာတော်ပေး၍ အနောက်မြို့တစ်လွှားကို ကျေးစားချည်း ထည့်ခဲ့၍ အလုံးအရင်း ဆင် မြင်း အများနှင့် ကေတုမတီသို့ ဒဂုံက ကူးတော်မူ၍ အပြင်း ညဥ့် နေ့မဆို ချီတော်မူသည်။ ယင်းကသည် မနေတော[3]သို့ ရောက်တော်မူသည်။ ယင်းကသည် မကော်သို့ ချီတော်မူသည်။ ယင်းကသည် ဟံသာဝတီသို့ မဝင်ဘဲ ဓားကျွန်တောင်ကို သန်း၍ ချီတော်မူသည်။ ဓားကျွန်တောင်တွင် သမိန်ရွှေဓါက ဗညားဒလကို ဆင်လုံး မြင်းရင်းနှင့် ဆီးကြိုတိုက်လာရသည်။ ထိုသို့ တိုက်လာသော်လည်း ရန်တုံ့ပြုတော်မမူ။ ပကတိအားဖြင့် ချီတော်မူသည်။ အကြောင်းဥပမာကား- တောသုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းသည် မြူးထူးစံပယ်သောအခါ ချေးချောင်း၊ ချောင်းချေး[4]တို့သည် ရန်ပြုလိုသောငှာ ချင်းတို့အသံဖြင့် ဟောင်သော်လည်း မတုန်မလှုပ်၊ မကြောက်မရွံ့ (ရဲရင့်)ခြင်းနှင့် ပြည့်စုံစွာ တည်တံ့သကဲ့သို့ အမှုတ်မဲ့ ချီတော်မူသည်။ ဟင်ခရွေ ဟူသော အရပ်သို့ ရောက်တော်မူလျှင် ရှင်မိဖုရားခေါင်လည်း ဟံသာဝတီက အခြွေအရံ အပေါင်းနှင့် ရွှေဝေါ်စီး၍ ထွက်လာတော်မူသည်ကို တွေ့တော်မူရာတွင်မှ ညီတော် သီဟသူ ဘုရင်မင်းခေါင် ခံ၍ တောင်ငူကို ခြားနားလေကြောင်းကို စေ့ငုစွာ သိတော်မူသည်။

ယင်းကမှ တောင်ငူသို့ မရောက်ခင် ဆယ်တိုင်ကျော်ခန့် ရွာသစ်ကြီး အရှေ့ လွင်လဟာတွင် နေတော်မူ၍ တပ်ခင်းတပ်ရာ အနေအထားကို ကြည့်ရှုတော်မူသော် အရှေ့လည်း ပေါင်းလောင်းမြစ်နှင့် နီးသည်။ တောင်ငူမြို့နှင့်လည်း တစ်ခေနီးခြားသည်။ သည်အရပ်သည် သင့်မြတ်လှသည် ဟူ၍ ပညာရှိတို့ လျှောက်လျှင် မြို့သစ်ရွာတွင် တပ်ချ၍ နေတော်မူသည်။ ယင်းသောအခါ တုရင်တော် ကိုင်စေသော မွန်ဓေတမိ တစ်၊ ဓားကျွန်းစား ဗြတ္တမ တစ်၊ ရှမ်းအမတ်ဖြတ်စ တစ်၊ သည်သုံးယောက် သည်ခရီးသို့ ရောက်မှ သားမယားကို ယူမည် ဟူ၍ ဟံသာဝတီသို့ ပြန်လေသည်။ ဘုရင့်မင်းတရားကြီးဘုရားလည်း မြို့သစ် ရေပုပ်တပ်တော်ကို "ဓေယျဝတီ" ဟူသော အမည်ကို သမုတ်တော်မူ၍ ဆင်လုံး မြင်းရင်း အများနှင့် ဗိုလ်ဝင်ခံ၍ နေတော်မူသည်။

## ၂၂၄။ အရေးအရာကို မြော်တောက်တော်မူပုံ

နှစ်လခန့် ရှိလျှင် ညီတော် သီရိဓေယျကျော်ထင်၊ ညီတော်အလတ် နန္ဒယော်ဓာ အစရှိသော မှူးတော်မတ်တော် ဒေါဗညားအပေါင်းတို့ကို ခေါ်တော်မူ၍ စိုင်းပြင်း ခင်းကျင်းတော်မူသည်ကား- ဟံသာဝတီသို့ ချီပြန်၍ အရုံးအစု အညီအညွတ် မရှိခင် လုပ်ကြံတော်မူရသော်လည်း သင့်မည်လော၊ သည်တွင် အနေအထား ကျအောင် စီရင်တော်မူ၍ အနေအထား ကျပြီးမှ

---

၁။ ရန်အောင်ဘီလူး [မှန်နန်း-၂၁၈၊ တွင်းသင်း(၃)-၇၃]
၂။ လက်မတို့ သာ၏သို့ [တွင်းသင်း(၃)-၇၃]
၃။ ခနုဖြူ (-ထို-)
၄။ ညောင်ချေးဖယ် (မှန်နန်း-၂၁၉)

ကေတုမတီသို့ ချီတော်မူသော်လည်း သင့်မည်လော ဟူ၍ အရေးအရာကို တိုင်ပင်တော်မူသော် အချို့သော အမှုးအမတ်တို့ကလည်း ဟံသာဝတီသို့ အလျင်ချီ၍ လုပ်ကြံတော်မူမှ သင့်မည် လျှောက်ကြသည်။ အချို့ အမတ်တို့ကလည်း မွန်၊ မြန်မာ ပြေးပုန်းလေသည်များကို သည်တွင် စုံးတော်မူ၍ အနေအထား ကျပြီးမှ ကေတုမတီသို့ ချီတော်မူမှ သင့်မည် အရေးကို လျှောက် ကြသည်။ ယင်းသောအခါ သီရိဇေယျနော်ရထာ ဟူသော အမတ် လျှောက်သည်ကား- ယခု အရေးကို ထောက်သော် နေးနေး ဖြည်းဖြည်း လုပ်ကြံတော်မူရမည် အရေး မဟုတ်။ လျှင်လျှင် သောသော စစ်ဦး ဘီလူးပါ လုပ်ကြံတော်မူရမည်အရေး ဖြစ်သည်။ ညီတော်မင်းခေါင်လည်း တောင်ငူ နေရင်း မဟုတ်၊ ယာယီသာ ဖြစ်သည်။ အရေးအရာ မညီညွတ်ခင် ကေတုမတီသို့ အလျင်ချီတော်မူ၍ လုပ်ကြံတော်မူမှ သင့်မည် ထင်သည်ဟု နားတော်လျှောက်သည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သီရိဇေယျနော်ရထာ လျှောက်သော အရေးသည် သင့်လှသည် ဟူ၍ မိန့်တော်မူပြီးလျှင် တောင်ငူသို့ ချီတော်မူမည်ကို စီရင်ခန့်ထားတော်မူစဉ်တွင် အိပ်မက် မြင်တော်မူသည်ကား- သံရက်တစ်ခိုင်တွင် ငါးလုံးသီးသည်၊ အခေါင်ဆုံး သရက်သီးကို ဆွတ် ၍ စားတော်ခေါ် မက်သည်။ သည်အိပ်မက် အလိုသော်ကား- ညီတော်လည်း မင်းခေါင်အမည် ခံ၍ ကေတုမတီကို မင်းပြုသည်။ မင်းခေါင်မှာ (အခေါင်က) သရက်သီးကို စားတော်ခေါ် မက်သည်နှင့်အညီ ညီတော် ကိုယ်နှင့်တကွ ကေတုမတီမြို့ အလုံးကို ရတော်မူမည် ဟူ၍ ဖတ်တော်မူသည်။

ယင်းသောခါ ဟံသာဝတီမှာလည်း သမိန်စောထွတ်သည် စစ်တောင်းက ချီ၍ ဟံသာဝတီ မှာ နန်းတက်သည်ကို မှူးကြီး မတ်ခိုင်တို့ မညီမညွတ်၍ သုံးလခန့်ရှိလျှင် နန်းက ချ၍ မုတ္တမ မှာ ရှိသော သမိန်ထောရာမကို ချီးပင့်၍ နန်းတင်လေ၏။

## ၂၂၅။ မွန်တို့ ဝင်စားလာပုံ အကြောင်း

ဟံသာဝတီတွင် ရှိသော အဲမွန်တရာ တစ်၊ **စန္ဒယော်ဓာ**[၁] တစ်၊ ဓုံယော်ဓာ တစ်၊ တုရင်ဗလ တစ်၊ သာရကာမှူး တစ်၊ **သပေါ့မှူး**[၂] တစ်၊ **ဗညားဗရူးသား အိမ်မွတ်တော်တစ်**[၃]၊ သည်လူ တို့သည် မွန်ကျွန်ကို မခံပြီ ဟူ၍ သားမယားတို့ကို ယူ၍ အခြွေအရံ အလုံးအရင်း လူသုံးထောင် ကျော်ခန့်နှင့် ဘဝရှင်မင်းတရားကြီး ခြေရင်းတော်သို့ ရောက်လာ၏။ အရှေ့ဘက် မုတ္တမက လည်း အဲပရဲ တစ်၊ စန္ဒရာသီ တစ်၊ ပိုက်ကမြင် တစ်၊ သည်သုံးယောက်နှင့် မှူးသားမတ်သား တစ်ကျိပ်ကျော်တို့သည် သားမယားကျေးကျွန် လူတစ်ရာကျော်ခန့်နှင့် ခြေရင်းတော်သို့ ရောက် လာ၏။ တောင်ငူကလည်း ဘယဇေယျ တစ်၊ ဆင်မှူး ဗလကျော်သူ တစ်၊ တောင်ငူသူရဲမှူး တစ်၊ အတွင်းသင်းမှူး တစ်၊ သည်သူတို့သည် အထက်က မင်းတရားရွှေထီး မရှိ၊ နောက် မင်းခေါင် တောင်ငူသို့ ချီလာစကပင် ပြေးထွက်၍ တောမှာ ပုန်းသည်။ နောက် နှစ်လကျော်ခန့် ရှိမှ ခြေရင်းတော်သို့ အခြွေအရံ လူစုနှစ်ရာကျော်ခန့်နှင့် ရောက်လာသည်။ ဘဝရှင်မင်းတရား ကြီး ဘုရားလည်း ရောက်လာသော အမှူးအမတ် ခေါင်းအကြီးတို့ကို ဆုလာဘ်ပေးတော်မူ၍ သနားတော်ခံပြီးလျှင် အမှုထမ်းရသည်။

---

၁။ နန္ဒယော်ဓာ [တွင်းသင်း(၃)-၇၄]   ၂။ သပေါက်မှူး[မှန်နန်း-၂၆၁၊ တွင်းသင်း(၃)-၇၄]   ၃။ ဗညာပရူး တစ်၊ အိတ်မွတ်ထော တစ် (မှန်နန်း-၂၆၁)၊ မရှသာ လိတ်မွတ်ထော[တွင်းသင်း(၃)-၇၄]

## ၂၂၆။ တောင်ငူသို့ ချီ၍ ရံတော်မူကြောင်း

ယင်းသို့မှ ကေတုမတီသို့ ချီမည်ကို ခန့်ထားတော်မူသည်ကား– လက်ျာရံတိုင် မြင်းတစ်ထောင်နှင့် တစ်တပ်၊ ဘုရင်ဇလ မြင်းတစ်ထောင်နှင့် တစ်တပ်၊ သည် မြင်းနှစ်တပ်ကို ရှေ့ချီရသည်။ နောက် သီရိဇေယျကျော်ထင် တစ်တပ်၊ ညီတော်အလတ် နန္ဒယော်ဓာ တစ်တပ်၊ ညီတော်အငယ် မင်းရဲကျော်ထင် တစ်တပ်၊ သားတော် မင်းရဲကျော်စွာ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ လက်ဝဲဘယ တစ်တပ်၊ မြောက်ထောင်မှူး ဘယနန္ဒသူ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ သီရိဓမ္မရာဇ် တစ်တပ်၊ နန္ဒစည်သူ တစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရား နောက်တပ်မ ပြု၍ ချီတော်မူသည်။ တပ်တော်တွင် နန္ဒသူကို တပ်မှူး၊ ရာဇတမန်ကို စစ်ကဲ ခန့်တော်မူသည်။ မြင်းတပ် နှစ်တပ်နှင့်တကွ တပ်ပေါင်း ၁၂ တွင် ပါသည့် တိုက်ဆင်နှစ်ရာ၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ကြည်းကြောင်း ချီတော်မူသည်။ ရေတပ်ပေါင်း ချီရာမှာ ရာဇဝလ တစ်တပ်၊ နန္ဒယော်ဓာ တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ စွန်တရာသီ တစ်တပ်၊ စိတ်ပြ တစ်တပ်၊ ဘယသင်္ကြံ တစ်တပ်၊ သည်မြောက်တပ်တွင် ဘယသင်္ကြံကို ဗိုလ်မှူးခန့်တော်မူသည်။ သာရကာမှူးနှင့် တောင်ငူသူရဲမှူးကို စစ်ကဲခန့်တော်မူသည်။ မြောက်တပ်တွင် ပါသည့် ကတ္တူလှေနှံကြင် တစ်ရာသုံးဆယ်၊ လှော်ကားကြောလှေ ခုနစ်ဆယ်၊ စစ်သည်သူရဲ တစ်သောင်း မြောက်ထောင်၊ သည်လှေများတွင် မြို့ပြိုအမြောက်ကြီးများကို တင်ခဲ့ရသည်။ ဤသို့ ရေအား၊ ကြည်းအား စီရင်တော်မူ၍ သက္ကရာဇ် (၉၁၂) ကိုးရာတစ်ဆယ့်နှစ်ခု တော်သလင်းလပြည့်ကျော် နှစ်ရက် အင်္ဂါနေ့[^1] ကေတုမတီသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ညီတော် သီရိဇေယျကျော်ထင် တစ်တပ်၊ ညီတော်အငယ် မင်းရဲကျော်ထင်[^2] တစ်တပ်၊ လက်ဝဲဘယ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ ဘယနန္ဒသူ တစ်တပ်၊ (သည် ငါးတပ်ကို တိုက်ဆင် မြောက်ဆယ်၊ မြင်း ခုနစ်ရာ၊ ဗိုလ် နှစ်သောင်းငါးထောင်နှင့် မြို့ကြီးအရပ်က တပ်နိုင်တပ်လုံ တည်၍ ရံရသည်။ ညီတော် နန္ဒယော်ဓာ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ နန္ဒသင်္ကြံ တစ်တပ်၊ သီရိဓမ္မရာဇ် တစ်တပ်၊ နန္ဒစည်သူ တစ်တပ်)* သည် ငါးတပ်ကို တိုက်ဆင် မြောက်ဆယ်၊ မြင်း ခုနစ်ရာ၊ ဗိုလ်နှစ်သောင်းငါးထောင်နှင့် ကဲလင်းအရပ်က တပ်နိုင်တပ်လုံ တည်၍ ရံရသည်။ ယင်းသို့ ရေအား၊ ကြည်းအား ရံတော်မူသည်ကို ဘုရင်မင်းခေါင်က တပ်မတည်ရအောင် အကြိမ်ကြိမ် ထွက်၍ တိုက်သည်။ မဖျက်မဆီးနိုင်၍ တပ်တည်ရလျှင် မြို့တွင်းသား ကျဉ်းမြောင်းလေ၏။

## ၂၂၇။ ဆင်ဖြူများရှင် တောင်ငူတွင် ဘိသိက်ခံ၍ မင်းပြုကြောင်း

ရံ၍ လေးလခန့် ရှိလျှင် မြို့တွင်းက အမှုးအမတ် ခေါင်းအကြီးတို့သည် ပြင်တပ်သို့ ပြေးထွက်လာကုန်၏။ ခြေရင်းတော်သို့ ရောက်လာသော သူတို့ကိုလည်း သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရသည်။ အမှုထမ်းမရှိလျှင် တောင်ငူဘုရင် မင်းခေါင်လည်း ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်၍ ဓမ္မည်းတော်ဆရာ ဘုန်းတော်ကြီးကို တောင်းပန်၍ စည်းစိမ်မပျက် အသက်မသေ ရှိပါမည်အကြောင်းကို ပြင်တပ်သို့ ထွက်၍ လျှောက်လာရ၏။ ဘဝရှင်မင်းတရားကြီးဘုရား လည်း ဓမ္မည်းတော်ဆရာတော်ကို ဤသို့ မိန့်တော်မူသည်။ ညီတော် မင်းတရားရွှေထီး မရှိလျှင်

---

[^1]: ၁။ ၂၈ ဩဂုတ် ၁၅၅၀
[^2]: ၂။ ဇေယနန္ဒ (မှန်နန်း–၂၆၂၊ တွင်းသင်း(၃)–၇၁)

* မြို့ကြီးအရပ်နှင့် ကဲလင်းအရပ် သီးခြား တပ်ချ ရံသည်ကို တွင်းအတွင်း တကျနေ၍ မှန်နန်း–၈ာ ၂၆၂၊ တွင်းသင်း(၃)–၈ာ ၇၁ နှင့် တိုက်ဆိုင် စည့်ချင်းသည်။

ကျွန်ုပ်တို့ ညီနောင်ငါးပါးသည် တစ်ချက်တည်း ရုံးစု၍ ဟံသာဝတီကို နေရသည် ရှိသော် ခင်းသိမ်းသော ရန်သူတို့သည် ဖျက်ဆီးနိုင်မည် မဟုတ်။ သို့ကို သီဟသူသည် အများကို ကြံလေသောကြောင့် အလုပ်အကြံ များရှေ့သည်။ ယင်းသို့ လူမှုခြံ မလိမ္မာ ရှိကြသော်လည်း သီဟသူသည် ကျွန်ုပ်ညီ ဖြစ်သည်။ အပြစ်ပြုသာမည် မဟုတ်။ ကျွန်ုပ်လည်း အထွတ်အမြတ် ရောက်လေပြီးသည်။ ကျွန်ုပ် ကျေးဇူးတော်ကို ခံထိုက်သသူ ဖြစ်တော့သည် ဟူ၍ မိန့်တော်မူလျှင် အရေးပွဲသမျှ ကုန်၍ သက္ကရာဇ် (၉၁၂) ကိုးရာတစ်ဆယ့်နှစ်ခု တပို့တွဲလဆန်း ၅ ရက်[2] တနင်္ဂနွေနေ့ အရေးတော်ပြီးသည်။[1] ထိုသို့ အောင်မြင်တော်မူလျှင် အလုအယက် နိုင်ထက်စိုးကဲ မပြုစေနှင့် ဟူ၍ မောင်းကြေးနင်းနှင့် ကံမြစ်တော်မူသည်။ ယင်းသို့မှ ကေတုမတီတွင် ရှိသော မင်းမှူးမတ် ခေါင်းအကြီး အမှုထမ်းအပေါင်းတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရသည်။ ယင်းသို့ ပြည်အလုံးကို စီရင်ခန့်ထားတော်မူပြီးမှ ယာယီနန်းဆောက်၍ ဘိသိက်ခံတော်မူသည်။

ညီတော် သီရိဇေယျကျော်ထင်ကို "မင်းရဲစည်သူ" ဟူသော အမည်နှင့် ကွမ်းခွက်ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီ ရွှေထွေးခံ၊ ရွှေချက်လေးစင်း၊ ပေါင်းဝန်းရွှေထည်၊ မြင်းရွှေကြိုး ရွှေကာ၊ ဝေါပလာ၊ စည်ကိုးလုံး၊ ငွေနှဲငါးစင်း၊ ငွေခရာ ငါးစင်း၊ အစုံပေးတော်မူသည်။

ညီတော် နန္ဒယော်ဓာကို "သတိုးဓမ္မရာဇာ" ဟူသော အမည်နှင့် ရွှေကွမ်းခွက် ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားနှစ်ရစ်စီ ရွှေထွေးခံ၊ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်းရွှေထည်၊ မြင်းရွှေကြိုးရွှေကာ၊ ဝေါပလာ၊ စည်ငါးလုံး၊ ရွှေနှဲသုံး၊ ငွေခရာ သုံး၊ အစုံပေးတော်မူသည်။

ညီတော် သီဟသူကို "မင်းခေါင်" ဟူသော အမည်ကို ထပ်၍ ပေးတော်မူသည်။ ရွှေကွမ်းခွက် ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီ ရွှေထွေးခံ၊ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်းရွှေထည်၊ မြင်းရွှေကြိုး ရွှေကာ၊ ဝေါပလာ၊ စည်ငါးလုံး၊ ရွှေနှဲသုံး၊ ငွေခရာသုံး၊ အစုံပေးတော်မူသည်။

ညီတော် ဓေယျနန္ဒကို "မင်းရဲကျော်ထင်" ဟူသော အမည်နှင့် ကွမ်းခွက် ၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ရွှေထွေးခံ၊ ရွှေချက်တစ်စင်း၊ ဆင်ပေါင်းဝန်းရွှေချက်၊ မြင်း ရွှေကြိုးရွှေကာ၊ စည် ငါးလုံး၊ ငွေနှဲ သုံး၊ ငွေခရာနှစ် ပေးတော်မူသည်။

မင်းဆွေစိုးမျိုး မှူးကြီး မတ်ကြီးတို့ကိုလည်း အမည်အရည် အဆောင်အရွက် အထိုက်အလျောက် ပေးတော်မူသည်။ ဆင်သည် မြင်းသည် သူရဲသူခက် အပေါင်းတို့ကိုလည်း အထိုက်အလျောက် ကျေးရွာ၊ ရွှေ၊ ငွေ၊ အဝတ်ပုဆိုး ပေးတော်မူသည်။

နေတော်မူသော တဲတော်ကိုလည်း ကျောင်းရဲ ၄၀ နှင့် တကွ ကျောင်းကြီးဆောက်တော်မူ၍ ဆရာတော် ရှင်သဒ္ဓမ္မဂုရုအား လှူတော်မူသည်။ ထီး တရပတ် အစရှိသော ပရိက္ခရာတို့ကိုလည်း အနိချည်း စီရင်၍ လှူတော်မူသည်။ သရေထေရ်ဘုရားညီနောင်ကိုလည်း ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။

---

၁။ ၁၁ ဇန်နဝါရီ ၁၅၅၁

၂။ ဦးကုလား မဟာရာဇဝင် ပုံနှိပ်မူတွင် သက္ကရာဇ် ၉၁၂ တပို့တွဲလဆန်း ၃ ရက် တနင်္ဂနွေနေ့ (၉၊ ၁၊ ၁၅၅၁) ဟု ပါရှိသည်။ ပုဂံ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင် ကုသိုလ်တော် ခေါင်းလောင်းစာအရ သက္ကရာဇ် ၉၁၂ တပို့တွဲလဆန်း ၅ ရက် တနင်္ဂနွေ (၁၁ ဇန်နဝါရီ ၁၅၅၁) ဟု ပြင်ဆင်ထားသည်။ ခေါင်းလောင်းစာတွင် ဖော်ပြထားသည့် အထောက်အထားသည် ရက်နှင့် နေ့ ကိုက်ညီသည်။ [ခေါင်းလောင်းစာကို နောက်ဆက်တွဲတွင် ကြည့်ပါ။ နောင် 'ခေါင်းလောင်းစာ' ဟု ပြမည်။]

## ၂၂၈။ အရေးအရာကို တိုင်ပင်ညှိနှိုင်းပုံ

ယင်းသို့မှ ကေတုမတီမြို့ကြီးတွင် အနေအထားကျအောင် စီရင်တော်မူ၍ ညီတော် သား တော် မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ယခု ဟံသာဝတီသို့ ချီရသော်လည်း သင့်မည်လော၊ သရေခေတ္တရာ ပြည်မြို့သို့ ချီ၍ လုပ်ကြံရသော်လည်း သင့်မည်လော၊ ရခိုင်ရာမှု သို့ စမ်း၍ ချီရသော်လည်း ကောင်းသင့်မည်လော ဟူ၍ မိန့်တော်မူသည်ကို အချို့သော မှူးတော် မတ်တော်တို့ကလည်း ကေတုမတီတွင် ဘဝရှင်မင်းတရား နေတော်မူ၍ ညီတော် သားတော် တို့ကို အဝသို့ စမ်း၍ ချီစေသော် သင့်မည် ထင်သည် ဟူ၍ လျှောက်ကြသည်။ အချို့သော မှူးတော် မတ်တော်တို့ကလည်း ဟံသာဝတီကို အညီအညွတ် မရှိခင် ချီတော်မူမှ သင့်မည် ထင်သည် ဟူ၍ လျှောက်ကြသည်။

ယင်းသောအခါ နန္ဒစည်သူ လျှောက်သည်ကား– ယခုသည် ကေတုမတီကို အလိုတော် ပြည့်ပြီး ကေတုမတီတွင်လည်း မွန် မြန်မာ ရှမ်း အစုစုရှိသည်။ မြန်မာကို ထောက်သော်လည်း နည်းချေသည်။ မြန်မာကို များအောင် ဆည်းပူးတော်မူရဦးမည်။ ဟံသာဝတီလည်း မွန်ပြည် ဖြစ်၍ မွန်တို့သည် များလှသည်။ ယင်းသို့ဖြစ်သောကြောင့် သရေခေတ္တရာသို့ အလျင်ချီတော် မူ၍ လုပ်ကြံတော်မူသင့်သေးသည်။ ကြာချေသော် ပြည်စား သတိုးသူသည် အကြံအစည် များ၍ အမိအဓိ ရှာချိမ့်မည်။ ယင်းသို့လျှင် အလုပ်အကြံ များချိမ့်မည် ဟူ၍ နားတော်လျှောက် သည်။

## ၂၂၉။ ပြည်မြို့သို့ ချီတော်မူ၍ ပြည်ကျေးလက်များကို သိမ်းယူပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း နန္ဒစည်သူ လျှောက်သောအရေးကို ကြိုက်တော်မူ၍ သရေခေတ္တရာသို့ ချီတော်မူမည်ကို စီရင်တော်မူသည်။ ချီရသော တပ်စဉ်ကား လက်ျာရဲတိုင် မြင်းတပ်၊ ရာဇတမန်မြင်းတပ်၊ တုရင်ဗလမြင်းတပ်၊ လက်ျာယော်ဓာမြင်းတပ်၊ လက်ဝဲရဲတိုင် မြင်းတပ်၊ သည် မြင်းငါးတပ်ကို ရှေ့ချီရသည်။ သည်နောက် ညီတော် **သီဟသူ**[1] တစ်တပ်၊ ညီတော် သတိုးဓမ္မရာဇာ တစ်တပ်၊ ညီတော်အငယ် မင်းရဲကျော်ထင် တစ်တပ်၊ သီရိဇေယျနော် ရထာ တစ်တပ်၊ နန္ဒစည်သူ တစ်တပ်၊ သီရိဇေ္ဈရတ် တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ စန္ဒယော်ဓာ တစ်တပ်၊ လက်ဝဲဘာယ တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ နေမျိုးကျော်ထင် တစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရား တပ်မပြု၍ ချီတော်မူသည်။ တပ်မတော်တွင် သက်ရှည် ကျော်ထင်ကို တပ်မှူး၊ ရာဇယော်ဓာကို စစ်ကဲခန့်တော်မူသည်။ မြင်းငါးတပ်နှင့်တကွ တပ်ပေါင်း ၁၇ တွင် ပါသည် တိုက်ဆင်နှစ်ရာငါးဆယ်၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ ကိုးသောင်းနှင့် **သက္ကရာဇ် (၉၁၂) ကိုးရာတစ်ဆယ့်နှစ်ခု တန်ခူးလဆန်းရှစ်ရက် ၆–ကြာနေ့**[2] သရေခေတ္တရာသို့ ချီတော်မူသည်။ သားတော် မဟာဥပရာဇာ၊ ညီတော်မင်းခေါင်၊ ဘယသကြီး သုံးပါးကို ဆင်လုံး မြင်းရင်း အများနှင့် အစောင့်အနေ ခန့်တော်မူသည်။

ချီတော်မူ၍ သရေခေတ္တရာသို့ ရောက်တော်မူလျှင် အကြိမ်ကြိမ် မြို့ကို ချဉ်း၍ လုပ်ကြံတော် မူသည်။ သူက မြို့စီးပြစီး ထူထပ်လှ၍ လက်နက်ကိရိယာ များသည်နှင့် လေ့တပ်က ကူညီ၍ အမြောက်မြတပ်ကြီး ပစ်လျှင် အထိအပါး များသောကြောင့် အဝေးသို့ ခွာ၍ နေရချေသည်။

---

[1] မင်းရဲစည်သူ [မှန်နန်း–၂၆၅၊ တွင်းသင်း(၃)–၇၆]  [2] ၁၄ မတ် ၁၅၅၁ [တန်ခူးလဆန်း ၂ ရက် သောကြာနေ့ မှန်နန်း–၂၆၆၊ တွင်းသင်း ၃–၇၇]]

ယင်းသို့လျှင် ဘဝရှင်မင်းတရားကြီးဘုရား ဤသို့ မိန့်တော်မူသည်။ ယခု ငါတို့ ပြည်မြို့ကို အကြိမ်အဖန်များစွာ လုပ်ကြံတော်မူသည်၊ မရမချ၊ ခံမက် ဖိုလ်ပါတို့သာ ပင်ပန်းရရှာသည်။ ယင်းသို့ ဖြစ်သောကြောင့် မြေထဲ၊ သရက် အစရှိသော အညာမြို့တစ်လျှားကို သိမ်းယူတော်မူပြီး မည်။ အညာတစ်လျှား လက်နက်(နိုင်ငံ)တော်ဖြစ်မှ ရေကြောင်း၊ ကုန်းကြောင်း သရေခေတ္တရာသို့ ချီတော်မူမည် မိန့်တော်မူသည်ကို ညီတော် သတိုးဓမ္မရာဇာက သည်းအရေး သင့်လှသည် ဟူ၍ နားတော်လျှောက်လျှင် တပ်ကို နှတ်၍ မြေထဲသို့ ချီတော်မူသည်။ မြေထဲစား မင်းကျော်ထင်၊ လယ်ကိုင်းစား ဘယသော်ဘ၊ မလွန်စား ဘယသင်္ကြံ၊ စကုစား လက်ဝဲယော်ဘ၊ မဘဲစား၊ မြင်ကွန်းစား၊ မင်းတုံးစား၊ တိုင်တားစား၊ မင်းတပ်စားတို့သည် သား သမီး ဆင်ကြီး မြင်းကြီးတို့ကို လက်ဆောင်တော် ဆက်၍ ခြေတော်ဦးတင်လာ၏။ ယင်းသို့မှ ဝင်လာသမျှ မြို့စားတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရသည်။ မြေထဲမြို့ကိုလည်း ခိုင်ခံ့အောင် လုပ်စေ၍ ညီတော် သတိုးဓမ္မရာဇာ၊ ညီတော်အငယ် မင်းရဲကျော်ထင်နှင့် စကုစား၊ စလင်းစား၊ မကွေးစား၊ မလွန်စား၊ ဖျင်းတစား၊ ပုလဲစား[၁]၊ သည်သူများတို့ မြေထဲတွင် အလုံးအရင်း ဆင် မြင်းနှင့် ထားတော်မူခဲ့၍ သက္ကရာဇ် (၉၁၃) ကိုးရာတစ်ဆယ့်သုံးခု ဝါဆိုလပြည့်ကျော် နှစ်ရက်[၂] ၄- ဟူးနေ့ ကေတုမတီသို့ ပြန်တော်မူသည်။

## ၂၃၀။ ပြည်မြို့သို့ ဒုတိယအကြိမ် ချီပုံ

ကေတုမတီသို့ ရောက်တော်မူ၍ တစ်လကျော်ခန့် ရှိလျှင် ပြည်မင်း သတိုးသုကျွန် "ရာဇမနော်" ဟူသော အမတ်သည် ပြည်မြို့က ပြေးထွက်လာ၍ ကေတုမတီသို့ ရောက်လာသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ရောက်လာသော ရာဇမနော်ကို ခေါ်တော်မူ၍ မေးမြန်းတော်မူသော် ပြည်တွင်ရှိသော အမှူးအမတ်တို့သည် သတိုးသုကို ဤသို့ လျှောက်ကြသည်။ ဘဝရှင် မင်းတရားကြီးဘုရားသည် ဘုန်းလက်ရုံးအာဏာ ပညာအမြင်တော်နှင့် ပြည့်စုံသော မင်းဖြစ်တော်မူသည်။ ဘဝရှင် မင်းတရားရွှေထီး ရှိတော်မူစဉ်ကာလပင် မြန်မာအမတ်၊ ရှမ်းအမတ်တို့သည် ယုံကြည်သည် ဖြစ်၍ ယခုလည်း အမှုတော်ကို ထမ်းကြသည်။ ထို အမှူးအမတ်တို့သည်လည်း အသက်ကို အသက်မမှတ် ထမ်းမည့်သူချည်း ဖြစ်၍ အညာတစ်လျှား၊ အောက်တစ်လျှားတွင် ရှိသော မြို့ရွာအပေါင်းတို့ကိုလည်း သိမ်းယူ၍ လက်နက်နိုင်ငံ ဖြစ်လေပြီးသည်။ အညွှန့်ခံတော်မူမှ သင့်မည် လျှောက်ကြသည်ကို သတိုးသုက ငါ အညွှန့်ခံတွက် ရှိသလော၊ ငါ့မြို့နှင့် ခံနိုင်အောင် ခံမည်။ မခံနိုင်လျှင် သူရဲတစ်သောင်းနှင့် ငါ့ဆင် နာဂါဝရကို စီး၍ ရဲတပ်ကို တိုက်ဖောက်ပြီးလျှင် ရခိုင်သို့ ဥယျာဉ်ပုံကြောင်း[၃] ဝင်မည် ဆိုသည်။ အမှူးအမတ်ခေါင်းအကြီးတို့လည်း မညီမညွတ် ရှိပြီ။ အလျှင်ချီတော်မူလျှင် ရတော်မူမည် ဟူ၍ နားတော်လျှောက်သည်။ ဆရာတော် ဘုန်းတော်ကြီးကို ဘဝရှင်မင်းတရားကြီးဘုရားလည်း သဘောကို ထောက်ရှုတော်မူသော် ဟုတ်ရာသည်ဟု အယူတော်ရှိပြီးမှ အလျှင်ချီတော်မူမည်ကို စီရင်တော်မူသည်ကား- လက်ျာရဲတိုင်မြင်းတပ်၊ တုရင်ဗလမြင်းတပ်၊ လက်ျာယော်ဘ မြင်းတပ်၊ တုရင်ကျော်သူမြင်းတပ်၊ သည်မြင်းလေးတပ်ကို ရှေ့ချီရသည်။ သည်နောက် တောင်ငူဘုရင်မင်းခေါင် တစ်တပ်၊ နန္ဒစည်သူ တစ်တပ်၊ သီရိဓမ္မရတ် တစ်တပ်၊ လက်ဝဲဘယ တစ်တပ်၊

---

၁။ ပွတ်လည်စား [တွင်းသင်း(၃)-၇၇]
၂။ လေးရက် [-ထို-] ၁၉ နှစ် ၁၅၅၁။
၃။ ဥယျာဉ်ပုံကြောင်း- တောင်ကုတ်တောင်ကြားလမ်း

အံမွန်တရာ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ သက်ရှည်ကျော်ထင် တစ်တပ်၊ နန္ဒသူရိယ (တပ်မ မြှုပ်၍) တစ်တပ်၊ နန္ဒကျော်သင် တစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရား တစ်တပ်၊ နန္ဒကျော်သင် တစ်တပ်၊ ယင်းကမှ ဘုရားသကြီကို တပ်မှူး၊ နန္ဒသူရိယကို စစ်ကဲခန့်တော်မူသည်၊ ချီတော်မူသည်။ တပ်မတော်တွင် ရာဇသင်္ကြံကို တပ်မှူး၊ နန္ဒသူရိယကို စစ်ကဲခန့်တော်မူသည်၊ မြင်းတပ်လေးတပ်နှင့်တကွ တစ်ဆယ့်လေးတပ်တွင် ပါသည် တိုက်ဆင်နှစ်ရာငါးဆယ်၊ မြင်း၊ သုံးထောင်၊ ဗိုလ် ကိုးသောင်းနှင့် ချီတော်မူသည်။ ညီတော်မင်းရဲစည်သူ၊ သားတော် မဟာဥပရာဇာ[1] ကို တောင်ငူမြို့တွင် အစောင့်အနေ ခန့်တော်မူ၍ သက္ကရာဇ် (၉၁၃) ကိုးရာတစ်ဆယ့်သုံးခု တော်သလင်း လပြည့်ကျော် ၆ ရက်[2] ၅-နေ့ သရေခေတ္တရာသို့ ချီတော်မူသည်။ မြေထဲမြို့မှာ ရှိလေသော ညီတော် သတိုးဓမ္မရာဇာ၊ ညီတော် မင်းရဲကျော်ထင်တို့ကိုလည်း အညာမြို့စား အပေါင်းနှင့် ရေအား၊ ကြည်းအား ပြည်သို့ ချီလှည့် ဟူ၍ စေတော်မူသည်။ ညီတော် သတိုးဓမ္မ ရာဇာတို့လည်း အမိန့်တော်အတိုင်း ပြည်သို့ ချီလာ၍ ရောက်လျှင် ဘဝရှင်မင်းတရားကြီးဘုရား ပန်းမတူ[3] ဟူသော အရပ်တွင် တပ်မ ချ၍ နေတော်မူသည်။

## ပြည်စား သတိုးသူကို တောင်ငူမင်းခေါင် တိုက်ယူပုံ

၂၃၁။ ပြည်စား သတိုးသူကို တောင်ငူမင်းခေါင် တိုက်ယူပုံ သည်နှစ်တပ်မှကား- တပ်မရှာဘဲ တောင်ငူဘုရင်မင်းခေါင်နှင့် သီရိဇေယျနော်ရထာ သည်နှစ်တပ်မှကား- တပ်မရှာဘဲ မြို့ကို ချီ၍ (၉၁၃) ကိုးရာတစ်ဆယ့်သုံးခု တော်သလင်းလကွယ်နေ့[4] ညဉ့်နှစ်ချက်တီးကျော်တွင် တောရန်နှင့် ဆင်နှင့် တောင်တံခါး ရက်ဖောက်ကို တိုက်ဖောက်၍ တံခါးဖွင့်ပြီးလျှင် သတိုးသူ အိမ်တိုင်အောင် ဝင်၍ ဖမ်းလေ၏။ ရပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရားကို ဆက်လေ၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ပြည်စားသတိုးသူသည် ငါ့ကျွန်ကား မခံ။ ရခိုင်သို့ ပြေးဝင်၍ ရခိုင်ဘုရင် ကျွန်ခံမည် အကြံရှိသည် မဆောင့် မဟုတ်လော အမိန့်တော်ရှိပြီးလျှင် ကွပ်မျက်တော် မူလေ၏။ နောက် နောင်တ ရှိတော်မူပြန်သည်။ သရေခေတ္တရာကို အောင်မြင်တော်မူလျှင် ပြည်မြို့တွင် ရှိသော အမှူးအမတ်မှ စ၍ တစ်မြို့လုံးကို သစ္စာပေးတော်မူသည်။

ယင်းသို့မှ ညီတော် သတိုးဓမ္မရာဇာကို မင်းဆောင် မင်းယောင်နှင့်တကွ ရွှေချက် လေးစင်း၊ ထွက်စည် ပေးတော်မူ၍ ပြည်မြို့ကို ဘုရင်ခံ မင်းပြုရသည်။

ညီတော် ဘုရင်မင်းခေါင်ကိုလည်း အားရတော်မူ၍ လက်တော်နှစ်ဖက်တွင် ဝတ်တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်၊ ဝတ်တော်မူသော ဒုယင်တပ်သော ဝတ်လုံ၊ ရွှေချက်လေးစင်း ဆုပေးတော်မူသည်။ ပွဲလမ်းရသသူ အမှူးအမတ်တို့ကိုလည်း အဆောင် အယောင် စားကျေးစားလက် အထိုက်အလျောက် ဆုပေးတော်မူသည်။

သာယာဝတီစား ဥဇနာ၊ နေ့ဖြူစား သမိန်ရဲသင်းရုံတို့လည်း လက်ဆောင် လက်နက်အများ နှင့် ခြေတော်ဦးတင်လာသည်။

ယင်းသို့မှ သရေခေတ္တရာတွင် ဆယ်ရက်ကျော်ခန့် နေတော်မူ၍ ပြည်အလုံးကို စီရင်တော် မူပြီးမှ စလေ၊ ပုခန်းငယ် စသော ပုဂံသို့ ချီတော်မူသည်။ ရောက်တော်မမူခင် စလေစား တို့လည်း ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်ပြု၍ ခြေတော် ဦးတင်လာသည်။ ပုဂံစားမှကား အလျှင် ချီလေသော ရဲမက်တော်တို့ကို ခံနှင့်သည်ကို ဘဝရှင်မင်းတရားကြီး ရောက်တော်မူ၍ ရေအား၊ ကြည်းအား လုပ်ကြံတော်မူလျှင် အဝသား၊ ပုခန်းငယ်သား ပြေးထွက်

---

[1] နန္ဒဘုရင် (၁၅၈၁–၁၅၉၉) [2] ၂၁ ဩဂုတ် ၁၅၅၁ [3] မာန်မတူ (မှန်နန်း--၂၆၈၊ မန်မတူ [တွင်းသင်း (၃)-၇၈] [4] ၃၀ ဩဂုတ် ၁၅၅၁

လေ၏။ ယင်းသို့ ပြေးထွက်လျှင် ပုဂံစားလည်း အသက်သေမည်ကို ကြောက်၍ လက်နက်အများနှင့် ခြေတော်ဦးတင်လာသည်။ ပုဂံကို ရတော်မူသည်။ ပုဂံကို ရ၍ ဦးရီးတော် မင်းညည်သူကို ကျေးစားထည့်တော်မူခဲ့၍ အဝသို့ ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူသည်။ ကျောက်တစ်လုံးသို့ ရောက်တော်မူလျှင် အဝကို ဝန်းရံ၍ လုပ်ကြံတော်မူမည် စီရင်စဉ်တွင် နိုင်ငံတော်ဖြစ်သော ဟင်္သာဝတီက တိုက်လေသောကြောင့် ရန်ကတော်တို့ ထွက် ပြေးရသည် အကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် ကျောက်တစ်လုံး တပ်တော်က ပြန်တော်မူ၍ ပုဂံသို့ ရောက်တော်မူလျှင် ဆင်ကြီး မြင်းကြီးများကို ဖောင်တွင် တင်၍ ရေကြောင်း အလျင်စုန်တော်မူသည်။ ကြည်းတပ်သားတို့ကိုလည်း အလျင် နေညည်မည်ဆို ချီလေ အမိန့်တော် ရှိသည်။ စုန်တော်မူ၍ ပြေထဲသို့ ရောက်တော်မူလျှင် ညီတော်အငယ် မင်းရဲကျော်ထင်ကို ဆင်လုံး မြင်းရင်း အများနှင့် တောင်ငူသို့ အလျင် ချီရလေသည်။

## ၂၃၂။ သရေခေတ္တရာတွင် အဝမင်း မိုးဗြိနရပတိ ဝင်လာပုံ

ဘဝရှင်မင်းတရားကြီးဘုရားမှကား သရေခေတ္တရာသို့ စုန်တော်မူ၍ ဟံသာဝတီသို့ ရေကြောင်း ချီစိမ့်မည်ကို စီရင်တော်မူသည်။ မြေထဲစား တစ်တပ်၊ ရေစား တစ်တပ်၊ သာယာဝတီစား **နော်ရထာ**[၁] တစ်တပ်၊ စကုစား တစ်တပ်၊ ပုခန်းငယ် ပြည်မင်း သတိုးဓမ္မရာဇာ တစ်တပ်၊ ခနုဖြူစား ရဲသင်းရဲ တစ်တပ်၊ သည်ခြောက်တပ်တွင် သတိုးဓမ္မရာဇာကို ဗိုလ်ချုပ်ခန့်တော်မူသည်။ ပါသည် တိုက်လှေ **သုံးထောင်**[၂]၊ တန်ဆွက်လှေငယ် တစ်ရာ၊ ဗိုလ် **လေးသောင်း**[၃] ချီရမည်ကို စီရင်ခန့်ရန်တော်မူသည်။ ယင်းသို့ ခန့်ရန်တော်မူစဉ်တွင် အဝကို မင်းပြုသော မိုးဗြိနရပတိသည် စစ်ကိုင်းမင်း စည်သူကျော်ထင်ကို မခံနိုင်၍ သားတော်၊ သမီးတော်နှင့်တကွ ဆင်လုံး မြင်းရင်း အလုံးအရင်းကို ယူ၍ ကျွန်တော်ခံလာ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သနားတော်မူ၍ စီးမြဲ နင်းမြဲသော အဆောင်အယောင်နှင့်တကွ သာယာစွာ နေရ၏။ ပြည်မြို့တွင် မြသိတင်ဘုရား ဇရပ်များကို မီးလောင်သည်ကို ဇရပ်သုံးဆောင် ဆောက်စိမ့်မည် ဟူ၍ ဝတ်တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်၊ စားတော် လက်ဖက်အိုး၊ သောက်ရေတော် တကောင်းဖုံး စသည်များကို လှူတော်မူသည်။

## ၂၃၃။ ဆင်ဖြူရှင် ဟံသာဝတီသို့ ချီတက်ပုံ

ယင်းသို့မှ **အဝနရပတိ**[၄]ကို ခေါ်တော်မူ၍ ကေတုမတီသို့ ချီတော်မူသည်။ ရောက်တော်မူလျှင် ဟံသာဝတီသို့ ချီတော်မူမည်ကို အလျင် စီရင်တော်မူသည်။ ချီရသော တပ်စဉ်ကား- လက်ဝဲရဲတိုင် မြင်းတစ်ထောင်နှင့် တစ်တပ်၊ လက်ဝဲနန္ဒသူ မြင်းတစ်ထောင်နှင့် တစ်တပ်၊ နန္ဒစည်သူ မြင်းတစ်ထောင်နှင့် တစ်တပ်၊ တုရင်ရာဇာ မြင်းတစ်ထောင်နှင့် တစ်တပ်၊ တုရင်ဗလ မြင်းတစ်ထောင်နှင့် တစ်တပ်၊ သည်မြင်းငါးတပ်ကို ရှေ့ချီရသည်။ ယင်းကမှ ဘယကျော်ထင် တစ်တပ်၊ တရဖျား တစ်တပ်၊ **ဒါကြံစား**[၅] တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ မင်းမဟာ တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ သရေစည်သူ တစ်တပ်၊ နန္ဒကျော် ထင် တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ နားတောင်းများ တစ်တပ်၊ ဥဇနာ တစ်တပ်၊ ညီတော်

---

၁။ ဥဇနာ(မှန်နန်း-၂၆၉) ၂။ သုံးရာ [တွင်းသင်း(၃)-၇၉] ၃။ လေးထောင် (မှန်နန်း-၂၆၉) ၄။ အင်းဝမင်း မိုးဗြိနရပတိ (၁၅၄၅-၁၅၅၁) ၅။ ဒါကြွန်စား(မှန်နန်း-၂၇၀)၊ ကျွန်ဆုံစား[တွင်းသင်း(၃)-၇၉]

အငယ် မင်းရဲကျော်ထင် တစ်တပ်၊ သည့်တစ်ဆယ့်သုံးတပ်တွင် ညီတော်မင်းရဲကျော်ထင်ကို
တပ်မှူး၊ ဘယရွှေ့သူကို စစ်ကဲ။ ညီတော် တောင်ငူဘုရင် မင်းခေါင်တပ်တွင် လက်ျာပွဲချီကို
စစ်ကဲ၊ ညီတော် မင်းရဲစည်သူ တပ်တော်တွင် လက်ဝဲယော်ဓာကို စစ်ကဲ၊ သားတော် မဟာဥပရာ
ဇာ တပ်တော်တွင် ရဏ္ဏဓားကို စစ်ကဲ ခန့်တော်မူသည်။ နောက်မှ ဘဝရှင်မင်းတရားကြီး
တပ်မ ပြည့် ချီတော်မူသည်။ တပ်တော်တွင် နန္ဒသကြ်ကို တပ်မှူး၊ နန္ဒကျော်သူကို စစ်ကဲခန့်တော်
မူသည်။ မြင်းတပ် လေးတပ်နှင့် တကွ တပ်ပေါင်း ၂၀ တွင် ပါသည် တိုက်ဆင်လေးရာ
မြင်းငါးထောင်၊ ဗိုလ်တစ်သိန်းတစ်သောင်းနှင့် သက္ကရာဇ် (၉၁၃) ကိုးရာ တစ်ဆယ့်သုံးခု
တန်ဆူးလဆန်း ၆ ရက်[1] တနင်္ဂနွေနေ့ ကေတုမတီက ချီခဲ့၍ ခံပေါင်[2]တောင်ဘက် "ရန်ကုန်
ဆောင်ထင်[3]" ဟူသော တပ်တော်တွင် ချတော်မူသည်။ ယင်းကသည် "ရန်အောင်မြို့သစ်"
ဟူသော တပ်တော်တွင် ချတော်မူသည်။ ယင်းကသည် "အောင်ထင်သာစည်" ဟူသော
တပ်တော်တွင် ချတော်မူသည်။ ယင်းကသည် "စနေတောင်" ဟူသော တပ်တော်တွင် ချတော်
မူသည်။ ကေတုမတီကသည် ဟံသာဝတီတိုင် ၁၃ စခန်း ချချီတော်မူသည်။ စခန်းတိုင်း အမည်
သမုတ်တော်မူသည်။ "ရတနာ" ဟူသော တပ်တော်သို့ ရောက်တော်မူလျှင် သီရိဇေယျနော်ရထာ
လျှောက်သည်။ ရာမညတိုင်းကို အစိုးရသော သမိန်ထောရာမမင်းတွင် စဉ်းလဲသော အမျိုးအမတ်
များလှသည်။ ပရိယာယ်စေ့စပ် ဥပါယ်တံမျဉ်ဖြင့် အထွေထွေ ကြံမည်ကို မမြင်နိုင်။ ရှေ့တပ်၊
နောက်တပ် ခွဲ၍ စုံစမ်းစေမှ သင့်မည် ထင်သည် ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင်မင်းတရားကြီးလည်း ရှေ့ချီစေသော မြင်းငါးတပ်တွင် ဥဇနာကို တပ်မှူး၊ လက်ျာ
စည်သူကို စစ်ကဲထည့်တော်မူ၍ မြင်းငါးထောင်နှင့် အလျှင်ချီရလေသည်။ (မော်ကစနုချောင်း
အကူးတွင် သမိန်ထောရာမက စစ်များချီလာသည်နှင့် ရင်ဆိုင်တွေ့လေ၏။ ဥဇနာကိုလည်း
ချောင်းအကူးတွင် ဆီး၍ တိုက်သည်။)* သူက ဆင်တပ်အများ ဖိ၍ တိုက်သောကြောင့် ရဲမက်
တော်တို့ ဆုတ်ရချေသည်။ မွန် သမိန်ထောရာမလည်း ထပ်၍ ချီလာသည်။ ထိုအကြောင်းကို
ဥဇနာက လျှောက်၍ ကြားတော်မူလျှင် စစ်မျက်နှာ ဖြန့်၍ အနေအထားကျအောင် စီရင်တော်
မူပြီးမှ ညီတော် မင်းရဲစည်သူကို အရပ်ခုနစ်တောင် ရှိသော ရတနာပြောင်ကျော် ဆင်တော်ကို
ရွှေကြိုးရွှေကနှင့်တကွ ထီးဖြူဆောင်းစေ၍ ရွှေဒိုင်း ရွှေလွှား ရွှေကာ ဝန်းရံလျက် လက်ဝဲဆင်ကူ
တစ်ဆယ်၊ လက်ယာဆင်ကူ တစ်ဆယ်နှင့် သမိန်ထောရာမကို ကြိုရသည်။

ဘဝရှင်မင်းတရားကြီးမှာ ရတနာအတိပြီးသော ကြိုးကနှင့် ပတ္တမြားအတိပြီးသော ချွန်း
ကို စွဲတော်မူ၍ ဥပေါသထော ဆင်ဦးတွင် စီးတော်မူသည်။ စစ်တုရင်္ဂသူကို ကုန်းလယ်တင်တော်
မူသည်။ ဇေယျဗလကို နောက်ထိုင်ရသည်။ မိုးနဲ့ရွှေလုံ သုံးထောင်ကို ဆင်တော်ဝန်းကျင်
လိုက်ရသည်။ ရွှေဒိုင်းသုံးထောင်၊ ရွှေလွှားသုံးထောင်၊ ရွှေကာသုံးထောင်တို့ကိုလည်း ဆင်တော်
ဝန်းကျင် လိုက်ရသည်။ ရွှေမောက်တိုဆောင်း၍ မျဉ်းနိဝတ်သော သေနတ်လုလင် လေးရာတို့
ဆင်တော် ရှေ့နောက် နံပါးနှစ်ဖက် လိုက်ရသည်။ ဆင်ကူ လက်ဝဲက ၁၅ စီး၊ လက်ယာက
၁၅ စီး၊ အမြောက်ငယ် တစ်စင်းစီ တင်၍ မှူးပျိုမတ်ပျိုတို့ စီး၍ လိုက်ရသည်။ ညီတော်ဘုရင်
မင်းခေါင်၊ ညီတော် မင်းရဲကျော်ထင် အစရှိသော တပ်မှူး စစ်ကဲ အပေါင်းတို့ကိုလည်း
မိမိတို့ အလုံးအရင်းနှင့်တကွ စစ်မျက်နှာဖြန့်၍ နေရသည်။

---

၁။ ၂၉ အောက်တိုဘာ ၁၅၅၁   ၂။ ခပေါင်း(မှန်နန်း-၂၇၀)   ၃။ "ရန်လုံအောင်တင်" (-ထို-)   * ကွင်းအတွင်းရှိ စာရကို မှန်နန်း၊ စာ ၂၇၀ မှ ယူသည်။

ယင်းသောခါ ဆင်တော်ကုန်းလယ်စီး စစ်တုရက်သူ လျှောက်သည်။ ယခု သမိန်ထောရာမ ချီလာသည်အခိုက်တွင် မြင်းတော်သည်တို့ကို ခန့်တော်မူ၍ ဟံသာဝတီမြို့တွင်းမှာ အိမ်ရာများ မီးတိုက်လေစေမှ မွန်စစ်သည်တို့ စစ်မျက်နှာကွက်မည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သည်အရေး သင့်လှသည် ဟူ၍ မိန့်တော်မူပြီးလျှင် လက်ဝဲရံကိုင် နှင့် လက်ဝဲမြင်း တစ်ထောင်တို့ လက်ဝဲကြောင်း ဝင်၍ မီးတိုက်ရသည်။ လက်ျာနန္ဒသူနှင့် လက်ယာမြင်းတစ်ထောင်တို့ လက်ယာကြောင်း ဝင်၍ မီးတိုက်ရသည်။ ယင်းသို့ ခန့်ရန်တော် မူစဉ် သမိန်ထောရာမလည်း ချစ်ချင်း ဟူသော ဆင်ကို ရတနာကြီးက တင်ပြီးလျှင် မင်းဆောင် မင်းယောင် ကျင်းပလျက် ရဲမက် ဗိုလ်ပါအများ ဝန်းရံ၍ အပြင်းလွှတ်လာ၏။ ညီတော် မင်းရဲ ရည်သူလည်း သမိန်ထောရာမကို စီးချင်းတိုက်မည် ဟူ၍ ဆီးကြိုနှင့်၏။ သမိန်ထောရာမလည်း မင်းရဲရည်သူ(ကို) မြင်လျှင် မတိုက်ဘဲ ဘဝရှင် မင်းတရားကြီးဘုရား ရှိရာသို့ ဆင်ကို အပြင်းတို့၍ လွှတ်လာ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သမိန်ထောရာမ ဆင်နှင့် အပြင်းလွှတ်လာ သည်ကို မြင်လျှင် ရွှေကရားနှင့် ရေကို ယူ၍ သာသနာတော်မြတ် စီးပွား၊ ပြည်သူတကာတို့ စီးပွားကို ဆောင်တော်မူနိုင်သော မင်းဧကရာဇ်ဖြစ်လျှင် သမိန်ထောရာမကို တစ်ခဏချင်း အောင်မြင်သည် ဖြစ်စေသော ဟူ၍ ဆင်တော်ဦးတွင် မိဋ္ဌာန်တော်မူ၍ ရေစက်သွန်းတော်မူလျှင် အခါမဟုတ်ဘဲ မိုးလည်း အုံ့သည်။ လျှပ်စစ်လည်း ပြက်သည်။ မြေကြီး လှုပ်လည်း လှုပ်သည်။ ကောင်းကင်က ချိုးငှက်၊ ဆက်ရက်တို့သည်လည်း သဲသဲရုတ်ရုတ် ကြော်ကြာ၍ ဆင်တော်ရှေ့က ကြော်ညံ၍ လိုက်ကြသည်။ ရေစက်သွန်းသော ရွှေကရားလည်း လက်တော်က လွတ်၍ မြေသို့ ကျလေသည်။

## ၂၃၄။ ဆင်ဖြူရှင် သမိန်ထောရာမနှင့် ဆင်စီးချင်း တိုက်တော်မူပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း လက်တော်က ရွှေကရား ကျလျှင် မကျန်းမာသော ရှိတော်မူသည်။ ထိုအကြောင်းကို သမိန်ဇရ ခံသော မွန်အမတ် မြင်လျှင် ဤသို့ နားတော်လျှောက် သည်။ ယခုပင် တိုက်တော်မူတော့၊ သမိန်ထောရာမကို အလိုတော်ပြည့်၍ ရေနှင့်မြေကို အစိုးရတော်မူမည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သမိန်ထောရာမ ဆင်နှင့် လွှတ်လာသည်ကို ထိုး၍ တိုက်တော်မူသည်။ ဆင်ချင်း အားတူ၍ မနည်းကြာ ဝေ့သည်။ တစ်ပါးကိုတစ်ပါး မရွေ့နိုင် ရှိသည်တွင် ဆင်တော် ဥပေါသထာကို ဆုတ်စေ၍ အားယူပြီးမှ ချွန်းဖွင့်၍ လွှတ်တော်မူသည်။ သမိန်ထောရာမ စီးသော ဆင်ကို ဥပေါသထာ အစွယ်နှင့် ထိုးမိသည်။ စွယ်လုံး ကျွတ်လေ၏။ သမိန်ထောရာမ စီးသောဆင် ချစ်ချင်းလည်း ယင်းတွင်ပင် လဲလေ၏။ ဆင်တော် ဥပေါသထာလည်း လက်ယာက အစွယ် တစ်တောင့်လေးသစ် ကျိုးချေ၏။ သမိန်ထောရာမကိုလည်း ချွန်းနှင့် ရိုက်တော်မူသည်။ ကျော တွင် အနာအကျင် ထိလေ၏။

သမိန်ထောရာမကျွန် သမိန်ဓိပ်ပြုလည်း စွယ်လမန်းဟူသော ဆင်နှင့် အပြင်းထိုး၍ ဘဝရှင် မင်းတရားကြီးဘုရား တိုက်လာသည်ကို ဆင်တော် ဥပေါသထာနှင့် တိုက်တော်မူပြန်သည်။ သမိန်ဓိပ်ပြု စီးသောဆင် ယင်းတွင်ပင် လဲလေ၏။

သမိန်အဲနရဲ မျက်ကြီး[၁] ဟူသော ဆင်ကို ထီးဖြူတင်၍ လွှတ်လာပြန်သည်ကို ညီတော်

၁။ ဖြတ်ကြီး (မှန်နန်း-၂၇၂)၊ မျက်ကြီး [တွင်းသင်း(၃)-၈၀]

မင်းရဲကျော်ထင်(ရဲ) လုလင် ဟူသောဆင် မှန်နှင့်ဆီး၍ တိုက်တော်မူသည်။ သမိန်အဲနရဲ စီးသော ဆင်ပျက်ကြီး ပျက်နှာသုန်၍ ပြေးလေ၏။

ယင်းသို့မှ ရဲမက်တော် ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ လိုက်ထပ်၍ တိုက်လျှင် မွန်တို့စစ်သည် ပျက်၍ ပြေးလေ၏။ ဆင် မြင်း သို့ဝန်း ရတော်မူသည် များ၏။ သမိန်ထောရာမလည်း ဆင်ကသည် မြင်းသို့ သက်၍ ရုံးမိသမျှသော စစ်သည် ဗိုလ်ပါနှင့် ဟံသာဝတီက ခံမည် ဟူ၍ အပြေးရှာသည်။

ဟံသာဝတီမှာလည်း ရဲမက်တော်တို့ မီးတိုက်၍ မြို့အလုံးကို လောင်သည်နှင့် မြင်းတော်သည်တို့ ဆီး၍ ကြိုဟန့်တားလျှင် မြို့တွင်းသို့ မဝင်ဝံ့၍ အနောက်အရပ်သို့ ပြေးလေ၏။ ဘဝရှင်မင်းတရားကြီးလည်း သမိန်ထောရာမကို အလိုတော်ပြည့်လျှင် ဟံသာဝတီသို့ ဝင်၍ နေတော်မူသည်။[1] သမိန်ထောရာမ ပြေးလျှင် မွန် အမှုးအမတ် အချို့လည်း ကျနကွဲပြိုရစ်သော ဆင်၊ မြင်းကို ယူ၍ ခြေရင်းတော်သို့ ရောက်လာကုန်၏။ ရောက်လာသသူတို့ကိုလည်း ဆုလာဘ် ပေးတော်မူ၍ သစ္စာတော် ခံစေပြီးလျှင် အမှုတော်ကို ထမ်းရစေ၏။

အရှေ့ဘက် မုဋ္ဌမကျေး တစ်လွှားကို စားသော မြို့စား အပေါင်းတို့လည်း ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်ခံလာကုန်၏။ ထိုသူတို့ကိုလည်း သစ္စာတော်ပေး၍ အထိုက်အလျောက် အမည်အရည် အဆောင်အယောင် ပေးတော်မူ၍ မိမိတို့ စားသော ကျေးရွာစည်းစိမ်ကိုလည်း ပေးတော်မူသည်။

သမိန်ထောရာမနှင့် တိုက်ရာတွင် ပွဲလမ်းရသော တပ်မှူး စစ်ကဲ သူရဲ သူခက်တို့ကိုလည်း အမည်အရည် အဆောင်အယောင် စားခွက် စားယောက် စားကျေး စားလက် အထိုက်အလျောက် ဆုပေးတော်မူသည်။ ညီတော် မင်းရဲကျော်ထင်ကိုလည်း ကွမ်းခွက် ရှစ်မြှောင့်၊ ပတ္တမြား တစ်ရစ်စီ လက်ဖက်အိုး၊ တကောင်းဖုံး၊ ကျောက်တစ်ရစ်စီ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်း ရွှေထည်၊ ငွေထည် ခုနစ်လုံး ပေးတော်မူသည်။

## ၂၇၅။ သမိန်ထောရာမ ပြေးရာသို့ လိုက်တော်မူပုံ

ယင်းသို့ ဟံသာဝတီတွင် ဆယ်ရက်[2]ခန့် နေတော်မူ၍ သမိန်ထောရာမ ပြေးရာသို့ ဆင်လုံး မြင်းရင်း အများနှင့် လိုက်တော်မူသည်။

သမိန်ထောရာမလည်း ဓနုဖြူ၊ ပုသိမ်သို့ ပြေးလေ၏။ ပုသိမ်စား သမိန်ဗြသပိုက်လည်း သမိန်ထောရာမတွင် ဆင်လုံး မြင်းရင်း အများ ရုံးစု၍ ချီလာသောကြောင့် မဖီမဆန့်ဝံ့ချေ၊ လက်ခံရလေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဓနုဖြူကို အလျင်ချီသည်။ **(၉၁၄) ကိုးရာတစ်ဆယ့်လေးခုနှစ် အဝင် ကဆုန်လဆန်း ၇ ရက်**[3] အတာစားသနေ့ ဓနုဖြူ အရှေ့ဘက်သို့ **ရောက်တော်မူ**သည်။

ပြည်က ချီလာသော ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကိုမူကား ဒလတွင် **ရေတပ်**[4] နေသည်ကို ဘဝရှင်မင်းတရားကြီးဘုရားက ရေတပ်သို့ ခေါ်တော်မူ၍ ဓနုဖြူကို **ကူးတော်မူပြီး**

---

၁။ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ၁၂ မတ် ၁၅၅၂ ခုနှစ်တွင် ဟံသာဝတီကို အောင်မြင်စွာ သိမ်းပိုက်သည်။ (ဓါင်းလေဘင်းစာ-ကြည့်ပါ) ၂။ သုံးရက် (မှန်နန်း-၂၇၃) ၃။ ၁၀ မတ် ၁၅၅၂ ၄။ ရေတပ်၊ ကြည်းတပ် (မှန်နန်း-၂၇၃)

လျှင် ပုသိမ်သို့ ချီတော်မူသည်။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လေ့တပ်ကိုလည်း ပုသိမ်သို့ အလျင် ချီခဲ့ ဟူ၍ ခန့်တော်မူသည်။ ဒလမြို့တွင်မူကား- သာယာဝတီစား ဥဇနာ၊ မြဲထဲစား မင်းကျော်ထင်၊ တောင်ကြီးစား နားတောင်းများ၊ မျှင်တစား သရေစည်သူတို့ကို ဆင်လုံး မြင်းရင်း အများနှင့် အစောင့်အနေ ခန့်တော်မူ၍ ဘုရင့်မင်းတရားကြီးဘုရား ကြွည်းကြောင်း၊ ညီတော် သတိုးဓမ္မရာဇာ၊ သမိန်ရဲသင်းရံတို့မူကား ရေကြောင်း ပုသိမ်သို့ ချီတော်မူသည်။ ပုသိမ်သို့ မရောက်ခင် တစ်စခန်းလောက်တွင် သမိန်ထောရာမ မြို့ကထွက်၍ ပြေးလေ၏။ ပုသိမ်စား သမိန်ဗြသပိုက်လည်း သမိန်ထောရာမ မယူနိုင်၍ ပစ်ထားခဲ့သော တိုက်ဆင် တစ်ရာကျော်နှင့် လက်နက် ကိရိယာကို ယူ၍ ဘုရင့် မင်းတရားကြီးဘုရားကို ဆီးကြို၍ လက်ဆောင် လက်နက် ဆက်နှင်း၏။ ဘုရင့်မင်းတရားကြီးလည်း အားရတော်မူ၍ ဗညားလော ဟူသော အမည်နှင့် ရွှေကွမ်းခွက် ရစ်မြှောင့်၊ လက်ဖက်အိုး တကောင်းဖုံး၊ မိုးကြိုးထွေးခံ၊ ဆင်ပေါင်းဝန်း ရွှေခက်၊ လှေခင်တယင် ချင်ပိတ် ရွှေခက်၊ စည် နှစ်လုံး၊ ငွေနဲ သုံး၊ ငွေရောနှစ် ပေးတော်မူသည်။ ရွှေအိမ်ငါးဆက် ဆောက်၍ နေ ဟူ၍လည်း အမိန့်တော်ရှိသည်။ မယားကိုလည်း ပေါင်းဖုံ့ အရပ်တွင် ပြတင်းရွှေထည့်၍ ရွှေချက်နှစ်စင်း၊ ရွှေကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ထွေးအင် ပေးတော်မူသည်။

ညီတော် သတိုးဓမ္မရာဇာ၊ သမိန်ရဲသင်းရံတို့လည်း ဘုရင့်မင်းတရားကြီးဘုရား ပုသိမ်သို့ ရောက်ပြီ ကြားလျှင် ချောင်းကို လှည့်၍ နေ့ညဥ့်မဆို လှေတပ်အပေါင်း အလျင် ချီသည်။ တမကချောင်းတွင် ရေကျ၍ လှေသုံးစင်းတင်သည်ကို သမိန်ထောရာမ တွေ့လျှင် တိုက်လေ၍ ရဲလှေ သုံးစင်းသားလုံး ဆုံးချေသည်။ သမိန်ထောရာမလည်း ရဲလှေသုံးစင်းကို နိုင်လျှင် ဒလမြို့မှာ နေစေသော ဥဇနာတို့ကို တိုက်ပြန်လေသည်၊ ပျက်ချေ၏။ ဥဇနာလည်း ဆုံးချေ၏။

## ၂၃၆။ ပုသိမ်မှ ဒလသို့ ချီ၍ လိုက်ပုံ

သည်အကြောင်းများကို ဘုရင့်မင်းတရားကြီး ကြားတော်မူလျှင် ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်၊ ပုသိမ်စား ဗညားလော တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ နန္ဒသကြီ တစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် လေးသောင်း[၁] နှင့် ပုသိမ်မြို့တွင် အခိုင်အလုံနေ ဟူ၍ ခန့်ရန်တော်မူပြီးမှ ညီတော် မင်းရဲကျော်ထင် တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ သည်နှစ်တပ်ကို တိုက်ဆင်လေးဆယ်၊ မြင်းတစ်ထောင်၊ ဗိုလ် နှစ်သောင်း[၂] နှင့် ရေ့လွှန်၍ ချီရသည်။ ယင်းကမှ ဘုရင့်မင်းတရားကြီးဘုရား မှူးတော် မတ်တော် အပေါင်းနှင့် ချီတော်မူသည်။

သမိန်ထောရာမလည်း ဒလတွင် နေစေသော ရဲမက်တော်တို့ကို နိုင်လျှင် သတိုးဓမ္မရာဇာ၊ ရဲသင်းရံတို့ကို တိုက်မည်ဟူ၍ ပုသိမ်သို့ ချီလာပြန်သည်။ သတိုးဓမ္မရာဇာတို့လည်း သံမြို့နှင့် အတူ ကြုံကြုံခံ၍ နေသည်။ ယင်းသို့စဥ့်တွင် ညီတော် မင်းရဲကျော်ထင်တို့ နှစ်တပ်သား ရောက်လာ၍ ရှုပ်ရှုပ်ရွံရွံ တိုက်လျှင် သမိန်ထောရာမ ပျက်၍ ပြေးလေ၏။ မိဖုရား၊ ယောက္ခမတို့နှင့် တကွ လှေတက်အလုံးစုံကို ရတော်မူ၏။ သမိန်ထောရာမ ပြေးလျှင် ကျွန်အမှုအမတ်တို့လည်း ဆင် မြင်း ဗိုလ်ပါ လက်နက်ကိရိယာတို့ ယူ၍ ကျွန်တော် ခံလာ၏။ ဘုရင့်မင်းတရားကြီး ဘုရားလည်း စစ်အောင်၍ ငါးရက်ရှိမှ ရောက်တော်မူလာသည်။ ရောက်တော်မူလျှင် ကျွန်

၁။ တစ်သောင်း [တွင်းသင်း(၃)-၈၂]  ၂။ ငါးသောင်း (မှန်နန်း-၂၇၅)၊ တစ်သောင်း [တွင်းသင်း(၃)-၈၂]

ခံလှာသော အမှူးအမတ်တို့ကို သစ္စာတော်ပေး၍ အဆောင်အယောင် စားကျေး စားလက် အလိုက်အလျောက် ပေးတော်မူသည်။ ယင်းသို့ စီရင် ခန့်ထားတော်မူပြီးမှ ဟံသာဝတီ နေပြည်တော်သို့ ပြန်တော်မူ၍ (၉၁၄) ကိုးရာတစ်ဆယ့်လေးခု (ပဌမ)ဝါဆိုလဆန်း တစ်ရက် နေ့[1] ရောက်တော်မူသည်။

## သမိန်ထောရာမ ရဟန်းပြု၍ ပြေးပုန်းပုံ

၂၃၇။ သမိန်ထောရာမ ရဟန်းပြု၍ အခြေအရံ တစ်ကျိပ်ကျော်ခန့်နှင့် မုတ္တမသို့ မွန်မင်း သမိန်ထောရာမလည်း ရဟန်းပြု၍ အခြေအရံ တစ်ကျိပ်ကျော်ခန့်နှင့် မုတ္တမ ၃၂ မြို့၊ ပုသိမ် ပြေးလေ၏။ ဘဝရှင်မင်းတရားကြီး ဟံသာဝတီသို့ ရောက်တော်မူလျှင် မုတ္တမ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့တွင် ရှိသော မြို့စား ပြစား အမှုထမ်းတို့ကို အနေအထားကျအောင် ခန့်ထားစီရင်တော် မူသည်။ ကျောင်း ဘုရား ပြိုပျက်လေသည်များကိုလည်း ပြင်ဆင်လုပ်ဆောင်ရသည်။ မင်းတရား ရွှေထီး သမျိုင်းတော်ရာမှာလည်း နန္ဒသူရိယနှင့် နန္ဒကျော်ထင်တို့ကို ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင် ပူဇော်ကန်တော့စေ၍ စေတီတည်ရလေသည်။ ယင်းသို့ ပြည် အလုံးကို ခန့်ထားတော်မူ၍ ထိုသက္ကရာဇ် (၉၁၄) ကိုးရာတစ်ဆယ့်လေးခု ဝါဆိုလဆန်း ဆယ်ရက်[2] ကြာသပတေးနေ့ ဝင်းတော်ဟောင်းတွင် အိမ်တော်ဆောက်သည်။ ၎င်း(ဒုတိယ) ဝါဆိုလဆန်း တစ်ဆယ့်လေးရက်[3] တနင်္လာနေ့ အိမ်တော်သို့ တက်တော်မူသည်။

ပုသိမ်မြို့မှာ ရှိလေသော ညီတော် မင်းခေါင်၊ ညီတော် သတိုးဓမ္မရာဇာ၊ ဒလမြို့မှာ ရှိလေသော ညီတော် မင်းရဲကျော်ထင်တို့ တပ်ပေါင်းသားကိုလည်း ခေါ်တော်မူ၍ ဟံသာဝတီသို့ ပြန်ရသည်။

ရောက်တော်မူကြလျှင် ညီတော် မင်းရဲစည်သူကို မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ မုတ္တမမြို့ကို ပေးတော်မူ၍ ဘုရင်ခံ မင်းပြုရသည်။

ညီတော် အလတ် သတိုးဓမ္မရာဇာကိုလည်း မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ပြည်မြို့ကို ပေး၍ ဘုရင်ခံ မင်းပြုရသည်။

ညီတော် မင်းခေါင်ကိုလည်း မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ကေတုမတီမြို့ကို ပေး၍ ဘုရင်ခံ မင်းပြုရသည်။

ထိုမှတစ်ပါး မြန်မာအမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ကိုလည်း အမည်အရည် အဆောင် အယောင် စားကျေး စားလက် ပေးတော်မူသည်။

ပုသိမ်မှာ နေတော်မူသော တဲတော်ကိုလည်း ကျောင်း၏ ၄၀ နှင့် တကွ ကျောင်းကြီး ဆောက်တော်မူ၍ ရှင်ဓမ္မဒေဿယျအား လှူတော်မူသည်။

ဆံတော်ဘုရားရှင်ကိုလည်း ထီးချရားသီးက မြေတိုင်အောင် ရွှေထည့်တော်မူသည်။

## ၂၃၈။ သမိန်ထောရာမ မုတ္တမက ပြေးပြန်ခြင်း

သမိန်ထောရာမလည်း မုတ္တမကျေးမှာ နေသည်ကို မုတ္တမသားတို့ ဖမ်းမည်ပြုလျှင် မုတ္တမ တွင် မနေဝံ့၍ ကဝေါသို့ ပြေးလေ၏။ ကဝေါစား၊ သွယ်တိုင်စားတို့လည်း သမိန်ထောရာမ ပြေးလာကြောင်းကို သိ၍ ညဉ့်ကို ချောင်းဝပ်ကြလေသော် သီတင်းသုံးအိမ်တွင် ကျွန်ငါးယောက် နှင့် ရက်ပြွတ် စားသောက်၍ နေသည်ကို တွေ့လျှင် ဖမ်းလေ၏။ လက်လွတ် ထွက်၍ပြေးရာ

[1] ၂၂ မေ ၁၅၅၂ [2] ၃၀ ဇွန် ၁၅၅၂ [3] ၄ ဇူလိုင် ၁၅၅၂

တွင် သမိန်ထောရာမ ကျောက်ကို စားခုတ်မိလေသည်။ ခုတ်ရာ သွေးသံ တခြင်းခြင်းနှင့်ပင် ရွာငယ်တစ်ရွာသို့ ပြေး၍ တောနေရဟန်းတို့ကျောင်းတွင် အနာလွတ်အောင် ကုစားပြီးမှ တိုက်ကုလားသို့ သွားရ၍ လူသူ ဆင် မြင်း စုရုံးပြန်သည်။ ထိုအကြောင်းကို ဘဝရှင်မင်းတရားကြီး ကြားတော်မူလျှင် နန္ဒသကြံ တစ်တပ်၊ (နော်ရထာ တစ်တပ်)၊ ဘယကျော်သူ တစ်တပ်၊ ရွှေလှေမှူး တစ်တပ်၊ သည် လေးတပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် လေးသောင်းနှင့် ချီရလေသည်။

သမိန်ထောရာမသည် တိုက်ကုလားမြို့ကသည် စစ်တောင်းသို့ လာ၏။ နန္ဒသကြံ၊ နော်ရထာတို့လည်း ဆင် မြင်း လက်နက်ကိရိယာ နည်းသည်ကို သိလျှင် အဆီးအတား မရှိ၊ ဆင် ချွန်းဖွင့်ကာ တိုက်လေ၏။

သမိန်ထောရာမလည်း မခံနိုင်၍ ပျက်လေ၏။ ယင်းသို့လျှင် ကျွန်လေးယောက်နှင့်သာ မြင်းစီး၍ ပြေးလေ၏။ စစ်တောင်းကသည် အနောက်တောင် ခြေရင်းမှာ နေသည် ဟူ၍ တလခွားတို့ လျှောက်လှာ၍ ကြားတော်မူလျှင် စစ်တုရင်္ဂသူနှင့် လက်ရွေးမှူးကို ရအောင် ဖမ်းချေ စေတော်မူသည်။ စစ်တုရင်္ဂသူတို့လည်း ရဲမက်သုံးရာခန့်နှင့် ချောင်းဝပ်သော် ညဉ့်ကို လယ်တောတဲတွင် အိပ်သည်ကို တွေ့၍ ဖမ်းလေ၏။ သမိန်ထောရာမလည်း အဝတ်ကို ချွတ်၍ ပြေးလေ၏။ ကျွန်နှစ်ယောက်နှင့် လက်စွပ်ကျောက်ကောင်း အကွင်း နှစ်ရာကျော် ရ၍ ဆက်လေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗေဒင်တတ်တို့ကို ခေါ်တော်မူ၍ သမိန်ထောရာမ သည် ငါ လုပ်ကြံတော်မူ၍ အကြိမ်ကြိမ် ပျက်သော်လည်း လက်မချ။ ယခုလည်း ကိုယ်တစ်ခု တည်းသာ ရှိလေပြီးသည်။ ဘယ်ကာလကို ရတော်မူမည်နည်း ဟူ၍ မေးတော်မူသည်။ ဗေဒင် တတ် အပေါင်းတို့သည်လည်း အထူးထူး အထွေထွေ မည်သည် ကာလကို ရလမည် ဟူ၍ လျှောက်ကြသည်။ ယင်းသောအခါ ဗြဟ္မဏ အမည်ရှိသော ပုဏ္ဏား လျှောက်သည်။ ။

မဟာရာဇဝင်ကြီး ကောဒသမတွဲ ပြီး၏။

# မဟာရာဇဝင်ကြီး

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယံ အဟံ ဝန္ဒါမိ။

### ၂၃၉။ သမိန်ထောရာမကို ရမိ၍ ကွပ်မျက်ခြင်း

။ သက္ကရာဇ် (၉၁၄)ကိုးရာတစ်ဆယ့်လေးခု ပြာသိုလပြည့်ကျော် ၉ ရက်[1] စနေနေ့ ဝင်းတော်အသစ် တည်ရသည်။ ကျုံးလည်း တူးရသည်။

သက္ကရာဇ် (၉၁၄) ကိုးရာတစ်ဆယ့်လေးခု တန်ခူးလဆန်း ၁၃ ရက်[2] တနင်္ဂနွေနေ့ သမိန်ထောရာမကို တလစွာတို့ ရ၍ ဆက်လာသည်။ ဗေဒင်တတ် ပုဏ္ဏားကိုလည်း ဟောတိုင်းမှန်ပေသည် ဟူ၍ မဟာဓမ္မရာဇဂုရု ဟူသော အမည်နှင့် တကောင်းရွာ[3]ကို ပေးတော်မူသည်။ ရွှေကို ပုံ၍လည်း နှစ်ကြိမ် ကျုံးရသည်။ သားတော် အိမ်ရှေ့မင်း စသော မှူးတော် မတ်တော်အပေါင်းတို့ကလည်း ရွှေ၊ ငွေ၊ အဝတ်အစား ဆုပေးကြသည်။

သမိန်ထောရာမကို ရတော်မူလျှင် မကောင်း အကြံအစည်ကို ကြံသသူ ဟူ၍ မကောင်းသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်တော်မူသည်။ ယင်းသို့ ရန်သူကို အောင်မြင်တော်မူလျှင် မွန် သုံးရပ်လုံးကို ရေအပြင်ကဲ့သို့ တစ်ချက်တည်း ညီညွတ်အောင် စီရင်တော်မူ၍ အလွန်သာယာ စည်ပင်သည်။

ပြည်သူအပေါင်းတို့လည်း များစွာသော အလှူကြီး ပေးကြသည်။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း မွန် သုံးရပ်တွင် ရှိသော အရညဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ်တို့အား ပင့်တော်မူ၍ ရွှေမော်တောဘုရား၌ ပရိက္ခရာရှစ်ပါးနှင့်တကွ ဆွမ်းလုပ်ကျွေးတော်မူသည်။ ရွှေမော်တောဘုရားသခင်ကိုလည်း ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။ သက်တော်စေ့ ပဒ္ဒင်း ၃၇ ပါး ခံတော်မူသည်။ ဟံသာဝတီ ဝန်းကျင် ဘုရား ဂူကျောင်း တန်ဆောင်းဇရပ် ပြိုပျက်သည်များကိုလည်း အမှုးအမတ်တို့ကို ခန့်တော်မူ၍ လုပ်ရသည်။

မှူးတော် မတ်တော် မင်းဆွေ စိုးမျိုးတို့ကိုလည်း အကွက်အရပ် ချ၍ နေရသည်။ ပြည်သူ လူတကာတို့ တရားမရပါသသူ၊ ဆင်းရဲ၍ မလျှောက်နိုင်သသူတို့ကိုလည်း သည်ခေါင်းလောင်းကို ထိုးစေ ဟူ၍ ဝင်းတော်တံတွင် ထားတော်မူသည်။

ပြည်ဘုရင် မင်းခေါင်ခံ ရှင်သရက်ကိုလည်း အမှုးအမတ် အရောက်အလာ များသည် ဟူ၍ ကြားတော်မူလျှင် စေတုမတီကသည် ဟံသာဝတီသို့ ခေါ်တော်မူ၍ ရောက်လျှင် ကွပ်မျက်တော်မူသည်။ မင်းခေါင် မိဖုရား "သီရိဘုန်းထွတ်" ကိုမူကား စန္ဒာဒေဝီ ဟူသော အမည်နှင့် ၉၁၅ ခု[4] မိဖုရားမြှောက်တော်မူသည်။

---

၁။ ၇ ဇန်နဝါရီ ၁၅၅၃ ၂။ ၂၆ မတ် ၁၅၅၃ [တန်ခူးလဆန်းသုံးရက် (တွင်းသင်း ၃-၈၃)] ၃။ တကောင်းရွာ
၄။ ဒေသီ ၁၅၅၃

## ၂၄၀။ ဆင်ဖြူရှင် တိုင်းရေးပြည်ရေးကို ရှင်းလင်းပုံ

ယင်းသို့မှ မင်းညီမင်းသား မင်းဆွေမင်းမျိုး စသော မှူးတော် မတ်တော် ဗိုလ်ဗညားအပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။ ယခု မွန်သုံးရပ်နှင့်တကွ ကောသမ္ဗီ စသော သရေခေတ္တရာ၊ ပုဂံတိုင်အောင် လက်နက်နိုင်ငံတော် ဖြစ်ပြီ။ ယိုးဒယားသည် ညီတော် မင်းတရားလက်နက်နိုင်ငံ ဖြစ်သည်။ ယခုလည်း အရေးအရာ မလျှောက်ထားလော့။ ကိုယ်ကို အနိုင်အမာနေသည်။ ယိုးဒယားသို့ အလျင်ချီ၍ လုပ်ကြံရသော်လည်း သင့်မည်လော၊ ရတနာပူရ စသော ရှမ်းပြည် တစ်တန်းကို ချီ၍ အလျင် သိမ်းယူရသော်လည်း သင့်မည်လော ဟူ၍ နိုင်ငံခြင်းကျင်းတော်မူသည်။

ယင်းသောခါ ပုသိမ်စား ဗညားလော လျှောက်သည်။ ယိုးဒယားပြည်သည် အလုပ်အကြံလည်း ခက်ခဲသည်။ ဆင်လုံး မြင်းရင်းလည်း များသည်။ ယိုးဒယားမြို့တွင် ဆွေသား မျိုးသားအမှူးအမတ်တို့လည်း အသက်ကိုစွန့်၍ အမှုကို ထမ်းသည်သူချည်း ဖြစ်သည်။ ညီတော်ဘုရားတွင် အလိုတော်ပြည့်သည်လည်း မြို့အလုံးကို လုပ်ကြံတော်မူ၍ ရတော်မူမည် မဟုတ်ချေ။ ဆီးကြို၍ တိုက်ရာတွင် အရပ်အနေ မသင့်၍ သား၊ သမက်၊ ညီတို့ကို ရတော်မူသောကြောင့် ယိုးဒယားမင်း အညွှန့်ခံလာသည်သာ ဖြစ်သည်။ ယိုးဒယားမြို့ကို အလျင်တဆော လုပ်ကြံတော်မူ၍ အလိုတော်ပြည့်မည် မဟုတ်။ အရှည်အကြာ လုပ်ကြံတော်မူရမည်လည်း ရတနာပူရ စသော ရှမ်းပြည် တစ်တန်းနှင့် အရေး မပြီးချေသေး ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကို ရတနာပူရသို့ စမ်းချီ ချီစေသင့်သည် ဟူ၍ နားတော်လျှောက်သည်။

ဗညားလော လျှောက်သော စကားကို သိရိဇေယျနော်ရထာ ကြားလျှင် သည်အရေးသည် သင့်လှသည် ဟူ၍ နားတော်လျှောက်ပြန်သည်။ ဘဝရှင်မင်းတရားကြီးလည်း ဗညားလော လျှောက်သော်အရေးကို ကြိုက်တော်မူ၍ အဝသို့ ရေကြောင်း၊ ကြည်းကြောင်း ချီမည်ကို ခန့်တော်မူသည်။

## ၂၄၁။ အင်းဝသို့ အစမ်းချီတက်စေခြင်း အကြောင်း

ရေကြောင်းမှာ အဲမွန်တရာ တစ်တပ်၊ ဗညားထွန့် တစ်တပ်၊ သိရိမမှုရတ် တစ်တပ်၊ သရေပုညာ တစ်တပ်၊ သရေစည်သူ တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ **မင်းကျော်ထင်**[၁] တစ်တပ်၊ ဗညားကျွန်းထော တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ သားတော် **မဟာဥပရာဇာ**[၂] တစ်တပ်၊ သည်ဆယ်တပ်တွင် ပါသည် ကတ္တူလှေနှင့်ကြင် ငါးရာ၊ လှော်ကား သံလှေ နှစ်ရာ၊ ရိက္ခာတင်လှေ နှစ်ရာ၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် ရေကြောင်းချီရသည်။

ကြည်းကြောင်းမှာ လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ **လက်ဝဲယော်ဇော**[၃] မြင်းတပ်၊ နန္ဒသိမ်းစည်း မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ သည်ငါးတပ်ကို ရှေ့ဖျား ချီရသည်။ သည်နောက် သမိန်သံကျွယ် တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ နန္ဒသင်္ကြံ တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ နော်ရထာ တစ်တပ်၊ ညီတော် မင်းရဲကျော်ထင် တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင်

---

၁။ မင်းရဲကျော်ထင် (မှန်နန်း-၂၈၀) ၂။ နန္ဒဘုရင် (၁၅၈၁-၁၅၉၉) ၃။ လက်ဝဲယောဇော(မှန်နန်း-၂၈၀၊ တွင်းသင်း(၃)-၈၅]

တစ်တပ်၊ မြင်းတပ်နှင့် တပ်ပေါင်း ၁၅ တပ်တွင် ပါသည့် တိုက်ဆင် ငါးရာ၊ မြင်း ငါးထောင်၊ စစ်သည် သူရဲ စုနစ်သောင်းနှင့် သက္ကရာဇ် (၉၁၅) ကိုးရာတစ်ဆယ့်ငါးခု ဝါဆိုလဆန်း နှစ်ရက်[၁] ၄-ဟူးနေ့ ရေအား၊ ကြည်းအား၊ ရထား၊ ရွာကျွဲရသို့ ချီရသည်။

အဝဘုရင် နရပတိစည်သူလည်း ဟံသာဝတီက ချီလာမည်ကို သိ၍ အုန်းပေါင်စော်ဘွား[၂] စော်ဘွား၊ ဝန်းမော်စော်ဘွား၊ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားသို့ စေ၍ ချီပင့်ရလေသည်။ စော်ဘွား ငါးဦး-တို့လည်း ကိုယ်တိုင် ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ အဝတွင် အနိုင်အလုံ ကြည်း-ရေဖက်၍ နေသည်။ မြေတူးစား၊ ငရုံစား၊ စည်ပုဏ္ဏရာစား၊ စည်သာစား၊ ဒီပဲယင်းစား၊ ကမ်းနီစား၊ အမြင့်စားတို့ကိုလည်း အမြင့်တွင် ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ အများနှင့် ခံ၍ နေသည်။ ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ညောင်ရမ်း၊ မြစ်ညောင်း[၃]၊ သာဂရ၊ ပင်းတလဲ၊ ပြင်စည် မြို့သားတို့ကိုလည်း တလုပ်မြို့က ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါနှင့် အနိုင်အလုံ နေရသည်။ ရှမ်းတို့က လေ့တပ်လည်း တလုပ်မြို့တွင် ခံ၍ နေရသည်။

ဟံသာဝတီက ချီလာသော သားတော် မဟာဥပရာဇာတို့ ပုဂံသို့ ရောက်တော်မူလျှင် ပုဂံမင်းစည်သူလည်း ဤသို့ မဟာဥပရာဇာကို လျှောက်သည်။ ယခု ချီတော်မူသည် ရေကြောင်းမှာ အားနည်းလှသည်။ အဝဘုရင် နရပတိမှာ ရှမ်းစော်ဘွားငါးဦး ကူညီလေသောကြောင့် ရေအား၊ ကြည်းအား နိုင်ကြီးလှသည်။ ယခုလည်း တလုပ်မြို့တွင် ရေတပ်၊ ကြည်းတပ် အနိုင်အလုံ ခန့်၍ နေလေသည်ဟု လျှောက်သော် မဟာဥပရာဇာကလည်း ခမည်းတော် အမိန့်တော်မှာ သာလျှင်လည်း တိုက်လေ၊ မသာလျှင်လည်း ဆုတ်ခဲ့ အမှာတော်ရှိသည်။ အမှာတော်အတိုင်း သာလျှင် တိုက်မည်၊ မသာလျှင်လည်း ခွာရမည် ဟူ၍ မိန့်တော်မူသည်။ ကြည်းကြောင်း ချီရသော ဘုရင်မင်းခေါင်တို့ ရောက်လာ၍ အရေးအရာကို စိုင်းပြင်းခင်းကျင်းတော်မူကြသော် ပဋ္ဌာန်ပြားတွင်းသခင်ဖြစ်သော စော်ဘွားပေါ[၄]သည် ဘဝရှင်မင်းတရားကြီးဘုရားနှင့် တစ်ပါးပါး တွင် အခင်းအခန့်ရှိလျှင် တစ်ပါးကို တစ်ပါး ကူညီမည် ဟူ၍ ကတိသစ္စာ ရှိသည်ကို မိမိသစ္စာ ကို ဖျက်၍ အဝဘုရင် နရပတိကို ကူညီလေသောကြောင့် အဝက အင်အားကြီးလေသည်။ ယင်းသို့ ဖြစ်သောကြောင့် သည်အကြောင်းအရာများနှင့် ရှိခိုးသံတော်ဦးတင်ရမှ သင့်မည် ဟူ၍ တိုင်ပင်တော်မူကြပြီးလျှင် လျှောက်ရလေ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာတို့ လျှောက်လာ၍ ကြားတော်မူလျှင် သားတော်၊ ညီတော် ရေတပ်၊ ကြည်းတပ်ကို ခေါ်တော်မူ၍ ပြန်ကြရသည်။

## ၂၄၂။ ဆင်ဖြူများရှင် နန်းသစ်တက်ခြင်း အကြောင်း

သက္ကရာဇ် (၉၁၅) ကိုးရာတစ်ဆယ့်ငါးခု နတ်တော်လဆန်း ၁၃ ရက်[၅] ၆-ကြာနေ့ နန်း ဆောက်တော်မူသည်။ နန်းတော်ဆောက်ရာ မြေကို ကမ္ဘောဇသာဒီ ဟူသော အမည်ကို သမုတ် တော်မူသည်။ နန်းတော်ဝန်းကျင်ကိုလည်း မင်း,မိဖုရားများ အိမ်တော်၊ ကိုယ်လုပ်, မောင်းမတို့ အိမ်၊ ရွှေတိုက်၊ ငွေတိုက်၊ ကြေးတိုက်၊ ပုဆိုးတိုက်တို့ကို လုပ်တော်မူသည်။ ထိုသက္ကရာဇ် (၉၁၅) ကိုးရာတစ်ဆယ့်ငါးခု တပို့တွဲလဆန်း ၁၀ ရက်နေ့[၆] ဓမ္မာဒွါရတံခါးက ဝင်တော်မူ၍

၁။ ၁၁ ဇွန် ၁၅၅၃ ၂။ အုန်းပေါင်စော်ဘွား၊ ဝန်းမော်စော်ဘွား၊ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ မိုးမိတ်စော်ဘွား (မှန်နန်း-၂၈၀) ၃။ ညောင်မြင့် (-တို-) ၄။ အုန်းပေါင်စော်ဘွား [တွင်းသင်း(၃)-၈၆] ၅။ ၁၇ နိုဝင်ဘာ ၁၅၅၃ ၆။ ၁၂ ဇန်နဝါရီ ၁၅၅၄

နှန်းတက်တော်မူသည်။ "သီရိသုဓမ္မရာဇာ" ဟူသော အမည်ကို ခံတော်မူသည်။ 
"အဂ္ဂမဟေသီ" ဟူသော အမည်ကို ခံတော်မူသည်။ မိဖုရားခေါင်မှာ အပေါင်းတို့ကိုလည်း အထိုက်အလျောက် ဆုပေးတော်မူသည်။ မှူးတော်၊ မတ်တော်၊ ရွှေတော်၊ မျိုးတော် အောင် ခံတော်မူသည်။ အရှေ့ဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ်တို့ကိုလည်း ကြီးစွာသော သဘင်ကို ရက်လည် တော်မူ၍ ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ သီတင်းသုံးသူတော် အစရှိသော မစားရတတ်၊ မဝတ်ရတတ်သော သူတို့အားလည်း ပုဆိုး အင်္ကျီ ငွေကြေး ဆန်စပါး ငါးပိ တိုက်တော်က များစွာ ထုတ်၍ အလှူကြီး ပေးတော်မူသည်။

၃၇ လံ ရှိသော ဟင်္သာရုပ် ရွှေဖောင်တော်ကိုလည်း တည်တော်မူသည်။ စလောကပင် အစရှိသော တိုက်လှေကြီးများ ဟောင်းနွမ်းသည်ကိုလည်း ပြင်ဆင် လုပ်ဆောင်ရသည်။ အသစ် လည်း တိုးရုပ်လှေ၊ စာမရီရုပ်လှေ၊ ကျွဲရုပ်လှေ၊ ဆင်ရုပ်လှေ၊ မြင်းရုပ်လှေ၊ ငါးမန်းရုပ်လှေ၊ မကာန်းရုပ်လှေများကိုလည်း အစင်းသုံးရာကျော် လုပ်ရသည်။ လှော်ကား၊ကြေးလှေ အစင်းနှစ်ရာ ကျော်ခန့် လုပ်၍ အချို့ကို ရွှေအပြည့် ထည့်ရသည်။ အချို့သော လှေကို ရွှေစက်ကွင်း ထည့်ရ သည်။ အချို့သော လှေကို အနီဟင်္သပဒါး သုတ်ရသည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ မုတ္တမ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ ဟံသာဝတီ ၃၂ မြို့၊ ကေတုမတီ၊ သရေခေတ္တရာ၊ စကု၊ စလင်း၊ ပုဂံ နိုင်ငံတော် အလုံး၌ ရှိသော မြို့စား ပြစား အပေါင်းတို့ကိုလည်း လက်နက်ကိရိယာ စစ်ဝတ်တန်ဆာ မျိုးရိက္ခာ ပြည့်စုံစေ၍ ဆောင်ဖန်ရသည်။ သရေခေတ္တရာက စ၍ ပုဂံတိုင်အောင် ဧရာဝတီမြစ်ကြောင်းတွင် ရှိသော မြို့စားအပေါင်းတို့ကိုလည်း မျိုးရိက္ခာ စုရုံး၍ ထားရသည်။

သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု ဝါဆိုလ[1] ရခိုင်ဘုရင်သား။ ဘထွေး နှစ်ဦး မကြည် ရှိ၍ ရခိုင်ဘုရင်အကြီးသားတော် သံတွဲစားလည်း ဆင် မြင်း အလုံးအရင်းကို ယူ၍ ခြေရင်းတော်သို့ ရောက်လာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း "သီရိဓမ္မာသောက" ဟူသော အမည်ကို သမုတ်တော်မူ၍ ညီတော် မုတ္တမဘုရင် မင်းရဲစည်သူ သမီးတော်အကြီးနှင့် စုံဖက်တော်မူသည်။ ရခိုင်ဘုရင် တူတော် **ရှင်ရဲမြို့**[2]ကိုလည်း သမီးတော် **မျိုးမြတ်ပုန်းစည်**[3]နှင့် စုံဖက်တော်မူ၍ **တမော်မြို့**[4]ကို ပေးတော်မူသည်။

## ၂၄၃။ အင်းဝသို့ ဆင်ဖြူရှင်ကိုယ်တိုင် ချီတက်ပုံ

ယင်းသို့မှ အဝသို့ ချီတော်မူမည်ကို ခန့်ရန်တော်မူသည်ကား– ရေတပ်မှာ မြောင်းမြို့ကို စားသော **သတိုးဓမ္မရာဇာ**[5] တစ်တပ် ရှေ့ဖျား ချီရသည်။ သည်နောက် စကုစား လက်ဝဲယော်ဓာ တစ်တပ်၊ **ဝန်းသိုမြို့**[6]ကို စားသော ဗညားဥက္ကံ့ တစ်တပ်၊ ဖျင်တာ[7]မြို့ကို စားသော သရေစည်သူ တစ်တပ်၊ ခဲပေါင်မြို့ကို စားသော သမိန်သံကျယ် တစ်တပ်၊ မကွေးမြို့ကို စားသော သရေပညာ တစ်တပ်၊ **အစုတ်မြို့**[8]ကို စားသော သမိန်အဲနရဲ တစ်တပ်၊ လယ်ကိုင်းမြို့ကို စားသော ရာဇသူ တစ်တပ်၊ တိုက်ကုလားမြို့ကို စားသော သမိန်ဓော်ကရုတ် တစ်တပ်၊ မြင်ကွန်းမြို့ကို စားသော ဓေယျာတိလှိုင် တစ်တပ်၊ ယင်းမှာ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တပ်မ ပြု၍ ချီရသည်။ ဆယ်တပ်တွင် ပါသည် ကတ္တူလှွန်းကြင် တိုက်လှေ ခြောက် ဗိုလ်ချုပ်လည်း ခန့်တော်မူသည်။

---

၁။ ၁၅၅၄ ခုလိုင် ၂။ ရဲမြို့ [တွင်းသင်း(၃)-၈၆] ၃။ မျိုးမြတ်ပုန်း [-ထို-] ၄။ ကမော်မြို့ [-ထို-]
၅။ သီရိဓမ္မရာဇ် (မှန်နန်း-၂၀၂) ၆။ ဝဲမွေး(မှန်နန်း-၂၀၂)၊ ဝန်းကို [တွင်းသင်း(၃)-၈၆] ၇။ ဖျင်တာ (မှန်နန်း-၂၀၂) ၈။ အသုတ်မြို့ [တွင်းသင်း(၃)-၈၇]

ရာ၊ လှော်ကား ကြော့လှေ သုံးရာ၊ ရိက္ခာတင် ကုန်လှေ ငါးရာ၊ စစ်သည်သူရဲ တစ်သိန်း တစ်သောင်းနှင့် ရေကြောင်း ချီရသည်။

ကြည်းကြောင်း ချီရသော တပ်စဉ်ကား– လက်ဝဲရံတိုင် မြင်း တစ်တပ်၊ လက်ယာရံတိုင် မြင်းတစ်တပ်၊ ရာဇတမန် မြင်းတစ်တပ်၊ တုရင်ရာဇာ မြင်းတစ်တပ်၊ နန္ဒသိမ်းစည်း မြင်း တစ်တပ်၊ တုရင်စလ မြင်းတစ်တပ်၊ စတုရင်္ဂသူ မြင်းတစ်တပ်၊ တုရင်ယော်ဓာ မြင်းတစ်တပ်၊ သည် မြင်းရှစ်တပ်ကို ရှေ့ဖျား ချီရသည်။ ယင်းကမှ မြင့်မြို့စား သမိန်သံလိုက် တစ်တပ်၊ မလွန်မြို့စား ရာဇသကြီ တစ်တပ်၊ နေပြူစား သမိန်ရဲသင်းရဲ တစ်တပ်၊ ဒလစား သီရိဇေယျ နော်ရထာ တစ်တပ်၊ လက်ယာစား ဘယကျော်သူ တစ်တပ်၊ ပုသိန်စား ဗညားလော တစ်တပ်၊ စလင်းမြို့ကို စားသော စည်သူကျော်ထင် တစ်တပ်၊ စရပ်မြို့ကို စားသော သမိန်ပရမ်း တစ်တပ်၊ သံလျင်မြို့ကို စားသော ဘယကာမဏိ တစ်တပ်၊ မော်ဗီမြို့ကို စားသော ဗညားကျန်းထော တစ်တပ်၊ သာယာဝတီမြို့ကို စားသော နော်ရထာ တစ်တပ်၊ ဘောင်းလင်းမြို့ကို စားသော နန္ဒသူရိယ တစ်တပ်၊ လိုင်မြို့ကို စားသော နန္ဒကျော်ထင် တစ်တပ်၊ ဒဂုံမြို့ကို စားသော သီရိဇေယျကျော်ထင် တစ်တပ်၊ ညီတော် မင်းရဲကျော်ထင် တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရား တပ်မပြုရ၍ ချီတော်မူသည်။

တပ်တော်တွင် ဝင်းတော်လေးမျက်နှာသား **လေးထောင်**[1]ကို ရွှေလွှား၊ ရွှေကာ၊ ရွှေလှံချည်း ကိုင်ရသည်။ ကုလားလေးရာကိုလည်း ဦးထုပ်ဆောင်းစေ၍၊ ရွှေနားသန်ဘောင်းဘီနှင့် သေနတ် ကိုင်စေ၍ ဆင်တော် ရှေ့ နောက် နံပါး လိုက်ရသည်။ ကိုယ်ရံတော် မြင်းသုံးထောင်တို့ကိုလည်း ဆင်တော် ရှေ့နောက် နံပါးနှစ်ဖက် လိုက်ရသည်။ တိုက်ဆင် လေးဆယ်ကိုလည်း အမတ် လေးကျိပ်စီးစေ၍ လက်ဝဲ လက်ယာ ရှေ့နောက် လိုက်ရသည်။ မှူးသား မတ်သားတို့ကိုလည်း ရွှေကာ ကိုင်စေ၍ ရှေ့နောက်နှစ်ဖက် လိုက်ရသည်။ တပ်တော်တွင် သက်ရှည်ကျော်ထင်ကို တပ်မှူး၊ **ရာဇနန္ဒယော်ဓာ**[2]ကို စစ်ကဲ ခန့်တော်မူသည်။ မြင်းတပ် ရှစ်တပ်နှင့် တကွ တပ်ပေါင်း ၂၅ တပ်တွင် ပါသည် တိုက်ဆင် ရှစ်ရာ၊ မြင်း ကိုးထောင်၊ စစ်သည်သူရဲ **တစ်သိန်းရှစ်သောင်း**[3]နှင့် ကြည်းကြောင်းချီတော်မူသည်။ နေပြည်တော် ဟံသာဝတီတွင် အစောင့်အနေ ခန့်ထားတော်မူ သည်ကား သားတော် မဟာဥပရာဇာနှင့် နန္ဒသကြီကို ခန့်တော်မူသည်။ အရှေ့ဘက် မုတ္တမ ၃၂ မြို့ကိုမူကား ဇင်းမယ်ပြည်ကြီး၊ ယိုးဒယားပြည်ကြီးနှင့် နီးလေသည်ကို အကြောင်းထောက် တော်မူ၍ ညီတော် မုတ္တမမင်းကြီး မင်းရဲစည်သူနှင့် မော်လမြိုင်စား ဗညားဦး၊ တောင်ပပုံစား ဓော်ကရုတ်၊ ဆေးမြို့စား မင်းရဲသမ်ယာတို့ကို ဆင်လုံး မြင်းရင်းနှင့် အခိုင်အလုံ စောင့်နေရသည်။ ရခိုင်သံတွဲစပ်တို့ကို လင်းပတော့စား၊ ဒေးပသွယ်စားတို့ကို ဆင် မြင်း အလုံး အရင်းနှင့် အစောင့် အနေ ခန့်တော်မူသည်။

ဤသို့ ပြည်အလုံးကို စီရင်ခန့်ရန်တော်မူပြီးမှ သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု နတ်တော်လဆန်း ၄ ရက်[4]၊ ၄–ဟူးနေ့ ဟံသာဝတီ နေပြည်တော်က ကြည်းကြောင်းချီ၍ “**ပြည်လုံးအောင်ထင်**[5]” ဟူသော တပ်တော်တွင် ချီတော်မူသည်။

ယင်းကသည် တောင်ငူမြို့ကို **လေးစခန်း**[6] ချီတော်မူသည်။ ကေတုမတီသို့ ရောက်တော်မူ

၁။ လေးသောင်း(မှန်နန်း–၂၈၃) ၂။ ရာဇယောဓာ(–ထို–) ၃။ တစ်သိန်းတစ်သောင်း [တွင်းသင်း(၃)–၈၇]
၄။ ၂၈ အောက်တိုဘာ ၁၅၅၄ ၅။ ရန်လုံအောင် [တွင်းသင်း(၃)–၈၇] ၆။ ဆယ်စခန်း [မှန်နန်း–၂၈၄၊ တွင်းသင်း (၃)–၈၇]

လျှင် ညီတော်ဘုရင်မင်းခေါင် ဤသို့ နားတော်လျှောက်သည်။ ရှေးနှာမူရ အင်းဝပြည်ကြီးသည် ရှမ်းပြည်နယ်တစ်လွှား စော်ဘွားတို့ ကူညီလေသောကြောင့် အလုံးအရင်း ဆင် မြင်း များစွာ သည်။ ယင်းသို့သာ မဟုတ်၊ မြို့မှာလည်း ရေသည် ရိက္ခာလည်းဝန်း၍ ရှိလေသောကြောင့် အလုပ်အကြံ ခဲခက်လေသည်။ လေး ငါး လတွင် အရေးတော် ပြီးလွယ်အောင် စွမ်းစွမ်းနှင့် လုပ်ကြံတော်မူမှ သင့်မည်။ ရွှေ ဝါဆို၊ ဝါခေါင် ရောက်၍ ရေပြည့်လျှံသည် ရှိသော် အလုပ်အကြံ များချိမ့်မည်။ ယင်းသို့သာ မဟုတ်၊ ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ညောင်ရမ်း စသော မြို့များတွင်လည်း အလုံးအရင်းနှင့်ချည်း ဖြစ်သည်။ မြောက်ဘက် တစ်တန်းတွင် ရှိသော မြို့ပြတို့တွင်လည်း အလုံးအရင်းနှင့်ချည်းဖြစ်သည်။ ကြိုကြိုပမ်းပမ်း လုပ်ကြံမှ အရေးတော် ပြီးလွယ်မည်။ ယခု ချီတော်မူရာမှာလည်း သုံးနှစ်၍ ချီမှ တောင်ဘက်ဝယ်ရှိသော မြို့ရွာ အပေါင်းတို့ကို သိမ်းယူတော်မူမိမည် နားတော်လျှောက်သည်။

## ၂၄၄။ တောင်ငူမြို့ကို ရောက်မှ စစ်သုံးကြောင်း အဝသို့ ချီတက်ပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် မင်းခေါင် လျှောက်သော အရေးကို ကြိုက်တော်မူ၍ နန္ဒသိမ်းစည်း မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ စည်သူကျော်ထင် တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ခုနစ်တပ်ကို အရှေ့ကြောင်း ချီရသည်။

စစ်တုရင်္ဂသူ မြင်းတစ်တပ်၊ တုရင်ယော်ဓာ မြင်းတစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ ဗညားကျန်းထော တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ ညီတော် မင်းရဲကျော်ထင် တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ခုနစ်တပ်ကို အလယ်ကြောင်း ချီရသည်။

ဘဝရှင်မင်းတရားကြီးဘုရားမှာ မြင်းတပ် ၄ တပ်နှင့် တပ်ပေါင်း ဆယ်တပ်ကို အနောက်ကြောင်း ချီတော်မူသည်။ စခန်းချတိုင်း သဘင်ခံတော်မူသည်။ တောင်တွင်းကြီးကသည် ကျောက်ပန်းတောင်းကို တိုက်၍ ပုဂံသို့ ဆင်းတော်မူသည်။ ရောက်တော်မူလျှင် ပုဂံမြောက်တွင် တပ်ချ၍ နေတော်မူသည်။ ရွှေစည်းခုံဘုရားရှင်ကို ဖူးမြင်တော်မူသည်။ ဘုရားရှင်တွင် ထီးတော်၊ အင်္ဂတော ပျက်လေသည်များကို လုပ်စိမ့်မည် ဟူ၍ ဦးစီးတော် မင်းစည်သူကို ငွေနှစ်ဆယ့်ငါးပိဿာ အပ်တော်မူသည်။[၁]

ညီတော် တောင်ငူဘုရင် မင်းခေါင်တို့ ခုနစ်တပ် အရှေ့ကြောင်း ချီရာမှာ ရမည်းသင်းကို တိုက်၍ ချီတော်မူသည်။ ရမည်းသင်းစား၊ ဝတီးစား၊ ယင်းတော်စား၊ လှိုင်းတက်စား၊ ညောင်ရမ်းစားတို့လည်း မြို့တွင် မခံဝံ့၍ အလုံးအရင်းနှင့်တကွ ထွက်ပြေး၍ အဝသို့ ပေါင်းကြလေ၏။ ဘုရင်မင်းခေါင်တို့ ခုနစ်တပ်သားလည်း ဆင် မြင်း လူသူ ကျွဲ နွားတို့ကို သိမ်းယူ၍ နောက်ထပ် ချီတော်မူသည်။ ပင်းယတောင် ရန်အောင်မြင် တပ်တော်သို့ ရောက်လျှင် တပ်နိုင် တပ်လုံ တည်၍ ဘဝရှင်မင်းတရားကြီးကို ငံ့၍ နေတော်မူ၏။

ညီတော်မင်းရဲကျော်ထင်တို့ အလယ်ကြောင်း ချီရာမှာလည်း ပင်းတလဲစား၊ ပြင်စည်စားတို့ မခံဝံ့၍ အလုံးအရင်းနှင့် တကွ အဝသို့ ပေါင်းလေ၏။ မင်းရဲကျော်ထင်တို့တပ် ခုနစ်တပ်

၁။ ပုဂံ ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတွင် ၂၃ ခေ ၁၅၅၇ ခုနှစ်တွင် ကြေးပိဿာ ၂၀၀ (၃ . ၁၈ တန်) ရှိသော ခေါင်းလောင်းကို သွန်းလုပ်၍ ပူဇော်တော်မူသည်။ (ခေါင်းလောင်းစာ-ကြည့်)

သားသည် ရသမျှ ဆင် မြင်း ဗိုလ်ပါ လူသူ အပေါင်းတို့ကို သိမ်းယူတော်မူ၍ နောက်ထပ် ချီရသည်။ ပင်းယတောင် ရန်အောင်မြင်တပ်တော်သို့ ရောက်လျှင် နောင်တော်နှင့် တွေ့၍ တပ်ချတော်မူသည်။

ညီတော် မင်းရဲကျော်ထင်တို့ ရောက်လျှင် နောင်တော် ဘုရင်မင်းခေါင်လည်း တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။ ယခုသည် ဘဝရှင်မင်းတရားကြီးဘုရား အနောက်ကြောင်း ချီတော်မူ၍ ပုဂံကို ဆင်းတော်မူသည်။ ညီတော် သတိုးမွေ့ရာဇာတို့ လှေတပ် နှင့် ပေါင်း၍ အနောက်တစ်လွှား၊ မြောက်တစ်လွှားတို့ကို လုပ်ကြံတော်မူချိမ့်မည်။ ငါတို့ နှစ်ကြောင်း ချီရသူတို့ကိုလည်း ခေါ်တော်မမူ။ သည်တွင်လည်း အရှည်နေမည် မဟုတ်။ ယင်းသို့ ဖြစ်သောကြောင့် ရထားမူရှိသို့ လုပ်ကြံသင့်လည်း လုပ်ကြံရမည်။ ဘဝရှင်မင်းတရား ကြီးဘုရား ရှိရာ ချီသင့်လည်း ချီရမည်။ အစ်ကိုတို့ စိတ်တွင် ဘယ်သို့ ထင်ကြသနည်းဟု မေးတော်မူသည်။

ယင်းသောခါ ညီတော် မင်းရဲကျော်ထင် လျှောက်သည်ကား ယခု ကျွန်ုပ်တို့ကို ခန့်တော် မူသည်လည်း ရန်သူတို့ကို တိုက်စိမ့်မည် ဟူ၍ ခန့်တော်မူသည်၊ နေစိမ့်မည် ဟူ၍ ခန့်တော်မမူ။ ယင်းသို့ ဖြစ်သောကြောင့် အဝသို့ ချီ၍ တိုက်ရ(မှ သင့်)မည်ဟု လျှောက်သည်။

မင်းရဲကျော်ထင် လျှောက်သော စကားကို ဗညားကျန်းထော ကြားလျှင် ဤသို့ လျှောက် သည်။ သခင် လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် ယခု လုပ်ကြံ တော်မူမည်မှာ အလျင်တသော စစ်ဦးဘီလူးပေါ လုပ်ကြံရမည် အရေးမဟုတ်။ အဝ နရပတိစည်သူ လည်း ရှမ်းကိုးပြည်ထောင်[၁]ကို အမှီရလေသောကြောင့် ဆင် မြင်း ဗိုလ်ပါ များလေသည်။ လက်နက်ကိရိယာလည်း မြို့တွင်းက ထုထပ်လှသည်။ ဘဝရှင်မင်းတရားကြီးဘုရား ရောက် တော်မူ၍ ရေတပ်၊ ကြည်းတပ် စုံးရုံးစည်းစည်း လုပ်ကြံတော်မူမှ အရေးတော် သင့်မည်။ ယင်းသို့ ဖြစ်သောကြောင့် သည်တွင် တပ်ခိုင် တပ်လုံနှင့် နေမည်။ သူ ထွက်၍ တိုက်လာလျှင် လည်း တိုက်မည်။ သူ မထွက်လာလျှင်လည်း ရဲမက် ဗိုလ်ပါ ဆင် မြင်းတို့ကို ဖြည့်တင်း၍ နေမည်ဟု လျှောက်သည်။ ဗညားကျန်းထော လျှောက်သော စကားကို တပ်မှူးစစ်ကဲ အပေါင်း တို့ ကြိုက်ညီကြသည်။ ဘုရင်မင်းခေါင်လည်း ကြိုက်တော်မူ၍ ယင်းတွင်ပင် နေတော်မူသည်။

## ၂၄၅။ အဝမြို့တွင်းက ထွက်၍ တိုက်ရာ အောင်မြင်ပုံ

ယင်းသို့ နေတော်မူသည်ကို အဝဘုရင် နရပတိက တိုက်ဆင် တစ်ရာ၊ မြင်း နှစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ချီလာသည်ကို ညီတော် မင်းရဲကျော်ထင်တို့ ခုနစ်တပ်သား ကြို၍ တိုက်သည်။ အဝက မြင်းတပ် ပျက်လေ၏။ မြင်းတပ် ပျက်လျှင် ဆင်တပ် ကြို၍ ခံ သည်ကို မင်းရဲကျော်ထင် သန်မြင်စွာကို စီးတော်မူ၍ တိုက်တော်မူသည်။ တပ်ဦး ပျက်လေ၏။ တပ်ဦးပျက်လျှင် ရာဇသကြိ၊ ဗညားကျန်းထော၊ သိရိဇေယျနော်ရထာ၊ သမိန်ပရမ်းတို့ လေးတပ် ဖိ၍ တိုက်သည်။ အဝက အလျှင် ရှုံးလေ၏။ မြင်းသုံးဆယ်ကျော်နှင့် မိုးညှင်းစော်ဘွားအမတ် "ပတာလုံ[၂]"ကို ရတော်မူသည်။ နောက်တစ်ကြိမ် ဆင်လုံး မြင်းရင်း အများနှင့် ထွက်လာ၍ ပင်းယတိုင်အောင် ရောက်လာသည်ကို ဘုရင်မင်းခေါင်၊ မင်းရဲကျော်ထင်တို့ မြင်းတပ်လေးတပ်

[၁] ရှမ်း ကိုးပြည်ထောင်- သိန္နီ၊ သီပေါ၊ မိုးနဲ၊ ညောင်ရွှေ၊ မိုးမိတ်၊ မိုးကောင်း၊ ဝန်းမော်၊ မိုးညှင်း၊ ကလေး
[၂] ပန်းလုံ [တွင်းသင်း(၃)-၈၈]

သင်တပ် ဆယ်တပ်နှင့် ကြိုတော်မူသည်။ စစ်အင်ကို မြင်လျှင် ရှမ်းတို့ မခံဝံ့၍ အပြေး ရှာလေ၏။ တံတားဦးတိုင်အောင် ထပ်၍ လိုက်တော်မူသည်။ အဝမြို့တိုင်အောင် လိုက်လေ၏။ မြို့တွင်းက လက်နက်ကိရိယာ ထုထပ်လှသောကြောင့် မရှုံးနိုင်ချေ။ တပ်တော်သို့ ပြန်၍ နေတော်မူသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာတို့ လှေတပ် ရောက်လျှင် မြောင်းတူး၊ ပုခန်းကြီးကို လုပ်ကြလေ အမိန့်တော်ရှိ၍ လှေတပ်သားတို့ ဆန်နှင့်ရသည်။ ယင်းသို့မှ ပုဂံ ကသည် လက်ထုပ်သို့ ချီတော်မူ၍ ကွမ်းရွာကို ကူးတော်မူသည်။ ကွမ်းရွာကသည် ပုခန်းကြီးကို ချီတော်မူသည်။ ပုခန်းစားလည်း ဘဝရှင်မင်းတရားကြီး ရေအား၊ ကြည်းအား ချီတော်မူလာသည်၊ ရဲမက် ဗိုလ်ပါ များလှသည် ဟူ၍ ကြားလျှင် မြို့တွင် မနေဝံ့၍ အလုံးအရင်းကို မြို့တွင် ခန့်ထားပြီးလျှင် မိုးညှင်းစော်ဘွားသို့ ပြေးဝင်လေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာတို့ လှေတပ်ကို ချင်းတွင်းသို့ ဝင်၍ အမြင့်၊ ဗဒုံ၊ **ကမ်းနီ**[၁]၊ သည်မြို့များကို လုပ်ကြချေ ဟူ၍ စေတော်မူသည်။ ဘဝရှင်မင်းတရားကြီးဘုရားမှကား ပုခန်း(ကြီး)မြို့ကို အဆောတလျင် လုပ်ကြစေ၍ ရတော်မူလျှင် ရန်အောင်ဘီလူးနှင့် ရွှေလှေမှူးကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူ၍ ပုခန်းကြီးကသည် **ကြခတ်ဝရာ**[၂]သို့ ကူးတော်မူသည်။ ယင်းကမှ **ပရိမ္မ**[၃]တွင် ခုနစ်ရက်ခန့် နေတော်မူ၍ ညီတော်တို့ ရေတပ်ကို မစတော်မူသည်။

ညီတော် သတိုးဓမ္မရာဇာတို့သည် ချင်းတွင်းဝကို ဝင်၍ အမြင့်ကို လုပ်ကြမည် စီရင်တော်မူစဉ် အမြင့်စား သခံယာသည် ပြေးသော်လည်း မလွတ်ရာ အကြံရှိ၍ ဆင်ကြီး မြင်းကြီး သား သမီးတို့ကို လက်ဆောင်တော်ဆက်၍ ကျွန်တော် ခံလာသည်။ ဗဒုံစား ရာဇသင်္ကြံမှုကား အလုံးအရင်းနှင့် မြို့တွင်းက ခံနင့်သည်ကို ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လှေတပ် ရောက်၍ ရှုပ်ရှုပ်ချွံချွံ လုပ်ကြတော်မူလျှင် မြို့စားနှင့်တကွ တစ်မြို့လုံးကို ရတော်မူသည်။ ယင်းသို့လျှင် သားမယားနှင့်တကွ ရာဇသင်္ကြံကို ဘဝရှင်မင်းတရား တပ်တော် ပရိမ္မသို့ ဆက်လာသည်။

ယင်းသို့မှ ဗဒုံတွင် အစောင့်အနေခန့်၍ မိုးသောက်လျှင် ကမ်းနီသို့ အပြေး ချီတော်မူသည်။ ကမ်းနီစား အသက်သေမည်ကို ကြောက်၍ ဆင်ကြီးနစ်စီး၊ သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလာ၏။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာလည်း ကမ်းနီစားနှင့်တကွ သားသမီးတို့ကို ဘဝရှင်မင်းတရားကြီးဘုရားသို့ အလျင် ဆက်လာရသည်။ ယင်းသို့မှ ကမ်းနီတွင် သရေပုညာနှင့် စန္ဒယော်ဓာကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူခဲ့၍ ဘဝရှင်မင်းတရားကြီးဘုရားက ခေါ်တော်မူသည်နှင့် အလျင် လိုက်တော်မူသည်။ မြောင်ရွာသို့ ရောက်မှ ဘဝရှင်မင်းတရားကြီးလည်း ညီတော်တို့ မီလာလျှင် ကြည်း၊ ရေပက်၍ တွေ့တော်မူသည်။ ဘဝရှင်မင်းတရားကြီးလည်း ညီတော်တို့ မီလာလျှင် ကြည်း၊ ရေပက်၍

မြင်းမှုကို တိုက်၍ မြောက်ဘက်ကြောင်း စစ်ကိုင်းသို့ ချီတော်မူသည်။ စစ်ကိုင်း မြစ်ကို ကူးတော်မူမိလျှင် စစ်ကိုင်းစားလည်း မခံဝံ့၍ မိုးညှင်းသို့ ပြေးလေ၏။ စစ်ကိုင်းသို့ ရောက်တော်မူလျှင် ရေတပ်၊ ကြည်းတပ် အနေအထား သင့်အောင် စီရင်တော်မူပြီးမှ ညီတော် ဘုရင်မင်းခေါင်၊ ညီတော် မင်းရဲကျော်ထင်တို့ တစ်ဆယ့်လေးတပ်သား ရှိရာ တပ်သို့

၁။ ကန္နီ (မှန်နန်း–၂၈၇)၊ ကံနီ [တွင်းသင်း(၃)-၈၈]    ၂။ ဝေဠုဝုန်နိုင် ပုခန်းကြီးမြို့နှင့် ပရိမ္မ အကြားတွင် တည်ရှိသည်။    ၃။ ပရိမ္မ– စစ်ကိုင်းတိုင်း မြင်းမူနယ်အတွင်း တည်ရှိသည်။

ပေတော်မူသည်။ ပေဟန်ကား မည်သည့်နေ့ရက်ကို အဝသို့ ကြည်း၊ရေ လုပ်ကြံတော်မူမည်။ အစ်ကိုတို့ ၁၄ တပ်သား စစ်မျက်နှာဖြန့်၍ မြို့ကို တက်ပေဟု ပေတော်မူသည်။

**၂၄၆။ တောင်ငူမင်းခေါင်၊ မင်းရဲကျော်ထင်တို့ အဝကို တိုက်ပုံ**

ညီတော်ဘုရင်မင်းခေါင်၊ ညီတော်မင်းရဲကျော်ထင်တို့လည်း မှာတော်မူသည် နေ့ရက်ရောက်လျှင် ဆင် မြင်း က စေ၍ စစ်သည်ဗိုလ်ပါတို့ကို စီရင်ခန့်ရန်တော်မူပြီးလျှင် စစ်မျက်နှာဖြန့်၍ အဝသို့ ချီတော်မူကြသည်။ ယင်းသောခါ ဘုရင်မင်းခေါင်မှာ ဓောရန်နှင် ဟူသော ဆင်ကို စီးတော်မူသည်။ သမိန်သံလိုက်မှာ ငရက်နွယ် ဟူသော ဆင်ကို စီးသည်။ စည်သူကျော်ထင်မှာ နာဂါဝရ ဟူသော ဆင်ကို စီးသည်။ သမိန်ရဲသင်းရဲမှာ စွယ်လမန်း ဟူသော ဆင်ကို စီးတော်မူသည်။ သမိန်ပရမ်းမှာ ပလင်စွယ် ဟူသော ဆင်ကို စီးသည်။ သီရိဇေယျနော်ရထာမှာ ရတနာပြောင်ကျော် ဟူသော ဆင်ကို စီးသည်။ ဗညားကျန်းထောမှာ ဇေယျသတ္တရ ဟူသော ဆင်ကို စီးသည်။ ရာဇသင်္ကြိမှာ ရဲလုလင် ဟူသော ဆင်ကို စီးသည်။ မြင်းနှစ်တပ်နှင့် သည်ခုနှစ်တပ်မှာ အနောက်ကြောင်းချီ၍ မကျည်း ဆင်တဲ[1] ကသည် အဝသို့ ချီသည်။ ယင်းသို့မှ မြင်းတပ်နှစ်တပ်ကို အလျှင်ချီစေ၍ စစ်ရေးငင်ရသည်။ အဝဘုရင် နရပတိကလည်း တိုက်ဆင် တစ်ရာ၊ မြင်း သုံးထောင်ကျော်ကို မြို့က ထွက်စေ၍ မင်းရဲကျော်ထင် မြင်းတပ်သားတို့ကို တိုက်လာသည်။ မြင်းတော်သည်တို့ကလည်း ခံ၍ မနည်းကြာ တိုက်ကြသည်။ ယင်းသို့စဉ်တွင် သမိန်ပရမ်း ပလင်စွယ် ဟူသော ဆင်ကို စီး၍ လွှတ်သည်။ ဗညားကျန်းထော ဇေယျသတ္တရ ဟူသော ဆင်ကို စီး၍ လွှတ်သည်။ အဝ ရှမ်းတို့စစ်သည် အမ်း၍ နေလေ၏။ ယင်းသို့စဉ်တွင် မင်းရဲကျော်ထင် သန်မြင်းစွာကို ချွန်းဖွင့်၍ ဆင်ခြေဖုံး လုံ့ရှည်ကိုင် သုံးထောင်နှင့် အပြင်း တိုက်တော်မူသည်။ ရှမ်းတို့စစ်သည် နှစ်စုကွဲလေ၏။ ထိုသို့ နှစ်စုကွဲသည်ကို မြင်လျှင် သီရိဇေယျနော်ရထာ ရတနာပြောင်ကျော်ကို ချွန်းဖွင့်၍ လွှတ်သည်။ ရာဇသင်္ကြိ ရဲလုလင် ဆင်ကို ချွန်းဖွင့်၍ လွှတ်သည်။ ရှမ်းတို့ စစ်ပျက်၍ မြို့တွင်းသို့ ပြေးဝင်လေ၏။ ဆင် ခုနှစ်စီး၊ မြင်း သုံးဆယ်ကျော်၊ သုံ့ပန်း လူလေးရာကျော် ရတော်မူ၏။ ယင်းသို့မှ လုံးတော်ပေါက်ကို ပတ်၍ တပ်တည်တော်မူသည်။

ဘုရင်မင်းခေါင်တို့မှာလည်း တိုက်ဆင် ရှစ်ဆယ်၊ မြင်းနှစ်ထောင်[2]နှင့် တံတားဦးက ကြိုလာသည်ကို သမိန်သံလိုက် ငရက်နွယ်နှင့်၊ စည်သူကျော်ထင် နာဂါဝရနှင့် ချွန်းဖွင့်ကာ လွှတ်သည်။ ရှမ်းတို့ မြင်းပုံသို့ ရောက်၍ မြင်း လေးစီး ငါးစီး လဲလေ၏။ ရှမ်းတို့ ဆင်တပ်လည်း ရပ်လေ၏။ ထိုသို့စဉ်တွင် ဘုရင်မင်းခေါင် ဓောရန်နှင်နှင့်၊ သမိန်ရဲသင်းရဲ စွယ်လမန်း ဟူသော ဆင်နှင့်၊ ဘယကာမဏိ မာတင်ပြောင်မွန်နှင့် ချွန်းဖွင့်ကာ လွှတ်လျှင် ရှမ်းတို့စစ်သည် ပရမ်းပတာ အစုစု ကွဲလေ၏။ မြင်းတော်သည်တို့ လိုက်၍ တိုက်လျှင် ပျက်ပြန်လေ၏။ မြင်းငါးဆယ်ကျော်၊ သုံ့ပန်း လူနှစ်ရာကျော် ရတော်မူသည်။ မိုးကောင်းစော်ဘွားအမတ် **ကပ်ကြိစား**[4]လည်း ဆင်နှင့် တကွ ရတော်မူသည်။ ယင်းသို့မှ **တောင်ဘီလူး**[5] ပရဏ္ဍမကို ပတ်၍ တပ်တည်တော်မူသည်။

---

၁။ ကျည်းတင်ဆင်တဲ [တွင်းသင်း(၃)-၈၉]  ၂။ တစ်ရာနှစ်ဆယ် [-ထို-]  ၃။ နှစ်ရာ [-ထို-]  ၄။ ကတ်ကျိစား [-ထို-]  ၅။ တောင်ပလူ [မှန်နန်း-၂၈၉၊ တွင်းသင်း(၃)-၉၀]

## ၂၄၇။ အဝမြို့ကို တိုက်ဖျက် သိမ်းယူတော်မူပုံ

ဘဝရှင် မင်းတရားကြီးဘုရားလည်း စစ်ကိုင်းကသည် ရွှေကြက်ယက်ကို ကူးတော်မူ၍ အဝ အရှေ့ဘက်က အရပ်အနေ ပြုတော်မူသည်။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လှေတပ်သားများကိုလည်း စစ်ကိုင်းက အဝသို့ ကူးစေ၍ ကြည်းရေ ဝန်းရံတော်မူသည်။ ယင်းသို့လျှင် အဝဘုရင် နရပတိစည်သူမှ ရ၍ တစ်မြို့လုံးသည် မြို့တွင်းငါးကဲ့သို့ ထိတ်လန့်မြင်း ပြင်းရွာဖြစ်လေ၏။ ရဲခြင်းနှင့် ပြည့်စုံသော စစ်သည်အပေါင်းတို့သည် အဝမြို့ရင်းသို့ ချဉ်း၍ ဆင်သည် ဆင်နှင့် မြို့တံခါးကို တိုက်ကုန်၏။ မြင်းသည်လည်း မြင်းနှင့်ချဉ်း၍ လှေကားနှင့် ချဉ်း၍ လှေကားနှင့် မြို့ကို တက်ကုန်၏။ ခြေသည်လည်း တူးရွင်းကိုင်၍ မြို့ကို တူးကုန်၏။ ယင်းသို့ လုပ်ကြံတော်မူလျှင် ရတနာပူရ အဝ အမည်ရှိသော ပြည်ကြီးသည် မခံနိုင်၍ သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု တပို့တွဲလပြည့်ကျော် လေးရက် တနင်္ဂနွေနေ့[1] နေမဝင်ခင်တွင် မြို့အလုံးကို ရတော်မူသည်။ အဝဘုရင် နရပတိစည်သူမှာကား ညရီတရောကို ကျွန်ငါးယောက်[2] နှင့် မြို့က ထွက်ပြေး၍ အုန်းပေါင်စော်ဘွား စစ်ကူလာသည်။ မရောက်ခင် ဆင်ခေါင်းတွင် တပ်ချ၍ နေသည် ကြားသောကြောင့် ထိုတပ်သို့ သွားသည်။ မကွေ့ရာတွင် သုဝင်တို့[3] တွေ့လျှင် ဖမ်း၍ ဘဝရှင်မင်းတရားကြီးဘုရားရှိရာ ဆက်လှာ၏။ ဘဝရှင် မင်းတရားကြီးဘုရားလည်း နရပတိစည်သူကို မြင်တော်မူလျှင် သနားတော်မူ၍ သစ္စာတော်ပေးပြီးလျှင် အလုပ်အကျွေး မိန်းမ ယောကျ်ား သုံးဆယ်ကျော် ပေးတော်မူ၍ ကောင်းမွန်စွာ ထားတော်မူသည်။

နရပတိစည်သူကို ဖမ်း၍ ဆက်လှာသော သုဝင်အကြီးကိုလည်း အားရတော်မူ၍ "မြင်းသည်လှ" ဟူသော အမည်နှင့် ဖနန်းရွှာ ဓားငါးပတ်ခံတွင်း ပုဆိုးကောင်း ဝတ်လုံ မကြေးပေါ်[4] ပေးတော်မူသည်။ ညီတော် မင်းရဲကျော်ထင်ကို အပ်၍လည်း အမှုတော်ကို ထမ်းရသည်။

ယင်းသို့မှ တောင်ဘီလူး အရပ်တွင် အိမ်တော်ဆောက်၍ နေတော်မူသည်။ အိမ်တော်ပြီးလျှင် ကြည်းတပ်၊ ရေတပ် တပ်မှူးစစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ပွဲလမ်းရသူတို့ကို မေးမြန်းစီစစ်တော်မူ၍ အထိုက်အလျောက် အမည်အရည် စားကျေး စားလက် စားခွက် စားယောက် ပေးတော်မူသည်။ ညီတော် မင်းရဲကျော်ထင်ကိုလည်း "သတိုးမင်းစော" ဟူသော အမည်နှင့် အဝမြို့ကို ပေးတော်မူသည်။ ဝေါပလာ ရွှေချက်လေးစင်း၊ ဆင်ပေါင်းဝန်းရွှေထည်၊ စည်ခုနစ်လုံး၊ နဲ့ခရာ အစုံ ပေးတော်မူသည်။ အဝ တွင် ရှိသော ဆင်မြင်း ဗိုလ်ပါတို့ကိုလည်း ပေးတော်မူသည်။

ဖျင်တာစား သရေစည်သူကိုလည်း မြောက်ဘက် မြင်းနှစ်ထောင်သင်း[5]ကို မှူးစေ၍ စစ်ကိုင်းမြို့ကို ပေးတော်မူသည်။

အုန်းပေါင်စော်ဘွားလည်း ဆင်လုံး မြင်းရင်းနှင့် အဝ နရပတိကို စစ်ကူမည်ဟု ချီလာသည်။ မင်းတရားကြီးဘုရား အဝကို ဝန်းရံ၍ လုပ်ကြံသည်၊ ပျက်ပြီ ဟူ၍ ကြားလျှင် မဆင်းလှာခံ၍ ဆင်ခေါင်းဝက်ဝင်တွင် တပ်ချ၍ နေလေ၏။ နောက်လည်း ဘဝရှင်မင်းတရားကြီး ချီတော်မူလှာသည်၊ စစ်အင် များလှသည် ဟူ၍ ကြားလျှင် တပ်ကို နုတ်၍ အုန်းပေါင်သို့ ပြန်လေ၏။

---

၁။ ၉၁၆ တပေါင်းလဆန်း ၂ ရက် အင်္ဂါနေ့ (၂၂ ဇန်နဝါရီ ၁၅၅၅) ဖြစ်သည်[ခေါင်းလောင်းစာ-ကြည့်] ၂။ ကျွန်တစ်ယောက် [တွင်းသင်း(၃)-၉၀] ၃။ မကွေ့ရာစောင့် ကင်းသားတို့ [-ထို-] ၄။ ကျေးစေ (မှန်နန်း-၂၉၀) ၅။ မြောက်ဘက်မြင်းနှင့် ထောင်သင်း (မှန်နန်း-၂၉၀)၊ မြောက်ဘက်မြင်းကိုးသင်း ထောင်သင်း [တွင်းသင်း(၃)-၉၀]

## ၂၄၈။ စဉ့်ကူးမြို့ကို သိမ်းယူပုံ

အနန္တပေါင်စော်ဘွားကြီး နှိုင်းသားမူကား အလုံးအရင်းနှင့် စဉ့်ကူးမြို့ကို စားသည်။ ပြင်ဆင်ပြန်လေ၏။ မြို့ပြ ကျုံးမြောင်း ကတုတ်ရင်တား အလျက်လျှင် စဉ့်ကူးသို့ ပြေးလေ၏။ ညီတော်သတိုးဓမ္မရာဇာနှင့် ဗညား ထိုအကြောင်းကို ဘဝရှင်မင်းတရားကြီး ကြားတော်မူလျှင် ရေကြောင်းဆန်၍ စဉ့်ကူးမြို့ကို လုပ်ကြ လော (ဗညားရံ)၊ ဗညားကျန်းလော၊ ဗညားဒလတို့ကို လှေတပ်အပေါင်းနှင့် မြစ်တွင်းပြည့်မျှ စေ စေတော်မူသည်။ ညီတော် သတိုးဓမ္မရာဇာတို့လည်း ကြည်းသို့ တက်စေ၍ အကြောက်အရွံ့ ဆန်၍ စဉ့်ကူးသို့ရောက်လျှင် လှေတပ် တစ်ဝက် ရဲမက်ကို ကြည်းရေ လုပ်ကြတော်မူသည်။ မခံနိုင်၍ ပျက်လေ၏။ မယား ၊ နမနှင့်တကွ မရှိ ရှုပ်ရှုပ်ချွံချွံ ကြည်းရေ လုပ်ကြတော်မူသည်။ မြို့အလုံးကို ရတော်မူလျှင် ရဲမက်တော် အပေါင်းတို့လည်း သားသမီး[၁]တို့ကို ရတော်မူသည်။ မြို့အလုံးကို ရတော်မူလျှင် ရဲမက်တော် အပေါင်းတို့လည်း ဆင် မြင်း လူသူ ငွေ ရွှေ ကြေး သံ အဝတ်အစားတို့ကို သိမ်းယူကြသည်။ တစ်ယောက်မျှ လက်ချည်း မရှိ ဟူ၏။ ထိုသို့ ရရာတွင် ဆင် မြင်း လူသူ လက်နက်ကိုကား သိမ်းယူတော် မူသည်။ ထိုမှတစ်ပါး ရသသူ ယူစေ အမိန့်တော်ရှိ၍ ယူရသည်။ ယင်းသို့မှ သက်တော်ရှည်ကို စဉ့်ကူးမြို့ကို အလုံးအရင်း ပေးတော်မူ၍ ညီတော် သတိုးဓမ္မရာဇာတို့ လှေတပ်ကို ခေါ်တော်မူ ၍ အသသို့ ပြန်ရသည်။

## ၂၄၉။ ပြည်ထဲရေးကို တိုင်ပင်တော်မူပုံ

မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ ကလေးစော်ဘွားတို့လည်း အဝက စစ်ကူမည် ဟူ၍ ဆင် မြင်း ဗိုလ်ပါ အများနှင့် ချီလာသည်။ သာဝတ္ထိမြို့သို့ ရောက်လျှင် အဝ ပျက်ကြောင်း ကို ကြား၍ ထိုအရပ်တွင်ပင် တပ်ချ၍ နေသည့် အကြောင်းများကို ဘဝရှင်မင်းတရားကြီး ကြားတော်မူလျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကို ခေါ်တော်မူ၍ စော်ဘွား သုံးဦးတို့ သာဝတ္ထိမြို့တွင် ယခု ခံ၍ နေသည်။ ကိုယ်တိုင် ချီ၍ လုပ်ကြသော်လည်း သင့်မည် လော၊ မှူးတော် မတ်တော်တို့ကိုသာ ချီစေ၍ လုပ်ကြစေရသော်လည်း သင့်မည်လော ဟူ၍ နိုင်ပြင်း ခင်းကျင်းတော်မူသည်။

ယင်းသောအခါ ပုသိမ်စား ဗညားလော လျှောက်သည်ကား– ယခု စော်ဘွားသုံးဦး စစ်သည် ဗိုလ်ပါများနှင့် ချီလာ၍ သာဝတ္ထိတွင် နေသည်ကို ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကိုသာ ချီစေ၍ မသင့်ချေ။ သူတို့ အရပ်အရာလည်း ဖြစ်သည်။ မိုးရေကျတော့မည် လည်း နီးပြီ။ ဘုန်းကြီးသည့် ဘုရားကိုယ်တော် ချီတော်မူ၍ ရှုပ်ရှုပ်ချွံချွံ လုပ်ကြတော်မူမှ ညီတော်၊ သားတော်၊ တပ်မှူး၊ စစ်ကဲအပေါင်းတို့ အားတက်သရော အမှုတော်ကို ထမ်းဆောင် မည်။ တစ်ကြောင်းမှာလည်း ရှမ်းတို့ လုပ်ရည် ကြံရည်ကိုလည်း အထက်က ပြည်မြို့ကို ညီတော်ဘုရား ရံတော်မူသည် ကာလကပင် အကြိမ်ကြိမ် သိရလေပြီးသည်။ ချီတော်မူသော် လည်း စစ်ပြိုင်၍ ခံဝံ့မည် မထင်။ ယင်းသို့ ဖြစ်သောကြောင့် ညီတော် သတိုးဓမ္မရာဇာတို့ လှေတပ်ကို အထက်စမ္ပာယ်နဂိုရ်၊ ကြည့်ပ် တိုင်အောင် ဆန်၍ နေစိမ့်မည်။ ယင်းသို့ စီရင်တော် မူလျှင် စော်ဘွားများ စစ်မျက်နှာ ကွက်လိမ့်မည် ဟူ၍ နားတော်လျှောက်သည်။

ဗညားလော လျှောက်သော စကားကို ညီတော် သတိုးဓမ္မရာဇာ ကြားတော်မူလျှင် သည် အရေးသည် သင့်လှသည်။ ဘဝရှင် မင်းတရားကြီး ချီတော်မူမှ အရေးတော် ပြီးလွယ်မည်။

[၁]။ သား နှစ်၊ သမီး နှစ် [မှန်နန်း–၂၉၁၊ တွင်းသင်း(၃)–၉၁]

ကျွန်တော်တို့ လေ့တပ်သားလည်း ဗမာ့ယိုးဒယားကို ကြည့်ပတိုင်အောင် ဆန့်၍ 
သာလျှင်လည်း လေ့တပ်က နေမည်။ အရေးတော် မသာလျှင် လေ့တပ်က အရေးတော်
ပေါင်းမည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ကြည်းတပ်သို့
လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဆင် မြင်း ဗိုလ်ပါတို့ကို ဆောင်နှင့် စကိုင်းဘက်တို့
ကူးရသည်။ ဗိုလ်ပါ ဆင် မြင်း ကူးမိလျှင် ဘုရင်မင်းခေါင်တို့ မြင်းတပ်နှင့် နှနှစ်တပ်ကိုမှုကား
အနောက် ကြောင်း ချီရသည်။

ညီတော် အဝဘုရင် သတိုးမင်းစောမှာ မြင်းနှစ်တပ်နှင့် တပ်ပေါင်း နှနှစ်တပ်ကိုမှုကား
အရှေ့ဘက်ကြောင်း ချီရသည်။ ဘဝရှင်မင်းတရားကြီးမှာ မြင်းတပ် လေးတပ်ကို ရှေ့ချီစေသည်။
တပ်မတော်နှင့်တကွ တပ်ပေါင်း နှနှစ်တပ်မှာ အလယ်ကြောင်း ချီတော်မူသည်။ ညီတော်
ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လေ့တပ်များကိုလည်း အညာသို့ မင်းတရားကြီးဘုရားနှင့်
တစ်နေ့ တစ်ခါတည်း သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု တပေါင်းလဆန်း ၉ ရက်
စနေနေ့ ချီတော်မူသည်။ စကိုင်းကသည် စာရေးတွင် ချတော်မူသည်။ စာရေးကသည် မြင်းကန်
ရွာတွင် ချတော်မူသည်။ မြင်းကန်ကသည် အင်းဖဲတွင် ချတော်မူသည်။ အင်းဖဲကသည် ဟလင်း[၁]
တွင် ချတော်မူသည်။ ဟလင်းကသည် သာဝတ္ထိမြို့ကို ငါးစခန်း ချီတော်မူသည်။ စခန်းတိုင်း
သဘင်ခံတော်မူသည်။

## ၂၅၀။ စော်ဘွား သုံးဦးတို့ကို တိုက်ခိုက်သိမ်းယူပုံ

သာဝတ္ထိမြို့သို့ မရောက်ခင် တစ်စခန်းတွင် နေတော်မူ၍ လက်ဝဲရဲတိုင်တို့ မြင်းတပ်သား
ကို မြင်းလေးထောင်နှင့် စမ်းချီ ချီရလေ၏။ စော်ဘွားသုံးဦးတို့ကလည်း မြင်းလေးထောင်
ကျော်ခန့်နှင့် ကြိုလာသည်။ လက်ဝဲရဲတိုင်တို့ကလည်း ရှမ်းတို့ ကြိုလာသည်ကို တွေ့လျှင်
အဆီးအတား မရှိ သုံးစုခွဲ၍ တိုက်သည်။ ရှမ်းတို့ စစ်ပျက်လေ၏။ ဆင်ငါးစီး မြင်းတစ်ရာကျော်
လူသုံးရာကျော် ရလိုက်သည်။ သေလေသည်လည်း များ၏။ မြင်းတော်သည်တို့လည်း သာဝတ္ထိ
မြို့ရင်းတိုင်အောင် ထပ်၍ လိုက်လေ၏။ စော်ဘွားသုံးဦးတို့လည်း မြင်းတပ် ပျက်လျှင် သာဝတ္ထိ
မြို့တွင် မခံဝံ့၊ မြို့က ထွက်၍ အပြင်း ခွာလေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ထပ်၍ ချီတော်မူလာသည်နှင့် ညီတော် နှစ်ပါး
အနောက်ကြောင်း ချီရာက ရောက်လျှင် စစ်သုံးကြောင်း ချီတော်မူ၏။ မမီချေ။ ဆင် မြင်း လူသူ
ကျန်ရစ်သည်များကို ယူတော်မူ၍ ယင်းတွင် တပ်ချ၍ နေတော်မူသည်။ ထိုအခါ မုခန်းစား
ပြေးလေသသူလည်း ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော်
ခံလာသည်။ မိုးညှင်းစော်ဘွား ယောက်ဖ ဒီပဲယင်းစားလည်း သားသမီး ဆင်ကြီး မြင်းကြီး
တို့ကို လက်ဆောင်တော်ဆက်၍ ကျွန်တော် ခံလာသည်။ စည်ပုဏ္ဏရာ[၃]စားလည်း လက်ဆောင်
လက်နက်အများနှင့် သားသမီးတို့ကို ယူ၍ ကျွန်တော် ခံလာသည်။

မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ ကလေးစော်ဘွားတို့မှုကား သာဝတ္ထိမြို့က ထွက်
ပြေး၍ မြေတူးမြို့သို့ ရောက်လျှင် တပ်တောင်တည်၍ အနိုင်အလုံ နေလေသည်။ မိုးညှင်းစော်
ဘွား တူ ဝန်းသိုစားကိုမှုကား တဆယ်[၄]ရွာတွင် ဆင်လုံး မြင်းရင်း အများနှင့် ခံနေသည်။

---

၁။ ၂၉ ဇန်နဝါရီ ၁၅၅၅ ၂။ ဟန်လင်း [မှန်နန်း–၂၉၂၊ တွင်းသင်း(၃)–၉၂] ၃။ စည်ပုဏ္ဏရာ– ခင်ဦးမြို့နယ်တွင်
ရှိသည်။ ၄။ တဆည် (မှန်နန်း–၂၉၃)၊ တန့်ဆယ် [တွင်းသင်း(၃)–၉၂]

ဘုရား ကြားတော်မူလျှင် သာဝတ္ထိကသည် မြေတူး
သည်အကြောင်းများကို ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် တဆယ်တွင် စံ၍နေသော ဝန်းသိုစားကို
သို့ ချီတော်မူသည်။ အင်းပတ်သို့ ရောက်တော်မူလျှင် တဆယ်တွင် စံ၍နေသော ဝန်းသိုစားကို
သို့ ချီတော်မူသည်။ ခုနစ်တပ်သားကို မိန့်တော်မူသည်။ သတိုးမင်းစော
တိုက်လေ ဟူ၍ ညီတော်သတိုးမင်းစောတို့ ခုနစ်တပ်သားကို မိန့်တော်မူသည်။ သတိုးမင်းစော
တို့လည်း တဆယ်သို့ ရောက်တော်မူလျှင် အဆီးအတားမရှိ ရှုပ်ရှုပ်ချွံချွံ လုပ်ကြတော်မူသည်။
မခံနိုင်၍ ပျက်လျှင် စော်ဘွားသုံးဦးတို့ ရှိရာ မြေတူးသို့ ပေါင်းလေ၏။

ညီတော် အဝဘုရင် သတိုးမင်းစောလည်း တောင်ငူဘုရင် မင်းခေါင်တို့ ခုနစ်တပ်သား
ရောက်လာသည်နှင့် ထပ်၍ လိုက်တော်မူကြလျှင် စော်ဘွားသုံးဦးတို့သည် စံယောင်ပြု၍ မြေတူး
က အပြင်းခွာလေ၏။ အဝဘုရင် သတိုးမင်းစောတို့ ဆယ့်လေးတပ်သားလည်း အမီ လိုက်တော်
မူ၍ ဆင်ချွန်းဖွင့်ကာ တိုက်တော်မူသည်။ စော်ဘွားသုံးဦး ပျက်လေ၏။ ဆင် ခုနစ်စီး၊ မြင်း
သုံးရာကျော်၊ လူ သုံးထောင်ကျော် ရတော်မူသည်။ သေလေသည်လည်း များ၏။ ဘဝရှင်
မင်းတရားကြီးဘုရားလည်း ထပ်၍ ချီတော်မူလာသည်ကို မြေတူးသို့ ရောက်တော်မူလျှင်
တပ်မ ချ၍ နေတော်မူ၏။

## ၂၅၁။ မြောက်ဘက်တစ်လွှားကို မြို့စားထည့်ပုံ

ပ တပ်မှူးစစ်ကဲ
ည တဲတော်ဦးသို့ ညီတော် ဘုရင်မင်းခေါင် အစရှိသော မှူးတော် မတ်တော် တပ်မှူးစစ်ကဲ
အပေါင်းတို့ကို ခေါ်တော်မူ၍ မိုးကောင်း၊ မိုးညှင်း၊ ကလေးတိုင်အောင် လိုက်တော်မူရသော်
လည်း သင့်မည်လော၊ ယခု ငါတို့မြန်မာပြည်အလုံးကို သိမ်းမြန်းပြီးသည် ဖြစ်သည်။ သိမ်းမိ
သမျှ မြို့ပြတို့ကို အလုံးအရင်းနှင့် ကျေးစားထည့်၍ အနိုင်အလုံ နေစေပြီးမှ ပြန်တော်မူရသော်
လည်း သင့်မည်လော ဟူ၍ နိုင်းပြင်း ခင်းကျင်းတော်မူသည်။ သီရိဇေယျနော်ရထာ လျှောက်
သည်။ ယခုလည်း မိုးအခါနီးပြီ ဖြစ်သည်။ ရှမ်းပြည် တစ်လွှားတို့သည်လည်း တောင်ကမ်း
ချောင်းမြောင်းကြီးသည်။ မိုးကျလျှင် ဆင်ကြောင်း မြင်းကြောင်း မသာ။ ယင်းသို့လျှင် အလုပ်
အကြံ များရှိမည်။ ယခု အောင်တော်မူရာမှာလည်း ရတနာပူရ အစရှိသော မြန်မာနိုင်ငံလုံးကို
အောင်တော်မူခြင်းသည် အလွန်ဖြစ်ခဲလှသည်။ ယင်းသို့ ဖြစ်သောကြောင့် မြန်မာနိုင်ငံဖြစ်သော
မြောက်ဘက်တစ်လွှားတွင် ရှိသော မြို့ကြီးတို့ကို အလုံးအရင်းနှင့် အခိုင်အခံ့ မြို့စား ထည့်တော်
မူ၍ သည်တစ်ကြိမ်ကို ပြန်သင့်သေးသည်။ ယင်းသို့ ပြန်တော်မူ၍ ဆင်၊ မြင်း၊ ဗိုလ်ပါကို
ဖြည့်တင်းတော်မူပြီးမှ ရှေ့မိုးစဲလေသာကို ချီတော်မူလျှင် စော်ဘွားသုံးဦး လက်တော်က လွတ်
နိုင်မည် သဘောမရှိ ဟူ၍ နားတော်လျှောက်သည်။

သီရိဇေယျနော်ရထာ လျှောက်သောစကားကို ဗညားဒလ ကြားလျှင် ကျွန်တော် သီရိဇေယျ
နော်ရထာ လျှောက်သော အရေးသည် သင့်လှပေသည်။ ကျွန်တော်တို့ လက်ရုံးရည်ကိုလည်း
ရှမ်းတို့က သိကြပြီ။ ရှမ်းတို့ လက်ရုံးရည်ကိုလည်း ကျွန်တော်တို့ သိလေပြီးသည်။ ရှေ့ မိုးလင်း
မှင့်ကို ချီတော်မူလျှင် စော်ဘွားသုံးဦး လက်တော်က လွတ်ရမည်လော ဟူ၍ နားတော်လျှောက်
သည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း သီရိဇေယျနော်ရထာ လျှောက်သော အရေးကို ကြိုက်
တော်မူ၍ ဆင် နှစ်ဆယ်၊ မြင်း နှစ်ရာ၊ ဗိုလ် သုံးထောင်နှင့်တကွ သက်ရှည်ကျော်ထင်ကို
မြေတူးမြို့ကို ပေးတော်မူ၍ အခိုင်အလုံ နေရသည်။ မြေတူးနှင့် နီးစပ်သော မြို့တို့ကိုလည်း
သက်ရှည်ကျော်ထင်နှင့် အရင်းအချာတို့ကို ပေးတော်မူသည်။

မိုးညှင်းစား ယောက်ဖ ဒီပဲယင်းစားကိုလည်း သစ္စာတော် ပေးပြီးလျှင် "သီဟပတေ့" ဟူသော အမည်နှင့် လက်ဖက်အိုး၊ တကောင်းဖုံး၊ ထွေးခံ၊ ထီးနီ၊ ညောင်ရွက်သုံးဆင့်နှင့်တကွ ပုခန်းကြီးကို ပေးတော်မူသည်။

ပုခန်းကြီးစားကိုလည်း သစ္စာတော်ပေးပြီးလျှင် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ထွေးခံ၊ ထီးနီ၊ ညောင်ရွက်နှစ်ဆင့်နှင့် တကွ "ဓေယျသင်္ကြံ" ဟူသော အမည်ကို သမုတ် တော်မူ၍ မြေထဲမြို့ ပေးတော်မူသည်။

မိုးညှင်းစော်ဘွားတူ စည်ပုတ္တရာစားကိုလည်း သစ္စာတော်ပေးပြီးလျှင် "သမံယာ" ဟူသော အမည်နှင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ထွေးခံ၊ ထီးနီ၊ ညောင်ရွက်နှင့်တကွ ဇနုံမြို့ကို ပေးတော်မူသည်။

စည်ပုတ္တရာမြို့ကိုမူကား "ဓေယျထီးလှိုင်" ကို တိုက်ဆင် တစ်ရေ၊ မြင်း တစ်ထောင်၊ ဋိုလ်တစ်သောင်းနှင့်တကွ ပေးတော်မူ၍ အနိုင်အလုံ နေရသည်။

ကမ်းနီစား၊ အမြင့်စားတို့ကိုမူကား မိမိတို့ စားမြဲ ကမ်းနီ၊ အမြင့်ကို သစ္စာတော် ခံစေ၍ ပေးတော်မူသည်။

ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ ညီတော် သတိုးဓမ္မရာဇာတို့ လေးတပ်ကို ခေါ်တော်မူသည်။ ညီတော် သတိုးဓမ္မရာဇာတို့လည်း စမွာယ်နဂိုရ်၊ ကြည့်ပ် စသော တကောင်း၊ ရွှန်းတောင်၊ မြတောင်တို့ကို အပြင်းလုပ်ကြံတော်မူ၍ ထီးကျိုင်း[1]သို့ရောက်လျှင် ထီးကျိုင်းစား ခံနှင့်သည်ကို လုပ်ကြံတော်မူသည်။ ထီးကျိုင်းစားလည်း သေလေ၏။ တစ်မြို့လုံးကို ယူခဲ့၍ အဝသို့ ရောက်လျှင် ရခဲ့သည် ဆင် မြင်း လူသူတို့ကို လက်ဆောင်တော် ဆက်သည်။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း မြေတူးကသည် ပြန်တော်မူ၍ သက္ကရာဇ် (၉၁၇) ကိုးရာတစ်ဆယ့်ခုနစ်ခု ကဆုန် လဆန်း နှစ်ရက်[2] စနေနေ့ အဝသို့ ရောက်တော်မူသည်။ တောင်ဘီလူး တဲတော်တွင် နေတော်မူ၍ ရေတပ်၊ ကြည်းတပ်တွင် ပွဲလမ်းရသသူ အမှုးအမတ်တို့ကို အမည်အရည် အဆောင် အယောင် စားကျေး စားလက် အထိုက်အလျောက် ပေးတော်မူသည်။ ယင်းသို့ စီရင် ခန့်ရန်တော်မူပြီးမှ ၎င်းသက္ကရာဇ် (၉၁၇) ကိုးရာတစ်ဆယ့်ခုနစ်ခု ကဆုန်လပြည့်ကျော်နှစ်ရက်[3] ၅-တေးနေ့[4] နေပြည်တော် ဟံသာဝတီသို့ အဝက ပြန်တော်မူသည်။ နယုန်လပြည့်ကျော် တစ်ရက်[5]၊ ၆-ကြာနေ့[6] ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။

"အရေးတော်ပုံတွင် ဘဝရှင်မင်းတရားကြီးဘုရား ရတနာပူရကို လုပ်ကြံတော် မူသောအခါ သားတော်မဟာဥပရာဇာ ခမည်းတော်ဘုရားနှင့် အတူပါသည် အဟန် ဆိုလေသည်။ မပါလေ။ သမိုင်းတော် အကျယ်မှာ မြို့စောင့်ခန့်တော်မူသည်ဟု ဆိုလေသည်။ ရတနာပူရအဝကို အလိုတော်ပြည့်လျှင် မင်းတရားရွှေထီး သားတော် မင်းလက်ျာကို မြို့စောင့်ခန့်တော်မူသည် ဟူ၍ ပုဗ္ဗား ရာဇဝင်ဟူသော ရာဇဝင်တွင် ဆိုသည်။ မဟုတ်လေ။ အောင်မြင်တော်မူလျှင် ညီတော် မင်းခဲ့ကျော်ထင်ကို သတိုး မင်းစော အမည်နှင့် သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခု တပို့တွဲလပြည့်

---

၁။ ထီးရှိုင် (မှန်နန်း-၂၆၅)၊ ထီးရှိုင် [တွင်းသင်း(၃)-၆၄]   ၂။ ၂၂ မတ် ၁၅၅၅   ၃။ (၆ ဧပြီ ၁၅၅၅)   ၄။ တနင်္ဂနွေ(မှန်နန်း-၂၆၅)   ၅။ ၅ မေ ၁၅၅၅   ၆။ သက္ကရာဇ် ၉၁၇ တစ်ဆယ့်နှစ်ရက် [ တွင်းသင်း(၃)-၆၄] နယုန်လပြည့်ကျော် ၁၃ ရက် သောကြာနေ့ (၁၇ မေ ၁၅၅၅) [တွင်းသင်း(၃)-၆၅]

ကျော် ၁၂ ရက်[၁] အင်္ဂါနေ့ ရတနာပူမြို့ကို ပေးတော်မူသည် ဟူ၍ သက္ကရာဇ်ပုံတွင် ဆိုသည်။

## ၂၅၂။ ကောင်းမှုတော် ပြုတော်မူပုံများ

ဘဝရှင်မင်းတရားကြီးဘုရား ဟံသာဝတီသို့ ရောက်တော်မူလျှင် ကောတုမတီမှာ ခမည်းတော် ကောင်းမှုတော် ရတနာမြစည်းခံ့ ဘုရားရှင်ကို ထီးတင်စိမ့်မည် ဟူ၍ ရွှေချိန် ၅ ပိဿာ သုံးဆယ်ငါးကျပ် ညီတော် ဘုရင်မင်းခေါင်ကို အပ်တော်မူ၍ လုပ်ရသည်။ ခမည်းတော် ဆရာတော် ရှင်သဒ္ဓမ္မပါလကို ဇေတဝန်ရွှေကျောင်း၊ ကျောင်းရံ ၃၀ နှင့်တကွ ဆောက်၍ လှူတော်မူသည်။ ထိုသက္ကရာဇ် (၉၁၇) ခု တန်ဆောင်မုန်းလ[၂]တွင် သီဟိုဠ်ကျွန်းကို အစိုးရသော ဓမ္မပါလမင်း[၃]က သာသနာတော်ကို ပြုစုတော်မူပါ ဟူ၍ လက်ဆောင် လက်နက် အများနှင့် လျှောက်လာသောကြောင့် ပိဋကတ်သုံးပုံနှင့် တကွ စွယ်တော်မြတ် ပူဇော်ရာ ရွှေသပိတ်၊ ငွေသပိတ်၊ ရွှေဟင်းခွက်၊ ငွေဟင်းခွက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေထီး၊ ငွေထီး၊ ပတ္တမြားပေါက်ပေါက်၊ များစွာသော လှူဖွယ် လှူခြင်းတို့ကို သင်္ဘောတွင် တင်၍ အမတ် ရာဇမနကို ပို့ရလေသည်။ စွယ်တော်မြတ်ကိုလည်း ဆွမ်းဝတ်၊ ဟင်းဝတ်၊ ဆီမီးဝတ် နေ့တိုင်းမပြတ် တင်စေခြင်းငှာ ငွေတစ်ရာဖိုး သီဟိုဠ်မင်းမှာ မြေဝယ်၍ လှူရသည်။

သက္ကရာဇ် (၉၁၇) ကိုးရာတစ်ဆယ့်ခုနစ်ခု တပေါင်းလပြည့်ကျော် ၃ ရက်[၄] ၃–ဂါနေ့[၅] ဤသိယိုဘုရား[၆] ထီးတော်တင်သည်ကို ဆင်တော်မူသော ပတ္တမြား ဥဖောင်းတော်ကို ဖျက်၍ ရွှေချိန် ၇၅[၇] ကို ထီး ရွှေစလောင်း လုပ်တော်မူပြီးလျှင် နဝရတ် ၉ ပါး ခြယ်လှယ် စီမံ၍ ဘဝရှင်မင်းတရားကြီးဘုရား စစ်အင်္ဂါလေးပါးနှင့်တကွ ကြွတော်မူသည်။ သဘင်ကြီးစွာလည်း ခံတော်မူသည်။

သမိန်ဒေါရာမကို လုပ်ကြံတော်မူကတည်းက ငါ အောင်မြင်တော်မူလျှင် သည်အရပ် မြို့တည်မည် အမိန့်တော်ရှိသည့်အတိုင်း သက္ကရာဇ် (၉၁၇) ကိုးရာတစ်ဆယ့်ခုနစ်ခု[၈] ပထမမြို့ တည်တော်မူသည်။ ဇေတဝန်ရွှေကျောင်းတော် ကျောင်းရံ ၄၀ နှင့်တကွ ဆောက်တော်မူ၍ မဟာသယ်ရာဇာအား လှူတော်မူသည်။ ပိဋကတ်သုံးပုံကိုလည်း ပါဠိ အဋ္ဌကထာ ဋီကာကျမ်းနှင့် တကွ ရေး ကူးစေ၍ မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော်တို့အား အပ်တော်မူ၍ သင်ကြား ပို့သတော်မူရသည်။

## ၂၅၃။ ပုဂံနယ်၌ နတ်ပူဇော်ပုံ မှားယွင်းချက်ကို ဆုံးမ ကံမြစ်ပုံ

မြန်မာနိုင်ငံဖြစ်သော ပုဂံ၊ ရွာသာ၊ စလေ၊ ပုခန်းငယ်၊ ငသရောက်၊ တုရွင်းတိုင်၊ ကျောက်ပန်းတောင်း၊ သည်အရပ်များတွင် နေသော သူတို့သည် ပုပ္ပားနတ်ကို ကျွဲ၊ နွား၊ ဝက်၊ ကြက် သတ်၍ တစ်နှစ်ကို တစ်ကြိမ် ပသပြီးလျှင် ကျွဲခေါင်း၊ နွားခေါင်း၊ ကြက်ခေါင်း၊ ဝက်ခေါင်း တို့ကို ကြိုးနှင့် သီ၍ အိမ်ရှေ့ နတ်တိုင်တွင် ဆွဲထားကြသည်။ ဤသို့ မဟုတ်မရာသော မိစ္ဆာ

---

၁။ ၁၈ ဇန်နဝါရီ ၁၅၅၅ ၂။ ၁၅၅၅ နိဝင်ဘာလ ၃။ ဓမ္မပါလမင်း (DON JUAN)။ Gampolaနှင့် Kelayani မြို့နှစ်မြို့ မင်း။ ၄။ ၂၇ ဖေဖော်ဝါရီ ၁၅၅၆ ၅။ ၉၁၇ တပေါင်းလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ (၃ မတ် ၁၅၅၆) [တွင်းသင်း(၃)-၉၅] ၆။ ဤသိယိုဘုရား– ယခု ကျိုက်ထီးရိုးဘုရား ၇။ သုံးဆယ်ငါးကျပ် (မှန်နန်း–၂၉၆)၊ သုံးပိဿာ အကျပ်ငါးဆယ် [တွင်းသင်း(၃)-၉၅] ၈။ ဧပြီ ၁၅၅၅

နှင့်အသွက်ကို ယူကြသည်များကိုလည်း အပါယ်လေးပါး၌ ရှည်လျား မြင့်မြတ်စွာ ခံရမည်အကြောင်း ဖြစ်သည် ဟူ၍ နိုင်အောင် ဖြစ်တားရသည်။

ဤသို့ပြီး၍ နန်းတက်တော်မူသောအခါ ရွှေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့(ကို) အမည်အရည်၊ အဆောင်အယောင်၊ စားစွက် စားယောက်၊ စားကျေး စားလက် အထိုက်အလျောက် ပေးတော်မူသည်။

ထိုသက္ကရာဇ် **(၉၁၇)ကိုးရာတစ်ဆယ့်ခုနစ်ခု**[၁]တွင် ညီတော် မုတ္တမစား မင်းရဲစည်သူ အနိစ္စ ရောက်တော်မူသည်။ မင်းရဲစည်သူ သားတော်၊ သမီးတော်ကား- သားတော် မင်းရဲနန္ဒမိတ် ၁ တစ်ပါး၊ နှမတော် ရခိုင်ဘုရင်ညီတော် သီရိမွေးသောက မိဖုရား တစ်ပါး။ အစ်မတော် လွန်လျှင် ညီမတော်နှင့် သင့်ပြန်သည် တစ်ပါး။ သားတော် တစ်၊ သမီးတော် နှစ်၊ ပေါင်း သုံးပါး။

## ၂၅၄။ ညီတော် သတိုးမင်းစောနှင့် သမီးတော်ကြီးကို လက်ထပ်တော်မူပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း သကျသာကီဝင်မင်းတို့သည် အမျိုးမပြားစေခြင်းငှာ မောင်နှမချင်း ယှက်သကဲ့သို့ အတုလသီရိမဟာရာဇဒေဝီ ရှင်မိဖုရားခေါင်တွင် မြင်သော သမီးတော်နှင့် ညီတော် အဝဘုရင် သတိုးမင်းစောကို စုံဖက်တော်မူသည်။

စုံဖက်သော အစီရင်ကား- နန်းတော်တွင် ရွှေဖြင့် ခြယ်လှယ်အပ်သော ပြာသာဒ်သုံးဆောင် ဆောက်စေပြီးလျှင် ပြာသာဒ်ကို အဖြူရည်း မိုးသည်။ ကွန်းစင်တိုင်ကို ကတ္တီပါမြောက် ရစ်သည်။ သည်ရုံကို **ဇာပယင်**[၃] ရစ်သည်။ ပြင်တိုင်ကို ဘဲစိမ်းရစ်သည်။ အတွင်းကို အဖြူမျက်နှာကြက်၊ အလယ်တွင် မျက်နှာကြက် ဖျင်လုဇာ ရွှဲသုံးဆင့် ရွှေညောင်ရွက် ဆွဲသည်။ သည်အောက် ဘဏ္ဍိုင်ရွှေရေး ထည့်သည်။ ဘဏ္ဍိုင်တွင် ကတ္တီပါမွေ့ရာ အလျား ငါးတောင် နှစ်မိုက်၊ အနံ နှစ်တောင်တစ်ဆုပ်၊ မင်းသမီးမွေ့ရာထက် မင်းသားမွေ့ရာ ထပ်၍ ခင်းသည်။ မွေ့ရာအောက်တွင် ငွေတစ်ပိဿာ ထုပ်၍ ထားသည်။ မွေ့ရာထက် အုံးနှစ်လုံး၊ တစ်လုံးကား အုံးတား၊ တစ်လုံးကား အုံးဇရား၊ သလွန်ကို နေရောင်ကာ တင်းထိမ်၊ ကန့်လန့်ကာ တင်းထိမ် ကာရသည်။ ပြာသာဒ်ဝန်းကျင်ကို ကြေး၊ ငှက်မျော စိုက်ရသည်။ အုန်းသီးခိုင်၊ ငှက်ပျောခိုင်လည်း ဆွဲသည်။ ပြာသာဒ်အောက်၌ နွားမိသား မွေးတုထားသည်။ ပြသာဒ်ထက် ထားသည်ကား- အရှေ့ရှုးရှုး၌ ဆန်တင် **မိမယ်ဖြူ**[၄]ထားသည်။ အရှေ့တောင် ထောင့်၌ ဆင်ချွန်း၊ လေး၊ မြား၊ ဓား ထားသည်။ တောင်ရှုးရှုး၌ မဟာပိန္နဲရုပ် ကျောက်ပွင့်၊ ကျောက်သွား ထားသည်။ အနောက်တောင်ထောင့်၌ ဆင်စွယ်နှစ်ချောင်း ထားသည်။ အနောက်ရှုးရှုး၌ သမီးကညာ ရွှေ့ငွေပိုက်၍ နေသည်။ အနောက်မြောက်ထောင့်၌ စားဖွယ်သောက်ရာ ပြည့်စုံစွာသော ထမင်းပွဲ ထားသည်။ မြောက်ရှုးရှုး၌ ခရုသင်းရေပြည့် ထားသည်။ အရှေ့မြောက်ထောင့်၌ ရေချမ်းအိုး နှစ်လုံး ရေပြည့် ထားသည်။ အလယ်၌ ဘုရားရုပ်တုနှင့် ပိဋကတ် ထားသည်။

## ၂၅၅။ မင်္ဂလာရေခပ်သော အစီအရင်နှင့် လက်ထပ်ပုံများ

ယင်းသို့ စီရင်တော်မူပြီးမှ ရေတော်ခပ်မည် အစီအရင်ကို စီရင်တော်မူသည်ကား- မုဏ္ဍား မိစုံဖစုံ ခုနစ်ယောက်တို့ကို ထမ်းစင်နှင့် လိုက်ရသည်။ သည်နောက် ၁၂ နှစ်ရွယ်ရှိသော တိုင်း

၁။ အေဒီ ၁၅၅၅ ၂။ သည်ရုံ- အဆောက်အအုံတွင် သည်မ ခေါ် အလယ်တိုင်၏ အမြင့်ဘက်ကျသော တိုင်။
၃။ ဇာပျင် (မှန်နန်း-၂၉၇) ၄။ မီးမယ်ဖျူ (မှန်နန်း-၂၉၇)- မီးအိုးကင်းဟု အဓိပ္ပာယ်ရသည်။

အမတ်သမီး စုနစ်ယောက်တို့ကို ရလည်း ထုံးစေ၍ ရှက်ဘဲနှင့် လည်မှာ ဘယက်၊ လက်ကောက်၊ လက်ကြပ် ဆင်ယင်စေပြီးလျှင် ပတ္တမြားအနား အရစ်စီသည့် ရွှေမြူတာ ပိုက်စေ၍ ထမ်းစင်နှင့် အဖတ်ရှ ရသည် အဆောင်အယောင်နှင့် တကွ လုလင်သမဲများ ခြံရံလျက် "ကမ္မာသိုက်[1]" မည်သော မင်္ဂလာရေကန်သို့ ကြီးစဉ်ငယ်လိုက် သွားရသည်။ နန်းတော်ကသည် ရေကန်တိုင် လမ်းနှစ်မြောင်ကို ရာဇမတ်ကာစေပြီးလျှင် ငှက်မျှောပင်၊ ကြပင်စိုက်ရသည်။ အုန်းနိုင်၊ ကွမ်းသီးနိုင်၊ ယမြားလည်း ဆွဲရသည်။ ရေအိုးစင်၊ ကြာသွတ်အိုး ထည့်ရသည်။ ယင်းသို့မှ ရေ့မှား စမြောင်လေးယောက်၊ သည်နောက် မြင်းတော်သည် မြင်းတစ်ဆောင်နှင့်၊ သည်နောက် မှူးမျိုး မတ်မျိုး တစ်ရာ၊ သည်နောက် သဘင်စု၊ သည်နောက် သွေးသောက်စု မြင်းတော်သည် ပုဆိုးကောင်းနားတောင်းဖြူနှင့် တစ်ဆောင်၊ သည်နောက် သူငွေး လေးကျိပ်၊ သည်နောက် ရှိ ပူဇော် ပုဏ္ဏားတစ်ကျိပ်လေး၊ ဆုတောင်းတော်စာ ကိုင်၊ ဆုတောင်းတော်စာ ဖတ်၊ သည်နောက် လုလင်တစ်ရာရှစ်ယောက်ကို မြူတာ တစ်ရာရှစ်လုံးကို ထမ်း၍ လိုက်ရသည်။

သည်နောက်မှ မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းတို့ အခေါင်အယောင် ကျင်းပလျက် မြင်းနှင့် လိုက်ရသည်။ ရေကန်သို့ ရောက်လျှင် ရေကန်၌ နတ်သားသဏ္ဍာန် သန်လျက်ကိုင်၍ စောင့်နှင့်သော သူသည် မတိုင် မကြား ရေကန်ကို လာ၍ ရေခပ်လှာသည် အဘယ် မည်သော သူနည်း ဟူ၍ မေးနှင့်သည်ကို ပုရောဟိတ် ပုဏ္ဏားတို့က မဟာဓမ္မရာဇ် သမီးတော်ကို ထိမ်းမြားမည်၊ ခေါင်းဆေးမင်္ဂလာ ရေခပ်လှာသည် ဟူ၍ ဆိုပြီးမှ ရွှေ ငွေ ပေးသည်။ ယင်းသို့မှ မြတ်သောမင်း၏ သမီးတော် မင်္ဂလာခေါင်းဆေးရေ ခပ်စေတော့ ခွင့်ပြုသည်။

ထိုသို့ ခွင့်ပြုပြီးလျှင် ပေါက်ပေါက် တန်ဆောင်နှင့် ပူဇော်၍ သတို့သမီး စုနစ်ယောက်သက်၍ ရေကို ခပ်သည်။ ရေရလျှင် အစဉ်အတိုင်း ပြန်ရသည်။ ရောက်လျှင် ပြာသာဒ်ဦးမြ[2] ခေါင်းမြင်းထပ် ရံ၍ တစ်ထပ်၌ ရှစ်မျက်နှင်နှင် ဗလိနတ်စာ ပြုပ်စာပေးသည်။ ယင်းသို့မှ ငါးထပ်၌ စားထမ်း,လုံထမ်း အစောင့်အရှောက်လည်း ထားသည်။ မျက်နှာကြက်တွင် ရေကျသည့် ဆိက အင်းကွက်လည်း ရေးသည်။ ရတနာကိုးပါး အတိစီ၍ ရွှေပန်းဆိုင်း ဆွဲသည်။ သိကြားရုပ်, ရေသင်းတွင် ရွှေမြူတာနှင့် သွင်း၍ မျက်နှာကြက်က ရေကျရသည်။ အောက်က မင်းသမီး နေရသည်။ ရတနာကိုးပါး စီသော ရွှေခွက်တွင် တရော်ရည်တည်၍ နန်းတော်သင့်သည် သတို့သမီးနှင့် သွန်းရသည်။ သည်နောက်မှ ပုဏ္ဏား သွန်းရသည်။ ယင်းတွင် စည်တစ်တန် တီးရသည်။ မိန်းမစောင်း, မိန်းမငြင်း တီးရသည်။ ပဒေသာ၌ ဆွတ်၍ ပူဇော်သည်။ လှူဒါန်းသည်။ စောင့်ရှောက်သည်။ ရှေးနည်းချည်း။ ယင်းသို့မှ နန်းတော်[3] ကတော်စိုးမင်းတို့ကို ဆောင်ယောင် ဝတ်စားလျက် ကိုင်မ၍ ပြာသာဒ်တစ်ဆောင်[4]သို့ ကူးရသည်။ ထိုတွင်လည်း ပူဇော် ကန်တော့ရသည်။ အမတ်သမီးတို့ ခပ်သည့် ရေကို ယင်းတွင် ချိုးမှ အဝတ်စွတ်ကို လဲ၍ အဝတ်ခြောက် ဝတ်ရသည်။ နံ့သင့်သသူ ဝတ်လဲတော် ဆက်ရသည်။ အဝတ်လဲသောခါ စည် တစ်တန် တီးရသည်။ ထို၌လည်း ပူဇော်လှူဒါန်းသည်။ ထိုပြာသာဒ်၌ ရတနာအတိပြီးသော မြတ်သော အဝတ်ကို နံ့သင့်သသူ ဆက်ရသည်။ ထို၌လည်း ရှေးနည်း လှူဒါန်းပူဇော်(ပြီး)မှ မင်္ဂလာမဏ္ဍပ်သို့ ကူးရသည်။ ပုဏ္ဏားတို့ ရွတ်မန်း၍ ဘဏ္ဍိုင်သို့ တက်တော်မူသည်။ အထက်တွင် မင်းနှစ်ပါးတို့ နေရသည်။ ယင်းသို့မှ ပဒေသာ၌ ဆွတ်၍ လှူဒါန်းပူဇော်ပြန်သည်။

---

၁။ ကမ္မာသိုက် (မှန်နန်း-၂၉၈)　၂။ ဦးမြည် (မှန်နန်း-၂၉၈)　၃။ နံ့တော်သင့်သည့် (-ထို-)
၄။ တန်ဆောင်း (-ထို-)

## ၂၅၆။ လက်ထပ်ပုံ အစဉ်အလာများ

လက်ထပ် အစီအရင်ကား မနောလင်ပန်း၌ ရွှေထမင်းကား ဦးမျိုး နှနှစ်ပါးနှင့် ချက်သည်။ ငွေထမင်းကား နွားနို့ ထောပတ် စသည် ပြုမျိုး နှနှစ်ပါးနှင့် ချက်သည်။ ထမင်းအပေါ်တွင် ရွှေကြက်ဥ သစ်တပျက်၊ ရွှေမှုန်၊ ငွေမှုန်နှင့် တကွ စားပွဲသစ်တွင်ထားမှ နံ့သင့်သည် နှနှစ်လုတ်စေ၍ နှံ့ရသည်။ နှံ့မည်သောအခါ ရွှေမိုး ငွေမိုး ပုဆိုးမိုး ရွာသည်ဟု ကြိမ်ဖြောက်၍ လျှော်နိမ့်မှုစေ လျှင် စည်တီးရသည်။ အောက်ကလည်း ပတ္တမြားစီ မနောလင်ပန်း ခံသည်။ အထက်ကလည်း ပတ္တမြားစီ ဖလားနှင့် အမတ်သမီးတို့ ခပ်သည့်ရေကို သီရိဓမ္မာသောကပုရောဟိတ်တော်၊ တလုပ် မိဖုရား၊ မှတ္တမမိဖုရားတို့ စီရင်၍ သွန်းသည်။ ယင်းသို့မှ ရုလျှား ရွှေကြီးပတ်သည်။ ပတ်ပြီးလျှင် စည်တီးသည်။ စည်သတ်လျှင် ပုရွှားသည် ပြဟ္မာကြီး အဟန့်ဖြူ၍ ငါတို့ ကမ္ဘာဦးက ပြဟ္မာ ဖြစ်သည်။ မင်းဧကရာဇ်တို့ သမီးကို လက်ထပ်လျှင် အသက်တစ်ရာပတ်လုံး လူတကာတို့ စီးပွားကို ဆောင်၍ ငြိမ်းချမ်းသကဲ့သို့ ယခု မင်းနှစ်ပါးလည်း သက်တော် တစ်ရာရှည်၍ သာသနာတော်တွင် လူတကာတို့၏ စီးပွားကို ဆောင်၍ ငြိမ်းချမ်း သာယာစေသော ဟူ၍ လက်ယာရစ် ခရုသင်းနှင့် ဘီသိက်ဖြောက်ရသည်။ ယင်းသို့လျှင် စည်တီးသည်။ ထိုသို့ ဘိသိက် ဖြောက်သော ခရုသင်းကို ရတနာပန်းတောင်းတွင် ထည့်၍ သားသမီးနှင့် ပြည့်စုံသော သီရိဓမ္မာ ပုရောဟိတ်တော် မင်းနှစ်ပါးကို ဆက်ရသည်။ ယင်းသောအခါ ဆင်စည်၊ မြင်းစည်၊ ရံမက်စည် ဝန်းရံရသည်။ သဘင်စုံ ရက်လည်အောင် ခံရသည်။ ယင်းသို့မှ သမီးတော်နှင့် ညီတော်ကို စားတော်ကွမ်းရေကိုင် အမတ်သား တစ်ကျိပ်၊ တိုက်ဆင် နှစ်ဆယ်၊ မြင်း **နှစ်ရာ**[၁] လက်ဖွဲ့တော် မူသည်။ သမီးတော်ကိုလည်း ရွှေဒေါ၊ ရွှေချက် လေးစင်း၊ ပတ္တမြား သုံးရစ်စီ ကွမ်းချက်ရုပ်မြင့်၊ ပတ္တမြားစီ လက်ဖက်အိုး၊ တကောင်းဖုံး၊ ရွှေတွေးခံ၊ အမတ်သမီး တစ်ကျိပ် ပေးတော်မူသည်။ ဤသို့ ရောက်လျှင် စကြောသုံးထပ် ကြမ်းဖြတ် အမိုးအဖြူနေ ဟူ၍လည်း အမိန့်တော်ရှိသည်။

သက္ကရာဇ် **(၉၁၈) ကိုးရာတစ်ဆယ့်ရှစ်ခု**[၂]တွင် အုန်းပေါင်ကို ဝန့်ဖက်ပြုသော စော်ဘွားပေါ် သေခဲ့လျှင် ညီ စဆိုင်လုံသည် အစ်ကိုအရာ စော်ဘွားပြုသည်ကို စော်ဘွား နံမိုင်းကြီးသား ခွဲကူးစားသည် ခေဥ္စကူးကို ဘဝရှင်မင်းတရားကြီးဘုရား လုပ်ကြံတော်မူ၍ ခွဲကူး ပျက်လျှင် အုန်းပေါင်သို့ ပြေးလေ၏။ အုန်းပေါင် စော်ဘွားပေါ်လည်း ခေဥ္စကူးစားကို မိုးနဲကို ပေး၍ စော်ဘွားပြုရသည်။ မိုးနဲစော်ဘွားသည် အုန်းပေါင်ကို စဆိုင်လုံ မင်းပြုသည်။ မင်းပြုသည်ကို ပြုရမည်လော ဟူ၍ ဆင်လုံး မြင်းရင်း အများနှင့် အုန်းပေါင်သို့ ချီလာ၍ တိုက်လေ၏။ အုန်းပေါင်စော်ဘွား စဆိုင်လုံလည်း ဘဝရှင်မင်းတရားကြီးဘုရားကို လက်ဆောင် လက်နက် အများနှင့် ခယမ်း ရှိသေစွာသော စကားဖြင့် စစ်ကူတော်မူပါ ဟူ၍ နားတော် လျှောက်လာသည်။ စဆိုင်လုံလည်း သေချေ၏။ နောက် မိုးနဲစော်ဘွား တိုက်လေ၍ အုန်းပေါင်လည်း ပျက်ချေသည်။

## ၂၅၇။ ရှမ်းပြည်တစ်လွှားကို သိမ်းယူရန် စီမံပုံ

ထိုအကြောင်းများကို ဘဝရှင်မင်းတရားကြီး ကြားတော်မူလျှင် သားတော် မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ယခုသည် မွန်သုံးရပ်နှင့်တကွ ကေတုမတီကြီး၊ သရေခေတ္တရာပြည်ကြီး၊ အဝပြည်ကြီး အစရှိသော မြန်မာနိုင်ငံတော်၊ မွန်နိုင်ငံ အလုံးကို သိမ်းယူတော်မူပြီးမှ ရှမ်းစော်ဘွား ကိုးပြည်ထောင်နှင့် ယွန်းပြည်၊ ဇင်းမြည်[၃]၊ လူးပြည်၊

၁။ ရှစ်ရာ [တွင်းသင်း(၃)-၉၁]　၂။ အေဒီ ၁၅၅၆　၃။ ဇင်းမြည်(မှန်နန်း-၃၀၀)၊ ဇင်းမြည် [တွင်းသင်း(၃)-၉၇]

ရာပြည့်စာအုပ်တိုက်

သည့်အရေးမှာ ပသို့ ထင်ကြသနည်းဟု ကြံတော်မူရမည်။ သည်အရေးမှာ လုပ်ကြံတော်မူရမည်။ ထာသည့်ပြည်၊ သည့်ပြည်များကို လုပ်ကြံတော်မူရမည်။ သည်အရေးမှာ ပသို့ ထင်ကြသနည်းဟု ဒင်းကျင်း နိုင်းပြင်းတော်မူသည်ကို ဗညားဒလ လျှောက်သည်။ ယခု အုန်းပေါင်စော်ဘွားက လျှောက်လာသည် အရေးမှာ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကိုသာ ခန့်၍ မသင့် ချေ။ ရှမ်းကိုးပြည်ထောင်သည် ဆင် မြင်းလည်း များလှသည်။ လက်နက်ကိရိယာ စစ်သည် နိုင်ပါလည်း များလှသည်။ အဝပြည်ကြီးနှင့်လည်း အနီးအစပ် ဖြစ်သည်။ အဝကိုလည်း ရှမ်းတို့က နှန်းတင်မှုလေသည်။ ယင်းသို့ ဖြစ်သောကြောင့် ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တိုင် ချီတော်မူ၍ လုပ်ကြံတော်မူသည် ဖြစ်မှ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့သည် အသက်ကို စွန့်လျက် ကြိုးစားအားထုတ်၍ အမှုတော်ကို ရွက်ဆောင်ထမ်း ကြမည် ဖြစ်သည်။ တစ်ကြောင်းမှာလည်း အုန်းပေါင်ကိုသာ လုပ်ကြံရမည် မဟုတ်။ အုန်းပေါင် ကို အလိုတော်ပြည့်လျှင် တစ်နွယ်ငင် တစ်စင်ပါ ဆိုသကဲ့သို့ မိုးမိတ်၊ ဝန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ကလေး၊ သည့်ရှမ်းပြည်များကို ရန်ပြေတော်မူသည် ဖြစ်မှ သားတော်အစဉ် မြေးတော် အဆက် မြဲတော်အညွန့်တိုင်အောင် မှုပ်ဝပ်ကျိုးနွံမည် ဖြစ်သည် ဟူ၍ နားတော်လျှောက်သည်။

ဗညားဒလ လျှောက်သော စကားကို ဗညားလော ကြားလျှင် ကျွန်တော် ဗညားဒလ လျှောက်သော အရေးသည် သင့်လှပေသည်။ ဘဝရှင် မင်းတရားကြီးဘုရားမှာ ရေကြောင်း၊ ညီတော် သတိုးဓမ္မရာဇာနှင့် သားတော် မဟာဥပရာဇာ၊ ညီတော်ဘုရင်မင်းခေါင်၊ သမက်တော် သတိုးမင်းစောတို့နှင့် ကျွန်တော် အမှူး အမတ်တို့မှာမူကား နှစ်ကြောင်း၊ သုံးကြောင်း ခွဲ၍ မြေပြင်နှံ့မျှ ချီမည်။ ယင်းသို့ စီရင် ခန့်ရန်တော်မူ၍ ချီရလျှင် ရှမ်းပြည်စော်ဘွားမျှကို ထားဘိ ဦး၊ တရုတ် ဦးတည်ဘွားပင် ဖြစ်သော်လည်း ခံနိုင်မည် မဟုတ် ဟူ၍ နားတော်လျှောက်သည်။ သားတော် မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော် အပေါင်းတို့လည်း ဝမ်းမြောက် ဝမ်းသာ အသီးအသီး အမှုတော်ကို ကြိုးစားအားထုတ်မည် အကြောင်းကို လျှောက်ကြသည်။

## ၂၅၈။ ရှမ်းပြည် အုန်းပေါင်သို့ ချီတက်ပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း မလျှောက်ကြသည်အရေးကို ကြိုက်တော်မူ၍ ဆင်လုံး မြင်းရင်း ဖြဖြ စီရင်ခန့်ရန်တော်မူသည်။ ယင်းသောခါ ချီသော တပ်စဉ်ကား လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိမ်းစည်း မြင်းတပ်၊ လက်ျာယော ဓာ မြင်းတပ်၊ သည်နောက်မှ ဆင်တပ်မှာ နန္ဒကျော်ထင် တစ်တပ်၊ ဗညားရံ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ ဗညားသံလိုက် တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ ဗညားဒလ တစ်တပ်၊ ဘယကျော် သူ တစ်တပ်၊ သမိန်စော်ကရုတ် တစ်တပ်၊ နန္ဒသကြီ တစ်တပ်၊ ညီတော် တောင်ငူဘုရင် တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်းငါးတပ်နှင့် တပ်ပေါင်း ၁၆ တပ်တွင် ပါသည် ဆင်လုံး မြင်းရင်းကား တိုက်ဆင် သုံးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည် တစ်သိန်း နှစ်သောင်းနှင့် ဟံသာဝတီကသည် ကေတုမတီသို့ ချီရသည်။ ကေတုမတီကသည် လှိုင်းတက် ကို တိုက်၍ ကင်းတား ရင်ကြောင်း ချီသည်။

တစ်ကြောင်းမှာ လက်ယာရဲတိုင်မြင်းတပ်၊ တုရင်ဗလမြင်းတပ်၊ စတုရင်္ဂသူမြင်းတပ်၊ ဘယကျော်သူ မြင်းတပ်၊ တုရင်သိဒ္ဓိမြင်းတပ်၊ သည်နောက်မှ ဆင်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်ရဲသင်းရံ တစ်တပ်၊ မင်းမဟာ တစ်တပ်၊ ဗညားကျန်းထော တစ်တပ်၊ သီရိဇေယျ

၁။ ဘယရာဇသူ (မှန်နန်း-၃၀၂)၊ ဘယရာဇာ [တွင်းသင်း(၃)-၉၇]

ကျော်ထင် တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သရေစည်သူ တစ်တပ်၊ သမိန်အံပရဲ တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ ဗညားလော တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ မြင်းငါးတပ်နှင့် တပ်ပေါင်း ၁၆ တပ်တွင် ပါသည့် ဆင်လုံး မြင်းရင်းကား တိုက်ဆင် သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် (အတူ) ဘဝရှင်မင်းတရားကြီး ဘုရား အဝသို့ လေ့တပ်ရောက်တော်မူမှ အဝကသည့် ဆင်ခေါင်းကြောင်း အုန်းပေါင်သို့ ချီရသည်။

ဘဝရှင်မင်းတရားကြီးဘုရား ရေကြောင်းချီတော်မူရာမှာ ချီရသော တပ်စဉ်ကား လက်ဝဲယော်ဓာ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ ရာဇသူ တစ်တပ်၊ သမိန်စိတ်မွန် တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ သမိန်ငေါခွင် တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ သမိန်လကွန်းအိန် တစ်တပ်၊ နန္ဒကျော်သူ တစ်တပ်၊ သမိန်အဲဖြပိုက် တစ်တပ်၊ သခံယာ တစ်တပ်၊ သမိန်ဇရ တစ်တပ်၊ နန္ဒယော်ဓာ တစ်တပ်၊ သမိန်ဖြပိုက် တစ်တပ်၊ လကျာနန္ဒသူ တစ်တပ်။ သည်ကမှ ဘဝရှင်မင်းတရားကြီး ဘုရား ဘုံ ၁၁ ဆင့်ရှိသော ပြသာဒ်နှင့်တကွ အလျား ၄၂ လံ[၁] ရှိသော ဟင်္သာရုပ် ရွှေဖောင်တော်တွင် ရှင်မိဖုရားခေါင်နှင့်တကွ သမီးတော် အဝမိဖုရားတို့ အတူစီးရသည်။ ရွှေဖောင်တော်ကို လှော်ကား ရှစ်စင်း ငင်ရသည်။ ရွှေလှော်ကား ၂၈ စင်း[၂]ကိုမူကား မင်းဆောင်၊ မင်းယောင်၊ မင်းခမ်းမင်းနား တင်၍ ဖောင်တော်ရှေ့တွင် လိုက်ရသည်။ ဝင်းတော် လေးမျက်နှာသားတို့ကိုလည်း ဆင်ရုပ်လှေ၊ စာမရီရုပ်လှေ၊ ကျွဲရုပ်လှေ၊ မိကျောင်းရုပ်လှေ၊ ငမန်းရုပ်လှေ၊ မကန်းရုပ်လှေ၊ သည်လှေနှင့် တိုက်လှေကြီးများတွင် ရွှေဒိုင်း၊ ရွှေလွှား၊ ရွှေကာ၊ ရွှေလုံတို့ကို စီစဉ်၍ ခင်းကျင်းပြီးလျှင် အမြောက်၊စိန်ပြောင်း တင်၍ စည်မောင်း ပတ်သာ ခရာ နှဲပလွေ မြစ်လုံးပုံတင်ထပ်မျှ တီးမှုတ်စေ၍ လက်ဝဲ လက်ယာ ရှေ့နောက် အစင်းသုံးရာ လိုက်ရသည်။

နောက်တော်က ချီရသော တပ်စဉ်ကား ဘယသင်္ကြံ တစ်တပ်၊ သမိန်ယိုကရတ် တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သီရိမဟာသောက တစ်တပ်၊ လက်ဝဲနန္ဒမိတ် တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို နောက်အုပ်ရသည်။ တပ်မတော်နှင့်တကွ ရေတပ် ၂၂ တပ်တွင် ပါသည့် ဆင်ရုပ်၊ မြင်းရုပ် အစရှိသော ကတ္တူ၊လွှန်းကြင်၊ ကုလ္လပ်၊သမ္ဗန်၊ထက်ရုပ် ရဲလှေပေါင်း တစ်သောင်ငါးရာ၊ လှော်ကားသံလှေ သုံးရာ၊ ရိက္ခာတင်ကုန်လှေ တစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်း[၃] ပါသည်။ မြန်မာအမတ်၊ မွန်အမတ်၊ ရှမ်းအမတ်တို့ ကတော်တို့ကိုလည်း လှေနှင့်ချည်း လိုက်ရသည်။ ပတ်စည် စောင်းငြင်း ကချေ သဘင်တို့ကိုလည်း ပွဲစုံလိုက်ရသည်။

မုတ္တမ ၃၂ မြို့ကိုမူကား မုတ္တမစား၊ မော်လမြိုင်စားတို့ကို ဆင်လုံးမြင်းရင်းနှင့် အခိုင်အလုံ နေရသည်။ ဟံသာဝတီ နေပြည်တော်ကိုမူကား အနော်ရထာ၊ သက်ရှည်ကျော်ထင်၊ ဗညားကျော် ဗညားရံတို့ကို အစောင့်အနေ ခန့်တော်မူသည်။ အနောက် ပုသိမ် ၃၂ မြို့ကိုလည်း ခံပေါင်စား၊ ဒေပသွယ်စား၊ လင်းပတေ့စားတို့ကို ဆင်လုံး မြင်းရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ ဤသို့ ဆိုခဲ့ပြီးသော တပ်အပေါင်းတွင် စည်ကြီး၊ခွက်ခွင်း၊ ခရာသင်း စသော သေနတ်သံ၊ အမြောက်သံတို့ဖြင့် မြစ်လုံး ပုံတင်ထပ်မျှ သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ်စွာ သက္ကရာဇ် (၉၁၈) ကိုးရာတစ်ဆယ့်ရှစ်ခု နတ်တော်လဆန်း ရှစ်ရက်[၄] တနင်္လာနေ့ နေပြည်တော် ဟံသာဝတီက ချီတော်မူသည်။ စခန်းချတိုင်း သဘင်ခံတော်မူသည်။

၁။ သုံးဆယ့်နှစ်လံ [မှန်နန်း-၃၀၂၊ တွင်းသင်း(၃)-၉၇] ၂။ တစ်ဆယ့်နှစ်စင်း [-ထို-] ၃။ တစ်သိန်းနှစ်သောင်း [မှန်နန်း-၃၀၃၊ တွင်းသင်း(၃)-၉၇] ၄။ ဥ နိုဝင်ဘာ ၁၅၅၆

ရွှေပြည်စာအုပ်တိုက်

ဒုံသို့ ရောက်တော်မူလျှင် ဒုံဆိတော်ရှင်ဘုရားကို ရှင်မိဖုရားခေါင် စသော သားတော် သမီးတော် ကိုယ်လုပ် မောင်းမနှင့်တကွ တက်တော်မူ၍ အထူးထူးသော လှူဖွယ်လှူခြင်းတို့ဖြင့် ပူဇော်တော်မူ၍ ဒုံက ချီတော်မူ၍ သရေခေတ္တရာသို့ ရောက်တော်မူလျှင် မြသိတင် ရွှေဆံတော်ကို ခေါ်ပြသာဒ် စီးတော်မူ၍ ရှင်မိဖုရားခေါင်နှင့် တကွ သားတော် သမီးတော် ကိုယ်လုပ် မောင်းမတို့ကို ခေါ်တော်မူ၍ အဖူးအမြင် တက်တော်မူသည်။ သက်တော်စေ့ ပွဲခင်းလေးဆယ့် ငါးပါး ခံတော်မူသည်။ ဂူ ကျောင်း စရပ် ပြိုပျက်လေသည်များကိုလည်း လုပ်ဆောင် ပြင်ဆင်စို့မည် ဟူ၍ ငွေငါးဆယ် မြို့စောင့်တို့ကို ခန့်တော်မူ၍ လုပ်ရသည်။

သရေခေတ္တရာက ဆန်တော်မူ၍ ပုဂံသို့ ရောက်တော်မူလျှင် ရွှေစည်းခုံဘုရားသို့ ခေါ်ပြသာဒ် စီးတော်မူ၍ မိဖုရားခေါင်နှင့် တကွ အဖူးအမြင် တက်တော်မူသည်။ သက်တော်စေ့ ပွဲခင်းခံတော်မူသည်။ သဘင်လည်း ခံတော်မူသည်။

### ၂၅၉။ မိုးညှင်းစား ယောက်ဖတို့ ဝင်စားလာပုံ

ပုဂံက ချီ၍ တလုပ်မြို့ဆိပ်သို့ ရောက်လျှင် မိုးညှင်းစား ယောက်ဖ ဒီပဲယင်း ကသည် ပုခန်းကြီးကို စားသသူ၊ မိုးညှင်းစား တူ စည်ပုဏ္ဏရာကသည် ဇဒ့်ကို စားသသူ၊ ညီသူနှစ်ယောက်တို့သည် ဘဝရှင်မင်းတရားကြီးသို့ လာ၍ မိုးညှင်းစား ယောက်ဖအကြီး ဝန်းသိုစားကို ကျွန်တော်တို့ ဖမ်း၍ လက်ဆောင်တော် ဆက်ပါမည်ဟု နားတော်လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ရအောင် ဖမ်းလေ အမိန့်တော် ရှိ၍ ဆုလာဘ်ပေးပြီးလျှင် ဆန်တော်မူသည်။ ရောက်လျှင် အဝတောင် တောင်ဘီလူးအရပ်တွင် သဘင်နန်းတော်ဆောက်၍ ရှင်မိဖုရားခေါင် အစရှိသော သားတော် သမီးတော် ကိုယ်လုပ် မောင်းမနှင့် တကွ နေတော်မူသည်။ ကတော် စိုးမင်း အပေါင်းတို့ကိုလည်း နန်းတော်ဝန်းကျင် တဲအိမ်ချည်း ဆောက်၍ နေရသည်။

ယင်းသောခါ သုံးဆယ်ကို စားသောသူသည် ဆင်ကြီးနှစ်စီး၊ သမီးကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလှာသည်။ အနန်းပေါင်စော်ဘွားကြီး မြေး စော်ဘွားခုံမှိုင်း မိုင်းလုံစားလည်း လက်ဆောင် လက်နက်အများနှင့် သမီးကို လက်ဆောင်ဆက်၍ ကျွန်တော် ခံလှာသည်။ သားကိုလည်း ခြေရင်းတော်တွင် မြဲပါစေ ဟူ၍ ဆက်သည်။ ထိုမြို့စားနှစ်ဦးကို သစ္စာတော်ပေးပြီးလျှင် ဆုလာဘ်များစွာ ပေး၍ အမှုကို ထမ်းရသည်။

အဝတွင် နေစဉ် စစ်ကိုင်းပုညရှင်ဘုရားကို ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်သည်။ သက်တော်စေ့ ပွဲခင်းလည်း ခံသည်။

ယင်းသို့မှ မဟာဥပရာဇာ၊ ညီတော် ဘုရင်မင်းခေါင်တို့ တစ်ဆယ့်ခြောက်တပ်သားကင်းတား ရင်ကြောင်း ချီလေသည်ကို သုံးဆယ်စား ရှေ့ဖျား ချီစေ အမိန့်တော်ရှိ၍ ချီရသည်။ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ ၁၆ တပ်မှာလည်း လက်ယာရဲတိုင် မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ သည်မြင်းနှစ်တပ်နှင့် ဆင်တပ်မှာ ဘယကျော်ထင် တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ ဗညားကျန်းထော တစ်တပ်၊ သည် ခြောက်တပ်ကို သုံးဆယ်ကသည် မိုးညှင်းကို တိုက်၍ မိုးမိတ်သို့ မိုင်းလုံစားကို ရှေ့တည်၍ ချီလေ အမိန့်တော်ရှိ၍ ချီရသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း စီးတော်ဆင်နှင့် တိုက်ဆင် တစ်ရာငါးဆယ်၊ မြင်း

တစ်တောင်[၁]ကို ဘာယနန်သူနှင့် ဒေဝကမ္မာတို့ကို အကြီးခန့်တော်မူ၍ ဧရာဝတီမြစ် အနောက်ဘက် ကြောင်း စမှာယ်နဂိုရ်တိုင် ချီရသည်။ ယင်းသို့မှ ရတနာရွှေဘောင်တော် စီး၍ အပေါင်း ခြံရံလျက် စည်မောင်း,ပတ်သာ,ခရု,တံပိုး မြစ်လုံး ပွဲတင်ထပ်မျှ တီးမှုတ်၍ မှူးမတ် မင်း၏ အသရေကဲ့သို့ အလွန်တင့်တယ်စံပယ်စွာ ရတနာပူရက ချီသည်။ ယင်းသောအခါ သိကြား ကိုယ်လုပ်တော် သုံးကျိပ်ပါသည်။

ရတနာပူရ ကသည် နိတောင်တွင် ချတော်မူသည်။ နိတောင် ကသည် အုန်းတစည်းတွင် ချတော်မူသည်။ အုန်းတစည်း ကသည် စဉ့်ကိုင်ရွာတွင် ချသည်။ စဉ့်ကိုင်ကသည် သစ်ဆိပ် တွင် ချသည်။ ယင်းကသည် စေညကူးတွင် ချသည်။ ယင်းကသည် ကမှတ်တွင် ချသည်။ ယင်းကသည် သီဟတောတွင် ချသည်။

## ၂၆၀။ မိုးမိတ်စော်ဘွား ကြို၍ တိုက်လာပုံ

သီဟတောဘုရားရှင်ကိုလည်း ရွှေတန်ဆောင် ငွေတန်ဆောင်၊ ရွှေပန်း ငွေပန်း ပူဇော် တော်မူသည်။ သီဟတောကသည် မုန်သာချောင်းတွင် ချသည်။ ယင်းကသည် စမှာယ်နဂိုရ် တစ်ဖက် မလည်တွင် ချသည်။ ဆင် မြင်း ကူးစရာ ဖောင်ပန်း လုပ်ရသည်။ ဆင် မြင်းကို ကူးစေ၍ တစ်ဖက်သို့ ရောက်လျှင် လေ့တပ်စဉ်အတိုင်း ကြည်းတပ်ဖွဲ့တော်မူ၍ စမှာယ်နဂိုရ်က သည် မိုးမိတ်သို့ ချီသည်။ မိုးမိတ်သို့ မရောက်ခင် တစ်စခန်းလောက်တွင် မိုးမိတ်စော်ဘွားက တိုက်ဆင် ငါးဆယ်၊ မြင်း နှစ်ထောင်၊ ဗိုလ် လေးသောင်းခန့်နှင့် သား သမက် ညီတို့ ကြိုလာ သည်။ ဘဝရှင် မင်းတရားကြီးဘုရားက ရှေ့ချီစေသော မြင်းတပ်နှင့် တွေ့၍ တိုက်ကြလျှင် မြင်းတော်သည်တို့ အားမတန်၍ ဆုတ်ရချေသည်။ ရှမ်းတို့လည်း အမီ ထပ်၍ လိုက်လာသည်။ ယင်းသို့စဉ်တွင် အဲမွန်တရာ စွယ်လမန် ဟူသော ဆင်ကို စီး၍ ချွန်းဖွင့်ကာ လွှတ်သည်။ ရာဇသင်္ကြံ ရတနာတန်ဆောင် ဟူသော ဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ သမိန်လကွန်းအိန် ရဲလုလင် ဟူသော ဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ နန္ဒယော်ဓာ နာဂါဝရဆင်နှင့် ချွန်းဖွင့်ကာ လွှတ်သည်။ သမိန်ဖြပိုက် ဓေယျနဘတ်ဆင်နှင့် ချွန်းဖွင့်၍ လွှတ်သည်။ သမိန်ဇေါ်ခွင် တရံ သုံးပန်း ဆင်နှင့် စီး၍လွှတ်သည်။ သည်တပ်မှူး ခြောက်ယောက်စီ ဆင်နှင့် စွန်းစွန်းတည်၍ လွှတ်လျှင် တပ်မှူး စစ်ကဲ အပေါင်းတို့ ဆင်နှင့်ချည်း ချွန်းဖွင့်ကာ တက်သည်နှင့် ရှမ်းတို့ ဆင်အား မတန်၍ ငါးစီး၊ ခြောက်စီး လဲလေ၏။ ယင်းသို့စဉ်တွင် ဆင်သည် မြင်းသည် အပေါင်း တို့ လိုက်လျှင် ရှမ်းတို့ စစ်သည် မခံနိုင်၍ ပျက်လေ၏။ ဆင်လည်း ၆ စီး ရတော်မူသည်။ မြင်း ၇၀ ကျော်၊ လူ ၈၀၀ ကျော် ရတော်မူသည်။ သေလေသည်လည်း များ၏။

မိုးမိတ်စော်ဘွားလည်း မြို့က ခံ၍ တိုက်မည် စီရင်စဉ်တွင် ဗညားလော၊ ဗညားကျွန်းထော တို့ ခြောက်တပ်သား မိုးညှင်းကသည် မိုးမိတ်ကို ရောက်လာသည်နှင့် မြို့က ခံသော်လည်း မခံနိုင်ချေ အမှတ်ရှိ၍ အုန်းပေါင်သို့ ပေါင်းမည်ဟု မြို့က ထွက်၍ ပြေးလေ၏။ ယင်းသို့ စော်ဘွား ပြေးဝင်လျှင် ဆင် မြင်း လူသူ ရတော်မူသည် များ၏။ ဘဝရှင်မင်းတရားကြီးဘုရား လည်း မိုးမိတ်မြို့တွင် အရပ်အနေ ပြုတော်မူ၏။

ညီတော် သတိုးဓမ္မရာဇာ တစ်တပ်၊ ဗညားလော တစ်တပ်၊ ဗညားကျွန်းထော တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ လကွန်းအိန် တစ်တပ်၊ နန္ဒယော်ဓာ တစ်တပ်၊ သမိန်ရဲသင်း၏

[၁]။ သုံးထောင် [တွင်းသင်း(၃)-၃၈]

တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ကိုးတပ်ကို တိုက်ဆင် တစ်ရာငါးဆယ်, မြင်း
နှစ်ရာ, ဗိုလ်ရှစ်သောင်း စီရင်တော်မူ၍ မိုးမိတ်စော်ဘွား ပြေးလေရာသို့ လိုက်လေ၏။
သားတော် မဟာဥပရာဇာ၊ ညီတော်ဘုရင်မင်းခေါင်၊ သမက်တော် အဝဘုရင် သတိုး
မင်းစောတို့ အုန်းပေါင်သို့ ချီလေရာမှာ အုန်းပေါင်သို့ မရောက်ခင် နှစ်စခန်းလောက်တွင်
ပေါင်းမိတော်မူကြသည်။ ယင်းသောအခါ မဟာဥပရာဇာလည်း ဤသို့ မိန့်တော်မူသည်။
ယခု ရှိမက်တော် အပေါင်းတို့ တစ်စုတည်း ချီ၍ မသင့်ရေး။ သုံးစုခွဲ၍ ဝင်ရမှ အရေးတော်
ပြီးလွယ်မည် မိန့်တော်မူသည်ကို ဘုရင်မင်းခေါင်က သည်အရေး သင့်လှသည်၊ သုံးစုခွဲ၍
ချီရမှ လမ်းအကြောင်းကြောင်း ဆီးပိတ်မိမည် မိန့်တော်မူလျှင် မဟာဥပရာဇာတို့မှာ မြင်းတပ်
သုံးတပ်, ပေါင်း ရှစ်တပ်မှာ အလယ်ကြောင်း ချီတော်မူသည်။

### အုန်းပေါင်စော်ဘွား ကြို၍ တိုက်ရာတွင် အောင်ပုံ

၂၆၁။ အုန်းပေါင်စော်ဘွား ကြို၍ တိုက်ရာတွင် အောင်ပုံ

ဘုရင်မင်းခေါင်တို့ မြင်းတပ် ၂ တပ်နှင့် တပ်ပေါင်း ရှစ်တပ်မှာ လက်ယာကြောင်း
ချီတော်မူသည်။ အင်းဝဘုရင် သတိုးမင်းစောတို့ မြင်းနှစ်တပ်နှင့် တပ်ပေါင်း ၉ တပ်[၁၈]မှာ
လက်ဝဲကြောင်း ချီတော်မူသည်။ အုန်းပေါင်သို့ မရောက်ခင် သုံးတိုင်ကျော်ခန့် အရပ်တွင်
အုန်းပေါင်စော်ဘွားက သား သမက် ညီတို့ကို တိုက်ဆင် တစ်ရာငါးဆယ်, မြင်း သုံးထောင်,
စစ်သည်သူရဲ နှစ်သောင်းခန့်နှင့် ကြိုလာရသည်။ မဟာဥပရာဇာ ရှေ့ဖျားချီစေသော မြင်းတပ်
သုံးတပ်နှင့် တွေ့ကြလျှင် လက်ဝဲရဲတိုင်၊ ရာဇတမန်၊ တုရင်ရာဇာတို့သည် မြင်း (၃၀၀၀)
သုံးထောင်နှင့် အဆည်းအတား မရှိ ရှုပ်ရှပ်ချွံချွံ လိုက်၍ တိုက်လေ၏။ ရှမ်းတို့လည်း မြင်း
(၃၀၀၀) သုံးထောင် နှင့် ခံသည်၊ မခံနိုင်၍ ဆုတ်လေ၏။ နောက် ချီလာသော ဆင်တပ်နှင့်
ပေါင်းလေ၏။ ရာဇတမန်တို့လည်း ထပ်၍ လိုက်သည်။ ဆင်တပ်ကို တွေ့မြင်လျှင် အုန်းပေါင်
စော်ဘွား သား သမက်တို့လည်း တိုက်ဆင် ၁၀ ခန့်နှင့် လက်ဝဲရဲတိုင်တို့ မြင်းတပ်ကို လိုက်
သိပ်၍ တိုက်လာသည်။ လက်ဝဲရဲတိုင်တို့လည်း မြင်း (၃၀၀၀) သုံးထောင် နှင့် ခံ၍ မနည်းကြာ
တိုက်ကြသည်။

ယင်းသို့စဉ်တွင် မဟာဥပရာဇာတို့ မီလာလျှင် မဟာဥပရာဇာမှာ ဇေယျဒိသာ ဟူသော
ဆင်ကို စီးတော်မူသည်။ နန္ဒသကြိမှာ ရတနာပြောင်ကျော် ဟူသော ဆင်ကို စီးသည်။ သမိန်ဇော်
ကရုတ်မှာ ရေကျွန်ယ် ဟူသော ဆင်ကို စီးသည်။ ဘယကျော်သူမှာ ဇေယျပလ္လင် ဟူသော
ဆင်ကို စီးသည်။ ဗညားဒလမှာ နတ်သပြောင်ကျော် ဟူသော ဆင်ကို စီးသည်။ သည်ငါးတပ်လုံး
ဆင်ချွန်းဖွင့်ကာ လွှတ်လျှင် ရှမ်းတို့ ဆင်ငယ်သာ ဖြစ်၍ မျက်နှာသုန်လေ၏။ ဥပရာဇာ
လိုက်ထပ်၍ တိုက်လျှင် အုန်းပေါင်စော်ဘွားသား စီးသော ဆင်နှင့်တကွ ဆင်သုံးစီး လဲလေ၏။
အုန်းပေါင်စော်ဘွားသားလည်း မြင်းစီး၍ အပြင်းခွာလေ၏။ အုန်းပေါင်စော်ဘွားညီ စီးသော
ဆင်ကို ဗညားဒလ နတ်သပြောင်ကျော်နှင့် တိုက်သည်။ အုန်းပေါင်စော်ဘွား ညီ စီးသော
ဆင်အာပေါင်ကို အစွယ်နှင့် ထိုးမိ၍ ယင်းတွင်ပင် လဲလေ၏။ အုန်းပေါင်စော်ဘွား ညီမှုကား
မြင်းစီး၍ ပြေးလေသောကြောင့် လွတ်လေ၏။ ယင်းသို့မှ ဆင်သည်၊ မြင်းသည်၊ ခြေသည်
အပေါင်းတို့ ထပ်၍ လိုက်ရသည်။ ဘုရင်မင်းခေါင်တို့ ရောက်သည်နှင့် ထပ်၍လိုက်လျှင်
ရှမ်းတို့ စစ်ပျက်လေ၏။ အဝဘုရင် သတိုးမင်းစော တပ်သားမှုကား လက်ဝဲကြောင်း တောင်ကို

---

[၁၈] ရာဇဝင် [မှန်နန်း-၃၀၆၊ တွင်းသင်း(၃)-၉၉]

ချီ၍ အုန်းပေါင်မြို့ကို ရှုပ်ရှုပ်ချွံချွံ လုပ်ကြံတော်မူသည်။ အုန်းပေါင်စော်ဘွား မခံနိုင်၍ ပျက်လျှင် စော်ဘွားကိုယ်နှင့် တကွ တစ်မြို့လုံးကို ရတော်မူ၏။

ဘဝရှင်မင်းတရားကြီးဘုရား မိုးမိတ်တွင် နေတော်မူစဉ်က မိုးမိတ်တပ်ပေါင်း၊ မိုးလစား၊ မိုးဝန်းစား၊ စကားတောင်စားတို့သည် ဆင်ကြီး၊ မြင်းကြီး၊ သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလှာသည်။ ထိုသူတို့ကို သစ္စာတော်ပေးပြီးလျှင် ဆုလာဘ်ပေးတော်မူ၍ အမှုတော်ကို ထမ်းရသည်။

## ၂၆၂။ မိုးမိတ်စော်ဘွား ပြေးသည်ကို ရမိပုံ

မိုးမိတ်စော်ဘွားလည်း မိုးမိတ်က အုန်းပေါင်သို့ ပေါင်းမည် ဟူ၍ ဆင်လုံး မြင်းရင်းနှင့် သား၊ မယားကို ယူ၍ ပြေးလေသည်။ ပန်းညာ[၁] ဟူသော အရပ်သို့ ရောက်လျှင် အုန်းပေါင် ပျက်ကြောင်းကို ကြား၍ ယင်းတွင် နေသည်အခိုက် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ တွေ့လျှင် တိုက်လေ၏။ မိုးမိတ်စော်ဘွားလည်း လက်မထပ်ဝံ့ဘဲ အညံ့ခံ၍ စော်ဘွားကို ရလျှင် ဆင် မြင်း မိုလ်ပါ အလုံးကို သိမ်း၍ မိုးမိတ်သို့ ပြန်လှာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း မိုးမိတ်တွင် အနေအထားကျအောင် စီရင်ခန့်ရန်တော်မူပြီးမှ အုန်းပေါင်စော်ဘွားကြီး မြေး မိုင်းလုံစား ကျွန်တော် ခံလှာသည်ကို တံဆိပ်နှင့်တကွ မိုးမိတ်မြို့ကို ပေးတော်မူ၍ စော်ဘွား ပြုရသည်။ အထက်က စဉ်ကူးကို လုပ်ကြံတော်မူသောအခါ ရတော်မူသည် သား မယား ယောကျ္ာမတို့ကိုလည်း ဟံသာဝတီ မှာယူ၍ ပေးအပ်တော်မူသည်။

ပတ္တမြားခွန်၊ ရွှေခွန်၊ ငွေခွန်၊ သိုးခွန်၊ ကတိုးခွန်၊ မိုင်းလုံခွန်၊ မြင်းခွန်တို့ကိုလည်း နှစ်စဉ် မပြတ် ဆက်ရသည်။

အုန်းပေါင်မြို့ကိုလည်း သုံးဆယ်စားကို စော်ဘွားကြီးတို့၏ အဆောင်အယောင်နှင့် တကွ တံဆိပ်လက်ယာနှင့် ပေးတော်မူ၍ စော်ဘွားပြုရသည်။ သားတော် မဟာဥပရာဇာ၊ ညီတော် ဘုရင်မင်းခေါင်၊ သမက်တော် သတိုးမင်းစောတို့ကိုလည်း အုန်းပေါင်ကသည် မိုးမိတ်သို့ ခေါ်တော်မူ၍ ပြန်ရသည်။

## ၂၆၃။ ရှမ်းတို့ အယူမှားကို ဆုံးမ ကံမြစ်တော်မူပုံ

အုန်းပေါင်၊ မိုးမိတ် အစရှိသော ရှမ်းပြည်တစ်တန်းတွင် မှားသော မိစ္ဆာဒိဋ္ဌိ အယူဖြင့် စော်ဘွားတို့ သေလျှင် စော်ဘွားစီးသည် ဆင်၊ စော်ဘွားတို့ စီးသည် မြင်း၊ ချစ်သော ကျွန်တို့ကို သတ်၍ တွင်း၌ အတူထည့်လိုက်သည်။ ဤသို့ မကောင်းသော အယူဖြင့် အစဉ် သုံးဆောင်ကြသော အကျင့်ကို မြစ်တော်မူသည်။ ပရိယတ္တိသာသနာတော် မတည်လေ ဟူ၍လည်း မိုးမိတ်မှာ တစ်ဆူ၊ အုန်းပေါင်မှာ တစ်ဆူ စေတီ တည်တော်မူ၍ ဝတ္တုကံ မိုးမြေ လှူတော်မူသည်။ ကျောင်းလည်း ဇေတဝန်ကျောင်းရံ တစ်ဆယ်နှင့်တကွ မိုးမိတ်တွင် ရပ်ဆောက်တော်မူ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျွမ်းသော အရိယာသံဃာတို့ကို တောင်းပန်တော်မူ၍ သိတင်းသုံး နေရသည်။ စော်ဘွားမှ စ၍ အမျိုးအမတ် ခေါင်းအကြီးတို့ကိုလည်း တစ်လ လေးသီတင်း ပဉ္စသီ၊ အဋ္ဌသီ ခံ၍ တရားနာရသည်။ ပိဋကတ်သုံးပုံကိုလည်း အုန်းပေါင်မှာ တစ်ဝက်၊ မိုးမိတ်မှာ တစ်ဝက် ထားတော်မူသည်။ မြို့သူ ရွာသားတို့ကိုလည်း စစ်ကဲတော်တို့က ဆော်ပန်၍

---
၁။ ပညာသ (မှန်နန်း-၃၀၇)၊ ပညာသ [တွင်းသင်း(၃)-၁၀၀]

တစ်လ လေးသီတင်း တရားနာရသည်။ အသုံးအဆောင်မှာလည်း တင်း, ခွဲ, စိတ်, စရွတ်, ပြည် အစရှိသည်တို့ကို လည်းကောင်း၊ မူး, ပဲ, ကျပ်, တစ်ဆယ်, ပိဿာ အစရှိသော စဉ်းလေး၊ ချိန်ခွင်လေးတို့ကို လည်းကောင်း ဟံသာဝတီ ရွှေပြည်တော်နှင့် တစ်ချက်တည်း ထားတော်မူသည်။

## ၂၆၄။ မိုးကောင်း၊ မိုးညှင်းသို့ ချီတက်ပုံ

ဤသို့ ပစ္စုပ္ပန်စီးပွား၊ သံသရာ စီးပွားတို့ကို စီရင်တော်မူ၍ အနေအထား ကျပြီးလျှင် သားတော်၊ ညီတော်၊ မှူးတော်၊ မတ်တော်အပေါင်းတို့ကို ခေါ်တော်မူ၍ မိုးကောင်း၊ မိုးညှင်းသို့ ချီရသော်လည်း သင့်မည်လော၊ မိုးနဲ၊ ညောင်ရွှေသို့ ပြန်၍ ချီရသော်လည်း သင့်မည်လော ဟူ၍ နိုင်ငြင်း ခင်းကျင်းတော်မူသည်။ ထိုအခါ သားတော် မဟာဥပရာဇာတို့ လျှောက်သည်ကား မိုးနဲ၊ ညောင်ရွှေကို ရှိနှင့်စေဦး၊ မိုးကောင်း၊ မိုးညှင်း ဆော်ဘွားတို့သည် အထက်မြန်မာနိုင်ငံ အလုံးကို နိုင်နယ်သကဲ့သို့ မွှေနှောက် ဖျက်ဆီးဖူးလေသည်။ အဝရွှေနန်းကိုလည်း စလုံသား သိုဟန်ဘွား[1]ကိုလည်း နန်းတင်ဖူးလေသည်။ မြန်မာတို့ ခန့်ညားကြရချေသည်။ သို့ချည်ဘွား၊ သိုင်ဘွားတို့ လက်ထက်လည်း တရုတ်ဦးတည်ဘွားကို ၁၂ နှစ်တိုင်တိုင် စစ်ပြိုင်၍ ထိုးဖူးလေသည်။ ယင်းသို့ ဖြစ်သောကြောင့် မိုးကောင်း၊ မိုးညှင်းကို အလျှင်ချီ၍ ယူသင့်သည်။ မိုးကောင်း၊ မိုးညှင်းကို ရတော်မူလျှင် မိုးနဲ၊ ညောင်ရွှေ အစရှိသော တောင်ရှမ်းပြည် တစ်တန်းသည် လက်တော်က လွတ်ရာသည်သဘော မရှိ ဟူ၍ နားတော်လျှောက်သည်။

သားတော် မဟာဥပရာဇာ လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ ဘုရင့်မင်းတရား သားတော် လျှောက်သော အရေးသည် အလွန် သင့်လှပေသည်။ ယခု မိုး,လေ ကျတော့မည်၊ နီးပြီ။ အလျှင် ချီတော်မူ၍ လုပ်ကြံတော်မူမှ အရေးလှမည်။ မိုးကျလျှင် ချောင်းမြောင်း ပြည့်လျှမ်း၍ ဆင်ကြောင်း၊ မြင်းကြောင်း မသာ ရှိချိမ့်မည်။ ယင်းသို့လျှင် အလုပ်အကြံ များရချေမည် ဟူ၍ နားတော်လျှောက်သည်။

ဗညားဒလ လျှောက်သော စကားကို ဗညားလော ကြားလျှင် ဤသို့ နားတော် လျှောက်ပြန်သည်။ သားတော် မဟာဥပရာဇာ၊ ဗညားဒလတို့ လျှောက်သော အရေးသည် စစ်အရေးပင် ဖြစ်ပေသည်။ သို့ရာတွင် မိုးကောင်း၊ မိုးညှင်းသည် ဆင်ကောင်း မြင်းကောင်းလည်း များသည်။ သူရဲ သူခက် အမှုထမ်းကောင်းလည်း များသည်။ အကြောင်းမှာမူကား ရှမ်းတို့ လက်ရည်ကိုလည်း ကျွန်တော်တို့ သိရပြီ။ ကျွန်တော်တို့ လက်ရည်ကိုလည်း ရှမ်းတို့ သိလေပြီးသည်။ ချီတော်မူ၍ လုပ်ကြံတော်မူလျှင် စစ်မျက်နှာ ဆိုင်၍ ခံဝံ့မည် မထင်။ မြို့ကသာ အနိုင်အလုံ့ပြု၍ ခံမည် ထင်သည်။ ယင်းသို့ မြို့က ခံလျှင် အတော် ပြီးခဲမည် တစ်ချက်သာ ဖြစ်တော့မည် ဟူ၍ နားတော်လျှောက်သည်။

ဘုရင့်မင်းတရားကြီးဘုရားလည်း သားတော်တို့ လျှောက်သော အရေးကို ကြိုက်တော်မူ၍ မိုးကောင်း၊ မိုးညှင်းသို့ ချီတော်မူရမည်ကို စီရင်စနစ်ရှိတော်မူသည်။ လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ သည်ရှောက် နန္ဒကျော်ထင် တစ်တပ်၊ ဗညားရံ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ခုနစ်တပ်ကို လက်ယာကြောင်း ချီရသည်။

---

၁။ မိုးညှင်း၊ စလုံသား သိုဟန်ဘွား (၁၅၂၇-၄၂)

တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိမ်းစည်း မြင်းတပ်၊ လက်ျာကျော်သူ တစ်တပ်၊ သမိန်ဓော်ကရုတ် တစ်တပ်၊ နန္ဒသကြီ တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်စိုးသင်းရဲ တစ်တပ်၊ မင်းမဟာ တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်းခုနစ်တပ် အလယ်ကြောင်း ချီရသည်။

လက်ျာယော်ဇာ မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ ဗညားကျွန်းထော မြင်းတပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ သမိန်သံကျွယ် တစ်တပ်၊ သရေစည်သူ တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ ဗညားလော တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ မြင်းတပ် သုံးတပ်နှင့် တပ်ပေါင်း ဆယ်တပ်ကို လက်ဝဲကြောင်း ချီရသည်။

ဘဝရှင်မင်းတရားကြီးဘုရားမှာ လက်ျာရဲတိုင် မြင်းတပ်၊ စတုရင်သူ မြင်းတပ်၊ ဘယရာဇာသူ မြင်းတပ်၊ သည်မြင်းသုံးတပ်ကို ရှေ့ဖျား ချီရသည်။ သည်နောက် အမှုန်တရာ ဆင်တစ်တပ်၊ ရာဇသူရ တစ်တပ်၊ ရာဇသကြီ တစ်တပ်၊ သမိန်ဝေါ့မွှင် တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ သမိန်လကွန်းအိမ် တစ်တပ်၊ နန္ဒကျော်သူ တစ်တပ်၊ သမိန်အဲခြပိုက် တစ်တပ်၊ သခံယာ တစ်တပ်၊ သမိန်ဖရူး တစ်တပ်၊ နန္ဒယော်ဇာ တစ်တပ်၊ သည်နောက်မှ ဘဝရှင်မင်းတရားကြီး ဘုရား တပ်တော်တွင် တိုက်ဆင် လေးဆယ်၊ မြင်း လေးရာ[*]၊ ကိုယ်ရံတော် ဝင်းတော်သား လေးသောင်းကို ရှေ့ဦး၊ ရှေ့လွှား၊ ရှေ့ကာ၊ ရှေ့လုံနှင့် လိုက်ရသည်။ တပ်တော်တွင် ဘယနန္ဒသူကို တပ်မှူး၊ ရာဇယော်ဇာကို စစ်ကဲ ခန့်တော်မူသည်။ မြင်းတပ် သုံးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်ခြောက်တပ် နောက်အုပ်၍ ချီတော်မူသည်။

တုရင်သိဒ္ဓိ မြင်းတစ်တပ်၊ တုရင်ပစ္စည်း မြင်းတစ်တပ်၊ ဆင်တပ်မှာ သမိန်ခြသပိုက် တစ်တပ်၊ လက်ျာနန္ဒသူ တစ်တပ်၊ ဘယသကြီ တစ်တပ်၊ သမိန်ယိုကရုတ် တစ်တပ်၊ လက်ဝဲနန္ဒမိတ် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သိရိဓမ္မာသောက တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ်ကို ဘဝရှင်မင်းတရားကြီးဘုရား နောက်တော်က ချီရသည်။

## ၂၆၅။ မိုးကောင်း၊ မိုးညှင်း စော်ဘွားတို့ စစ်ပျက်ပုံ

ဤသို့ ခန့်ရန်တော်မူပြီးမှ အုန်းပေါင်စော်ဘွား၊ မိုးမိတ်စော်ဘွားတို့ကိုလည်း သားမယားနှင့် တကွ ဟံသာဝတီသို့ ပို့ရလေသည်။ စမ္မာယ်နဂိုရ်တွင် လေ့တပ်အပေါင်းကိုလည်း စမ္မာယ်နဂိုရ်ကသည် အညာအင်းဝ၊ သာဂရသို့ အလျင်ဆန်တော်မူရသည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ် (၉၁၈) ကိုးရာတစ်ဆယ့်ရှစ်ခု တပေါင်းလဆန်း ၁၁ ရက်နေ့[1] မိုးမိတ်ကသည် တီကျစ်[2]သို့ ရောက်တော်မူလျှင် လေ့ကို တံတားဖွဲ့၍ မိုးကောင်း၊ မိုးညှင်းသို့ ချီတော်မူသည်။ ရောက်လျှင် တပ်ခင်းရပ်ငြိမ်ဝေဖော်မှုဖြစ်ရ တစ်ဖက်သို့ ရောက်လျှင် တပ်ခင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စစ်သည် ဗိုလ်ပါတို့ကို လျှောက်စေ၍ တစ်ဖက်သို့ ရောက်လျှင် တပ်ခင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စစ်သည် ဗိုလ်ပါတို့ကို လျှောက်စေ၍ ချီရသည်။

မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့လည်း ဘဝရှင်မင်းတရားကြီးဘုရား ဆင်လုံးအတိုင်း ချီရသည်။

မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့လည်း ဘဝရှင်မင်းတရားကြီးဘုရား ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါအများနှင့် မြေပြင်ပြည့်မျှ ချီလာပြီ ဟူ၍ ကြားလျှင် မိုးညှင်းမြို့တွင် မခံဝံ့၍ မိုးညှင်းမြောက် "နွယ်ပတ်ပု" ဟူသော တောတွင် စော်ဘွားနှစ်ဦးတွင် ရှိသော ဆင်လုံး မြင်းရင်းနှင့် တပ်နိုင် တပ်လုံ တည်၍ ခံနှင့်သည်။ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်

* [1] ၁။ လေးထောင် (မှန်နန်း-၃၁၀)
* [2] ၂။ ၈ ဖေဖော်ဝါရီ ၁၅၅၇
* [3] ၃။ ထီးချည်(မှန်နန်း-၃၁၀)၊ ထီးကျည် [တွင်းသင်း(၃)-၁၀၂]

ဘုရင် သတိုးဓမ္မရာဇာ၊ သမက်တော် သတိုးမင်းစောတို့လည်း မိုးကောင်း၊ မိုးညှင်း မြောက်
"နယ်ပတ်" ဆိုသောတွင် တပ်နိုင် တပ်လုံ တည်၍ ခံသည်ဟု ကြားတော်မူလျှင် အကြောက်
အရွံ့ မရှိ၊ လူထောင်ငါး အလျှင်ချီ၍ အဝဘုရင် သတိုးမင်းစော အလျှင်ရောက်လျှင် ရှုပ်ရှုပ်ရှဲ့ရှဲ့
အဆည်းအတား မရှိ တိုက်လေ၏။ စော်ဘွားတို့လည်း မခံနိုင်၍ ပျက်လေ၏။ ယင်းသို့မှ
မဟာဥပရာဇာ၊ သတိုးဓမ္မရာဇာတို့ ရောက်လာသည်။ သို့ရောက်လာလျှင် သုံ့ပန်းဖမ်းစေသည်။
ဆင်၊ မြင်း၊ ဓိုလ်ပါ အများ ရတော်မူ၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း မြောက်ခရီးသို့
တက်တော်မူ၍ တောင်ကိုကျော်၍ ချီတော်မူသည်။ မိုင်းနောက်[၁] အနားတွင် တပ်ချတော်မူ၍
နေတော်မူသည်။

ညီတော်၊ သားတော်တို့ တိုက်၍ စော်ဘွားနှစ်ဦး ပျက်ကြောင်းကို ကြားတော်မူလျှင်
ရဲမက်တော်တို့ကို ဆီး၍ တိုက်စေသည်။ ဆင် မြင်း လူသူ အများ ရတော်မူသည်။ ညီတော်၊
သားတော်၊ သမက်တော်တို့လည်း ရသည့် ဆင်၊ မြင်း၊ လူသူတို့ကို ဆက်ကုန်၏။ ယင်းသော
ခါ သားတော် မဟာဥပရာဇာတို့ လျှောက်သည်ကား လေးဆယ့်ငါးလုံးမိုင်းကို အစိုးရသော
မိုးကောင်းစော်ဘွား၊ သုံးဆယ့်ငါးလုံးမိုင်းကို အစိုးရသော မိုးညှင်းစော်ဘွားတို့သည် တရုတ်
ဦးတည်သွားကို ၁၂ နှစ်တိုင်တိုင် စစ်ပြိုင်၍ ထိုးမှုသည် ကြားသောကြောင့် ကျွန်တော်တို့
ရောက်လျှင် ဆင်စီးချင်း၊ မြင်းစီးချင်း ဦးလည်စွန့်၍ တိုက်ရမည်သာ မှတ်သည်။ ယင်းသို့ကား
မတိုက်ရ၊ နံရုံ အောင်မြစ် ပြိုင်ကိုနိုင် ပုတ်ခေါင်းတို့ ထုထပ်ရာ ရှောင်လွှဲ ပုန်းလျှို၍ နေတော့သည်ဟု
နားတော်လျှောက်သည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ငါသို့သော အားငါးပါးနှင့် ပြည့်စုံသော မင်းကရာဇ်
ချီတော်မူသည်ကို စော်ဘွားတို့ မှုသည် မျက်နှာလှည့်၍ ခံဝံ့မည်လော။ ယင်းသို့ မခံဝံ့၍ ပြေး
ပုန်းလေပြီးသော်လည်း ငါ၏ ရန်သူကို ဇမ္ဗူဒိပ် မြေပြင်ဝယ် ဘယ်ပြည်ထောင်မင်းသည်
လက်ခံဝံ့မည်နည်း အမိန့်တော်ရှိသည်။ ယင်းသို့မှ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်
ဘုရင် သတိုးဓမ္မရာဇာ၊ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ကို စော်ဘွားတို့ ပြေးလေရာ
သို့ သုံးကြောင်းခွဲ၍ လိုက်လေ အမိန့်တော် ရှိသောကြောင့် မြေပြင်ပြည့်မျှ လိုက်ရလေသည်။
ဘဝရှင်မင်းတရားကြီးဘုရားလည်း နောက်တပ်မ ပြု၍ တဖြည်းဖြည်း ချီတော်မူသည်။

ယင်းသောအခါ မိုးကောင်းစော်ဘွားကို မိမိအမတ်တို့ ဤသို့ နားတော်လျှောက်ကုန်သည်။
ယခု ဟံသာဝတီမင်းတရား ချီတော်မူလာသည်။ ဆင် မြင်း ဓိုလ်ပါလည်း များလှသည်။
လက်နက်ကိရိယာလည်း ထူထပ်လှသည်။ မင်းတရားကြီးတွင် ညီတော်၊ သားတော်၊ သမက်
တော်မှ စ၍ မှူးတော်မတ်တော် အပေါင်းတို့သည်လည်း အသက်စွန့်၍ အမှုထမ်းမည်သူချည်း
ဖြစ်သည်။ ဆီးကြို၍ ခံသော်လည်း ခံနိုင်ချိမ့်မည် မဟုတ်။ မနိုင်၍ ပြေးပုန်း ရှောင်လွှဲသော်လည်း
လွတ်နိုင်မည် မဟုတ်။ ယင်းသို့ ဖြစ်သောကြောင့် "ကိုယ်မချိသည် အမိသားကို မထားနိုင်"
ဆိုဘိသကဲ့သို့ မိုးညှင်းစော်ဘွားကို သားမယားနှင့်တကွ ဖမ်း၍ လက်ဆောင်တော် ဆက်ရမှ
စည်းစိမ်မပျက် အသက်မသေ ရှိမည် ထင်သည် ဟူ၍ နားတော်လျှောက်ကြသည်။ မိုးကောင်း
စော်ဘွားလည်း အမတ်တို့ လျှောက်သော စကားကို ကြားလျှင် သည်အရေး သင့်လှပေသည်
ဟူ၍ ဆိုပြီးလျှင် မိုးညှင်းစော်ဘွားမှစ၍ သားမယား ဆင် မြင်း ဓိုလ်ပါတို့ အမှတ်မဲ့နေသည်
အခိုက် ဖမ်း၍ ဆက်လှာ၏။ ယင်းသောခါ အမတ်တို့ လျှောက်သည်ကား ဘဝရှင်မင်းတရား

၁။ မိုင်းနောင် (မှန်နန်း--၃၁၁)

ကြီး ဘုရား ချီတော်မူလာ၍ မိုးမိတ်ကို လုပ်ကြံကတည်းကပင် သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းရမှ သင့်မည် ကျွန်တော်တို့ ဆိုပါသည်ကို မိုးညှင်းစော်ဘွား သူ့ကျွန်ခံတွက် ရှိသလော၊ သူချိုလာလျှင်လည်း ဆီးကြို၍ တိုက်မည် ဆိုသောကြောင့် ကျွန်တော် ပျက်စီးခြင်းသို့ ရောက်ချေသည်။ ယခု သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းပါမည်ဟု နားတော်လျှောက်သည်။

ဘုရင့်မင်းတရားကြီးဘုရားလည်း ရာဇဂုဏ်နှင့် ပြည့်စုံတော်မူသော မင်းဖြစ်၍ မိုးညှင်းစော်ဘွားကို မည်သို့မျှ အမျက်တော်မရှိ၊ မိုးကောင်းသို့ ချီတော်မူ၍ ရောက်လျှင် ညီတော်၊ သားတော်၊ သမက်တော်တို့ကို ခေါ်တော်မူ၍ မိုးကောင်းသို့ချည်း စုရသည်။ အရောက်ညီလျှင် မိုးကောင်းစော်ဘွား ကိုယ်ကစ၍ အမှုအမတ် အပေါင်းတို့ကို သစ္စာတော်ပေးပြီးလျှင် မိုးကောင်းစော်ဘွားကိုပင် တံဆိပ်လက်ရာနှင့်တကွ မိုးကောင်းမြို့ကို ပေးတော်မူသည်။ စော်ဘွားသား နှစ်ယောက်၊ သမီး တစ်ယောက်၊ မြေးယောက်ျား တစ်ယောက်၊ မြေးမိန်းမ တစ်ယောက်ကိုမူကား ယူတော်မူ၍ ခြေတော်ရင်းတွင် မြဲရသည်။ ရွှေခွက်၊ ငွေခွက်၊ ပယင်းခွက်၊ သိုးခွက်၊ ကတိုးခွက်၊ ဖဲခွက်၊ အောင်းခွက်၊ မြင်းခွက်တို့ကိုလည်း နှစ်စဉ် ဆက်ရသည်။

မိုးညှင်းမြို့ကိုမူကား စော်ဘွားယောက်ဖ အထက်က ကျွန်တော်ခံလာသသူ ဒီပဲယင်းစားကို စလုံအမည်နှင့် စော်ဘွားပြုရသည်။ စော်ဘွားကြီးတို့၏ အဆောင်အယောင်ကိုလည်း အကုန်ပေးတော်မူသည်။ သားနှင့် သမီးကိုမူကား ခြေရင်းတော်တွင် မြဲရသည်။ ရွှေခွက်၊ ငွေခွက်၊ သိုးခွက်၊ ကတိုးခွက်၊ တင်ရှန်းခွက်၊ ဘဲခွက်၊ မြင်းခွက်တို့ကိုလည်း နှစ်စဉ် စစ်ကဲတော်တို့က ဆော်၍ ဆက်ရသည်။ မိုးညှင်းစော်ဘွားကိုမူကား သစ္စာတော်ပေးပြီးလျှင် ဝန်စင်ခံမိတ်ကို ပေး၍ စားရသည်။ မိုးညှင်းစော်ဘွားသားကိုလည်း "မိုးလုံ[၁]" ဟူသော အမည်နှင့် ဒီပဲယင်းမြို့ကို ပေး၍ စားရသည်။ သား တစ်ယောက်၊ သမီး တစ်ယောက်ကိုလည်း ခြေတော်ရင်းတွင် မြဲရသည်။

## ၂၆၆။ ရှမ်းပြည်မြောက်ပိုင်း၌ သာသနာပြုပုံ

မိုးကောင်း၊ မိုးညှင်း စသော ရှမ်းပြည်တစ်လွှားသည် မိစ္ဆာဒိဋ္ဌိ အယူကို ယူကုန်သည် များကိုလည်း သမ္မာဒိဋ္ဌိ ဖြစ်စေ၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ ပုဂ္ဂိုလ်တို့ကိုလည်း တောင်းပန်၍ သိတင်းသုံးနေရသည်။ ပါဠိ အဋ္ဌကထာ စသော ကျမ်းဂန်တို့ကို ရေးကူးစေ၍ မိုးကောင်းမှာ တစ်ပုံ၊ မိုးညှင်းမှာ တစ်ပုံ ထားတော်မူသည်။ တောင်း တင်း အလေး ချိန်ခွင်တို့ကိုလည်း ဟံသာဝတီ နေပြည်တော်နှင့် တစ်ချက်တည်း ထားတော်မူသည်။ ယင်းသို့ ရှမ်းပြည်အလုံးကို စီရင်တော်မူ၍ သက္ကရာဇ် (၉၁၉) ကိုးရာတစ်ဆယ့်ကိုးခု ကဆုန်လဆန်း တစ်ဆယ့်နှစ်ရက်နေ့ မိုးကောင်းက ချီတော်မူ၍[၂] ကဆုန်လပြည့်ကျော် တစ်ရက်နေ့[၃] တီးကြည်သို့ ရောက်တော်မူလျှင် ရတာနာ ရွှေဖောင်တော်စီးတော်မူ၍ ပြန်တော်မူသည်။ ကဆုန်လပြည့်ကျော် တစ်ဆယ့်လေးရက်[၄] နေ့ အဝသို့ ရောက်တော်မူသည်။ အဝတောင် တောင်ဘီလူး နန်းတော်တွင် ခုနစ်ရက်ခန့် နေတော်မူ၍ အနန်းပေါင်၊ မိုးမိတ်၊ မိုးကောင်း၊ မိုးညှင်းတွင် ပွဲလမ်းရသသူတို့ကို အမည်အရည် အဆောင်အယောင် စားကျေး စားလက် ပေးတော်မူသည်။ ယင်းသို့မှ ဝါဆိုလဆန်း ၆ ရက်နေ့[၅]

---

၁။ မိုးလဲ (မှန်နန်း-၃၀၃)၊ မိုင်းလုံ [တွင်းသင်း(၃)-၁၀၃]

၂။ သက္ကရာဇ် ၉၁၉ ကဆုန်လဆန်း ၁၂ ရက် သောကြာနေ့ (၉ မေ ၁၅၅၇) မိုးကောင်းကသည် အရှင် ဘုရင့်မင်းတရားကြီး ပြန်တော်မူလတ်၏ ဟု ခေါင်းစဉ်တွင် ပြသည်။

၃။ ၁၃ မေ ၁၅၅၇

၄။ ၂၆ မေ ၁၅၅၇

၅။ ၁ ဇွန် ၁၅၅၇

ရာပြည့်စာအုပ်တိုက်

အဝက ဟံသာဝတီသို့ ရေအား ကြည်းအား ပြန်တော်မူသည်။ ဝါခေါင်လဆန်း ၁၃ ရက်နေ့[၁]
ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။

၂၆၇။ မိုးနဲ့သို့ ချီရန် တိုင်ပင်ခန့်ရန်မှု

မိုးနဲ့စော်ဘွားသည် ဘဝရှင်မင်းတရားကြီးဘုရားနှင့် ကောတုမတီကပင ချွတ်တစ်, ချွတ်တစ်, သံတံတစ် ထား၍ မြဲမြံစွာ သစ္စာထားတော်မူကြသည်။ မိုးနဲ့စော်ဘွား ကတိကို ဖျက်၍ နိုင်ငံတော်ဖြစ်သော သီပေါကို တိုက်လေ၏။ သီပေါပျက်လျှင် စော်ဘွားကို ရ၍ သတ်လေသည်။ သား မယားကို ရ၍ ဆင်ကောင်း မြင်းကောင်းတို့ကိုလည်း ယူလေသည်။ သုံးဆယ်တိုင်ကောင် ထိပါး ဖျက်ဆီးလာသည်။ ထိုအကြောင်းများကို သမက်တော် အဝဘုရင် သတိုးမင်းစောက လျှောက်လာ၍ ကြားတော်မူလျှင် သားတော် မဟာဥပရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ယခု မိုးနဲ့စော်ဘွားသည် အထက်က ငါနှင့် ဆိုသော ကတိသစ္စာကို ဖျက်၍ ကောသရာဇာ ခြသေ့်မင်းရှေ့ကို ယုန် ဒရယ် သန်း၍ သွားသကဲ့သို့ ငါနိုင်ငံ ဖြစ်သော သီပေါ၊ သုံးဆယ်ကို ထိပါး ဖျက်ဆီးလေသည်။ ညီတော်၊ သားတော်၊ မှူးတော် မတ်တော်တို့ကိုသာ ချီ၍ လုပ်ကြံစေသော်လည်း သင့်မည်လော။ ငါ ကိုယ်တော် ချီ၍ လုပ်ကြံရသော်လည်း သင့်မည်လော ဟူ၍ နှိုင်းရှည်တော်မူသည်ကို ဗညားလော လျှောက်သည်။ ယခု မိုးနဲ့၊ ညောင်ရွှေမြို့များကို ကိုယ်တော် ချီ၍ လုပ်ကြံရမည် မဟုတ်။ ကျွန်တော်ကို အမှူးအမတ်နှင့် ညီတော်၊ သားတော်တို့ကို ခန့်တော်မူသော်လည်း အရေးတော် ပြီးမည်ပင် ဖြစ်သည် ဟူ၍ နားတော်လျှောက်သည်။

ဗညားလော လျှောက်သော စကားကို ဘယကျော်သူ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ မိုးနဲ့၊ ညောင်ရွှေ ရောက်စောက်၊ နောင်မွန်သည် ဆင်လုံး မြင်းရင်းလည်း များသည်။ လက်နက်ကိုင်ရှိသော သူရဲ သူခက်လည်း ထူထပ်လှသည်။ ခင်းမယ်ပြည်ကြီး၊ ကျိုင်းတုံပြည်ကြီး၊ သိန်နီပြည်ကြီးနှင့်လည်း နီးလေသည်။ အမှီသဟဲ့မရှိဘဲ နိုင်ငံတော် ကျေးစွန် ရွာနားကို ထိပါး ဖျက်ဆီးဝံ့မည် မဟုတ်။ ယင်းသို့ ဖြစ်သောကြောင့် ညီတော်၊ သားတော်တို့ကိုသာ ခန့်တော်မူ၍ မသင့်ချေ။ ဆင်လုံး မြင်းရင်းအများ စီရင်တော်မူ၍ ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော် ချီတော်မူသည် ဖြစ်မှ အရေးတော် ပြီးလွယ်မည် ဟူ၍ နားတော်လျှောက်သည်။

သားတော် မဟာဥပရာဇာလည်း ကျွန်တော် ဘယကျော်သူ လျှောက်သော အရေးသည် သင့်လှပေသည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဘယကျော်သူ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဆင် မြင်း ဗိုလ်ပါတို့ကို စီရင်ခန့်ရန်တော်မူသည်။ ချီရသော တပ်စဉ်ကား လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ ဆင်တပ်မှာ နန္ဒကျော်ထင် တစ်တပ်၊ ဗညားပရံ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ ဗညားသံလိုက် တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ ဗညားဒလ တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ်တွင် တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် လက်ယာကြောင်း ချီရသည်။

တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိမ်းစည်း မြင်းတပ်၊ ဆင်တပ်မှာ ဘယကျော်ထင် တစ်တပ်၊

၁။ ၇ ဩဂုတ် ၁၅၅၇ [အမျိုးသားစာကြည့်တိုက် ပေအမှတ် ကင်း ၁၀၂ တွင် သက္ကရာဇ် ၉၁၉ ဝါခေါင်လဆန်း ၃ ရက် (၂၀ ဇူလိုင် ၁၅၅၇) ဟု တွေ့ရသည်။]

သမိန်ရဲသင်းရဲ တစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ ဗညားကျွန်းထော တစ်တပ်၊ သရေစည်သူ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ နန္ဒသင်္ကြံ တစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင် တစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ်တွင် ပါသည် တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် လက်ဝဲကြောင်း ချီရသည်။

တုရင်ဗလ မြင်းတပ်၊ ဘယရာဇာသူ မြင်းတပ်၊ ဆင်တပ်မှာ ရာဇသင်္ကြံ တစ်တပ်၊ သမိန်ယိုကရတ် တစ်တပ်၊ နန္ဒကျော်သူ တစ်တပ်၊ လက်ဝဲနန္ဒမိတ် တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ သမိန်ဓိတ်ပွန် တစ်တပ်၊ မင်းမဟာ တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ်တွင် ပါသည် တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် အလယ်ကြောင်း ချီရသည်။

တုရင်ဗလ မြင်းတပ်၊ လက်ျာယော်ဓာ မြင်းတပ်၊ ဆင်တပ်မှာ နေမျိုးကျော်ထင် တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ မိုးညှင်းစော်ဘွား တစ်တပ်၊ မိုးကောင်းစော်ဘွား တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ မြင်းတပ်နှစ်တပ်နှင့် တပ်ပေါင်း ရှစ်တပ်တွင် ပါသည် တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ဆင်ခေါင်းကြောင်း ချီစေ ဟူ၍ သုံးဆယ် ကသည် သီပေါကို ချီရသည်။

ဘဝရှင် မင်းတရားကြီးဘုရားမှာ လက်ျာရဲတိုင် မြင်းတပ်၊ လက်ဝဲဘယ မြင်းတပ်၊ စစ်တုရင်္ဂသူ မြင်းတပ်၊ တုရင်သိဒ္ဓိ မြင်းတပ်၊ ဆင်တပ်မှာ နန္ဒကျော်ထင် တစ်တပ်၊ သမိန်လကွန်း တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ သမိန်အဲဗြပိုက် တစ်တပ်၊ ဘယသင်္ကြံ တစ်တပ်၊ သီရိဓမ္မရာဇ် တစ်တပ်၊ လက်ျာနန္ဒသူ တစ်တပ်၊ ယင်းကမှာ ဘဝရှင် မင်းတရားကြီးဘုရား တပ်မတော်တွင် တိုက်ဆင် နှစ်ရာကို စော်ဘွားစော်ကန်တို့ မှူးမျိုးမတ်မျိုး ဆင်စီး လိမ္မာသသူတို့ကို စီးစေ၍ လက်ဝဲ၊ လက်ယာ ရှေ့နောက် လိုက်ရသည်။ ကိုယ်ရံတော် မြင်းနှစ်ထောင်တို့ကိုလည်း ရွှေကြိုး ရွှေကနှင့် ရွှေကုံး ရွှေထိပ် ဆင်၍ လက်ဝဲ၊ လက်ယာ ရှေ့နောက် လိုက်ရသည်၊ ဝင်းတော် လေးမျက်နှာသားတို့လည်း ရွှေထိပ်၊ ရွှေလွှား၊ ရွှေကာ၊ ရွှေလှံနှင့်ချည်း လိုက်ရသည်။ မြင်းတပ် လေးတပ်နှင့်တကွ တပ်ပေါင်း ၁၂ တပ်တွင် ပါသည် တိုက်ဆင် ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ **တစ်သောင်း**[1] ပါသည်။ တပ်မတော်တွင် သက်ရှည်ကျော်ထင် တပ်မှူး၊ ရာဇယော်ဓာ ကို စစ်ကဲခန့်တော်မူသည်။

## ၂၆၈။ မိုးနဲသို့ ဆင်ဖြူများရှင် ချီတော်မူပုံ

ဟံသာဝတီ နေပြည်တော်ကိုမူကား မင်းသခ်ယာနှင့် ဗညားဖရူးတို့ကို ဆင်လုံး မြင်းရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ ပုသိမ်၊ မြောင်းမြ အစရှိသော မွန်ပြည် အနောက်တစ်လွှားကို သီရိဇေယျနော်ရထာနှင့် ဗညားလောကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ မုတ္တမ၊ မော်လမြိုင် အစရှိသော မွန်ပြည် အရှေ့တစ်လွှားကိုလည်း ဗညားဦးနှင့် စတုကာမဏိကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ ဤသို့ ဆိုခဲ့ပြီးသော ဆင်လုံး မြင်းရင်းနှင့် သက္ကရာဇ် (၉၁၉) ကိုးရာတစ်ဆယ့်ကိုးခု တန်ဆောင်မုန်းလဆန်း ၉ ရက်[2] ၄-ဟူးနေ့ ဟံသာဝတီ

၁။ တစ်သိန်းငါးသောင်း (မှန်နန်း-၃၁၅)၊ ရှစ်သောင်း [တွင်းသင်း(၃)-၁၀၅]

[ငါးရက် (မှန်နန်း-၃၁၆၊ တွင်းသင်း ၃-၁၀၅)]

၂။ ၃၀ အောက်တိုဘာ ၁၅၅၇

နေပြည်တော်က ချီတော်မူ၍ လေးကျွန်းထိပ်နှင်း ဟူသော တပ်တော်တွင် ချတော်မူသည်။ ကောဇာမတီတိုင်၌ ၁၁ စခန်း ချီတော်မူသည်။ ကောဇာမတီကသည် သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အဝမင်းတို့ကို အကွဲကွဲ ဖြေပြင်ပြည့်၍ ချီရလေသည်။

မိုးနဲစော်ဘွားလည်း ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူလာသည် ဟူ၍ ကြားလျှင် မိုးပြီစား၊ စကားစား၊ (နောင်မွန်စား)ကို ဆင်လုံး မြင်းရင်း အများနှင့် ရောက်စောက်တွင် အခိုင်အလုံနေ၍ နေရသည်။ ဘဝရှင် မင်းတရားဘုရားမူကား အရှေ့ကြောင်း ချီတော်မူ၍ နာခုံတောင်[1]တွင် တပ်မ ချ၍ နေတော်မူသည်။

ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာလည်း ရောက်စောက်သို့ အလျင်ချီ၍ တိုက်မည် ဒီရင်ဆင်တွင် မိုးပြီစား၊ စကားစား၊ ရောက်စောက်စား၊ နောင်မွန်စားတို့သည် မြို့တွင်းက ခံသော်လည်း မခံနိုင်၍ ဆင် မြင်းကို ပစ်၍ မိုးနဲသို့ ပြေးလေ၏။ ပစ်ခဲ့သော ဆင်၊ မြင်း၊ လူသူတို့ကို များစွာ ရတော်မူ၏။ ယင်းသို့မှ စစ်လေးကြောင်းလုံး ဘဝရှင်မင်းတရားကြီး ရှိရာ ပေါင်းတော်မူကြလေကုန်၏။

## ၂၆၉။ မိုးနဲစော်ဘွား ဆီးကြို၍ တိုက်ပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ သမက်တော်တို့ အရှောက် ညီလျှင် နာခုံတောင်ကို တက်တော်မူ၍ စစ်ငါးကြောင်း ဖြန့်၍ ချီတော်မူသည်။

မိုးနဲစော်ဘွားလည်း ဆင်၊ မြင်း၊ ဗိုလ်ပါ အများနှင့် ဆီးကြိုလာ၏။ ပြည်ဘုရင် သတိုးဓမ္မ ရာဇာတို့ ရှေ့များ မြင်းတပ်နှင့် တောင်ကြားတွင် တွေ့၍ တိုက်ကြသော် မြင်းတော်သည်တို့ အားမတန်၍ ဆုတ်ခဲ့၏။ လွင်လဟာသို့ ရောက်လျှင် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ဆင်တပ် နှင့် ရှစ်တပ်လုံး ချွန်းဖွင့်ကာ လွှတ်လျှင် မိုးနဲစော်ဘွားတို့က ချီလာသော ရှမ်းဟူသမျှ ပျက်၍ ပြေးလေ၏။ ဆင်၊ မြင်း၊ လူသူကား ရသည် များ၏။ ယင်းသို့မှ မိုးနဲမြို့တိုင် ချီတော်မူ၍ **အောင်တိုက်မင်္ဂလာ**[2] ဟူသော တပ်တော်တွင် ချတော်မူသည်။

## ၂၇၀။ မိုးနဲစော်ဘွားတို့ ကျွန်တော် ခံလာပုံ

မိုးနဲစော်ဘွားလည်း ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူလာသည်။ ဆင်၊ မြင်း လုံးရင်း စစ်သည် ဗိုလ်ပါ များလှသည် ဟူ၍ ကြားလျှင် မိုးနဲမြို့တွင် မခံဝံ့၍ ထွက်ပြေးလေ၏။ စစ်သည်တော်တို့လည်း ထပ်၍ လိုက်သည်။ ဆင်၊ မြင်း၊ လူသူ အများ ရတော်မူ၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော် အပေါင်းတို့ကို အကွဲကွဲ ရှာရသည်။ မိုးနဲစော်ဘွားလည်း ပြေးသော်လည်း မလွတ်နိုင်ရာ အမှတ်ရှိ၍ သား **မိုင်းကိုင်း**[3]စား ကို လက်နက်၊ မိုင်းလုံး၊ ဓား၊ပယင်း၊ ရွှေပျင်ဓား၊ သိုး၊ ကတိုး၊ အောင်း၊တင်ရန်း လက်ဆောင် တော် အများနှင့် ကျွန်တော် မတတ် မလိမ္မာ၍ ပြစ်မှားမိသည်၊ အသက်ကို ခွင့်ပြုတော်မူပါ ဟူ၍ နားတော်လျှောက်လာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ရာဇဂုဏ်နှင့် ပြည့်စုံတော် မူသော မင်းဧကရာဇ် ဖြစ်တော်မူ၍ မိုင်းကိုင်းစားကို ပေးဖွယ် ကမ်းဖွယ် ပေးတော်မူသည်။

---

၁။ နားခုံတောင် [တွင်းသင်း(၃)-၁၀၅]  ၂။ အောင်တပ်မင်္ဂလာ (မှန်နန်း-၃၁၆)  ၃။ မိုင်းကိုင်(မှန်နန်း-၃၃၇)၊ မိုင်းနိုင် [တွင်းသင်း(၃)-၁၀၅]

နိုင်းကိုင်းစား ပြန်၍ အကြောင်းမျိုးကို ကြားလျှင် မိုးနဲစော်ဘွားလည်း ဆင်ပေါက် တစ်ဆယ်၊ ရွှေ ငါးပိဿာ၊ ငွေ (အစွက်) ငါးဆယ် လက်ဆောင်တော် ယူ၍ မြို့ရှင်းတော်သို့ ရောက်လာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း မိုးနဲစော်ဘွားကို ရှေ့တော်သို့ ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ မိုးနဲစော်ဘွားငယ်လည်း ငါ့နိုင်ငံတော်ဖြစ်သော သီပေါ၊ သုံးဆယ်တို့ကို ထီးပါး ဖျက်ဆီးလေသောကြောင့် မရေတွက်နိုင်သော ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါနှင့် ငါကိုယ်တိုင်တော် ချီလာသည်ကို ထီးပါးဖျက်ဆီးသည်နှင့် အညီ မဲ၍ မတိုက်။ ရှောင်လွှဲပြေးပုန်း၍ နေသည်။ ယင်းသို့ ပြေးကြားသော်လည်း ငါ့ရန်သူကို ဖမ်းဒိပ်မြို့ပြင်ငယ် ဘယ်ပြည်တော်မင်း လက်ခံဝံ့မည်နည်း။ ယခု မိုးနဲစော်ဘွားငယ်သည် အတတ်အလိမ္မာ ပညာအမြော်အမြင် မရှိ၍ မှားကြွားလေသော်လည်း ငါဘုရားဆုကို တောင်းတော်မူသော မင်းဧကရာဇ် ဖြစ်တော်မူသည်။ မိုးနဲစော်ဘွား စည်းစိမ်၊ အသက်ကို ဖျက်ဆီးတော်မမူပြီ။ ငါ လွှတ်တော်မူတော့သည် ဟူ၍ ညီတော် သားတော် မှူးတော် မတ်တော်တို့ ရှေ့တွင် အမိန့်တော်ရှိသည်။

ယင်းသို့မှ မိုးနဲစော်ဘွားကိုယ်ကစ၍ သား၊ သမက်၊ အမှူးအမတ်တို့ကို သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် မဖောက်မပြန် မသွေမဖည်ပြီ ဟူ၍ သစ္စာတော်ပေးပြီးလျှင် မိုးနဲမြို့ကိုပင် ပေးတော်မူ၍ စော်ဘွားပြုရသည်။ ညောင်ရွှေစော်ဘွား၊ ရောက်စောက်စော်ဘွား၊ မိုးဗြဲစား၊ စကားစား၊ နောင်မွန်စားတို့လည်း ဆင်ကြီး၊ မြင်းကြီး၊ သားသမီးတို့ကို ဆက်၍ အသက်ကို ခွင့်တောင်းလာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ထိုသူ(တို့)ကို သစ္စာတော် ပေး၍ စားမြဲသော ကျေးစည်းစိမ်တို့ကိုပင် ပေးတော်မူပြန်သည်။ ထို ရှမ်းပြည်တစ်တန်းတွင် မှားသော မိစ္ဆာဒိဋ္ဌိ အယူများကိုလည်း သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမတော်မူ၍ ကျောင်း ဘုရား တည်ထားသည်။ ကျမ်းဂန် ကျနတော်မူသော အရိယာ ပုဂ္ဂိုလ်တို့ကိုလည်း တောင်းပန်တော်မူ၍ ပိဋကတ်စာပေနှင့်တကွ သီတင်းသုံးနေရသည်။ ဝတ္ထုက် မိုးမြဲလည်း လှူတော်မူသည်။

## ၂၇၁။ ပြည်ထဲရေးကို မြော်တင်း ကြံစည်ပုံ

ယင်းသို့ မိုးနဲ၊ ညောင်ရွှေ အစရှိသော ရှမ်းပြည်အလုံးကို စီရင် ခန့်ထားတော်မူပြီးမှ သားတော် မဟာဥပရာဇာ အစရှိသော ညီတော်၊ သားတော်၊ မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ကမ္ဘောဇတိုင်း ဖြစ်သော မိုးနဲ၊ ညောင်ရွှေကို အလိုတော်ပြည့်၍ လက်နက်နိုင်ငံတော်ချည်း ဖြစ်ပြီ။ အဘယ်သို့ စီရင်သော် သင့်မည်နည်း ဟူ၍ စိုင်းပြင်း ခင်းကျင်းတော်မူသည်ကို သားတော် မဟာဥပရာဇာ လျှောက်သည်။

ယခုသည် သံလွင်မြစ် အနောက်ဘက်တွင် ရှိသော ရှမ်းပြည်ကြီးများကို အလိုတော် ပြည့်၍ လက်နက်နိုင်ငံတော်ချည်း ဖြစ်ပြီ။ သိန်းနီတစ်မြို့ကား အရေးအရာသော်လည်း မလျှောက် လှာ။ တရုတ်ဦးတည်ဘွားကို အမှီပြု၍ အနိုင်အလုံ နေလေသည်ကို လုပ်ကြံတော်မူမှ ရှမ်းကိုးပြည်ထောင်လုံး တစ်ချက်တည်း လက်နက်နိုင်ငံတော်ချည်း ဖြစ်မည် ဟူ၍ နားတော်လျှောက်သည်။

မဟာဥပရာဇာ လျှောက်သော စကားကို ဗညားပရံ ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ ဘုရားသားတော် လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်တော့သည်။ သို့ရာတွင် မိုးနဲ၊ ညောင်ရွှေ စသော ရှမ်းပြည်ကြီးများကို အလိုတော် ပြည့်လေပြီးသည်။ သိန်းနီမြို့သို

သည် ရှေ့သို့ လက်တော်က လွှတ်ရာသော သဘောမရှိ။ ယင်းသို့ ဖြစ်သောကြောင့် သိန်းနီဖြူ သည် ရှေ့သို့ လက်တော်က လွှတ်ရာသော သုဝဏ္ဏဘုမ္မိ ဇင်းမယ်ပြည်ကြီးသည် မှူးကောင်း ကို ရှိနှင့်စေဦး။ ဟရိဘုဥ္စတိုင်း[1]ဖြစ်သော သုဝဏ္ဏဘုမ္မိ ဇင်းမယ်ပြည်ကြီးသည် မှူးကောင်း မတ်ကောင်း သူရဲသူခက်ကောင်းလည်း များသည်။ ဆင်ကောင်း မြင်းကောင်း လက်နက် ကိရိယာလည်း ထူထပ်လှသည်။ မြို့ရ ၅၇[2] မြို့လည်း အလုံးအရင်းနှင့်ချည်း အနိုင်အဖြ ဖြစ်သည်။ ကျွန်တော်တို့ မှန်ပြည်နှင့်လည်း ဝေးစပ်ဖြစ်သည်။ ရှေးကာလ၌လည်း တစ်ကြိမ် တစ်ခါမျှ မပျက်မစီးဖူးသေး ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ယွန်းပြည်ဖြစ်သော ဇင်းမယ်သို့ အလျှင်ချီတော်မူ၍ သိမ်းယူတော်မူသင့်သေးသည်။ ဇင်းမယ်ကို ရတော်မူလျှင် ဇင်းမယ်တွင် အရပ်အနေ ပြုတော်မူ၍ ညီတော်၊ သားတော်၊ မှူးတော် မတ်တော် အပေါင်းတို့ကို မဟာနဂရ တိုင်း ဖြစ်သော ကျိုင်းရုံ၊ ခေမာဝရတိုင်း ဖြစ်သော ကျိုင်းတုံ စသော ယွန်းပြည်၊ ဂုံပြည်သို့ အကွဲကွဲ ချီစေ၍ ကျွန်တော်တို့ လုပ်ကြရသည် ရှိသော် လက်နက်နိုင်ငံတော်ချည်း ဖြစ်မည်။ တစ်ကြောင်းမှာလည်း ကျွန်တော်တို့ ချီရလျှင် ဆင်စီးချင်း၊ မြင်းစီးချင်း ယှဉ်၍ တိုက်ဝံ့မည် မထင်။ ယင်းသို့ ကျွန်တော် လျှောက်ကြောင်းလည်း ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူ လေရာရာ ရန်သူအပေါင်းတို့သည် သေကျေပျက်စီး၍ ရှိကြောင်းကို ဇမ္ဗူဒိပ်မြေပြင်ဝယ် တိုင်း ကြီး ပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့ ထင်ရှားသိလေပြီးသည် ဟူ၍ နားတော် လျှောက်သည်။

ဗညားပရံ လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ကျွန်တော် ဗညားပရံ လျှောက် သော အရေးသည် သင့်လှပေသည် ဟူ၍ နားတော်လျှောက်သည်။ ညီတော် ပြည်ဘုရင် သတိုး မေ့ရာဇာ စသော မှူးတော်မတ်တော် အပေါင်းတို့သည် ဗညားပရံ လျှောက်သော အရေးကို ကြိုက်ကြသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ကြိုက်တော်မူ၍ ဇင်းမယ်သို့ ချီတော်မူ မည်။ ဖြဖြ စီရင်တော်မူသည်။ မိုးနဲခေတ်ဘွားမူကား ကိုယ်မကျန်းမာ၍ ရှိသောကြောင့် နောက်

---

၁။ ဟရိဘုဥ္စတိုင်း- (Haribhunjaya)ဇင်းမယ်။ အနန်း၊ ဘာသေး၊ ကျိုင်းသေဉ် အစရှိသော ပြည်ကြီးတို့ တည်ရာအသ။

၂။ ဇင်းမယ် မြို့ရ (၅၇)မြို့ - (၁) ကတဲ (Katai) ၂။ ကန်ပီ (Kanpi) ၃။ ခရုတ် (Kharut) ၄။ ဆထုံ (Hsa Thon) ၅။ ဇင်းခေါင် [ကျိုင်းခေါင်](Chiang Khong) ၆။ ဇင်းမယ် [ချင်းမိုင်](Chiang Mai) ၇။ ဇင်းရဲ [ကျိုင်းရဲ] (Chiang Rai) ၈။ ဇင်းလား[ကျိုင်းလား] (Chiang La) ၉။ ဇင်းလော [ကျိုင်းလော] (Chiang Lao) ၁၀။ ဇင်းလတ်[ကျိုင်းလတ်] (Chiang Lat) ၁၁။ ဇင်းသေဉ်[ကျိုင်းသေဉ်] (Chiang Hsaen) ၁၂။ တရော (Tron) ၁၃။ တနိုင် (တရိုင်)(Ta Rai) ၁၄။ ဖြ (Phrae) ၁၅။ ဘယက် (Ba Yet) ၁၆။ ဘားဘောင် (Ba Baung) ၁၇။ ဘူးခါး (Bu Kha) ၁၈။ မိုင်းကိုး (Muang Koe) ၁၉။ မိုင်းကန် (Muang Kan) ၂၀။ မိုင်းကယ် (Muang Kai) ၂၁။ မိုင်းကုတ် (Muang Hkok) ၂၂။ မိုင်းကြက် (Muang Kyak) ၂၃။ မိုင်းကွမ်း (Muang Kuan) ၂၄။ မိုင်းခါး (Muang Kha) ၂၅။ မိုင်းခွန် (Muang Khuang) ၂၆။ မိုင်းငေါင်း (Muang Ngaung) ၂၇။ မိုင်းစိမ် (Muang Hsaik) ၂၈။ မိုင်းဆိန် (Muang Sain) ၂၉။ မိုင်းညောင်း (Muang Yaung) ၃၀။ မိုင်းတင် (Muang Teng) ၃၁။ မိုင်းတွန် (Muang Tung) ၃၂။ မိုင်းနံ (Muang Nan) ၃၃။ မိုင်းနင်း (Muang Ning) ၃၄။ မိုင်းပူ (Muang Pu) ၃၅။ မိုင်းပူတော (Muang Pu Taw) ၃၆။ မိုင်းပယ် (Muang Pai) ၃၇။ မိုင်းဖြဲ (Muang Bre) ၃၈။ မိုင်းဘန် (Muang Ban) ၃၉။ မိုင်းရုံး (Muang Ruang) ၄၀။ မိုင်းရွင်း (Muang Rung) ၄၁။ မိုင်းလဝို (Muang Lao) ၄၂။ မိုင်းလေဟိုင် (Muang Rehaeng) ၄၃။ မိုင်းလင် (Muang Leng) ၄၄။ မိုင်းလေညှဲ (Muang Laeng) ၄၅။ မိုင်းလုံ (Muang Long) ၄၆။ မိုင်းလုံ (Muang Long) ၄၇။ မိုင်းသင် (Muang Thin) ၄၈။ မိုင်းသတ် (Muang Hsat) ၄၉။ မိုင်းဟဲ (Muang Hai) ၅၀။ မိုင်းဟယ် (Muang Hai) ၅၁။ မိုင်းဟင်း (Muang Hing) ၅၂။ မိုင်းဟိုင် (Muang Haeng) ၅၃။ လခွန်း (Lakhon) ၅၄။ လဘုန်း (Lamphun) ၅၅။ ဝင်ပေါ (Wiang Pao) ၅၆။ သမတ် (Samat) ၅၇။ အနန်း (Nan)

တော် မလိုက်နိုင်။ ညောင်ရွှေစော်ဘွားလည်း နောက်တော်လိုက်မည် ဟူ၍ တပ်ပေါင်း တာပေါင်း တို့ကို ရုံးစုမည် ဟူ၍ ညောင်ရွှေသို့ ပြန်လေသည်။

မိုးနဲစော်ဘွားသား နိုင်းကိုင်းစား၊ ကျိုင်းတောင်းစား သားအငယ် စမော်ခန်းယောက်ဖ သိုခံနှင့် လဲခြားစား၊ မိုးဖြစား၊ နောင်မွန်စားတို့မှကား နောက်တော်တွင် အလုံးအရင်းနှင့် လိုက်ရသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာတို့မှာ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ်ကို ရှေ့ဖျား ချီစေသည်။

သည်နောက်မှ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ရှစ်တပ် ချီရသည်။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ် ချီရသည်။

သည်နောက်မှ ဘဝရှင်မင်းတရားကြီးဘုရား မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၂ တပ် ချီတော်မူသည်။ နောက် ညီတော် တောင်ငူဘုရင် မင်းခေါင်တို့ မြင်းတပ် နှစ်တပ်နှင့် တပ်ပေါင်း ဆယ်တပ် ချီရသည်။

မိုးနဲကသည် သံလွင် ဓားဝင်ဆိပ်တိုင် နှစ်ဆယ့်လေးစခန်း ချီတော်မူ၍ ဖေယျသာစည် ဟူသော တပ်တော်တွင် ချတော်မူသည်။ ဓားဝင်ဆိပ်တွင် ဖောင်ပန်းဖွဲ့စေ၍ ဆင်၊ မြင်း၊ လူသူတို့ကို ကူးရသည်။ သံလွင်တစ်ဖက်သို့ ရောက်တော်မူလျှင် သားတော် မဟာဥပရာဇာတို့ ဆယ်တပ်ကို လက်ယာကြောင်း ချီရသည်။ ညီတော် ပြည်ဘုရင်တို့ ဆယ်တပ်ကို အလယ် ကြောင်း ချီရသည်။ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ ရှစ်တပ်ကို လက်ဝဲကြောင်း ချီရသည်။ ယင်းကမှ ဘဝရှင် မင်းတရားကြီးဘုရား ၁၂ တပ်နှင့် ချီတော်မူသည်။ နောက်တော်က တောင်ငူဘုရင် မင်းခေါင်တို့ ဆယ်တပ် ချီရသည်။

## ၂၇၂။ ဇင်းမယ်သို့ ချီ၍ ရဲတော်မူပုံ

ဤသို့ ဆိုခဲ့ပြီးသော မရေမတွက်နိုင်သော ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါနှင့် မြေပြင် ပြည့်မျှ ချီတော်မူသည်။ ထိုအကြောင်းကို ဇင်းမယ်ဘုရင် ဖြသံ[၁] ကြားလျှင် ဆီးကြို၍ တိုက်မည် ဟု ဆင် မြင်း ဗိုလ်ပါ စီရင်စဉ်တွင် ဗညားသေဥ်လုံး ဟူသော အမတ် ဇင်းမယ်ဘုရင်ကို ဤသို့ နားတော်လျှောက်သည်။ ယခု ဟံသာဝတီ မင်းတရားတွင် ပါသော ရဲမက် ဗိုလ်ပါတို့ကို ထောက်သော် အပြည်ပြည်ထောင်သော ထီးဆောင်းမင်းတို့နှင့်တကွ ဖြစ်၍ ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ အလွန်များလှသည်။ သူ့ကျွန် တပ်မှူး စစ်ကဲ အပေါင်းတို့သည်လည်း အသက်ကို စွန့်၍ အမှုတော်ကို ထမ်းမည်သူချည်း ဖြစ်သည်။ ဆီးကြို၍ တိုက်သော်လည်း အောင်နိုင်ချိမ့်မည် မဟုတ်။ ယင်းသို့ ဖြစ်သောကြောင့် မြို့ပြ ကျုံးမြောင်း ကတုတ် ရင်တား အောင်နိုင်ချိမ့်မည် မဟုတ်။ ယင်းသို့ မြို့က ခံ၍ အရေးမလှချေလျှင် အညွှံ့ခံမှသာ ပြင်ဆင်၍ မြို့ကိုသာ ခံတော်မူသင့်သည်။ ယင်းသို့ မြို့က ခံ၍ အရေးမလှချေလျှင် အညွှံ့ခံမှသာ ခပ်သိမ်းသော ပြည်သူနှင့်တကွ ချမ်းသာမည် ထင်သည် ဟူ၍ လျှောက်သည်။ ဇင်းမယ်ဘုရင် လည်း ဗညားသေဥ်လုံး လျှောက်သော စကားကို ကြားလျှင် ငါမြို့ကို စွန့်နှင့် ကြက်မှု၍ သုတ် နိုင်မည်လောဟု ဆိုပြီးလျှင် ဆီးကြို၍ တိုက်စိမ့်မည် စီရင်သောတပ်ကို ရုပ်၍ မြို့ပြကို နိုင်လုံ အောင် စီရင်ပြီးလျှင် စိန်ပြောင်း မြတပု မြို့ထိပ်ဝန်းကျင် စီစဉ်၍ အသင့် ထားလေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဤသို့ မိန့်တော်မူသည်။ ဟန်ဒိဘွာတိုင်း ဇင်းမယ်ပြည်

၁။ ဖြသံ – Ai Phra San

ပြည့်စုံတော်မူသော ကောရာဇ် ချီတော်မူ ကို အစိုးရသောမင်းသည် ငါသို့သော အားငါးပါးနှင့် ပြည့်စုံတော်မူသော ကောရာဇ် ချီတော်မူလာသည်ကို အရေးအရာသော်လည်း မလျှောက်လှာ။ မြို့နိုင်သည်နှင့် အမှူး အမတ် ဆင်လုံးလှာသည်ကို အရေးအရာသော်လည်း မလျှောက်လှာ။ ဇင်းမယ်ပြည်များကို မဆိုနှင့်ဦး၊ တရုတ်ဦးတည်ဘွားပင် မြင်းရင်း များသည်ကို ယုံ၍ နေသည်။ ဇင်းမယ်ပြည်များကို မဆိုနှင့်ဦး၊ တရုတ်ဦးတည်ဘွားပင် ခံသော်လည်း ငါလုပ်ကြံတော်မူသည်ကို ခံနိုင်မည်လော ဟူ၍ မိန့်တော်မူသည်။ ဓားဝင်ဆိပ် ခံသော်လည်း ငါလုပ်ကြံတော်မူသည်ကို ခံနိုင်မည်လော ဟူ၍ ဇင်းမယ်မြောက် **ရတနာအောင်တင်**[၁] ဟူသော ကသည် ဇင်းမယ်မြို့သို့ ၂၁ စခန်း ချီတော်မူ၍ အရပ်အနေ ပြတော်မူသည်။ သားတော် ဥပရာဇာ၊ ညီတော် ပြည် တပ်တော်တွင် ချတော်မူ၍ အရပ်အနေ ပြတော်မူသည်။ အမှူးအမတ် အပေါင်းတို့သည် မကြောက်မရွံ့ မင်း။ တောင်ငူမင်း၊ အဝမင်း၊ ဓော်ကွား ဓော်ကန်၊ အမှူးအမတ် အပေါင်းတို့သည် မကြောက်မရွံ့ နတ်စစ်သည်ကဲ့သို့ ဇင်းမယ်မြို့ကို ဝန်းရံ၍ ဗွားကို ခြလှောင်သကဲ့သို့ တပ်နိုင်တပ်လုံ တည်၍ ရှိလေ၏။

ဇင်းမယ်တွင် ရှိသော အမှူးအမတ် ပြည်သူအပေါင်းလည်း အသားစားလတ္တံ့သို့ ကြောက် ရွံ့ကုန်၏။ အညံ့ခံတော်မူမှ သင့်မည် ဟူ၍ လျှောက်ကြကုန်၏။ ဇင်းမယ်ဘုရင်လည်း ငါ အညံ့ ခံတွက် ရှိသလော၊ ငါမြို့ကို ဖျာမူ၍ လိပ်၍ ယူရမည်လော၊ ငါမြို့၏ ၅၇ မြို့သားတို့သည် ယခု မရောက်ကြသေး၊ အရောက်ညီလျှင် ငါထွက်၍ တိုက်တော်မူမည်။ မင်းတို့ ကြောင့်ကြ သည်လော ဟူ၍ မိန့်တော်မူသည်။

## ၂၇၃။ ဇင်းမယ်မြို့ကို တိုက်သိမ်းတော်မူပုံ

ဘဝရှင်မင်းတရားကြီးဘုရားလည်း ရောက်တော်မူ၍ ဆင် မြင်း ဗိုလ်ပါတို့ ဖြည့်တင်းပြီး လျှင် ညီတော်၊ သားတော်၊ မှူးတော် မတ်တော် စစ်ကဲအပေါင်းတို့ကို ခေါ်တော်မူ၍ နက်ဖြန် သည် ဇင်းမယ်မြို့ကို လုပ်ကြံတော်မူမည်။ ဆင်သည်လည်း ဆင်နှင့်၊ မြင်းသည်လည်း မြင်းနှင့် မြို့ရင်းသို့ ရောက်စေ။ ခြေသည်လည်း လှေကား၊ တူးရွင်းကိုင်၍ မြို့ကို တူးစေ၊ တက်စေ။ သို့ အမိန့်တော်ရှိလျက် ငါ့(အ)မိန့်တော်ကို မတည်လျှင် ကြီးစွာသော အကွပ်တော်ကို ခံရလိမ့်မည် ဟူ၍ မိန့်တော်မူသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း အကြောက်အရွံ့ မရှိ၊ မြို့ရင်းသို့ ချဉ်း၍ တစ်မြို့လုံးကို တူးကုန်သည်။ တချို့ လှေကားထောင်၍ တက်ကုန်သည်။ ဤသို့ လုပ်ကြံတော်မူလျှင် မြို့ပြို၍ မြို့ပြိုရာက ဆင်သည်၊ မြင်းသည်၊ ခြေသည်အပေါင်းတို့ ဝင်မိလျှင် ဇင်းမယ် တစ်မြို့လုံးကို ရတော်မူသည်။

ဤသို့ ဟရိဘုဥ္စတိုင်းဖြစ်သော ဇင်းမယ်ပြည်ကြီးကို အလိုတော်ပြည့်လျှင် "သာသနာတော် ၏ တည်ရာဖြစ်သည်။ သုံ့ပန်း မဖမ်း မဆီးစေနှင့်၊ ဖမ်းဆီးမိသမျှကိုလည်း လွှတ်စေ" ဟူ၍ မောင်းကြေးနင်း ခတ်ရသည်။ ရွှေ ငွေ အဝတ်ပုဆိုးကိုမူကား ရသသူ ယူရသည်။ ဇင်းမယ်ဘုရင် လည်း မြို့တစ်ခြမ်းပျက်လျှင် ထိပ်ထက်သွေးကို သောက်လတ္တံ့သို့ ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်၍ အထူးထူးသော တရုတ်ပုဆိုး၊ မိုင်းလုံး၊ ဓာ၊ပယင်း၊ ဖဲ၊ သိုး၊ ကတိုး၊ အောင်း၊ တင်ရှန်း များစွာ လက်ဆောင်တော်ယူ၍ ဆင်ကြီးနှစ်စီးနှင့်တကွ မြို့က ထွက်၍ အသက်ကို ခွင့်ပြုတော် မူပါဟု နားတော်လျှောက်လှာသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း တဲတော်ဦးသို့ ခေါ်တော်မူ၍ ငါသို့သော မင်းကောရာဇ် လုပ်ကြံတော်မူသည်ကို ဇင်းမယ်မြို့မျှကို ထား၍ တရုတ်ဦးတည်ဘွားပင် ခံသော်လည်း ခံနိုင် မည်လော ဟူ၍ မိန့်တော်မူပြီးလျှင် ဇင်းမယ်ဘုရင်မှ စ၍ အမှူး အမတ် သေဉ်လုံ သံလံတို့ကို

[၁] ရတနာအောင်သာ(မှန်နန်း-၃၂၀)၊ ရတနာအောင်တင်[ တွင်းသင်း(၃)-၁၀၇]

သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် တိုင်အောင် မဖောက်မပြန် မသွေမရည် ဖြောက်" ဟူ၍ သစ္စာတော်ပေးပြီးလျှင် "ကျေးဇူးတော်ကိုလည်း သိစေ၊ သာသနာတော်ကိုလည်း ချီးမြှောက်" ဟူ၍ အမိန့်တော်ရှိသည်။ ဇင်းမယ်မြို့ကိုလည်း ပေးတော်မူ၍ မင်းမြှောက်ရသည်။

အခွန်တော်ကိုလည်း ဆင် တစ်ဆယ်၊ မြင်း တစ်ဆယ်၊ ငွေ တစ်ရာ၊ မိုင်းလုံး၊ ပယင်း၊ ရွှေချင်း၊ ဖဲ၊ ဖော်ယော်၊ အောင်း၊ တင်ရုန်း၊ သိုး၊ ကတိုး၊ ယွန်းပု၊ ယွန်းတာ နှစ်စဉ်မပြတ် ဆက်ရသည်။ ဇင်းမယ်တွင် ရှိသော ဆင်ကောင်း မြင်းကောင်း၊ သူရဲ သူခက်ကောင်း စသော ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းရန်၊ သစ်စေးသမား၊ အင်္ဂတေသမား၊ ဆင်ဆေးသမား၊ ဆင်တတ်သသူ၊ မြင်းဆေးသမား၊ မြင်းတတ်သသူ၊ ပန်းဆိုး နယ်နှတတ်သသူ၊ အထုံးအမြိတ် တတ်သသူ၊ အထုံ့နှံသာ တတ်သသူ၊ အကြော်အလှော် အပေါင်း အကျစ် တတ်သသူ၊ ဤသူတို့ကို ရွေးတော်မူ၍ သားမယားနှင့်တကွ ဟံသာဝတီနေပြည်တော်သို့ အသီးသီး မရောမယှက်စေရအောင် ပို့တော်မူ၍ အကွက်အရပ် ချနေရသည်။

ဘုရား ပုထိုး ဥကျောင်း ပြိုပျက်သည်များကိုလည်း ပြင်ဆင်လုပ်ဆောင် ဟူ၍ ငွေတစ်ရာ ဇင်းမယ်မင်းကို အပ်တော်မူ၍ လုပ်ဆောင် ပြင်ဆင်ရသည်။ လဘုံ[1] ဘုရားရှင်ကိုလည်း ထီးချရာ သီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။ ဇင်းမယ်မြို့တွင် ပိဋကတ်သုံးပုံ အစုံမရှိ လေဟု ဟံသာဝတီ မှာယူတော်မူ၍ ကျမ်းဂန်တတ်တော်မူသော အရိယာပုဂ္ဂိုလ်တို့အား အပ်တော်မူ၍ ပို့သ သင်ကြားရသည်။ ဇင်းမယ်မြို့ရဲ ၅၇ မြို့စားတို့ကိုလည်း ခေါ်တော်မူ၍ ရောက်လျှင် သစ္စာတော်ခံစေ၍ မိမိတို့ စားမြဲတိုင်းသော ကျေးရွာ မြို့ပြကိုပင် ပေးတော်မူပြန်သည်။

## ၂၇၄။ ဇင်းမယ်ပြည်[2] မင်းဆက်[3]အကြောင်း

သုဝဏ္ဏဘုမ္မိမည်သော ဇင်းမယ်ပြည်ကြီးအကြောင်းကား ဘုရားသခင် ထင်ရှားရှိတော်မူသည် ကာလမှစ၍ ဘုန်းကြီးသော မင်းတို့၏ နေရာ ဖြစ်သည်ကို အရိမဒ္ဒနာ ပေါက္ကာရာမကို

---

၁။ လဘုံး/ လပုံ/ လပုန်း- ထိုင်းနိုင်ငံ ဇင်းမယ်အနီး Lampang Lam Phun မြို့။ ၂။ ဇင်းမယ်- Chiang Mai

၃။ ဇင်းမယ် မင်းဆက်- မင်း(၂၁)ပါး

| | |
|---|---|
| 1. Mangrai (from 1292 in Chiang Mai)(ဝဉ္စားစော မိုင်းရဲ) | 1259-1317 |
| 2. Chai Songkhram | 1317-1318 |
| 3. Saen Phu | 1318-1319 |
| 4. Khrua | 1319-1322 |
| 5. Nam Thuam | 1322-1324 |
| 6. Saen Phu (second reign) | 1324-1328 |
| 7. Kham Fu | 1328-1337 |
| 8. Pha Yu | 1337-1355 |
| 9. Ku Na | 1355-1385 |
| 10. Saen Muang Ma | 1385-1401 |
| 11. Sam Fang Kaen | 1401-1441 |
| 12. Tilokaracha | 1441-May 24,1487 |
| 13. Yot Chiang Rai | 1487-1495 |
| 14. Muang Kaeo | 1495-1526 |
| 15. Ket Chattharat | 1526-1538 |
| 16. Chai | 1538-1543 |
| 17. Ket Chattharat (second reign) | 1543-1545 |
| 18. Queen Chiraprapha | 1545-1546 |
| 19. Setthathirt (pf Lan Sang) | 1546-1551 |
| 20. Thao Mae Ku (Queen) | 1551- |
| 21. Mekuti (perhaps same as no. 20?) | 1551-1564 |

[David K. Wyatt; Thailand: A Short History, Chiang Mai, Suriwong Book Centre, 1982. (p. 310)]

( ဘုရင့်နောင်ကျော်ထင်နော်ရထာက ၁၅၅၈ တွင် ဇင်းမယ်ပြည်ကို သိမ်းပိုက်သည်။)

ရာပြည့်စာအုပ်တိုက်

အစိုးရသော အနော်ရထာမင်းစော လုပ်ကြံတော်မူ၍ သက္ကရာဇ် (၃၈၈)[၁] ခု နိဂုံးဖြစ်လေသည်။ သက္ကရာဇ် (၆၅၆)[၂] မြောက်ရာငါးဆယ့်မြောက်ခု ပုဂံနန်းကျ ကျော်စွာ လက်ထက် ဗညားစောမိုင်း ရဲတွင် နိုင်ငံခြား၍ မင်းပြုလေသည်။ ဗညားစောမိုင်းရဲ့ စည်းစိမ် ၃၇၊ သက္ကရာဇ် (၆၉၃)[၃] ခု အနိစ္စရောက်လျှင် သားတော် သေဉ်မှုချွန်ကြံ မင်းဖြစ်တော်မူသည်။ သေဉ်မှုချွန်ကြံ စည်းစိမ် ၂-နှစ်၊ သက္ကရာဇ် (၆၉၅)[၄] ခု အနိစ္စရောက်လျှင် ဗညားရဲ့သား ချွန်တရဲ့ မင်းဖြစ်တော်မူသည်။ ချွန်တရဲ့ စည်းစိမ် ၃-နှစ်၊ သက္ကရာဇ် (၆၉၈)[၅] ခု အနိစ္စရောက်လျှင် သားတော် နာဝ်စုံတရဲ့ မင်းဖြစ်တော်မူသည်။ နာဝ်စုံတရဲ့ စည်းစိမ် ၄-နှစ်၊ သက္ကရာဇ် (၇၀၂)[၆] ခု အနိစ္စရောက်လျှင် သားတော် သေဉ်ပူ မင်းဖြစ်တော်မူသည်။ သားသေဉ်ပူ စည်းစိမ် ၅-နှစ်၊ သက္ကရာဇ် (၇၀၇)[၇] ခုတွင် အနိစ္စရောက်လျှင် သားတော်ခဲပြူ မင်းဖြစ်တော်မူသည်။ ခဲပြူ စည်းစိမ် ၁၂၊ သက္ကရာဇ် (၇၁၉)[၈] ခု အနိစ္စရောက်လျှင် သားတော် စောဘာယု မင်းဖြစ်တော်မူသည်။ စောဘာယု စည်းစိမ် ၁၃၊ သက္ကရာဇ်(၇၃၂)[၉] အနိစ္စရောက်လျှင် သားတော် စောကဝိ မင်းဖြစ်တော်မူသည်။ စောကဝိ စည်းစိမ် ၇၊ သက္ကရာဇ် (၇၃၉)[၁၀] ခု အနိစ္စရောက်လျှင် သမက်တော် သေဉ်မိုင်း မင်းဖြစ်တော်မူသည်။ သေဉ်မိုင်း စည်းစိမ် ၃၊ သက္ကရာဇ် (၇၄၂)[၁၁] ခု အနိစ္စရောက်လျှင် သားတော် သံဘ် မင်းဖြစ်တော်မူသည်။ သံဘ် စည်းစိမ် ၄၀၊ သက္ကရာဇ် (၇၈၂)[၁၂] ခု အနိစ္စရောက်လျှင် သားတော် စောလုံ မင်းဖြစ်တော်မူသည်။ စောလုံ စည်းစိမ် ၃၅ နှစ်၊ သက္ကရာဇ် (၈၁၇)[၁၃] ခု အနိစ္စရောက်လျှင် သားတော် စောညပ် မင်းဖြစ်တော်မူသည်။ စောညပ် စည်းစိမ် ၈၊ သက္ကရာဇ် (၈၂၅)[၁၄] ခု အနိစ္စရောက်လျှင် သားတော်ဗညားကျန်း မင်းဖြစ်တော်မူသည်။ ဗညားကျန်း စည်းစိမ် ၄၀၊ သက္ကရာဇ် (၈၆၅)[၁၅] ခု အနိစ္စရောက်လျှင် သားတော်မိုင်းအဲ မင်းဖြစ်တော်မူသည်။ မိုင်းအဲ စည်းစိမ် ၃၄၊ သက္ကရာဇ် (၈၉၉)[၁၆] ခု အနိစ္စရောက်လျှင် သားတော်ဗညားစဲ မင်းဖြစ်တော်မူသည်။ ဗညားစဲ စည်းစိမ် ၅ နှစ်၊ သက္ကရာဇ် (၉၀၄)[၁၇] ခု အနိစ္စရောက်လျှင် သားတော် စောမိုင်း မင်းဖြစ်တော်မူသည်။ စောမိုင်း စည်းစိမ် ၂၊ သက္ကရာဇ် (၉၀၆)[၁၈] ခု အနိစ္စရောက်လျှင် စောမိုင်းမိဖုရား စလ္လာသိရိသုဓမ္မမဟာဒေဝီ နှင့် လင်းဇင်းဘုရင် ဖြစ်စစ်* မင်းဖြစ်တော်မူသည်။ ၇ နှစ် ဇင်းမယ်တွင် နေ၍ ဖြစ်စစ် လင်းဇင်းသို့ ပြေးလေလျှင် ဗညားကျန်းသား ဖြသံကို မဟာဒေဝီ မင်းမြှောက်တော်မူသည်။ ဖြသံ မင်းဖြစ်၍ ၇ နှစ်၊ သက္ကရာဇ် (၉၂၀)[၁၉] ခုတွင် တိုင်းကြီးအပေါင်း မင်းတကာတို့အရှင် ဖြစ်တော်မူသော ရေမြေသခင် ဘဝရှင်မင်းတရားကြီး ဘုရား ချီတော်မူ၍ လုပ်ကြံတော်မူလျှင် မြို့ရဲ ၅၇ မြို့နှင့် တကွ သုဝဏ္ဏဘုမ္မိ ဇင်းမယ်ပြည်ကြီးကို အလိုတော်ပြည့်သည်။

## ၂၇၅။ ဇင်းမယ်မှ ပြန်လည်တော်မူပုံ

ဇင်းမယ်ပြည်ကြီးကို အလိုတော်ပြည့်လျှင် ယိုးဒယားကျေးစပ်၊ လင်းဇင်း ကျေးစပ်၊ ဇင်းရဲ ကျေးစပ်သို့ ကင်းတိုကင်းရှည် ထားတော်မူသည်။ ဗညားဒလ တစ်တပ်၊ ဗညားစက် တစ်တပ်၊

---

၁။ ဒေဒီ ၁၀၂၆ ၂။ ဒေဒီ ၁၂၉၄ [၆၆၀ (တွင်းသင်း ၃-၁၀၈)] ၃။ ဒေဒီ ၁၃၃၁ ၄။ ဒေဒီ ၁၃၃၃
၅။ ဒေဒီ ၁၃၃၆ ၆။ ဒေဒီ ၁၃၄၀ ၇။ ဒေဒီ ၁၃၄၅ ၈။ ဒေဒီ ၁၃၅၇ ၉။ ဒေဒီ ၁၃၇၀ ၁၀။ ဒေဒီ ၁၃၇၇
၁၁။ ဒေဒီ ၁၃၈၀ ၁၂။ ဒေဒီ ၁၄၂၀ ၁၃။ ဒေဒီ ၁၄၅၅ ၁၄။ ဒေဒီ ၁၄၆၃ ၁၅။ ဒေဒီ ၁၅၀၃
၁၆။ ဒေဒီ ၁၅၃၇ ၁၇။ ၁၅၄၂ ၁၈။ ဒေဒီ ၁၅၄၄ ၁၉။ ဒေဒီ ၁၅၅၈ [၉၂၀ (တွင်းသင်း ၃ -၁၀၉)]
* ဖြစ်စစ် (Phra Chai Chet)[၁၅၄၆-၁၅၄၉]

သည့်နှစ်တပ်ကို တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်းနှင့် ခင်းမယ်တွင် အစောင့်အနေ ထားတော်မူခဲ့၍ မိုးနဲ့ကြောင်း ရတနာပူရသို့ တစ်စဉ်အတိုင်း ပြန်တော်မူသည်။ သံလွင် မားဝင်ဆိပ်သို့ ရောက်တော်မူလျှင် မိုးနဲ့စော်ဘွားသည် ကျေးဇူးတော်၊ သစ္စာတော်ကို မစောင့်နှင့်။ မားဝင်ဆိပ်တွင် ထားသော တံတားကိုလည်း ဖျက်လေသည်။ မိုးနဲ့တွင် ရှိသော ရဲမက်တော် သုံးရာကျော်ကိုလည်း သတ်လေသည်။ ယင်းသို့ သောင်းကျန်း၍ မိုးနဲ့စော်ဘွား၊ ရောက်စောက်စော်ဘွားတို့သည် နောက်တော်လိုက်မည် အဟန်နှင့် မိုးနဲ့သို့ ဆိုက်လာ၍ ရောက် လျှင် ခင်းမယ်သို့ကား နောက်တော် မလိုက်၊ မိုးနဲ့စော်ဘွားနှင့် တစ်ချက်တည်း ပြု၍ ပုန်ကန် သောင်းကျန်းလေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း မားဝင်ဆိပ်သို့ ရောက်တော်မူမှ မိုးနဲ့စော်ဘွား ပုန် ကန်ကြောင်းကို သိတော်မူ၍ မားဝင်ဆိပ်ကသည် ကျိုင်းတောင်းဆိပ်သို့ ညီတော်၊ သားတော် အပေါင်းနှင့် ချီတော်မူ၍ သံလွင်မြစ်ကို ကူးတော်မူသည်။ တစ်ဖက်သို့ ဆင် မြင်း ဗိုလ်ပါ အကုန်ရောက်လျှင် မိုးနဲ့စော်ဘွားလည်း လက်ဆောင်လက်နက်အများနှင့် ဘဝရှင်မင်းတရား ကြီးကို ကျွန်တော် ဖဝါး(အ)ပြင် လက်ဝါးမကျင့်ပါ၊ ညောင်ရွှေစော်ဘွား၊ ရောက်စောက်စော်ဘွား တို့သာ ရဲမက်တော်တို့ကို ဆီးတား၍ မနိုင်၊ သတ်ညှစ်၍ တံတားကို ဖျက်လေသည်ဟု နားတော် လျှောက်လာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း မင်းတို့၏ ဥပါယ်လေးပါးနှင့် ပြည့်စုံ တော်မူသော မင်းဇကရာဇ် ဖြစ်တော်မူ၍ မည်သို့မျှ အမိန့်တော် မရှိ၊ နောက်တော်တွင် ပါသော မိုးနဲ့စော်ဘွား သား၊ ညီတို့ကို အကြပ်ထား၍ မိုးနဲ့စော်ဘွားကို ခေါ်ရလေ၏။ မိုးနဲ့စော်ဘွားလည်း ဆင်ကောင်းနှစ်စီး၊ မြင်းကောင်းနှစ်စီး လက်ဆောင်တော် ယူခဲ့၍ ခြေရင်းတော်သို့ ရောက်လာ သည်။ မိုးနဲ့စော်ဘွားတို့ ရောက်လျှင် အကြပ်ထားတော်မူ၍ ကျိုင်းတောင်းဆိပ်ကသည် မိုးနဲ့ ရောက် ချီတော်မူသည်။

ရောက်တော်မူလျှင် ရဲမက်တော်တို့ကို အသုသတ်ညှစ်လေကြောင်းကို စစ်မေးတော်မူ၍ အတပ်သိတော်မူလျှင် ညောင်ရွှေစော်ဘွား၊ ရောက်စောက်စော်ဘွားတို့ကို သားမယားနှင့်တကွ ယူချေ ဟူ၍ သားတော် မဟာဥပရာဇာတို့ ဆယ်တပ်နှင့်တကွ သမက်တော် အဘေုရင် သတိုး မင်းစောတို့ ရှစ်တပ်ကို စေတော်မူ၍ ချီရလေသည်။ ညောင်ရွှေစော်ဘွား၊ ရောက်စောက်စော် ဘွားတို့လည်း သားတော်မဟာဥပရာဇာ၊ သမက်တော်တို့ ချီလာပြီ ဟူ၍ ကြားလျှင် ဘဝရှင် မင်းတရားကြီးဘုရားကို ကျွန်တော်တို့ မပုန်ကန်ပါ၊ မိုးနဲ့စော်ဘွားသာ ရဲမက်တော်တို့ကို သတ်ညှစ်၍ တံတားဖျက်လေသည်ဟု လက်ဆောင် ပဏ္ဏာကာရနှင့် ဆီး၍ လျှောက်သည်။ သားတော် မဟာဥပရာဇာ၊ သမက်တော် သတိုးမင်းစောတို့လည်း ညောင်ရွှေ၊ ရောက်စောက်သို့ အရောက် ချီတော်မူ၍ စော်ဘွားမြို့စားတို့ ကိုယ်မှစ၍ သားမယား အမှုးအမတ် ဆင်ကောင်း မြင်းကောင်းတို့ကို အကုန် သိမ်းယူတော်မူ၍ မိုးနဲ့သို့ ပြန်တော်မူသည်။

ရောက်တော်မူကြလျှင် ညောင်ရွှေစော်ဘွား၊ ရောက်စောက်စော်ဘွားတို့ အကြံအစည်ကို အတပ်သိတော်မူလျှင် ဤသို့ မိန့်တော်မူသည်။ မိုးနဲ့စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ ရောက် စောက် စော်ဘွားတို့သည် နိုင်ငံတော်ဖြစ်သော သီပေါသုံးဆယ်ကို ထိပါးဖျက်ဆီးလေသော ကြောင့် မရေတွက်နိုင်သော ဆင်လုံး မြင်းရင်းနှင့် ငါ ချီတော်မူ၍ လုပ်ကြံတော်မူလျှင် မြို့တွင်း မှ မရပ်မနေဝံ့၊ ပြေးပုန်းရှောင်လွှဲ၍ နေလေသည်ကို ခေါ်တော်မူ၍ စည်းစိမ်နှင့်အသက် မပျက် လေကောင်း ဟူ၍ ငါ သူကောင်းပြုတော်မူသည်ကို ကျေးဇူးတော်ကို မစောင့်နှင့်၊ ကာလရာဇာ

ခြင်္သေ့မင်းရှေ့ကို ယုန်၊ ဒရယ်တို့သည် သန်း၍ သွားသကဲ့သို့ ငါ့ရဲမက်တော်တို့ကို ထိပါးလေသည်။ သေကောင်းလှလေပြီ။ ငါ့ဘုရားဆုကို တောင်းတော်မူသော မင်းဖြစ်တော်မူ၍ အသက်ကို လွှတ်တော်မူသည်ဟု အမိန့်တော်ရှိပြီးလျှင် မိုးနဲ့စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ ရောက်ဆောက် စော်ဘွားတို့ ကိုယ်မှစ၍ သား မယား ညီ သမက်တို့ကို သိမ်းယူတော်မူ၍ နောက်တော်တွင် ပါရသည်။ ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲ သူကောင်းတို့ကိုလည်း ရွေးကောက် သိမ်းယူတော်မူသည်။

မိုးနဲ့မြို့ကိုမူကား အထက် စော်ဘွားကြီးသား သို့ခဲကို စော်ဘွားကြီးတို့၏ အဆောင်အယောင်နှင့်တကွ ပေးတော်မူ၍ စော်ဘွားပြုရသည်။ ညောင်ရွှေကိုမူကား စော်ဘွားခင်သား ခေါ်ခန်းကို စော်ဘွားငယ်တို့၏ အဆောင်အယောင်နှင့် တကွ ပေးတော်မူ၍ စော်ဘွားပြုရသည်။ နောက်တော်တွင် ဆင်းမယ်သို့ ပါသော မိုးဖြစား၊ စကားစား၊ နောင်မွန်စား၊ လဲခြားစား၊ တီကျစ်စား၊ ကျိုင်းတောင်းစား၊ မိုင်းပတ်[1]စားတို့ကိုလည်း သစ္စာတော် ခံစေပြီးလျှင် ဆုလာဘ် ပေးတော်မူ၍ မိမိတို့ စားမြဲသော မြို့ပြတို့ကိုပင် စားရသည်။ မိုးနဲ့စော်ဘွားသား မိုင်းကိုင်းစားကိုမူကား ခေါ်တော်မူ၍ နောက်တော်တွင် ပါရသည်။ မိုင်းကိုင်းမြို့ကိုမူကား စော်ဘွားကြီးသို့ခဲညီ ခေါ်ခန်းကို ပေးတော်မူသည်။ အခွန်တော်မှာ ရွှေခွန်၊ ငွေခွန်၊ ပဲခွန်၊ ကတိုးခွန်၊ ဆောင်းခွန် တစ်နှစ်ကို မည်မျှ ဆက် ဟူ၍ စီရင်ခန့်ရန်တော်မူပြီးမှ ဆင်ကြီး မြင်းကြီး သားသမီးတို့ကို ယူတော်မူ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်း ခြံရံလျက် ရတနာပူရသို့ ပြန်တော်မူသည်။

## ၂၇၆။ သိန်းနီစော်ဘွား သစ္စာတော်ခံလာခြင်း

တီကျစ်သို့ ရောက်တော်မူလျှင် သိန်းနီစော်ဘွားလည်း အထူးထူးသော တရုတ်ပုဆိုး၊ ကတိုး၊ ဆောင်း၊ တင်ရုန်း၊ မြင်းကောင်းတစ်ဆယ်၊ ဆင်ပေါက်နှစ်စီး လက်ဆောင်တော်ယူ၍ ခြေတော်ဦးတင်လာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း တဲတော်ဦးသို့ ခေါ်တော်မူ၍ သာယာစွာ ပြောဟောတော်မူပြီးလျှင် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး ပတ္တမြားစီ ရွှေထွေးအင် ပေးတော်မူသည်။ သိန်းနီကျေးရွာများကို မိုးနဲ့စော်ဘွား အထက်က သိမ်းယူလေသည်များကိုလည်း စစ်ကြော၍ ပေးတော်မူသည်။ ယင်းသို့မှ တီကျစ် ကသည် အဝသို့ ဆင်းတော်မူ၍ သက္ကရာဇ် (၉၂၀) ပြည့် ဝါခေါင်လဆန်း ၁၂ ရက်နေ့[2] ရောက်တော်မူသည်။ အဝတောင် တောင်ဘီလူးနန်းတော်တွင် နှစ်နှစ်ခန့်[3] နေတော်မူ၍ စစ်ကိုင်း၊ ပင်းယ၊ အဝတွင် ရှိသော ဘုရား ပုထိုးများကို ရှမ်းတို့ ဖျက်ဆီး၍ ပြိုပျက်လေသည်များကို လုပ်စေ၍ ထီးတင်တော်မူသည်။

ပုညရှင်ဘုရားတွင် ရွှေဇရပ်ဆောက်တော်မူ၍ ခံမြေ အုပ်ကြွပ် လုပ်တော်မူ၍ မိုးတော်မူသည်။ စစ်ကိုင်းအရပ်၌ ဆရာတော် တိသာသနဓဇအား ရွှေကျောင်းဆောက်၍ လှူတော်မူသည်။ ပိဋကတ်သုံးပုံလည်း အဋ္ဌကထာ ဋီကာနှင့်တကွ ဆရာတော်ကို အပ်၍ ကြည့်ရှုသင်ကြား ပို့သတော်မူစေသည်။ ပင်းယမြောက် ဓေသဘင်[4]ဘုရားရှင်တွင်လည်း ရှင်သဒ္ဓမ္မဒီဝါကရအား ရွှေကျောင်းဆောက်၍ ကျောင်းရံနှင့်တကွ လှူတော်မူသည်။ "မဟာသာမိ သဒ္ဓမ္မတေဇ" ဟူသော

---

၁။ မိုင်းပဲ (မှန်နန်း-၃၂၅)　၂။ ၂၆ ဇူလိုင် ၁၅၅၈　၃။ တစ်နှစ်ခန့် [မှန်နန်း-၃၂၆၊ တွင်းသင်း(၃)-၁၁၀]
၄။ ဓေသဟန် (မှန်နန်း-၃၂၆)၊ ဆေးသဘင် [တွင်းသင်း(၃)-၁၁၀]

တံဆိပ်ကိုလည်း အပ်တော်မူသည်။ ဝိဇ္ဇကတ်သုံးပုံကိုလည်း ပါဠိ အဋ္ဌကထာ ဋီကာနှင့်တကွ အပ်တော်မူ၍ ကြည့်ရှုသင်ကြား ပို့သတော်မူစေရသည်။ အဝမြို့တောင် ရှင်ဗုဒ္ဓဃောသကိုလည်း စခြောက်တစ်ထပ် ကျောင်းရံနှင့်တကွ ဆောက်၍ လှူတော်မူသည်။ ဘုရားဆင်းတု၊ ရုပ်တုတော် ပျက်စီး ကျိုးပဲ့လေသည်များကိုလည်း လုပ်ပြန်၊ ဆက်ပြန်၍ ရွှေထည့်တော်မူသည်။ ကြေးဆင် တစ်ထောင်ကိုလည်း ခေါင်းလောင်းကြီး သွန်းစေ၍ ရွှေစည်းနံမှာ လှူတော်မူသည်။ ယင်းသို့ အဝတွင် ပစ္စုပ္ပန် သံသရာ စီးပွားနှစ်ပါးကို ဆောင်တော်မူစဉ် ဇင်းမယ်ပြည်မှာ အကြောင်း ရှိသည် ဟူ၍ ဇင်းမယ်မင်းက လျှောက်လာသည်။

## ၂၇၇။ အဝမှ ဇင်းမယ်သို့ ချီပုံ

အကြောင်းမှာမူကား လင်းဇင်းမင်း ဖြစ်စေသည် ဆင်လုံး မြင်းရင်း အများနှင့် ချီလာ၍ ဖြေ[၁]၊ အနန်း[၂]၊ လကွန်[၃]၊ တရိုင်[၄]၊ လော[၅]၊ ဗျော[၆]၊ ဇင်းခေါင်[၇]၊ သည်မြို့စားများ လင်းဇင်းမင်းသို့ ပေါင်းလေသော ကြောင့် ဘဝရှင်ဘုရား ကျွန်ုပ်တို့ကို သူကောင်းပြုတော်မူသည်။ နှလုံးမငြိမ်ပါ ဟူ၍ လျှောက်လှာသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော် အစရှိသော မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ပသို့ ထင်ကြသနည်းဟု စိုင်းပြင်းတော်မူသည်ကို သားတော် မဟာဥပရာဇာ လျှောက်သည်။ ဇင်းမယ်မြို့တွင် ထားတော်မူသော စည်သူဒလ၊ စည်သူစကိတို့ မှာလည်း အလုံးအရင်းနှင့်ချည်း ရှိလေပြီးသည်။ ဇင်းမယ်တွင်လည်း အလုံးအရင်း ဆင် မြင်း ရှိလေပြီးသည်။ ခမည်းတော်က စုံရာ ခန့်တော်မူ၍ မိုးနဲစော်ဘွား၊ ညောင်ရွှေစော်ဘွားနှင့် မြို့စား အပေါင်းတို့ကို ခန့်တော်မူသော် သင့်မည် ထင်ပါသည် ဟူ၍ နားတော်လျှောက်သည်။

မဟာဥပရာဇာ လျှောက်သော စကားကို ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ ကြားတော်မူ လျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ ယခု ဖြေစား၊ အနန်းစားတို့နှင့် တစ်ချက်တည်း ပြု၍ လင်းဇင်းဘုရင်သည် ထီးဆောင်း မင်းတစ်ပါးပင် ဖြစ်သည်။ ဆင်၊ မြင်း၊ ဗိုလ်ပါလည်း များသည်။ ဇင်းမယ်မြို့ကို အောင်မြင်တော်မူသည်လည်း များမကြာချေသေး။ ဇင်းမယ်တွင် ရှိသော အမျူးအမတ်တို့ကိုလည်း မယုံကြည်သာ။ ခမည်းတော်က မှူးတော် မတ်တော်တို့ကိုသာ ခန့်၍ မသင့်ချေ။ ညီတော်၊ သားတော်တို့ကို အလုံးအရင်း ဆင် မြင်း အများနှင့် အဝန်အဝါ ရှိအောင် ချီစေ ရမှ အရေးတော် သင့်မည် ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဇင်းမယ်သို့ ချီရမည်ကို စီရင်ခန့်ရန်တော်မူသည်။ လက်ျာရံတိုင် မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ လက်ျာယော်ဓာ မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ နန္ဒသိမ်းစည်း မြင်းတပ်။ ဆင်တပ်မှာ စည်သူကျန်းထော တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ နေမျိုးကျော်ထင် တစ်တပ်၊ သမိန်စိတ်ပွန် တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ မိုးနဲစော်ဘွား တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ သမက်တော်ကို ဗိုလ်မှူး ခန့်တော်မူသည်။ မြင်းတပ် ငါးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်ခုနစ်တပ်တွင် ပါသည်

၁။ Phrae- ဖြေ ၂။ Nan- အနန်း ၃။ Lakhon- လကွန် ၄။ Tarai- တရိုင် ၅။ Chiang Lao- (ကျိုင်းလော)/ လော ၆။ Muang Bre- ဗျော ၇။ Chiang Khong- (ကျိုင်းခေါင်/ ဇင်းခေါင်)

တိုက်ဆင်ငါးရာ[1]၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် သဂ္ဂရာဇ် ၉၂၀ ကိုးရာနှစ်ဆယ်ပြည့် နတ်တော်လဆန်း ၇ ရက်[2] ၄-ဟူးနေ့ အဝက ရင်ကြောင်း ချီ သည်။ ဘုရင့်မင်းတရားကြီးဘုရားမှကား အဝ တောင်ဘီလူးနန်းတော်၌ စကြဝတေးမင်း၏ အသရေကဲ့သို့ ညီတော်၊ သားတော်၊ မြေးတော်၊ မတ်တော်အပေါင်း ခြံရံလျက် သာသနာတော် မြတ် စီးမွား၊ ကိုယ်တော်မြတ် စီးမွားကို ဆောင်တော်မူ၍ တင့်တယ်စံပယ်လျက် နေတော် မူသည်။

သမက်တော် အဝဘုရင်တို့ ချီလေရာမှာ ရင်ကသည် ညောင်ရွှေကို တိုက်၍ မိုးနဲ့သို့ ချီ တော်မူသည်။ မိုးနဲ့ကသည် တားဝင်ဆီးပိုသို့ ကူး၍ ဇင်းမယ်သို့ ချီတော်မူသည်။ ရောက်တော်မူ လျှင် ဇင်းမယ်တွင် နေစေသော ဗညားအလ၊ ဗညားစကော်တို့နှင့် တိုင်ပင်၍ သေဥ်လုံ သံလဲအပေါင်း တို့ကို ရုံးစု၍ ဇင်းမယ်ကသည် တရုတ်သို့ ချီတော်မူသည်။

လင်းဇင်းမင်းမှကား ဇင်းသဉ့်[3]တွင် အရပ်အနေပြု၍ အမျိုးအမတ်နှင့် တရုတ်စားကို တရုတ်မြို့တွင် အနိုင်အလုံ ဆင်လုံး မြင်းရင်း အများနှင့် ခံ၍ နေရသည်။ ။

## ၂၇၈။ တရုတ်မြို့ကို တိုက်ယူပုံ

အဝဘုရင် သတိုးမင်းစောသည် တရုတ်သို့ ရောက်လျှင် အဆီးအတားမရှိ ရွပ်ရွပ်ချွံချွံ လုပ်ကြံတော်မူသည်။ တရုတ်မြို့ ပျက်၍ တရုတ်စားနှင့်တကွ တစ်မြို့လုံးကို ရတော်မူသည်။ လင်းဇင်းမင်းစစ်သူကြီး ဗညားကင်းနှင့် စစ်ကဲသေဉ့်စုတ်၊ သေင်ဝင်တို့ကိုလည်း အရှင်ပင် ရတော်မူသည်။ ဆင်ကောင်း မြင်းကောင်း လက်နက်ကိရိယာအများ ရတော်မူသည်။ လင်းဇင်း မင်းလည်း တရုတ် ပျက်လျှင် ဇင်းသဉ့်တွင် မနေဝံ့၍ လင်းဇင်းသို့ ပြေးလေ၏။ အနန်းစား၊ ဗြဲစား၊ ဇင်းသဉ့်စား၊ ဇင်းခေါင်းစားတို့လည်း မိမိတို့မြို့ကို ပစ်၍ သားမယားနှင့်တကွ လင်းဇင်း မင်းနှင့် အတူ ပြေးလေ၏။ ယင်းသို့လျှင် ဇင်းမယ် တိုင်းနိုင်ငံအလုံး ညီညွတ်စွာ ဖြစ်လေ၏။

ထိုအကြောင်းကို အဝဘုရင် သတိုးမင်းစောက လျှောက်လှာ၍ ဘဝရှင် မင်းတရားကြီး ကြားလျှင် အနန်းမြို့ကို ဗညားသေဉ့်လုံကို ပေးတော်မူသည်။ ဇင်းသဉ့်မြို့ကို ဗညားဗြဲ[4]ကို ပေးတော်မူသည်။ ဗြဲမြို့ကို ဗညားသဲကို ပေးတော်မူသည်။ (တရုတ်မြို့ကို ဗညားသေည့်ကို ပေးတော်မူသည်။) ဤသို့ စီရင်ခန့်ရန်တော်မူပြီးမှ သမက်တော် သတိုးမင်းစော စသော တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ပြန်ရသည်။

## ၂၇၉။ တရုတ် မိုးဝန်းစော်ဘွား၊ ကိုင်းမား၊ လာသာ၊ စနွားတို့ သစ္စာတော် ခံလာပုံ

အဝတွင် နေတော်မူမိုက် တရုတ် မိုးဝန်းစော်ဘွားလည်း အထူးထူးသော တရုတ်ပုဆိုး၊ မိုင်းလုံး ဇာ၊ ပယင်း၊ ရွှေဈင်း၊ သိုး၊ ကတိုး၊ အောင်း၊ တင်ရှန်း လက်ဆောင် လက်နက်အများ ယူ၍ ခြေရင်းတော်သို့ ရောက်လာသည်။

ကိုင်းမားကလည်း[5] ညီ ဗညားခုံမှိုင်းကို လက်ဆောင်လက်နက် အများနှင့် ရွှေဖဝါးတော် အောက် လာ၍ သစ္စာတော် တောင်းလာရသည်။

---

၁။ တစ်ရာ [တွင်းသင်း(၃)-၁၁၂]  ၂။ ၁၆ နိုဝင်ဘာ ၁၅၅၈  ၃။ ဇင်းသဉ့် (ကျိုင်းသေ့)-Chiang Hsaen
၄။ ဗညားသဲပိုက် (မှန်နန်း-၃၂၈)  ၅။ မိုးနဲ့ ခုံမှိုင်းကလည်း [မှန်နန်း-၃၂၈၊ တွင်းသင်း(၃)-၁၁၂]

တရုတ် လာသာဖော်ဘွားလည်း ညီ စဆိုင်လုံကို လက်ဆောင်အများနှင့် သစ္စာတော်ခံပါမည် ဟူ၍ လျှောက်လှာရသည်။

စန္ဒားဖော်ဘွားကလည်း ညီ မိုးညှင်းစားကို လက်ဆောင်ပဏ္ဏာကာရ အများနှင့် ကျွန်တော်ခံပါမည် ဟူ၍ လျှောက်လှာရသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ထိုသို့ လျှောက်လှာသော ညီ၊ သားတို့ကို သစ္စာတော်ပေးပြီးလျှင် အမည်အရည် အဆောင်အယောင် အထိုက်အလျောက် ပေးတော်မူသည်။ ယင်းသို့မှ သုံးဆယ်စားနှင့် သီရိခမ္ဘရာဇ်ကို စော်ဘွားညီတို့နှင့် လိုက်၍ သစ္စာတော်ပေးစေသည်။ အဆောင်အယောင်လည်း အပ်ရစေသည်။ မိစ္ဆာဒိဋ္ဌိ အယူကိုလည်း သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမရသည်။ သီတင်းသုံးနေလိုသော အရိယာပုဂ္ဂိုလ်တို့ကိုလည်း တောင်းပန်တော်မူ၍ ပိဋကတ်ကျမ်းဂန်နှင့်တကွ သီတင်းသုံးနေရသည်။ ထိုစော်ဘွားတို့ကိုလည်း တစ်နှစ် သုံးကြိမ် ရွှေလား၊ မြင်း၊ ဖဲ ကန်တော့ရသည်။ သုံးနှစ် တစ်ကြိမ်လည်း ဟံသာဝတီနေပြည်တော်သို့ လာ၍ ခြေတော်ဦးတိုက်ရသည်။ အလေး၊ တောင်း၊ တင်းတို့ကိုလည်း နေပြည်တော်နှင့် တစ်ချက်တည်း ထားတော်မူသည်။ စော်ဘွားတို့ကိုလည်း တစ်လ လေးသီတင်း သရဏဂုံ၊ ပဉ္စသီ၊ အဋ္ဌင်္ဂသီ ဆောက်တည်စေသည်။ ပြည်သူ ရွာသားတို့ကိုလည်း တစ်လ လေးသီတင်း တရားနာရသည်။ ဤသို့ ပဏ္ဍုပွန် သံသရာ စီးပွားနှစ်ပါးကို ဆောင်တော်မူ၍ သက္ကရာဇ် (၉၂၁) ကိုးရာနှစ်ဆယ့်တစ်ခု ကဆုန်လဆန်း ၁၂ ရက်[1] ၂-လာနေ့ ရတနာပူရက ပြန်တော်မူ၍၊ နယုန်လပြည့်ကျော် ၅ ရက်[2] ၅-တေးနေ့ ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။

## ၂၈၀။ ကျောင်းမှုတော် တည်ရန် စီမံပြုစုပုံ

နေပြည်တော်သို့ ရောက်လျှင် ကျောင်းမှုတော် မဟာစေတီ တည်တော်မူမည် အရာတွင် တောအုံတို့ကို ခုတ်စေ၍ မိုးမြေ မညီမညွတ်သည်များကို ဖို့ရမည် ဟူ၍လည်း လူစရိတ်ငွေ လေးရာ ပေးတော်မူသည်။ ယင်းသောအခါ ဝန်း၍ စီရင်ရသည်ကား ဗညားလော၊ ဗညားဒလ၊ ဗညားပရံ၊ ဗညားကျန်းထော၊ သီရိဇေယျနော်ရထာ၊ သီရိဇေယျကျော်ထင်၊ နေမျိုးကျော်ထင်၊ နန္ဒကျော်ထင်၊ သည်အမတ်ရှစ်ယောက်တို့ကို တပ်သားနှင့်တကွ ဝန်ပြု၍ လုပ်ရသည်။ ကျောက်တူးစိမ့်မည် ဟူ၍လည်း လူစရိတ် ငွေလေးရာ ပေးတော်မူသည်။ အုတ်မှာမူကား အဝမှာ နေတော်မူစဉ်ကပင် ဖုတ်၍ အပြီး ရှိနှင့်သည်။ မြေဖို့ ညီညွတ်၍ ပြီးလျှင် ကျောင်းမှုတော် အနောက်တွင် ပြာသာဒ်နန်း ဆောက်တော်မူ၍ မပြီးမချင်း နေတော်မူသည်။

သက္ကရာဇ် (၉၂၁) ကိုးရာနှစ်ဆယ့်တစ်ခု ဝါဆိုလဆန်း ၅ ရက်[3] ၅ တေးနေ့ ကျောင်းမှုတော် မဟာစေတီ ဖိနပ်တော်ရာ တွင်းတူးသည်။ ကျောက်ခင်းသည်။ သံဃာတော် ၁၀၀၀ ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ ၎င်းဝါခေါင်လပြည့်ကျော် ၂ ရက်[4] ၅-တေးနေ့ ကျောင်းမှုတော် မဟာစေတီကို ရွှေအုတ်၊ ငွေအုတ် စီတော်မူသည်။ ဓာတ်သာယံကျောင်းကိုလည်း ကျောင်း၏ ၄၀ နှင့်တကွ ဆောက်တော်မူသည်။ ထိုသက္ကရာဇ်တွင် ပန်းလုလင်[5]သဘင် ခံတော်မူမည်ကို နေတော်မူစရာ ပြာသာဒ်နှင့်တကွ ရွှေအိမ်ဆောက်တော်မူသည်။ ကေတုမတီမှာလည်း ခမည်းတော် ဘုရားကို သင်္ဂြိုဟ်ရာတွင် ဝုလုပ်တော်မူ၍ ကြေးစင်တစ်ဆောင်ကို ပဉ္စလောဟာ သွန်း၍

[1] ၁၇ ဧပြီ ၁၅၅၃ [2] ၁၅ မေ ၁၅၅၃ [3] ၈ ဇွန် ၁၅၅၃ [4] ၂၀ ဇူလိုင် ၁၅၅၃ [5] ပန်းလုသဘင် (မှန်နန်း-၃၃၀)၊ ပန်းလုလင်သဘင်-လေ့ကြိုင်မှု။

ထားတော်မူသည်။ ထိုသက္ကရာဇ် နတ်တော်လဆန်း ၁၄ ရက်[1] ၁-ရွေ့နေ့ ဓာတ်တော်ကို မင်းညီမင်းသား မင်းဆွေမင်းမျိုး မှူးတော် မတ်တော်အပေါင်း ကြပ်မျှ၍ သဘင်ကြီးစွာ ခံ၍ ရွှေနန်းတော် က သည် ကောင်းမှုတော်သို့ ပို့ရသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ကောင်းမှုတော် မဟာစေတီအရပ်တွင် မင်းတဲကြီးစွာ ဆောက်၍ မင်းမိဖုရား ကိုယ်လုပ်မောင်းမ အပေါင်းနှင့် ကြည့်တော်မူသည်။

ယင်းသည့်နေ့ပင် ရာဇဒေဝီ ရှင်မိဖုရားမှာ သမီးတော်ကို မျက်နှာမြင်သည်။ ဓာတ်တော် ပို့သနေ့ ဖွားတော်မူသည်ကို အကြောင်းပြု၍ "ရာဇဓာတုကလျာ"* ဟူသော အမည်ကို သမုတ်တော်မူသည်။

ထိုသက္ကရာဇ် နတ်တော်လပြည့်ကျော် ၂-ရက်[2] ဗုဒ္ဓဟူးနေ့ သဘင်ကြီးစွာ ခံ၍ ကောင်းမှုတော် မဟာစေတီကို ဌာပနာတော်မူသည်။ အထက်တိုက်ကိုလည်း နောက်ငါးကြိမ် ဌာပနာတော်မူသည်။ ခြောက်လနှင့် ပြီးသည်။ ဖိနပ်တော် သံတောင် တစ်ရာ၊ အရပ်တော် တစ်ရာငါးဆယ်။

ယင်းသည့်လတွင်ပင် မိုးမိတ်စော်ဘွားက သမီးကို အခြွေအရံနှင့်တကွ ခြေရင်းတော်သို့ ဆက်လာသည်။ ။

မဟာရာဇဝင်ကြီး ဒွါဒသမတွဲ ပြီး၏။



သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကို မြင်ဟန်။ ဖိုးဝင်းတောင်ဂူဘုရား မှ ( ၁၇ - ရာစု )

၁။ ၁၂ နိုဝင်ဘာ ၁၅၅၉ ၂။ ၁၅ နိုဝင်ဘာ ၁၅၅၉ * ရာဇဓာတုကလျာ- ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် ရာဇဒေဝီ(ရှင်ဆော့လှ) တို့မှ ၁၂ နိုဝင်ဘာ ၁၅၅၉ တွင် မွေးဖွားသည်။ အဖေတူ အမေတူ ညီအစ်ကို မောင်နှမများမှာ နော်ရထာမင်းစော(ဇင်းမယ်ဘုရင်)၊ ရာဇဓာတုကလျာနှင့် သီရိသုဓမ္မရာဇာတို့ ဖြစ်သည်။ နန္ဒဘုရင်၏ သားတော် မဟာဥပရာဇာနှင့် လက်ဆက်သည်။ ၃၀ ဒီဇင်ဘာ ၁၅၉၂ တွင် မဟာဥပရာဇာ ယိုးဒယားတိုက်ပွဲတွင် ကျသည်။ ၁၆၀၃ ခုနှစ်တွင် နတ်သျှင်နောင်နှင့် လက်ဆက်ပြန်သည်။ ထိုနှစ်တွင်ပင် ကွယ်လွန်သည်။

# မဟာရာဇဝင်ကြီး

## တေရသမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၂၈၁။ ကျောင်းမှုတော် ဌာပနာ သွင်းနှံပုံ

ရတနပုံ အပ်ဝန် ဝန်မှူးမိ။ ။ မဟာစေတီတွင် ဌာပနာသော ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားတော် အရေအတွက်ကား– ရွှေအဆင်းနှင့်တူသော သရီရဓာတ်တော် ၆၀၊ ပုလဲအဆင်းနှင့် တူသော သရီရဓာတ်တော် ရှစ်ထောင့်နှစ်ရာတစ်ဆယ့်ရှစ်ဆူ။ ဤသို့ ဆိုခဲ့ပြီးသော သရီရဓာတ်ပေါင်း ရှစ်ထောင်နှစ်ရာတစ်ဆယ့်ရှစ်ဆူတို့ကို ပတ္တမြားစေတီတွင် ထည့်တော်မူသည်။ ပတ္တမြားစေတီကို ရွှေစေတီ မျိုသည်။ ရွှေစေတီကို မိုးကြိုးစေတီ မျိုသည်။ မိုးကြိုးစေတီကို ငွေစေတီ မျိုသည်။ ငွေစေတီကို ကြေးနီစေတီ မျိုသည်။ စွယ်တော်ပွားတစ်ဆူကို ပတ္တမြားစေတီတွင် ထည့်တော်မူသည်။

မိုးကြိုးအဆင်းနှင့် တူသော ဓာတ်တော် ၄၁ ဆူ၊ ဆံတော်၊ ဓာတ်တော် တစ်ထောင်ကိုးရာလေးဆယ်ခုနှစ်ဆူ၊ တကောင်းဓာတ်တော် သုံးထောင်လေးရာလေးဆယ့်ကိုးဆူ၊ ပင်တင်ဓာတ်တော် ခြောက်ရာသုံးဆယ့်ခြောက်ဆူ၊ ဆက်သွားဓာတ်တော် တစ်ဆူ၊ မောဂ္ဂလာန်ဓာတ်တော် ခြောက်ထောင်လေးရာတစ်ဆူ၊ ရွှေကူဓာတ်တော် ၃ ဆူ၊ သိန်းဃိုရ်ဓာတ်တော် တစ်သောင်းနှစ်ထောင့်ခြောက်ရာငါးဆူ၊ ဦးနှောက်ဓာတ်တော် ၄၀၊ ဉမှင်ဓာတ်တော် ၄၆ ဆူ၊ စကြိုဓာတ်တော် ၉၁ ဆူ၊ အရှေ့ဓာတ်တော် တစ်သောင်းတစ်ထောင့်တစ်ဆယ့်ကိုးဆူ၊ ဓာတ်တော်ပေါင်းငါးသောင်းသုံးထောင်ခြောက်ရာကိုးဆူတို့ကိုလည်း ရွှေကြုတ်၊ မိုးကြိုးကြုတ်၊ ငွေကြုတ်တွင်ချည်းထည့်တော်မူသည်။ အရှေ့ဓာတ်တော် ၁၁ ဒေါနနှင့် တနာဠိက၊ တကောင်းဓာတ်တော် ၃ ဒေါနနှင့် တနာဠိကသည်များကိုလည်း ရွှေစေတီ၊ ကြေးနီစေတီတွင် ထည့်တော်မူသည်။

ပတ္တမြားဆင်းတု ၁၃ ဆူ၊ မြဆင်းတု ၄၅ ဆူ၊ နီလာဆင်းတု ငါးဆူ၊ သန္တာဆင်းတု နှစ်ဆူ၊ ဥဿဖရားဆင်းတု ၂၁ ဆူ၊ ကြောင်မျက်ရွဲဆင်းတု နှစ်ဆူ၊ နဂါးသွဲ့ဆင်းတု ၉–ဆူ၊ ပယင်းဆင်းတု ၁၃–ဆူ၊ ဂေါမိတ်ဆင်းတု နှစ်ဆူ၊ ဖန်ဆင်းတု ၅၈ ဆူ၊ မြဝတ်စွာဘုရား ခမည်းတော်သုဒ္ဓေါဒနမင်း၊ မယ်တော်သိရိမဟာမာယာ၊ မိထွေးတော် ဂေါတမီ၊ ယသော်ဓရာ၊ သားတော်ရာဟုလာ၊ လက်ယာရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲရံ ရှင်မောဂ္ဂလာန်တို့ ရုပ်တုတော်နှင့်တကွ အဋ္ဌဝီသ ၂၈ ဆူ၊ သတ္တဋ္ဌာန ခုနှစ်ဆူ၊ အသီတိရဟန္တာ ရှစ်ဆယ်– ရုပ်တုတော်တို့ကိုလည်း ရွှေကို သွန်း၍ ရုပ်တုတော်အပေါင်း တစ်ထောင့် နှစ်ရာငါးဆယ့်ငါးဆူ၊ ငွေ ဆင်းတုပေါင်း ရှစ်ရာသုံးဆယ့်ခြောက်ဆူ၊ မိုးကြိုးဆင်းတုပေါင်း ၄၇ ဆူ၊ ပဉ္စလောဟာ ဆင်းတုပေါင်း

ခုနစ်ရာရှစ်ဆယ်ငါးဆူ၊ ကြေးဆင်းတု တစ်သောင်းနှစ်ထောင် သုံးရာငါးဆူ၊ ကျောက်သလင်း ဆင်းတု ၈၂ ဆူ၊ သည့်ပြင် ရဟန္တာအပေါင်း ရုပ်တုတော် ကြေးကို သွန်းသည် ၂၃၈ ဆူ၊ ပတ္တမြားစီသော ဓာတ်တော်အိမ် ၄၅၊ ဓာတ်တော်ရွှေအိမ် ၈၀၊ ဓာတ်တော်ရွှေအိမ် ၉၅၊ ဓာတ်တော် ပယင်းစေတီ ၃၀၊ ဓာတ်တော်မှန်ကြီးအိမ် ၂၀၊ ဓာတ်တော်ကြေးစေတီ ၅၊ သည်များကို ဌာပနာ တော်မူသည်။ ထိုမှတစ်ပါး အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦးတို့ကိုလည်း ရွှေပေ၊ ငွေပေတွင် ရေး၍ ရွှေစာထောက်၊ ငွေစာထောက်နှင့်တကွ တည်တော်မူသည်။

ဘဝရှင်မင်းတရားကြီးဘုရား ရုပ်တုတော်ကိုလည်း မင်းဆောင်မင်းယောင်နှင့်တကွ တန်ဆောင်တိုင် ကိုင်၍ ရှိခိုးတော်မူဟန် ငွေကိုသွန်း၍ ထည့်တော်မူသည်။ ခမည်းတော်ဘုရားရုပ်တု၊ မယ်တော်ဘုရားရုပ်တု၊ အတုလ(သီရိ)မဟာရာဇာဒေဝီ ရှင်မိဖုရားအရုပ်၊ သမီးတော် အဝမိဖုရား အရုပ်၊ မြေးတော် နတ်ရှင်မယ်တော်အရုပ်၊ သားတော် မဟာဥပရာဇာအရုပ်၊ မြေးတော် မင်းကြီး ကျော်စွာ အရုပ်၊ ရာဇဒေဝီ ရှင်မိဖုရားအရုပ်၊ သားတော် မင်းသားစစ်အရုပ်၊ သမီးတော် ရာဇဓာတု ကလျာ အရုပ်၊ ဓမ္မာဒေဝီ ရှင်မိဖုရားအရုပ်၊ သမီးတော်ခင်စော အရုပ်၊ သည်များကိုလည်း ရွှေကို သွန်း၍ တန်ဆောင်တိုင်ကိုင်လျက် ဘုရားရှိခိုးဟန် ထည့်တော်မူသည်။

ထိုမှတစ်ပါး အိမ်နိမ့်တွင် မြင်သော သားတော်၊ သမီးတော် အရုပ်၊ ညီတော် သတိုးဓမ္မရာဇာ အရုပ်၊ မိဖုရားအရုပ်၊ ညီတော်မင်းခေါင်အရုပ်၊ သားတော်နှစ်ပါး၊ သမီးတော်နှစ်ပါး၊ ညီတော် သတိုးမင်းစော အရုပ်၊ သနားတော်မူသော မှူးကြီးမတ်ကြီးတို့အရုပ်၊ သည်များကိုလည်း တန်ဆောင်တိုင် ကိုင်၍ ရှိခိုးဟန် ငွေကိုသွန်း၍ ထည့်တော်မူသည်။

## ၂၀၂။ ကသည်းပြည်[၁] မျဉ်းတဲမြို့[၂]သို့ ချီတက်ပုံ

သက္ကရာဇ် (၉၂၁) ကိုးရာနှစ်ဆယ့်တစ်ခု[၃]တွင် ရတနာပူရ အဝကျေးလက်ဖြစ်သော မြောက်ဘက် မင်းခင်း အောက်ကျေးများကို ကသည်းစော်ဘွားက ထိပါးဖျက်ဆီးလာသည် ဟူ၍ ကလေးစော်ဘွားက နားတော်လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ငါ့နိုင်ငံတော် ကျေးစွန် နှာလက်တို့ကို မျဉ်းတဲစားငယ်သည် ကောသရာဇာခြသေ့မင်းကို မြေခွေးတို့သည် ရန်ရှာသကဲ့သို့ ထိပါးလာသည်ကို အဝမင်း၊ ကလေးစော်ဘွားတို့က လိုက်လံ၍ မဖမ်းမဆီး လေသည်လောဟု မိန့်တော်မူသည်ကို အဝဘုရင်၊ ကလေးစော်ဘွားတို့က လျှောက်သည်။ ကသည်းတို့သည် တောင်ရိုးတောင်ကျပ်တွင် နေ၍ တစ်ရာတစ်စု၊ နှစ်ရာတစ်စု တောကြက် တောဝက်ကဲ့သို့ တောအုံက နေ၍ ဟင်းရွာ ထင်းခွေကို ဖမ်းယူလေသည်။ သည်အကြောင်းများကို သိ၍ ကျွန်တော်တို့က လိုက်လံဖမ်းဆီးလျှင် တောအုံတောင်ကမ်းသို့ ပြေးပုန်းရှောင်လွှဲ၍ နေလေ တော့သည် ဟူ၍ နားတော်လျှောက်သည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ကောသရာဇာခြသေ့မင်းတို့သည် ကြီးသောသတ္တဝါ၊ ငယ်သောသတ္တဝါ ဟူ၍ အားကို မယုတ်မလျှော့စေ။ အမြဲသာ လုံ့လဖြင့် ဖမ်းစားဘိသကဲ့သို့ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်အပေါင်းတို့ကို ခေါ်တော်မူ၍ စိုင်းပြင်း ခင်းကျင်းတော် မူသည်ကို နန္ဒသင်္ကြံ ဟူသော အမတ်လျှောက်သည်ကား- ကသည်း မျဉ်းတဲမြို့သည် အင်အား ရှိသည် မဟုတ်။ ရှေးအထက်က မိုးကောင်း ကျေးလက်ဖြစ်၍ နန်းမြို့ လုပ်ရိုးလုပ်စဉ်မျှသာ

၁။ ယခု အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်(Manipur State)။ ၂။ ကသည်းတို့မှာ မေသဲ (Meitheis) လူမျိုး ဖြစ်သည်။ ၎င်းလူမျိုးတို့ နေထိုင်ရာ နိုင်ငံကို မျဉ်းတဲပြည်ဟု ခေါ်သည်။ ၃။ အေဒီ ၁၅၅၉

ဖြစ်သည်။ ရဲမက်တော်တို့ ပင်ပန်းရမည့် အကြောင်းမဟုတ်။ ယင်းသို့ဖြစ်သောကြောင့် မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ ကလေးစော်ဘွား၊ စနွားစော်ဘွားတို့ကို တပ်ပေါင်း တာပေါင်း မြို့စားနှင့် ချီလေစေသော် သင့်မည် ထင်သည် ဟူ၍ နားတော်လျှောက်သည်။

နန္ဒသကြိ လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ ကသည်းမြို့သည် တစ်ရာတစ်ပါးသော လူတို့တွင် တစ်ပါးသော လူမျိုးဖြစ်သည်။ ထီးတစ်စင်းဆောင်း မင်းဖြစ်လေသည်။ ယင်းသို့ ဖြစ်သောကြောင့် ရှမ်းစော်ဘွားတို့ကိုသာ ခန့်တော်မူ၍ မသင့်ချေ။ ခြေရင်းတော်က မှူးတော်၊ မတ်တော်တို့ကို အလုံးအရင်းနှင့် ခန့်တော်မူသည်ဖြစ်မှ အခုန်အဝါ အကျော်အစော ဖြစ်၍ ရန်သူအပေါင်းတို့ အလွန်ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်လိမ့်မည် ဟူ၍ နားတော်လျှောက်လျှင်–

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလ လျှောက်သောအရေးကို ကြိုက်တော်မူ၍ စစ်တုရင်္ဂသူ တစ်တပ်၊ ဗညားသိုရှတ် တစ်တပ်၊ ဗညားလော တစ်တပ်၊ ဗညားစက် တစ်တပ်၊ ဗညားဒလ တစ်တပ်၊ သည်ငါးတပ်တွင်ပါသည့် တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်[1]၊ စစ်သည်သူရဲ ငါးသောင်းနှင့် ကြည်းကြောင်း ချီရသည်။ ရေကြောင်းမှာ စလေစား တစ်တပ်၊ ပုဂံစား တစ်တပ်၊ တလုပ်စား တစ်တပ်၊ ပုခန်းကြီးစား တစ်တပ်၊ စစ်ကိုင်းစား တစ်တပ်၊ အမြင့်စား တစ်တပ်၊ ပဒဲ့စား တစ်တပ်၊ ကန္နီစား တစ်တပ်၊ သည်ရှစ်တပ်တွင် ပါသည် ကုလ္လပ်, သမ္ဗန်, တိုက်လှေ ငါးရာ[2]၊ စစ်သည်သူရဲ ငါးသောင်းနှင့် သက္ကရာဇ် (၉၂၁) ကိုးရာနှစ်ဆယ့်တစ်ခု ပြာသိုလဆန်း ငါးရက်နေ့[3] ဟံသာဝတီက ကသည်းသို့ ချီရသည်။

မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ မိုးမိတ်စော်ဘွားတို့လည်း တပ်ပေါင်းနှင့်တကွ ချီ၍ စနွားကြောင်း ဝင်ရသည်။ ဟံသာဝတီက ချီသော ရေတပ်၊ ကြည်းတပ်တို့ ရောက်လျှင် လှေတပ်က ရဲမက်တို့ကို ကြည်းတပ်ပွဲ့၍ ကလေးစော်ဘွားနှင့်တကွ ကလေးကြောင်း တစ်ခု၊ သြော်စားကို ရှေ့တည်၍ ယူးကြောင်း[4]တစ်ခု၊ တပ်ပေါင်းစော်ဘွားတို့ စနွားကြောင်းမှသည် သောင်သွတ်သို့ ဝင်ရသည်။ သုံးကြောင်းလုံး ဝင်၍ မျှဉ်းတဲမြို့အနီးတွင် ခရီးကျဉ်းသည်နှင့် တပ်တည်၍ နေရသည်။

## ၂၈၃။ မျှဉ်းတဲစော်ဘွားထံ ဗညားဒလ သံစေပုံ

ဗညားဒလတို့ ယူးကြောင်းချီရာက ကသည်းစော်ဘွားသို့ သံစေလိုက်သည်။ ရာဇသံတွင် မှာသည်ကား–

"ရေနှင့်မြေကို အစိုးရတော်မူသော ဘဝရှင်မင်းတရားကြီးဘုရားသည် ဇမ္ဗူဒိပ် မြေပြင်ဝယ် အတုမရှိသော ဘုန်းလက်ရုံး အာဏာတော်နှင့် ပြည့်စုံတော်မူသော မင်းဧကရာဇ် ဖြစ်တော်မူသည်။ ယခု ဘဝရှင်မင်းတရားကြီးဘုရားက အဂ္ဂမဟာသေနာပတိ တို့ မြေကြီးအထုနှင့် တူသော ဆင် မြင်း ဗိုလ်ပါနှင့် အမျက်တော် ရှိ၍ ချီလာရသည်ကို ကသည်းစော်ဘွားသည် အရေးအရာသော်လည်း မလျှောက်လှာ။ မြို့နိုင်သည်ကို အကြောင်းပြု၍ နေသည်။ ကသည်းမြို့မျှ ထားဘိဦး၊ ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ် ဦးတည်ဘွားမြို့ပင် ဖြစ်သော်လည်း ငါတို့ လုပ်ကြံရသည်ကို ခံနိုင်မည် မဟုတ်။ စည်းစိမ်

[1] ငါးတောင် [တွင်းသင်း(၃)-၁၁၄] [2] ငါးဆယ် (မှန်နန်း-၃၃၅) [3] ၂ ဒီဇင်ဘာ ၁၅၅၉ [4] ရဝကြောင်း [တွင်းသင်း(၃)-၁၁၄]

မျက် အသက်မသေလိုလျှင် ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလှာသည်ဖြစ်မှ ပြည်သူအပေါင်းနှင့်တကွ ချမ်းသာမည်"

ဟူ၍ စေသည်။

ကသည်းစော်ဘွားလည်း ဘဝရှင်မင်းတရားကြီးဘုရားက မရေတွက်နိုင်သော ရဲမက်ဗိုလ်ပါတို့ကို ခန့်တော်မူ၍ ချီလာပြီကြားလျှင် မြို့တွင်းက ခံသော်လည်း မခံနိုင်ရာချေ။ ပင်လယ်တိမ် တစ်ဖက်ကို ကူး၍ နေမှ သင့်မည် အကြံရှိ၍ လှေတက်စီရင်စဉ်တွင် သံရောက်လာ၍ ဘဝရှင် မင်းတရားကြီးဘုရားကို ကျွန်ပ် အန်မတုပါ။ ရပ်ရွာ ပြည်နား၌ နေသော ကရှင်တို့သာ ကျွဲ နွားတို့ကို နှိုးယူလေသည်။ ယင်းသို့ ဖြစ်သောကြောင့် သစ္စာတော်ကို ခံ၍ ကျွန်ပ် သမီးကို လက်ဆောင်တော် ဆက်ပါမည်။ ကျွန်ပ် မြို့သို့ ရဲမက်တော်အပေါင်း အရောက်ချီလျှင် မျက်စီး ကြေမွလေတော့မည် ဟူ၍ ကသည်းစော်ဘွားက လက်ဆောင်လက်နက် အများနှင့် စော်ဘွားယောက်ဖ နုံးစံကမ္ဘာ[၁] ဟူသော အမတ်ကို ဗညားဒလသို့ စေလှာသည်။ ဗညားဒလလည်း သည်ကဲ့သို့ မိုးတဲစော်ဘွား လျှောက်သည် အရေးသည် စည်းစိမ်မပျက် အသက်မသေ မည် အကြောင်း ဖြစ်တော့သည် ဟူ၍ ဆိုပြီးမှ ထီးဆောင်း မင်းတကာတို့၏ သခင်ဖြစ်တော်မူသော ငါတို့အရှင် မင်းတရားကြီးဘုရားသို့ အမှုက်တော် ပြေမည်အကြောင်း ဆက်မှုယ် ကပ်မှုယ်တို့ကို အလျှင် စီရင် ဟူ၍ မှာလိုက်သည်။

## ၂၈၄။ ကသည်းစော်ဘွား အညွှဲခံ၍ သမီးကညာ ဆက်ပုံ

ကသည်းစော်ဘွားယောက်ဖ နုံးစံကမ္ဘာ ပြန်လေ၍ အရေးပြီးကြောင်းကို ကသည်းစော်ဘွား ကြားလျှင် ချစ်လှစွာသော သမီးကို အဆောင်အယောင်နှင့် တကွ အခြွေအရံ ပေးစရာ စီရင်စဉ်တွင် ဗညားဒလလည်း တပ်သားနှင့်တကွ ခုနစ်တပ်လုံး ယူးကြောင်း ဝင်၍ ကသည်းမြို့တိုင် ချီလေ၏။ ရောက်လျှင် ကသည်းစော်ဘွားကို ခေါ်၍ သစ္စာတော်ခံရသည်။ မည်သည့်နေ့ရက်ကို ဆက်ပါမည် ဟူ၍လည်း ဆိုရသည်။ ယင်းသို့မှ ကသည်းတစ်မြို့လုံးကို ထိတ်လန့်၍ ရှားအောင် ဆင်ရေး မြင်းရေး၊ ဗိုင်းရေး လှွားရေး၊ ကာရေး ကစားရသည်။ အမြောက်၊သေနတ်တို့ကိုလည်း မြို့လုံး ပုံတင်ထပ်မျှ ပစ်ရသည်။ ကသည်းမြို့တွင် ကောင်းသော မိစ္ဆာဒိဋ္ဌိ အယူတို့ကို ပယ်စေ၍ သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမပြီးမှ လက်ဆောင်ပဏ္ဏာ ခံ၍ ကသည်းက ပြန်၍ ဧဝိသို့ ရောက်လျှင် လှော်ကားနှစ်စင်းကို ဖောင်လုပ်စေပြီးမှ သာယာလှစွာသော ဒဝယ်ဆောင်တဲတော် ဆောက်၍ စတုရင်္ဂသူ တစ်တပ်၊ ဗညားစက် တစ်တပ်၊ ကလေးစော်ဘွား တစ်တပ်၊ သည် သုံးတပ်ကို ဧဝိတွင် နေစေ၍ စစ်သည်ဗိုလ်ပါ အပေါင်းတို့သည် အစားအသောက် ခဲခက်သော ကြောင့် ကန္စီ၊ ဗုံ၊ အမြင့်သို့ ဆုတ်၍ နေကြသည်။

ကသည်းစော်ဘွားလည်း ချိန်းချက်သည့်နေ့ ရောက်လျှင် သမီးကို အခြွေအရံ များစွာ ဝန်းရံလျက် အဆောင်အယောင် ကျင်းပ၍ ဧဝိသို့ ပို့လာသည်။ ကသည်းအမတ် လေးယောက် တို့ကိုလည်း လက်ဆောင် လက်နက်အများနှင့် ဟံသာဝတီတိုင်အောင် လိုက်၍ ဆက်ရသည်။ ယင်းသို့မှ ရေတပ်၊ ကြည်းတပ် ပြန်ခဲ့၍ သက္ကရာဇ် (၉၂၂) ကိုးရာနှစ်ဆယ့်နှစ်ခု (ပထမ) ဝါဆိုလဆန်း ၄ ရက်နေ့[၂] ဟံသာဝတီသို့ ရောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ကသည်းစော်ဘွား သမီးကို နန်းတွင် သာယာလှစွာသော အိမ်နှင့် အထိန်းအရံ ပေးတော်မူ၍

---

၁။ နုံးစံကမ္ဘာ (မှန်နန်း-၃၃၆)၊ နုံးခံကံမာန်(တွင်းသင်း(၃)-၁၁၅] ၂။ ၂၇ မေ ၁၅၆၀

နေရသည်။ ကသည်း စော်ဘွားသို့လည်း သာသနာတော် တည်စေခြင်းငှာ ရွှေဆင်းတုပွားလောဟာ ရုပ်တုတို့ကို မပြတ်ကိုးကွယ် ဟူ၍ ရာဇတမန်နှင့် မိတ်သင်ရုံကို ပို့ရလေသည်။ အထူးထူးသော ပုဆိုးကောင်း၊ ဓါသာ၊ မှုံ၊ စော်ကရော့၊ ဘက်ခနဲ့တို့ကိုလည်း လက်ဆောင်တွဲ၍ ကသည်းသံတို့ကို လွှတ်တော်မူသည်။

## ၂၈၅။ မဟာစေတီကို ထီးတင်တော်မူခြင်း

သက္ကရာဇ် (၉၂၂) ကိုးရာနှစ်ဆယ့်နှစ်ခု ပြာသိုလပြည့်ကျော် ၂ ရက်နေ့[၂] ကောင်းမှုတော် မဟာစေတီကို ထီးတင်တော်မူသည်။ ဆောင်းတော်မူသော မကိုဋ်တော်ကိုလည်း လှူတော်မူသည်။

ယင်းသို့သောခါ အပြည့်ပြည့်ထောင်သော မင်းနှင့်တကွ များစွာသော အလှူဝတ္ထုတို့ကို လှူတော်မူသည်။ ကြေးစင် တစ်သောင်းကိုလည်း ကြေးမိုးရွာသည်သဏ္ဌာန် ကြဲ၍ လှူတော်မူသည်။ သဘင်ပြီးလျှင် ကောင်းမှုတော် မဟာစေတီ အရှေ့တွင် ဥယျာဉ်လုပ်တော်မူ၍ တာဝတိံသာ ဟူသော အမည်ကို သမုတ်တော်မူသည်။

ယင်းသည်နှစ်တွင် အုန်းပေါင်ခုံမှိုင်း သား၊ ဘထွေး မကြည် ရှိ၍ ထီးဖြူမကိုဋ်နှင့်တကွ ခြေရင်းတော်သို့ နှစ်ယောက်လုံးပင် ရောက်လာသည်။

ယင်းသည်နှစ်တွင် ဒေသဉ်ဝီဘွားက ချစ်ကြည်လေးမြတ်လှစွာသော သမီးကို အဆောင်အယောင်နှင့် တကွ သားအိမ်ရှေ့မင်းကို ခြေရင်းတော်သို့ လာ၍ ဆက်လာရသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း နန်းတော်တွင်းတွင် ကောင်းမှုနှံသာယာလှစွာသော အိမ်တော် ဆောက်စေ၍ ထားတော်မူသည်။

## ၂၈၆။ နန်းတော်ကို ဖျက်၍ ကောင်းမှုတော်အများ ပြုတော်မူပုံ

ထိုသက္ကရာဇ် (၉၂၂) ကိုးရာနှစ်ဆယ့်နှစ်ခု[၁]တွင် မြို့နန်းရွှေနန်းတော်ကို ဖျက်၍ ကောင်းမှုတော် မဟာစေတီတွင် ဇေတဝန်ကျောင်းကြီးလေးကျောင်း ကျောင်းရံတစ်ရာနှင့်တကွ ဆောက်တော်မူ၍ ကျောင်းမ လေးကျောင်းကို ရွှေအပြည့် ထည့်တော်မူသည်။ ဝန်းကျင်နံရံတွင်လည်း ငါးရာငါးဆယ်ဇာတ်ကို ရေးစေရသည်။ မဟာစေတီ အရှေ့တံတိုင်းတွင်းတွင်လည်း သုဓမ္မာ ရွှေဇရပ် ဆောက်တော်မူ၍ ဘုရားကျောင်းဝန်းကျင်၊ သည်များကို ရွှေထည့်စေရာ ကိုယ်တော်လေး ရွှေ ငါးဆယ့်သုံးပိဿာ ငါးကျပ်တစ်မတ် လှူတော်မူသည်။ ရွှေနန်းတော်ဝန်းကျင်တွင်းတွင် နေတော်မူစရာ ရွှေအိမ်ဆောက်စေပြီးလျှင် တပေါင်းလ[၃]ကူးတော်မူ၍ ရွှေအိမ်တက်တော်မူသည်။ နေတော်မူသော ပြာသာဒ်သုံးဆောင် နန်းတော်ကို ကောင်းမှုတော် မဟာစေတီ လုပ်သောခါ နေတော်မူသော ပြာသာဒ်သုံးဆောင် နန်းတော်ကို ကျောင်းရံနှင့် တကွ ကျောင်းကြီး ဆောက်တော်မူ၍ မဟာရံ လုပ်တော်မူသည်။ ဆေးမှုစော်ကျောင်း ပိဋကတ်သုံးပုံကိုလည်း အပ်တော်ကို သိတင်းသုံးသော ဂုဏဝန်ပုဂ္ဂိုလ်ကို လှူတော်မူသည်။

သက္ကရာဇ် (၉၂၃) ကိုးရာနှစ်ဆယ့်သုံး[၄]တွင် ပုဂံမှာ မိုးညှင်းမင်းတရားကောင်းမှုတော် ကုလားကျောင်း ပြိုပျက်လေသည်များကိုလည်း ဥမင်ရွှေကျောင်း သုံးထပ်ဆောက်၍ လှူတော်မူသည်။ ကောင်းမှုတော် မဟာစေတီသို့ ဓာတ်တော်ပို့သောခါ နေတော်မူသော တဲတော်ရာတွင် 

---

၁။ ၂ ဇန်နဝါရီ ၁၅၆၁ ၂။ ဧပြီ ၁၅၆၀ ၃။ ၁၅၆၁ ဖေဖော်ဝါရီ ၄။ ဧပြီ ၁၅၆၁

ရာပြည့်စာအုပ်တိုက်

လည်း ဘုရားရုပ်တုတော်အပေါင်း ထားရော ရွှေရုပ်ဆောက်တော်မူ၍ ဘုရားရုပ်တုတော် သုံးဆောင်[1] လုပ်၍ပြီးလျှင် ထားတော်မူသည်။ ရောက်နလည်း တူးရသည်။ ရွှေနန်းတော်မြောက် အတာတစ်ရာတွင် ဆန်းကြယ်လှစွာသော ရွှေဘိမ်တော်နှင့်တကွ ဆင်ကျုံးတည်တော်မူသည်။ ပြီးလျှင် သံဃာတော် ခြောက်ရာပင့်၍ တဲတော်ဝန်းကျင် လေးမျက်နှာတွင် ဆွမ်းလုပ်ကျွေးတော် မူသည်။ တရားတော်လည်း နာတော်မူသည်။ လှူဖွယ်လှူခြင်းလည်း များစွာ လှူတော်မူသည်။ ဆရာတော်တို့အား ဗျာဒိတ်လေးနှင့် ပြည့်စုံသော သာမဏေတို့ကို တောင်းတော်မူ၍ သက္ကရာဇ် (၉၂၃) ကိုးရာနှစ်ဆယ့်သုံးခု တန်ခူးလပြည့်ကျော် ၉ ရက်[2] ၃-အင်္ဂါနေ့ ပဉ္စင်းတစ်တောင် ခံတော်မူသည်။ ထိုနေ့ နေတက်တစ်ပဟိုရ်တွင် ရာဇဒေဝီ ရှင်မိဖုရား သားတော်ကို မျက်နှာမြင် သည်။ သံဃာတော်တို့ ညည်းရုံးနိုက် မျက်နှာမြင်သည်ကို အကြောင်းပြုတော်မူ၍ သားတော်အား "သယံဘူ" ဟူသော အမည်ကို သမုတ်တော်မူသည်။ ယင်းသည့်နေ့ပင် ကိုယ်လေးတော် ရွှေငါးဆယ့်သုံးပိဿာ အကျပ်လေးဆယ် ကောင်းမှုတော် မဟာစေတီကို ရွှေမျက်ပါး ထည့်စေရ လှူတော်မူသည်။ ယင်းသည့်လပင် ဘုရားသုံးတောင် ထားသော ရုပ်ကို လောင်းမီးသင့်၍ လောင်လေသည်။

သက္ကရာဇ် (၉၂၄) ကိုးရာနှစ်ဆယ့်လေးခု ဝါဆိုလပြည့်နေ့[3] ဒဝယ်မြို့ကို တည်တော်မူသည်။ ထိုလတွင် မွန်ပြည်၊ မြန်မာပြည် အလုံးတွင် ရှိသော ရုပ်တု၊ ဆင်းတု ပျက်စီးလေသည်များ ကိုလည်း ဆက်လုပ်တော်မူ၍ စားတော် ကွမ်းခွက်၊ စားတော်လက်ဖက်အိုး၊ သောက်ရေ တကောင်းဖုံးကို မျက်ပါးခတ်စေ၍ ရွှေအပြည့် ထည့်တော်မူသည်။

## ၂၈၇။ ဟိုသာ၊ လာသာ၊ မိုးနား၊ စနွားသို့ ချီရပုံ

(၉၂၄) ကိုးရာနှစ်ဆယ့်လေးခု ဝါခေါင်လ[4]တွင် မိုးမိတ်စော်ဘွားက ကျေးစွန့်ရွာလက်တို့ကို မိုင်းမော၊ စည်းခွင်၊ ဟိုသာ၊ လာသာ၊ မိုးနား၊ စနွားက ထိပါး ဖျက်ဆီးလှာသည် ဟူ၍ လျှောက်လှာသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ မိုင်းမော၊ စည်းခွင် စသော မြို့များသည် တရုတ် ဦးတည်ဘွားကို အမှီပြု၍ ယခု ထိပါးလာလတ်သည်၊ မည်သို့ လုပ်ကြံရသော် သင့်မည်နည်း ဟူ၍ နိုင်းပြင်း ခင်းကျင်းတော်မူသည်။

ယင်းသောအခါ ဗညားဒလ လျှောက်သည်။ မိုင်းမော၊ စည်းခွင် အစရှိသော ဤမြို့များ သည် ပုဂံကောင်းသည်ကာလ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ချည်း ဖြစ်သည်။ ပုဂံသို့ တရုတ် ရောက်လျှင် ပြည်ရွာ မငြိမ်မဝပ် ရှိရာတွင်မှ မကျိုးမနွံ နိုင်းပြန်၍ လင်းနို့စွန် တောင်းလျှင် ကြွက်၊ ကြွက်စွန်တောင်းလျှင် လင်းနို့ ဆိုသကဲ့သို့ ကျင့်၍ နေလေသည်သာ ဖြစ်သည်။ ယင်းသည် မြို့များကို သိမ်းယူတော်မူ၍ လက်နက်နိုင်ငံတော် ပြုသည်ဖြစ်မှ ရှေးပုဂံ ကောင်းသည်ကာလ ကဲ့သို့ နိုင်ငံတော် တစ်ချက်တည်း ဖြစ်မည်။ ကျွန်တော်တို့ နိုင်ငံတော် ဖြစ်ဖူး၍ သိမ်းယူတော် မူသည်ကို တရုတ်ဦးတည်ဘွားက ကူညီ၍ တိုက်မည်ဆိုလျှင် ကျွန်တော်တို့ နိုင်ငံဖြစ်ဖူးကြောင်း ကို သံစေမည်။ သံစေလျက်ကိုပင် ကူညီ၍ တိုက်လျှင် တရုတ်ကိုပင် နိုင်အောင် လုပ်ကြံမည် ဟူ၍ နားတော်လျှောက်သည်။

---

၁။ သုံးဆောင်း [မှန်နန်း-၃၃၈]၊ ကိုးဆောင်း [တွင်းသင်း(၃)-၁၁၆]   ၂။ ၈ ဧပြီ ၁၅၆၁   ၃။ ၁၅ ဇွန် ၁၅၆၂
၄။ ၁၅၆၂ ဇူလိုင်

ဗညားဒလ လျှောက်သောစကားကို ကြားတော်မူလျှင် ငါကိုယ်တော်နှင့်တကွ ရှိတော်မူရ မည်လည်း သင့်မည်လော။ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကိုသာ ရှိစေရသော် လည်း သင့်မည်လော ဟူ၍ မိန့်တော်မူသည်ကို ဘုရင့်နောင်ဘုရားကြီးကိုယ်တော် ရွှေနန်းတော် တွင် စကြဝတေးမန္တာတ်မင်း၏ အသရေကဲ့သို့ တင့်တယ်စံပယ်စွာ နေတော်မူ။ ကျွန်တော်တို့ အမှူးအမတ်နှင့် ညီတော်၊ သားတော်တို့ ရှိရလျှင် အရေးတော် ရလိမ့်မည် ဟူ၍ နားတော် လျှောက်ပြန်သည်။

ဘုရင့်နောင်ဘုရားလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဆင်လုံးမြင်းရင်း ခန့်တော်မူသည်ကား– မိုးကောင်းစော်ဘွား တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ သီပေါစော်ဘွား တစ်တပ်၊ မိုးနဲစော်ဘွား တစ်တပ်၊ မင်းကျော်ထင် တစ်တပ်၊ ဗညားစက် တစ်တပ်၊ သက်ရှည်ကျော်ထင် တစ်တပ်၊ ဗညားဖြတ်စ တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ သည်တပ်ပေါင်း ၉ တပ်[1]တွင် ပါသည် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် မိုးမိတ်ကြောင်း ရှိရသည်။

နန္ဒကျော်ထင် တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ ဗညားပရဲ တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်ဗိပ္ပန် တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ လက်ျာ နန္ဒသူ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ သီရိဓမ္မာသောက တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်၊ သည်တစ်ဆယ့်တစ်တပ်တွင် ပါသည် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရင်ကြောင်း သီပေါကို တိုက်၍ ချီသည်။

ဘယကျော်သူ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ နန္ဒသကြီ တစ်တပ်၊ ဗညားကျွန်းထော တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သမ်ယာ တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ သရေစည်သူ တစ်တပ်၊ ဗညားလော တစ်တပ်၊ သီရိဓမ္မရတ် တစ်တပ်၊ ညီတော် ပြည်မင်း သတိုးဓမ္မရာဇာ တစ်တပ်၊ သည် ၁၂ တပ်တွင် ပါသည် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရင်ကြောင်း သီပေါကို တိုက်၍ ချီတော်မူသည်။

ရဲဇသကြီ တစ်တပ်၊ သမိန်ယိုကရတ် တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ နေမျိုးကျော် ထင် တစ်တပ်၊ ဗညားဖြတ်စ တစ်တပ်၊ မင်းမဟာ တစ်တပ်၊ သမိန်ဖရူး တစ်တပ်၊ စည်သူကျော် ထင် တစ်တပ်၊ သမိန်ဖြသပိုက် တစ်တပ်၊ လက်ဝဲနန္ဒမိတ် တစ်တပ်၊ ဗညားဒလ တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ သည် ၁၂ တပ်တွင် ပါသည် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် သက္ကရာဇ် (၉၂၄) ကိုးရာနှစ်ဆယ့်လေးခု တပေါင်းလဆန်း လေးရက်[2] သောကြာနေ့ ဟံသာဝတီက မိုးမိတ်ကြောင်း ချီရသည်။

မိုးမိတ်ကသည် မိုးဝန်းငယ်သို့ ရောက်လျှင် ရဲမက်တော် လေးကြောင်းလုံး ပေါင်းမိ၍ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အဝမင်း၊ စော်ဘွား စော်ကန်၊ မှူးတော် မတ်တော် အပေါင်းတို့ တိုင်ပင်ကြသည်။

ယင်းသောအခါ ဗညားဒလ လျှောက်သည်ကား– ယခု ရဲမက်တော် လေးကြောင်းလုံး ပေါင်း၍ လုပ်ကြံချေသည် ရှိသော် အလုပ်အကြံ များရှိမည်။ အစားအသောက်လည်း ရှားရှိမ်

---

၁။ မိုးညှင်းစော်ဘွား တစ်တပ်၊ ဓန်းမော်စော်ဘွား တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်– ထည့်၍ တပ်ပေါင်း ၁၂ တပ် (မှန်နန်း–၃၃၃) ဟု ပြသည်။

၂၈ ၂၅ ဇန်နဝါရီ ၁၉၅၃
ရာပြည့်စာအုပ်တိုက်

မည်။ ယင်းသို့ဖြစ်သောကြောင့် လေးသွယ် ခွဲ၍ ရှုပ်ရှုပ်ရှက်ရှက် လုပ်ကြံရသည် ဖြစ်မှ အရေးတော် ပြီးလွယ်မည် ဟူ၍ ဗညားဒလ လျှောက်သည်။ မင်းလေးပါးလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူကြ၍ မဟာဥပရာစာတို့ ၁၂ တပ်မှာ မိုးနှားသို့ ချီတော်မူသည်။ အဝဘုရင် သတိုးမင်းစောတို့ ၁၂ တပ်မှာ စနွားသို့ ချီတော်မူသည်။ မိုင်းမော၊ စည်းခွင်၊ ဟိုသာ၊ လာသာ၊ မိုးနှား၊ စနွား၊ မိုးဝန်း၊ မိုင်းလျှိုး စော်ဘွားတို့လည်း တရုတ်မင်းတရားကြီးဘုရားက ညီတော်၊ သားတော်တို့ကို မရေမတွက်နိုင်အောင် ဆင်လုံး မြင်းရင်း မြေပြင်ပြည့်မျှ ချီလာရသည် ဟူ၍ ကြားလျှင် မိုင်းသေဉ်သို့ စစ်ကူတော်မူပါ ဟူ၍ စော်ဘွားတို့က သံစေသည်။ မိမိတို့ မြို့ပြတို့ကို လည်း နိုင်လုံအောင် စီရင်၍ နေကြသည်။

ဥပရာစာတို့ တစ်ဆယ့်နှစ်တပ် မိုင်းမောသို့ ရောက်လျှင် မကြောက်မရွံ့, ရဲရင့်ခြင်းနှင့် ပြည့်စုံသော ရဲမက်တော်တို့ ကျေးလက်ရွာလက် အပေါင်းတို့ကို မီးတိုက်၍ သုံ့ပန်း ဖမ်းယူလေ ၏။ လက်ခြေ တုံသမျှကိုလည်း တစ်ယောက်မလွတ် သတ်လေ၏။ ယင်းသို့ လုပ်ကြံတော်မူ၍ ရွာကို ဖြိုလောင်သကဲ့သို့ မြို့ကို ဝန်းရံ၍ နေတော်မူလျှင် မိုင်းမောတစ်မြို့လုံး အသား စားလစ္ဆဲ့သို့ ကြောက်ရွံ့ ကုန်သည်။

ပြည်ဘုရင်၊ တောင်ငူဘုရင်၊ အဝဘုရင်တို့လည်း စည်းခွင်၊ မိုးနှား၊ စနွားမြို့များကို နေ့ ည မသိ အပြင်း ချီတော်မူကြ၍ ရောက်တော်မူလျှင် ဝန်းရံတော်မူကြသည်။

## ၂၈၈။ ဟိုသာ၊ လာသာ၊ မိုင်းမော၊ စည်းခွင်၊ မိုးနှား၊ စနွား စော်ဘွားတို့ သံကို ဖမ်းမိရာ၌ စီမံပုံ

ယင်းသောခါ စော်ဘွားတို့က မိုင်းသေဉ်သို့ စေသော သံကို အဝဘုရင် သတိုးမင်းစောတို့ တပ်သား တွေ့လျှင် ဖမ်း၍ ဆက်လေ၏။ သတိုးမင်းစောလည်း စာနှင့် သံကို မဟာဥပရာစာ တပ်သို့ ပို့လာရသည်။ ရောက်လျှင် စာကို ကြည့်စေသော် ဦးတည်ဘွားက အလျှင် စစ်ကူရောက် ပါမှ ကျွန်တော်တို့ သူ့ကျွန် မဖြစ်ပါမည် ဟူ၍ စာတွင် ပါကြောင်းကို ကြားလျှင် ဗညားဒလ မဟာဥပရာစာကို ဤသို့ နားတော်လျှောက်သည်။ ဦးတည်ဘွားကို ကြောက်၍ သံတို့ကို ချုပ်ထားသကဲ့သို့ ရှိမည်။ သံတို့ကို ယခု လွှတ်တော်မူ၍ မိုင်းသေဉ်သို့ သွားလေစေ။ မိုင်းသေဉ် စားက တရုတ်ဦးတည်ဘွားသို့ လျှောက်ပစေ။ ယင်းသို့မှ ဘုန်း၊ လက်ရုံး၊ အာဏာ၊ လုပ်ရည် ကြံရည်ကို သိမည် ဟူ၍ နားတော်လျှောက်သည်။ မဟာဥပရာစာလည်း စော်ဘွားတို့ သံကို မိုင်းသေဉ်သို့ လွှတ်တော်မူသည်။ သံတို့ ရောက်၍ မိုင်းသေဉ်စားလည်း တရုတ် ဦးတည်ဘွား သို့ အကြောင်းကို လျှောက်ရသည်။ ဦးတည်ဘွားလည်း မိုင်းမော၊ စည်းခွင်၊ ဟိုသာ၊ လာသာ၊ မိုးနှား၊ စနွား၊ မိုင်းဝန်း၊ ကိုင်းမား၊ မိုင်းလျှိုး၊ သည်မြို့များကို ပုဂံ ကောင်းသည် ကာလကပင် သူ့ လက်နက်နိုင်ငံ ဖြစ်ပလေသည်။ သို့ သူ့နိုင်ငံရင်း ဖြစ်၍ သိမ်းယူလေသည်ကို ငါတို့ က သူ့ကို ရန်ပြုတွက် မရှိ။ ယုံခွင် ယုံဆင့်၊ တယ်လီ၊ ခွေ၊ ဆူ၊ မိုင်းစံ[၁]၊ သည်မြို့တို့ကို ထိပါး ဖျက်ဆီးလာသော်မူကား အလျှင် လျှောက်လှာစေ ဟူ၍ ဦးတည်ဘွားက စာတုံ့သော ဟူ၏။

၁။ ယုံခွင် ယုံသင့်တယ်။ လိချွေစူး၊ မိုင်းဆည် (မှန်နန်း-၃၄၁)၊
- ယုံခွင်၊ ယုံဆင်၊ ကယ်လီ၊ ကျွေစီ၊ မိုင်းဆည် [တွင်းသင်း(၃)-၁၁၈]

### ၂၈၉။ မိုင်းမောစော်ဘွား သမီးတော်ခံပုံ



မိုင်းမောစော်ဘွားကလည်း ခံ၍ ဆယ်ရက်ကျော်ခန့် ရှိလျှင် လက်ဆောင် လက်နက်၊ နှင်းလုံး၊ ဓား၊ ပယင်း၊ ရွှေဖျင်၊ သိုး၊ ကတိုး၊ ဆောင်း၊ တင်ရုံး အများနှင့် သမီးတော်ကို ခံ၍ ကျွန်တော်အဖြစ် အမှုတော်ကို ထမ်းပါမည် ဟူ၍ မဟာဥပရာဇာသို့ လျှောက်လွှာရသည်။ မဟာဥပရာဇာလည်း စော်ဘွားကို ထွက်စေ၍ အမှူး၊အမတ်နှင့်တကွ သမီးတော်ပေးပြီးလျှင် သားနှင့် သမီးကို ဇန်းမော်တွင် ဆောင်လုပ်စေ၍ လက်ဆောင် လက်နက် အများနှင့် စော်ဘွား သမီးကို အခြွေအရံ ဝန်းရံ၍ ဟံသာဝတီသို့ ပို့ရလေသည်။

မိုင်းမောစော်ဘွား သမီးတော်ကို ခံ၍ သား၊သမီးတို့ကို လက်ဆောင်တော် ဆက်ကြောင်းကို ဓာနှင့် စည်းခွင်သို့ စေတော်မူသည်။ မိုးနားသို့လည်း စေတော်မူသည်။ စနွားသို့လည်း စေတော်မူသည်။ မိုင်းမောစား၏ အမတ် သုံးယောက်တို့ကိုလည်း စည်းခွင်သို့ တစ်ယောက်၊ မိုးနားသို့ တစ်ယောက်၊ စနွားသို့ တစ်ယောက် ထည့်တော်မူသည်။ သို့တို့ ရောက်၍ မိုင်းမော စော်ဘွား သမီးတော်ခံ၍ သားသမီး ဆက်ကြောင်းကို ကြားလျှင် စော်ဘွားသုံးဦးတို့ ထိတ်လန့်ခြင်း ပြင်းစွာ ဖြစ်၍ ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော် ဆက်၍ အသက်ကို ခွင့်တောင်းလာကုန်သည်။

ပြည်ဘုရင်၊ တောင်ငူဘုရင်၊ အဝဘုရင်တို့လည်း အမှူးအမတ်နှင့်တကွ စော်ဘွားတို့ကို ထွက်စေ၍ သမီးတော်ပေးပြီးလျှင် သားသမီးတို့ကို ယူ၍ မဟာဥပရာဇာတပ်သို့ ပို့ရသည်။ မဟာဥပရာဇာလည်း စော်ဘွားတို့ သားသမီးကို ဇန်းမော်ဆိပ်တွင် သာယာစွာသော ဆောင်လုပ်စေ၍ အခြွေအရွေ လှေတက်အများ ဝန်းရံ၍ ဟံသာဝတီသို့ အသီးအသီး ပို့ရလေသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ထီးဆောင်းစော်ဘွားတို့ သမီး၊ တူမကို နန်းတော်တွင် သာယာလှစွာသော အိမ်ဆောက်စေ၍ နေရသည်။

### ၂၉၀။ ဟိုသာ၊ လာသာ၊ မိုင်းဝန်း၊ ကိုင်းမား၊ မိုင်းလျှည်းသို့ ချီတက်သိမ်းယူပုံ

မဟာဥပရာဇာ၊ ပြည်မင်း၊ တောင်ငူမင်း၊ အဝမင်းတို့၄ ပါး မိုင်းမော၊ စည်းခွင်၊ မိုးနား၊ စနွား၊ ဤလေးမြို့တို့ကို အောင်မြင်တော်မူလျှင် ဟိုသာလာသာ၊ မိုင်းဝန်း၊ ကိုင်းမား၊ မိုင်းလျှည်းသို့ ချီ၍ လုပ်ကြမည်ကို တိုင်ပင်တော်မူကြသည်။ ယခု လေးမြို့လုံးကို အလိုတော်ပြည့်ပြီ။ ဟိုသာ၊ လာသာ ရှမ်းတရုတ်တို့သည် တရုတ်ဦးတည်ဘွားကို အမှီပြု၍ လင်းနို့ခွန်တောင်းလျှင် ကြွက်ခွန်၊ ကြွက်ခွန်တောင်းလျှင် လင်းနို့ခွန် ဆိုသကဲ့သို့ နေလေသည်။ တစ်နှယ်ငင် တစ်စင် ပါ လုပ်ကြရသည် ဖြစ်မှ မိုင်းမော၊ စည်းခွင် စသော အလျှင် အောင်မြင်သော မြို့တို့လည်း ပျပ်ဝပ်ကျိုးနွံမည် ဟူ၍ ပြည်ဘုရင် သတိုးဓမ္မရာဇာ မိန့်လျှင် သည်အရေး သင့်လှသည် ဟူ၍ သဘောတူတော်မူကြ၍ ဟိုသာသို့ မဟာဥပရာဇာ ချီတော်မူသည်။ လာသာသို့လည်း ပြည်ဘုရင် သတိုးဓမ္မရာဇာ ချီတော်မူသည်။ မိုင်းဝန်းသို့လည်း တောင်ငူဘုရင်မင်းခေါင် ချီတော်မူသည်။ မိုင်းလျှည်းသို့လည်း အဝဘုရင် သတိုးမင်းစော ချီတော်မူသည်။

စော်ဘွားတို့လည်း ရဲမက်တော်တို့ ချီတော်မူလာပြီ ဟူ၍ ကြားလျှင် မြို့တွင်း မခံဝံ့၍ တောအုံတောင်ကမ်း ကြီးရာသို့ ပြေးဝင်လေ၏။ ရဲမက်တော်တို့လည်း ရောက်လျှင် တောအုံ တောင်ကမ်း နံ့၍ ရှာကြရသည်။ ထိုသို့ ရှာကြကြောင်းကို စော်ဘွားတို့ ကြားလျှင် ဟိုသာ

ဆင်ကြီး နှစ်စီး၊ မြင်းကောင်း နှစ်စီး၊ မှိုင်းလုံး၊ ဇာ၊ ပယင်း၊ သိုး၊ ကတိုး
စော်ဘွားက ဆင်ကြီး နှစ်စီး၊ မြင်းကောင်း နှစ်စီး၊ ... သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါမည်
များနှင့် လက်ဆောင်တော် ယူ၍ ကျွန်တော် သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါမည်
ဟူ၍ သားကို ဆီးကြို၍ လျှောက်လှာရသည်။ မဟာဥပရာဇာလည်း ဤသို့ မိန့်တော်မူသည်။
သည်ကဲ့သို့ လျှောက်ခြင်းသည် စော်ဘွားစည်းစိမ်မပျက် အသက် မသေမည့်အကြောင်း ဖြစ်သည်
ဟူ၍ မိန့်တော်မူပြီးလျှင် စော်ဘွားသားကို ဆုလာဘ်ပေး၍ အဘ စော်ဘွားကို ခေါ်ရလေသည်။
စော်ဘွားလည်း သားမယား အခြွေအရံတို့ကို ယူ၍ ရောက်လှာသည်။

## ၂၉၁။ ဟိုသာစော်ဘွား သစ္စာတော်ခံ၍ လာဘသာ၊ မိုင်းဝန်း၊ မိုင်းလျှဉ်းစော်ဘွား ဝင်ရောက် သစ္စာခံမှုပုံ

မဟာဥပရာဇာလည်း စော်ဘွားကို သစ္စာတော်ပေးပြီးလျှင် သစ္စာခံကြောင်းကို ဟိုသာ စော်ဘွားက လာဘသာစော်ဘွား၊ မိုင်းဝန်းစော်ဘွား၊ မိုင်းလျှဉ်းစော်ဘွားသို့ စာနှင့် စေရသည်။ (လာဘသာ)စော်ဘွားလည်း ဟိုသာစော်ဘွား သစ္စာခံကြောင်းကို ကြားလျှင် ပြေးသော်လည်း မလွတ်သာချေ အကြံရှိ၍ ဆင်နှစ်စီး၊ မြင်းနှစ်စီး၊ မှိုင်းလုံ၊ ဇာ၊ ပယင်း၊ သိုး၊ ကတိုးများ လက်ဆောင်နှင့် သစ္စာခံ၍ အမှုတော်ကို ထမ်းပါတော့မည် ဟူ၍ သားနှင့် ညီကို လျှောက်လှာရသည်။ သတို့သမီးရာဇာလည်း စော်ဘွားသားတို့ကို ဆုလာဘ်များစွာ ပေးတော်မူ၍ အဘ စော်ဘွားကို ခေါ်ရလေသည်။ စော်ဘွားလည်း သားမယားနှင့် အလုံးအရင်းကို ယူ၍ ရောက်လျှင် သစ္စာတော်ကို ခံစေသည်။

မိုင်းဝန်း[၁]စော်ဘွား၊ မိုင်းလျှဉ်းစော်ဘွားတို့လည်း ပြေးသော်လည်း မလွတ်နိုင်ချေ အယူရှိ၍ ဆင်ကြီး မြင်းကြီး သားသမီးတစ်စုတို့ကို ယူ၍ လက်ဆောင်တော် ဆက်၍ ကျွန်တော် ခံလှာသည်။ မဟာဥပရာဇာ၊ ပြည်မင်း၊ အဝမင်း၊ တောင်ငူမင်းတို့လည်း စော်ဘွားတို့ သားသမီး တို့ကို စန်းမော်ဆီပ်တွင် ကောင်းမွန်သာယာလှစွာသော ဖောင်လုပ်၍ ထိုဖောင်နှင့် အခြွေအရံ ရောတက်အများ ဝန်းရံစေ၍ ဟံသာဝတီသို့ ပို့ရသည်။ ရောက်လျှင် ထိုထိုသော စော်ဘွားတို့ သမီးကို ကောင်းမွန်သာယာစွာ အိမ်ဆောက်၍ စော်ဘွားတို့ ညီ၊ သား၊ သမက်တို့ကိုလည်း အကွက်အရပ် အိမ်ရာပေးတော်မူ၍ မပြတ် မြဲစွဲရသည်။

မဟာဥပရာဇာ၊ ပြည်မင်း၊ အဝမင်း၊ တောင်ငူမင်းတို့သည် ဟိုသာ၊ လာဘသာ၊ မိုင်းဝန်း၊ မိုင်းလျှဉ်း၊ သည်မြို့စားတို့ကို သစ္စာတော်ပေး၍ အနေအထားသင့်အောင် စီရင်တော်မူပြီးလျှင် မကောင်းသော မိစ္ဆာဒိဋ္ဌိ အယူကို ပယ်စေ၍ ကောင်းသော သမ္မာဒိဋ္ဌိ အယူ၌ တည်စေသည်။ ထိုထိုသို့သော မြို့ပြတို့၌ ကျောင်း ဘုရား ကောင်းမှုပြုပြီးလျှင် ပိဋကတ်ကျမ်းဂန်နှင့်တကွ အရိယာသံဃာတို့အား တောင်းပန်၍ သိတင်းသုံးနေရသည်။ တစ်လ လေးသိတင်းလည်း သရဏဂုံ၊ ပဉ္စသီ၊ အဋ္ဌသီ ဆောက်တည်၍ တရားနာရသည်။ မပြတ်လည်း သွန်သင်ဆုံးမ ရသည်။ အစွန်တော်မှာ မြင်း၊ မှိုင်းလုံး၊ ဇာ၊ ပယင်း၊ သိုး၊ ကတိုး၊ အောင်း၊ တင်ရုန်း တစ်နှစ် သုံးကြိမ် ဆက်ရသည်။ သုံးနှစ်တစ်ကြိမ်လည်း စော်ဘွားတို့ ကိုယ် တုပ်ကွ ပျပ်ဝပ် ကျိုးနွံစွာ ရွှေရင်းတော်သို့ လာ၍ လက်ဆောင်တော် ဆက်ရသည်။ နေပြည်တော်မှာလည်း ဘုရား သုံးဆောင်း[၂]ထားသော စရပ်ကို လောင်မီးကျ၍ လောင်လေသည်ကို စားတော်မူသော လက်ဖက်အိုးကို ဖျက်၍ သက္ကရာဇ် (၉၂၄) ကိုးရာနှစ်ဆယ့်လေးခု နတ်တော်လဆန်း ၅ ရက်နေ့[၃] ဆောက်တော်မူသည်။

---

၁။ ကိုင်းမား (မှန်နန်း-၃၄၃)　၂။ ကိုးဆောင် [တွင်းသင်း(၃)-၁၁၉]　၃။ ၃၁ အောက်တိုဘာ ၁၅၆၂

ယင်းသက္ကရာဇ် (၉၂၄) ကိုးရာနှစ်ဆယ့်လေးခု နတ်တော်လပြည့်ကျော် ၆ ရက်နေ့[၁] ကျိုင်းတုံစော်ဘွားသမီးကို အခြွေအရံနှင့်တကွ ဆက်လာ၍ ဟံသာဝတီသို့ ရောက်လာသည်။ ထိုမင်းသမီးကို မြို့မြောက်တွင် အနေအထား ပြုစေ၍ ပေါင်းပြတင်း ရွှေအည်နှင့် မှူးတော် မတ်တော်အပေါင်း ဝန်းရံ၍ ယူရသည်။ နန်းတွင်းသို့ ရောက်လျှင် သာယာလှပွားသော အိမ်နှင့် အထိန်းအရံ ပေးတော်မူ၍ နေရသည်။ အဘ ကျိုင်းတုံစားကိုလည်း ထီးဖြူမကိုင်နှင့် တကွ မင်းမြောက်တန်ဆာငါးပါး ပေးတော်မူသည်။

## ၂၉၂။ ရွှေကျောင်းတော်များ ဆောက်လှူပုံ

ဆရာတော် ရှင်ဓမ္မပါလ တောဝင်တော်မူ၍ သီတင်းသုံးသော အရပ်တွင်လည်း ဇေတဝန်ကျောင်းစဉ် အုတ်ကြွပ်မိုး၍ **ကျောင်းရံ ၄၂**[၂] နှစ်ထပ် လည်းပေါ် ဆောက်စေ၍ လှူတော်မူသည်။

**သက္ကရာဇ် (၉၂၄) ကိုးရာနှစ်ဆယ့်လေးခု တပေါင်းလပြည့်ကျော် ၅ ရက်**[၃] ၄-ဟူးနေ့ ရွှေနန်းကြော့ရှင် နရပတိ တူမတော် ရှင်ထွေးလှကို ရာဇဒေဝီ ဟူသော အမည်တော်နှင့် မိဖုရားကြီးတို့၏ အဆောင်အယောင် ပေးတော်မူ၍ ရွှေအိမ်နေရသည်။

ယင်းသည့်သက္ကရာဇ်တွင် ရာဇဒေဝီ ရှင်မိဖုရားကောင်းမှု စည်းခုံကို လုပ်တော်မူ၍ ပြီးလျှင် ရတနာမုနိ ဟူ၍ သမုတ်တော်မူသည်။ ဘုရားတွင်လည်း သုဓမ္မာဇရပ်ကြီး ဆောက်၍ လှူတော်မူသည်။ တံတိုင်းဝန်းကျင်ကိုလည်း ဇေတဝန်ရွှေကျောင်း ကျောင်းရံနှင့်တကွ ဆောက်၍ လှူတော်မူသည်။ ပဥ္စင်းလည်း **၇၄၇ ပါး**[၄] ခံတော်မူ၍ များမြတ်သော အလှူကြီးကို ပေးတော်မူသည်။

ဟံသာဝတီ၊ ကေတုမတီ၊ သရေခေတ္တရာ၊ ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အဝ၊ ဇင်းမယ်၊ ကျိုင်းတုံ၊ ဤနိုင်ငံအလုံးတွင် ရှိသော ဘုရားပုထိုး ဂူကျောင်း ပြိုပျက်လေသည်များကိုလည်း လုပ်ဆောင်စိမ့်မည် ဟူ၍ ငွေပေါင်း ငါးရာနှစ်ဆယ်ခုနှစ်ပိဿာ[၅] လှူတော်မူသည်။ ယင်းသည့်နှစ်တွင် ပန်းတယော်မြစ်ကို တူးရသည်။ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အဝမင်းတို့ ချီလေရာမှာလည်း မြောက်ရှမ်းပြည်တစ်လွှားကို အလိုတော်ပြည့်လျှင် အနေအထား သင့်အောင် စီရင်၍ ပြီးကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် သားတော်၊ ညီတော်တို့ကို ခေါ်တော်မူ၍ ပြန်ရသည်။

## ၂၉၃။ ယိုးဒယားသို့ ချီတက်ရန် တိုင်ပင်ပုံ

**သက္ကရာဇ် (၉၂၅) ကိုးရာနှစ်ဆယ့်ငါးခု ဝါဆိုလပြည့်ကျော် ၁၂ ရက်**[၆] ၆-ကြာသနေ့ ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။ ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီး ဘုရားလည်း ပွဲလမ်းရသသူတို့ကို အထိုက်အလျောက် အဆောင်အယောင် စားကျေးစားလက် ပေးတော်မူသည်။

ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း ယိုးဒယားသည် ညီတော် မင်းတရား လက်ထက်တော်ကပင် လက်နက်နိုင်ငံ ဖြစ်ဖူးသည်။ ယခုလည်း ဆင်ဖြူလေးစီးကို တစ်စီးမျှ

---

၁။ ၁၆ နိုဝင်ဘာ ၁၅၆၂ ၂။ ကျောင်းရံ လေးဆယ် [မှန်နန်း-၃၄၄၊ တွင်းသင်း(၃)-၁၁၉] ၃။ ၁၁ ဖေဖော်ဝါရီ ၁၅၆၃ ၄။ ငါးဆယ်လေးပါး (မှန်နန်း-၃၄၅)၊ နှစ်ရာလေးဆယ်လေးပါး [တွင်းသင်း(၃)-၁၁၉] ၅။ ငါးရာနှစ်ဆယ်နှစ်ပိဿာ [တွင်းသင်း(၃)-၁၁၉] ၆။ ၁၆ ဇွန် ၁၅၆၃

ဆက်လျှင် ရေနှင့် မြေကဲ့သို့ ဖြစ်မည်။ ယိုးဒယားသို့စေ၊ ဇည္ဈားဒလကို အမိန့်တော် ရှိ၍ ဆိုလေ၏။ ထိုသို့ စကားကို ဇည္ဈားဒလက စာပေစီကုံး၍ စေသော် မကျိုးမနွံသော စကားကို ဆိုသည် ယိုးဒယားမင်းသည် ဖျက်ဆီးလို၍ ဤစကားကို ဆိုသည် သံတို့ ရောက်၍ ကြားတော်မူလျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ဖြစ်တော့သည် အမိန့်တော်ရှိပြီးလျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ယခု ယိုးဒယားသို့ ဇည္ဈားဒလ အစုံအစမ်း စေသည်ကို မြို့နိုင်လုံသည်၊ ဆင် မြင်း ဗိုလ်ပါ လက်နက်ကိရိယာ များသည်ကို ယုံ၍ မဖျပ်မဝပ် မကျိုးမနွံ ပြုလေသည်။ ယိုးဒယားမြို့ကို ဘယ်သို့ လုပ်ကြရသော် အလိုတော် ပြည့်လွယ်မည်နည်း ဟူ၍ အမိန့်တော် ရှိသည်ကို သီရိဧယျကျော်ထင် လျှောက်သည်။ အရှေ့ပြည်တစ်လွှားတွင် ယိုးဒယားတစ်မြို့၊ လင်းဇင်းတစ်မြို့၊ လဝိုက်တစ်မြို့၊ သည့်မြို့များသည် ဆင်ကောင်း၊ မြင်းကောင်းတို့လည်း များ လေသည်။ လက်နက် ကိရိယာလည်း ထူထပ်လှသည်။ အသက်ကို အသက်မမှတ် အမှုကို ထမ်းမည် သူရဲသူခက်နှင့်လည်း ပြည့်စုံလေသည်။ ရှမ်းပြည်၊ ယွန်းပြည်ကို ချီတော်မူသကဲ့သို့ မလောက်မလော မလေးမစား လုပ်ကြံတော် မမူသင့်ချေ။ အလုံးအရင်း အနိုင်အဖြိုး စီရင်ခန့် ရန်တော်မူ၍ စည်းစည်းကြပ်ကြပ် ချီတော်မူသည်ဖြစ်မှ အရေးတော်ပြီးလွယ်မည် ဟူ၍ နားတော် လျှောက်သည်။

သီရိဧယျကျော်ထင် လျှောက်သော စကားကို ဇည္ဈားဒလ ကြားလျှင် ကျွန်တော် သိရိ ဧယျကျော်ထင် လျှောက်သော အရေးသည် စစ်ရေးပင် ဖြစ်ပေသည်။ သို့ရာတွင် ဘုရင် မင်းတရားကြီး နိုင်ငံတော်အလုံးတွင် ရှိသော ထီးဆောင်းမင်းတကာနှင့်တကွ ချီတော်မူ၍ လုပ်ကြံတော်မူသည်ကို ယိုးဒယား၊ လင်းဇင်းမြို့မှုကို ထားဘိ၍ တရုတ်ဦးတည်ဘွားပင် ဖြစ်သော်လည်း ခံနိုင်မည် မဟုတ် ဟူ၍ နားတော်လျှောက်သည်။ ဘုရင်မင်းတရားကြီး ဘုရားလည်း ဇည္ဈားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ နိုင်ငံတော်အလုံးတွင် ရှိသော ထီးဆောင်းမင်း အပေါင်းတို့ကို အလုံးအရင်းနှင့်တကွ အလျင် ရောက်စေ ဟူ၍ စေတော်မူသည်။

ယင်းသောခါ သောက်တော်ရေ တကောင်းဖုံး၊ စားတော်လက်ဖက်အိုး၊ သောက်ရေတော် ပတ္တမြားစီဖလားကို ရွှေမှုက်ပါးခတ်စေ၍ တံခွန်ကြီး လေးတိုင် ရွှေအပြည့် ထည့်တော်မူပြီး လျှင် ကောင်းမှုတော် မဟာစေတီမှာ လှူတော်မူသည်။ သီလဝန်၊ ဂုဏဝန်တို့နှင့် ပြည့်စုံသော သံဃာ တစ်ရာတစ်ပါးတို့ကို ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ လှူဖွယ်လှူစရာလည်း လှူတော်မူသည်။

## ၂၉၄။ ယိုးဒယားသို့ ချီရန် စီရင်တော်မူပုံ

ယင်းသို့မှ ယိုးဒယားသို့ ချီမည်ကို စီရင်ခန့်ရန်တော်မူသည်။ ဇင်းမယ်မြို့တွင် ရှိသော တိုက်လှေ၊ ကုန်လှေတို့ကို ပြင်ဆင်လုပ်ဆောင်စေ ဟူ၍ စေတော်မူသည်။ ဇင်းမယ်မင်းလည်း အမိန့်တော်အတိုင်း ဣန္ဒဂီရိစားနှင့် ဘုမ္မဂီရိစား နှစ်ယောက်ကို တပ်သားနှင့်တကွ အလျင် လုပ်ဆောင် ပြင်ဆင်ရသည်။

ယင်းသို့မှ ယိုးဒယားကို ချီတော်မူမည်ကို ခန့်ရန်တော်မူသည်။ တပ်စဉ်ကား လက်ဝဲရံတိုင် မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ နန္ဒသိမ်းစည်း မြင်းတပ်။ ဆင်တပ်မှာ နေမျိုးကျော်ထင် တစ်တပ်၊ ဇည္ဈားကျန်းထော တစ်တပ်၊ နန္ဒသကြံ တစ်တပ်၊ သမိန်အဲပရဲ

တစ်တပ်၊ သီရိဓမေယျနော်ရထာ တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ဗညားပရဲ တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ သီပေါစော်ဘွား တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ မြင်း လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်တွင် ပါသည့် တိုက်ဆင် လေးရာ, မြင်း ငါးထောင်, စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ရှေ့ဖျားချီရသည်။

လက်ျာယော်ဓာ မြင်းတပ်၊ တုရင်ဗလ မြင်းတပ်၊ တုရင်သိဒ္ဓိ မြင်းတပ်၊ စစ်တုရင်္ဂသူ မြင်းတပ်။ ဆင်တပ်မှာ– ဘယကျော်ထင် တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ မင်းမဟာ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သရေစည်သူ တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ သီရိဓမေယျကျော်ထင် တစ်တပ်၊ မိုးညှင်းစော်ဘွား တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တကွ တပ်ပေါင်း ၁၄ တပ်[1]တွင် ပါသည့် တိုက်ဆင် လေးရာ, မြင်း ငါးထောင်[2], စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ချီရသည်။

လက်ျာရဲတိုင် မြင်းတပ်၊ ဘယရာဇာ မြင်းတပ်၊ တုရင်ဗညား မြင်းတပ်၊ လက်ဝဲဘယ မြင်းတပ်၊ ဆင်တပ်မှာ မင်းကျော်ထင် တစ်တပ်၊ သမိန်ယိုကရတ် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ လက်ဝဲနန္ဒမိတ် တစ်တပ်၊ သမိန်စိတ်ပွန် တစ်တပ်၊ ဓမေယျသင်္ကြံ တစ်တပ်၊ အုန်းပေါင်စော်ဘွား တစ်တပ်၊ မိုးနဲစော်ဘွား တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်တွင် ပါသည့် တိုက်ဆင် လေးရာ, မြင်း **ငါးထောင်**[2], စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ချီရသည်။

လက်ျာတုရင် မြင်းတပ်၊ ဓမေယျတမန် မြင်းတပ်၊ တုရင်သိမ်းစည်း မြင်းတပ်၊ တုရင်ယော်ဓာ မြင်းတပ်၊ ဆင်တပ်မှာ ဓမေယျကျော်ထင် တစ်တပ်၊ ဗညားဒလ တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ ဗညားဖရူး တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်ဧဝမွင် တစ်တပ်၊ သခ်ယာ တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ သိန္နီစော်ဘွား တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်တွင် ပါသည့် တိုက်ဆင် လေးရာ, မြင်း **တစ်ထောင်**[3], စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ချီရသည်။

ဤသို့ ညီတော်၊ သားတော်တို့ကို လေးစု ပြု၍ ချီစေပြီးမှ တုရင်ဒေဝ မြင်းတပ်၊ ဒေဝသူရ မြင်းတပ်၊ သူရိယကမ္ဘာ မြင်းတပ်၊ တုရင်ယော်ဓာ မြင်းတပ်၊ ဆင်တပ်မှာ ရာဇသင်္ကြံ တစ်တပ်၊ သမိန်လကွန်းအိန် တစ်တပ်၊ သီဟပတေ့ ဗညားစက် တစ်တပ်၊ လက်ျာရန္တသူ တစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရားမှာ ဝင်းတော်လေးမျက်နှာတွင် ရှေ့တော်က တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, စစ်သည်သူရဲ တစ်သောင်းတွင် နန္ဒယော်ဓာ တပ်မှူး၊ ရာဇယော်ဓာကို စစ်ကဲ ခန့်တော်မူသည်။

လက်ယာတော်က တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ် တစ်သောင်း, သက်ရှည်ကျော်ထင်ကို တပ်မှူး၊ ဓမေယျနန္ဒမိတ်ကို စစ်ကဲခန့်တော်မူသည်။

လက်ဝဲတော်က တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ် တစ်သောင်း, ဥဒိန်ကျော်ထင်ကို တပ်မှူး၊ နန္ဒသူကို စစ်ကဲခန့်တော်မူသည်။

နောက်တော်က တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ်တစ်သောင်း, လက်ျာဓမေယျ

---

၁။ မိုးကောင်းစော်ဘွား တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်တို့ကို ထည့်၍ ၁၄ တပ် အပြည့် [မှန်နန်း–၃၄၈၊ တွင်းသင်း(၃)–၁၂၀] ပြသည်။ ၂။ လေးထောင် [တွင်းသင်း(၃)–၁၂၀] ၃။ လေးထောင် [တွင်းသင်း(၃)–၁၂၀]

သကြီးကို တပ်မှူး၊ နန္ဒသိဟကို စစ်ကဲခန့်တော်မူသည်။ တပ်တော်တွင် ဝင်းတော်လေးမျက်နှာသားကို ရွှေနှင်း၊ ရွှေလှသား၊ ရွှေကာ၊ ရွှေလုံ့နှင့်ချည်း လိုက်ရသည်။

စညားလေး တစ်တပ်၊ ဘယသကြီး တစ်တပ်၊ သီရိဓမ္မာသောက တစ်တပ်၊ သည်သုံးတပ်ကို ဟံသာဝတီတွင် အစောင့်အနေ ခန့်တော်မူသည်။

မင်းရဲသခ်ယာ တစ်တပ်၊ စညာဦး တစ်တပ်၊ သည်နှစ်တပ်ကို အရှေ့မုတ္တမ ၃၂ မြို့ကို အစောင့်အနေ ခန့်တော်မူသည်။

စေကာမတ် တစ်တပ်၊ သီရိဓမ္မရတ် တစ်တပ်၊ သည်နှစ်တပ်ကို အနောက်ပုသိမ် ၃၂ မြို့ကို အစောင့်အနေ ခန့်တော်မူသည်။

သမိန်ဓော်ကရုတ် တစ်တပ်၊ လက်ဝဲနန္ဒသူ တစ်တပ်၊ သည်နှစ်တပ်ကိုမူကား ကောင်းမှုတော် မဟာစေတီ ပြီးသည်ကို လုပ်ရစ်ရသည်။

## ၂၈၅။ ယိုးဒယားသို့ ကိုယ်တော်တိုင် ချီတက်ပုံ

ဤသို့ ပြည်အလုံးကို စီရင် ခန့်ရန်တော်မူ၍ သက္ကရာဇ် (၉၂၅) ကိုးရာနှစ်ဆယ့်ငါးခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်[1]၊ ၂-လာနေ့ ယိုးဒယားသို့ ဟံသာဝတီက ချီတော်မူ၍ "အောင်ထင်သာစည်" ဟူသော တပ်တော်တွင် ချတော်မူသည်။ အောင်ထင်သာစည် တပ်တော်ကသည် ကမန်ပိုက်တိုင် ၃၂ ခခန်းကို ချီတော်မူသည်။ ကမန်ပိုက်တွင် တပ်ကို "အောင်ချာနဂိုရ်" ဟူ၍ သမုတ်တော်မူသည်။

ဇင်းမယ်(မင်း)ကား ရောက်တော်မလိုက်ဘဲ သောင်းကျန်း၍ နေရစ်လေသည်။ ဇင်းမယ်တွင် ရှိသော တိုက်လှေ ၃၀၀ ကျော်ကိုမူကား ဣန္ဒဂီရိ(စား)၊ ဘုမ္မဂီရိစားတို့ ဇင်းမယ်က ချီ၍ လုပ်သောကြောင့် ဇင်းမယ်က မသိမ်းမယူ ရတော်မူသည်။ ထိုတိုက်လှေ၊ ကုန်လှေတို့တွင် စပါးဆန် တင်၍ ဆောင်ယူခဲ့ရသည်။ ကမန်ပိုက်သို့ ရောက်တော်မူလျှင် ကမန်ပိုက်စားလည်း မြို့ပြ၊ ကျုံးမြောင်း၊ ကတုတ်၊ ရင်တား ပြင်ဆင်၍၊ လက်နက်ကိရိယာ စီစဉ်၍ မြို့က အခိုင်အလုံ ခံ၍ နေတော်မူသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ရောက်တော်မူ၍ မိုးသောက်လျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ယခုပင် ကမန်ပိုက်မြို့ကို လုပ်ကြတော်မူမည်။ ဆင်သည်လည်း ဆင်နှင့် မြို့ရင်းသို့ ရောက်စေ။ မြင်းသည်လည်း မြင်းနှင့် မြို့ရင်းသို့ ရောက်စေ။ ခြေသည်လည်း လှေကား၊ တူးရွင်း ကိုင်၍ မြို့ရင်းသို့ ချဉ်း၍ မြို့ကို တူးစေ၊ တက်စေ အမိန့်တော် ရှိသည်။

## ၂၈၆။ ကမန်ပိုက်ကို တိုက်ယူ၍ သောက္ကတဲ၊ သုဝဏ္ဏလောက်[2]၊ ပိတ်စဲ[3]၊ တနသာရီသို့ စေလွှတ်တိုက်ယူပုံ

တပ်မှူးစစ်ကဲအပေါင်းတို့လည်း အမိန့်တော်အတိုင်း တည်အောင် စီရင်ကြသည်။ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့လည်း အကြောက်အရွံ့ မရှိ မြို့ရင်းသို့ချဉ်း၍ တချို့ မြို့တံခါးကို ဆင်နှင့် တိုက်သည်။ တချို့ မြို့ကို လှေကားထောင်၍ တက်သည်။ တချို့ မြို့ကို တူးကုန်သည်။ ဤသို့ လုပ်ကြတော်မူလျှင် တဘက် တစ်ခဏချင်း လျှပ်တစ်ပြက်ကဲ့သို့ လက်ဝါးပြကာ အောင်မြင်တော်မူသည်။ ကမန်ပိုက်မြို့ ပျက်လျှင် ရဲမက်တော်အပေါင်းတို့

---

၁။ ၁၂ အောက်တိုဘာ ၁၅၆၃ ၂။ သဝန်ခလောက်- သုဝဏ္ဏလောက် (Sawankhalok)မြို့။ ၃။ ပိတ်စဲ (Phichit)

သုံ့ပန်း ဖမ်းယူကြသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဆင်၊ မြင်း၊ လက်နက် ကိရိယာ ကိုသာ သိမ်းယူတော်မူသည်။ ရွှေ ငွေ၊ ကြေး၊ သံ၊ အဝတ်အစားတို့ကိုမူကား ရသသူ ယူရသည်။ ဂမန်ဝိုက်စားကိုလည်း သား မယား အခြွေအရံနှင့် တကွ သိမ်းယူတော်မူ၍ အကြပ်ထားတော် မူသည်။ ဘယနဒ္ဓမိတ်နှင့် လက်ျာဇေယျသူကို အစောင့်အနေ ခန့်တော်မူသည်။

ယင်းသို့မှ ဗညားဒလ ဤသို့ နားတော်လျှောက်သည်။ ယခု ယိုးဒယားမြို့ကို ရှိနှင့်စေ၍ သောက္ကတဲ၊ ပိသလောက်၊ သုဝဏ္ဏလောက်၊ ပိတ်စဲ၊ တနသာရီသို့ ချီတော်မူ၍ သိမ်းယူ တော်မူပြီးမှ ယိုးဒယားမင်းသည် အတောင်ကျွတ်သော ငှက်ကဲ့သို့ ရှိမည် ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍-

သားတော် မဟာဥပရာဇာနှင့် ညီတော် ဘုရင်မင်းခေါင်တို့ နှစ်ဆယ့်ရှစ်တပ်ကို သောက္ကတဲ သို့ ချီ၍ လုပ်ကြရသည်။

ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့် သမက်တော် အဝဘုရင် သတိုးမင်းစောတို့ ၂၈ တပ်သားကို ပိသလောက်သို့ ချီ၍ လုပ်ကြရသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဆယ်တပ်နှင့် သုဝဏ္ဏလောက်သို့ ချီတော်မူသည်။

သားတော် မဟာဥပရာဇာတို့ ချီရာမှာ သောက္ကတဲစားသည် ဆင်လုံး မြင်းရင်း(အ)များနှင့် မြို့က ထွက်၍ ကြိုလာသည်ကို တွေ့တော်မူလျှင် အဆီးအတားမရှိ ဆင်ချွန်းဖြင့်ကာ လွှတ် ကြသည်။ သောက္ကတဲစား အားမတန်၍ ဆုတ်လေ၏။ ခဲမက်တော်တို့လည်း နောက်ထပ် လိုက်သည်။ မြို့ရင်းသို့ရောက်လျှင် မြို့ကို တက်မိ၍ တစ်မြို့လုံးကို မြို့စားနှင့်တကွ ရတော်မူသည်။ ယင်းသို့မှ သောက္ကတဲစားနှင့်တကွ တစ်မြို့လုံးကို သိမ်းယူတော်မူ၍ ဘဝရှင်မင်းတရားကြီး ဘုရား ရှိရာသို့ ပေါင်းလာ၏။

ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ချီရာမှာ ပိသလောက်စားသည် မြို့ပြ၊ ကျုံးမြောင်း၊ ကတုတ်၊ ရင်တား ပြင်ဆင်၍ မြို့က ခံနှင့်သည်ကို ညီတော် သတိုးဓမ္မရာဇာတို့ ရောက်တော် မူလျှင် မြို့ကိုဝန်းရံ၍ ငါးရက်ခန့် ဆင် မြင်း ဗိုလ်ပါတို့ကို ဖြည့်တင်းပြီးလျှင် အမြောက်ကြီး မြတပူနှင့် မီးပေါက်မိုး ရွာစေပြီးမှ မြို့ကိုချဉ်း၍ ဆင်သည်၊ မြေသည် အပေါင်း လုပ်ကြသည်။ မခံနိုင်၍ ပျက်လေ၏။ ပိသလောက်မြို့ကို ရတော်မူသည်။ မြို့စားနှင့်တကွ (တစ်)မြို့လုံးကို သိမ်းယူတော်မူခဲ့၍ ဘဝရှင် မင်းတရားကြီးဘုရားသို့ ပေါင်းလာသည်။

ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူရာမှာ သုဝဏ္ဏလောက်စားလည်း ဘဝရှင်မင်းတရား ကြီး ဘုရား ချီတော်မူလာသည်၊ ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ များလှသည် ဟူ၍ ကြား လျှင် လက်ဆောင် လက်နက်အများနှင့် ဆီးကြို၍ ကျွန်တော် ဘဝရှင်မင်းတရားကြီးဘုရားကို အန်မတုဝံ့ပါ။ ယိုးဒယားမြို့ကို အလိုတော်ပြည့်လျှင် ကျွန်တော်မှာ ပင်ပန်းတော်မူရမည် အခင်းမရှိပြီ ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း သုဝဏ္ဏလောက် သို့ အရောက် ချီတော်မူ၍ ညီတော်၊ သားတော် အပေါင်းကို ငံ၍ နေတော်မူသည်။

## ၂၉၇။ သုဝဏ္ဏလောက်က ယိုးဒယားမြို့တော်သို့ ချီတက်ပုံ

ယင်းသို့စဉ်တွင် ဩယာပိတ်စဲက လက်ဆောင် လက်နက်အများနှင့် ကျွန်တော်ခံလာသည်။ ညီတော်၊ သားတော်တို့ အရောက်ညီလျှင် ဩယာဓမ္မရာဇာ၊ ဩယာသုဝဏ္ဏလောက်၊ ဩယာ

ဝိတ်စိတ်တို့ကို ခေါ်တော်မူ၍ ယိုးဒယားသို့ ချီတော်မူသည်။ သုဝဏ္ဏလောကသို့ ရောက်တော်မူလျှင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ရေကြောင်း တိုက်လေ့အများနှင့် ချီရသည်။

အဝရှင်မင်းတရားကြီးဘုရားမှာ သားတော် မဟာဥပရာဇာတို့ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်ကို လက်ယာကြောင်း ချီတော်မူရသည်။ ညီတော် တောင်ငူဘုရင်မင်းခေါင်တို့ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်ကိုလည်း အလယ်ကြောင်း ချီရသည်။

သမက်တော် အဝဘုရင် သတိုးမင်းစောတို့ မြင်းတပ်နှင့်တကွ တပ်ပေါင်း ၁၄ တပ်ကိုလည်း လက်ဝဲကြောင်း ချီရသည်။

အဝရှင် မင်းတရားကြီးဘုရားမှာ မြင်းတပ် လေးတပ်နှင့်တကွ တပ်ပေါင်း ဆယ်တပ် နောက်အုပ် ချီတော်မူသည်။

သခန်ခေလောက်[1] က ချီတော်မူ၍ တစ်စခန်း ရောက်တော်မူလျှင် ယိုးဒယားမင်းသမက် နောက်တော်တွင် ပါသော ဩယာဓမ္မရာဇာ လျှောက်သည်။ အရေးတော်ပြီးမည် အကြောင်းကို ယိုးဒယားမင်းသို့ ကျွန်တော် လေပါမည်၊ ခွင့်ပြုတော်မူပါဟု နားတော်လျှောက်သည်။ အဝရှင် မင်းတရားကြီးဘုရားလည်း ဩယာဓမ္မရာဇာက ယိုးဒယားမင်းသို့ စေမည် လျှောက်ရာမှာ အလျှောက်ရောလိမ့်မည်။ ငါ လုပ်ကြံတော်မူရသည်ကို ဇမ္ဗူဒိပ် မြေအပြင်ဝယ် မိနိုင်မည် ပြည့်တောင်မင်း ရှိသလော ဟူ၍ အမိန့်တော်ရှိသည်။

## ၂၉၈။ နောက်တော်ပါ ဩယာဓမ္မရာဇာက ယိုးဒယားဘုရင်ထံ စေပုံ

ဩယာဓမ္မရာဇာလည်း အမိန့်တော်ကို ကြားလျှင် ယိုးဒယားမင်းကို ဤသို့ စေသည်။

“အဝရှင်မင်းတရားကြီးဘုရား ယခု ချီလာရာမှာ ညီတော်၊ သားတော် အစရှိသော ထီးဆောင်းမင်း အပေါင်းနှင့် ဖြစ်၍ ဆင် မြင်း ဗိုလ်ပါလည်း များလှသည်။ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့သည် အသက်ကို စွန့်၍ အမှုကို ထမ်းမည်သူချည်း ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် အရေးပြီးမည် အကြောင်းကို အလျှင်ဆီးကြို၍ လျှောက်လှာသည် ဖြစ်မှ စည်းစိမ်မပျက် အသက် မသေ ရှိမည်”

ဟူ၍ စေလိုက်သည်။

ယိုးဒယားဘုရင်လည်း အရေးအရာ မလျှောက်လာ။ စေလှာသသူကို ချုပ်ထားပြီးလျှင် ယိုးဒယားဘုရင်သား ဖြူမဟိန်[2] ဟူသော အိမ်ရှေ့မင်းကို တိုက်လေ့ သုံးရာတွင် စိန်ပြောင်း မြတ်ပူ လက်နက်ကိရိယာ အများ တင်၍ ကုလားဘုရင်ကျိ၊ ရှဠီ[3]၊ ပင်းကား အပေါင်းနှင့် ဆီးကြို၍ ခံရသည်။

## ၂၉၉။ ဖြူမဟိန် ဆီးကြို၍ တိုက်ပုံ

ခံလှာကြောင်းကို ကြားတော်မူလျှင် နေမျိုးကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးပြုစေ၍ တစ်ကြောင်း၊ ဘယကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးပြုစေ၍ တစ်ကြောင်း၊ နန္ဒကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးပြုစေ၍ တစ်ကြောင်း၊ သည်မြင်းတပ် ၁၂ တပ်နှင့် အမတ်ကြီး သုံးဦးတို့ကို ရှေ့လွှတ်၍ အစုံအစမ်း ချီရလေသည်။ ယိုးဒယားမင်းသား အိမ်ရှေ့မင်း

၁။ သခန်ခေလောက်- သုဝဏ္ဏလောက   ၂။ ဖြူမဟိန် [Phra Mahin](၁၅၆၉)   ၃။ ရှဠီ (မှန်နန်း-၃၅၂)

ရေကြောင်း ချီလာသည်နှင့် တွေ့ကြလျှင် လေ့က ကုလားတို့ ကြည်းသို့ တက်၍ ခိုနံကြောင်း မြို့တမှုနှင့် ပစ်သည်။ မြင်းတော်သည်တို့ အထိအပါး အရှေ့ရေမှ များလှချေသည်။ ယင်းသို့စဉ် တွင် သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ သမက်တော် အဝမင်းတို့ ရောက်၍ ဆင်တပ် ဖိ၍ တိုက်လျှင် ယိုးဒယားတို့ မခံနိုင်၍ ပျက်၍ လေ့တပ်သို့ ဝင်ပြေးလေ၏။

ယင်းသို့စဉ်တွင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ပေါင်းလေ၏။ သည်။ ယိုးဒယားက ချီလာသော လေ့တပ်ပျက်၍ ကမ်းကသီ ကမ်းကလျှား ရှိလေ၏။ တိုက်လေ့ တစ်ရာကျော် လက်နက်ကိရိယာနှင့်တကွ ရတော်မူလိုက်၏။ သုံ့ပန်း လူနှစ်ရာကျော်လည်း ရတော်မူသည်။ သေလေသည်လည်း များ၏။ ယိုးဒယားဘုရင်သား အိမ်ရှေ့မင်းမှကား လေ့ လျှင်နှင့် အပြင်းချွာလေသောကြောင့် လွတ်လေသည်။ ယိုးဒယားဘုရင်လည်း သားတော် အိမ် ရှေ့မင်း ရောက်လာလျှင် သားနှင့် ညီကို တိုက်ဆင် ငါးရာ၊ မြင်း မြောက်တောင်၊ စစ်သည် သူရဲ တစ်သိန်း[၁] စီရင်၍ အလျှင် ချီရသည်။

ယိုးဒယားမင်းမှကား တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်[၂]၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် နောက်တပ်မ ပြု၍ ချီသည်။ လုံကလီ[၃] ဟူသော အရပ်သို့ ရောက်လျှင် တပ်နိုင်တပ်လုံ တည်၍ နေသည်။ သားနှင့်ညီကို ကြိုလာရသည်။ ဘဝရှင်မင်းတရားကြီးဘုရားက ရှေ့လွှတ်၍ ချီစေသော မြင်းတပ်နှင့် တွေ့ကြလျှင် မြင်းတော်သည်တို့ လိုက်၍ တိုက်သည်။ ယိုးဒယားမြင်းတပ်၊ အားမတန်၍ ရွေ့လေ၏။

ယင်းသို့စဉ်တွင် ဆင်တပ် ရောက်လာ၍ မနည်းကြာခံ၍ ပစ်ခတ်ကြသည်နှင့် စစ်ရေးငင် ခဲ့၏။ ယိုးဒယားသားတို့လည်း ဆင်ပါ မြင်းပါ ဖိ၍ လိုက်လာသည်ကို နီးလျှင် သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ အဝမင်းတို့လည်း အကြောက်အရွံ့မရှိ ဆင်ချွန်းဖွင့် ကာ လွှတ်တော်မူကြသည်။ စော်ဘွား၊ စော်ကန်၊ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း သူ့ထက်ငါ ပွဲရအောင် ဆင်ချွန်းဖွင့်ကာ လွှတ်ကြ၏။ ယိုးဒယားမင်း သား၊ သမက်တို့ မခံနိုင်၊ ပျက်လေ၍ စီးသည့် ဆင်နှင့်သာ လုံကလီတပ်သို့ ပြေးဝင်လေ၏။ မဟာဥပရာဇာ၊ တောင်ငူမင်း၊ အဝမင်း စသော စော်ဘွား စော်ကန် အမှူးအမတ် အပေါင်းတို့လည်း ဆင်ပါ မြင်းပါ လိုက်၍ တိုက်သည်။ တပ်ရင်းသို့ ရောက်လေ၏။ ဆင် မြင်း လူသူ ရသည်လည်း များ၏။

## ၃၀၀။ ယိုးဒယားဘုရင် ခံ၍ နေသော လုံကလီတပ်ကို တိုက်ယူပုံ

ယင်းသို့မှ ဘဝရှင်မင်းတရားကြီးဘုရား ရောက်တော်မူလျှင် တပ်မှူး စစ်ကဲ အပေါင်းတို့ ကို ယခုပင် လုံကလီတပ်ကို ငါလုပ်ကြတော်မူမည်။ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်း တို့ တပ်ရင်းသို့ ချဉ်း၍ ဆင်သည်လည်း ဆင်နှင့် တပ်ကို တိုက်စေ။ မြင်းသည်လည်း မြင်းနှင့် တပ်ကို ချဉ်း၍ တိုက်စေ။ ခြေသည်လည်း လှေကား၊ တူးရွင်းနှင့် တချို့ တပ်ကို တိုက်စေ၊ တချို့ တပ်ကို တူးစေ။ အမိန့်တော်အတိုင်း မတည်လျှင် ကြီးစွာသော အကွပ်တော်ကို ခံရလိမ့် မည် ဟူ၍ တပ်တိုင်း အမိန့်တော် ပြန်ရသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း အမိန့်တော် အတိုင်း တည်အောင် အဆည်းအတား မရှိ၊ သူ့ထက်ငါ တပ်ကို ဝန်းရံ၍ လုပ်ကြကြသည်။ သက္ကရာဇ် (၉၂၅) ခု တပို့တွဲလပြည့်ကျော် ၁၅ ရက်၊ ၂-လာနေ့[၄] သင်္ဘော်သုံးစင်းနှင့်တကွ

[၁]။ မြောက်မြသောင်း (မှန်နန်း-၃၅၃) [၂]။ ရှစ်ထောင် (-ထို-) [၃]။ လုံကလီ (Lumphli Plain) [၄]။ ၁၁ ဖေဖော်ဝါရီ ၁၅၆၄ [သက္ကရာဇ် ၉၂၅ တပို့တွဲ လပြည့်ကျော် ၁၁ ရက် တနင်္လာ (၇ ဖေဖော်ဝါရီ ၁၅၆၄) (တွင်းသင်း ၃-၁၂၃)]

လုံကလီတပ်ကို ရတော်မူသည်။ ယိုးဒယားဘုရင်လည်း မြင်းစီး၍ သား၊ သမက်တို့နှင့် မြို့တွင်းသို့ ပြေးဝင်၍ လွတ်လေသည်။ ရဲမက်တော် အပေါင်းတို့လည်း လိုက်လံ၍ သုံ့ပန်း ဖမ်းယူလေသည်။ ဆင် မြင်း လူသူ အများ ရတော်မူသည်။

### ၃၀၁။ ယိုးဒယားမင်း ဆင်ဖြူဆက်၍ အညံ့ခံပုံ

ယင်းသို့မှ လုံကလီတပ်တွင် ဘဝရှင်မင်းတရားကြီးဘုရား နေတော်မူ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ယိုးဒယားမြို့ကို ခြံလှောင်သကဲ့သို့ ဝန်းရံ၍ တပ်နှင့်ချည်း နေရသည်။ ဤသို့ ဝန်းရံတော်မူ၍ အမြောက်ကြီး မြတာပူနှင့် မီးပေါက်မိုး ရွာလျှင် ယိုးဒယား တစ်မြို့လုံး အသားစားလစ္ဆုံ့သို့ ကြောက်ရွံ့ကုန်၏။ အညံ့ခံမည် အကြောင်းကို ယိုးဒယားမင်းအား လျှောက်ကုန်၏။ ယိုးဒယားဘုရင်လည်း သား၊ သမက်တို့နှင့် တိုင်ပင်ပြီးလျှင် ဆင်ဖြူတစ်စီးကို လက်ဆောင်ပြု၍ အမှူးအမတ်နှင့်တကွ ယိုးဒယားမင်းက လျှောက်လွှာရသည်။ လျှောက်ဟန်ကား-

"စည်းစိမ်မပျက် အသက်မသေမည် အကြောင်းကို ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ်သစ္စာတော်ကို ခံ၍ ခြေရင်းတော်မှာ နေပါမည်။ ကျွန်ုပ်သား ဖြမဟိန်ကိုမူကား ယိုးဒယားမြို့ကို သနားတော်မူ၍ အစဉ်မပျက် မင်းပြုပါစေ"

ဟူ၍ ယိုးဒယားမင်း ဆရာတော်ကို စေ၍ နားတော်လျှောက်လာသည်။ ဆင်ဖြူများသခင် ဖြစ်တော်မူသော ဘဝရှင် မင်းတရားကြီးဘုရား ယိုးဒယားမင်းက လျှောက်လာသော စကားကို ကြားတော်မူ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ယိုးဒယားမြို့လည်း သာသနာတော်မြတ်တည်ရာ ဖြစ်၍ ဘုရား ၄ ကျောင်း အရိယာသံဃာ များသည်။ ထိုအရိယာသံဃာတို့သည် ယိုးဒယားမြို့ကို ငါဝန်းရံတော်မူသည်မှ စ၍ အလွန်ကျဉ်းမြောင်းလှပေသည်။ ယင်းသို့ ဖြစ်သောကြောင့် ယိုးဒယားမင်းက လျှောက်လာသည်အတိုင်း ငါ ခွင့်ပြုတော်မူမည် အကြံရှိသည်။ ပသို့ ထင်ကြသနည်း ဟူ၍ ခင်းကျင်း စိုင်းပြင်းတော်မူသည်။

ယင်းသောခါ ဗညားဒလ လျှောက်သည်။ ယိုးဒယားမင်းသည် အထက်က သံစေတော်မူသောအခါ သောင်းကျန်း ရိုင်းပျသော စကားကို ဆိုလေသောကြောင့် မြေကြီးအထုနှင့် တုသော ဆင်လုံး မြင်းရင်း အပေါင်းနှင့် ချီတော်မူ၍ ယိုးဒယားကျေးလက် အပေါင်းတို့ကို သိမ်းယူတော်မူလျှင် ယိုးဒယားမင်းသည် အတောင်ကျွတ်သော ငှက်ကဲ့သို့ မထောင်ထားနိုင်၍ အသနားတော်ခံလှာသည် အရာမှာ သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါမည် ဆိုလျှင် အရေးတော် ပြီးတော့သည်။ သို့ရာတွင် ယိုးဒယားမင်း အကြီးနှင့် သား၊ သမီး၊ ဆင်ဖြူလေးစီးကို သိမ်းယူတော်မူမှ ဖွပ်ဖပ်ကျိုးနွံမည် ဖြစ်သည် ဟူ၍ နားတော်လျှောက်သည်။

### ၃၀၂။ ယိုးဒယားဘုရင် သစ္စာခံ၍ သား ဖြမဟိန်ကို ယိုးဒယား၌ မင်းပြုစေခြင်း

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလ လျှောက်သော စကားကို ကြားတော်မူလျှင် ယိုးဒယားမင်းနှင့် သား အိမ်ရှေ့မင်းကို စီးမြဲ နင်းမြဲ အစီးအနင်းနှင့်၊ ဆောင်မြဲသော အဆောင်အယောင်နှင့် ထွက်လှာစေ ဟူ၍ အမိန့်တော်ရှိသည်။ ယိုးဒယား

မင်းဆရာတို့ ပြန်လေ၍ အမိန့်တော်ကို ကြားလျှင် ယိုးဒယားမင်းနှင့် သားအိမ်ရှေ့ ဗြမဟိန်လည်း ဆင်ဖြူပေါက် နှစ်စီး၊ ဆင်ဖြူမ တစ်စီး၊ ပေါင်း- ဆင်ဖြူ သုံးစီးနှင့်တကွ အထူးထူးသော ပုဆိုးကောင်း၊ သက္ကလတ်အစိမ်း၊ ပတ္တမြား၊ ဓါသာ၊ ပင်က၊ ဇော်ကရက်၊ မုဂ်၊ သိင်္ဂါ၊ ဖော်ယော်၊ နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ အကျော်၊ စမွာ၊ ဖုံးမသိန်၊ အန်ဖတ်၊ နင်းရည်၊ ပရဆေး များစွာ လက်ဆောင်တော်ယူ၍ စီမံ နိုင်ခြင်းသော အစီအရင်၊ ဆောင်ခြင်းသော အဆောင်အယောင်နှင့် အမှုူးအမတ် အပေါင်း ဝန်းရံ၍ သက္ကရာဇ် (၉၂၅) ကိုးရာနှစ်ဆယ့်ငါးခု တပေါင်းလဆန်း ရှစ်ရက်[1] သောကြာနေ့ မြို့တွင်းက ထွက်သည်။

ဆင်ဖြူများသခင် ဘုရင့် မင်းတရားကြီးဘုရားသည် တဲတော်ဦး မာရဇာင်တွင် ကျည်းတံခါး ထားတော်မူ၍ မာရဇာင်တံခါးပြင် ၁၅ တောင်ခန့်တွင် နီးပေါက်များထက် သင်ဖြူး အနားမွမ်း ခင်း၍ ထားသည်။ သား အိမ်ရှေ့မင်း နေရာကိုလည်း ယိုးဒယားမင်းနှင့် ၅-တောင်ခန့် ခွာ၍ ခင်းရသည်။

ယင်းကမှ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်ဘုရင်၊ တောင်ငူဘုရင်၊ အဝဘုရင် စသော ဓော်ဘွားဓော်ကန် မှူးတော်မတ်တော် ခေါ်ဗညား အပေါင်းတို့ကို နေရာစဉ်အတိုင်း ချတော်မူ၍ နေစေပြီးမှ ယိုးဒယားဘုရင်ကို ဝင်းတော်တံခါးပြင် ခေါ်ယူ၍ သက်ရသည်။ ရာဇသင်္ကြိနှင့် စနွေရာ(သိ) ကြပ်မ၍ တဲတော်ဦး နေရာတိုင် လိုက်ရသည်။ ယိုးဒယားမင်း သားတော် အိမ်ရှေ့မင်းကိုမူကား ခေါ် မယူ၍ရ။ ဝင်းတော်ပြင်ကသည် တဲတော်ဦးတိုင် ရာဇ တမန်နှင့် ပုညယော်ဓာကို ကြပ်မရသည်။ ယိုးဒယားဘုရင် အဆောင်အယောင်ကိုမူကား အဆောင်ကိုင်တို့ တက်၍ မတည်ရ။ ဝင်းတော်တွင်း တဲတော်အောက် ကနားတွင် နေရသည်။

မြန်မာ မှူးသားမတ်သားတို့ အဆောင်ကို ယူ၍ ယိုးဒယားမင်း နေရာမှာ တည်ရသည်။ ယိုးဒယားမင်းကိုလည်း နေရာတွင် ထက်ဝယ်ဖွဲ့၍ နေရသည်။

ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ မာရဇာင်တံခါးကို ဖွင့်တော်မူ၍ တံခါးတွင်းက သလွန် တော်နှင့် နေတော်မူသည်။ ထွက်တော်မူသောခါ ယိုးဒယားမင်း ရှိမခိုးရ၊ လက်ယှက်၍သာ နေရသည်။

ယင်းသို့မှ ဤသို့ အမိန့်ရှိသည်။ ငါသို့သော အားငါးပါးနှင့် ပြည့်စုံသော မင်းစကြာ လုပ်ကြံရသည်ကို ဇမ္ဗူဒိပ်မြေပြင်ဝယ် ဘယ်ပြည်ထောင်မင်းသည် ခံဝံ့မည်နည်းဟု အမိန့်တော် ရှိသည်။ ယိုးဒယားမင်းလည်း ဘုန်းတော်၊ တန်ခိုးတော် ကြီးမြတ်တော်မူသော မင်းဖြစ်၍ မျက်နှာယှဉ်၍ မတိုက်ဝံ့ ရှိချေသည်ဟု နားတော်လျှောက်သည်။

ယင်းသို့မှ လက်ဆောင်တော်ကို သိမ်းစေ၍ ယိုးဒယားမင်း ကိုယ်မှစ၍ သားတော်၊ သမက်တော်၊ ညီ၊ အမှုူးအမတ်တို့ကို သစ္စာပေးရသည်။ သစ္စာတော်ပေးပြီးလျှင် ယိုးဒယား ဘုရင်သား ဗြမဟိန်ကို ယိုးဒယားမြို့ကို ပေးတော်မူသည်။ ယိုးဒယားမင်းသမက် ဝိသလောက် စားကိုလည်း ဝိသလောက်မြို့ကို ပေးတော်မူသည်။ သောက္ကတဲမြို့ကို စားသော ယိုးဒယားမင်း ညီကိုလည်း စားမြဲစား ဟူ၍ အဆောင်အယောင်နှင့်တကွ ပေးတော်မူသည်။ ဝိတ်စဲမြို့ကို စားသော ယိုးဒယားမင်း ညီအလတ်ကို စားမြဲစား ဟူ၍ အဆောင်အယောင်နှင့် တကွ ပေးတော် မူသည်။

---

၁။ ၁၈ ဖေဖော်ဝါရီ ၁၅၆၄

## ၃၀၃။ ယိုးဒယားပြည်၌ စံနေသော မင်းတို့အကြောင်း

ယိုးဒယားပြည်ကြီး အကြောင်းကား– သက္ကရာဇ် (၇၁၀)[၁] တွင် ဒွါရာဝတီ မည်သော ယိုးဒယားပြည်ကြီး ဖြာရာဇာဓိပတိ အမည်ရှိသော မင်းသည် တည်ထောင်စ ပြုသည်။ ဖြာရာဇာဓိပတိ စည်းစိမ် ၂၀– သက္ကရာဇ် (၇၃၀)[၂] တွင် အနိစ္စရောက်၍ သားတော် ဖြာရာမာသွန်* မင်းဖြစ်တော်မူသည်။ ဖြာရာမာသွန် စည်းစိမ် ၁၀– သက္ကရာဇ် (၇၄၀)[၃] တွင် အနိစ္စရောက်၍ သားတော် ပရမရာဇာ မင်းဖြစ်တော်မူသည်။ ပရမရာဇာ စည်းစိမ် ၉ နှစ်– သက္ကရာဇ် (၇၄၉)[၄] အနိစ္စရောက်လျှင် သားတော် မဟာဓမ္မရာဇာ မင်းဖြစ်တော်မူသည်။ မဟာဓမ္မရာဇာ စည်းစိမ် ၁၉ နှစ်– သက္ကရာဇ် (၇၆၈)[၅] ၌ အနိစ္စရောက်လျှင် သားတော်ဖြစ္စပတ် မင်းဖြစ်တော်မူသည်။ ဖြစ္စပတ် စည်းစိမ် ၆ နှစ်– သက္ကရာဇ် (၇၇၄)[၆] ၌ အနိစ္စရောက်လျှင် သားတော် ပေါ်ရုပ်သံ မင်းဖြစ်တော်မူသည်။ ပေါ်ရုပ်သံ စည်းစိမ် ၃၇– သက္ကရာဇ် (၈၁၁)[၇] ၌ အနိစ္စရောက်လျှင် သားတော် ပရမရာဇာဓိရာဇာ မင်းဖြစ်တော်မူသည်။ ပရမရာဇာဓိရာဇာ စည်းစိမ် ၃၈–သက္ကရာဇ် (၈၄၉)[၈] ခုတွင် အနိစ္စရောက်လျှင် သားတော် ပရမတိလောက မင်းဖြစ်တော်မူသည်။ ပရမတိလောက စည်းစိမ် ၄– သက္ကရာဇ် (၈၅၃)[၉] ၌ အနိစ္စရောက်လျှင် သားတော် ဖြာရာမာဓိပတိ မင်းဖြစ်တော်မူသည်။ ဖြာရာမဓိပတိ စည်းစိမ် ၁၇– သက္ကရာဇ် (၈၇၀)[၁၀] တွင် အနိစ္စရောက်၍ သားတော် ဖြာသာဓိရာဇာ မင်းဖြစ်တော်မူသည်။ ဖြာသာဓိရာဇာ စည်းစိမ် ၃၃– သက္ကရာဇ် (၉၀၃)[၁၁] ခုတွင် အနိစ္စရောက်လျှင် သားတော် ဖြာသီရိဒုယမ် မင်းဖြစ်တော်မူသည်။ ဖြာသီရိဒုယမ် စည်းစိမ် ၁– သက္ကရာဇ် (၉၀၄)[၁၂] ခုတွင် အနိစ္စရောက်၍ မယ်တော်မိဖုရား မင်းပြုတော်မူသည်။ မိဖုရား စည်းစိမ် ၁– သက္ကရာဇ် (၉၀၅)[၁၃]

---

၁။ အေဒီ ၁၃၄၈ ၂။ အေဒီ ၁၃၆၈ ၃။ အေဒီ ၁၃၇၈ ၄။ အေဒီ ၁၃၈၇ ၅။ အေဒီ ၁၄၀၆ ၆။ အေဒီ ၁၄၁၂ ၇။ အေဒီ ၁၄၄၉ ၈။ အေဒီ ၁၄၈၇ ၉။ အေဒီ ၁၄၉၁ ၁၀။ အေဒီ ၁၅၀၈ ၁၁။ အေဒီ ၁၅၄၁ ၁၂။ အေဒီ ၁၅၄၂ ၁၃။ အေဒီ ၁၅၄၃ * ဖြာရာမာသွန် (မှန်နန်း–၃၅၆)

KING OF AYUDHYA (ယိုးဒယားမင်းဆက်)

| | |
|---|---|
| | 13511369 |
| 1. Ramathibodi | 1369-1370 |
| 2. Ramesuan | 1370-1388 |
| 3. Borommaracha I | 1388 |
| 4. Thong Chan | 1388-1395 |
| 5. Ramesuan (second reign) | 1395-1409 |
| 6. Ramaracha | 1409-1424 |
| 7. Intharacha | 1424-1448 |
| 8. Borommaracha II | |
| 9. Borommatrailokanat | |
| (ruling in Ayudhya) | 1448-1463 |
| (ruling in Phitsanulok) | 1463-1488 |
| 10. Borommaracha III | |
| (in Ayudhya) | 1463-1488 |
| 11. Intharacha II | 1488-1491 |
| (nos. 10 and 11 are the same) | |
| 12. Ramathibodi II | 1491-1529 |
| 13. Borommaracha IV | 1529-1533 |
| 14. Ratsada | 1533-1534 (5 months) |
| 15. Chairacha | 1534-1547 |
| 16. Yot Fa | 1547-June 1548 |
| 17. Khun Worawongsa (usurper) | June-July 1548 |
| 18. Chakkraphat | July 1548-January 1569 |
| 19. Mahin | January - August 1569 |
| 20. Maha Thammaracha | August 1569- June 1590 |
| 21. Naresuan | June 1590-April 25, 1605 |
| 22. Ekathotsarot | April 25, 1605-October 1610/November 1611 |

[David K. Wyatt: Thailand; A Short History, Chiang Mai, 1982, p.312.]

ခုတွင် အနိဋ္ဌရောက်လျှင် သားတော် ပြဿဒိရာဇာ မင်းဖြစ်တော်မူသည်။ ပြဿဒိရာဇာ နန်းတက်၍ ၅ နှစ်– သက္ကရာဇ် (၉၁၀)[1] တွင် ဟံသာဝတီက မင်းတရားရွှေထီး ချီတော်မူ၍ လုပ်ကြံတော်မူသည်။ အရေးတော်ပြီး၍ တစ်နှစ်ရှိလျှင် မင်းတရားရွှေထီး အနိဋ္ဌရောက်တော်မူ၍ ကြားများလေသည်ကို သက္ကရာဇ် (၉၂၅)[2] ခုတွင် ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်မင်းတရားကြီးဘုရား သည် တိုင်းကြီး ပြည်ကြီးအပေါင်း ထီးဆောင်း မင်းတကာတို့နှင့်တကွ ချီတော်မူ၍ လုပ်ကြံတော် မူလျှင် ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော မင်းတို့၏ နေရာဖြစ်သော ဒွါရာဝတီ အမည်ရှိသော ယိုးဒယားမြို့ကို လက်ဝါးပြကာ အောင်မြင်တော်မူသည်။

ယင်းသို့မှ ယိုးဒယားမင်းကြီး သားတော် ဗြမဟိန်ကို ထီးဖြူမကိုင်ရ မင်းဖြစ်စေ၍ ငါးပါးနှင့်တကွ မင်းဆောင် မင်းယောင် မင်းခမ်းမင်းနား ပေးတော်မူ၍ ယိုးဒယားမြို့ကို ပေးတော်မူသည်။ ယိုးဒယားမင်းကြီးနှင့် သားအငယ် ဗြရာမသွန်း အမတ်ကြီး ပြကျက်ပြမ္ပို့ ဆင်ဖြူ လေးစီးကိုမူကား ယူတော်မူခဲ့၍ ခြေရင်းတော်မှာ ဖြစ်ရသည်။ ယိုးဒယားမြို့ အခွန်မှာ တစ်နှစ်ကို တိုက်ဆင် ၃၀၊ ငွေ ၃၀၀၊ တနင်္သာရီ သင်္ဘောအကောက်ခွန်ကို နှစ်စဉ် ဆက်ရသည်။ ယိုးဒယားမြို့တွင် ရှိသော ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရံ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းတယား၊ သဘင်သည်၊ ဆင်ဆေးသမား၊ မြင်းဆေးသမား၊ လက်သမား၊ ဗိသုကာ၊ ဆံထုံးယက်ကင်တတ်သသူ၊ အထုံနံ့သာတတ်သသူ၊ ပန်းဆိုးနယ်နတတ်သသူ၊ အကြော်အလှော် အပေါင်းအကျစ် တတ်သသူ၊ သည်သူတို့ကို ရွေးယူတော်မူ၍ သားမယားနှင့်တကွ အသီးအသီး ဟံသာဝတီသို့ ပို့တော်မူ၍ အကွက်အရပ် ချတော်မူ၍ နေရသည်။

ယိုးဒယားမြို့တွင် ရှိသော ဘုရား ဂူကျောင်း တန်ဆောင်း ဇရပ် ပေါင်းနှမ်း ပြိုပျက်လေ သည်များကိုလည်း လုပ်ဆောင် ပြင်ဆင်စီမံမည် ဟူ၍ ငွေ ၃၀၀ ယိုးဒယားမင်းကို အပ်တော်မူ သည်။ ပဥ္စင်းလည်း သင်္ကန်းတော်ခေ့ ခံတော်မူ၍၊ သံဃာလည်း တစ်ရာပင့်၍ ဆွမ်းလုပ်ကျွေးတော် မူသည်။ ပရိက္ခရာ ရှစ်ပါးလည်း အစုံလှူတော်မူသည်။

### ၃၀၄။ ယိုးဒယားမင်းက သမီးတော်နှင့် မင်းခမ်းမင်းနားများ ဆက်ခြင်း

ယင်းသို့မှ ယိုးဒယားမင်းက ချစ်ကြည် လေးမြတ်လှစွာသော သမီးနှင့်တကွ ရွေပိသာ တစ်ရာ လုပ်သော မင်းဆောင် မင်းယောင်၊ မင်းခမ်း မင်းနား၊ ငွေ ၁၀၀၊ ဆင်ကောင်း ၁၀ ဆက်ပြန်သည်။ သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ ပြည်မင်း၊ အဝမင်းတို့ကို လည်း ဆင် မြင်း ရွှေ ငွေ အဝတ်အစား အထိုက်အလျောက် ပေးသည်။ ဤသို့ ယိုးဒယားမြို့ကို စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ် (၉၂၅) ခု တန်ခူးလပြည့်ကျော် ၂ ရက်[3] အင်္ဂါနေ့ ယိုးဒယားက **ပြန်တော်မူသည်။ သက္ကရာဇ် (၉၂၆) ခု နယုန်လဆန်း ၆ ရက်**[4] ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။

**သီတင်းကျွတ်လဆန်း ၉ ရက်နေ့**[5] ရာဇဒေဝီရှင်မိဖုရား နတ်ပြည်စံတော်မူသည်။ ထိုအခိုက် တွင် မြေကြီး လျှင်ပြင်းစွာ လှုပ်၍ ဒဂုံဆံတော်ရှင်၊ ရွှေမော်ဓော၊ မဟာစေတီ၊ ကျိုက်ကို အစရှိသော မွန်ပြည်တွင် ဘုရား ဂူကျောင်း ပြိုပျက်သည် များ၏။ ရှင်မိဖုရား အနိဋ္ဌရောက်၍ ၇ ရက်တိုင်တိုင် မြေလျှင်လှုပ်၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း

၁။ ဧသဒီ ၁၅၄၈ ၂။ ဧသဒီ ၁၅၆၃ ၃။ ၂၀ မတ် ၁၅၆၄ ၄။ ၁၅ မေ ၁၅၆၄ [သက္ကရာဇ် ၉၂၆ ခု နယုန်လဆန်းကိုးရက် ဗုဒ္ဓဟူးနေ့ (၁၈ မေ ၁၅၆၄)(တွင်းသင်း ၃–၁၂၅)] ၅။ ၁၃ အောက်တိုဘာ ၁၅၆၄

ပြီးပွက်လေသော ဘုရား ရှစ်ကျောင်းတို့ကို လုပ်စီမံမည် ဟူ၍ ဧည့်သည်တော် ဘုရား ၊ ဗညားပရဲ ဘယသကြီး တာနေ၊ သည်အမတ် လေးယောက်ကို တိုက်တော်က ငွေတစ်ရာ ထုတ်၍ အုတ်ဖိုးခရိတ် အပ်တော်မူသည်။ ဇင်းမယ်သို့ ချီတော်မူမှုမင် ဘုံဆံတော်ရှင်၊ မဟာစေတီ၊ သည်ဘုရားနှစ်ဆူကို လုပ်ရသည်။

ယင်းသို့မှ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော် မဟာဥပရာဇာ အရှိသော မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ယခု ဇင်းမယ်မင်းသည် ငါ လက်နက်နိုင်ငံတော် ဖြစ်ပြီးမှ သောင်းကျန်းပုန်ကန်လေသည်။ အရေးတော်မှာ အစ်ကိုတို့ စိတ် တွင် ပသို့ ထင်သနည်း ဟူ၍ မိန့်တော်မူသည်။ ယင်းသောခါ သားတော် မဟာဥပရာဇာ လျှောက် သည်။ ဇင်းမယ်မင်းသည် ယိုးဒယားသို့ နောက်တော် မလိုက် နေလေရာမှာ ယိုးဒယားမြို့ကို လုပ်ကြံတော်မူသော်လည်း ရနိုင်မည် မဟုတ်။ ယိုးဒယားကို မရလျှင် ယိုးဒယားမင်းသည် ငါနှင့် တစ်ချက်တည်း ငါ့အဆွေခင်ပွန်းရင်း ဖြစ်သည်။ ငါခြားနားရှိ ဟံသာဝတီက ချီလှာ လျှင် ယိုးဒယားမင်းသည် ငါက ကူညီလမည်။ လင်းဇင်းမင်းလည်း ကူညီလမည်။ ဤသို့ ထင်သောကြောင့် ခြားနားမိလေသည်။ ယခု ချီတော်မူလျှင် ခံဝံ့မည် မထင် ဟူ၍ နားတော် လျှောက်သည်။

မဟာဥပရာဇာ လျှောက်သော စကားကို ဓမ္မတေး ကြားလျှင် ဤသို့ နားတော်လျှောက် ပြန်သည်။ ဇင်းမယ်မင်းသည် အထက်က လုပ်ကြံတော်မူ၍ လက်နက်နိုင်ငံတော် ဖြစ်သည်မှ စ၍ သောင်းကျန်း ပုန်ကန်မည်ကိုသာ ကြံ၍ နေလေသည်။ ယခု ယိုးဒယားမြို့ကို လုပ်ကြံတော် မူ၍ လက်နက်နိုင်ငံတော် ဖြစ်သော်လည်း လင်းဇင်းပြည်ကြီး၊ လဝိုက်ပြည်ကြီးတို့သည် သူနှင့် တစ်ချက်တည်း ဖြစ်လေသည်။ လင်းဇင်းပြည်၊ လဝိုက်ပြည်တို့သည်လည်း ဆင်ကောင်း မြင်းကောင်း၊ သူရဲသူခက်ကောင်း များလှသည်။ ပေါ်ပေါ်လျော့လျော့ မလေးမစား ချီတော်မမူ သင့်ချေ။ ယိုးဒယားမြို့ကို လုပ်ကြံတော်မူသကဲ့သို့ ဆင်လုံး မြင်းရင်း အများနှင့် စည်းစည်း ကြပ်ကြပ် ချီတော်မူမှ သင့်မည် ဟူ၍ နားတော်လျှောက်သည်။

## ၁၀၅။ ဇင်းမယ် ပုန်ကန်ရာသို့ ချီတက်တော်မူပုံ

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသည် ဓမ္မတေး လျှောက်သော အရေးကို ကြိုက် တော်မူ၍ ဇင်းမယ်သို့ ချီတော်မူသည်။ စီရင် ခန့်ရန်တော်မူသည်ကား မိုးကောင်းစော်ဘွား တစ်တပ်၊ မိုးညှင်းစော်ဘွား တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ အုန်းပေါင်စော်ဘွား တစ်တပ်၊ သီပေါစော်ဘွား တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ မိုးနဲစော်ဘွား တစ်တပ်၊ သီဟပတေ့ တစ်တပ်၊ မင်းကျော်ထင် တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ သည်ဆယ်တပ်တွင် ပါသည် တိုက်ဆင် ငါးရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် သတိုးမင်းစောကို ဗိုလ်ချုပ်ခန့်တော်မူ၍ မိုးနဲကြောင်း ဇင်းမယ်သို့ ချီရသည်။ ခြေရင်းတော်က ချီရသော တပ်စဉ်ကား လက်ဝဲရဲတိုင် မြင်းတပ်၊ ရာဇတမန် မြင်းတပ်၊ တုရင်ရာဇာ မြင်းတပ်၊ နန္ဒသိင်္ဂြည်း မြင်းတပ်၊ တုရင်ဗလ မြင်းတပ်။ ဆင်တပ်မှာ နေမျိုးကျော် ထင် တစ်တပ်၊ သမိန်ရဲသင်းရဲ တစ်တပ်၊ နန္ဒသကြီ တစ်တပ်၊ ဗညားကျန်းထော တစ်တပ်၊ သရေစည်သူ တစ်တပ်၊ ဗညားဒလ တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ ဗညားစက် တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်းတပ် ငါးတပ်နှင့်

တပ်ပေါင်း ၁၅ တပ်တွင် ပါသည် တိုက်ဆင် ၅၀၀, မြင်း ၆၀၀၀, စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် လက်ယာကြောင်း ချီရသည်။

လက်ျာယော်ဓာ မြင်းတပ်၊ ဘယရာဇာ မြင်းတပ်၊ တုရင်သိင်္ဂီ မြင်းတပ်၊ တုရင်မှုညာ မြင်းတပ်၊ စစ်တုရင်္ဂသူ မြင်းတပ်။ ဆင်တပ်မှာ နန္ဒကျော်ထင် တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ သခ်ယာ တစ်တပ်၊ သမိန်ပိုးကရတ် တစ်တပ်၊ မင်းမဟာ တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ နန္ဒကျော်သူ တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ မြင်းတပ် ငါးတပ်နှင့် တပ်ပေါင်း ၁၅ တပ်တွင် ပါသည် တိုက်ဆင် ငါးရာ, မြင်း ခြောက်ထောင်, စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် အလယ်ကြောင်း ချီရသည်။

လက်ျာရဲတိုင် မြင်းတပ်၊ လက်ဝဲဘယ မြင်းတပ်၊ ဓေယျတာမန် မြင်းတပ်၊ လက်ျာတုရင် မြင်းတပ်၊ တုရင်ယော်ဓာ မြင်းတပ်။ ဆင်တပ်မှာ ဓေယျကျော်ထင် တစ်တပ်၊ သမိန်စိတ်ပွန် တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ သမိန်ဇေါ်ပွင့် တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ ဗညားဖြတ်စ တစ်တပ်၊ သက်ရှည်ကျော်ထင် တစ်တပ်၊ ဗညားလော တစ်တပ်၊ နန္ဒယော်ဓာ တစ်တပ်၊ ညီတော် တောင်ငူဘုရင် မင်းခေါင် တစ်တပ်၊ မြင်း ငါးတပ်နှင့်တကွ တပ်ပေါင်း ၁၅ တပ်တွင် ပါသည် တိုက်ဆင် ငါးရာ, မြင်း ခြောက်ထောင်, ဗိုလ် တစ်သိန်းနှစ်သောင်းနှင့် လက်ဝဲကြောင်း ချီရသည်။

တုရင်သိဒ္ဓိည်း မြင်းတပ်၊ တုရင်ဒေဝ မြင်းတပ်၊ ဒေဝသူရ မြင်းတပ်၊ သုစိယကမှာ မြင်းတပ်၊ ဂဇသိဒ္ဓိ မြင်းတပ်။ ဆင်တပ်မှာ ယိုးဒယားမင်း သမက် ဩယာဓမ္မရာဇာ တစ်တပ်၊ ဓေယျသင်္ကြံ တစ်တပ်၊ ဩယာသုဝဏ္ဏလောက် တစ်တပ်၊ သက်တော်ရှည် တစ်တပ်၊ ဩယာ သောဂ္ဂတဲ တစ်တပ်၊ သိဒ္ဓိဓေယျနော်ရထာ တစ်တပ်၊ ဩယာပိတ်စဲ တစ်တပ်၊ စတုကာမဏိ တစ်တပ်၊ မင်းရဲသခ်ယာ တစ်တပ်၊ တူတော် သာယာဝတီ မင်းရဲကျော်ထင် တစ်တပ်၊ မြင်းတပ် ငါးတပ်နှင့်တကွ တပ်ပေါင်း ၁၅ တပ်တွင် ပါသည် တိုက်ဆင် ငါးရာ, မြင်း ခြောက်ထောင်, စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ကုန္တဂီရိ ကသည် ဇင်းမယ်သို့ ချီရသည်။

ဒေဝသာရ မြင်းတပ်၊ ဓေယျတုရင် မြင်းတပ်၊ ဒေဝဘယ မြင်းတပ်၊ တုရင်ကျော် မြင်းတပ်၊ ဒေဝသိဒ္ဓိ မြင်းတပ်။ ဆင်တပ်မှာ လက်ျာရန္တသူ တစ်တပ်၊ သမိန်လကွန်းအိန် တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ သမိန်ဇော်ကရတ် တစ်တပ်၊ နေမျိုးသခ်ယာ တစ်တပ်၊ မင်းရဲလုလင် တစ်တပ်၊ နန္ဒမိတ် တစ်တပ်၊ ကျော်ထင် တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ ဓေယျကာမဏိ တစ်တပ်၊ မြင်းတပ် ငါးတပ်နှင့်တကွ ဘဝရှင်မင်းတရားကြီးဘုရား တပ်တော်နှင့် တပ်ပေါင်း ၁၅ တပ်တွင် ပါသည် တိုက်ဆင် ခုနစ်ရာ, မြင်း ငါးထောင်, စစ်သည်သူရဲ တစ်သိန်းငါးသောင်း ပါသည်။ တပ်မတော်တွင် ဝင်းတော် လေးမျက်နှာသားကို ရွှေဒိုင်း, ရွှေလွား ရွှေကာ, ရွှေလှံနှင့် ချည်း ခွဲရသည်။ ရှေ့တော်က ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ် တစ်သောင်းနှင့် နန္ဒကျော်ထင်ကို တပ်မှူး၊ ဘယနန္ဒသူကို စစ်ကဲခန့်တော်မူသည်။

လက်ယာတော်က တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ် တစ်သောင်း, သက်ရှည် ကျော်ထင်ကို တပ်မှူးခန့်၍ ဓေယျရန္တမိတ်ကို စစ်ကဲခန့်တော်မူသည်။

လက်ဝဲတော်က တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ် တစ်သောင်း, ဥဒိန်ကျော်ထင် ကို တပ်မှူး၊ ဘယရန္တမိတ်ကို စစ်ကဲခန့်တော်မူသည်။

နောက်တော်က တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ျာ ဓေယျသကြိကို တပ်မှူး၊ နန္ဒသီဟကို စစ်ကဲခန့်တော်မူသည်။

ကုလား တစ်ထောင်တို့ကိုလည်း ဦးရစ် ခါးစည်း စည်းစေပြီးလျှင် သေနတ်စွဲစေ၍ ဆင်တော် ရှေ့နောက် နံပါးနှစ်ဖက် လိုက်ရသည်။

ကုလားဘာရင်ဂျီတို့ကိုလည်း စိန်ပြောင်း စွဲစေ၍ လက်ဝဲ လက်ယာ၊ ရှေ့ နောက် လိုက်ရသည်။

ညားထုန့ တစ်တပ်၊ ညားပရဲ တစ်တပ်၊ တရဖျား တစ်တပ်၊ တာနော တစ်တပ်၊ ဘယသကြိ တစ်တပ်၊ သည်ငါးတပ် အလုံးအရင်းနှင့်တကွ ဟံသာဝတီ ရွှေမြို့တော်ကို အစောင့်အနေ ခန့်တော်မူ၍ ရွှေမော်ဓောဘုရား၊ မဟာစေတီဘုရား ပြုပျက်သည်ကို လုပ်ရစ်ရသည်။

ဤသို့ စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ် (၉၂၆) ကိုးရာနှစ်ဆယ့်ခြောက်ခု တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက်[1] တနင်္လာနေ့ ဟံသာဝတီက ချီတော်မူ၍ "ဓေယျသာစည်" ဟူသော တပ်တော်တွင် ချတော်မူသည်။ ယင်းကသည် ပွန်းစလင်းတိုင် ၁၁ စခန်း ချီတော်မူသည်။ ယင်းက လဝုန်းတိုင်[2] ၂၂ စခန်းချီတော်မူ၍ "ရန်မြစ်ထွင်" ဟူသော တပ်တော်တွင် ချတော်မူသည်။ ဤသို့ မြေကြီးအထုနှင့်တူသော ဆင်လုံး မြင်းရင်းနှင့် ချီလာကြောင်းကို ဇင်းမယ်က ကြားလျှင် ဇင်းမယ်မင်း အမတ် ဇင်းသေဥ်စား ဇင်းသော်လုံ ခံသသူ၊ လကွန်းစား သံလံခံသသူ၊ တရိုင်စား[3]တို့သည်ကား သားမယားကို ယူ၍ ဇင်းမယ်မြို့က ထွက်၍ ပြေးလေ၏။ ဇင်းမယ်မင်းလည်း အသက်သေမည်ကို ကြောက်၍ ဆင်ကောင်း လေးစီး၊ မြင်းကောင်း လေးစီးနှင့် အထူးထူးသော တရုတ်ပုဆိုး၊ သိုး၊ ကတိုး များစွာ လက်ဆောင်တော် ယူ၍ ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးကို ကျွန်တော် အထွေအရာ မရှိပါ။ ဇင်းသေဥ်စား၊ လကွန်းစား၊ တရိုင်စားတို့သာ ကျေးဇူးတော်၊ သစ္စာတော်ကို သွေဖည်လေသည်။ ယခုလည်း ချီတော်မူလာပြီ ဟူ၍ ကြားလျှင် မိမိတို့ အလုံးအရင်းနှင့်တကွ လင်းဇင်းသို့ ဝင်မည် ဟူ၍ ပြေးလေသည် အကြောင်းကို ဆီးကြို၍ လျှောက်လာသည်။

## ၃၀၆။ ဇင်းမယ်မင်း ဝင်လာ၍ ဇင်းသေဥ်စား၊ လကွန်းစား၊ တရိုင်စားတို့ ပြေးရာ လင်းဇင်းသို့ လိုက်ပုံ

ဆင်ဖြူများသခင် ဘုရင် မင်းတရားကြီးဘုရားလည်း ရာဇဂုဏ်နှင့် ပြည့်စုံတော်မူသော ကေရာဇ် ဖြစ်တော်မူ၍ မည်သို့မျှ မိန့်တော် မမူ။ လပုန်းသို့ အရောက်ချီတော်မူ၍ မိုးနဲ့ကြောင်း ချီလာသော အဝဘုရင် သတိုးမင်းစောကို ငံ့တော်မူသည်။ ငါးရက်ခန့် ရှိ၍ သမက်တော် အဝဘုရင်တို့ ရောက်လျှင် အဝဘုရင် သတိုးမင်းစောတို့ ဆယ်တပ်အနက် မိုးမိတ်စော်ဘွား၊ (မိုးကောင်းစော်ဘွား)၊ မိုးညှင်းစော်ဘွားတို့ သုံးတပ်ကို နုတ်တော်မူ၍ သမိန်လကွန်းအိမ် တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ မင်းရဲလုလင် တစ်တပ်၊ သည်သုံးတပ်ကို သမက်တော်တို့မှာ ဆယ်တပ်ပြည့်အောင် ဖြည့်၍ တစ်ကြောင်း၊ သားတော် မဟာဥပရာဇာတို့ ၁၅ တပ်မှာ တစ်ကြောင်း၊ ညီတော် သာယာဝတီ မင်းရဲကျော်ထင်တို့ ၁၅ တပ်မှာ တစ်ကြောင်း၊ ဇင်းသေဥ်စား၊ လကွန်းစား၊ တရိုင်စားတို့ ပြေးရာသို့ သုံးကြောင်း ခွဲ၍ လိုက်ရသည်။ မှာတော်မူသည်ကား-

---

၁။ ၂၂ အောက်တိုဘာ ၁၅၆၄  ၂။ လဝုန်း [မှန်နန်း-၃၆၁၊ တွင်းသင်း-(၃)-၁၂၇]  ၃။ အနန်းစား၊ တရိုင်စား (မှန်နန်း-၃၆၁)

လင်းစင်းသို့ ဝင်လေသည် ငါ့ကျွန်ကို လင်းစင်းမင်းတို့ကို ရအောင် တောင်း။ မပေးလျှင် လင်းစင်းမြို့ကို ရအောင် လုပ်ကြလေ ဟူ၍ မိန့်တော်မူသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် ပြည်မင်းတို့ ၁၂ တပ်ကို လက်ယာကြောင်း၊ ညီတော် တောင်ငူမင်းတို့ ၁၂ တပ်ကို လက်ဝဲကြောင်း၊ ဘဝရှင်မင်းတရားကြီး ၁၅ တပ်မှာ အလယ်ကြောင်း ဇင်းသေဉ်သို့ ချီတော်မူသည်။ ဇင်းသေဉ်စားလည်း မိုင်းလုံတောသို့ ရောက်လျှင် လင်းစင်းသို့ မပေါင်းနိုင်၍ သားမယား အလုံးအရင်းနှင့်တကွ တောတွင် ပုန်း၍ နေသည်ကို သူလျှိုတို့ လျှောက်လာ၍ ကြားတော်မူလျှင် ညီတော် တောင်ငူဘုရင် မင်းခေါင်တို့ ၁၅ တပ်ကို မိုင်းလုံတောသို့ အလျင်ချီ၍ ဖမ်းရလေသည်။ ဇင်းသေဉ်စားလည်း ပြေးသော်လည်း မလွတ်နိုင်ရာ အမှတ်ရှိ၍ ဆင်ကောင်းနှစ်စီးကို လက်ဆောင်တော်ပြု၍ ဘဝရှင်မင်းတရားကြီးကို ကျွန်တော် အတွေအရာ မရှိပါ၊ ကြောက်လှသောကြောင့်သာ ပုန်း၍ နေပါသည်ဟု နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မင်း၏တရား ဆယ်ပါးတွင် "အကောဓံ" ဟူသော ပါဠိတော်နှင့်အညီ အမျက်တော်ကို ချုပ်တော်မူ၍၊ "ခန္တိ" ဟူသော ပါဠိတော်နှင့်အညီ သည်းခံတော်မူ၍ ဇင်းသေဉ်စား အသက်ကို လွတ်တော်မူသည်။ အခြွေအရံကိုမူကား အစုစုခွဲ၍ ထားတော်မူပြီးလျှင် ဇင်းသေဉ်စားကို သားမယားနှင့်တကွ ခြေရင်းတော်တွင် သစ္စာတော်ပေး၍ ထားတော်မူသည်။ ယင်းသို့မှ ဇင်းသေဉ်သို့ အရောက်ချီတော်မူ၍ "ရန်လုံးထိပ်တင်[၁]" ဟူသော တပ်တော်တွင် ချ၍ နေတော်မူသည်။

ယင်းသို့မှ ညီတော် ပြည်ဘုရင်တို့ ၁၅ တပ်ကို ဇင်းရုံး[၂]သို့ ချီရသည်။ ၅ နေ့ရောက်လျှင် သစ္စာတော်ကိုလည်း ခံမည်လော၊ စစ်လည်း ပြိုင်မည်လော ဟူ၍ ဇင်းရုံးသို့ စာနှင့် စေတော်မူသည်။ ဇင်းရုံးစားလည်း စာကို ကြားလျှင် စေသူတို့ကို သတ်၍ ပစ်၏။ ထိုအကြောင်းကို သတိုးဓမ္မရာဇာ ကြားတော်မူလျှင် ဇင်းရုံးသို့ နေ့ညမဆို ချီ၍ ရောက်တော်မူလျှင် အဆီးအတား မရှိ ရှုပ်ရှုပ်ချွံချွံ လုပ်ကြတော်မူသည်။ ဇင်းရုံးမြို့ မခံနိုင်၍ ပျက်လျှင် ဇင်းရုံးစားလည်း သား၊ မယားနှင့်တကွ ထွက်၍ ပြေးလေ၏။ ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲသူကောင်းနှင့် တစ်မြို့လုံးကို ရတော်မူသည်။ ယင်းသို့လျှင် ရသမျှ သိမ်းယူတော်မူ၍ ဇင်းသေဉ်သို့ ပြန်တော်မူကြသည်။ ရောက်လျှင် ရသည် ဆင် မြင်း လူသူအပေါင်းကို လက်ဆောင်တော် ဆက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အားရတော်မူ၍ ညီတော် ပြည်ဘုရင် စသော ၁၅ တပ်လုံး တပ်မှူး စစ်ကဲ အပေါင်းတို့ကို အဆောင်အယောင် စားကျေးစားလက် အထိုက်အလျောက် ပေးတော်မူသည်။

ယင်းသို့ ဇင်းသေဉ်တွင် နေတော်မူခိုက် သိန္နီစော်ဘွားသည် စော်ဘွားအပေါင်းတို့ နောက်တော် လိုက်ရသည်။ ငါသည် သစ္စာတော်နှင့် ဖြစ်သည်။ မနေကောင်းချေ အမှတ်ရှိ၍ တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ နောက်တော် လိုက်လာ၍ ဇင်းသေဉ်သို့ ရောက်လာသည်။

ကျိုင်းတုံစားလည်း သိန္နီစော်ဘွားနောက်တော် လိုက်လာကြောင်းကို ကြားလျှင် ငါလည်း မနေကောင်းချေ အယူရှိ၍ တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဒိုင်း တစ်သောင်းနှင့် နောက်တော် လိုက်မည် ဟူ၍ ဇင်းသေဉ်သို့ ရောက်လာသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စော်ဘွားနှစ်ဦး ရောက်လာကြောင်းကို မေးတော်မူလျှင် ကျွန်တော်တို့သည် ကျေးဇူးသစ္စာတော်နှင့် ဖြစ်၍ ဘဝရှင်မင်းတရားကြီး

---

၁။ ရန်လုံးထိပ်နင်း(မှန်နန်း-၃၆၂)  ၂။ ဇင်းရုံး/ ချင်းရိုင်း (Chiang Rai)

ဘုရား ချီတော်မူသည်ဟု ကြားလျှင် မနေဝံ့၍ အလုံးအရင်းနှင့်တကွ အသက်ကို စွန့်၍ အမှုတော်ကို ထမ်းပါမည်။ ရွှေဝါးတော်အောက်သို့ ရောက်ပါသည် ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အစ်ကိုတို့ ပြည်ရွာသည် တရုတ်တို့ ကျေးစပ် ဖြစ်၍ နောက်တော်လိုက် ခေါ် မချသည်။ ယခုလည်း မြေကြီးအထုနှင့် တူသော ဗိုလ်ပါအပေါင်းနှင့် ငါ ချီတော်မူလျှင် ဇင်းမယ်စားကို ထားခဲ့၍ ဇင်းသေဉ်စား၊ လကွန်းစား၊ ဇင်းရုံးစားတို့သည် မြို့က ထွက်၍ ပြေးကြလေသည်။ ဇင်းမယ်စားနှင့် ဇင်းသေဉ်စားကိုမူကား ငါ ရတော်မူသည် ဟူ၍ မိန့်တော်မူပြီးလျှင် ဆုလာဘ် အဆောင်အယောင် ပေးတော်မူ၍ အစ်ကိုတို့ မြို့သည် နိုင်ငံတော် ကျေးစွန်ရွာနား ဖြစ်သည်။ အလျှင် ပြန်ကြလေ။ ပြည်ရေးရွာမှု ရှိလျှင် လျှောက်လာစေ ဟူ၍ မှာတော်မူပြီးလျှင် သိန္ဓော်ဘွား၊ ကျိုင်းတုံစော်ဘွားတို့ကို လွှတ်တော်မူ၍ ပြန်ရသည်။

### ဇင်းမယ်တွင် နေနိုက် ဟံသာဝတီမှာ ရှမ်းသူပုန် ထကြွပုံ

၃၀၇။ ဇင်းမယ်တွင် နေနိုက် ဟံသာဝတီမှာ ရှမ်းသူပုန် ထကြွပုံ ဇင်းမယ်သို့ ပြန်တော်မူ၍ ယွန်းပြည်အလုံးတွင် ပြည်ရေး ယင်းသို့မှ ဇင်းသေဉ်ကသည် ဇင်းမယ်သို့ ပြန်တော်မူ၍ ယွန်းပြည်အလုံးတွင် ပြည်ရေး ရွာမှုတို့ကို စီရင်ခန့်ရန်တော်မူစဉ် နေပြည်တော် ဟံသာဝတီမှာ ရှမ်းပြည် အရပ်ရပ်က ယူခဲ့သော သုံ့လူအပေါင်းတို့သည် တစ်ချက်တည်း ရုံးစု၍ ရှမ်းအကြီးတစ်ယောက်ကို "ဗညားကျန်းထော"[1] ဟူသော အမည်ကို သမုတ်၍ သောင်းကျန်း ပုန်ကန်လေ၏။ ဗညားကျန်းထော ခံသသူလည်း ဆင် မြင်း လက်နက်ကိရိယာ ရသမျှကို သိမ်းယူ၍ ရပ်စွန် ပြည်နား ကျေးစွန် ရွာလက်တို့ကို တိုက်ချက်ပြီးလျှင် စည်းစိမ်ဥစ္စာ လူသူတို့ကို သိမ်းယူ၍ အရုံးအစု နှစ်သောင်းကျော် သုံးသောင်း ခန့် ရှိလျှင် ဟံသာဝတီသို့ ချီလာ၍ မြို့ကိုတိုက်မည် စီရင်ကြသည်။ ဟံသာဝတီ မြို့ဝန်းကျင်တွင် ရှိသော လူ ရဟန်း အပေါင်းတို့သည်လည်း သူပုန်တို့ အားကြီးသည်ကိုသိ၍ မြို့ပြင်တွင် မနေ ဝံ့၍ မြို့တွင်းသို့ချည်း ဝင်၍ နေလာသောကြောင့် အစားအသောက် ဆွဲ့ရှား၍ အနာအဖျား များကုန်၏။

ယင်းသောခါ ဟံသာဝတီတွင် စောင့်နေသော ဗညားဣန္ဒ၊ ဗညားပရံ၊ တရဖျား၊ တာနော၊ ဘယသကြီတို့ အမတ်တစ်စုလည်း စည်းရုံး၍ တိုင်ပင်ကြသည်။ ယခု သူပုန်တို့လည်း အလုံး စုံ တစ်ချက် တစ်လက်တည်း ဖြစ်၍ မြို့ကို တိုက်မည် ယခု ချီလာသည်။ အင်အားလည်း များလှသည် ကြားသည်။ ဆင်လုံး မြင်းရင်း စီရင်၍ တိုက်ရသော်လည်း သင့်မည်လော၊ ရှင်မိဖုရား စသော သားတော်၊ သမီးတော်၊ ကိုယ်လုပ် မောင်းမတို့ကို ကေတုမတီသို့ ပို့ပြီးမှ ပြန်၍ တိုက်ရသော် သင့်မည်လော ဟူ၍ တိုင်ပင် နှီးရှည်ကြသည် ရှိသော် ယင်းသောခါ တာနော ဟူသော အမတ် ဤသို့ ဆိုသည်။ ဘဝရှင်မင်းတရားကြီးဘုရား အဝကို အောင်မြင် တော်မူလျှင် အဝဘုရင် နရပတိစည်သူ[2]ကို ယူတော်မူ၍ ခြေရင်းတော်မှာ မြဲရသည်။ ထိုမင်းကို နှုတ်ရေးဖြင့် လည်းကောင်း၊ လက်ရေးဖြင့် လည်းကောင်း မြန်မာအပေါင်း၊ ရှမ်းအပေါင်းတို့ ယုံကြည်ကုန်သည်။ ထိုမင်းကို ခေါ်၍ တိုင်ပင်သော် သင့်မည် ထင်သည် ဟူ၍ ဆိုသည်။

အမှူးအမတ် အပေါင်းတို့လည်း သဘောတူ၍ နရပတိစည်သူကို လွှတ်တော်သို့ ချီပင့်ပြီး လျှင် ဗညားပရံ ဤသို့ ဆိုသည်။ ငါတို့သခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီ မှ အကြောင်းကို သိတော်မမူလေ။ ယခု ရှမ်းသူပုန်တို့သည် အင်အားကြီးလှသည်။ နက်ဖြန်

---

၁။ ဗညားကျန်း [မှန်နန်း-၃၆၄၊ တွင်းသင်း(၃)-၁၂၈]   ၂။ အဝဘုရင် နရပတိစည်သူ (၁၅၅၁-၁၅၅၅)

မြို့ကို တက်လာမည် ဟူ၍ ကြားသည်။ ဆင်လုံး မြင်းရင်း စီရင်၍ အနိုင်တိုက်ရသော်လည်း သင့်မည်လော၊ ရှင်မိဖုရား အစရှိသော သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ အပေါင်းတို့ကို ကေတုမတီသို့ ပို့ပြီးမှ ပြန်၍ တိုက်ရသော်လည်း သင့်မည်လော ဟူ၍ မိန့်တော်မူသည်။ သည်ကို နရပတိစည်သူက ဤသို့ မိန့်တော်မူသည်။ သည်မျှခန့်ကို မင်းများ နှိုင်းပြင်း ခင်းကျင်းလော၊ မင်းတရားရွှေထီး လက်ထက်တော်၌လည်း ကောရာစ်မင်း ရှိလျက်ကိုပင် သည်ကဲ့သို့ သူပုန် ဖြစ်ဖူးလေပြီးသည်။ ယခု သင်းတို့သည် သူပုန် မဟုတ်။ မုဒိမ်းတန္တမျှသာ ဖြစ်သည်။ သူပုန်တို့၏ သဘောကား ဆင်ချင်း တွေ့လေသော်လည်း ဆင်ချင်း နိုင်အောင် တိုက်သည်။ မြို့က ခံသော်လည်း မြို့ကို နိုင်အောင် တိုက်သည်။ သူတို့မြို့က ခံသောခါလည်း အသက်ကို စွန့်၍ ခံသည်။ ဤသို့သော အင်္ဂါနှင့် ပြည့်စုံသော သူတို့ကိုသာ သူပုန် ဟူ၍ ဆိုသည်။ ရှင်မိဖုရား စသော သားတော်၊ သမီးတော်တို့ကို ကေတုမတီသို့ ပို့ပြီးမှ ပြန်၍ တိုက်မည် ဆိုရာမှာ မင်းတရား ကိုယ်တော်လည်း မရှိ။ ရာဇဝတ်ကြောင်းလည်း မသင့်ချေ ဟူ၍ မိန့်တော်မူသည်။

ဗညားပရံ၊ တာနောတို့လည်း မင်းကြီး သင့်အောင် စီရင်တော်မူပါ ဟူ၍ ဆိုကြကုန်၏။ နရပတိစည်သူလည်း ဤသို့ မိန့်တော်မူပြန်သည်။ သူပုန်တို့ တိုက်မည် လာသောခါ မြေလက်ညှိသော ဆင် မြင်းတို့ကို ရှေ့ပြု၍ ထားပြီးလျှင် ရွေးရွေးမည် ဆင်ကောင်း မြင်းကောင်း၊ သူရဲ သူခက်ကောင်းတို့ကို တောက နေစေ၍ ငါတို့ ဆီးကြို၍ တိုက်လျှင် သင်းတို့ ခံနိုင်မည်လော ဟူ၍ မိန့်တော်မူသည်။ ယင်းသို့မှ တရဖျား ဟူသော အမတ်ကို ဆင်ညှိ (မြင်းညှိ)နှင့် "ဓောဝရဝဇယ" ဟူသော အရပ်သို့ ချီစေ၍ ခံဟန် ပြုရသည်။

## ၃၀၈။ ရှမ်းသူပုန်တို့ကို အင်းဝ နရပတိစည်သူ တိုက်ပုံ

နရပတိစည်သူ တစ်တပ်၊ တာနော တစ်တပ်၊ သည်နှစ်တပ်မှကား ဆင်းကောင်း မြင်းကောင်း၊ သူရဲ သူခက်ကောင်းနှင့် "မော်သမာ" ဟူသော အရပ်ကသည် "တွံပ" ဟူသော အရပ် ခရီးကို ကြို၍ တောက နေလေ၏။ သူပုန်တို့လည်း တရဖျားကို တိုက်မည်ဟူ၍ ချီလာသည်ကို နရပတိစည်သူ ရတနာ့ပြောင်ကျော် ဟူသော ဆင်ကိုစီး၍ တိုက်သည်။ တာနော နတ်သမက်လာ ဟူသော ဆင်ကို စီး၍ တိုက်သည်။ သူပုန်တို့လည်း အစုစု ကွဲ၍ ပျက်လေ၏။ လူလည်း လေးရာကျော် ငါးရာခန့် သေလေ၏။ အရှင်လည်း တစ်ထောင်ကျော် ရသည်။ သူပုန်တို့လည်း သားကိုးအရပ်[၁]၊ ဘုရားကိုးသောင်းအရပ်၊ ဒေဝဒတ်အလောင်းအရပ်၊ သည်အရပ်(များ)၌ သစ်တပ်နှင့်ချည်း အစုစု နေလေကုန်သည်။

နရပတိစည်သူနှင့် တာနောလည်း ဆင်လုံး မြင်းရင်းနှင့် မြို့က ထွက်၍ တိုက်ပြန်သည်။ သူပုန်တို့ ပျက်၍ တောသို့ ပြေးလေ၏။ ယင်းသောခါ သူပုန်တို့ ဆီးကာ၍ ရှိသောကြောင့် ဟံသာဝတီက ဘဝရှင် မင်းတရားကြီးဘုရားသို့ သံမရောက်နိုင်၍ ရှိချေသည်။

## ၃၀၉။ ခင်းမယ်ရှိ မင်းတရားကြီးက ဟံသာဝတီသို့ စေခန့်ပုံ

မြင်မြို့ကို စားသော ဥပတ်မယားသည် သူပုန်တို့ကို ကြောက်၍ ခင်းမယ်ကျေးသို့ ပြေးလေသည်။ ထိုက လျှောက်၍ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ကြားတော်မူ၍ လူရှစ်ရာနှင့် စုံစမ်းချေလျှင် မနီမြို့ စားသော အလောင်း ဟူသော အမတ်ကို ဆင်ခြောက်စီး၊ ...

---

၁။ ဘားကိုးအရပ် (မှန်နန်း-၃၆၅)၊ ဘားထိုအရပ် (တွင်းသင်း-(၃)-၁၂၉)

ဟူ၍ အလျှင်စေတော်မူသည်။ အလောက်ငံတို့ တိုက်ကုလားသို့ ရောက်လျှင် တိုက်ကုလား
တွင် နေသော သူပုန်တို့ တိုက်သည်၊ အလောက်ငံလည်း ဆုံးချေသည်။ ဆင်ခြောက်စီးနှင့်
လူရှစ်ရာကိုလည်း သူပုန်တို့ ရလေသည်။
အလောက်ငံကို စေတော်မူသော အကြောင်းကို ကြားတော် မမူရ။ သံလျင်မြို့ကို စားသော
စတုရင်္ဂသူကို တိုက်ဆင် သုံးရာ၊ ဗိုလ် နစ်ဆောင်း[၁]နှင့် စေတော်မူပြန်သည်။ စတုရင်္ဂသူလည်း
စစ်ဆောင်းကို မကူးရချေ။ ဗညားကျန်းသော ခံသော သူပုန်အကြီး ဆီး၍တိုက်လေသောကြောင့်
ခေါ်[၂] ဟူသော အရပ်က ကူးသည်ကို ဆီးကြို၍ တိုက်ပြန်လာသောကြောင့် ဆင်အစီး ၃၀
ကို ရွှန်းမြင့်ကာ လွတ်၍ တိုက်သည်။ သူပုန်အကြီး ဗညားကျန်းသော ခံသူ သေလေ၏။
အရှင်လည်း ငါးရာကျော်ခန့် ရသည်။ ယင်းသို့မှ ခရီးပေါက်၍ စတုရင်္ဂသူ ဟံသာဝတီသို့
ရောက်နိုင်သည်။ သူပုန်တို့လည်း စည်းဝေးပြန်၍ "မကော်"တွင် စစ်တပ် တည်၍ နေပြန်သည်။
ထိုအကြောင်းများ ကို ဟံသာဝတီရှိ မင်းများ ကြားလျှင် စတုရင်္ဂသူ တစ်တပ်၊ တာနော
တစ်တပ်၊ နရပတိ စည်သူ တစ်တပ်၊ သည်သုံးတပ် ချီ၍ တိုက်ပြန်သည်။ အတိုက် မခံဝံ့၊
ဒလသို့ ပြေးလေ၏။
ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ခင်းမယ်မြို့တွင် ရှိသော အမှူး
အမတ်တို့ကို သနားတော်ပေးပြီးလျှင် ခင်းမယ်မြို့ကို မဟာဒေဝီကို ပေးတော်မူသည်။ ဗညားသံလဲ
ကို ဗညားသေဉ်လှ အရာကို ပေးတော်မူသည်။ ဗညားဈည်းကိုလည်း ဗညားသံလဲ အရာကို
ပေးတော်မူသည်။ ခြေရင်းတော်က စွယ်ရသင့်ရဲကိုလည်း ဗညားဇန် အရာကို ပေးတော်မူသည်။
ယိုးဒယားမင်း သမက် ဩယာခမ္မရာဇာကိုလည်း လွှတ်တော်မူ၍ ဝိသလောက်သို့ ပြန်ရလေ
သည်။ ခင်းမယ်နှင့် ခင်းသေဉ်စားကိုမူကား သားမယားနှင့် တကွ ခြေရင်းတော်သို့ ခေါ်တော်မူ
သည်။ ခင်းမယ်တွင် ရှိသော ဆင်ကောင်း မြင်းကောင်း၊ သူရဲသူခက်ကောင်းတို့ကိုလည်း
စီစစ်၍ သိမ်းယူတော်မူသည်။ ဤသို့ ခင်းမယ် ၅၇ မြို့အလုံးကို စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ်
(၉၂၇)ကိုးရာနှစ်ဆယ့် ခုနစ်ခု ကဆုန်လဆန်း ၁၂ ရက်[၃] အင်္ဂါနေ့ ခင်းမယ်က ဟံသာဝတီ နေပြည်
တော်သို့ ပြန်တော်မူသည်။ နယုန်လဆန်း ၁၀ ရက်[၄] အင်္ဂါနေ့ ဟံသာဝတီသို့ ရောက်တော်
မူသည်။
မိုးမိတ်စော်ဘွားကိုလည်း ဒလတွင် သူပုန်တို့ ရှိသည်ကို ကျွန်ပေ တော် တိုက်၍ ဆက်ပါမည်
လျှောက်သည်ကို သင်းတို့သည် သူပုန်မဟုတ်၊ သုံးရ ခံရသော[၅] သူ့ကျေးသူ့ကျွန်တို့သည်
လုပ်ဝန် ဘဏ္ဍာ မခံဝံ့သောကြောင့် မကောင်းသော အကြံအစည်ကို ကြံစည်လေသည်သာ
ဖြစ်သည် ဟူ၍ မိန့်တော်မူသည်။
သူပုန်တို့ မီးတိုက်လေသည်ကား မဟာစေတီ ကောင်းမှုတော်တွင် ရွှေဇရပ် နစ်ဆောင်၊
ဝန်းကျင် သိမ်ဇရပ်၊ အရှေ့တောင်က ကျောင်းရံ ၂၀ နှင့် ရွှေကျောင်း၊ ရှင်သဒ္ဓမ္မဘောဓိ
တစ်ကျောင်း၊ အရှင်သာသနရေမဟာသာမိ တစ်ကျောင်း၊ အရှင်အဘိကကော်တ တစ်ကျောင်း၊
ဓာတိယာရံ တစ်ကျောင်း၊ သည်ကျောင်းများကိုလည်း ကျောင်းရံနှင့်တကွ မီးတိုက်လေသည်။
မွေ့စေတီမင်း ကောင်းမှုတော်ဘုရား တန်ဆောင်းကို မီးတိုက်လေသည်။ ရေသဘင် ခံတော်မူ
သောခါ နေတော်မူသော ရွှေပြာသာဒ်ကိုလည်း မီးတိုက်လေသည်။

၁။ ငါးဆောင်း [မှန်နန်း-၃၆၆၊ တွင်းသင်း(၃)-၁၃၀]   ၂။ တိုးခေါက် (မှန်နန်း-၃၆၆)   ၃။ ၁၀ ဧပြီ ၁၅၆၅
၄။ ၈ မေ ၁၅၆၅   ၅။ သုံ့ရခွဲသော (မှန်နန်း-၃၆၇)

## ၃၁၀။ ဆင်ဖြူများရှင် မင်းတရားကြီး ဟံသာဝတီမြို့နန်းသို့ မဝင်ဘဲ ဒလသို့ ချီပုံ

သည်များကို မြင်တော်မူပြီးလျှင် အမျက်တော် ပြင်းစွာ ထွက်တော်မူ၍ မြို့တွင်း ရွှေနန်းတော်သို့ ဝင်တော်မမူဘဲ ဒလသို့ ရေအား၊ ကြည်းအား ချီတော်မူသည်။ ဒလသို့ ရောက်တော်မူလျှင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ရေကြောင်း ချီလေဟု ခန့်တော်မူသည်။ ယင်းသောခါ ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်ပင် ရေမှားတွင် ပတ္တမြားခြေနင်းနှင့် ရပ်၍ နေလျက် စီရင်တော်မူသည်။ ညီတော် ပြည်ဘုရင်တို့ကလည်း ဒလဘက်သို့ ရောက်လျှင် ယင်းသည့်နေ့ပင် တိုက်တော်မူသည်။ သူပုန်တို့ ပျက်၍ ပြေးလေ၏။ ခံမက်တော် ကြည်းတပ်သားတို့ ဆီးဆ၍ တိုက်သည်။ အကုန် ပျက်လေ၏။ လူခုနစ်ရာကျော်ခန့်သောက် သေလေ၏။ အရှင်လည်း လူခုနစ်ထောင်ကျော် ရတော်မူသည်။ ယင်းသို့ အရေးဟူသမျှ ကုန်စင်ပြီးလျှင် သုံ့လူ ခုနစ်ထောင်ကျော်ကို သိမ်းယူတော်မူ၍ ဟံသာဝတီသို့ ပြန်တော်မူသည်။ ရောက်တော်မူလျှင် ညီတော် သတိုးဓမ္မရာဇာကို အားရတော်မူ၍ ဆောင်တော်မူသော စားတော် ကွမ်းခွက်, စားတော်လက်ဖက်အိုး, သောက်ရေတော် တကောင်းဖုံး အစုံပေးတော်မူသည်။ သူပုန်အကြီးကို သတ်ရသော မြင်းတော်သည်ကိုလည်း (သံလျှင်စား စတုရင်္ဂသူ) နန္ဒသူ ဟူသော အမည်နှင့် ကွမ်းကျပ် လက်ဖက်အိုးနှင့် ကွမ်းသာယာ ဟူသော မြို့ကို ပေးတော်မူသည်။ ပုဆိုးကောင်း ဝတ်လုံ၊ ရွှေ ၅-ပိဿာ၊ မြင်းကြိုးက အစုံလည်း ပေးတော်မူသည်။ ငွေကို ပုံ၍ ၇ ကြိမ်[၁] ကျုံးရသည်လည်း ဆိုသည်။ ထိုမှတစ်ပါး ပွဲလမ်းရသသူတို့ကိုလည်း အထိုက်အလျောက် အမည်အရည် အဆောင်အရွက် ကျေးရွာမြို့ပြ ပေးတော်မူသည်။

## ၃၁၁။ အင်းဝမင်း နရပတိစည်သူအား ချီးမွမ်း၍ ဆုပေးပုံ

နရပတိစည်သူလည်း စောင့်လှပေသည် ဟူ၍ ချီးမွမ်းတော်မူပြီးလျှင် မင်းဆောင် မင်းယောင်နှင့်တကွ ဆင် ရွှေကြိုးရွှေက၊ မြင်း ရွှေကြိုးရွှေကအစုံ၊ ငွေပိဿာ သုံးဆယ် ဆုပေးတော်မူသည်။ မိုးမိတ်စော်ဘွားကိုလည်း ဆုခံစေတော်မူပြီးလျှင် သားကို တိုက်ဆင် တစ်ဆယ်, မြင်း တစ်ရာ, အခြွေအရံ **ဗိုလ်တစ်ထောင်**[၂]နှင့် ခြေရင်းတော်တွင် မြဲရသည်။ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့ကိုလည်း ဆုလာဘ်တော် ခံစေပြီးလျှင် မိမိတို့ မြို့သို့ ပြန်ကြစေသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သူပုန်တစ်သောင်းကျော်ကို စပ်ကြိုးငါးစပ်နှင့် လှောင်၍ ထားတော်မူသည်။ သူပုန်မယားတို့ကိုလည်း စီစစ်တော်မူ၍ ရလျှင် စပ်မှာချည်း သွင်းရသည်။ ထိုသူပုန်တို့ကို ဟံသာဝတီတွင် ရှိသော မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော် အပေါင်းတို့ **ဓါတ်ရုဂါမ်**[၃]ဖြင့် ခံ၍ ရသည် ဆွမ်းကိုသာ ပေး၍ စားရသည်။ တစ်နေ့သ၌ သံဃာတော်တစ်ရာ ပင့်၍ ရွှေမော်ဓောဘုရားမှာ ဆွမ်းလုပ်ကျွေးတော်မူသည်။ ယင်းသောခါ **စားတော်ကျောင်း**[၄]ကို သီတင်းသုံးသော ဆရာတော်ဂုဏဝံသပုဂ္ဂိုလ် ဤသို့ တရားဟောတော်မူသည်။

---

၁။ နစ်ကြိမ် [မှန်နန်း-၃၆၇၊ တွင်းသင်း(၃)-၁၃၁]

၂။ ဗိုလ်တစ်သောင်း [တွင်းသင်း(၃)-၁၃၁]

၃။ ဓါတ်ရုဂါမ်- ရဟန်းတို့ ဆွမ်းခံကြွလေ့ရှိသော ရွာ။

၄။ ဘာသောကျောင်း (ပေမူ)၊ သားတော်ကျောင်း [မှန်နန်း-၃၆၈၊ တွင်းသင်း(၃)-၁၃၈]

## ၃၁၂။ သူပုန်များအတွက် တရားတော်ဆရာတော် ဟောပြောပုံ

တစ်ယောက်သည် မိမိ လယ်ထွန်သောနွား ပျောက်၍ ရှာလှန်လေပြီးသောခါ၌ ပုဏ္ဏားတစ်ယောက်နှင့် တည်ပင်ကို တွေ့သော် တက်၍ စားလေ၏။ ရှာရာတွင် ထမင်းမှုတ်သိပ်၍ တောအုပ်တစ်ခု၌ တည်ပင်ကို တွေ့သော် တက်၍ စားလေ၏။ ကမ်းမြင့်၍ မတက်နိုင်ရာတွင် ထမင်းမှုတ်သိပ်၍ တောအုပ်တစ်ခု၌ ကျလေ၏။ ကမ်းမြင့်၍ မတက် ထိုပုဏ္ဏားလည်း တည်ပင်ထက်က လျော၍ မျှောက်တစ်ခုသို့ ကျလေ၏။ ကမ်းမြင့်၍ မတက် နိုင် ရှိလျှင် ပြင်းစွာ ဟစ်ကြော်၍ ငိုမြည်တမ်း၏။ ထိုအခါ မျောက်ကြီးတစ်ခုသည် ဤသူကို ငါမကယ်လျှင် ပျက်စီးခြင်းသို့ ရောက်လေတော့မည် အကြံရှိ၍ မြင့်စွာသော ကမ်းကို ဆင်းပြီး လျှင် ထိုပုဏ္ဏားကို ကျောက်၌ ပိုးစေ၍ ကမ်းထိပ်သို့ ရောက်အောင် ကြိုးဆောင်လေ၏။ ကမ်း ထိပ်သို့ ရောက်လျှင် ထိုမျောက်မင်း ပင်ပန်းလှသောကြောင့် အမေ့ပုဏ္ဏား ငါပင်ပန်းလှသည်။ အမေ့ရင်ခွင်၌ တစ်ခဏမျှ အိပ်ပါရစေ၊ အမေ့ စောင့်ပါ ဟူ၍ ဆို၏။ ပုဏ္ဏားလည်း အမေ့ အိပ်တော့၊ ငါစောင့်မည် ဆိုပြီးလျှင် ပုဏ္ဏား ဤသို့ ကြံ၏။ ယခု ငါ့နွားပျောက်၍ ရှာသော် ငါ့မယား စိတ်ဆိုးလတ္တံ့သည်။ ငါ့မယား မျက်နှာပြု နွားသော်လည်း မရ။ အိမ်သို့ ရောက်လျှင် ငါ့မယား စိတ်ဆိုးလတ္တံ့သည်။ ငါ့မယား မျက်နှာပြု ရော မရှိ။ ဤမျောက်သည် ကြီးလည်း ကြီးလှသည်။ အသားများစွာ ရမည်။ ဤမျောက်ကို သတ်၍ မျက်နှာပြုရော ယူတော့မည် ကြံပြီးလျှင် ကျောက်အုတ်ခဲကို ကောက်၍ မျောက်မင်း နှာရောင်ကို ရွယ်ရွယ်ကျိုးအောင် ထုလေ၏။ မျောက်မင်း သွေးသံတခြင်းခြင်းနှင့် ထ၍ ကြည့်သော် အခြားရန်သူကို မမြင်၊ ပုဏ္ဏားကို မြင်လေ၏။ ယင်းသို့မှ သစ်ပင်ထက်သို့ ပြေးတက်၍ အမေ့ ပုဏ္ဏားကား သူ၏ ကျေးဇူးကို မသိ။ သို့တိုင် ပြုဘိသနည်း ဆို၏။ ပုဏ္ဏားလည်း မိမိအရပ်သို့ ပြန်မည်မနိုင်ကို မသိ။ ညအချိန်ရောက်လျှင် ကျားစားလတ္တံ့သည်ကို နိုးရိမ်သောကြောင့် အလွန် ငိုကြွေးခြင်းကို ပြု၏။ ထိုအကြောင်းကို မျောက်မင်း မြင်လျှင် သည်ပုဏ္ဏားသည် ပညာအမြင် နည်းသသူ ဖြစ်၍ မှားမိလေသည်ကို ငါခရီးမရှုသည် ရှိသော် ပျက်စီးခြင်းသို့ ရောက်လေတော့ မည် အကြံရှိ၍ ပြီးလျှင် အမေ့ပုဏ္ဏား ငါ၏ သွေးပေါက်ကျရာ အရပ်ကို မှတ်၍ လာပေတော့။ မစိုးရိမ်လင့်။ သင့်ကို ငါခရီးချမည် ဟူ၍ ပုဏ္ဏားနှလုံးကို နိုင်စေပြီးလျှင် သစ်တစ်ပင်ကသည် တစ်ပင်သို့ ခုန်၍ သွေးပေါက်အစဉ်ဖြင့် ခရီးချ၍ ခရီးမသို့ ရောက်လေ၏။

ဤသို့ အသက်သေကြောင်းကို ပြုလေငြားသော်လည်း အာဃာတစိတ် မရှိမူ၍ ကရုဏာ စိတ်ဖြင့်သာ တိုက်တွန်းဖူးလေ၏။ ထိုမျောက်မင်းအကြောင်းကို ထောက်တော်မူ၍ သာသနာ့ ဒါယကာတော် မဟာဓမ္မရာဇ တရားမင်းမြတ်သည် ၃၇ ပါးသော အလောင်းတော်တကာတို့ မှင့်တော်မူရာဖြစ်သော ဗောဓိပက္ခိယတရားကို အလိုတော် ရှိ၍ အံ့ဖွယ်သရဲသော သူမခံသော သည်းကို ခံတော်မူရသည် ရှိသော် သဗ္ဗညုတဉာဏ်အတွက်သို့ မချွတ်မလွဲ ပြည့်တော်မူမည် ဟူ၍ ဟောတော်မူသည်။

## ၃၁၃။ သူပုန်တို့ကို ပရိယာယ်နှင့် လွှတ်ပုံ

ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဆရာတော်တို့ ဟောတော် မူသော တရားတော်တို့ကို ကြားတော်မူလျှင် ဤသို့ အကြံတော်ရှိ၍ ရခဲ့သော ဤသူအပေါင်း တို့သည် အလုံးစုံပင် သူပုန်မဟုတ်။ သူပုန်အရင်းတို့ အလုံးအရင်းနှင့် ရောက်လှာ၍ စားမိုးကာညို ဆိုလျှင် သေမည်ကို ကြောက်၍ အချို့သောသူသည် အပေါ်အပေါင်း ပြုရာသည်သာ ဖြစ်သည်။ အလုံးစုံသော သူတို့ကို မစိစစ်ဘဲ ငါ ကွပ်မျက်တော်မူမိချေသော် လာလတ္တံ့သော သူတို့သည် မစစ်မကြော ကွပ်မျက်တော်မူလွယ်လေသည် ဟူ၍ ကမ္ဘာမကြေသရွေ့ ဥဒါန်းမော်ကွန်း

ဖြစ်အောင် ဆိုရစ်လေတော့မည် ဖြစ်သည်။ သဗ္ဗညုဘုရားသခင် ဟောတော်မူသော တရားတော်နှင့် လူ၏အဖြစ်သည် အလွန် ရခဲလှသည်။ လူ၏ အဖြစ်ကိုပင် ရငြားသော်လည်း သာသနာနှင့် ကြုံကြိုက်ဖြစ်ငြားရမည် အလွန်ရခဲလှသည် ဟူ၍ အကြံတော် ရှိပြီးလျှင် သူပုန်အပေါင်းတို့တွင် အကြီးခေါင်းပြု၍ အမည်အရည်ခံသသူ၊ ကျေးရွာစား၍ ကွပ်ကဲဆော်ဖန်သသူတို့ကို စစ်ကြောလေ ဟူ၍ ဝန်တို့ကို အမိန့်တော်ရှိ၍ စစ်ကြောရသည်။

ဝန်တို့ စစ်ကြော၍ ခေါင်းအကြီး နှနှစ်ကျိပ်ကျော် ရသည်ကိုသာ ကွပ်မျက်တော်မူသည်။ ထိုမှတစ်ပါး သူပုန် တစ်ရာကျော်ကိုမူကား ထုံးစံနှင့်အညီ မီးတိုက်မည် အခြင်းအရာကို ပြု လွှတ်ရသည်။ ဤသို့ မင်းတကာတို့ ပြုခဲလှစွာသော အမှုကို ပြုပြီးမှ သူပုန်တို့ မီးထင်းတိုက်၍ ပျက်စီးလေသော ဘုရား ဂူကျောင်းတို့ကို အမှုးအမတ်တို့အား အသီးအသီး ဝန်ခန့်တော်မူ၍ လုပ်ဆောင်ရသည်။ နန္ဒဝန်ဥယျာဉ်လည်း တည်တော်မူသည်။

သက္ကရာဇ် (၉၂၇) ကိုးရာနှစ်ဆယ့်ခုနစ်ခု ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်[1] ကြာသပတေးနေ့ ရွှေမော်ဓောဘုရားကို လုပ်စပြုရသည်။ မဟာစေတီအရှေ့ မနောရမ္မာရှောင်းနားက အုတ်ဖိုများတွင် အုတ်ကို ရွှေမော်ဓောဘုရား တိုင်အောင် လမ်းနှစ်ဖက် တစ်ဖက် တစ်မြောင်းစီ လူများတို့ကို နေစေ၍ လက်ဆင့်ကမ်းရသည်။ ပန်းတနော်တွင် အုတ်များကိုလည်း လမ်းနှစ်ဖက် တစ်ဖက် တစ်မြောင်း နေစေ၍ ရွှေမော်ဓောဘုရားတိုင်အောင် လက်ဆင့်ကမ်းရသည်။ ဘုရား ဂူကျောင်း သိမ်ဇရပ် ပျက်သည်များကို လုပ်၍ ပြီးလျှင် ရွှေထည့်စရာ စားတော်ခေါ်သော အဆောင်အယောင် မင်းခမ်းမင်းနားတို့ကို ဖျက်၍ ရွှေကို ကိုယ်တော်လေး ၅၃ ပိဿာ လှူတော်မူသည်။ သားတော် သဃာဒတ္တ ကိုယ်တော်လေး ရွှေနှစ်ဆယ် ရွှေမော်ဓော ဘုရားမြတ်စွာမှာ ရွှေထည့်စရာ လှူတော်မူသည်။ သူပုန်တို့ မီးတိုက်သော ရေသဘင် ရွှေပြာသာဒ်နှင့်တကွ ဆင်ကျုံးကိုလည်း လုပ်တော်မူသည်။

## ၃၁၄။ ဇင်းမယ်က ဥပရာဇာတို့ မိုင်းစံ[2]သို့ ချီတက်ပုံ

သားတော် မဟာဥပရာဇာ၊ သမက်တော် အဝဘုရင် သတိုးမင်းစော၊ တူတော် မင်းရဲကျော်ထင်တို့ မြင်းတပ်, ဆင်တပ်နှင့် တပ်ပေါင်း ၄၂ တပ်, ဗညားလကွန်းစား သုံးဦးတို့ ပြေးလေရာသို့ လိုက်ရာမှာ ဗညားလကွန်းသည် လင်းဇင်းသို့ ရောက်လျှင် လင်းဇင်းမင်း ဗြဲစစ်နှင့် တစ်ချက်တည်း သစ္စာခံ၍ တိုက်ဆင် တစ်ရာ, မြင်း ရှစ်ထောင်, စစ်သည်သူရဲ **နှစ်သောင်း**[3]ခန့်နှင့် မိုင်းစံ ဟူသော မြို့တွင် အနိုင်အလုံ ခံ၍ နေလေသည်။ မဟာဥပရာဇာတို့လည်း ဇင်းမယ်မြို့က ၃၂ စခန်း ချီ၍ မိုင်းစံသို့ ရောက်တော်မူလျှင် မဟာဥပရာဇာ မိန့်တော်မူသည်။ ယခု ငါတို့ကျွန် ပြေးလေသောကြောင့် လိုက်သည်ကို လင်းဇင်းမင်း ဗြဲစစ်သည် အရေးအရာသော် လည်း မဆို။ ငါတို့ ကျွန်ကိုသော်လည်း မပေး။ လက်တွင်း ထား၍ အနိုင် နေသည်။ ငါတို့ အရေးအရာ ဆိုသော်လည်း သင့်မည်လော၊ ယင်းသို့မဟုတ် အနိုင် တိုက်ရသော်လည်း သင့် မည်လော ဟူ၍ မိန့်တော်မူသည်ကို ဗညားဒလ ဤသို့ လျှောက်သည်။

ယခု ဇင်းမယ်က ချီတော်မူသည် တစ်လကျော်ခန့် ရှိပြီး ဖြစ်၍ ဆင် မြင်း ဗိုလ်ပါ ပင်ပန်းလှသေးသည်။ ယခုလည်း ရဲမက်တော်တို့ အညီအညွတ် မရောက်ကြသေး ဖြစ်သည်။

---

[1] ၁၇ ဇူလိုင် ၁၅၆၅ [2] မိုင်းစံ/ မိုင်းဆိန် (Muang Sain) [3] နှစ်သိန်း [တွင်းသင်း(၃)-၁၃၂]

အရေးကိုသောက်သောက် ဆောဆောလျှင်လျှင် ကြံရမည်အရေး မဟုတ်။ ရပ်ရပ်နေနေ စည်းစည်းကြပ်ကြပ် အရေးတော် မလစ်မလပ်ရအောင် လုပ်ကြံရမည် အရေးဖြစ်သည်။ ကျွန်ုပ်တို့မှာ ဧည့်သည်သာ ဖြစ်၍ အရပ်အရာ အစဉ်အစားကိုလည်း မသိရသေး။ လင်းဇင်းမင်းနှင့် ညီဥပရာဇ်တို့ မိုင်းစံမြို့တွင် ခံနေရာမှာ ဆင် မြင်း ဗိုလ်ပါ နည်းကြောင်း၊ များကြောင်းကိုလည်း နံစပ်ရိုးမည် ဟူ၍ လျှောက်သည်။

ဧည့်သည် လျှောက်သောအရေးကို အဝဘုရင် သတိုးမင်းစော ကြားလျှင် ဤသို့ မိန့်တော်မူသည်။ ယခု ဧည့်သည် လျှောက်သောအရေးသည် စစ်ရေးပင် ဖြစ်သည်။ သို့ရာတွင် မိုင်းစံတွင် ခံသော လင်းဇင်းမင်းကို ယခုနေ့ တိုက်ရမှသာ၊ မိုးသောက်မှ တိုက်မည် ဆိုလျှင် မတိုက်ရပြီ။ ညဉ့်ကို ပြေးထွက်လေတော့မည်။ အထက်ကလည်း ဇင်းသေဉ်တွင် ခံသောအခါ တို့ချီလာသည် ကြားလျှင် အတိုက်မခံ ထွက်၍ ပြေးဖူးလေပြီ ဖြစ်သည်။

## ၃၁၅။ မိုင်းစံမြို့ကို တိုက်ယူပုံ

ယင်းသို့ဖြစ်သောကြောင့် ယခုလည်း သုံးချက်တီးအချိန်သာ ဖြစ်သေးသည်။ မိုင်းစံမြို့ကို လုပ်ကြံသော်လည်း လုပ်ကြံမီသေးသည်။ ယခုပင် ငါတိုက်တော့မည် မိန့်တော်မူပြီးလျှင် စီရင်တော်မူ၍ စော်ဘွားစော်ကန်တို့ ဆယ်တပ်သားကို ယခုနေ့ပင် ဆင် မြင်း က စေတော်မူ၍ ဆင် မြင်း ရှုပ်တီးသသုတ်ကဲ့သို့[၁] ကရသည်။ သတိုးမင်းစောမှာ ဆင်တော်သန့်မြင်းစွာ[၂]ကို ဆုံးတွေ့တွေ့ သုတ်[၃]ပြီးလျှင် ချေကြီးရွှေက တင်၍ စီးတော်မူပြီးမှ စစ်မျက်နှာ ဖြန့်၍ အနောက်မျက်နှာက နေတော်မူသည်။

မဟာဥပရာဇာ၊ မင်းရဲကျော်ထင်တို့ အတပ်တပ်သားလည်း မနေသာပြီ ဖြစ်၍ ဆင် မြင်း က ပြီးလျှင် စစ်မျက်နှာဖြန့်၍ မိုင်းစံမြို့ကို ဝန်းရံလေ၏။ ယင်းသို့မှ အမြောက် သေနတ် ဖြော်ဖြော်ကြ၍ မီးပေါက်မိုး ရွာစေပြီးလျှင် ဆင်သည်လည်း ဆင်နှင့် မြို့ကို တိုက်သည်။ မြင်းသည်လည်း မြင်းနှင့် မြို့ရင်းသို့ ချဉ်း၍ တိုက်ကုန်၏။ ခြေသည်လည်း လှေကား၊ တူးရွင်း ကိုင်၍ မြို့ကို တက်ကုန်၊ တူးကုန်၏။

ယင်းသို့စဉ်တွင် အဝဘုရင် သတိုးမင်းစောလည်း ဆင်တော် သန့်မြင်စွာနှင့် မြို့သစ်တပ်ကို တိုက်တော်မူသည်။ မြို့ထိပ်က လှံနှင့် ချလေသည်။ လက်ယာပေါင်တော်ကို စူး၍ ဆင်တော်သို့ သုံးသစ်ဝင်သော ဟူ၏။ ထိုသို့ စူးသော်လည်း လှံကို နုတ်တော်မမူ။ လှံရိုးကို လက်သုံးတော်ခွဲ ဓားဖြင့် ဖြတ်၍ မြို့ကို တိုက်တော်မူသည်။ သစ်တပ်တိုင် နှစ်တိုင်၊ သုံးတိုင်လဲ၍ ဆင်နှင့်တကွ ဝင်တော်မူနိုင်လေ၏။ ဆင်သည်၊ မြင်းသည်တို့လည်း တိုင်လဲရာက ဝင်ကုန်၏။ လင်းဇင်းအမတ်တို့ မြို့တွင်းက ဆီးကြို၍ ဆင်နှင့် ခံလာသည်ကို တိုက်တော်မူသည်။ ဆင် တစ်စီး၊ နှစ်စီး လဲလေ၏။ ယင်းသို့မှ ရဲမက်တော်တို့ အလုံး ဝင်မိလျှင် လင်းဇင်းမင်း ဖြစ်စစ်သည် ရုံးမိသမျှသော ဆင်လုံး မြင်းရင်းနှင့် မြို့က ထွက်၍ ပြေးလေ၏။ လင်းဇင်းမင်းညီ မိုင်းစံစား ဥပရာဇ်နှင့်တကွ အမတ် သုံးကျိပ်ကျော်ကိုလည်း ရတော်မူသည်။ လင်းဇင်းမိဖုရား ဖြကြည်၊ ၎င်းမိဖုရား ယိုးဒယားမင်းသမီး မနုရာ၊ ၎င်းမိဖုရား ကျိုင်းတုံစော်ဘွားသမီး သီရိမာ၊ လင်းဇင်း

၁။ ရှုပ်တီးသကဲ့သို့ (မှန်နန်း-၃၇၁) ၂။ သန့်မြင်းစွာ [မှန်နန်း-၃၇၁၊ တွင်းသင်း(၃)-၁၃၃] ၃။ ဆုန်းတွေ့တွေ့သုတ်-နီညိုရောင် ခဲမှုပ်ဆေးဖြင့် နီမြန်းအောင် သုတ်။

မင်း တွင်မ သိရှိလွှတ်တာနှင့်တကွ ကိုယ်လုပ် နှစ်ကျိပ်ကျော် ရတော်မူသည်။ ဆင် လေးရာကျော်၊ မြင်း တစ်ထောင်ကျော်၊ မိန်းမ ယောကျ်ား လူ ၅၀၀၀ ကျော်ကိုလည်း ရတော်မူသည်။

ဤသို့ ဆင် တစ်သိန်းရှင် ဖြစ်တော်မူသော လင်းဇင်းဘုရင် ခံနိုင်သည်ကို သားတော်၊ သမက်တော်တို့ လုပ်ကြတော်မူသည်။ တခါ တစ်ခေတချင်း လက်ဝါးပြကာ အောင်မြင်တော်မူ၍ မိုင်းစံတစ်မြို့လုံးကို ရတော်မူသည်။ ယင်းသို့ နေမဝင်မီ အောင်တော်မူလျှင် ရဲမက်တော် အပေါင်းတို့လည်း မိုင်းစံမြို့တွင် ရှိသော ရွှေ၊ ငွေ၊ ကြေး၊ သံ၊ အဝတ်အစား၊ ဆန်ရေ များစွာ ရကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ပတ်စည်၊ မောင်းကြွေး တီးမှုတ်၍ တစ်ညလုံး ပွဲလမ်းခံကုန်သည်။ အဝဘုရင် သတိုးမင်းစောလည်း ပေါင်တွင် ထိသော လုံကို စစ်အောင်မြင်တော်မူမှ နုတ်၍ ဆေးဝါးကုတော်မူသည်။

ယင်းသောခါ မဟာဥပရာဇာ မိန့်တော်မူသည်ကား– ဆင်တစ်သိန်းရှင် ဖြစ်သော လင်းဇင်းမင်းသည် ငါတို့ကျွန် ပြေးဝင်လာသောကြောင့် လိုက်လံတောင်းသည်ကို အရေးအရာသော်လည်း မဆို၊ ငါတို့ကျွန်ကိုသော်လည်း မပေး၊ ခံသော်လည်း ဦးလည်ချွန်၍ မတိုက်မခံ၊ မြို့က ထွက်ပြေးလေသည် အရာမှာ ပသို့ လုပ်ကြရသော် သင့်မည်နည်း ဟူ၍ တပ်မှူး စစ်ကဲအပေါင်းတို့ကို ခေါ်၍ အမိန့်တော် ရှိသည်ကို သီရိဇေယျကျော်ထင် လျှောက်သည်။ လင်းဇင်းမင်း ပြေးစစ်သည် ဆင် မြင်း ဗိုလ်ပါ များသည်ကိုယုံ၍ ဗညားလကွန်း၊ ဗညားနန်း၊ ဗညားတုရိုင်တို့ကို လက်ခံထားလေသည်။ ယခု လုပ်ကြံတော်မူ၍ ပျက်လျှင် နှလုံးဝမ်း ငယ်၍ ဗညားသုံးဦးကို ပို့လာမည် မချွတ်။ ယခုလည်း ရဲမက်တော်တို့သည် ခရီးမြေတာ ဝေးသောကြောင့် ခြေအေး၊ လက်နာ ရှိကြသည်။ ဆင် မြင်းလည်း ပင်ပန်းသေးသည်။ (ခုနစ်ရက်၊ ရှစ်ရက်ခန့် ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ဖြည့်တင်းပြီးမှ ချီတော်မူလျှင် သင့်မည် အကြောင်းနှင့် သီရိဇေယျကျော်ထင် လျှောက်သည် အရေးကို ကြိုက်တော်မူ၍) ခုနစ်ရက်၊ ရှစ်ရက်ခန့် ဆင် မြင်း ဗိုလ်ပါတို့ကို ဖြည့်တင်းပြီးလျှင် လူနာ လူဖျား မစွမ်းမမာသသူတို့ကို ဗညားကျွန်း တစ်တပ်ကို အစောင့်အနေ ခန့်၍ စစ်နှစ်ကြောင်း စီရင်၍ လင်းဇင်းမင်း ပြေးလေရာသို့ လိုက်တော်မူကြသည်။ မိုင်းစံ(က) ချီတော်မူ၍ ၁၂ စခန်း ရောက်လျှင် လင်းဇင်းမင်း နေရပ်ကို အတပ်မသိသောကြောင့် တပ်ချ၍ နေတော်မူကြသည်။

## ၃၁၆။ နောင်ဟံတပ်တွင် အဝဘုရင် သတိုးမင်းစော ဗညားသုံးဦးတို့ကို နိုင်ပုံ

ယင်းသောခါ ဗညားလကွန်း၊ ဗညားနန်း၊ ဗညားတုရိုင်တို့လည်း လင်းဇင်းမင်းသို့ ဤသို့ နားတော်လျှောက်ကုန်သည်။ ကျွန်တော်တို့ ဇင်းမယ်သားအပေါင်းတို့သည် တစ်ချက်တစ်လက် တည်း တိုင်ပင်၍ တစ်စိတ်တစ်ဝမ်းတည်း ရှိပြီးမှ မင်းတရားကြီးကို ပုန်စားသည်။ သို့ကို ဇင်းမယ်မင်းသည် နှလုံးဝမ်း ငယ်၍ သူ့ကျွန်ခံလေသည်။ ကျွန်တော်တို့မှာကား ဘုန်းကြီးသည် အရှင်သို့ ပြေးဝင်မှ အသက်လွတ်ပါမည်ကို ရည်၍ ကျွန်တော် ခံပါသည်။ ယခု မဟာဥပရာဇာ သတိုးမင်းစောတို့လည်း ကျွန်တော်တို့ကို တောင်းမည် လိုက်လာသည်။ ကျွန်တော်တို့ကြောင့် ဘုန်းကြီးသည်အရှင် တိုင်းနိုင်ငံတော်အလုံး ပျက်စီး၍ ရှိရသည်။ ယခုလည်း ကျွန်တော်တို့ကို မရဘဲကို သူ မပြန်ပလေ။ ယင်းသို့ ဖြစ်သောကြောင့် ဆင် မြင်း အလုံးအရင်းကိုသာ ပေးတော်မူပါ။ အသက်ကို စွန့်၍ ဆင်စီးချင်း ကျွန်တော်တို့ တိုက်ပါမည် ဟူ၍ လျှောက်ကုန်သည်။

လင်းခင်းမင်းလည်း ဗညားသုံးဦး လျှောက်သော စကားကို ကြားလျှင် တိုက်ဆင် နှစ်ရာ၊ ဗိုလ် လေးဆောင်[1] ထည့်၍ အဘယ်တပ်ကို အလျှင် တိုက်မည်နည်း ဟူ၍ မေးတော်မူသည်ကို ဗညားသုံးဦးတို့က နောင်ပဟံ[2] အရပ်တွင် နေသော အဝဘုရင် သတိုးမင်းစောတပ်ကို တိုက်မည် ဟူ၍ လျှောက်သည်။ ယင်းသို့မှ နောင်ပဟံ အရပ်သို့ အလုံးအရင်းနှင့် ချီလာသည်။ အဝဘုရင် သတိုးမင်းစောလည်း လင်းခင်းသားတို့ ချီလာသည်၊ နီးပြီ ဟူ၍ ကြားတော်မူလျှင် ဆင် မြင်း ဏ စေ၍ မြင်းတပ် ငါးတပ်နှင့် တပ်ပေါင်း ၁၈ တပ်လုံး စစ်မျက်နှာဖြန့်၍ နေရသည်။ လင်းခင်းက ချီလာသောတပ် နီးလျှင် တပ်မှူး၊ စစ်ကဲ၊ ဆင်စီးသူရဲအပေါင်းတို့သည် အကြောက် အရွံ့ မရှိ၊ ဆင်ချွန်းပွင့်ကာ လွှတ်လေ၏။ ယင်းသောခါ စလင်းမင်းကျော်ထင်နှင့် ဗညားနန်း ရင်ဆိုင်တွေ့၍ မနည်းကြာ တိုက်ကြသည်။ ဗညားနန်း စီးသောဆင် အားမတန်၍ ယင်းတွင် ပင် လဲလေ၏။ ဗညားနန်းလည်း မိမိဆင် လဲ၍ မြင်းသို့ တက်သည်ကို မင်းကျော်ထင် ဆင်ဖြေ ဖုံး လုံနှင့် တုတ်သည်။ ဓါးကို တုတ်မိ၍ ယင်းတွင်ပင် ဆုံးလေ၏။

အဝဘုရင် သတိုးမင်းစောလည်း ဆင်တော် သန်မြင်ခွာနှင့် ဗညားလကွန်းကို တိုက်မည် ဟူ၍ လှုပ်သို့ လွှတ်သည်ကို ဗညားလကွန်း မခံနိုင်၍ ပြေးလေသောကြောင့် လွတ်လေ၏။ တပ်မှူး စစ်ကဲ ဆင်သည် အပေါင်းတို့သည်လည်း လှုပ်သို့ ရောက်လျှင် ဦးယှဉ်မိသမျှကို တိုက်သည်။ လင်းခင်းသားတို့ အစုစု ကွဲ၍ ပျက်လေ၏။ ယင်းသို့ ပျက်လျှင် သုံ့ပန်း ဖမ်းသည်။ ဆင် မြင်း ခြောက်ဆယ်[3]၊ လူ သုံးထောင်[4]ကျော်ခန့် ရတော်မူသည်။ သေလေသည်လည်း များ၏။ ယင်းသို့မှ နောင်ပဟံတပ်သို့ ပြန်၍ နေတော်မူသည်။ မဟာဥပရာဇာတို့ နေတော်မူသည် နှင့် နှစ်တိုင်ကျော်ခန့် ခွာ၍ ရှိသည်။ အခြောက် သေနတ်သံ ကြားမှ သူက တိုက်သည်လော ဟူ၍ မြင်းလျှင်နှင့် မေးလာရသည်ကို သူတိုက်သည်ကို အောင်မြင်လေပြီ၊ ဗညားနန်းကိုလည်း သတ်လိုက်ရသည်။ ဆင် မြင်း လူသူ အများ ရတော်မူသည် ဟူ၍ မှာတော်မူသည်။

လင်းခင်းစစ်သည်တို့ ပျက်၍ ပြန်လျှင် လင်းခင်းမင်း အဂ္ဂမဟာသေနာပတိ ဖြစ်သော သေဥ်လုံရာဇဝတ် အမတ်လည်း သူ့အရှင် လင်းခင်းမင်းကို ဤသို့ လျှောက်ပြန်သည်။ သူ အဝေးက လာ၍ ကျွန်တော်တို့ နိုင်ငံအလုံးကို ထောင်းထောင်းကြေအောင် ဖျက်ဆီးရလေသည်။ ကျွန်တော်တို့ ယောကျ်ား ကုတ်ပါသည်လော။ ယင်းသို့ ဖြစ်သောကြောင့် ကျွန်တော်တို့ အလုံး အရင်း အများနှင့် ဝိုင်းရံ၍ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့သည် အသက်ကို စွန့်၍ သူ့ကို တိုက်မည်။ နိုင်လျှင်လည်း နိုင်စေ၊ မနိုင်လျှင်လည်း သေစေတော့ နားတော်လျှောက် သည်ကို လင်းခင်း ဖြစ်စစ် ဤသို့ ဆိုသည်။ သူတို့ တပ်မှူး၊ စစ်ကဲမှ စ၍ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့သည် ရန်သူကို တွေ့သောခါ မကြောက်မရွံ့ မတုန်မလှုပ် အသက်ကိုစွန့်၍ အမှုကို ထမ်းမည်သူချည်း ဖြစ်သည်။ ယခု တိုက်၍ သင့်မည် မထင်၊ ရှည်ကြာ၍ ဆင် မြင်း ဗိုလ်ပါ တော်စွတ်ပင်ပန်းမှ တိုက်ရသော် သင့်မည် ထင်သည်။ ယခု ဗညားသုံးဦး တိုက်လံသည်။ ဆင် မြင်း ဗိုလ်ပါသော သေပျောက်၍ ဆုံးရှုံးချေသည်။ သူတို့ကို မအောင်နိုင်ချေ ဟူ၍ မိန့်တော် မူသည်။ သေဥ်လုံရာဇဝတ် အမတ်လည်း ကျွန်တော် ကြိုက်သော အမျိုးအမတ် ဆင် မြင်းကိုသာ ပေးတော်မူပါ၊ နိုင်အောင် တိုက်ပါမည်။ ဘုန်းကြီးသည် အရှင်လည်း ကျွန်တော် ချီလာသည် နောက် တစ်တိုင်ကျော်ခန့်က နောက်ချပ်၍ ချီတော်မူ။ သာလျှင်လည်း တိုက်တော်မူတော့၊

---

၁။ လေးဆောင် [တွင်းသင်း(၃)-၁၃၄] ၂။ နောင်ပဟံ (-တို-) ၃။ ဆင် ခြောက်ဆယ် (မှန်နန်း-၃၇၄)၊ ဆင်သုံးဆယ်၊ မြင်း ခြောက်ဆယ် [တွင်းသင်း(၃)-၁၃၄] ၄။ တစ်ထောင် [တွင်းသင်း(၃)-၁၃၄]

မသာလျှင်လည်း စွာတော်မူတော့ ဟူ၍ လျှောက်သည်။ လင်းခင်းမင်းလည်း သော့ဦလုံရာဇဝတ် အမတ် လျှောက်သော အရေးသို့ လိုက်၍ တိုက်ဆင် လေးရာ၊ ဗိုလ် နှနှစ်သောင်းနှင့် အလျှင်ရှိ ရသည်။ သော့ဦလုံရာဇဝတ် အမတ်မှာ အရပ် နှနှစ်တောင်ရှိသော ခြလပုံ ဟူသောဆင် မှန်နှင့် ဖပ်ဖပ်ကို စီးသည်။ ယင်းကမှ လင်းခင်းမင်း ခြစ်စစ်မှာ တိုက်ဆင် လေးရာ၊ ဗိုလ် တစ်သောင်း ခန့်နှင့် နောက်တပ်မ ပြု၍ချီသည်။ ဆင်ကြီးတစ်ရက်ကို တွေ့လျှင် ဆင်များကို ရေစိမ်၍ နေရသည်။

## ၃၁၇။ သော့ဦလုံရာဇဝတ်နှင့် အဝဘုရင် သတိုးမင်းစော တိုက်ပုံ

အဝဘုရင် သတိုးမင်းစောလည်း လင်းခင်းမင်း ချီလာကြောင်းကို ကင်းတိုးစေသော မြင်းတော်သည်တို့ လျှောက်လာ၍ ကြားတော်မူလျှင် မြင်းတပ် ငါးတပ်နှင့်တကွ တပ်ပေါင်း တစ်ဆယ့်ရှစ်တပ်လုံး စစ်မျက်နှာပြင်၍ ကြိုသည်။ သူနှင့် နီးလျှင် တပ်မှူး၊ စစ်ကဲ၊ ဆင်စီး အပေါင်းတို့ အဆီးအတား မရှိ ဆင်ချွန်းဖွင့်ကာ လွှတ်ကြလေ၏။ သတိုးမင်းစောလည်း ဆင်တော် သန်မြင်စွာကို ဆုန်းတွေးတွေး သုတ်ပြီးလျှင် စီးတော်မူ၍ သူ့ပုံသို့ လွှတ်သည်။ သော့ဦလုံရာဇဝတ် အမတ်နှင့် ဆိုင်မိ၍ တိုက်တော်မူသည်။ သော့ဦလုံရာဇဝတ်အမတ် စီးသော ဆင် မှန်နှင့်ဖြစ်၍ အခြားဆင်များ မှန်နံ့ကို ရလျှင် မရှည်ဝံ့ချေ။ သန်မြင်စွာ တစ်စီးသာ ရေ့ဝံ့ ချေသည်။ မနည်းကြာ ရေ့၍ အကြောင်းကို သိတော်မူလျှင် နောက်သို့ဆုတ်၍ အားယူပြီးမှ ချွန်းဖွင့်၍ တိုက်တော်မူသည်။ သော့ဦလုံရာဇဝတ်အမတ် စီးသောဆင် ခြလပုံ အာပေါင်ကို ထိုးမိလျှင် ဟောင်ဟောင်ကျည်ကျည် မြည်၍ ပြေးလေ၏။ လိုက်ထပ်၍ တိုက်တော်မူသည်။ မီလျှင် ကုန်းလယ်စီးက လှံနှင့် လွှတ်သည်။ သော့ဦလုံရာဇဝတ်အမတ်ကို လှံသင့်၍ ဆုံးလေ၏။ စီးသည့် ဆင်ကိုလည်း ရတော်မူ၏။ ယင်းသို့ သော့ဦလုံရာဇဝတ်အမတ် ဆုံးလျှင် အဆီးအတား မရှိ ပျက်လေ၏။ ရဲမက်တော်တို့ ထပ်၍ တိုက်သည်။ အမတ် ၁၂ ယောက်နှင့်တကွ ဆင် ၅၀၊ လူနှစ်ထောင်ကျော်[၁] ရတော်မူသည်။ သေသည်လည်း များ၏။ သတိုးမင်းစောလည်း တစ်တိုင်ကျော်ခန့် လိုက်တော်မူသည်။ ညဥ့်မိုးချုပ်သည်နှင့် လင်းခင်းမင်းကို မတွေ့၍ တပ်တော် သို့ ပြန်တော်မူသည်။

ယင်းသည့်နေ့မှ စ၍ လင်းခင်းမင်းတို့ မျက်နှာမပြဝံ့ပြီ၊ တစ်လခန့် ရှိလျှင် မဟာဥပရာဇာ ဤသို့ မိန့်တော်မူသည်။ ယခု ငါတို့ နောင်ဟံ အရပ်တွင် နေချေသော် လင်းခင်းမင်းသည် မြို့သို့ ချဥ်း၍ နေဝံ့မည် မဟုတ်။ ယင်းသို့ ဖြစ်သောကြောင့် မိုင်းစံသို့ ဆုတ်၍ သည် တစ်မိုး တွင်းကို ရဲမက်တော် အပေါင်းတို့ကို လယ်လုပ်စေ၍ ဆင် မြင်း ဗိုလ်ပါကို ပြည့်တင်းရမှ သင့်မည် ထင်သည် ဟူ၍ မိန့်တော်မူလျှင် အဝဘုရင် သတိုးမင်းစော အစရှိသော ဇော်ဘွား စော်ကန် တပ်မှူးစစ်ကဲ အပေါင်းတို့ တစ်စိတ်တစ်ဝမ်းတည်း နှလုံးညီကြ၍ မိုင်းစံမြို့သို့ ဆုတ်၍ နေတော်မူကြသည်။

## ၃၁၈။ လူနှာ လူများ ပို့သော တပ်ကို ဗညားသေဉ် တိုက်လာ၍ ငှင်းပင် ကျဆုံးပုံ

ယင်းသို့မှ မိုင်းစံမြို့တွင် နေစေသော နာများ၍ မစွမ်းသသူ မွန်၊ မြန်မာ၊ ရှမ်းအပေါင်းတို့ ကို မ စ စေ၍ ဗညားကျွန်းတပ်ကို တိုက်ဆင် ၅၀၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်းနှင့်

[၁]။ ဆင် ငါးဆယ်၊ မြင်း သုံးရာ၊ လူနှစ်ထောင်ကျော် [တွင်းသင်း(၃)-၁၃၅]

ဟံသာဝတီသို့ ပို့ရလေသည်။ ထိုသို့ ပို့ရကြောင်းကို လင်းဇင်းမင်း ကြားလျှင် လက်ရုံး လက်မောင်းကို တန်း၍ ဤသို့ ကြုံးဝါးသည်။ မဟာဥပရာဇာကို ငါအလျှင် ခံ၍ မတိုက်ဘဲ နေသော အကြောင်းကား ကြောက်၍ နေသည် မဟုတ်။ ငါတိုင်းကား နိုင်ငံသို့ ရောက်လျှင် နာရှား တော်မှတ်၍ မြေလက် ပင်ပန်းပလေစေဦး။ ယင်းသို့ ပင်ပန်းနွမ်းနယ်မှ ငါ တိုက်မည် ဟူ၍ ရှောင်ရှား ကွယ်ထောင်၍ နေသည်။ ယခု ငါတို့ပွဲ ဟူ၍ ဆိုပြီးလျှင် "ဗညားသေဉ်" ဟူသော အမတ်ကို တိုက်ဆင် တစ်ရာ၊ ဗိုလ် တစ်သောင်း[1]ခန့်နှင့် တောသို့ ချီစေ၍ လူနှာ လူများတို့ကို ပို့စေသော ဗညားကျန်းကို တိုက်လေ ဟူ၍ လင်းဇင်းမင်းက ခန့်သည်။ ဗညားသေဉ်လည်း တောကို ချီ၍ ဗညားကျန်း အလာကို တိုက်မည်ဟု စောင့်နေသည်။

ဗညားကျန်းလည်း အမြိုက်[2] ဟူသော ဆင်ကို စီး၍ ချီသည်နှင့် ဗညားသေဉ် တောက ထွက်၍ တိုက်လျှင် နင်တို့ကိုပင် ရှာသည် ဆို၍ တိုက်လေ၏။ မနည်းကြာ ရေ့လျှင် လင်းဇင်း မင်း အမတ် ဗညားသေဉ်က ဆင်ကူ၍ တိုက်မည် လွတ်သည်ကို ဗညားကျန်းတူ စန္ဒရာသီ ဟူသော အမတ် ကွန်တရော်[3] ဟူသော ဆင်ကို စီး၍ တိုက်သည်။ လင်းဇင်းမင်းအမတ် ဗညားသေဉ် စီးသောဆင် လဲ၍ ပြေးလေ၏။ လိုက်ထပ်၍ တိုက်လျှင် ဆင်နှင့်တကွ ဗညားသေဉ် ကို အရှင်ပင် ရလိုက်သည်။

ဗညားကျန်းလည်း ဗညားသေဉ် စီးသော ဆင်ကို အစွယ်နှင့် ထိုးမိသည်။ ရွှေတိုင်း[4] လဲလေ၏။ ယင်းသို့ခဲ့တွင် ရဲမက်တော်တစ်ယောက် လှံနှင့် ထိုးမိသည်။ ရင်ကို ထိုးမိ၍ ဗညားသေဉ် ဆင်ဦးတွင် သေလေ၏။ ဗညားသေဉ် သေလျှင်လည်း လင်းဇင်းမင်း စစ်သည်တို့ အသီးအသား မရှိ ပျက်စီးလေ၏။ ဗညားသေဉ် စီးသော ဆင်နှင့်တကွ ဆင် ၃၀ ကျော်၊ လူ ၁၀၀[5] ကျော် ရလိုက်၏။ သေလေသည်လည်း များ၏။ ယင်းသို့မှ လူနှာ လူများ မစွမ်းမမာ သည့်တို့ကို သိမ်းဆည်း ဖြည့်တင်း၍ ဟံသာဝတီသို့ တဖြည်းဖြည်း ပြန်သည်။ ရောက်လျှင် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အားရတော်မူ၍ ကွမ်းခွက် ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံ၊ ထွေးအင်၊ ဝတ်လုံ ပုဆိုးကောင်း ပေးတော်မူသည်။ စန္ဒရာသီကို လည်း ခက်ရှိရွှေနှင့် တကွ ကွမ်းကျပ်၊ လက်ဖက်အိုး၊ ဝတ်လုံ ပုဆိုးကောင်း ပေးတော်မူသည်။

## ၃၁၉။ မဟာဥပရာဇာတို့ လင်းဇင်းက သံတော်ဦးတင်ပုံ

သားတော် မဟာဥပရာဇာ၊ သမက်တော် သတိုးမင်းစောတို့လည်း မိုင်းစံမြို့တွင် လယ် ချောင်း လုပ်၍ တစ်မိုးတွင်း နေတော်မူမည် အကြံရှိသည်။ လင်းဇင်းမင်းလည်း မျက်နှာ မပြဝံ့၍ တောတောင်ကမ်းကြီးရာ ရှောင်ရှားပုန်းလျှို၍ နေလေ၏။

မဟာဥပရာဇာတို့က အသွယ်သွယ် လိုက်လံ၍ စုံစမ်းစေသော်လည်း မတွေ့ရချေ။ ယင်း သို့လျှင် မဟာဥပရာဇာတို့လည်း တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်၍ တိုင်ပင်တော်မူသည်။ ယင်းသောခါ ဗညားဒလ လျှောက်သည်။ ယခုသည် လင်းဇင်းမင်း ဖြစ်စစ်ကို လိုက်လံ၍ ရှာ သော်လည်း မရ။ ကျွန်တော်တို့ မိုင်းစံတွင် နေသဖြင့် မျက်နှာပြဝံ့မည် မဟုတ်ပြီ။ ယင်းသို့ ဖြစ် သောကြောင့် ပြန်ရမည် အကြောင်းကို ရှိမိုးသံတော်ဦးတင်၍ ပြန်ရသည် ဖြစ်မှ လင်းဇင်းမင်း ဖြစ်စစ် မြို့ရွာသို့ချဉ်း၍ နေဝံ့မည် ဖြစ်သည်။ ကျွန်တော်တို့လည်း တစ်နှစ်တစ်ဝါ ဆင် မြင်း

၁။ နှစ်သောင်း [မှန်နန်း-၃၇၆၊ တွင်းသင်း(၃)-၁၃၆]  ၂။ အမြိုက် [တွင်းသင်း(၃)-၁၃၆]  ၃။ ကန်တရော် (မှန်နန်း-၃၇၆)  ၄။ ရွှေတိုင် (-ဆို-)  ၅။ ငါးရာ [မှန်နန်း-၃၇၆၊ တွင်းသင်း(၃)-၁၃၆]

ဗိုလ်ပါတို့ကို ဖြည့်တင်း၍ တစ်ကြိမ် ချီပြန်ရမှ လင်းဇင်းမင်း ဖြစ်စစ်ကို ရတော်မူမည် ဟု၍ နားတော်လျှောက်သည်။

မဟာဥပရာဇာလည်း သည်အရေးသည် သင့်လျှို ဟု၍ မိန့်တော်မူပြီးလျှင် မေည်းတော် ဘုရှင်မင်းတရားကြီးဘုရားသို့ ဆက်မည် စာကို ဗညားဒလကို စီကုံးစေ၍ လျှောက်သည်ကား-

"သားတော်မဟာဥပရာဇာတို့ ဗိုလ်မှူး တပ်မှူးအပေါင်း ရှိခိုး သံတော်ဦးတင်ပါ ဖမ်းလေ အမိန့်တော်ကို ဦးထိပ်ရွက်၍ ကျွန်တော်တို့ လိုက်ရာမှာ မိုင်းစံတွင် လင်းဇင်းမင်းညီနောင်နှင့် ဗညားသုံးဦး အလုံးအရင်း ဆင်မြင်း အများနှင့် ခံသည်ကို ကျွန်တော်တို့ ရောက်၍ ခြင်းနှင့် ပြည့်စုံသော ရဲမက်တော် အတပ်တပ်သားတို့ ဝန်းရံ၍ လုပ်ကြလျှင် ဘုန်းတော်ကြောင့် ဆင်တစ်သိန်းရှင် ဖြစ်သော လင်းဇင်းမင်း ဖြစ်စစ်သည် ပျက်စီး ကြေမွ၍ ရှုံးမိသမျှသော ရဲမက်တို့နှင့် မြို့က ထွက်ပြေး၍ လွတ်လေသည်။

ညီ ဥပရာဇ်နှင့်တကွ မိဖုရား သုံးဦး၊ ကိုယ်လုပ် ၂ ကျိပ်၊ အမတ် ၃ ကျိပ်၊ ဆင် လေးရာ၊ မြင်း တစ်ထောင်ကျော်၊ သို့လူ အကြီးအငယ် ငါးထောင်ကျော်[18] ရပါသည်။

နောက် ကျွန်တော်တို့ မိုင်းစံက ချီ၍ လိုက်သော် ဆင် မြင်း ဗိုလ်ပါနှင့် ခံသည်ကို အစမင်း တိုက်သည်။ ဗညားနန်းကိုလည်း သတ်လိုက်ရသည်။ ဆင် ခြောက်ဆယ်၊ လူ သုံးထောင်ကျော် ရပါသည်။

နောက်တစ်ကြိမ် သေဉ်လုံရာဇဝတ် ခံ၍ တိုက်လာသည်။ သေဉ်လုံရာဇဝတ်ကိုလည်း သတ်လိုက်ရသည်။ အမတ် တစ်ကျိပ်နှစ်ယောက်နှင့် တကွ ဆင် နှစ်ဆယ်၊ လူ သုံးထောင်နှစ်ရာကျော်[19] ရပါသည်။

ယင်းသည်နေ့မှစ၍ လင်းဇင်းမင်း ဖြစ်စစ်သည် မျက်နှာမပြပံ့ပြီ။ နတ်စစ်သည်နှင့် တူသော ရဲမက်တော်အပေါင်းတို့ လိုက်သော် တောသုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းသည် ပဏ္ဍုမြားဂူမှ ထွက်၍ စံပယ်ကျက်မြူးသောအခါ ချေ[20]၊ ရှဉ့်၊ ပုတတ်၊ လိပ်၊ ဖွတ်၊ ဒရယ်၊ ယုန်ငယ် စသော သတ္တဝါတို့သည် တွင်းထဲ လိုဏ်ခေါင်း ပုန်းအောင်းလေသကဲ့သို့ လင်းဇင်းမင်း ဖြစ်စစ်သည် တောအုံ တောင်ကမ်းကြီးရာ အသက်လွတ်ကြောင်း ပုန်းလျှိုး၍ နေလေသည်။

အစိရဝတီ၊ မဟီ၊ သရဘူ၊ ယမုန်နာ၊ ဂင်္ဂါ ဟူသော အမည်ဖြင့် ကျော်စော ထင်ရှားစွာ အယဉ်တွေတွေ စီးသော မြစ်ကြီးငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ စီးဝင်လေသောအခါ မိမိတို့၏ အမျိုးအမည်ကို စွန့်၍ မဟာသမုဒ္ဒရာဟု လွှမ်းမိုး ထင်ရှားလေသကဲ့သို့ လင်းဇင်းနိုင်ငံအလုံးကို ခြင်းနှင့် ပြည့်စုံသော စစ်သည်တော် အပေါင်းတို့ လွှမ်းမိုးလျက် လိုက်လံ ရှာကြသော်လည်း နုံ၊ ရုံ၊ အေးပုစ်၊ မြင်း၊ ဂနိုင်၊ ပုတ်ပေါင်း၊ နှာမောင်း၊ ချုံနွယ်၊ စက်စယ်၊ ကိုင်း၊ ပန်းပြားနှင့် ပြည့်စုံသော တောတောင်လည်း အလွန်ကျယ်ဝန်းလှသည်။

---

၁၈ ငါးထောင်ကျော် [တွင်းသင်း(၃)-၁၃၇]   ၂၉ သုံးထောင်ကျော် (မှန်နန်း-၃၇၈)၊ နှစ်ထောင်ကျော် [တွင်းသင်း(၃)-၁၃၇]   ၃၀ ချေး [-ထို-]

နက်ပြန်ကြောင်းမှာ မြသေ့မင်းနှင့် ယုန်၊ ဂဠုန်နှင့် မြွေများ၊ နဂါးမင်းနှင့် တီသမှုယ်
အကြောင်းမှာ ခြသေ့မင်းနှင့် ယုန်၊ ဂဠုန်နှင့် ပျံလွှား၊ နဂါးမင်းနှင့် တီသမှုယ်

အကြောင်းမှာ ခြသေ့မင်းနှင့် ယုန်၊ ဂဠုန်နှင့် ပျံလွှား၊ နဂါးမင်းနှင့် တီသမှုယ်

ဖြစ်ကြောင်းကို ရှိနိုးသံတော်ဦးတင်ဝံ့သည် ဘုရား"

ဟူ၍ စီးကုံးပြီးလျှင် လျှောက်စာကို မြင်းလျှင် ၁၂ တပ်နှင့် ဆက်ရလေ၏။

ဟံသာဝတီသို့ ရောက်၍ ဆက်စာကို ကြားတော်မူလျှင် ခေါ်တော်မူ၍ သက္ကရာဇ် (၉၂၇) ကိုးရာနှစ်ဆယ့်ခုနစ်ခု ဝါခေါင်လဆန်း ၅ ရက်နေ့[၁] မိုင်းစံက ပြန်တော်မူသည်။ သီတင်းကျွတ်လဆန်း ၁၁ ရက်/၆-ကြာနေ့ ဟံသာဝတီ ရွှေပြည်တော်သို့ ရောက်တော်မူသည်။ ရောက်သနေ့ ပင် ရခဲ့သည့် လင်းဇင်းမင်းမိဖုရား၊ သမီး၊ ကိုယ်လုပ်မောင်းမနှင့် အမှူးအမတ် ဆင် မြင်း လူသူတို့ကို ဆက်ရလေ၏။ ခမည်းတော်ဘုရား အားရတော်မူ၍ ရွှေဝေါကို ပေးတော်မူသည်။ စောဘွား စော်ကန် သမက်တော် သတိုးမင်းစောကိုလည်း ရွှေခင်ဒုယင် ပေးတော်မူသည်။ စောဘွား စော်ကန် အထိုက် အမှူးအမတ် ပွဲလမ်းရသသူတို့ကိုလည်း အဆောင်အယောင် စားကျေး စားလက် အထိုက် အလျောက် ပေးတော်မူသည်။ ရခဲ့သော လင်းဇင်းမင်းမိဖုရား မြကြည်၊ ၎င်းမိဖုရား ယိုးဒယားမင်း သမီး မနုရာ၊ ၎င်းမိဖုရား ကျိုင်းတုံစော်ဘွားသမီး သိရိမာ၊ လင်းဇင်းမင်းတူမ သိရိလူတာ၊ လင်းဇင်း ကိုယ်လုပ် အမတ်သမီး နှစ်ကျိပ်ကျော်– သည်များကိုလည်း အသုံးအဆောင် အဝတ် အစား အစအပါး ပေးတော်မူ၍ နန်းတော်တွင်းတွင် ကောင်းမွန်စွာ နေရသည်။ လင်းဇင်းမင်းညီ မိုင်းစံစား ဥပရာဇ် ယင်းသောခါ ၁၉ နှစ်ရွယ်ကိုလည်း မရွှတ်မချ၊ အဆောင်အယောင် အခြွေအရံ အိမ်ရာ ပေးတော်မူ၍ အပါးတော်တွင် မပြတ် မြဲစွဲရသည်။ လင်းဇင်းမင်းက ရခဲ့သော လူ တစ်ထောင်ကျော်ကိုလည်း အကြီးခေါင်းနှင့် အစုအကွက် ချ၍ အမှုတော်ကို ထမ်းရသည်။

### ၃၂၀။ ဟံသာဝတီမြို့ကို အသစ်တည်ပုံ အကြောင်း

တိုင်းကြီးပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့၏ အရှင်ဖြစ်တော်မူသော ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် သားတော် မဟာဥပရာဇာ အစရှိသော မှူးတော် မတ်တော် ခေါ်ဗညား အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော် ရှိသည်။ ငါ၏ တိုင်းကား နိုင်ငံတော်သည် အလွန်ကျယ်ဝန်းလှသည်။ ထိုသို့ ကျယ်ဝန်းသော တိုင်းကား နိုင်ငံတော်အတွင်းတွင် တစ်ပါးပါး၏ နိုင်ငံတော်သည် တစ်စုံတစ်ခုသော အခင်းအခန်း ထွက် လတ်သည် ရှိသော် ငါကိုယ်တော်ပင် ချီရသောခါ ချီတော်မူရမည် ဖြစ်သည်။ ယင်းသို့ ချီတော် မူသောအခါ မြို့ပြ မရှိသည်ရှိသော် လူသွမ်းလူပျက်တို့သည် မကောင်းသော အကြံအစည်ဖြင့် တစ်ချက် တစ်လက်တည်း ပေါင်းစည်း၍ သောင်းကျန်း ပုန်ကန်လေသည် ရှိသော် ပြည်သူ လူအပေါင်းတို့သည် ချောက်ချား၍ နလုံးနှောင့်ယှက်လေရာသည်။ ထိုသို့ ပြည်သူ နှောင့်ယှက် သည် ရှိသော် ပြည်ကို မှီ၍ သီတင်းသုံးသော စာရိတ္တ သီလ၊ ဝါရိတ္တသီလ ရဟန်းတို့သည် ပရိယတ္တိ၊ ပဋိပတ္တိမှ လျော့၍ သာသနာတော် ယုတ်လေရာသည်။ တစ်ကြောင်းလည်း ထိုသို့ မကောင်းကျင့်သော သူတို့အား ကွပ်ညှပ် ဆုံးမခြင်းကြောင့် ငါ့အား မကောင်းမှုကို ပွားများရာ သည်။ တိုင်းကား နိုင်ငံ၌လည်း မငြိမ်မဝပ်သောအားဖြင့် အခွန်အတုတ်တို့သည် ယုတ်လေရာ သည်။ ယင်းသို့ ဖြစ်သောကြောင့် ခပ်သိမ်းသော ရန်သူအပေါင်း မလှုပ်ရှားနိုင်သော ကေတုမတီ ဟူသော တောင်ငူမြို့နှင့် အမျှ မြို့ကို တည်ပြီးလျှင် သူဌေးသူကြွယ် အစရှိသော ပြည်သူ လူ

---

[၁] ၁ ဩဂုတ် ၁၅၆၅ [သက္ကရာဇ် ကိုးရာနှစ်ဆယ့်ခုနစ် (၉၂၇) ခု ဝါခေါင်လဆန်း တစ်ဆယ့်ငါးရက်နေ့ (၁၁ ဩဂုတ် ၁၅၆၅)(တွင်းသင်း-၃-၁၃၈)] ၂၈ ၅ အောက်တိုဘာ ၁၅၆၅

ရဟန်း အပေါင်းတို့အား ထိုမြို့ကို အမှီပြု၍ နေစေပြီးမှ အရေးတော်ရှိရာ ငါကိုယ်တော် ရှိ၍ လုပ်ကြံတော်မူသော်လည်း မကောင်းသော လူဆိုး လူသွမ်းတို့သည် မကြံရကုန်။ ထိုသို့ မကောင်းသော အမှုအရာကို မကျင့်ရသည် ဖြစ်မူ ပြည်ထဲ စည်ပင်ဝပြောသည် ဖြစ်မူ ပြည်ထဲ စည်ပင်သာယာ ဝပြောရသည်။ ပရိယတ်ကို ဆောင်နိုင်၍ ကုသိုလ်ကောင်းမှု ပွားများ ရသည်။ ဤသို့ ပြည်သူ လူ ရဟန်း အပေါင်းတို့သည် အကျွတ်တ၊ ကုသိုလ်ကောင်းမှု ပွားများသည် ဖြစ်မူ သာသနာတော်ကို ရှိုးမြှောက်သော ငါ၏ ကရာဇ်သည် မြတ်သောဆုကို ပြည့်စုံရသည် ဟူ၍ မိန့်တော်မူသည်။

သားတော် မဟာဥပရာဇာလည်း ဤသို့ နားတော်လျှောက်ပြန်သည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားကြီး ဘုန်းလက်ရုံး အာဏာတော်ကို ဧကရာဇ် တစ်ကျွန်းလုံး ကျော်စော ထင်ရှားလေပြီးသည်။ ထိုသို့သော ပြည်တို့က သံကြီးတမန်ကြီး ရောက်လာသောအခါ အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော မြို့ပြ ကျုံးမြောင်း မရှိသည် ရှိသော် မသင့်ရေး။ ယင်းသို့ ဖြစ်သောကြောင့် အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော မြို့ကို တည်တော်မူမှ သင့်မည် ဟူ၍ နားတော်လျှောက်သည်။ မှူးတော် မတ်တော် အပေါင်းတို့လည်း သင့်မြတ်ကြောင်းကို အသီးအသီး လျှောက်ကြကုန်သည်။

ယင်းသို့မှ ပညာရှိ ဗေဒင်တတ်အပေါင်းတို့ကို တွက်ချက်စေကြပြီးမှ ဟံသာဝတီ ဝန်းကျင်တွင် ရှိသော သူအပေါင်းတို့ကို တစ်အိမ် တစ်ယောက် တောင်းတော်မူ၍ သက္ကရာဇ် (၉၂၈) **ကိုးရာနှစ်ဆယ့်ရှစ်ခု တန်ဆောင်မုန်းလဆန်း ဆယ်ရက်**[1] ကြာသပတေးနေ့ မြို့ရှေ့က တောင်ကို တူးစေ၍ အနောက် ချိုင့်ဝှမ်းရာသို့ချည်း ပို့ရသည်။ ဗိုလ်ပါ များသောကြောင့် ခြပုန်း ပိုးရွကဲ့သို့ချည်း ဖြစ်လေ၏။

သက္ကရာဇ် (၉၂၈) **ကိုးရာနှစ်ဆယ့်ရှစ်ခု တပို့တွဲလဆန်းခြောက်ရက်**[2] သောကြာနေ့ ညီတော် မုတ္တမမင်း သမီးတော်အကြီး လွန်လျှင် သမီးတော် အငယ်နှင့် ရမိုင်ဘုရင် ညီတော် သီရိမှာ သောကကို စုံဖက်တော်မူသည်။ ၎င်း**တပို့တွဲလပြည့်ကျော် ငါးရက်**[3] သောကြာနေ့ ဒဂုံဆံတော်ရှင် ဘုရားကို ထီးတင်တော်မူသည်။ မကိုဋ်တော်ကိုလည်း လှူတော်မူသည်။ သဘင်လည်း ရက်လည်အောင် ခံတော်မူသည်။ သံဃာတော် ခုနစ်ရာကိုလည်း ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဖွယ်လှူခင်းလည်း များစွာ လှူတော်မူသည်။

၎င်း**တပေါင်းလဆန်း ငါးရက်**[4] သောကြာနေ့ မဟာစေတီ ကောင်းမှုတော်ကို ထီးတင်တော်မူသည်။ သံဃာတော် ခုနစ်ရာကို ပင့်၍ ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ လှူဖွယ်လှူခင်းလည်း များစွာ လှူတော်မူသည်။ ရက်လည်အောင် သဘင် ခံတော်မူသည်။

ထိုနေ့တွင်ပင် ဟံသာဝတီမြို့ဝန်းကျင်ကို ကျုံးတူးစ ပြုသည်။ ကျုံးတူးရာတွင် မြေထဲတွင် အောင်းသော ဓော်ဂီကို ရသည်။ ရ၍ တွင်းက ဖော်လျှင် များမကြာ သေလေသည်။

## ၃၂၁။ ဘုရားပုထိုးများ ပြင်ဆင် လုပ်ဆောင်ပုံ

၎င်း **တပေါင်းလပြည့်ကျော် ငါးရက်**[5] စနေနေ့ ရွှေမော်ဓောဘုရားကို ဌာပနာတော်မူသည်။ ကျည်းမင်းကြီးက လက်ဆောင်တော် ဆက်လာသော ပတ္တမြားစီ ပယင်းနားတောင်း

၁။ ၂၂ အောက်တိုဘာ ၁၅၆၆ ၂။ ၁၅ ဇန်နဝါရီ ၁၅၆၇ ၃။ ၂၄ ဇန်နဝါရီ ၁၅၆၇ ၄။ ၁၂ ဖေဖော်ဝါရီ ၁၅၆၇
၅။ ၂၇ ဖေဖော်ဝါရီ ၁၅၆၇

တစ်ရန်၊ အဖိုးငွေ တစ်ဆယ်။ မိဖုရားကြီး အတုလသီရိမဟာရာဇဒေဝီ ဆင်ယင်တော်မူသော ပတ္တမြားစီသော တစ်ရန်၊ အဖိုးငွေ တစ်ဆယ့်ငါး။ ပတ္တမြားစီသော ပတ္တမြား စိန် မြ စီသော နဂါးရုပ် နားတောင်း တစ်ရန်၊ အဖိုးငွေ တစ်ဆယ်ရှစ်တွင် ထည့်တော်မူ၍ ဆံကျင်တော်၊ အဖိုးငွေ တစ်ဆယ့်ငါး။ သည့်များကို ရွှေအချိန် တစ်ဆယ်ရှစ်တွင် ထည့်တော်မူ၍ ဘုရားမြတ်စွာ မှောင် ပြိုပျက်သောအခါ သည်ပစ္စည်း ကဲကျွေးပြု၍ လာလတ္တံ့သော မင်းတို့သည် လုပ်စေသော ဟူ၍ ရွှေပေတွင် စာရေး၍ ဌာပနာတော်မူသည်။ ဒေဝအောက် ရွှေဘုရားမြတ်စွာ ကိုလည်း ဌာပနာတော်မူသည်။

ရွှေနန်းတော်အရှေ့က ဆံတော်ရှင်ဘုရားကိုလည်း ဌာပနာတော်မူသည်။ ဘုရား ပြီးလျှင် ဝတ်တော်မူသည့် ဝတ်လဲတော်များကို ရောင်း၍ ထီး ချရားသီးကသည် မြေတိုင်အောင် ရွှေထည့် တော်မူသည်။

အစည်မင်းက ပြာသာဒ်ဆောက်တော်မူပါ ဟူ၍ သဘောတွင် တင်၍ လက်ဆောင်တော် ဆက်လာသော ပုံမသိနိုင်သစ်ကိုလည်း ထူးဆန်းလှစွာသော ဇရပ်ဆောက်တော်မူသည်။ ဇရပ်တွင် ထည့်ရော **ရွှေအချိန် ၂၃၆*** လှူတော်မူသည်။

မိုးမိတ်မှာ ကောင်းမှုတော် ဆုတောင်းပြည့်ဘုရား ပြိုပျက်လေသည်များကိုလည်း ထပ်၍ လုပ်တော်မူပြီးလျှင် ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။

သက္ကရာဇ် (၉၂၈) **ကိုးရာနှစ်ဆယ့်ရှစ်ခု တော်သလင်းလဆန်း ဆယ်ရက်**[၁] သောကြာနေ့ **ရွှေမော်ဓောဘုရား**[၂]တွင် သက်တော်ရှည် စေတီ၏ **ငါးဆယ့်နှစ်ဆူ**[၃]ကို လုပ်တော်မူသည်။

သက္ကရာဇ် (၉၂၈) **ကိုးရာနှစ်ဆယ့်ရှစ်ခု နတ်တော်လဆန်း ငါးရက်**[၄] သောကြာနေ့ တိတိ ၄ လုံး၊ ၂၉ ယဋ္ဌိ၊ နက္ခတ် ၂၂၊ မြိတ္ထုလဂ်၊ ခနေ့ခန်းတွင် စတုရန်းအတာ သုံးထောင်လေးရာ ရှိသော ဟံသာဝတီ မဟာရာဇဌာနီ ရွှေမြို့တော်၊ ရွှေမော်ဓော မဟာရဲ၊ ပိဋကတ်တိုက်၊ သည် သုံးဌာနကို တစ်ချိန်တစ်ခါတည်း တည်တော်မူသည်။

## ၃၂။ ဘုရားလေးဆူ သွန်းလှူတော်မူပုံ

(၉၂၈) **ကိုးရာနှစ်ဆယ့်ရှစ်ခု နတ်တော်လပြည့်ကျော် သုံးရက်**[၅] ကြာသပတေးနေ့ ရွှေမြို့တော် တံခါးတိုင် နိုက်သည်။ ဘုရားကြီးလေးဆူ သွန်းသည်။ တစ်ချိန်တစ်ခါတည်း **ကကုသန်** ဘုရားရှင် ရုပ်တုတော် သွန်းသည်။ ပလ္လင်တော်နှင့်တကွ ငွေတစ်ဆယ်ငါးပိဿာ ခုနစ်ဆယ် ခြောက်ကျပ်၊ မကိုဋ်တော်ကို လုပ်သည့် ရွှေတစ်ပိဿာရှစ်ဆယ်ကိုးကျပ်တစ်မတ်၊ မကိုဋ်တော် ဝယ် စီသည့် ဝတ်တော်မူသော မြလက်စွပ် ၁၊ ဝတ်တော်မူသော နီလာလက်စွပ် ၁၊ စားတော်ကွမ်း ခွက်တွင် စီသည့် ပတ္တမြားအလုံး သုံးထောင်၊ မကိုဋ်တော် လုပ်၍ ရွှေခြောက်ဆယ်လေးကျပ် စီးသည်။ ပတ္တမြားအလုံး ခြောက်ရာလေးဆယ့်ခုနစ်လုံး စီတော်မူသည်။

**ကောဏာဂုံ** ဘုရားမြတ်စွာ ရုပ်တုမှာ ပလ္လင်တော်နှင့်တကွ ငွေ တစ်ဆယ်ငါးပိဿာ ခြောက်ကျပ်၊ မကိုဋ်တော်ကို လုပ်တော်မူသည့် ရွှေချိန် တစ်ပိဿာ ကိုးဆယ်သုံးကျပ်၊ မကိုဋ် တော်ကို စီသည့်ကျောက်– ဝတ်တော်မူသော နီလာလက်စွပ် ၁၊ ကွမ်းခွက်တော်တွင် စီသော ပတ္တမြား နှစ်ရာလေးဆယ့်ရှစ်လုံး၊ မကိုဋ်တော်ကို လုပ်တော်မူသည့် ခြောက်ဆယ်နှစ်ကျပ်

---

* ရွှေအချိန် နှစ်ပိဿာ သုံးဆယ့်ခြောက်ကျပ် (မှန်နန်း–၃၈၀)၊ ရွှေနှစ်ပိဿာ၊ အကျပ်သုံးဆဲ့ခြောက်ကျပ် [တွင်းသင်း(၃)–၁၃၃]

၁။ ၂၄ ဩဂုတ် ၁၅၆၆ ၂။ ပဲခူးမြို့ ရွှေမော်ဓောစေတီ ၃။ နှစ်ဆဲ့ငါးဆူ [တွင်းသင်း(၃)–၁၃၃]

၄။ ၁၆ နိုဝင်ဘာ ၁၅၆၆ ၅။ ၂၉ နိုဝင်ဘာ ၁၅၆၆

နှစ်မတ်၊ မကိုဋ်တော်တွင် စီသည့် ဝတ်တော်မူသော ပတ္တမြားလက်စွပ် ၁၊ ရင်းစီသည့် ကျောက်နှစ်ထောင်ခြောက်ရာနှနှစ်ဆယ့်ရှစ်လုံး။

ကဿပဘုရား ရုပ်တုတော်မှာ ပလ္လင်တော်နှင့်တကွ ရွှေချိန် တစ်ဆယ်ငါးပိဿာ ခုနှစ်ဆယ်ခြောက်ကျပ်၊ မကိုဋ်တော်ကို လုပ်သည့် ရွှေတစ်ပိဿာ ကိုးဆယ့်ရှစ်ကျပ်၊ မကိုဋ်တော် စီသည့် ဝတ်တော်မူသော ကြောင်လက်စွပ် ၁၊ ကွမ်းခွက်တော်တွင် စီသည့် ပတ္တမြားကျောက် သုံးထောင်ကိုးရာတစ်ဆယ့်တစ်လုံး၊ မကိုဋ်တော်ကို လုပ်သည့် ရွှေချိန် ခြောက်ဆယ်နှစ်ကျပ် နှစ်မတ်၊ မကိုဋ်တော်ကို စီသည့် ပတ္တမြားကျောက် တစ်ထောင်နှစ်ရာတစ်ဆယ် စီတော်မူသည်။

ဂေါတမဘုရားရှင် ရုပ်တုတော်မှာ ပလ္လင်တော်နှင့်တကွ ရွှေချိန် တစ်ဆယ် ခုနှစ်ပိဿာ ခုနှစ်ဆယ့် ခုနှစ်ကျပ်၊ မကိုဋ်တော်ကို လုပ်သည့် ရွှေချိန် တစ်ပိဿာ ကိုးဆယ့်ခုနှစ်ကျပ်၊ မကိုဋ်တော်ကို စီသည့် ဝတ်တော်မူသော ပတ္တမြားလက်စွပ် ၁၊ ကွမ်းခွက်တော်တွင် စီသော ပတ္တမြား နှစ်ထောင်ကိုးရာကိုးဆယ့်လေးလုံး၊ မကိုဋ်တော်တွင် လုပ်သည့် ရွှေချိန် ခြောက်ဆယ်လေးကျပ် တစ်မတ်၊ မကိုဋ်တော်တွင် စီသည့် ဝတ်တော်မူသော ပတ္တမြားလက်စွပ် ၁၊ ကျောက်လွှတ် ပတ္တမြား တစ်ထောင်လေးရာသုံးဆယ်။

ဤ ဘုရားမြတ်စွာလေးဆူ အတိုင်းအထွာကား- ထက်ဝယ်တော် နှစ်တောင် လေးသစ်၊ ပလ္လင်တော်ကသည် မကိုဋ်တော်တိုင်အောင် လေးထောင်နှစ်မိုက် လေးသစ်၊ ထိုရုပ်တုတော်လေးဆူတို့ကို လှူတော်မူသည်။

ရွှေသပိတ် လေးလုံး၊ ရွှေဟင်းခွက် လေး၊ ရွှေခွန်း လေး၊ ငွေခွန်း လေး၊ သည်နှင့်ပြင်၍ နေ့တိုင်း ပူဇော်တော်မူသည်။ ဤသို့ သံသရာစီးပွားကို များစွာ ဆောင်တော်မူ၍ ရွှေမြို့တော်ဝန်းကျင်ကို စော်ဘွား စော်ကန် မြို့စား အပေါင်းတို့ကို လုပ်ရသည်။

## ၃၂၃။ ဟံသာဝတီ မြို့တံခါး ၂၀ ၏ အမည်

တံခါးနှစ်ဆယ် အမည်ကား- အနောက်မြောက်ထောင့်တံခါးကို ပြာသာဒ်နှစ်ထပ်, ယိုးဒယားမင်းကို ဆောက်စေ၍ ယိုးဒယားတံခါးဟု မှည့်တော်မူသည်။ ၁။ ယင်းသည် အရှေ့တံခါးကို တနင်္သာရီမင်းကို ဆောက်စေ၍ တနင်္သာရီတံခါးဟု မှည့်တော်မူသည်။ ၂။ ယင်းသည် အရှေ့ တံခါးကို မုတ္တမမင်းကို ဆောက်စေ၍ မုတ္တမတံခါးဟု မှည့်တော်မူသည်။ ၃။ ယင်းသည် အရှေ့တံခါးကို ပုခန်းမင်းကို ဆောက်စေ၍ ပုခန်းတံခါးဟု မှည့်တော်မူသည်။ ၄။ ယင်းသည် အရှေ့တံခါးကို ပုသိမ်မင်းကို ဆောက်စေ၍ ပုသိမ်တံခါးဟု မှည့်တော်မူသည်။ ၅။

ယင်းသည်ကား- မြောက်မျက်နှာ ငါးတံခါး အမည်တည်း။

အရှေ့မြောက်ထောင့်တံခါးကို ပြည်မင်းကို ဆောက်စေ၍ ပြည်တံခါး[1]ဟု မှည့်တော်မူသည်။ ၁။ ယင်းသည် တောင်တံခါးကို အဝမင်းကို ဆောက်စေ၍ အဝတံခါးဟု မှည့်တော်မူသည်။ ၂။ ယင်းသည် တောင်တံခါးကို တောင်ငူမင်းကို ဆောက်စေ၍ တောင်ငူတံခါး ဟူ၍ မှည့်တော်မူသည်။ ၃။ ယင်းသည် တောင်တံခါးကို ဒလမင်းကို ဆောက်စေ၍ ဒလတံခါး ဟူ၍ မှည့်တော်မူသည်။ ၄။ ယင်းသည် တောင်တံခါးကို လင်းစင်းမင်းကို ဆောက်စေ၍ လင်းစင်းတံခါး[2] ဟူ၍ မှည့်တော်မူသည်။ ၅။

ယင်းသည်ကား- အရှေ့မျက်နှာ ငါးတံခါး အမည်တည်း။

---

၁။ သရေခေတ္တရာတံခါး [တွင်းသင်း(၃)-၁၄၀] ၂။ ပလင်းတံခါး [-ထို-]

အရှေ့တောင်တံခါးကို ဇင်းမယ်ကို ဆောက်စေ၍ ဇင်းမယ်တံခါး ဟူ၍ မှည့်တော်မူသည်။ ၁။ ယင်းသည် အနောက်တံခါးကို မိုးမိတ်စော်ဘွားကို ဆောက်စေ၍ မိုးမိတ်တံခါး[1] ဟူ၍ မှည့်တော်မူသည်။ ၂။ ယင်းသည် အနောက်တံခါးကို မိုးညှင်းစော်ဘွားကို ဆောက်စေ၍ မိုးညှင်းတံခါး ဟူ၍ မှည့်တော်မူသည်။ ၃။ ယင်းသည် အနောက်တံခါးကို မိုးကောင်းစော်ဘွားကို ဆောက်စေ၍ မိုးကောင်းတံခါး ဟူ၍ မှည့်တော်မူသည်။ ၄။ ယင်းသည် အနောက်တံခါးကို ဘဝယ်မင်းကို ဆောက်စေ၍ ဘဝယ်တံခါး ဟူ၍ မှည့်တော်မူသည်။ ၅။

ယင်းသည်ကား- တောင်မျက်နှာ ငါးတံခါး အမည်တည်း။

အနောက်တောင်ထောင့်တံခါးကို ကလေးစော်ဘွားကို ဆောက်စေ၍ ကလေးတံခါး ဟူ၍ မှည့်တော်မူသည်။ ၁။ ယင်းသည် မြောက်တံခါးကို မိုးနဲ့စော်ဘွားကို ဆောက်စေ၍ မိုးနဲ့တံခါး ဟူ၍ မှည့်တော်မူသည်။ ၂။ ယင်းသည် မြောက်တံခါးကို ညောင်ရွှေစော်ဘွားကို ဆောက်စေ၍ ညောင်ရွှေတံခါး ဟူ၍ မှည့်တော်မူသည်။ ၃။ ယင်းသည် မြောက်တံခါးကို သားတော် သာယာဝတီမင်းကို ဆောက်စေ၍ သာယာဝတီ တံခါး ဟူ၍ မှည့်တော်မူသည်။ ၄။ ယင်းသည် မြောက်တံခါးကိုကား သိန္နီစော်ဘွားကို ဆောက်စေ၍ သိန္နီတံခါး ဟု မှည့်တော်မူသည်။ ၅။

ယင်းသည်ကား- မြောက်မျက်နှာ ငါးတံခါး အမည်တည်း။

တံခါးနှစ်ဆယ်ကို ပြာသာဒ်ချည်း ဆောက်စေ၍ ရွှေအပြည့် ထည့်တော်မူသည်။

ရင်တားနှစ်ထပ် တံခါးရွက်ကိုလည်း ရွှေထည့်တော်မူသည်။

### ၃၂၄။ စော်ဘွားသုံးပါး သမီးများ တစ်ပြိုင်နက် ဆက်လာပုံ

သက္ကရာဇ် (၉၂၈) ကိုးရာနှစ်ဆယ့်ရှစ်ခု တပို့တွဲလဆန်း တစ်ဆယ့်သုံးရက် တနင်္လာနေ့[2] ဝိသုလောကကိုကို စားသော ယိုးဒယားမင်းအကြီး သမက် ဩယာဝရှုရာဇာသမီး ဖြူညွန့်ခေါ်၊ သိန္နီစော်ဘွားသမီး၊ ဇင်းရုံးစော်ဘွားသမီး၊ သည်စော်ဘွားသုံးဦးတို့ သမီးကို အဆောင်အယောင် အခြွေအရံနှင့် တကွ ဆက်လာ၍ တစ်နေ့ တစ်ခါတည်း နန်းတွင်းသို့ သွင်းတော်မူသည်။ သာယာလှစွာသော အိမ်ဆောက်၍ နေရသည်။ အဆောင်အယောင်လည်း အထိုက်အလျောက် ပေးတော်မူသည်။

ထိုသက္ကရာဇ်[3]တွင် လင်းဇင်းမင်းကြီးသမက် မိုင်းပတ်ကို စားသော သူသည် တိုက်ဆင် တစ်ရာ၊ အခြွေအရံ လူတစ်ထောင်ကျော်ခန့်နှင့် ရွှေပေါ်တော်အောက်သို့ ရောက်လာ၍ ကျွန်တော် ခံလာသည်။ ဘုရင်မင်းတရားကြီးဘုရားလည်း သစ္စာတော်ပေးပြီးလျှင် အဆောင်အယောင် ပေးတော်မူ၍ အကွက်အရပ် ချ၍ နေရသည်။ မပြတ်လည်း မြဲခဲ့ရသည်။ ။


မဟာရာဇဝင်ကြီး တေရသမတွဲ ပြီး၏။

---

၁။ အုန်းပေါင်စော်ဘွားကို ဆောက်စေ၍ အုန်းပေါင်တံခါး [မှန်နန်း-၃၈၄၊ တွင်းသင်း(၇)-၁၃၉]

၂။ ၂၂ ဇန်နဝါရီ ၁၅၆၇ ၃။ ဧပြီ ၁၅၆၇

# နောင်ရိုးတိုက်ပွဲ တည်နေရာပြ မြေပုံ



ဝဖ

နောင်ရိုး တည်နေရာ မှန်ဆချက်။

သန်းထွန်း၊

ဒေါ်သန်းထွန်းနှင့် ခင်မွှင်

23, July 1982

( မဟာရာဇဝင်သစ် တောင်ငူဆက် ဒုတိယတွဲမှ ကူးယူဖော်ပြသည် )



ဘုရင့်နောင်
မင်းတရားကြီး၏
ကမ္ဘောဇသာဒီ
ရွှေနန်းတော်ကြီး
( ဋ္ဌ ၂၀၀၆ )



ဘုရင့်နောင်
မင်းတရားကြီး၏
ကမ္ဘောဇသာဒီ
ရွှေနန်းတော်ကြီးရှိ
ဘမရာသနံ
ပလ္လင်တော်ဆောင်
( ဋ္ဌ ၂၀၀၆ )




ကမ္ဘောဇသာဒီ ရွှေနန်းတော် မြေနန်းပြာသာဒ်တော်
နေရာတွင် တူးဖော်ရရှိသော ကျွန်းတိုင်များ
( ဋ္ဌ ၂၀၀၆ )



ဘုရင့်နောင်မင်းတရားကြီး၏
မြင်းတစ်ဆယ့်ခြောက်ကောင်
က သော ရထားတော်ကြီး။
( မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်-မန္တလေး၊
ရေးဆွဲပြုလုပ်သည့် ပုံပါ။)
[ ယဉ်ကျေးမှုစာစောင် (၂၀၀၅) မှ
ကူးယူ ဖော်ပြသည်။ ]

# ကမ္ဘောဇသာဒီ နန်းတော်


( မဇ္ဈိမဒေသ မင်းကောရာဇ်တွေရဲ့ နန်းတော်ပုံကို မှီငြိး မှန်းဆ ရေးဆွဲတယ် )




ပေါ်အမှတ်လင်း

[ သန်းထွန်း M.A.B.L.Ph.D.D.Lit.(London) ၏ မြန်မာ့သမိုင်းပုံရိပ်များ ( ဒုတိယ ၂၀၀၄ ) မှ ကူးယူဖော်ပြသည် ]

## ဟံသာဝတီ ရွှေမြို့တော်တွင် အစုအဝန်းအလိုက် နေထိုင်သည့် အကွက်များ အညွှန်းပြ မြေပုံ



ဟံသာဝတီမှတ်တမ်းမှ ကူးယူ ဖော်ပြထားသည်ကို
မဟာရာဇဝင်သစ်၊ တောင်ငူဆက်၊ ဒုတိယတွဲမှ ထပ်ဆင့် ကူးယူ ဖော်ပြသည်။

ပဲခူးဒေသမှာ တွေ့ရှိရသော ဒင်္ဂါးများ

အချပ်ပို(၈)-၅



မွန်ပြည်နယ် ကျိုက္ကသာမှာ တွေ့ရှိရသော ဒင်္ဂါးများ



ဟံသာဝတီခေတ် ခဲဒင်္ဂါးများ




| ယဉ်ကျေးမှုစာစောင် (၂၀၀၅) မှ ကူးယူ ဖော်ပြသည်။ |


# ဟံသာဝတီခေတ် မြေဆေးတံများ



| ယဉ်ကျေးမှုစာစောင် (၂၀၀၅) မှ ကူးယူ ဖော်ပြသည်။ |



မဟာစေတီ ( ခုနှ ၂၀၀၆ )



ရွှေမော်ဓောဘုရား
( ၁၉၀၁ )



ကျိုက်ထီးရိုးဘုရား
( ၁၈၂၅ - ၁၉၂၅ )




ကျိုက်ပွန်ဘုရား ( ၁၈၂၅ - ၁၉၂၅ )

ပုဂံ ရွှေစည်းခုံစေတီတော် အရှေ့မှန်အနီး အုတ်တိုက်အတွင်းရှိ
ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုတော် ကြေးခေါင်းလောင်းကြီး





ခေါင်းလောင်းစာ (ပါဠိဘာသာ)



ခေါင်းလောင်းစာ (မွန်ဘာသာ)



ခေါင်းလောင်းစာ
(မြန်မာဘာသာ)

( မြန်မာနိုင်ငံ သုတေသနစာစောင် အမှတ်(၇) ဒီဇင်ဘာ ၂၀၀၁ နှင့်
ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများမှတ်တမ်း အတွဲ(၁) စာမျက်နှာ ၁၉၉၈ တို့မှ ကူးယူဖော်ပြသည် )

# မဟာရာဇဝင်ကြီး

## စုဒ္ဒသမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၃၂၅။ ကုသိုလ်တော်များ ပြုတော်မူပုံ

ရတနတ္တယံ အဟံ ဝန္ဒာမိ။ ။ သက္ကရာဇ် (၉၂၉) ကိုးရာနှစ်ဆယ့်ကိုးခု နယုန်လပြည့်ကျော် ၂ ရက်[1] ၅-တေးနေ့ ရွှေမော်ဓော မြတ်စွာဘုရားကို စေတီရံ ငါးဆယ့်နှစ်ဆူနှင့်တကွ ထီးတင်တော်မူသည်။ ဆင်တော်မူသော မကိုဋ်တော်ကိုလည်း လှူတော်မူသည်။ အဋ္ဌဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ် ခုနစ်ရာ ပင့်တော်မူ၍ ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့် တကွ လှူဖွယ်လှူခြင်းလည်း များစွာ လှူတော်မူသည်။ ကျိုက်ပွန့်ဘုရားရှင်ကိုလည်း ထီးတင်တော်မူသည်။ ယင်းသည်နေ့ပင် နန်းတော်သစ်ကို စ၍ ရွှေထည့်ရသည်။ နေတော်မူစရာ ရွှေအိမ်နှင့်တကွ ပြာသာဒ်ကိုလည်း ဆောက်တော်မူသည်။ ပြီး၍ (၉၂၉) ခု ဝါခေါင်လဆန်း ၁၃ ရက်[2] ၆-ကြာနေ့ ရွှေအိမ်နှင့် ပြာသာဒ်ကို တက်တော်မူသည်။ ရွှေနန်းတော်ကို ဆောက်သောခါ ဗညားဒလကို ဝန်ပြု၍ စီရင်ရသည်။ နန်းတော်နှင့် ပြာသာဒ်တော်မကို မှူးတော် မတ်တော်တို့က သစ်တစ်လုံးစီ ထည့်၍ ဆောက်ရသည်။ (သည်)ပြင် အဆောင်ဆောင်သော နန်း၊ အဆောင်ဆောင်သော ကိုယ်လုပ်မောင်းမတို့ နေရာကိုမူကား ထီးဆောင်းမင်းအပေါင်းတို့ ကိုယ်တာချည်း ဝေ၍ လုပ်ရသည်။

ယင်းသည် သက္ကရာဇ် (၉၂၉) ခု[3] ဟံသာဝတီတွင် အတိုင်းတိုင်း အနိုင်နိုင်ငံက သိမ်းယူတော်မူခဲ့သော လူသူ များသည်နှင့် ကြေးဖိုး ဆွဲ့ရှားသောကြောင့် ရဟန်းသံဃာတို့အား ဆွမ်းဆန် ကျီတော်က ထုတ်၍ အဝတ်အစား၊ ဆန်စပါး များစွာ ခွန့်ကြဲတော်မူသည်။ မစားရတတ်၊ မဝတ်ရတတ်သော သူတို့အားလည်း တိုက်တော်များစွာ လှူတော်မူသည်။

ယင်းသက္ကရာဇ် ပြာသိုလပြည့်ကျော် ၅ ရက်နေ့[4] နန်းတော်ရာတွင် ကနားကြီး ဆောက်၍ အရိယာ သံဃာတို့အား ပင့်တော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ တရားလည်း နာတော်မူသည်။ လှူဖွယ် လှူခြင်းလည်း များစွာ လှူတော်မူသည်။ ၎င်းတပို့တွဲလဆန်း ၄ ရက်[5] ၁-နေ့နေ့ မိုးကောင်းစော်ဘွားက ဆင်ဖြူတစ်စီး ရသည်ကို မြင်းကောင်း သုံးတောင်တစ်မိုက်လေးသစ်နှင့်တကွ မြတစ်လုံး၊ မြင်းကတောင် လုပ်ရလောက်သော ပယင်းခဲကြီး-သည်များကို လက်ဆောင်တော် ဆက်သည်။ ထိုပယင်းခဲကို ဘုရားရုပ်တု ထုစေ၍ ကိုးကွယ်တော်မူသည်။

---

[1] ၂၄ မေ ၁၅၆၇ [2] ၁၈ ဇူလိုင် ၁၅၆၇ [3] [illegible] ၁၅၆၇ [4] ၁၉ ဒီဇင်ဘာ ၁၅၆၇ [5] ၂ ဇန်နဝါရီ ၁၅၆၈

## ၃၂၆။ ပိဿလောက်သို့ ချီပုံ

ပိဿလောက်မြို့ကို လုပ်ကြံမည် ဟူ၍ လင်းဇင်းမင်း အလုံးအရင်းနှင့် ချီလာသည် ကြားသောကြောင့် ပိဿလောက်စားက အကြောင်းကို လျှောက်လှာ၍ မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွား၊ မိုးမိတ်စော်ဘွား၊ အုန်းပေါင်စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးနဲစော်ဘွား၊ သည်ခြောက်တပ်ကို တိုက်ဆင် ခြောက်ရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ ခြောက်သောင်း နှင့် မိုးနဲကြောင်း ဇင်းမယ်ကို တိုက်၍ ချီရသည်။ ဇင်းမယ်ကျေး မိုင်းဟင်း[1]သို့ ရောက်လျှင် လင်းဇင်းမင်းသည် ဟံသာဝတီက ရဲမက်တော်တို့ ချီလာကြောင်းကို သိ၍ အလျင် ခွာလေ၏။ ဆင်ဖြူရှားသခင် ဘုရင်မင်းတရားကြီးဘုရားလည်း လင်းဇင်းမင်း ခွာကြောင်းကို ကြားတော်မူလျှင် စော်ဘွားခြောက်တပ် ပြန်ရသည်။ စော်ဘွားတို့ ဣန္ဒဂီရိသို့ ရောက်လျှင် မိုးကောင်းစော်ဘွား၊ မိုးမိတ်စော်ဘွား၊ မိုးညှင်းစော်ဘွားတို့ သုံးဦးကို ခေါ်တော်မူ၍ ဟံသာဝတီသို့ ချီလာရသည်။ ရောက်လျှင် စော်ဘွားသုံးဦးတို့ကို ကွမ်းခွက်, လက်ဖက်အိုး, တကောင်းဖုံး, ပတ္တမြားဒီ စား ပေးတော်မူသည်။ ကုလားပြည်က ဖြစ်သော ပုဆိုးကောင်း, ခါသာ, ပင်ကာ, ဇော်ကရုတ်, မူရိ, ပဋ္ဋုနီ, သက္ကလတ်- သည်များကိုလည်း ဆုပေးတော်မူသည်။ ဇင်းမယ်ကြောင်း ပြန်လေသော မိုးနဲစော်ဘွား၊ ညောင်ရွှေစော်ဘွား၊ အုန်းပေါင်စော်ဘွားတို့ကိုလည်း ကွမ်းခွက်, လက်ဖက်အိုး, တကောင်းဖုံး, ပတ္တမြားစား အထူးထူးသော အဝတ်ပုဆိုးတို့ကိုလည်း လိုက်၍ ဆုပေးတော်မူသည်။ စော်ဘွားခြောက်တပ်တွင် မှန်၊ မြန်မာ အမတ် စစ်ကဲ အပေါင်းတို့ကိုလည်း အဆောင်အယောင် အထိုက်အလျောက် ဆုပေးတော်မူသည်။ ပိဿလောက်စားကိုလည်း ကွမ်းခွက်, လက်ဖက်အိုး, တကောင်းဖုံး, အဝတ်အစား ဆုပေးတော်မူသည်။

## ၃၂၇။ နန်းသစ်တက်ရာတွင် အဆောင်အယောင် ပေးပုံ

သက္ကရာဇ် (၉၂၉) ခု တပေါင်းလပြည့်ကျော် ၃ ရက်[2] သောကြာနေ့ ရွှေပြာသာဒ်နှင့်တကွ ရွှေနန်းတော်ခြောက်ဆောင် ဝန်းကျင် ကိုယ်လုပ်မောင်းမ နေစရာအိမ်၊ ဆင်တင်းကုပ်- သည်များကို တစ်နေ့ တစ်ခါတည်း ဆောက်တော်မူသည်။

ယင်းသည့်နေ့ပင် တံခါးနှစ်ဆယ် စသော တန်ဆောင်း၊ ပြအိုး တည်ရာတို့၌ အရိယာသံဃာ တစ်ထောင်တို့ကို ပင့်တော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ အဋ္ဌဓေယမင်္ဂလာနှင့်တကွ ပရိတ် ရှစ်စောင်ကိုလည်း ရွတ်ရသည်။ ခါသာအုပ်၊ လက်ဖက်ချောင်းလည်း လှူတော်မူသည်။

(၉၂၉) ခု တန်ခူးလပြည့်ကျော် ၁ ရက်[3] သောကြာနေ့ သေဉ္ဇီစော်ဘွားသား အိမ်ရှေ့ နေရသသူသည် အဖစော်ဘွား လွန်လျှင် အဖ အဆောင်အယောင် စားခွက်စားယောက်များနှင့်တကွ ဆင်ပေါက်၊ မြင်း-သည်များကိုလည်း ယူ၍ ရွှေဖဝါးတော်အောက်သို့ လာ၍ ဆက်လှာ၏။ ဆင်ဖြူရှားသခင် ဘုရင်မင်းတရားကြီးဘုရားလည်း ဆက်သည့် အဆောင်အယောင်ကို သိမ်းယူတော်မူ၍ သုံးရက်ရှိမှ သေဉ္ဇီစော်ဘွားသားကိုပင် ပေးတော်မူပြန်၍ သေဉ္ဇီမြို့ကိုပင် စော်ဘွား ပြုရသည်။

ထိုသက္ကရာဇ်တွင် တန်ခူးလပြည့်ကျော် ၄ ရက်[4] တနင်္လာနေ့ ရတနာပြာသာဒ် စီးတော်မူ၍

---

၁။ မိုင်းပဟည် (မှန်နန်း-၃၈၇)၊ မိုင်းကင်း [တွင်းသင်း(၃)-၁၄၁]  ၂။ ၁၄ ဖေဖော်ဝါရီ ၁၅၆၈  ၃။ ၁၃ မတ် ၁၅၆၈
၄။ ၁၆ မတ် ၁၅၆၈

တောင်ခေမာဒွါရ တံခါးက ဝင်တော်မူပြီးလျှင် အနောက်ကို လည်၍ နန်းတက်တော်မူသည်။ နန်းမြို့ကိုလည်း **ကမ္ဘောဇသာဒိ** ဟူ၍ သမုတ်တော်မူသည်။

ရွှေနန်းတော် တက်သောနေ့ မင်းညီမင်းသား ဆွေတော် မျိုးတော် မှူးတော် မတ်တော် ကျေးစား သင်းမှူး အပေါင်းတို့ကို အမည်အရည် အဆောင်အရွက် စားကျေးစားလက် အထိုက် အလျောက် ပေးတော်မူသည်။ ကိုယ်ရံတော် ခေါင်းအကြီး အုပ်နှံးတို့ကိုလည်း ကျေးရွာ ရွှေငွေ အဝတ်အစား ဆန်ရေ ပေးတော်မူသည်။

နန်းတက်တော်မူ၍ **တန်ခူးလပြည့်ကျော် ၅ ရက်**[1] အင်္ဂါနေ့ ပြတိုက်သို့ ထွက်တော်မူ၍ မင်းညီမင်းသား မှူးမတ် ဗိုလ်ပါ အပေါင်းတို့ကို အိမ်ပေးတော်မူသည်။

မုတ္တမမိဖုရား၊ ပြည်မိဖုရား၊ တောင်ငူမိဖုရား၊ အဝမိဖုရား၊ သံတွဲမိဖုရား၊ သည်ငါးပါးကို စကြောသုံးထပ် ကြမ်းဖြတ် လေသာစနှင့်တကွ မိဖုရားစီးသည့် ဝေါ၊ ကွမ်းခွက် ရုပ်မြောင့်၊ ပတ္တမြားစီ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားစီ ကျိုင်းကြီး၊ ရွှေချက်နှစ်စင်း ဆုပေးတော်မူသည်။

သီရိဓမ္မာသောက ကတော်၊ နေမျိုးကျော်ထင် ကတော်၊ (မင်းကျော်ထင် ကတော်)၊ ရာဇသင်္ကြံ ကတော်၊ တရဖျား ကတော်၊ သမ်ယာ ကတော်၊ သီရိဇေယျကျော်ထင် ကတော်၊ မင်းမဟာ ကတော်၊ ဗညားဒလ ကတော်၊ ဗညားပရံ ကတော်၊ ဗညားလော ကတော်၊ အဲမွန်တရာ ကတော်၊ သည်ကတော် ၁၂ ပါးသည် မင်းမျိုးမင်းနွယ် ဖြစ်၍ ပတ္တမြား မြတ်ရစ် မြတ်ခံနှင့်တကွ ကွမ်းခွက်၊ လက်ဖက်အိုး၊ ရွှေမြူတာ၊ ရွှေအင် ပေးတော်မူသည်။

မိုးဗြဲ နရပတိ[2]၊ အဝ နရပတိစည်သူ[3]၊ ခင်းမယ်မင်း ဖြသံ[4]၊ ယိုးဒယား ပြသာဒိရာဇာ[5]၊ သည်မင်းလေးပါးကိုလည်း စကြောနှစ်ထပ် အိမ်ဖြူနေရသည်။

## ၃၂၈။ မင်းခမ်းတော် နေရာငါးသွယ် ပေးပုံ

### (၁) တော်နေရာ လက်ဝဲတော်

အဆောင်နေရာ ပေးတော်မူသည်ကား ဗညားဒလကို နေရာတော် လက်ဝဲတော်ဦး–ဆောင်း ကတ္တီပါမွမ်း၊ အမဆောင်း ကတ္တီပါ၊ ရွှေပြောက်မွမ်း၊ အဖျားကတောင်၊ ရွှေသား လေးမတ်၊ သင်းကျစ် လေးမျက်နှာ၊ စိန်တော်ရံစလွယ် ၉ သွယ်၊ သက္ကလတ် အဖုံးနှင့်တကွ ရွှေကရား၊ ရွှေမြူတာ၊ ရွှေအင်၊ ရွှေလင်ပန်း၊ ပတ္တမြားတောင်ဝှေး၊ ပတ္တမြားပန်းခြင်း၊ ခြေမစွပ်၊ လက်မစွပ်၊ မိုအုံး၊ လက်ဆေးအင်၊ ထီးနီ ညောင်ရွက်သုံးဆင့်၊ ထီးရိုးထီးလက်၊ ရွှေသန်လျင်း၊ တခဲနှစ်ဝန်း၊ စည်ခုနစ်လုံး၊ နှဲ သုံး၊ ခရာ သုံး၊ အိမ် ငါးဆက်၊ ကြက်နင်း ငါးတန့်၊ လေသာကဲလား၊ ကငေါက်နှင့် လှေခင် ဒယင် ချင်ပိတ်နီ၊ ဖဲပေါင်းအစိမ်း မိုးပေးတော်မူသည်။ ရုံးလည်း ရသည်။

ဗညားဒလနှင့်တကွ လက်ဝဲတော်နေ– ဗညားကျန်းထော၊ ဥတ္တမသီရိဇေယျသူရ၊ နန္ဒ သူရိယာ၊ ဗညားစက်၊ နန္ဒကျော်ထင်၊ တရဖျား၊ မင်းမဟာ၊ ဗညားပရ၊ သမိန်ငေါခွင်၊ ဖြသပိုက်၊ သမိန်အဲပရဲ၊ နန္ဒသူရိယ၊ ဖြကာဗန်၊ ဘယသင်္ကြံ၊ ဖြကာမန်၊ သည် ၁၆ ပါးသည် အဆောင်အိမ် (လှေ)မှတ် ယုတ်တက် ရှိကြသည်။

---

[1] ၁၇ မတ် ၁၅၆၈ [2] အဝ မိုးဗြဲ နရပတိ (နန်းကျဘုရင် [၁၅၄၅–၁၅၅၁] [3] စစ်ကိုင်း ညောင်ရမ်းကျော်ထင် (နရပတိစည်သူ)(နန်းကျဘုရင်) [၁၅၅၁–၁၅၅၅] [4] ခင်းမယ်မင်း Ai Phra San [5] ယိုးဒယားမင်း ပြသာဒိရာဇာ/ ပြထည်ရာဇာ [Chakkraphat] (၁၅၄၈–၁၅၆၉)

(၁) တော်နေရာ လက်ယာတော်

သီရိမဟာသောကနေရာ လက်ယာတော်ဦးနေ– ဓောင်းမဲနား၊ မည်သရီ ရွှေတစ်ပြား တစ်မတ်၊ ရွှေပုံနန်းသုံးမတ်၊ အမတရုတ်နီမှမ်း၊ ပန်းရှစ်မွှင့်ပစ်ခြမ်းနှင့် ပြင်နားနှစ်ဖက် မြူးသင်းကျစ် လေးမျက်နှာ၊ စလွယ်ကိုးသွယ်၊ ကွမ်းခွက်ကွမ်းလိပ်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ရွှေရွှေအင်၊ ပတ္တမြားတောင်ဝှေး၊ ပတ္တမြားပန်းခြင်း၊ ထီးနီညောင်ရွက်သုံးဆင့်၊ ထီးရိုးထီးလက် ရွှေ၊ ညည် ဓုနှစ်လုံး၊ နံ ၃၊ ခရာ ၃၊ အိမ်ဝါးဆက်၊ ကြက်နင်း ၅ တန့်၊ မွတ်လုံးတန့်၊ လေသာကဲလား၊ ကာဒေါက်နှင့် ဓလှခင်ဒုယင်၊ ချင်ပိတ်နီ၊ ဖဲပေါင်းအစိမ်း မိုးပေးတော်မူသည်။ ရုံးလည်းရသည်။

သီရိမဟာသောကနှင့်တကွ လက်ယာတော်နေ– ဇညားလော၊ ဇညားဉာဏ်၊ ဇညားသေဉ်၊ ဇညားပတ်၊ ဇညားဘယ၊ ဇော်ကရုတ်၊ ပိုက်ညဲ၊ သမိန်ပရံ၊ နေမျိုးကျော်ထင်၊ သမိန်ဖြတ်ဇ၊ သမိန်ယော်ကရုတ်၊ သီရိဇမ္ဗုရုတ်၊ အဲမွန်တရာ၊ ဓောလကွန်းအိန်၊ ပိုက်သင့်ရံ၊ သည်အမတ် ၁၆ ဦးသည် အဆောင်အိမ် လှေမှတ် ယုတ်တက် ရှိကြသည်။

(၂) ဒူးနေရာ လက်ဝဲတော်

လက်ဝဲတော် ဒူးနေရာဦးပုံချို– ဓောင်းမဲနား၊ ရွှေဖျင်ပန်းဆိုး၊ ရွှေဝတ်ဆံနှင့် သုံးမတ်၊ အမ တရုတ်နီမှမ်း၊ ရွှေကြယ်၊ ထီးနီညောင်ရွက် သုံးဆင့်၊ လှေခင်ဒုယင် အဖြူ မိုးပေးတော်မူသည်။

ပုံချိုနှင့်တကွ လက်ဝဲ(တော်)ဒူးနေ– လက်ျာပြစ်၊ မင်းရဲသမ်ယာ၊ ရဲသင့်ရံ၊ ဓောသီအဂ္ဂရုတ်၊ ဘယကျော်သူ၊ လက်ျာပုံချို၊ ကော်တော်ရန္တမိတ်၊ ဇြတေဇ၊ ရဲကမန်၊ ပုညဒေဝ၊ နန္ဒကျော်သူ၊ နိဇလယော်ဇာ၊ အဲကွန်ပိန်၊ ဓောနသိန်၊ သည်အမတ် ၁၅ ဦးသည် အဆောင်အိမ် လှေမှတ် ယုတ်တက် ရှိကြသည်။

(၂) ဒူးနေရာ လက်ယာတော်

လက်ယာ(တော်)ဒူးနေရာဦးနေ– နန္ဒာယော်ဇာ– ဓောင်းမဲနား၊ ရွှေဖျင်ပန်းဆိုး၊ ရွှေဝတ်ဆံ နှင့် သုံးမတ်၊ အမ တရုတ်နီမှမ်း၊ ပန်းရှစ်မွှင့်၊ ရွှေကျပ်၊ ထီးနီညောင်ရွက်၊ လှေခင်ဒုယင် အဖြူ မိုးပေးတော်မူသည်။

နန္ဒယော်ဇာနှင့်တကွ လက်ယာတော် ဒူးနေ– သမိန်ဇြ၊ ဓမ္မရဲကမန်၊ ဇေယျကာမဏီ၊ ဠုတ်သင်ရံ၊ တာနေ့ရာ၊ ဘယဘုန်း၊ ဉပုတ်ညီ၊ တိမ်စဲ၊ လက်ဝဲရန္တသူ၊ ဖိတ်သင်ရဲ၊ မင်းလက်ျာ၊ သီရိဇဗ္ဗုရုတ်၊ ဒေါမကန်၊ ဓောမနရုတ်၊ ဇြသပိုက်၊ သည် ၁၆ ဦး အဆောင်အိမ် လှေမှတ် ယုတ်တက် ရှိသည်။

(၃) ဓနည်းနေရာ လက်ဝဲတော်

လက်ျာဥဿဓော၊ လက်ဝဲတော် ဓနည်းနေရာဦးနေ– ဓောင်းမဲနား၊ ရွှေဖျင် ခါးတွင် နဝရတ် စီသည်။ လ ငါးကနားပေးတော်မူသည်။ လ။ (အမ တရုတ်နီမှမ်း၊ ပန်းရှစ်မွှင့်၊ ရွှေကျပ်၊ ထီးနီညောင်ရွက်၊ ခင်ဒုယင် အဖြူမိုး။)

လက်ျာဥသသရောနှင့် တကွ ရမ္မယော်ဓာ၊ သုဝ္ဏရာဇာ၊ နန္ဒသကြြီ လက်ဝဲရွှေတောင်၊ နန္ဒာလေး၊ ဇေယျယော်ဓာ၊ တိက္ကစန္ဒ၊ သူရိယကျော၊ သူရိယရာဇာ၊ ပိုက်ကျော၊ ရဲကျော၊ သိရိနန္ဒ၊ သံမှ၊ စန္ဒရာသီ၊ သည်အမတ် ၁၅ ဦးသည် လက်ဝဲတော် စနည်းနေ အဆောင်အိမ် လေ့မှတ် ယုတ်တက် ရှိသည်။

(၃) စနည်နေရာ လက်ယာတော်

ဖြကလင်သုံး လက်ယာတော် စနည်းနေရာဦးနေ– တောင်းမဲနား၊ ရွှေဈင်ပုံ ပန်းဆိုး၊ ရွှေဝတ်ဆံနှင့် လေးမတ်၊ အမ တရုတ်နီမွမ်း၊ အထက်လေ့မှတ် ပေးတော်မူသည်။

ဖြကလင်သုံးနှင့်တကွ ဓေါသရာဇာ၊ အထန်သူ၊ ဖြူစံသူ၊ ဝိသုကျော၊ သီရိကမန်၊ သီရိမနရွှင်၊ ဖြူးကျော၊ စောတပုတ်၊ စောကွန်သာ၊ လိုက်ကမ်၊ နန္ဒဘယ၊ သိန်ကျော၊ ညီကံကောင်၊ စက္ကရွတ်တ၊ သည်အမတ် ၁၅ ဦးသည် လက်ယာတော်စနည်းနေ အဆောင်အယောင် အိမ် လေ့မှတ် ယုတ်တက် ရှိသည်။

(၄) အတွင်းဘဝေါ လက်ဝဲတော်

ထောမိုင်းရဲ လက်ဝဲတော် အတွင်းဘဝေါ နေရာဦးနေ– တောင်းမဲနား၊ ရွှေဈင်ပုံ ပန်းဆိုး၊ ရွှေဝတ်ဆံနှင့် လေးမတ်၊ အမ တရုတ်နီမွမ်း၊ ပန်းလေးပွင့်၊ ရွှေကျပ်၊ လက်ဖက်အိုး၊ လေ့ခင်ဒုယင် အဖြူ မိုးပေးတော်မူသည်။

ထောမိုင်းရဲနှင့်တကွ ရဲတိုင်၊ ကာမဏိ၊ ရာဇယော်ဓာ၊ လက်ျာရွှေတောင်၊ စောဒေါင်ရုတ်၊ ညီကောင်သိန်၊ ရမ္မရဲသူ၊ လက်ျာခင်မွန်၊ ပစ်ကံကောင်၊ ဗလရဲသူ၊ စက္ကယော်ဓာ၊ သိမ်ရာဇာ၊ အသိတျာ၊ ဘွားပေသေဉ်၊ ဘယဒေဝ၊ သည်အမတ် ၁၆ ဦးသည် လက်ဝဲတော် အတွင်းဘဝေါနေ အဆောင်ယုတ်တက် ရှိသည်။

(၄) အတွင်းဘဝေါ လက်ယာတော်

စန္ဒကျော လက်ယာတော် အတွင်းဘဝေါ နေရာဦးနေ–တောင်းမဲနား၊ ရွှေဈင်ပုံ ပန်းဆိုး၊ ရွှေဝတ်ဆံနှင့် လေးမတ်၊ အမ တရုတ်နီမွမ်း၊ ပန်းလေးပွင့်၊ ရွှေကျပ်လက်ဖက်အိုး၊ လေ့ခင်ဒုယင် အဖြူမိုးပေးတော်မူသည်။

စန္ဒကျောနှင့်တကွ လက်ယာတော် အတွင်းဘဝေါနေ လက်ဝဲဘယ၊ ဘယနန္ဒမိတ်၊ သံမိုင်နေအိန်၊ စွယ်ရရာဇာ၊ လိုက်ကမန်၊ မဏိဒေဝ၊ အစိတ်ဥပရုတ်၊ သာဝန်သာမ၊ အဘကုန်းပိုက်၊ ကောင်ရုံသိရိ၊ ကမန်းပြု၊ ဥပေသေဉ်၊ ဥပ္ပဒေဿ၊ သည်အမတ် ၁၄ ဦး လက်ယာတော် အတွင်းဘဝေါနေ အဆောင် ယုတ်တက် ရှိသည်။

(၅) အပြင်ဘဝေါ လက်ဝဲတော်

ဥဒိန်ရာဇာ လက်ဝဲတော် ပြင်ဘဝေါ နေရာဦးနေ– တောင်းမဲနား၊ ရွှေဈင်ပုံပန်းဆိုး၊ ရွှေဝတ်ဆံနှင့် လေးမတ်၊ အမ တရုတ်နီမွမ်း၊ ပန်းရှစ်ပွင့်၊ အထက်အရပ်နီ လေးမတ်၊ အဖြူ လေးမတ်၊ ရွှေကျပ်၊ လေ့ခင်ဒုယင် အဖြူမိုး ပေးတော်မူသည်။

ဥဒိန်ရာဇာနှင့် တကွ လက်ဝဲတော် အပြင်ဘဝေါနေ ဂဂ်သူ၊ နန္ဒပကြံ၊ စိတ်ပရဲ၊

လကျာ်နန္ဒပစ္စည်း၊ ရာဇဘာယသိဒ္ဓိ၊ ဘာယဓေယျ၊ နန္ဒဓေယျ၊ ဗြိသိရိ၊ အဿဝတ်၊ စရွတ်ပမန်၊ အပကုန်၊ သည်အမတ် ၁၂ ဦးသည် လက်ဝဲတော် ပြင်ဘဝါနေ အဆောင်ယုတ်တက် ရှိသည်။

လက်ယာတော် ပြင်ဘဝါနေ စာရင်း မရ။

**နေရာငါးသွယ်သို့ မရောက်၊ လက်ဝဲတော်က ၃၉ ဦး**

နေရာငါးသွယ်သို့ မရောက် လက်ဝဲတော်က ပန်းပုဆိုး ခေါင်းထုပ်နှင့် စားရသော

နေရာ ငါးသွယ်သို့ မရောက် လက်ဝဲတော်က ပန်းပုဆိုး ခေါင်းထုပ်နှင့် စားရသော အမတ်ကား- စိတ်ကျို၊ သိရိပရိတ်၊ ရန်ပြပ်၊ ပုညာယော်ဇာ၊ ဒေဝမ္မ၊ သိရိရာဇာ၊ ပိုက်ကံကျိုး၊ စေတ္တသေန၊ ဓမ္မယော်ဇာ၊ အလိုက်ငံ၊ ပုညကမ္မာ၊ သခါယော်ဇာ၊ သီဟဒေဝ၊ ပုညမ္မ၊ ရာဇလယော်ဇာ၊ မဏီသူရ၊ လိုက်ကံသရိ၊ သုဒေဝ၊ မနုဓေမာ၊ ကြပတိမ်၊ ရမ္မဒေဝ၊ စိတ္တေဘ်စွန်၊ မနသိမ်၊ ရွယ်ယာကမ္မာ၊ ပိုက်ကသု၊ သိရိကြိအုန်း၊ ပိုက်ကောင်း၊ ပုညမန်၊ စက္ကဒေဝ၊ အဲသိဒေဝ၊ ဇလဘာယ၊ ကြေဘာယ၊ စိတ်လကန်၊ သုဒ္ဓကမ္မာ၊ အဲပသိတ်၊ ပိုက်ပအိပ်၊ ဉာဏသိရိ၊ စက္ကသီဟ၊ သမန္တရာဇ်၊ သည်အမတ် သုံးကျိပ်ကိုးဦးသည် နေရာ ငါးသွယ်သို့ မရောက်၊ လက်ဝဲတော်က ပန်းပုဆိုးခေါင်းထုပ်နှင့် စားရသည်။

**နေရာငါးသွယ်သို့ မရောက်၊ လက်ယာတော်က ၃၉ ဦး**

နေရာငါးသွယ်သို့ မရောက်၊ လက်ယာတော်က စားရသည် အမတ်ကား- ပိုက်ကရတ်၊

နေရာ ငါးသွယ်သို့ မရောက်၊ လက်ယာတော်က စားရသည် အမတ်ကား- ပိုက်ကရတ်၊ ဉာဏရာမ၊ ရဲယော်ဇာ၊ သူ့ဘိန္နသာ၊ စိတ်ကမန်၊ အဲသိတယာ၊ သေဉ်ဘယာ၊ အိန်ကမ္မာ၊ စိတ်ကံကောင်း၊ ရာဇဗလ၊ ပုညာသီဟ၊ အဂ္ဂယော်ဇာ၊ ဓမ္မဒေဝ၊ ဗြမရတ်၊ ရဲသူ၊ ဗြနရဲ၊ သူရယော်ဇာ၊ သံပရဲ ဒေဝယော်ဇာ၊ ရွယ်ဓမ္မ၊ ဘယာသခါ၊ ဝါသုဘာ၊ ရံသူရ၊ ကြဒေါင်ရတ်၊ အိန်ဒေဝ၊ သူရကမ္မာ၊ စက္ကသေန၊ သိရိပတ်၊ ရှန်မနယော်ဇာ၊ လိုက်ကံပိုက်၊ ဗြကမန်၊ အသိပုံ၊ ပိုက်လကံ၊ အဘိနန္ဒရာဇာ၊ စိတ်ယသိုက်၊ သခ်ဓမ္မ၊ ဘောဂဒေဝ၊ ရွှန္တယော်ဇာ၊ သည်အမတ် သုံးကျိပ် ကိုးဦးသည် နေရာ ငါးသွယ်သို့ မရောက်၊ လက်ယာတော်က ပန်းပုဆိုးခေါင်းထုပ်နှင့် စားသည်။

မင်းညီမင်းသား ဆွေတော် မျိုးတော် နေရာလွတ်နေသော မှူးကြီးမတ်ခိုင်လည်း အများ ရှိသည်။

## ၃၂၉။ ဟံသာဝတီ၌ ရှားပါးတော်မှတ်ခြင်း အကြောင်း

ယင်းသောခါ ဟံသာဝတီပြည်ကြီး၌ မြတ်သောအရည်နှင့် ပြည့်စုံသော ရွှေနန်းတော် ပြာသာဒ်၏ တင့်တယ်ခြင်း၊ ရွှေမြို့တော်၏ တင့်တယ်ခြင်းကို ရှုသည် ရှိသော် အသောကဓမ္မရာဇာ မည်သော မင်း၏ နေရာဖြစ်သော ပါဋလိပုတ်ပြည်ကြီး၏ တင့်တယ်သော မြတ်သော အသရေ ကဲ့သို့ အလွန်တင့်တယ်လှသည်။ ဆင်သံ၊ မြင်းသံ၊ လူသံ၊ စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်း အသံ တို့ဖြင့် မဟာသမုဒ္ဒရာ လှိုင်းထသော အသံကဲ့သို့ အုတ်အုတ်ကျက်ကျက် မဆိတ်မည် ဖြစ်လေ၏။

ထိုအခါ ဟံသာဝတီ မဟာရာဇဌာနီပြည်ကြီး၌ လူသူများလှသောကြောင့် ကြေးဖိုးဆွန့်၍ စပါးတစ်တင်းကို ကြေးစင် တစ်ရာတစ်ဆယ့်ငါး[၁] ပြုသည်။ ဆင်ဖြူ ဆင်နီများသခင် ဘုရင် မင်းတရားကြီးဘုရားလည်း ပုဂံမင်းကို တပ်မှူး၊ မဟာယော်ဇာကို စစ်ကဲခန့်တော်မူ၍ တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, ဗိုလ် နှစ်သောင်းနှင့် လင်းဇင်းကျေးမှာ စပါးများကို သိမ်းယူစေ

၁။ ငါးပါးသော (မှန်နန်း-၃၃၂)၊ တစ်ရာငါးဆယ်(တွင်းသင်း(၃)-၁၄၂)

ဟူ၍ စေတော်မူသည်။ ပုဂံမင်းတို့ လင်းဇင်းကျေးသို့ ရောက်လျှင် မလေးမစား ပြုသောကြောင့် လင်းဇင်းသားတို့ ဆင် မြင်း ဗိုလ်ပါ ရုံးစု၍ တိုက်လေသည်။ မဟာယော်ဇာ ဟူသော စစ်ကဲကို လည်း သူ ရလေသည်။ ပုဂံမင်းလည်း ပျက်ရွေ့၍ တပ်သားနှင့်တကွ ပြန်လာ၏။ ဟံသာဝတီ သို့ ရောက်လျှင် ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း အမျက်တော် ပြင်းစွာ ရှိ၍ "သဘာန်းပညာ"[1] ဟူသော အရပ်၌ စပ်ကြီး လုပ်စေ၍ တပ်သားနှင့်တကွ ပုဂံမင်းကို စပ်တွင် လှောင်၍ မီးတိုက်မည် အခြင်းအရာကို ပြုသည်။ ယင်းသောခါ မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော် အပေါင်းတို့သည် ညီညွတ်တော်မူကြ၍ ပျဉ်ခံပတ်ကို ဖျက် ဆီးပြီးသော် မီးကိုသတ်၍ ပုဂံမင်းနှင့် တပ်သားအပေါင်းတို့ကို စပ်ကလွှတ်၍ ကျောင်းသို့ ရှည်း ယူ၍ ကြွတော်မူသည်။ ယင်းသို့ ဆရာတော်အပေါင်းတို့ လွှတ်တော်မူကြသော်လည်း အမျက် တော် အထူး မရှိ။ သူ မခံနိုင်အောင် သည်းကို ခံတော်မူသည်။

## ၃၃၀။ ယိုးဒယားမင်း အကြီး ရဟန်းပြု၍ အကောက်ကြံပုံ

ယိုးဒယားမင်းကြီးအစ်ကို[2] အထက်က ခေါ်တော်မူ၍ ဟံသာဝတီမှာ စကြာနန်းတော် အိမ်ဖြူပေး၍ နေရသသူသည် ရဟန်းပြုပါတော့မည် လျှောက်သည်ကို ဘုရင့်မင်းတရားကြီး ဘုရားလည်း ယုံကြည်တော်မူ၍ အထူးထူးသော ပိတ်ရမတ် မှုရီသဟဲ စသော ရဟန်း ပရိက္ခရာ တို့ကို အပ်တော်မူ၍ ရဟန်းပြုလေသည်ကို ယိုးဒယားမင်း ရဟန်းပြုသသူသည် ယိုးဒယားသို့ ဘုရား ပူထိုး အဖူးအမြင် လျှောက်၍ သွားသည်။

ထိုသို့ ယိုးဒယားမင်း ရဟန်းပြုသသူ သားအငယ် ဖြာမသွန်သည် အထက်က စင်းမယ် သောင်းကျန်း၍ ချီတော်မူသောအခါ နောက်တော်တွင် ပါသည်နှင့် နာ၍ လွန်လေသည်။ ဖြာမသွန် မယားလည်း ယိုးဒယားသို့ သွား၍ နေပါမည် လျှောက်သောကြောင့် ပစ္စည်းပယ် နှင့် တကွ ဖြာမသွန် သားမယားတို့ကို ရာဇမနု ဟူသော အမတ်ကို ယိုးဒယားသို့ ပို့ရလေသည်။ ရာဇမနုလည်း ယိုးဒယားသို့ မရောက်ခင် ဖြာမသွန် မယားနှင့် အယည်အပါး ရှိလေသည်။ ထိုအကြောင်းကို ယိုးဒယားမင်း သိလျှင် ရာဇမနုသည် မကျစ်မလျစ် မချေမင် ပြုကျင့်ကြောင်း ကို ရွှေဖဝါးတော်အောက်သို့ စာဆက်လိုက်သည်။

ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း ယိုးဒယားမင်းက ဆက်လိုက်သော စာကို ကြားတော်မူလျှင် အမျက်တော် ပြင်းစွာ ထွက်၍ ရာဇမနုကို ကွပ်မျက်တော်မူလေ၏။ ယင်းသို့မှ ရာဇမနုငယ်သည် ရာဇဝတ်ကို လွန်ကျူး၍ ကျင့်သောကြောင့် အပြစ်အလျောက် ကွပ်မျက်တော်မူသည် ဟူ၍ စလသင်ရဲ ဟူသော အမတ်ကို စေတော်မူသည်။ ယိုးဒယားမင်း ရဟန်းပြုသသူလည်း ပရိသုဒ္ဓ ဖြစ်၍ သားယိုးဒယားမင်းနှင့် တစ်ချက်တည်း တိုင်ပင်၍ စလသင်ရဲ လာကြောင်းကို ကြားလျှင် ခရီးက ကြို၍ စလသင်ရဲကို ကွပ်လေ၏။ ထိုအကြောင်းကို ယိုးဒယား မင်း အကြီးသမက် သြယာပိသလောက်စား ကြားလျှင် ဤသို့ ဆို၏။ ယိုးဒယားမင်းသည် ကိုယ်ကို အမျက်ရှာ၍ မကြံရာသော အကြံကို ကြံသည်။ ယိုးဒယားမင်းကဲ့သို့ ငါ့ကိုယ်ကို ငါ အမျက်မရှာကောင်းချေ။ ရွှေဖဝါးတော်အောက်သို့ အလျင်သွား၍ မြဲခွဲရမှ သင့်မည် ဟူ၍ ဆိုပြီးလျှင် အလုံးအရင်း ဆင် မြင်းနှင့်တကွ ဟံသာဝတီသို့ ချီလာ၍ သက္ကရာဇ်(၉၃၀) ကိုးရာသုံး ဆယ် နယုန်လပြည့်ကျော် ၂ ရက်[3] ၆-ကြာနေ့ ရွှေဖဝါးတော်အောက်သို့ ရောက်လာသည်။

၁။ သဘာန်းပညာ(တွင်းသင်း(၃)-၁၄၂) ၂။ ယိုးဒယားမင်း အကြီးကို (မှန်နန်း-၃၉၂) ၃။ ၁၂ မေ ၁၅၆၈

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အားရတော်မူ၍ စော်ဘွားသောင်ကျည် ဟူသော အမည်နှင့် ဓကိုင်ထီးဖြူ ပေးတော်မူသည်။

ယိုးဒယားမင်းလည်း ဩယာပ်သလောက်စား ဟံသာဝတီသို့ ဝင်လေပြီ ဟူ၍ ကြားလျှင် အလုံးအရင်း ဆင် မြင်း အများနှင့် ပိဿလောက်သို့ ချီလာ၍ မြို့တွင် ရှိသော သမီးနှင့်တကွ သူရဲ သူကြွယ်တို့ကို သိမ်းယူ၍ ယိုးဒယားသို့ သွားလေ၏။

### ၃၃၁။ ယိုးဒယားသို့ ချီရန် တပ်တော်များ စီမံပုံ

ထိုအကြောင်းများကို ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် ဤသို့ မိန့်တော်မူသည်။ ယိုးဒယားစသည် ကျေးဇူး သစ္စာတော် နှစ်ပါးကို မစောင့်၊ ဤသို့ သောင်းကျန်းပုန်ကန် ချည် အကြံရှိသည်ကို ကြံခြင်းသည်ကား စော်ဘွားသောင်ကျည် ယိုးဒယားမြို့ကို မင်းပြုရမည် ကိုသို့ ရောက်၍ သောင်းကျန်း ပုန်ကန်မိလေသည် ဖြစ်တော့သည် ဟူ၍ မိန့်တော်မူသည်။ ယင်းသို့လျှင် သားတော် မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ယိုးဒယားသို့ ချီမည်မှာ မည်သို့ ထင်ကြသနည်း ဟူ၍ နိုင်းပြင်း ခင်းကျင်းတော်မူသည်။

ယင်းသောအခါ ဗညားဒလ လျှောက်သည်။

ယခု ယိုးဒယားမင်း အကြံသည် ရဟန်းက လူပြန်၍ သားနှင့် တစ်ချက်တည်း ကြံရာမှာ ယိုးဒယား တစ်ပြည်သာ ကြံမည် မထင်၊ လင်းဇင်း တစ်ပြည်ထောင်၊ လဝိုက် တစ်ပြည်ထောင်၊ ဤသို့ ပြည်ထောင်[၁] ပေါင်း၍ ကြံစည်သည်အဟန် ရှိသည်။ အခြား မြို့ရွာကို လုပ်ကြံသကဲ့သို့ ပေါ့ပေါ့လျော့လျော့ မလေးမစား ချီတော်မူ၍ မသင့်ချေ။ နိုင်ငံတော် အလုံးတွင် ရှိသော ထီးဆောင်းမင်းတကာ အပေါင်းနှင့်တကွ ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ စီရင်တော်မူ၍ ရုံးရုံးစုစု ချီတော်မူ၍ ရပ်ရပ်နေနေ လုပ်ကြံတော်မူသည် ဖြစ်မှ ယိုးဒယားမြို့ကို အလိုတော် ပြည့်လွယ်မည်။ တစ်ပါး တိုင်းနိုင်ငံက ကူညီလာသော်လည်း ခွဲခြမ်း၍ လုပ်ကြံရစေ ဟူ၍ နားတော်လျှောက်သည်။

ဗညားဒလ လျှောက်သော စကားကို ဥတ္တမသိင်္ဂိစေယျသူရ ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ ကျွန်တော် ဗညားဒလ လျှောက်သော အရေးသည် သင့်လှပေသည်။ သို့ရာတွင် ယခု အရေးသည် လျှင်လျှင်လျှားလျှား မလို၊ မြေပ်တင်း ထောက်ရှုတော်မူ၍ မိုးစဲ လေသာမှ စည်းစည်းကြပ်ကြပ် ချီတော်မူသင့်သည်။ တစ်ကြောင်းမှာလည်း ယိုးဒယား၊ လင်းဇင်း၊ လဝိုက် သားတို့ လုပ်ရည် ကြံရည်ကိုလည်း ကျွန်တော်တို့ သိရပြီ။ ကျွန်တော်တို့ လုပ်ရည် ကြံရည်ကို လည်း မိမိတို့ သိရပြီးသည်။ ယင်းသို့ ဖြစ်သောကြောင့် ယိုးဒယားမင်း သမက် စော်ဘွား သောင်ကျည်နှင့်တကွ ရွှေစေါ်းတော်အောက်က တပ်မှူး စစ်ကဲ ခန့်တော်မူ၍ အလုံးအရင်းနှင့် ပိဿလောက်မြို့သို့ ချီ၍ အမိုင်အလုံ နေစေမှ သင့်မည် ထင်သည် ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဥတ္တမသိင်္ဂိစေယျသူရ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ယိုးဒယားမင်း သမက် စော်ဘွားသောင်ကျည် တစ်တပ်၊ ဗညားလော တစ်တပ်၊ ဗညားကျွန်း[၂] တစ်တပ်၊ ဗညားပရံ တစ်တပ်၊ သည့်လေးတပ်ကို တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်[၃]၊ ဗိုလ် ခြောက်သောင်းနှင့် ပိဿလောက်မြို့သို့ အလျင် **ဝါဆိုလဆန်း ၅**

[၁] ဤသုံးပြည်ထောင် (မှန်နန်း-၃၉၄)   [၂] ဗညားကျွန်းတော (-တို-)   [၃] သုံးသောင်း လေးထောင် (မှန်နန်း-၃၉၄)၊ လေးထောင် [တွင်းသင်း(၃)-၁၄၄]

ရက်နေ့[၁] ချီသည်။ ပိဿလောက်သို့ ရောက်လျှင် မြို့ကြီး ကျုံး မြောင်း၊ ပန့်ရိုင်းလျှောက်မကောင်းသည်ကို ပြင်ဆင် လုပ်ဆောင်၍ ကျေးရွာနှံ့နယ်တွင် ရှိသော စပါးများကိုမြို့တွင်းသို့ရျှည်း သွင်း၍ ကျိုးဆောက်၍ ထားကုန်သည်။

### ၃၃၂။ သိန်းဆိုကျွန်းက မြသပိတ်တော် ရောက်ခြင်း

ဟံသာဝတီမှာလည်း ဝါဆိုလ[၂]တွင် သိန်းဆိုမင်းက စတုမဟာရာဇ် နတ်မင်းကြီးလေးပါးအဖတ်တို့ သဘော်တွင် တင်၍ ဆက်လာသည်။ ရှိသေယေးမြှူသော စကားဖြင့် ချေးသားသောလှူသော အနားရစ် လေးရစ် ရှိသော ကျောက်သပိတ်ကို ဆရာကုန်းတော်ကြီး နှင့်တကွ အမှုရှာ လျှောက်လိုက်သော ရာဇသံစာလည်း ပါသည်။ သပိတ်တော် တင်သော သဘော်ရောက်ကြောင်းကို မုသိမ်က လျှောက်လာသော စကားကို ကြားတော်မူလျှင် သဘော်ဆိပ်သို့ ရွှေလှော်ကားတွင် ဝေါပြာသာဒ် တင်၍ လှေရုံလှော်ကား မကြုံလေ အစင်းသုံးရာကျော်တို့ကို ပတ်စည်၊ စောင်းကြိုး၊ နှဲ၊ ခရာ၊ တံပိုး မြစ်လုံးပြည့်တင်ထမ်း၍ တီးမှုတ်စေ၍ မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းတို့ ဆောင်ယူရလေသည်။ ဟံသာဝတီသို့ ဆောင်ယူ၍ ရောက်လျှင် သပိတ်တော်ကို ရွှေမျိုင်အဖုံးနှင့်တကွ လုပ်တော်မူ၍ နဝရတ်ကိုးပါး မြယ်လှယ်စီမံ၍ နန်းတော်တွင်ကိုးကွယ်တော်မူသည်။ သိန်းဆိုမင်းဆရာ မဟာထေရ်ကိုလည်း နန္ဒဝန်ဥယျာဉ်တွင် သာယာလှစွာသော ကျောင်းဆောက်တော်မူ၍ သီတင်းသုံးနေရသည်။ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းတော်မှသော မြန်မာဆရာတော်၊ မွန်ဆရာတော်တို့နှင့်လည်း မပြတ် ပြောဟောတော်မူကြသည်။ ပစ္စည်းလေးပါးလည်း ထောက်ပံ့တော်မူသည်။

**ပထမဝါဆိုလပြည့်ကျော် ခုနစ်ရက်[၃]** အင်္ဂါနေ့ ဟံသာဝတီမှာ အတုလသိရီမဟာရာဇာဒေဝီ ရှင်မိဖုရား နတ်ပြည်စံတော်မူသည်။ ထိုအကြောင်းကို ဘဝရှင်မင်းတရားကြီး အလွန်ကြည်ကွဲတော်မူသည်။

### ၃၃၃။ ယိုးဒယားမင်း၊ လင်းဇင်းမင်းတို့ ပိဿလောက်မြို့ကို တိုက်လာပုံ

စော်ဘွားသောင်ကျည်နှင့် ဗညား သုံးဦး ပိဿလောက်မြို့ကို လုပ်ဆောင် ပြင်ဆင်၍စံနေကြောင်းကို ယိုးဒယားမင်း ကြားလျှင် လင်းဇင်းမင်းသို့ စေ၍ လင်းဇင်းမင်းကလည်းယိုးဒယားက ကျည်မည် ဟူ၍ ဆင်လုံး မြင်းရင်း အများနှင့် ပိဿလောက်သို့ ချီလာသည်။ယိုးဒယားမင်းမှကား တိုက်လှေ ငါးရာ၊ လှော်ကားသလှေ သုံးထောင်[၄]နှင့် ရေကြောင်းပိဿလောက်သို့ ချီလာသည်။ ထိုအကြောင်းကို ဗညား သုံးဦးက လျှောက်လာ၍ ကြားတော်မူလျှင် ဤသို့ မှာတော်မူသည်။ ယိုးဒယားမင်းနှင့် လင်းဇင်းမင်း လာသည်ကို တစ်ဦးကိုမျှ မလွှတ်စေနှင့်၊ ငါမှကား ဝါလကျွတ်၍ ရအောင် ဖမ်းလေ။ ထပ်ရာကိုလည်း မလွှတ်စေနှင့်၊ ငါမှကား ဝါလကျွတ်၍ မိုးစဲ လင်းပွင့်မှ ထီးဆောင်းမင်းတကာ အပေါင်းတို့နှင့် ချီတော်မူလာမည် ဟူ၍ မှာတော်မူသည်။ စော်ဘွား သောင်ကျည်နှင့် ဗညား သုံးဦးတို့လည်း အမိန့်တော်အတိုင်း မယုတ်မလျှော့ ရအောင် စီရင်ကုန်သည်။

ယိုးဒယားမင်းလည်း ရေကြောင်းချီ၍ ကမန်ပိုက်သို့ ရောက်လာသည်။ လကျွန်းသီဟာစား

[၁] ၂၉ မေ ၁၅၆၈ [၂] ၁၅၆၈ မေလနှင့် ဇွန်လ [၃] ၁၅ ဇွန် ၁၅၆၈ [၄] သုံးထောင်(မှန်နန်း-၃၅၇)ဟုရှိ

လည်း တိုက်ဆင် တစ်ရာ၊ ဗိုလ် သုံးသောင်း[1]ခန့်နှင့် ကမန်ပိုက်သို့ ရောက်လာသည်။ လင်းဇင်းမှကား ခရီးဝေးသည်နှင့် မရောက်လာသေး။ ယိုးဒယားမင်းလည်း လကျွန်းသီမာစား ရောက်လျှင် ပိသဿလောက်သို့ ချီလာ၍ မြို့ရင်းသို့ ကျပ်ကျပ်ချဉ်း၍ တပ်နိုင် တပ်လုံ တည်၍ နေသည်။ စော်ဘွားသောင်ကျည်နှင့် ဗညားသုံးဦးတို့လည်း ဗညားကျွန်းထောတူ ဖြစ်သော စနှရာသီနှင့် ဗညားပရံ့ညီ ဖြစ်သော သမ္ဗန္ဓ ရပ်တို့ကို တိုက်ဆင် ရှစ်ဆယ်၊ စစ်သည်သူရဲ နှစ်သောင်းခန့်နှင့် တံခါးကိုဖွင့်၍ လကျွန်းသီမာစားတပ်ကို တိုက်သည်။ လကျွန်းသီမာစား တပ်ပျက်၍ လကျွန်းသီမာစားလည်း ဆုံးလေ၏။ လူလည်း သုံးထောင်နှစ်ရာ သေလေ၏။ ကျန်လေသည် သူတို့လည်း ယိုးဒယားမင်း ရှိရာ ရေကြောင်းသို့ ပြေးလေ၍ ပေါင်းလာသည်။ စနှရာသီ၊ သမ္ဗန္ဓ ရပ်တို့လည်း ရေတပ်တိုင်အောင် လိုက်ထပ်၍ တိုက်လေ၏။ ယိုးဒယား လှေတပ်သားတို့လည်း စိန်ပြောင်း မြတ်ပူကြီးများနှင့် ဆီး၍ပစ်လျှင် ရဲမက်တော်တို့ ထိပါးချေသည်နှင့် ရသည် ဆင်သုံးဆယ်၊ လူ ငါးထောင်[2]ကျော်ကို ယူ၍ မြို့တွင်းသို့ ဝင်သည်။

ယင်းကမှ ၁၅ ရက်ခန့်[3] ရှိလျှင် လင်းဇင်းမင်း ရောက်လာ၍ မြို့ကျုံးနားတိုင်အောင် တပ်ချ၍ နေလာသည်။ စော်ဘွားသောင်ကျည်နှင့် ဗညားသုံးဦးတို့လည်း နိုင်းရှည် တိုင်ပင်ပြီးလျှင် တိုက်ဆင် နှစ်ရာ၊ ဗိုလ် နှစ်သောင်းခန့်နှင့် တံခါးကို ဖွင့်၍ တိုက်သည်။ လင်းဇင်းမင်း မခံနိုင်၍ မြို့က ဆုတ်၍ နေလေ၏။ တပ်ကိုလည်း မီးတိုက်ရ၏။ ယင်းသို့မှ ယိုးဒယားမင်းလည်း ကြည်းတပ် ဆုတ်လျှင် မြို့ရင်းတွင် မနေဝံ့၍ ငါးရာတွင်းခန့် အရပ်သို့ ဆုတ်၍ နေလေ၏။ သုံးရက်ရှိလျှင် ယိုးဒယားနှင့် လင်းဇင်းမင်း တိုင်ပင်၍ မြစ်ညာမှ သစ်ကြီးများကို ခုတ်စေပြီးလျှင် ဖောင်အလဲ သုံးရာခန့် လုပ်၍ ထိုဖောင်ထက်တွင် ထင်းအမှိုက် များစွာ ပုံစု၍ မျှောခဲ့စေပြီးသော် ပိသဿလောက် အညာက ထား၍ ညဥ့်မိုးသောက်ထအချိန်တွင် မီးတိုက်၍ ဖောင်ကို မျှောလိုက်ပြီးလျှင် ယိုးဒယားမင်းလည်း လှေ နှစ်ထောင်ကျော်၊ ဗိုလ် တစ်သိန်းနှစ်သောင်း[4]ခန့်နှင့် စိန်ပြောင်း သေနတ် ဖြော်ဖြော် ပစ်၍ ရေကြောင်းက တိုက်သည်။ လင်းဇင်းမင်းလည်း ဆင် မြင်း ဗိုလ်ပါ အများနှင့် ကြည်းကြောင်းက တိုက်သည်။

စော်ဘွားသောင်ကျည်နှင့် ဗညားကျွန်းထောလည်း တိုက်ဆင် တစ်ရာ၊ ဗိုလ် သုံးသောင်းနှင့် တံခါးကိုဖွင့်၍ လင်းဇင်းမင်းကို တိုက်သည်။ လင်းဇင်းမင်းတို့က မျှောလိုက်သည် မီးပုံဖောင်ကိုလည်း သူရဲကောင်း တစ်ထောင်ကျော် သတ်စေသည်။ မီးသေ၍ ဖောင်ထက်တွင် ပါသော လင်းဇင်းသားတို့ကို သတ်ရသည်။ ကြည်းကြောင်း လင်းဇင်းမင်းက ကူလာသော သူတို့ကိုလည်း မြို့ထိပ်က စိန်ပြောင်း မြတ်ပူကြီးနှင့် ပစ်လျှင် လင်းဇင်းသားတို့ မခံနိုင်၍ တပ်သို့ ပေါင်းလေ၏။ စော်ဘွားသောင်ကျည်နှင့် ဗညားကျွန်းထောလည်း ထပ်၍ တိုက်သည်။ လင်းဇင်းမင်း တပ်ပျက်၍ ဆုတ်လေ၏။ လိုက်ထပ်၍ တိုက်ပြန်သည်။ ဆင်ခုနစ်ဆယ်ကျော်နှင့် လူသုံးရာ[5]ကျော် ရလိုက်သည်။ သေလေသည်လည်း များ၏။ ယင်းသို့မှ ရသည် ဆင် မြင်း လူသူတို့ကို သိမ်းယူ၍ မြို့သို့ ပြန်သည်။ ယိုးဒယားမင်းလည်း ရေကြောင်း မြို့သို့ချဉ်း၍ တိုက်လာသည်ကို ဗညားကျွန်းနှင့် ဗညားပရံ့ ခံ၍ စိန်ပြောင်း မြတ်ပူကြီးများနှင့် ပစ်သည်။

---

၁။ သုံးထောင် (မှန်နန်း-၃၉၆)  ၂။ ငါးရာ (မှန်နန်း-၃၉၆၊ တွင်းသင်း(၃)-၁၄၅)  ၃။ ငါးရက်ခန့် [-ထိ-]
၄။ လှေနှစ်ရာကျော်၊ ဗိုလ်ငါးသောင်း (မှန်နန်း-၃၉၆)၊ လှေနှစ်ထောင်မကျော်၊ လူတစ်သိန်းငါးသောင်း [တွင်းသင်း(၃)-၁၄၅]  ၅။ သုံးထောင် [တွင်းသင်း(၃)-၁၄၅]

တချို့သောလေ့ နစ်လေ၏။ တချို့လည်း ကျိုးပြတ်ကွဲလေ၏။ ယင်းသို့လျှင် ယိုးဒယားမင်း မခံနိုင်၍ ဆုတ်လေ၏။

ဗညား နှစ်ဦးတို့လည်း တိုက်လေ့ မရှိရှေ့သောကြောင့် လိုက်၍ မတိုက်ရရှေ့။ ဤသို့ အစီအရင်ဖြင့် အထွေထွေကြံ၍ လုပ်ကြံကြသော်လည်း အောင်မြင်းကို မရကုန်လျှင် မြို့နှင့် မနီးမဝေး ချဉ်းပြန်လှာ၍ တပ်နှင့် ချနေပြီးလျှင် လင်းဇင်းမင်းအမတ် ဗညားလကွန်းနှင့် ဗညားကျန်းထောကို ဆင်စီးချင်း တိုက်မည်ဟု ဟစ်၍ ဆိုလာရသည်။ ထိုစကားကို ဗညားကျန်း ထော ကြားလျှင် ဤသို့ ဆိုပြန်ရသည်။ ဆင်လျှင်လည်း တစ်စီးချင်း၊ မြင်းလျှင်လည်း တစ်စီး ချင်း၊ ခြေလျင်လည်း တစ်ယောက်ချင်း ဇမ္ဗူဒိပ် ခမြပြင်ဝယ် ငါကို အဘယ်သူ ဖုံမည်နည်း ဟူ၍ ဆိုပြန်ရသည်။ ဇော်ဘွားသောင်ကျည်၊ ဗညားလော၊ ဗညားပရံတို့လည်း သူ အကျော် အကောက် ကြံသည်ကို သိနိုင်မည်လော။ စီးချင်းတိုက်၍ မသင့်။ ယင်းသို့ ဖြစ်သောကြောင့် ငါတို့က ဟစ်၍ ဆိုစေဦးမည်ဟု ဆိုကုန်သည်ကား– ဗညားကျန်းထောသည် တိုင်းကြီး ပြည် ကြီး အပေါင်း ထီးဆောင်း မင်းတကာတို့၏ သခင်ဖြစ်တော်မူသော ဘဝရှင် မင်းတရားကြီး ဘုရား ကျွန်တော် ဖြစ်သည်။ ဗညားလကွန်းမူကား လင်းဇင်းမင်း ကျွန်မျှသာ။ ဆင်တိုက် ဖက် မတန်။ လင်းဇင်းမင်း ဆင်စီးချင်း တိုက်သော်မူကား ဗညားကျန်းထောကို ထွက်လာစိမ့် မည် ဟူ၍ ဆိုပြန်သည်။ ယိုးဒယား(မင်း)၊ လင်းဇင်းမင်းတို့လည်း မြို့တွင်းက ဟစ်သော စကားကို ကြားလျှင် မြို့ကို ချီ၍သော်လည်း မတိုက်ဝံ့၊ အဝေးက ခွာ၍ တပ်နှင့် ဝါခေါင်လ ကသည် တန်ဆောင်မုန်းလတိုင်[2] ချ၍ နေသည်။

## ၃၃၄။ ဆင်ဖြူများရှင် မင်းတရားကြီး ယိုးဒယားသို့ ချီတက်ရန် တပ်တော်များ စီစဉ်ခန့်ရန်ပုံ

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဇော်ဘွားစောကန် မြို့စားအပေါင်း တို့ကို အထက်ကပင် နောက်တော်လိုက် ခေါ်ချတော်မူသည်။ **သီတင်းကျွတ်လ**[1] အညီအညွတ် ရောက်ကြလျှင် ယိုးဒယားသို့ ချီတော်မူမည်ကို စီရင်ခန့်ရန်တော်မူသည်။ တရုတ်ကား မည်သော အမတ်ကို အလုံးအရင်းနှင့်တကွ ဟံသာဝတီရွှေမြို့တော်ကို အစောင့်အနေ ခန့်တော်မူသည်။

သံကျယ် ဟူသော အမတ်ကို အလုံးအရင်းနှင့်တကွ ပုသိမ်၊ မြောင်းမြ အစရှိသော အနောက် မြို့တစ်လွှားကို အစောင့်အနေ ခန့်တော်မူသည်။ ရွှေမော်ဓောဘုရားတွင် သုမျှာစရပ်၊ ဓောတိယာယံကျောင်းကို ကျောင်းရံ ၄၀ နှင့်တကွ သူ့ပုန်တို့ အထက်က မီးတိုက်လေသည်များကို တရဖျားကို ငွေတော်အပ်၍ ဆောက်လုပ်ရသည်။ ဝန်မြို့တွင် ဘုရားမြတ်စွာဆံတော် ဘီလူး တို့ လုပ်သော စေတီ ပျက်လေသည်များကိုလည်း အင်္ဂတေသီး လုပ်ရစ်ရသည်။ ယင်းသို့မှ ဆင်တော်၊ မြင်းတော် ဗိုလ်ပါတို့ကို ရေတွက် စုဆောင်းတော်မူ၍ ချီရမည့် တပ်ကို စီရင် ခန့်ရန်တော်မူသည်။

(၁) မိုးကောင်းစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ဝဲကျော်သူကို စစ်ကဲခန့်တော်မူသည်။

(၂) မိုးမိတ်စော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဒေဝကမျှာကို စစ်ကဲခန့်တော်မူသည်။

---

၁။ ၁၅၆၈ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာ

၂။ ၁၅၆၈ စက်တင်ဘာလ

(၃) ဗညားဒလတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဇေယျသူရကို စစ်ကဲခန့်တော်မူသည်။

(၄) သီရိဓမ္မာသောကတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ အသဝတ်ကို စစ်ကဲခန့်တော်မူသည်။

(၅) ဗညားဥက္ကတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ျာခင်မွန်ကို စစ်ကဲခန့်တော်မူသည်။

(၆) ရာဇသင်္ကြံတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ စဉ္စယော်ဇာကို စစ်ကဲခန့်တော်မူသည်။

(၇) နော်ရထာတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ရမ္မယော်ဇာကို စစ်ကဲခန့်တော်မူသည်။

(၈) ဗညားစက်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ စောဝိုင်းခံကို စစ်ကဲခန့်တော်မူသည်။

(၉) နေမျိုးကျော်ထင်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဗြဲယသင့်ရဲကို စစ်ကဲခန့်တော်မူသည်။

(၁၀) နန္ဒယော်ဇာတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဘယဇေယျကို စစ်ကဲခန့်တော်မူသည်။

(၁၁) သားတော် မဟာဥပရာဇာ တပ်တော်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ်တစ်သောင်းနှင့် ဇေယျကျော်ထင်ကို စစ်ကဲခန့်တော်မူသည်။

သည် ၁၁-တပ်ကို မဟာဥပရာဇာကို ဗိုလ်ချုပ် ခန့်တော်မူသည်။

(၁) မိုးညှင်းစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဇေယျတမန်ကို စစ်ကဲခန့်တော်မူသည်။

(၂) ဝန်းမော်စော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ျာဇေယျသူကို စစ်ကဲခန့်တော်မူသည်။

(၃) ဗညားပတ်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ရာဇတမန်ကို စစ်ကဲခန့်တော်မူသည်။

(၄) မင်းမဟာတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ထောမိုင်းရဲကို စစ်ကဲခန့်တော်မူသည်။

(၅) ဗညားပရူးတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ နန္ဒသူရ[1]ကို စစ်ကဲခန့်တော်မူသည်။

(၆) ဘယသင်္ကြံတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ မဏိဒေဝကို စစ်ကဲခန့်တော်မူသည်။

(၇) အဲမွန်တရာတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဇေယျကျော်သူကို စစ်ကဲခန့်တော်မူသည်။

(၈) သီရိဇေယျနော်ရထာတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ စန္ဒကမ္မာ[2]ကို စစ်ကဲခန့်တော်မူသည်။

---

၁။ နန္ဒသူရိယ (မှန်နန်း-၃၉၉)  ၂။ ဗန္ဓကမ (-တို-)

(၉) သမ်ယာတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ျာစြစ်ကို စစ်ကဲခန့်တော်မူသည်။

(၁၀) နန္ဒပကြိတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ မဟာသူရကို စစ်ကဲခန့်တော်မူသည်။

(၁၁) ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တပ်တော်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဘယနန္ဒမိတ်ကို စစ်ကဲခန့်တော်မူသည်။
သည်တပ် ၁၁– တပ်ကို သတိုးဓမ္မရာဇာကို ဗိုလ်မှူး ခန့်တော်မူသည်။

(၁) သီပေါစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင်ယော်ဓာကို စစ်ကဲခန့်တော်မူသည်။

(၂) သိန္နီစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သိရိနန္ဒ ရတ်ကို စစ်ကဲခန့်တော်မူသည်။

(၃) ဘယကာမဏိတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သိရိမနုရတ်ကို စစ်ကဲခန့်တော်မူသည်။

(၄) ဗညားဗြဲတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင်ယော်ဓာကို စစ်ကဲခန့်တော်မူသည်။

(၅) သက်တော်ရှည်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဖြိုကမ္ဘာကို စစ်ကဲခန့်တော်မူသည်။

(၆) **သမိန်အဲပရဲ**[၁]တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဇေယျယော်ဓာကို စစ်ကဲခန့်တော်မူသည်။

(၇) ဘယကျော်သူတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ပိုက်ကမ္ဘာကို စစ်ကဲခန့်တော်မူသည်။

(၈) **သမိန်ဓေါ်ခွင်**[၂]တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင်ဗလကို စစ်ကဲခန့်တော်မူသည်။

(၉) နန္ဒသူရိယတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သိရိဂုဏ္ဍရတ်ကို စစ်ကဲခန့်တော်မူသည်။

(၁၀) နန္ဒသကြိတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သိရိဓမ္မရတ်ကို စစ်ကဲခန့်တော်မူသည်။

(၁၁) ညီတော် တောင်ငူဘုရင် မင်းခေါင် တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဇေယျရဏ္ဍမိတ်ကို စစ်ကဲခန့်တော်မူသည်။
သည်တပ် ၁၁ –တပ်ကို ဘုရင်မင်းခေါင်ကို ဗိုလ်မှူး ခန့်တော်မူသည်။

(၁) အုန်းပေါင်စော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ **လက်ဝဲနန္ဒသူ**[၃]ကို စစ်ကဲခန့်တော်မူသည်။

---

၁။ သမိန်ပရဲ (မှန်နန်း–၄၀၀) ၂။ သမိန်ဓေါခွင် (–ဃို–) ၃။ လက်ဝဲနန္ဒမိတ် (–ဃို–)

ရာပြည့်စာအုပ်တိုက်

(၂) ညောင်ရွှေစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင်သီရိကို စစ်ကဲခန့်တော်မူသည်။

(၃) မိုးနဲစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ စုတ္တသော[1]ကို စစ်ကဲခန့်တော်မူသည်။

(၄) ဥက္ကာမသီရိဇေယသူရတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ စတ္တုဒေဝကို စစ်ကဲခန့်တော်မူသည်။

(၅) ယော်ကရတ်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင်သီရိ[2]ကို စစ်ကဲခန့်တော်မူသည်။

(၆) မင်းရဲကျော်ထင်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ နန္ဒယော်ဓာကို စစ်ကဲခန့်တော်မူသည်။

(၇) သမိန်သံလိုက်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သီရိယော်ဓာကို စစ်ကဲခန့်တော်မူသည်။

(၈) ဗညားပရံတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ပုညဒေဝကို စစ်ကဲခန့်တော်မူသည်။

(၉) သမိန်လကွန်းအိန်တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ပုညယော်ဓာကို စစ်ကဲခန့်တော်မူသည်။

(၁၀) နန္ဒဇေယျတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သီရိဇေယျကို စစ်ကဲခန့်တော်မူသည်။

(၁၁) သမက်တော် အဝဘုရင် သတိုးမင်းစော တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ျာရန္တမိတ်[3]ကို စစ်ကဲခန့်တော်မူသည်။

သည်တပ် ၁၁-တပ်ကို သတိုးမင်းစောကို ဗိုလ်မှူး[4] ခန့်တော်မူသည်။

(၁) ခင်းမယ် ဗညားသေဥ်လုံတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင်ယော်ဓာ[5]ကို စစ်ကဲခန့်တော်မူသည်။

(၂) (ခင်းမယ်)ဗညားသံလဲတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ တုရင် ပန္တည်းကို စစ်ကဲခန့်တော်မူသည်။

(၃) ခင်းမယ် ဗညားနန်းတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သောဘဂဒေနကို စစ်ကဲခန့်တော်မူသည်။

(၄) ကျိုင်းတုံစော်ဘွားတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဗွဲ့ရာဇ[6]ကို စစ်ကဲခန့်တော်မူသည်။

(၅) တူတော် မင်းကျော်ထင်[7] တပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ နန္ဒသီရိကို စစ်ကဲခန့်တော်မူသည်။

သည် ၅-တပ်ကို မင်းကျော်ထင်ကို ဗိုလ်မှူးခန့်တော်မူသည်။

---

၁။ လက်ယာကျော်သူ (မှန်နန်း-၄၀၀) ၂။ တုရင်သိင္ခ (မှန်နန်း-၄၀၀) ၃။ လက်ယာနန္ဒမိတ် (မှန်နန်း-၄၀၀)
၄။ ဗိုလ်ချုပ်(-ထို-) ၅။ တုရင်ရာဇာ(-ထို-) ၆။ ဗွဲ့ရာဇာ(-ထို-) ၇။ မင်းရဲကျော်ထင် (-ထို-)

ယင်းကမှ ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်မင်းတရားကြီး တပ်တော်တွင် ဝင်းတော် လေးမျက်နှာသား **လေးသောင်း**[1]ကို ရွှေနိုင်း၊ ရွှေလှုံး၊ ရွှေကာ၊ ရွှေလှံ ခွဲစေ၍ လက်ဝဲ လက်ယာ၊ ရှေ့နောက် **တစ်သောင်းစီ**[2] လိုက်ရသည်။

ကုလားဘရင်ဂျီ **လေးရာ**[3]တို့ကိုလည်း ရွှေဦးထုပ်၊ ဘောင်းဘီဝတ်စေ၍ မီနံပြောင်း**လေးရာ**[3] ခွဲစေလျက် လက်ဝဲ လက်ယာ၊ ရှေ့နောက် တစ်ရာစီ လိုက်ရသည်။ ကုလားပသီ လေးထောင် တို့ကိုလည်း သံမောက်တို့၊ ဘောင်းဘီ ဝတ်စေပြီးလျှင် သေနတ်ခွဲစေ၍ ရှေ့နောက် လက်ဝဲ လက်ယာ တစ်ထောင်စီ လိုက်ရသည်။ ရွှေမောက်တို့တွင် ရွှေပန်းပန်စေ၍ ရွှေပါးကား၊ ရွှေမျှပ် ဝတ်သော (မြင်းတော်သည် လေးထောင်တို့ကိုလည်း)မြင်းလေးထောင်နှင့် လက်ဝဲ လက်ယာ၊ ရှေ့နောက် လိုက်ရသည်။ ရွှေလှံကိုင် လေးထောင်တို့ကိုလည်း မောက်တို့နီ မျှင်းနက်ဝတ်စေ၍ ဆင်တပ် အကြား အကြားတွင် လိုက်ရသည်။ ပန်းဆိုးနီ ခေါင်းထုပ်နှင့် ရွှေမောက်လှ ဆောင်းစေ၍ ရွှေခါးစည်း ဆည်းစေသော ဓားသားလေးထောင်တို့ကိုလည်း လက်ဝဲလက်ယာ၊ ရှေ့နောက် လိုက်ရသည်။ စော်ဘွားစော်ကန် မှူးကြီးမတ်ကြီး သား လေးရာတို့ကိုလည်း တိုက်ဆင်လေးရာနှင့် လက်ဝဲလက်ယာ၊ ရှေ့နောက် လိုက်ရသည်။ တပ်မတော်တွင်-

ရှေ့တော်က သီရိဇေယျကျော်ထင်ကို တပ်မှူး၊ **ရွှေသွ**[4]ကို စစ်ကဲခန့်တော်မူသည်။ လက်ယာတော်က သက်ရှည်ကျော်ထင်ကို တပ်မှူး၊ လက်ျာရွှေသွကို စစ်ကဲခန့်တော်မူသည်။ လက်ဝဲတော်က နန္ဒကျော်ထင်ကို တပ်မှူး၊ လက်ဝဲရွှေမိတ်ကို စစ်ကဲခန့်တော်မူသည်။ နောက်တော်က ဘယကျော်ထင်ကို တပ်မှူး၊ မဟာသီရိကို စစ်ကဲခန့်တော်မူသည်။

### ၃၃၅။ ယိုးဒယားသို့ ချီတက်တော်မူပုံ

တပ်မတော်တွင်ပါသည့် တိုက်ဆင် လေးရာ၊ မြင်း လေးထောင်၊ လက်နက်ကိုင် ငါးသောင်း **ခြောက်ထောင်**[5]၊ တပ်မတော်နှင့်တကွ **တပ်ပေါင်း ၅၃**[6] တွင် ပါသည့် တိုက်ဆင်ပေါင်း (၅၃၀၀) ငါးထောင့်သုံးရာ၊ မြင်းပေါင်း (၅၃၀၀၀) ငါးသောင်းသုံးထောင်၊ စစ်သည်သူရဲပေါင်း ငါးသိန်း လေးသောင်း ခြောက်ထောင်[7]နှင့် ကြေဝတေးမန္တာတ်မင်း၏ အသရေကဲ့သို့ အလွန်တင့်တယ် စံပယ်တော်မူလျက် သက္ကရာဇ် **(၉၃၀) ကိုးရာသုံးဆယ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်**[8] တနင်္ဂနွေနေ့ ဟံသာဝတီပြည်တော်က ချီတော်မူ၍ မာရ်အောင်သာ ဟူသော တပ်တော်တွင် ချတော်မူသည်။ မာရ်အောင်သာ ဟူသော တပ်တော်ကသည် ယိုးဒယားမြောက် အင်းတော် ဟူသော အရပ်သို့ လေးဆယ့်ခုနစ်ခန်း ချီလေသည်။ ပိဿလောက်မြို့မှာ ရှိလေသော စော်ဘွား သောင်ကျည်၊ ဗညားလော၊ ဗညားကျန်းထော၊ ဗညားပရံတို့ကိုလည်း ခေါ်တော်မူ၍ တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ ဗိုလ် ခြောက်သောင်းနှင့် ပိဿလောက်ကသည် ယိုးဒယားသို့ နောက်တော်လိုက်လာသည်။ ရောက်လျှင် မိမိတို့ ရသည် လက်နက်ကိရိယာ သုံးရှာ၊ ဆင့်မြင်း တို့ကို လက်ဆောင်တော် ဆက်ကုန်သည်။

ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်မင်းကြီးဘုရားလည်း စော်ဘွားသောင်ကျည်နှင့် ဗညား ကျန်းထောကို အားရတော်မူ၍ အဆောင်အယောင် အဝတ်အစား များစွာ ဆုပေးတော်မူသည်။

---

၁။ လေးထောင် (မှန်နန်း-၄၀၁) ၂။ တစ်ထောင်စီ (-ထို-) ၃။ လေးထောင် (-ထို-) ၄။ လက်ဝဲရွှေသွ (မှန်နန်း-၄၀၁၊ တွင်းသင်း(၃)-၁၄၇) ၅။ ငါးသောင်း [တွင်းသင်း(၃)-၁၄၇] ၆။ တပ်ပေါင်း ငါးဆယ် [မှန်နန်း- ၄၀၂၊ တွင်းသင်း(၃)-၁၄၇] ၇။ ငါးသိန်းလေးသောင်း [တွင်းသင်း(၃)-၁၄၇] ၈။ ၁၁ အောက်တိုဘာ ၁၅၆၈

ဧညားလောနှင့် ဧညားပန်ကိုမှူးတား ယိုးဒယားမင်း၊ ဗိသဿလောက်မြို့ကို တိုက်လေ့ရှိသောအခါ မြို့တွင်းက နေ၍သာ ခံသည်။ လိုက်၍ မတိုက်။ လိုက်၍ တိုက်ရသည် ရှိသော် ယိုးဒယားမင်း၊ လွတ်မည်လော ဟူ၍ အမိန့်တော်ရှိပြီးလျှင် တပ်သားနှင့်တကွ ကျေးကျွန်သင်းပင်း ဟူသရွေ့ကို နုတ်ယူတော်မူသည်။

ယိုးဒယားမင်းလည်း ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရား စစ်သည် ဗိုလ်ပါ ဆင်လုံး မြင်းရင်း အများနှင့် မြေပြင်ပြည့်၍ ရှိလာပြီ ဟူ၍ ကြားလျှင် ဆီး၍ မတိုက်ရဲ၊ မြို့ ကျုံး မြောင်း ပွင့် ရင်တကျောက်တိုက်ကိုသာ ခိုင်လုံအောင် စီရင်၍ အမြောက်ကြီး မြို့တွင်းကို မြို့ထိမ်ဝန်းကျင် စီ(စဉ်)၍ ကျောက်လက်ရှာလက်တွင် ရှိသော သူရဲသူကောင်းတို့ကို မြို့သို့ သွင်း၍ အနိုင်အလုံ ခံနေ၏။

ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရားလည်း ဗိသဿလောက်မြို့မှာ ရှိလေသော တိုက်ရေ အပေါင်းတို့ကို ဆောင်ယူစေ ဟူ၍ ဗိုလ် ရာသီနှင့် သမန္တ ရတ်ကို စေတော်မူသည်။ ဗိုလ် ရာသီနှင့် သမန္တ ရတ်တို့လည်း ဗိသဿလောက်သို့ ရောက်လျှင် စင်းမယိက ပါသည့် တိုက်ရေ ပင်ပန်းသသူတို့ကို ဆောင်ယူ၍ အလျင်မှာကို ပေါ်းဆန်ရေ တင်ပြီးလျှင် လှေမှာ လှေများ ရောက်လာ၏။

ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရားလည်း ဗိုလ် ရာသီကို အထက် ဗိသဿလောက် တွင် ပွဲလမ်းရသည်နှင့် အားရတော်မူ၍ ဖြဲသဲဗိုက်[1] ဟူသော အမည်နှင့်တကွ ကွမ်းကျပ် လက်ဖက်အိုး ပေးတော်မူသည်။

သမန္တ ရတ်ကိုလည်း ဗိုက်နရဲ[2] ဟူသော အမည်နှင့် ကွမ်းကျပ်လက်ဖက်အိုး ပေးတော်မူသည်။

## ၃၃၆။ ယိုးဒယားမြို့ကို ရံ၍ လုပ်ကြံပုံ

ယင်းသို့ သားတော်မဟာဥပရာဇာ အစရှိသော တပ်မှူးစစ်ကဲအပေါင်းတို့ကို ခေါ်တော်မူ၍ ယခု ယိုးဒယားမြို့ကို အဘယ်သို့ လုပ်ကြံရသော် သင့်မည်နည်း ဟူ၍ နိုင်ငံပြင်းခင်းကျင်းတော်မူသည်ကို မဟာဥပရာဇာ ဤသို့ နားတော်လျှောက်သည်။ ယခု ယိုးဒယားမင်းသည် မြို့က ထွက်၍သော်လည်း မတိုက်၊ မြို့ကို အနိုင်အလုံ နေလေသည်။ ယိုးဒယားမြို့ကိုလည်း ရေနစ်လည်း ဝန်းရံ၍ ရှိသောကြောင့် အလုပ်အကြံ ခက်လှသည်။ အရှည်အကြာ ဝန်းရံတော်မူရမည်လည်း နောက်တော်တွင် ပါသည့် ရဲမက်တော်တို့ တစ်သမန်းခန့်ခင် ဖြစ်သည်။ အစားအသောက် ခဲကော်လှချေသည်။ ယင်းသို့ ဖြစ်သောကြောင့် ရှုပ်ရှပ်ဖျံ့ဖျံ့ စစ်ဦး ဘိလှုပ်ပါ လုပ်ကြံတော်မူမှ အရေးတော် ပြီးလွယ်မည် ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘုရင် မင်းတရားကြီးဘုရားလည်း ဤသို့ အမိန့်တော် ရှိပြန်သည်။ ယိုးဒယားမြို့သည် ရေမြောင် ရှိလည်းဝန်းရံ၍ အလုပ်အကြံ ခက်ကြောသော်လည်း ငါ ရဲမက်တော် အပေါင်းနှင့် ကြည်း၊ ရေ ဝန်းရံ၍ လုပ်ကြံတော်မူရသည်ကို ယိုးဒယားမြို့မှာသည် ခံနိုင်ရာသည် သဘော ရှိမည်လော။ ယခုလည်း ကမ္ဘောဇ၊ သုဝဏ္ဏလောက်၊ သောက္ကတဲ၊ ဗိတ်စီမြို့များတွင် ရှိသော စပါး ဆန်ရေတို့ကို ရဲမက်တော်တို့ သယ်ပုစေ၍ ကျိုကြ ဆောင်၍ ထားစိမ့်မည်။ မိုးကျလျှင် ရဲမက်တော်တို့ကိုလည်း ဝေယံလုပ်စိမ့်မည်။ အပြားတိုင်းနိုင်ငံက ကူညီသော်လည်း

၁။ ဖြဲသဲဗိုက် [မှန်နန်း—၄၀၄၊ တွင်းသင်း(၃)—၁၄၇]   ၂။ ဗိုက်နရဲ [တွင်းသင်း(၃)—၁၄၇]

ရဲမက်တော်တို့ကို ခွဲခြမ်း ဆီးကြို၍ တိုက်ခိုက်စေမည်။ အလျှံတသော တိုက်ကြ၍ စေခိုင်း အမိန့်တော် ရှိပြီးလျှင် ယိုးဒယားမြို့သို့ ၇၉ ခရီး၊ ချီ၍ နှုတ် မြို့ကျော်ထက်သို့ ကြည်း၊ ရေ ဝန်းရံတော်မူသည်။

ယင်းသို့မှ ယိုးဒယား ကျေးလက်များတွင် ရှိသော စပါးကို ယူစေ၍ ကိုးနှင့်ချည်း တောရ သည်။ ရဲမက်တော်တို့ကိုလည်း တစ်နှစ်စာ မြေခြင်းရာ ယူရ၏၊ စပါးရ၏ ၁၅ တောင်၊ ၁၆ တောင် သစ်ရုတ်ရသည်။ သစ်ရောက်လျှင် ပြတန်ဆောင်းနှင့်တကွ သစ်တပ်မြို့ကို တုပ်ရ သည်။ နတ်ခန်းဆင်းသကဲ့သို့ အလျှင်ပြီးစေ၏။ အရှေ့နှင့် တောင်မျက်နှာတို့မှာ ရေရှိသော ကြောင့် သစ်တပ်ချို့၍ နေရသည်။ အနောက်တစ်မျက်နှာတို့မှာ ရေနှင့် မြောက် ကုန်း သောကြောင့် သစ်တပ်ချို့၍ မတည်သာချေ။ ယင်းသို့လျှင် မှူးသား မတ်သားတို့ကို ဝန်းရံ၍ မြစ်တစ်ဖက်သို့ လှေနှင့် ကူးစေပြီးလျှင် ပြတန်ဆောင်းနှင့် တကွ သစ်တပ် တည်၍ အလုံ နေရသည်။ ပြ တန်ဆောင်း သစ်တပ် အညီအညွတ်ပြီးလျှင် အမြောက် သေနတ် မြားတို့ တင်၍ မီးပေါက်မိုး ရွာစေသည်။

ယိုးဒယား မြို့တွင်းနေသော သူတို့သည် မိုးကြီးကျသကဲ့သို့ ပြ တန်ဆောင်း သိမ်ရာ ကျိုးပျက်၍ ထိတ်လန့်ခြင်း ပြင်းစွာ ဖြစ်စေတော်။ ယင်းသောခါ စစ်ကဲအပေါင်းတို့သည် ခိုင်မြဲ တပ်မင်းတို့ကို တစျွတ်၍ ကျွံကာဆော်စန်ကုန်သည်။ ခိုင်မင်း တပ်မင်း အပေါင်းတို့လည်း အလွန် ကြောက်ရွံ့ကုန်သည် ဖြစ်၍ ပြတန်ဆောင်းထက်သို့ တက်၍ အသက်ကို အသက်မှုတ် စီရင် ဆော်ဩကုန်သည်။ သူရဲသူခက် အပေါင်းတို့သည် သူက ပစ်သော ကျောက်စေနတ်ကို ပဟာသ မပြု၊ မြို့ကို လေ့ကာဆောင်၍ တက်မည့် အမြင်းအရာကိုသာ မြှော်နေ၏။ ထိုသို့ တုပ် ကြံစေသော်လည်း ယိုးဒယား မြို့ထိပ်က စီနံကြွင်း မြတ္ထုပ္ပ တွတ်လျှင် အထိအပါ၊ အသေ အပျောက် များ၍ ဆောင်ခြင်းသို့ မရောက်နိုင်ချေ။ တပ်သို့ ဆုတ်၍ နေပြန်ရလေသည်။ ထိုသို့ မှ ယိုးဒယားမြို့နှင့်အမျှ မြို့တော်တက်ကို ရှိစေ၍ ထိုမြို့တော်ထက်က အမြောက်၊ သေနတ်၊ မြားပုကြီး တင်၍ နေ့စဉ် ရက်ဆက် လွှတ်စေသည်။ မြို့ပြ နိုင်သည်နှင့် မြို့စီးမြို့ ထုတ်ပါ လာသောကြောင့် မပျက်နိုင်ချေ။ ဤသို့ အထူးထူးသော စီရင်ခြင်းတို့ဖြင့် စီရင်တော်မူ၍ တိုက်ကြ စေသော်လည်း မရနိုင်ချေ။

### ၃၃၇။ ယိုးဒယားမြို့ကို အပြင်းအထန် တိုက်ခိုက်ရာ၌ ကျွန်တော်မျိုး ဗညားစက်နှင့် ဆောက်ိုင်မင်ကို ထွက်ပျက်ပုံ

ယင်းသို့လျှင် ဆင်ဖြူများသခင် ဘုရင် မင်းတရားကြီးဘုရားသည်၊ အမျက်တော်ရှိ၍ ဤသို့ အမိန့်တော် ရှိသည်။ ညီတော်၊ သားတော်မှ စ၍ တပ်မှူး၊ စစ်ကဲ အပေါင်းတို့သည် ငါ့ကျေးဇူးတော်ကိုသာ စားရ၍ အမှုတော်ကို ကြိုးစားအားထုတ်၍ မထမ်းသောကြောင့် အရေးတော် ကြာမြင့်သည်။ ယနေ့မှစ၍ ကြိုးစားအားထုတ်၍ အမှုတော်ကို ထမ်းရဘိမည်။ ယင်းသို့ မထမ်းသောသူသည် ကြီးစွာသော အကျွံတော်ကို မရောင်မည် ဟူ၍ အမိန့်တော် ရှိသည်။

ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့လည်း အမိန့်တော်ကို ကြားလျှင် အသက်ကို အသက်မှုတ် ညှဉ်မနေ မပြတ် ၆၆ တပ်တောင်တာကို လှုပ်ရှားပြီးအောင် စီရင်၍

---

၁၈ ငါးဆယ့်လေးတော် (၄၈၄၅–၄၈၅)

လုပ်ကြံကုန်သည်။ ထိုသို့ လုပ်ကြံသောအခါ ယိုးဒယားက ပစ်၍ မှန်သော လှေကောင်သည် တစ်ကြိမ်၊ နှစ်ကြိမ် ဖြိုကို တက်လျှင် တစ်ထပ်ကို သုံးရာ၊ လေးရာ ထိပါး၍ လှေကောင်ကိုသော တစ်ပြိုင်နက် ပစ်လေသည်။ ယင်းသောအခါ ဧညားစော် တပ်မှူး၊ စောတိုင်ခံ စစ်ကဲပြုသော တပ်ပြဲ၍ ကွယ်ကာရသည်။ ယင်းသောအခါ ဧညားစော် တပ်မှူး၊ ယိုးဒယားတို့ သိလျှင် လှေငယ် လေး၊ တပ်သည် ရှောင်နားနီးသည်နှင့် တပ်ယိုင်ကြောင်းကို ယိုးဒယားတို့ သိလျှင် လှေငယ် လေး၊ ငါးစင်းခန့်နှင့် ထွက်လာ၍ တပ်သားတို့ ဟင်းမှုး ထင်းခွေ သွားခိုက် လှေ၌ရှိသော အမြောက်၊ သေနတ်တို့ကို ယူ၍ တစ်တဲ နှစ်တဲ မီးတိုက်လေသည်။ ထိုအကြောင်းကို ပြည်ဘုရင် သတိုး ဓမ္မရာဇာ ကျွန်တော်တို့ မြင်လျှင် လိုက်၍ တိုက်လေ၏။ ယိုးဒယားသားတို့လည်း ရသည့် လက်နက်ကိရိယာကို ယူ၍ ပြေးဝင်လေ၏။

ထိုအကြောင်းကို နားခံတို့ လျှောက်၍ ကြားတော်မူလျှင် ကိုယ်တိုင်တော် လာ၍ ကြည့်တော်မူသည်။ ထိုအခါ ဧညားစော်နှင့် စောတိုင်ခံ ပြေးလေ၏။ ထိုတပ်သည် သတိုးဓမ္မရာဇာ စီရင်နက် ဖြစ်သောကြောင့် ညီတော်ကို အမျက်တော်ရှိ၍ လက်ရွေးတို့ကို ကွပ်လေ အမိန့်တော် ရှိသည်။ လက်ရွေးတို့လည်း ညီတော် ပြည်ဘုရင် အကျိုးစွန်းကို ကိုင်လေ၏။ ထိုအခိုက်တွင် ဧညားစော်နှင့် စောတိုင်ခံကို ပြည်ဘုရင် ကျွန်တော်တို့ ရ၍ ဆက်လေ၏။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အမျက်တော် ပြင်းစွာ ရှိ၍ မည်သည့်သူမျှ မလျှောက်မလဲ ၍။ ဧညားစော်နှင့် စောတိုင်ခံကို ကွပ်မျက်တော်မူလေ၏။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း အသားစားလျှော့သို့ ကြောက်ကုန်၏။

သားတော် မဟာဥပရာဇာလည်း စီရင်တော်မူနက် တပ်သားအပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။ "ဟယ်ယောကျ်ားတို့ . . . ငါကိုင်တော်မူသည် လှံတံကို ထင်းပြု၍ ထမင်းချက်သည် ရှိသော် ကျက်မည်လော" ဟူ၍ မေးတော်မူသည်။ ကျွန်တော်တို့ကလည်း ဘုန်းကြီးသည် အရှင် ကိုင်တော်မူသော လှံတံသည် ငယ်လှသည် ဖြစ်၍ ထမင်းချက်သော်လည်း မကျက်ရာ ဟူ၍ နားတော်လျှောက်ကုန်သည်။ ထိုစကားကို ကြားတော်မူလျှင် ဤသို့ အမိန့်တော်ရှိသည်။ "ဟယ်ယောကျ်ားတို့ . . . ဧညားစော်တပ်တွင် ရှိသော အမြောက်၊ သေနတ်တို့ကို သူ ရလေသောကြောင့် တပ်မှူး၊ စစ်ကဲ နှစ်ယောက်လုံး သေကြလေသည်။ ယခုလည်း အမြောက် သေနတ်ကို ထားဘိ၍ သည်လှံတံတစ်ခုမျှ ယိုးဒယားတို့ ယူ၍ မြို့တွင်းသို့ သွင်းရလျှင် အသက်ရမည် ဟူ၍ နင်တို့ မှတ်ကြနှင့်" ဟူ၍ သားတော် မဟာဥပရာဇာ မိန့်တော်မူသည်ကို ဗိုလ်မင်း၊ တပ်မင်း၊ စစ်ကဲ၊ စစ်ကွပ် အပေါင်းတို့ ကြားလျှင် အသက်သေမည် ဟူ၍ မကြောက်မရွံ့ကုန်။ အမှုတော်ကိုလည်း ညဉ့်နေ ကြီးစားအားထုတ်၍ ထမ်းကုန်သည်။

ဘဝရှင်မင်းတရားကြီးဘုရား ယိုးဒယားကို ရံတော်မူသည် လေးလခန့် ရှိ၍ သက္ကရာဇ် (၉၃၁) ကိုးရာ့သုံးဆယ့်တစ်ခု ကဆုန်လဆန်း နှစ်ရက်[၁] သောကြာနေ့တွင် ယိုးဒယားမင်းအကြီး ရဟန်းကသည် လူပြု၍ သောင်းကျန်းပုန်ကန်သသူသည် သစ္စာတော်ရောက်၍ သေလေသည်။ သေလေသော ယိုးဒယားမင်း အလောင်းကို စမ်းမက်ရှိသည်နှင့် ဝိတက်ဗျာပါ များသောကြောင့် မသဂြိုဟ်ဘဲ ပြဒါးသွတ်၍ ထားလေ၏။

ယင်းသို့မှ ယိုးဒယားမင်း အငယ် ဤသို့ အမှုးအမတ်တို့ကို ဆိုသည်။ ဘဝရှင်မင်းတရားကြီး မိုးလှာ၍ ငါတို့မြို့ကို ရံတော်မူသည်ကို ငါတို့က အမြောက် သေနတ်ဖြင့် ပစ်၍ သေပျောက်သည်လည်း မရေတွက်နိုင် ရှိလေပြီးသည်။ ထိုသို့ သေပျောက်လျက်ကိုပင် အလုပ်အကြံကို

[၁] ၁၆ ဧပြီ ၁၅၆၉  ၂၈ ကြာသာဒီးရာဇာ/ ပြတည်ရာဇာ (Chakkra Phat) [၁၅၄၈-၁၅၆၉]

တစ်ခုနှင့်မျှ မလျော့။ သူကောင်ကိုသာ ငြိမ်းငြိမ်း၍ ခြေတော်ကို မပြတ် ဖိရသည်။ အမျက်တော်ကြီးလှသောကြောင့် သို့သည် အလုပ်အကြံကို ကြံတော်မူသည်။ ယခု ငါ မင်းပြုသည်လည်း မကြာသေးချေ။ ယိုးဒယားပြည်တွင် ရှိသော အမတ်တို့သည် အချို့လည်း ငါ့ကို မနှစ်သက် ရှိမည်။ အချို့လည်း ငါတို့ကို နှစ်သက်မည်။ အမျက်တော်ပြေမည့် အကြောင်းကို လျှောက်၍ ပြန်တော်မူလေသည် ဖြစ်မှ ငါတို့ ကြံကြိုက်သမျှ ကြံရမည် ဟူ၍ ဆွေသား မျိုးသား အပေါင်းတို့နှင့် တိုင်ပင်ပြီးလျှင်—

### ၃၃၈။ ယိုးဒယားမင်း အငယ်က အရေးစကား စာဆက်ပုံ

"ဘဝရှင် မင်းတရားကြီးဘုရားကို ကျွန်တော်တို့ မပုန်စားပါ။ 'ညြယား၏' ဟူသော အမတ်သည် ကျွန်တော်၏ ခြေရင်းတော်မှာ ရောက်၍ နေသည်ကို လုပြ၍ ဖြားနားတော့။ အစင်းရှိမှုကို ကျွန်ုပ်တို့ ဟူ၍ အရေးရေ ဖြားယောင်းသွန်သင်သည်ကို လိုက်နာ၍ သောင်းကျန်းမိလေသည်နှင့် ကျွန်တော်၏ သစ္စာတော် ဖောက်၍ အနိစ္စရောက်လေသည်။ ကျွန်တော်တို့ ဆက်မြဲ လက်ဆောင်တော်ကို အစဉ်အတိုင်း ဆက်၍ အမှုတော်ကို ထမ်းပါမည်"

ဟု လျှောက်တွင် ရေးပြီးလျှင် ညြယား၏ ဟူသော အမတ်ကို သံခြေချင်းခတ်၍ လက်ဆောင် လက်နက် အများနှင့် ဆက်လာရသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ရာဇကုဏ်နှင့် ပြည့်စုံတော်မူသော ကေရာဇ် ဖြစ်တော်မူ၍ လျှောက်သည့် စာကို ကြားတော်မူလျှင် မည်သို့မျှ အမိန့်တော် မရှိ။ ညြယား၏ကို အကျဉ်းထားရာက လွှတ်တော်မူ၍ အဝတ်အစား ဆုလာဘ် ပေးတော်မူပြီးလျှင် မှူးတကာ မတ်တကာနည်း မပြတ် မြဲစေရသည်။

### ၃၃၉။ နုံစမ်းစေသော နှာလဗီတပ် စစ်ပျက်ပုံ

ယိုးဒယားမင်းသည် အထက်ကပင် လင်းဇင်းသို့ စစ်ကူပေါ်လေသည်။ လင်းဇင်းမင်းလည်း သစ္စာရှိသောကြောင့် မနေသာ၍ တိုက်ဆင် တစ်ထောင်, မြင်း ရှစ်ထောင်, စစ်သည် သူရဲ သုံးသောင်းခန့်နှင့် ချီလာသည်။ ထိုအကြောင်းကို ကင်းထိုးစေသောသူတို့ လျှောက်၍ ကြားတော်မူလျှင် ဆီးကြို၍ နုံစမ်းမည်ဟု ယေးမြို့ကို စားသော မင်းရဲလုလင်ကို တပ်မှူး၊ ဝါကရှိမြို့ကို စားသော လက်ျာပြစ်ကို စစ်ကဲ ခန့်တော်မူ၍ တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, စစ်သည် သူရဲ **လေးသောင်း**[1]နှင့် နှာလဗီ ဟူသော အရပ်တိုင် ချီရလေသည်။ မင်းရဲလုလင်နှင့် လက်ျာပြစ်တို့သည် နှာလဗီ အရပ်သို့ ရောက်လျှင် တပ်တည်၍ မလေးမစား နေလေသည်။ အင်အား မတန်ချေ၍ ငါးရက်ခန့် ရှိလျှင် လင်းဇင်းမင်း ရောက်လာ၍ တိုက်လေသည်။ စစ်ကဲ လက်ျာပြစ်မှာကား ပျက်ချေသည်။ တပ်သားနှင့်တကွ မင်းရဲလုလင်ကို သူ ရလေသည်။ စစ်ကဲ လက်ျာပြစ်မှာကား မြင်းစီး၍ ကျွန် **တစ်ကျိပ်ကိုးယောက်ခန့်**[2]နှင့် သူပုံက ပြေးထွက်လာ၍ တပ်တော်သို့ ရောက်လာသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ မှူးမတ်အလယ်တွင် လက်ျာပြစ်ကို ဤသို့ အမိန့်တော်

---

၁။ လေးထောင် [ကွင်းသင်း(၃)–၁၅၀]  ၂။ တစ်ကျိပ်ခန့် [–ဇို–]

ရှိသည်။ နင့်ကို ငါ စစ်ကဲခန့်တော်မူသည်လည်း သူ့အမှုမထမ်းလျှင် သူ့ကို ကွပ်စီရင်မည် ဟူ၍ ငါခန့်တော်မူသည်။ သို့တပ်မှူး မင်းရဲလုလင်နှင့် တပ်သားအပေါင်းတို့ကား ကျေးဇူးတော်၊ သစ္စာတော်ကို စောင့်၍ အသက်ကို အသေခံသည်။ နင်မူကား ကျေးဇူးတော်၊ သစ္စာတော်ကို မစောင့်သောကြောင့် မြင်းစီး၍ ပြေးလာသည်။ လင်းဇင်းသား သတ်မည် ဘေးတို့ကား နင် ကြောက်သည်။ နင့်ကိုယ်က စ၍ သားမယားတို့နှင့်တကွ သေမည် ဘေးကိုကား နင် မကြောက်။ ယင်းသို့ ဖြစ်သောကြောင့် သင့်ကို သားမယားနှင့်တကွ ကွပ်လေ ဟူ၍ အမိန့်တော်ရှိသည်။

ထိုအမိန့်တော်ကို ကြားလျှင် လက်ဂျပြစ်လည်း ဤသို့ နားတော်လျှောက်သည်။ ကျွန်တော်သည် မသေဝံ့၍ ရှိ၍ နားတော်လျှောက်သည် မဟုတ်။ အကြောင်းမှာ တစ်ယောက်နှင့် တစ်ကျိပ်၊ တစ်ယောက်နှင့် တစ်ရာ ဖြစ်သော ရန်သူကို သေကား အသေခံဝံ့ပါသည်။ တစ်ယောက်နှင့် တစ်ထောင်၊ တစ်ယောက်နှင့် တစ်သောင်း ဖြစ်သော ရန်သူကို အသေခံခြင်းသည်ကား အကျိုး မရှိ။ အရှင် ရွှေဖဝါးတော်အောက်၌ အကွပ်တော်ကို ခံ၍ သေရခြင်းသည် မြတ်၏ ဟူ၍ အယူရှိပေသောကြောင့် ကျွန်တော် ရန်သူ့ပုံက ထွက်ခဲ့ပေသည်ဟု နားတော်လျှောက်သည်။

လက်ဂျပြစ် လျှောက်သော စကားကို ကြားတော်မူလျှင် ဤသို့ အမိန့်တော်ရှိပြန်သည်။ သို့ သည်စကားကို နင်လျှောက်သည်ကား ကိုယ်ကို အလွတ်ခွာ၍ နင်လျှောက်သည် မဟုတ်လော။ မှန်ကို ငါ တပ်မှူးခန့်သသူကား အသက်ကိုစွန့်၍ အမှုတော်ကို ကြိုးစားအားထုတ်ပေသည်။ နင်မူကား ကျေးဇူး သစ္စာတော် နှစ်ပါးကို ချေဖျက်၍ ပြေးလာလျှင် စကားလုနှင့် လျှောက်သည် မဟုတ်လော ဟူ၍ အမိန့်တော်ရှိသည်။

ထိုအမိန့်တော်ကို သိရိဇေယျကျော်ထင် ကြားလျှင် ဤသို့ နားတော်လျှောက်သည်။ ကျွန်တော် လက်ဂျပြစ်ငယ်ကို အလွတ်ခွာ၍ ပြေးရောက်ခြင်းကိုကား လွတ်ခြင်း ကောင်းလှပေသည်။ လက်ဂျပြစ်ကိုယ်ကို အလွတ်မခွာ၍ တပ်မှူး၊ စစ်ကဲနှင့်တကွ အားလုံး သူ့ရလေသည် ရှိသော် ကျွန်တော်တို့ မျက်နှာထားစရာ မရှိချေပြီ ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရားလည်း အကြောင်း ဘယ်သို့ ဖြစ်သနည်းဟု မေးတော်မူပြန်သည်။ သိရိဇေယျကျော်ထင်လည်း ဤသို့ နားတော်လျှောက်ပြန်သည်။ ရွှေဖဝါးတော်အောက်က ချီလေသော ကျွန်တော်တို့က တပ်မှူး၊ စစ်ကဲနှင့်တကွ တစ်ယောက်မျှမကျန် ရန်သူ ရလေသည် ဟူ၍ ပြည်ထောင်ချင်း မင်းတကာတို့ ကြားလေသော် လင်းဇင်းတန်ခိုးကို ပုံသကဲ့သို့ ရှိချေသည်။ ယခုမူကား ကျွန်တော် လက်ဂျပြစ်သည် ကျွန် တစ်ကျိပ်နှင့် သူ့ပုံက ထွက်၍ ခြေရင်းတော်ရင်းသို့ ရောက်လာပေသောကြောင့် ကျွန်တော်တို့ မျက်နှာ လှချေသည် ဟူ၍ နားတော်လျှောက်သည်။

သိရိဇေယျကျော်ထင် လျှောက်သော စကားကို ဗညားကျန်းထော ကြားလျှင် အရေးသင့်လှပေသည် ဟူ၍ နားတော်လျှောက်ပြန်သည်။ ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရားလည်း အကြောင်း အဘယ်သို့နည်း ဟူ၍ မေးတော်မူပြန်သည်။ ဗညားကျန်းထောလည်း နားတော်လျှောက်ပြန်သည်။ လင်းဇင်းမင်းသည် ကျွန်တော်တို့နှင့် တွေ့သမျှပင် ပျက်လေတော့သည်သာ။ မည်သည့်ကာလတွင်မျှ အောင်ခြင်းကို မရ။ ယခုမူကား တစ်ယောက်နှင့်တစ်ထောင်၊ တစ်ကျိပ်နှင့် တစ်သောင်း ဖြစ်၍ အောင်နိုင်ရလေသည်။ ယခု ချီလာကြောင်းလည်း ယိုးဒယား

မင်းနှင့် သစ္စာကတိ ရှိသောကြောင့်သာ ဝတ်ကန့်ဆန့်ချီလာသည်။ ဘုန်းတော်ကြောင့် ကျွန်တော်တို့ ချီရလျှင် မျက်နှာချင်းဆိုင်၍ တိုက်ပုံမည် မဟုတ် ဟူ၍ နားတော်လျှောက်သည်။

ဗညားကျန်းထော လျှောက်သော စကားကို ဗညားဒလ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ ကျွန်တော် သိရှိစေသျှကော့်ထင်၊ ဗညားကျန်းထောတို့ လျှောက်သော အရေးသည် သင့်သော အရေးပင် ဖြစ်ပေသည်။ ကျွန်တော် လက်ရှုပြစ် ရွှေဖဝါးတော်အောက်သို့ ရောက်လာပေသောကြောင့် လင်းဇင်းမင်း ချီလာသည် အင်နည်း အင်များကို သိရပေသည်။ ကျွန်တော် လက်ျာပြစ်လည်း ယောက်ျား ဟုတ်လှပေသသူ ဖြစ်၍ သူ့မှာ မှာနိုင်ပေသည်။ ကျွန်တော်ငယ် အသက်ကို ငှက်ငယ်တစ်ကောင်ကဲ့သို့ မှတ်တော်မူ၍ အသက်အလှူ ပေးတော်မူပါသည် ဖြစ်မှ ကျွန်တော် ချမ်းသာပါမည် ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မှူးတော် မတ်တော်တို့ လျှောက်လျှင် ရွှေနှုတ်ထွက်တော် ပြေ၍ လက်ျာပြစ်ကို လွှတ်တော်မူသည်။

## ၃၄၀။ လင်းဇင်းမင်းတပ်ကို ဆီးကြို၍ တိုက်ပုံ

ယင်းသို့မှ လင်းဇင်းမင်း ချီလာသည်ကို အရံကို ဖြတ်၍ လုပ်ကြရသော်လည်း သင့်မည်လော၊ အရံမဖြတ်ဘဲ အချို့ကိုရံစေ၍ အချို့ကို ဆီးကြို၍ လုပ်ကြစေရသော်လည်း သင့်မည်လော ဟူ၍ မိန့်တော်ရှိသည်ကို ဗညားဒလ လျှောက်သည်။ ယခု ယိုးဒယားမြို့ကို ရံတော်မူသည်လည်း လေးလ ငါးလခန့် ရှိပြီး ယိုးဒယားမင်းလည်း သစ္စာတော်ရောက်၍ သေလေပြီးသည်။ ယင်းသို့လျှင် ယိုးဒယား မြို့တွင်းသားတို့လည်း နှလုံးကျဉ်းမြောင်း၍ ရှိလေပြီးသည်။ အရံကို ဖြတ်တော်မူချေလျှင် လင်းဇင်းမင်းကို အောင်မြင်တော်မူ၍ လုပ်ကြတော်မူသော်လည်း အသစ်လုပ်ကြတော် မမူရချေလော။ ယင်းသို့ ဖြစ်သောကြောင့် ရဲမက်တော်တစ်ဝက်ကို ရံတပ်တော်တွင် အခိုင်အလုံ နေစိမ့်မည်။ တစ်ဝက်သော ရဲမက်ဗိုလ်ပါနှင့် ဆီးကြို၍ ကျွန်တော်တို့ လုပ်ကြမည်။ လင်းဇင်းမင်း မျက်နှာဆိုင်၍ တိုက်ပုံမည် မဟုတ်။ သို့ရာတွင် လင်းဇင်းမင်းသည် မချဉ်းပုံဘဲ အဝေးက နေ၍ မျိုးရိက္ခာရှာသော ရဲမက်တော်တို့ကို ထိပါးနှေးသော် အလုပ်အကြံ များချိမ့်မည် ဖြစ်သည်။ လင်းဇင်းမင်းကို အလျင် ချီလာအောင် ယိုးဒယားမင်းက ဆက်လာသော "ညြယားရံ" ကို စေတော်မူ၍ လင်းဇင်းမင်း ချီလာလျှင် အနီးတွင် လုပ်ကြရမှ တပ်နှင့်မဝေး အလိုတော် ပြည့်လွယ်မည် ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ "ညြယားရံ"ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ "ညြယားရံ ကို ကြိုက်တော်မူ၍ "ညြယားရံ"ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ "ညြယားရံ ကို ကြိုက်တော်မူ၍ "ညြယားရံ"ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

အမှုတော်ကို ကြိုးစား၍ထမ်း၊ အရေးတော်ပြီးလျှင် ငါ သူကောင်းပြုမည်" ဟူ၍ အမိန့်တော် ရှိသည်ကို "ညြယားရံ" နားတော်လျှောက်သည်။ ယိုးဒယားမင်းလည်း ကျွန်တော်ကို ကွပ်မစေ ဟူ၍ ရွှေဖဝါးတော်အောက်သို့ ဆက်ရောက်လာသည်။ ကျွန်တော် မျက်နှာကို မြင်တော်မူလျှင် ဘုရားဆုကို တောင်းတော်မူသော ကေရာဇ်ဖြစ်တော်မူ၍ ကွပ်မျက်တော်မမူ။ အသက်ကို လွှတ်တော်မူ၍ မှူးတော် မတ်တော်တို့နည်း မဖြတ် စားရပေသည် ကျေးဇူးတော်သည် ဤဘဝမှ စ၍ နိဗ္ဗာန်သို့ မရောက်သော ကာလပတ်လုံး ဆပ်သော်လည်း မပိုင်နိုင် ဖြစ်သည်။ ကျေးဇူးတော်ကို အသက်ကိုစွန့်၍ အရေးကို မလစ်မလပ် ရအောင် ထမ်းပါမည် ဟူ၍ နားတော်လျှောက်သည်။

## ၃၄၁။ လင်းဇင်းမင်းသို့ ဥပါယ်ပြု၍ စေခန့်ပုံ

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လင်းဇင်းသို့ ပို့မည့် စာကို ဗညားဒလနှင့် ဩယားရံကို စီမံရသည်။ စာတွင် မှာသည်ကား–

"တူတော် ယိုးဒယားမင်း ဖြမဟိန်[၁] ကြားရောက်သည် ဦးရီးတော် လင်းဇင်းမင်း... ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး ချီလာ၍ မြို့ကို ရံလေသည်။ လေး ငါးလခန့် ရှိပြီ။ ရဲမက်ဗိုလ်ပါတို့ နာများ၍ သေသည်လည်း များလေပြီ။ မြို့ကို တက်လာ၍ မြို့ထိပ်က ပြောင်းသေနတ်နှင့် ပစ်ခတ်၍ သေပျောက်သည်လည်း များလှလေပြီ။ သို့ပင် သေပျောက် ပွင့်ယိုသော်လည်း အားကိုမလျော့၊ ဝန်းရံ၍သာ နေသည်။ ဦးရီးတော် မရောက်သောကြောင့် မြို့က ထွက်၍ မတိုက်၊ အရေးကို မျှော်တင်း၍ နေသည်။ ယင်းသို့ ဖြစ်သောကြောင့် ဦးရီးတော် အလျင်ချီ၍ လုပ်ကြံတော်မူပါ။ ကျွန်ုပ်လည်း မြို့တွင်းက ထွက်၍ လုပ်ကြံပါမည်။ ဆင်ဖြူရှင် ခံနိုင်မည်လော၊ ပျက်လေတော့မည်"

ဟူ၍ စာရေး၍ စေပြီးလျှင် ဩယားရံကို လင်းဇင်းမင်းသို့ ယိုးဒယားမင်းက စေသည် အဟန်နှင့် သွားရလေသည်။

ဩယားရံလည်း ယိုးဒယားမြို့က ထွက်လာသသူ ဖြစ်၍ မြို့တွင်းမှ အကြောင်းမျိုးကို ပြောလျှင် လင်းဇင်းမင်းသည် ယုံကြည်၍ အလျင် ချီလာသည်။ ဩယားရံကိုလည်း မည်သည့် နေ့ရက်ကို အရောက် ချီလာမည် ချိန်းချက်ပြီးလျှင် လွှတ်၍ ပြန်လာရသည်။

## ၃၄၂။ လင်းဇင်းမင်းကို ဆီးကြို၍ တိုက်ပုံ

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လင်းဇင်းမင်းကို ဆီးကြို၍ တိုက်မည်ကို စီရင်ခန့်ရန်တော်မူသည်။

မိုးကောင်းစော်ဘွား တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ ဗညားဒလ တစ်တပ်၊ သီရိခမ္မာသောက တစ်တပ်၊ ဗညားဍုန္န တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ သည်ခုနစ်တပ်တို့ကို တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, စစ်သည်သူရဲ တစ်သိန်း ငါးသောင်း[၂]နှင့် အလယ်ကြောင်း ချီရသည်။

သီပေါစော်ဘွား တစ်တပ်၊ သိန္နီစော်ဘွား တစ်တပ်၊ ဘယကာမဏိ တစ်တပ်၊ ဗညားဘယ[၃] တစ်တပ်၊ သက်တော်ရှည် တစ်တပ်၊ ဗညားကျန်းထော တစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင် တစ်တပ်၊ သည်ခုနစ်တပ်ကို တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, စစ်သည်သူရဲ တစ်သိန်း ငါးသောင်း[၂]နှင့် လက်ဝဲကြောင်း ချီရသည်။

ညောင်ရွှေစော်ဘွား ... အုန်းပေါင်စော်ဘွား တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ ဥတ္တမသိရိဇေယျသူရ တစ်တပ်၊ သမိန်လက္ခွန်းအိန် တစ်တပ်၊ မင်းကျော်ထင် တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစော တစ်တပ်၊ သည်ခုနစ်တပ်ကို တိုက်ဆင် တစ်ရာ, မြင်း တစ်ထောင်, စစ်သည်သူရဲ တစ်သိန်း ငါးသောင်း[၂]နှင့် လက်ယာကြောင်း ချီရသည်။

---

၁။ ဖြပဟိန်သွန် (မှန်နန်း–၄၁၀)၊ ဖြမဟိန်သွန် (တွင်းသင်း(၃)–၁၅၂)  ၂။ ငါးသောင်း (မှန်နန်း–၄၁၁၊ တွင်းသင်း(၃)–၁၅၂)  ၃။ ဗညားပြို (မှန်နန်း–၄၁၀)

ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးတပ်တွင် တိုက်ဆင် တစ်ရာ၊ မြင်း တစ်ထောင်၊ စစ်သည်သူရဲ ငါးသောင်းနှင့် နောက်တပ်မ ဖြစ်၍ သက္ကရာဇ် (၉၃၁) ကိုးရာသုံးဆယ့်တစ်ခု ကဆုန်လဆန်း ၉ ရက် သောကြာနေ့[1] ယိုးဒယားမြို့ကသည် လင်းဇင်းမင်းကို ဆီးကြို၍ တိုက်မည် ချီတော်မူသည်။

ယိုးဒယားမြို့တွင်မူကား ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ဗိုလ်ချုပ်ခန့်တော်မူ၍ ထားသည်။

သားတော် မဟာဥပရာဇာ၊ ညီတော်တောင်ငူမင်း၊ အဝမင်းတို့လည်း ယိုးဒယားမြို့က ချီ၍ ခုနစ်တိုင်ခန့် အရပ်သို့ ရောက်လျှင် ဆင် မြင်း ဗိုလ်ပါကို ပြည့်တင်း၍ တစ်ညဉ့် နေတော်မူကြ၍ မိုးသောက်လျှင် လင်းဇင်းမင်းလည်း ဆင်လုံး မြင်းရင်း အများနှင့် ကြီးဝါး သံပေ၍ နာလပို့အရပ်က ချီလာ၍ မဟာဥပရာဇာတို့ သုံးကြောင်းသားကလည်း မြင်း လေးသောင်း[2]နှင့် ဆီးကြို၍ စုံစမ်းရလေသည်။ လင်းဇင်းမင်းက စစ်များချီလာသည် မြင်းတပ်နှင့် တွေ့လျှင် ဆိုင်၍ မနည်းကြာ ပစ်ခတ်ကြသည်။ မြင်းတော်သည်တို့ စစ်ရေး ငင်ခံ၍ နီးကြောင်းကို လျှောက်လာရ၏။ မဟာဥပရာဇာ၊ တောင်ငူမင်း၊ အဝမင်းတို့လည်း ဆင် မြင်း က စေ၍ အမြောက် သေနတ် စီခဲ့ပြီးလျှင် အသင့် နေတော်မူကြသည်။ အဘုရင် သတိုးမင်းစောလည်း ခရီးကွေ့ ရှိသည်ကို ကျွဲလာမှ တိုက်မည်ဟူ၍ ဆင် မြင်း ဗိုလ်ပါတို့ကို တောက အသင့်နေစေသည်။ လင်းဇင်းမင်းလည်း တိုက်ဆင် **တစ်ရာ**[3]၊ ဝန်တင်ဆင် တစ်ရာ၊ (မြင်း ရှစ်ထောင်)၊ ဗိုလ် သုံးသောင်းခန့်နှင့် မကြောက်မရွံ့ ကြီးဝါး၍ ချီလာသည်။ ဝံမက်တော်တို့နှင့် နီးလျှင် စိန်ပြောင်း မြတာပူ တစ်ဖက် တစ်ချက် လွှတ်ကြသည်နှင့် လင်းဇင်းမင်းစစ်သည် လိုက်၍ တိုးလာသည်။ ခရီးကွေ့ လွန်လျှင် သမက်တော် သတိုးမင်းစောလည်း တောက ထွက်၍ တိုက်တော်မူလေ၏။ လင်းဇင်းမင်းအမတ် ခံ၍ တိုက်သည်။ ဆင် သုံးစီး၊ လေးစီး လဲလျှင် မခံနိုင်၍ ဆုတ်လေ၏။ သတိုးမင်းစောလည်း လိုက်ထပ်၍ တိုက်ပြန်၏။ အုန်းပေါင်စော်ဘွား၊ ညောင်ရွှေစော်ဘွား စသော မြောက်တပ်သားတို့လည်း ဆင်ချွန်းဖွင့်က လိုက်ထပ်၍ တိုက်သည်။ လင်းဇင်းသားတို့ လေးစု ကွဲလေ၏။ မဟာဥပရာဇာနှင့် ဘုရင်မင်းခေါင်လည်း ဆင်ပါ မြင်းပါ ဖိ၍ တိုက်လျှင် လင်းဇင်းမင်း စစ်သည်တို့ ပျက်၍ ပရမ်းပတာ ပြေးလေ၏။ လင်းဇင်းမင်းလည်း ရုံးမိသမျှသော စစ်သည် နှစ်သောင်း ခန့်နှင့် ပြေးလေ၏။ သက္ကရာဇ် (၉၃၁) **ကိုးရာသုံးဆယ့်တစ်ခု ကဆုန်လပြည့်ကျော် ၈ ရက်**[4] သောကြာနေ့ လင်းဇင်းမင်းက ချီလာသည်ကို တိုက်၍ အောင်မြင်တော်မူသည်။

## ၃၄၃။ ဆင်ဖြူများရှင်မင်းတရား လင်းဇင်းမင်းကို လိုက်ပုံ

ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း အမြောက် သေနတ်သံကို ကြားတော်မူလျှင် လင်းဇင်းသားတို့နှင့် တွေ့၍ တိုက်ကြပြီ အမှတ်တော်ရှိ၍ နောက်က သိမ်၍ တိုက်မည် အမိန့်တော်ရှိပြီးလျှင် ခရီးကွေ့ကို ဖြတ်၍ ချီတော်မူသည်နှင့် လင်းဇင်းမင်း ပြေးလာသည်ကို တွေ့တော်မူလျှင် လိုက်ထပ်၍ တိုက်တော်မူသည်။ လင်းဇင်းမင်းလည်း ကြခတ်ဝါးတောကို

---

၁။ ၂၃ ဧပြီ ၁၅၆၉ [၉၃၁ ခု ကဆုန်လဆန်း ၈ ရက် သောကြာနေ့ (၂၂ ဧပြီ ၁၅၆၉)(တွင်းသင်း ၃-၁၅၃)]

၂။ သုံးထောင် (မှန်နန်း-၄၁၂)  ၃။ တစ်ထောင် (-ထို-)  ၄။ ၇ မေ ၁၅၆၉

ဝင်၍ ချီးလေ၏။ ရှေးအခါ ငါးတိုင်ခန့်ရှိအောင် လိုက်သယ်၍ တိုက်သည်။ ယင်းသို့ တိုက်တော် မူ၍ မီလှလျှင် လင်းခင်းမင်းလည်း ငါပြေးသော်လည်း မလွတ်နိုင်ရာ အမှတ်ရှိ၍ တပ်ရပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရားကို ဤသို့ နားတော်လျှောက်သည်။

၃၄၄။ လင်းခင်းမင်း မလွတ်သာ၍ ဥပါယ်ပြုပုံ

"ခြစံစစ် မည်သော လင်းခင်းစား ရှိခိုး နားတော်လျှောက်ပုံသော ဘဝရှင်မင်းတရား...

မင်းစကားရာဇ်တကာ အပေါင်းတို့၏ အရှင်ဖြစ်တော်မူသော ဘဝရှင်မင်းတရား... မင်းစကားရာဇ်တကာ အပေါင်းတို့၏ အရှင်ဖြစ်တော်မူသော သားတော် မဟာဥပရာဇာ၊ သမက်တော် မင်းမယ်ပြို့ကို လုပ်ကြံတော်မူသောခါ သားတော် မဟာဥပရာဇာ၊ သမက်တော် မင်းမယ်ပြို့ကို လုပ်ကြံတော်မူသောခါ ကျေးလက်သို့ ချီလာ၍ များစွာသော ပြည်သူအပေါင်း သတို့မင်းစော ကျွန်ုပ်တို့ ကျေးလက်သို့ ချီလာ၍ များစွာသော ပြည်သူအပေါင်း သတို့မင်းစော ကျွန်ုပ်တို့ ရောက်လေသည်။ ယင်းသောခါ ကျွန်ုပ် တို့သည် ပျက်စီး ကြေမွ ဘေးဘယသို့ ရောက်လေသည်။ ယင်းသောခါ ကျွန်ုပ် တို့သည် ပျက်စီး ကြေမွ ဘေးဘယသို့ သွား၍ ကြီးသည်နိုက် ဖြစ်၍ ပျက်စီးရလေ ပြီ့တွင် မရှိ ယိုးဒယားမင်း သမီးကို သွား၍ ကြီးသည်နိုက် ဖြစ်၍ ပျက်စီးရလေ ပြီ့တွင် မရှိ ယိုးဒယားမင်း ယိုးဒယားပြို့ကို ရုံတော်မူသည်၊ လေးလခန့် သည်။ ယခုလည်း ဘဝရှင် မင်းတရား ယိုးဒယားပြို့ကို ရုံတော်မူသည်၊ လေးလခန့် သည်။ ယခုလည်း ဘဝရှင် မင်းတရား ယိုးဒယားပြို့ကို ရုံတော်မူသည် အကြောင်းကို ရှိ၍ ဆင်၊ မြင်း၊ ဗိုလ်ပါ အရှုအနှ များ၍ ပင်ပန်း နာဖျားလှသည် အကြောင်းကို ရှိ၍ ဆင်၊ မြင်း၊ ဗိုလ်ပါနှင့်တကွ မခံနိုင်အောင် ယိုးဒယားမင်းက ဆလှာသောကြောင့် ဆင်၊ မြင်း၊ ဗိုလ်ပါနှင့်တကွ မခံနိုင်အောင် ယိုးဒယားမင်းက ဆလှာသောကြောင့် မီးများ မီးပျံ အစရှိသော မီးမျိုးတို့ကို များစွာ စီရင်၍ သော ယခု ရာပြိုင် ဆင်သော မီးရှူး၊ မီးပျံ အစရှိသော မီးမျိုးတို့ကို များစွာ စီရင်၍ သော ယခု ရာပြိုင် ဆင်သော မီးရှူး၊ မီးပျံ ရှိသော် သိန်းသန်းကုဋေ လာပါသည်။ ယင်းသို့ပါသော မီးတို့ကို လွတ်ရသည် ရှိသော် သိန်းသန်းကုဋေ လာပါသည်။ ယင်းသို့ပါသော မီးတို့ကို လွတ်ရသည် ဘုန်းကြီးတော်မူသော မင်း ဗိုလ်ခြေပင် ဖြစ်သော်လည်း မခံနိုင်ရာ။ ယခုမူကား -ဘုန်းကြီးတော်မူသော မင်း ဗိုလ်ခြေပင် ဖြစ်သော်လည်း မခံနိုင်ရာ။ ယခုမူကား စီရင်ခဲ့သော မီးရှူး၊ စကားရာဇ် ဖြစ်တော်မူ၍ ညှို့ချင်း သည်းစွာ မိုးရွာသောကြောင့် စီရင်ခဲ့သော မီးရှူး၊ မီးပျံ အလုပ်အကြံ ပျက်၍ အဆိပ်မဲ့သည် မြွေကဲ့သို့ ကျွန်ုပ်စစ်သည်တို့ ပျက်စီးချေ မီးပျံ အလုပ်အကြံ ပျက်၍ အဆိပ်မဲ့သည် မြွေကဲ့သို့ ကျွန်ုပ်စစ်သည်တို့ ပျက်စီးချေ သည်။ ထိုသို့ ပျက်စီးသည်ကား တစ်ပါးသော သူသည် ကြံဖြားသော်လည်း မဖြစ် သည်။ ထိုသို့ ပျက်စီးသည်ကား တစ်ပါးသော သူသည် ကြံဖြားသော်လည်း မဖြစ် နိုင်ရာ။ နတ်၊ သိကြားတို့သည် မ-လေသောကြောင့် မဖြစ်ရာသော အခင်းတို့သည် ညှို့ချင်း ဖြစ်ရချေသည်။ အထက် သားတော် မဟာဥပရာဇာ၊ သမက်တော် သတို့မင်းစောတို့ ရောက်လာသောအခါ လင်းခင်း ကျေးစွန်ရွာလက်တို့ ပျက်လေ သည်များလည်း ယခုတိုင်အောင်မျှ ပြို့ရွာ မဖြစ်ပါသေး။ ယခု ဘုန်းတော်ကြီးလှ သော ဘဝရှင်မင်းတရားကြီး ကိုယ်တော်တိုင် လင်းခင်းသို့ အရောက်ချီသည် ရှိ သော် ကျွန်ုပ် နိုင်ငံအလုံး ရပ်နေဝံ့မည် မဟုတ်ပြီ။ ယင်းသို့ ဖြစ်သောကြောင့် ယနေ့မှ ၍ ရွှေနှလုံးတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အကျင့်ကို မကျင့်ပါပြီ သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါတော့မည် အကြံရှိ၍ မပြေးဘဲ တပ်ချ၍ ကျွန်ုပ် နေ သည်။ ယနေ့ မူကား မိုးချုပ်ပြီး ဖြစ်၍ ခြေတော်ဦးနိုက် မရောက်ပါရသည်။ နက်ဖြန် စောစော ကျွန်တော် အဖြစ်ဖြင့် ခြေရင်းတော်သို့ ရောက်ပါမည် အကြောင်းကို ရှိခိုး နားတော်လျှောက်ပုံပါသည်"

ဟူ၍ ရွှေပေတွင် ရေးသော စာကို အမတ်တစ်ယောက် ဆက်လှာရသည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လင်းခင်းမင်းက ဆက်လှာ သော ရာဇသံကို ကြားတော်မူလျှင် ယုံကြည်တော်မူ၍ မိုးချုပ်သည်နှင့် တပ်ချ၍ နေတော် မူသည်။

## ၃၄၅။ အောင်ပွဲလှကြာရာ၌ ဆုံးဖြတ်ပုံ

လင်းဇင်းမင်းလည်း ဘဝရှင်မင်းတရားကြီးဘုရား တပ်ချ၍ နေတော်မူကြောင်းကို သိလျှင် တစ်ညဉ့်လုံး ပြေးလေ၏။ မိုးသောက်လျှင် လင်းဇင်းသားတို့တပ်တွင် ကျိုးနှင့်သောသော ရှိသည်ကို မြင်၍ လျှောက်လျှင် လက်နှိပ်လက်ဖက် တီး၍ ရယ်မောတော်မူသည်။ ဤသို့လည်း အမိန့်တော်ရှိသည်။ လင်းဇင်းမင်း ဖြစ်စစ်ငယ်သည့် ငါ့သစ္စာတော်ကို မခံညားသော်လည်း သစ္စာတော်ကို ခံပါတော့မည် လျှောက်သည့် အရာသည် ခံလေပြီးသည်နှင့်အတူ မဟုတ်လော။ ယင်းသို့ ဖြစ်သောကြောင့် ပြေးနှင့်လေစဦး။ ယိုးဒယားပြို့ကို အလိုတော်ပြည့်မှ လင်းဇင်းသို့ ငါချီတော်မူမည်။ ဖြစ်စစ်ငယ် လွတ်ရမည်လော ဟူ၍ အမိန့်တော်ရှိပြီးလျှင် ရယ်တော်မူသည်။ လင်းဇင်းမင်း ကိုယ်လုပ် **မနုရောအမိတ္တ**[1] နှင့်တကွ တစ်ကျိပ်ကျော်ကို ယူ၍ ပြန်တော်မူသည်။ ယိုးဒယားတပ်တော်သို့ ရောက်တော်မူလျှင် ညီတော်၊ သားတော်၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ ရသည် အမတ် တစ်ကျိပ်ကျော်၊ ဆင် **သုံးဆယ်ကျော်**[2]၊ သုံ့လူ ငါးထောင်ကျော်ကို ဆက်သည်။ လင်းဇင်းသား စစ်သည် သေလေသည်လည်း များ၏။ "နာလဗို" အရပ်တွင် သူက ရလေသော ရဲမက်တော်တို့လည်း အချို့ ပြေးလာ၍ ခြေရင်းတော်သို့ ရောက်လာကုန်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း လင်းဇင်းမင်းကို အဘယ်သူ တိုက်၍ ပျက်လေသနည်းဟု မေးတော်မူသည်ကို သားတော် မဟာဥပရာဇာက လျှောက်သည်။ ကျွန်တော်နှင့် စစ်မျက်နှာဆိုင်၍ တိုက်ရာတွင် ကျွန်တော် လိုက်သိမ်း၍ တိုက်သောကြောင့် လင်းဇင်း စစ်သည် ပျက်လေသည် ဟူ၍ နားတော်လျှောက်သည်။ ညီတော် တောင်ငူဘုရင်မင်းခေါင်ကလည်း သားတော် မဟာဥပရာဇာနှင့် စစ်မျက်နှာဆိုင်၍ ရှိကြစဉ် ကျွန်တော် လက်ဝဲကြောင်း ဝင်၍ တိုက်ရာတွင်မှ လင်းဇင်းမင်း စစ်ပျက်သည် ဟူ၍ နားတော်လျှောက်သည်။ ဇော်ဘွားဇော်ကန် မှူးတော်မတ်တော် အပေါင်းတို့လည်း အသီးအသီး ကျွန်တော် တိုက်ရာတွင် ပျက်သည် ဟူ၍ နားတော်လျှောက်သည်။ ယင်းသောခါ အဝဘုရင် သတိုးမင်းစော လျှောက်သည်ကား သူ တိုက်၍ ပျက်ကြောင်း၊ ကျွန်တော် တိုက်၍ ပျက်ကြောင်းကို လင်းဇင်းအမတ် ရသသူတို့ ရှိတော့သည်။ ကျွန်ုပ် အခြားမလျှောက်သာပြီ၊ စစ်တော့ ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ငါဆုပေးတော်မူသာသေး။ လင်းဇင်းမင်း အမတ်တို့ကို စစ်မေး ဟူ၍ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို အမိန့်တော်ရှိသည်။ သတိုးဓမ္မရာဇာလည်း လင်းဇင်းအမတ်တို့ကို ခေါ်၍ စစ်မေးသော် ကျွန်တော်တို့ကို ပျက်အောင် တိုက်သောသူ၏ အသွင်အပြင်ကား အသားခပ်ညို၊ နားရောင်စပ်ခင်းနှင့် ဆင်နီကို စီး၍ တိုက်ရာတွင် လင်းဇင်းစစ်သည် လေးရကွဲ၍ ပျက်ရသည် ဟူ၍ နားတော်လျှောက်သည်။ သတိုးဓမ္မရာဇာလည်း ထိုသူကို မြင်သော် သိမည်လော ဟူ၍ မေးတော်မူပြန်သည်။ လင်းဇင်းမင်း အမတ်တို့လည်း ကျွန်တော်တို့ မြင်လျှင် အမှတ်ရ၏ ဟူ၍ လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော်၊ ဇော်ဘွားဇော်ကန်၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို တိုက်ပွဲမှာကဲ့သို့ စစ်ဝတ်တန်ဆာတို့ဖြင့် ဆင်စီး၍ တဲတော်ဦးသို့ တက်စေ၊ လင်းဇင်း အမတ်တို့ကိုလည်း ကြည့်၍ နေစေ အမိန့်တော်ရှိသည်။ ညီတော် သတိုးဓမ္မရာဇာလည်း လင်းဇင်းမင်း အမတ်တို့ကို တဲတော်ဦးနှင့်ဆီတည့် ဝင်းတော်ပြင်ကတွင် နေစေ၍ ညီတော်၊ သားတော်၊ ဇော်ဘွားဇော်ကန်၊ တပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို ဆင်စီး၍ချည်း တက်ရသည်။

---

၁။ မနုရောအမိတ္တ (မှန်နန်း–၄၁၄)　၂။ သုံးဆယ်ကျော် (မှန်နန်း–၄၁၄)၊ သုံးရာ [ဇွဲဝင်းသင်း(၃)–၁၅၄]

လင်းစင်းမင်း အမတ်တို့ကိုလည်း ကြည့်စေ၍ မဟာဥပရာဇာက စ၍ သည်သူတော၊ သည်သူတော ဖေးသည်ကို မဟုတ် ဟူ၍ရည်း ဆိုသည်။ မင်းတကာ နောက်မှ ဆင်တော် သည်မြင်စွာကို ဆန်းတွေးတွေး သုတ်ပြီးလျှင် စီးတော်မူ၍ အဝဘုရင် လာသည်ကို မြင်လျှင် နှဲ့ကြောက်ရင်း ရှိသည်နှင့် သည်သူ ဟူ၍ မပြစ်ပြီ။ တဲကြား၊ အုံကြား လျှိုးငုံ၍ ပြေးဝင်ကြ လေသည်။ ထိုအကြောင်းကို ဘဝရှင် မင်းတရားကြီးဘုရား မြင်တော်မူလျှင် "မောင်အဝမင်း ပွဲဝ" ဟူ၍ အမိန့်တော်ရှိပြီးမှ စားတော်ခေါ်သည့် ကွမ်းခွက်၊ စားတော်ခေါ်သည့် လက်ဖက်အိုး၊ သောက်ရေတောင် တကောင်းပုံး၊ လက်တော်နှစ်ဖက်တွင် ဝတ်သော လက်ကောက်၊လက်စွပ်၊ ဝတ်တော်မူသော ဝတ်လုံ၊ ဆင် တစ်ဆယ်၊ မြင်း နှစ်ဆယ်၊ လင်းစင်းသား ရသသူ တစ်ရာ ဆုပေးတော်မူသည်။ သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း စသော တပ်မှူး စစ်ကဲ အပေါင်းတို့ကိုလည်း အထိုက်အလျောက် စားကျေးစားလက် အဆောင်အရွက် အဝတ် အစား ပေးတော်မူသည်။ ထိုမှတစ်ပါး ခေါင်းအစုန်း သူရဲသူခက်တို့ကိုလည်း အထိုက်အလျောက် အဝတ်အစား ငွေ ဇွ ဆုပေးတော်မူသည်။

## ၃၄၆။ ဆင်းရဲတော် ချမ်းသာစေကာ် ကျွန်တော်ရင်း ဘယကာမဏိကို ကွပ်မျက်ပုံ

ယင်းသို့မှ ယိုးဒယားမြို့ကို အလျှင် ရတော်မူမည် အကြောင်းကို အာဏာတော် ပေး၍ စီရင်တော်မူသည်။ ယင်းသို့စဉ်တွင် သံလျင်မြို့ကို စားသော ကျွန်တော်ရင်း ဘယကာမဏိသည် လင်းစင်းသို့ စီးတော်မူ၍ လုပ်ကြံတော်မူသည်နောက် ယိုးဒယားမြို့ကို လုပ်ကြံရာတွင် စစ်သည် တို့သည် မြို့ရင်းသို့ မရှည်းသသူတို့ကို စားရွှတ်၍ စစ်ကဲတို့ ကြပ်သည်ကို မြင်လျှင် စားသွား ရှည်း စစ်ကဲတို့ကို ခုတ်မည် လိုက်လေ၏။ စစ်ကဲတို့လည်း ဘယကာမဏိ ပြုကျင့်ကြောင်းကို နားတော်လျှောက်လေ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် သတိုးဓမ္မရာဇာကို လျှောက်သည်အတိုင်း မှန် မမှန်ကို စစ်ဘိ ဟူ၍ အမိန့်တော် ရှိသည်။ သတိုးဓမ္မရာဇာလည်း စစ်ကြော၍ စစ်ကဲတို့ လျှောက်သည်အတိုင်း မှန်လျှင် အမျက်တော် ညှဲစေလို၍ ဤသို့ နားတော်လျှောက်သည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား၊ ကျွန်တော် ဘယကာမဏိသည် ဆင်းရဲတော်မူဖက်၊ ကောင်းစားတော်မူဖက် အတူတကွ အထံတော်တွင် မကွာသော ကျွန်တော်မျိုး ဖြစ်၍ ကျွန်တော်တို့ကို တွေ့သော်လည်း ခုတ်မည်၊ ထစ်မည် အဟန် ပြုမြဲ ဖြစ်သည်။ ဘယကာမဏိ အသက်ကို ငှက်တစ်ကောင်ကဲ့သို့ မှတ်တော်မူ၍ လွှတ်တော်မူပါသည် ဖြစ်မှ ကျွန်တော် ချမ်းသာရပါမည် ဟူ၍ နားတော်လျှောက်သည်။ သတိုး ဓမ္မရာဇာ လျှောက်သော စကားကို ကြားတော်မူလျှင် သင်းသည် ငါ့ကျွန်တော်ရင်း ဖြစ်စေကာမူ တစ်ပါး တခြားသော အပြစ်ကိုသာ ငါသည်းခံတော်မူမည်။ စစ်ရေးစစ်မှု၌ ဖြစ်သောအပြစ်ကို သည်းခံတော်မမူသာ။ ပြည်စား သင့်ကို နမြောလျှင် သင့်ကိုယ်စား အသက်ခံတော့လော ဟူ၍ အမိန့်တော် ရှိသည်။ ထိုအမိန့်တော်ကို ကြားလျှင် ပြည်မင်းက စ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့သည် အမျက်တော် ကြီးကြောင်းကို သိ၍ မည်သို့မျှ မလျှောက် ဝံ့ကုန်။ မျက်နှာ သောက်ချ၍ နေကြကုန်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း နင်သည် ငါ့အမိန့်တော်ကို ဆန် လွန်၍ ကျင့်သသူ ဖြစ်သည်။ ယခု သတ်လေ အမိန့်တော်ရှိသည်။ လက်မရွံ့တို့လည်း ဘယ

ကာမဏိကို ကိုင်ယူ၍ ပြည်ဘုရင်တပ်တွင်ပင် ကွပ်လေ၏။ ဘယကာမဏိကို ကွပ်မျက်တော်မူလျှင် ဘယကာမဏိသားသည် အဖအလောင်းရင်းတွင် ငိုရှိုက်နေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် သားကို သတ်ပြန်ရသည်။ သားအဖနှစ်ယောက်ကို ကျွန် လာ၍ ပုဆိုးလွှမ်းလာသည်။ ထိုကျွန်ကို သတ်ပြန်ရလေ၏။ သားအဖ ကျွန်အရှင် သုံးယောက်ကို ဗိုလ်မှူး၊ တပ်မှူး၊ စစ်ကဲအပေါင်းတို့ မြင်လျှင် ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်၍ အသက်ကို ပမာဏ မပြု၊ မြို့နားမြေတောင်၌ နေ့ညဉ့်မပြတ် နေ၍ မြို့တွင်းက ပစ်သော မီးပေါက်သေနတ်စနက်ကို သေသောဟူ၍ မမှတ်၊ ဝန်းကျင် မြို့တံတိုင်း၌ နေ၍ လုပ်ကြကုန်၏။

**ဘယကာမဏိ အကြောင်းကား**- ကျွန်တော်ရင်း ဖြစ်၍ (၉၁၃) ကိုးရာတစ်ဆယ့်သုံးခု[၁] သမိန်ထောရာမကို ဆင်စီးချင်း တိုက်တော်မူသောအခါ ကုန်းလယ်တွင် တင်တော်မူသည်။ မဟာစေတီ ကောင်းမှုတော်ကို ဌာပနာတော်မူသောအခါလည်း မင်းတရားကြီးဘုရား အရပ်၊ ဘယကာမဏိအရပ် ရွှေကို သွန်း၍ ဌာပနာတော်မူပြီးလျှင် ကျောက်စာ၊ ရွှေပေ၌ ရေးကွန်းတင်သည်။ ထိုသို့ သနားတော်မူလှသော ဘယကာမဏိ အမတ်သည် ငါ့အရှင် ကျွန်ရင်းကိုကား- ဟူ၍ မလေးမစား အမှတ်မဲ့ ပြုချေသောကြောင့် စစ်ရေးနှင့်ကြံ၍ သနားတော်မူလျက်ပင် ကွပ်မျက်တော်မူသည်။

## ၃၄၇။ ပြောက်ဖြစ်ကျွဲကို အမျက်ထား၍ လွှတ်ပုံ

ယိုးဒယားမြို့ကို လုပ်ကြံတော်မူရာမှာလည်း ရဲမက်တော် တစ်သောင်းကျော်ခန့် ယိုယွင်းအောင် မြို့ကို တက်စေသော်လည်း မြို့ကို မရချေ။ ယင်းသို့ မရနိုင်လျှင် ဤသို့ အကြံတော်ရှိသည်။ အထက်က ယိုးဒယားမြို့ကို လုပ်ကြံတော်မူသောအခါ ယူတော်မူခဲ့သော အမတ်ကြီး "ပြောက်ဖြစ်ကျွဲ" ကို အမျက်တော်ရှိ၍ လေးလ၊ ငါးလ သံခြေချင်းနှင့် ထားတော်မူသည်။ ထိုပြောက်ဖြစ်ကျွဲကို ထားရာက လွှတ်၍ မြို့တွင်းသို့ ဝင်စေ၍ တံခါးကို ဖွင့်စေရသော် သင့်မည်ထင်သည်။ ပြောက်ဖြစ်ကျွဲငယ်ပင် မဆောင့်ကျင့်၍ ယိုးဒယားမင်းနှင့် တစ်ရုက်တည်း ဖြစ်သော်လည်း ငါ့အား အကျိုးတော် မနည်း။ သင်းတစ်ယောက်သာ သင့်မြတ်သည်ရှိသော် အကျိုးကို မရေတွက်နိုင် အကြံတော်ရှိ၍ ပြောက်ဖြစ်ကျွဲကို အကျဉ်းထားရာက လွှတ်တော်မူပြီးလျှင် ရှေ့တော်သို့ ခေါ်တော်မူ၍ မင်းကို ငါ မြို့တွင်းသို့ လွှတ်တော်မူမည်။ အမှုတော်ကို ကြိုးစားအားထုတ်၍ ထမ်း။ အရေးတော်ပြီးလျှင် ပိသုလောက်မြို့နှင့်တကွ အဆောင်အယောင် ပေးတော်မူ၍ ငါ သူကောင်းပြုတော်မူမည်။ မြို့တွင်းသို့ ရောက်လျှင် ညဉ့်အခါ တံခါးကို ဖွင့်လေ ဟူ၍ အမှတ်ပေးတော်မူသည်။ ပြောက်ဖြစ်ကျွဲလည်း အမှုတော်ကို မလစ်ရအောင် ကြိုးစားအားထုတ်ထမ်းပါမည် ဟူ၍ နားတော်လျှောက်သည်။

## ၃၄၈။ ယိုးဒယားမြို့ကို လက်ရ သိမ်းယူခြင်း

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း "ပြောက်ဖြစ်ကျွဲ" ကို သစ္စာတော်ခံစေပြီးလျှင် ဆုလာဘ်ပေးတော်မူ၍ သံခြေချင်းခတ်၍ ညအခါကို လှေငယ်တစ်စင်းနှင့် ကျွန်နှစ်ယောက်နှင့် ပြေးခဲ့၍ ဝင်လာသည် အဟန် သွားရလေသည်။ မြို့တွင်းသို့ ရောက်လျှင်

---
၁။ အေဒီ ၁၅၅၁

ယိုးဒယားမင်း ဖြမဟိန်သည် အဖကို တွေ့ရသည်နှင့် အတူ အမှတ်ရှိ၍ ဝမ်းမြောက်ဝမ်းသာ တစ်မြို့လုံးကို ဝန်ချုပ် ခန့်လေ၏။ ပြောက်ဖြစ်ထွဲလည်း မှူးကောင်း မတ်ကောင်းတို့ကို မဝင်သာသည် အရာက အစောင့်ထားလေ၏။ မိမိ၏ အဆွေသားချင်း မြေးတော်သူတို့ကိုမူကား ဝင်သာသည် အရပ်က အစောင့်အနေ ခန့်ထားလေ၏။ ယင်းသို့ စီရင်ခန့်ရန်ပြီးမှ ထိုအကြောင်းကို စာရေး၍ ညဦးအခါ ကျွန်တစ်ယောက်ကို ဆက်ရသည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ဝမ်းမြောက်တော်မူ၍ ပြောက်ဖြစ်ထွဲ သားချင်းမြေးတော်တို့ စောင့်နေရာ တံခါးက ဗိုလ်မှူး စစ်ကဲ စစ်ကွပ် အပေါင်းတို့ကို ဝင်ရမည် အချိန်တော်ရှိ၍ ညဦးကို ဝင်ရသည်။ မြို့တွင်းသား စစ်သည်တို့လည်း ဝင်လာသော ရဲမက်တော်တို့ကို တစ်ကြိမ်၊ နှစ်ကြိမ် ဆီးကြို၍ တိုက်သည်။ ဆင်ပုံ မြင်းပုံ ဝင်မိ၍ တိုက်လျှင် မခံနိုင်၍ သက္ကရာဇ် (၉၃၁) ကိုးရာသုံးဆယ်တစ်ခု ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့[1] ယိုးဒယားမြို့ ပျက်သည်။ ယိုးဒယားမြို့ကို အလိုတော်ပြည့်လျှင် ရဲမက်တော် (၅၉) ငါးဆယ့်ကိုးတပ်သား[2] မြို့သို့ဝင်၍ လုယက် ဖျက်ဆီးကြသည်။ တစ်ယောက် ၅၂ လက်ချည်း မရှိ ရွှေ၊ ငွေ၊ အဝတ်ကောင်း၊ အစားကောင်း တစ်ထမ်း၊ နှစ်ထမ်း ရသည်ချည်း။ ယိုးဒယားမြို့ကို အောင်မြင်တော်မူပြီးလျှင် ယိုးဒယားမင်း ဖြမဟိန်နှင့်တကွ အမှူးအမတ် အပေါင်းတို့ကို ခေါ်တော်မူ၍ သစ္စာတော်ကို တိုက်ပြီးလျှင် သဲသရာကို ထောက်ရှုတော်မူ၍ ယိုးဒယားမင်း ဖြသာခိုရာဇာ အကောင်ကို နောက်တွင်ပါသည် ဩယာဓမ္မရာဇာ သဂြိုဟ်ရသည်။

ယင်းသို့မှ ဖြမဟိန် အစရှိသော အမှူးအမတ်၊ သူရဲသူခက်ကောင်း၊ ဆင်ကောင်း မြင်းကောင်း၊ အမြောက် သေနတ်တို့ကို ယူတော်မူသည်။ ထားကောင်းသော အမှူးအမတ်တို့ကို လည်း ထားတော်မူသည်။ မိဘနှင့် ကွဲပြို၍ ရှိလေသော သူငယ်၊ မြေးငယ်တို့ကိုလည်း စီစစ် ပေးတော်မူသည်။ ယင်းသောခါ ကြေး၍ ယိုးဒယားမြို့ အလုံးသည် သမုဒ္ဒရာကဲ့သို့ ဖြစ်လေ ၏။

ဗိုလ်မှူး တပ်မှူး စစ်ကဲ စစ်ကွပ် အစရှိသော ရဲမက်တော် အပေါင်းတို့သည်လည်း ယိုးဒယားမြို့ကို အောင်မြင်သည် နေ့မှ စ၍ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာ အတပ်တပ် တိုက်စည်၊ တိုက်မောင်း၊ နှဲ၊ ခရာ၊ ပတ်သာ တီးမှုတ်၍ ပွဲလမ်းခံကုန်သည်။ ယိုးဒယားမြို့ရှိ ကျေးစားရွာစားတို့လည်း ဆင်ကောင်း မြင်းကောင်း သားသမီးတို့ကို လက်ဆောင်ဆက်၍ ကျွန်တော် ခံလာကုန်သည်။ ထိုသူတို့ကို သစ္စာတော် ပေးပြီးလျှင် ခေါ်ကောင်းသသူတို့ကို ခေါ်တော်မူခဲ့သည်။ သစ္စာတော်ကို စောင့်သသူတို့ကို မိမိတို့ စားမြဲသော ကျေးရွာ မြို့ပြတို့ ကိုပင် ပေးတော်မူသည်။ ယင်းသို့ ပြည်အလုံးကို စီရင်ခန့်ရန်တော်မူပြီးမှ (၉၃၁) ကိုးရာသုံးဆယ် တစ်ခု သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့[3] ဧော်ဘွားသောင်ကျည်ကို မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ယိုးဒယားမြို့ကို ပေးတော်မူ၍ မင်းပြုသည်။ ပုထိုး ဘုရား ပြိုပျက်လေသည် များကိုလည်း လုပ်စီမံမည် ဟူ၍ ငွေတစ်ရာ၊ ရွှေ ၁၃ ပိဿာ[4] ဧော်ဘွားသောင်ကျည်ကို အပ်တော်မူသည်။

ထိုသို့စဉ်တွင် လဝိုက်မင်းကလည်း လက်ဆောင် လက်နက်အများနှင့် သာသနာတော်ကို မစတော်မူပါ ဟူ၍ အမတ်တစ်ယောက်ကို လျှောက်လာရသည်။ ဆင်ဖြူများသခင် ဘဝရှင်

၁။ ၃၁ ဇူလိုင် ၁၅၆၉ [၉၃၁ ခု ဝါခေါင်လပြည့်ကျော် ငါးရက် အင်္ဂါနေ့ (၁ ဩဂုတ် ၁၅၆၉)(တွင်းသင်း-၃-၁၅၇)]
၂။ ငါးဆယ့်လေးတပ်သား (မှန်နန်း-၄၃၈)
၃။ ၂၉ စက်တင်ဘာ ၁၅၆၉ [၉၃၁ ခု သီတင်းကျွတ် လပြည့်ကျော်တစ်ရက် အင်္ဂါနေ့ (၂၅ စက်တင်ဘာ ၁၅၆၉)(တွင်းသင်း-၃-၁၅၇)]
၄။ ရွှေတပိဿာသုံးဆဲ [-ထို-]

မင်းတရားကြီးဘုရားလည်း လက်ွန်းလုံတွင် ဘုရားပုထိုး ပြိုပျက်လေသည်များကို လုပ်စီမံမည် ဟူ၍ ငွေကျပ်ငွေ ဝိသော ၃၀ လှူတော်မူသည်။

## ၃၄၉။ လင်းဇင်းသို့ ချီရန် အရေးကောင်း တိုင်ပင်ပုံ

ယင်းသို့ ယိုးဒယားမြို့အလုံးကို စီရင်ခန့်ရန်တော်မူပြီးလျှင် ညီတော် ပြည်မင်း၊ တောင်ငူမင်း၊ အဝမင်း၊ ဇော်ဘွားဇော်ကန် တပ်မှူးစစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ လင်းဇင်းမင်း ဖြစ်စေသည် ဆင် မြင်း ခိုလ်ပါလည်း များလှသည်။ အမှူးအမတ် သူရဲသူခက်လည်း များလှသည်။ ကျေးလက်၌ နေသော လူအပေါင်းတို့သည်လည်း ထိုမင်းကို ကြောက်ရွံ့ခန့်ညားကြကုန်သည်။ အရေးတစ်လွှား၌ နေသောသူ အပေါင်းတို့တွင် ထိုသူတစ်ယောက်သည် အလွန်ပေါ်ထွန်းလှသည် ဟူ၍ အမိန့်တော်ရှိသည်ကို ဗညားကျန်းထော ဟူသော အမတ် ဤသို့ နားတော်လျှောက်သည်။

"ဘုန်းတော်အလွန်ကြီးလှသော အရှင်ဘုရား…အမိန့်တော်အတိုင်း လင်းဇင်းမင်းသည် အဆိပ်ထန်သော မြွေနှင့်တူသည်။ မြွေ၏ သဘောကား အမြီး ဖြတ်ငြားသော်လည်း ခေါင်းရိုက မကိုက်သော်ကား အခင်း မရှိ။ ကိုက်မိလျှင် ကြီးစွာသော ဘေးဘယသို့ ရောက်ချေသည်။ သားတော် မဟာဥပရာဇာ၊ သတိုးမင်းစောတို့ ချီသောခါ မိုင်းစံမြို့တွင် လင်းဇင်း ခံနေသည်ကို လုပ်ကြ၍ အမှူးအမတ်တို့ သေလေသည်လည်း များလှပြီ။ ယင်းကသည် အင်းသဓောတွင် စစ်တွေ့၍ သေလေသည်လည်း များလှပြီ။ ထိုသို့ သေငြားသော်လည်း အမြီးနှင့် တူသော အမတ်တို့သာ ဖြစ်၍ အရေးတော် မပြီးချေ။ မြွေခေါင်းကို ဖြတ်သကဲ့သို့ လင်းဇင်းမင်းကို အောင်မြင်တော်မူ၍ သိမ်းယူတော်မူရသည်ဖြစ်မှ ယိုးဒယားနှင့် လင်းဇင်းသည် ပျပ်ဝပ်ကျိုးနွံ၍ ကျေးစွန်ရွာလက် ချမ်းသာမည်" ဟူ၍ နားတော်လျှောက်သည်။

ဗညားကျန်းထော လျှောက်သော စကားကို မိုးမိတ်စော်ဘွား ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ အထက်က ယိုးဒယားသို့ ချီတော်မူသောခါ ယိုးဒယားမင်းသည် ကြိုးစားအားထုတ်၍ မြို့က ခံမည် ဟူ၍ လွန်ကဲသော အစီအရင်တို့ကို စီရင်၍ ခံငြားသော်လည်း ဘုရား ဘုန်းတော်ကြီးလှသည် ဖြစ်၍ ယိုးဒယားမင်းသည် မခံနိုင်။ ဆင်ဖြူလေး လေးစီး၊ သမီးနှင့်တကွ လက်ဆောင်တော် ဆက်၍ ကျွန်တော်အဖြစ် သစ္စာတော်ကို ခံသည်။ ယင်းသို့ ခံပြီးမှ လင်းဇင်းကို အားပြုရလေသောကြောင့် သစ္စာတော်ကို မစောင့်၊ သွေဖည်ရလေသည်။ ယင်းသို့ ကျေးဇူးတော်ကို မသိ၍ သောင်းကျန်း ပုန်ကန်လေသော်လည်း နေ့လနှင့် တူသော ဘုန်းတော် လွန်ကဲသောကြောင့် မရှိုင်းမယှဉ်နိုင်။ ကျွန်တော်အဖြစ်သို့ ရောက်ပြန်ရသည်။ ယိုးဒယား အရေးမှုကား ကုန်လေပြီ။ ယိုးဒယားကို ပုန်စားစေခြင်းငှာ တိုက်တွန်းသသူ ရှိလေသေးသည်။ ထိုသူကို ရမည် အကြောင်းကို လင်းဇင်းသို့သာ ချီတော်မူပါ။ အမှုတော်ကို ကြိုးစားအားထုတ် အသက်ကို စွန့်၍ ထမ်းပါမည်။ သို့ နားတော်လျှောက်သည်။

မိုးမိတ်စော်ဘွား လျှောက်သောစကားကို မိုးညှင်းစလုံသား မိုးနဲမြို့ကို နောက် စော်ဘွား ပြုသောသူ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ ဘုန်းတော်ကြီးလှသော အရှင် မင်းတရား မိုးညှင်းကို လုပ်ကြံတော်မူ၍ ကျွန်တော်ကို ရတော်မူလျှင် မသတ်မချ သနားတော်မူ၍ မိုးနဲမြို့ကို ပေးတော်မူသည်။ ထိုသို့ ပေးတော်မူခြင်းသည် စစ်ရေးစစ်ရာကို မလိမ္မာသောကြောင့် သူကောင်းပြုတော်မူသည်လည်း မဟုတ်။ သနားတော်မူသည့် မိုးနဲသည် မြို့ဖြစ်ဆန်း မဟုတ်

ဆေး စကာရှမ်းတို့၏ ခရစ်ကြည်ညိုသည့် ၍ သို့ သည့်ကျောင်းနှုတ်တော်ကို မည်သည်ကာလတွင်မှ ရုပ်သိမ်း ကို ယွင်း၍ ဆင်စီးချင်း မြင်းစီးချင်း တိုက်၍ မဆပ်ပါရသေး။ ယခု လင်းဇင်းသို့ ချီရာတွင် အသက်ကို ပန်းထက်နှင့်မျှ မမှတ်၊ အမှုတော်ကို ထမ်းပါမည်ဟု နားတော်လျှောက်သည်။

ယင်းသောခါ ဥပရာဇာ လျှောက်သည်။ လင်းဇင်းမင်းသည် အထက်က သားတော် မဟာဥပရာဇာ သားတော် သတိုးမင်းစောတို့ ချီ၍ လုပ်ကြသောခါ အကြိမ်ကြိမ် ခံ၍ တိုက် ကြသည်။ မည်သည်တွင်မှ အောင်မြင်းကို မရ၊ မိမိ အမှုးအမတ် သူရဲသူခက် ဆုံးပါး၍ လင်းဇင်း တစ်ပြည်လုံးသည် ထိပ်ထက် ချွေးကို သောက်လဖွဲ့သို့ ကြောက်နှံ့ခြင်း ပြင်းမှာ ဖြစ်လေပြီးသည်။ ထိုသို့ ကြောက်နှံ့သော်လည်း ယိုးဒယားမင်းနှင့် အထက်က သစ္စာရှိမူသော ချီကြ မနေသာ၍ ယခု စိုးမိရသည်လည်း အနာအကျင် ပျက်စီး၍ အမှုးအမတ် ဆင် မြင်း နိုင်ပါ အများ သေကျေပျက် ရှုလေပြီးသည်။ ယခု ချီ၍ လုပ်ကြတော်မူသော်လည်း လင်းဇင်း မင်း အားအားသာရုံသာ ခံဝံ့မည်။ အရေးအရာ ရှည်မိသောင် ခံဝံ့မည် မဟုတ်။ ထောသို့ ချီ၍ နေလျှင် အလုပ်အကြံ များ၍ ရှည်ကြာမည်ကိုသာ စိုးရိမ်သည် ဟူ၍ နားတော်လျှောက် သည်။

### လင်းဇင်းသို့ ချီရန် နှိုင်းယှဉ်တော်မူပုံ

၃၅၀။ လင်းဇင်းသို့ ချီရန် ဘုရင်မင်းတရားကြီးဘုရားလည်း ဤသို့ မိန့်တော်ရှိသည်။ ညီတော် ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရားလည်း အခြေအရံ အပေါင်းနှင့် ပြည့်စုံသော ငါသို့သော မင်းစကရာဇ် သားတော်၊ မြေးတော်၊ မတ်တော်၊ အခြံအရံ အပေါင်းနှင့် ပြည့်စုံသော ငါသို့သော မင်းစကရာဇ် ချီတော်မူသည်ကို လင်းဇင်းမင်း ဖြစ်စေသည် ဦးလည်စွန်း၍ ခံဝံ့မည်လော အမိန့်တော်ရှိသည်။ ယခု ယိုးဒယားမြို့ကို ငါအောင်မြင်တော်မူလျှင် စော်ဘွားသောင်ကျည်ကို ငါပေးတော်မူသည်။ ယိုးဒယား အမတ်တို့လည်း အချို့လည်း အလို ရှိမည်။ အချို့လည်း အလို မရှိရာ။ စော်ဘွား သောင်ကျည် ဖြစ်သော အမှုးအမတ်လည်း မရှိချေသေး။ ယခု ယိုးဒယားမြို့တွင် ရှိသော အမြောက် သေနတ် မီးပြောင်း မြတနှုတ်ကိုလည်း သိမ်းယူတော်မူ၍ မရှိလေ။ လင်းဇင်းမင်း သည် ယိုးဒယားသို့ ချီ၍ လုပ်ကြသည် ရှိသော် စော်ဘွားသောင်ကျည်ကို အလို မရှိသော အမှုးအမတ်တို့သည် လင်းဇင်းမင်းနှင့် တစ်ချက်တည်း ဖြစ်လေရာသည်။ ယင်းသို့လျှင် အလုပ်အကြံ မများရချေလော။ သည်အရေးများကို ငါ မြင်တော်မူ၍ ယိုးဒယားရန်သူဖြစ်သော လင်းဇင်းသို့ ချီ၍ အလိုပြည့်သည်ဖြစ်မှ ဟံသာဝတီ နေပြည်တော်သို့ ပြန်မည် ဟူ၍ အမိန့်တော် ရှိသည်။

ထိုအမိန့်တော်ကို ဗညားဒလ ကြားလျှင် ဤသို့ နားတော်လျှောက်သည်။ ဘုန်းတော်ကြီး လှသော ဘုရင်ဘုရား အမိန့်တော်အတိုင်းကို ရှေးကပင် ကျွန်တော်တို့ ကြံမိလျက် သာဝက ဉာဏ်မျှသာ ဖြစ်သောကြောင့် စေ့စေ့ကျကျ နှလုံးချ၍ မကြံမိသည်။ ဘုန်းတော်ကြီးလှသော ဘုရင်ဘုရား ဉာဏ်တော်သည်ကား သဗ္ဗညုတဉာဏ်၏ မှင့်ရာဖြစ်သော အလောင်းဖြစ်တော် မူသောကြောင့် သို့သည်အကြံကို ကြံတော်မူမိသည်။ ရန်သူ၏ အမြစ်သဖွယ်ဖြစ်သော လင်းဇင်း မင်းကို မတူးရချေသည် ရှိသော် နောင်သဟဲ[၁]ရလျှင် အညွန့်အရွက် အခက်ပေါက်၍ အပင် ဖြစ်က မခက်ချေလော။ အညွန့်အရွက် အခက် မပေါက်ခင် ရန်မြစ်ကို တူးတော်မူသည်ဖြစ်မှ သင့်မည်။ ကျွန်တော်လည်း ရှေးအထက်က လင်းဇင်းမင်းကို တွေ့သောခါ အဝမင်း အလျှင်

၁။ အနှီးသဟဲ

တိုက်လေသောကြောင့် ဆင်စီးချင်း မတိုက်ရ ရှိလေသည်။ ယခု ချီတော်မူလျှင် လင်းဇင်းမင်း ခံနိုင်လျှင် အသက်ကို ပန်းတစ်ပွင့် မမှတ်၊ ဆင်စီးချင်းတိုက်၍ ကျေးဇူးတော်ကို ဆပ်ပါမည်ဟု နားတော်လျှောက်သည်။

ဗညားဒလ လျှောက်သော စကားကို မိုးညှင်းစော်ဘွား ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ ဘုန်းတော်ကြီးလှသော ဘဝရှင် ဘုရင်ဘုရား နောက်တော်လိုက် ခေါ်တော်မူ လျှင် အမှုတော်ကို ကြီးစား အားထုတ် ထမ်းမည် ဟူ၍ မြင်း တစ်ထောင်အနက် ငါးရာသော မြင်းကို တစ်စီး တစ်စီးလျှင် ငွေနှစ်ပိဿာ၊ သုံးပိဿာ ကုန်အောင် ရွှေကြိုး၊ ရွှေကနှင့် တကွ တန်ဆာ စီရင်ပါသည်။ အမှုတော်ကို မထမ်းပါရသေး။ ယိုးဒယားပြည်တွင် တပ်ချောင် ခံတော်မူ၍ နေရသည်။ ကျွန်တော် ဦးရီးနှင့် ကျွန်တော်သားမူကား လင်းဇင်းမင်းကို လုပ်ကြံတော်မူသောခါ နောက်တော်တွင် ပါ၍ အစွမ်းအလျောက် အမှုတော်ကို ထမ်းရလေသောကြောင့် မွဲလမ်း ရလေကုန်သည်။ ယခု လင်းဇင်းသို့ ချီရာတွင်မှ အမှုတော်(ကို) အသက်ကို စွန့်၍ ထမ်းပါမည် ဟူ၍ နားတော်လျှောက်သည်။

## ၃၅၁။ ပြောက်ခြစ်ကွဲကို ဒဂုံမြို့ ပေးတော်မူခြင်း

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ပြောက်ခြစ်ကွဲကို သေနာပတိတို့ ၏ အဆောင်အယောင်နှင့်တကွ ပိဿလောကမြို့ကို ပေးတော်မူသည် ဟူ၍ အမိန့်တော်ရှိသည်။ ထိုအမိန့်တော်ကို ကြားလျှင် ပြောက်ခြစ်ကွဲလည်း ဤသို့ နားတော်လျှောက်ပြန်သည်။ ဘုရား ကျွန်တော်သည် ပိဿလောကမြို့တွင် နေ၍ အမှုတော်ကို မထမ်းပါရပြီ။ ရွှေပေါ်းတော်အောက် တွင် နေ၍ အမှုတော်ကို ထမ်းပါတော့မည်ဟု နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ပြောက်ခြစ်ကွဲကို "ဗညား" ဟူသော အမည်နှင့် ဒဂုံမြို့ကို ပေးတော်မူသည်။ ဗညားစက် အမျှနှင့် တကွ တပ်သားဟူသရွေ့ ကိုလည်း ပေးတော်မူသည်။

## ၃၅၂။ လင်းဇင်းသို့ ချီတက်တော်မူပုံ

ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ စန္ဒာဒေဝီမိဖုရား အစရှိသော မောင်းမ မိဿံ အပေါင်းနှင့် နာဗျားသသူ၊ ခြေလက်ကုန်သသူတို့နှင့် ယိုးဒယားမြို့တွင် သိမ်းယူတော်မူသော အမြောက်ကြီး၊ မြဝတ္ထုကို တိုက်လှေကြီးများတွင် တင်ပြီးလျှင် နန္ဒကျော်ထင်၊ ဘယကျော်ထင်တို့ကို ဝန်ခန့်တော် မူ၍ အမြွေအရံ တစ်သောင်းကျော်ခန့်နှင့် ဟံသာဝတီသို့ ပို့ရလေသည်။ ယိုးဒယားမင်း ဓော် ဘွား သောင်ကျည်လည်း (၁၇) တစ်ဆယ့်ခုနစ်နှစ်ရွယ် ရှိသော သမီး "ဗြသဝန်" ကို ဆက်သည်။ ဗြသဝန်နှင့်တကွ အလုပ်အကျွေး ကိုယ်လုပ်တော် တစ်ကျိပ် ငါးယောက် လင်းဇင်းသို့ ခေါ်တော် မူ၍ သက္ကရာဇ် (၉၃၁) ကိုးရာသုံးဆယ့်တစ်ခု တန်ဆောင်မုန်းလဆန်း ၆ ရက် သောကြာနေ့[1] ယိုးဒယားက လင်းဇင်းသို့ ပိဿလောက်တိုင် ရေကြောင်း ရတနာရွှေဖောင်တော် စီး၍ ချီတော် မူသည်။

ညီတော် သားတော် မြေးတော် မတ်တော်တို့ကိုလည်း ပိဿလောက်တိုင် ကြည်းကြောင်း ချီရသည်။ ပိဿလောက်သို့ ရောက်တော်မူလျှင် သားတော် မဟာဥပရာဇာတို့ ၁၁ တပ်၊

၁။ ၁၄ အောက်တိုဘာ ၁၅၆၉ [၉၃၁ ခု တန်ဆောင်မုန်းလဆန်း ငါးရက် သောကြာနေ့ (၁၃ အောက်တိုဘာ ၁၅၆၉)(ကွင်းသင်း-၃-၁၅၂)]

၃၂။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ၁၁ တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ ၁၁ တပ်၊ ပေါင်း ၃၃ တပ်ကို လက္ခဏာကလောက်ကြောင်း ခွဲ၍ ချီရသည်။

ညီတော် တောင်ငူဘုရင် မင်းခေါင်တို့ ၁၁ တပ်၊ တူတော် သာယာဝတီ မင်းရဲကျော်ထင်တို့ ငါးတပ်၊ ဗညားကျန်းထောတို့ လေးတပ်၊ သည်တပ် ၂၀ ကို ရှေ့ချီစေ၍ ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီး နောက်တပ်မ ဖြစ်၍ ပီသလောက်ကသည် ကျောက်တောင် ဟူသော သောင်ရက်ကို ချီတော်မူသည်။ သောင်ရက် အရပ်ကို ချီတော်မူသည်။ ကျောက်တောင်ကသည် မိုင်းစံသို့ ချီတော်မူသည်။ မိုင်းစံတစ်ဖက်သို့ ရောက်တော်မူလျှင် သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ အဝမင်းတို့နှင့် သုံးလခန့် သတင်းစကား ကြားတော်မမူသည်နှင့် မိုင်းစံက တစ်ဖက် မဲခေါင်မြစ်နားတွင် တပ်ချ၍ နေတော်မူသည်။ ယင်းသောခါ တပ်မှူး စစ်ကဲ အဆေါင်းတို့ကို ခေါ်တော်မူ၍ ယခုပင် မြစ်ကို ကူး၍ မိုင်းစံမြို့ကို လုပ်ကြံတော်မူရသော်လည်း သင့်မည်လော၊ တပ်တောင်တာ တည်၍ လူနာ၊ လူဖျား၊ မစွမ်းမမာသသူတို့ကို နေစေပြီးမှ လုပ်ကြံတော်မူရသော်လည်း သင့်မည်လော ဟူ၍ နိုင်းပြင်း ခင်းကျင်းတော်မူသည်ကို မင်းမဟာ လျှောက်သည်။

ကျွန်တော်တို့နှင့် တွေ့၍ တိုက်လံလေသမျှပင် မည်သည်ကာလတွင်မျှ မရ၊ ရှုံးလေတော့သည်သာ။ ယင်းသို့ကို ယခု မိုင်းစံတွင် ရေတပ်၊ ကြည်းတပ် ဖက်၍ တင်းတင်းကျပ်ကျပ် နေသည် အရာသည် အနေထူးလှသည်။ သူတို့အရပ်လည်း ဖြစ်ချေသည်။ အကြောင်းရှိမည်။ ယင်းသို့ ဖြစ်သောကြောင့် မစုံမစမ်းဦးဘဲ အမှတ်မဲ့ လုပ်ကြံတော်မူ၍ မသင့်ချေ။ သူတို့မှာလည်း ကြည်းတပ်သာ မဟုတ်၊ ရေတပ်သားလည်း အားကြီးလှသည်။ ညီတော်၊ သားတော်တို့ လက္ခဏကလောက်သို့ ချီလေသည်လည်း ယခု မရောက်ကြသေး ဖြစ်သည်။ ကျွန်တော်တို့မှာလည်း ကြည်းတပ်သာ အားကြီးချေသည်။ လှေတပ် မရှိချေသေး ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် သစ်ဝါးခုတ်စေ၍ တိုက်လှေစီရင်မှ သင့်မည် ထင်သည် ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း မင်းမဟာ လျှောက်သော အရေးကို ကြိုက်တော်မူ၍ အတပ်တပ်သားတို့ကို ချောင်းတစ်ခုသို့ ဝင်၍ သစ်တောကို ရှာရလေသည်။ ထိုသူတို့လည်း လက်ပံတောတစ်ခုကို တွေ့လေ၍ အကြောင်းကို လျှောက်လျှင် နတ်ဖန်ဆင်းသကဲ့သို့ တပ်တိုင်း စီရင် ခန့်ရန်တော်မူပြန်၍ သစ်ခုတ်ရလေသည်။ သစ်ရောက်လျှင် လှေခွဲစေ၍ တိုက်လှေအကြီး အခင်းသုံးရာ၊ လော်ကားကြော့လှေ နှစ်ရာ နေ့ညဉ့်မသိ လုပ်ရသည်။ ပြီးလျှင် ဟင်္သပဒါးသုတ်ကောင်းသော လှေများကို သုတ်ရသည်။ ရွှေထည့်ကောင်းသော ကြော့လှေ၊ လော်ကားတို့လည်း ရွှေထည့်ရသည်။ ယင်းသို့ နတ်စီရင်သကဲ့သို့ စီရင်တော်မူ၍ ၂၁ ရက်နှင့် ပြီးလျှင် ရွှေလှေမှူးတို့ကို လော်ကားကြော့လှေတို့ကို စီးရသည်။ တိုက်လှေကြီးများကိုလည်း ကြည်းတပ်က သူရဲသူခက်နှင့် အမှူးအမတ်တို့ကို နတ်ယူတော်မူ၍ တပ်မှူးစစ်ကဲ ခန့်တော်မူသည်။

## ၃၅၃။ မိုင်းစံ၌ လှေတပ်ချင်း တိုက်ယူပုံ

ဗညားကျန်းထောကို လှေတပ်ဝန် ခန့်တော်မူသည်။ လင်းဇင်းမင်းက ခံသော လှေတပ်ကို တိုက်ရလေသည်။ ကြည်းတပ်ကလည်း မြင်း တစ်သောင်းနှစ်ထောင်[၁]ခန့်နှင့် လိုက်၍ မ

၁။ တစ်သောင်း ငါးထောင် (မှန်နန်း–၄၂၄)၊ ငါးထောင် (တွင်းသင်း(၃)–၁၆၀)

ရသည်။ လင်းဇင်းသားတို့လည်း ကြုံခါးသံမျှ ဗညားစွာ မညီသော စစ်သူကြီး ခံနင့်သည်ကို ရဲမက်တော် လှေသားအပေါင်းတို့ အကြောက်အရွံ့ မရှိ၊ ရှုပ်ရှုပ်ရွံရွံ တိုက်လျှင် မြစ်ညာက ဖြစ်သည်နှင့် လင်းဇင်းသားတို့ မခံနိုင်၍ အကုန် ပျက်လေ၏။ စစ်သူကြီး ဗညားစွာကိုလည်း သတ်လိုက်ရသည်။ လှေလည်း သုံးထောင်ကျော်ခန့် သေလေသည်။ တိုက်လှေ နှစ်ရာကျော် ခန်းနှင့် သုံ့လှေ နှစ်ထောင်ကျော် ရတော်မူသည်။ ယင်းသို့ လှေပျက်လျှင် လင်းဇင်းမင်းလည်း ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်လေ၏။

## ၃၅၄။ လှေတပ်ကို ရ၍ မိုင်းစံမြို့ကို တိုက်ယူပုံ

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း တိုက်လှေအပေါင်းတို့ကို တံတား ခွဲ၍ မြစ်ကို ကူးတော်မူသည်။ တစ်ဖက်သို့ ရောက်တော်မူလျှင် လင်းဇင်းမင်းလည်း ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်လေမှ မိုင်းစံမြို့တွင် မခံဝံ့၍ အလုံးအရင်းနှင့်တကွ တောသို့ ပြေးလေ၏။ လင်းဇင်းမင်း ပြေးလေပြီ ဟူ၍ ကြားတော်မူလျှင် မိုင်းစံသို့ ဝင်၍ နေတော်မူသည်။ တပ်မှူး၊ စစ်ကဲ အပေါင်းတို့လည်း အားရဝမ်းသာ ပတ်စည်၊ ဗောင်းခြင်း တီးမှုတ်၍ တပ်တိုင်း ပွဲလမ်းခံ ကုန်သည်။

သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ အဝမင်းတို့ လကွန်းကလောက်ကြောင်း ၃၃ တပ် ချီရာမှာ ဆင် မြင်း ဒိုလ်ပါ များသည်နှင့် အစားအသောက် ရှားပါး၍ တဖြည်းဖြည်း ချီရသည်။ လကွန်းကလောက်သို့ ရောက်လျှင် ချောင်းကြီးတစ်ခုကို တွေ့၍ ရေတိမ်သည်၊ နက်သည်ကို စမ်းစေသော် ဆင်ကျောက်ကုန်း နစ်ရုံသာ ဖြစ်သည်။ တံတားမခွဲပြီ ဟူ၍ မြစ်ကိုသာ ကူးကြသည်။ တစ်ဖက်သို့ ရောက်လျှင် လကွန်းကလောက်တွင် ခံ၍ နေသော လင်းဇင်းမင်း အမတ်သုံးရာကျော်နှင့် စစ်သည်သူရဲ ငါးသောင်းကျော်သည် မခံဝံ့၍ တောသို့ ပြေးလေ၏။ မဟာဥပရာဇာတို့လည်း လကွန်းကလောက်မြို့ကို ရတော်မူလျှင် "ဗညားပရံ" တစ်တပ်ကို အစောင့်အနေ ခန့်တော်မူခဲ့၍ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား သတင်းစကားကို သုံးလခန့် မကြားရသည်နှင့် လင်းဇင်းမင်း မည်သည့်အရပ်တွင် ခံ၍နေကြောင်း ကို မသိရသောကြောင့် လကွန်းကလောက်ကသည် မိုင်းစံသို့ စစ်မျက်နှာပြန်၍ ချီတော်မူကြ သည်။

ဗညားပရံ အကြောင်းကား– ယိုးဒယားသို့ ချီတော်မူစက အမှုက်တော်ရှိ၍ ကျေးကျွန်နှင့် တကွ တပ်သား အပေါင်းတို့ကို သိမ်းယူတော်မူသည်။ လင်းဇင်းသို့ ချီရာတွင်မှ ကျေးကျွန် တပ်သားတို့ကို ပေးအပ်တော်မူပြန်၍ သားတော် မဟာဥပရာဇာနှင့်အတူ ချီပြန်ရသည်။

## ၃၅၅။ လင်းဇင်းမင်း ပြေးရာသို့ လိုက်ပုံ

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မိုင်းစံကို အလိုတော်ပြည့်၍ ၅ ရက်ခန့် ရှိလျှင် လူနာ လူများ ခြေလက် ကုန်သသူတို့ကို မိုင်းစံမြို့တွင် နေရသည်။ ညီတော် တောင်ငူဘုရင် မင်းခေါင်ကိုလည်း ရဲမက်တော် ငါးသောင်း[၁]ခန့်နှင့် အစောင့်အနေ ခန့်တော်မူ ခဲ့၍ တပ်မတော်နှင့်တကွ တပ် ၂၀၊ လင်းဇင်းမင်း ပြေးလေရာသို့ လိုက်တော်မူသည်။ မိုင်းစံက ချီတော်မူ၍ သုံးစခန်းတွင် အင်းကြီးတစ်ခုကို တွေ့တော်မူသည်။ ထိုအခါ ဇင်းမယ်အမတ်

၁။ နှစ်သောင်း [တွင်းသင်း(၃)–၁၆၀]

ဗညားသေဉ်လုံ ဤသို့ နားတော်လျှောက်သည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရားလည်း ကျွန်တော်ကို လင်းခင်းမြို့တွင် အသိအမြင် ဟူ၍ ထားတော်မူသည်။ အဆောင်အရွက် သနားတော်မူရာတွင် ကြေးနီ အဆောင်အရွက်ကို ထား၍ ထိုမှတစ်ပါး ကြီးသော အဆောင်အယောင် အခမ်းအနားကို သနားတော်မူသည်။ ထိုသို့သော ကျေးဇူးတော်ကိုလည်း မည်သည့်ကာလတွင် ၅၂ တစ်ခုတစ်ခုသော အမှုတော်ကို ထမ်း၍ မဆပ်ပါရသေး။ ယခု ရန်သူတော်ကို တွေ့လျှင် အသက်ကို စွန့်၍ ဆင်စီးချင်း တိုက်ရမှ ကျေးဇူးတော်ကို ဆပ်ရသည် မည်ရာသည်။ ယခုလည်း ရန်သူတော် ဖြစ်သော လင်းခင်းမင်းသည် နေ့လနှင့် တူသော အရှင်ဘုန်းတော်ကြီးမြတ်လှသော ကြောင့် အတိုက်အခံ မခံဝံ့၍ တောသို့ ပြေးလေသည်။ သို့ရာတွင်မူကား လင်းခင်းမင်းသည် ပရိယာယ်ဝေဝစ် များလှသည်။ ဤအင်းတွင် သူရဲသူခက် ထားမြဲ ဖြစ်သည်။ ဘုန်းကြီးသည် အရှင် ဘုန်းလွှမ်းကဲသောကြောင့် မတိုက်ပါဝံ့သေးသည်။ ဘုန်းကြီးသည်အရှင် ပြန်တော်မူသော အခါ အရေးအလျော့ ကြီး၍ တိုက်မည် မချွတ်ဟု နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ဗညားသေဉ်လုံ လျှောက်သော စကားကို ကြားတော်မူလျှင် ထိုအရပ်၌ တပ်ချတော်မူ၍ လှေကိုရှာစေသော် မရသောကြောင့် ဖောင်ပန်းအများ ဖွဲ့စေ၍ အမြောက် သေနတ် တင်စေပြီးလျှင် အင်းသို့ ဝင်၍ အကွဲကွဲ ရှာရလေသည်။ အင်းအလယ်တွင် ကျွန်းတစ်ခု၌ ယောကျ်ား မိန်းမ အကြီးအငယ် သုံးရာ[၁]ခန့် ရ၍ ဆက်သည်။ ယင်းသို့မှ ထိုအင်းကို ရှာ၍ ချီတော်မူသည်။ လေးစခန်း ရောက်တော်မူလျှင် သားတော် မဟာဥပရာဇာတို့ ချီလာသည်နှင့် တွေ့တော်မူ၍ လင်းခင်းမင်းလည်း မိုင်းစိက သားတော် မဟာဥပရာဇာတို့ ချောင်း၍တိုက်မည် တောက ပုန်း၍ နေသည်။ သားတော်သည် ခရီးတစ်ကြောင်း သွားလေ၍ ပြေးလေသည်။ မဟာဥပရာဇာတို့ ချီလာကြောင်းကို သိလျှင် တောသို့ဝင်၍ ပြေးလေသည်။ မဟာဥပရာဇာတို့ မူကား ချောင်းနားခရီးကို ချီတော်မူကြသောကြောင့် တောပြေး၍ လင်းခင်းမင်းကို မတွေ့ လိုက်ချေ။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော် အပေါင်း အရောက်ညီကြ လျှင် တပ်ပေါင်း ၅၂ တပ်သားနှင့်တကွ မြေပြင်ပြည့်မျှ လင်းခင်းမင်း ပြေးရာသို့ လိုက်တော် မူသည်။ လင်းခင်းမင်းလည်း အလုံးအရင်းနှင့်တကွ တောအုံ တောင်ကမ်းကို တက်သက်၍ မြမိုးကျယ်သည်အတိုင်း ပြေးလေ၏။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စခန်းချက်မှာပြန်၍ လိုက်တော်မူသည်။ ခရီးပြင်းလှချေသည်နှင့် ရိက္ခာ ရှာပြည်တွေ့သောကြောင့် မျိုးရိက္ခာရ၍ စားရသည်။ ရိက္ခာကား တောသာဖြစ်၍ မျိုးရိက္ခာ မရသောကြောင့် ရဲမက်တော် အပေါင်းတို့ ငတ်မွတ် ရှားပါး၍ ပင်ပန်းညှိုးနွမ်းချေသည်။ ယင်းသို့ အပင်အပန်းခံ၍ လိုက်တော် မူသည်။ လင်းခင်းမင်း ပြေးသောသည့် အရပ်ကို မသိသောကြောင့် မတွေ့ရချေ။ ရည်လတ်သော် ဆင် မြင်း ခိုလ်ပါ များနာ ငတ်မွတ်၍ လျော့ပါး ယိုယွင်းချေသည်။

## ၃၅၆။ လင်းခင်းမင်း အားတက်၍ ခုခံလာခြင်း

"ကမောင်[၂]"ဟူသော အရပ်သို့ ရောက်တော်မူလျှင် စစ်သည်တစ်ယောက်သည် မျိုးနေ ရိက္ခာ ရှာမည် ဟူ၍ သွားလေသည်ကို လင်းခင်းမင်း စစ်သည်တို့ တွေ့လျှင် ဖမ်း၍ လင်းခင်း မင်းကို ဆက်လေသည်။ ထိုသူကို မေးစစ်သော် ရဲမက်တော် အလုံးတို့သည် မျိုးနေရိက္ခာ ဆွန့်ရှား

၁။ သုံးထောင်ခန့် (မှန်နန်း-၄၂၆)၊ သုံးထောင်ကျော် [တွင်းသင်း(၃)-၁၆၀] ၂။ "ခပေါင်း" (မှန်နန်း-၄၂၇)၊ "ကပေါက်" [တွင်းသင်း(၃)-၁၆၁]

သည်နှင့် နာများ ဝေါ်မွတ်၍ အများ ဖိတ်ခေါ် ယှဉ်ပြိုင်ရေသည် ဟူ၍ လျှောက်လေ၏။ 
လင်းဇင်းမင်းလည်း ဝမ်းမြောက်ဝမ်းသာ လက်ရုံးလက်မောင်းကို တန်း၍ ဤသို့ ဆိုလေ၏။
ငါ့အရပ်သို့ မင်းတရားကြီး ရောက်လာသည်ကို ငါ့အလျှင် ဆီးကြို၍ မတိုက်ဘဲ နေခြင်းသည်ကား
ကြောက်ရွံ့၍ နေသည် မဟုတ်။ အရေးကို မြော်တင်းလျက် ပင်ပန်း နာများ၍ မြေလက်ကုန်မှ
ငါ တိုက်တော်မူမည် ဟူ၍ ဆိုပြီးလျှင် "ကဆောင်" ဟူသော အရပ်နှင့် ငါးတိုင်ခန့်သော အရပ်
တွင် အခိုင်အလုံ သစ်တပ် တည်၍၊ ကျုံးမြောင်းလည်း တူး၍ ဆင်လုံ၊ မြင်းရင်း တိုက်ဆင်
လေးရာ၊ စစ်သည်သူရဲ ရှစ်သောင်းခန့်နှင့် ခံ၍ နေ၏။

## ၃၅၇။ လင်းဇင်းမင်း နေလာသော တပ်သို့ ရောက်လျှင် တိုက်မည် ပြုရာတွင် အရေးလျှောက်ဆိုကြပုံ

ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဘုရားလည်း တောအရပ်တစ်ခုတွင် လင်းဇင်းမင်း ခံ၍နေသည် အကြောင်းကို ကြားတော်မူလျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ယခုပင် ငါ ချီတော်မူမည်။ တပ်မှူး စစ်ကဲ အပေါင်းတို့ ယခုပင် ထွက်လေ ဟု အမိန့်တော်ရှိသည်။ ယင်းသောခါ ရဲမက်တော် အပေါင်းတို့သည် မျိုးနေရိက္ခာ ကုန်၍ တော၌ စားကောင်းသော သစ်သီးသစ်မှုန့်တို့ကိုသာ စားရချေသည်။ နောက်လျှင် စားကောင်းသော သစ်သီး သစ်ရွက် မရသောကြောင့် တချို့ကား သုံးရက်၊ လေးရက် ထမင်းမစားရ ပန်းပြားပင်၊ ဖောင်းပင်တို့ကို ယူ၍ စားကုန်လျက် အရှင်အမှုတော်ကို ထမ်းကုန်သည်။

ယင်းသို့ ရဲမက်တော် အပေါင်းတို့သည် ဝေါ်မွတ်လျက်ပင် ချီတော်မူ၍ လင်းဇင်းမင်း နေသည်နှင့် တစ်တိုင်ကျော်ခန့် အရပ်သို့ ရောက်တော်မူလျှင် အတပ်တပ်တွင် ပါသော တိုက်ဆင် အပေါင်းတို့ကို အနီးချည်း သုတ်စေ၍ စစ်မျက်နှာကျင်းလျက် အသင့် နေကုန်သည်။ ယင်းသောခါ ညီတော်၊ သားတော် အပေါင်းတို့ကို ဤသို့ အမိန့်တော် ရှိသည်။ အစ်ကိုတို့သည် လူပျို လူရွယ် ဖြစ်သောကြောင့် ရှေ့သို့ ပွဲလမ်းတွေ့မည် များသေးသည်။ ငါမူကား အသက်အရွယ် ကြီးတော်မူပြီ။ ယခုအခါ၌သာ ငါ့ပွဲဖြစ်တော့သည်။ ယင်းသို့ ဖြစ်သောကြောင့် လင်းဇင်းမင်း ကို ငါ ဆင်စီးချင်း တိုက်တော်မူမည် ဟူ၍ အမိန့်တော် ရှိသည်။

ထိုအမိန့်တော်ကို ညီတော်၊ သားတော်တို့ ကြားလျှင် ဤသို့ နားတော်လျှောက်ကုန်သည်။ ဘုန်းကြီးလှသော ဘုရင်ဘုရား၊ ကျွန်တော်တို့ ရှိလျက် သူနှင့် ဆင်ချင်း ယှဉ်၍ တိုက်တော်မူ မည် အမိန့်တော် ရှိရာမှာ ကျွန်တော်တို့ မျက်နှာထားစရာ မရှိပြီ။ သည်အရာသည် ဘုန်းတော် ကြီးလှသော ဘုရင်ဘုရား အရာတော် မဟုတ်၊ ကျွန်တော်တို့ အရေးသာ ဖြစ်သည် ဟူ၍ နားတော်လျှောက်ကုန်သည်။ ယင်းသို့မှ ညီတော်၊ သားတော် အစရှိသော တပ်မှူး၊ စစ်ကဲ အပေါင်းတို့သည် လင်းဇင်းမင်းကို ဆင်စီးချင်း တိုက်ရအောင် အားသန်လျက် ရှိနေကုန်၏။

ထိုအခါ ဗညားဒလသည် ပြည်ဘုရင်တပ်သို့ ဆင်စီး၍ သွားသည်။ ရောက်လျှင် ဤသို့ လျှောက်သည်။ ယခု ရဲမက်တော် အပေါင်းတို့သည် ထမင်းမစားရသည် သုံးရက်၊ လေးရက် ရှိ၍ မိမိတို့ လက်နက်ကိုမျှ မစွဲကိုင်နိုင် ရှိသည်။ အချို့သော ရဲမက်တော်တို့လည်း ဝေါ်မွတ် ပင်ပန်းလှသောကြောင့် မီအောင် မလိုက်နိုင်၍ မရောက်ကြသေး ရှိသည်။ သို့ကို အလျှင် တိုက် တော်မူမည် ယခု စီရင်တော်မူသည်၊ သင့်မည် မထင် ဟူ၍ နားတော်လျှောက်သည်။ ဗညားဒလ

လျှောက်သောစကားကို ပြည်ဘုရင် သတိုးဓမ္မရာဇာ ကြားလျှင် ဤသို့ မိန့်တော်မူသည်။ ဗညား ဒလ ဆိုသော စကားသည် အမှန်ဖြစ်တော့သည်။ သူ့မှာ မစားရသည်ကို ထား၍ ငါမှ စားတော် မခေါ်ရသည် တစ်နပ် ရှိပြီ၊ ထမင်း ငတ်သောကြောင့် စားတော်ချက်တို့ကို ငွေ ၁၀[၁] ပေး၍ ဆန်ဝယ်စေရသည်။ ဆန်တစ်စလယ်ကို ငွေတစ်ဆယ်[၁] ပေး၍ မရသောကြောင့် စားတော်ချက် တို့ကို ငါ အပြစ်တော်တင်သည်။ ဆန်မရှိကြောင်းကို ယမန်နေ့က နင် ငါ့ကို မလျှောက်၊ မရှိ ကြောင်းကို သိတာပြီးကား- မဟာဥပရာဇာ၊ ညီတော် အဝမင်းတို့မှာ စေ၍ မတောင်းရလော။ ယခု ငါ ဆင်စီးချင်း တိုက်တော်မူမည် ဖြစ်မှ ထမင်းမစားရ ရှိသည် ဟူ၍ စားတော်ချက်ကို ကွပ်မျက်တော်မူသည်။ ငါတို့မှ ထမင်းမစားရ ရှိသည်။ ဆင်းရဲသားတို့မှာသော်ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း ဟူ၍ မိန့်တော်မူပြီးလျှင် တရင်သိန္ဒိ ဟူသော အမတ်တစ်ယောက်ကို ဗညားဒလနှင့် အတူ ထည့်လိုက်၍ ဘဝရှင်ဘုရား တပ်တော်သို့ သွားလေသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလ လာသည်ကို မြင်တော် မူလျှင် အပါးတော်သို့ ခေါ်တော်မူ၍ ယခု ငါတိုက်တော်မူမည်ကို ပသို့ ထင်သနည်း ဟူ၍ မေးတော်မူသည်။ ဗညားဒလလည်း သုံးကြိမ် ဦးချ၍ ဤသို့ နားတော်လျှောက်သည်။ လင်းဇင်း မင်း ဤအရပ်၌ တပ်တောင်တာ တည်၍ နေခြင်းသည်ကား အကြောင်းသုံးပါးနှင့် ပြည့်စုံလေ သည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား ဤအရပ်၌ နေတော်မူခြင်းသည်ကား တစ်ပါး သော (အ)ကြောင်းကိုမျှ ကျွန်တော် မမြင် ဟူ၍ နားတော်လျှောက်သည်ကို လင်းဇင်းမင်း နေခြင်း၌ အကြောင်းသုံးပါး ဟူသည် အဘယ်နည်း ဟူ၍ မေးတော်မူသည်။ ဗညားဒလလည်း ဤသို့ နားတော်လျှောက်ပြန်သည်။ လင်းဇင်းမင်း သည်အရပ်၌ တပ်ခိုင်တပ်လုံ နေခြင်းသည် ကား ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားကြီး ချီတော်မူစက ရဲမက်တော် အပေါင်းတို့သည် ကောင်းကင်၌ ပြည့်သော ဆီးနှင်းပေါက်ကဲ့သို့ အလွန်များလှသည်။ ဆီးနှင်းပေါက်ကို နေရောင် ကြောက်သည် ရှိသော် လင်းပျောက်သကဲ့သို့[၂] ဆင် မြင်း ဗိုလ်ပါ ယွင်းယိုလေပြီးသည် ဟူ၍ အမှတ်ရှိရလေသည်။ သည်လည်း အကြောင်းတစ်ပါး ဖြစ်သည်။ လင်းဇင်းမင်းသည် သူ့မြို့ သူ့ရွာ ဖြစ်လေသောကြောင့် မျိုးစေ့ရိက္ခာ များစွာ သိုမှီးရလေသည်လည်း အကြောင်းတစ်ပါး ဖြစ်သည်။ တို့ရွာတို့ပြည်ကို နှမ်းနှယ်သကဲ့သို့ အကြိမ်ကြိမ် တိုက်လံဖျက်ဆီးလေသည် များပြီ။ ယခု ငတ်မွတ် ဖျားနာ ရှိသည်အခိုက် အသက်ကို စွန့်၍ တိုက်တော့မည်ဟု အားသန်လျက် နေသည်လည်း အကြောင်းတစ်ပါး ဖြစ်သည်။ ဤသို့ အကြောင်းသုံးပါးနှင့် ပြည့်စုံလေသည်။

ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား နေတော်မူခြင်း၌ အကြောင်းတစ်ပါးမျှ မထင် လျှောက်ရာမှာ တိုင်းကြီးပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့၏ အရှင်ဖြစ်တော်မူသည်။ လင်းဇင်းမင်းနှင့် ဆင်တိုက်ဖက်ပြုတော်မူမည် အမိန့်တော်ရှိရာမှာ လင်းဇင်း ရှုံး၍ အသက် သေသော်လည်း သေသင့်လေသည်။ ပြည်တောင်ဘက်ချင်း မင်းတို့ ကြားလေသော်လည်း လင်းဇင်းမင်း တန်ခိုးကို ပုံသကဲ့သို့ ရှိရာသည်။ ထိုအကြောင်းများကို မြင်၍ ရှိခိုး နားတော် လျှောက်သည်။ ယခုလည်း မိုးချုပ်လေပြီ။ ယနေ့ သည်တွင် တပ်ချတော်မူ၍ မိုးသောက်မှ စစ်အင်ကိုကြည့်၍ လုပ်ကြံရမှ သင့်မည် ထင်သည်ဟု နားတော်လျှောက်သည်။

ညီတော် သတိုးဓမ္မရာဇာလည်း ဆင်မ စီး၍ တပ်တော်သို့ လာသည်။ ရောက်လျှင်

---

၁။ ငွေ ငါးဆယ် [မှန်နန်း--၄၂၈၊ တွင်းသင်း(၃)-၁၆၂]    ၂။ နေရောင် ရောက်သည်ရှိသော် လွင့်ပျောက်သကဲ့သို့ (မှန်နန်း--၄၂၉)

ဤသို့ နားတော်လျှောက်သည်။ လင်းဇင်းမင်း သည်အရပ်တွင် မိုးသောက်အောင် နေလျှင် ရအောင် ဖမ်း၍ ကျွန်တော် ဆက်ပါမည် ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော် ပြည်ဘုရင်နှင့် ဗညားဒလ လျှောက်သော အရေးကို ကြိုက်တော်မူ၍ ထိုနေ့ တပ်ချနေတော်မူသည်။

တပ်ချသည်ကို သားတော် မဟာဥပရာဇာ မြင်လျှင် ဆင်မနှင့် လာ၍ ဤသို့ နားတော် လျှောက်ပြန်သည်။ လင်းဇင်းမင်းကို ယနေ့ တိုက်ရမှ တော်မည်၊ မိုးသောက်မှ တိုက်မည် အကြံတော်ရှိလျှင် ညဉ့်ကို ပြေးလေတော့မည် ဟူ၍ လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လင်းဇင်းမင်း ပြေးလေသည်ကို ဖောင် အလိုမရှိလော ဟူ၍ အမိန့်တော် ရှိသည်။

မဟာဥပရာဇာလည်း အမှူးအမတ်တို့ကို အလျောက် ဤသို့ အမိန့်တော်ရှိသည်။ ရှင်ဘုရင် စိတ်တော်နှင့် ငါ့စိတ်တော် မတူ။ ယိုးဒယားသို့ ချီစက ရောက်လျှင် မြို့ကို ရှုပ်ရှုပ်ရွံရွံ တိုက်ရ သည် ရှိသော် အလျင်အောင်မြင်၍ လူသူ အသေအပျောက် အယွင်းအယို နည်းလိမ့်မည်ပင် ထင်သည်။ ယင်းသို့ မလုပ်မကြံရ၊ မြေတောင်ကိုသာ အားပြုသောကြောင့် အလုပ်အကြံ ရှည် ကြာ၍ ဆင် မြင်း ဗိုလ်ပါ အယွင်းအယို များလှလေသည်။ ယခုလည်း လင်းဇင်းမင်း ဤအရပ်သို့ ရောက်လျှင် လင်းဇင်းမင်းကို ဘယ်နံခါ တွေ့ပါရမည် ဟူ၍ ဆုတောင်းပတ္ထနာ ပြုသည်။ ယခု တွေ့လျှင် တိုက်ပါရမည်ကို မတိုက်ဘဲ တပ်ချ၍ နေတော်မူပြန်သည်။ လင်းဇင်းမင်း ပြေးပြန် လေသော် ရအောင် လိုက်လေ ဟူ၍ တပ်မှူး စစ်ကဲ သူရဲ သူခက်တို့ကို အပန်းရှာတော့မည် မချွတ်ပြီ ဟူ၍ မသက်မသာ စကားကို မိန့်တော်မူသည်။

ယင်းသောခါ တပ်မတော်တွင် လက်ရွေးရှမ်းတစ်ယောက်သည် သုံးရက်တိုင် ထမင်းမစား ရသောကြောင့် သက်ငယ်ချောင်းကို နုတ်၍ စားသည်ကို မြင်တော်မူ၍ မေးတော်မူသော် သုံးရက် တိုင်တိုင် ထမင်းမစားရသောကြောင့် သက်ငယ်ချောင်းကို စားသည် ဟူ၍ နားတော်လျှောက် သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း တိုက်နိုင်၌ ရှိသော ထမင်းခြောက် မုန့်ကို ယူစေ၍ ဝင်းတော် လေးမျက်နှာသားနှင့် မှူးတော် မတ်တော် အပေါင်းတို့ကို အစုအနံ့ ဝေတော်မူသည်။ ဆင်စာ၊ မြင်းစာတို့ကိုလည်း ဝအောင် ရှာ၍ ကျွေးရသည်။

## ၃၅၈။ လင်းဇင်းမင်းကို ဗညားသော် လျှောက်၍ တပ်မှ ပြေးထွက်ပုံ

လင်းဇင်းမင်းလည်း ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားသည် တပ်ချ၍ နေတော်မူသော အဖြစ်ကို သိသောကြောင့် မိုးသောက်လျှင် တိုက်မည် အစီအရင်ကို ကြံ၍ဝါး သံပ၍ နေလေ၏။ ထိုအခါ ဗညားသော် ဟူသော အမတ်သည် သူ့အရှင် လင်းဇင်းမင်းကို ဤသို့ လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူလာသည် စစ်သည်အပေါင်းကား **တစ်သန်း**[1]၊ တိုက်ဆင်အပေါင်းကား **ရှစ်ထောင်ခုနစ်ရာ**[2]၊ မြင်းအပေါင်း ကား **ငါးသောင်းခုနစ်ထောင်**[3] ပါသည်ကို ကျွန်တော်တို့မှာ တိုက်ဆင် ၅၀၀[4]၊ ဗိုလ်ရှစ်သောင်း ခန့်သာ။ သူ့ကို ရန်ပြုချေသော် ကျွန်တော်တို့က တစ်ယောက် အသေခံ၊ သူတို့က တစ်ကျိပ်

၁။ ငါးသိန်း ငါးသောင်း (မှန်နန်း–၄၃၀) ၂။ ငါးထောင်သုံးရာ(မှန်နန်း–၄၃၀)၊ တထောင်ခုနစ်ရာ(တွင်းသင်း(၃)–၁၆၃) ၃။ ငါးသောင်း သုံးထောင် (မှန်နန်း–၄၃၀) ၄။ လေးရာ (–ထို–)

မအောင်နိုင်ရာ။ အကြောင်းမှာလည်း သူက တပ်မှူးစစ်ကဲအပေါင်းတို့ သေသော်လည်း သူ့ကို မအောင်နိုင်ရာ။ သူ့ကို တိုက်တော်မူမည် ဟူ၍ စီရင်တော်သည် အသက်အသေခံ၍ တိုက်မည်သူချည်း ဖြစ်သည်။ သူ့ကို တိုက်တော်မူမည် ဟူ၍ စီရင်တော် မူသည် အရာသည် မသင့်ချေ ဟူ၍ လျှောက်လေ၏။ ဗညားသေဉ် လျှောက်သော စကားကို လင်းခင်းမင်း ကြားလျှင် ဤသို့ မိန့်တော်မူသည်။ ဆင်ဖြူများရှင်မင်းတရားကြီး စစ်သည် သူရဲကား ချီလာစက များသည် မှန်၏။ နာမျှား ဝတ်မွတ်၍ ယွင်းယိုသည်လည်း များလှလေပြီ။ ယခု ချေလက်ကုန်၍ ဝတ်မွတ်ပင်ပန်းသည် အခိုက်တွင် တိုက်ရသည် ဖြစ်မှ အောင်မည်ဟု မိန့်တော်မူသည်။ ထိုစကားကို ဗညားသေဉ် ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ သူတို့ကို ဝတ်မွတ် ဖျားနာသည် ဟူ၍ အမိန့်တော်ရှိရာမှာ သူတို့က ဆင်စီးသူရဲအပေါင်းတို့သည် ထမင်းမစားရဘဲ ရှိရာသလော။ ငါတို့သခင်မင်းသည် သူ့စကားကို ယုံလွယ်ချေသောကြောင့် ရေးသောအခါ မဟာဥပရာဇာတို့ ချီလာ၍ နောင်ဟံသို့ ရောက်လာရာတွင် ဗညားနန်း စကားကို ယုံကြည်၍ ခံချေသောကြောင့် ဗညားနန်းလည်း ဆုံး၊ သေဉ်လှဲရာဇဝတ်လည်း ဆုံး၊ ငါတို့သခင် လည်း ပင်ပန်းချေသည်။ ထိုမှတစ်ပါးလည်း ပိဿလောက်တွင် ဆင်ဖြူများသခင် အမတ်ဗညား သုံးပါး ခံ၍နေသည်ကို ယိုးဒယားမင်းနှင့် တို့သခင် ကေရာဇ်နှစ်ပါးအားနှင့် သွား၍ လုပ်ကြ ချေသည်။ အမတ် သုံးပါးကိုမျှ မနိုင်ချေ။ အလွန် ပင်ပန်းကြချေသည်။ ယိုးဒယားအမတ် "ညီယားရုံ" စကားကို ယုံကြည်တော်မူချေသောကြောင့် အင်သကောတွင် ဆင် မြင်း ဗိုလ်ပါ အများ ဆုံးရှုံးချေသည်။

ယခုလည်း ဖမ်း၍ရသော သူ့ကျွန်စကားကို နာ၍ သူ့ကို တိုက်မည် အကြံတော် ရှိသည်။ စိတ်တော်က ရှိသည်အတိုင်း ဖြစ်နိုင်သော် ကောင်း၏။ မဖြစ်သည် ရှိသော် အရေးတော် မခက်ချေပြီလော။ ယင်းသို့ဖြစ်သောကြောင့် ကျွန်တော်တို့ အရပ်လည်း မြေမိုးကျယ်သည်၊ အခိုက်အတန့်ကို ရှောင်လွှဲ၍ နေတော်မူသည် ရှိသော် ကျွန်တော်တို့ မြို့ကို ဖျာမှု၍ လိပ်ယူနိုင် မည်လော၊ သူပြန်လေက ကြံကြိုက်ရာ မကြံရလော။ ရေးမင်းတကာတို့သည်လည်း ရန်သူ ရောက်လာသောအခါ ဥပါယ်လေးပါးနှင့် ကြံကုန်သည် ဟူ၍ လျှောက်သည်။ လင်းခင်းမင်း လည်း ထိုစကားကို ကြားလျှင် ခံ၍ တိုက်သော်လည်း မအောင်နိုင်ရာ အယူရှိ၍ ထိုညဉ့်တွင်ပင် တပ်က ထွက်၍ ပြေးလေ၏။

## ၃၁၉။ လင်းခင်းမင်း ပြေးရာသို့ မလိုက်ဘဲ ပြန်လည်တော်မူသည့် အကြောင်း

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လင်းခင်းမင်း ပြေးလေသည် အကြောင်းကို ကြားတော်မူလျှင် လင်းခင်းမင်းတပ်တွင် ရှိသော စပါး ဆန်ရေ စားကောင်း သောက်ဖွယ်တို့ကို ရဲမက်တော်အပေါင်းတို့အား ဝေတော်မူ၍ ဝပြောစွာ ဖြစ်ကုန်သည်။ ယင်း သို့မှ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ လင်းခင်းမင်း ဖြစ်စစ်သည် ခံ၍ တိုက်မည် အဟန်နှင့် ခံ၍ကား မတိုက်၊ ထွက်၍ ပြေးလေသည်ကို အဘယ် သို့ ထင်သနည်း ဟူ၍ မေးတော်မူသည်။ ယင်းသောအခါ မဟာဥပရာဇာ လျှောက်သည်ကား လင်းခင်းမင်းကို ညဉ့်က စစ်ဦးဘီလူးပါ တိုက်ရသည်ရှိသော် ဆင် မြင်း ဗိုလ်ပါနှင့်တကွ သိမ်း ယူတော်မူရလိမ့်မည်ကို မိုးသောက်မှ တိုက်သင့်သည် ဟူ၍ လျှောက်ကြသောကြောင့် တပ်ချ၍ နေပြန်ရာတွင် လင်းခင်းမင်း ပြေးထွက်ရလေသည်။ ယခုမှကို လိုက်သော်လည်း တွေ့နိုင်ရာ

မည် မဟုတ်ပြီ။ ယခုလည်း မိုးလေကျတော့မည် ရှိပြီ။ ဆင် မြင်း ဗိုလ်ပါလည်း ညှိုးရသည်။ သည်တစ်ကြိမ်ကို ပြန်တော်မူ၍ ဆင် မြင်း ဗိုလ်ပါကို ပြည့်တင်းတော်မူ၍ ရှေ့မိုးစဲလင်းမှ ပြန်ကိုမှ ချီတော်မူလျှင် လင်းဇင်းမင်းကို ရတော်မူမည် ဟူ၍ နားတော်လျှောက်သည်။

မဟာဥပရာဇာ လျှောက်သော စကားကို ပြည်ဘုရင် သတိုးဓမ္မရာဇာ ကြားတော်မူလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ လင်းဇင်းမင်းသည် ကျွန်တော်တို့နှင့် တွေ့သမျှပင် မည်သည့်ကာလတွင်မှ မပျက်စီး ဟူ၍ မရှိ၊ ပျက်စီး၍ ဆင် မြင်း ဗိုလ်ပါ ဆုံးရှုံး ယိုယွင်းသည် လည်း များလှလေပြီ။ သို့သောကြောင့် ဆင် မြင်း ယုတ်၍ မတိုက်ဘဲ၊ တောသို့ တောင်ကမ်း ကျယ်သည့်အတိုင်း ရှောင်လွှဲ ပုန်းကွယ်၍ နေတော့မည် အကြံရှိ၍ ပြေးလေသည်။ သည် တစ်ကြိမ်ကို ပြန်တော်မူ၍ လင်းဇင်းမင်း မြို့သို့ အရှုံးအနေကို မျှော်၍ တိုက်လံရသည် ဖြစ်မှ ရတော်မူမည် ဟူ၍ လျှောက်လျှင်၊ ဆင်ဖြူရှင်သခင် ဘုရင့်နောင်ဘုရားကြီး ဘုရားလည်း ဆင် မြင်း ဗိုလ်ပါ ညှိုးနွမ်းသည်နှင့် **တန်ခူးလ**[1] ပြန်တော်မူသည်။ မိုင်းစံသို့ ရောက်တော်မူလျှင် ဗညားပရံလည်း နာ၍ လွန်လေသည်။ ကောင်းမှုနှံစွာ အဆောင်အယောင် ကျင်းပ၍ သင်္ဂြိုဟ် တော်မူပြီးလျှင် အထက်က ဗညားလောကို အမျက်ထွက်၍ တပ်သားတို့ကို ရုပ်သိမ်းတော် မူသည်။ အမျက်တော် ပြေ၍ ပေးမြဲသော အဆောင်အယောင်နှင့် တကွ တပ်သားများကို ပေးတော်မူပြန်သည်။ ဗညားပရံ သားကိုလည်း ဗညားစက် ဟူသော အမည်နှင့် အဖ တပ်သား ကို ပေးတော်မူပြန်သည်။ ယင်းသို့မှ မိုင်းစံက ပြန်၍ **နယုန်လ**[2] ပိဿလောက်သို့ ရောက်တော်မူ သည်။ ပိဿလောက်မြို့တွင် ငါးရက် နေတော်မူ၍ ယိုးဒယား ကျေးလက် မြို့ရွာ အပေါင်းတို့ ကို စီရင်ခန့်ရန်တော်မူ၍ **နယုန်လဆန်း ၇ ရက်နေ့**[3] ပိဿလောက်က ပြန်တော်မူသည်။ ဝန်မြို့သို့ ရောက်တော်မူလျှင် ဘီလူးတို့ လုပ်သော ဆံတော်ဘုရားမြတ်စွာတွင် ဓမ္မတာဝန် ရွှေကျောင်း၊ ကျောင်းရံနှစ်ဆယ်နှင့်တကွ ဆောက်စေ အမိန့်တော်ရှိ၍ ပြန်တော်မူသည်။

သက္ကရာဇ် (၉၃၂) ကိုးရာသုံးဆယ့်နှစ်ခု ဝါဆိုလဆန်း ဆယ်ရက်[4] စနေနေ့ ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။ **ဝါခေါင်လဆန်း ၅ ရက်**[5] ဗုဒ္ဓဟူးနေ့ **ကသည်းစော်ဘွား ဟုံ*** က သမီးငယ်ကို သားကို စေ၍ ခြေရင်းတော်သို့ လက်ဆောင်တော် အများနှင့် ဆက်လာ ရသည်။

### ၃၆၀။ ကုသိုလ်တော်များ ပြုစုတော်မူပုံ

ယိုးဒယားသို့ ချီတော်မူသည်နောက် နန်းတော်ကို ဖျက်၍ ထားသော သစ်တို့ကို သပိတ် တော် ရွှေဘုရား ထားစရာ ရွှေဇရပ် ဆောက်စေ၍ မြေကို မြင့်အောင် ဖို့ရသည်။

(၉၃၂) ခု ဝါခေါင်းလပြည့်ကျော် ၉ ရက်[6] တနင်္လာနေ့ ကိုယ်လေးတော် ငွေသုံးဆယ် ငါးပိဿာ ၃ ကျပ်ကို ကောင်းမှုတော် မဟာစေတီမှာ ရွှေမပြည့်ကို ထည့်စရာရွှေအိုး လှူတော် မူသည်။

**သီတင်းကျွတ်လပြည့်ကျော် နှစ်ရက်**[7] ဗုဒ္ဓဟူးနေ့ ရွှေမော်ဓောဘုရား ပြုသည်ကို လုပ်စ ပြုသည်။ ယင်းသည်နေ့ပင် ကျိုက်ကို မြတ်စွာဘုရား ပြုသည်ကို ဌာပနာတော်မူသည်။

၁။ ၁၅၇၀ မတ်လ ၂။ ၁၅၇၀ မေလ ၃။ ၁၀ မေ ၁၅၇၀ ၄။ ၁၁ ဇွန် ၁၅၇၀ ၅။ ၆ ဇူလိုင် ၁၅၇၀
[ ဝါခေါင်လဆန်း လေးရက်၊ ဗုဒ္ဓဟူးနေ့(မှန်နန်း-၄၃၃)] ၆။ ၂၅ ဇူလိုင် ၁၅၇၀ ၇။ ၁၅ စက်တင်ဘာ ၁၅၇၀

* မဏိပူရစော်ဘွား

ယင်းသည့်နေ့ပင် ရွှေဘုရားကြီး၊ မိုးကြိုးဘုရားကြီး၊ ငွေဘုရားကြီး၊ ပဉ္စလောဟာဘုရားကြီး၊ သည့်ဘုရားလေးဆူကို တစ်နေ့ တစ်ခါတည်း သွန်းလုပ်တော်မူသည်။

(၉၃၂) ခု ငင်းနတ်တော်လပြည့်ကျော် ၃ ရက်[၁] တနင်္လာနေ့ ရွှေလွှတ်တော် ဆောက်တော်မူသည်။

ငင်းတပို့တွဲလဆန်း ၁ ရက်[၂] ဗုဒ္ဓဟူးနေ့ လွှတ်တော်ကို တက်တော်မူသည်။

ငင်းတပို့တွဲလပြည့်ကျော် ၈ ရက်[၃] သောကြာနေ့ ရွှေဘုရားကြီး အချိန် ငါးရာသုံးဆယ်ကို သွန်းပြီးလျှင် မင်းတော်မှ ရှေ့ သင်္ကန်းဒုကုဋ်တော်တို့ကို ပဒ္မမြားစီတော်မူသည်။ နန်းတက်တော်မူသောခါ ဆောင်းတော်မူသော အဖိုး အတိုင်းမသိသော မကိုဋ်တော်၊ ပန်တော်မူသော ပဒ္မမြားကုံး၊ ဝတ်တော်မူသော ပဒ္မမြားစိန်၊ မြဖြင့် ပြီးသော လက်ကောက်၊ လက်စွပ်တို့ကို ဖျက်၍ စီတော်မူသည်။

အတုလ သီရိမဟာရာဇဒေဝီ ရှင်မိဖုရားကြီး စားတော်ခေါ်သည့် ပဒ္မမြားခွက်အုပ်ကိုလည်း ဖျက်၍ စီတော်မူသည်။ သားတော် သမီးတော် ကိုယ်လုပ် မောင်းမတို့ ဆင်ဝတ်သော တန်ဆာကိုလည်း ဖြယ်လှယ်စီမံတော်မူသည်။

သက္ကရာဇ် (၉၃၃) ခု နယုန်လဆန်း ၇ ရက်[၄] စနေနေ့ ဓမ္မာဒေဝီ ရှင်မိဖုရားတွင် မြင်သော သမီးတော် မင်းခင်စောနှင့် ညီတော် တောင်ငူဘုရင် မင်းခေါင် သားတော် မင်းရဲကျော်ထင်နှင့် နန်းတွင်းတွင် စုံဖက်တော်မူသည်။

လက်ထပ် အစီရင်ကို ကျယ်မည် စိုး၍ မဆိုသည်။

ငင်းဝါဆိုလဆန်း ခုနစ်ရက်[၅] စနေနေ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားရှင် ရုပ်တုတော် လေးဆူတို့ကို ရွှေဇရပ်သို့ သွင်းတော်မူရသည်။

ယိုးဒယားက ပင့်ခဲ့သော ရွှေဆင်းတု၊ ငွေဆင်းတု၊ ပဉ္စလောဟာ ဆင်းတုတို့ကိုလည်း ကောင်းမှုတော် ရွှေဇရပ် ဝန်းကျင်တွင် သီတင်းသုံးတော်မူရသည်။

ထိုနေ့၌ သမိန်အဲပရဲ ဟူသော အမတ်ကို ဗညားပရံ ဟူသော အမည်နှင့် လွန်လေသော ဗညားပရံ တပ်သားကို ပေးတော်မူသည်။

## ၃၆၁။ ရှမ်းပြည်မြောက်ပိုင်း ပုန်ကန်၍ ချီတက်ပုံ

ငင်းဝါခေါင်လဆန်း ၅ ရက်နေ့[၆] တရဖျား တစ်တပ်၊ (သမိန်)သံကျယ် တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ ရဲယော်ဇာ* တစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင်သုံးရာ၊ မြင်းလေးထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် အင်းတယော်(စား) သောင်းကျန်းပုန်ကန်ရာသို့ ချီရသည်။ အင်းတယော်သို့ ရောက်လျှင် စော်ဘွားနှင့်တကွ တစ်မြို့လုံး အတိုက်အလဲ မခံဝံ့၊ တောသို့ ပြေးလေ၏။ လိုက်လံ ရှာဖွေလျှင် သစ္စာတော်ကို မသွေမလှန်၊ အမှုတော် ထမ်းပါတော့မည် လျှောက်လာ၍ ပြန်ကြရသည်။

ငင်းသက္ကရာဇ် (၉၃၃) ခု[၇]တွင် မိုးကောင်း၊ မိုးညှင်း စော်ဘွားတို့နှင့်တကွ မိုင်းကိုင်းစား၊ ဩစား၊ ကယားစား၊ မိုင်းညောင်စား၊ ဝန်းသိုစား၊ မိုးစစ်စားတို့သည် တစ်ချက်တည်း တိုင်ပင်၍ သောင်းကျန်းပုန်ကန်လေသည်။

---

၁။ ၁၄ နိုဝင်ဘာ ၁၅၇၀ ၂။ ၂၆ ဒီဇင်ဘာ ၁၅၇၀ ၃။ ၁၁ ဇန်နဝါရီ ၁၅၇၁ ၄။ ၂၉ ဧပြီ ၁၅၇၁ ၅။ ၂၀ ဇွန် ၁၅၇၁ ၆။ ၂၆ ဇူလိုင် ၁၅၇၁ ၇။ ဩဂုတ် ၁၅၇၁ * အဲပရဲ (မှန်နန်း–၄၃၄)၊ တွင်းသင်း(၃)-၁၆၆]

ထိုအကြောင်းကို မြွေတူးစား၊ ရေနံစားတို့က လျှောက်ထား၍ ကြားတော်မူလျှင် မဟာ
ဥပရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်



ရှိသည်။ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားငယ်တို့လည်း ငါ သူကောင်းပြုတော်မူ၍
သူကောင်း ဖြစ်ပြီးလျှင် ငါ့ကျေးဇူးတော်၊ သစ္စာတော် နှစ်ပါးကို မေ့ဖျောက်၍ ကျွန်သည်။
ယင်းသို့[၁] ဖျက်စီးလို၍ ပြုကျင့်မိလေသည် ဖြစ်တော့မည် ဟူ၍ အမိန့်တော် ရှိသည်။

ထိုအမိန့်တော်ကို ကြားလျှင် ဗညားဒလ ဦးချ၍ ဤသို့ နားတော်လျှောက်သည်။ မိုးကောင်း
စော်ဘွား၊ မိုးညှင်းစော်ဘွားတို့သည် ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား ကျေးဇူးတော်၊
သစ္စာတော် နှစ်ပါးကို မေ့ဖျောက်၍ ကျွန်သည်အရာမှာ ကေသရာဇာ ခြင်္သေ့မင်းရှေ့ကို ယုန်သငယ်
တို့သည် သန်း၍ သွားလေသကဲ့သို့ ကြံများလေသည်သာ ဖြစ်တော့သည်။

ရွှေဖဝါးတော်အောက်က မျိုးစေသော်လည်း အတိုက်အလဲ ခံဝံ့မည် မဟုတ်။ တောသို့
တောင်ကမ်းသို့ ပြေးတော့မည်။ ယင်းသို့ ဖြစ်သောကြောင့် ညီတော်၊ သားတော်တို့ကိုသာ
ချီစေသင့်သည် ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မိုးကောင်း၊ မိုးညှင်းသို့ စီရင်
ခန့်ရန်တော်မူသည်။

လှေတပ်မှာ သာယာဝတီစား တစ်တပ်၊ မြေထဲစား တစ်တပ်၊ စကုစား တစ်တပ်၊ စလင်း
စား တစ်တပ်၊ ပုခန်းငယ်စား တစ်တပ်၊ စလေစား တစ်တပ်၊ ပုဂံစား တစ်တပ်၊ တလုပ်စား
တစ်တပ်၊ ပုခန်းကြီးစား တစ်တပ်၊ အမြင့်စား တစ်တပ်၊ ဗဒုံစား တစ်တပ်၊ ကနီစား တစ်တပ်၊
စဉ့်ကူစား တစ်တပ်၊ တကောင်းစား တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ဗိုလ်ချုပ်
ခန့်တော်မူသည်။

သည် တစ်ဆယ့်ငါးတပ်တွင် ပါသည့် ကတ္တူ၊ လွန်းကြင်၊ ကုလှော်၊ ရဲလှေ တစ်ထောင်၊
တန်စွက်သံလှေ သုံးရာ၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ရေကြောင်း ချီရသည်။

ကြည်းကြောင်းမှာ သမိန်ပြတ်စ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ သမိန်ယိုကရတ် တစ်တပ်၊
နန္ဒယော်ဓာ တစ်တပ်၊ သီရိဓမ္မရတ် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ဗညားပရံ တစ်တပ်၊
နန္ဒသကြီ တစ်တပ်၊ နေမျိုးကျော်ထင် တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်ကို
တပ်မ ပြု၍ ချီရသည်။ သည်ဆယ်တပ်တွင် ပါသည် **တိုက်ဆင် တစ်ထောင့်ငါးရာ၊ မြင်း
တစ်သောင်းတစ်ထောင်**[၂]၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။

မိုးတား၊ လက်ပံသို့ ရောက်လျှင် လှေတပ်ကသည် ကြည်းတပ်သို့ တက်၍ မိုးညှင်းသို့
ချီသည်။ မဟာဥပရာဇာတို့လည်း ဝန်းသိုကို ချီ၍ သတိုးဓမ္မရာဇာတို့နှင့် မိုင်းသာတွင် ဆုံမိကြလျှင်
မိုးညှင်းသို့ ချီတော်မူကြသည်။ မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွားတို့လည်း ဟံသာဝတီက
ရေကြောင်း၊ ကြည်းကြောင်း ချီလှာသည်။ အင်အား များလှသည် ဟူ၍ ကြားလျှင် မြို့တွင်း
မနေဝံ့၍ တောင်ကမ်းကြီးရာ တောအုံနက်ရာသို့ ပြေး၍ နေလေသည်။

မဟာဥပရာဇာ၊ သတိုးဓမ္မရာဇာတို့ ရောက်၍ မိုးညှင်းစော်ဘွား မြို့က ထွက်ပြေးကြောင်း
ကို သိတော်မူလျှင် နန္ဒသူရိယ တစ်တပ်ကို မိုးညှင်းတွင် အစောင့်အနေ ခန့်တော်မူ၍ မိုးကောင်း
သို့ ချီတော်မူကြသည်။ ရောက်၍ မိုးကောင်းစော်ဘွားသည် မိုးညှင်းစော်ဘွားနှင့် ပြေးထွက်

---

၁။ ယင်းတို့ (မှန်နန်း-၄၃၄)   ၂။ တိုက်ဆင် တထောင်၊ မြင်း တသောင်း [တွင်းသင်း(၃)- ၁၆၇]


အကြောင်းကို သိတော်မူကြလျှင် သမိန်ဖြတ်စ တစ်တပ်ကို မိုးကောင်းမြို့တွင် ကြလေသော အကြောင်းကို သိတော်မူကြလျှင် သမိန်ဖြတ်စ တစ်တပ်ကို မိုးကောင်းမြို့တွင် ကြလေသော အကြောင်းကို သိတော်မူကြလျှင် ... လိုက်တော်မူကြ၏။ လေးလ၊ ငါးလ အတောင်အနေ နေတော်မူခဲ့၍ စော်ဘွားနှစ်ဦး ပြေးလေရာသို့ လိုက်တော်မူကြ၏။ လေးလ၊ ငါးလ ခန့် ရှာဖွေစေသော်လည်း စော်ဘွားနှစ်ဦးတို့ နေသည်ကို အတပ် မသိသောကြောင့် မရချေ။ ထိုအကြောင်းကို လျှောက်စေသော် မိုးလ နီးသည်နှင့် အစားအသောက် ဆွန်းရှားသောကြောင့် ခေါ်တော်မူသည်။

မဟာဥပရာဇာ၊ သတိုးဓမ္မရာဇာတို့လည်း ရတော်မူသည့် ဆင်မြင်း လူသူတို့ကို သိမ်းယူ တော်မူခဲ့၍ ပြန်တော်မူရသည်။

ဝင်းပြသိုလဆန်း တစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူးနေ့ ^ ကျိုက်ကိုဘုရားမြတ်စွာ သပိတ်မှောက် တွင် ရွှေတော်၊ ဓာတ်တော်၊ ရုပ်တုတော်၊ ဆင်းတုတော်တို့ကို ဌာပနာတော်မူသည်။ ။

မဟာရာဇဝင်ကြီး စတုတ္ထသမတွဲ ပြီး၏။

## မဟာရာဇဝင်ကြီး ဒုတိယအုပ် ပြီးပြီ။



ရှေးဟောင်းအခါက ရွှေမော်ဓော
( မဟာရာဇဝင်သစ်၊ တောင်ငူဆက်၊ ဒုတိယတွဲမှ ကူးယူဖော်ပြသည် )

နောက်ဆက်တွဲ (က)

## ပုဂံ ရွှေစည်းခုံစေတီတော် အရှေ့မုခ်အနီး အုတ်တိုက်အတွင်းရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုတော် ခေါင်းလောင်းစာ (မြန်မာဘာသာ)*

၁။ ငေ၀တိုဝ်ဖရာသိခင်ဂေါတမ ပရိနိဗ္ဗန်လွန်သည်နှစ်မှ အနှစ် ၂၀၉၄[1] နှစ်လွန်ပြီးမှ မြတ်သောမင်းတရားကြီး သိရိပရမ၊ မဟာဓမ္မရာဇဓိရာဇ် အမည်တော်ဟိသော အသရေဟိသေ (နေ)

၂။ မင်းနှင်တူသော ဘုန်တော်ဩ လွန်ခသော မြတ်လွန်စွာသော အကြံတော်လည် ဟိခသော၊ လွန်စွာသော ဝိရိယတော်လဲ့ဟိခသော ဖုန်တော်လည် အလွန်ကြီခသော အလွန်အစိုဝ်ရတောမူခသော

၃။ ကျေးဇူးကြီ (–) သုံမ်ပါနှင်ပြည်စုံမ်စွာခသော၊ ဥပဲလေပါနှင့် စေ်ချည်တော်မူခသော၊ အာဝ ၁ပါနှင်ပြည်စုံစွာခသော၊ သဒ္ဒါသီလသမာဓိနှင့်လဲ့ ပြည်စုံစွာခသော၊ ရာဝတ် ဓမ္မဝတ်နှင်လဲ့ စေ်ချည်တော်မူခသော၊ ကာလေ

၄။ ဒသကိုဝ်လဲ့ စိစစ်တော်မူခသော၊ အလုပ်အကြံနိုက်လဲ့ သိမြင်နိုင်တော်မူခသော၊ တရာဆဲပါးနှင့်လည် ပြည်စုံစွာခသော၊ မြတ်သောမင်ကော် မင်မြတ်လဲ့ဖြစ်ထသော၊ အရပ်ဆဲမျက်နှာနိုက် ထင်ရှာစွာခသော အောင်တံခွန်လဲ့ဖြ

၅။ စ်ခသော သက္ကရာဇ် ၉၁၂ ခု တပိုဝ်တွဲလဆန် ၁၁ ရက် တနင်ကနွေနေ့[2] ကေတုမတီ ပြည်ကြီကိုဝ်အလိုဝ်တော ပြည်တောမူ၏ အလိုဝ်တောပြည်သည်ကစ၍ ကုသိုလ် အဟောင်ကိုဝ်လဲ့ ပြုပြုန်၏ ကုသိုဝ်အသစ်ကိုလဲ့ များစွာပွါစေ၏

၆။ ဖုရာသျှင် သာသနာတော်ကိုဝ် ချီပင်တော်မူ၍ ကေတုမတီပြည်ကြီက ခီတော်မူလေ ၏ သက္ကရာဇ် ၉၁၃ ခု ဝဲတော်သလင်လကွဲ စနေနေ့[3]၊ သရေခေတ္တရာ ပြည်ကြီကိုဝ် အောင်တော်မူ၏ များစွာသောကုသိုဝ်အပုံမ်ကို ပြုတော်မူပြီမှ သက္ကရာဇ် ၉

၇။ ၁၃ ခုတွင်လဲ့ကောင် တန်ခုလဆုတ်သုံရက် စနေနေ့[4]၊ ကြည်အာရေအာနင်အကွ၊ ဟင်သာဝတီပြည်သိုဝ် ခီတော်မူလေ၏။ အသျှင်ဘဝရှင်မင်တရာကြီ ဥပေါသတော ဟူသော ဆင်တော်စီ၍ တလိုင်မင်ကေရဇ်ကိုဝ် ဆင်အစွဲကျိုဝ်

၈။ အောင်ကိုက်၍ အောင်မြင်တော်မူ၏ ဟင်သာဝတီပြည်ကြီကိုဝ် အုပ်စိုဝ်တော်မူပြီမှ ကိုသိုလ်အဟောင်ပျက်သုံကိုလဲ့ ပြုပြုန်တော်မူ၏။ ကုသိုဝ်အသစ်ကိုဝ်လဲ့များစွာ ပွာ ပြန်စေ၏။ နိုဝ်သူတံထ အနိုင်အထက်ပြုသော ဆူငြောင်ကိုဝ်လဲ့

---

၁။ ဧပြီ ၁၅၅၀ ၂။ ၁၁ ဇန်နဝါရီ ၁၅၅၁ ၃။ ၃၀ ဩဂုတ် ၁၅၅၁ ၄။ ၁၂ မတ် ၁၅၅၂

* မြန်မာသမိုင်း သုတေသနစာစောင်၊ အမှတ်(၈)၊ ဒီဇင်ဘာ ၂၀၀၁။ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန။ (စာ ၁၁–၁၅)။ [ မူရင်း စာလုံးပေါင်း သတ်ပုံအတိုင်း ]

ကုန်းဘောင်ပဲတော်မူ၏။ သဏ္ဌာဝါတိုင်ကိုင် တရားနှင့်ညီစွာ ဖြစ်စေလိုပ်၍ ခေါင်
၉။ ကုန်းဘောင်ပဲတော်မူ၏။ သဏ္ဌာဝါ ... သက္ကရာဇ် ၉၁၅ ခု တပို့တွဲလဆန်း ဆဲရက်
လောင်းသွန်း၍ နန်းတော်တွင်ဝဲဆွဲ၍ထား၏ သက္ကရာဇ် ၉၁၅ ခု တပို့တွဲလဆန်း ဆဲရက်
သောကြာနေ့[1] အသျှင်ဘဝရှင်သီရိပဝရ မဟာဓမ္မရာဇာဓိ
ရာဇ၊ သီရိအဂ္ဂမဟာရာဇဓေဒီ မိဖုရားနှင့်တကွ အလွန်တရာ ပွင့်လင်းတင်တဲစွာသော
၁၀။ ရာဇ၊ သီရိအဂ္ဂမဟာရာဇဓေဒီ အကြီးအငဲ့များထက် ပွဲသဘင်မင်္ဂလာ ကြီးစွာဖြစ်စေ၍
အခြွေအရံ အမှုအမတ် အကြီးအငဲ့များထက် ပွဲသဘင်မင်္ဂလာ ကြီးစွာဖြစ်စေ၍
ရတနာပြတ်သတ်ဇက် ဘိသိမင်္ဂလာ ခံတော်မူပြီးမှ ရတနာဖြင့်ပြီးသော ရွှေအိမ်နိုက်
ကပ်ပေါ်သောတီမည်သော ကမ္ဘာလာထက် နေတော်မူလျှက် သာသနာတော်အနာဂတ်
၁၁။ ကပ်ပေါ်သောတီမည်သော ပိဋကတ်အစုံမျှာစွာ ပြုတော်မူ၏ အသျှင်ဘဝရှင်မင်
တည်မည်အကြောင်းကိုင် ပိဋကတ်အစုံမျှာစွာ ပြုတော်မူ၏ အသျှင်ဘဝရှင်မင်
တရားကြီး ပညာတော်ဖြင့် စာနာတော်မူပြီးမှ သာသနာတော်တည်ပြီးသောအရပ်သို့
တရားကြီး ပညာတော်ဖြင့် စာနာတော်မူပြီး သာသနာတော်တည်ပြီးသောအရပ်သို့
တရားကြီး ပညာတော်ဖြင့် စာနာတော်မူလိုပ်၍ မျှာစွာသောရေအာ၊ ကြည်အာနှင့်
၁၂။ မိစ္ဆာဒိဋ္ဌိလက်ဝဲဟီလေသ့ကိုင်ခ်ိပင်တော်မူလိုပ်၍ မျှာစွာသောရေအာ၊ ကြည်အာနှင့်
အကွ ဆန်တော်မူလတ်တည်။ သက္ကရာဇ် ၉၁၆ ခုတွင် တပေါင်းလဆန်း နှစ်ရက်
အင်္ဂါနေ့[2] အသျှင်ဘဝရှင်မင်တရားကြီး အဝကိုင်အလိုဝ်တော်ပြည်၏ အဝမင် အမှု
အမတ်သိမြ
ငံနှင်အကွ လက်နက်တော်ဖြစ်တဲ့ပြီးမှ ပြည်တိုင်နိုင်ငံထီးဖြူဆောင်ဟူသမျှ လက်နက်
၁၃။ ငံနှင်အကွ လက်နက်တော်ဖြစ်တဲ့ပြီးမှ ပြည်တိုင်နိုင်ငံထီးဖြူဆောင်ဟူသမျှ လက်နက်
တော်ဖြစ်၏ ထိုင်သ့်ကစ၍ ကုသိုဝ်အပေါင်းပျက်လေပြီသ့်ကိုဝ်ပြုပြန်၏ ကုသိုဝ်
အသစ်လုံမျှာစွာ မှာအောင်ပြုတော်မူပြန်၏ ကောလွန်လေသော မင်ဧကရာဇ်အမှု
အမတ်တိုင်သ့် ဖုရာပစ္စည်၊ တရာပစ္စည်၊ သံဃပစ္စည်တိုကိုင် စာ(သုံကို) လုံမှစာနှင်
၁၄။ အမတ်တိုင်သ့် ဖုရာပစ္စည်၊ တရာပစ္စည်၊ သံဃပစ္စည်တိုကိုင် စာ(သုံကို) လုံမှစာနှင်
ဟူ၍ လွှတ်တော်မူသ့်၊ တလိုင်ပြည်တိုင်နိုင်ငံ၊ မြန်မပြည်တိုင်နိုင်ငံအာလုံမ်၊ ရွှေဖုရာ၊
ရွှေစေတီ၊ ရွှေဂူ၊ ရွှေဆင်တု၊ ရွှေကျောင်း၊ ရွှေစရပ်၊ ရွှေတန်ဆောင်ပြောင်ပြောင်ထွန်
ပလျှက်မျှာစွာသော အရိယာသံဃာထုရနှစ်ပါနှင် ပြည်စုံမ်စွာသော သျှင်ပင်ဖုရာ၏
၁၅။ ပလျှက်မျှာစွာသော အရိယာသံဃာထုရနှစ်ပါနှင် ပြည်စုံမ်စွာသော သျှင်ပင်ဖုရာ၏
သာသနာတော် အရောင်အဝါထွန်ပလျှက် တင်တဲ့စွာဖြစ်၏၊ အသျှင်ဘဝရှင်မင်တ
ရားကြီး စည်စိမ်ချံသာထက် မွေလျော်တော်မူလျှက် မင်ပညာဖြင့် မြတ်စွာသော
အကြံ
၁၆။ ကိုဝ်ကြံတော်မူ၏ ငါ၏အသက်ကိုဝ်စွန့်၍ လုံ့လဝိရိယာသဟာပယောဂ ယျည်သော
ကြောင့် သာသနာတော်ကိုဝ် ခုပင်ရသ့်၊ တလိုင်၏ တိုင်ခွင်မြန်မာ၏တိုင်ခွင် အစုံမ်
စုံမ်တွင် သာသနာတော်ကိုဝ် ပွင့်လင်းခ်ိပင်ရသ့်၊ သိမ်ဃိုဝ်ကျွန်မှတ
၁၇။ သ့်လှ့် သာသနာတော် ပျက်စီးလေသ့်ကိုဝ်၊ ငါပွင့်လင်-ကြံတော်မူ၍ ထုရနှစ်ပါပြည်
စုံမ်သော အရိယာသံဃာနှင်တကွ ပိဋကတ်တစုံမ် ရတနာဖြင့်ပြီးသော စွဲတော်၊ သိမ်
ထီးဖြူ အရှင်ဘဝရှင်မင်တရာကြီးဆံတော် အင်္ဂမဟာသီဆံတော်နှင်

---

၁။ ၁၂ ဇန်နဝါရီ ၁၅၅၄
၂။ ၂၂ ဇန်နဝါရီ ၁၅၅၅

၁၈။ အကွရတနာခြင်ဆင်သော တံပြက်များစွာသော ပုရွာသကာအပုံမ်နှင့်အကွ မျက်
လေပြီသော ကုသိုဝ်အဟောင်ကိုဝ်ပြဖြန် ဓိမည်ဟူ၍ သရွေသမား မျက်ပါသမား
ပုရန်၊ ပန်ဓိ၊ ရာဇဒတ်၊ ဥပဒတ်နှင့်အကွ သင်တော်စီ၍ သိန်ယိုဝ်ကျွန်
၁၉။ သိုဝ်ကုလေဓစ၏ အသျှင်ဘဝရှင်မင်တရာ အကြံတော်ဖြင် ပြည်စုံမ်ပြီ၍ သိန်ယိုဝ်
ကျွန်သာသနာတော် မွင်လင်ပြန်၏ သိန်ယိုဝ်ကျွန်တွင် သရီရဓါတ်တော်ကိုဝ်
သဃ်ာတိုဝ် ဆောင်ခဲ၍ သင်ဖေါနှင့် ဟင်သာဝတီပြည်သိုဝ် ရောက်ပြန်လှာ၏ များစွာ
၂၀။ သောကုသိုဝ် အပုံမ်ကိုဝ်နှစ်လိုမပြတ်၊ လလိုမပြတ်၊ နေလိုမပြတ်၊ လှူတ်ပြည်တင်
တော်မူနိုင်၏၊ မင်ဧကရာဇ်ပညာတော် ကြီးသဖြင်၊ နက်သဖြင်၊ ကေ်သဖြင် ပဋိဖန်
တော်လျင်သဖြင် စာနာတော်မူ၍ သျှံမိစ္ဆာဒိဋ္ဌိ နှစ်ပြည်ထောင်သည် သာသန
၂၁။ တော်တည်သ် အရပ်ကိုဝ်ဖျက်သောကြောင် လက်နက်တော်ဖြစ်မည်အကြောင်ကိုဝ်
ကြံတော်မူ၏၊ သက္ကရာ ၉၁၈ ခု နတ်တော်လဆန် ၈ ရက်[1] တနင်လာနေ
ပြီသလက် အသျှင်ဘဝရှင်မင်တရာကြီ အသျှင်မိဖုရာအကွ မဟေသီနှင်အကွ
၂၂။ ရတနာဖြင်ပြီသော ဝေါပြတ်သတ်စီတော်မူ၍ များစွာသောအခြွေအရွေနှင်အကွ
ခီတော်မူလတ်၏၊ ရွှေဖောင်တော ဥပြတ်သတ်၊ ပံပြတ်သတ်ပြင်ဆင်ထသော၊
အရောင်အဝါနှင် ပြည်စိမ်သော ရွှေဖောင်တော်ထက်စီတော်မူလတ်တုံ
၂၃။ စုလာမဏိ အမည်ဟိသော သုံဆဲသုံမ်လံနှစ်တောင်အလျာဟိသော ဥပဲပြတ်သတ်
အလဲပြတ်သတ် အရောင်အဝါတင်တဲစွာ ထွန်ယသောအတုမဟိသော ရွှေလောင်
မငိုဝ် ဗိမန်အမည်ဟိသော၊ နှစ်ဆဲခုနှစ်လံ နှစ်တောင်အလျာဟိသော
၂၄။ ဥပြတ်သတ် ပံပြတ်သတ်၊ အလဲပြတ်သတ် ရတနာဖြင်ပြီသော အရောင်အဝါ
တင်တဲစွာ အတုမဟိသောရွှေလောင်၊ ရွှေစလာကပင်၊ ရွှေရဲလှေ၊ ရွှေလှော်ကါ၊
ရွှေသံလှေ၊ မင်၏ပိမန်ယည်မြတ်နင်လို ပြည်စုံမ်စွာထသောအမှုအမတ်
၂၅။ အများအပေါင်နှင်အကွ ခီတော်မူလတ်တည်၊ ကြည်အာစစ်အင်္ဂါလေပါနှင်အကွ
ခီတော်မူလတ်တည် ပြာသိုဝ်လဆုတ် ၉ ရက် ကြာသပတေနေ[2] အဝရွှေနန်သိုဝ်
ရောက်တော်မူ၏ တပိုဝ်တွဲလဆန် ၉ ရက် သောက်ကြာနေ[3]
၂၆။ များစွာ အခေါပနိကြည်အာရေအာခီတော်မူ၏၊ တပိုဝ်တွဲလဆုတ် တဆဲတရက်
တနင်လာနေ[4] အသျှင်ဘဝရှင်မင်တရာကြီမိုဝ်မိတ်၊ သီပေါ၊ ပတ္တမြာ တွင်ကိုဝ်
အောင်မြင်တော်မူ၏ စော်ဘွာတိုဝ်နှင်အကွ အမှုအမတ်ဆင်

၁။ ၉ နိုဝင်ဘာ ၁၅၅၆
၂။ ၁၄ ဒီဇင်ဘာ ၁၅၅၆
၃။ ၈ ဇန်နဝါရီ ၁၅၅၇
၄။ ၂၅ ဇန်နဝါရီ ၁၅၅၇

မင်ဧကရာဇ် ပညာတော်ကြီးသဖြင့်
၂၇။ မြင်သ် ဗိုင်ပါနှင့်အတူ လက်နက်တော်သွင်၏ ကုသိုလ်ကြီးတော်မူလတ်တုံ၊ မိုင်မိတ်၊ သီပေါ၊ ပြတ်တ
မြတ်သဖြင့် တနာသော်မူပြီမှ
မြာတွင် (သုံ) ရှာမိစ္ဆာဒိဋ္ဌိအရပ်ဖြစ်လေသည်၊ ယခု
၂၈။ ပြည်ငွာ တိုင်းနိုင်ငံဖြစ်ပြီဖြစ်သောကြောင့်ကာ သာသနာတော်နှောင်အနာဂတ်
တည်စိမ်သောငှါကြီးတော်မူသတည်း၊ မိုင်မိတ်အနောက်မြောက်တောင်တွင် သက္ကရာဇ်
၉၁၈ သျှစ်ခု တပေါင်လဆန် တဆဲ့တရက် တနင် တပေါင်လဆန် တဆယ်သုံမ်ရက်
၂၉။ လာနေ[1]၊ ခနလက်၌ စာတိတည်တော်မူစေ၏၊ သဃိကဖြစ်စိမ့်ငှာ မှုတော်မူ
ပုတဟူနေ့[2] ခနလက်သိဂိရိထာတ်ပေနာတော်မူ၏၊ ကောက်ကြီးပေါ်နှစ်ရာ၊ ပန့်တုန်ဧ
သော သင်ပုတ်မြေမည်ကာ၊ နံ့ခဲတွင် ကောက်ကြီးပေါ်ခြောက်ရာ ရတနာစာတီလေ
၃၀။ ကာက်ကြီ မရင်ပေါ်လေရာ နှစ်ပဲကိုဝ်ပေါင်သော ပေါ်ခြောက်ရာ သယ်တိုဝ်အပရိက္ခရာသျှစ်ပါနှင့်အတူ
မျက်နှာနိုက်လှ် ကျောင်လေဆောင်ဆောက်၍ သဃ်တိုဝ်အပရိက္ခရာသျှစ်ပါနှင့်အတူ
လှုတော်မူ၏ သာသနာတော်စေ၏၊ သီပေါတွင် စေတီတော်၏
မိုဝ်မိတ်တွင်လှ် စော်ဖွာကြီးမြေကိုဝ် စခံစနာနှင်အတူ စော်ဖွာအရာကိုဝ်နှင်၏၊
၃၁။ သီပေါတွင်တိမ်သုံလှ် သုံမ်ဆဲမင်ကိုဝ် စခံစနာနှင်အတူ စောဖွာအရာကိုနှင်၏
မိုဝ်မိတ်သီပေါတွင်လှဲ သျှံသကောင်တယောက်သေလျှင် ကျွန်ယောကျာကျွန်မိန်းမ
ကိုဝ်သတ်၍ ထည်သုံကိုဝ် မိစ္ဆာဒိဋ္ဌိအကျင်ကိုဝ်မကျင်နှင်ဟူ၍ သစ္စာတိုက်၍ ဆုမူ
၃၂။ တော်မည် အသျှင်ဘဝရှင်မင်းတရားကြီး မြို့ပြကိုဝ်စီရင်ခဲ့ပြီမှ မိုဝ်ညှင် မိုဝ်ကောင်
သိုဝ် ဒီတော်မူမှုဖြစ်သောကြောင် တပေါင်လပြည်ဆုတ် ၁ရက်ပိ
တဟူနေ့[5] မိုဝ်မိတ်ကဒီတော်မူ၏၊ လဆုတ် ၈ရက်စနေနေ့[4] မိကျည်သိုဝ် ရောက်
၃၃။ တော်မူ၏၊ မိကျည်မြစ်ကိုတံတားပစ်၍ စစ်သည်ရဲမက်အများ တိုဝ်ကူစေ၏၊ တန်ခူ
လဆန်းတရက် တနင်ကနွေနေ့[6] အသျှင်ဘဝရှင်မင်တရာကြီဒီတော်မူ၏၊ လဆန်
၃၄။ ခုနစ်ရက်စနေနေ မိုဝ်ညှင်ကိုဝ် အောင်တော်မူ၏၊ တခူလပြည် ဆုတ် တဆဲ့နှစ်ရက်
ကြာသတေနေ့[7] အသျှင်ဘဝရှင်မင်တရာကြီး မိုဝ်ကောင်ကိုဝ် အလိုဝ်တော်ပြည်၏၊
သက္ကရာဇ် ၉၁၉ ခု ကဆုန်လဆန် ၄ရက် သောကြာနေ့[8] မိုဝ်ကောင်စော်ဖွား၊
မိုဝ်ညှင်

---

၁။ ၈ ဖေဖော်ဝါရီ ၁၅၅၇
၂။ ၁၀ ဖေဖော်ဝါရီ ၁၅၅၇
၃။ ၁၇ ဖေဖော်ဝါရီ ၁၅၅၇
၄။ ၂၀ ဖေဖော်ဝါရီ ၁၅၅၇
၅။ ၂၈ ဖေဖော်ဝါရီ ၁၅၅၇
၆။ ၆ မတ် ၁၅၅၇
၇။ ၂၆ မတ် ၁၅၅၇
၈။ ၂ ဧပြီ ၁၅၅၇

၃၅။ ဓာတ်လုံအမှုအမတ် ဆင်ဖြင့်မိုဝိပါနှင်အကွ လက်နက်တော်အလုံမိ ဖြစ်စိမ့်သော ညာဏ်တော်ဖြင့်ကြံသည့် အကြံကိုဝိ သူမကြံနိုင်ပြုတော်မူသို့၊ အပြုကိုဝိအရပ် ၈ မျက်နှာသော ဧကရစ်တိုဝ်သို့ မစိမ်နိုင်သော စာနာတော်မူလတ် မိုဝ်ကောင်ဖော်မှာ

၃၆။ တိုဝ်ကိုဝ် အသက်နှင်စည်စိမ်ချသာပေ၏ စခ်စနာနှင်အကွပေပြီမှ မိုဝ်ကောင်ဖော်မှာ အရာကိုဝ်လှဲ ကောက်တက်လောင်တော်မူပြန်ခဲ၏ မိုဝ်ကောင်၊ မိုဝ်ညင်၊ သီပေါ၊ မိုဝ်မိတ် သျှံနှစ်ပြည်တောင်ဝဲ သကောင်တာယောက်သောလျှင် ယောက်ျာမိန်မတိုဝ်

၃၇။ သတ်၍ထည်သို့ ကိုဝ်မိစ္ဆာဒိဋ္ဌိအကျင့်ကျင်သည်ကိုဝ် မကျင့်နှင်ဟူ၍ သစ္စာတိုက်၍ တာတော်မူသို့ မြိုပြအာလုံမ်ကိုဝ် စီရင်တော်မူခဲပြီ ကဆန်လဆန် တဆဲ့နှစ်ရက် သောကြာနေ့[a] မိုဝ်ကောင်ကသည် အဘျှင်ဘဝရှင်မင်တရာကြီပြန်

၃၈။ တော်မူလတ်၏၊ အဘျှင်ဘဝရှင်သီရိပဝရ မဟာဓမ္မရာဇာဓိရာဇာ ကေတုမတီ၊ ဟင်သာဝတီ၊ သရေခေတ္တရာ၊ မိုဝ်မိတ်သီပေါ၊ ပတ္တမြားတွင်၊ မိုဝ်ကောင်၊ မိုဝ်ညင်၊ ကလေမင်ဧကရစ် ထီဖြူသခင်များကိုဝ် အစိုဝ်ရတော်မူသော

၃၉။ ဧကရစ်မင်များ၏ မန်ကင်အစစ်ဖြစ်တော်မူသော အရိမဒ္ဒနပူရပြည်၌ ရွှေစည်းခုံမ် တော် ဒါယကာ၌ဖြစ်ထသော ရောင်လျှံခရာသီကသို့ ရွှေလုံအပြည်ထည်တော်မူ၏ အလွန်အရောင်အဝါလို့ ထွန်ပတော်မူ၏ ချက်နှစ်ထောင်တာရား

၄၀။ သွန်းသောခေါင်းလောင်းကိုဝ်မြတ်သော ရှင်ပင်ဖုရာ ရွှေစည်ခုံမ်ကိုဝ် ပူဇော်တော်မူ၏ ငါပုဇော်သို့ အကျိုဝ်ကိုဝ် နောင်အနာဂတ်(တ) ပုရှာဆုကိုဝ်တောင်သို့ အတိုင် ပြည်ပြီမှ ဘုံမ်သုံမ်ပါးတွင် ဆင်ရဲခံသာသတ္တဝါများတိုဝ်ကိုဝ် ဒေသနာည

၄၁။ ဏ်၏ အသံကိုဝ်ငါကြာပြီမှ နိဗ္ဗာန်အမြိုက်သိုဝ် ရောက်စေသောနော အနာဂတ်လာ လတ်မည်မင်ဧကရစ်တိုဝ်သို့ ငါသာသနာတော်ကိုဝ် ခိပင်သကဲ့သို့ ခိပင်စေသော ငကုသိုမျှာဟူသရွေသို့ နောင်ပျက်စီသော်လို့ ပြုပြင်စေသော

၄၂။ သက္ကရစ် ၉၁၉ ခု နံမျှန်လပြည် လဆန်တဆဲ့တရက် တနက်နွေနေ့[b] ပြီးသလက် ပုန်နှာတိဋ္ဌိ ရာဇနက်သတ်သောကြာနဝင်း၊ သောကြာတရင်း၊ သောကြာ ယောဂ ကာလနိုက် အရပ်ဆဲမျက်နှာကိုဝ် အောင်မြင်တော်မူသော အရှင်ဘဝရှင်

၄၃။ မင်တြားကြီး သွန်တော်မူခဲ့သည့် ခေါင်လောင်တော်

စာအုပ်လင့်ပေါင်းစုံ

---

a။ ၉ ဧပြီ ၁၉၅၇
b။ ၂၃ မေ ၁၉၅၇

နောက်ဆက်တွဲ (ဃ)

## အဝမင်းဆက်(၁)၊ မှန်မင်းဆက်၊ တောင်ငူမင်းဆက်၊ ရခိုင်မင်းဆက် / မင်းပြိုင်ပြဇယား

| အဝမင်းဆက် (၁) | မှန်မင်းဆက် | တောင်ငူမင်းဆက် | ရခိုင်မင်းဆက် |
|---|---|---|---|
| ၂၆ ဖေဖော်ဝါရီ ၁၃၆၅ တွင် အင်းဝမြို့ကို သတိုးမင်းဖျား တည်သည်။ | ၃၀ ဇန်နဝါရီ ၁၂၈၇ တွင် မုတ္တမမြို့ကို ဝါရီရူမင်း တည်သည်။ | ၂၀ ဧပြီ ၁၂၇၉ တွင်တောင်ငူကို သခင်ကြီး စောင့်တည်သည်။<br>သခင်ကြီး (၁၂၇၉ – ၁၃၁၇)<br>သခင်ငယ် (၁၃၁၇ – ၁၃၂၄)<br>မိဖုရားစောစလော<br>[သားစောနစ်] (၁၃၂၄ – ၂၅)<br>ကရုဏ်ဘ (၁၃၂၅ – ၄၂)<br>လက်ယာကြော (၁၃၄၂–၄၄)<br>ဆောက်လေ့ကား(၁၃၄၄–၄၆) | ၁၉ ဖြဂုဏ် ၁၄၃၀ ပြည့်နှစ် တွင် မြောက်ဦးမြို့ကို မင်းစောမွန် တည်သည်။ |
| သတိုးမင်းဖျား (၁၃၆၄ – ၁၃၆၇)<br>မင်းကြီးစွာစော်ကဲ (၁၃၆၇ – ၁၄၀၀) | ငညာဦး (၁၃၄၈ – ၁၃၈၃) | သဲပါ (၁၃၄၆ – ၁၃၆၇)<br>ပွဲချိကြီး [အဆောင်မြတ်စွာ နော်ရထာ] (၁၃၆၇ – ၁၃၇၅)<br>မစိန် (၁၃၇၅)<br>ပွဲချိ (၁၃၇၅ – ၁၃၇၉)<br>စည်သူစော (၁၃၇၉ – ၁၃၈၃) | — |
| မင်းခေါင် [၁] (၁၄၀၀–၁၄၂၁) | ရာဇာဓိရာဇ် (၁၃၈၃ – ၁၄၂၁) | မင်းဆောင်ကျား (၁၃၈၃ – ၁၃၉၇)<br>စောဦး (၁၃၉၇ – ၁၃၉၉)<br>မင်းနေမိ (၁၃၉၉ – ၁၄၀၈)<br>ခေင်ညို [လက်ယာကြီး] (၁၄၀၈ – ၁၄၁၀)<br>စကုသန်ယာ (၁၄၁၀–၁၄၁၅)<br>သခံယာ (၁၄၁၅ – ၁၄၁၈)<br>ပန်းတောင်းမင်း (၁၄၁၈ – ၁၄၂၀) | — |
| ဆင်ဖြူရှင်သီဟသူ (၁၄၂၁–၂၅)<br>မင်းလှငယ် (၁၄၂၅)<br>ကလေးကျေးတောင်ညို (၁၄၂၅ – ၂၆)<br>မိုးညှင်းမင်းတရား (၁၄၂၆ – ၃၉)<br>မင်းရဲကျော်စွာ (၁၄၃၉ – ၁၄၄၂) | ဗညားဓမ္မရာဇာ (၁၄၂၁– ၂၄)<br>ဗညားရံကိတ် (၁၄၂၄ – ၄၆) | စောလွှားသမ်းယာ (၁၄၂၀–၃၅)<br>ဥဇနာ (၁၄၃၅ – ၃၆)<br>မင်းစောဦး (၁၄၃၇ – ၁၄၄၂) | မင်းစောမွန် (၁၄၃၀–၁၄၃၄) |

| အဝမင်းဆက် (၁) | မွန်မင်းဆက် | တောင်ငူမင်းဆက် | ပြည်မင်းဆက် |
|---|---|---|---|
| နရပတိ [၁] (၁၄၄၂-၁၄၆၈)<br>ပြည်စိုးမင်းမဟာသီဟသူရ (၁၄၆၈ - ၁၄၈၂) | ဗညားဗရူ (၁၄၄၆ - ၁၄၅၀)<br>ဗညားကျန်း (၁၄၅၀-၁၄၅၃)<br>လိတ်မွတ်ထော (၁၄၅၃-၁၄၅၄)<br>ဗညားထော [ရှင်စောပု] (၁၄၅၄ - ၇၁) | တရဖျား (၁၄၄၂ - ၄၅)<br>မင်းခေါင်ငယ် (၁၄၄၅-၅၀)<br>မင်းငယ်ပေါက်ကျော်ထင် (၁၄၅၀-၅၈)<br>သီရိဇေယျသူရ (၁၄၅၉ - ၁၄၆၆)<br>မင်းဆွေ [ပေါက်ဖျာစောသကြီး] (၁၄၆၆ - ၁၄၇၀)<br>စည်သူကျော်ထင် (၁၄၇၀ - ၁၄၈၀) | မင်းစော ([illegible])<br>၁၄၄၆ - ၁၄၅၉<br>တဇမြို့ (၁၄၅၉-၁၄၈၂) |
| မင်းခေါင် [၂] (၁၄၈၂-၁၅၀၁) | ဓမ္မစေတီ (၁၄၇၁ - ၉၂) | မင်းစည်သူ (၁၄၈၀ - ၈၅) | မင်းခေါ်ကွာ (၁၄၈၂ - ၉၂)<br>ဘသောမင်းညို (၁၄၉၂-၉၄)<br>မင်းရန်နိုင်ဆောင် (၁၄၉၄)<br>စလေကီသူ (၁၄၉၅-၁၅၀၀) |
| ရွှေနန်းကြော့ရှင်နရပတိ (၁၅၀၁ - ၁၅၂၇) | ဗညားရံ (၁၄၉၂ - ၁၅၂၆) | မင်းကြီးညို [မဟာသီရိဇေယျသူရ] (၁၄၈၅ - ၁၅၃၀) | မင်းရာဇာ (၁၅၀၀ - ၁၅၂၄)<br>ဂဇာပတိ (၁၅၂၄ - ၁၅၂၅)<br>မင်းခေါင်ကို (၁၅၂၅)<br>သာဒေါ (၁၅၂၅ - ၁၅၃၁) |
| သိုဟန်ဘွား (၁၅၂၇ - ၄၂)<br>ခုန်းပေါင်ခုံမှိုင်း (၁၅၄၂ - ၄၅)<br>မိုးဗြဲနရပတိ (၁၅၄၅-၁၅၅၁) | သုရှင်တကာရွတ်ပိ (၁၅၂၆ - ၃၉)<br>သမိန်ထောရာမ (၁၅၄၉ - ၁၅၅၃) | တပင်ရွှေထီး (၁၅၃၀-၁၅၅၀) | မင်းပါကြီး (၁၅၃၁ - ၄၂) |
